နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဘဂ္ဂေါဘိ တေဇောစမဟာသမဂ္ဂဇော။ လေးကဂ္ဂဲယေ နာဘိ
မဟောဝုဿိဘဝါ။
ယောဗုဒ္ဓရာဇာမရဏာမ္ဗုဒ်ဂးတော။ တဏှာဂတဏှာပရိနိဗ္ဗုတံန
မေ။
ဗုဒ္ဓါဒိဿိတောအရိယောခယံယုတော။ ရူပမ္ဗယောယောမူခဇော
သုခံဒဒေါ။
ဘောဒေါအဘိတော အနိဿော ဘဝါတိတော။ ဓမ္မောစသဗ္ဗံ ပိန
မေအဘိမတံ။

ဇုမာဒွေဇုန္ဓံသာဂါထာတိဒ္ဒဗ္ဗာ။

ဝိသုဒ္ဓသိလော ဝိမလောဂဏဂ္ဂးမော။ သုသန္တိတဂ္ဂါဇနကာဿ
နိဗ္ဗုတော။
ဝရဋ္ဌသံဃံဂုဏာဝါရကံဇယံ။ကိလေသဝေရံဝေလုနိဗ္ဗုတံနမေ။
မဟာဂုဏံသီလဓနံဝိပဿကံ။သုနူဂုဟံမဂ္ဂဂတံဘဝံစရံ။
အနိဿတာယေ၀ မမာကရံ ဟုတံ။ ဒယာကရံ အာစရိယံထုတိံ
နမေ။
ဇုဘိပ္ပသန္နေန ထုတိံ သုစေတသာ။ နိဝါရဏဂ္ဂံ အဘိ ဝါဒိယာ
ဒရံ။
သုဓမ္မရာဇေနဘိယာပိတောဇနာ။ သုရာဇမင်္ဂုဿိပနိံ ကရိဿဟံ။

ဇုမာဘိဿောဝံသဒ္ဒဂါထာတိဒ္ဒဗ္ဗာ။

ဘဂဝါ၊ ဣဿရိယ၊ဓမ္မ၊ ရသ၊သိရိ၊ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြေခံရုံ။ဂုဏ်တော်အထူးတို့ဖြင့်၊ ချီးကျူးအံ့သြ၊ ထောမနာ အပ်သော ဘဂဝါ တရားလည်းရှိတော်မူထသော။ အတိတေဇော။တန်းခိုး ရှိသောလူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏။ ကျေးဇူးတန်ခိုးတို့ထက်၊ ဆ တက်လွန်ကဲ၊ အံ့အဲမနိုင်သောတန်းခိုးလည်းရှိတော်မူထသော။ မဟာသ မတ္တဇော။အသမ္ဘိန္န၊ ခတ္တိယနွယ်စစ်မဟာသမ္မတမင်းမျိုး၌လည်းဖြစ် တော်မူထသော။လောကတ္တယေန၊ လူနတ်ဗြဟ္မာ၊ သုံးရွာပေါင်းသည်။အ ဘိမဟော။ဦးဖျားမကိုင်ရ၊ထိခိုက်ညွတ်ကျိုး၊အလွန်ရှိခိုးပူဇော်အပ်တော် မူထသော။ဝုသိတ။သုံးအင်ပြီးသောမဂ်လေးပါးတည်းဟူသော။သိတင်း ဘိသလည်းရှိတော်မူထသော။ယော ဗုဒ္ဓရာဇာ၊ အကြင်တရားမင်းစစ်ဖြစ် တော်မူသောမြတ်စွာဘုရားသည်။ တဏှာဂတတ္တာ၊ တဏှာတည်းဟူ သော ငန့်မြစ်သည်ဖြစ်စေအပ်သော အဏ္ဏဝေါရှိသည်၏အဖြစ်ကြောင့်။ ငါ။ သမုဒယသစ္စာသည်ဖြစ်စေအပ်သောဒုက္ခသစ္စာခန္ဓာအစုဖြစ်သည် ၏အဖြစ်ကြောင့်။မရဏမ္ဘုနံဂတော။နိုင်ထက်ကလူ၊ဆွဲယူနှိပ်နင်းတတ် သောသေမင်း၏ခံတွင်းသို့၊ သက်ဆင်းဝင်လျှိုး တိုးသွားတော်မူရလေပြီ။ ပရိနိဗ္ဗုတော။ ပရိနိဗ္ဗာန်စံယူတော်မူလေပြီးသော။တံဗုဒ္ဓရာဇံ။ထိုဘုရားသ ခင်တည်းဟူသောတရားမင်းစစ်ကို။နမေနမာမိ။ရှိခိုးပါ၏။

(ဤဂါထာ၂ဝယ်မရဏမ္ဘုနံဂတော၌သံယုတ်လာခြင်း ပရိနိဗ္ဗုတောဟူ သောပုဒ်၌နိဂ္ဂဟိတ်ကိုမချေခြင်းတို့သည်ဆန္ဒာနုရက္ခနတည်း)။

ဗုဒ္ဓါဒိသိတော၊ဘုရားအစရှိသောသူတော်သူမြတ်တို့သည်ဆည်းကပ် မှီဝဲအပ်ထသော။ အရိယော။မြတ်ထသော။ဝါ။အရိယာပုဂ္ဂိုလ်တို့၏။ဥစ္စာ လည်းဖြစ်ထသော။ ခယံယုတော၊ ဥပါဒ်ဌီဘင်နှင့်လည်း ယှဉ်ထသော။ ဝါ၊ဖြစ်တတ်သောသဘော၊ ပျက်တတ်သောသဘောနှင့်လည်းယှဉ်ထ သော။ယောဓမ္မော၊အကြင်မဂ်ဖိုလ်တရားသည်ရှင်း။ခယံယုတော၊ဥပါဒ် ဌီဘင်နှင့်လည်းယှဉ်ထသော။ ဝါ။ ဖြစ်တတ်သော သဘော၊ ပျက်တတ် သောသဘောနှင့်လည်း ယှဉ်ထသော။ ။(လိုက်)။ ။ရူပမ္မယော၊သဒ္ဒရုပ်ဖြင့် လည်းပြီးထသော။ခုခဇော၊မြတ်စွာဘုရား၏ခံတွင်းတော်တည်းဟူသော ကြာတိုက်မှလည်း ဖြစ်ထသော။သုခံဒဒေါ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။သတ္တဝါအပေါင်းတို့အား ငင်စစ်ပေးတတ်ထသော။ ဘေဇေါ၊ ကိလေသာ အပေါင်းကို ဖျက်ဆီး ကြောင်းလည်း ဖြစ်ထသော။ ယော

ဝေမ္မာစ။အကြင်ပရိယတ္တိဓမ္မသည်။ အတိတော၊ သံသရာစက်မှ။ ထွက်မြောက်သောအားဖြင့် ဝဋ်တရားကိုလွန်မြောက်ရာလည်း ဖြစ်ထသော။ အနိဿယေ၊ ဆင်းရဲတိုင်ဘည့် မရှိရာလည်းဖြစ်ထသော။ ဘဝါတိသော၊ ဘဝကိုလွန်မြောက်ရာလည်းဖြစ်ထသော။ယောဓမ္မောစ၊ အကြင်အသင်တတရားသည်ရင်း။အတ္တိ၊ရှိ၏။ အဘိမတံ။အလွန်အလိုရှိအပ်သော။ တံသဒ္ဓမ္မံ။ထိုအသုံးရုံသောတရားအပေါင်းကိုလည်း။နမေနမာမိ။ရှိခိုးပါ၏။

ဒွေါနှစ်ပါးကုန်သော။ဇုမာ၊ဤဂါထာတို့ကို။ ဇုန္နဝံသဂါထာဝင်။ဇုန္နဝံသဂါထာတို့ဟူ၍။ဒဋ္ဌဗ္ဗာ၊မှတ်အပ်ကုန်၏။

ဝိသုဒ္ဓသီလော။ ချေသင်းပွတ်သစ်၏ အသွင်ဖြူစင် သန့်ရှင်းသောသီတင်းသီလလည်း ရှိထသော။ ဝိမလော၊ ကိလေသာတည်းဟူသောမြူအညစ်အကြေးမှလည်း ကင်းငေးစင်ကြယ်ထသော။ ဂဏုတ္တမော။ မြတ်သောအရိယာပုဂ္ဂိုလ်ရှစ်ယောက်အပေါင်းသည်။ ဇနကာသ၊အဘိတ်ဘဝ၊ကာလထိုထို၊ဥဒပဟိုတို့၌ပြုခဲ့ဘူးသော၊ဇနကကံသည်။ သုသင်္ခတတ္တာ။ ကောင်းစွာ ပြုပြင်အပ်သော အတ္တဘော ရှိသည်၏ အဖြစ်ကြောင့်။ နိဗ္ဗုတော။ပရိနိဗ္ဗာန်စံယူတော်မူကြလေပြီ။ဝရံ။ ချီးမွမ်းတောင့်တအပ်မြတ်သော။ဂုဏာဝါရကံ။လောကီလောကုတ္တရာဂုဏ်ကိုလည်း ဆောင်တတ်ထသော။ခလု၊စင်စစ်။ကိလေသဝေရံ။ကိလေသာတည်းဟူသော ရန်သူပေါင်းကို။ဇဟံ။တစမကြွင်း။ တျင်းတျင်းကုန်စင်အောင် စွန့်ပယ်တတ်ထသော။နိဗ္ဗုတံ၊ ပရိနိဗ္ဗာန်စံယူတော်မူလေပြီးသော။ သံဃဉ္စ၊ အရိယာသံဃာတော်အပေါင်းကိုလည်း။နမေနမာမိ၊ရှိခိုးပါ၏။

မဟာဂုဏံ၊ များမြက်သော ဂုဏ်လည်းရှိထသော။သီလဓနံ၊ သီလတည်းဟူသောနှစ်သက်အပ်သောဥစ္စာလည်းရှိထသော။ ဝိပဿကံ၊ ပွားစေအပ်သော ဝိပဿနာပညာလည်း ရှိထသော။ သုနဂ္ဂဟံ၊သာသနာတော်ကိုကောင်းစွာချီးမြှောက်တတ်ထသော။ အနိစ္စတာယေဝ၊ မြဲသောသဘောမရှိသည်၏အဖြစ်ကြောင့်သာလျှင်။မစ္စုဂတံ၊ သေမင်း၏နိုင်ငံသို့ကြွတော် မူကြသော။ ဘဝံ၊ ဘဝ တပါးသို့။ ယရံ၊ သွားလာ တော်မူကြသော။ မမာကရံ။ မြတ်နိုးခြင်း၏တည်ရာဖြစ်သော။ဟုတံ၊ ပူဇော်အပ်ထသော။ ဒယာကရံ၊ ကရုဏာ၏ ကိန်းအောင်းရာ တည်ရာလည်းဖြစ်ထသော။ထုဘိံ၊ချီးမွမ်းအပ်ချီးမွမ်းထိုက်သော။ အာစရိယံ၊ငါ၏ဆရာမြတ်အပေါင်းကိုလည်း။နမေနမာမိ၊ရှိခိုးပါ၏။

တုပ၊ဘာသမဟ္ကာပါ။ ပဒိုညာဉ်ကိုဆိုအံ့။ ဆုတင်ဆုမိနာဝဏ္ဏနပယေန၊ဤ ဆိုအပ်ပြီးသောနည်းဖြင့်။တိသုံး၊သုံးပါ ကုန်သောရတနာတို့၌။ပသန္နေန၊ ကြည်ရွှင်သော။စေတသာ၊စိတ်ဖြင့်။ နိပါရဇာဏ္ဍံ။ အနန္တရာယ်အပေါင်း မကောင်းသောအနိဋ္ဌာရုံကိုပယ်ရှားဘားမြစ်ခြင်းငှာ၊အာဒရံ၊ ရိုသေစွာ။ အဘိဝါဒိယ၊လွန်စွာရှိခိုးပြီး၍။သုခဝှာရာဇေန၊ ငါတို့သာသနဒါယကာ မဟာမင်းမြတ်ရာဇာ မင်းကောင်း မင်းမြတ်သည်။ အဘိယာစိတော၊ လွန်စွာ တောင်းပန်တိုက်တွန်းအပ်သည်။ ဟုတွာ၊ဖြစ်၍။ အရနာ၊ယာခအခါ၌။သု ရာဇမဂ္ဂဒီပနိံ။ မင်းကောင်း မင်းမြတ်တို့သည်။ ကျင့်အပ် ဆောက်တည် အပ်သွားလာအပ်သော လမ်းကြောင်းကို ပြဆိုရာ ပြဆိုကြောင်းဖြစ်၍။သု ရာဇမဂ္ဂဒီပနီမည်သော ကျမ်းကို။ အဘံ၊ငါသည်၊ ကရိဿံ၊ ပြုစီရင်ပေ အံ့။

တိဿော၊ သုံးပါးကုန်သော။ဆုမာ၊ ဤဂါထာတို့ကို။ ပံသဋ္ဌဂါထာတင်၊ ငံသဋ္ဌဂါထာဟူ၍။ဒွေဒွာ၊မှတ်အပ်ကုန်၏။ ဤပဌမဂါထာဝယ်။ ဆုတိပ္ပသန္နေနဟူ၍ ( ပ )သံယုတ်လာခြင်း။ မဂ္ဂဒီပနီ ဟူ၍ ဆုရသ( ဒ )သံယုတ်လာခြင်းတို့သည်။အနုသနဝဏ္ဏနတည်း။

ဤ သီလဂုဏ်၊ သမ္မာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိညာဏဒဿနဂုဏ်၊နှစ်ပါးသောဟိရိဩတ္တပ္ပ၊ နှစ်ပါးသောသဒ္ဓါဝီရိယ၊ နှစ်ပါးသောသတိသမ္ပဇည၊ နှစ်ပါးသော သီလဝိသုဒ္ဓိဒိဋ္ဌိဝိသုဒ္ဓိ၊နှစ်ပါးသောသမထဝိပဿနာ၊ သုံးပါးသော ကုသလမူလ၊ သုံးပါးသောသုစရိုက်၊သုံးပါးသောသမာဝိတက်၊သုံးပါးသောအနဝဇ္ဇသညာ၊သုံးပါးသောဓာတ်။လေးပါးသော သတိပဋ္ဌာန်၊ လေးပါးသောသမ္မပ္ပဓာန်၊ လေးပါးသောဣဒ္ဓိပါဒ်၊ လေးပါးသော အရိယမဂ်။ လေးပါးသောအရိယဖိုလ်၊ လေးပါးသောပဋိသမ္ဘိဒါညာဏ်၊လေးပါးသောယောနိပရိစ္ဆေဒညာဏ်၊လေးပါးသော ရိယဝံသတရား၊လေးပါးသော ဝေသာရဇ္ဇညာဏ်၊ ငါးပါးသောပ ယင်္ဂ၊အင်္ဂါငါးပါးရှိသောသမ္မာသမာဓိ၊ငါးပါးသောညာဏ်ရှိသော သမ္မာဓိ၊ငါးပါးသောဣန္ဒြေ၊ ငါးပါးသောဖိုလ်၊ ငါးပါးသောနိဿရဏဓာတ်၊ငါးပါးသော ဝိမုတ္တာယတနညာဏ်၊ ငါးပါးသောဝိမုတ္တိပရိပါစပညာ၊ခြောက်ပါးသောအနုဿတိဌာန၊ခြောက်ပါးသောဂါရဝ၊ ခြောက်ပါးသောသနိဿရဏဓာတ်၊ ခြောက်ပါးသောသတတဝိဟာရ၊ ခြောက်ပါးသောအနုတ္တရိယ၊ခြောက်ပါးသောနိဗ္ဗေဓဘာဂိယသညာ၊ခြောက်ပါးသော

အဘိညာဉ်၊ ခြောက်ပါးသောအသာဓာရဏဉာဏ်၊ ခုနစ်ပါးသောအာရိဟာနိယတရား၊ ခုနစ်ပါးသောအရိယာတို့၏ဥစ္စာ၊ ခုနစ်ပါးသောဗောဇ္ဈင်၊ ခုနစ်ပါးသောသူတော်ကောင်းတို့၏တရား၊ ခုနစ်ပါးသောနိဒ္ဒေသဝတ္ထု၊ ခုနစ်ပါးသောသညာ၊ ခုနစ်ပါးသောဒက္ခိဏေယျပုဂ္ဂလဒေသနာ၊ ခုနစ်ပါးသောခီဏာသဝဗလဒေသနာ၊ ရှစ်ပါးသောပညာပဋိလာဘဟေတုဒေသနာ၊ ရှစ်ပါးသော သမ္မတ္တတရား၊ ရှစ်ပါးသောလောကီဓမ္မာတိက္ကမ၊ ရှစ်ပါးသောအာရမ္ဘဝတ္ထု၊ ရှစ်ပါးသော အက္ခဏဒေသနာ၊ ရှစ်ပါးသောမဟာပုရိသဝိတက်၊ ရှစ်ပါးသောအဘိ အာယတနဒေသနာ၊ ရှစ်ပါးသောဝိမောက္ခ၊ ကိုးပါးသောယောနိသောမနသိကာရမူလကဓမ္မ၊ ကိုးပါးသောပါရိသုဒ္ဓိပဓာနိယင်္ဂ၊ ကိုးပါးသောသတ္တာဝါသဒေသနာ၊ ကိုးပါးသောအာဃာတပဋိဝိနယ၊ ကိုးပါးသော သညာနာနတ္တဒေသနာ၊ ကိုးပါးသောအနုပုဗ္ဗဝိဟာရ၊ ကိုးပါးသော နာထကရဏဓမ္မ။ ဆယ်ပါးသော ကသိဏ။ ဆယ်ပါးသောကုသလကမ္မပထ။ ဆယ်ပါးသော သမ္မတ္တ၊ ဆယ်ပါးသောအရိယာဝါသ၊ ဆယ်ပါးသောအသေက္ခဓမ္မ၊ ဆယ်ပါးသောတထာဂတဗလ၊ တဆဲ့တပါးသောမေတ္တာနိသံသ၊ တဆဲ့နှစ်ပါးသောဓမ္မစက္ကာကာရ၊ တဆဲ့သုံးပါးသောဓုတင်္ဂ၊ တဆဲ့လေးပါးသောဗုဒ္ဓဉာဏ်၊ တဆဲ့ငါးပါးသောဝိမုတ္တိပရိပါစနိယဓမ္မ၊ တဆဲ့ခြောက်ပါးသောအာနာပါနဿတိ။ တဆဲ့ခြောက်ပါးသောအဘမ္ဘနီယဓမ္မ၊ တဆဲ့ရှစ်ပါးသောဗုဒ္ဓဓမ္မ။ တဆဲ့ကိုးပါးသောပစ္စဝေက္ခဏာဉာဏ်။ လေးဆယ်လေးပါးသောဉာဏဝတ္ထု။ ငါးဆယ်သောဥဒယဗ္ဗယဉာဏ်၊ ငါးဆယ်ထက်လွန်သောကုသိုလ်ဓမ္မ၊ ခုနစ်ဆဲ့ခုနစ်ပါးသောဉာဏဝတ္ထု၊ ကုဋေနှစ်သန်းလေးသိန်းသောသမာပတ်တို့၌ သွားလာသော ဝဇီရစိန္နှင့်တူသောဉာဏ်တော်၊ အဆုံးမရှိသောပဋ္ဌာန်းကျမ်းကိုဆင်ခြင်တော်မူသော ဒေသနာဉာဏ်တော်။ အဆုံးမရှိသောလောကဓာတ်တို့၌အဆုံးမရှိသောသတ္တဝါတို့၏အလိုအနုသယာသည်ကိုသိသောဉာဏ်တော်။

ဤသို့လျှင်ပရမတ္ထဒီဘာဝနီ အမည်ရှိသော ဇာတ်ဝတ်အဋ္ဌကထာ။ ပရမတ္ထဒီပနီ အမည်ရှိသော စရိယာပိဋကတ် အဋ္ဌကထာတို့၌။ လာသော ဂုဏ်ကျေးဇူးတော်[illegible]နှင်းအောင်းရာ တည်ရာဝေးရာဖြစ်တော်မူသောသမတိံသပါရမီတို့ထက်လွန်မြတ်သောဝိသုဒ္ဓိနတ်စစ်ဖြစ်တော်မူသောဘုရားသခင်၏သါသနာတော်ကိုဘေးလေါင်းတော်

သီရိဓမ္မာသောကစသော သာသနာပြုမင်းတို့ကဲ့သို့ အလွန်ကြည်ညို
တော်မူသောသတိပညာဖြင့်။ အခါခပ်သိမ်းမတိမ်းမဖည်ပြည်ရေးတိုင်း
မှုကိုကြည့်ရှုသိမ်းပကားခြင်း၌ လုံ့နှမင်းစွာအားထုတ်တော်မူသော။ အ
ယုဇ္ဈပူရသိကြားမင်း၏နေရာနှင့်တူစွာရတနာပုံရွှေမြို့တော်ကြီးကိုလက်
ပွန်မဆွအစစွာတည်ထောင်ဘန်ဆင်းတော်မူသော ငါတို့သာသနာဒါ
ယကာမဟာဓမ္မရာဇာဖြစ်တော်မူသော မင်းတရားကြီးသည်။ ရှေးရှေးဘ
ဝ။ ကာလအဘို၊ ထိုထိုယခေါင်က၊ ကျင့်ဆောင်ဆည်းဘူးတော်မူခဲ့ဘူး
သောအဘူးဝိသေသ ကံတော်သည် လှုံ့ဆော်တိုက်တွန်း ညွှန်းပြလေရ
ကား။ ပဉ္စမအရွယ်ငယ်တော်မူစဉ်ကပင် ကလျာဏမိတ္တ တို့ကို မှီဝဲ
ဆည်းကပ်တော်မူခြင်း၊ ကလျာဏမိတ္တတို့သည်ပြောဆိုအပ်သော စ
ကားကိုနားတော်တည့်ဟူသောခံဝင်ခြင်း၌ နတ်သုဓာဘုတ်ကိုသွင်းဘိသ
ကဲ့သို့။ နှစ်လိုကြည်လင်ရုံမင်မက်မောစွာ နာယူခြင်း၊ ဦးပုသ်သီတင်းမ
ကင်းသောပဉ္စသီလဒါနအစရှိသောကုသိုလ်တရားကို အားထုတ်တော်
မူလျက်နေ့ရက်ကိုကုန်လွန်စေခြင်းတို့ဖြင့် ကုသိုလ်တရားနှင့်အလွန်
မွေ့လျော်တော်မူသည်။ ဤသို့လျှင်ပဉ္စမအရွယ်ကဆည်းဘူးအပ်သော
ကုသိုလ်ကံသမ္ဘာရအဆောက်အဦးသည် အကြောင်းထောက်ကူပက
တူပပစ္စည်းကိုရသဖြင့်၊ ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်း
တော်တို့၏အရိုက်အရာကိုခံယူတော်မူ၍လူတို့သခင်နင်း။ မင်းဧကရာဇ်
အဖြစ်သို့ရောက်ပြန်လျှင်လည်း။ သီလငါးပါးကိုမမှားမယွင်းစေရ။ လော
ကာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ၊ အတ္တာနုဂ္ဂဟ၊ ဤသုံးပါးသောတရားကို ပွားများ
ဆည်းဘူးကြိုးပမ်း၍ယူတော်မူသည်။

ထိုသုံးပါးသောအနုဂ္ဂဟတရားတို့တွင်လောကာနုဂ္ဂဟကိုအားထုတ်
တော်မူသည်ကား။ ဆွေတော်မျိုးတော်မှူးတော် မတ်တော် မှုထမ်းရေ
ထမ်းသူတို့ကိုအထိုက်အလိုက်မနှိပ်မကျကာယသုခ၊ စိတ္တသုခကိုရစေ
လျက်။ မြို့ရွာကံကျေးပေး၍ ဌာနန္တရ၌ ထားသော အားဖြင့် ချီးမြှောက်
တော်မူသည်။ တိုင်းနိုင်ငံတော် အတွင်း ဆင်းရဲသားတို့ မရှိရာ။ ဘိုး
လောင်းတော် ဘေးလောင်းတော်တို့ တည်ထောင် ပြုရခဲ့သော ဆည်း
မြောင်းလယ်ဘာ။ လုပ်ရာဆောင်ငံတို့သည်။ ကန်ပေါင်ကန်ရိုးကျိုးပျက်
မကောင်း ဘောင်းဇိုမ်းတိမ်းယိမ်း၍ မသိမ်းဆည်းနိုင် တောမြိုင်ဖုံးဆို
ဖြစ်သည်များကိုအသစ်စဲစဲဖြစ်အောင်လုပ်ဆောင်သန်ဆင်းတော်မူသည်။

ပြည်သူ ခပင်းတို့ကိုလည်း။ အကုသိုလ်တရားကိုပယ်ရှား၍။ ကုသိုလ်တရားကိုပွားများအားထုတ်ကြိုးကုပ်မပြင်းနှလုံးသွင်းစေသည်။ တိုင်းနိုင်ငံလူ။ ပြည်သူတို့ကိုလည်း ကြီးသူတို့က နှိပ်စက်ညှဉ်းပမ်းခြင်းကို၊ မပြုစေရ မှဒိမ်းတန့်စသော။ မောသောခိုးသူ ပြည်သူတို့၏ အလွေ့အမှားတို့ကိုလည်း၊ တရားသဖြင့်ပယ်ရှား၍ မပိတ်သောတံခါးဖြင့်သားငယ်တို့ကိုရင်ထက်လူးလည်း ချေလျက် နှစ်သက်စွာ ချီးမြှောက်တော်မူသည်။ ဤသို့စသည်ဖြင့်။ လောကာနုဂ္ဂဟတရားကိုပွားများတော်မူသည်။

ဓမ္မာနုဂ္ဂဟကိုပွားများတော် မူသည်ကား။ နေပြည်တော်ဝန်းကျင်၌ သီတင်းသုံးနေတော်မူကုန်သောဗျတ္တိဗလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကိုလည်း တံဆိပ်တော်ကပ်လှူ၍ ချီးမြှောက်တော်မူသည်။ နိုင်ငံတော်အတွင်း အရည်ကင်း။ ရှုတင်ဆောက်တည်၍ ဝိဝေကကို ရှာမှီးကုန်သော ဝါသဓုရပုဂ္ဂိုလ်တို့ကိုလည်း ထိုထိုမိမိတို့၏ နေရာခမ်းဝါ သင်္ခမ်းမှ။ လင်းကဲတဖြာ ရှစ်မျက်နှာပတ်ကုန်းအတွင်း၌သားငှက်ခပင်းတို့ကိုမညှဉ်းဆဲစေရ။ အဘယဒါန လှူဒါန်းတော်မူ၍။ အရည်ဝါသီ ရဟန်းတို့အား ပစ္စည်းလေးပါးဖြင့်ချီးမြှောက်တော်မူသည်။

သက္ကရာဇ်တထောင့်နှစ်ရာ့တဆဲ့ငါးခုတန်ဆောင်မုန်းလဆန်းကိုးရက်နေ့ဇာတိကုလပုတ္တ၊ အာစာရကုလပုတ္တ၊ အမျိုးသားလေးဆဲ့ သုံးယောက်တို့ကို သာမဏေရပဗ္ဗဇ္ဇာ ဥပသမ္ပဒာသို့ရောက်စေလျက်။ ပစ္စည်းလေးပါးတို့ဖြင့်ချီးမြှင့်လှူဒါန်းတော်မူသည်။

သက္ကရာဇ်တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုနယုန်လဆန်းတဆဲ့တရက်နေ့တွင်သားတော်လေးပါးနှင့်တကွ။ ရှင်ရံလေးဆယ်သောသူတို့ကို သာမဏေရဘုံသို့ သွတ်သွင်း၍ လှူဒါန်းရန် ပဒေသာပင်ရေ တရာတို့ဖြင့်ချီးမြှင့်လှူဒါန်းပူဇော်တော်မူသည်။

၎င်းသက္ကရာဇ်ဒုတိယဝါဆိုလဆန်းတဆဲ့သုံးရက်နေ့ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား ငါးရာတို့ကို။ ဥပသမ္ပဒအဖြစ်။ အမျိုးကောင်းသားငါးရာတို့ကို။ သာမဏေရပဗ္ဗဇ္ဇာအဖြစ်သို့ရောက်စေ၍။ များစွာသောပစ္စည်းပရိက္ခရာတို့ကိုလှူဒါန်းတော်မူသည်။

သက္ကရာဇ်တထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခုနှစ်။ ဝါဆိုလဆန်းတဆဲ့လေးရက်နေ့။ ဗျတ္တိဗလပရိယတ္တိကောဝိဒ သဒ္ဓါသမ္ပန္နရှိသော အမျိုးကောင်းသားလေးရာ့တဆဲ့တယောက်သောသူတို့ကို။ သားတော်ခြောက်ပါးနှင့်

သီရိဓမ္မာသောကစသော သာသနာပြုမင်းတို့ကဲ့သို့ အလွန်ကြည်ညိုတော်မူသော သတိပညာဖြင့်။ အဒါနပ်သိမ်းမတင်မဖည်ပြည့်ရေးတိုင်းမှုကိုကြည့်ရှုသိမ်းပကားခြင်း၌ လုံ့နမင်းစွာအားထုတ်တော်မူသော။ အယုဇ္ဇနပုရသိကြားမင်း၏နေရာနှင့်တူစွာရတနာပုံရွှေမြို့တော်ကြီးကိုလက်မွန်မဆွအနေစွာတည်ထောင်ဘန်ဆင်းတော်မူသော ငါတို့သာသနာဒါယကာမဟာဓမ္မရာဇာဖြစ်တော်မူသော မင်းတရားကြီးသည်။ ရှေးရှေးဘဝ။ ကာလအဘို၊ ထိုထိုယခေါင်က၊ ကျင့်ဆောင်ဆည်းပူးတော်မူခဲ့ဘူးသော အသုံးဝိသေသ ကံတော်သည် လှုံ့ဆော်တိုက်တွန်း ညွှန်းပြလေရကား။ ပဉ္စမအချွယ်ငယ်တော်မူစဉ်ကပင် ကလျာဏမိတ္တတို့ကို မှီဝဲဆည်းကပ်တော်မူခြင်း၊ ကလျာဏမိတ္တတို့သည်ပြောဆိုအပ်သော စကားကိုနားတော်တည်းဟူသော ခံတွင်း၌ နတ်သုဓာဘုတ်ကိုသွင်းဘိသကဲ့သို့။ နှစ်လိုကြည်လင်ရုံ့မင်မက်မောစွာ နာယူခြင်း၊ ဦးဇုသ်သိတင်းမကင်းသော ပဉ္စသီလဒါနအစရှိသော ကုသိုလ်တရားကို အားထုတ်တော်မူလျက်နေ့ရက်ကို ကုန်လွန်စေခြင်းတို့ဖြင့် ကုသိုလ်တရားနှင့်အလွန်မွေ့လျော်တော်မူသည်။ ဤသို့လျှင်ပဉ္စမအချွယ်ကဆည်းပူးအပ်သော ကုသိုလ်ကံသန္တာရအဆောက်အဦးသည် အကြောင်းထောက်ကူပကတူပ ပစ္စည်းကိုရသဖြင့်၊ ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့၏အရိုက်အရာကိုခံယူတော်မူ၍လူတို့သခင်နှင်း။ မင်းဧကရာဇ်အဖြစ်သို့ရောက်ပြန်လျှင်လည်း။ သီလငါးပါးကိုမမှားမယွင်းစေရ။ လောကာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ၊ အတ္တာနုဂ္ဂဟ၊ ဤသုံးပါးသောတရားကို ပွားများဆည်းပူးကြိုးပမ်း၍ယူတော်မူသည်။

ထိုသုံးချပ်သောအနုဂ္ဂဟတရားတို့တွင်လောကာနုဂ္ဂဟကိုအားထုတ်တော်မူသည်ကား။ ဆွေတော်မျိုးတော်မှူးတော် မတ်တော် မှုထမ်းရဲမြဲထမ်းသူတို့ကိုအထိုက်အလိုက်မနှိပ်မကျကာယသုခ၊ စိတ္တသုခကိုရစေလျက်။ မြို့ရွာကံကျေးပေး၍ ဋ္ဌာနန္တရ၌ ထားသော အားဖြင့် ချီးမြှောက်တော်မူသည်။ တိုင်းနိုင်ငံတော် အတွင်း ဆင်းရဲသားတို့ မရှိရ။ ဘိုးလောင်းတော် ဘေးလောင်းတော်တို့ တည်ထောင် ပြုရခဲ့သော ဆည်းမြောင်းလယ်ဘာ။ လုပ်ရာဆောင်ငြင်းတို့သည်။ ကန်ပေါင်ကန်ရိုးကျိုးပျက်မကောင်း ဘောင်းပွန်းတိမ်းယိမ်း၍ မသိမ်းဆည်းနိုင် တောမြိုင်ဖုံးဆို့ဖြစ်သည်များကိုအသစ်စဲစဲဖြစ်အောင်လုပ်ဆောင်သန်ဆင်းတော်မူသည်။

ပြည်သူ ခပင်းတို့ကိုလည်း။အကုသိုလ်တရားကိုပယ်ရှား၍။ ကုသိုလ်တ
ရားကိုပွားများအားထုတ်ကြိုးကုပ်မပြင်းနှလုံးသွင်းစေသည်။ တိုင်းနိုင်ငံ
လူ။ပြည်သူတို့ကိုလည်း။ကြီးသူတို့က နှိပ်စက် ညှဉ်းပမ်းခြင်းကို၊မပြုစေရ
ရဒိမ်းတဏ္ဍစသော။ မောသောခိုးသူ ပြည်သူတို့၏ အလျော့အမွှားတို့ကို
လည်း၊ တရားသဖြင့်ပယ်ရှား၍ မပိတ်သောဝင်ခါးဖြင့်သားငယ်တို့ကိုရင်
ထက်လူးလည်း ဧလျက် နှစ်သက်စွာ ချီးမြှောက်တော်မူသည်။ ဤသို့စ
သည်ဖြင့်။လောကာနုဂ္ဂဟတရားကိုပွားများတော်မူသည်။

ဓမ္မာနုဂ္ဂဟကိုပွားများတော် မူသည်ကား။ နေပြည်တော်ဝန်းကျင်၌
သိတင်းသုံးနေတော်မူကုန်သော ဗျတ္တိဗလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကို
လည်း တံဆိပ်တော်ကပ်လှူ၍ ချီးမြှောက်တော် မူသည်။ နိုင်ငံတော်အ
တွင်း အရည်ကင်း။ ရှုတင်ဆောက်တည်၍ ဝိဝေကကို ရှာမှီးကုန်သော
ဝါသာရုရပုဂ္ဂိုလ်တို့ကိုလည်း ထိုထိုမိမိတို့၏ နေရာခမ်းဝါ သင်နမ်းမှု။
လင်းကဲတဖြာရှစ်ချက်နှာပတ်ကုန်းအတွင်း၌သားငှက်ခပင်းတို့ကိုမညှဉ်း
ဆဲစေရ။ အဘယဒါန လှူဒါန်းတော်မူ၍။ အရည်ဝါသိ ရဟန်းတို့အား
ပဥ္စည်းလေးပါးဖြင့်ချီးမြှောက်တော်မူသည်။

သက္ကရာဇ်ဘထောင့်နှစ်ရာ့တဆဲ့ငါးခုတဆောင်မုန်းလဆန်းကိုးရက်
နေ့ဇာဘင်ကုလပုတ္တ၊အာစာရကုလပုတ္တ၊ အမျိုးသားလေးဆဲ့ သုံးယောက်
တို့ကိုသာမဏေရပဗ္ဗဇ္ဇဥပသမ္ပဒဘုံသို့ရောက်စေလျက်။ပစ္စည်းလေးပါး
တို့ဖြင့်ချီးမြှင့်လှူဒါန်းတော်မူသည်။

သက္ကရာဇ်တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုနယုန်လဆန်းတဆဲ့တရက်နေ့
တွင်သားတော်လေးပါးနှင့်တကွ။ ရှင်ရံလေးဆယ်သောသူတို့ကိုသာမ
ဏေရဘုံသို့ သွတ်သွင်းရာ လှူဒါန်းရန် ပဒေသာပင်ရေ တရာတို့ဖြင့်ချီး
မြှင့်လှူဒါန်းပူဇော်တော်မူသည်။

၎င်းသက္ကရာဇ်ဒုတိယဝါဆိုလဆန်းတဆဲ့သုံးရက်နေ့သဒ္ဒါတရားနှင့်
ပြည့်စုံသော အမျိုးကောင်းသား ငါးရာတို့ကို။ ဥပသမ္ပဒအဖြစ်။ အမျိုး
ကောင်းသားငါးရာတို့ကို။ သာမဏေရပဗ္ဗဇ္ဇအဖြစ်သို့ရောက်စေ၍။များ
စွာသောပစ္စည်းပရိက္ခရာတို့ကိုလှူဒါန်းတော်မူသည်။

သက္ကရာဇ်ဘထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခုနှစ်။ ဝါဆိုလဆန်းတဆဲ့လေး
ရက်နေ့။ ဗျတ္တိဗလပရိယတ္တိကောဝိဒ သဒ္ဒါသမ္ပန္နရှိသော အမျိုးကောင်း
သားလေးရာ့တဆဲ့တယောက်သောသူတို့ကို။ သားတော်ခြောက်ပါးနှင့်

တကွ။ သာမဏေရပဗ္ဗဇ္ဇာဥပသမ္ပဒဘုံသို့ရောက်စေ၍။ သာသနာဓမ္မကိုချီး ပင့်တော်မူသည်။

သာသနာတော်နှစ်ထောင့်လေးရာ။ ဂေါဇာသက္ကရာဇ်တထောင့်နှစ် ရာ့တဆဲ့ရှစ်ခုသို့ရောက်သောနှစ်၌။ တန်ခူးလဆန်း ၃ နစ်ရက်နေ့။ သင်္ကြံ ကျ၍။ ကိုးရက်မြောက်သင်္ကြံတက်ပြီး။ နောက်တရက် တန်ခူးလဆန်းဆယ် ရက်နေ့၌။ ကောင်းမြတ်သောမင်္ဂလာအခါတော်တွင်၊ ရွှေနန်းတော်၏အ တွင်း။ မြေနန်းတော်၏အရှေ့မြောက်ယွန်းအရပ်၌။ ကြီးကျယ်စွာတန် ဆောင်းနှစ်ရပ်။ မဏ္ဍပ်ကန္နားတို့ကိုလုပ်ဆောင်စေ၍။ သင်္ဘင်ရုံကျောင်းပ လျက်။ တန်ဆောင်း၏အတွင်းရုပ်ရှင်တော်ကို၊ ပင့်ဆောင်တင်ထား၍။ သာသနာပြုဆရာတော်နှင့်။ စာကြည့်စာမ။ စာတည်းဆရာတော်တို့ကို စည်းဝေးစေလျက်။ တရာကျော် စာရေးတို့ကိုလည်း။ ဝတ်သန့်ဝတ် ကောင်းအပေါင်းအထုပ်နှင့်ဆင်ယင်ဝတ်စား၍။ ရေးသားရန်ဇာကိုကိုင် စွဲလျက်။ အခါကိုငံ့လင့်၍။ အသင့်နေစေသည်။ အိမ်ရှေ့မင်းနှင့်တကွ။ မင်းညီမင်းသားမှူးမတ်တို့လည်း။ ပေါင်းငတ်လိုဆင်ယင်ကြလျက်။ မင်း တရားကြီး မိဘုရားကြီးအစုံ။ စာရေးဘဆောင်းသို့ ထွက်စံတော်မူ၍။ သင်္ဃာတော်တို့အား။ ဆွမ်းသက်နှံးပရိက္ခရာတို့ကိုလှူဒါန်းတော်မူသည်။ ဤသို့နှင့်နှင်သုံးရက်ထွက်စံတော်မူလတ်၍။ သာသနာတော်၏အကျိုးစီး ပွါးကိုအားထုတ်ချီးပင့်တော်မူသည်။ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့ ၌ပြန်လှန်မွှေနှောက်။ ချောက်ချားချဉ်းနင်း၍။ သဒ္ဒါလိင်ဝိစ်ပုဒ်ပါဌ် အက္ခရာ ဂါထာဂိုဏ်းနေတို့ကိုဝေဘန်ပြုပြင်သုတ်သင်နိုင်စွမ်းသော။ ဗိဒုကတ်မ ဆရာတော်တကျိပ်တို့မှာ။ နေ့စဉ်မပြတ်ကြပ်မကြည့်ရှုရသည်။ ဤသို့ လည်းသာသနာဓမ္မကိုချီးမြှောက်တော်မူသည်။

သာသနာတော်နှစ်ထောင့်လေးရာ့လေး။ ဂေါဇာသက္ကရာဇ်တထောင့် နှစ်ရာ့နှစ်ဆဲ့နှစ်ခုနှစ်ကစ၍။ နှစ်စဉ်မပြတ်ဝိနည်းငါးကျမ်းကို ပြန်ဆိုနိုင် သည်ပုဂ္ဂိုလ်။ ဝိနည်းလေးကျမ်း။ ဝိနည်းသုံးကျမ်း။ ဝိနည်းနှစ်ကျမ်း။ ဝိ နည်းတကျမ်း။ အဘိဓမ္မာကျမ်းများကို ပြန်ဆိုနိုင်သည်ပုဂ္ဂိုလ်။ သုံးရာ ခြောက်ကျိပ်သင်္ဃာတို့ကို။ ဝါရဂ္ဂတလေ့ကျက်စေ၍။ ခြောက်လတကြိမ် မြေနန်းတော်တွင်။ အရက်သုံးဆယ်တိုင်တိုင်ပြန်ဆိုစေ၍။ အနိမ့်အမြင့်ချီး ပင့်တော်မူသည်။ ဤသို့စသည်ဖြင့်။ ဓမ္မာနုဂ္ဂဟဘာရားကို ပွါးများတော်မူ သည်။

အဠ္ဌာနုဂ္ဂဟာတရားကိုပွါးများတော်မူသည်ကား။ညဉ့်ယံနံ့နက်မပျက်စေရ။ဆွမ်းပန်းပေါက်ပေါက်ဆီမီးပန်းတို့ဖြင့် လျှုဒါန်းတော်မူ၍။ ဗုဒ္ဓပြဋ္ဌာနဗုဒ္ဓပူဇာကိုလည်း။ အခါခပ်သိမ်းပြုတော်မူသည်၊ ဝါတွင်းဝါပကာလမလင့်။ အခွင့်ရတိုင်း အဋ္ဌင်္ဂဥပေါသထသီလကိုလည်း စောင့်ထိန်းတော်မူသည်။

ဘောင်လျှော်တောင်ဗွမ်း။ခြောက်ကမ်းမြစ်ကွေ့။ ရသေ့ဏ္ဍုသိမှုနိယောဂီဈာနလာဘီ ပုဂ္ဂိုလ်ကျောင်တို့သည်။ ပျော်မွေ့တင့်အင်။ မှိုကင်ကိန်းအောင်းလျက်။ဈာန်မဂ်တရားအထူးကို။ဆွင်ရှုးလှမ်းယူရာ။ သုညာဂါရအချင်၏အသွင် ရွှေနန်းတော်၏အတွင်းတွင်။ စိရင်တန်ဆင်းအပ်သော။ ကြည်လင်ဖြူသောရေအလျှဉ်။ ဝေဆာရိပ်စည်။ခက်ချင်းရှည်သောဥယျာဉ်တော်၏အတွင်းဝယ်။ပဒုမ နဂရသင်ခမ်းနှင့်တူစွာ။ စံနန်းတော်ကိုလုပ်ဆောင်စေ၍။ဥဒ္ဒုမါတကစသော်အသုဘဆယ်ပါး၏အသွင်သဏ္ဌာန်ကို။ ပန်းရန်ပန်းပုတို့ကိုပြီးပြင်စွာထုလုပ်ရေးသားစေ၍။ အသုဘတရားကိုပွါးများတော်မူသည်။

နံနက်အခါမျက်နှာခံတွင်းကိုနှုင်ကျင်းသန့်စင်တော်မမူမီ။ တွင်းပမြို့နေ။ဗိုလ်ခြေအများတို့၏ဘဝတပါးပြောင်းသွားသည်ကို။ စာရင်းမှတ်ယူစေလျက်။ဆက်သနားထောင်တော်မူ၍။မရဏာသတိတရားကိုပွါးများတော်မူသည်။ ဒွတ္တိံသာကာရ ဒေသနာတော် ကိုလည်း ဘတ်ရွတ်သရဇ္ဈာယ်စေ၍။နာယူတော်မူပြီးလျှင်။ အဠ္ဌဘောသို့တင်၍ဆင်ခြင်သုံးသင်တော်မူသည်။ဤသို့နှင်နှင်။ နေ့စဉ်မပြတ်မလပ်စေရ။ အဠ္ဌာနုဂ္ဂဟာတရားကိုပွါးများတော်မူသည်။

သစ္စာပဋိစ္စသမုပ္ပါဒ်ခယာဝယနှင့်စပ်သောဆရာမြတ်တို့သည်။ရေးသားစီရင်အပ်သောကမ္မဋ္ဌာနကထာကိုလည်းအခါခပ်သိမ်းနာတော်မူ၍။ဇာရိယာပုထ်လေးပါး၌။ဘာဝနာကိုပွါးတော်မူသောအားဖြင့်။ အဠ္ဌာနုဂ္ဂဟာတရားကိုပွါးများအားထုတ်တော်မူသည်။ဤသို့ကြားနာအပ်သောတရားတို့တွင်။အချို့တရားကိုကြားနာရသော်လည်း၊ စိတ်တော်မချမဝပျင်းပြရောင့်ရဲခြင်းမရှိလေရကား။ ရှေးရှေးသောဆရာကျော်တို့သည်။ မင်းတို့ကျင့်ရာကျမ်းစာအများကိုရေးသားပြုရကြသော်လည်း။ ခယဝယဂန္ထိရခမ္မမပါ။လောကာမိသာမျှသာဖြစ်၍။ ဆားအရသာမှကင်းသောဟင်းလျာစားမဲကဲ့သို့။ ရောင့်ရဲတင်းတိမ်ခြင်းကိုမရနိုင်သောကြောင့်။ ခယ

ဝယာခမ္ဘာဘာဝနာနှင့်စင်လျဉ်း၍။ မင်းတို့ကျင့်ရာကထာစကားကို ရေး
သားပြုရစေလိုကြောင်းနှင့်။မင်းတရားကြီးကိုယ်တိုင်ပန်ထွာတောင်းပန်
လတ်ရကား။သရအခါလောကာနုဂ္ဂဟာအပ္ပမာဒကထာ။ ခမ္ဘာနုဂ္ဂဟာအပ္ပ
မာဒကထာ။အဇ္ဈာနုဂ္ဂဟာအပ္ပမာဒကထာ။ဤကထာသုံးရပ်တို့ဖြင့်တန်း
ဆာဆင်အပ်သော။ ဘုရားအလောင်းမင်းကောင်း မင်းမြတ်တို့သည်။
ကျင့်အပ်ဆော်တည့်အပ်သောတရားတည်းဟူသော ခရီးလမ်းကြောင်း
ကိုပြရာ။(သုရာဇမဂ္ဂဒီပနီ)မည်သောကျမ်းကို ပြုစီရင်ပေအံ့သတည်း။

ထိုသုံးပါးသောတရားတို့တွင်။ အပ္ပမာဒတရားသည် များစွာသော
သတ္တဝါတို့၏ခြေရာအထောင်သည်။ ဆင်ပြောင်တစီး၏ခြေရာတချဉ်ရ
ရုံးသက်ဝင်ဘိသကဲ့သို့ များစွာသောကုသိုလ်တရားတို့သည်။အပ္ပမာဒ
တရား၌အတွင်းငင်သည်။ထိုအကြောင်းကိုသဂါထာဝဂ္ဂကောသလသံ
ယုတ်။မဟာ ၂ဝဂ္ဂအပ္ပမာဒသံယုတ်တို့၌ဟောတော်မူသည်။ဟောတော်မူ
သောစကားရပ်မှခပါဠိပါဠိ၏အနက်ကား။ ။မဟာရာဇ။ကောသလ
မင်းကြီး။သေယျထာပိ။အသာဓာရဏဥပမာမည်သည်ကား။ဇင်္ဂလာနံ။မြေအ
ပြင်၌သွားလာကြကုန်သော၊ပါဏာနံ။ သတ္တဝါတို့၏။ ယာနိကာနိစိပဒ
ဇာတာနိ။ အခြတ်မရှိသော ခြေရာအပေါင်းတို့သည်။ သန္တိ။ရှိကုန်၏။
သဗ္ဗာနိ။အလုံးစုံကုန်သော။တာနိ။ထိုမြေ၌သွားလာကုန်သောသတ္တဝါအ
ပေါင်းတို့၏ခြေရာတို့သည်။ဟတ္ထိပဒေ။ ဆင်ပြောင်ကြီး၏ခြေရာတချဉ်၌။
သမောဓါနံ။ပေါင်းခြင်းသို့။ ဂစ္ဆန္တိယထာ။ ရောက်ကုန်သကဲ့သို့။ မ
ဟန္တတ္တေန။ကြီးသောအနက်သဘောအားဖြင့်။ ယဒိဒံယံဣဒံဟတ္ထိပဒံ။အ
ကြင်ဆင်၏ခြေရာသည်။ အတ္ထိ။ရှိ၏။ တံဟတ္ထိပဒံ။ထိုဆင်၏ခြေရာကို။
တေသံ။ထိုဆင်မှကြွင်းကုန်သောသတ္တဝါတို့ခြေရာတို့ထက်။ အဂ္ဂံ။ကဲ
လွန်ကြီးမြတ်၏ဟူ၍၊အက္ခာယတိယထာ။ဆိုအပ်သကဲ့သို့။ မဟာရာဇ။
ကောသလမင်းကြီး။ဧဝမေဝခေါ။ ဤအတူသာလျှင်။ အပ္ပမာဒေါ။ရာဇ
ခမ္ဘလောကသုံးပါးတို့၌မမေ့မလျော့သော။ဧကော။တခုသော။ခမ္မော။သ
တိစေတသိက်ဟုဆိုအပ်သောအပ္ပမာဒတရားသည်။ ဒိဋ္ဌဓမ္မိကာံ။ မျက်
မှောက်၌ဖြစ်သော။အတ္တဉ္စေဝ။အကျိုးကိုရင်း။ သမ္ပရာယိကံ။ တမလွန်၌
ဖြစ်သော။အတ္ထဉ္စ။အကျိုးကိုရင်း။ဣတိ။ဤသို့။ဥဘောအတ္ထေ။နှစ်ပါးသော
ပဋ္ဌပြုန်သံသရာအကျိုးတို့ကို။သမဓိဂယှ။ကောင်းစွာသိမ်းကျုံးရုံးသော
အားဖြင့်ဟူ၍။တိဋ္ဌတိ။တည်၏။ဤသို့လျှင်ခင်သိမ်းသော ကုသိုလ်တရား

တို့၏ရင်းရာအပ္ပမာဒတရားကိုပွါးများသောပုဂ္ဂိုလ်တို့သည်။ အသက်ရှည်ခြင်း။ အနာကင်းခြင်း။ အဆင်းလှခြင်းနတ်ရွာ၌ဖြစ်ခြင်း။ မြင့်မြတ်သောအမျိုး၌ဖြစ်ခြင်း။ အဆင့်ဆင့်မြင့်မြတ်ခြင်းတည်းဟူသောအကျိုးကိုခံစားရကုန်သည်သာတည်း။ ။ထိုကြောင့်။ ။

•

အာယုံအာရောဂိယံဝဏ္ဏံ၊သဂ္ဂံဥစ္စာကုလီနတံ။
ရတိံယောပတ္ထယန္တေန၊ဥဠာရာပရာပရာ။

ဟူ၍သဂါထာဝဂ္ဂကောသလသံယုတ်၌။ ကောသလမင်းကြီးအား။ ဘုရားဟောတော်မူသည်။ ။(အာယုံ။အသက်ရှည်ခြင်းကိုရင်း။ အာရောဂိယံ.အနာကင်းခြင်းကိုရင်း။ ဝဏ္ဏံ အဆင်းလှခြင်းကိုရင်း။ သဂ္ဂံ။နတ်ရွာပြဟ္မာရွာ၌ဖြစ်ခြင်းကိုရင်း။ဥစ္စာကုလီနတံ။ မြင့်မြတ်သောအမျိုး၌ဖြစ်ခြင်းကိုရင်း။ဥဠာရာ။ပြန့်ပြောကုန်သော။ အပရာပရာ။ အဆင့်ဆင့်ကုန်သော။ရတိယော။လောကီလောကုတ္တရာတရားတို့ဖြင့် မွေ့လျော်ခြင်းတို့ကိုရင်း။ ပတ္ထယန္တေန။ တောင့်တသောရေမြေသေ၌နင်း ပြည့်ရှင်မင်းသည်။အပ္ပမာဒေါ။အပ္ပမာဒတရားကို၊ဘာဝိတော။ပွါးစေအင်၏။)ဤသို့လျှင်အပ္ပမာဒတရားကိုပွါးစေသည်ရှိသော။ပဋ္ဌန်ပွန်သံသရာ။နှစ်ဖြာသောအကျိုးတို့သည်။ တိုးပွါးကြီးမြင့်။ အဆင့်ဆင့်လွန်ကဲရာသည်ဖြစ်၍။ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ အပ္ပမာဒတရားကို ချီးမွမ်းဘော်မူကြကုန်၏။ ။သိုကြောင့်။သဂါထာဝဂ္ဂသံယုတ်၌။ ။

အပ္ပမာဒံပသံသန္တိ။ပုညကိရိယာသုပဏ္ဍိတာ။
အပ္ပမတ္တောဥဘောအတ္ထေ၊အဓိဂဏှာတိပဏ္ဍိတော။

ဟူ၍ကောသလမင်းကြီးအားဘုရားသခင်ဟောတော်မူသည်။ ။ ပုညကိရိယာသု၊ ကောင်းမှုကိုပြုခြင်းတကာတို့တွင်။ အပ္ပမာဒံ။ အပ္ပမာတရားတပါးကို။ပဏ္ဍိတာ၊ ဘုရားအစရှိသောပညာတို့သည်။ပသံသန္တိ။ ချီးမွမ်းတော်မူကြကုန်၏။ အပ္ပမတ္တော၊ လောကဓမ္မတို့၌မမေ့မလျော့သော။ပဏ္ဍိတော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ဥဘောအတ္ထေ။နှစ်ပါးသောပဋ္ဌန်ပွန်သံသရာအကျိုးတို့ကို။အဓိဂဏှာတိ၊ကောင်းစွာယူရ၏။

ဤသို့လျှင်အပ္ပမာဒတရားသည်ဘုရားအစရှိသော သူတော်ကောင်းတို့သည်ချီးမွမ်းအပ်သော ပစ္စုပ္ပန်သံသရာတို့၌များစွာသောအကျိုးစီးပွါးကိုဆောင်သော သဘောရှိသည်ဖြစ်၍။ အပ္ပမာဒတရားကို ပွားဘော်မှုအပ်သည်။ကေရာဇ်မင်းမြတ်သည် အပ္ပမာဒတရားကို ပွားလပ်သည်ရှိသော်မောင်းမမိဿံ ကိုယ်ရံအပေါင်းတို့သည်လည်း ငါတို့အရှင်ဘဝသျှင်မင်းတရားကြီးသည်။ လောကကိုချီးမြှော်ခြင်း။ ဓမ္မကိုချီးမြှော်ခြင်း။ ကိုယ်ဘော်ကိုချီးမြှောက်ခြင်းဖြင့်မမေ့မလျော့အားထုတ်တော်မူသည်။ ငါသို့သသူကားဘယ်သို့မူ၍အချခပ်သိမ်း၌မေ့လျော့၍နေကောင်းလေအံ့နည်းဟု သတိပြုလျက်။ အပ္ပမာဒတရားကို ပွားများကြကုန်ရာသည်။ ထိုအခါ ဥပရာဇာမင်းညီ မင်းသားမှူးမတ် အချရှိ မှုထမ်း ရာထမ်းဖြစ်သောသူမြို့ရွာနိဂုမ်းဇနပုဒ်တို့၌နေကြကုန်သောသူတို့သည်လည်း ငါတို့အသျှင်ဘုရင်မင်းခေါင်မင်းဖျား မင်းတရားကြီးသည် ပစ္စုပ္ပန်အကြောင်းသံသရာအကြောင်းဘို့၌ ကောင်းစွာ မမေ့နေလေ့ရှိတော် မူသည်ဖြစ်၍၊ ပြည်သူလူရဟန်းတို့၏။ အကျိုးစီးပွား။ ကိုယ်တော်၏ အကျိုးစီးပွားကိုအားထုတ်တော်မူပေသည်။ငါတို့လည်းဘဝသျှင်မင်းတရားကြီး၏။ဘုန်းတော်ကံတော်ကိုအမှီပြု၍ချမ်းသာသုခကို ရပေလျက် အဘယ်မှာလျှင်ပစ္စုပ္ပန်သံသရာအကျိုးကို မမေ့မလျော့ အသတ်ဘကုတ်အားမထုတ်ဘဲရှောင်လွှဲသွေဘယ်၍နေခြင်းငှာသင့်လေကောင်းအံ့နည်းဟူ၍။ အပ္ပမာဒတရားကိုအားထုတ်ကြကုန်ရာသည်။ ။ဤသို့ကေရာဇ်မင်းမြတ်၏တိုင်းရေးပြည်မှု သာသနာမှုတို့ကိုကြည့်ရှုခြင်း။ အပ္ပမာဒတရားကို အမှီပြု၍များစွါသောသူတို့သည်။အပ္ပမါဒတရားကိုပွါးများကြကုန်သည်ရှိသော်။ ကေရာဇ်မင်းမြတ်၏ကိုယ်တော်ကို။ပစ္စုပ္ပန်၌ဖြစ်သောဘေးရန်။သံသရာ၌ဖြစ်သောဘေးရန်တို့မှလုံခြုံစေခြင်း။စောင့်ရှောက်ခြင်းကိစ္စကိုပြီးသည်သာဖြစ်သည်၊မောင်းမကိုယ်လုပ်စသောသူ၊ကျိုကြဘဏ္ဍာများစွာသောတိုက်တို့ကိုလည်းလုံခြုံစေခြင်း စောင့်ရှောက်ခြင်းကိစ္စတို့သည်ပြီးတော့သည်သာတည်း။ ။ထိုအကြောင်းကိုသဂါထာဝဂ္ဂသံယုတ်၌ကောသလမင်းကြီးအားဘုရားသခင်သည် ကောသလမင်းကြီးကိုဥဒ္ဒါနပြု၍။ဇမ္ဗူဒိပါ၌သာသနာပြုမင်းတို့ကိုရည်ရော်တော်မူ၍ဟော်ါတော်မူသည်။ဟောဘော်မူသောစကားရပ်ပါဠိတော်၏အနက်ကား။

မဟာရာဇ။ကောသလမင်းကြီး၊ကလျာဏမိတ္တသ။ပဋ္ဌပြုန်သံသရာတို့၌ဖြောင့်မတ်စွာအကျိုးရှိသောစကားကို ပြောကြားတတ်သော။ ကလျာဏသဟာယာသ။ အဆွေခင်ပွန်းကောင်းရှိသော။ ကလျာဏသမ္ပဝင်္ကာသ။ အဆွေခင်ပွန်းကောင်းသို့ဆည်းကပ်တတ်သော။ တော၊သင်မင်းကြီးသည်။ကုသလေသု။ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု။တရားတို့၌။(တနည်း)ကုသလေသု၊ အပြစ်မရှိကုန်သော။ ဓမ္မေသု၊ရှေးရှေးသော်သုရားအလောင်းမင်းကောင်းမင်းမြတ်တို့သည် ကျင့်အပ်သောတရားတို့၌။အပ္ပမာဒေါ။မမေ့မလျော့ခြင်းဟုဆိုအပ်သော၊ဇကော။တခုသော။ အယံဓမ္မော။ဤအပ္ပမာဒတရားသည်။အတ္ထိ။ရှိ၏။ဝ။ ထိုအပ္ပမာဒတရားကို။ဥပနိဿာယ။အမှီပြု၍။ဝိဟာတဗ္ဗော။နေအပ်၏။မဟာရာဇ။ကောသလမင်းကြီး။အပ္ပမတ္တဿ။မမေ့မလျော့သည်ဖြစ်၍။ဝိဟရတော။နေသော။တော။သင်မင်းကြီး၏။ အပ္ပမာဒံ။လောကဓမ္မတို့၌၊ မမေ့မလျော့ခြင်းကို။ ဥပနိဿာယ။အမှီပြု၍။ဇုတ္တာဂါရဿ။ မောင်းမအပေါင်းအား။ ဧဝံ။ ဤသို့ကြံအောက်မေ့ကြသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့၊ ကိံ ဘဝိဿတိ။ အဘယ်သို့ဖြစ်လတ္တံ့နည်းဟူမူကား။ ခေါ။စင်စစ်။ ရာဇာ။ငါတို့အသျှင်ဘုရင်မင်းမြတ်တရားကြီးသည်။အပ္ပမာဒံ။အပ္ပမါဒတရားကို။ဥပနိဿာယ။အမှီသဟဲအစွဲပြုတော်မူ၍။အပ္ပမတ္တော။ မမေ့မလျော့။ ဝိဟရတိ။စံနေတော်မူ၏။ဟန္ဒ၊ယခု။မယမ္ပိ။ ငါတို့မောင်းမအပေါင်းတို့သည်လည်း။အပ္ပမာဒံ။အပ္ပမာဒတရားကို။ဥပနိဿာယ။အမှီပြု၍။အပ္ပမတ္တော။မမေ့မလျော့။ဝိဟရာမ။နေကြပေကုန်အံ့။ဇူတိ။ ဤသို့သောစိတ်အကြံသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။မဟာရာဇ။ကောသလမင်းကြီး။အပ္ပမတ္တဿ၊ မမေ့မလျော့သည်ဖြစ်၍။ဝိဟရတော၊နေသော။တော။သင်မင်းကြီး၏။အပ္ပမာဒံ။အပ္ပမာဒတရားကိုပွါးများခြင်းကို။ဥပနိဿာယ။အမှီပြု၍။ အနုယုတ္တာနံ။သင်မင်းကြီး၏အချီးအမျှောက်ကိုခံကြကုန်သော။ခတ္တိယာနမ္ပိ။ မင်းညီမင်းသားမှူးမတ်များတို့အားလည်း။ဧဝံ။ ဤသို့ကြံကြသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။ ကိံ ဘဝိဿတိ။ အဘယ်သို့ဖြစ်လတ္တံ့နည်းဟူမူကား။ ခေါ။စင်စစ်။ရာဇာ။ငါတို့သခင်ဘဝသျှင်မင်းတရားကြီးသည်။ အပ္ပမာဒံ။အပ္ပမာဒတရားကို။ဥပနိဿာယ။အမှီပြု၍။ အပ္ပမတ္တော။မမေ့မလျော့။ဝိဟရတိ။စံနေတော်မူ၏။ဟန္ဒ။သခု။မယမ္ပိ။ငါတို့ညီတော်သါးတော်ဆွေတော်မျိုးတော်မှူးတော်မတ်တော်အပေါင်းတို့သည်လည်း။အပ္ပမာဒံ။အပ္ပမာဒ

တရားကို။ဥပနိဿာယ။ပွါးများကြ၍။အပ္ပမတ္တာ။မမေ့မလျော့။ ဝိဟာရာမ။နေကြကုန်အံ့။ဣတိ။ ဤသို့သောစိတ်အကြံသည်။ ဘဝိဿတိ။ ဖြစ်လတ္တံ့။မဟာရာဇ၊ကောသလမင်းကြီး၊အပ္ပမတ္တဿ။ မမေ့မလျော့သည်ဖြစ်၍။ဝိဟာရတော။နေသော။တေ။သင်မင်းကြီး၏။အပ္ပမာဒံ။အပ္ပမာဒတရားကို။ဥပနိဿာယ။ အစွဲအသမ်းပြု၍။ ဗလကာယဿပိ။ ရဲမက်ဗိုလ်ပါများစွာသောသူအပေါင်းအားလည်း။ဧဝံ။ဤသို့သောစိတ်အကြံသည်။ ဘဝိဿတိ။ဖြစ်ကြလတ္တံ့။ကိံ ဘဝိဿတိ။အဘယ်သို့ဖြစ်လတ္တံ့နည်းဟူမူကား။ခေါ။စင်စစ်။ရာဇာ။ ငါတို့ကျေးဇူးသခင်ဘဝသျှင်မင်းမြတ်သည်၊ အပ္ပမာဒံ။အပ္ပမာဒတရားကို။ ဥပနိဿာယ။ မှီ၍။ အပ္ပမတ္တော။မမေ့မလျော့။ဝိဟာရတိ။နေ့ညမပြတ်မှတ်သားကြည့်ရှု၍နေတော်မူ၏။ ဟန္ဒ။ယချ။မယမ္ပိ။ငါတို့ဗိုလ်ခြေခဘဲတို့သည်လည်း၊အပ္ပမာဒံ။အပ္ပမာဒတရားကို။ ဥပနိဿာယ။အမှီပြု၍။အပ္ပမတ္တာ။မမေ့မလျော့။ဝိဟာရာမ။ နေကြကုန်အံ့။ဣတိ။ဤသို့သောစိတ်အကြံသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ မဟာရာဇ။ ကောသလမင်းကြီး။ အပ္ပမတ္တဿ။ မမေ့မလျော့သည်ဖြစ်၍။ ဝိဟာရတော။နေသော။တေ။သင်မင်းကြီး၏။အပ္ပမာဒံ။ပွါးတော်မူသောအပ္ပမာဒတရားကို။ဥပနိဿာယ။အမှီပြု၍။နိဂမဇနပဒဿာပိ။ နိဂုံးဇနပုဒ်တိုက်မြို့ကျေးရွာ၌နေကြကုန်သောသူအပေါင်းအားလည်း၊ ဧဝံ။ ဤသို့သောစိတ်အကြံသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့၊ ကိံ ဘဝိဿတိ။ အဘယ်သို့ဖြစ်လတ္တံ့နည်းဟူမူကား။ ခေါ။စင်စစ်။ ရာဇာ။ ငါတို့၏ဘဝသျှင်မင်းတရားကြီးသည်။အပ္ပမာဒံ။အပ္ပမာဒတရားကို။ဥပနိဿာယ။ အားထုတ်တော်မူ၍။အပ္ပမတ္တော။မမေ့မလျော့။ ဝိဟာရတိ။နေတော်မူပေ၏။ ဟန္ဒ။ယချ။မယမ္ပိ။ငါတို့တိုင်းနိုင်ငံသူလူခပင်းတို့သည်လည်း။ အပ္ပမာဒံ။ သုစရိုက်တရားဆယ်ပါးတို့၌မမေ့မလျော့ခြင်းကို။ ဥပနိဿာယ။လုံ့လမှီပြု၍။ အပ္ပမတ္တာ။မမေ့မလျော့၊ဝိဟာရာမ၊နေကြပါကုန်အံ့။ဣတိ၊ ဤသို့သောစိတ်အကြံသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။မဟာရာဇ။ကောသလမင်းကြီး။ အပ္ပမတ္တဿ။မမေ့မလျော့သည်ဖြစ်၍၊ဝိဟာရတော၊နေသော၊တေ၊ သင်မင်းကြီး၏။အပ္ပမာဒံ။ရာဇဓမ္မလောကတို့၌မမေ့မလျော့ခြင်းကို။ဥပနိဿာယ အမှီပြု၍။အတ္တာပိ။သင်မင်းကြီး၏ကိုယ်ကိုလည်း။ဂုတ္တော။ ပစ္စုပ္ပန်ဘေး သံသရာဘေးကိုမှလုံခြုံစေအပ်သည်။ ရက္ခိတော။ပစ္စုပ္ပန်ဘေးသံသရာဘေးမှစောင့်ရှောက်အပ်သည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။ ဘဏ္ဍာဂါရမ္ပိ။

မောင်းမအပေါင်းကိုလည်း။ ဂုတ္တံ။ လုံခြုံစေအင်သည်။ ရက္ခိတံ။စောင့် ရှောက်အပ်သည်၊ဘဝိဿတိ။ ဖြစ်လတ္တံ့။ကောသကောဋ္ဌာဂါရမ္ပိ။ ရွှေ တိုက်ငွေတိုက်ကျီကြစသောဘဏ္ဍာတို့ကိုလည်း။ ဂုတ္တံ။ လုံခြုံစေအပ် သည်။ရက္ခိတံ၊စောင့်ရှောက်အပ်သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။

ဤအပ္ပမာဒဒေသနာကိုကောသလမင်းအား ဘုရားသခင် သဗ္ဗညုတ ညာဏ်သို့ရောက်မှသိတော်မူ၍ဟောတော်မူသည်မဟုတ်။ လေးသင်္ချေ နှင့်ကမ္ဘာတသိန်းပါရမီဖြည့်စဉ်ကာလ။ ထိုထိုဒေသအရင်၌မင်း၏အ ဖြစ်ကိုယူတော်မူလျှင်။ထိုအပ္ပမာဒတရားကိုပွါးတော်မူ၍။ ပြည်သူတို့ အားသိမ်းပကားတော်မူသည်။ ။ထိုကြောင့်ထိုအပ္ပမာဒတရားသည်ဘု ရားအလောင်းမင်းကောင်းမင်းမြတ်တို့၏သွားရာခရီးသဘွယ်ပင်ဖြစ်သည်။ ဤအပ္ပမာဒတရားကိုကြားနာပြီးသောအဆုံး၌။ ဤသို့နှလုံးသွင်းတော်မူရာ သည်။နှလုံးသွင်းရာသည်ကား။ငါတို့ဘုရားသခင်သည်။ ပရိနိဗ္ဗာန်စံယူ တော်မမူဘဲ။အမြဲတည်တော်မူပါမူကား။ကောသလမင်းကြီးအားတရား ဟောသကဲ့သို့။ငါ့အားလည်းတရားဟောတော်မူရာ၏။ငါသည်လောကီ လောကုတ္တရာ။များစွာသောအကျိုးကိုခံစားရလေရာ၏။ ကောသလမင်း ကြီးသည်။ဘုရားသခင်၏တရားကိုသဒ္ဒါရှေ့ထား၍။ကြားနာသကဲ့သို့။ ငါ တို့သည်လည်းတရားတော်ကို ကောင်းစွာနာရလေ၏။ အဝိဇ္ဇာနှင့်သယ သည်ခြံအပ်သောတဏှာနှသယလျှင်အခင်းရှိသော သင်္ခါရဟုဆိုအပ် သောကုသိုလ်ဇနကကံသည် ငါမံထုံးငိတ်အပ်သော အတ္တဘောဟု ဆို အပ်သော။ ရုပ်နာမ်ခန္ဓာအရသည်။ဘဂံတခုမျှမမြဲ။ဘောက်လှဲရတေ့ရွေ လျှော့ပျက်စီး။အချည်းနှီးသောသဘောသတ္တိရှိသည်ဖြစ်၍။ ပရိနိဗ္ဗာန်စံ ယူတော်မူရလေသည်။ဤသို့သဘောရှိသောငါတို့မြတ်စွာဘုရားသည်။ များစွာသောဒေသနာတော်ကိုဟောတော်မူသောအားဖြင့်။အများဗိုလ်လူ တို့ကိုကယ်ယူဆယ်တင်လျက်။သဿာတပည့်အပေါင်းနှင့်တကွ။ ထိန် ထိန်ပြောင်ပြောင်တောက်လောင်သောမီးပုံကြီး၏ စဲငြိမ်းသကဲ့သို့။ ပရိ နိဗ္ဗာန်စံယူတော်မူလေပြီ၊ပြည့်ငုံတော်မူသောတန်းခိုးဉာဏ်ပါတ်အခြံအရံ ပရိသတ်။ခြေတော်မြတ်၌ စက်လက္ခဏာအရ-ခင်သိမ်းတို့သည် ငြိမ်းစဲ လေကုန်ပြီ။ဤသင်္ခါရအပကားအနှစ်အခသာမရှိ။အချည်းနှီးသာတည်း။ ဟူ၍နှလုံးသွင်းပိုက်တော်မူလျက်၊

သဒ္ဓမ္မံ၊ပရိယတ္တိဓမ္မ၊ပဋိပတ္တိသဒ္ဓမ္မ၊ပဋိဝေဓသဒ္ဓမ္မကို၊ဓောတရိဘွာန။

ထွန်းတောက်ပစေပြီး၍။ သဒေဝကာံ။ နတ်နှင့်တကွသောလူကို။ သန္တာ
ရေတွာ။ကယ်တင်တော်မူပြီး၍။ အဂ္ဂိခန္ဓော။ မီးပုံကြီးသည်။ ဇလတိဏ္ဏဝ။
ပြောင်ပြောင်တောက်သကဲ့သို့။ ဇလိတွာ။ ဘုန်းတန်းခိုးတော်အရောင်ဖြင့်
ပြောင်ပြောင်တောက်လပ်၍။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သ
သာဝကော၊ တပည့်သားတော် အပေါင်းနှင့်တကွ။ ပရိနိဗ္ဗုတော၊ပရိ
နိဗ္ဗာန်စံတော်မူရလေပြီ။ ။သာစဏ္ဍူဒ္ဓိ၊ ထိုပြည့်ရုံသောတန်းခိုးဏ္ဍူဒ္ဓိပ္ပါဒ်
တော်သည်ရင်း။ သောစယသော။ ထိုများစွာသောအခြံအရံ ကျော်စော
ခြင်းသည်လည်းကောင်း။ပါဒေသု၊ခြေတော်တို့၌။ တာနိစက္ကရတနာနိစ၊
ထိုစက် ရတနာတို့သည်ရင်း။ အတ္တိသန္တိ။ ရှိကုန်၏။ သဗ္ဗံ၊အလုံးရုံသော
ဂုဏ်တော် ကျေးဇူးတော် အပေါင်းသည်။ သမန္တရဟိတံ။ အကြွင်းမဲ့
ကွယ်ပျောက်လေပြီ။သဗ္ဗသင်္ခါရာ။အလုံးရုံသောသင်္ခါရတရားတို့သည်
နနု။စင်စင်။ရိတ္တာ။အချည်းနှီးတို့သာတည်း။

ဤသို့ဗုဒ္ဓဝင်ပါဠိ၌။ဟောတော်မူသောနည်းဖြင့် အောက်မေ့ဆင်ခြင်
လျက်။ဤမရဏတရားကား၊ဆိုးကောင်းယုတ်မြတ်ကိုမသိဘတ်ခဲ့။ မြတ်
စွာဘုရားကိုလျက်၊ရှောက်ကြောက်မရှိ။ဘိစီးနှိုင်စက်ဘိသည်။ငါသို့သသူ
ကားအဘယ်သို့မူ၍မရဏတရားသည်ချန်ထားမယူဘဲ ရှိလေအံ့နည်းဟု
အောက်မေ့ဆင်ခြင်လျက်။ (ဧငံ၊ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။မဟာနု
ဘာဝသ။ကြီးသောအာနုဘော်ရှိသော။မဟေသာသိနော။မြတ်စွာဘုရား
၏။ ဧသံ။အထံတော်သို့။နဘယေန။မကြောက်သောအားဖြင့်။ နလဇ္ဇာယ။
မရှက်သောအားဖြင့်။ဧတံ၊ဤဒိသံ။ ဤသို့သဘောရှိသော၊ ယံမရဏံ။ အ
ကြင်သေခြင်းသဘောတရားသည်။အဂတာနာမ။ရောက်တုံဘိသေး၏။
နိလဇ္ဇံ။အရှက်မရှိသော။ ဝိတသာရဇ္ဇံ။ ကင်းသောကြောက်ရွံ့ခြင်းရှိသော။
သဗ္ဗသတ္တာဘိမဒ္ဒနံ။ ခပ်သိမ်းသောသတ္တဝါတို့ကို လွှမ်းမိုးနှိုင်စက်ဖျက်
ဆီးတတ်သော။ဘယိဒံတံဣဒံမရဏံ၊ထိုသေခြင်းသဘောတရားသည်။မာ
ဒိသံ။ငါကဲ့သို့သဘောရှိသေး။သတ္တံ၊သတ္တဝါကို။ကထံ။အဘယ်မှာလျှင်
နာဘိဘဝိဿတိ။မနှိုင်စက်ဘဲရှိဘုံအံ့နည်း)။ ။ဤသို့ဝိသုဒ္ဓိမဂ်၌လာ
သောနည်းအားဖြင့်။မရဏာနုဿတိတရားကိုပွားများတော်မူရာသည်။

ဤသို့ဆိုအပ်ပြီးသောအပ္ပမာဒတရားကိုပွားများလျက် လူများသော်၌
နင်းမင်းထီးအဖြစ်သို့ရောက်ကြကုန်သောမင်းအပေါင်းတို့တွင်။ ကပ်ဦး
အစအဆုံး မာဒတရားကိုပွားများသောငါတို့ဘုရားအလောင်းမဟာသမ္မတ

မင်း၏ဖြစ်ကြောင်းအရင်းကား၊ များစွာသောလူတို့သည် အဓိဋ္ဌာဒါန်၊မှ
သာဝါဒဒုစရိုက်တရားတို့သည်ပွါးများလတ်သော်။ဤသို့တိုင်ပင်ရဝေး၍
မင်းအဖြစ်ကိုမြှော်ကြကုန်သည်။မြှောက်ကြောင်းစကားရင်ကား။ ။
(သန္နိပတိတွာ။ များစွာသော လူအပေါင်းတို့သည်။ စိတ်တူစည်းဝေးကြ
ကုန်၍။ နိဋ္ဌုန် သု။ ငြိးတွားကုန်၏။ကိံ နိဋ္ဌုန် သု။ အဘယ်သို့ငြီးတွားကြ
ကုန်သနည်းဟူမူကား။ ဘောအချင်းတို့။ ပါပကာ၊ ယုတ်မာကုန်သော။
ဓမ္မာ၊ အဓိဋ္ဌာဒါန်မှသာဝါဒတရားတို့သည်။သံဒွေသု၊ သတ္တဝါတို့၌။ပါ
တုဘူတာဝတ။ထင်ရှားဖြစ်ခဲ့ကုန်ပြီတကား။ယဒတြဟိယာဿကာရဏ.၁။
အကြင်ကြောင့်။ အဒိန္နာဒါနံ။အဒိန္နာဒါန်တရားသည်။ပညာယိဿတိနာ
မ။ထင်လာဘိ၏။ဂရဟာ၊ကဲ့ရဲ့ခြင်းသည်။ ပညာယိဿတိနာမ၊ထင်လာ
ဘိ၏။ မုသာဝါဒေါ။မုသာဝါဒသည်။ပညာယိဿတိနာမ။ ထင်ရှားဖြစ်
လာဘိ၏။ ဒဏ္ဍာဒါနံ၊တုတ်လှံတံကိုကိုင်ကြခြင်းသည်။ ပညာယိဿတိ
နာမ။ ထင်လာဘိ၏။ ယံနူနယဒိပန။ အကယ်၍။ မယံ။ငါတို့သည်။ ဧကံ
သတ္တံ။တယောက်သောသတ္တဝါကို။ သမ္မနေယျာမ။မင်းဟူ၍သမုတ်ကြ
ကုန်အံ့။ယော၊အကြင်သူသည်။နော။ငါတို့အား။ သမ္မာ။ မျက်နှာကြီးငယ်
မရွယ်မထေ။ ကောံသူဆုံးဖြတ်လျှက်။ခိယိတဗ္ဗံ။ ရှုံးချထိုက်သောသူ
ကို။ခါပေးယျ။ရှုံးချရာ၏။သမ္မာ၊မကွေ့မထောင့်ဖြောင့်မတ်စွာ။ ဂရဟိ
တဗ္ဗံ၊ ကဲ့ရဲ့ထိုက်သောသူကို။ ဂရဟေယျ။ကဲ့ရဲ့ရာ၏။သမ္မာ။ ဂတိသို့မ
လိုက်ထိုက်သည်အားလျော်စွာ။ ပဗ္ဗာဇေတဗ္ဗံ။ နှင်ထုတ်ထိုက်သောသူ
ကို။ပဗ္ဗာဇေယျ၊နှင့်ထုတ်ရာ၏။မယံပန။ငါတို့ကမူကား။အဿ၊ထိုမင်း
ဟူ၍သမုတ်သောသူအား။သာလိဘာဂံ၊ဆယ်ဘို့တဘို့သောကောက်သ
လေးကို။အနုပဒဿာမ၊နှစ်ငည်မပြတ်ပေးကြကုန်အံ့။ဣတိ၊ဤသို့၊ နိဋ္ဌု
န် သု၊စည်းဝေး၍ငြီးတွားကြကုန်၏။ ။ဤသို့တိုင်ပင်စည်းဝေးသည်နှင့်
အညီ၊အလွန်အဆင်းလှသည်ဖြစ်၍ ရှုဘွယ်ဘနန်းရှိသော အထူးသဖြင့်
ကြည်ညိုဘွယ်နှစ်သက်ဘွယ်ရှိလျှက်ထက်သောတန်းခိုးရှိသောငါတို့ဘု
ရားအလောင်းကိုမင်းမြှောက်၍၊မြေဆီမြေဩန်ကိုဆယ်ဘို့တဘို့ ဆက်သ
ကြကုန်၏။ထိုမင်းသည်များစွာသောသူတို့သည်။သမုတ်အပ်သောကြောင့်
မဟာသမ္မတဟူသောအမည်၊လယ်မြေကိုအစိုးရသောကြောင့် ခတ္တိယ
ဟူသောအမည်။ကုသလဓမ္မရာဇဓမ္မဖြင့် တပါးသောသူတို့ကို နှစ်သက်
စေတတ်သောကြောင့်၊ရာဇာဟူသောအမည်ကိုရလျှက်၊ မမေ့မလျော့

အပ္ပမာဒတရားဖြင့် တိုင်းကားပြည်သူတို့ကို ထိန်းသိမ်း စောင့်ရှောက်တော်မူသည်။ ထိုအကြောင်းကိုကား၊ ။(ဝါသေဋ္ဌ၊ဝါသေဋ္ဌ။ခေါ။ဧင်စစ်။မဟာဇနသမ္မတော၊ များစွာသောလူတို့သည် သခိုက်အပ်၏။ ဣတိတသ္မာ။ထိုကြောင့်။မဟာသမ္မတောတွေဝ။မဟာသမ္မတဟူ၍သာလျှင်။ပဌမံ။မဆွဦးစွာ။အက္ခရံ။မင်း၏အမည်နာမပညတ်သည်၊နိဗ္ဗတ္တံ၊ဖြစ်၏။ဝါသေဋ္ဌ၊ဝါသေဋ္ဌ။ခေါ။စင်စစ်။ခေတ္တာနံ။လယ်မြေတို့ကို။ အဓိပတိ။ အစိုးရတော်မူ၏။ဣတိတသ္မာ၊ ထိုကြောင့်။ ခတ္တိယောတွေဝ။ ခတ္တိယဟူ၍သာလျှင်။ဒုတိယံ၊နှစ်ခုမြောက်သော၊အက္ခရံ ။မင်း၏အမည်နာမပညတ်သည်နိဗ္ဗတ္တံ။ဖြစ်၏။ ဝါသေဋ္ဌ၊ဝါသေဋ္ဌ၊ခေါ။ စင်စစ်။ဓမ္မေန။ သုစရိုက်တရားဆယ်ပါး။မင်းကျင့်တရားဆယ်ပါးဖြင့်။ ပရေ။သံ။ မိမိမှတပါးသောတိုင်းနိုင်ငံသူ မိုလ်လူ အပေါင်းတို့ကို။ ရဉ္ဇေတိ။ နှစ်သက်စေတတ်၏။ ဣတိတသ္မာ။ထိုကြောင့်။ ရာဇာတွေဝ။ ရာဇာဟူ၍သာလျှင်။ တတိယံ။သုံးခုမြောက်သော၊အက္ခရံ။ မင်း၏အမည်နာမပညတ်သည်။နိဗ္ဗတ္တံ။ ဖြစ်၏။ ဤစကားအစည်ကား။ ပါထေယျဝဂ်အဂ္ဂညသုတ်ပါဠိ၌ ဟောတော်မူသည်။

ထိုမဟာသမ္မတမင်း၏ အဆုံးအမနည်း ဥပဒေသကိုမပြိုမပျက် အဆက်ဆက်စောင့်ထိန်း၍။နောက်နောက်သောမင်းတို့သည်။ အပ္ပမာဒတရားဖြင့်အများပြည်သူတို့ကိုသိမ်းပကားတော်မူကြကုန်သည်။ထိုမင်းတို့တွင်။ ဒဠှနေမိမည်သောမင်းသည်ခုနစ်ပါးသောစကြာရတနာတို့ကိုရလျက်လေးကျွန်းလုံးကိုအစိုးရသောစကြာမင်းဖြစ်၏။ထိုဒဠှနေမင်းသည်အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောကြားတတ်သော ယောကျ်ားတဦးကိုခေါ်တော်မူ၍။အိုယောကျ်ား။အကြင်အခါ၌ငါ၏စကြာရတနာသည်ဆုတ်နစ်ရွေ့လျော၏။ထိုအခါငါ့အားသင်ကြားလျှောက်လောဟူ၍မှာဆိုတော်မူ၏။ထိုဒဠှနေမိမင်းသည်ရှည်မြင့်စွာ နှစ်အရာနှစ်အထောင်နှစ်အသောင်းတို့ဖြင့်စကြာမင်း စည်းစိမ်ကိုခံစား၍နေ၏။ ထိုမင်း၏ဇနကကံဟောင်းသည်ရင့်ညောင်းကြွေကျဘဝအဆူးသို့ ကူးပြောင်းလိုလတ်သည်ရှိသော်။ စကြာရတနာတို့သည်ဆုတ်နစ်ရွေ့လျောလေ၏။ ထိုအခါမှာထားအပ်သောယောကျ်ားသည်အကြောင်းစကားကို မင်းအားတင်ကြားလတ်သော်။ ယခုအခါငါ၏စကြာမင်းသည်လူ၌ဖြစ်သောစည်းစိမ်ကိုပြီမ်သက်ချမ်းသာစွာ ခံစား၍ကြာမြင့်ပြီ။ ယခုအခါနတ်ရွာ၌ ဖြစ်သော

စည်းစိမ်ကိုခံစားချိန်သင့်ပြီ။နတ်ရွာ၌ဖြစ်ခြင်း၏ အကြောင်းကို ကောင်းစွာရှာမှီးတော့အံ့ဟူ၍ နှလုံးပိုက်လျက် သားကြီးရတနာအား။ ပြည်ကိုဆောင်နှင်း၍ မင်းဥယျာဉ်တွင်ထီးဖြူကိုဆောင်လျက် ရသေ့ပြု၍နေ၏။ ထိုမင်းသည်ရသေ့ပြုပြီးနောက်ခုနစ်ရက်မြောက်သောနေ့၌။စကြာရတနာတို့သည်ကွယ်ပျောက်လေ၏။ ထိုအခါလိမ္မာသော ယောက်ျားတဦးသည်မင်းထံ့ချဉ်းကပ်၍။ အရှင်မင်းကြီးခမည်းတော်မှ အမွေရသော ခုနစ်ပါးသောစကြာရတနာသည်ယခုအခါဆီမီးလျှံ၏ ငြိမ်းခြင်းကဲ့သို့အချင်းခပ်သိမ်းငြိမ်းပ ကွယ်ပျောက်လေပြီ။ ဤသို့တင်လျှောက်လပ်သော် ထိုမင်းအား ပြင်းစွာသော( သောက )ဒေါမနဿနှလုံးမသာယာခြင်းတို့သည်နှိပ်စက်လပ်ရကား။များစွာသောငိုကြွေးခြင်းတို့ဖြင့် ငိုကြွေးမည်တမ်း၏။ ထိုပြီးနောက်မှအဘရသေ့ထံထွက်စံ ချဉ်းကပ်၍ စကြာရတနာ၏ကွယ်ပျောက်ကြောင်းကိုလျှောက်ကြားလျှင်။ အဘဖြစ်သော ဒဠှနေမိရသေ့မင်းသည်။ သားကြီးအား နှလုံးမသာယာခြင်း စိုးရိမ်ခြင်းကိုမဖြစ်စေလင့်ဟုသက်သာယာကိုရစေလျက်။ အိုချစ်သား ဤစကြာရတနာကား။ငါ၏ အမွေဥစ္စာလည်းမဟုတ်။ ငါ့အဘဖြစ်သူက ပေးစွမ်းနိုင်သည်လည်းမဟုတ်။ စင်စစ်သော်ကား စကြာရတနာကို ဖြစ်စေတတ်သောတရား၏ အမွေအနှစ်သာတည်း။ စကြာရတနာကို ဖြစ်စေတတ်သော အပြစ်မရှိသော ကျင့်ဝတ် တရားသည်သာ။ စကြာ ရတနာကို ပေးစွမ်းနိုင်သည် မိန့်ဆို၍။ သင်ချစ်သားသည်လည်း ငါကဲ့သို့ စကြာရတနာ၏အရှင်ဖြစ်လိုမူကား။ ရှစ်ပါးသောအဋ္ဌင်္ဂသီလကို အမြဲစောင့်သုံးလျက်။ဤသို့သဘောရှိသော စကြာရတနာကို ဖြစ်စေတတ်သောကျင့်ဝတ်တရားကိုသာအားထုတ်သင့်သည်ဟူ၍။ ။(တေနဟိတွံတာတဓမ္မံယေဝနိဿာယဓမ္မံ သက္ကရောန္တော ) အစရှိသော စကားဖြင့် သားတော်အားဆုံးမဩဝါဒပေးသည်။

တာတ။ချစ်သား။တေနဟိ။ထိုသို့စကြာရတနာ၏အရှင်ဖြစ်လိုတပြီးကား။တွံ။သင်ချစ်သားသည်။ဓမ္မံယေဝ။ ဆယ်ပါးသောကုသလကမ္မပထတရားကိုသာလျှင်။ နိဿာယ။ ထိုကုသလကမ္မပထကိုဆောက်တည်သောစိတ်ဖြင့်၊ကုသလကမ္မပထတရားကိုအမှီပြု၍။ ဓမ္မံ။ ကုသလကမ္မပထတရားဆယ်ပါးကို သက္ကရောန္တော။အရိုအသေပြုသည်။ဓမ္မံ။ကုသလကမ္မပထတရားဆယ်ပါးကို၊ဂရုကရောန္တော။ အရိုအသေပြုသောအား

ဖြင့်။အလေးအမြတ်ပြုသည်။ ဓမ္မံ။ ကုသလကမ္မပထတရားဆယ်ပါးကို။
မာနေန္တော။ချစ်ခြင်းချီးမွမ်းခြင်းကိုပြု၍နေသည်။ ဓမ္မံ။ကုသလကမ္မပထ
တရားဆယ်ပါးကို။ပူဇေန္တော။ပန်းနံ့သာတို့ဖြင့်ပူဇော်သည်။ဓမ္မံ။ ကုသ
လကမ္မပထတရားဆယ်ပါးကို။ ပစယမာနော။ လက်အုပ်ချီခြင်းအစရှိ
သည်တို့ဖြင့်နှိမ့်ချသောဖြစ်ခြင်းကိုပြုသည်။ ဓမ္မဓဇော။ တရားတည်းဟူ
သောတန်းခွန်ရှိသည်။ဓမ္မကေတု။တရားတည်းဟူသောမှန်ကင်းရှိသည်။
ဓမ္မာဓိပတေယျော။ ဆယ်ပါးသောကုသလကမ္မပထလျှင်အကြီးအမှူးရှိ
သည်။ ဟုတွာ။ဖြစ်၍။ဓမ္မိကံ။တရားနှင့်လျော်စွာ။ ရက္ခာဝရဏဂုတ္တိံ။ထို
ထိုဘေးရန်မှစောင့်ရှောက်ခြင်းတါးမြစ်ခြင်းလုံခြုံစေခြင်းကို။သံဝိဒဟာ
သု။စီရင်လော။အန္တောဇနသ္မိံ။ အတွင်း၌ဖြစ်သော သားတော်သမီးတော်
မောင်းမမိဿံ ကိုယ်ရံပရိသတ်၌၎င်း။ဗလကာယသ္မိံ။သူရဲသူခက်လက်
နက်စွဲကိုင်သောအမှုထမ်းကျွန်တော်မျိုး၌၎င်း။ခတ္တိယေသု။ ထီးရံနန်းရံ
မြို့စားစော်ဘွားတို့၌၎င်း။အနုယန္တေသု။ မင်းဆွေးစိုးမျိုးမှူးရိုးမတ်ရာတို့၌
၎င်း။ဗြာဟ္မဏဂဟပတိကေသု။ပုဏ္ဏားသူကြွယ်တို့၌၎င်း။ နေဂမဇနပဒေ
သု။နိဂုံးဇနပုဒ်၌နေသောသူတို့၌၎င်း။ သမဏဗြာဟ္မဏေသု။ မကောင်းမှု
ကိုငြိမ်းစေသောရသေ့ရဟန်း။ မကောင်းမှုမှအပပြုပြီးသော ရသေ့ရ
ဟန်းတို့၌၎င်း။မိဂပက္ခီသု။သားငှက်အပေါင်းတို့၌၎င်း။ရက္ခာဝရဏဂုတ္တိံ
ထိုထိုဘေးရန်မှစောင့်ရှောခြင်းတားမြစ်ခြင်းလုံခြုံစေခြင်းကို။ သံဝိဒဟ
သုံ။စီရင်လော့။တာတ။ချစ်သား။တေ။သင်ချစ်သား၏။ဝိဇိတေ။အာဏာ
နှံ့ရာကျယ်စွာသောနိုင်ငံ၌။အဓမ္မကာရော။ မတရားသဖြင့်ပြုခြင်းသည်။
မာပဝတ္တိတ္ထ။ဖြစ်လည်းမဖြစ်စေလင့်။ တာတ။ ချစ်သား၊ တေ။သင်ချစ်
သား၏။ဝိဇိတေ။နိုင်ငံ၌။ယေစ။အကြင်သူတို့သည်လည်း။အဓနာ၊ ဥစ္စာမ
ရှိကုန်သည်။အဿုဘဝေယျုံ။ဖြစ်ကုန်ရာ၏။တေသဥ္စ။ ထိုဥစ္စာမရှိသော
သူတို့အားလည်း။ဓနံ။ဥစ္စာကို။အနုပဒေယျာသိ။ စွန့်ကြဲပေးကမ်းလေလော့
တာတ။ချစ်သား။တေ။သင်ချစ်သား၏။ဝိဇိတေ။နိုင်ငံ၌။မဒပ္ပမာဒါ။ကိုးပါး
အပြားရှိသောမာန်မူခြင်း။ ကာမဂုဏ်ငါးပါးတို့၌စိတ်ကိုလွှတ်၍မေ့လျော့
ခြင်းမှ။ပဋိဝိရတာ။ရှောင်ကြဉ်ကြကုန်သော။ ခန္တိသောရစ္စေ။ သည်းခံ
သည်၏အဖြစ်။ကောင်းစွာမွေ့လျော်သည်၏အဖြစ်၌။ နိဝိဋ္ဌာ။ တည်ကြ
ကုန်သော။ယေစသမဏဗြာဟ္မဏာ။အကြင်မကောင်းမှုကိုငြိမ်းစေသော
ရသေ့ရဟန်း။မကောင်းမှုမှအပပြုပြီးသောရသေ့ရဟန်းတို့သည်။ဧကံ။

တရသော၊အဘ္ဘာနံ၊မိမိကိုယ်ကို၊ ဒမေန္တ၊ ရာဂအစရှိသည်တို့ကိုဆုံးမ
ခြင်းအစရှိသည်တို့ဖြင့်ငြိမ်းစေကုန်၏၊ ဧကံ၊တရသော၊အဘ္ဘာနံ၊အတ္တ
ဘောကို၊ပရိနိဗ္ဗာပေန္တ၊ရာဂအစရှိသည်တို့မှငြိမ်းစေကုန်၏၊ ဧကံ၊တရ
သော၊အဘ္ဘာနံ၊အတ္တဘောကို၊သမေန္တ၊ ရာဂအစရှိသည်တို့ကိုငြိမ်းစေ
ကုန်၏၊တေ၊ထိုရာဂအစရှိသည်တို့ကိုငြိမ်းစေကုန်သော ရသေ့ရဟန်း
တို့ကို၊ကာလေနကာလံ၊အခါမပြတ်၊ ဥပသင်္ကမိတွာ၊ချဉ်းကပ်၍၊ •ပရိ
ပုစ္ဆေယျာသိ၊မေးမြန်းလေလော့၊ပရိဂ္ဂဏှေယျာသိ၊ စူးစမ်းဆင်
ခြင်လေလော့၊ ကိံ ပရိဂ္ဂဏှေယျာသိ၊ အဘယ်သို့ စူးစမ်းဆင်ခြင်ရအံ့
နည်းဟူမူကား၊ဘန္တေ၊ အရှင်ဘုရားတို့၊ ကိံ၊အဘယ်သို့ကျင့်အပ်သော
တရားသည်၊ကုသလံ၊ ကုသိုလ်မည်သနည်း၊ကိံ၊အဘယ်သို့ကျင့်အပ်
သောတရားသည်၊ကုသလံ၊ကုသိုလ်မည်သနည်း၊ကိံ၊အဘယ်သို့ကျင့်
အပ်သောတရားသည်၊သာဝဇ္ဇံ၊အပြစ်ရှိသနည်း၊ ကိံ၊ အဘယ်သို့ကျင့်
အပ်သောတရားသည်၊အနဝဇ္ဇံ၊အပြစ်မရှိသနည်း၊ကိံ၊အဘယ်သို့သော
တရားကို၊သေဝိတဗ္ဗံ၊ မှီဝဲအပ်သနည်း၊ ကိံ၊အဘယ်သို့သောတရားကို၊
နသေဝိတဗ္ဗံ၊ မမှီဝဲအပ်သနည်း၊မေ၊ အကျွန်ုပ်အား၊ ကိံ၊အဘယ်မည်
သောတရားကို၊ကရိယမာနံ၊ပြုကျင့်အပ်သည်ရှိသော်၊ဒီဃရတ္တံ၊ ရှည်
စွာသောနေ့ညဉ့်ပတ်လုံး၊အဟိတာယ၊စီးပွါးမရှိခြင်းငှါ၊ ဒုက္ခာယ၊ဆင်းရဲ
ခြင်းငှါ၊အသ၊ဖြစ်ရာသနည်း၊ကိံ ဝါပန၊အဘယ်တရားကိုလျှင်၊ကရိယ
မာနသ၊ပြုသော၊ မေ၊အကျွန်ုပ်အား၊ ဒီဃရတ္တံ၊ ရှည်စွာသောနေ့ညဉ့်
ပတ်လုံး၊ဟိတာယ၊စီးပွါးခြင်းငှါ၊သုခါယ၊ချမ်းသာခြင်းငှါ၊ အသ၊ဖြစ်
ရာသနည်း၊ဣတိ၊ ဤသို့၊ပရိဂ္ဂဏှေယျာသိ၊ မေးမြန်းစူးစမ်းလေလော့၊ တေ
သံ၊ထိုဗဟုသုတသီလရှိသောရသေ့ရဟန်းတို့၏၊ ဝစနံ၊ စကားကို၊
သုတွာ၊နာယူ၍၊ယံ၊အကြင်တရားသည်၊အကုသလံ၊အကုသိုလ်တည်း၊
တံ၊ထိုရသေ့ရဟန်းတို့ကဟောကြားသောအကုသိုလ်တရားကို၊ အဘိ
နိဝဇ္ဇေယျာသိ၊ဘင်ပုအဆိပ်မီးကျိုးပုကဲ့သို့ကြည်ရှောင်ရာ၏၊ယံ၊အကြင်
တရားသည်၊ကုသလံ၊ကုသိုလ်တည်း၊တံ၊ ထိုရသေ့ရဟန်းတို့ကဟော
ကြားသောကုသိုလ်တရားကို၊ သမာဒါယ၊ကောင်းသောအနံ့ရှိသောပန်း၊
အမြိုက်သုခါဘုတ်ကဲ့သို့ကောင်းစွာယူ၍၊ ဝတ္တေယျာသိ၊ သင်ချစ်သား
ကျင့်လေလော့၊ တာတ၊ ချစ်သား၊ဣဒံခေါ ဣဒံဧဝ၊ ဤအကျင့်သည်သာ
လျှင်၊အရိယံ၊အပြစ်မရှိသော၊ စက္ကဝတ္တိဝတ္တံ၊ ကြော ရတနာ ...

တတ်သောအကျင့်တည်း။ ဋ္ဌတိ။ ဤသို့။ ပိတာ။ ခမည်းတော်ဒဠှနေမိမင်းသည်။ ပုတ္တံ။ သားကြီးရတနာကို။ ဩဝဒိ။ ဆုံးမလတ်ပြီ၊

ဤသို့အဘရသေ့သည်ပေးအပ်သော အဆုံးအမဩဝါဒကိုကောင်းစွာနာယူ၍ကျင့်ဆောင်သောသားတော်အား။ ခုနစ်ပါးသောစကြာရတနာတို့သည်။ မကြာမမြင့်လွယ်သင့်တိုက်ရိုက်ဆိုက်လာကုန်၏။ ထိုစကြာရတနာတို့သည် ဆိုက်ရောက်လာပြီးသည်ရှိသော်၊ သားတော်စကြာမင်းသည်။ လေးကျွန်းလုံးသို့ဒေသစာရီလှည့်လည်၍၊ ထိုထိုတိုင်းပြည်သို့ရောက်လျှင်။ တိုင်းပြည်မင်းတို့က။ အရှင်မင်းကြီး၏ လာခြင်းကား ကောင်းလေစွ။ အကျွန်ုပ်တို့အား အစဉ်သနားသည်ကိုစွဲမှတ်၍။ ကျင့်အပ်ကျင့်ထိုက်သော တရားတို့ကို ပြောကြားဆုံးမတော်မူပါဟု ပန်ထွာလတ်ရကား။ ။(ပါဏောနဟန္တဗ္ဗော။)အစရှိသည်ဖြင့်အဆုံးအမပေးသည်။ ။ပေးအပ်သောအဆုံးအမကား။ပါဏော။သတ္တဝါကို။နဟန္တဗ္ဗော။ မသတ်အပ်။အဒိန္နံ။သူတပါး၏ဥစ္စာကို။နအာဒါတဗ္ဗံ။မခိုးယူအပ်။ကာမေသု။ကာမဂုဏ်တို့၌။မိစ္ဆာ။ဖောက်ပြန်သောအကျင့်ကို။နစရိတဗ္ဗာ။ မကျင့်အပ်။မုသာ။ချွတ်ယွင်းသောစကားကို။နဘဏိတဗ္ဗာ၊မပြောဆိုအပ်။မဇ္ဇံ၊သေကို။နပါတဗ္ဗံ။ မသောက်အပ်။ယထာဘုတ္တဉ္စ။ စားမြဲတိုင်းသောအခွန်အတုတ်ကိုလည်း။ဘုဉ္ဇထ။စားကြလေကုန်။ ။ဤသို့တည်း။ ။ဤသို့နှင်နှင်ပြည့်သူတို့အားပြောကြားဆုံးမ၍။အဘဒဠှနေမိမင်းနှင့်အတူ။ ပြည်သူတို့အားဆုံးမပြီး၍ ရသေ့ရဟန်းပြု၏။ ဤနည်းအတူ ခုနစ်ဆက်တိုင်တိုင် စကြာနှင်နှင်ဖြစ်ကြ၍ရသေ့ရဟန်းပြုကြကုန်သည်။ရှစ်ယောက်မြောက်သောမင်း၏လက်ထက် အဘ၏စကြာရတနာသည် ကွယ်လတ်သည်ရှိသော်။အကျိုးစီးပွါး၌လိုလားသောယောကျ်ားပညာရှိက။ရှေးနည်းအတူတင်လျှောက်ကြားသော်လည်း၊ နားမထောင်လျှင်ဘဲ ချွတ်လွဲသောအမှုကိုသာပြုကျင့်သည်။ အဘရသေ့ထံချဉ်းကပ်၍လည်းမမေးမလျှောက်။ ထိုရှစ်ယောက်မြောက်သောမင်းသည်။ ရှေးပဝေဏီကိုမမှီလျှင်ဘဲ။မိမိအလိုလိုထိုထိုအမှုကို ကြည့်ရှုကြံစည်၍။ အတ္တနောမတိအားဖြင့်သာ။ တိုင်းနိုင်ငံကိုစီရင်၏။ထိုမင်း၏ဇနပုဒ်သည်။ ရှေးကာလကဲ့သို့မစည်မပင်မပွင့်မလင်းကုန်။အချို့သောမြို့ရွာတို့သည်။တောသာအောင်ဖြစ်၍ပျက်စီးကုန်သည်။ အချို့မြို့ရွာတို့၌မောသောခိုးသူတို့သည်။ လုယက်ဖျက်ဆီးကုန်သည်။ဆိပ်များတင်လဲယာဂုထမင်းအစရှိသည်တို့၌။ ဩဇာအရသာ

တို့သည်လည်းဒုတ်ယုတ်ကုန်၏။ ထိုအခါများစွာရှုံးမတ်။ အနီးအပါး၌ ကြည်လည်သောပရိသတ်။ဗေဒင်လက္ခဏာကိုဘတ်တတ်ကုန်သောသူ။ သေနာပတိဖြစ်သောသူ။ဆင်ထိန်းမြင်းထိန်း တံခါးစောင့် မန္တရေးတတ်သောသူ။အစရှိသောသူတို့သည်စုဝေးလတ်၍။ မင်းထံချဉ်းကပ်ပြီးသော် တိုင်းနိုင်ငံမြို့ရွာတို့၏ပျက်ပြားကြောင်း၊အစာအာဟာရတို့၏ဩဇာအရသာတို့သည်ဆုတ်ယုတ်ကြောင်းများကိုလျှောက်ကြား၍။ အရှင်မင်းကြီး၏နိုင်ငံတော်၌။ ပညာရှိကုန်သောလူရှင်အများ။ရဟန်းပုဏ္ဏားတို့သည်ရှိပါကုန်၏။ထိုသူထံချဉ်းကပ်၍။ဆွေးနွေးမေးမြန်းတော်မူပါ။ ထိုပညာရှိသောရဟန်းပုဏ္ဏားတို့သည်၊ စကြာရတနာ၏ ဖြစ်ခြင်း၏အကြောင်းတရားကိုဟောကြားပါလတ္တံ့။ဤသို့လျှောက်ကြားလျှင်။ ထိုထိုရဟန်းပုဏ္ဏားသို့ချဉ်းကပ်၍။ မင်းသည်မေးလတ်ရကား။ ပြောကြားဆုံးမကြပါသော်လည်း။ဘေးလောင်းတော်ဘိုးလောင်းတော်တို့နည်းမကျင့်။ ဆင်းရဲနွမ်းပါးသောသူတို့အားလည်း။လောဘဇရေးဆည်းတားအပ်သည်ဖြစ်၍ မပေးမကမ်း၊ထိုထိုဌာနမှရရသမျှသောအခွန်ဘဏ္ဍာကို။ များစွာသောကျိကြတိုက်တွင်းသို့သွတ်သွင်း၍။ဆင်းရဲသားအမှုထမ်းတို့အား။ ပေးကမ်းစွန့်ကြဲခြင်းမရှိသည်ရှိသော်၊ ဆင်းရဲနွမ်းပါးသောသူတို့သည်လည်း ပေါများလတ်သည်ဖြစ်၍။ဘယောက်သောယောက်ျားသည်။ သူတပါးတို့၏ဥစ္စာကိုခိုးဝှက်သိမ်းယူ၍ အသက်မွေး၏။ထိုအခါမင်းချင်းယောက်ျားတို့သည်။ခိုးသားခိုးဝှက်ပြုသသူတို့ကိုဘမ်းယူ၍။ မင်းအားဆက်သလေ၏။ မင်း၏အထံသို့ရောက်လျှင်။အိုယောက်ျား။ သင်သည်ခိုးဝှက်သောအမှုကိုပြုသလောဟု။စစ်ကြောမေးမြန်းလတ်သော်၊ ဘဝရှင်မင်းကြီး ခိုးဝှက်သည်မှန်ပေသည်ပြောဆိုတင်လျှောက်လျှင်။ သင်သည်မကောင်းမှုဒုစရိုက်ဖြစ်သော သူတပါးဥစ္စာကို ဘစာမူ၍ခိုးယူဘိသနည်းဟု မေးမြန်းလတ်သော်၊အကျွန်ုပ်သည်ဆင်းရဲနွမ်းပါးစားသောက်ရန်မရှိ၍။ ခိုးယူမိပေသည်ပြောဆိုလျှင်။အိုယောက်ျား။ သင်သည်ဤသို့သောအမှုအကျင့်ကိုမပြုမကျင့်ဟုလင့်။များစွာသောဥစ္စာကိုပေးကမ်းလျက်။

အနေ့္တာပုရိသ။အိုသူယောက်ျား။တွံ။သင်သည်။ဣမိနာဝနေန။ ဤငါပေးသနားတော်မူသောဥစ္စာဖြင့်။အတ္တနာစ။မိမိသည်လည်း။ ဇီဝါဟိ။အသက်မွေးလေလော။မာတာပိတရောစ။မိခင်ဘခင်တို့ကိုလည်း။ ပေါသေဟိ။မွေးကျွေးလေလော့။ပုတ္တဒါယကဥ္စ။သားမယားကိုလည်း။ ပေါသေဟိ။

မွေးကျွေးပြုလေလော့။ကမ္မန္တေ၀။ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းအမှုတို့ကိုလည်း။ပယောဇေဟိ။ယှဉ်လေလော့။သမဏေသု။ မကောင်းမှုကိုငြိမ်းစေသောရသေ့ရဟန်းတို့၌ရင်း။ဗြဟ္မဏေသု။မကောင်းမှုမှအပြုပြီးသောရသေ့ရဟန်းတို့၌ရင်း။ဥဒ္ဒဂ္ဂိတံ။အထက်အထက်ဘုံ၌ဖြစ်စေတတ်သော။သောဝဂ္ဂိကံ။နတ်ရွာ၌ဖြစ်စေခြင်းငှါထိုက်သော။ သုခဝိပါကံ။ ချမ်းသာသောအကျိုးရှိသော။သဂ္ဂသံဝတ္တနိကံ။နတ်ရွာ၌ဖြစ်ခြင်း၏အကြောင်းဖြစ်သော။ဒက္ခိဏံ။အလှူကို။ပတိဋ္ဌာပေဟိ။ဖြစ်စေလော။)

ဤသို့သောစကားဖြင့်။၎ါကြားပြောဆိုလိုက်၏။ထိုခိုးမှုကိုပြုသောယောကျ်ားသည်လည်းမင်းကြီးစကားကို ကောင်းစွာနာယူ၍အသျှပေးခြင်းစသည်ကိုပြု၏။ ထိုအတူခိုးယူသောသူတို့ကို ဘမ်းဆီး၍မင်းအားဆက်သလျှင်များစွာသော ဥစ္စာကိုပေး၍လွှတ်လိုက်၏။ ဤသို့နှင်နှင်ပြုလတ်သည်ရှိသော် များစွာသောသူတို့သည် သိမြင်လတ်ရကား။ ဒို့အခြင်းတို့ငါတို့အရှင်ဘုရင်မင်းမြတ်သည်ခိုးဝှက်သော သူတို့ကိုသာများစွာသောဥစ္စာကိုပေးသည်။ မခိုးမဝှက်သောသူတို့မှာမင်း၏ဥစ္စာကိုမရ။ ယခုအခါငါတို့လည်းခိုးဝှက်ခြင်းအမှုကိုပြုကြကုန်အံ့။ခိုးဝှက်လုယက်မှသာလျှင်။ ငါတို့အသျှင်သည်ငါတို့အားအဝတ်အစားပေးလတ္တံ့။ ဤသို့ကြံစည်တိုင်ပင်ကြ၍ များစွာသောသူတို့သည် ခိုးဝှက်လုယက်ကြလေရကား။ အဒိန္နဒါန်တရားသည်ပေါများလေကုန်သတည်း။ ထိုအခါမင်းကြီးသည်ဤသို့ကြံ၏။ ငါသည်ခိုးသူတို့အားများစွာသော ဥစ္စာကိုပေးလတ္တံ့။ထိုသို့ပေးသည်ရှိသော်အဒိန္နဒါန်တရားဖြင့်။ခိုးသားတို့သည်ပွါမ်းပြန့်လတ္တံ့။ ထိုသို့ဖြစ်၍ထိုအဒိန္နဒါန်တရားကိုတားမြစ်ငြိမ်းစေခြင်းငှါ။တွေ့တွေ့သမျှသော ခိုးသူတို့ကိုဘမ်းယူ၍အရင်းကိုဖြတ်သောအားဖြင့်။ခိုးသူတို့၏။လည်ဥကျွှောင်းကိုတောင်းလောင်းတိလိဖြတ်ရဘိမူကား။ဤအဒိန္နဒါန်တရားသည်ပျက်ပြားကွယ်ပျောက်ရာသည်။ ဤသို့နှလုံးပိုက်၍။ဒို့အချင်းတို့။ဤခိုးသားတို့ကိုဦးပြည်းစွာရိတ်ပြီးလျှင်မြဲမြံစွာလက်ပြန်ချည်နှောင်၍ကြမ်းသောအသံရှိသောထက်စည်ကိုတီးခတ်လျက်ခရီးတခုမှသည်ခရီးတခုသို့။ခရီးဆုံတခုမှသည်ခရီးတခုသို့လှည့်လည်ယူဆောင်လျက်တံခါးဖြင့်ထွက်လတ်၍သုသာန်အရပ်၌ဦးကျွှောင်းကိုဖြတ်ကြလေကုန်ဟူ၍ဆိုလေ၏။ ထိုမင်းကြီးဆိုတိုင်း သူသတ်ယောကျ်ားတို့သည်စီရင်ကြလေကုန်၏။ထိုအခါများစွာသောခိုးသားတို့သည်ကြားပြန်လတ်

၍။အို အချင်းတို့။ငါတို့မင်းသည်ခိုးဖွက်သောသူတို့ကိုးဘမ်းမိလျှင်အရင်
ဖြတ်၍သတ်ဖြတ်ခြင်းကိုပြုဘိသည်။ ငါတို့သည်လည်း ထက်စွာသော
ဓါးလက်နက်ကိုသွေး၍ ထိုထိုမြို့ရွာနိဂုံးတို့ကို တိုက်ဖျက်လုယက်၍ရွာ
သူရွာသားတို့ကိုအရင်ဖြတ်သောအားဖြင့်သတ်ဖြတ်ညှဉ်းဘမ်းကြကုန်
အံ့။ ဤသို့တိုင်ပင်ပြီး၍။ ရွာကြီးရွာငယ်နိဂုံးမြို့ ခရီးသုံစသည်တို့ကိုလု
ယက်ဖျက်ဆီးကြကုန်၏။ ဤသို့ခိုးသားတို့၏ ပွမ်းပွမ်းထခြင်းသည်မှစ်
ယောက်မြော်က်သောမင်း၏။ ဒဏ္ဍနေမိစသောရှေးရှေးသော မင်းတို့၏။
ပဝေဏီကိုမမှီဘဲ။ အဘ္ဘနော်မတိအားဖြင့်။ကျင့်၍အမှုထမ်းဆင်းရဲသား
တို့အားမပေးမကမ်းခြင်းကြောင့်ဖြစ်သော အဓိန္နဒါန်တည်။ ဤနည်းအ
တူ။ ပါဏာတိပါတ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ အကုသိုလ်ဒုစရိုက်တ
ရားတို့သည် ပွါးများလတ်သော် အသက်၏ဆုတ်ယုတ်ခြင်း။ အဆင်း၏
ဆုတ်ယုတ်ခြင်း။ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ဖရုသ
ဝါစာ။ သမ္ဖပ္ပလာပ။ အမိအဘတို့၌ မသင့်သောတပ်ခြင်းတည်းဟူသော
အဓမ္မရာဂလွန်စွာတပ်မက်မောခြင်းတည်းဟူသောဝိသမရာဂ။ ပုရိသ
သည်ပုရိသအားဆူတ္တိသည်ဏူတ္တိအားတပ်ခြင်းဟုဆိုအပ်သောမိစ္ဆာဓမ္မ။
မိဘကိုမလုပ်ကျွေးခြင်း။ ရဟန်းသဃ်ာတို့၌မရိုမသေခြင်း။ကြီးသောသူ
တို့ကိုအရိုအသေမပြုခြင်း။ ဤသို့စသောတရားတို့သည်ပွါးများကုန်၏၊ ဤ
တရားတို့၏ပွါးများခြင်းအကြောင်းကား။ မင်းကောင်းမင်းမြတ်တို့၏ပဝေ
ဏီကိုမမှီလျှင်ဘဲအဘ္ဘနော်မတိအားဖြင့်။ကျင့်၍ပေးကမ်းစွန့်ကြဲခြင်း၏
မရှိခြင်းကြောင့်ဖြစ်သော။အကုသိုလ်ဒုစရိုက်တရား အရတည်း။ ။ဤ
ဒေသနာကို။ပါထေယျဝဂ်။စက္ကဝတ္တိသုတ်၌ဟောတော်မူသည်။

ဤဒေသနာတော်၌ ဘုရားသခင်၏အလိုတော်အာဘော်မှာ သုံးသွင်း
ရင်းသြဝါဒနေယျတ္ထအဓိပ္ပါယ်ကား။ ငါဘုရား၏ သာသနာတော်ကို
ကြည်ညိုလေးမြတ်မှုသည်ခွါ ရှေ့ထား၍ဝန်တရား၌များစွာသောအဖြစ်ကို
စင်စစ်သိမြင်ဆင်ခြင်လျက်။ငါဘုရားသခင်၏သာသနာတော်ကိုချီးမြှောက်
ထောက်ပံ့ကြသောနောက်နောက်သော ရေမြေသဉ္ဇနင်း ပြည့်ရှင်မင်း
တို့သည်ငါဘုရားအလောင်းဖြစ်သော မဟာသမ္မတဒဏ္ဍနေမိစသောမင်း
ကောင်းမင်းမြတ်တို့၏ ကျင့်ရိုးကျင့်စဉ်စီ။ ပဝေဏီလမ်းကြောင်းကိုမ
တိမ်းမစောင်း မပြောင်းမလွှဲ အမြဲအမည် စည်ရိုက်လိုက်ကြလေကုန်
ဟူ၍သြဝါဒအနုသာသနကိုပေးတော်မူသည်၊ ဤဒေသနာကိုနာပြီးသည်

နောက်၌ ဒေသနာတော်ကိုအစည်လျှောက်၍ အောက်မေ့ဆင်ခြင်ရာ သည်ကား။ငါသည့်မင်းညီမင်းသား။မှူးများမတ်ရာသေနာပတိ။ ဆင်မြင်း ရထား။ ဓါးစွဲသီးစွဲ သူရဲသူခက်တို့သည် လက်နက်စွဲကိုင်ကာထက်ဝန်း ကျင်ခြံရံလျှက်ထွက်ပျော်ပါးခံစားနေထိုင်သကဲ့သို့။မဟာသမ္မတဒဠှနေ စဉသာမင်းတို့သည်လည်းထွက်စံပျော်ပါးခံစားကြလေပြီ။ ဤသို့များစွာ သောလက်နက်ဗိုလ်ပါတို့သည် စောင့်ရှောက်ပါလျက် မရဏာမင်းကို မဆီးမတားနိုင်သည်ဖြစ်၍ မရဏာမင်း၏အောင်မြင်ခြင်းကို ပေးရလေ သည့်ဟူ၍။

ဏ္ဍဒံမရဏံနာမ။ဤမရဏာတရားမည်သည်ကား။မဟာယသာနံ။များ စွာသောစည်းစိမ်ရှိကုန်သော။ မဟာပရိဝါယာနံ။များစွာသောအခြံအရံ ရှိကုန်သော။သမ္ပန္နဓနဝါဟနာနံ။ပြည့်စုံသောဥစ္စာ၊ပြည့်စုံသောဆင်မြင်း ဗိုလ်ပါရှိကုန်သော မဟာသမ္မတ၊ မန္ဓာတု၊ မဟာသုဒဿန၊ ဒဠှနေမိ ပဘုတိနမ္ပိ။မဟာသမ္မတမင်း၊မန္ဓာတုမင်း၊မဟာသုဒဿနမင်း၊ဒဠှနေမိ မင်းအစရှိသည်တို့၏လည်း။ဥပရိ၊အထက်၌။ နိယာသမဝေ ၀။ကြောက် ရွံ့ခြင်းမရှိသည်ဖြစ်၍သာလျှင်။ ပတိတံ။ ကျတုံသေး၏။ဏ္ဍဒံမရဏံနာမ။ ဤသေခြင်းသဘောတရားမည်သည်။ မယှံငါ၏၊ ဥပရိ။အထက်၌။ ကိံ မဂ်ပိန။ အတိသို့မှု၍လျှင်။ နပဘိဿတိ။ မကျဘဲရှိကုံဖွံ့နည်း။ မဟာ ယဿာ။ များသောစည်းစိမ် ရှိကုန်သော။ မဟာသမ္မတအ ဒယော။ မဟာ သမ္မတအစရှိကုန်သော။ ရာဇ ဝရာ။ မင်းမြတ်တို့သည်။ သန္တိ။ ရှိကုန်၏။တေပိ။ထိုမဟာသမ္မတစသောမင်းမြတ်တို့သည်လည်း။မစ္စု၊ဝ သံ။သေမင်း၏။နိုင်ငံသို့။သမတ္တာ။ရောက်ကြကုန်သေး၏။ မါဒိသေသု။ငါသို့ သဘောရှိသောသူတို့သူတို့၌။ကာကထာ။အဘယ်ဆိုဘွယ်ရှိအံ့နည်း။

ဤသို့ဝိသုဒ္ဓိမဂ်၌လာသောနည်းအားဖြင့် မရဏာနုဿတိတရားကို ပွါးများတော်မူအပ်သည်။ ဤဒေသနာကိုဟောတော်မူသောလူမင်း။နတ် မင်းဗြဟ္မာမင်းတို့ထက် ဆတက်ထောင်ရာဘုန်းတန်ခိုးသမာဓိ အားဖြင့် သာလွန်တော်မူသော ဘုရားသခင်သည်လည်းမခြဲသော အစိုးမရသော သင်္ခါရ တရားအရှဖြစ်၍ ပရိနိဗ္ဗာန်ပြုသောအားဖြင့် မရဏာ တရားကို အောင်မြင်တော်မမူ။ဤသင်္ခါရအရကားအချည်းနှီးသာတည်းဟူ၍နှလုံး ပြုလျက်။ ။(ဇိနသသ။မြတ်စွာဘုရား၏။အာဘုလိယာ။ ဘက်စရာဥပမာ မရှိသော။သာစဏ္ဍူဋ္ဌိ။ထိုတန်ခိုးအာနုဘော်တော်သည်ရှင်း။ ဥဋဏာပရိဘာ

ဝိတော။သဗ္ဗညုတဉာဏ်ဖြင့်ထုံအပ်သော။ သောစသမာဓိ။ထိုဈာန်သမာဓိသည်ရင်း။အဓိဋ္ဌိ၊ ရှိ၏။သဗ္ဗံ။ အလုံးစုံသောဘုန်းတန်ခိုးသမာဓိတော်သည်။အနန္တရပဟိတံ၊ ကွယ်ပျောက်လေပြီ။ သဗ္ဗသင်္ခါရာ။အလုံးစုံသောသင်္ခါရတရားတို့သည်။နန္နဲ။ဘင်စစ်။ရှိကြွာ။အချည်းနှီးတို့သာတည်း။ ။ဤသို့ဗုဒ္ဓဝင်ပါဠိ၌ လာသောနည်းအားဖြင့်လည်း ပွါးများဆင်ခြင်တော်မူအပ်သည်။

ဤဒေသနာတော်၌ဒဠ္ဌနေမိမင်းသည်သားတော်တို့အား အဆုံးအမပေးသည်ကား။ ဒဠ္ဌနေမိမင်း၏။လက်ထက်၌သာကြံဆ၍ ရသောတရားမဟုတ်၊ငါတို့၏ ဘုရားအလောင်းမဟာသမ္မတမင်းမှစ၍ ဆုံးမကြသောဩဝါဒအစဉ်တည်း။ ဤမဟာသမ္မတစသော မင်းတို့သည်လည်းဗလစကြာမင်းတည်း။ ငါတို့၏ကောရဗ်မင်းမြတ်သည်လည်းဗလစကြာမင်းဖြစ်၍။ ဤကျင့်ဝတ်ဘရားတို့ကိုပွါးများကျင့်ဆောင်တော်မူသင့်သည်။ ကျင့်ဆောင်ကြသောမဟါသမ္မတမင်းတို့၏သားတော်အစဉ်မြေးတော်အဆက်မပျက်စေဘဲအမြဲကျင့်ကြသော ကျင့်ဝတ်တရားတို့၏အရေအတွက်ကား၊ ။(အဋ္ဌာဒသန္တိ ဗလကာယေတိ။အဋ္ဌာဒသန္တိ ဗလကာယေ)ဟူသောစကားသည်။ဧကံ။တခုသော။ကျင့်ဝတ်တရားတည်း။

ခတ္တိယေသု။ ထီးရန်နန်းရန်မြို့စားစော်ဘွားတို့၌။ဧကံ။ တခုသောကျင့်ဝတ်တရားသည်။အနုယုတ္တေသု။ မင်းဆွေမင်းမျိုးမှူးရိုးမတ်ရာတို့၌။ဧကံ။တခုသောကျင့်ဝတ်တရားတည်း။ဗြဟ္မဏဂဟပတိကေသု။ပုဏ္ဏားသူကြွယ်တို့၌။ဧကံ။ တခုသောကျင့်ဝတ်တရားတည်း။ နေဂမဇာနပဒေသု။နိဂုံးဇနပုဒ်၌နေသောသူတို့၌။ဧကံ။တခုသောကျင့်ဝတ်တရားတည်း။သမဏဗြာဟ္မဏေသု။ ရသေ့ရဟန်းတို့၌။ဧကံ။ တခုသောကျင့်ဝတ်တရားတည်း။မိဂပက္ခီသု။သားငှက်တို့၌။ဧကံ။ တခုသောကျင့်ဝတ်တရားတည်း။အဓမ္မကာရပဋိက္ခေပေါ။မတရားပြုခြင်းကိုပယ်ခြင်းသည်။ဧကံ။တခုသောကျင့်ဝတ်တရားတည်း။ အဓနာနံ။ ဥစ္စာမရှိသောသူတို့အား။ဓနာနုပ္ပဒါနံ။ ဥစ္စာကိုပေးခြင်းသည်။ဧကံ။ တခုသော ကျင့်ဝတ်တရားတည်း။သမဏဗြာဟ္မဏေ။ရဟန်းပုဏ္ဏားတို့သို့။ဥပသင်္ကမိတွာ။ချဉ်းကပ်၍ပဉှာပုစ္ဆနံ။ပြဿနာကိုမေးခြင်းသည်။ဧကံ။တခုသောကျင့်ဝတ်တရားတည်း။ဣတိဧဝံ။ဤသို့။ဧတံ။ ဤဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့၏ကျင့်အပ်သောဝတ်တရားသည်။ ဒသဝိဓံ။ ဆယ်ပါးသောအပြားရှိ

သည်။ပဟာဝင်။ဖြစ်၏။ ။ဤသို့သုတ်၏အဋ္ဌကထာ၌လာသောကြောင့် ဆယ်ပါးအပြားရှိသည်။ ထိုဆယ်ပါးသော ကျင့်ဝတ်တရားတို့တွင်။ အတွင်းသားဖြစ်သောသားတော်သ္မီးတော်မောင်းမမိဿံ ကိုယ်ရံရဲမက်တို့၌စောင့်ရှောက်လုံခြုံစေသောအားဖြင့်ချီးမြှောက်အပ်သည်ကား။

(အန္တောဇနသင်္ဂါဟံ။ အတွင်း၌နေသောသူဟုသရုတ်အပ်သော။တဝ။သင်မင်းကြီး၏။ပုတ္တဒါရံ။သားတော်သ္မီးတော် မောင်းမမိဿံအပေါင်းကို။သီလသံဝရေ။ပဉ္စသီလ၊ဒသသီလ၊အဋ္ဌင်္ဂုပုသ်၊သုစရိုက်သီလတို့ကို စောင့်ရှောက်ခြင်း၌၊ပတိဋ္ဌာပေဟိ။တည်စေလော့။အဿ။ ထိုသားတော်သ္မီးတော် မောင်းမမိဿံ အပေါင်းအား။ ဂန္ဓမာလာဒိနိစ။ အဝတ်ပန်းနံ့သာအစရှိသည်တို့ကိုရင်း ဒေဟိ။ပေးသနားတော်မူလော့။အဿ။ထိုသားတော်သ္မီးတော်မောင်းမမိဿံအပေါင်းအား။ သဗ္ဗောပဒ္ဒဝေစ။ အသုံးရုံသောဥပါဒ်အန္တရာယ်အပေါင်းတို့ကိုလည်း၊နိဝါရေဟိ။တားမြစ်တော်မူလော။ဗလကာယာဒိသုပိ။ဗိုလ်ပါအပေါင်းအစရှိသည်တို့၌လည်း။ ဧသေဝနယော၊ဤသားတော်သ္မီးတော် မောင်းမမိဿံတို့နှင့်အတူ ချီးမြှောက်တော်မူသောနည်းဖြင့်ချီးမြှောက်ရာ၏။ပန။ ရဲမက်တို့အား အထူးအခြားပြု၍ချီးမြှောက်ရာသည်ကိုဆိုအံ့။ အယံ။ ဤဆိုလတ္တံ့သည်ကား။ ဝိသေသော။ သားတော်သ္မီးတော်မောင်းမမိဿံတို့မှထူး၍ ရဲမက်တို့အားချီးမြှောက်ရာသောအစီအရင်တည်း။ဗလကာယော။ ရဲမက်ဗိုလ်ပါအပေါင်းကို။ကာလံ။သေနင်ရိက္ခာပေးချိန်ကာလကို။အနတိက္ကမိတွာ။ မလွန်စေမူ၍။ဘတ္တဝေတနသမ္ပဒါနေနပိ။ မထင်းရိက္ခာကို ပြည့်စုံစေသောအားဖြင့်လည်း၊အနုဂ္ဂဟေတဗ္ဗော။ချီးမြှောက်အပ်၏)။

ဤသို့အဋ္ဌကထာလာသောနည်းဖြင့်။ သားတော်သ္မီးတော် မောင်းမမိဿံကိုယ်ရံရဲမက်ဗိုလ်ပါတို့အား စောင့်ရှောက်လုံခြုံစေသော အားဖြင့်ချီးမြှောက်ရာသည်။ ။ဤပဉ္စမကျင့်ဝတ်တရား၌။ (တဝပုတ္တဒါရံ သီလသံဝရေပတိဋ္ဌာပေဟိ)။ဟူ၍လာသောအဋ္ဌကထာစကားဖြင့်။သားတော်သ္မီးတော်တို့ကိုဤသို့ချီးမြှောက်ရာသည်။ချီးမြှောက်ရာသည်ကား။ ။(ပဉ္စဟိ။ငါးပါးကုန်သော။ဌာနေဟိ။အကြောင်းတို့ဖြင့်။ပုတ္တံ။ သားသ္မီးကို။ အနုကမ္ပန္တိ။ စောင့်ရှောက်သောအားဖြင့်အစဉ်သနားကုန်၏။ ပါပါ။မကောင်းမှုမှ။နိဝါရေန္တိ။တားမြစ်ရကုန်၏။ကလျာဏေ။ကောင်းမှု၌။ နိဝေသေန္တိ။တည်စေကုန်၏။သိပ္ပေ။ အတတ်ပညာကို။ သိက္ခာပေန္တိ။သင်စေ

ကုန်၏။ပဋိရူပဒေန။လျောက်ပတ်သော။ဒါရေန။အမျိုးသမီးသီလရှိသောဇနီး
နှင့်။သံဝါသေနေ။ယှဉ်စေရကုန်၏။သမယေ။ အလှူယူချိန်တန်သောအ
ခါ၌။ဒါယဇ္ဇံ။အမွေဥစ္စာကို။နိယျာဒေန္တိ။အပ်နှင်းရကုန်၏။
(ပါပမိတ္တံနိဝါရေန္တိတိ။ပါပမိတ္တံနိဝါရေန္တိ)ဟူသည်ကား။ ပါဏာ
တိပါတာဒိနံ။ ပါဏာတိပါတအစရှိသောဒုစရိုက်ဆယ်ပါးတို့၏။ ဒိဋ္ဌဓမ္မိ
ကသမ္ပရာယိကံ။အာဒီနဝံ။မျက်မှောက်၌ဖြစ်သော အပြစ်၊ တမလွန်၌ဖြစ်
သောအပြစ်ကို။ဝတွာ။ပြောဟောပြသ၍။တာတ။ချစ်သားချစ်သမီးတို့။ဧဝ
ရူပံ။ဤသို့သဘောရှိသောဒုစရိုက်ဆယ်ပါးကို။ မာကရိ။မပြုလင့်။ ဣတိ။
ဤသို့။ဝတွာ။ပြောဆို၍။ နိဝါရေန္တိ။တားမြစ်ရကုန်၏။ ကတမ္ပိ။ အကု
သိုလ်ဒုစရိုက်တရားကိုမှား၍ပြုမိသော်လည်း။ ဂရဟန္တိ။ မိဘဖြစ်သသူ
တို့ကကဲ့ရဲ့ရကြကုန်၏။ (ကလျာဏေနိဝေသေန္တိတိ)။ ကလျာဏေနိဝေ
သေန္တိ ဟူသည်ကား။အနာထပိဏ္ဍိကော။အနာထပိဏ်သူဌေးကြီးသည်။
ပုတ္တံ။သားကို။လဉ္စံ။အခကံစိုးကို။ဒတွာ။ပေး၍။သီလံ။သီလကို။ သမာဒပေ
တိဝိယ။ ဆောက်တည်စေသကဲ့သို့။ လဉ္စံဒတွာပိ။ သားသမီးတို့အားဆု
လာဘ်ပေးသနား၍လည်း။ သီလသမာဒါနာဒီသု။ သီလကိုဆောက်တည်
ခြင်းအစရှိသည်တို့၌။နိဝေသေန္တိ။တည်စေရကုန်၏၊ (သိပ္ပံသိက္ခာပေန္တိ
တိ) သိပ္ပံသိက္ခာပေန္တိ ဟူသည်ကား။ အတ္တနော။ မိမိဟု ဆိုအပ်သော
မိဘ၏။ဩဝါဒေ။အဆုံးအမ၌။ဌိတဘာဝံ။သားသမီးတို့၏တည်သည်၏အ
စည်းစိမ်ဖြင့်။ စတုဟိသင်္ဂဟဝတ္ထုဟိ။ သင်္ဂဟတရားလေးပါးတို့ဖြင့်။ ရဋ္ဌ
တိဝဍ္ဎေတိ။ ပွါးစေတတ်၏။ ဉာတိတသ္မာ။ ထိုကြောင့်။ ရာဇာ။ ရာဇါမည်၏။
ပရဟိတကရဏေန ဝါ။ သူတပါးတို့၏အကျိုးစီးပွါးကိုပြုသောအားဖြင့်
လည်း။ ဓမ္မိကော။ တရားကိုစောင့်သည်မည်၏။ အတ္တဟိတဝဍ္ဎကရဏေန။
မိမိ၏အကျိုးစီးပွါးကိုပြုသောအားဖြင့်။ ဓမ္မရာဇာ။ ဓမ္မရာဇာမည်၏။ ။ဤ
သို့သီလာဒိဂုဏ်အမွှန်းသုတ်အဘွင့်ခံလာသည်နှင့်အညီ။ ဓမ္မရာဇာအဖြစ်
သို့စင်စစ်ရောက်တော်မူသည်သာဖြစ်သည်။ ။ထိုကြောင့်။ ပါထေယျ
ဝဂ်စက္ကဝတ္တိသုတ်အဋ္ဌကထာ၌။ ။အနုသဋ္ဌခတ္တိသာတေသံအနုရူပါ
လာနဝါဟနသမ္ပဒါနေနပိပရိတောသေတဗ္ဗာ။ ဟူ၍မိန့်အပ်သည်။ ။
ဤကားတတိယကျင့်ဝတ်တရားတည်း။

ဤတတိယကျင့်ဝတ်တရား၌။ ငါတို့ဘုရားအလောင်းသည်ပြဆိုခဲ့ပြီး
သောတိရိစ္ဆာနဇာတ်၌ရသေ့ဖြစ်၍။ ဗာရာဏသီမင်းကို ချီးမြှောက်ခြင်း။
ကာလကဏ္ဏိဇာတ်၌သူဌေးဖြစ်၍။ ကာလကဏ္ဏိသူငယ်ကိုချီးမြှောက်ခြင်း။
မဟာအဿာရောဟဇာတ်၌။ ဗာရာဏသီမင်းဖြစ်၍။ ပစ္စန္တရာဇ်ယောက်
ကျားကိုချီးမြှောက်ခြင်း။ ဒုမေဓဇာတ်၌ဗာရာဏသီမင်းဖြစ်၍၊ ပြည်သူတို့
အားချီးမြှောက်ခြင်း။ ဤသို့သတ္တဝါတို့၏အကျိုးစီးပွါးကိုရှာကြံလျက်မင်း
စည်းစိမ်ကိုခံစားပြီး၍။ မြေကြီး၏အစီးအပွါးကိုဖြစ်စေကြလေကုန်ပြီ။ ငါ
သည်လည်းထိုမင်းတို့နှင့်တူစွာမြေကြီး၏အစီးအပွါးသည်ဖြစ်လတ္တံ့။ ဤ
သို့အောက်မေ့ဆင်ခြင်၍။ စိန္တာမယဉာဏ်ဖြင့် ပမာပမည်းကို ကြံဆ
လျက်။ လက္ခဏာရေးသို့ဘင်အပ်သည်။ စိန္တာမယဉာဏ်ဖြင့်ကြံဆအပ်
သည်ကား။ လွန်စွာသောကရုဏာနှင့်ပြည့်ရုံသော လှည်းရှူးယောကျ်ား
သည်။ များစွာသောအမြတ်ဥစ္စာကိုရှာကြံခြင်းငှါရင်း။ ချမ်းသာရာအရပ်
ဌာနသို့ ကူးသန်းသွားလာခြင်းငှါရင်း။ အောက်မေ့ကြံစည်ပြီး၍။ စောရ
ကန္တာရ၊ ဒုဗ္ဘိက္ခကန္တာရ စသည်တို့ဖြင့် ပြွမ်းရာခရီးခဲသို့ လှည်းကုန်
သည်အများတို့နှင့် သွားလာလတ်သော်၊ ရံခါလက်ဝဲလမ်းသို့ လိုက်မိ၍။
သစ်ကျားသားရဲတို့နှင့် တွေ့ကြုံသော်လည်း၊ ငွဲ့အပ်သော လေးမြားသန်
လျက်တို့ဖြင့်နှိပ်စက်ခဲ့၍ ဖြောင့်မတ်သောခရီးသို့သက်လာ၏။ ရံခါဖြောင့်
မတ်သောခရီး၌။ လက်ျာသို့လိုက်မိ၍။ အာရုံငါးပါးတို့ဖြင့်ဖြားယောင်း၍။
အရှင်လတ်လတ်စားတတ်သော ဘီလူးတို့၏ နေရာသို့ရောက်၏။ ထိုသို့

ရောက်သော်လည်း။ မိမိ၌ပါသော လက်နက်ဖြင့်ဆီးတား၍ ဖြောင့်မတ်
သောခရီးသို့ သက်ခဲ့၏။ ဤသို့နှင်နှင်ကန္တာရခရီးကို မှီသွားလတ်သော်
ဘေးမရှိရာအရပ်သို့။ပရိသတ်လှည်းသားတို့နှင့်တကွ။ အမြတ်ဥစ္စာကိုရ
လျက်ရောက်ကြလေလျှင်။ ဤသို့ကြံဆင်ခြင်၏။ ကြံဆင်ခြင်သည်ကား။
ငါလာခဲ့သောကန္တာရခရီးသည်။ဘေးရန်အဘိရှိသည်။ နောက်နောက်
သောကုန်သည်ခရီးသွားတို့သည်လည်းမမှားမတိမ်းစေသတည်းဟု။ကြံ
စည်ပြီးသော်လမ်းစဉ်တလျှောက်၌။ကျောက်အက္ခရာဖြင့် အမှတ်အသား
ထားလေ၏။ထားသည်ကား။ဤမည်သောအရပ်မှသည်။ဤမည်သောအ
ရပ်သို့ယူဇနာမည်မျှကွာသည်။ ဤမည်သောအရပ်၌ အခိုင်ရေရှိသည်။
ဤမည်သောခရီးကားဖြောင့်မတ်သည်။ ဤမည်သောခရီးလက်ဝဲခရီးသို့
သွားမိလျှင်။ သစ်ကျားသားရဲဘေးရှိသည်။ ဤမည်သောလက်ျာခရီးသို့
လိုက်မိလျှင်။ဘီလူးသဘက်ဘေးရန်ရှိသည်။ ဤသို့စသည်ဖြင့်ရေးသား
၍။ကျောက်တိုင်အချားကိုလမ်းစဉ်တလျှောက်၌အစောင့်အရှောက်ပြုသ
ကဲ့သို့ဒိုက်ထား၏။ ဤသို့သောပမာကို။ စိန္တာမယဉာဏ်ဖြင့်ကြံပြီး၍။ ပ
မည်းကိုသည်း စိန္တာမယဉာဏ်ဖြင့် ကြံပြန်အံ့၏။ ကြံအံ့သည်ကား။
လှည်းမှူးယောက်ျားနှင့် တူသော ငါတို့ဘုရားအလောင်းသည်။ စောရ
ကန္တာရ။ ဒုဗ္ဘိက္ခကန္တာရနှင့်တူသော သံသရာတည်းဟူသောခရီးခဲ၌။
မဇ္ဈိမပဋိပါဒ်တည်းဟူသော ဖြောင့်မတ်သောခရီးသို့သွား၍။ သဗ္ဗညုတ
ဉာဏ်တည်းဟူသော အမြတ်ဥစ္စာကို လိုချင်တောင့်တလျက်။ နိဗ္ဗာန်
တည်းဟူသော ဘေးမရှိရာအရပ်သို့ သွားလတ်သည်ရှိသော်။ ရံခါအတ္တ
ကိလမထာနုယောဂအယုတ်တရားတည်းဟူသော သစ်ကျားသားရဲရှိရာ
အရပ်သို့ရောက်သော်လည်း။ သတိပညာတည်းဟူသော လေးမြားသန်
လျက်ဖြင့်ဖျက်ဆီးနှိုင်နှင်းခဲ့၍။ မဇ္ဈိမပဋိပါဒ်တည်းဟူသော ဖြောင့်မတ်
သောခရီးသို့သက်၏။ရံခါလက်ျာခရီးဖြင့်လိုက်မိ၍။ကာမဂုဏ်ငါးပါးတို့
ဖြင့်ဖြားရောင်းသောဘီလူးတို့၏နေရာနှင့်အတူ။ ကာမသုခလ္လိကာနုယော
ဂအကျင့်ကိုကျင့်မိသော်လည်း။သတိပညာတည်းဟူသောဓါးလက်နက်
ဖြင့်ဖျက်ဆီးလတ်၍။ မဇ္ဈိမပဋိပါဒ်တည်းဟူသောခရီးသို့ သက်ငင်လတ်
သည်ရှိသော်။ အရဟတ္တဖိုလ်တည်းဟူသောမြတ်သောဥစ္စာနှစ်ကိုခံစား
ရလျက်။ဘေးမရှိသောအရပ်နှင့်တူသောနိဗ္ဗာန်အရင်သို့ ရောက်တော်မူ
၏။ထိုသို့ရောက်တော်မူသောအခါ။ ကရုဏာနှင့်ပြည့်စုံသော လှည်းမှူး

ယောက်ျားကဲ့သို့။ မဟာကရုဏာနှင့်ပြည့်ရုံတော်မူသည်ဖြစ်၍။ လှည်း
မှူးယောက်ျားသည်။လမ်းစဉ်တလျှောက်၌နောက်နောက်သောခရီးသွား
တို့၏မှားမယွင်းစေခြင်းငှါ။ ကျောက်စာအများကို စိုက်ထားဘိသကဲ့
သို့။နောက်နောက်သောအမျိုးသားတို့သည်။သံသရာမှထွက်မြောက်ခြင်း
ငှါ။ကျောက်စာနှင့်တူသော ဤဓာတ်တော်နိပါတ်တော်ပါဠိအဋ္ဌကထာ
များကို။ သဗ္ဗညုတဘုရားအဖြစ်သို့ရောက်တော်မူသည်ကာလ၌ ဟော
ကြားလာတော်မူသည်။ဤသို့ပမာပမည်းကိုလည်း။ စိန္တာမယဉာဏ်ဖြင့်
ကြံလတ်ပြီးသော်။ ငါတို့ဘုရားသခင်သည် လွန်စွာကရုဏာနှင့် ပြည့်ရုံ
သည်ဖြစ်၍။ငါတို့အလို့ငှါကျောက်စာသဘွယ်ဖြစ်သောတရားဒေသနာ
ကိုဟောကြားထားတော်မူပေသည်။ နောက်နောက်သောကုန်သည်ခရီး
သွားတို့သည်။ကျောက်အက္ခရာကိုကြည့်ရှု၍လိုက်သွားကြသကဲ့သို့။ ငါ
တို့လည်း ကျောက်အက္ခရာနှင့်တူသောဒေသနာကို ကြည့်ရှု၍လိုက်အံ့
ဟု၍ကြံစည်အားထုတ်အပ်သည်။ ထိုထိုအလောင်းတော်၏ အဖြစ်၌ဖြစ်
ကြသောအဥ္ဇဘောနွှာအစဉ်သည်။သဒ္ဒါရအရာဖြစ်၍။ဘချမှုမကြွင်းမ
ကျန်ရစ်ပြီ။ မြေကြီး၏အစီးအပွါးသာဖြစ်ချေသည်။ ထိုထိုဓာတ်တော်၌
လာသောမင်းပရိသတ်တို့သည်လည်း။မြေကြီး၏အစီးအပွါးဖြစ်သကဲ့သို့
ငါတို့တရုလည်းမြေကြီး၏ အစီးအပွါးသာ ဖြစ်လတ္တံ့။ ဤယခုရှိကြသော
အကြီးအငယ်အရွယ်အသတ်သတ္တဝါခပင်းတို့သည်လည်း။အနှစ်တရား
၏အတွင်း၌ တချင်းတချင်းကုန်ငင်။အမွေမမြင်မတင်ပျက်စီး၍။ မဟာပထ
ဝီမြေကြီး၏အစီးအပွါးသာဖြစ်ကြလတ္တံ့။ ဤသင်္ခါရတရားကား။ အမြဲမ
တည်အခုံညည်မခံ ကြောက်လန့်ဘွယ်သာတည်းဟု။ နိဗ္ဗိန္ဒဉာဏ်အားဖြင့်
ရှုအပ်၏။ ဤသို့သဗ္ဗညုတဉာဏ်ကိုရင့်စေသောအားဖြင့် ကျင့်ဆောင်
တော်မူသောမြတ်စွာဘုရားသည်လည်း။ သင်္ခါရတို့၏ ဖြစ်ခြင်းသဘော
ကို။နတ်လူအများတို့အားဟောကြားလတ်၍။နတ်ရွာလူ့ပြည်၌မီးပုံကြီး၏
တောံပခြင်းကဲ့သို့တန်ခိုးဇုဠ္ဌိပ္ပါဠ်ဘိုဖြင့်တောက်ပလျက်။ ဥဒည်းတောင်
မှတက်လတ်သောဘာဏုရာဇာနေမင်းသည်။အတ္တဂ်မာတောင်သို့သက်
ဝင်လေသကဲ့သို့။မရဏာတည်းဟူသောတောင်သို့ငင်သောအားဖြင့်။ပရိ
နိဗ္ဗာန်စံတော်မူရလေပြီဟု၍နှလုံးသွင်းလျက်။ ။သင်္ခါရာနံ။သင်္ခါရတ
ရားတို့၏။ သဘာဝတ္တံ။ ဖြစ်ခြင်းပျက်ခြင်းဘောက်ပြန်ခြင်း သဘောကို။
ဒဿယိတွာ။နတ်လူတို့အားပြောဟောပြသတော်မူ၍။သဒေဝကေ။နတ်

နှင့်တကွသောဩကာသလောက၌။အဂ္ဂိက္ခန္ဓော။မီးပုံကြီးသည်။ဇလတိဇ္ဇာ
ဝ။ ပြောင်ပြောင်တောက်သကဲ့သို့။ ဇလိတွာ။ တန်ခိုးရဒ္ဓိပ္ပါဋိဟာတော်ဖြင့်
ပြောင်ပြောင် တောက်လတ်၍။ သူရိယော။ ဘာဏုရာဇာနေမင်းသည်။
အတ္တဂ်တေါ်ယထာ။ချုပ်ခြင်းသို့ရောက်သကဲ့သို့။အတ္တဂ်တော်။ပရိနိဗ္ဗာန်
စံသောအားဖြင့်ချုပ်ခြင်းသို့ရောက်ရလေပြီ။ ။ဤသို့ဗုဒ္ဓဝင်ပါဠိ၌လာ
သောနည်းအားဖြင့်။မြတ်စွာဘုရား၏ကိုယ်တော်ကိုလည်း အစည်သျှော်
၍အောက်မေ့ဆင်ခြင်သုံးသင်ရာသည်။

(၄) (ဖြဗ္ဗကာဂဟာပဘိကေသုဇ္ဇကံ) ဟူသောစတုတ္ထဂါထာ၌။
ပုဏ္ဏားသူကြွယ်တို့အားစောင့်ရှောက်လုံခြုံစေသောအားဖြင့် ချီးမြှောက်
အပ်သည်ကား။ ။ဖြဗ္ဗလာ။ပုဏ္ဏားတို့ကို။အန္နပါနဝတ္ထာဒီနိ။ ထမင်း
အဖြော်အဝတ်အစရှိသော။ဒေယျဓမ္မေန။ပေးကမ်းဘွယ်သောဝတ္ထုဖြင့်။
အနုဂ္ဂဟေတဗ္ဗာ။ချီးမြှောက်အပ်ကုန်၏။ဂဟာပဘိကာ။ တောင်သူလယ်
လုပ်သောအမှုထမ်းလူတို့ကို။ဘတ္တဗီဇနင်္ဂလဖာလဗလိဗဒ္ဒါဒိသမ္ပဒါနေန။
ထမင်းမျိုးစေ့ထွန်တုံးထွန်သွားနွားလားအစရှိသည်တို့ကို ပြည့်စုံသော
အားဖြင့်။အနုဂ္ဂဟေဘဗ္ဗာ။ချီးမြှောက်အပ်ကုန်၏။ ။ဤသို့စက္ကဝတ္တိသုတ်
အဋ္ဌကထာ၌လာသည်ဖြစ်၍။ ပုန်းစားတောင်းရမ်းသော ပုဏ္ဏားတို့အား
လည်းအဝတ်အစားပေးသနားတော်မူအပ်သည်။ ဟူးရားဗေဒင် သိမြင်
လိမ္မာ၍အနာဂတ်ကိုသိတတ်သောပုဏ္ဏားတို့အားလည်း၊လောကီအကျိုး
ကိုမျှော်တင်တော်မူ၍။ဆုလာဘ်ပေးသနားတော်မူအပ်သည်။ ပုဏ္ဏားတို့
အားသာလောကီကျေးဇူးကိုမျှော်၍ဆုတော်လာဘ်တော်ပေးအပ်သည်မ
ဟုတ်သေး။မြို့တွင်းမြို့ပ၌စောင့်ကြသောနတ်တို့အားလည်း။လောကီကျေး
ဇူးကိုမျှော်တင်း၍ပေးပသတော်မူအပ်သည်။ ထိုသို့နတ်တို့အားတင်ပေး
သခြင်းသည်။ လောကီအကျိုးစီးပွါးတို့သည် မဆုတ်မယုတ်ရာ။ အပရိ
ဟာနိယတရားပင်ဖြစ်သည်။ ။ထိုကြောင့်။ မဟာပရိနိဗ္ဗာနသုတ်ပါဠိ
သတ္တအင်္ဂုတ္တိုရ်ပါဠိတော်တို့၌။ ။အာနန္ဒ။အာနန္ဒာ။ ယာဝကီဝဉ္စယတ္တ
ကံကာလံ။အကြင်မျှလောက်သောကာလပတ်လုံး။ ဝဇ္ဇီ။ဝဇ္ဇီမင်းတို့သည်။
ဝဇ္ဇီနံ။ရှေးရှေးသောဝဇ္ဇီမင်းတို့၏။ အဗ္ဘန္တရာနိစေဝ။ မြို့တွင်း၌လည်းဖြစ်
ကုန်သော၊ ဗာဟိရာနိစေဝ။မြို့ပ၌လည်းဖြစ်ကုန်သော။ ယာနိတာနိဝဇ္ဇီ
စေတိယာနိ။အကြင်ရှေးရှေးသောဝဇ္ဇီမင်းတို့သည်အရိုအသေပြုအပ်ကုန်
သောနတ်ကွန်းသင်ပင်တို့သည်။သန္တိ။ရှိကုန်၏။ တာနိ၊ထိုရှေးရှေးသော

ဝဇ္ဇိမင်းတို့သည် အရှိအသေ ပြုအပ်ကုန်သော နတ်ကွန်းသင်ပင်တို့ကို။ သက္ကရိုသဿ နွှ။ အရိုအသေပြုကြကုန်လတ္တုံ့။ ဂရုံကရိသာ နွှ။ အလေးအမြတ်ပြုကြကုန်လတ္တုံ့။ မာနေသာ နွှ။ မြတ်နိုးကြကုန်လတ္တုံ့။ ပူဇေသာ နွှ။ ပူဇော်ကြကုန်လတ္တုံ့။ တေသဥ္စ။ ထိုနတ်တို့အားလည်း။ ဒိန္နပုဗ္ဗံ။ ပေးဖြတ်ပိုင်းဖြစ်သော။ ကတပုဗ္ဗံ။ ပြုဖြတ်ပိုင်းသော။ ဓမ္မိကံ။ ငါ့သုရားဏ်တရားနှင့်လျော်သော။ ဗလိံ ဗလိနတ်စာကို။ နော ပရိဟာပေန္တီ။ မယုတ်စေကုန်။ တာဝ။ ထိုမျှလောက်သောကာလပတ်လုံး။ အာနန္ဒ။ အာနန္ဒာ။ ဝဇ္ဇီနံ။ ဝဇ္ဇိမင်းတို့အား။ ဝုဍ္ဎိယေဝ။ ပွါးစီးခြင်းကိုသာလျှင်။ ပါဋိကင်္ခါ။ အလိုရှိအပ်၏။ ပရိဟာနိ။ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ။ အလိုမရှိအပ်။ ။ဝဇ္ဇီနံ ဝဇ္ဇီ စေတိယာနီတိ။ စေတိယာနီ ဟူသည်ကား။ ဝဇ္ဇီ ရာဇူနံ။ ဝဇ္ဇိမင်းတို့၏။ ဝဇ္ဇီ ရဋ္ဌေ။ ဝဇ္ဇီတိုင်း၌။ စိတ္တိကတဋ္ဌေန။ အရှိအသေပြုအပ်သောသဘောကြောင့်။ စေတိယာနီတိ။ စေတိယာနီ ဟူ၍။ လဒ္ဓနာမာနိ။ ရအပ်သောအမည်ရှိကုန်သော။ ယက္ခဋ္ဌာနာနိ။ နတ်တို့၏နေရာတို့တည်း။ ။အဗ္ဘန္တရာနီတိ ဟူသည်ကား။ အန္တောနဂရေ။ မြို့တွင်း၌။ ဌိတာနိ။ တည်ကုန်သောနတ်တို့တည်း။ ။ဗာဟိရာနီတိ။ ဗာဟိရာနီ ဟူသည်ကား။ ဗဟိနဂရေ။ မြို့ပ၌။ ဌိတာနိ။ တည်ကုန်သောနတ်တို့တည်း။ ။ဒိန္နပုဗ္ဗံ ကတပုဗ္ဗန္တိ။ ကတပုဗ္ဗံ ဟူသည်ကား။ ပုဗ္ဗေ။ ရှေး၌။ ဒိန္နဥ္စ။ ပေးဖြတ်သောဗလိနတ်စာကိုရင်း။ ကတဥ္စ။ ပြုဖြတ်သောဗလိနတ်စာကိုရင်း။ ။နော ပရိဟာပေန္တီတိ။ နော ပရိဟာပေန္တီ ဟူသည်ကား။ အပရိဟာပေတွာ။ မယုတ်စေ၍၊ ယထာပဝတ္တမေဝ။ ဖြစ်မြဲတိုင်းသာလျှင်ဖြစ်သော။ ဓမ္မိကဗလိံ။ တရားနှင့်လျော်သော ဗလိနတ်စာကို။ ကရိသာ နွှ။ ပြုကြကုန်လတ္တုံ့။ ဟိသဥ္စ။ မှန်၏။ ပရိဟာပေန္တာနံ။ နတ်တို့အား ပူဇော်ခြင်းမှ ဆုတ်ယုတ်စေသောသူတို့အား။ ဒေဝတာ။ မြို့တွင်းမြို့ပ၌နေသောနတ်တို့သည်။ အာရက္ခံ။ အစောင့်အရှောက်ကို။ သုသံဝိဟိတံ။ ကောင်းစွာစီရင်အပ်သည်ကို။ နကရောန္တိ။ မပြုကုန်။ အနုပ္ပန္နံ။ မဖြစ်သေးသော ဥပါဒ်အန္တရာယ်ကို။ ဇနေတုံ။ ဖြစ်စေခြင်းငှါ။ အသက္ကောန္တာ နွှ ယောဝိ။ မတတ်နိုင်ကုန်သော်လည်း။ ဥပ္ပန္နံ။ ဖြစ်ပြီးသော။ ကာသသိသရောဂါဒိံ။ ချောင်းဆိုးဦးရင်နာအစရှိသည်ကို။ ဝဍ္ဎေန္တိ။ ပွါးစေကုန်၏။ သင်္ဂါမေ၊ စစ်မြေသို့။ ပတ္တေ၊ ရောက်လတ်သည်ရှိသော်။ သဟာယာ။ အပေါင်းအဘော်တို့သည်။ နဟောန္တိ။ မဖြစ်ကုန်၊ အပရိဟာပေန္တာနံ ပန။ မြို့တွင်း မြို့ပ၌နေကြသောနတ်တို့ကို ဗလိနတ်စာပေးခြင်းမှ မဆုတ်မယုတ်စေသောသူတို့

အားကား။အာရက္ခ။ အစောင့်အရှောက်ကို။ သုသံဝိဟိတံ။ကောင်းစွာစီ
ရင်အပ်သည်ကို။ကရောန္တိ။ပြုကြကုန်၏။အနုပ္ပန္နံ။ မဖြစ်သေးသောချမ်း
သာကို။ဥပ္ပါဒေတုံ။ဖြစ်စေခြင်းငှါ။အသက္ကောန္တ ယောပိ။ မတတ်နိုင်ကုန်
သော်လည်း။ဥပ္ပန္နံ။ဖြစ်ပြီးသော။ကာသသိသရောဂါဒိံ။ချောင်းဆိုးဦးရင်း
နာအစရှိသည်ကို။ဟရန္တိ။ပယ်ဖျောက်ကုန်၏။သင်္ဂါမသိသေ။စစ်မြေဦး
၌။သဟာယာ။အပေါင်းအဘော်တို့သည်။ဟောန္တိ။ဖြစ်ကုန်၏။ ဧတင်ဧဝံ။
ဤသို့။ ဧတ္တ။ ဤမြို့တွင်းမြို့ပ၌နေသော နတ်တို့အားပူဇော်ရာ၌။ ဝုဍ္ဍိဟာနိ
ယော။ပွါးခြင်းယုတ်ခြင်းတို့ကို။ဝေဒိတဗ္ဗာ။သိအပ်ကုန်၏။ ။ဤသို့ပါဠိ
အဋ္ဌကထာလာသည်နှင့်လျော်စွာ။ မြို့တွင်းမြို့ပ၌ စောင့်နေကြသောနတ်
တို့အားလည်း။လောကီအကျိုးစီးပွါး၏များခြင်းငှါ။ဗလိနတ်စာပေးထော်
မူအပ်သည်။ဤသို့မြို့တွင်းမြို့ပ၌စောင့်နေကြကုန်သောနတ်တို့အား။ ဗလိ
နတ်စာပေးခြင်းသည်။ဝဇ္ဇီမင်းတို့၏လက်ထက်တွင်သာပေးကြသည်သာ
မဟုတ်။ရှေးရှေးသောဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့၏လက်
ထက်၌လည်း။ရေမြေသဠှနင်းပြည်ရှင်မင်းတို့သည်။ မြို့တွင်းမြို့ပစောင့်
နေကြကုန်သောနတ်တို့အား။ဗလိနတ်စာပေး၍။လောကီအကျိုးစီးပွါးကို
ရှာကြံကြကုန်သည်။ ။ထိုကြောင့်။ဟတ္ထိပါလဇာတ်၌။ ။ဒေဝတာ။
အိုညောင်စောင့်နတ်။တွံ။သင်ညောင်စောင့်နတ်သည်။ရညော။ ငါတို့အ
ရှင်ဧသုကာရီမင်းကြီး၏။သန္တိကာ။အထံမှ။ကိံ နာမ။အဘယ်မည်သော
လာတ်ပူဇော်သကာကို။နလဘသိ။ မရသနည်း။ ရာဇာ။ ငါတို့အရှင်ဧသု-
ကာရီမင်းကြီးသည်။တေ။သင်ညောင်စောင့်နတ်အား။ အနုသံဝစ္ဆရံ။နှစ်
စဉ်မပြတ်။ သဟဿံ။ တထောင်သောဥစ္စာကို။ဝိဿဇ္ဇေတွာ၊စွန့်၍။ အ
ပရိဟာနိယဓမ္မပူရဏာငသေန။ အပရိဟာနိယတရားကိုပြည့်စေသည်၏
အစွမ်းဖြင့်။ ဗလိကမ္မံ။ ဗလိနတ်စာကို။ကရောတိ။ပြု၏။ ။ဟူ၍လာ
သည်။ ။ပဥ္စကနိပါတ်ဝေနသာဇာတ်နှိုက်လည်း။ ငါတို့ဘုရားအ
လောင်း တက္ကသိုလ်မင်းသည်၊ မြို့စောင့်နတ်တို့အား။ အပရိဟာနိယတ
ရားနှင့်အညီ။ ဗလိနတ်စာ ပေးသည်ဖြစ်၍။ တက္ကသိုလ် ပြည်သို့ တိုက်
မည်လာသော။ ဗြဟ္မဒတ်မင်း၏မျက်လုံးကို။ မြို့စောင့်နတ်ကဘောက်ယူ
နှုတ်ငင်၍။ ဗြဟ္မဒတ်မင်းကိုပျက်စီးအောင်ပြု၍ စောင်မကြည့်ရှုကြောင်း
ကိုလာသည်။ ။ဤသို့မြို့တွင်းမြို့ပနှိုက်စောင့်နေကြသောနတ်တို့အား။
အဝတ်အစား အစရှိသော ဗလိနတ်စာကိုသာ ပေးအပ်သည် မဟုတ်။

ဘိုထိုကုသိုလ်ကောင်းမှုကိုပြုသောအခါ၌လည်း။ ထိုထိုနတ်တို့အားအမျှ
ပေးဝေရာသည်။ထိုသို့အမျှပေးဝေသည်ရှိသော်၊ ပူဇော်ခြင်းမြတ်နိုးခြင်း
ကိုပြုလျက်။ဝမ်းထွက်သွားကဲ့သို့စောင့်ရှောက်တတ်ကုန်သည်။ ။ထို
ကြောင့်။ ဗိဿနိကာယ်မဟာပရိနိဗ္ဗာနသုတ်၌။ (ယာဘတ္တဒေဝတာအာ
သုံ) အစရှိသောနှစ်ဂါထာကိုဟောတော်မူသည်။ ။တတ္ထပဒေသေ။
ဘိုအရပ်၌။ယာဝဒေဝတာ။ အကြင်မြို့တွင်းမြို့ပ၌စောင့်နေကြသောနတ်
တို့သည်။ဘာသုံ။ရှိသည်ဖြစ်ကုန်၏။တာသံ။ထိုနတ်တို့အား။ဒက္ခိဏံ။ကု
သိုလ်၏အဘို့ကို။အာဒိသေ။ပေးဝေရာ၏။ပူဇိတာ။ ပူဇော်အပ်ကုန်သော။
တာ။ထိုနတ်တို့သည်။ပူဇယန္တိ။ပူဇော်ကုန်၏။ မာနိတာ။မြတ်နိုးအပ်ကုန်
သော။ တာ။ ထိုနတ်တို့သည်။နံ။ ထိုမြတ်နိုးခြင်းကို ပြုသောသူကို။ မာ
နေသန္တိ။မြတ်နိုးတုံ့မြတ်နိုးကုန်၏။ တတော။ထိုနတ်တို့အား။ပူဇော်ခြင်း
ကြောင့်။မာတာ၊အမိသည်။ဩရသံ။ရင်၌ဖြစ်သော။ပုတ္တံ။သားကို။ အနု
ကမ္ပတိဣ။အစဉ်စောင့်ရှောက်သကဲ့သို့။နံ။ ထိုအချပေးဝေသောသူကို။
ဝတာ။နတ်တို့သည်။အနုကမ္ပန္တိ။အစဉ်သနားကုန်၏။ အနုကမ္ပိတော။
အစဉ်သနားသော။ပေါသော။သတ္တဝါသည်။သဒါ။အခါခပ်သိမ်း။ ဘဒြာ
နိ။ကောင်းသောအကျိုးစီးပွါးတို့ကို။ပဿတိ။မြင်ရ၏။ ။ဤပါဠိ၏အဘွင့်
အဋ္ဌကထာ၌လည်း။ ။(တာသံဒက္ခိဏမာဒိသေတိ။) တာသံဒက္ခိဏ
မာဒိသေဟူသည်ကား။သံဃဿ။သံဃာတော်အား။ဇတ္တာရောပစ္စယေ။
ည်းလေးပါးတို့ကို။ဒိန္နေ။လှူအပ်ကုန်ပြီးသည်ရှိသော်။တာသံဃရဒေ
တာနံ။ထိုနန်းစောင့်နတ်။မြို့စောင့်နတ်တို့အား။ အာဒိသေယျပတ္တိံဒဒေ
ယျ။ ကုသိုလ်အဘို့ကိုပေးဝေရာ၏။ (ပူဇိတာပူဇယန္တိတိ။) ပူဇိတာပူဇ
ယန္တိ ဟူသည်ကား။ ဣမေမနုဿာ။ဤလူများတို့သည်။ အမှာကံ။ငါတို့
တ်တို့အား။ ဉာတကာနပေဟာန္တိ။ အဆွေအမျိုးလည်းမဖြစ်ပေကုန်။ ဧ
ပိ။ဤသို့အဆွေအမျိုးမဟုတ်လျက်လည်း။နော။ပတ္တိံဒေန္တိ ငါတို့နတ်တို့
ကုသိုလ်အဘို့ကိုပေးဝေကြပေကုန်။ ဣတိ။ ဤသို့နှလုံးပိုက်၍။ အာ
ကျွ။အစောင့်အရှောက်ကို။ သံဝိဟိတံ။ ကောင်းစွာစီရင်အပ်သည်ကို။
ရောထ။ပြုကြလေကုန်။ဣတိ၊ဤသို့တိုင်ပင်ကုန်၍။အါရက္ခကရောန္တိ။
ကောင်းစွာအစောင့်အရှောက်ကိုပြုကြကုန်၏။ ။(မာနိတာမာနယန္တိ
တိ။)မာနိတာမာနယန္တိ ဟူသည်ကား။ ကာလာနုကာလံ။ အခါမပြတ်။ဗ
ကမ္မကရဏေန။ဗလိနတ်စာပေးတင်ပေးခြင်းကိုပြုခြင်းကြောင့်။ မာနိ

တာ။မြတ်နိုးကုန်သောနတ်တို့သည်။ ဧတေမနုဿာ။ ဤလူများတို့သည်။ အမှာကံ ဥာတကာပိနဟောန္တိ။ ငါတို့နတ်တို့၏ အဆွေအမျိုးလည်း မဟုတ်ကြပေကုန်။စတုမာသန္တရေ။ လေးလ၏အတွင်း၌။ နေ။ငါတို့နတ်အား။ဗလိကမ္မံကရောန္တိ။ ဗလိနတ်စာပေးသောအမှုကိုပြုကြကုန်၏။ ဍာတိမနုဿိကတွာ။ဤသို့နှလုံးသိုက်၍။မာနေန္တိ။မာနေန္တာပရိဿယံမာနန္တိ မြတ်နိုးကုန်သည်ဖြစ်၍။ဘေးရန်ကိုတားမြစ်ကုန်၏။ ။ဤသို့မဟာပရိနိဗ္ဗာနသုတ်ပါဠိ၌အဋ္ဌကထါတို့၌လာခြင်းကြောင့်။ကုသိုလ်၏အဘို့ကိုနန်းစောင့်နတ်။ မြို့စောင့်နတ်။ရွာစောင့်နတ်တို့အား မမေ့မလျော့ ပေးဝေရာသည်။ဤသို့နတ်တို့အားဗလိနတ်စာပေးခြင်းအမျှပေးဝေခြင်းသည်။ အပရိဟာနိယတရားတည်း။ ဤသို့လောကီစီးပွါးချမ်းသာတိုးတက်ရာသော အပရိဟာနိယ တရားကိုလည်း ပါဠိအဋ္ဌကထာလာတိုင်း မမေ့မလျော့ အားထုတ်သောအားဖြင့်။ပြည်သူတို့ကိုချီးမြှောက်ရာသည်။ ဤသို့လောကီဖြစ်သောအပရိဟာနိယတရားကိုအားထုတ်ရာ၌။ရန်သူလက်မှထွက်ပြေးသောယောကျ်ားကိုပမာပြု၍။ ဤနတ်တို့အား ပူဇော်ခြင်း တည်းဟူသောအပရိဟာနိယတရားကိုပွါးများသင့်သည်။

ရန်သူလက်မှထွက်ပြေးသောယောကျ်ား၏အခြင်းအရာကား။တဦးသောယောကျ်ားသည် သုံးယောက်သောရန်သူတို့ကသတ်ပုတ်ကြမည်ကြံစည်သည်ကိုသိလတ်၍။ လျင်စွာထွက်ပြေးလတ်သောလမ်းခရီးတွင်ထိုရန်သူ၏အပင်းအသင်းအဆွေခင်ပွန်းတို့နှင့်ကြိုက်ကြုံတွေ့လတ်သော်ထိုရန်သူ၏အပင်းအသင်းအဆွေခင်ပွန်းတို့ကို။ ငါအားဆီးတားခြင်းကိုမပြုပါလင့်။ငါ၏ ရန်သူဖြစ်သောသုံးယောက်သောလူတို့ကိုလည်းမပြောမကြားပါလင့်။ဤသို့တောင်းပန်လတ်၍။ပဏ္ဏာတံစိုးတို့ကိုပေးခဲ့၍ချမ်းသာရာအရပ်သို့ ရှေးရှုသွားလာသည်ရှိသော်။ ရှေးရှေးက ပေါင်းဘက်ဘူးသော။အဆွေခင်ပွန်းချစ်ကျွမ်းဝင်သောသူတို့၏အထံသို့ရောက်လျှင်။ အချို့သော အဆွေခင်ပွန်းတို့၏အထံမှ ဆန်ပဲရိက္ခာကိုယူဆောင်၍သွား၏။ အချို့သောအဆွေခင်ပွန်းတို့၏။ အထံမှအဝတ်ပုဆိုးစသော တန်ဆာကိုယူ၍သွား၏။အချို့သော အဆွေခင်ပွန်းတို့၏အထံမှ ရွှေငွေဥစ္စာရတနာတို့ကိုယူဆောင်၍သွား၏၊ ဤသို့လမ်းစဉ်တလျှောက်အဆွေခင်ပွန်းတို့ကထောက်ပံ့လတ်သော် ဘေးမရှိရာအရပ်သို့ ချမ်းသာစွာ ရောက်လေသည်။ထိုအတူရန်သူသုံးယောက်နှိပ်စက်သော ယောကျ်ားနှင့်တူသော

ဇာတိဇရာမရဏာသည် နှိပ်စက်အပ်သော ငကြာရာဇ်မင်းမြတ်သည်ပြေးသွားသော ယောကျ်ားသည် ရန်သူ၏ သနစ်သနာကို ဟုတ်မှန်စွာ သိသကဲ့သို့။ ငကြာရာဇ်မင်းမြတ်သည်လည်းဇာတိဇရာမရဏာတို့၏ အဖြစ်ကိုစင်စစ်သိမြင်တော်မူပြီးဖြစ်သည်။ ယောကျ်ားသည်ထိုရန်သူမှလွတ်ရာဘေးမရှိရာ အရပ်သို့ ရှေးရှုသွားသကဲ့သို့။ ငကြာရာဇ်မင်းမြတ်သည်လည်းဇာတိဇရာမရဏာတို့မှ လွတ်ရာနိဗ္ဗာန်အရပ်သို့ ရှေ့ရှုလျက်ဖြစ်သည်။ ထွက်သွားသောယောကျ်ားသည်လမ်းခရီး၌ ရန်သူ၏ အပင်းအသင်းရန်သူ၏ အဆွေခင်ပွန်းတို့အားတံစိုးပဏ္ဏာကိုပေးလေသကဲ့သို့။ မြို့စောင့် နတ်ရွာစောင့်နတ်တို့အား ဗလိနတ်စာ ပေးတော် မူအပ်သည်။ ထွက်သွားသောယောကျ်ားသည် အချို့သော အဆွေခင်ပွန်းတို့အထံမှ ဆန်ပဲရိက္ခာကို ယူဆောင်၍ သွားသကဲ့သို့။ ကလျာဏ မိတ္တအစစ်ဖြစ်သောရတနာသုံးပါးတို့အထံမှဒါနကုသိုလ်တည်းဟူသောမျိုးရိက္ခာတို့ကိုယူဆောင်အပ်သည်။ထွက်သွားသောယောကျ်ားသည်အချို့သောအဆွေခင်ပွန်းအထံမှ အဝတ်ဘန်ဆာကိုယူဆောင်၍ သွားသကဲ့သို့ရတနာသုံးပါးတို့၏အထံမှသီလတည်းဟူသောတန်ဆာကိုယူဆောင်၍ဆင်ယင်အပ်သည်။ ထွက်သွားသောယောကျ်ားသည်အချို့သောအဆွေခင်ပွန်းတို့အထံမှရွှေငွေဥစ္စာရတနာတို့ကို ယူဆောင်၍သွားသကဲ့သို့လောကသုံးပါး၌အဘမရှိအဆွေခင်ပွန်းကောင်းဖြစ်သောမြတ်စွာဘုရား၏ဒေသနာတော်နည်းဖြင့် ဘာဝနာကိုယူဆောင်၍နိဗ္ဗာန်သို့ သွားအပ်သည်။ ထွက်သွားသော ယောကျ်ားသည်လမ်းစည်တချောင်းက ထောက်ပံ့သဖြင့်ဘေးမရှိရာ အရပ်သို့ရောက်သကဲ့သို့။ ငကြာရာဇ်မင်းမြတ်သည်လည်းဒါနသီလဘာဝနာကို အထောက်အပံ့ရသဖြင့် နိဗ္ဗာန်အရပ်သို့ရောက်အံ့သည်သာဖြစ်သည်။ဤသို့ပမာပမည်းကိုစိန္တာမယဉာဏ်ဖြင့်ကြံဆ၍။အပရိဟာနိယတရား၌ အကြိုးဝင်သောနတ်တို့အား ပူဇော်ခြင်းအစရှိသည်ကိုလည်းမမေ့မလျော့ပြုတော်မူသင့်သည်။ ။ထိုကြောင့်။ ။ဗြဟ္မဏာအန္တပါဘာငတ္တာဒိနာဒေယျ ဓမ္မေနဂဟာပတိကာတဗ္ဗ ဗိဇနဂလပါလဗလိဗဒ္ဓါဒိသမ္ပဒါနေနဟူ၍။ စက္ကဝတ္တိသုတ်အဋ္ဌကထာ၌ဖွင့်ဆိုသည်။

။စတုတ္ထကျင့်ဝတ်တရားလည်း။

ဤစတုတ္ထကျင့်ဝတ်တရား၌လည်းထိုဆိုလတ္တံ့သောနည်းဖြင့်အော်မေ့ဆင်ခြင်ရာသည်။ ။ဆင်ခြင်ရာသည်ကား။ဤအပရိဟာနိယတရား၌

ငါတို့မြတ်စွာဘုရားသည် အဇ္ဈင်အါနန္ဒာကိုသက်သေပြု၍ဝဇ္ဇီမင်းတို့၏ အပရိဟာနိယတရားနှင့် ပြည့်စုံကြောင်းကိုဟောတော်မူသည်။ ထိုဝဇ္ဇီမင်းတို့၏ အပရိဟာနိယတရားသည် တပါးသော ရန်သူတို့၏အောက် မေ့ခြင်းကိုသာဆီးတားနိုင်သည်။ဇာတိဇရာမရဏတည်းဟူသောရန် သူတို့ကိုမူကား ဆီးတားခြင်းငှါမနိုင်လေ။ ထိုသို့ဆီးတားခြင်းငှါ မနိုင် လေသောကြောင့်တယောက်မကြွင်း ပျက်စီးခြင်းသို့ရောက်ကြလေကုန် ပြီ။ထိုမင်းတို့၏အမူအရာအမည်သညာမျှသာကြွင်းကျန်ရစ်လေသည်။ ဓမ္မသာဓကဖြစ်သောအဇ္ဈင်အာနန္ဒာမထေရ်သည်လည်း တရားဘဏ္ဍာ စိုးဘန်ဒိုးဇ္ဈန်ဝါသာဝကများတွင် ငါးပါးသော ဧတဒဂ်ကိုမျက်မှောက် တော်၌ရ၍ဓမ္မဘဏ္ဍာဂါရိကဖြစ်ပါလျက်ထိုထိုတရားတို့သည်မရဏတ ရားကိုဆီးတားကန့်ကွက်ခြင်းငှါမတတ်နိုင်လေရကား။သင်္ခါရတရားအ ရကိုစွန့်ပစ်၍ပရိနိဗ္ဗာန်စံယူတော်မူရလေပြီ။ ထိုဒေသနာကို ဟောတော် မူသောမြတ်စွာဘုရားသည်လည်း။ ကယ်တင်တိုက်သောသတ္တဝါတို့ကို နိဗ္ဗာန်အရပ်သို့ ကယ်တင်တော်မူလတ်၍ သစ္စာလေးပါး တရားကို သိ တိုက်သောသတ္တဝါအရကိုလည်းဟုတ်မှန်စွာသစ္စာလေးပါးတရားကိုသိ စေတော်မူပြီ။ဇေယျပက္ခရှစ်ရက်မြောက်သောနေ့၌။ ဥဋ္ဌုရာဇာသော်တာ လမင်းသည်ချုပ်ခြင်းသို့ ရောက်သကဲ့သို့ ပရိနိဗ္ဗာန် စံယူတော်မူလေပြီ။ မြတ်စွာဘုရားသည်ငှင်း။တပည့်သားတော်ဖြစ်သေးအဂ္ဂသာဝကမဟာ သာဝကစသော တပည့်အပေါင်းတို့သည်ငှင်း။မဂ်ဖိုလ်နိဗ္ဗာန်တရားကို ထင်ရှားစွာသိမြင်ကြ၍။ဘုရားနှင့်တကွသော တပည့်သားတော်တို့သည် လည်းပရိနိဗ္ဗာန်စံယူတော်မူရကြလေကုန်ပြီ။ ။ဟူ၍အောက်မေ့ဆင် ခြင်သောအားဖြင့်။ ဤသင်္ခါရတရားကားအမြဲမတည်ဘောက်ပြန်တတ် သောသဘော။ရွေ့လျော့ပျက်စီးတတ်သော သဘောရှိလေစွတကားဟု အောက်မေ့ဆင်ခြင်လျက်။ ။တာရကာဝိယေ။ကယ်တင်ထိုက်သော သတ္တဝါအလှေးတို့ကို။ တာရေတွာ။ သံသရာမှကယ်တင်တော်မူပြီး၍။ ဗောဓနိယေစ။ သစ္စာလေးပါး တရားကို သိထိုက်သော သတ္တဝါတို့ကို လည်း။ဗောဓယိ။ သစ္စာလေးပါးတရားကိုသိစေတော်မူပြီ။ဥဋ္ဌုရာဇာ။လ မင်းသည်။ အဋ္ဌမီ။ဇေယျပက္ခသန်းစရှစ်ရက်မြော်သောနေ့၌။နိဗ္ဗာတိဏ္ဍုဝ။ ငြိမ်းသကဲ့သို့။သမ္မာသမ္ဗုဒ္ဓေါ။မြတ်စွာဘုရားသည်။ပရိနိဗ္ဗာယိ။ပရိနိဗ္ဗာန် စံယူတော်မူပြီ။ ။ဒိဏ္ဏာသဝေါ။ကုန်ပြီးသောအာသဝေါရှိကုန်သော။

တေစဘိက္ခု။ထိုအင်္ဂသာငကာစသောရဟန်း။ မြတ်တို့သည်ရင်း။ အသဒိ
သော။အတု မရှိသော။သောစဗုဒ္ဓါ။ ထိုမြတ်စွာဘုရားသည်ရင်း။ အဇ္ဈတ္တိ။
ရှိ၏။မဟာယသော။ များသောအခြံအရံ။ များသောကျော်စောခြင်းရှိကုန်
သော။တေ။ထိုဘုရားသခင်နှင့်တကွသောတပည့်သားတော်အပေါင်းတို့
သည်။ အကုပ္ပတံ။ အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ ဒဿယိတွာ။ သတ္တဝါအ
ပေါင်းတို့အားပြောဟောပြသတော်မူပြီး၍။မြင်တော်မူပြီး၍။ပရိနိဗ္ဗုတာ။
ပရိနိဗ္ဗာန် စံယူတော်မူကြလေကုန်ပြီ။ ဤသို့ဗုဒ္ဓဝင်ပါဠိ၌ ဟောတော်မူ
သောအားဖြင့်။သင်္ခါရတရားကိုပွါးများဆင်ခြင်အပ်သည်။
(၃)(နေဂမဇနပဒေသုဇေကံ) ဟူသောပဋ္ဌမကျင့်ငတ်တရား၌ နိဂုံးဇန
ပုဒ်သားတို့ကိုစောင့်ရှောက်လုံခြုံစေသေးအားဖြင့် မမေ့မလျော့ချီးမြှော်
အပ်သည်ကား။ ။နိဂမဝါသိနော။နိဂုံး၌နေကုန်သော။နေဂမာ၊နိဂုံးသူ
တို့ကိုရင်း။ဇနပဒဝါသိနော။ဇနပုဒ်၌နေကုန်သော။ဇနပဒါစ။ဇနပုဒ်သူတို့
ကိုရင်း။တထာ။ထို့အတူ။ဘဏ္ဍာဇနဂ်လဗ္ဘာလဗ္ဘလိဗဒ္ဓါဒိသမ္ပဒါနေန။ ထ
မင်းမျိုးစေ့ ထွန်ဘုံးထွန်သွားနွားလါးအငရှိသည်ကိုပြည့်ရုံစေသေါအား
ဖြင့်။အနုဂ္ဂဟောဘဗ္ဗာ။ချီးမြှောက်အင်ကုန်၏။ ။ဤသို့စက္ကဝတ္တိသုတ်အဋ္ဌ
ကထာ၌ဘွင့်ဆိုသည်ဖြစ်၍။ ထွန်တုံးထမ်းပိုးမျိုးစေ့နွားလားစပါးရိက္ခာ
လုပ်ရာဆောင်ကောင်း။ ရေမြောင်းဆည်တာ။တောင်ယာကျင်းကုန်း။ဖုံး
ဝိုးမြေပြင်ကိုတည်ထွင်သန့်ရှင်းသောအားဖြင့်။ ရိုင်းပင်းညီညာ ချီးမြှော်
တော်မူရာသည်။ထိုမှတပါး။ဇနပုဒ်နိဂုံးသားတို့၏ သားသမီးတို့ကိုအလိုမ
ရှိဘဲဆွဲငင်နှိပ်စက်၍။ အနိုင်အထက်မသိမ်းမယူအင်။ ထိုသို့သိမ်းယူ
သည်ရှိသော်။ ဇနပုဒ်နိဂုံးသားတို့သည်။ စိတ်ငမ်းကွဲ၍။ပြည်ထဲအရေးဦး
လေးဘွယ်သာဖြစ်ရာသည်။ ။ထိုကြောင့်။ ။ဒီဃနိကာယ်မဟာပရိ
နိဗ္ဗာနသုတ်သတ္တအင်္ဂုတ္တိုရ်ပါဠိတို့၌။ ။(ယာဝကိဝဉ္စအာနန္ဒ)အစရှိသည်
ဖြင့်။အပရိဟာနိယတရားခုနစ်ပါးတို့တွင်ငါးခုမြောက်သောအပရိဟာနိ
ယတရားကိုဟောတော်မူသည်။ ။အာနန္ဒ။အာနန္ဒာ။ယာဝကိဝဉ္စယတ္တ
ကံကာလံ။အကြင်မျှလောက်သောကာလပတ်လုံး။ ဝဇ္ဇီ။ဝဇ္ဇီမင်းတို့သည်။
ယာတာကုလိတ္ထိယော။အကြင်အမျိုးမိန်းမကြီးတို့သည်ရင်း။ယာတာကု
လကုမာရိယော။အကြင်အမျိုးသမီးငယ်တို့သည်ရင်း။သန္တိ၊ရှိကုန်၏။တာ။
ထိုအမျိုးမိန်းမကြီးအမျိုးသမီးငယ်တို့ကို၊ဩက္ကဿ။ဆွဲငင်၍။ ပသယှ။နှိပ်
စက်လွှမ်းမိုး၍။နငါသိဿန္တိ။မိမိတို့အိမ်၌မနေစေကုန်သတ္တံ။တာဝ။ ထို

မျှလောက်သေးကာလငယ်လုံး။အာနန္ဒ။အာနန္ဒာ။ ဝဇ္ဇီနံ။ဝဇ္ဇီမင်းတို့အား။ ဝုဍ္ဎိ ယေဝ။ပွါးခြင်းကိုသာလျှင်။ပါဋိကင်္ခါ။ အလိုရှိအပ်၏။ ပရိဟာနိ။ ယုတ်ခြင်းကို။နော ပါဋိကင်္ခါ။အလိုမရှိအပ်။ ။ဤပါဠိ၏အဖွင့်အဋ္ဌကထာ၌လည်း။ ။(ကုလိတ္ထိယောတိ)ကုလိတ္ထိယောဟူသည်ကား။ကုလဃရဏိယော။အိမ်ရှင်မိန်းမတို့တည်း။(ကုလကုမာရိယောတိ)ကုလကုမာရိယောဟူသည်ကား။ အနိဝိဋ္ဌာ။ လင်ကသဘောကို မသိကုန်သေးသော။တာသံ။ထိုအိမ်ရှင်မိန်းမကြီးတို့၏။ဓီတရော။သမီးပျိုတည်း။ တတ္ထ။ ထိုသြက္ကဿ အာဝရှိသောပါဌ်၌။ (သြက္ကဿာတိ) သြက္ကဿ ဟူသည်ကား။အာ ကၹိတွာ။ဆွဲငင်၍။(ပသယှာတိ)ပသယှဟူသည်ကား။ အဘိဘဝိတွာ။နှိပ်စက်၍။အဇ္ဈောတ္ထရိတွာ။လွှမ်းမိုး၍။ အယံ။ဤဆိုအပ်ပြီးသည်ကား။ဝစနတ္ထော။ပုဒ်၏အနက်တည်း။ဟိသစ္စံ။ မှန်၏။ဧဝံကရောန္တာနံပန။ ဤသို့ပြုကုန်သောမင်းတို့၏ကား။ ဝိဇိတေ။နိုင်ငံ၌။ မနုဿာ။ နိဂုံဇနပုဒ်၌နေကုန်သောသူတို့သည်။အမှာကံ ငါတို့၏။ဂေဟေ။ အိမ်၌။ ပုတ္တမာတရောပိ။သားရှိသောအမိတို့ကိုလည်း။ခေဠသိင်္ဃာဏိကာဒီနိ။ တံတွေးနှပ်အစရှိသည်တို့ကို။ခ ဓေ။မျက်နှာ၌။အပနေတွာ။ပယ်ရှားသုတ်သင်၍။ သဝိဍ္ဎိတာ။ကြီးပွါးမွေးမြူအပ်ကုန်သော။ ဓီတရောပိ။သမီးပျိုတို့ကိုလည်း။ ဣမေ။ဤမင်းတို့သည်။ဗလက္ကာရေန။နိုင်ထက်မှုသဖြင့်။ဂဟေတွာ။ သိမ်းပိုက်ကုန်၍။အတ္တနော ဃရေ။မိမိတို့အိမ်၌။ဝါသေန္တိ။အလိုမရှိဘဲနေစေကုန်၏။ ဣတိ။ဤသို့။ကုပ္ပိတွာ။ အမျက်ထွက်ကြကုန်သည်ဖြစ်၍။ပစ္စန္တံ။ တိုင်းစွန်ပြည်နားသို့။ပဝိသိတွာ။ပြေးဝင်ကြကုန်၍။စောရာဟုတွာ။မိမိတို့ပင်လျှင်ခိုးသူဖြစ်ကုန်၍၎င်း။စောရသဟာယာဝါ ဟုတွာ။ခိုးသူတို့၏အပေါင်းအသင်းဖြစ်ကုန်၍၎င်း။ဇနပဒံ။ဇနပုဒ်ကို။ဟနန္တိ။ လုရက်ဖျက်ဆီးတတ်ကုန်၏။ဧဝံအကရောန္တာနံပန။ ဤသို့သားသမီးတို့ကို။ အနိုင်အထက်နှိပ်စက်၍သိမ်းဆည်းခြင်းကိုမပြုကုန်သောမင်းတို့၏ကား။ဝိဇိတေ။နိုင်ငံ၌။မနုဿာ။ နိဂုံဇနပုဒ်၌နေကြကုန်သောသူတို့သည်။အပ္ပေါဿုက္ကာ။ကြောင့်ကြမဲ့။သကာနိကမ္မာနိ။မိမိတို့၏အမှုတို့ကို။ကရောန္တာ။ ပြုကြကုန်သည်ဖြစ်၍။ရာဇကောသံ။ မင်း၏ကျီကြကို။ သံဝဍ္ဎေန္တိ။ တိုးပွါးစေကုန်၏။ဧဝံ။ ဤသို့။ ဧတ္ထ။ဤနိဂုံဇနပုဒ်သားတို့ကိုနှိပ်စက်ရာမနှိပ်စက်ရာ၌။ဝုဍ္ဎိဟာနိယော။ ပွါးခြင်းယုတ်ခြင်းတို့ကို။ဝေဒိတဗ္ဗာ။သိအပ်ကုန်၏။ ။ဟူ၍လာသည်။ ။ ဤသို့ပါဠိအဋ္ဌကထာတို့၌လာသည်ဖြစ်၍ ဘုရားအလောင်း မင်းကောင်း

မင်းမြတ်တို့၏သွားရာလမ်းကြောင်းဖြစ်သောဒိဋ်ရှိသောမိန်းမကြီး။သား
သွီးရှိသော မိန်းမကြီးအရွယ်သို့ရောက်သော မိန်းမငယ်တို့ကို နှိပ်စက်
လွှမ်းမိုးခြင်းကိုမပြုစေသောအားဖြင့်။ တိုင်းကားပြည်သူ နိဂုံးဇနပုဒ်၌နေ
သောလူတို့ကို။ မပူမဆာ ချမ်းသာစေအောင် စောင်မချီးမြှောက်သော
အားဖြင့်။စောင့်ရှောက်လုံခြုံစေအပ်သည်။နိဂုံးဇနပုဒ်၌နေကြကုန်သော
တိုင်းသားပြည်သူတို့ကိုလည်း။ မပူမဆာစေရ။ အခွန်ဘဏ္ဍာကိုမဟာ
သမ္မတစသောမင်းကောင်းမင်းမြတ်တို့၏ပဝေဏီကိုအမှီသဟဲပြု၍ကောံ
ခံသိမ်းယူရာသည်။ရှေးပညတ်ကို့မလွန်သည့်ရှိသော်။ပစ္စုပ္ပန်သံသရာအ
ကျိုးစီးပွါးမဆုတ်မယုတ်ရာသောအပရိဟာနိယတရားဖြစ်သည်။ ။ထို
ကြောင့်။ ။မဟာပရိနိဗ္ဗာနသုတ်။သတ္တအင်္ဂုတ္တိုရ်ပါဠိတို့၌။ ။ယာဝ
ကိဝဉ္စအာနန္ဒအစရှိသည်ဖြင့်ဟောတော်မူသည်။ ။အာနန္ဒ။အာနန္ဒာ။
ယာဝကိဝဉ္စယတ္တကံကာလံ။အကြင်မျှလောက်သောကာလပတ်လုံး။ဝဇ္ဇီ။
ဝဇ္ဇီမင်းတို့သည်။အပညတ္တံ။ ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည်
မပညတ်အပ်သေါတိုင်းရေးပြည်မှုကို။နပညာပေဿန္တိ။အသစ်မပညတ်
ကြ ကုန်လတ္တံ့။ ပညတ္တံ။ ရှေးရှေးသော မင်းကောင်း မင်းမြတ်တို့သည်
ပညတ်အပ်ပြီးသည်ကို။နသမုစ္ဆိန္ဒိဿန္တိ။ မဖျက်ဆီးကြကုန်လတ္တံ့။ ယ
ထာပညတ္တေ။ရှေးရှေးသောမင်းတို့သည်ပညတ်မြဲတိုင်းကုန်သော။ပေါရာ
ဏေ။ရှေး၌ဖြစ်ကုန်သော။ ဝဇ္ဇိဓမ္မေ။ ဝဇ္ဇီမင်းတို့၏အကျင့်တရားတို့ကို။
သမာဒါယ။ဆောက်တည်၍။ဝတ္တိဿန္တိ။ ကျင့်ကြကုန်လတ္တံ့။ တာဝ။
ထိုမျှလောက်။အာနန္ဒ။အာနန္ဒာ၊ဝဇ္ဇီနံ။ဝဇ္ဇီမင်းတို့အား။ဝုဍ္ဎိယေဝ။ပွါးစီး
ခြင်းကိုသာလျှင်။ပါဋိကင်္ခါ။အလိုရှိအပ်၏။ပရိဟာနိ။ဆုတ်ယုတ်ခြင်းကို။
နောပဋိကင်္ခါ။အလိုမရှိအပ်။

ဤသုတ်တို့၏အဘွင့်အဋ္ဌကထာ၌လည်း။အပညတ္တန္တိ အာဒိသု။ အပ
ညတ္တံဟူ၍သို့အစရှိသောစကားတို့၌။ ပုဗ္ဗေ။ ရှေးရှေးသောမင်းတို့၏ လက်
ထက်၌။အကတံ။မပြုသေးသော။သုက္ကံဝါ။ကင်းထား၍ကောက်ယူခြင်း
ကိုဎင်း။ဗလိံဝါ။လယ်ခွန်ယာခွန်ကိုဎင်း။ဒဏ္ဍံဝါ။ ဒဏ်ထားခြင်းကိုဎင်း။
အာဟာရပေန္တော။ ဆောင်စေသောမင်းတို့သည်။ အပညတ္တံ။ ရှေးရှေး
သောမင်းတို့သည်မပညတ်အပ်သည်ကို။ပညာပေန္တိ နာမ။ပညတ်သည်
မည်ကုန်၏။ ပေါရာဏကပဝေဏိယာ။ ရှေးမင်းတို့မှလာသော အစဉ်အ
ဆက်အားဖြင့်။ အာဂတမေဝ။ လာသောကင်းထား၍ ကောက်ယူခြင်း။

လယ်ခွန်ယာခွန်ကိုသိမ်းယူခြင်းဒဏ်ထားခြင်းကိုသာလျှင်။ အာဟာရာ
ပေန္တောပန။ ဆောင်စေသောမင်းတို့သည်ကား။ပညတ္တံ။ ရှေးရှေးသော
မင်းကောင်းမင်းမြတ်တို့သည် ပညတ်ပြီးသည်ကို။ နသမုစ္ဆိန္ဒန္တိ နာမ။မ
ဖျက်ဆီးသည်မည်ကုန်၏။ စောရေပိ။ခိုးသူတို့ကိုလည်း။ ဂဟေတွာ။
ဘမ်းယူခဲ့၍။ဒဿိတော။ပြအပ်သည်ရှိသော်။အဝိစိနိတွာ။ မမေးမစစ်မူ၍။
ဆေဇ္ဇဘေဇ္ဇ ။ သတ်ခြင်း ဖြတ်ခြင်းကို။ အနုသာသေန္တာ။ ဆုံးမကုန်သော
မင်းတို့သည်။ပေါရာဏံ။ရှေးရှေး၌ဖြစ်သော။ဝဇ္ဇကမ္မံ။ ဝဇ္ဇီမင်းတို့၏အမှု
ကို။သမာဒါယ။ ဆောက်တည်၍။ နဝတ္တန္တိ နာမ။မကျင့်သည်မည်ကုန်၏။
အပညတ္တံ။ ရှေးရှေးသောမင်းတို့သည်မပညတ်သည်ကို။ ပညာပေန္တာနံ။
ပညတ်ကုန်သော၊ တေသံ။ ထိုမင်းတို့၏။ အဘိနဝသုက်ပိဋ္ဋတာအသစ်
တာ။အသစ်သောကင်းခွန်တို့ဖြင့်နှိပ်စက်ခြင်းကိုခံရကုန်သော။မနုဿာ။
လူတို့သည်။အဘိဥပဒ္ဒုတာ။ ငါတို့ဆင်းရဲသားတို့ကိုအသွန်နှိပ်စက်ကြ
ကုန်သည်။အမှာ။ဖြစ်ကုန်ပြီ။ကော။အဘယ်သူတို့သည်။ဣမေသံ။ ဤနှိပ်
စက်သောမင်းတို့၏။ဝိဇိတေ။နိုင်ငံ၌၊ဝသိဿန္တိ။နေကုန်တော့အံ့နည်း။
ဣတိ။ ဤသို့တိုင်ပင်ကြကုန်၍။ ပစ္စန္တံ။တိုင်းစွန်ပြည်နားသို့။ ပဝိသိတွာ။
ပြေးသွားဝင်လျှိုးကြကုန်၍။စောရာဝ။ခိုးသူတို့သည်ရင်း။ စောရသဟာ
ယာဝ။ခိုးသူ၏အပေါင်းအသင်းတို့သည်ရင်း။ဟုတွာ။ဖြစ်ကုန်၍။ဇနပဒံ။ဇန
ပုဒ်ကို။ ဟနန္တိ။ လုယက်ဖျက်ဆီးကြကုန်၏။ ပညတ္တံ။ ရှေးမင်းတို့သည်
ပညတ်အပ်ပြီးသည်ကို။သမုစ္ဆိန္ဒန္တာနံ။ဖျက်ဆီးကုန်သော။ ပဝေဏိအာ
ဂတာနိ။အစဉ်အဆက်အားဖြင့်လာကုန်သော။သုက်ာဒီနိ။ ကင်းခွန်အစ
ရှိသည့်တို့ကို။အဂဏှတံ၊အဂဏှန္တာနံ။ မကောက်မခံ မသိမ်းမယူကုန်
သောမင်းတို့၏။ကောသော။ကျိကြသည်။ ပရိဟာရတိ။ ဆုတ်ယုတ်ကုန်
၏။ တတော။ ထိုသို့ရွှေတိုက်ငွေတိုက်ကျိကြစသည်တို့၌ဥစ္စာစပါးတို့၏
နည်းပါးခြင်းကြောင့်။ ဟတ္ထိအဿဗလကာယ သြရောဓာဒယော။ ဆင်
မြင်းဗိုလ်ပါမောင်းမမိဿံအစရှိသောသူတို့သည်။ယထာနိဗဒ္ဓံ။ရမြဲတိုင်း
သော။ဝတ္တံ။ဝတ်ကို။အလဘမာနာ။မရကြကုန်သည်ဖြစ်၍၊ထာမဗလေန။
အားအစွမ်းမှ။ပရိဟာယန္တိ။ဆုတ်ယုတ်ကြကုန်၏။တေနေဝ။ ထိုသို့အား
အစွမ်းတို့၏ဆုတ်ယုတ်ခြင်းကြောင့်သာလျှင်။ယုဒ္ဓက္ခမာ။ စစ်ထိုးခြင်း၌
ခံ ကုန်သည်။ နဟောန္တိ။ မဖြစ်ကုန်။ ပါရိစရိယက္ခမာ။ မောင်းမမိဿံ
တို့သည်။ မင်းကြီးအားလုပ်ကျွေးခြင်း၌ခံ ကုန်သည်။ နဟောန္တိ။ မဖြစ်

ကုန်။ ပေါရာဏဝဇ္ဇိဓမ္မံ။ ရှေးရှေး၌ဖြစ်သောဝဇ္ဇီမင်းတို့၏ကျင့်ဝတ်တရားကို။ သမာဒါယ။ ဆောက်တည်၍၊ အဝတ္တန္တာနံ။ မကျင့်ကြကုန်သောမင်းတို့၏။ ဝိဇိတေ။ နိုင်ငံ၌။ မနုဿာနံ။ နေကုန်သောလူတို့သည်။ အမှာကံ။ ငါတို့၏။ ပုတ္တံ။ သားကို၎င်း။ ပိတရံ။ အဘကို၎င်း။ ဘာတရံ။ အစ်ကိုကို၎င်း။ အစောရံယေဝ။ မခိုးဘဲသာလျှင်။ စောရောတိ။ ခိုးသောသူဟူ၍။ ကတွာ။ အနိုင်အထက်ပြု၍။ ဆိန္ဒိံသု၊ သတ်ဖြတ်ကြကုန်၏။ ဣတိ။ ဤသို့။ ကုဇ္ဈိတွာ။ အမျက်ထွက်ကြကုန်၍။ ပစ္စန္တံ။ ပစ္စန္တရာဇ်သို့။ ပဝိသေတွာ။ ပြေးဝင်ကြကုန်၍။ စောရာပိ။ ခိုးသူတို့သည်၎င်း။ စောရသဟာယာပိ။ ခိုးသူ၏အပေါင်းအဘော်တို့သည်၎င်း။ ဟုတွာ။ ဖြစ်ကြကုန်၍။ ဇနပဒံ။ ဇနပုဒ်ကို။ ဟနန္တိ။ လုယက်ဖျက်ဆီးကုန်၏။ ဣတိ။ ဤသို့ဖျက်ဆီးကုန်သည်ရှိသော်။ ရာဇူနံ။ မင်းတို့အား။ ပရိဟာနိ။ ဆုတ်ယုတ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ အပညတ္တံ။ ရှေးရှေးသောမင်းတို့သည်မပညတ်အပ်သည်ကို။ နပညပေန္တာနံပန။ အသစ်မပညတ်ကုန်သောမင်းတို့၏ကား။ ဝိဇိတေ။ နိုင်ငံ၌။ မနုဿာ။ နေကုန်သောလူတို့သည်။ ပဝေဏီအာဂတံယေဝ။ အစဉ်အဆက်အားဖြင့်လာသောကင်းခွန်ယာခွန်ဒဏ်ထားခြင်းကိုသာလျှင်။ ရာဇာနော။ မင်းတို့သည်၊ ကရောန္တိ။ ပြုကြပေကုန်၏။ ဣတိ။ ဤသို့နှလုံးသွင်းကြကုန်၍၊ မနုဿာ။ လူတို့သည်။ ဟဋ္ဌတုဋ္ဌာ။ အလွန်နှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍။ ကသိဝါဏိဇ္ဇာဒိကေ။ လယ်လုပ်ခြင်းကုန်သွယ်ခြင်းအစရှိကုန်သော၊ ကမ္မန္တေ။ အမှုတို့ကို။ သမ္ပါဒေန္တိ။ ပြီးပြည့်စေကုန်၏။ ပညတ္တံ။ ရှေးမင်းတို့သည်ပညတ်အပ်ပြီးသည့်ကို၊ အသမုစ္ဆိန္ဒန္တာနံ။ မဖျက်မဆီးကုန်သော။ ပဝေဏီအာဂတာနိ။ အစဉ်အဆက်အားဖြင့်လာကုန်သော။ သုင်္ကာဒီနိ။ ကင်းခွန်အစရှိသည်တို့ကို၊ ဂဏှန္တာနံ။ ကောက်ယူကုန်သောမင်းတို့၏။ ကောသော။ ရွှေတိုက်ငွေတိုက်ကြီးအပေါင်းသည်။ ဝဍ္ဎတိ။ ပွါးများ၏။ တတော။ ထိုသို့ပွါးများခြင်းကြောင့်။ ဟတ္ထိအဿဗလကာယဩရောဓာဒယော။ ဆင်မြင်းဗိုလ်ခြေ မောင်းမမိဿံအစရှိသောသူတို့သည်။ ယထာဌာနံ။ ရမြဲတိုင်းသော။ ဝတ္တံ။ ဝတ်ကို၊ လဘမာနာ။ ရကြကုန်သည်ရှိသော်၊ ထာမဗလသမ္ပန္နာ။ အားအစွမ်းနှင့်ပြည့်စုံကြကုန်သည်ဖြစ်၍။ ယုဒ္ဓက္ခမာစေဝ။ စစ်ထိုးခြင်း၌ခံ့ကုန်သည်လည်း။ ဟောန္တိ။ ဖြစ်ကုန်၏။ ပါဒပရိစာရိကာစ။ မောင်းမမိဿံတို့သည်မင်းကြီးအားလုပ်ကျွေးခြင်း၌ခံ့ကုန်သည်လည်း။ ဟောန္တိ။ ဖြစ်ကုန်၏။ ပေါရာဏေ။ ရှေး၌ဖြစ်ကုန်သော။ ဝဇ္ဇိဓမ္မေ။ ဝဇ္ဇီမင်း

တို့၏အကျင့်တို့ကို။သမာဒါယ။ဆောက်တည်၍။ဝတ္တန္တာနံ။ ကျင့်ကုန်သောမင်းတို့အား။မနှုသော။လူတို့သည်။နဥဿာယန္တိ။မကဲ့ရဲ့ကြကုန်။ ရာဇာနေ။မင်းတို့သည်။ပေါရာဏာပဝေဏိယာ။ ရှေးကျင့်ရိုးအစဉ်အဆက်အားဖြင့်။ကာရေန္တိ။ ပြုကြပေကုန်၏။ အဋ္ဌကုလိကသေနာပတိဥပရာဇ္ဇဖြိ။ အစဉ်အဆက်အားဖြင့်လာသော ဂတိလေးပါးသို့မလိုက်သော ၅စ်ယောက်သောအမျိုးကောင်းမှ ဖြစ်ကုန်သော အမတ်စစ်သူကြီး အိမ်ရှေ့မင်းအစရှိသည်တို့သည်။ပဒိက္ခိတ္တံ။ဝန်းရံအပ်သော။သယံပိ။မိမိကိုလည်း။ပဒိက္ခိပိတွာ။ဝန်းရံစေ၍။ပဝေဏိပေါတ္တကံ။အစဉ်အဆက်အါးဖြင့်လာသောကျင့်ရိုးကျင့်ထုံးအသုံးအဖြတ်ဖြစ်သေါကျမ်းစာကို။ဝါစာပေတွာ။ဘတ်ရွတ်စေ၍။အနုဿဂိကမေဝ။ ထိုက်သည်သာလျှင်ဖြစ်သော။ ဒဏ္ဍံ။ ဒဏ်ကို။ပဝတ္တယန္တိ။ဖြစ်စေကြကုန်၏။ဧဝံသံ၊ထိုမင်းကောင်းတို့အားဒေါသော။အပြစ်သည်။နတ္ထိ။မရှိပေ။ အချက်ံယေဝ။ ငါတို့တိုင်းနေပြည်သူတို့အားသာလျှင်။ဒေါသော။အပြစ်သည်။အတ္ထိ။ ရှိပေ၏။ ဣတိ။ဤသို့နှလုံးပိုက်၍။အပ္ပမတ္တာ။မမေ့မလျော့ကုန်သည်ဖြစ်၍။ကမ္မန္တေ။ အမှုတို့ကို။ကာရေန္တိ။ပြုကြကုန်၏။ဧဝံ၊ ဤသို့ပြုကြကုန်သည်ရှိသော်။ရာဇာနံ။ မင်းတို့အား။ဝုဍ္ဍိ။ပွါးစီးခြင်းသည်။ဟောတိ။ဖြစ်၏။ ။ဤသို့ဘွင့်ဆိုသည်။ဤအဋ္ဌကထာစကား၌။ ကင်းခွန်လယ်ခွန်ယာခွန်တို့ကို ခြောက်ဘို့တဘို့ ခုနစ်ဘို့တဘို့ကောက်ခံခြင်းသည်။ ရှေးပညတ်နှင့်မညီသောကောက်ခံခြင်းမည်၏။

ထိုကြောင့်ဤသုတ်၏အဘွင့်ဋီကာ၌။ ။သုက်န္တိ။ သုက်ဟူသည်ကား။ဘဏ္ဍံ။ရောင်းဝယ်အပ်သောဘဏ္ဍာကို။ ဂဟေတွာ။ ယူဆောင်၍။ဂစ္ဆန္တေဟိ။သွားကုန်သောသူတို့သည်။ပဗ္ဗဘခဏ္ဍနဒီတိတ္ထဂါမဒ္ဒါရာဒိသု။တောင်ပြတ်တောင်ကြားမြစ်ဆိပ်မြို့ရွာတံခါးအစရှိသည်တို့၌။ ရာဇပုရိသာနံ။မင်းချင်းယောကျ်ားတို့အား။ ဒါတဗ္ဗဘာဂံ။ပေးအပ်သောအဘို့သည်။သုက်ံ။ကင်းခွန်မည်၏။ ဗလိန္တိ။ဗလိဟူသည်ကား။ နိပ္ဖန္နသဿတော။ဖြစ်သောကောက်မှ။ဆဘာဂံ။ ခြောက်ဘို့တဘို့ရင်း။ သတ္တဘာဂံ။ခုနစ်ဘို့တဘို့ရင်း။ဣတိအာဒိနာ။ဤသို့အစရှိသည်ဖြင့်။ လဒ္ဓကရံ။ရအပ်သောအခွန်အတုတ်တည်း။ဒဏ္ဍန္တိ။ဒဏ္ဍံဟူသည်ကား။ ဒသဝီသတိကဟာပနာဒိကံ။ဆယ်သပြာ အသပြာနှစ်ဆယ်အစရှိသော။ ပရာဓာနုရူပံ။အပြစ်အားလျော်စွာ။ ဂဟေတဗ္ဗနေဘဏ္ဍံ။ ယူအပ်သော ဥစ္စာဘဏ္ဍာ

တည်း။ ။ဤပါဠိအဋ္ဌကထာဋီကာလာသည်နှင့်အညီဗေဒင်ပညာတ်ကိုမ ဖျက်ဆီးမူ၍ဗေဒင်ပညာတ်အတိုင်းကျင့်ခြင်းခိုးသူတို့ကိုဟုတ်မှန်စွာစစ်မေး ၍စီရင်ခြင်းကင်းခွန်လယ်ခွန်ယာခွန်တို့ကိုဗေဒင်ပညာတ်အတိုင်းကောက်ခံ ခြင်းတို့ဖြင့်။ တိုင်းနေနိုင်ငံသူပြည်သူပြည်သားတို့အား မမေ့မလျော့ချီး မြှောက်တော်မူအပ်သည်။ဤသို့ချီးမြှောက်ခြင်းသည်ပဌပြန်သံသရာအ ကျိုးမဆုတ်မယုတ်ရာသောတရားပင်ဖြစ်သည်။ဤတရားကားအပရိဟာ နိယဘရားရနင်ပါးတို့တွင်သုံးခုမြော်သောအပရိဟာနိယတရားတည်း။

ကင်းခွန်လယ်ခွန်ယာခွန်တို့ကိုကောက်ခံသိမ်းယူခြင်း၌လည်းရင်း။ မောသော ခိုးသူတို့သည်မပြုမထွက်။ လုယက်ခြင်းမရှိစေခြင်း၌ရင်း၊ တောင်ပြတ်တောင်ထိပ်မြစ်ဆိပ်ကမ်းစဂါမကျေးလက်ရိုင်တို့၌ဂိုးပိုင် နှပ်ကွပ်စီရင်ခြင်းကိုပြုစေခြင်း၌အရာဌာန၌လိမ္မာသောသူတို့ကိုကော် ယူစောင့်ထိမ်းစေရာသည်။ ထိုသို့အကော်အယူ အစောင့်အထိမ်းထား သောသူတို့သည်။အလွန်ကြမ်းတမ်းမူကား။ လူအများတို့သည်ပြေးသွား လတ်၍အစွန်အနား၌ သင်းစိကားရာသည်။ ထိုသို့မဟုတ်အကြီးအမှူးဦး ခိုင်ထားသောသူတို့သည်စီရင်သောအရာ၌။လွန်စွာလျော့ခဲ လျှင်လည်း ခိုးသားခိုးသူတို့သည်အနိုင်အထက်မူလတ်၍ တိုင်းသားပြည်သူတို့သည် အစွန်အနားရွာငယ်တို့သည်ပျက်စီး၍ရွာကြီး၌သာခိုးလုခြင်းကိုပြုကြရာ သည်။ ။ထိုကြောင့်ဒီဃနိကာယ်မဟာဂဂ်မဟာပဒါနသုတ်အဘွင့်၌။ ။ (စဏ္ဍာသဟိရညောဗလိဒ္ဓဏ္ဍာဒိဟိ)အစရှိသည်ဖြင့်ပြဆိုသည်။ ။ဟိ သဒ္ဒ။မှန်၏။ ဗလိဒဏ္ဍာဒိဟိ။ အခွန်ကောက်ခံခြင်းဒဏ်ထားခြင်းအစရှိ သည်တို့ဖြင့်။ လောကံ။မြို့နေရွာသူလူအပေါင်းကို။ ပိဠယတော။နှိပ်စက် သော။စဏ္ဍာသ။ကြမ်းတမ်းသော။ရညော။မင်း၏။မနုဿာ။ လူတို့သည်။ မဇ္ဈိမဇနပဒံ။ တိုင်းနေနိုင်ငံ၏အလယ်၌တည်သောဇနပုဒ်ကြီးကို။ ဆင္ဍေ တွာ။ စွန့်ပစ်ခဲ့ကြကုန်၍။ ပစ္စန္တသမုဒ္ဒတိရာဒိနိ။ တောင်ကမ်းသမုဒ္ဒရာ ကမ်းနားအစရှိသည်တို့ကို။နိဿာယ။ မှီ၍။ပစ္စန္တေ။ တိုင်းနေနိုင်ငံ၏ အ စွန်အနား၌။ဝါသံ။ပြေးသွား၍နေခြင်းကို။ကပ္ပေန္တိ။ပြုကြကုန်၏။အဘိမု ဒုကာဿ။ အလွန်နူးညံ့သော။ ရညော။မင်းကြီး၏။ စောရေဟိ။ခိုးသူတို့ သည်။သာဟသိကဓနဝိလောပဝိဋ္ဌိတာ။ အနိုင်အထက်ပြုခြင်းဥစ္စာကိုလု ယက်ခြင်းတို့ဖြင့် နှိပ်စက်အပ်ကုန်သော။ မနုဿာ။ ဒိဂုံဇနပုဒ်၌နေကြ ကုန်သောလူတို့သည်။ ပစ္စန္တံ။ မြို့ကြီးရွာကြီးတို့၏ အစွန်အနားကို။ပဟာ

ယ။ဝွန်ပင်ခဲ့ကြ၍။ဇနပဒမင္ဂော။ ဇနပုဒ်တို့၏အလယ်ဖြစ်သော။မြို့ကြီးရွာကြီးတို့၌၊ဝါသံ။ရှဲ၍နေရခြင်းကို။ကပ္ပေန္တိ။ပြုကြရကုန်၏။ ဋ္ဌတိ။ဤသို့။ဝေဝရူပေ။ဤသို့သဘောရှိသော။ရာဇိနိ။ အလွန်ကြမ်းတမ်းခြင်းအလွန်နှုးညံ့ခြင်းရှိသောမင်း၏လက်ထက်၌။ ဇနပဒေါ။ဇနပုဒ်သည်။ ထိရဘာဝံ၊မြဲမြံခိုင်ခန့်သည်၏အဖြစ်သို့။နပါပုဏာတိ။မရောက်။

အရှင်ဒိုးမင်း၏ အကျိုးစီးပွါးကိုပင်အလွန်အလိုရှိသော်လည်း အရာဌာန မသိ မလိမ္မာသသူတို့ကိုလည်း တိုင်းစွန်ပြည်နား၌ အကြီးအမှူးဦးခိုင်ပြု၍မထားအင်။ ထိုသို့ထားလျှင်မူကား၊ တောမျောက်ကိုဥယျာဉ်တွင်အစောင့်ထားသကဲ့သို့မြို့ရွာပျက်စီးရာသည်။တောမျောက်ကိုဥယျာဉ်တွင်အစောင့်အရှောက် အသုတ်အသင်ထား၍ မင်း၏အကျိုးစီးပွါးပျက်စီးဘူးသည်ကား။ ။ငါတို့ဘုရားလောင်းသည်ဗာရာဏသီပြည်တွင်မထင်ရှားသော သူကြွယ်အမျိုး၌ ဖြစ်တော်မူ၏။ ထိုအခါဝိသသေနမည်သော ဗာရာဏသီမင်းသည် ဥယျာဉ်တော်၌ မျောက်အပေါင်းတို့ကို၊ ဥယျာဉ်တွင်။ သစ်ပင်ငယ်တို့ကို ရေသွန်းလောင်းစေကုန်၏။ ရေသွန်းလောင်းသောအခါ အမြစ်၏ရှည်သည်တိုသည်ကို နှုတ်ယူကြည့်ရှုပြီးမှ။ ရေနည်းရေများအမြစ်အားလျော်စွာ သွန်းလောင်းကြကုန်သည်ရှိသော်။ သစ်ပင်အများတို့သည်ညှိုးလျော်ခြောက်သွေ့၍ပျက်စီးကြကုန်၏။ထိုအခါငါတို့ဘုရားအလောင်း ယောကျ်ားမြင်လျှင်ထိုမျောက်အပေါင်းကိုမေး၏။ သင်မျောက်အပေါင်းတို့ကို ဤသို့အမြစ်ကိုနှုတ်၍ ရေသွန်းအင်သည်ဟူ၍ အဘယ်သူသည်သွန်သင်ပြသသနည်းမေးရာတွင်။ ငါတို့အကြီးမျောက်လွှဲကျော်ကြီးက ပြသသွန်သင်သည်ဟူ၍။ မျော်အပေါင်းတို့ကဘုရားအလောင်းအားပြန်ကြားပြောဆိုလျှင်။ သင်မျောက်တို့၏ အကြီးသည်ပညာမရှိဆိုလျှင်။ မျောက်အပေါင်းတို့က သင်သာပညာမရှိသည် သစ်ပင်၏အမြစ်သည်တိုသည်ကိုမသိဘဲလျက် ရေသွန်းလောင်းခြင်းကို မပြုရာ။အမြစ်ရှည်မူကားများစွာလောင်းရာ၏၊အမြစ်တိုမူကား။ နည်းစွာလောင်းရာ၏။ငါတို့မျောက်အပေါင်းကိုသင်ယောကျ်ားကဲ့ရဲ့ရှုပ်ချခြင်းကို မပြုလင့်ပြောဆိုလျှင်။ အိုမျောက်အပေါင်းတို့။ သင်တို့ကိုငါသည်ကဲ့ရဲ့ပြစ်တင်ခြင်းကိုမပြု။ သင်တို့သခင်စေခိုင်းပေသောအရှင်ကိုသာငါရှုင်ချကဲ့ရဲ့သည်ဟု ပြလိုသောဘုရားလောင်းသည်။ (နာဟံတုမှေဝိနိန္ဒာမိ)စသည်ဖြင့်ဆိုသည်။ ။ဘောနွော၁ဝါနရာ၊အိုမျောက်တို့။အဟံ။ငါသည်။

တုမှေ။သင်တို့ကိုလည်း။ နဝိန္ဒြာမိ။မကဲ့ရဲ့။ယသသ။ အကြင်ဝိသသေနမင်း၏။အဓ္ဓုဋ္ဌုသယ။ အကျိုးစီးပွါ အလို၌၊ ဝါ။အကျိုးစီးပွါးကိုအလိုရှိသောကြောင့်။ ရက္ခရေပကာ။ ဥယျာဉ်သစ်ပင်ကိုဖိုက်ပျိုးကြကုန်သော။ အသည။ဘပါးကုန်သော။ဝနေ။ဥယျာဉ်တော၌။ယေစငါနရာ။ အကြင်မျော်တို့သည်လည်း။ သန္တိ။ ရှိကုန်၏၊ တေစ။ဝါနရ ။သိုမျောက်တို့ကိုလည်း နဝိန္ဒြာမိ။ ငါမကဲ့ရဲ့။ဝိသသေနောဝါ။ သင်တို့ကို စေခိုင်းသောဥယျာဉ်၏အရှင်ဖြစ်သောဝိသသေနမင်းသည်သာလျှင်။ ဝါ။ မင်းကိုသာလျှင်၊ပါ ရယှော။ကဲ့ရဲ့ထိုက်၏။ဝါ။ကဲ့ရဲ့၏။ ။ဤသို့ငါတို့ဘုရားအလောင်းက ပြန်ကြားပြောဆိုသည်ကို သဗ္ဗညုတဉာဏ်အဖြစ်သို့ ရောက်မှ။ပုဗ္ဗေနိဝါသဉာဏ်ဖြင့်သိမြင်တော်မူ၍ဟောကြားတော်မူသည်။ ။ဘိက္ခုနီပါတ်အာရာမဒူသကဇာတ်။ ။ဤဇာတ်ဒေသနာဘော်ဖြင့်မြတ်စွာဘုရား၏အလိုတော်သြဝါဒတော်ကား။ ငါဘုရား၏သာသနာတော်၌ကြိုက်ကြိုက်ကြသည်ဖြစ်၍ ငါဟောသောဒေသနာကိုနာယူမှတ်သားကြားကြကုန်သော မင်းများအပေါင်းတို့သည် မင်း၏ ဥယျာဉ်နှင့်တူသောမြို့ပြခရိုင်တို့၌ မျောက်နှင့်တူသောအရာရှိနှင့်၊ မလိမ္မာသောသူတို့ကိုအစောင့် အရှောက် အထိမ်းအသိမ်းမထားရာ။ ထိုသူတို့ကို ထားသည်ရှိသော်ဝိသသေနမင်း၏ ဥယျာဉ်သည် ပျက်စီးသကဲ့သို့ မြို့ရွာ ခရိုင်တို့သည်ပျက်စီးရာသည်။ မျောက်တို့ကိုအစွဲပြု၍မင်းသည် ကဲ့ရဲ့ကိုခံရသကဲ့သို့မလိမ္မာသောသူတို့ကိုစွဲ၍စေခိုင်းသူရေမြေသေ၌နင်းပြည့်ရှင်မင်းတို့သည်လည်းသူတပါးတို့၏။ ကဲ့ရဲ့စွပ်စွဲခြင်းကို ခံရတတ်သည်။ ဝိသသေနမင်းသည်ဥယျာဉ်၌ဖြစ်သော အသီးအပွင့်ကို မသုံးစားရသကဲ့သို့ မျောက်နှင့်တူသော သူမိုက်တို့ကြောင့် တိုင်းပြည်၏အခွန်အတုတ်တို့သည်လည်းယုတ်လျော့ပျက်စီး၍အချည်းနှီးမခံစါးရရာသည်။ဤသို့မြတ်စွာဘုရား၏အလိုတော်အာဘော်နှလုံးသွင်းကိုအရင်းခင်သိမ်းဆင်ခြင်၍ တိုင်းစွန်ပြည်နား၌အရာရှိနှ၌မသိသောသူတို့ကို အကြီးအကျူးမခန့်ထားသောအားဖြင့်။နိဂုံးဇနပုဒ်သားတို့ကိုချီးမြှောက်တော်မူရာသည်။

ထိုမှတပါးမျိုးမတ်အများတို့ကပင်ဤသူကားမျိုးမတ်အရာရှိနှင့်ခြင်းနှင့်သင့်လျော်ပါသည်ဟူ၍တင်လျှောက်ပြောဆိုသော်လည်း ထိုသူ၏အမူအရာကိုကြည့်ရှု၍သူကောင်းပြုတော်မူအင်သည်။ ။ငါတို့ဘုရားအလောင်းကားငယ်သောအရွယ်၌ပင်တည်သော်လည်း သူ၏ သဘောကို

ထေါက်ချင့်၍မျုံးမင်းတို့ကတင်လျှောက်သော်လည်းမလိုက်မယူဆင်ခြင်တော်မူဘူးသည်။ဆင်ခြင်ဘူးသည်ကား။ ။ငါတို့ဘုရားအလောင်းသည်အာဒါသမုခမင်းဖြစ်တော်မူသောအခါ ခုနစ်နှစ်အရွယ်ကပင်အဘ၏အရိုက်အရာထီးနန်းကိုသိမ်းမြန်းတော်မူ၏။ ထိုမင်း၏မျုံးမင်းတို့သည်စမ်းသပ်ခြင်းဌါတေမျှောက်ကိုတန်ဆာဆင်လတ်၍မြေကြွန်လက္ခဏာတတ်သောဆရာ။တရားလုံးဖြတ်တတ်သောသူ။မိဘကိုလုပ်ကျွေးသောသူဟူ၍ သုံးကြိမ်တိုင်တိုင်ပြောဆိုတင်လျှောက်သော်လည်း မျောက်၏သဘောလက္ခဏာယုတ်မာသည်ကိုပြောဆို၍ခုနစ်နှစ်အရွယ်ကပင်ပယ်ရှားပြောဆိုဘူးသည်။ ဤဇာတ်၌လည်းဘုရားသခင်၏ အလိုတော်ကားမျုံးမင်းအချားတို့ကပင် တင်လျှောက် ပြောဆိုသော်လည်း ဌာန္တရ၌ထားသင့်သောသူ၏။ သဘောလက္ခဏာကိုကြည့်ရှုဆင်ခြင်၍ မျောက်နှင့်အဘူမလိုသောသူတို့ကိုမထားရာဟူ၍။ ဆုံးမဩဝါဒပေးတော်မူသည်။ ။ဘိက္ခုနီပါတ်အာဒါသမုခဇာတ်။ ။ထိုကြောင့်။ ။ပဏ္ဍုသာတိစသော မင်းတို့ကဲ့သို့တိုင်းသူပြည်သားတို့ကိုသင်္ဂဟတရားလေးပါးတို့ဖြင့်ချီးမြှောက်ခြင်း။ ပြည်သူအပေါင်းတို့အဘအရာ၌ တည်ခြင်း။ ပြည်သူလူအပေါင်းတို့ကိုချင်ခွင်၌ ထားသောသားတော်ကဲ့သို့သနားချစ်ခင်ခြင်းကိုပြုတော်မူအပ်သည်။ ။ပဏ္ဍုသာတိမင်း၏ဤသို့သောအကျင့်ကိုကျင့်ကြောင်းကား။ ။ပဏ္ဍုသာတိ။ပဏ္ဍုသာတိမင်းကြီးသည်။ စတုဟိသင်္ဂဟဝတ္ထုဟိ။သင်္ဂဟတရားလေးပါးတို့ဖြင့်။ဇနံ။တိုင်းနိုင်ငံသူပြည်သူအပေါင်းကို။ သင်္ဂဏှာတိ။သင်္ဂြိုဟ်ချီးမြှောက်၏။ လောကဿ။တိုင်းနိုင်ငံသူပြည်သူအပေါင်း၏။ ပဘိဋ္ဌာနေ အဘ၏အရာ၌။ ဋ္ဌိတော။တည်၏။ အင်္ကေ။ရင်ခွင်၌။ နိပ္ပန္နဒါရကံဝိယ။ သိပ်ထားသောသားတော်ငယ်တို့ကဲ့သို့။ဇနံ။ပြည်သူအပေါင်းကို။တောသေတိ။နှစ်သက်စေ၏။ ။ ဤသို့ဥပရိပဏ္ဏာသအဋ္ဌကထာ ဝိဘင်္ဂသုတ်အဖွင့်၌ပြဆိုသည်။ ဤသို့နိဂုံးဇနပုဒ်သူတို့အားချီးမြှောက်ရာသည်ကို သတ္တကနိပါတ်ရာဇောဝါဒဇာတ်၌လည်းငါတို့ဘုရားအလောင်းတော်မျောက်မင်းသည်။ (သာဓေတောဥပမာရာဇ။ တံသုဏောဟိအရိန္ဒမ)စသည်ဖြင့်ဩဝါဒတရားကို ဟောကြားတော်မူသည်။ ။အရိန္ဒမ။ဆုံးမအပ်ပြီးသောရန်သူရှိသော။ရာဇ။မင်းမြတ်။ထေ။သင်မင်း၏။ဥပမာ။အတုပြု၍ကျင့်ရသောဥပမာတည်း။တံ။ ထိုကျင့်ရသောစကားကို။သု

ဇောဟိ။နာတော်မူလော။ရညာ။ပြည့်ရှင်မင်းသည်။ရဋ္ဌသာ။တိုင်းပြည်၏ရှင်း။ယောဂ္ဂသာ။ ဆင်စီးသူရဲမြင်းစီးသူရဲ၏ရှင်း။ ဗလဿ။ ဗိုလ်ပါ၏ရှင်း။နိဂမဿစ။နိဂုံးဇနပုဒ်၌နေသောသူ၏ရှင်း။ ဋ္ဌတိ။ဤသို့။သင်္ဂ္ဂသံ။အလုံးစုံသောသူတို့၏။သုခံ။ချမ်းသာကို။ဧတင်္ဂံ။ ရှာအင်၏။ ခတ္တိယေန။ ရေမြေကိုအစိုးရသောမင်းသည်။ ပဏ္ဍိတာ။ အခါခပ်သိမ်းပညာနှင့်ယှဉ်၍ပြုအပ်သည်။ဘဝိတဗ္ဗံ။ဖြစ်ရာ၏။ ။ငါတို့ဘုရားအလောင်းသည် ထိုထိုဘဝတို့၌မင်း၏အဖြစ်ကိုရတော်မူလျှင်။ ဇနပုဒ်တိုင်းသူတို့အား ချီးမြှောံသိမ်းပကားခြင်းကိုပြုတော်မူဘူးသေးပါရမီအထူးသည်ထုံလေရကား။ တိရစ္ဆာန်ဘဝ၌ပင်ဖြစ်သော်လည်း။ဤသို့ဇနပုဒ်တိုင်းသူတို့အားချီးမြှောံရာသောတရားကို။ ဗာရာဏသီမင်းအားဟောကြားနိုင်သည်။ ။ထိုကြောင့်။ ။(တထာနိဂမဝါသိနောနေဂမာ။ဇနပဒဝါသိနောနောစဇနပဒါ)ဟူ၍။ဤစက္ကဝတ္တိသုတ်အဋ္ဌကထာ၌ဘွင့်ဆိုတော်မူသည်။ ။ဤကားငါးခုမြောက်သောကျင့်ဝတ်တရားတည်း။

ဤပဉ္စမကျင့်ဝတ်တရား၌ပြဆိုခဲ့သောဝဇ္ဇီမင်းတို့သည်။ အပရိဟာနိယတရားဖြင့်သိမ်းပကားအပ်သော။နိဂမဟူသောအမည်။ဇနပဒဟူသောအမည်တို့သည်။အသင်္ချေတနာမပညတ်ဥပါဒ်ကင်းသောတရားဖြစ်၍။ယနေ့တက်တိုင်မပျောက်မပျက်နေဂမဇနပဒဟူ၍ ခေါ်ဝေါ်ပြောဆိုကြရကုန်သည်။ ထိုနေဂမဇနပဒအမည်ရသောအရပ်၌ နေကြကုန်သော မိန်းမယောကျ်ားကျွဲနွားဆင်မြင်းအစရှိသောသတ္တဝါပေါရယ်တို့သည် ပျောံပျက်ဘောက်လွဲအမြဲမရှိမင်းနှင့်တကွ ရုဋ်ခြင်းသို့ရောက်၍ ကုန်ပျောံကြလေကုန်ပြီ။ထိုဝဇ္ဇီမင်းတို့နှင့်တပြိုင်နက် ပြည်ထောင်ဘက် ဖြစ်ကုန်သောကာသိကောသလစသောထိုထိုတိုင်းပြည်တို့၌ ကြဉ်လည်သွားလာပျော်ပါးနေထိုင်ကြကုန်သောဇနပုဒ်သူဇနပုဒ်သားတို့သည်လည်း။ဒိမိတို့၏မင်းနှင့်တကွပျောက်ပျက်ကြလေကုန်ပြီ။ဤသင်္ခါရတရားကား။ ဘောံလွဲဒုတေနေ့ရွဲလျော့တတ်သော သဘောသတ္တိရှိသည်သာဖြစ်၍။ အစိုးမရလေဟူ၍ အောက်မေ့ဆင်ခြင်တော်မူအပ်သည်။ ဤသို့ပြဆိုခဲ့ပြီးသောသတ္တဝါတို့သည်တပြိုင်နက်တချက်တည်းပျက်စီးဘောက်ပြန်ကြသည်မဟုတ်။ဤသတ္တလောက၌သေသောသူသည်လည်းမစဲ၊ အိုမင်းထိုင်းမှိုင်းကိုင်းညွတ်သော သူတို့သည်လည်းမစဲ။ ပျိုမျစ်နုနယ် အရွယ်သို့ရောက်သောသူလည်းမစဲ။ငယ်ရွယ်သောသူလည်းမစဲ။မွေးဘွားသောသူလည်း

မစဲ။ဘောက်လှဲဘောက်ပြန် ဤခန္ဓာအစရှိ ဒါယကယုဝမးဏာဝ အစရှိ သောသမုတိကိုရကြကုန်သည်ဖြစ်၍။ ယခုတက်တိုင် သတ္တလောက၏ အာဥ်သည်အလျှည်မပြတ်ဖြစ်ကြကုန်သည်။ ဤသို့သတ္တလောက၏ဖြစ် သောအခြင်းအရာကို။ထန်းအုန်းစသောသစ်ပင်တို့ကို မံသစက္ခုသို့တင် ၍။စိန္တာမယဉာဏ်ဖြင့်ရှုဆင်ခြင်အပ်၏။ ။ရှုဆင်ခြင်အပ်သည်ကား။ ဤသို့သဖောာရှိသောထန်းအုန်းသစ်ပင်တို့၌နုသောရွက်ဖူးကိုရှု၍။ဤရွက် ဖူးနှင့်အတူ။ဤသတ္တလောက၌ ငယ်ရွယ်သောသူတို့လည်းရှိကုန်သည်။ ရွက်ဖူးရွက်ညွှန့်တို့သည်ကါ။ကားပွင့်၍နုသေးကုန်သောအုန်းရွက်ထန်း ရွက်တို့ကိုရှု၍။ ဤအုန်းရွက် ထန်းရွက်နှင့်အတူ။ သတ္တလောက၌ ငယ် ရွယ်ပျိုနုသောသူတို့သည်လည်းရှိကုန်သည်။ စိန်းမြည်ိုပတ်လျက်ညှင်း ပျောက်ထွက်သော အုန်းရွက်ထန်းရွက်တို့ကိုကြည့်ရှု၍။ ဤအုန်းရွက် ထန်းရွက်နှင့်အတူ။ဆံပြုသွားကျွတ်သောသူတို့သည်ရှိကုန်သည်။ ခြော် သွေ့ညှဘ်ကြလျက်အပင်မှမလွတ်သေးသောထန်းရွက်အုန်းရွက်တို့ကို ရှု၍။ ထိုထန်းရွက်အုန်းရွက်နှင့်အတူ။ သတ္တလောက၌ အိုမင်းထိုင်းမိုင်း ကိုင်းညွတ်မှေ့လျော့သောသူတို့သည်လည်းရှိကုန်သည်။ကြွေကျလေပြီး သောထန်းရွက်အုန်းရွက်တို့၏ နေရာဌာနသည်။ အုန်းထန်းပင်စည်၌အ ရေးအသားထင်သည်ကိုရှု၍ထိုကြွေကျသောအခက်အလက်တို့၏နေရာ ဌာနအရေးအသားကိုကဲ့သို့ရတေလေသောသူတို့၏နေရာမြို့ရွာဌာန။ထို သူတို့သည် ပြုခဲ့သောစေတီပုထိုး စသည်တို့သည်ရှိရစ်ကုန်သည်။ ဤ သတ္တလောကသည်။ဤသို့နှင်နှင်အဆက်မပြတ်ငပ်ခါဖြစ်ကုန်သည်။ ငါ ၏အတ္တဘောမူကား။ဤမည်သောအုန်းရွက်ထန်းရွက်နှင့်တူစွာ။ ဤမည် သောနေရာသို့ရောက်ကုန်ပြီ။ခြောက်သွေ့ညိုးလျော်ကြွေကျသောအုန်း ရွက်နှင့်အတူ။ ငါ၏အတ္တဘောသည်လည်းဖြစ်လတ္တံ့။ ဤသို့စိန္တာမယ ဉာဏ်ဖြင့် အောက်မေ့ဆင်ခြင်၍။ သင်္ခါရလောကတို့၌ ထိုက်သည်အား လျော်စွာ။မရဏာသတိစသည်ဖြင့်။ သတ္တလောကကိုပွါးရာသည်။ ဤသို့ သတ္တလောက၌။ကြီးဘိငယ်ပြန်ကိုးတန်လောကုတ်။ ဝိမုတ်တစိကိုမသိ မှု၍။ဤသံသရာစက်မှမထွက်မြောက်ဘဲ။ခနောင်းဝဲ၌။ ကျလှဲရှေ့နောက်။ တထောက်ပတ်ပတ်။ သံသာဝဋ်မှမလွတ်နိုင်ဘဲရှိကြခြင်းသည်။ မိမိတို့ ၏အတ္တဘောကိုနိစ္စသုဘသုခအတ္တအားဖြင့်နှလုံးသွင်းလျက်၊ နေ့ရက်ကို ကုန်စေသောအားဖြင့်။သံသရာရှည်လျားလေသည်သာဖြစ်သည်။ ။

ထိုကြောင့်သံသရာ၌မကြာမြင့်ခြင်း၌။ မိမိအတ္တဘောကို။ အနိစ္စအသုဘ ဒုက္ခအနတ္တအားဖြင့် ပွါးများဆင်ခြင်အပ်သည်။ ဤပွါးများဆင်ခြင်ခြင်းသည်။ ဘုရားအလောင်း သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်း။ ကောင်းသောအကျင့်ပင်ဖြစ်သည်။

ငါတို့ဘုရားအလောင်းအောက်မေ့သုံးသပ်တော်မူသည်ကား။ ။ငါတို့ဘုရားအလောင်းသည်ပုဏ္ဏားမျိုးဖြစ်၍ သုံးဆဲ့နှစ်ပါးသောကောဋ္ဌာသတို့၏ ဓမ္မတာဖြော့တော့သောရောဂါသည်ကပ်ရောက်လာ၍ ရသေ့ရဟန်းပြုပြီးသော်။ ။(ဖုဋ္ဌသာမေအညစ်ကြေးနျာဓိနာ)စသည်ဖြင့်အတ္တဘော၏အပြစ်ဒေါသကိုရှုဆင်ခြင်တော်မူသည်။ ။ဘော။အိုအချင်းတို့။အညစ်ကြေး။ကိုးဆဲ့ခြောက်ပါးသော ရောဂါတို့တွင်တပါးပါးသော။ ရောဂေန။ကျင်နာတတ်သော။ဗျာဓိနာ။အနာဖြင့်။ဖုဋ္ဌသံ။ တွေ့သော။ ဗလံ။ပြင်းစွာ။ဒုက္ခိတသာ။ဆင်းရဲခြင်းသို့ရောက်သော။ရုပ္ပတော။ ဘောက်ပြန်ကျင်နာတတ်သော။ မေမမ။ငါ၏။ဣဒံကဠေဝရံ။ ဤခန္ဓာကိုယ်သည်။ အာတာပေ။နေပူ၌။ ပံသုနိ။ပူသောသဲရ၌။ ကထိံဋ္ဌပိတံ။ ထားအပ်သော။ ပုပ္ဖံ။ပန်းပွင့်သည်။ပရိသောသေတိယထာ။ သွေ့ခြောက်ဘောက်ပြန်သကဲ့သို့။ခိပ္ပံ။လျင်စွာ။ပရိသုဿတိ။ ခြောက်တတ်လတ္တံ့။အာဇညံ။ နှစ်သက်ဘွယ်မရှိဘဲလျက်။ ဇညသမ္မတံ။ ဝိပဿနာပညာမှကင်းသော သူတို့သည်။နှစ်သက်ဘွယ်ရှိ၏ဟုဆိုအပ်သော။အသုစိ။ မစင်ကြယ်ဘဲလျက်။ သုစိသမတံ။ ဝိပဿနာပညာမှဆိတ်သောသူတို့သည်စင်ကြယ်၏ဟူ၍ သမိုက်အပ်သော။နာနာကုနပပရိပူရံ။ အသွေးထူးသောအပုပ်တို့ဖြင့်ပြည့်သော။ဣမံကဠေဝရံ။ဤခန္ဓာကိုယ်ကို။အပဿတော။ဝိပဿနာပညာဖြင့် ရှုသောပုဂ္ဂိုလ်အား။ဇညရူပံ။ ကောင်းသောရူပကာယဟူ၍။ ဥပဋ္ဌာတိ။ ၏။ ။ယတ္ထပုတိကာယေ။အကြင်အကောင်ပုပ်၌။ပမတ္တာ။ ဝိပဿနာပညာဖြင့်မရှုဘဲတဘြား ဖြင့်စွဲလမ်းမက်မော၍မေ့လျော့ကုန်သော။ အဓိမုစ္ဆိတာ။ တဏှာမာနဒိဋ္ဌိဖြင့်အလွန်တွေဝေကုန်သော။ ပဇာ။ ဝိပဿနာ။ပညာမှကင်းကုန်သောသတ္တဝါတို့သည်။ သုဂတုပပတ္တိယာ။ သုဂတိဘုံ၌ ဖြစ်ခြင်း၏။မဂ္ဂံ။အကြောင်းကို။ ဝါ။သွားရာခရီးကို။ ဟာပေန္တိ။ ယုတ်စေကုန်၏။ အာတုရံ။ ကျင်နာတတ်သော။ ဇိဂုစ္ဆိယံ။ စက်ဆုပ်အပ်သော။အသုစိ။မစင်ကြယ်သော။ဗျာဓိမန္ဒိရံ။ဖျားနာဘတ်သေါသဘော ရှိသော။တံပုတိကာယံ။ထိုအကောင်ပုပ်သည်။ဓိ။စက်ဆုပ်ဘွယ်ရှိသည်။

အဥ္ဆူ။ဖြစ်လေစွ။ ။တိက္ခနိပါတ်ကာယနိဗ္ဗ နွှစာတ်။ဤသို့ဘုရားအလောင်းသူတော်ကောင်းတို့၏ နှလုံးသွင်းသော နည်းအားဖြင့်။ သံသရာစက်မှထွက်မြောက်လွယ်ခြင်း၏အကြောင်းဖြစ်သောအဘ္ဘဘောကို။အနိစ္စအသုဘဒုက္ခအနတ္တအားဖြင့်ပွါးများဆင်ခြင်အပ်သည်။ ဤပုဗ္ဗဘာဗဟု ဆိုအပ်သောငါတို့ဘုရားအလောင်းသည်။ ဘဝကြီးဘဝငယ်တို့၌။ ဝဋ္ဋဒုက္ခကိုခံစားတော်မူလျက်သဗ္ဗညုတညာဏ်ကိုရင့်စေလတ်၍။ဘုရားအဖြစ်သို့ရောက်တော်မူသော်လည်း အမြဲမတည်ပရိနိဗ္ဗာန်စံယူသောအားဖြင့် သောပြန်တော်မူရသည်ကို၊ ။လောကော။သတ္တလောကသြကာသလောကဥ္။အမတံ။အမြိုက်နိဗ္ဗာန်ကို။ဝါ။ အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောဒေသနာတော်ကို။ ပကာသယံပကာသယန္တော။ ပြောဟောပြသတော်မူသော မြတ်စွာဘုရားသည်။ ဇဋ္ဌဗလံ။ ဘုရားငါးကာတို့ပြည့်စုံရာသောကာယဗလညာဏဗလကို။ ဒဿယိတွာ၊ထင်ရှားစေ၍။အဂ္ဂိ။ မီးပုံကြီးသည်။ဥပါဒါနသင်္ခါရ။မီးစာ၏ကုန်ခြင်းကြောင့်။ နိဗ္ဗာတိဇာဝ။ ငြိမ်းသကဲ့သို့။အနုပါဒါနော။ ဘင အသုးသို့၊ ကူးသွားကြောင်းဖြစ်သောဥပါဒါနက္ခန္ဓာမရှိသည်ဖြစ်၍။ပရိနိဗ္ဗာယိ။ပရိနိဗ္ဗာန်စံယူတော်မူရလေပြီ။ ။ရတနာနိတော။ရတနာရွှေတောင်ကြီး၏။ ရွှရွှမားမားသွားဘိသကဲ့သို့သောသွားခြင်းရှိတော်မူသော။သောင ကာယော။ထိုရူပကာယတော်သည်ရင်း၊အသဒိသော။ တုဘက် စရာဥပမာမရှိသော။သောစမ္မော။ ထိုဥဒိလာသမာဓိအင်ရှိသောဓမ္မကာယတော်သည်ရင်း။ အဓ္ဓိ။ရှိတော်မူ၏။သင့်။ အလုံးစုံသောရူပကာယ၏တင့်တယ်ခြင်းဓမ္မကာယ၏ တင့်တယ်ခြင်းသည်။ သမန္တာရဟိတံ။ကြွင်းမဲ့ဥသုံကုန်ငင်ပျော်စဲလေပြီ။သဗ္ဗသင်္ခါရာ။ဥသုံသောသင်္ခါရတရားတို့သည်။ နန္ဒ။ စင်စစ်။ ရိတ္တာ။ အချည်းအနှီးတို့သာတည်း။ ။ဤသို့ဇဋ္ဌဝင်ပါဠိ၌ဟောတော်မူသည်ကိုအသင့်နှလုံးပိုက်ကြိုးသွင်း ထားလျက်ငါတို့၌လည်းထိုက်သည်အားလျော်စွာပြဘဲ့ရုံလာသော ရူပကာယ သိမြင်သမျှသောအဘတ်ပညာအသိမွာဟူသည်တခုမကြွင်း ပျောက်ပျက်ခြင်းသို့ရောက်လတ္တံ့ဟူ၍ မရဏာသတိတရားကို အခုံးထား၍ဘာဝနာကိုပွါးရာသည်။

( ၆ ) သမထာဖြဟ္မဏောသုဒ်ကံဟူသောဆဌကျင့်ဝတ်တရား၌သိလရှိသောရဟန်းတို့အား။ စောင့်ရှောက်လုံခြုံစေသောအားဖြင့်မမေ့မလျော့ချီးမြှောက်အပ်သည်ကား။ ။သမိတပါပဘာဟိထပါပသမဏာဖြဟ္မဏာ။

မကောင်းမှုကို ငြိမ်းစေကုန်။ မကောင်းမှုမှအပပြုကုန်ပြီးသော ရဟန်းကောင်းတို့ကို။သမဏာပရိက္ခာရသမ္မဒါနေန။ ရဟန်း၏အသုံးအဆောင်ဖြစ်သောအားဖြင့်။ သင်္ကန်းရာ။အရိုအသေပြုခြင်းတို့ကို။ကာတဗ္ဗာ။ ပြုအပ်ကုန်၏။ ။ဤသို့စက္ကဝတ္တိသုတ်အဋ္ဌကထာ၌လာသည်ဖြစ်၍။ ရဟန်းကောင်းတို့အားပစ္စည်းပရိက္ခာရာတို့ဖြင့် မမေ့မလျော့ချီးမြှောက်ခြင်းကိုပြုတော်မူအပ်သည်။ ။ဤသဒ္ဓကျင့်ဝတ်တရား၏အကျယ်ကိုဓမ္မာနုဂ္ဂဟာအပ္ပမာဒကထာမှာကျယ်စွာ ပြဆိုခဲ့။ ။ဤကားချောက်ခုမြောက်သော ကျင့်ဝတ်တရားတည်း။

(၇)(မိဂပက္ခိသုဇကာ)ဟူသောသတ္တမကျင့်ဝတ်တရား၌။ သားငှက်အပေါင်းတို့ကိုစောင့်ရှောက်လုံခြုံစေသောအားဖြင့်မမေ့မလျော့ချီးမြှောက်အပ်သည်ကား။ ။မိဂပက္ခိနော။သားငှက်အပေါင်းတို့ကို။အဘယဒါနေန။ဘေးမဲ့ပေးသောအားဖြင့်။ သမဿာသေတဗ္ဗာ။ သက်သာရာကို ရစေအပ်ကုန်၏။ ။ဤသို့စက္ကဝတ္တိသုတ်အဋ္ဌကထာ၌ပြဆိုခြင်းကြောင့်။သားငှက်အပေါင်းတို့အား မညှဉ်းဆဲစေရ။ အဘယဒါန အပိုင်းအခြားထားသောအားဖြင့်။ သားငှက်တို့ကိုချမ်းသာစေရာသည်။ ဤသို့သားငှက်တို့ကိုနှိပ်စက်ညှဉ်းပန်းခြင်းမရှိအောင်စောင့်ရှောက်သည်ရှိသော်။ကုသိုလ်ကံသမ္ဘာရအဆောက်အဦးကိုရသည်ဖြစ်၍။ အဘယဒါနကုသိုလ်ကံသည်အပါယ်ဘေးမှမိမိကိုယ်ကိုစောင့်ရှောက်လုံခြုံစေသည်။ သူတပါးကိုစောင့်ရှောက်သည်ရှိသော်။ မိမိကိုယ်ကိုလည်း လုံခြုံစေခြင်းကိစ္စပြီးသည်။ မိမိကိုယ်ကိုစောင့်ရှောက်သည်မည်သည်။ ။ထိုကြောင့်ဤစက္ကဝတ္တိသုတ်အဋ္ဌကထာ၌။ ။ပရံရက္ခန္တော်အတ္တာနံရက္ခတိ)စသည်ဖြင့်ပြဆိုတော်မူသည်။ပရံ။သူတပါးကို။ရက္ခန္တော။စောင့်သောသူသည်။ အတ္တာနံ။မိမိကိုယ်ကို။ ရက္ခတိ၊စောင့်သည်မည်၏။ ဣတိ။ဤသို့။ ဝစနတော။ဘုရားဟောတော်မူသောကြောင့်။ ခန္တီအာဒယော။ သည်းခံခြင်းအစရှိသည်တို့သည်။ ရက္ခာ။ မိမိကိုယ်ကိုစောင့်တတ်သောတရားမည်ကုန်၏။ဟိသစ္စံ။မှန်၏။ကထဉ္စဘိက္ခဝေ။လ။ အနုဒ္ဒယတာတိ။အနုဒ္ဒယတာဟူသော။ဝေါဝဝနံ။ဤသို့စကားကို။ဝုတ္တံ။ဘုရားဟောတော်မူအပ်၏။ ။ဘိက္ခဝေ။ရဟန်းတို့။ကထဉ္စ။အဘယ်သို့လျှင်။ပရံ။သူတပါးကို။ရက္ခန္တော။စောင့်သောသူသည်။အတ္တာနံ။မိမိကိုယ်ကို။ ရက္ခတိ။စောင့်သည်မည်သနည်း။ခန္တိယာ။သည်းခံသောအားဖြင့်ရင်း။ အဝိဟိံသာယ။သတ္တဝါတို့ကို

မညှဉ်းဆဲသောအားဖြင့်ရင်း။ မေတ္တစိတ္တတာ။ မေတ္တာစိတ်နှင့်ယှဉ်သည်
၏အဖြစ်သည်ရင်း။ အနုဒ္ဒယတာ။ သနားခြင်းရှိသည်၏ အဖြစ်သည်ရင်း။
ရက္ခတိ။စောင့်ရှောက်၏။ ။သတ္တဝါတိရစ္ဆာန်တို့အားဘေးမဲ့အပိုင်း
အခြားထား၍။အဘယဒါနပေးခြင်းတည်းဟူသော ဇီဝိတဒါနကုသိုလ်
စေတနာသည် ဆိုအပ်ပြီးသောနည်းဖြင့်။ ထိုစေတနာ၏ကိန်းရာပုဂ္ဂိုလ်
ကိုအမြဲစောင့်ရှောက်သည်။ ။ထိုကြောင့်။ဒသနိပါတ်ဓမ္မပါလဇာတ်၌။ ။
ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိအစရှိသည်ဖြင့် ဟောတော်မူသည်။ ။
ဓမ္မော။ပါဏာတိပါတအစရှိသည်မှ ရှောင်ကြဉ်သောကုသိုလ်စေတနာ
တရားသည်။ဓမ္မစာရိ။ တရားကိုကျင့်သောသူကို။ ဟဝေဧကန္တေန။စင်
စစ်အားဖြင့်။ရက္ခတိ။မိမိတည်ရာပုဂ္ဂိုလ်ကိုစောင့်ရှောက်၏။ သုစိဏ္ဏော။
ကောင်းစွာလေ့ကျက်အပ်သော။ ဓမ္မော။ ကုသိုလ်တရား၌။ ဧသော။ဤ
သည်လျှင်။အာနိသံသော။အကျိုးတည်း။ ။ဓမ္မစာရိတရားကိုကျင့်သော
သူသည်။ဒုဂ္ဂတိံ။ဒုဂ္ဂတိဘဝသို့။နဂစ္ဆတိ။မလာ။ ။ဝဿကာလေ။မိုးယန်း
ကာလ၌။မဟန္တံ။ ကြီးစွာသော။ ဆတ္တံ။ထီးသည်။ ဝဿတေမနုတော။
မိုးယန်းရည်၏စွတ်စိုခြင်းမှ။ ရက္ခတိဣဝ။ စောင့်ရှောက်သကဲ့သို့။ ဓမ္မော။
လေ့ကျက်အပ်သောကုသိုလ်တရားသည်။ဓမ္မစာရိ။တရားကိုကျင့်သော
သူကိုသာလျှင်။ဟဝေ။စင်စစ်။ဒုက္ခတော။ဆင်းရဲမှ။ရက္ခတိ။စောင့်၏။ ။
ဤပါဠိ၏အဖွင့်အဋ္ဌကထာ၌လည်း။ ။ရက္ခိတော။ စောင့်ရှောက်အပ်
သော။ဧသောဓမ္မောနာမ။ဤကုသိုလ်တရားမည်သည်ကား။အတ္တနော။မိ
မိသည်။ရက္ခိတံ။စောင့်ရှောက်အပ်သောကုသိုလ်ကံသည်။ပဋိရက္ခတိ။
တဖန်ပြန်၍ပုဂ္ဂိုလ်ကိုစောင့်၏။သုခမာဝဟတိ။ သုခမာဝဟံဟူသည်
ကား။ ဒေဝမနုဿသုခဉ္စ။ လူချမ်းသာနတ်ချမ်းသာကိုရင်း။ နိဗ္ဗာနသု
ခဉ္စ။နိဗ္ဗာန်ချမ်းသာကိုရင်း။ အာဝဟတိ။ ရွက်ဆောင်၏။နဒုဂ္ဂတိံဂစ္ဆ။နဒုဂ္ဂ
တိဟူသည်ကား။နိရယာဒိဘေဒံ။ငရဲအစရှိသည်အပြားရှိသော။ဒုဂ္ဂတိံ။
ဒုဂ္ဂတိဘဝသို့။နဂစ္ဆတိ။မလားရ။ ။ဟူ၍လာသည်။ ။ဤသို့ပါဠိအဋ္ဌက
ထာတို့၌လာရကား။သူတပါးကိုစောင့်ရှောက်လျှင်။ မိမိကိုယ်ကိုစောင့်
ရှောက်သည်မည်သောကြောင့်။ ဘုရားအလောင်း မင်းကောင်းမင်းမြတ်
တို့၏ပြကတေလေ့တံထွာ သတ္တဝါတိရစ္ဆာန်တို့အားဘေးမဲ့ပေးသော
အားဖြင့်ကျင့်ဝတ်တရားကိုမမေ့မလျော့အားထုတ်တော်မူရသည်။ ။
ထိုကြောင့်အဋ္ဌနိပါတ်အာဒိတ္တဇာတ်၌။ပစ္စေကဗုဒ္ဓါမထေရ်သည်။ သီဝ

ရာဇ်မင်းကြီးအား။ ။ယောဝါပါဏာဘူတာနိဒ္ဓေဟောယေိစရိ အစရှိသည့်ဖြင့်ဟောတော်မူသည်။ ။ရထေသဘာ။ ရထားစီးခြင်း မင်းတကာတို့တက်မြတ်ပသောမင်း။ယောနရော။ အကြင်သူသည်။ပါဏာဘူတါနိ။သတ္တဝါအပေါင်းတို့ကို။ အဟေဝယိံအဟေဝယေန္တော။ မညှဉ်းဆဲသည်။ ဟုတ္တာ။ဖြစ်၍။စရိံစရန္တော။ကျင့်သည်။ဟုတ္တာ။ဖြစ်၍။ပရူပဝါဒါ။ သူတော်ကောင်းတို့၏ကဲ့ ရဲ့စွပ်စွဲအံ့သည်မှကြောက်သောကြောင့်။ပါပံ။မကောင်းမှုကို။နကရောတိ။မပြု။ဘီရူ။ကဲ့ ရဲ့ခြင်းမှကြောက်သည်ဖြစ်၍ မကောင်းမှုကိုမပြုသော။ တံနရံ။ ထိုသူကို။ ပဏ္ဍိတာ။ ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ ပသံသန္တိ။ချီးမွမ်းတော်မူကြကုန်၏။ ဟိသစ္စံ။ မှန်၏။ တတ္ထ။ထိုမကောင်းမှုကိုပြုရာ၌။သူရံ။ရဲရင့်သောသူကို။ပဏ္ဍိတာ။ ပညာရှိတို့သည်။နပသံသန္တိ။ချီးမွမ်းတော်မမူကြကုန်။ဟိသစ္စံ။မှန်၏။ဘယာ။ကဲ့ရဲ့ခြင်းမှကြောက်သောကြောင့်။ သန္တော။သူတော်ကောင်းတို့သည်။ ပါပံ။မကောင်းမှုကို။နကရောန္တိ။မပြုကုန်။ ။ဤသို့အဘယအချပ်ဌာနအပိုင်းအခြားထား၍သားငှက်တိရစ္ဆာန်တို့အား။ဘေးမဲ့ပေးခြင်းသည်ဇိဝိတဒါနမည်သည်။ ။ထိုကြောင့်။ "အဇ္ဈသာလိနီအဋ္ဌကထာ၌။ဇိဝိတဒါနန္တိ။ဇိဝိတဒါနဟူသည့်ကား။လ။ဇာလံ။ပိုက်ကွန်ကို။ဖလာပေတိ။ဆုတ်ဖြတ်စေ၏။ ကုမိနံ။မြှုံးကို၊ဝိဋ္ဋံသာပေတိ။ဖျက်ဆီးစေ၏။ သကုဏပဉ္စရံ၊ သားငှက်တို့ကိုထားရာဖြစ်သောချိုင့်ကို။ဝိဒ္ဓံသာပေတိ။ ဖျက်ဆီးစေ၏။ဗန္ဓနာ အနှောင်အဖွဲ့မှ။ မောက္ခံ။လွတ်သည်ကို။ကာရေပေတိ။ပြုစေ၏။မာဃာတဘေရိံ။ သားကြီးငါးကြီးတို့ကို မသတ်မဖြတ်ကြကုန်လင့်ဟူ၍စည်လှည့်လည်ခြင်းကို။စရာပေတိ။လှည့်လည်စေ၏။အညာနိပိ။ပြဆိုခဲ့သည်မှတပါးလည်းဖြစ်ကုန်သော။ဇိဝိတပရိတ္တာဏတ္တံ။ သားငှက်တို့၏အသက်အရေမ်အဘားအလို့ငှါ၊ဝေရူပါနိ။ ဤသို့သဘောရှိကုန်သောကမ္မာနိ။ ဘေးမဲ့အပိုင်းအခြားထားသောအမှုတို့ကို။ကရောတိ။ပြု၏။ တဒါ။ထိုပြုသောအခါ၌။ဒါနမယံ။ ဒါနဖြင့်ပြီးသော မဟာကုသိုလ်သည်။ဟောတိ။ဖြစ်၏။ ဤသို့ဘွင့်ဆိုသည်။ ။ဤသို့ဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့သည်ထားအပ်သောနည်းဥပဒေသသည်အစဉ်အဆက်မပျက်သေါအားဖြင့် ငါတို့ဘုရားသခင်လက်ထက်တော်တိုင်သားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ပေးလျက်မိဂဒါယအဘယဌာနထားကြသည်ဖြစ်၍။ ကဿပကတ္တလေ မိဂဒါယောဘိတသာနဂရသ အဒိဒူရေ

ကဏ္ဍကတ္တလံနာမဇေကောရမ္မကံယောဘူမိဘာဂေါအတ္ထိ။ သောမိဂါနံ
အဘာယတ္တာယဒိန္နတ္တာဒိန္နတ္တာမိဂဒါယောတိဝုစ္စတိ။ ။ဟူ၍ဥရုညာ
မည်သောပြည်၏အနီး၌မိဂဒါယအဘာယဋ္ဌာနအပိုင်းအခြားထားကြောင်း
ကို။ သီလက္ခန္ဓဝဂ် မဟာသီဟနာဒသုတ်အဘွင့်။ မဇ္ဈိမပဏ္ဏာသကဏ္ဍ
ကတ္တလသုတ်အဘွင့်တို့၌လာသည်။ ။ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်
၏အနီးတွင်။ဥဒေါင်းတို့အားအဘာယဋ္ဌာနထားကြောင်းကို။ ။မောရနိ
ဝါပေါတိနိဝါပေါရုက္ခတိဘတ္တံယတ္ထမောရာနံ အဘာယေနသဒ္ဓိံနိဝါပေါ
ဒိန္နော။ ။တဿဋ္ဌာနေမောရာနံအဘယံဂေါသေတွာဘာဇနံအဒံသု။
တသ္မာတံဋ္ဌာနံမောရနိဝါပေါတိသင်္ခံဂတံ။ ။ဟူ၍ပါထေယျဝဂ်ဥဒုမ္ဗရိ
ကသုတ်။ ။မဇ္ဈိမပဏ္ဏာသမဟာသကုလုဒါယိသုတ်အဘွင့်တို့၌ပြဆို
သည်။ ။ထိုရာဇဂြိုဟ်ပြည်၏အနီး၌ပင်။မဒ္ဒကုစ္ဆိအမည်ရှိသောအရပ်
ကို။ သားငှက် တရစ္ဆာန်တို့အား။ အဘာယဋ္ဌာန အပိုင်းအခြား ထား
ကြောင်းကို။ ဇေဝံမေသုတံ။ ဧကံသမယံဘဂဝါရာဇဂဟေဝိဟရတိ။မဒ္ဒ
ကုစ္ဆိသ္မိံမိဂဒါယေဟူ၍၎င်း။ ။မိဂါနံပနအဘာယဝါသတ္တာယဒိန္နတ္တာ
မိဂဒါယောတိဝုစ္စတိ။ဟူ၍၎င်း။ သဂါထာဝဂ္ဂဒေဝတာသံယုတ်ပါဠိအဋ္ဌ
ကထာတို့၌လာသည်။ ။ယခုဇေကာရာဇာမင်းမြတ်လက်ထက်တွင်လည်း
အရညဝါသီရဟန်းတို့၏ နေရာအခင်းပတ်ကုန်းဝန်းကျင်၌သားငှက်တို့
အားအထိအပါးမရှိစေရ။ အဘာယဋ္ဌာန အပိုင်းအခြားထားတော်မူခြင်း
သည်၎င်းအင်းအိုင်ထုံးချောင်းအသည်မြောင်းမြစ်ကွေ့တို့၌ ဘေးမဲ့အပိုင်း
အခြားထားခြင်းသည်၎င်း။ ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့၏
အကျင့်ပင်ဖြစ်သည်။ ။ထိုကြောင့်။ ။မိဂပက္ခိနောအဘာယံဒါနေန
သမသာသေတဗ္ဗာ။ဟူ၍စက္ကဝတ္တိသုတ်အဋ္ဌကထာ၌မိန့်အင်သည်။ ။
ဤကားခုနစ်ချမြောက်သောကျင့်ဝတ်တရားတည်း။

ဤခုနစ်ဆင့်မြောက်သောကျင့်ဝတ်တရားကိုကြားနာရာ၌။ဤသို့စိန္တာ
မယညာဏ်ဖြင့် နှလုံးပိုက်သွင်းအောက်မေ့ခြင်းကို ပြုရာသည်။ ပြုရာ
သည်ကား။ ဤသတ္တလောက၌ တဏှာဟုဆိုအပ်သော သမုဒယသစ္စာ
သည်ပေပါခိုင်ခံ့အင်းသေးကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးသည်များ
စွာသောသတ္တဝါတို့၏သန္တာန်ကိုဖန်ဆင်းပြုလုပ်၍ ဒုက္ခသစ္စာကိုဖြစ်စေ
သည်။ဒိပင်္ကရာမြတ်စွာဘုရား၏ခြေတော်ရင်း၌နိယတဗျာဒိတ်တည်းဟူ
သောနုတ်တင်ဆိပ်ဖြင့်နှိပ်ခြင်းကိုခံရပြီသော ငါတို့ဘုရားအလောင်းစည်

လျက်သားငှက်တိရစ္ဆာန်တို့ဘဝ၌ကျရောက်တော်မူရသည်။ ဤသမုဒယသစ္စာကား စက်ဆုပ် ရှုံ့ရှာဘွယ်ရှိလေစွ။ ငါတို့တမှုကားဆိုဘွယ်မရှိ တောင်မြေခံချောက်ကြားတောဖျားစေးချုံတို့ကို မှီတင်းလျက်အပေါင်းအသင်းဖွဲ့၍ သင်္ဂဏိကာရာမတတ္တာဖြင့် ဘာသာဝလေ့မွေ့ခဲ့လှလေပြီ။ ဤသို့ဖြစ်သောအစဉ်ကိုအဝိဇ္ဇာဖုံးလွှမ်းပိတ်ပင်သည်ဖြစ်၍ရင်း။ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို မရသည်ဖြစ်၍ရင်း။ ငါတို့မသိမမြင်ရ ချေသည်။ ယင်းသို့ဖြစ်လင့်ကစား။ ဘုရားသခင်၏ သာသနာတော်အစဉ်ကိုသိမြင်ဆင်ခြင်သောအားဖြင့်နောက်နောင်ဘဝတို့၌။ ဤသို့သဘောရှိသော သားငှက်တိရစ္ဆာန်တို့၏အဖြစ်ဖြင့်ဖြစ်၍ အတ္တဘောကိုစွန့်ပစ်ရလှလေပြီ။ဤသံသရာစက်ကားကြောက်မက်ဘွယ်သိ နစ်နာမရှိ ရှည်လေစွတကားဟု၍သံဝေဂတရားကိုလည်းပွါးတော်မူအပ်သည်။ ဤယခုအခါငါဧကရာဇ်မင်းသည်ထားအပ်သောအဘယဌာန၌ သွားလာကျက်စားသော သားငှက်တိရစ္ဆာန်တို့သည် ဥပဒ္ဒဝက မရဏာတပါးမှသာ လွတ်ကြလေသည်။အာယုက္ခယမရဏ။ ကမ္မက္ခယမရဏာနှစ်ပါးတို့မှာကား သိကြားဗြဟ္မာပင်ဖြစ်သော်လည်း လွတ်ငြိမ်းအောင်ဘေးမဲ့မပေးနိုင်ရာ။ ဤသတ္တဝါတိရစ္ဆာန်အများတို့တွင်အချို့သောသတ္တဝါတို့သည်မြေ၌ကြဉ်လည်ကျက်စားပျော်ပါး သွားလာကြကုန်သည်။ အချို့သောသတ္တဝါတို့သည်ရေ၌ ကြဉ်လည်သွားလာပျော်ပါးနေထိုင်ကြကုန်သည်။ အချို့သောသတ္တဝါတို့သည် ကောင်းကင်သစ်ပင်အခက်တို့၌ ပျော်ပါးသွားလာကျက်စားနေထိုင်ကြကုန်သည်။ ထိုသတ္တဝါအပေါင်းတို့သည် မြေရေကောင်းကင်သစ်ပင်၌ပင်နေလင့်ကစား။မရဏာတရားမှမလွတ်ကင်းနိုင်။မရဏာတည်းဟူသောကျောက်တောင်ကြီးသည်ဘိစီးနှိပ်စက်လျက်မြေပြင်ကောင်းကင်အသိ လိမ့်၍သာဘိသကဲ့သို့၊ သတ္တဝါတို့ကို မခြွင်းမချန်မူ၍ ဖျက်ဆီးကြိတ်နှိပ်လေစွတကားဟု။ စိန္တာမယညာဏ်ဖြင့်ကြံဆ၍ မရဏာနုဿတိတရားကိုပွါးများအပ်သည်။ ။ထိုထက်အလွန်လည်းဤသားငှက်တိရစ္ဆာန်တို့ကိုဒေဝဒူတတရား၌ သွင်းထား၍ပွါးများဆင်ခြင်အပ်သည်ကား။ သားငှက်တိရစ္ဆာန်တို့ကမပြောမဆိုသော်လည်း ပြောဆိုဘိသကဲ့သို့ဖြစ်သည်။ငါတို့သားငှက်တိရစ္ဆာန်တို့မှာ။ အကုသိုလ်ကံသည်ဤဘုံဘဝ၌ပစ်ချအပ်သည်ဖြစ်၍ အချင်းချင်းနှိပ်စက်ညှဉ်းပန်းလျက် ရှုပ်ရှုပ်ဝါး၍အရှင်လတ်လတ်ကိုပင်စားသော်လည်းတရားအားလျော်စွာဆုံး

ဖြတ်စီရင်တတ်သောသူမရှိ။ရောဂါဝေဒနာကင်ရောက်လာသော်လည်း
တရုံတရာ ရောဂါမှထကြောင်းကောင်းသော ဆေးဝါးဖြင့် ကုမတတ်
သောသူလည်းမရှိ။ အစားအစာအိပ်ရာနေရာတို့သည်လည်းရရာရမိအ
ချမ်းအပူတို့သည် မပြတ်နှိပ်စက်လျက်အိပ်စက်သွားလာ စားသောက်
ကြရကုန်သည်။ ဤသို့ဖြစ်ရခြင်းသည်အကုသိုလ်ကံဘည်းဟူသောအ
စိုးရသောသူ၏လက်မှမလွတ်ရသေးသည်ဖြစ်၍ခံကြရကုန်သည်။သင်
လူများအပေါင်းတို့သည်လည်းအကုသိုလ်ကံ၏ လက်မှမလွတ်ရသေးသ
ရွှေငါတို့ သား၄က် တိရစ္ဆာန်ကဲ့သို့ ဆင်းရဲကို မခံဟူ၍ မပြောမဆို
အပ်။ ။ထိုကြောင့်။ငါတို့သား၄က်တို့ကဲ့သို့ဆင်းရဲဒုက္ခသို့မကျမရော
လိုလျှင်ကုသိုလ်တရားကိုနေ့ညမပြတ်အါးထုတ်ကြလတ်ကုန်ဟူ၍ဒေဝ
နူဘငါးပါးကဲ့သို့ပြောဆိုသော အရောကိုပညာနားဖြင့် ကြားသိထင်မြင်
လျက်ကုသိုလ်တရားကိုမမေ့မလျော့အားထုတ်အပ်သည်သာဖြစ်သည်။
ဤသို့စိန္တာမယဉာဏ်ဖြင့်ကြံဆ၍ဤသတ္တဝါအများဟုဆိုအပ်သောဒုက္ခ
သစ္စာဖြင့်ရေတွက်အပ်သောဝိညာဏ်နါမ်ရုပ်သင်္ခါယတနဖဿဝေဒနာ
တရားအစုသည်သမုဒယ်သစ္စာသည်ပြုပြင်အပ်သည်ဖြစ်၍ဖြစ်ခြင်းပျက်
ခြင်းသည် မပြတ်နှိပ်စက်အပ်သည်ဖြစ်၍။ ဆင်းရဲလေစွတကား။ ဤသို့
သောဆင်းရဲကိုပိတ်ပင်ဆီးတားတတ်သော တဂုံတယောက်သောသူမရှိ
သည်ဖြစ်၍။အရှိုးမရလေစွတကား။အမြဲမတည်လေစွတကါးဟူ၍လက္ခ
ဏာရေးသို့တင်၍ဆင်ခြင်သုံးသင်အပ်သည်။ထိုဆင်းရဲရခြင်းသည်လည်း
ပဋိသန္ဓေနေခြင်းတည်းဟူသော ဇာတိထင်ရှားရှိခြင်းကြောင့်ဖြစ်သည်။
ဇာတိတရားမရှိလျှင်မူကား။ ဤဒုက္ခတရားသည်မပွါးစီးရာ။ ဤသို့အောံ
မေ့၍။ ။တိရစ္ဆေသု။တိရစ္ဆာန်တို့၏ဘုံတို့၌။ ကာသာပတောဒဒဏ္ဍာဘိ
ဃာတာဒိဘာဝံ။ ကြိမ်လုံးဖြင့်ထိုးခတ်ခြင်း လှံတန်ဖြင့်ပုတ်ခတ်ခြင်း အစ
ရှိသည်တို့ကြောင့်ဖြစ်သော။ အနေကံ။များစွာသော။ ယံဒုက္ခံ။ အကြင်
ဆင်းရဲအပေါင်းသည်။အတ္ထိ။ရှိ၏။ တယိံ။ထိုတိရစ္ဆာန်ဘုံ၌။ဇာတံ။ ပဋိ
သန္ဓေနေရခြင်းကို။ ဝိနာ။ကြဉ်၍။ ဝါ။ကြဉ်ရမူကား။ တတ္ထ။ ထိုတိရစ္ဆာန်
တို့၏ဘုံ၌။တံဇာတိံ။ထိုဖြစ်သောဆင်းရဲသည်။ကဒထံ။အဘယ်မှာ။ဘဝေ
ယျ။ဖြစ်ရလေတော့အံ့နည်း။ ။ဤသို့ဝိသုဒ္ဓိမဂ်၌လာသော နည်းဖြင့်
လည်း။ဇာတိ၏အပြစ်ဒေါသကိုအောက်မေ့ဆင်ခြင်ရာသည်။ ။ဤသို့
ပြဆိုကဲ့ပြီးသော သား၄က်တိရစ္ဆာန်တို့၏ဘုံဘဝ၌ ကျရောက်လျက်။

သဗ္ဗညုတဉာဏ်ကို ဆည်းပူးတော်မူသော ငါတို့ဘုရားသခင်သည်။
သဗ္ဗညုတဉာဏ်သို့ပင် ရောက်သော်လည်း။ ဖြစ်တတ် ပျက်တတ်သောခံ
ပြန်တတ်သော အတ္တဘောဟုဆိုအပ်သောခန္ဓာသည် လိုရာသို့မလိုက်
လေရကား။အာယုသင်္ခါရကိုလွှတ်သောအားဖြင့် ပရိနိဗ္ဗာန်စံယူတော်မူ
ရသည်။ ဤသင်္ခါရတရားကားအချည်းနှီးသာတည်းဟူ၍။ သေသကေ
သေသကာသ။သဗ္ဗာလေးပါးတရားကိုမသိသည်ဖြစ်၍ကြွင်းသော။ဇနေဇ
နသသ။ဗိုလ်ခြေအလှေးအား။ ဩဝါဒဥ္စ။ အဆုံးအမကိုရင်း။အနုသိဋ္ဌဉ္စ။ အ
ဘန်တလဲလဲဆုံးမခြင်းကိုရင်း။ဒတွာန။ ပေးတော်မူပြီး၍။ ဟုံတသနေ့သာ။
မီးပုံကြီးသည်။တာပေတိဋ္ဌ င။ပြောင်ပြောင်တော်သကဲ့သို့။တာပေတွာ။
တန်ခိုးတော်ရောင်ဖြင့်ပြောင်ပြောင်တောက်လတ်၍။ သောဘဂဝါ။ ထို
မြတ်စွာဘုရားသည်။ သသာဝကော။ တပည့်သားတော်အပေါင်းနှင့်တ
ကွ။ပရိနိဗ္ဗုတော။ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ ။အသမသမော။အတု
မရှိသောရှေးရှေးသောဘုရားတို့နှင့်သာ တူတော်မူသော။ သောစဗုဒ္ဓေါ။
ထိုမြတ်စွာဘုရားသည်ရင်း။ဗလပ္ပတ္တာ။ဉာဏဗလ။ကာယဗလကိုရတော်
မူကြကုန်သော။တေပိသာဝကာ။ ထိုမြတ်စွာဘုရား၏တပည့်သားတော်
တို့သည်ရင်း။ သဗ္ဗေ။ ရှိကုန်၏။ သဗ္ဗံ။အလုံးစုံသောဘုရား၏တပည့်သား
တော်အပေါင်းသည်။ သမန္တစက္ခုံ။ အကြွင်းမဲ့ ကွယ်ပျောက်တော်မူ
ကြလေပြီ၊သဗ္ဗသင်္ခါရာ။ဥဿုံ သောသင်္ခါရတရားတို့သည်။ နနု။စင်စစ်။
ရိတ္တာ။အချည်းနှီးတို့သာတည်း။ ။ဤသို့ဗုဒ္ဓဝင်ပါဠိ၌လာသောအား
ဖြင့်။ဘုရားသခင်၏မရဏာကို။သာကေပြုလျက်။မိမိ၏အတ္တဘောကိုမရ
ဏာနုဿတိတရား၏အာရုံသို့တင်၍ရှုဆင်ခြင်ရာသည်။

၈၊ (အဓမ္မကာရပဋိက္ခေပေါ်ကော)ဟူသောရှစ်ခုမြောက်သော ကျင့်ဝန်
တရား၌။ လောကဓမ္မရှစ်ပါး၌ပင် မသင့်မလျော်သောအကျင့်ကိုပယ်၍။
ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့သည် ကျင့်အပ်သောအကျင့်။ဘု
ရားဟောတော်မူသောဒေသနာတော်နှင့်လျော်သော အကျင့်ကိုသာကျင့်
သုံးဆောက်တည်တော်မူအပ်သည်။ ထိုတွင်ရေမြေသဌေးနင်း ပြည့်ရှင်
မင်းတို့သည်။ ဤသို့သဘောရှိသောအမှုကိုပြုခြင်း ပြောဆိုခြင်းကြံစည်
ခြင်းကြောင့်။ငါ့ဧကရာဇ်မင်းမြတ်၏အကျိုးစီးပွါးမင်းညီမင်းသားမောင်း
မမိဿံမှုးမတ်တိုင်းနေနိုင်ငံသူ၊ရှင်လုရဟန်းတို့၏အကျိုးစီးပွါးများမြတ်
သည်ဟူ၍လည်း။အကျိုးစီးပွါးကိုသိအပ်သည်။ ဤမည်သောအကျိုးတို့

သည်ဤသို့သဘောရှိသော အကြောင်းတရား၏ခိုင်ခန့်ခြင်းကြောင့်ငှင်း။
ဤသို့သောပဝေဏီအစဉ်အဆက်ကို မပျက်လျှင်းအောင် စောင့်ရှောက်
ခြင်းကြောင့်ငှင်း။ ဤမည်သောတိုင်းကျိုးပြည်ကျိုး သာသနာတော်၏အ
ကျိုးစီးပွါးများဖြစ်သည်ဟူ၍ အကြောင်းတရားကိုလည်း သိအပ်သည်။
အပြစ်အားလျော်စွာဒဏ်ထားခြင်းအခွန်အတုတ်ကို ကောက်ခံသိမ်းယူ
ခြင်း၌အတိုင်းအရှည်ကိုလည်းသိအပ်သည်။ မင်းတို့၏စည်းစိမ်ကိုခံစား
သင့်သည့်ကာလ။ တရားကိုဆုံးဖြတ်အပ်သည့်ကာလ။ ထိုထိုအရပ်သို့
ထွက်စံတော်မူသင့်သည့်ကာလတို့ကိုလည်း။ထိုထိုကာလအားလျော်စွာ
သိအပ်သည်။ ဤမည်သော မင်းပရိသတ်။ ပုဏ္ဏားပရိသတ်။ ရဟန်းပရိ
သတ်တို့သည်။အကျိုးစီးပွါးနှင့်စပ်သောအမှု။ အကျိုးစီးပွါးနှင့်စပ်သော
စကား။ အကျိုးစီးပွါးနှင့်စပ်သောအကြံတို့ကိုလုပ်ဆောင်တတ် ပြောဆို
တတ်ကြံတတ်သည်။ဤမည်သောမင်းပရိသတ်။ပုဏ္ဏားပရိသတ်။ ရဟန်း
ပရိသတ်တို့သည်။လောကမြွေပဓာနပြုန်သံသရာတို့၌အကျိုးစီးပွါးမရှိသော
အမှုကိုပြုတတ်သည်။ အကျိုးစီးပွါး မရှိသောစကားကို ပြောဆိုတတ်
သည်။အကျိုးစီးပွါးမရှိသောအကြံကိုကြံတတ်သည်။ ဤသို့ပရိသတ်တို့
၏အခြင်းအရာတို့ကိုလည်းမသွေစွာသိအပ်သည်။ ။ထိုကြောင့်ပဉ္စက
အင်္ဂုတ္တိုရ်ပါဠိတော်၌။ ။(ဇာတဿူဝေရောဇာစက္ကဝတ္တိအဏ္ဏုညူစပေါ
တိ)စသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ ဇာဓ။ ဤ
လောက၌။စက္ကဝတ္တိ။မိမိတို့၏နိုင်ငံ၌ အာဏာစက်ကိုဖြစ်စေတတ်သော။
ရာဇာ။ရေမြေသျှင်နှင်းပြည့်ရှင်မင်းသည်။ အတ္ထညူစဟောတိ။ မိမိအ
ကျိုးစီးပွါး ရဟန်းရှင်လူ တိုင်းနိုင်ငံသူတို့၏ အကျိုးစီးပွါးကို သိသည်
လည်းဖြစ်၏။ဓမ္မညူစ။အကျိုးစီးပွါး၏အကြောင်းတရားကိုသိသည်လည်း
ဖြစ်၏။မတ္တညူစ။ ဒဏ်ထားခြင်းအခွန်အတုတ်ကိုယူခြင်း၌ငှင်း။ အတိုင်း
အရှည်ကိုသိ၏။ကာလညူစ။ ထိုထိုပြုသင့်သောအခါကိုလည်းသိ၏။ ပရိ
သညူစ။ပရိသတ်၏သနစ်သနာအမူအရာနှုံးလုံးသွင်းကိုလည်းသိ၏။ ။
ဤပါဠိ၏အဘွင့်အဋ္ဌကထာ၌လည်း။ ။စက္ကဝတ္တိ စက္ကံဟူသည်ကား။အာ
ဏာစက္ကံ။ အာဏာစက်တည်း။ အတ္ထညူတိ။ အတ္ထညူ ဟူသည်ကား။
ရဋ္ဌတ္ထ။မင်း၏အကျိုးစီးပွါးတိုင်းပြည်၏အကျိုးစီးပွါးဟုတ်သည်မဟုတ်
သည်ကို။ဇာနာတိ။သိ၏။ဓမ္မညူတိ။ဓမ္မညူဟူသည်ကား။ ပဝေဏိဓမ္မံ။အ
စဉ်အဆက်အားဖြင့်လာသော မင်းတို့၏ကျင့်ဝတ်တရားကို။ ဇာနာတိ။

သိဖို့။မဏ္ဍညူတိ။မဏ္ဍညူဟူသည်ကား။ ဒဏ္ဍမိုဝါ၊ ဒဏ်ထားခြင်း၌၎င်း။
ဗလိမိုဝါ၊အခွန်အတုတ်ကိုကောံခံသိမ်းယူခြင်း၌၎င်း။ ပမာဏံ။ အဘိုင်း
အရှည်ကို။ဇာနာတိ။သိဖို့။ကာလညူတိ။ကာလညူဟူသည်ကား။ ရဇ္ဇသု
ခါနုဘာဝနကာလဥ္စ။ မင်းတို့၏စည်းစိမ်ချမ်းသာကိုခံစားရာသောကာလ
ကိုဎင်း။ဝိနိစ္ဆယကရဏကါလဥ္စ။တရားဆုံးဖြတ်ခြင်းကိုပြုသင့်သောကာ
လကိုဎင်း။ဇနပဒကာရိကကာလဥ္စ။ဇနပုဒ်မြို့ရွာ ဥယျာဉ်တောတောင်သို့
ထွက်စံရာကာလကိုဎင်း။ဇာနာတိ။သိဖို့။ပရိသညူတိ။ပရိသညူဟူသည်
ကား။အယံပရိသာ။ ဤပရိသတ်သည်။ ခတ္တိယပရိသာ။ ဤသို့သဘောရှိ
သောမင်းပရိသတ်တည်း။အယံပရိသာ။ဤပရိသတ်သည်။ဗြဟ္မဏသုဒ္ဒသ
မဏပရိသာ။ဤသို့သဘောရှိသောပုဏ္ဏားပရိသတ်။ဤသို့သဘောရှိသော
သင်းရဲသားပရိသတ်။ဤသို့သဘောရှိသောရဟန်းပရိသတ်တည်း။ဧဝံတိ။
ဤသို့။ဇာနာတိ။သိဖို့။ ။ဘွင့်ဆိုသည်။ ။ဤဟောတော်မူအပ်သော
တရားငါးပါးကို။ ရှေးဖျားမဆွစွာပြည့်ရုံစေ၍။ ထိုထိုအမှုကို ပြုတော်မူ
အပ်သည်။ ။မိမိ၏အကျိုးစီးပွါးတိုင်းနေနိုင်ငံသူရဟန်းရှင်လူတို့၏အ
ကျိုးစီးပွါးမရှိသည်ကိုပယ်ရှားတားမြစ်၍။အကျိုးစီးပွါးရှိသည်ကိုသာပြု
စေတော်မူခြင်းသည်။ ရှစ်ခုမြောက်သောအခန္တကာရ ပဋိကျွေပအကျင့်
ဖြစ်သည်။ ပယ်ရှားအပ်သော အကျင့်ကို။ တိက္ကအင်္ဂုတ္တိုရ် ပါဠိတော်၌
ဟောတော်မူသည်။ ။ဟောတော်မူသောစကားရပ်ကား။ ။မထင်
ရှားသောမဟာသာလပုဏ္ဏားတဦးသည်။ မြတ်စွာဘုရား၏အထံသို့ချဉ်း
ကပ်၍ သင့်တင့်လျောက်ပတ်သောအရပ်၌နေလတ်ပြီးသော် ဘုန်းတော်
ကြီးသောမြတ်စွာဘုရား။အကျွန်ုပ်သည်ရှေးရှေး၌ဖြစ်ကုန်သော ကြီးရင့်
ကုန်သော။ ဆရာအဆက်ဆက်တို့သည် ပြောဆိုအပ်ကုန်သောစကား
တို့ကို။အကျွန်ုပ်ကြားဘူးပါသည်။ ကြားရသည်ကား။ ဤဇမ္ဗူဒိပါမြေအ
ပြင်သည်အပိုင်းအခြားမရှိ။ အိမ်ခြေချင်းထိလျက်။ နိဂုံးဇနပုဒ်တို့သည်
ကြက်ပျံမကျရှိကြကုန်သည်။ ယခုအခါမြို့ရွာလူသူတို့သည် ကုန်ပျော်
ကုန်သည်။ပျက်ပြားပါးရှားကုန်သည်။အကြောင်းဘယ်သို့ရှိလေနည်းဟု
၍။အကျွန်ုပ်သိလိုပါသည်ဟူ၍ပုဏ္ဏားကလျှောက်ထားလျှင်။ ။(ဧတရ
ဟိဗြဟ္မဏမနုဿာ အခမ္မရာဂရတ္တာ) အစရှိသည်ဖြင့် ဟောတော်မူ
သည်။ ။ဗြဟ္မဏ။မဟာသာလပုဏ္ဏား။ဧတရဟိ။ယခုအခါ၌။မနုဿာ။
လူတို့သည်။အခမ္မရာဂရတ္တာ။ တရားနှင့်မလျော်သောရာဂဖြင့်တပ်ကုန်

၏။ ဝိသမလောဘာတိဟူသည်ကား။ ဝိသမလောဘသည် လွှမ်းမိုးအပ်ကုန်၏။ မိစ္ဆာဓမ္မပရေတာ။ ဘောက်ပြန်သောတရားတို့သည် နှိပ်စက်အပ်ကုန်၏။ ။အဓမ္မရာဂရတ္တာ။ တရားနှင့်မလျော်သော ရာဂဖြင့်တပ်ကုန်သော။ဝိသမလောဘာဘိဘူတာ။ ဝိသမလောဘသည်လွှမ်းမိုးအပ်ကုန်သော။တေမနုဿာ၊ထိုလူတို့သည်ငှင်း။မိစ္ဆာဓမ္မပရေတာ။ဘောက်ပြန်သောတရားသည်နှိပ်စက်အပ်ကုန်သော။တေမနုဿာ၊ထိုလူတို့သည်ငှင်း။တိက္ခာနိ။ထက်စွာကုန်သော။သတ္ထာနိ။ဓါးလက်နက်တို့ကို။ ဂဟေတွာ။စွဲကိုင်ကုန်၍။အညမညဿ။တယောက်သည်တယောက်အား။ ဇီဝိတာ။ဇီဝိတိန္ဒြေမှ။ဝေါရောပေန္တိ။ချကုန်၏။တေန။ ထိုသို့ချခြင်းကြောင့်။ဗဟုမနုဿာ။ များစွာကုန်သောလူတို့သည်။ ကာလံကရောန္တိ။ သေကြေပျက်စီးကုန်၏။ ယေနကာရဏေန။ အကြင်သို့အချင်းချင်း သတ်ကြခြင်းကြောင့်။ဧတရဟိ။ယခုအခါ၌။မနုဿာနံ။လူတို့၏။ ခယော။ ကုန်ခန်းခြင်းသည်။ဟောတိ။ဖြစ်၏။တနုတ္တံ။ပါးရှားသည်၏အဖြစ်သည်။ ပညာယတိ။ထင်ရှား၏။ဂါမာပိ။ရွာတို့သည်လည်း။ အဂါမာ။ ရွာမရှိ တောအဘိသာဖြစ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။နိဂမာပိ။ နိဂုံးတို့သည်လည်း။ အနိဂမာ။နိဂုံးမဟုတ်ကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ နဂရာပိ။ မြို့တို့သည်လည်း။အနဂရာ။မြို့မရှိကုန်သည်။ဟောန္တိ၊ဖြင်ကုန်၏။ ဇနပဒါပိ။ ဇနပုဒ်တို့သည်လည်း။အဇနပဒါ။ဇနပုဒ်မဟုတ်ကုန်သည်။ဟောန္တိ။ ဖြင်ကုန်၏။ဗြာဟ္မဏာ။ မဟာသာလပုဏ္ဏား။ အယံပိ။ ဤသို့အချင်းချင်းသတ်ဖြတ်ခြင်းသည်လည်း။ဟေတု။ မြို့ရွာနိဂုံးတို့၏ပျော်ပျက်ခြင်း၏အကြောင်းတည်း။အယံ၊ဤသို့အချင်းချင်းသတ်ဖြတ်ကြခြင်းသည်။ပစ္စယော။မြို့ရွာနိဂုံးတို့၏ပျောက်ပျက်ရာ၌အထောက်အပံ့ပင်တည်း။ ဣတိ။ ဤသို့။ အဝေါစ။ မိန့်တော်မူ၏။ဗြာဟ္မဏာ။ မဟာသါလပုဏ္ဏား။ပုန။တဖန်။ပရံပိ။တပါးလည်း။ဧတရဟိ။ယခုကာလ၌။မနုဿာ။လူတို့သည်။အဓမ္မရာဂရတ္တာ။ အဓမ္မရာဂဖြင့်တပ်ကုန်၏။ ဝိသမလောဘာဘိဘူတာ။ ဝိသမလောဘသည်လွှမ်းမိုးအပ်ကုန်၏။မိစ္ဆာဓမ္မပရေတာ။ မိစ္ဆာဓမ္မသည်နှိပ်စက်အပ်ကုန်၏။အဓမ္မရာဂရတ္တာနံ။ အဓမ္မရာဂဖြင့်တပ်ကုန်သော။ ဝိသမလောဘာဘိဘူတာနံ။ ဝိသမလောဘသည်လွှမ်းမိုးအပ်ကုန်သော။ မိစ္ဆာဓမ္မပရေတာနံ။ မိစ္ဆာဓမ္မသည်နှိပ်စက်အပ်ကုန်သော။ တေသံ။ ထိုလူတို့အား။ ဒေဝေါ။ မိုးယင်းသည်။သမ္မာ။ကောင်းစွာ။ဓါရံ။အလျဉ်ထန်စွာ။ ဝါ။ ရွာသင့်သော

အခါ၌။ နအဒ္ဓပ္ပဝတ္တာတိ။ မရှု၊ တေန။ ထိုသို့ရိယ်း၏ကောင်းစွာမရှုခြင်းကြောင့်။ဒုဗ္ဘိက္ခံ။အစားအစာ၏မပြည့်စုံခြင်းသည်။ ဒုသဿံ။ မကောင်းသော ကောက်ပင်ရှိသည်။ သေတဋ္ဌိကံ။ ဖွေးဖွေးဖြူသော ကောက်နှံရှိသည်။ သလာကာဝုတ္တံ။ အနှံမပါသောကောက်တံသာဖြစ်သည်။ ဟောတိ။ ဖြစ်၏။ တေန။ ထိုသို့ကောက်နှံစပါး အစားအစာ၏ မပြည့်စုံခြင်းကြောင့်။ဗဟုမနုဿာ။များစွာသောလူတို့သည်။ ကာလံကရောန္တိ။ သေကြေပျက်စီးကြကုန်၏။ဗြာဟ္မဏာ။ မဟာသာလပုဏ္ဏား။ ယေနကာရဏေန။အကြင်အစားအစာ၏မပြည့်စုံခြင်းတည်းဟူသောအကြောင်းကြောင့်။ဧတရဟိ။ယခုလက်ထက်၌။ မနုဿာနံ။ လူတို့၏။ ခယော။ကုန်ခမ်းခြင်းသည်။ဟောတိ။ဖြစ်၏။တနုတ္တံ။ ပါးရှားသည်၏အဖြစ်သည်။ ပညာယတိ။ထင်(...)။ ဂါမာပိအဂါမာဟောန္တိ။ ရွာတို့သည်လည်းပျက်ပြား၍ ရွာမရှိသည်ဖြစ်ကုန်၏။နိဂမာပိအနိဂမာဟောန္တိ။ နိဂုံးတို့သည်လည်းပြုန်းတီးပျက်ပြား၍ နိဂုံးမဟုတ်သည်ဖြစ်ကုန်၏။ နဂရာပိအနဂရာဟောန္တိ။မြို့တို့သည်လည်းမြို့မရှိသည်ဖြစ်ကုန်၏။ဇနပဒံပိအဇနပဒါဟောန္တိ။ ဇနပုဒ်တို့သည်လည်းဇနပုဒ်မရှိသည်ဖြစ်ကုန်၏။ခေါ။ငင်စစ်။ အသံပိ။ ဤအစားအစာ၏မပြည့်စုံခြင်းသည်လည်း။ ဟေတု။ မြို့ရွာပျက်စီးခြင်း၏အကြောင်းပင်တည်း။အသံ။ ဤအစားအစာ၏မပြည့်စုံခြင်းသည်။ ပစ္စယော။ မြို့ရွာပျက်စီးခြင်း၏ အထောက်အပံ့ပင်တည်း။ ဗြာဟ္မဏာ။ မဟာသာလပုဏ္ဏား။ပုန။တဘန်။ပရံပိ။ တပါးလည်း။ ဧတရဟိ။ယခုအခါ၌။ မနုဿာ။ လူတို့သည်။အဓမ္မရာဂရတ္တာ။ အဓမ္မရာဂဖြင့်တပ်ကုန်၏။ ဝိသမလောဘာဘိဘူတာ။ဝိသမလောဘသည်လွှမ်းမိုးအပ်ကုန်၏။မိစ္ဆာဓမ္မပရေတာ။ ဘောက်ပြန်တတ်သောတရားတို့သည်နှိပ်စက်အပ်ကုန်၏။ ရာဂရတ္တာနံ။ရာဂဖြင့်တပ်မက်မောကုန်သော။ ဝိသမလောဘာဘိဘူတာနံ။ ဝိသမလောဘသည်လွှမ်းမိုးအပ်ကုန်သော။ မိစ္ဆာဓမ္မပရေတာနံ။ ဘောက်ပြန်သောတရားတို့သည်နှိပ်စက်အပ်ကုန်သော။တာသံ။ထိုလူတို့၏။သန္တိကံ။အထံသို့ယက္ခာ။ဘီလူးတို့ကိုအစိုးရကုန်သောနတ်တို့က။ဝါဠေ။ သစ်ကျားသားရဲတို့ကိုရင်း။အမနုဿေ။ဘီလူးသဘက်တို့ကိုရင်း။ဩသဇ္ဇန္တိ။ လူတို့နေရာသို့လွှတ်ကုန်၏။ တေန။ ထိုသို့လွှတ်ခြင်းကြောင့်။ ဗဟုမနုဿာ။ များစွာသောလူတို့သည်။ ကာလံကရောန္တိ။သေကြေပျက်စီးကြကုန်၏။ ဗြာဟ္မဏာ။မဟာသာလပုဏ္ဏား။ယေန။ အကြင်သစ်ကျားသားရဲဘီလူးသဘက်တို့၏

ပျက်ဆီးခြင်းကြောင့်။မနုဿာနံ။လူတို့၏။ဧယော။ ကုန်ပျောက်ခြင်းသည်။ ဟောတိ။ဖြစ်၏။တနွတ္ထံ။ပါး၍ားသည်၏အဖြစ်သည်။ပညာယတိ။ ထင်၏။ ဂါမာပိအဂါမာဟောန္တိ။ရွာတို့သည်ရွာမဟုတ်သည့်ဖြစ်ကုန်၏။ နိဂမာ ပိအနိဂမာဟောန္တိ။နိဂုံးတို့သည်လည်းနိဂုံးမဟုတ်သည်ဖြစ်ကုန်၏။ နဂ ရာပိအနဂရာဟောန္တိ။ မြို့တို့သည်လည်းမြို့မဟုတ်သည်ဖြင်ကုန်၏။ ခေါ။ စင်စစ်။အသံ၊ ဤသစ်ကျားသားရဲဘီလူးသဘက်တို့၏ပျက်ဆီးခြင်းသည်။ ဟောတု။မြို့ရွာပျက်စီးခြင်း၏အကြောင်းတည်း။အယံ။ ဤသစ်ကျားသားရဲ ဘီလူးသဘက်တို့၏ပျက်ဆီးခြင်းသည်၊ပစ္စယော။ မြို့ရွာ၏ပျက်စီးခြင်း၏ အထောက်အပံ့တည်း။ဣတိ။ဤ သို့၊အဝေါစ။ဟောတော်မူ၏။ ။ဤသို့ ဟောတော်မူရကား။အချင်းချင်းသတ်ဖြတ်ကြသည်၏အစွမ်းဖြင့်ရွာနိဂုံး မြို့ဇနပုဒ်တို့၏ပျက်စီးခြင်း။ မိုးမရွာခြင်းနှင့် အသီးအနှံမပြည့်ရုံသည်၏အ စွမ်းဖြင့်။ ရွာနိဂုံး မြို့ဇနပုဒ်တို့၏ပျက်စီးခြင်း။ သစ်ကျားသားရဲ ဘီလူးသ ဘက်တို့၏နှိပ်စက်ပျက်ဆီးခြင်း၏အစွမ်းဖြင့်။ ရွာနိဂုံး မြို့ရွာဇနပုဒ်တို့၏ ပျက်စီးခြင်း။ဤသို့ပျက်စီးခြင်း၏အကြောင်းရင်းဖြစ်သောအဓမ္မရာဂဝိသမ လောဘမိစ္ဆာဓမ္မတို့ကို ဆီးတားပယ်ရှားအပ်သည်။ ထိုသို့ပယ်ရှားခြင်း သည်။ဤရှစ်ခုမြောက်သောအဓမ္မကာရပဋိက္ခေပ ကျင့်ဝတ်တရားပင်ဖြစ် သည်။ဤ၊အဓမ္မရာဂဟူသည်။ သူတပါးတို့၏ဥစ္စာတို့၌တပ်မက်မော၍။ခိုး ဝှက်လုယက်ခြင်းပင်တည်း။ ။ထိုကြောင့်။ ။ပရပရိက္ခာရေသု၊သူတ ပါးတို့၏ဥစ္စာပစ္စည်းပရိက္ခရာတို့၌။ ဥပ္ပဇ္ဇမာနော။ ဖြစ်သောလောဘသည်။ အဓမ္မရာဂေါ။အဓမ္မရာဂမည်၏။ ။ဤသို့အဋ္ဌကထာ၌ဘွင့်ဆိုသည်။ ။ ဝိသမလောဘဟူသည်။ ၊သူတပါးတို့သိမ်းဆည်းသောဝတ္ထု၌ တပ်မက် မော၍လုယက်ခိုးဝှက်ခြင်းပင်တည်း။

ထိုကြောင့်။ ။ပရပရိဂ္ဂဟိတဝတ္ထုမှိ။သူတပါးတို့သည်သိမ်းဆည်း သောဝတ္ထု၌။ဥပ္ပဇ္ဇမာနော။ဖြစ်သောလောဘကို။ဝိသမော‌တိ။ ဝိသမလော ဘဟူ၍။အဓိပ္ပါယ်တော။အလိုရှိအပ်၏။ ။မိစ္ဆာဓမ္မဟူသည်။ မသွားလာ အပ်သောဝတ္ထု၌သွားလာခြင်းတည်းဟူသော ကာမေသုမိစ္ဆာစာရအမှု နှင့်ပြည့်ရုံခြင်းပင်တည်း၊ ။ထိုကြောင့်။ ။မိစ္ဆာဓမ္မပရေတာတိ။မိစ္ဆာ ဓမ္မပရေတာဟူသည်ကား။အဂတ္ထုပဋိသေဝနသင်္ခါတေန။ မသွားလာအပ် သောဝတ္ထုကိုမှီဝဲခြင်းဟုဆိုအပ်သော။မိစ္ဆာဓမ္မေန။ မိစ္ဆာစာရတရားနှင့်။ သမန္နာဂတာ။ပြည့်ရုံသောသူတို့တည်း။ ။ဤသို့အဋ္ဌကထာ၌ဘွင့်ဆို

သည်။ ။ဤသို့ပါဠိအဋ္ဌကထာတို့၌ပြဆိုလေရကား။ဆိုအပ်ပြီးသောမြို့ရွာပျက်စီးခြင်းအကြောင်းဖြစ်သော။အဒိန္နာဒါန်။ ကာမေသုမိစ္ဆာစာရနှစ်ပါးကိုလွန်စွာစောင့်ရှောက်တားမြစ်တော်မူအပ်သည်။ ။ဝရေးမစောင့်သောအချို့သောမင်းတို့၏ ထုံးပဝေဏီကိုလည်း ကျမ်းဂန်ထုံးစံနှင့်မညီလျှင်ပယ်အပ်သည်သာဖြစ်သည်။မတရားသောအကျင့်ကို။ ။(အဓမ္မကာဟောန္တိတိ)အဓမ္မကာဟောန္တိ ဟူသည်ကား။ပေါရာဏကရာဇဗဟ်။ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည်။ဌပိတံ။သမုတ်ပညတ်၍ထားအပ်သော။ဒသဘာဂဗလိံစေဝ။ ဆယ်ဘို့တဘို့သော အခွန်အတုတ်ကို၎င်း။အပရာခါနုရူပံ။အပြစ်အားလျော်သော။ဒဏ္ဍဉ္စ။ ဥစ္စာဒဏ်လက်နက်ဒဏ်ကို၎င်း။အာဂဟေတွာ။မယူလျှင်းဘဲပယ်ဖျက်၍။အတိရေကဗလိနော စ။ ဆယ်ဘို့တဘို့ထက်လွန်သော အခွန်အတုတ်ကို၎င်း။ အတိရေကဒဏ္ဍေ သသစ။ရှေးထုံးစံထက်လွန်သောဥစ္စာဒဏ်လက်နက်ဒဏ်ကို၎င်း။ ဂဟာပေန္တ။အနိုင်အထက်နှိပ်စက်၍ယူသောအားဖြင့်။ အဓမ္မကရေဇာ။အဓမ္မကရေဇာမည်ကုန်၏။ ။ဤသို့စတုက္ကအင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်။ ။ဤသို့ဆယ်ဘို့တဘို့ကောက်ယူခြင်းသည်။ ဇမ္ဗူဒီပါ၌မဟာသမ္မတစသောမင်းတို့၏ကျင့်ရိုးအစဉ်ဖြစ်သည်။ ဆင်းရဲသားတို့ မြေပင်ဖြစ်သော်လည်း။ မြေအရှင်တို့က။ဆယ်ဘို့တဘို့ရသင့်သည်။ ။ထိုကြောင့်။ ။ဘာဂံဒတွာတိ။ဘာဂံဒတွာဟူသည်ကား။ ဒသဘာဂံ။ဆယ်ဘို့တဘို့ကို။ဒတွာ။ပေး၍။ဇာဒံ။ဤဆယ်ဘို့တဘို့မြေရှင်ကိုပေးခြင်းသည်။ ဇမ္ဗူဒီပေ။ ဇမ္ဗူဒီပါကျွန်းနိုင်ငံ။ ပေါရာဏကစာရိတ္တံ၊ ရှေးရှေးသောမင်းကောင်းတို့၏ကျင့်ရိုးအစဉ်တည်း။တသ္မာ။ထိုကြောင့်။ဒသကောဋ္ဌာသေ။ဆယ်ဘို့တဘို့တို့ကို။ကတွာ။ပြု၍။ ဧကောကောဋ္ဌာသော။တဘို့ကို။ဘူမိသာမိကာနံ။မြေ၏အရှင်တို့အား။ဒါတဗ္ဗော။ပေးအပ်၏။ ။ဤသို့ဝိနည်းမဟာဝါဂါတေသစ္စခဏ္ဍကာ၌လာသည်။ ။ဤသို့ကျမ်းကြီးကျမ်းမတို့၌ပြဆိုအပ်သောဒသမဘာဂအဘို့ကို ကောက်ခံသိမ်းယူခြင်းသည်။ ဘုရား.အလောင်းမင်းကောင်းမင်းမြတ်တို့၏သွားရာလမ်းကြောင်း။ ကောင်းမြတ်သောပဝေဏီပင်ဖြစ်သည်။သင်္ဂဟတရားလေးပါးတို့တွင်လည်း။ သဿမေဓသင်္ဂဟတရားပင်ဖြစ်သည်။ရေမြေသဋ္ဌနင်းပြည့်ရှင်မင်းတို့မှာ၊ ရာဇဓမ္မကိုဖြည့်ကျင့်ရခြင်း။ပဝေဏီကိုစောင့်ရှောက်ခြင်းသည်။ ။ပုဏ္ဏားတို့မှာ။ ဗေဒင်ကိုသင်အံပို့ချရခြင်းကိစ္စကဲ့သို့၎င်း။ တောင်သူလယ်လုပ်

ဆင်းရဲသားတို့မှာ ကောက်ပင်အသီးအနှံကိုပြည့်ရအောင်ပြုရခြင်းကိစ္စ
ကဲ့သို့၎င်း။ရဟန်းတို့မှာ။သမထဝိပဿနာကိုပွါးရခြင်းကိစ္စကဲ့သို့၎င်း။မ
မေ့မလျော့ပြုအပ်သောကိစ္စပင်ဖြစ်သည်။ ။ထိုကြောင့်။ ။တာတာ။
အိုမင်းများတို့။ကထံ။အဘယ်သို့နည်း။ရာဇဓမ္မံ။မင်းကောင်းမင်းမြတ်တို့သည်
ကျင့်အပ်သောရာဇဓမ္မကို။ပူရေထ။ မမေ့မလျော့ဖြည့်ရပါကုန်၏လော။
ပဝေဏိ။ရှေးရှေးသောမင်းတို့၏ကျင့်ရိုးအစဉ်ကို။ ရက္ခထ။ မမေ့မလျော့
စောင့်ရှောက်ရကုန်၏လော။ဣတိ။ဤသို့။ ပဉ္စသဉ္စာရံ၊ အစေ့အငုံကို။က
ရောတိ။ အရှင်အာနန္ဒာပြုတော်မူ၏။ ဗြာဟ္မဏောသုပန။ ပုဏ္ဏားတို့၌ကား၊
အာစရိယ။ဆရာပုဏ္ဏားတို့။ကထံ။အဘယ်သို့နည်း။မန္တေ။ဗေဒင်တို့ကို။ ဝါစေ
ထ။ပို့ချရပါကုန်၏လော။ကထံ။ အဘယ်သို့နည်း။ အန္တေဝါသိကာ။ တပည့်
ပုဏ္ဏားငယ်တို့သည်။မန္တေ။ဗေဒင်တို့ကို။ဂဏှန္တိ။သင်ကြပါကုန်၏လော။
ဒက္ခိဏံဝါ။အလှူကိုရင်း။ဝတ္ထာနိဝါ။အဝတ်ပုဆိုးတို့ကို၎င်း။ ကပိလံဝါ။
ပြောက်ကျားသောနို့ညှစ်နွားမကို၎င်း။ အလဘ္ဘ။ရကြပါကုန်၏လော။ဣ
တိ။ဤသို့။ပဉ္စသဉ္စာရံ။အစေ့အငုံကို။ကရောတိ။ပြု၏။ ဂဟပတိသု။ ဒါ
ယကာတို့၌။တာတာ။အိုဒါယကာတို့။ကထံ။အဘယ်သို့နည်း၊ ဝေါ။ သင်ဒါယ
ကာတို့အား။ရာဇကုလတော။ မင်းမျိုးမှ။ဒဏ္ဍေနဝါ။ ဒဏ်ထားခြင်းဖြင့်
၎င်း။ဗလိနာဝါ။ အခွန်အဘုတ်ဖြင့်၎င်း။ပိဠ္ဌာ။နှိပ်စက်ခြင်းသည်။နအတ္ထိ။
မရှိဘဲငြိမ်းချမ်းကြပါ၏လော။သမ္မာ။ရွာသင့်သောအခါ၌။ ဒေဝေါ။ မိုးသည်။
ဓာရံ။အလျှည်ထန်စွာ။အနုပဝစ္ဆတိ။ ဆယ်ရက်တကြိမ် လကွဲတ
ကြိမ်ရွာပါ၏လော။သဿာနိ။လုပ်ဆောင်ကြသောကောက်ပင်တို့သည်။
သမ္ပဇ္ဇန္တိ။ပြည့်ရကြပါကုန်၏လော။ဣတိဧဝံ။ဤသို့။ပဉ္စသဉ္စာရံ။အစေ့အ
ငုံကို။ကရောတိ။ပြု၏။သမဏေသု။ရဟန်းတို့၌။ဘန္တေ။အရှင်ဘုရားတို့။
ကထံ။အဘယ်သို့နည်း။ ပဗ္ဗဇိတပရိက္ခာရော။ ရဟန်းတို့၏ ပရိက္ခရာတို့
သည်။သုလဘာ။ရလွယ်ကြပါကုန်၏လော။သမဏဓမ္မေ။ရဟန်းတို့သည်
အားထုတ်အပ်သောသမထဝိပဿနာတရား၌၊ နပမဇ္ဇထ၊ မမေ့မလျော့
အားထုတ်ကြရပါကုန်၏လော။ဣတိဧဝံ။ဤသို့။ပဉ္စသဉ္စာရံ။ အစေ့အငုံ
ကို။ကရောတိ။၏။ ။ဤသို့ပဉ္စသဉ္စာရအရာ၌လိမ္မာတော်မူသောအရှင်
အာနန္ဒာမထေရ်သည်။မင်းအစရှိသောရောက်လာသောပရိသတ်တို့အား
ပဉ္စသဉ္စာရပြုကြောင်းကို။ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌
လာသည်။ ။ထိုမှတပါးတိုင်းသူပြည်သားတို့၏ပုပ်ဆွေးသောတရား။

အများရှုးမတ်တို့သည်မသုံးဖြတ်နိုင်သောတရားတို့ကိုလည်းကိုယ်တော်
တိုင်သုံးဖြတ်အပ်သည်။ ဤသို့သုံးဖြတ်ရခြင်းသည် အဘိသိက်ခံသော
မင်းတို့၏ပြကတေ့တံထွာဖြစ်သည်။ ။ထိုကြောင့်။ ။မူလပဏ္ဏာသမ
ဟာဂေါသိင်္ဂသုတ်အဘွင့်၌။ ။(ဇနပဒမှိအဇော့ဥပ္ပန္နေ)စသည်ဖြင့်လာ
သည်။ ။ဇနပဒမှိ။ဇနပုဒ်၌။အဇော့။တရားတပေါင်သည်။ဥပ္ပန္နေ။ဖြစ်သည်
ရှိသော်။ဂါမဘောဇကာံ။ ရွာသူကြီး၏လက်သို့။ ပါပုဏာတိ။ ရောက်၏။
တသ္မိံ။ထိုရွာသူကြီးသည်။ဝိနိစ္ဆိနိတုံ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ အ
သက္ကောန္တေ။မတတ်နိုင်သည်ရှိသော်။ဇနပဒဘောဇကာံ။ဇနပုဒ်ကိုစိုးအုပ်
သောသူသို့။ပါပုဏာတိ။ရောက်၏။တသ္မိံ။ ထိုဇနပုဒ်ကိုစိုးအုပ်သောသူ
သည်။ဝိနိစ္ဆိနိတုံ။ဆုံးဖြတ်ကောက်ယူခြင်းငှါ။ အသက္ကောန္တေ။ မတတ်
နိုင်သည်ရှိသော်။မဟာဝိနိစ္ဆယအမစ္စံ။တရားသူကြီးအမတ်ထံသို့။ ပါပု
ဏာတိ။ရောက်ရ၏။တသ္မိံ။ထိုတရားသူကြီးသည်။ ဝိနိစ္ဆိနိတုံ။ ဆုံးဖြတ်
ကောက်ယူခြင်းငှါ။အသက္ကောန္တေ။မတတ်နိုင်သည်ရှိသော်။သေနာပတိ။
စစ်သူကြီး၏အထံသို့။ပါပုဏာတိ။ ရောက်ရ၏။တသ္မိံ။ ထိုစစ်သူကြီး
သည်။ဝိနိစ္ဆိနိတုံ။ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တေ။ မတတ်နိုင်သည်ရှိ
သော်။ဥပရာဇာနံ။အိမ်ရှေ့မင်းတို့၏အထံသို့။ ပါပုဏာတိ။ ရောက်ရ၏။
တသ္မိံ။ထိုအိမ်ရှေ့မင်းသည်။ဝိနိစ္ဆိနိတုံ။ဆုံးဖြတ်ကောက်ယူခြင်းငှါ။ အ
သက္ကောန္တေ။မတတ်နိုင်သည်ရှိသော်။ရာဇာနံ။ ပြည့်ရှင်မင်းတို့သို့။ ပါပု
ဏာတိ။ရောက်ရ၏။ရညော။ ပြည့်ရှင်မင်းသည်။ ဝိနိစ္ဆိတကာလတော။
ကောက်ယူဆုံးဖြတ်သောအခါမှ။ ပဋ္ဌာယ။စ၍။ အဇော။ ဆုံးခန်းခြင်းသို့
ရောက်နိုင်ခဲသောတရားသည်။ အပရာပရံ။ထိုမှဤမှ။နသဉ္စရတိ။ မသွား
လာကောင်းပြီ။ရာဇဝစနေန။မင်း၏အမိန့်တော်စကားဖြင့်။ဘိဇ္ဇတိ။ပြတ်စဲ
ရ၏။ ။ဤသို့အဂတိလေးပါးသို့မလိုက်ဘဲ ပဝေဏီအားလျော်စွာဖြောင့်
မတ်စွာတရားကိုကောက်ယူသောမင်းတို့သည်။ဓမ္မိကဓမ္မရာဇာ၏အဖြစ်
သို့စင်စစ်ရောက်သည်သာဖြစ်သည်။ ။ထိုကြောင့် မဟာပဒါနသုတ်
အဘွင့်၌။ ။ဓမ္မိကောတိစသည်ဖြင့်လာသည်။ ။ဒသကုသလဓမ္မ
သမ္ပန္နာဂတော။ဆယ်ပါးသောကုသလဓမ္မနှင့်ပြည့်စုံသော။ အဂတိဂမ
နဝိရဟိတော၊အဂတိလေးပါးသို့လားခြင်းကင်းသောပြည့်ရှင်မင်းသည်။
ဓမ္မိကောတိဓမ္မိကောနာမ။တရားစောင့်သောမင်းမည်၏။ ဓမ္မရာဇာ။ ဓမ္မ
ရာဇာလည်းမည်၏။

အဂတိလေးပါးသို့လိုက်ခဲ့လျှင်။ ကာလပက္ခ၌ထွန်းပသောလကဲ့သို့။ တနေ့တပါးအကျိုးစီးပွါးဆုတ်ယုတ်ရာသည်။ ထိုအဂတိလေးပါးသို့ မလိုက်လျှင်မူကား။ ဇုဏှပက္ခ၌ထွန်းပသောလကဲ့သို့ တနေ့တပါးအကျိုးစီးပွါးတိုးတက်ရာသည်သာဖြစ်သည်။ ။ထိုကြောင့်ပါဠိယျဝဂ်သိင်္ဂါလောဝါဒသုတ်၌။ ။ဆန္ဒာဒေါသာဘယာမောဟာအစရှိသောနှစ်ဂါထာကိုဟောတော်မူသည်။ ။ယော။အကြင်သူသည်။ဆန္ဒာဆန္ဒေန။ချစ်သဖြင့်၎င်း။ဒေါသာဒေါသေန။ အမျက်ထွက်သဖြင့်၎င်း။ ဘယာဘယေန။ကြောက်သဖြင့်၎င်း။မောဟာမောဟေန တွေဝေသဖြင့်၎င်း။ဓမ္မံ။ဟုတ်မှန်သောသဘောကို။အတိဝတ္တတိ။ လွန်ကျူး၍ကျင့်၏။ တဿ။ထိုသူအား။ကာလပက္ခေ။သကွယ်ပက္ခ၌။စန္ဒိမာ။လသည်။နိဟိယတိဣဝ။ ဆုတ်ယုတ်သကဲ့သို့။ယသော။အခြံအရံကျော်စောခြင်းသည်။နိဟိယတိ။ဆုတ်ယုတ်၏။ ။ယော။အကြင်သူသည်။ဆန္ဒာဆန္ဒေန။ချစ်သဖြင့်၎င်း။ဒေါသာဒေါသေန။အချက်ထွက်သဖြင့်၎င်း။ဘယာဘယေန။ကြောက်သဖြင့်၎င်း။ မောဟာမောဟေန။တွေဝေသဖြင့်၎င်း။ ဓမ္မံ။ဟုတ်မှန်သောသဘောကို။ နာတိဝတ္တတိ။လွန်ကျူး၍မကျင့်။တဿ။ထိုသူ၏။ယသော။အခြံအရံစည်းစိမ်ဥစ္စာကျော်စောဂုဏ်းဝါအသာအာတန်ခိုးသည်။ဇုဏှပက္ခေ။ လဆန်းပက္ခ၌။စန္ဒိမာ။လသည်။အာပူရတိဣဝ။ တနေ့တပါးလွန်စွာတိုးပွါး၍ပြည့်သကဲ့သို့။အာပူရတိ။ပြည့်၏။ ။ထိုထိုတိုင်းရေးပြည်မှုတို့ကိုမံသစက္ခုပညာစက္ခုနှစ်ပါးတို့ဖြင့်ကြည့်ရှုလျက်။မနုမကြမ်းရှေးမင်းတို့၏ထုံးတမ်းအားလျော်စွာစစ်ဆေးရာစစ်ဆေးကြောင်းကိုစစ်ဆေးမေးမြန်းစုံစမ်းနိုင်းရှည်ခြင်းတည်းဟူသောနိသမ္မကာရီတရားကိုအမြဲဝမ်းဝယ်ထား၍ကျင့်လေ့ရှိသောမင်းတို့အား။စည်းစိမ်ဥစ္စာတို့သည် အလွန်တိုးတက်ရာသည်သာဖြစ်သည်။ ။ထိုကြောင့်ဓမ္မပဒအပ္ပမာဒဝဂ်၌။ ။ဥဋ္ဌာနဝတောသတိမတောအစရှိသောဂါထာကိုဟောတော်မူသည်။ ။ဥဋ္ဌာနဝတော။ထကြွလုံ့လနှင့်ပြည့်စုံသော။ သတိမတော။ အခါခပ်သိမ်းသတိနှင့်ပြည့်စုံသော။သုစိကမ္မဿ။စင်ကြယ်သောကာယကံဝစီကံရှိသော။ နိသမ္မကာရိနော။အရာခပ်သိမ်း၌ဗူးစမ်းဆင်ခြင်၍ပြုလေ့ရှိသော။သညတဿ။ကိုယ်နှုတ်နှလုံးကိုစောင့်ရှောက်တတ်သော။ ဓမ္မဇီဝိနော။တရားသဖြင့်အသက်ရှည်သော။ အပ္ပမတ္တဿ။ အပ္ပမာဒတရားနှင့် ပြည့်စုံသောသူအား။ ယသော။စည်းစိမ်ဥစ္စာအခြံအရံအကျော်အစောသည်။အဘိဝဍ္ဎတိ။အဲဆင်

ဆင့်ပွါးများ၏။ ။ဤသို့သောအကျိုးစီးပွါးကိုလိုချင်တောင့်တလျက်။
ဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့၏ အကျင့်တည်းဟူသောလမ်း
ကြောင်းကိုဖြောင့်မတ်စွာလိုက်ရာသည်။ထိုအကြောင်းကိုဗွါဒသနိပါတ်
မဟာပဒုမဇာတ်၌။ ။နဒိဋ္ဌောပရတောဒေါသံအဏုမ္ပိထူလံဂါ
ထာကိုသဗ္ဗညုတအဖြစ်သို့ရောက်တော်မူ၍ဟောတော်မူသည်။ ။ပရ
ဿပရဿ။သူတပါး၏။ဒေါသံ။ အပြစ်ဒေါသကို။အဒိဋ္ဌော။ မံသစက္ခု
ပညာစက္ခုနှစ်ပါးဖြင့်မမြင်မသိသေးဘဲလျက်။ သဗ္ဗသောသဗ္ဗာနိ။ ဥဿံ
ကုန်သော။အဏုံထူလာနိ။ငယ်သောအပြစ်ကြီးသောအပြစ်တို့ကို။ သာ
မံသဒိုပက္ကိယ။ သူတပါးတို့သည်ပြောကြားချောပြစ်သောစကားကိုယူ၍။
ကိုယ်ဘိုင်ကိုယ်ကြင်မံသစက္ခုပညာစက္ခုနှင်ပါးဖြင့်မရှုမူ၍။ဇုသရော။
ရေမြေသေဌ်နင်းပြည်ရှင်မင်းသည်။ ဒဏ္ဍံ။ ဒဏ်ထားခြင်းကို။ နပနဋ္ဌပ
ယေနစဋ္ဌပေယျ။ထားလည်းမထားရာ။ ။ယောခတ္တိယော။အကြင်အဂတိ
လေးပါးသို့လိုက်၍အဂတိလေးပါး၌တည်သောမင်းသည်လည်း။ အပဋိ
ဝေက္ခိတွာ။မစုံးစမ်းမကြည့်ရှုမူ၍။ဒဏ္ဍံ။လက်ဖြတ်ခြင်းစသောဒဏ်ကို။
ကုပ္ပတိ။ ပြုမိအံ့။ သောခတ္တိယော။ ထိုမိမိ၏အကျိုးစီးပွါးကိုပြုသောမင်း
သည်။သကဏ္ဍကံ။ဆူးနှင့်တကွသောဘောဇဉ်ကို၊ဂိလတိနာမ။မျိုးသည်
မည်၏။ကိုဒိဝ။အဘယ်ကဲ့သို့နည်းဟူမူကား။စစ္စန္ဓော။ သူကန်းသည်။သ
မက္ခိကံ။ယင်မှက်နှင့်တကွသောဘောဇဉ်ကို။ဘုဥ္စတိဣဝ၊စားမိသကဲ့သို့
တည်း။ ။ယောရာဇာ။ အကြင်ရေမြေသေဌ်နင်းပြည်ရှင်မင်းသည်။အ
ဒဏ္ဍိယဥ္စ။ဒဏ်မထိုက်သောသူကိုလည်း။ ဒဏ္ဍံ။ဒဏ်ကို။ဒေတိ။ပေး၏။
ဒဏ္ဍိယဥ္စ။ဒဏ်ထိုက်သောသူကိုလည်း။အဒဏ္ဍိယ။ဒဏ်မပေးမူ၍။အန္တ
နောရုပ်မေဝ။မိမိအလိုရှိတိုင်းသာလျှင်။ကရောတိ။ပြု၏။အန္ဓော။ သူကန်း
သည်။ ဝိသမံ။မညီမညွတ်သော။ မဂ္ဂံ။ ခရီးကို။ ပဋိပန္နောပိ။ သွားသော်
လည်း။နဇာနာတိဣဝ။ မသိသကဲ့သို့၊ သောရာဇာ။ထိုမညီညွတ်သောအ
ရပ်သို့ပြေးသွား၍ ကျောက်အစရှိသည် ခုတ်အစရှိသည်တို့၌ချော်ချွတ်
သောသူကန်းနှင့်တူသောမင်းသည်။သမာသမံ။ ကုသိုလ်အကုသိုလ်ကို
နဇာနာတိ။မသိ။ဝါ။မသိသည်ဖြစ်၍။အပါယ်လေးဘုံ၌ကြီးစွာသောဆင်း
ရဲကိုခံရ၏။ ။ယောစရာဇာ။အကြင်မင်းသည်လည်း၊သဗ္ဗာသောသဗ္ဗာ
နိ။ဥဿံကုန်သော။အဏုံထူလာနိ။ကြီးသောအပြစ်ငယ်သောအပြစ်ဟု
ဆိုအပ်ကုန်သော။တောနိဋ္ဌာနာနိ။ဤအကြောင်းတို့ကို။ သုဒိဋ္ဌံ။ကောင်း

စွာမြင်အောင်။ကတွာ။ပြု၍။အနုဘာသေယျ၊ ဆုံးမစီရင်ရာ၏။ သောရာ
ဇာ။ထိုမင်းသည်။ဧ။စင်စင်။ကာရိတုံ။တိုင်းပြည်ကိုဆုံးမစီရင်ခြင်းကိုပြု
ခြင်းငှါ။အရဟာတိ။ထိုက်၏။ ။ဧကန္တမုဒုနာ။ စင်စစ်နူးညံ့လွန်းသော
မင်းသည်ရင်း။ဧကန္တတိက္ခဏေနဝါ။ စင်စစ်ထက်လွန်းသောမင်းသည်
ရင်း။အနုပ္ပန္နေ။ မဖြစ်ကုန်သေးသော။ဘောဂေ။ စည်းစိမ်တို့ကို။ ဥပ္ပါဒေ
တွာ။ဖြစ်စေ၍။ဥပ္ပန္နေ။ဖြစ်ကုန်ပြီးသော။ဘောဂေ။စည်းစိမ်တို့ကို။ ထာဝ
ရေကတွာ။အမြဲတည်အောင်ပြု၍။အတ္တံ။မိမိကိုယ်ကို။မဟာဇ္ဈော။ပြန့်ပြော
စွာအစိုးရသောမင်း၏အဖြစ်၌။ ဌပေတုံ။ ထားခြင်းငှါ။ နသက္ကာ။မတတ်
ကောင်း။ တသ္မာ။ထိုကြောင့်။ ဥဘယံ။ နှစ်ပါးရုံသောအလွန်နူးညံ့ခြင်းအ
လွန်ကြမ်းထမ်းခြင်းကို။နအာစရေ။မကျင့်ရာ။ ။မုဒုံ။နူးညံ့သောပြည်ရှင်
မင်းကို။ပရိဘူတော။တိုင်းနိုင်ငံသူတို့ကနှိပ်စက်အပ်သည်။ ဝါ။ မထေမဲ့
မြင်ပြုအပ်သည်။ဟောတိ။ဖြစ်၏။ အတိတိက္ခော စ။ အလွန်ထက်သော
မင်းသည်လည်း။ဝေရဝါ။ တိုင်းနေနိုင်ငံသူတို့ရန်သူမည်သည်။ ဟော
တိ။ဖြစ်၏။တေနဥဘယံ။ ဤနှစ်ပါးရုံသောအဖြင်ကိုလည်း။ ညတွာ။သိ၍။
အနုမဇ္ဈံ။လျော်စွာဖြစ်သောမနူမကြမ်းသော အလယ်ဖြစ်သော အကျင့်
ကို။သမာစရေ။ကျင့်ရာ၏။ ။ဤသို့သဗ္ဗညုတဉာဏ်ဖြင့်ဟောတော်မူ
သောစကားအားလျော်စွာ။ကာယသုစရိုက် ဝစီသုစရိုက်မနောသုစရိုက်
တို့ကို ပြည့်ရုံစွာဆောက်တည်ခြင်းသည်။ တွင်ပဘေးရန်အပေါင်းတို့မှ
လုံခြုံသည်သာဖြစ်သည်။ ။ထိုကြောင့်သဂါထာဝဂ္ဂသံယုတ်၌။ကောသ
လမင်းကြီးအား ဘုရားသခင်သည်။ ဆင်မြင်းရထားခြေသည်တို့ဖြင့်
နေ့ညမပြတ်ထက်ကြပ်စောင့်လျှင်မူလည်း။ သံသရာဘေးမှမလုံခြုံ။ မိမိ
စောင့်ထိမ်းအပ်သောသုစရိုက်တရားသည်သာ ပစ္စုပ္ပန်သံသရာဘေးမှ
လုံခြုံစေသည်ဟူ၍ဟောတော်မူသည်။ ။ဟောတော်မူသောစကား
ရပ်ကား။ ။မဟာရာဇ။ကောသလမင်းကြီး။ယေကေစိ။အလုံးရုံကုန်သော
မင်းအစရှိသောသူတို့သည်။ ကာယေန။ ကိုယ်ဖြင့်။ ဒုစ္စရိတံ။မကောင်း
သောအကျင့်ကို။ စရန္တိ။ ကျင့်ကုန်၏။ ဝါစာယ။ နှုတ်ဖြင့်။ ဒုစ္စရိတံ။မ
ကောင်းသောအကျင့်ကို။စရန္တိ။ကျင့်ကုန်၏။မနသာ။စိတ်ဖြင့်။ ဒုစ္စရိတံ။
မကောင်းသောအကျင့်ကို။ စရန္တိ။ကျင့်ကုန်၏။ တေသံ။ ထိုသူတို့၏။
အတ္တာ။ကိုယ်ကို။အရက္ခိတော။မစောင့်ရှောက်အပ်။ ယေ။ထိုဒုစရိုက်နှင့်
ပြည့်ရုံသောသူတို့ကို။ ဟတ္ထိကာယောဝါ။ ဆင်စီးသူရဲ အပေါင်းသည်

လည်း။ကိဉ္စာပိရက္ခေယျ။အကယ်၍မှုလည်းစောင့်ရှောက်ရာ၏။ရထကာ
ယောဝါ။ ရထားစီးသူရဲသည့်လည်း။ ကိဉ္စာပိရက္ခေယျ။ အကယ်၍မှု
လည်းစောင့်ရာ၏။ပတ္တိကာယောဝါ။ခြေသည်သူရဲအပေါင်းသည်လည်း
ကိဉ္စာပိရက္ခေယျ။ အကယ်၍မှုလည်းစောင့်ရာ၏။ အထခေါ။ထိုသို့ပင်
စောင့်လျှင်မှုလည်း။တေသံ။ထိုသုစရိုက်တရားကိုအားထုတ်သောသူတို့
၏။ အတ္တာယ။ကိုယ်သည်။ အရက္ခိတော။ စောင့်ရှောက်အပ်သည်မမည်။
တံ။ထိုသို့စောင့်ရှောက်သည်မမည်ခြင်းသည်။ကိဿဟေတု။အဘယ်
ကြောင့်နည်းဟူမူကား။ဟိယသ္မာ။အကြင့်ကြောင့်။ဒေသာရက္ခာ။ ဤဆင်
မြင်းအစရှိသည်တို့ဖြင့်စောင့်ရှောက်ခြင်းသည်။ ဗာဟိရာ။ အပဖြစ်သော
စောင့်ရှောက်ခြင်းတည်း။ဒေသာရက္ခာ။ ဤဆင်မြင်းအစရှိသည်တို့ဖြင့်စောင့်
ရှောက်ခြင်းသည်။အဇ္ဈတ္တိကာ။ ကိုယ်တွင်း၌စောင့်ရှောက်ခြင်းသည်။န
မဟောတိ။တသ္မာ ထိုကြောင့်။ တေသံ။ ထိုဒုစရိုက်နှင့်ပြည့်စုံကုန်သောသူ
တို့၏။အတ္တာ။ကိုယ်သည်။အရက္ခိတော။စောင့်ရှောက်အပ်သည်မမည်။
ယေစခေါကေစိ။ အကြင်မင်းအစရှိသောသူတို့သည်လည်း။ ကာယေန။
ကိုယ်ဖြင့်၊သုစရိတံ။ သုစရိုက်တရားကို။ စရန္တိ။ ကျင့်ကုန်၏။ ဝါစာယ၊
နှုတ်ဖြင့်။သုစရိတံ။သုစရိုက်တရားကို။စရန္တိ။ကျင့်ကုန်၏။ မနသာ။စိတ်
ဖြင့်။သုစရိတံ။သုစရိုက်တရားကို။စရန္တိ။ကျင့်ကုန်၏။ တေသံ။ ထိုသုစ
ရိုက်တရားကိုကျင့်ကုန်သော မင်းအစရှိသောသူတို့၏။ အတ္တာ။ ကိုယ်
သည်။ ရက္ခိတော။ အခါခပ်သိမ်းစောင့်အပ်သည်မည်၏။ တေ။ထိုသုစ
ရိုက်နှင့်ပြည့်စုံသောမင်းအစရှိသောသူတို့ကို။ဟတ္ထိကာယော။ ဆင်စီးသူ
ရဲအပေါင်းသည်။ကိဉ္စာပိနေဝရက္ခေယျ။အကယ်၍မှုလည်းမစောင့်ငြား
အံ့။အဿကာယော။မြင်းစီးသူရဲအပေါင်းသည်။ ကိဉ္စာပိနရက္ခေယျ။ အ
ကယ်၍မှုလည်းမစောင့်ငြားအံ့။ ရထကာယော။ ရထားစီးသူရဲအပေါင်း
သည်။ကိဉ္စာပိနရက္ခေယျ။အကယ်၍မစောင့်ငြားအံ့။ပတ္တိကာယော။ ခြေ
သည်သူရဲအပေါင်းသည်၊ကိဉ္စာပိနရက္ခေယျ။ အကယ်၍မစောင့်ငြားအံ့။
အထခေါ။ထိုသို့ပင်မစောင့်လျှင်မှုလည်း တေသံ။ ထိုသုစရိုက်တရားနှင့်
ပြည့်စုံကုန်သောမင်းအစရှိသောသူတို့၏။ အတ္တာ။ ကိုယ်သည်။ ရက္ခိ
တော။အမြဲမပြတ်စောင့်ရှောက်အပ်သည်မည်သည်။ဟောတိ။ဖြစ်၏။ ။
ဤသို့ဟောတော်မူသည်ဖြစ်၍။ ပဋ္ဌုန်သံလရာတို့၌ကောင်းစွာလုံခြုံခြင်း
၏အကြောင်း သုစရိုက်တရားကိုပြည့်စုံစေ၍ အကျိုးမဲ့ကိုဖြစ်စေတတ်

သောဒုစရိုက်တရားကိုပယ်ရှားရာသည်။ ။ထိုကြောင့်။ ။ဓမ္မကာယပ ဒ္ဒိုကွေ့ပေါဟူ၍စက္ကဝတ္တိသုတ်အဋ္ဌကထာ၌ဘွင့်ဆိုသည်။ ။ဤကားအ ဓမ္မကာရပဒ္ဒိုကွေ့ပကျင့်ဝတ်တရားတည်း။ ။ဤသို့နှစ်ခုမြွက်သော ကျင့်ဝတ်တရား၌ ပြဆိုခဲ့ပြီးသော ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်။ တိက္က အင်္ဂုတ္တိုရ်ရပါဠိတော်။ မဟာပဒုမဇာတ် ကောသလသံယုတ် ပါဠိတော် များ၌လာသော စကားရပ်ကို စေ့စင်စွာနာတော်မူ၍။ ထိုပါဠိတော်တို့၌ လာသောအနက်အဓိပ္ပါယ်ကို။ ဝမ်းဝယ်အမြဲထား၍။ အပ္ပမာဒတရားကို ပွါးတော်မူအပ်သည်။ထိုသုတ်တို့တွင်။ တိက္ကအင်္ဂုတ္တိုရ်ပါဠိတော်၌ဟော တော်မူသည့်ကို။သုတမယဉာဏ်ကိုရှေ့သွားပြု၍။ စိန္တာမယဉာဏ်ဖြင့် ကြံဆလျက်။ဘာဝနာမယဉာဏ်ကိုပွါးများရာသည်။

ပွါးများရာသည်ကား။ ။ဤဇမ္ဗူဒိပါကျွန်းသည် ကြက်ပျံမကျ။နဂရ ဇနပဒဂါမနိဂုံးတို့သည်များစွာတည်ကုန်လျက်။ အဓမ္မရာဂဝိသမလော ဘမိစ္ဆာဓမ္မတည်းဟူသောသမုဒယလောဘတရားသည်။ ဤသတ္တလော ကကိုမိမိသည်ပင် ပြုပြင်စီရင်လျက်။မိမိသည်ပင်ပျက်စီးအောင်ပြုသည်။ ငက်သားထိုးယောကျ်ားသည်ဝက်အများကိုမွေးစားကျွေးမွေးပြီးလျက်။ မိမိသည်ပင်သတ်ပုတ်ညှဉ်းဆဲသောအားဖြင့်။ ငက်အများကို ရောင်းစား သကဲ့သို့။ဤလောဘတရားကား။ ကြမ်းကြုတ်ယုတ်မာလေစွတကားဟု။ သမုဒယသစ္စာ၌ အပြစ်ကိုရှု၍။ ထိုသမုဒယသစ္စာကို ပယ်ဖျက်နိုင်စက် တတ်သောမဂ္ဂသစ္စာကိုရခြင်း၏အကြောင်း ကောင်းသောဘာဝနာဖြင့်။ အခါလေးမြင့်နေတော်မူသင့်သည်။ ငါတို့ဘုရားအလောင်းသည်လည်း။ လောဘ၏အပြစ်ကိုမြင်တော်မူ၍။ထိုလောဘကိုဖျက်ဆီးခြင်းငှါ များစွာ သောအကြောင်းတို့ဖြင့်ကျင့်ဆောင်တော်မူသည် ။ဘုရားလောင်း၏ ကျင့်ဆောင်တော်မူရာ၌ဆိုလတ္တံ့သည်ကား။ဥပမာတည်း။ ။လိမ္မာစွာ သောတဦးသောကျွန်ယောကျ်ားသည်။ဘေးဘိုးစဉ်ဆက်အထက်ထက် ကပင်အ ိုးရသောမြို့ရှင်၏အထံ၌အစေခံကျွန်ဖြစ်ကြ၍။ထိုသခင်၏လွန် စွာနိုင်စက်ညှဉ်းပန်းခြင်းကိုခံကြရသည်။ ထိုသို့ခံကြရသည်ကိုသိမြင် လတ်၍။ ထိုယောကျ်ားသည်။ ငါတို့တမူကား။ ဆွေမျိုးအများနှင့်တကွ ကြာမြင့်စွာ ဤသူဤသူတို့၏အစေအပါးကိုခံရကုန်သည်။ ထိုသူတို့၏ လက်မှလွတ်ကင်းရအောင် ကြံဆောင်မည်။ ကြံစည်ပြီးသော်။ ဆယ်သ ပြာသောဥစ္စာကိုယူဆောင်၍ထွက်ပြေးလေ၏။ ထိုထွက်ပြေးသောကျွန်

ယောက်ျားကိုမြို့ရှင်သခင်ယောက်ျားသည် လိုက်လံရှာသွေ၍ ဘမ်းဆီးသော်လည်းအလုအရက်လက်လွှတ်ကျွန်ယောက်ျားသည်ထွက်သွား၏၊ ဤသို့နှင့်နှင်ထွက်သွားလတ်သော်။တခုသောရွာသို့ရောက်၍။ ရွာသူကြီးထံဝင်ကပ်ပြီးလျှင်။ အကျွန်ုပ်ကားအစေအပါးခံရသောကျွန်ယောက်ျားတည်း။ဤသူကားအကျွန်ုပ်ကိုလွန်စွာနှိပ်စက်သောမြို့ရှင်သခင်ယောက်ကျားတည်း။ ဤမြို့ရှင်ဖြစ်သောသူ၏လက်မှလွှတ်အောင် ကြံဆောင်စေခြင်းကြောင်းနှင့်သာယာချေငံတောင်းပန်ခယမ်း၍။ထိုရွာသူကြီးဖြစ်သူက မြို့ရှင်ယောက်ျားကို အားနည်းလေအောင် လည်စိလည်ကုတ် ကိုင်ဆုပ်ထောင်းထု၍။ အားနည်းအောင်ပြု၏။ ထိုလိမ္မာစွာသောကျွန်ယောက်ျားသည်။ထိုရွာမှထွက်သွားပြီးသော်။ တခုသောရွာသူကြီးအထံသို့ရောက်ပြန်၍။ရွာသူကြီးထံ၌ရှေးနည်းအတိုင်း ပြောဆိုပြန်၍။ ရွာသူကြီးကလိုက်လာသောမြို့ရှင်ကိုရှေးနည်းအတူ ထောင်းထုရိုက်ခတ်၍အားနည်းအောင်ပြု၏။ ထိုသို့ပြုသော်လည်း။ မြို့ရှင်ယောက်ျားသည် အားမလျော့ဘဲဆွဲငင်ဘမ်းယူခြင်းငှါလိုက်လာခဲ့သည်ရှိသော်။ထိုလိမ္မာသောကျွန်ယောက်ျားသည်။သုံးခုမြောက်သောရွာသူကြီးထံအကြောင်းကိုပြန်ကြား၍။ ထိုရွာသူကြီးက ရှေးနည်းအတူအားနည်းအောင်ပြုသော်လည်း။ ထိုမြို့ရှင်ယောကျားသည်။ကျွန်ယောက်ျားကိုဘမ်းယူခြင်းငှါ နောက်ထပ်မကွာလိုက်ပြန်လာလျှင်။ ထိုလိမ္မာစွာသောကျွန်ယောက်ျားသည်။ လေးခုမြောက်သောရွာသူကြီးထံအကြောင်းကိုပြောကြား၍။ အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်တော်မူပါပြောဆိုလျှင်၊ထိုစတုတ္ထရွာသူကြီးက။ မြို့ရှင်ယောက်ျားကိုခါးသန်လျက်ဖြင့်လည်းနုတ်ထက်တင်၍။ဇီဝိတ်ခြွေမှချလေ၏။ထိုအခါမှစ၍ ထိုကျွန်ယောက်ျားသည် မြို့ရှင်ယောက်ျား၏လက်မှ လွတ်သည်ဖြစ်၍။ ချမ်းမြေ့ကြည်လင်သောစိတ်ဖြင့် သွားမြဲတိုင်းသောခရီးကို မှီလတ်သည်ရှိသော်။တခုသောမင်းဥယျာဉ်သို့ဝင်၍။ မင်္ဂလာကျောက်ဖျာထက် အိပ်စက်နေရာ။ဖုသ္သရထားဆိုက်ရောက်လာ၍။ ထိုပြည်၌မင်းထီးအဖြစ်သို့ရောက်လေ၏၊မင်းဘီးအဖြစ်သို့ရောက်ပြီးသော်။ငါတမူကား။ဤသူတို့အထံမှတော်လှ မင်းစစ်ဖြစ်ရပေပြီ၊ ငါ၏ဆွေမျိုးအပေါင်းတို့သည်ကား။မကောင်းသောအကျင့်အကြံရှိလေ၊ဤသူဤသူတို့၏အထံ၌ကျွန်ခံလျက်လာဆင်းရဲပင်ပန်းစွာရှိကြလေကုန်သည်။ ဤသူတို့အထံ တမန်တံဆေးသုံးသေးစေလွှတ်၍။ ကျွန်၏အဖြစ်မှ လွတ်ရာလွှတ်ကြောင်းဖြစ်သော စ

ကားကို။သတင်းမှာစာသန္ဒေသကထာဖြင့်များစွာစေလွှတ်၏။ ထိုသတင်း
စကားကို။ဆွေမျိုးအပေါင်းတို့သည်ကြားနာသိကြ၍။ အချို့သောဆွေမျိုး
တို့သည်သတိရ၍ထွက်ပြေးကြသဖြင့်။ ထိုမင်း၏ထံမှောက်သို့ ရောက်
ကြလေကုန်သည်။ အချို့သူတို့မှာမူကား။ မြို့ရှင်ယောက်ျားတို့က ဖြား
ရောင်းလှည့်ပတ်သည်နှင့်။ ထိုမင်း၏အထံမှစေလွှတ်သောသတင်းမှာစာ
ကိုမနာမယူ။ ရှေးအတူ ထိုသခင်ဖြစ်သောသူ၏အထံ၌ မြဲမြဲစွာ နေကြ
လျက်။ ကြီးစွာသောဆင်းရဲငြိုငြင်ခြင်းဖြင့် နေ့ရက်ကိုကုန်စေလျက်။မ
ထွက်နိုင်ဘဲရှိကြလေကုန်သည်။ ။ဤဥပမာ၌။မြို့ရှင်ယောက်ျားတို့
ကဲ့သို့။လောဘတရားကိုမှတ်အပ်၏။ဘေးဘိုးစဉ်ဆက်မှစ၍။ အစေခံရ
သောယောက်ျားကဲ့သို့။အစမထင်သံသရာ၌ တဏှာ၏စိမ်ထုံးပိတ်သော
အားဖြင့်။နှိပ်စက်ညှဉ်းဆဲသည်ကိုမှတ်အပ်၏။ လိမ္မာသောကျွန်ယောက်
ျားသည်။ငါသည်ထွက်သွား၍ ငါနှင့်တကွဆွေမျိုးအပေါင်းတို့ကျွန်
၏အဖြစ်မှတော်လှန်မည်ကြံစည်သကဲ့သို့။ ငါတို့ဘုရားအလောင်းတော်
သည်။ သုမေဓါရသေ့၏အဖြစ်၌။ (တိဏ္ဏော တာရေယျံ မုတ္တော မောစေ
ယျံ)စသည်ဖြင့်ကြိုးသံပ၍။ ဤတဏှာ၏လက်မှထွက်ပြေးမည်ကြံစည်
သောအခါကို မှတ်အပ်၏။ လိမ္မာသော ကျွန်ယောက်ျားသည်။ တဆယ်
သောအသပြာကို ယူဆောင်၍သွားသကဲ့သို့။ ပါရမီဆယ်ပါးကို ဖြည့်
တော်မူ၍။ မဇ္ဈိမပဋိပဒါဖြင့် သွားတော်မူသည်ကို မှတ်အပ်၏။ မြို့ရှင်
ယောက်ျားက ဥဿျောင်လည်ကုတ်ကိုင်ဆုတ်ဆွဲငင်သော်လည်း။ တွန်း
ထိုးထို၍ကျွန်ယောက်ျားသည်ပြေးသွားသကဲ့သို့။ငါတို့ဘုရားအလောင်း
သည်ဝဋ္ဋကြောမတဏှာကိုပယ်ခွါစွန့်ပစ်၍။ ရသေ့ရဟန်းအဖြစ်ကိုယူ
သောအားဖြင့်။ ဟိမဝန္တာသို့ထွက်သွားသည်ကို မှတ်အပ်၏။ ထိုကျွန်
ယောက်ျားသည် ပဌမရွာသူကြီးထံ ဆည်းကပ်၍။ ပဌမရွာသူကြီးက
မြို့ရှင်ယောက်ျားကိုအားနည်းအောင်ပြုသကဲ့သို့။ သောတာပတ္တိမဂ်သို့
ရောက်၍။သောတာပတ္တိမဂ်ဖြင့်သမုဒယသစ္စာတဏှာကို။ တနုကရအား
ဖြင့်ပယ်ရှားသည်ကိုမှတ်အပ်၏။ ထိုလိမ္မာလှစွာသော ကျွန်ယောက်ျား
သည်။ဒုတိယရွာသူကြီးထံရောက်ပြန်၍။ရွာသူကြီးကမြို့ရှင်ယောက်ျား
ကို အားနည်းအောင်ပြုလိုက်ပြန်သကဲ့သို့။ ငါတို့ဘုရားအလောင်းတော်
သည်။ သကဒါဂါမိမဂ်သို့ရောက်၍။ ထိုသကဒါဂါမိမဂ်ဖြင့် သမုဒယ
သစ္စာတဏှာလောဘကို။ တနုကာရအားဖြင့်ပယ်သည်ကို မှတ်အပ်၏။

ထိုလိမ္မာစွာသော ကျွန်ယောကျ်ားသည်။ တတိယမြောက်သော ရွာသို့ ရောက်ပြန်၍။ ထိုရွာသူကြီးက ကျွန်ယောကျ်ားကို လွန်မင်းစွာအား နည်းအောင်ပြုသကဲ့သို့။ ငါတို့ဘုရားသခင်သည်။ အနာဂါမိမဂ်သို့ရောက် ၍။ အနာဂါမိမဂ်ဖြင့် သမုဒယသစ္စာတဏှာလောဘတို့ကို နှိပ်စက်ဖျက် ဆီးသည်ကိုမှတ်အပ်၏။ ထိုလိမ္မာလှစွာသောကျွန်ယောကျ်ားသည်။ လေး ခုမြောက်သောရွာသို့ရောက်၍။ ရှေးနည်းအတူပြောဆိုပြန်ကြား၍။ ထို ရွာသူကြီးက မြို့ရှင်ယောကျ်ားကို ခါးသန်လျက်ဖြင့် အသက်ဆုံးရှုံး အောင်ပြုသကဲ့သို့။ ငါတို့ဘုရားသခင်သည်။ အရဟတ္တဖိုလ်သို့ရောက်၍။ ထိုအရဟတ္တမဂ်ဖြင့်။ ထိုသမုဒယသစ္စာကို အကြွင်းမဲ့ဖျက်ဆီးသည်ကို မှတ်အပ်၏။ ထိုအစေခံသောကျွန်ယောကျ်ားသည်။ စတုတ္ထရွာမှ လွန်၍ သွားသဖြင့်။ မင်းထီးအဖြစ်သို့ရောက်သကဲ့သို့။ ငါတို့ဘုရားသခင်သည်။ သဗ္ဗညုတဉာဏ်ကိုရ၍။ သုံးလောကတို့၏အရှင် တုဘက်မထင်သောဓမ္မ ရာဇာ၏အဖြစ်သို့ရောက်သည်ကိုမှတ်အပ်၏။ ထိုမင်းသည် မင်း၏အဖြစ် ကိုရလတ်၍။ ဆွေမျိုးအပေါင်းတို့ကိုကယ်ဆယ်လို၍သတင်းမှာစာသန္ဒေ သကထားကိုစေလွှတ်သကဲ့သို့။ နောက်နောက်သော ဝေနေယျတို့၏ အ လို့ငှါဟောကြားတော်မူသော ဒေသနာတော်ကိုမှတ်အပ်၏။ ဤသို့သ တင်းမှာစာကိုကြား၍။ အချို့သောကျွန်ယောကျ်ားတို့သည် ထွက်သွား လတ်၍။ ထိုမင်းထံမှောက်ရောက်သကဲ့သို့။ ဟောတော်မူသောဒေသနာ တော်ဖြင့်ကျင့်ကြ၍။ နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်တို့ကိုမှတ်အပ်၏။ သ တင်းမှာစာကို ကြားနာရသော်လည်း မနာမယူ။ မြို့ရှင်ယောကျ်ား၏ လှည့်ဖြားသွေးဆောင်သည်ကိုနာယူ၍။ ဆင်းရဲစွာ အစေအပါးကို ခံရ သောသူတို့ကဲ့သို့။ ဘုရားသခင်၏တရားဒေသနာတော်ကို။ မနာမယူမ ကျင့်မဆောင်သောသူတို့သည်။ တဏှာသည်စီရင်ထုံးပတ်ရာခံရလျက်။ အပါယ်နရက်စသည်တို့၌ခံရသောသူတို့ကိုမှတ်အပ်၏။ ဤသို့ဥပမာကို စိန္တာမယဉာဏ်ဖြင့်ကြံဆမှတ်ယူလျက်။ ငါတို့တမူလည်းအတိမှာလျှင် ဤတဏှာ၏အစေအပါးကိုခံလေနှံ့နည်း။ သတင်းမှာစာနှင့်တူသောဒေ သနာတော်ကိုအစဉ်လျှောက်၍။ နိဗ္ဗာန်သို့ရောက်ခြင်းအကြောင်းကောင်း စွာမပြတ်။ အပတ်တကုတ်အားထုတ်မည်ဟူ၍။ ကြံစည်အောက်မေ့လျက်။ ကုသိုလ်တရားကို ပွါးများအားထုတ်အပ်သည်။ ဤသို့စိန္တာမယဉာဏ် ဖြင့်ကြံပြီး၍။ ဘာဝနာမယဉာဏ်ဖြင့်ပွါးများအပ်သည်။

ပွါးများအပ်သည်ကား။ ဤသမုဒယသစ္စာဟုဆိုအပ်သော တဏှာသည်။များစွာသောသတ္တဝါတို့ကိုဘန်ဆင်းလျက်။ ဖျက်ဆီးလှလေပြီ။ဤတဏှာသည် ဖျက်ဆီးအပ်သောသတ္တဝါတို့ကား။ ဤရှေ့ဤမျှတည်းဟုဂဏန်းသင်္ချာ ချခြင်းငှါမတတ်ကောင်းလေ။ ဤမြေအပြင်၌ ယခုရှိသောသတ္တဝါအလှေးတို့ကိုလည်း၊ရှေးအတူပင်ကုန်စင်အောင်ဖျက်ဆီးလတ္တံ့။နောက်နောက်၌ဖြစ်သောသတ္တဝါပေါ်ရယ်ကိုလည်း။ ထိုနည်းအတူ အကြွင်းအကျန်မရှိစေမူ၍ဖျက်ဆီးလတ္တံ့။ဤသတ္တဝါတို့၏ဆင်းရဲဒုက္ခသည်။အစအဆုံးမရှိကြောက်မက်ဘွယ်လိရှိသည်သာဖြစ်သည်။ထိုသတ္တဝါတို့ပျက်စီးကြသောအခါ၌လည်း။ ပြင်းစွာသောဝေဒနာကို ခံစားရလျက်။ပျက်စီးကြရကုန်သည်။ ကြွင်းကျန်ရစ်သောဆွေမျိုးတော်သူ လူပေါင်းတို့သည်လည်း။ သောကပရိဒေဝစသည်တို့ဖြင့်အလွန်ဆင်းရဲခြင်းကိုခံကြရကုန်သည်။ ။ထိုကြောင့်။ ။ဤသတ္တလောက၏အခြင်းအရာသည်။ဒုက္ခအတိသာဖြစ်သည်။ချမ်းသာသုခနှင့်မရောမရှက်လေ။ ဤသို့သဘောရှိသောဒုက္ခကိုမရစေခြင်းငှါ။ ဗြဟ္မာသိကြားစသည်တို့သည်လည်း မတားမဆီးနိုင်၊ ဂိုးပိုင်မရ၊အနတ္တသာတည်းဟုနှလုံးပြုလျက်။ ဤသံသရာစက်ကားအမြဲမတည်လေ။ကွေးကွင်းဘောက်ပြန်တတ်သော သဘောရှိသည်ဖြစ်၍။နိစ္စမရှိအနိစ္စသာတည်းဟု။ အပ္ပမာဒတရားဖြင့် ပွါးများဆင်ခြင်ရာသည်။ပြဆိုခဲ့ပြီးသော သဗ္ဗညုတဉာဏ်သို့ရောက်တော်မူပြီးသောမြတ်စွာဘုရားသခင်၏ တပည့်သားတော်အပေါင်းတို့သည်လည်း။ မြတ်စွာဘုရားဟောကြားတော်မူအပ်သောစကားတော်ကို။ဝေနေယျတို့အားပြသတော်မူ၍ပရိနိဗ္ဗာန်စံယူတော်မူကြလေပြီ။ဤတပည့်သားတို့၏အရှင်ဖြစ်သောဘုရားသခင်သည်လည်း။ပရိနိဗ္ဗာန်စံတော်မူရလေပြီ။ဤခန္ဓာအာယတနဓါတ်တို့ဖြင့်ရေတွက်အပ်သောရုပ်နာမ်တရားတို့သည်။ ဘောက်ပြားချွတ်ယွင်းတတ်သည်ဖြစ်၍။အချည်းနှီးသာတည်းဟု။ မရဏာသတိဘာဝနာကိုပညာဖြင့်ရှုလျက်၊ ။တာဒိဟိ။သည်းခံခြင်းဂုဏ်နှင့်ပြည့်ရုံကုန်သော။ ဝိဘာရဂေဟိ။ ကင်းသောရာဂရှိကုန်သော။ ဝိမလေဟိ။ ကင်းသောကိလေသာတည်းဟူသော အညစ်အကြေးရှိကုန်သော။ အရဟန္တေဟိ။ရဟန္တာအရှင်မြတ်တို့သည်။သုပုပ္ဖိတံ။ ကောင်းစွာပွင့်လင်းသော။ပါဝစနံ။မြတ်စွာဘုရား၏စကားတော်ဟုဆိုအပ်သော။ ဇိနသာလနံ။မြတ်စွာဘုရား၏သာသနာတော်ကို။သောဘိတ္ထ။တင့်တယ်စေကုန်ပြီ။

ာ၊ ။တင့်တယ်စေ၍ပရိနိဗ္ဗာန်စံတော်မူကြကုန်ပြီ။ အမိတယသေး။မနိုင်း ရှည်အင်သော အမြိအရံကျော်စောခြင်းရှိတော်မူသော။ သောစသတ္တာ။ ထိုမြတ်စွာဘုရားသည်ငင်း။အတုလိယာဒိ။မနိုင်းရှည်အံပ်ကုန်သော။တာ နိယဂါနိ။ထိုဘပည့်အရံတို့သည်ငင်း။သနို့။ရှိကုန်၏။သဗ္ဗံ။ အသုံးရုံသော ဘုရားသခင်၏တပည့်သားတော်အပေါင်းသည်။သမနို့ရဟိတ်။ကြွင်းမဲ့ ဥသုံကုန်စင်ကွယ်ပျောက်လေပြီ။သဗ္ဗသင်္ခါရာ။အလုံးရုံသောသင်္ခါရတ ရားတို့သည်။နနု။စင်စင်။ရိတ္တာ။အချည်းနှီးတို့သာတည်း။ ။ဤသို့ဗုဒ္ဓဝင် ပါဠိ၌လာသောနည်းဖြင့်ပွါးများရာသည်။ ။ဤသို့ဆိုအပ်ခဲ့ပြီးသောဘု ရားသခင်နှင့်တကွသောတပည့်သားတော်တို့သည်။ ပျောက်ပျက်ကွယ် လေကုန်သကဲ့သို့။ ယခုရှိကြသော ငါနှင့်တကွသော သတ္တဝါအများတို့ သည်လည်း။ ယမမင်း၏ခံတွင်းသို့သက်ဆင်းတိုးဝင်ကြရလတ္တံ့။ ဤသို့ အောက်မေ့သျက်။ ။သဗ္ဗေ။ခပ်သိမ်းကုန်သော။သတ္တာ။သတ္တဝါတို့သည်။ မရိသန္တိ။ ယမမင်း၏နိုင်ငံတွင်းသို့သွားကြရကုန်လတ္တံ့။ ဇိဝိတံ။ အ သက်သည်။မရဏန္တံ ဟိမရဏန္တံ၄ဝ။ သေခြင်းလျှင်အဆုံးရှိသည်သာ လျှင်တည်း။ယုညပါပဖလူပဂါ။ကုသိုလ်ကံ၏အကျိုး အကုသိုလ်ကံ၏အ ကျိုးဖြင့်။ထိုထိုဘုံဘဝသို့ကပ်ကြရကုန်သော သတ္တဝါတို့သည်။ယထာ ခမ္မံ။ကံအားလျော်စွာ။ဂမိဿန္တိ။သွားကြရကုန်လတ္တံ့။ ။ပါပကမ္မန္တာ။ မကောင်းမှုကိုပြုကုန်သောသူတို့သည်။ နိရယံ။ငရဲသို့။ ဂမိဿန္တိ။ သွား ကြရကုန်လတ္တံ့။ပုညကမ္မာစ။ကောင်းမှုရှိသောသူတို့သည်လည်း။ သုဂ တိံ။သုဂတိဘဝသို့။ဂမိဿန္တိ။သွားကြရကုန်လတ္တံ့။ ။တသ္မာ။ထို ကြောင့်။နိစယံ။ဆည်းဘူးအပ်သော။သမ္ပရာယိကံ။ တမလွန်ဘဝ၌ခံစား ကြောင်းဖြစ်သော။ကလျာဏံ။ကောင်းမှုကုသိုလ်ကို။ပဉ္စိတော။ ပစ္စုပ္ပန် သံသရာတို့၌ကောင်းစွာမြင်ပြီးသောပညာရှိသည်။ ကရေယျ။ ပြုရာ၏။ပု ညာနိ။ကုသိုလ်ကံတို့သည်။ပရလောကသ္မိံ။တမလွန်လောက၌။ပါဏီနံ။ သတ္တဝါတို့၏။ပတိဋ္ဌာ။တည်ရာတို့သည်။ဟောန္တိ။ဖြစ်ကုန်၏။ ။ဟူ၍ သင်္ဂါထာဝဂ္ဂကောသလသံယုတ်၌တိုက်တွန်းနှိုးဆော်တော်မူသောမြတ် စွာဘုရား၏စကားကိုမပြတ်နား၌သွင်း၍ကြိုးပမ်းအားထုတ်ခြင်းကိုပြုရာ သည်။

၄ )(အခနာနိဓနာနုပ္ပါဒါနံ၄ကံ ) ဟူသောနဝမကျင့်ဝတ်တရား၌။ သင်္ဂါ ထာဝဂ္ဂသံယုတ် အဋ္ဌအင်္ဂုတ္တိုရ်အဋ္ဌကထာ။ ဇာတ်ဝတ်အဋ္ဌကထာတို့၌

လာသောသင်္ဂဟတရားလေးပါးတို့တွင်။ဒလိဒ္ဒမနုဿာနံ။ဆင်းရဲသောသူ
တို့၌။အာပေါဠ္ဌကော။ပေပုရပိုက်၍။ လေခံ။စာရင်းသဏ္ဌာရာဇာကို။ ဂပေ
တွာ။ယူ၍။ဝါ။မှတ်သား၍။တိကိဝဿာနိ။သုံးနှစ်တို့ပတ်လုံး။ ဝဍ္ဍိယာ။အ
တိုးအပွါးကိုယူခြင်းမှ။ဝိနာ။ကင်း၍။သဟဿဒွိသဟဿမတ္တာဓနသမ္ပဒါ
ဓနာနုပ္ပါဒါနံ။ တထောင် နှစ်ထောင်မျှလောက်သောဥစ္စာကိုမြီချေးငှါး
သောအားဖြင့်ဥစ္စာကိုဖြစ်စေခြင်းသည်။သမ္မာပါသိနာမ။သမ္မာပါသမည်
၏။ဟိသစ္စံ။မှန်၏။တံ။ထိုသုံးနှစ်တိုင်တိုင်အတိုးအပွါးမယူမူ၍။ ကြွေးဆယ်
မြီချသောအားဖြင့်ဆင်းရဲသားတို့ကိုထောက်ပံ့ခြင်းသည်။သမ္မာ။ကောင်း
စွာ။မနုဿေဟိ။ လူတို့ကို။ပာဒယော။ နှလုံး၌။ဗန္ဓိတွာ။ ဘွဲ့၍။ဒွေပေတိဇ္ဈင။
ထားသကဲ့သို့။ဒွေပေတိ။ထား၏။တသ္မာ။ထို့ကြောင့်။သမ္မာပါသန္တိ။ သမ္မာ
ပါသဟူ၍။ဝုစ္စန္တိ။ပြောဆိုခေါ်ဝေါ်ကြကုန်၏။ ။ဟူ၍လာသောသင်္ဂဟ
တရားဖြင့်လည်း ဆင်းရဲနွမ်းပါး အစားအစာ မပြည့်စုံသော သူတို့ကို
သင့်ရုပ်ချီးမြှောက်ထောက်ပံ့ခြင်းသည်လည်း။ ဤကိုးခုမြောက်သော ကျင့်
ဝတ်တရားပင်ဖြစ်သည်။

ထိုမှတပါး။ကြံရာမသိး အသိးကာပွနာကိုးကွယ်ရာမရှိ ဒုက္ခိတဖြစ်
သောသူတို့အားလည်း။ အဝတ်အစားပေးသနားတော်မူခြင်းသည်လည်း။
ဤကိုးခုမြောက်သော ကျင့်ဝတ်တရားပင်ဖြစ်သည်။ ဤဒါနတရားကား။-
ဘုရားပစ္စေကဗုဒ္ဓါသာဝကအစရှိသော ရှေးရှေးသောမင်္ဂလိနိဗ္ဗာန်ကို
ယူကြကုန်သောသူမွန်သူမြတ်တို့၏လှန်မစောင်ဖြစ်သော အကျင့်ဖြစ်
သည်။ ထိုကြောင့်။ငါတို့ဘုရားအလောင်းသုမေဓါရှင်ရသေ့သည်၊ပါရမီ
တရားကိုစူးစမ်းရှာဘွေရာဒါနတရားကိုရှေးဦးစွာမြင်ကြောင်းကို။ ။ဝိ
စိနန္တော။မင်္ဂလိ၏အကြောင်းတရားကိုစူးစမ်းရှာဘွေသည်ရှိသော်။ တ
ဒါ။ထိုအခါ၌။ပုဗ္ဗကေဟိ။ရှေးရှေး၌ဖြစ်ကုန်သော။မဟေသီဟိ။ သီလက္ခန္ဓ
အစရှိကုန်သော ဂုဏ်ကျေးဇူးကိုသည်းဘူးရှာမှီးကြကုန်သော ဘုရား
ပစ္စေကဗုဒ္ဓါသာဝကတို့သည်။အနုစိဏ္ဏံ။ အစဉ်အမြဲသုံးစွဲလေ့ကျက်ကြ
သော။မဟာပထံ။ခရီးသဘွယ်ဖြစ်သော။ပဌမံ။ရှေးဦးစွာသော။ ဒါနပါရ
မိံ။ဒါနပါရမီကို။အဒ က္ခိံ။မြင်ပြီ။ ။ဤသို့ဗုဒ္ဓဝင်ပါဠိ၌လာသည်။ ။ဤ
သို့မင်္ဂလိကိုဖြစ်စေတတ်သောအကြောင်းတရားကို သိမြင်ပြီးသော သု
မေဓါရှင်ရသေ့သည်။ မိမိကိုယ်ကိုဒါနတရား၌ တိုက်တွန်းနှိုးဆော် အ
ဘော်သဟဲပြု၍ယှဉ်စေသည်။ ။ထိုကြောင့်။ ယာစကေဒိသွာစသည်

ဖြင့်။ဗုဒ္ဓဝင်ပါဠိ၌ပင်ဟောတော်မူသည်။ ။ဟိနရက္ခ၌မဇ္ဈိမေ။အယုတ်
အမြတ် အလတ် ဖြစ်ကုန်သော။ ယာစကေ။ တောင်းရမ်း ဖုံးစားတတ်
သောသူတို့ကို။ဒိသွာ။တွေ့မြင်၍။ နိသေသံ။အကြွင်းမဲ့။ ဒါနံ။ပေးကမ်းစွန့်
ကြဲခြင်းကို။ဒဒါဟိ။ပေးကမ်းစွန့်ကြဲလေလော့။ ။ဤဒါနပါရမီကိုအယုတ်
အမြတ်အလတ်ဟူ၍ မရွေးမချယ်ဘဲလျက်ပွါးများခြင်းသည်လည်း။ မင်
ဂိုလ်၏အကြောင်းဖြစ်၍။ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့သည်
ကျင့်ဆောင်အပ်လေရကား။ မင်းတို့ကျင့်ရာဘုရားတွင်။ကိုးခုမြောက်
သောအကျင့်ဟူ၍ဘုရားဟောတော်မူသည်။ ။ထိုကြောင့် လူတို့၏အ
သွင်အပြင်ကိုဖျက်၍ ဖာလ်ရည်စွန်းသောအဝတ်ကိုလည်းတွင်ယောက်
လျက်။သီလမရှိဒုဿီလအဖြစ်သို့ရောက်သော ကာမဘောဂီ ပုဂ္ဂိုလ်ပင်
ဖြစ်လင့်ကစား။ သံဃာတော်ဟူ၍စေတနာထားလျှင်မူကား။ ကြီးမား
သောအကျိုးကိုခံရကြောင်းကို။အာနန္ဒ။အာနန္ဒာ။ခေါ်ပန။ငင်စစ်။ အနာဂ
တာနံ။ရောက်လတ္တံ့သော။အဒ္ဓါနံ။ကာလ၌။ဂေါတြဘူနော။ လူ၏အသွင်
အပြင်ကိုဖျက်ဆီး၍ရဟန်းဟူသော အမည်နာမပညတ်သာရှိကုန်သော။
ကာသာဝကဏ္ဍာ။လည်၌ရစ်ပတ်အပ်သော ဖာလ်ရည်စွန်းသောအဝတ်
သာရှိကုန်သော။ဒုဿီလာ။သီလမရှိကုန်သော။ပါပဓမ္မာ။ ယုတ်မာသော
အကျင့်ရှိကုန်သောသူတို့သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။တေသုဒုဿီ
လေသု။ထိုဒုဿီလပုဂ္ဂိုလ်တို့၌။ သံဃံ။သံဃာတော်ဟူ၍။ ဥဒ္ဒိဿ။ ရည်
ညွှန်းမှတ်သားနှလုံးထား၍။ဒါနံ။အလှူကို။ဒဿန္တိ။လှူကုန်လတ္တံ့။တဒါပိ။
ထိုသို့လှူကြသောအခါ၌လည်း။အာနန္ဒ။အာနန္ဒာ။ အဟံ။ငါဘုရားသည်။
သံဃဂတံ။ သံဃာ၌ဖြစ်သော။ ဒက္ခိဏံ။အလှူကို။ အသင်္ချေယျံ။ မရေ
တွက်နိုင်သောအကျိုးရှိ၏ဟူ၍။အပ္ပမေယျံ။ မနှိုင်းရှည်နိုင်သောအကျိုး
ရှိ၏ဟူ၍။ဝဒါမိ။ဟောတော်မူ၏။ ။ဤသို့ဥပရိပဏ္ဏာသဒက္ခိဏာဝိဘင်
သုတ်၌ဟောတော်မူသည်။ ။သံဃာတော်ဟူ၍ရည်ရွယ်မှတ်၍လှူရာ
၌။အခါခပ်သိမ်းပင်အရိယာသံဃာတော်ဟူ၍ အမှတ်အသားကိုမထား
နိုင်သော်လည်း။ပေးလှူဆဲကာလ၌သံဃာတော်ဟူ၍မှတ်သားခြင်းသည်
များမြတ်သောအကျိုးရှိသည်။ လှူဆဲကာလ၌ ကောင်းစွာစေတနာထား
ဘူးသောသူကား။ ကျောင်းကိုဆောက်လုပ်၍လှူသော တဦးသော သူ
ကြွယ်သည်။သံဃာတော်အားသံဃာဒါနလှူမည်ကြံစည်လတ်၍။သံဃာ
အရပ်သို့သွား၍။ သံဃာတပါးကိုတောင်းလတ်သည်ရှိသော်၊ သံဃာ

တော်တို့ကဒုဿီလအလဇ္ဇီရဟန်းကို စာရေးတံကျဘတ္တုဒ္ဒေသမထေရ်ကထည့်လိုက်ရာ။ ထိုအလဇ္ဇီ ဒုဿီလရဟန်းကို အိမ်သို့ပင့်ဆောင်၍။ မြတ်စွာဘုရားသခင် ကိုကဲ့သို့ အရိုအသေပြု၍ ဟျူဒါန်း ပူဇော်လိုက်၏။ ထိုအလဇ္ဇီရဟန်းသည်။ ညချမ်းရောက်လတ်သော်၊ မိမိနေရာကျောင်းသိမ်းကိုသုတ်သင်ခြင်းငှါ။ထိုဘကါထံပေါက်တူးတဂ္ဂင်းတို့ကိုတောင်းလှာပြန်လျှင်။ထိုသူကြွယ်သည်ခြေဖြင့်ပစ်ကော်၍။ထိုအလဇ္ဇီရဟန်းအားပေးငှါးလိုက်၏။ထိုအခါများစွာသောပဒိသာတ်ခဘဲတို့က။ သင်သူကြွယ်မှုကား။ထိုရဟန်းကိုနံနက်အခါရိုသေစွာပြုပြီးလျက်။ ယခုညချမ်းအခါပဇာမှု၍မရိုမသေပြုဘိသနည်း။ အကြောင်းကား အဘယ်သို့နည်းဟူ၍မေးဆေးပြောဆိုကြကုန်သည့်ရှိသော်။နံနက်အခါ၌ငါသည်သံဃာတော်ဟူ၍ရည်မှတ်သည်။ ယခုမူကား။ ထိုသူ၏သဘောကိုဟုတ်မှန်စွာနှလုံးသွင်း၍ ရိုညွတ်ကော်ရော်ခြင်းမရှိ။ ငါပြုလိုက် ဘိသည်ဟူ၍ ပြောဆိုသည်။ ။ဤအကြောင်းကိုလည်း။ ဥပရိပဏ္ဏာသဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာပြဆိုသည်။ ။ပုထုဇ္ဇဉ်ဒုဿီလမုဆိုးတငါစသောသူတို့ကို။သံဃာတော်ဟူ၍မရည်မှတ်ဘဲသဘောအားလျော်စွာပေးကမ်းရာ၌လည်းအကျိုးတထောင်ရကြောင်းကိုလည်း။ ။ပုထုဇ္ဇနဒုဿီလေ။ပုထုဇ္ဇဉ်ဖြစ်သောဒုဿီလပုဂ္ဂိုလ်နှိုက်။ဒါနံ။ အလှူကို။ ဒတွာ။ ပေးကမ်းစွန့်ကြဲသောကြောင့်။သဟဿဂုဏံ။တထောင်သောအကျိုးရှိသော။ ဒက္ခိဏံ။ အလှူဟူ၍။ပါဋိကင်္ခါ။ အလိုရှိအပ်၏။ ။ဤဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိ၌ဟောတော်မူသည်။ ။ဤပါဠိ၏အဘွင့်ဖြစ်သောအဋ္ဌကထာ၌လည်း။ ။ပုထုဇ္ဇနဒုဿီလာနာမ။ ပုဘုဇ္ဇဉ်ပုဂ္ဂိုလ်မည်သည်ကား။ ကေဝဋ္ဋမစ္ဆဗန္ဓာဒယော။တငါမုဆိုးအစရှိကုန်သော။ပရံ။သူတပါးကို။ပီဠာယ။နှိပ်စက်၍။ဇီဝိတံ။အသက်ကို။ကပ္ပေတာ။မွေးမြူသောသူတို့တည်း။ ။ဤသို့ဘွင့်ဆိုသည်။ ။လူသာမဟုတ်။တိရစ္ဆာန်ကိုပင်သော်လည်းကျွေးမွေးပေးကမ်းရာ၌။အကျိုးတရာရကြောင်းကို။ ။တိရစ္ဆာနဂတေ။တိရစ္ဆာန်၌။ဒါနံ။ကျွေးမွေးပေးကမ်းခြင်းကို။ဒတွာ။ကျွေးမွေးပေးကမ်း၍။သတဂုဏံ။တရာသောအကျိုးရှိသော။ဒက္ခိဏာ။အလှူဟူ၍။ပါဋိကင်္ခိတဗ္ဗာ။ အလိုရှိအပ်၏။ ။ဟူ၍ဤသုတ်၌ဟောတော်မူသည်။ ။ဤသို့တိရစ္ဆာန်တို့အားကျွေးမွေးရာ၌။မိမိ၏ကျေးဇူးများသည်၏အစွမ်းဖြင့်။ဆင်မြင်းနွားကျွဲအစရှိသည်တို့ကိုမိမိသန္တက၏အဖြစ်ဖြင့်ကျွေးမွေးရာ၌။ အခြားသောအကျိုး

ကိုရသည်မဟုတ်။ တွေ့မြင်သမျှသောသတ္တဝါတို့ကို ကရုဏာရှေ့ထား၍
ကျွေးမွေးခြင်းသည်သာလျှင်အရာသောအကျိုးကိုခံစားရသည်။ ။ထို
ကြောင့်ဤသုတ်၏အဖွင့်အဋ္ဌကထာ၌။ တိရစ္ဆာနဂတေဒါနံဒတွာတိ။ စ
သည်ဖြင့်ပြဆိုသည်။ ။တိရစ္ဆာနဂတေဒါနံဒတွာတိ။ တိရစ္ဆာနဂတေ
ဒါနံဒတွာဟူသည်ကား။ ယံယံဂုဏဝသေန။ အကြင်အကြင်ဂုဏ်ရှိသည်
၏အစွမ်းဖြင့်ရင်း။ ဥပကာရဝသေန။ မိမိအားကျေးဇူးများသည်၏အစွမ်း
ဖြင့်ရင်း။ ပေါသနတ္ထံ။ မွေးမြူခြင်းငှါ။ ဒိန္နံ။ ပေးအပ်သော။ ဒါနံ။ ဤဒါနကို။ နဂ
ဟိတံ။ အကျိုးတရားရ၏ဟူ၍မယူအပ် အာလောပအနုလောပမတ္တံ။ တ
လုပ်သောထမင်းတလုပ်မှထက်ဝက်မျှသောထမင်းဟုဆိုအပ်သော။ ယမ္ပိ။
အကြင်အစားအစာ အာဟာရကိုလည်း။ ဒိန္နံ။ ပေးစွန့်အပ်၏။ တံပိ။ ထိုအ
နည်းငယ်သောပေးစွန့်ခြင်းကိုလည်း။ ဣဓ။ ဤအရာ၌။ နဂဟိတံ။ အကျိုးတ
ရားရ၏ဟူ၍မမှတ်အပ်။ သုနခသူကရကုက္ကုဋကာဒိသု။ ခွေးဝက်။ ကြက်
အစရှိသည်တို့တွင်။ ယသ္မိံကသ္မိံ။ အမှတ်မရှိသော။ သမ္ပတ္တဿ။ မိမိထံ
မှောက်သို့ရောက်လာသောတိရစ္ဆာန်အား။ ဖလံ။ တရာသောအကျိုးကို။
ပါဋိကင်္ခိတွာ။ အလိုရှိ၍။ ယာဝဒတ္ထံ။ အလိုရှိတိုင်းဝမ်းပြည့်အောင်။ ယမ္ပ
န။ အကြင်အစားကို။ ဒိန္နံ။ ပေးစွန့်အပ်၏။ ဒါနံ။ ဤသို့ပေးစွန့်သည်ကို။ သန္ဓာ
ယ။ ရည်၍။ ဝုတ္တံ။ အကျိုးတရားရ၏ဟူ၍ဆိုအပ်၏။ ။ဤသို့ပါဠိအဋ္ဌက
ထာတို့၌လာရကား။ များစွာသောတိရစ္ဆာန်မှစ၍။ အနာထဖြစ်သောသူ
တို့အား။ ပေးကမ်းစွန့်ကြဲတော်မူခြင်းသည်။ ဤကိုးခုမြောက်သော။ အဓနာ
နံ။ ဓနာနုပ္ပဒါနံဟူသောကျင့်ဝတ်တရားပင်ဖြစ်သည်။ ဤဒက္ခိဏာဝိဘင်္ဂ
သုတ် ပါဠိအဋ္ဌကထာတို့ကို ကြားနာပြီး၍။ ဤသို့အောက်မေ့ရာသည်။
အောက်မေ့ရာသည်ကား။ အလဇ္ဇီဒုဿီလဖြစ်သောပုဂ္ဂိုလ်တိရစ္ဆာန်ဖြစ်
သောသတ္တဝါတို့ကိုပင်လျှင်။ ဤရွေ့ဤမျှသောအကျိုးတရားကိုခံစားရ
ကုန်သည်။ ဂုဏာတိရေက။ ဘုရားစသောရတနာတို့အား။ ညွှတ်ထွား
ကော်ရော်ပူဇော်ရမူကား။ အကျိုးတရားတို့သည်ဆိုဖွယ်မရှိ။ သုံးတွင်
သုံးပါးကိုသျှင်စွာပြည့်ရာသည်ဟူ၍။ ရတနာသုံးပါးတို့အားသဒ္ဓါတ
ရားကိုလွန်စွာထက်စေလျက်။ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းကိုပြု
ရာသည်။ ။ဤသို့ပူဇော်အပ်လျှင်။ ဒါန်းအပ်သောကုသိုလ်စေတနာသည်
သာလျှင်လိုရာကာလ၌ သုံးစွဲခြင်းငှါထိုက်သည်။ အိမ်ကိုအသျှံပြောင်
ပြောင်မီးကြီးတော်လောင်သည်ရှိသော်။ လိမ္မာသောအိမ်ရှင်ယောကျ်ား

သည်။ ရရသမျှသောပစ္စည်းဘဏ္ဍာတို့ကိုသယ်ယူသိမ်းထား၍။ မသယ်
မယူနိုင်သောဥက္ကာပစ္စည်းတို့သည်ကား။မီး၏အစာဖြစ်၍ပျက်စီးလေကုန်
သည်။ သယ်ယူမိသောပစ္စည်းတို့သည်သာ အိမ်ရှင်ယောကျ်ားအားသုံး
စားရသည်။ ။ထိုအတူဤအတ္တဘောဟုဆိုအပ်သောအိမ်သည်။ရာဂ
မီးဒေါသမီးမောဟမီးဇာတိဇရာဗျာဓိမရဏတည်းဟူသောမီးတို့သည်
ထိန်ထိန်ပြောင်ပြောင် တောက်လောင်သည်ဖြစ်၍။ အိမ်ရှင်ယောကျ်ား
သည် မီးတွင်းမှသယ်ယူသိမ်းထားသကဲ့သို့။ ရတနာသုံးပါးတို့အားလှူ
ဒါန်းပူဇော်ခြင်းကိုပြုရသည်။ထိုသို့မပြုသည်ရှိသော်။ အိမ်နှင့်တကွမီး
လောင်သောပစ္စည်းကဲ့သို့အချည်းနှီးပျက်စီးရသည်။ ။ထို့ကြောင့်အ
ဋ္ဌနိပါတ်အာဒိတ္တဇာတ်၌။ပဒွေကဗုဒ္ဓါသည်။သိဝရာဇာမင်းကြီးအား။အာ
ဒိတ္တသ္မိံအဂါရသ္မိံ အစရှိသည်ဖြင့်ဟောကြားတော်မူသည်။ ။မဟာ
ရာဇ။မင်းမြတ်။အဂါရသ္မိံ။အိမ်ကို။အာဒိတ္တသ္မိံ။ မီးလောင်သည်ရှိသော်။
တတော။ ထိုမီးလောင်သောအိမ်မှ။ ယံဘာဇနံ။အကြင်အသုံးအဆောင်
အိမ်ထောင်ပစ္စည်းကို။ နီဟရတိ။ ထုတ်သယ်ယူငြ်၏။ တံဘာဇနံ။ထို
သယ်ယူမိသော အသုံးအဆောင်အိမ်ထောင်ပစ္စည်းသည်သာလျှင်။ တ
သာ။ထိုမီးလောင်သောအိမ်ရှင်ယောကျ်ား၏။အတ္တာယ။ သုံးဆောင်ခြင်း
အကျိုးငှါ။ဟောတိ။ဖြစ်၏။ဘတ္တ။ ထိုမီးလောင်သောအိမ်၌။ယံဘာဇနံ။အ
ကြင်ဥက္ကာအသုံးအဆောင်ကို။ဒယှတိ။ မီးလောင်၏။ တံ။ ထိုမီးလောင်ပြီး
သောဥက္ကာသည်။ တသ။ထိုဥက္ကာရှင်အား။ အတ္တာယ။ အကျိုးငှါ။နောစ
ဟောတိယထာ။မဖြစ်သကဲ့သို့။ ဧဝံတထာ။ထိုအတူ။ လောကေ။ သတ္တ
လောကကို။ဇရာယ။ဇရာမီးသည်ရင်း။မရဏေနစ။မရဏမီးသည်ရင်း။ဇာ
တိအာဒိတ္တ။ဤသို့အစရှိကုန်သော။ ဧကာဒသဟိ။တဆဲ့တပါးသောမီးတို့
သည်။အာဒိတ္တော။လောင်အပ်၏။သုနိဘဥ္စံ။ ကောင်းစွာဆောင်ယူအပ်
သော။ယံဒါနံ။အကြင်အလှူကို။ဒိန္နံ။လှူအပ်သည်။ဟောတိ။ဖြစ်၏။ တေန
ဒါနေန။ထိုအလှူဖြင့်။တတော။ ထိုတဆဲ့တပါးသောမီး၏လောင်ရာအတ္တ
ဘောတည်းဟူသောအိမ်မှ။နီဟရတေဝ။ ထုတ်ကယ်သယ်ယူအပ်သည်
သာလျှင်တည်း။ ။ထိုသို့ဒါနတရားကိုအားထုတ်ရာ၌။ဒါနဟူသည်အား
နည်းစွာဖြစ်၍။အောက်မဂ်သုံးပါးကိုသာဖြစ်စေတတ်သည်။ဘာဝနာကု
သိုလ်သည်သာအရဟတ္တဖိုလ်တိုင်အောင်ရွက်ဆောင်တတ်သည်။ ။
ထို့ကြောင့်။ ခန္ဓဝဂ္ဂပါဠိသံယုတ်အဋ္ဌကထာ၌။ ။တတောမေဥပနိသ

ယာစသည်ဖြင့်လာသည်။ ။ဒါနူပနိဿယော။အသျှပေးခြင်းတည်းဟူ
သောမဂ်ဖိုလ်၏ပကတူပအကြောင်းရင်း။ သီလူပနိဿယော။ သီလကို
စောင့်ခြင်းတည်းဟူသော မဂ်ဖိုလ်၏ပကတူပအကြောင်းရင်း။ ဘာဝနူပ
နိဿယော။ ဘာဝနာကိုပွါးခြင်းတည်းဟူသော မဂ်ဖိုလ်၏ပကတူပအ
ကြောင်းရင်း။ဣတိ။ဤသို့။ဥပနိဿယာ။မဂ်ဖိုလ်၏အကြောင်းတို့သည်။ဣ
မေတယော။ဤသုံးပါးတို့တည်း။ တေသု။ ထိုသုံးပါးသောအကြောင်းတို့
တွင်။ ဒါနသီလူပ နိဿယာ။ ဒါနသီလတည်းဟူသော မဂ်ဖိုလ်၏ အ
ကြောင်းတို့သည်။ဒုဗ္ဗလာ။အားနည်းကုန်၏။ ဘာဝနူပနိဿယော။ ဘာဝ
နာဟုဆိုအပ်သောမဂ်ဖိုလ်၏အကြောင်းသည်။ဗလဝါ။အားရှိ၏။ ဟိသစ္စံ။
မှန်၏။ ဒါနသီလူပနိဿယာ။ ဒါနသီလဟုဆိုအပ်သော မဂ်ဖိုလ်၏အ
ကြောင်းတို့သည်။ဘယော။သုံးပါးကုန်သော။ မဂ္ဂေစ။ အောက်မဂ်တို့သို့
၎င်း။ဖလာနိစ။အောက်ဖိုလ်တို့သို့၎င်း။ပါပေန္တိ။ ရောက်စေကုန်၏။ဘာဝ
နူပနိဿယော။ဘာဝနာဟုဆိုအပ်သောပကတူပအကြောင်းသည်။ အရ
ဟတ္တံ။အရဟတ္တဖိုလ်သို့။ပါပေတိ။ရောက်စေ၏။ ။ဤသို့ပြဆိုရကား။
ရတနာသုံးပါးတို့အားပန်းနံ့သာစသည်တို့ဖြင့်ပူဇော်ရာ၌။ဒါနသီလဘာ
ဝနာသုံးပါးကို။အမှာကဥ္စ။ငါတို့အားလည်း။ ဝဏ္ဏဒါနံ။ အဆင်းဟူသော
အသျှသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ဣတိမနသိကတွာ။ဤသို့နှလုံးပိုက်၍။
မဟာစေတီယေ။မြတ်သောစေတီ၌။အာရောပေတိ။ပန်းနံ့သာစသည်ကို
တင်လှူ၏။ဧဝရူပေကာလေ။ဤသို့သဘောရှိသောလှူဒါန်းပူဇော်သောအ
ခါ၌။ဒါနမယံ။ဒါနဖြင့်ပြီးသောကုသိုလ်သည်။ဟောတိ။ဖြစ်၏။ ဣတိ။ဤ
သို့။ဝေဒိတဗ္ဗံ။သိအပ်၏။ယဒါပန။ အကြင်အခါ၌ကား။ တထာရူပမေဝ။
ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော။ ဒေယျဓမ္မံ။ပန်းနံ့သာဆီမီးအစ
ရှိသောလှူဘွယ်ဝတ္ထုကို။လဘိတွာ။ရ၍။ဝါ။ရလတ္တံ့မှုကား။မယှံ။ငါ၏။
ကုလဝံသော။အမျိုးအားဖြင့်လာသောအနွယ်တည်း။သော။ဤရတနာသုံး
ပါးတို့အားလှူဒါန်းပူဇော်ခြင်းသည်။ကုလတန္တိ။အမျိုးတို့၏အစဉ်တည်း
ကုလပဝေဏီ။အမျိုးတို့၏အဆက်တည်း။ဟောတိ။ ဤရတနာသုံးပါးတို့အား
ပူဇော်ခြင်းသည်။ ကုလဝတ္တံ။ ငါ၏အမျိုးအနွယ်၌ ဖြစ်သော ကျင့်ဝတ်
တည်း။ဣတိမနသိကတွာ။ဤသို့နှလုံးပိုက်၍။ ဗုဒ္ဓရတနာဒီနိ။ ဘုရားရတ
နာစသည်တို့ကို။ပူဇေတိ။ပူဇော်၏။တဒါ။ထိုအခါ၌။ သီလမယံ။သီလဖြင့်
ပြီးသောကုသိုလ်သည်။ ဟောတိ။ဖြစ်၏။ ယဒါပန။ အကြင်အခါ၌ကား။

တာဒိသေန။ ထိုသို့သဘောရှိသော။ ဝဏ္ဏေန။ ပန်းနံ့သာဆီမီးအစရှိသည်ဖြင့်။ ရတနတ္တယဿ။ ရတနာသုံးပါးအပေါင်းအား။ ပူဇံကတွာ။ ပူဇော်ခြင်းကိုပြုပြီး၍။ အယံဝဏ္ဏော။ ဤပန်းနံ့သာ၌တည်းဟူသောအဆင်းသည်။ ဝါ။ ဤအဆင်းနှင့်တကွသောပန်းနံ့သာသည်။ ခယံဂန္တွာ သဿတိ။ ကုန်ခြင်းသို့ရောက်လတ္တံ့။ ဝယံဂန္တွာ သဿတိ။ ပျက်စီးခြင်းသို့ရောက်လတ္တံ့။ ဧဝံ။ ဤသို့။ ခယဝယံ။ ကုန်ခြင်းပျက်ခြင်းသို့။ ပဋ္ဌပေဿတိ။ ဖြစ်စေ၏။ တဒါ။ ထိုအခါ၌။ ဘာဝနာယ။ ဘာဝနာဖြင့်ပြီးသောကုသိုလ်သည်။ ဟောတိ။ ဖြစ်၏။ ဤသို့အဓိပ္ပါယ်သာလိနီ၌ပြအပ်သောနည်းဖြင့် ပွါးများရာသည်။ ။ဤသို့လျှင်အယုတ်အလတ်အမြတ်မရွေး ပေးကမ်းစွန့်ကြဲခြင်းကိုပြုခြင်းသည်။ ကိုးခုမြောက်သောမင်းတို့၏ကျင့်ဝတ်တရားဖြစ်သည်။ ထိုကြောင့် စက္ကဝတ္တိသုတ်ပါဠိ၌။ ။အခနာနံ ဓနံ့ပ္ပဒါနံ့ဟူ၍ဟောတော်မူသည်။ ။ဤကားကိုးခုမြောက်သော ကျင့်ဝတ်တရားတည်း။

ကိုးခုမြော်သောပေးကမ်းစွန့်ကြဲခြင်းတည်းဟူသော ကျင့်ဝတ်တရားကိုပွါးများအားထုတ်တော်မူသည်ရှိသော်။ ဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့သည် ကျင့်ဆောင်အားထုတ် သွားလာအပ်သော ခရီးလမ်းကြောင်းသို့သွားသည်မည်သည်။ ငါတို့ဘုရားအလောင်းသည်လည်း။ ဒါနတရားကိုလွန်စွာအားထုတ်တော်မူ၍။ သုံးလုသေ၌နှင်းတရားမင်းအဖြစ်သို့ရောက်တော်မူသည်။ ငါတို့ဘုရားအလောင်းဒါနတရားကိုအားထုတ်၍။ ဘုရားအဖြစ်သို့ရောက်တော်မူရာနိုက်။ ဤဆိုလတ္တံ့သည်ကားဥပမာတည်း။ ။လွန်စွာကြမ်းထမ်းနှိုင်စက်ညှဥ်းဆဲတတ်သော။ တဦးသောပြည်ရှင်မင်းသည်။ များစွာသောမိန်းမယောကျ်ားအကြီး အငယ် အရွယ်အလတ်ဖြစ်သောသူတို့ကိုသုံးရသောနှောင်အိမ်၌အလှည့်အလည်ပြောင်းရွှေ့သွင်းထားလျက်နှိုင်စက်ညှဥ်းပန်း၏။ ထိုအခါ လိမ္မာစွာသောယောက်ျားတဦးသည်။ မိဘသားမယားတို့ကိုနှောင်အိမ်၌ထားခဲ့၍။ အစားအစာအာဟာရကိုရှာမှီးခြင်းငှါသွားလာလှည့်ပတ်သည်ရှိသော်။ အလှူနိတရာဟူးရားဇေဒင်၌ သိမြင်လိမ္မာသော ပုရောဟိတ်ပုဏ္ဏားတဦးကိုတွေ့၍။ ထိုပုဏ္ဏားကမြင်လျှင်။ အရောတင်ငင်လက်ငင်ကိုင်ဆွဲဘက်လဲတကင်းပြုလျက်။ အိုအချင်းယောက်ျား။ သင်၏ဥပဓိကား နှစ်သက်ဘွယ်ရှိလေစွ။ မဟာပုရိသ လက္ခဏာနှင့်ပြည့်ရုံသည်။ သင်၏ဇာတာစန်းလက်ကိုမူကား။ ငါ့အားပြန်ကြားလောဟူ၍။ ပုရောဟိတ်ပုဏ္ဏားကပြောဆိုလျှင်။ ထိုယော

ကျားကပြန်ကြား၏။ဒိုချင်းအသေယောကျ်ား။ သင်တမူကားသူခပ်သိမ်းတို့၏မှိတင်းရာမင်းထီးအစစ်ဖြစ်လတ္တံ့။ ဤအရပ်တွင်သင်မနေလင့်။ သင်သည်ထွက်သွားလတ်၍။ ဤမည်သော ပြည်သို့ရောက်လျှင် စင်စစ်မင်းထီးဖြစ်လတ္တံ့။ဤသို့ပုရောဟိတ်ပုဏ္ဏားကကြား၍။ ထိုယောကျ်ားသည်။ အားရမ်းနှစ်သက် ထွက်သွားပေ၏။ ထွက်သွားရာခရီး၌ ဤယောကျ်ားသည်ရောင်းဝယ်ခြင်း၌အလွန်လိမ္မာလေရကား။ ခရီးလမ်းစဉ်၌ ရရသမျှသောအမြတ်ဥစ္စာတို့ကိုမသိမမှီးဘဲ။ဒေါကြီးအငယ်အရွယ်အလတ်ယုတ်မြတ်မရွေးပေးကမ်းစွန့်လွှတ်၍သွား၏။ဤသို့နှင်နှင်သွားပြန်လတ်သော်။တခုသောမြို့ရွာသို့ရောက်ပြန်၏။ ထိုမြို့၌တယောက်သော။ ပုရောဟိတ်ပုဏ္ဏားနှင့်တွေ့ကြုံပြန်လေရကား။ ထိုပုဏ္ဏားကိုပင်မေးဆေးစောကြောပြန်လတ်သော်။ထိုပုရောဟိတ်ပုဏ္ဏားကလည်းရှေးနည်းအတူပြောဟောပြန်ကြား၏။ဤသို့ခြည်းသွားလာ၍ လမ်းစဉ်တလျှောက်၌ ရောင်းဝယ်ဖလယ်၍ရသေါအမြတ်ဥစ္စာတို့ကိုပေးကမ်းခဲ့လျက်နှစ်ဆဲ့နှစ်မြို့သို့ရောက်၍နှင်ကျိုင်နှစ်ယောက်သောပုရောဟိတ်ပုဏ္ဏားတို့ကမင်းထီးဖြစ်အံ့သည်မချွတ်မသွတ်မနစ်ဤမည်သောမြို့တိုင်အောင်သွားလေလျှင်။ဘခုသောမြို့သို့ရောက်၍။ နှစ်ကျိပ်လေးယောက်သောပုရောဟိတ်ပုဏ္ဏားတို့သည်ပြောကြားလိုက်သည့်အတိုင်း မင်းထီးအဖြစ်သို့ရောက်လေ၏။ မင်းထီးအဖြစ်သို့ရောက်လျှင်လွှန်မွှာသောကရုဏာနှင့် ပြည်ရုံလေရကား။ မင်း၏စည်းစိမ်ကိုမခံစားဘဲ။လေးဆဲ့ငါးနှစ်တိုင်တိုင်တွေ့မြင်သမျှသောလူတို့အား။ ဤမည်သောမြို့ရွာ၌ အကျဉ်းအနှောင်ခံနေရသောသူတို့၏။ လွတ်ရာလွတ်ကြောင်း စကားကိုပြောကြား၍။ ငါသည်ဤမည်သောအမှု ဤမည်သောအမှုကိုပြုလျက်။ ဤမည်သောအရပ်မှသည်။ ဤမည်သောအရပ်သို့ လာသကဲ့သို့လာကြလှည့်ကုန်ဟူ၍မပြတ်ပြောကြားသည်။

ဤဥပမာ၌ကြမ်းတမ်း ယုတ်မာသော မင်းကဲ့သို့ လောဘတရားကိုမှတ်အပ်၏။ သုံးရသောနှောင်အိမ်ကဲ့သို့ ဘုံသုံးပါးကိုမှတ်အပ်၏။ လိမ္မာသောယောကျ်ားကဲ့သို့ ငါတို့ဘုရားအလောင်းကို မှတ်အပ်၏။ ထိုယောကျ်ားသည် မိဘဆွေမျိုးတို့ကို နှောင်အိမ်၌ ထားခဲ့၍ အစားအစာအာဟာရကိုရှာမှီးသကဲ့သို့။မိဘဆွေမျိုးတို့ကိုပစ်၍ရသေ့ပြုလျက် မဂ်ဖိုလ်ကိုရှာသောသုမေဓာရသေ့ကိုမှတ်အပ်၏။ယောကျ်ားသည်ပုရောဟိတ်ပုဏ္ဏားနှင့် တွေ့သကဲ့သို့။ သုမေဓာရသေ့သည်။ ဒီပင်္ကရာဘုရားရှင်နှင့်

တွေ့သည်ကိုမှတ်အပ်၏။ ပုရောဟိတ်ပုဏ္ဏားက ဥ့်မည်သောပြည်၌မင်းဖြစ်လတ္တံ့ဟု ပြောကြားသကဲ့သို့။ သင်ရသေ့သည်။ ကပိလဝတ်ပြည်၌ဘုရားဖြစ်လတ္တံ့ဟု ပြောကြား သည်ကို မှတ်အပ်၏။ ထွက်သွားသောယောကျ်ားသည်ရေ့ငး ဝယ်ဖလယ်ခြင်း၌အလွန်လိမ္မာသည်ဖြစ်၍။ ရရသမျှသောအမြတ်ဥစ္စာတို့ကို ထိုထိုအရပ်၌ယုတ်မြတ်မရွေးပေးစွန့်ခဲ့သကဲ့သို့။ ငါတို့ဘုရားအလောင်းသည် ထိုထိုဘဝ၌ယုတ်မြတ်မရွေး ပေးစွန့်လှူဒါန်းသည်ကိုမှတ်အင်၏။ ယောကျ်ားသည် အစဉ်အတိုင်း သွားလတ်၍ တခုသောမြို့၌ တဦးသော ပုရောဟိတ်ပုဏ္ဏားကို တွေ့ပြန် သကဲ့သို့။ ကောဏ္ဍညဘုရားရှင်နှင့်ကြိုက်ကြုံ၍ ထိုကောဏ္ဍညဘုရားရှင်ထံ၌။ ဝိဇိတာဝီမည်သောစကြာမင်းဖြစ်၍ ဗျာဒိတ်ခံသည်ကိုမှတ်အင်၏။ ထွက်သွားသောယောကျ်ားသည် နှစ်ဆဲ့လေးမြို့တို့၌။ နှစ်ကျိပ် လေးယောက်ကုန်သော ပုရောဟိတ် ပုဏ္ဏားတို့က ပြောကြား ဟောလိုက်သကဲ့သို့။ ကဿပမြတ်စွာဘုရားတိုင် နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်တို့က ဗျာဒိတ်ကြားလိုက်သည်ကို မှတ်အင်၏။ ထွက်သွားသော ယောကျ်ားသည်တခုသောမြို့သို့ရောက်၍ မင်းထီးအဖြစ်သို့ရောက်သကဲ့သို့။ငါတို့ဘုရားသခင်သည် ဘုရားအဖြစ်သို့ရောက်သည်ကိုမှတ်အင်၏။ ထိုမင်းသည်လွန်စွာသောကရုဏာနှင့်ပြည့်ရသည်ဖြစ်၍မင်း၏စည်းစိမ်ကိုသာ ခံစား၍မနေလျှင်းဘဲ။လေးဆဲ့ငါးနှစ်တိုင်တိုင်နှောင်ဒိမ်၌နံနေရကုန်သော သူတို့၏လွတ်ရာလွတ်ကြောင်း ကောင်းသောအကျင့်တရားကို ပြောဆိုပြန်ကြားသကဲ့သို့။ငါတို့ဘုရားသခင်သည်။မဟာကရုဏာနှင့်ပြည့်ရုံလေရကား။အခုဟတ္တဖိုလ်ချမ်းသာကိုသါမခံစားလျှင်းဘဲ။လေးဆဲ့ငါးဝါကာလပတ်လုံး။ ဘုံသုံးပါးမှ လွတ်ခြင်း၏အကြောင်း။ ကောင်းမြတ်သော ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာကို တွေ့တိုင်းသောဝေနေယျတို့အားဟောကြားတော်မူသည်ကိုမှတ်အပ်၏။ ဤသို့ပမာပမည်းကို။ စိန္တာမယဉာဏ်ဖြင့်ကြံဆနှိုင်းယှဉ်ပြီးသော်။ ငါတို့သည်လည်း မင်းထီးဖြစ်သော ယောကျ်ား၏စကားသို့ များစွာသော သတ္တဝါတို့၏ဝဋ်မှ လွတ်ရာလွတ်ကြောင်းဖြစ်သောဒေသနာကိုကြားနာရလျက်။အဘယ်မှာလျှင်ဤဝဋ်တရားမှလွတ်မြောက်ကြောင်းကိုအားမထုတ်ဘဲ ရှောင်လွှဲမေ့လျော့ ပေါ့တံ၍နေကောင်းလေအံ့နည်းဟု။ မြတ်စွာဘုရား၏ သွားရာလမ်းကြောင်း ဖြစ်သောဒါနတရားကိုနေ့ညဉ့်မပြတ်အားထုတ်အပ်သည်သာဖြစ်သည်။ ။

ထိုအကြောင်းကိုမဇ္ဈိမပဏ္ဏာသဥပါလိသုတ်အဋ္ဌကထာ၌။ ။ဒါနံနာမေ
တံမယ္ဟံ။စသည်ဖြင့်ပြဆိုသည်။ ဧတံဒါနံနာမ။ ဤပေးကမ်း စွန့်ကြဲခြင်း
မည်သည်ကား။မယှံ။ငါဘုရား၏။ဂဝမင်္ဂေါ။သွားရာခရီးတည်း။သောဝံ
သေး။ ထိုပေးကမ်းစွန့်ကြဲခြင်းတည်းဟူသောအနွယ်သည်။ မယှမေဝ။
ငါဘုရား၏သာလျှင်။ဝံသော။ အနွယ်ဘည်း။ မယာ။ငါဘုရားသည်။ဒသ
ပါရမိယော။ဆယ်ပါးသောပါရမီတို့ကို။ပူရေန္တေန။ ဖြည့်တော်မူသဖြင့်။
ဝေလာမရညော။ ဝေလာမပုဏ္ဏားဖြစ်၍၊ ကြီးစွာသောအလှူကိုပေးခြင်း
ငှင်း။မဟာဂေါဝိန္ဒရညော။မဟာဂေါဝိန္ဒပုဏ္ဏားဖြစ်၍ ကြီးစွာသောအလှူ
ကိုပေးခြင်းငှင်း။ မဟာသုဒဿနမဟာရညော။ မဟာသုဒဿနစကြာ
မင်းဖြစ်၍ကြီးစွာသောအလှူကိုပေးခြင်းငှင်း။ ဝေဿန္တရမဟာရညော။
ဝေဿန္တရာမင်းဖြစ်၍ကြီးစွာသောအလှူကိုပေးခြင်းသည်ငှင်း။ ဣတိ။ဤ
သို့။ အနေကမဟာပုညာ။များစွာသောအလှူကြီးတို့ကို။ ပဝတ္တိဘာ။ဖြစ်
စေအင်ကုန်ပြီ။သသဘူဘေန။ ယုန်မင်းဖြစ်၍ဖြစ်သော ငါဘုရားလေးငါး
သည်။ဇလိဘော။ပြောင်ပြောင်တော်သေး။ အဂ္ဂိ ဣန္ဓေ။ဒီးပုံကြီး၌။ အတ္တာ
နံ။ မိမိကိုယ်ကို။ နိယျာတေန။ သောင်နှင်းသဖြင့်။ သမ္ပတ္တယာစကာနံ။
ရောက်လာသောသူတောင်းစားတို့၏။စိတ္တံ။စိတ်ကို။ဂဟိတံ။ယူခဲ့ပြီ။ ။
ဤသို့ပြဆိုအပ်သောအဋ္ဌကထာစကားရင်ကိုစေ့စင်စွာနာယူလျက်။ဒါ
နတရားကိုရှေ့သွားရှေ့ရိုးပြု၍။ ဘာဝနာအားဖြင့်လည်း ရှုအပ်သည်။ ရှု
အပ်သည်ကား။ ။ယခေါင်မြင့်ကြာကမ္ဘာအတိုး၌ဖြစ်ကုန်ပြီးသေး။ ဝေ
လာမဂေါဝိန္ဒပုဏ္ဏား၊သုဒဿနစကြာမင်း၊ဝေဿန္တရာမင်းတို့၏ ဒါနပါ
ရမီကိုလွန်စွာဖြည့်ကျင့်သည်ကို၊ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ
လတ်၍။ ပရိသတ်လေးပါးတို့၏အလယ်၌ တင့်တယ်စွာအင်္ဂါရှစ်ပါးနှင့်
ပြည့်စုံသောအသံတော်ဖြင့်။ဝေနေယျတို့၏အကျိုး၄ါထုတ်ဘော်ပြဿနာ
၍ထင်ရှားစေတော်မူပြီ၊ ဤဒေသနာတော်ကို သောတဒွါရသို့တင်၍အင်
ခြင်မှတ်နာကြကုန်သောနတ်ပရိသတ်မှကြွင်းသော ပရိသတ်တို့သည်တ
စုံတယောက်မျှမရှိ။ရတိကျ၍ပျောက်ပျက်ကြလေကုန်ပြီ။ ဘုရားသခင်ပ
ရိနိဗ္ဗာန်စံယူတော်မူပြီးနောက်။အရှင်မဟာကဿပအစရှိသော ဆရာအ
ဆက်ဆက်တပည့်အဆက်ဆက်တို့သည်လည်း။ သုဒဿနစကြာမင်း၊
ဝေဿန္တရာမင်းတို့၏အခြင်းအရာသနစ်သနာကို။များစွာဟောပြောကြ
လေပြီ။ ထိုအဆက်ဆက်သောမထေရ်တို့သည် ဟောပြောသောစကား

ကိုလည်းများစွာသေးပရိသတ်တို့သည်။ သောတဒွါရသို့အစဥ်လျှောက်
၍။ဝေဿန္တရာစသောမင်းတို့၏အကြောင်းကိုအောက်မေ့ဆင်ခြင်ကြလှ
ကုန်ပြီ။ဤသို့ပြောဟောသောဆရာအဆက်ဆက်ကြားနာသော တပည့်
ပရိသတ်အဆက်ဆက်တို့သည်လည်း မကြွင်းမကျန်ဘောင်ပြန်ပျက်
စီး၍ကုန်ကြလေပြီ၊ဤယခုအခါငါဧကရာဇ်မင်းမြတ်၏ဆရာမဟာထေရ်
သည်လည်း။ ရှေးရှေးသောမထေရ်တို့နှင့်အတူ။ငါဧကရာဇ်မင်းအားဝေ
လာမပုဏ္ဏားအစရှိသောသူတို့၏အမှုအရာကို ပြောဟောသောအားဖြင့်။
ဒါနတရားကိုတိုက်တွန်းတော်မူပြန်လတ်ပြီ။ ဤငါ၏ဆရာ မဟာထေရ်
သည်လည်း။ရှေးရှေးသောမထေရ်တို့နှင့်အတူ။ရုတ်ကြသောအားဖြင့်။ဘ
ဝသစ်ကိုသုပြန်လတ္တံ့။ငါဧကရာဇ်မင်းမြတ်သည်လည်း။ရှေးရှေးသောတ
ရားနာပရိသတ်တို့နှင့်အတူ ရုတ်ကျခြင်းကိုမုချလတ္တံ့။ ဤသို့မရဏသ
တိတရားကို ပွါးများလျက်။ ဤသတ္တဝါအရှင်သည်။ တဒြော်လဲလဲမြင့်မြ
ရှည်ကြူးပျက်စီးဘူးလှလေပြီ။ဤသို့သံဝေဂတရားကိုပွါးများစေလျက်။ ။
ဧဝံဧဝံဘာဂီဧဝံအနတ်တောဟု၍။ ။ဧဝံ။ဤရှေးရှေးသော ကာလ၌ဘာဝ
တပါးတို့သွားကြသည်နှင့်အတူ။မမ။ငါ၏။ အတ္တဘာဝေါပိ။ အတ္တဘော
သည်လည်း။ဓမ္မော။ရုတ်ကျတတ်သောသဘောရှိ၏။ ဧဝံ။ ဤသို့ရှေးရှေး
သောမင်းတို့သည်။ သေမင်း၏နံတွင်းသို့သက်ဆင်းကြရသည်နှင့်အတူ။
မမ။ငါ၏။အတ္တဘာဝေါပိ။ အတ္တဘောသည်လည်း။ ဘာဂီ။ မချွတ်ဖြစ်
လတ္တံ့။ဧဝံ။ဤသို့ ရှေးရှေးသောသူတို့၏။ပုတ်ခြင်းကဲ့သို့သောရုတ်ခြင်းကို။
အနတ်တော။ငါ၏အတ္တဘောလည်းမလွန်နိုင်။ ။ဤသို့စသည်ဖြင့်ဘာ
ဝနာကိုပွါးရာသည်။ ။ဤဒေသနာတော်မြတ်ကိုပြည့်နှန်းပေတတ်သော
ငါတို့၏ဘုရားသခင်သည်လည်း။ရင့်ပြီးသောဉာဏ်ရှိကုန်သောဝေနေယျ
သတ္တဝါတို့အား။ သစ္စာလေးပါးတရားကိုသိမြင်စေ၍။ ဉာဏ်မရင့်သေး
သောသတ္တဝါတို့ကိုလည်း။ ထိုထိုဒေသနာတော်ဖြင့် ဆုံးမဩဝါဒပေး
တော်မူ၍။တပည့်သားတော်အပေါင်းနှင့်တကွပရိနိဗ္ဗာန်စံယူတော်မူလေ
ပြီ၊ဤသို့အောက်မေ့ဆင်ခြင်လျက်။ ပရိပက္ကမနသေ။ရင့်ပြီးသောဉာဏ်ရှိ
ကုန်သော။သတ္တေ ဝေနေယျသတ္တဝါတို့ကို။အသေသတော။ အကြွင်းမရှိ
သောအားဖြင့်။ဗောဓယိတွာ။ သစ္စာလေးပါးတရားကိုသိစေတော်မူလတ်
၍။ အညေ။ ဉာဏ်ရင့်သောဝေဏေယျမှတပါးကုန်သော။သေသေ။ ကြွင်း
ကုန်သောဝေဏေယျတို့ကို။ အနုသာသေတွာ။ထိုထိုဒေသနာတော်ဖြင့်

သုံးမကာံမြစ်ဘောဒ်မူပြီ။ သောဘာဂဝါ။ ထိုမြတ်စွာဘုရားသည်။ သဿာဝ
ကော။ တပည့်သားတော်နှင့်တကွ။ ပရိနိဗ္ဗုတော။ ပရိနိဗ္ဗာန်စံယူတော်မူ
လေပြီ၊ ။ ဥရဂေါ။ မြွေသည်။ ဇိဏ္ဏံ။ ဟောင်းမြင်းသော တစံ။ အရေကို။
ဇဟာတိဣဝ။ စွန့်သကဲ့သို့ရင်း။ ပါဒပေါ။ သစ်ပင်သည်။ ဝုဇု ပတ္တံ။ ဟောင်း
မြင်းသောအရွက်ကို။ ဇဟာတိဣဝ။ စွန့်သကဲ့သို့ငှင်း။ သဗ္ဗသင်္ခါရေ။ အလုံးရုံ
သောသင်္ခါရတို့ကို။ ဇဟိတွာ။ စွန့်ငစ်၍။ သိခီ။ မီးပုံကြီးသည်။ နိဗ္ဗုတောယ
ထာ။ ငြိမ်းသကဲ့သို့။ သောဘာဂဝါ ထိုမြတ်စွာဘုရားသည်။ နိဗ္ဗုတော။ ငြိမ်း
ဘောဒ်မူလေပြီ။ ဤသို့ဗုဒ္ဓဝင်ပါဠိ၌ဟောတော်မူသောနည်းဖြင့်။ တပည့်
သားတော်တို့နှင့်တကွ ဘုရားသခင်၏ပရိနိဗ္ဗာန်စံဝင်တော် မူရသည်ကို
အောက်မေ့လျက်။ သင်္ခါရတရား၏မမြဲခြင်းအရိုးမရခြင်းသဘောကိုသုံး
သပ်အောက်မေ့တော်မူအပ်သည်။

သမဏာငြှပ္ပ္ပဏောဥပသကာမိတ္တပပ္ပုဒ္ဓနံဖြင့်ပြုသောဒသမကျင့်
ဝတ်တရားကိုဝေဘန်ရေ။ ဝိတ္တာရစကားကိုမူကား။ ။သုံးရမြော်သော
အတ္တာနုဂ္ဂဟာအပ္ပမာဒကထာမှာမှပြဆိုပေအံ့။ ။ဤသို့ပြဆိုခဲ့ပြီးသော
မင်းတို့၏ကျင့်ရာပါဠိအဋ္ဌကထာ၌လာသော အနက်အဓိပ္ပါယ်ကို။ မူလ
ပဏ္ဏာသသလ္လေခသုတ်အဘင့်၌ပြဆိုသောနည်းဖြင့် အောက်မေ့ဆင်ခြင်
ရာသည်။ သလ္လေခသုတ်အဘွင့်၌လာသည်ကား။ ။ဟိတပ္ပါကဝိုကရော
မိ။ ထိုစကားကိုထင်စွာပြဦးအံ့။ ရည္ဘာ။ ပြည့်ရှင်မင်းသည်။ ပစ္စန္တဒေသေ။
တိုင်းစွန်ပြည်နားများစွာသောကျေးမကာ်ခရိုင်သို့။ ပဟိတံ။ စေလွှတ်အပ်
သော။ လေခံ။ အမိန့်တော်မှာစာကို။ တတ္ထ။ ထိုတိုင်းစွန်ပြည်နားများစွာ
သောကျေးမကာ်ခရိုင်တို့၌။ ဝါစေတုံ။ ဘတ်ရွတ်ပြန်ကြားခြင်းငှါ။ အဇာ
နန္တာ ယော။ မသိကြကုန်သောသူတို့သည်။ ဝါစေတုံ။ အမိန့်တော်မှာစာကို
ဘတ်ပြန်ခြင်းငှါ။ ဇာနာတိ။ ဘတ်သိလိမ္မာ၏။ တေန။ ထိုအမိန့်တော်ကို
ဘတ်ပြန်ရွတ်ဘတ်တတ်သောသူတယောက်ကို။ ဝါစာပေတွာ။ ဘတ်
ရွတ်ပြန်ဆိုစေ၍။ တမတ္ထံ။ ထိုအမိန့်တော်၏အရကို။ သုတွာ။ ကြားနာကြ
ရကုန်၍။ ရညော။ ငါတို့အသျှင်ဘဝရှင်မင်းတရားကြီး၏။ အာဏာ။ အမိန့်
တော်အမှာတော်အာဏာတော်တည်း။ ဣတိမနသိကတွာ။ ဤသို့နှလုံး
ပိုက်ကြကုန်၍။ အာဒရေန။ အရိုအသေပြုသောအားဖြင့်။ သမ္ပါဒေန္တာ။ ကျင့်
ဆောင်နေထိုင်ကြကုန်၏။ နေသံ။ ထိုတိုင်းစွန်ပြည်နား မြို့သားရွာသူတို့
၏။ ဝိတ္တော။ ဝိတ်၌။ အသံအာဏာ။ ဤအမိန့်ဘောဒ်အမှာဘောဒ်အာဏာတော်

သည်။လေခဝါစကာသာ။ အမိန့်တော်အမှာတော်ကိုဘတ်ပြန်တတ်သော သူ၏။အာဏာအမိန့်အမှာအာဏာသည်။နစဟောတိ။မဖြစ်။ ဣတိမနသိ ကတွာ။ဤသို့နှလုံးပိုက်ကြကုန်၍။သမ္မာဒေန္တိ။ကောင်းစွာနေထိုင်ကြကုန် ၏။လေခဝါစကေ ပန။ အမိန့်တော်အမှာတော်ကို ဘတ်ရွတ်တတ်သော သူမှာမူကား။အနေလဂ္ဂသာ။တံတွေးသွားရေယိုကြဲခြင်းမရှိသော၊ဝိသ ဋ္ဌာယ။ချောမောစွာသော။ဝါစာယ။စကားဖြင့်။ဝါစေတိ။ အမိန့်တော်ပြန် အဘတ်အရွတ်ကောင်းပေစွ။ဣတိ။ဤသို့။ပသံသမဗ္ဗမေဝ။ ချီးမွမ်းခြင်း မျှကိုသာလျှင်။လဘတိယထာ။ရသကဲ့သို့။ဧဝမေဝ။ဤအတူ။သာဒိပုဗ္ဗေပ္ပ ဘူတယော။သာဒိပုဗ္ဗရာအစရှိကုန်သော။ခမ္မကထိကာ။ တရားကိုဟော ပြောပြသတတ်ကုန်သောမထေရ်တို့သည်။ ဓမ္မံ။ တရားကို။ ကိစ္စာပဒေ သေန္တိ။အကယ်၍ကါးဟောကြားကုန်၏မှင့်။အထေခါ။ထိုသို့ဟောကြား ပြကုန်သော်လည်း။တေ။ထိုအရှင်သာဒိပုဗ္ဗရာအစရှိကုန်သော။ ဓမ္မက ထိကပုဂ္ဂိုလ်တို့သည်။လိခိတပဏ္ဏဝါစကောဝိယ။အမိန့်တော်ကိုဘတ် ပြန်သောယောကျ်ားကဲ့သို့။ဟောန္တိ။ဖြစ်ကုန်၏။ ပန။ စင်စစ်သော်ကား။ ရညော။မင်း၏။အာဏာဝိယ။ အမိန့်တော်အမှာတော် အာဏာတော်ကဲ့ သို့။သာဓမ္မဒေသနာ။ ထိုတရားဒေသနာတော်သည်။ ဘဂဝတောယေဝ။ မြတ်စွာဘုရား၏သာလျှင်။ဒေသနာ။ဒေသနာတော်တည်း။ ။ဤသို့ပြ ဆိုသောအဋ္ဌကထာစကားရပ်ကို။ နည်းဥပဒေသပြုသဖြင့်။ ဤယချပြုစီ ရင်အပ်သောသုရာဇမဂ္ဂဒီပနီအမည်ရှိသောကျမ်းကိုနာတော်မူရာ၌။ ငါ ၏ဆရာမဟာထေရ်၏အလိုနှလုံးသွင်းစကားရင်းမဟုတ်။ မြတ်စွာဘုရား ၏အာဇုံးမဩဝါဒစကားသာတည်း။ ငါ၏ဆရာ မဟာထေရ်မှာမူကား။ အမိန့်တော်ကိုပြန်ကြားသောယောကျ်ားကဲ့သို့သာဖြစ်သည်။ မြတ်စွာဘု ရား၏အာဏာတော်တည်းဟူ၍နှလုံးပိုက်လျက်။ ဇနပုဒ်သားတို့သည်။ငါ တို့အသျှင်ဘဝရှင်မင်းတရားကြီး၏အာဏာတော်ဟုရိုသေစွာကြားနာ၍ အမိန့်တော်လာတိုင်း ကျင့်ကြံနေထိုင်ကြသကဲ့သို့။ မြတ်စွာဘုရား၏အာ ဏာတော်ကို ရိုသေလေးမြတ်သောအားဖြင့် မှတ်နာပိုက်ကြုံးနှလုံးသွင်း တော်မူအပ်သည်။ ။ဤလောကနိဂ္ဂဟာအပ္ပမာဒကထာ၌လာသောပါဠိ ပဒေသာစကားရပ်ကိုမှတ်သားကြည့်တော်မူလျက်။မမေ့မလျော့အပ္ပမာ ဒတရားကို ပွါးများတော်မူအပ်သည်။ အပ္ပမာဒတရားကို ပွါးခြင်းမည် သည်အထူးအခြား မရှိ။အမှတ်မရှိသောကုသိုလ်တရားကိုဖြစ်ပွါးစေခြင်း

ပင်တည်း။အဆုံးဝိသေသအားဖြင့်ရွေးကောက်မှုကား။ ဝဋ်မှထွက်မြောက်
ကြောင်းဖြစ်သောသရဏဂုံဆောက်တည်ခြင်း။ ကိုယ်နှုတ်နှလုံးကို စောင့်
ထိန်းခြင်း။သီလကိုပွါးခြင်း။ပညာကိုပွါးခြင်း။ အပြစ်မရှိသောအမှုကိုပြု
လုပ်ခြင်းသည်ပင် အပ္ပမာဒတရားကိုပွါးများသည်မည်သည်။ ထိုအပ္ပမာ
ဒတရားကား ကြီးမားသောအကျိုးအာနိသင်လည်းရှိသည်။ ကျယ်ဝန်း
သောအနက်သဘောလည်းရှိသည်ဖြစ်၍။ ဝိဋကတ်သုံးပုံကိုပင် ယူငင်
ထုတ်ဆောင်၍ပြသော်လည်း။ အပ္ပမာဒတရား၏အကျိုးသည်မကုန်နိုင်
ရာ။ ။ငါတို့မြတ်စွာဘုရားသခင်သည်။လေးဆဲ့ငါးဝါကာလပတ်လုံးဟော
ကြားတော်မူအပ်သောတရားတော်ကို အကျဉ်းချုံး၍ ပြတော်မူခြင်းငှါ။
ကုသိနာရုံအင်ကြင်းရုံအကြား၌ပရိနိဗ္ဗာန်စံတော်မူခါနီးတွင်။အပ္ပမာဒေန
သမ္ပါဒေထဟူ၍အကျဉ်းချုံး၍အဆုံးစကားကိုဟောတော်မူသည်။ ။
ထိုအကြောင်းကို ဋီကာဝိဇ္ဇာအဋ္ဌကထာ၌။ ကထံပနာယံအပ္ပမာဒေါဘာ
ဝေတဗ္ဗောတိစသည်ဖြင့်ဖွင့်ဆိုသည်။ ။ကထံပန။အဘယ်သို့လျှင်။
အယံအပ္ပမာဒေါ။ဤအပ္ပမာဒတရားကို။ ဘာဝေတဗ္ဗော။ ပွါးစေအပ်သ
နည်း။ဣတိ။ ဤသို့။ ပုစ္ဆိတံ။ တရံတယောက်သောသူကမေးခဲ့သည်ရှိ
သော်။အပ္ပမာဒဘာဝနာနာမ။အပ္ပမာဒတရားကိုပွါးခြင်းမည်သည်ကား။
ဧကဘာဝနာ၊ တခုသောတရားကိုပွါးခြင်းသည်။ ဝိသုံနအတ္ထိ။ အသီးအ
ခြားမရှိ။ဟိသစ္စံ။မှန်၏။ယာကာစိ။အမှတ်မရှိသော။ပုညကြိယာ။ ကောင်း
မှုကိုပြုခြင်းသည်ရင်း။ကုသလကြိယာ။ကုသိုလ်ကိုပြုခြင်းသည်ရင်း။အတ္ထိ။
ရှိ၏။သဗ္ဗာ။အလုံးစုံသော။သာ။ထိုကုသိုလ်တရားကိုပြုခြင်းကို။ အပ္ပမာဒ
ဘာဝနာတွေဝ။အပ္ပမာဒတရားကိုပွါးစေသည်မည်၏ဟူ၍သာလျှင်။ဝေ
ဒိတဗ္ဗာ။သိအပ်၏။ ဝိသေသတောပန။အထူးအားဖြင့်ကား။ ဝိဝဋ္ဋူပနိဿ
ယံ။ဝဋ်ကင်းရာဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်၏အကြောင်းဖြစ်သော။သရဏဂ
မနံ။သရဏဂုံဆောက်တည်ခြင်းကိုငှင်း။ ကာယိကသံဝရဥ္စ။ကာယဒွါ
ရ၌ဖြစ်သောကုသိုလ်ကို စောင့်ရှောက်ခြင်းစိတ်၌ဖြစ်သော ကုသိုလ်ကို
စောင့်ရှောက်ခြင်းကိုငှင်း။ဥပါဒါယ။အစပြု၍။သဗ္ဗာသီလဘာဝနာ။အလုံး
ရုံသောသီလကိုပွါးခြင်းကိုငှင်း။ သဗ္ဗာပညာဘာဝနာ။ အလုံးရုံသောပ
ညာကိုပွါးခြင်းကိုငှင်း။ သဗ္ဗာကုသလာဘာဝနာ။ အလုံးရုံသောကုသိုလ်
ကိုပွါးခြင်းကိုငှင်း အနဝဇ္ဇဘာဝနာ။ အပြစ်မရှိသောအမှုကို ပွါးများပြု
လုပ်ခြင်းကိုငှင်း။ အပ္ပမာဒဘာဝနာတိ။ အပ္ပမာဒဘာဝနာဟူ၍။ ဝေဒိ

တဇ္ဇာ။သိအပ်၏။ဟိသစ္စံ။မှန်၏။အပ္ပမာဒေါ ဘိရုဒ္ဓံဝမ္မဇာတံ။ အပ္ပမာဒဟူ
သောဤတရားသဘောသည်။မဟန္တံ။ကြီးစွာသော။အတ္တံ။ အကျိုးစီးပွါး
ကို။ဒိဗ္ဗေပေဘိ။ပြတတ်၏။မဟန္တံ။များစွာသော။ အတ္တံ။ အကျိုးစီးပွါးကို။ပ
ရိဂ္ဂဟေတွာ။သိမ်းဆည်း၍။ဘိဋ္ဌတိ။ တည်၏။တေပိဋကံ။ပိဋကတ်သုံးပုံ
ဟုဆိုအပ်သော။ သကလံပိဗုဒ္ဓဝစနံ။ အလုံးစုံသောဘုရားပါဠိတော်ကို
လည်း။အာဟရိတွာ။ယူဆောင်၍။အပ္ပမာဒပဒသ္မိ။ အပ္ပမာဒဟူသောပုဒ်
၏။အတ္ထံကတွာ။အနက်ပြု၍။ ကထေန္တော။ ပြောဟောသော။ ဓမ္မကထိ
ကော။ဓမ္မကထိကပုဂ္ဂိုလ်ကို၊အတိတ္ထေနပက္ခန္ဒောတိ။အရေမဟုတ်သော
အားဖြင့်ပြေးသွားသည်ဟူ၍။နဝတ္တဗ္ဗော။အပြစ်တင်၍မဆိုအပ်။ ကသ္မာ။
အဘဲ့ကြောင့်နည်းဟူမူကား။အပ္ပမာဒပဒသ္မိ၊ အပ္ပမာဒဟူသောပုဒ်၏။
မဟန္တတ္ထဘာဝတော။ များသောအနက်ရှိသည်၏အဖြစ်ကြောင့်တည်း။
တထာဟိ။ဝစနံ။ထိုစကားသည်။ဟိသစ္စံ။မှန်၏။ သမ္မာသမ္ဗုဒ္ဓေါ။ ငါတို့ဘု
ရားသခင်သည်။ကုသိနာရာယံ။ကုသိနာရုံပြည်၌။ ယမကသာလာနံ။အ
ရံသောအင်ကြင်းပင်ဖြူတို့၏။အန္တရေ။အကြား၌။ပရိနိဗ္ဗာနသမယေ။ပရိ
နိဗ္ဗာန်စံယူတော်မူသောအခါ၌။နိပန္နော။ လျောင်းတော်မူသည်ဖြစ်၍။ အ
ဘိသမ္ဗောဓိတော။ ဗောဓိမဏ္ဍိုင်၌သဗ္ဗညုတဉာဏ်ကိုရတော်မူသည်မှ။
ပဋ္ဌာယ။ စ၍။ ပဉ္စစတ္တာလီသာယ ဝဿေသု။ လေးဆဲ့ငါးဝါ ကာလတို့၌။
အဘာသိတံ။ ကိုယ်တော်သည်ဟောတော်မူအပ်သော။ ဓမ္မံ။ ပရိ
ယတ္တိဓမ္မကို။ ဧကေနပဒေန သင်္ဂဟေတွာ။ အပ္ပမာဒဟူသောတပုဒ်တည်း
ဖြင့်ပေါင်းချုံးယူငင်၍။ဒေသေန္တော။ဟောတော်မူလိုရကား။ အပ္ပမာဒေန
သမ္ပါဒေထာတိ။အပ္ပမာဒေန သမ္ပါဒေထဟူ၍။ ဘိက္ခူနံ။ ရဟန်းတို့အား။
ဩဝါဒံ။အဆုံးအမကို။အကာသိ။ပြုတော်မူလတ်ပြီ။ ။ဤသို့အဋ္ဌကထာ
၌လာသည်ကိုနှလုံးသွင်းတော်မူလျက်။ ဣရိယာပုထ်လေးပါး၌ပင် ကု
သိုလ်နှင့်ယှဉ်စေလျက်။ ထိုထိုကာယကံ ဝစီကံ မနောကံတို့ကို မမေ့မ
လျော့ဖြစ်စေတော်မူရာသည်။ ။ဇမ္ဗူဒီပဿ၊ဇမ္ဗူဒီပါကျွန်းကြီး၏။တိ
လကဘူတေ။မှန်ကူသဘွယ်ဖြစ်၍ဖြစ်သော။မြမ္မရဋ္ဌေ။မြမ္မာတိုင်းရပ်၌။ရ
တနာပုဏ္ဏမဟာရာဇဓာနီ။ရတနာပုံအမည်ရှိသောမင်းနေပြည်ကြီးကို၊ပ
ဌမံ။လက်မွန်မဆွ။နိမ္မာပကဿ။ဘန်ဆင်းတည်ထောင်တော်မူသော။ဒါ
နသီလဘာဝနာသု။ ဒါနသီလဘာဝနာတရားတို့၌။ အဘိရတဿ။ အ
လွန်မွေ့လျော်တော်မူသော။ ။သိရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာ

ဓမ္မရာဇာဓိရာဇာတိ။ သိရိပဝရဝိဇယာနန္တရသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာဟူ၍။ ထပိတလဉ္ဆိတာသာ။ ထားအပ်သောတံဆိပ်နာမံတော်ရှိသော။ မဟာဓမ္မရညော။ မဟာဓမ္မရာဇာဘုရားမင်းမြတ်သည်။ အဘိယာစိတော။ တောင်းပန်တိုက်တွန်းအပ်သော။ ။ဉေယျဓမ္မာဘိမုနိဝရညာဏကိတ္တိသိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုတိ လဒ္ဓမုဒ္ဒိကေန။ ဉေယျဓမ္မာဘိမုနိဝရညာဏကိတ္တိသိရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍မင်းမှရအပ်သောတံဆိပ်နာမံရှိသော။ မဟာထေရဝရေန။ မထေရ်မြတ်သည်။ ရစိတော။ ပြုစီရင်အပ်သော။ သုရာဇမဂ္ဂဒီပနီယံ။ သုရာဇမဂ္ဂ ဒီပနီအမည်ရှိသောကျမ်း၌။ ပဌမော။ ရှေးဦးစွာသော။ လောကာနုဂ္ဂဟ အပ္ပမာဒကထာမဂ္ဂေါ။ လောကာနုဂ္ဂဟာအပ္ပမာဒစကား အစဉ်သည်။ နိဋ္ဌိတော။ ပြီးစေအောင်မြင်လတ်ပြီ။ - ပထမကဏ္ဍပြီး

ယခုအခါကား၊ သုံးပါးသောကထာတို့တွင်၊ ဓမ္မာနုဂ္ဂဟာအပ္ပမာဒကထာကိုပြရာ လာရောက်သည်ဖြစ်၍ရင်း။ သမဏာဖြဟ္မဏာသုဇော်၊ ဟူသောခြောက်ရမြောက်သော ကျင့်ဝတ်တရားကို။ ဓမ္မာနုဂ္ဂဟာအပ္ပမာဒကထာမှာပြဆိုအံ့ဟူ၍အောက်၌ဝန်ခံခဲ့သည်ဖြစ်၍ရင်း။ ဓမ္မာနုဂ္ဂဟာကထာကိုအကျဉ်းအားဖြင့်ပြဆိုဝေဘန်ပေအံ့သတည်း။

လွန်စွာသတ္တဝါတို့၏အကျိုးစီးပွါးကိုအလိုရှိတော်မူသောသဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်မြတ်ကိုမဆုတ်မနစ်အောင်စောင့်ရှောက်ခြင်းလုံခြုံစေခြင်းတို့ဖြင့်ချီးမြှောက်ကုန်သော သာသနာပြုမင်းတို့သည် ဆယ်ပါးသော တရားတို့ကို ရှေးဦးစွာမမေ့မလျော့ ပွါးများအပ်သည်။ ဆယ်ပါး၏အပြားကား၊ သံဃာတော်တို့နှင့်စိတ်တူကိုယ်မျှ ဆင်းရဲချမ်းသာရှိသည်ဖြစ်၍ သာသနဓမ္မကိုအရိုအသေအကြီးအမြတ်ပြု၍ နေခြင်းအစွမ်းအားလျော်စွာ။ ထိုထိုအကုသိုလ်မှရှောင်ကြဉ်ခြင်း၊ မြတ်စွာဘုရား၏သာသနာတော်မြတ်၏ ဆုတ်ယုတ်အံ့သောအကြောင်းကိုပယ်ရှား၍ ပွါးစီးခြင်း၏ အကြောင်းကိုသာ အားထုတ်ခြင်း၊ ဖြောင့်မတ်သော အယူရှိသည်ဖြစ်၍ လောကီအယူဝါဒဖြစ်သော မင်္ဂလာကိုမယုံကြည်ခြင်း၊ အသက်၏ဆုံးခြင်းကြောင့်ပင်ဖြစ်လင့်ကစား။ ဘုရားမှတပါးသောဆရာကိုမဆည်းကပ်ခြင်း၊ ကာယဒွါရဝစီဒွါရတို့ကိုစောင့်ရှောက်ခြင်း၊ သံဃာတော်တို့၏ အညီအညွတ်ဖြစ်ခြင်း၌သာ နှစ်သက်ခြင်း၊ ဖြူစင်ခြင်းမှကင်းခြင်း၊ စဉ်းလဲကောက်ကျစ်ခြင်းမရှိသောအားဖြင့် သာသနာ၌ ဖြောင့်မတ်

စွာကျင့်ခြင်း၊ ၁၀ ရတနာသုံးပါးကိုဆည်းကပ်ခြင်း၊ ဤဆယ်ပါးတို့တည်း။
ဤဆယ်ပါးသောတရားနှင့်ပြည့်စုံသောရေမြေသေဌ်နင်းပြည်ရှင်မင်းတို့
သည်။သာသနာတော်အား။များစွာသောအကျိုးစီးပွါးရှိသည်။ ထိုသို့ဖြစ်
၍နာဂသေန မထေရ်သည်မိလိန္ဒမင်းကြီးအား ဤဆယ်ပါးသောတရား
နှင့်ပြည့်စုံလျှင်းအောင်ကျင့်ဆောင်တော်မူဟူ၍ တိုက်တွန်းနှိုးဆော်တော်
မူသည်။တိုက်တွန်းနှိုးဆော်တော်မူသောစကားရင်ကား။ ။ဒသဓမ္မေ
မဟာရာဇဥပါသကဿဥပါသဂုဏာ။ဤသို့အစရှိသည်တည်း။ ။မဟာ
ရာဇ။မိလိန္ဒမင်းကြီး။ဥပါသကဿ။ရတနာသုံးပါးသို့ယုံကြည်စွာဆည်း
ကပ်သောဒါယကာ၏။ဥပါသကဂုဏာ။ဥပါသကာတို့၏ဂုဏ်ကျေးဇူး
တို့သည်။ဓမ္မေဒသ။ဤဆယ်ပါးတို့တည်း။ ။ကတမေဒသ။အဘယ်
ဆယ်ပါးတို့နည်းဟူမူကား။မဟာရာဇ။မိလိန္ဒမင်းကြီး။ဣဓ။ဤသာသနာ
တော်၌။ဥပါသကော။ ရတနာသုံးပါးကိုဆည်းကပ်သောဒါယကာသည်။
သံဃေန။ သံဃာတော်အပေါင်းနှင့်။ သမာနသုခဒုက္ခော။ တူသောချမ်း
သာဆင်းရဲခြင်းရှိသည်။ဓမ္မာဓိပတေယျော။ မြတ်စွာဘုရား၏တရားတော်
ကိုသာအကြီးအမှူးဦးခိုင်ပြုခြင်းရှိသည်။ဟောတိ။ဖြစ်၏။ ယထာဗလဝိရ
တော။ ဥပါသကာဒါယကာတို့အစွမ်းအားလျော်စွာအကုသိုလ်မှရှောင်
ကြဉ်ခြင်းရှိသည်။ဟောတိ။ဖြစ်၏။ ဇိနသာသနပရိဟာနိံ။မြတ်စွာဘုရား
၏သာသနာတော်၏ဆုတ်ယုတ်ခြွေလျော့အံ့သည်ကို။ဒိသွာ။သိမြင်၍။အဘိ
ဝဍ္ဎိံ။ သာသနာတော်၏ပွါးစီးခြင်းကို။ဝါ။သာသနာ၏ပွါးစီးအောင်။
ဝါယမတိ။ အပတ္တကုတ်အားထုတ်ကြိုးပမ်း၏။ သဟာဒိဋ္ဌိကော။မဂ္ဂေ မ
ထောင့် ဖြောင့်မတ်သောအယူရှိသည်။ ဟောတိ။ဖြစ်၏။ အပဂတကော
တုဟလမင်္ဂလိကော။ လောကီဖြစ်သော ဒုတ်ဒုတ်ကျက်ကျက်သော
မင်္ဂလာကိုယူခြင်းယုံကြည်ခြင်းကင်းသည်။ ဟောတိ။ဖြစ်၏။ ဣဝိတ
ဟောတုပိ။အသက်ဟူသောအကြောင်းကြောင့်ရင်း။ အညံ့။ဘုရားမှတပါး
သော။သတ္ထာရံ။ပုရာဏကဿပအစရှိသောဆရာနတ်မိစ္ဆာကို။နဥဒ္ဒိသ
တိ။ငါ၏ကိုးကွယ်ရာဟူ၍မညွှန်း။ကာယိကဉ္စ။ ကာယဒွါရ၌ဖြစ်သောဒု
စရိုက်ကိုရင်း။ဝါစသိကဉ္စ။ဝစီဒွါရ၌ဖြစ်သောဒုစရိုက်ကိုရင်း။ ရက္ခတိ။
စောင့်ရှောက်အပ်သည်။ဟောတိ။ဖြစ်၏။အနုသသုယျကော။ငြိုငြိုစောင်း
မြောင်းခြင်းမရှိသည်။ ဟောတိ။ဖြစ်၏။ကုဟာန၀သေန။ ကောက်ကျစ်
စဉ်းလဲသည်၏အစွမ်းဖြင့်။ သာသနေ။သာသနာတော်၌။ နစရတိ။ကျင့်

လည်းမကျင့်။ဗုဒ္ဓံ။ဘုရားသခင်ကို။သရဏံ။ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ။
ဆည်းကပ်သည်။ဟောဝတိ။ဖြစ်၏။ဓမ္မံ။တရားတော်ကို။သရဏံ။ကိုးကွယ်
ရာဟူ၍။ဂစ္ဆာမိ။ဆည်းကပ်သည်။ဟောဝတိ။ဖြစ်၏။သံဃံ။သံဃာတော်
ကို၊သရဏံ။ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ။ဆည်းကပ်သည်။ ဟောဝတိ။ဖြစ်
၏။မဟာရာဇ။မိလိန္ဒမင်းကြီး။ ဥပါသကဿ။ ရတနာသုံးပါးသို့ဆည်း
ကပ်သော ဒါယကာ၏။ ဥပါသကဂုဏာ။ ဥပါသကာဒါယကာတို့၏
ဂုဏ်တို့သည်။ ဣမေဒသ။ဤဆယ်ပါးတို့တည်း။ သမ္မေ။ခပ်သိမ်း
ကုန်သော။တေဂုဏာ။ဆိုဆယ်ပါးသောဂုဏ်တို့သည်။တဿ။ ထိုရတ
နာသုံးပါးသို့။ ဆည်းကပ်သောသူအား။သံဝိဇ္ဇန္တိ။ရှိကုန်၏။တံ။ ထိုသို့
ဂုဏ်၏ပြည့်စုံခြင်းသည်။ တေသု။ ထိုဒါယကာတို့၌။ယုတ္တံ။သင့်၏။ပတ္တံ။
လျော်၏။အနုစ္ဆဝိကံ။လျောက်ပတ်၏။ပဋိရူပံ။သင့်တင့်၏။ ယံတွံ။အကြင်
မိလိန္ဒမင်းကြီးသည်။ ဇိနသာသနပရိဟာနံ။ ငါတို့ဆရာဘုရားမြတ်စွာ၏
သာသနာတော်၏ဆုတ်ယုတ်ခြင်းကို။ဒိသွာ။တွေ့မြင်၍။ဝါ။ တွေ့မြင်လျှင်
မူကား။အဘိဝဍ္ဎိ။သာသနာတော်၏ပွါးစီးခြင်းကို။ဣစ္ဆသိ။အလိုရှိတော်
မူလော။ ။ဤသို့နာဂသေနမထေရ်သည်မိလိန္ဒမင်းကြီးအားတိုက်တွန်း
နှိုးဆော်သောစကားကို ကြားနာလတ်၍။ ဤနာဂသေနမထေရ်ဟူ၍ သ
မိုက်ပညတ်အခင်သောသုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသအစုခန္ဓာအာယတန
ဓာတ်ဟုဆိုအပ်သောပရမတ္ထတရားအစုံသည် နိစ္စရူပသုဘသုခ အတ္တ
ဖြစ်၍မပျက်စီးခြင်း။အမြဲဘည်ခြင်း။ တင့်တယ်ခြင်း။ မရဏာဒုက္ခ၏မရှိ
ခြင်းအပိုးရခြင်းနှင့်ပြည့်စုံ လျှင်မူကား။ဤနာဂသေနမထေရ်သည် ယခု
တက်တိုင်အမြဲတည်၍ သတ္တဝါတို့၏အကျိုးစီးပွါးကို ဟောကြားပြော
ဆိုရာ၏။ဤမထေရ်သည်သာသနာတော်၌ကြိုက်ကြိုသော မိလိန္ဒမင်းကို
တိုက်တွန်းနှိုးဆော်တော်မူသည်။ငါ၏ကရာဇ်မင်းသည်လည်း သာသနာ
တော်၌ကြိုက်ကြိုလျက်။ပဋိရူပဒေသစက်၌ လူများသော၍နင်းမင်းထိီးအ
ဖြစ်ကိုရသည်ဖြစ်၍။ ဤနာဂသေနမထေရ်နှင့် မတွေ့မကြုံကြိုက်သော်
လည်း။နာဂသေနမထေရ်၏စကားကိုကြားရ၍။ မထေရ်နှင့်တွေ့ဘိသကဲ့
သို့ဖြစ်သည်။ဤမထေရ်၏တိုက်တွန်းသောစကားကိုနှလုံး၌ထား၍။ မြတ်
စွာဘုရား၏တရားကိုပြုရချိုးမြှောက်ဘောက်ပံ့သိမ်းပကားခြင်းကိုအချင်း
ခပ်သိမ်း ငါအားထုတ်မည်ကြံစည်အောက် မေ့သောအားဖြင့်။ ဓမ္မာနုဂ္ဂ
ဟတရားကိုမမေ့မလျော့ ပွါးတော်မူအပ်သည်။ ဤဓမ္မာနုဂ္ဂဟတရားကို

ပွါးများခြင်းသည်။ နတ်မင်းလူမင်းတို့၏ပြကတေ့ဓလေ့ ထုံထွေးပင်ဖြစ်သည်။နတ်မင်းသည် သာသနာတော်တို့အားပေးသောအားဖြင့် ဓမ္မာနုဂ္ဂဟာဘရေးကိုအားထုတ်သည်ကား။ ငါတို့မြတ်စွာဘုရားသည်။ ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍။ တရားဟောခြင်း၌အားထုတ်ခြင်းကိုမပြုလိုသည်ရှိသော်။ သဟံပတိဗြဟ္မာကြီးနှင့်တကွဘက်မကွာ ဘုရားထံလာကြကုန်၍။ သိကြားနတ်မင်းက။ဘဂဝါဓမ္မံဒေသေတု။ စသည်ဖြင့်လျှောက်ကြားဝန်ခံ၍ တရားတော်ကိုချီးမြှောက်သည်။ ဘဂဝါ။ မြတ်စွာဘုရား။ ဓမ္မံ။တရားတော်ကို။ဒေသေထု။ဟောတော်မူပါ။ တုမှာကံ။ အရှင်ဘုရားတို့၏။အာဏာယ။အာဏာတော်၌။အဝတ္တမာနေ။ မကျင့်မဆောင်တည်သောသူတို့ကို။ မယံ။ အကျွန်ုပ်တို့သိကြားနတ်မင်းတို့သည်။ ဝတ္တာပေဿာမ။ကျင့်ပါစေကုန်အံ့။တုမှာကံ။အရှင်ဘုရားတို့အား။ ဓမ္မစက္ကံ။ ဓမ္မစက်သည်။ဟောတု။ဖြစ်ပါစေသော။ အမှာကံ။အကျွန်ုပ်သိကြားနတ်တို့အား။အာဏာစက္ကံ။အာဏာစက်သည်။ဟောတု။ဖြစ်ပါစေသော။ဣတိ။ ဤသို့။ပဋိညံ။ဝန်ခံခြင်းကို၊ အကာသိ။ ပြုလင့်ပြီ။ဤသိကြားဝန်ခံသောစကားရင်ကား။မူလပဏ္ဏာသစူဠသစ္စကသုတ်အဋ္ဌကထာ၌လာသည်။

လူမင်းတို့သာသနာတော်ကိုချီးမြှောက်ထောက်ပံ့သည်ကား။ ။မြတ်စွာဘုရားသည်အနုပ္ပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံလုဆဲဆဲအခါတွင်။အရှင်အာနန္ဒာကိုခေါ်တော်မူ၍။ယောဝေါအာနန္ဒ။ အစရှိသည်ဖြင့် ဟောကြားတော်မူသည်။ ။အာနန္ဒ။ အာနန္ဒာ။ မယာ။ငါဘုရားသည်။ ဝေါ။သင်ချစ်သားတို့၏။အတ္ထာယ။အလို့ငှါ။ယောဓမ္မော။ အကြင်သုတ်အဘိဓမ္မာကိုလည်း။ဒေသိတော။ ဟောလည်းဟောအပ်ပြီ။ ပညတ္တော။ ပညတ်လည်းပညတ်တော်မူအပ်ပြီ။ ဝိနယောစ။ဝိနည်းကိုလည်း။ ဒေသိတော။ဟောလည်းဟောအပ်ပြီ။ပညတ္တော။ထားလည်းထားအပ်ပြီ။ သော ဓမ္မဝိနယော။ထိုသုတ်အဘိဓမ္မာဝိနည်းသည်။ဝေါတုမှာကံ။သင်ချစ်သားတို့အား။မမစ္စယေန။ငါဘုရား၏ကွယ်လွန်သဖြင့်။ သတ္ထာ။ ပြောဆိုဆုံးမတတ်သောဆရာသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။

ဤသို့ဟောတော်မူခဲ့သော စကားကိုအစဉ်လျှောက်၍ အောက်မေ့တော်မူသည်ဖြစ်၍ရင်း။ ကြီးပြီးမှရဟန်းပြုပြီးသောသုဘဒ်ရဟန်းကြီး၏။ အလံအာဝုသောမာသောစိတ္တအစရှိသောပေါက်သော စကားကိုကြားတော်မူလတ်သောကြောင့်ရင်း။ သက်နိုးဖလယ်ခြင်း။ သမာပါတ်ဖြင့်ချီး

မြှောက်ခြင်း။ ကျေးဇူးတော်ကိုအောက်မေ့၍။ ကာဘညုတကတဝေဒိတ
ရားကိုပွါးများလိုသည်ဖြစ်၍ရှင်း၊ အရှင်မဟာကဿပမထေရ်သည်။ဤ
သို့ကြံစည်အောက်မေ့လတ်သတည်း။ ကြံစည်အောက်မေ့သည်ကား။
ဤအလဇ္ဇီဒုဿီလ။ပါပဘိက္ခုဖြစ်သောသုဘဒ္ဒရဟန်းကြီးသည်။ ဘုရား
ကွယ်လွန်လေပြီ။ဤသို့မှတ်ထင်၍။ဤသို့သောစကားကိုပြောဆိုသည်။ ဤ
အလဇ္ဇီရဟန်းသည်မိမိနှင့်တူသောအလဇ္ဇီအပေါင်းအသင်းကိုရ၍။မမြင့်မ
ကြာသောသာသနာကိုဖျက်ဆီးလေရာသည်။ အကြင်မျှလောက်သော ကာလ
ပတ်လုံး။သုတ်အဘိဓမ္မာဝိနည်းသည်။ထင်ရှားရှိသေး၏။ထိုမျှလောက်ကာ
လပတ်လုံးဘုရားပရိနိဗ္ဗာန်မစံသေးသကဲ့သို့ ဘုရားထင်ရှားရှိသကဲ့သို့ဖြစ်
ကြောင်းကို။ ။ယောဝေါအာနန္ဒမယာဓမ္မောစ။ အစရှိသည်ဖြင့်
ဟောတော်မူအင်ပြီ။ဘုရားဟူ၍ဆိုအပ်သောသုတ်အဘိဓမ္မာဝိနည်းကို
မပျောက်မပျက် ရှည်မြင့်စွာတည်ခြင်းငှါ သင်္ဂါယနာတင်ရမူကား။
ကောင်းလေစွဟုကြံအောက်မေ့လျက်။ ဤဘုရားပရိနိဗ္ဗာန် စံရာအရပ်၌ဘ
နှ၌။ ပက်ပါကြိုက်ကြိုကြသော သဃာတော်တို့၏ အစည်းအဝေးထက်
လွန်၍အစည်းအဝေးကိုအလွန်ရနိုင်ခဲ့သည်။ ယခုအခါငါတို့သည်သုတ်
အဘိဓမ္မာဝိနည်းကိုမသူတော်တို့၏ တရားသည်မထွန်းပဒီ သင်္ဂါယနာ
တင်ကြကုန်အံ့ဟူ၍ပြောဆိုတိုင်ပင်တော်မူလတ်သော်။ရဟန်းအပေါင်း
တို့ကကောင်းပါပြီဝန်ခံ၍။အရှင်ဘုရားပင်ရွေးကောက်တော်မူပါ။ဤသို့
သံဃာတော်တို့ကရှင်မဟာကဿပမထေရ်ကိုလျှောက်ကြား၏။ ထိုအ
ခါရှင်မဟာကဿပမထေရ်သည်အလုံးစုံသောပရိယတ္တိသာသနာတော်
ကိုဆောင်ကုန်သော ပုထုဇဉ်သောတာပန် သကဒါဂါမ် အနာဂါမ်။ သုက္ခဝိ
ပဿကရဟန္တာ။ များစွာသောရဟန်းတို့ကိုမကောက်မယူလျှင်းဘဲ။ပိ
ဋကတ်သုံးပုံကိုဆောင်ကုန်သောပဋိသမ္ဘိဒါပတ္တ။မဟာနုဘာဝ။ ဘုရား
သခင်၏အထံ၌များသောအားဖြင့်ဧတဒဂ်ရကုန်သော တေဝိဇ္ဇခဠာဘိညာသ
ဝရဟန္တာ လေးရာကိုးကျိပ်ကိုးပါးသောမထေရ်တို့ကိုရွေးကောက်တော်မူ
၏။ဤသို့ရွေးကောက်တော်မူပြီးသော်ငါတို့သည်အဘယ်မည်သောပြည်။
အဘယ်မည်သောမင်းကို အမှီသဟဲအစွဲအလမ်းပြု၍ဤသင်္ဂါယနာတင်
သောအမှုကိုပြုကြကုန်အံ့နည်းဟူ၍ အောက်မေ့ဆင်ခြင်တိုင်ပင်ပြီးသော်။
ရာဇဂြိုဟ်ပြည်သည်ပစ္စည်းလေးပါးတို့ဖြင့်မငြိုငြင်ရာထိုပြည်ကိုစိုးအုပ်
သောအဇာတသတ်မင်းသည်လည်း သာသနာတော်ကိုအလွန်ကြည်ညို

သောမင်းဖြစ်၍။ငါတို့အမှုကိုညီညာရိုင်းပင်းသိမ်းပကါးခြင်းကိုပြုလတ္တံ့။ ဤသို့နှလုံးပိုက်ကြုံးဆုံးဖြတ်ကြကုန်၍ ရာဇဂြိုဟ်ပြည်သို့သွားကြကုန်၏။ ထိုမထေရ်တို့သည်ရာဇဂြိုဟ်ပြည်သို့ရောက်ကြလတ်သော်ဝါသို့ကပ်ပြီး၍ ဝါခေါင်လပြည့်တိုင်အောင် သင်္ဂါယနာမတင်မီ ။တဆဲ့ရှစ်ရပ်သောကျောင်းကြီးတို့ကိုသုတ်သင်ပြင်ဆင်ဦးအံ့ဟူ၍တိုင်ပင်ပြောဆိုလျက်ရာဇဂြိုဟ်ပြည်သို့ရောက်၍နှစ်ရက်မြောက်သောနေ့၌။ အဇာတသတ်မင်းကြီး၏အထံပန်ကြားပြောဆိုခြင်းငှါသွားလတ်ပြီးသော်။အရှင်မင်းကြီး။ ဤရာဇဂြိုဟ်ပြည်၌ဘဆဲ့ရှစ်ရပ်သေါကျောင်းကြီးတို့ကိုကောင်းမွန်စွါပြကတေ့ရှိလျင်းအေါင်လုပ်ဆေါင်ပြုပြင်တော်မူစေချင်သည်ဤသို့ရဟန်းတို့ကပြောကြားမိန့်ဆိုလျှင်အဇာတသတ်မင်းသည်။ တဆဲ့ရှစ်ရပ်သော ကျောင်းတို့ကိုကောင်းစွာပြုပြင်စေ၏၊ပြီးပြီးလတ်သော်။ ငါတို့သည်သုတ်အဘိဓမ္မာဝိနည်းကိုသင်္ဂါယနာတင်ပါကုန်အံ့။ ဤအမှု၌သင်မင်းကြီးသည်ချီးမြှော်ထောက်ပံ့ခြင်းကိုပြုအင်သည်ဤသို့မိန့်ဆိုကြလျှင်။သာဓုဘန္တေဝိသဋ္ဌာကရောထမယှံ အာဏာစက္ကံ။ တုမှာကံ ဓမ္မစက္ကံ ဟောတု အာဏာပေထကိံ ဘန္တေကရောမိ။ဟူသောစကားဖြင့်အဇာတသတ်မင်းကဝန်ခံလျှောက်ထား၍တရားတော်ကိုချီးမြှော်သည်။ ။ဘန္တေ။အရှင်ဘုရားတို့။သာဓု။ကောင်းပါပြီ။ဝိသဋ္ဌာ။လွှတ်လွှတ်။ကရောထ။ ပြုတော်မူကြပါကုန်လော။မယှံ။အကျွန်ုပ်ရာဇဂြိုဟ်မင်းအား။ အာဏာစက္ကံ။ အာဏာစက်သည်။ဟောတု။ဖြစ်ပါစေ။ တုမှာကံ။အရှင်ဘုရားတို့အား။ဓမ္မစက္ကံ။ ဓမ္မစက်သည်။ဟောတု။ဖြစ်စေလော။ဘန္တေ။အရှင်ဘုရားတို့။ အာဏာပေထ၊အလိုရှိရာအမှုကို။မေ။ အကျွန်ုပ်အား ပြန်ကြားတော်မူကြကုန်။ကိံ။ အဘယ်အမှုကို။ ကရောမိ။ အကျွန်ုပ်ပြုရအံ့နည်း။ ဣတိ။ဤသို့။ အဝေါစ။လျှောက်ဆို၏။ ။ဤသို့စသည်ဖြင့်လူမင်းတို့သည်လည်းမြတ်စွာဘုရား၏တရားကိုချီးမြှော်သေါအါးဖြင့်ဓမ္မါနုဂ္ဂဟတရားကိုပွါးကြကုန်သည်။ထိုမထေရ်တို့သည်အဇာတသတ်မင်းတို့၏အထံမှအထောက်အပံ့ကိုရ၍။သုတ်အဘိဓမ္မာဝိနည်းကိုသင်္ဂါယနာတင်ကုန်ပြီးသည်ရှိသော်။အသီးအသီးသာသနာတော်၏ ရှည်မြင့်စွာတည်ခြင်းငှါ။ ထိုထိုစွမ်းနိုင်သောမထေရ်တို့အားအပ်ထားဆော်နှင်း၍ တပည့်အဆက်ဆက်တို့အား သင်ကြားပို့ချကြလေကုန်ဟုဆောက်နှင်းကြလေကုန်၏။

ဆောက်နှင်းသောစကားရင်ကား။ ။သင်္ဂါယိတွာ။သင်္ဂါယနာတင်

ကုန်ပြီး၍။အယံနိကာယော။ ဤနိကာယသည်။ ဒီဃာ နိကာယောနာမ။ဒီ
ဃနိကာယ်မည်၏။ဣတိ။ဤသို့။ဝတွာ။ပြောဆို၍။အာသုဿတ္တံအာနန္ဒ။အ
ရှင်အါနန္ဒာမထေရ်ကို။ပဋိဉ္ဉာပေသုံ။ဝန်ခံနှုင်းကုန်၏။ကိံ ဝစနံ။အဘယ်
စကားကို။ဝတွာ။ဆို၍။ ပဋိဉ္ဉာပေသုံ။ ဝန်ခံနှုင်းကုန်သနည်းဟူမူကား။
အာဝုသော။ ငါ့ရှင်အာနန္ဒာ။ ဣမံ။ ဤသီလက္ခန္ဓဝဂ် မဟာပါထိယဝဂ်
ဟုဆိုအပ်သောဒီဃနိကာယ်ကို။ တုယှံ။သင်၏။နိဿိတကေ။အဆက်
ဆက်သောတပည့်တို့ကို။ ဝါစေဟိ။ ပို့ချဆောင်ရွက်လေ့ကျက်သင်အံ
လေလော။ဣတိ။ဤသို့။ဝတွာ။ဆို၍။ပဋိဉ္ဉာပေသုံ။ ဆောက်နှုင်းကုန်၏။တ
ဒနန္တရံ။ထိုဒီဃနိကာယ်၏အခြားမဲ့၌။ အာသီတိဘာဏဝါရပရိမာဏံ။
ရှစ်ဆယ်သောဘာဏဝါရအတိုင်းအရှည်ရှိသော။ မဇ္ဈိမနိကာယံ။မဇ္ဈိမ
နိကာယ်ကို။ သင်္ဂါယိတွာ။သင်္ဂါယနာတင်ပြီး၍။ ဓမ္မသေနာပတိသာရိ
ပုတ္တတ္ထေရဿ။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်
၏။နိဿိတကေ။ တပည့်တို့ကို။ပဋိဉ္ဉာပေသုံ။ ဝန်ခံနှုင်းကြပေကုန်၏။
ကိံ ဝစနံ။အဘယ်စကားကို။ဝတွာ။ဆို၍။ ပဋိဉ္ဉာပေသုံ။ဆောက်နှုင်းကြ
ကုန်သနည်းဟူမူကား။ဣမံ။ ဤမူလပဏ္ဏာသ။မဇ္ဈိမပဏ္ဏာသ။ ဥပရိပဏ္ဏာ
သဟုဆိုအပ်သောမဇ္ဈိမနိကာယ်ကို။တုမှေ။သင်တို့အရှင်သာရိပုတ္တရာမ
ထေရ်၏။ တပည့်တရုတို့သည်။ ပရိဟရထ။ ဆောင်ရွက်ကြလေကုန်။
ဣတိ။ဤသို့။ဝတွာ။ဆို၍။ပဋိဉ္ဉာပေသုံ။ဆောက်နှုင်းကြကုန်၏။ တဒနန္တ
ရံ။ ထိုမဇ္ဈိမနိကာယ်၏အခြားမဲ့၌။ သတဘာဏဝါရပရိမာဏံ။ ဘာဏ
ဝါရ။တရားပမာဏရှိသော။ သံယုတ္တနိကာယံ။ သံယုတ္တနိကာယ်ကို။
သင်္ဂါယိတွာ။ သင်္ဂါယနာတင်ကြကုန်ပြီး၍။ မဟာကဿပမတ္ထေရံ။
အရှင်မဟာကဿပမထေရ်ကြီးကို။ဘန္တေ။ အရှင်ဘုရား။ဣမံ။ဤသဂါ
ထာဝဂ္ဂ။နိဒါနဝဂ္ဂ။ခန္ဓဝဂ္ဂ။ သဠာယတနဝဂ္ဂ။ မဟာဝဂ္ဂတို့ဖြင့်ရေတွက်
အပ်သောသံယုတ္တနိကာယ်ကို။ တုမှာကံ။အရှင်ဘုရားတို့၏။ နိဿိတ
ကေ။တပည့်အဆက်ဆက်တို့ကို။ဝါစေထ။ သင်အံ့ပို့ချဆောင်ရွက်ကြ
လေကုန်။ဣတိ။ဤသို့။ဝတွာ။ဆို၍။ပဋိဉ္ဉာပေသုံ။ဆောက်နှုင်းကြကုန်၏။
တဒနန္တရံ။ ထိုသံယုတ္တနိကာယ်၏အခြားမဲ့၌။ ဝီသတိဘာဏဝါရသတ
ပရိမာဏံ၊ဘာဏဝါရတရာ့နှစ်ဆယ်အတိုင်းအရှည်ရှိသော။အင်္ဂုတ္တရ
နိကာယံ။အင်္ဂုတ္တရနိကာယ်ကို။သင်္ဂါယိတွာ။ သင်္ဂါယနာတင်ပြီး၍။အနု
ရုဒ္ဓတ္ထေရံ။ အနုရုဒ္ဓါမထေရ်ကို။ဣမံ။ ဤတဆဲ့တကျမ်းသော အင်္ဂုတ္တရနိ

ကာယံကို။တုမှာကံ။သင်တို့၏။နိဿိတကေ။တပည့်တို့ကို။ ဝါစေထ။
ပို့ချကြစေကုန်။ဏုတိ။ဤသို့။ဝတွာ။ဆို၍။ပဋိနွှာပေသုံ။ ဆောက်နှင်းကုန်
၏။ ။ဤစကားရပ်ကား။ဝိနည်းအဋ္ဌကထာ။သီလက္ခန္ဓဝဂ်ဖြဟ္မဇာလ
သုတ်အဘွင့်တို့၌လာသည်။ ။ဤသို့လျှင်းသုံလူ့အထွတ်သဗ္ဗညုမြတ်
စွာဘုရားသည်သတ္တဝါတို့အား အကျိုးစီးပွါးအလွန်လျှင်များဖျင်သည်။
ထိုမြတ်စွာဘုရား၏။ဘပဥ္စ ဖြစ်ကုန်သောရှင်သာရိပုတ္တရာ။ရှင်မေါဂ္ဂလာန်
မထေရ်တို့သည်ရင်း။ မြတ်စွာဘုရား၏တရားဒေသနာတော်ကိုမတိမ်မ
မြုပ်မပျော် မပျက်သတ္တဝါဝေနေယျအဆက်ဆက်တို့၏ အကျိုးစီးပွါး
များစေခြင်းငှါသင်္ဂါယနာတင်၍တပည့်အဆက်ဆက်တို့အားသင်ကြား
ပို့ချဆောင်ရွက်လေ့ကျက်ကြလေကုန်ဟူ၍ဆောက်နှင်းပေးအပ်လျက်
ဝေနေယျတို့၏အကျိုးစီးပွါးကိုရွက်ဆောင်တော်မူပေသည်။ ထိုမထေရ်
တို့၏တပဥ္စ အဆက်ဆက်တို့သည်လည်းယနေ့ထက်တိုင်အောင်ဆောင်
ရွက်ပို့ချ၍ဘုရားသခင်၏တရားတော်ကိုချီးမြှောက်သောအားဖြင့်ဝေနေ
ယျတို့၏ အကျိုးငှါမြွာနုဂ္ဂဟတရားကိုအားထုတ်ကြပေကုန်သည်။ ထို
ကြောင့်ထိုမထေရ်မြတ်တို့၏စောင့်ထိမ်းကဲ့သော ဘုရားစကားတော်ကို
ကာသိဝတ္ထ။ကောဋုမ္ဗရစသော အထည်အခုင်ကိုနံ့သာကြုပ်၌ရိုသေ
စွာသိမ်း၍ထားဘိသကဲ့သို့။ ထိုအတူရေမြေသော၌နင်း ပြည်ရှင်မင်းနှင့်
တကွရဟန်းရှင်လူ ပြည်သူအများတို့သည်ဦးခေါင်း၌ ရွက်ဆင်လျက်
ဆင်ခြင်သုံးသပ်သောအားဖြင့်။နှလုံး၌အမြဲထားအပ်သည်။ ။ထိုကြောင့်
ပုဂ္ဂလပညတ်အဋ္ဌကထာတိက္ကာအဘွင့်၌။သမ္မာသမ္ဗုဒ္ဓံ ဟိဇကံ နိဿာယ၊
အစရှိသည်ဖြင့်ဘွင့်ဆိုသည်။ ။ဟိ။အကျိုးကိုဆိုဦးအံ့။ဇကံ။တဦးတည်း
သော။သမ္မာသမ္ဗုဒ္ဓံ။ဘုရားသခင်ကို။နိဿာယ။အမှီပြု၍။ယါဝဇ္ဇကာလာ၊
ယခုကာလတိုင်အောင်။မုစ္စနကသတ္တာနံ။ သံသရာဝဋ်မှလွတ်ကုန်သော
သတ္တဝါတို့၏။ပမာဏံ။အတိုင်းအရှည်သည်။နတ္ထိ။မရှိ။တထာ။ ထိုအတူ။
သာရိပုတ္တတ္ထေရမဟာမောဂ္ဂလာနတ္ထေရ။ ရှင်သာရိပုတ္တရာမထေရ်။ ရှင်
မောဂ္ဂလာန်မထေရ်တို့ကိုရင်း။အဒိသေသေ။ကြွင်းကုန်သော။ အသီတိမ
ဟာသာဝကေစ။ရှစ်ကျိပ်သောမထေရ်မြတ်တို့ကိုရင်း။နိဿာယ။အမှီပြု
၍။သဂ္ဂံ။နတ်ရွာသို့။ဂတသတ္တာနံ။သွားကုန်သောသတ္တဝါတို့၏။ ပမာဏံ။
အတိုင်းအရှည်သည်။နတ္ထိ။မရှိ။ယာဝဇ္ဇကာလာ။ ယခုကာလတိုင်အောင်။
တေသံ။ထိုရှင်သာရိပုတ္တရာ။ရှင်မောဂ္ဂလံအသီတိမဟာသါဝကတို့၏။ဒိ

ဠာနဂဝေါပမင်္ဂလာနံပါ။ မြင်အပ်သည်သို့ဖြစ်၍ ကောင်းစွာ ကျင့်ဆောင်ကုန်သောသတ္တဝါတို့၏။ပမာဏ။အတိုင်းအရှည်သည် နတ္ထိ ယေဝ။မရှိသည်သာလျှင်တည်း။ ။အာဒဒေယျ ဂန္ထတိ။အာဒဒေယျ ဂန္ထတိဟူသည်ကား။တသော မဟာဗွေရသာ။ ထိုအဆက်ဆက်သောမ ထေရ်မြတ်၏။ထံအထ္ထနိသိတ စနံ။ထိုပဋ္ဌာန်အကျိုးသံသရာအကျိုးကို မှီသောစကားကို။ဂန္ထကရဏ္ဍကေ။နှံ့သာကြုပ်၌။ကါသိဝတ္ထ ကာသိတိုင်း မှဖြစ်သော အဝတ်သည်၊ အာဓာတင်ပံ့ထပေတော့တံ။ သိမ်းသို၍ရှိသေစွာ ထားအပ်သည်၏အဖြစ်သို့။ဂန္ထတိယထာ။ရောက်သကဲ့သို့။ ဇဝံထထာ။ ဤအတူ။ဥတ္တမင်္ဂ။မြတ်သောအင်္ဂါဟုဆိုအပ်သော။ သိရသ္မိ။ ဦးခေါင်း၌ ၎င်း။ဟာဒယေစ။နှလုံး၌၎င်း။အာဓါတဗ္ဗတံထပေတဗ္ဗတမ္ဗ။ကောင်းစွာထား အပ်သည်၏အဖြစ်သို့လည်း။ဂန္ထတိ။ရောက်၏။ ။ဤသို့ပြဆိုအပ်သည် ဖြစ်၍။ဘုရားသခင်ဟောတော်မူတိုင်း။ရှင်မဟာကဿပစသော မထေရ် တို့မှဆင်းသက်၍။ ယခုတက်တိုင်အောင် ဆောင်ရွက်လေ့ကျက် ကြ သောဘုရားသခင်၏စကားတော်ကို ရှိသေစွာမှတ်နာဆင်ခြင်လျက်၊ တ ရားတော်ကိုချီးမြှောက်ထောက်ပံ့ရာသည်။ဘုရားသခင်သည်သင်ချစ်သါး တို့အားဝိနည်းသုတ်အဘိဓမ္မာကိုငါဟောလေပြီ၊ ဤငါဟောသော တ ရားအရသည်။ငါဘုရားလွန်ပြီးနောက်အခါသင်တို့ဆရာဖြစ်လတ္တံ့။ယခု အခါကားငါဘုရားတပါးတည်းသာပရိနိဗ္ဗာန်စံယူသေးသည်။သင်တို့ဆ ရာငါတပါးတည်းသာဆုံးမသြဝါဒပေးသည်။ငါလွန်ပြီးနောက်။ငါဟော တော်မူသောရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်။ သင်ချစ် သားတို့အားဆုံးမသြဝါဒပေးလတ္တံ့။ ဤသို့ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသည်ဖြစ်၍လည်း။ အဋ္ဌကထာနှင့်တကွသောပရိယတ္တိဓမ္မ ကိုရှိသေစွာအမျိုးသားတို့ကိုသင်ကြားပို့ချဆောင်ရွက်စေသောအားဖြင့်။ ဘုရားသခင်၏ရူပကာယတော်ကိုကဲ့သို့ ချီးမြှောက်ထောက်ပံ့သောအား ဖြင့်။ဓမ္မာနုဂ္ဂဟတရားကိုပွါးများတော်မူအပ်သည်။

ထိုကြောင့်မဟာပရိနိဗ္ဗာနသုတ်အဘွင့်၌။ ၊မယာပဝေါဒိတ္ထေနေ ဝဇ္ဇာဒံလဟုကံ။စသည်ဖြင့်ဘွင့်ဆိုသည်။ ။ဟိသစ္စံ။မှန်၏။မယာ။ငါဘု ရားသည်။ဝေါ။သင်ချစ်သားတို့အား။ ဠြတေနေဝ။ သက်တော်ထင်ရှားရှိ သည်ဖြစ်၍တည်သဖြင့်သာလျှင်။ဇ္ဇာဒံ။ဤအပတ်သည်။ လဟုကံ။ လဟု ကအပတ်တည်း။ဇ္ဇာဒံ။ဤအာပတ်သည်၊ ဂရုကံ။ဂရုကအာပတ်တည်း။

ဣဒံ။ ဤအာပတ်သည်။ သတေကိစ္ဆံ။ ကုစားကောင်းသောအာပတ်တည်း။ ဣဒံ။ ဤအာပတ်သည်။ အတေကိစ္ဆံ။ မကုစားကောင်းသောအာပတ်တည်း။ ဣဒံ။ ဤအာပတ်သည်။ လောကဝဇ္ဇံ။ လောကဝဇ္ဇအာပတ်တည်း။ ဣဒံ။ ဤအာပတ်သည်။ ပဏ္ဏတ္တိဝဇ္ဇံ။ ပဏ္ဏတ္တိဝဇ္ဇအာပတ်တည်း။ အယံအာပတ္တိ။ ဤအာပတ်သည်။ ပုဂ္ဂလဿ။ ပုဂ္ဂိုလ်၏။ သန္တိကေ။ အထံ၌။ ဝုဋ္ဌာတိ။ ထ၏။ အယံအာပတ္တိ၊ ဤအာပတ်သည်။ ဂဏဿ။ ဂိုဏ်း၏။ သန္တိကေ။ အထံ၌။ ဝုဋ္ဌာတိ။ ထ၏။ အယံ။ ဤအာပတ်သည်။ သံဃဿ။ သံဃာ၏။ သန္တိကေ။ အထံ၌။ ဝုဋ္ဌာတိ။ ထ၏။ ဣတိ။ ဤသို့။ သတ္တာပတ္တိက္ခန္ဓေသု။ ခုနစ်ပါးသောအာပတ်အစု၏အစွမ်းဖြင့်။ ဝတ္ထုသ္မိံ။ ဝတ္ထုသည်။ ဩတိဏ္ဏေ။ သက်လတ်သည်ရှိသော်။ မဟာဝိနယော နာမ။ မြတ်သောဝိနည်းမည်သော။ ခန္ဓကပရိဝါရော။ မဟာဝါခန္ဓကစူဠဝါခန္ဓကပရိဝါကိုရင်း။ ဥဘတောဝိဘင်္ဂေါ။ ဥဘတောဝိဘင်းကိုရင်း။ ဒေသိတော။ ဟောတော်မူအပ်ပြီ။ သကလံပိ။ အလုံးရုံလည်းဖြစ်သော။ တံဝိနယပိဋကံ။ ထိုဝိနည်းပိဋကတ်သည်။ မယိ။ ငါဘုရားသည်။ ပရိနိဗ္ဗုတေ။ ပရိနိဗ္ဗာန်စံယူတော်မူလတ်သည်ရှိသော်။ တုမှာကံ။ သင်ချစ်သားတို့၏။ သတ္ထုကိစ္စံ။ ဘုရား၏ကိစ္စကို။ သာဓေတိ။ ပြီးစေလတ္တံ့။ ဌိတေနေဝ။ ထင်ရှားရှိသည်သာလျှင်ဖြစ်၍ တည်သည်သာလျှင်ဖြစ်သော။ မယာ။ ငါဘုရားသည်။ စတ္တာရော။ လေးပါးကုန်သော။ ဣမေသတိပဋ္ဌာနာ။ ဤသတိပဋ္ဌာန်တို့ရင်း။ စတ္တာရော။ လေးပါးကုန်သော။ ဣမေသမ္မပ္ပဓာနာ။ ဤသမ္မပ္ပဓာန်တို့ရင်း။ ဣမေစတ္တာရောဣဒ္ဓိပါဒါ။ ဤလေးပါးကုန်သောဣဒ္ဓိပါဒ်တို့ရင်း။ ဣမာနိပဉ္စဣန္ဒြိယာနိ။ ဤငါးပါးကုန်သောဣန္ဒြေတို့ရင်း။ ဣမာနိပဉ္စဗလာနိ။ ဤငါးပါးကုန်သောဗိုလ်တို့ရင်း။ ဣမေသတ္တဗောဇ္ဈင်္ဂါ။ ဤခုနစ်ပါးသောဗောဇ္ဈင်တို့ရင်း။ အယံအရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ။ ဤမြတ်သောရှစ်ပါးသောအင်္ဂါရှိသောမဂ်ရင်း။ ဣတိ။ ဤသို့။ တေနတေနအာကာရေန။ ထိုထိုအခြင်းအရာဖြင့်။ ဣမေဓမ္မေ။ ဤတရားတို့ကို။ ဝိဘဇိတွာဝိဘဇိတွာ။ ဝေဘန်၍ဝေဘန်၍။ သုတ္တန္တပိဋကံ။ သုတ္တန်ပိဋကတ်ကို။ ဒေသိတံ။ ဟောအပ်ပြီ။ တံသကလမ္ပိသုတ္တန္တပိဋကံ။ ထိုအလုံးရုံသောသုတ္တန်ပိဋကတ်သည်လည်း။ မယိ။ ငါဘုရားသည်။ ပရိနိဗ္ဗုတေ။ ပရိနိဗ္ဗာန်စံလွန်သည်ရှိသော်။ တုမှာကံ။ သင်ချစ်သားတို့အား။ သတ္ထုကိစ္စံ။ ဆရာ၏ကိစ္စကို၊ ဝါ။ ဘုရား၏ကိစ္စကို။ သာဓေဿတိ။ ပြီးစေလတ္တံ့။ ဌိတေနေဝ။ ထင်ရှားရှိသည်သာဖြစ်၍တည်သည်သာလျှင်ဖြစ်သော။ မယာ။ ငါ

ဘုရားသည်။ ရူပမေပဉ္စက္ခန္ဓာ။ ဤခန္ဓာငါးပါးတို့ငှင်း။ ရူမာနိဒ္ဒါဒသာယတနာနိ။ ဤတဆဲ့နှစ်ပါးသောအာယတနတို့ငှင်း။ ရူမေအဋ္ဌာရသဓာတုယော။ ဤတဆဲ့ရှစ်ပါးသောဓါတ်တို့ငှင်း။ ရူမာနိစတ္တာရိသစ္စာနိ။ ဤလေးပါးသောသစ္စာတို့ငှင်း။ ရူမာနိဗာဝီသတိန္ဒြိယာနိ။ ဤနှစ်ဆဲ့နှစ်ပါးသောဣန္ဒြေတို့ငှင်း။ ရူမေနဝဟေတု။ ဤကိုးပါးသောဟိတ်တို့ငှင်း။ ရူမေစတ္တာရောအာဟာရာ။ ဤအာဟာရလေးပါးတို့ငှင်း။ ရူမေသတ္တဖဿာ။ ဤခုနစ်ပါးသောဖဿတို့ငှင်း။ ရူမာသတ္တဝေဒနာ။ ဤခုနစ်ပါးသောဝေဒနာတို့ငှင်း။ ရူမာသတ္တသညာ။ ဤခုနစ်ပါးသောသညာတို့ငှင်း။ ရူမာသတ္တစေတနာ။ ဤခုနစ်ပါးသောစေတနာတို့ငှင်း။ ရူမာနိသတ္တစိတ္တာနိ။ ဤခုနစ်ပါးသောစိတ်တို့ငှင်း။ ရူတိ။ ဤသို့။ ဝိဘဇိတွာ။ ဝေဘန်၍။ တတြာပိ။ ထိုတရားအပေါင်းတို့တွင်လည်း။ ဧတ္ထကာမဝ္စာ။ ဤမျှလောက်သောတရားတို့သည်။ ကာမာဝစရာ။ ကာမာဝစရတရားတို့တည်း။ ဧတ္ထကာ။ ဤမျှလောက်သော တရားတို့သည်။ ရူပါဝစရာ။ ရူပါဝစရတရားတို့တည်း။ ဧတ္ထကာ။ ဤမျှလောက်သောတရားတို့သည်။ အရူပါဝစရာ။ အရူပါဝစရတရားတို့တည်း။ ဧတ္ထကာ။ ဤမျှလောက်သောတရားတို့သည်။ ပရိယာပန္နာ။ ပရိယာပန္နတရားတို့တည်း။ ဧတ္ထကာ၊ ဤမျှ လောက်သော တရားတို့သည်။ အပရိယာပန္နာ။ အပရိယာပန္နတရားတို့တည်း။ ဧတ္ထကာ။ ဤမျှလောက်သော တရားတို့သည်။ လောကိယာ။ လောကီတရားတို့တည်း။ ဧတ္ထကာ။ ဤမျှလောက်သောတရားတို့သည်။ လောကုတ္တရာ၊ လောကုတ္တရာတရားတို့တည်း။ ရူတိ။ ဤသို့။ ရူမေဓမ္မေ။ ဤတရားတို့ကို။ ဝိဘဇိတွာပိ။ ဝေဘန်၍လည်း။ စတုဝီသတိသမန္တပဋ္ဌာနအနန္တနယမဟာပဋ္ဌာနပဋိမဏ္ဍိတံ။ နှစ်ဆဲ့လေးကျမ်းတို့ဖြင့် တန်းဆာဆင်အပ်သော သမန္တပဋ္ဌာန်းဟုဆိုအပ်သော အဆုံးမရှိသော နည်းရှိသော ကြီးစွာသောပဋ္ဌာန်းတို့ဖြင့်တန်းဆာဆင်အပ်သော။ အဘိဓမ္မာပိဋကံ၊ အဘိဓမ္မာပိဋကတ်ကို။ ဒေသိတံ။ ဟောတော်မူအပ်ပြီ။ တံသကလမ္ပိအဘိဓမ္မာပိဋကံ။ ထိုအလုံးစုံသောအဘိဓမ္မာပိဋကတ်သည်လည်း။ မယိ။ ငါဘုရားသည်။ ပရိနိဗ္ဗုတေ။ ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော်။ တုမှာကံ။ သင်ချစ်သားတို့၏။ သတ္ထု၊ ကိစ္စံ။ ဆရာ၏ကိစ္စကို။ သာဓေသတိ။ ပြီးစေလတ္တံ့။ ရူတိ။ ဤသို့။ အဘိသမ္ဗောဓိတော။ သစ္စာလေးပါးတရားကိုသိမြင်သည်မှ။ ယာဝပရိနိဗ္ဗာနာ။ ပရိနိဗ္ဗာန်စံယူတော်မူသည်တိုင်အောင်။ ပဉ္စစတ္တာလီသဝဿာနိ။ လေးဆဲ့ငါးဝါကာလပတ်လုံး။ ဘာသိတံ။ ဟောတော်

မှုအင်သော။ လပိတံ။ ပြောဆိုတော်မှုအပ်သော။ ဧတံသဗ္ဗမ္ပိ။ ဤအလုံးရုံ
သောငါဘုရားစကားတော်သည်လည်း။ တိဏိပိဋကာနိ။ ပိဋကတ်သုံးပုံ
တို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ပဉ္စနိကာယာ။ ငါးပါးသောနိကာယ်တို့
သည်၊ ဟောန္တိ။ ဖြစ်ကုန်၏။ နဝင်္ဂါနိ။ ကိုးပါးသောအင်္ဂါတို့သည်။ ဟောန္တိ။
ဖြစ်ကုန်၏။ စတုရာသီတိဓမ္မက္ခန္ဓ သဟဿာနိ။ ရှစ်သောင်းလေးထောင်
သောဓမ္မက္ခန္ဓာတို့သည်။ဟောန္တိ။ဖြစ်ကုန်၏။ဣတိဧဝံ။ဤသို့။မဟာပဒေ
ဒံ။များသောအပြားရှိသည်။ဟောတိ။ဖြစ်၏။ဣတိ။ဤသို့။ဣမာနိစတုရာသီ
တိဓမ္မက္ခန္ဓသဟဿာနိ။ ဤရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့
သည်။တိဋ္ဌန္တိ။တည်ကုန်၏။ အဟံဧကော၀။ ငါတပါးတည်းသာလျှင်။ပ
ရိနိဗ္ဗာယာမိ။ပရိနိဗ္ဗာန်ပြုသေး၏။ ခေါပန။ စင်စစ်။ အဟဥ္စ။ ငါသည်သာ
လျှင်။ဒါနိ။ယခုအခါ၌။ဧကောဝ။ တယောက်အထီးထီးသာလျှင်။ ဩဝ
ဒါမိ။ဆုံးမသေး၏။အနုသာသာမိ။ အဘန်တလဲလဲဆုံးမသေး၏။ မယိ။ငါ
ဘုရားသည်။ပရိနိဗ္ဗုတေ။ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော်။ ဣမာနိစ
တုရာသီတိဓမ္မက္ခန္ဓသဟဿာနိ။ဤရှစ်သောင်းလေးထောင်သောဓမ္မက္ခန္ဓာ
တို့သည်။တုမှေ။သင်ချစ်သားတို့ကို။ဩဝါဒိဿန္တိ။ ဆုံးမရင်ကုန်လတ္တံ့။
အနုသာသိဿန္တိ။အဘန်တလဲလဲဆုံးမရင်ကုန်လတ္တံ့။ ဤသို့လျှင်ပါဠိ၌အ
ဋ္ဌကထာတို့၌ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်ပင် ဘုရား
သခင်၏ကိုယ်တော်ဖြစ်ကြောင်းကိုပြဆိုလေရကား။အရှင်သာရိပုတ္တရာ။
အရှင်မောဂ္ဂလာန်။အရှင်မဟာကဿပ။ အရှင်မဟာယာသ။ အရှင်မဟာ
မောဂ္ဂလိပုတ္တတိဿ။စသောမထေရ်အဆက်ဆက်တို့သည် ကောင်းစွာ
ဆောင်ရွက်လေ့ကျက်ပို့ချကုန်၍။ ရိုသေစွာခေါင့်ရှောက်ကြကုန်သည်။
ထိုမထေရ်တို့၏လက်ထက်၌ကြွက်ကျုံကြကုန်သော ပြည်ရှင်မင်းတို့သည်
လည်း။ကောင်းစွာညီညာရိုင်းပင်း၍။ မြတ်စွာဘုရား၏ဒေသနာတော်ကို။
သက်တော်ထင်ရှားရှိသောဘုရားသခင်ကဲ့သို့ ရိုသေလေးမြတ်စွာ စောင့်
ရှောက်ထိန်းသိမ်းကြကုန်သည်။ ထိုမထေရ်တို့မှ ဆင်းသက်၍လာကုန်
သောမဟာထေရ် အဆက်ဆက်တို့သည်လည်း ရိုသေစွာစောင့်ရှောက်
ကြကုန်သည်၊နောက်အခါမြတ်စွာဘုရား၏ဒေသနာတော်၏အလွန်ကြာ
မြင့်စွာတည့်စေခြင်းငှါ။ပေထက်သို့တင်၍စောင့်ရှောက်ကြကုန်သည်။ ။
ထိုကြောင့်ပါတိယဝဂ်လင်္ကာသုတ်ဋီကာ၌။ ။အပရဘာဂေထေရေ
နာမ။အစရှိသည်ဖြင့်လာသည်။ ။အပရဘာဂေ။ နောက်အဘို၌။ထေ

ရာနာသမ။မထေရ်တို့မည်သည်ကား။ပါဠိစ။ပါဠိကိုငှင်း။အဋ္ဌကထာစ။ အဋ္ဌကထာကိုငှင်း။ ပေါဋ္ဌကာရောပနာဝသေန။ ပေသို့တင်သည်၏အစွမ်ဖြင့်။သမာဂတာ။အညီအညွတ်ဖြစ်ကြကုန်သော။မဟာထေ္ထရော။ မထေရ်ကြီးတို့တည်း။ယေထေရာ။အကြင်မထေရ်ကြီးတို့သည်။သာဋ္ဌကထံ။ အဋ္ဌကထာနှင့်တကွသော။ပိဋကတ္တယံ။ပိဋကတ်သုံးပုံကို။ပေါတ္ထကာရုဠှံ။ ပေဋ္ဌတင်သည်ကို။ကတွာ။ပြု၍။ သဋ္ဌမ္မံ။ပရိယတ္တိသဒ္ဓမ္မကို။ အဋ္ဌနိယံ။ အရှည်ခံ့သည်ကို။စိရဋ္ဌိတိကံ။ကြာမြင့်စွာတည်သည်ကို။အကံသု။ ပြုကြကုန်ပြီ။ဝါ။ပြု၍စောင့်ရှောက်ကြလေကုန်ပြီ။ ။ဤပေဋ္ဌတင်သည်ကို စတုတ္ထသင်္ဂါယနာဟူ၍။တေရသကဏ်ဋီကာပရိဝါအဘွင့်၌ဆိုသည်။ ။ ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူအင်သော ဒေသနာတော်သည်။သက်တော်ထင်ရှားရှိသော ဘုရားအရှင်ကဲ့သို့ မှတ်အပ်သည်ဖြစ်၍။ ဘုရားကိုကြည်ညိုလေးမြတ်လျှင်။ တရားသံဃာကိုလည်းကြည်ညိုလေးမြတ်သည်မည်သည်။ ထိုအတူတရားတော်ကို ကြည်ညိုလေးမြတ်လျှင်။ဘုရားသခင်ကိုလည်းကြည်ညိုလေးမြတ်သည်မည်သည်။အရိယာသံဃာကလျာဏသီလဝန္တပုဂ္ဂိုလ်တို့ကိုကြည်ညိုလေးမြတ်လျှင်။ဘုရားသခင်ကိုငှင်း။တရားတော်ကိုငှင်း။ကြည်ညိုလေးမြတ်သည်မည်သည်။

ထိုကြောင့်မဇ္ဈိမပဏ္ဏာသဓမ္မစေတိယသုတ်အဋ္ဌကထာ၌။ ။ဓမ္မစေတိယာနီတိ။ဓမ္မသ စိတ္တိကာရံ့စရာမိ။ ငသည်ဖြင့်ဘွင့်ဆိုသည်။ ဓမ္မစေတိယာနီတိ။ဓမ္မစေတိယာနီဟူသည်ကား။ ဓမ္မဿ။ ပရိယတ္တိဓမ္မကို။စိတ္တိကာယံ။အရိုအသေပြု၍။စရာမိ။ကျင့်၏။ဟိ သစ္စံ။မှန်၏။ တိသု။သုံးပါးကုန်သော။ရတနေသု။ရတနာတို့တွင်၊ယတ္ထကတ္ထစိ။ အမှတ်မရှိသောရတနာ၌။စိတ္တိကာရေ။အရိုအသေပြုခြင်းကို။ကတေ။ပြုအပ်သည်ရှိသော်။ သဗ္ဗတ္ထ။ အလုံးစုံသောရတနာသုံးပါးတို့၌။ ကတောယေဝ။ အရိုအသေပြုသည်သာလျှင်။ဟောတိ။ဖြစ်၏။တသ္မာ။ ထိုကြောင့်။ ဘဂဝါတိ။ မြတ်စွာဘုရား၌။ စိတ္တိကာရေ။အရိုအသေပြုခြင်းကို။ကတေ။ပြုအပ်သည်ရှိသော်။ ဓမ္မောပိ။ တရားတော်ကိုလည်း။ကတောယေဝ။အရိုအသေပြုသည်မည်သည်သာလျှင်။ဟောတိ။ဖြစ်၏။ ။ဤသို့လျှင်ရှစ်သောင်းလေးထောင်သောဓမ္မက္ခန္ဓာတို့သည်ရှစ်သောင်းလေးထောင်သော ဘုရားရှင်မည်လေရကား။ သက်တော်ထင်ရှားရှိသော ဘုရားသခင်ကဲ့သို့ ကြည်ညိုလေးမြတ်စွာမဟာထေရ်အဆက်ဆက် သာသနာပြုမင်းအဆက်ဆက်တို့သည်။ ဆောင်

ရှက်ချီးမြှောက်၍။ ယနေ့တက်တိုင် ထင်ရှားစွာသာသနာရှိသည်။ ထိုမထေရ်တို့မင်းတို့သည်။ငါတို့နောက်သားနောင်လာရဟန်းရှင်လူတို့အားများစွာသောကျေးဇူးကိုအထူးအားဖြင့်ခံစားကြရကုန်သည်။ ယခုအခါငါတို့သည်လည်းရှေးရှေးသောမဟာထေရ်။ရှေးရှေးသောသာသနာပြုမင်းတို့ကဲ့သို့။ မြတ်စွာဘုရား၏သာသနာတော်ကို မလျော့သောဝီရိယဖြင့်။မမေ့မလျော့ချီးမြှောက်ထောက်ပံ့အပ်သည်သာဖြစ်သည်။ထိုသို့သဘောရှိသောကလျာဏမိတ္တတို့ကို အမှီသဟဲပြု၍။ ရှေးရှေးသော သာသနာပြုမင်းတို့သည်။ကုသိုလ်တရားကိုပွါးများအားထုတ်ကြကုန်သည်။ကလျာဏမိတ္တပုဂ္ဂိုလ်တို့ ကိုးကွယ် ဆည်းကပ်သည်ရှိသော်။ လောကီလောကုတ္တရာအကျိုးသည်မပြီးမပြင်သဖြင့်ပြည့်စုံရာသည်။ ။ထိုကြောင့်သတ္တနိပါတ်မနောဇာတ်၌။ ။နိဟီယတိပုရိသောနိဟိနသေဝီ။စသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။နိဟိနသေဝီ။သူယုတ်ကိုမှီဝဲလေ့ရှိသော။ပုရိသော။ပုဂ္ဂိုလ်သည်။နိဟိယတိ။ယုတ်၏။ကလျာဏသေဝီ။သူတော်ကောင်းကိုမှီဝဲလေ့ရှိသောသူသည်။ကဒါစိ။ တရံတဆစ်မျှ။နဟာယေထ။လောကီလောကုတ္တရာစီးပွါးချမ်းသာမယုတ်ရာ။ သေဋ္ဌံ။ မြတ်သောသူကို။ဥပနမန္တံ။ မှီဝဲဆည်းကပ်သောသူသည်။ သေဋ္ဌံ။ မြတ်သောလောကီလောကုတ္တရာကျေးဇူးသို့။ခိပ္ပံ။လျှင်စွာ။ဥဒေတိ။ ရောက်ရ၏။တသ္မာ။ထိုကြောင့်။ အတ္တနော။မိမိထက်။ ဥတ္တရိ။သီလသမာဓိပညာအားဖြင့်လွန်မြတ်သော ကလျာဏပုဂ္ဂိုလ်ကိုသာ။ ဘဇေထ။ မှီဝဲဆည်းကပ်ရာ၏။ ။ဤကလျာဏမိတ္တပုဂ္ဂိုလ်ကား။ လိမ္မာစွာသောလှေသူကြီးပဲ့စီးယောက်ျားနှင့်တူသည်။ ကာမောဃဘဝေါဃသမုဒယာသစ္စာဟုဆိုအပ်သောလောဘသည်။အစမထင်သံသရာ၌သတ္တဝါတို့၏သန္တာန်ငယ်အလျှည်မပြတ် ဖြတ်တဘ်လေရကား။ စီးသွားသောမြင်ရေအလျှည်နှင့်တူသည်။ ။မြစ်ရေအလျှည်သည်ထိုထိုဝတ္ထုတို့ကို အကြေသို့မြှော၍မဟာသမုဒ္ဒရာသို့ ရှေးရှုဆောင်ယူဘိသကဲ့သို့။ သမုဒယာသစ္စာတဏှာလည်းအပါယ်လေးပါးသို့သာဆောင်ယူတတ်သည်။မြစ်ရေအလျှည်သည်သတ္တဝါတို့ကိုနှစ်တတ်မွန်းစေတတ်သကဲ့သို့။တဏှာသည်သတ္တဝါတို့ကိုနစ်မွန်းစေ၍သေခြင်းသို့ရင်း။ သေလောက်ရုံသော ဆင်းရဲကိုရင်းရောက်စေတတ်သည်။ ထိုမြစ်၌လှေဘောင်စသည်တို့ကိုဘွဲ၍ လိမ္မာသောပဲ့စီးသောယောက်ျားကိုအမှီရ၍ကူးခပ်ရမူကား။ ဘေးရန်မရှိ ချမ်းသာရာအ

ရပ်သို့ရောက်ဘိသကဲ့သို့။ တဏှာတည်းဟူသောမြစ်၌ သမုဒယပါသနာ
တည်းဟူသော လှေကိုဘွဲ့၍ ကလျာဏမိတ္တတည်းဟူသော ပဲ့စီးသော
သောကျော်းကို အမှီရမူကားအရဟတ္တဖိုလ်နိဗ္ဗာန်တည်းဟူသော ကမ်း
တဘက်သို့ ဘေးရန်မရှိပကတိချမ်းသာစွာ ရောက်လေရာသည်။ ထို
ကြောင့်ကလျာဏမိတ္တကိုအမှီပြုသဖြင့် မြတ်စွာဘုရားသာသနာတော်ကိုချီး
မြှောက်လျက်သံသရာဝဋ်ကူးခပ်၍နိဗ္ဗာန်အရပ်သို့သွားအပ်သည်။ ။ထို
ကြောင့်ဈာပင်ဝတ်အဋ္ဌကထာ၌။ ။ယထာစနဒီသော ဘောအာဂမန
တော။စသည်ဖြင့်ဘွင့်ဆိုသည်။ ။နဒီသောတော။မြစ်ရေအလျဉ်သည်။
အာဂမနတော။ စ၍စီးလာရာအရပ်မှ။ယာဝ။အကြင်မျှလောက်။ သမုဒ္ဒ
ပတ္တိ။သမုဒ္ဒရာသို့ရောက်ခြင်းသည်။အတ္ထိ။ရှိ၏။တာဝ။ထိုမျှလော်။ဝဋ္ဋော
ပစ္စယာဘာဝေ။ပြတ်ခြင်း၏အကြောင်း၏မရှိသည်ရှိသော်။ အဝိစ္ဆိန္နမာ
နော။အလျဉ်မပြတ်သည်။ဟုတ္တွာ။ဖြစ်၍။အနုပဗန္ဓေန။ အစဉ်တည်းစပ်
သောအားဖြင့်။ပဝတ္တတိယထာ။ စီးသွားသကဲ့သို့။ဧဝံတထာ။ထို့အတူ။
ဘဏှာသောဘောပိ။ တဏှာတည်းဟူသောအလျဉ်သည်။ အာဂမန
ဘော။ အစမထင်သံသရာကသာသည်မှ။ ပဋ္ဌာယ။စ၍။ ဝိစ္ဆေဒပစ္စယော။
မဂ်ဖိုလ်တည်းဟူသောပြတ်ခြင်း၏အကြောင်းသည်။ အသတိ။မရှိသည်
ရှိသော်။အဝိစ္ဆိန္နမာနော။မပြတ်သည်ဖြစ်၍။အပါယသမုဒ္ဒါဘိမုခေါ။အ
ပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာသို့ရှေးရှု။အနုပဗန္ဓေန။ အလျဉ်မ
ပြတ်သောအားဖြင့်။ ပဝတ္တတိ။ဖြစ်၏။နဒီသောဘော။ မြစ်ရေအလျဉ်
သည်။ အန္တောဂတော။မိမိ၌အဘွင်ငင်တွန်သော။သတ္တေ။ သတ္တဝါတို့
ကို။သြသီဒါပေသိသထာ။နစ်စေဘိသကဲ့သို့။ဧဝံ။ဦးခေါင်းကို။ ဥက္ခိပိ
တုံ။ပေါ်စေခြင်းငှါ။နဒေတိယထာ။မပေးသကဲ့သို့။မရဏံဝါ။သေခြင်းသို့
ရင်း။မရဏမတ္တံ။သေလောက်ရုံမျှသော။ဒုက္ခံဝါ။ဆင်းရဲကိုရင်း။ပါပေတိ
ယထာ။ရောက်စေသကဲ့သို့ရင်း။မရဏံဝါ။သေခြင်းသို့ရင်း။ မရဏမတ္တံ။
သေလောက်ရုံမျှသော။ဒုက္ခံဝါ။ဆင်းရဲသို့ရင်း။ နဒီသောတော။ မြစ်ရေအ
လျဉ်သည်။မဟောဃဘာဝေန။များစွာရေအလျဉ်၏အဖြစ်ဖြင့်။ပဝတ္တ
မာနေ။စီးရာ၌။ဥဠုမ္ပံဝါ။ ဘောင်ကိုရင်း။နာဝံဝါ။လှေကိုရင်း။ဗန္ဓိတ္ဝာ။ ဘွဲ့
ခြင်းကို၊နေဘုံ။ဆောင်ခြင်းငှါ။ သေကာံ။လိမ္မာသော။ပုရိသံ။ ယောကျ်ား
ကို၊နိဿာယ။မှီ၍။ပရတီယံ။ ထိုမှာဘက်ကမ်းသို့။ ဂန္တုံ။သွားခြင်းငှါ၊
အစ္ဆာသယံ။အလိုကို။ကတွာ။ပြု၍။ဘဒ္ဒ။ထိုကူးခပ်ခြင်းအါ်လျော်သော။

ဝါယာမံ။လုံ့လကို။ ကရောန္တေန။ပြုသောအားဖြင့်။ ဟာရိတဗ္ဗော။ကူးခပ်အပ်၏။ ယေန ဝါ တေန ဝါ။ ဟုတ်ဟုတ်ငြားငြားသောလုံ့လဖြင့်။ နဟာရိတဗ္ဗော။မကူးခပ်အပ်။ဣတိ။ဤသို့။ ဒုယုဂ္ဂရောယထာ။ အလွန်ကူးခပ်ခြင်းငှါခက်ခဲသကဲ့သို့။ ဧဝံတထာ။ ထိုအတူ။ကာမောဃ ဘဝေါဃာဒိတော။ကာမောဃဘဝေါဃဖြစ်၍ဖြစ်သော။တဏှာသောတောဝါပိ။တဏှာသောတကိုလည်း။သီလသံဝရံ။ သီလသံဝရကို။ပူရေတုံ။ ပြည့်ရုံခြင်းငှါ။သမထဝိပဿနာသု။ သမထဝိပဿနာတို့၌။ကမ္မံ။ စီးပြန်းခြင်းအမှုကို။ကာတုံ။ပြုခြင်းငှါ။ နိပကေန။ဝိပဿနာပညာဖြင့်။ အရဟတ္တံ။အရဟတ္တဖိုလ်သို့။ပါပုဏိတုံ။ရောက်ခြင်းငှါ။အစ္ဆာသယံ။အလိုလို။ သမုဒ္ဒါပေတွာ။ဖြစ်စေ၍။ ကလျာဏမိတ္တော။ လိမ္မာသောပဲ့စီးယောကျ်ားနှင့်တူသောကလျာဏမိတ္တတို့ကို။နိဿာယ။မှီ၍။ သမထဝိပဿနာနာဝံ။သမထဝိပဿနာတည်းဟူသောလှေကို။အဘိရုယှတွာ။တက်စီး၍။သဟာဝါယာမေန။သမ္မာဝါယာမကိုပြည့်ရုံစေသောအားဖြင့်။ ဟာရိတဗ္ဗော။ကူးခပ်အပ်၏။ယေန ဝါ တေန ဝါ။ ဟုတ်ဟုတ်ငြားငြားအားထုတ်ခြင်းဖြင့်။နဟာရိတဗ္ဗော။မကူးခပ်အပ်။ဣတိ။ဤသို့။ဒုယုဂ္ဂရော။ အလွန်ကူးခပ်နိုင်ခဲသည်။ဟောတိဖြစ်၏။

ဤသို့အဋ္ဌကထာတို့၌။ ပြဆိုသည်ဖြစ်၍။ အရဟတ္တဖိုလ်တည်းဟူသောကမ်းတဘက်သို့ရောက်စေတတ်သောကာမောဃ။ဘဝေါဃ။သမုဒယသစ္စာတဏှာတည်းဟူသော မြစ်ရေအလျဉ်ကို ကူးခပ်ကြောင်းဖြစ်သော သီလသမာဓိ သမထဝိပဿနာတို့ကို ပြရာပြကြောင်းဖြစ်သောပရိယတ္တိဓမ္မကိုမမေ့မလျော့ချီးမြှောက်သောအားဖြင့်။ ဓမ္မာနုဂ္ဂဟတရေးကိုပွါးများအားထုတ်အပ်သည်။ ။ဤသည်ကားမြတ်စွာဘုရားသည်၎င်း။ မြတ်စွာဘုရား၏တပည့်သာဝကဖြစ်တော်မူသော ရှင်သာရိပုတ္တရာ။ရှင်မောဂ္ဂလာန်မထေရ်တို့သည်၎င်း။ ဘုရားသခင်ပရိနိဗ္ဗာန်စံယူတော်မူပြီးသည်မှနောက်ကာလ၌ ရှင်မဟာကဿပအစရှိသော မထေရ်အဆက်ဆက် ယနေ့ထက်တိုင်အောင်သော မထေရ်မြတ်တို့သည်၎င်း။ လောက၌အလွန်နှစ်သက်အပ်လေးမြတ်အပ်ခုံမင်မက်မောအပ်သောသာသနာတော်ရှိသည်၏အဖြစ်ကိုပြဆိုရာစကားရပ်တည်း။ ။ဤဆိုအပ်ပြီးသောကလျာဏမိတ္တအစစ်ဖြစ်ကုန်သောပုဂ္ဂိုလ်တို့ကိုဤသို့မှလုံးသွင်းအပ်၏။သွင်းအပ်သည်ကား။ ကလျာဏမိတ္တအစစ်ဖြစ်တော်မူသောမြတ်

ဗွ ၁ဘုရားသည်။ များစွာသောမိကျောင်းမကန်းဆူးကြောင့် ခလုတ်တည်း ဟူသောတဏှာမာနဒိဋ္ဌိမာယာသာဋ္ဌေယျအစရှိသည်တို့ဖြင့် ပြွမ်းသော သံသရာတည်းဟူသော ရေအယဉ်ကိုဝေနေယျ သတ္တဝါတို့အားဘေး ဘျမ်းမထိချမ်းသာစွာ ကူးခင်စေခြင်းငှါ။ ဖြည်းခိုင်စွာသေးတံတားကို ဆောက်ထားဘိသကဲ့သို့။ သတ္တဝါတို့၏ချမ်းသာစွာ အရဟတ္တဖိုလ်သို့ ရောက်စေခြင်းငှါ။ကြီးစွာသောတရားဒေသနာကိုဟောတော်မူလလပြီး ၍ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ထိုမြတ်စွာဘုရား၏တပည့်သားတော်တို့ သည်လည်းပရိနိဗ္ဗာန်စံယူတော်မူကြလေကုန်ပြီ။ဤသင်္ခါရတရားကား။ အမြဲမရအချည်းနှီးသာတည်းဟု။ ဗုဒ္ဓဝင်ပါဠိဋ္ဌိဟောတော်မူသောနည်း အားဖြင့်ရှုဆင်ခြင်အပ်၏။ ။ဗုဒ္ဓဝင်ပါဠိဋ္ဌိဟောတော်မူသည်ကား။ ။ သံသာရသောတံ။ သံသရာတည်းဟူသောရေအယဉ်ကို။ တရဏာယ။ ကူးခပ်ခြင်းငှါ။ သေသကေ။ မဂ်ဖိုလ်ကို မရသေးဘဲ ပုထုဇဉ်အဖြစ်ဖြင့် ကြွင်းရစ်ကြကုန်သော။ပဒိုပ္ပနၥကေ။ငါဘုရား၏တရားကိုကောင်းစွါကျင့် ရစ်ကြကုန်သော ဝေနေယျတို့ကို။ ဓမ္မသေတုံ။ ပရိယတ္တိဓမ္မတည်းဟူ သောတံတားကို။ဒဠှ ။မြဲမြံခိုင်ခန့်စွာ။ကတွာ။ပြုတော်မူခဲ့၍။ သောနရာသ ဘော။ ထိုလူနတ်တို့၏အကြီးအမှူးဦးခိုင်ဖြစ်တော်မူသော မြတ်စွာဘုရား သည်။ပရိနိဗ္ဗုတော။ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ ။အသမသမော။အ တုမရှိသောရှေးရှေးသော ဘုရားရှင်တို့နှင့်သာတူတော်မူသော။ သောပိ ဗုဒ္ဓေါ။ထိုမြတ်စွာဘုရားသည်ရင်း။ အတုလတေဇာ။အတုမရှိသောတန် ခိုးအာနုဘော်ရှိကုန်သော။တေဝိဿာသဝါ။ထိုတပည့်ဖြစ်ကုန်သောရ ဟန္တာဘိုသည်ရင်း။သန္တိ။ရှိကုန်၏။သဗ္ဗံ။အလုံးစုံသောဘုရားသခင်တို့၏ ထပည့်သားတော်အပေါင်းသည်။သမန္တာရဟိတံ။ အကြွင်းမဲ့ကွယ်ပျောံ လေပြီ။သဗ္ဗသင်္ခါရာ။ဥသုံသောသင်္ခါရတရားတို့သည်။နနူ။စင်စစ်။ရိတ္တာ။ အချည်းနှီးတို့သာတည်း။ ။ထိုမြတ်စွာဘုရား၏တပည့်သားတော်ဖြစ် သောအရှင်သာရိပုတ္တရာ။အရှင်မဟာမောဂ္ဂလာန်မထေရ်တို့သည်လည်း။ မြင်မြင်ဝါးဝါး မထင်ရှား တန်ခိုးနည်းပါးသောသူမဟုတ်။ ဝေဇယန္တာ ပြာသာဒ်ကိုစဉ်လျက် ခြေမဖျားဖြင့်လှုပ်ရှားနိုင်စွမ်းသော တန်ခိုးဣဒ္ဓိပါဒ် နှင့်ပြည့်ရုံစွာဒုတိယအဂ္ဂသာဝကဖြစ်လျက်။ထိုတန်ခိုးဣဒ္ဓိပါဒ်ဖြင့်မရဏ တရားမှပုန်းကွယ်ခြင်းငှါမတတ်နိုင်လေ။ထိုမထေရ်မြတ်သည်လည်းမရ ဏာခံတွင်းသို့ ဝင်ရချေသည်။ အရှင်သာရိပုတ္တရာ မထေရ်သည်လည်း

မြတ်စွာဘုရားကိုထား၍။ ပညာအားဖြင့်တူမျှသူမရှိ။ ထိုကြီးသောပညာ
ဖြင့်ထိုမရဏာတရားကိုပယ်ရှားခြင်းငှါမတတ်နိုင်သေရကား။ ပရိနိဗ္ဗာန်
စံသူတော်မူရကုန်သည်။ငါသို့ဘမူကားဆိုစရာအဘယ်မှာရှိရာအံ့နည်း
ဟူ၍အောက်မေ့ဆင်ခြင်လျက်။ ဝိသုဒ္ဓိမဂ်၌လာသောနည်းဖြင့် မရဏာ
နုဿတိတရားကိုမမေ့မလျော့ပွါးများရာသည်။ ။ဝိသုဒ္ဓိမဂ်၌လာသည်
ကား။ ။ဇာဒ္ဒိမယံဇာဒ္ဒိမန္တာနံ။တန်ခိုးနှင့်ပြည့်ရုံသောသူတို့တွင်။သေ ဋ္ဌော။
တန်ခိုးကြီးပေစွဟူ၍ ချီးမွမ်းအပ်သော။ ဒုတိယော။ နှစ်ခုမြောက်သော။
ယောနာမအဂ္ဂသာဝကော။အကြင်မဟာမောဂ္ဂလာန်အမည်ရသောအဂ္ဂ
သာဝကမထေရ်မြတ်သည်။ပါဒင်္ဂုဋ္ဌကမတ္တေန။ခြေမဖျားဖြင့်။ဝေဇယန္တံ။
ဝေဇယန္တာပြာသာဒ်ကို။အကမ္ပတိ။ထိမှ၍မှလှုပ်ရှားစေလတ်ပြီ။ သောပိ။
ထိုအဂ္ဂသာဝကအရှင်မဟာမောဂ္ဂလာန်မထေရ်စည်လျက်လည်း။မိဂေါ
သမင်သည်။ သီဟာမုခံ။ ကေသရာဇာခြင်္သေ့မင်း၏ခံတွင်းသို့။ပဝိဋ္ဌော ဝိ
ယ။ဝင်လေသကဲ့သို့။ဃောရံ။ကြမ်းတမ်းစွာသော။ မစ္စုမုခံ။ သေမင်း၏ခံ
တွင်းသို့။ဇာဒ္ဒိပဟိ။ကြီးစွာသောတန်ခိုးဇာဒ္ဒိပ္ပါဒ်တို့နှင့်။သဟ။တကွ။ပဝိဋ္ဌော။
ဝင်ရလေပြီ။မာဒိသေသု။ငါတို့ကဲ့သို့သောသူတို့၌။ကာကထာ။ အဘယ်
မှာဆိုဘွယ်ရှိအံ့နည်း။ ။လောကနာထံ။မြတ်စွာဘုရားကို။ ဋ္ဌပေတွာ။
ခြွင်းချန်၍။အညေ။တပါးကုန်သော။ယေပေ ပါဏိနော။ အကြင်သတ္တဝါတို့
သည်လည်း။သန္တိ။ရှိကုန်၏။သောသဗ္ဗော။ထိုအလုံးစုံသောသတ္တဝါသည်။
သာရိပုတ္တဿ။အရှင်သာရိပုတ္တရာမထေရ်၏။ ပညာယ။ ပညာတော်၏။
သောဠသိ။နှစ်ရာငါးဆဲ့ခြောက်စိတ်စိတ်၍။ကလံ။တစိတ်ကိုမျှ။ နဂ္ဃတိ။မ
မှီနိုင်။ ။မဟာပညော။ကြီးသောပညာရှိသော။ပဌမော။ရှေးဦးစွာသော။
ဇဝံနာမအဂ္ဂသာဝကော။ ဤသို့အရှင်သာရိပုတ္တရာ အမည်ရသော အဂ္ဂ
သာဝကစည်လျှင်။မရဏာဿ။သေမင်း၏။ဝသံ။နိုင်ငံသို့။သမ္ပတ္တော။ ရောက်
ရတုံသေး၏။မာဒိသေသု။ငါတို့ကဲ့သို့သောသူတို့၌။ ကာကထာ။အဘယ်
မှာဆိုဘွယ်ရှိအံ့နည်း။ ။ဤသို့ဘုရားသခင်ကိုရင်း။အဂ္ဂသာဝကမထေရ်
နှစ်ပါးကိုရင်း။သာဓကပြု၍မရဏာဿတိတရားကိုပွါးများအပ်သည်။ အ
ရှင်မဟာကဿပအစရှိသောနောက်နောက်သောမထေရ်အဆက်ဆက်
တို့သည်လည်း။ ဤအဂ္ဂသာဝကတို့နှင့်အတူ ပရိနိဗ္ဗာန်စံယူတော် မူကြ
လေကုန်ပြီ။အဆက်ဆက်သောကလျာဏပုထုဇဉ် သီလဝန်ဖြစ်သော ဧ
ဟာန်းတို့သည်လည်းဘဝတပါးပြောင်းသွားကြလေကုန်ပြီ။ဤမထေရ်တို့

ကား။ အသွန်ကျေးဖူးများသည်ဖြစ်၍။ တပည့်သားအပေါင်းတို့ကငါတို့
၏ဆရာမဟာထေရ်၏ကိုယ်စားပြု၍။ အိုမည်နာမည်ဟူ၍ လဲလျှောင်းခြင်း
ငှါလည်းမတတ်ကောင်း၊ အဆက်ဆက်သောမထေရ်မြတ်တို့ကလည်း။
ငါ၏အိုခြင်းနာခြင်းကိုသင်တပည့်တို့သည်ခံယူကြကုန်။ညီညာကြကုန်
ဟူ၍။ပြောဆိုသော်လည်းမရရာ။ရေမြေကိုအပိုင်ရသောပထဝီသရမင်း
တို့သည်လည်း။ဤမထေရ်ကားနှမြောအပ်လေစွတကား ဗိုလ်ခြေအများ
နှင့်ဤမထေရ်၏အိုခြင်းနာခြင်းကို လဲလှယ်အံ့ဟူ၍အားထုတ်သော်လည်း
မစွမ်းနိုင်ရာ၊ဤသင်္ခါရတရားကား အစိုးမရသောသဘောသတ္တိရှိသည်
သာတည်း၊ဤသို့သင်ခြင်းအပ်သည်။ ။ဤအဆက်ဆက်သောမထေရ်
တို့သည်သာပျက်စီးဘောက်ပြန်သည်မဟုတ်။အရှင်မဟာကဿပအစ
ရှိသောမထေရ်တို့၏လက်ထက်၌၊ သုံးဆောင်တော် မူကြရကုန်သော
ထန်းအုန်းသရက်ငသောသင်္ခါရတို့သည်လည်းမျိုးစေ့မပျက်ယခုထက်
တိုင်သုံးဆောင်ကြရကုန်သည်။ ထိုအရှင်မဟာကဿပအစရှိသော မ
ထေရ်တို့၏။လက်ထက်၌ဖြစ်ပွါးသောထန်းအုန်းသရက်တို့သည်ယခုအ
ခါမရှိပြီ။ ထိုထန်းအုန်း သရက်တို့မှအဆက်ဆက်ဖြစ်ပွါးသော သစ်ပင်
တို့သည်သာယခုအခါရှိကုန်သည်။ ထို့ကြောင့်ဖြစ်၍။ သဝိညာဏကဣန္ဒြိယ
ဗဒ္ဓဖြစ်သော။သတ္တဝါတို့သည်၎င်း။ အဝိညာဏကအနိန္ဒြိယဗဒ္ဓဖြစ်သော
သင်္ခါရတို့သည်၎င်း။ ပျက်စီးတတ်ဘောက်ပြန်တတ် ရွေ့လျောတတ်
သော သဘောသတ္တိနှင့်သာတကွဖြစ်ကြရကုန်သည်။ ဤသို့ပျက်စီးခြင်း
သည်လည်းဤသို့သောကမ္ဘာ။ ဤမည်သောဘုရားသက်ထက်ကဤမည်
သောမင်း၏လက်ထက်၌ပြတ်စဲလတ္တံ့ဟူ၍လည်းအဆုံးမရှိ။ ဤသံသရာ
စက်ကားကြောက်ဘွယ်လည်းရှိသည်ကိုနိဗ္ဗိန္ဒဉာဏ်ဖြင့်ရှုလျက်သံသ
ရာစက်၏ ပြတ်ရာပြတ်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို ရှေးရှု၍
ကုသိုလ်တရားကိုသာမမေ့မလျော့ပွါးများအပ်သည်။

ဤဆိုလတ္တံ့သည်ကား။ ပရိယတ္တိဓမ္မကိုမှီချဆောင်ရွက် လေ့ကျက်
သင်အံသောကလျာဏမိတ္တတို့ကိုချီးမြှောက်ရသော အစီအရင်တည်း။
ပြဆိုခဲ့ပြီးသောကလျာဏမိတ္တဟုဆိုအပ်သောမထေရ်အဆက်ဆက်တို့
မှဆင်းသက်လာသော ပရိယတ္တိသာသနာတော်မြတ်ကိုရှိသေစွာ ရွက်
ဆောင်လျက်။ သီလရှိသောပုဂ္ဂိုလ်တို့ကိုချီးမြှောက်သောအားဖြင့် မြတ်
စွာဘုရား၏တရားတော်ကိုအားရှိအောင်ပြုတော်မူအပ်သည်။ ။ပြုအပ်

သည်ကား။ ။ပရိယတ္တိဓမ္မကိုဆောင်ရွက်ပို့ချသောသူတို့ကိုချီးမြှောက်
လျှင်။တရားတော်ကိုချီးမြှောက်သည်မည်သည်ဖြစ်၍။ ဓမ္မာနုဂ္ဂဟတရား
ကိုအားထုတ်ခြင်းကိစ္စပြီးသည်။ထိုကြောင့်တဦးသောပုဏ္ဏားသည်ဤသို့
ကြံအောက်မေ့၏။ကြံအောက်မေ့သည်ကား။ဘုရားကိုပူဇော်ခြင်းသည်
၎င်း။ သံဃာကိုပူဇော်ခြင်းသည်၎င်း ထင်ရှားစွာသိအပ်သည်။ အဘယ်
သို့လျှင်တရားကိုပူဇော်ခြင်းကိုသိရပါအံ့နည်း။တရားကိုပူဇော်လိုသော
သူတို့သည်အဘယ်သို့ပူဇော်ရအံ့နည်း။ဤသို့ကြံစီပြီးသော်ဘုရားသခင်၏။
အထံသို့ချဉ်းကပ်၍ထိုအကြောင်းကို ဘုရားသခင်အားလျှောက်ကြား၏
ဤသို့လျှောကြားလတ်သော်ဘုရားသခင်သည်ဈာန်ဝင်စားသော ပုဂ္ဂိုလ်။
အရိယာဖိုလ်ကို ဝင်စားသောပုဂ္ဂိုလ်။ ဝိပဿနာကိုသာအားထုတ်၍နေ
သောပုဂ္ဂိုလ်တို့ကို။ ညွှန်ပြတော်မမူမူ၍ပရိယတ္တိဓမ္မကိုဆောင်ရွက်ကုန်
သောဗဟုသုတပုဂ္ဂိုလ်ကိုပူဇော်အပ်သည်။ ထိုဗဟုသုတပုဂ္ဂိုလ်ကိုပူ
ဇော်လျှင်ဓမ္မကိုပူဇော်သည်မည်သည်။ ပရိယတ္တိဗဟုသုတပုဂ္ဂိုလ်ကိုသင်
ပုဏ္ဏားပူဇော်လေဟုမိန့်တော်မူလတ်သော်ပုဏ္ဏားကဗဟုသုတပုဂ္ဂိုလ်ကို
ရည်ညွှန်းတော်မူပါ။အကျွန်ုပ်ပူဇော်လိုပါသည်ပုဏ္ဏားကပြန်၍ လျှော်
ကြားလျှင်သံဃာတော်တို့ကိုမေးဆေးလျှောက်ထား၍။ သင်ပုဏ္ဏား။ တ
ရားကိုပူဇော်လေ။ မိန့်တော်မူလျှင်သံဃာတော်တို့ထံချဉ်းကပ်၍ သဃ်ာ
တော်တို့က ဘဏ္ဍာဂါရိကတိ ပိဋကခရေတေဒဂ်ငါးချက်ရသောအရှင်
အာနန္ဒာမထေရ်ကိုရည်ညွှန်းကြကုန်သည်။ ထိုပုဏ္ဏားလည်းတရားကိုပူ
ဇော်ခြင်းငှါ အရှင်အာနန္ဒာအားအဘိုးအများထိုက်တန်သောသင်္ကန်းကို
လှူ၏။ထိုအကြောင်းကို။ ။ဧကော။တယော်သော။ဗြဟ္မဏော။ပုဏ္ဏားသည်။
ဝိဇ္ဇေန္တောသိကိရ။ကြံသတတ်။ကိံ ဝိဇ္ဇေန္တော်သိ။ အဘယ်သို့ကြံသနည်းဟူကား။
ဗုဒ္ဓရတနသာ။ဘုရားရတနာအားလည်း။သံဃသာစ။ သံဃာရတနာအား
၎င်း။ပူဇာ။ပူဇော်ခြင်းသည်။ပညာယတိ။ထင်ရှား၏။ ကထံနုခေါ။အဘယ်
သို့လျှင်။ဓမ္မရတနံ။ တရားရတနာကို။ပူဇိတံနာမ။ ပူဇော်အပ်သည်မည်
သည်။ဟောတိ။ဖြစ်သနည်း။ဆုတင်။ ဤသို့။ဝိဇ္ဇေန္တောသိ။ကြံ၏။သော။ထိုကြံပြီး
သောပုဏ္ဏားသည်။ဘဂဝန္တံ။ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ။ချဉ်း
ကပ်၍။ဧတမတ္ထံ။ ဤသို့သောအကြောင်းကို။ပုစ္ဆိ။မေးလျှောက်၏။ဘဂ
ဝါ။မြတ်စွာဘုရားသည်။ဗြဟ္မဏာ။ပုဏ္ဏား။ဓမ္မရတနံ။ တရားရတနာကို။
ပူဇိတုကာမော။ပူဇော်လိုသည်။သစေပိ။ဟောတိ။ အကယ်၍မူလည်းဖြစ်

ဒွံ့။ဖြေ၀ံ။ဤသို့ပူဇော်လိုသည်ရှိသော်။ဇော်။ တဦးသော။ ဗဟုဿုတံ။များ
သောအကြားအမြင်ရှိသောပရိယတ်ကိုဆောင်သောပုဂ္ဂိုလ်ကို။ ပူဇေယျ။
သင်ပုဇ္ဇော်အားပူဇော်လေလော့။ ဣတိ။ဤသို့။အာဟ။ မိန့်တော်မူ၏။ဘဂ္ဂဝါ။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ဗဟုဿုတံ။ဗဟုဿုတပုဂ္ဂိုလ်ကို။
အာစိက္ခထ။ကြားတော်မူပါကုန်လော။ ဣတိ။ဤသို့။ဝုတ္တေ။ နားတော်
လျှောက်သည်ရှိသော်။ ဘိက္ခုသံဃံ။ ရဟန်းအပေါင်းကို။ပုစ္ဆိ။ မေး
လျှောက်လေလော။ဣတိ။ဤသို့။အဝေါစ။မိန့်တော်မူ၏။သောဗြဟ္မဏော။
ထိုပုဏ္ဏားသည်။ ဘိက္ခုသံဃံ။ရဟန်းအပေါင်းသို့။ ဥပသင်္ကမိတွာ။ ချဉ်း
ကပ်၍။ဘန္တေ။အရှင်ဘုရားတို့။ဗဟုဿုတံ။ ဗဟုဿုတပုဂ္ဂိုလ်ကို။အာ
စိက္ခထ။ကြားတော်မူကြပါကုန်။ ဣတိ။ဤသို့။အာဟ။ လျှော်ဆို၏။ဗြဟ္မ
ဏ။ဒါယကာပုဏ္ဏား။အာနန္ဒတ္ထေရော။အရှင်အာနန္ဒာမထေရ်သည်။ဗဟု
ဿုတော။ ပိဋကတ်သုံးပုံကိုလေ့ကျက်ဆောင်ရွက်ပို့ချသည်ဖြစ်၍ ဗ
ဟုဿုတပုဂ္ဂိုလ်ပင်တည်း။ဣတိ။ဤသို့။ဝုတ္တေ။ ရဟန်းတို့ကပြောကြား
လိုက်သည်ရှိသော်။ ဗြဟ္မဏော။ ပုဏ္ဏားသည်။ထေရံ။ အရှင်အာနန္ဒာမ
ထေရ်ကို၊သဟဿနီ။ တေန။အဘိုးတထောင်ထိုက်သော။စိဝရေန။သင်္ကန်း
ဖြင့်။ပူဇေတိ။ပူဇော်၏။ ဤသို့ပါဠိတော်ယျင်္ဂပါသဒ္ဒါကသုတ်အဘွင့်။ မူလ
ပဏ္ဏာသမဟာဂေါသိင်္ဂသုတ်အဘွင့်တို့၌လာသည်။ ဤပရိယတ္တိဓမ္မကိုနှ
လုံး၌ထား၍သုတပါးတို့အားပို့ချခြင်းသုတပါးတို့အါးပြောဟောခြင်းကို
ပြုလေ့ရှိသောဖြောင့်မတ်သောအကျင့်စင်ကြယ်သောသီလရှိသောပုဂ္ဂိုလ်
သည်တရားဖြင့်ထုံအင်သောကိုယ်ရှိသည်ဖြစ်၍ဓမ္မကါယမည်သည်။ဘု
ရားသခင်သည်လည်းဤသို့သဘောရှိသောပရိယတ္တိဓမ္မကိုပို့ချဆောင်ရွက်
လေ့ကျက်မှတ်သားလျက်ဘာဝနာကိုအါးထုတ်သောပုဂ္ဂိုလ်ကိုသာလျှင်
လွန်စွာအလိုတော်ရှိသည်ဖြစ်၍ချီးမွမ်းတော်မူသည်။ဘာဝနာကိုသာအား
ထုတ်၍နေသောပုဂ္ဂိုလ်။ပရိယတ်ကိုသာအားထုတ်၍နေသောပုဂ္ဂိုလ်။ ပရိ
ယတ်ဘာဝနာနှင့်ပါးကိုအားမထုတ်ဘဲမေးစာခဏဖြင့်ကာလကိုလွန်စေ
သောပုဂ္ဂိုလ်တို့ကိုအလိုမရှိချီးမွမ်းတော်မမူ။အရှင်ပုဏ္ဏမထေရ်၏တည့်
တရတို့သည်။ကပိလဝတ်ပြည်မှဘုရားအထံသို့ရောက်သောအခါဘုရားသခင်
ကာသုဒ္ဓေါဒနမင်းကြီး။သက္ကောဒန။သုက္ကောဒန။ဓောတောဒန။ အမိတ္တော
ဒန။အမိတ္တာမိဘုရားမဟာပဇာပတိဂေါတမီစသော ဆွေတော်မျိုးတော်တို့
ကိုလည်းမေးတော်မမူ။အတ္တဟိတကိုသာကျင့်သောပုဂ္ဂိုလ်၊ပရဟိတကို

သာကျင့်သောပုဂ္ဂိုလ်။အဣွာဟိတပရဟိတနှစ်ပါးကိုမကျင့်သောပုဂ္ဂိုလ်
တို့ကိုလည်းမေးမြန်းတော်မမူ။ မိမိလည်းပဒိယတ္တိမြေကိုဆောင်ရွက်၍။
သူတပါးတို့အားလည်းပြောဟောပို့ချလျက်။ဘာဝနာကိုအားထုတ်၍နေ
သောပုဂ္ဂိုလ်တို့ကိုသာမေးမြန်းတော်မူသည်။ထိုအကြောင်းကိုမူလပဏ္ဏာ
သရတပိဋကသုတ်အဘွင့်၌။အထဘဂဝါနေဝသုဒ္ဓေါဒနဿစသည်ဖြင့်
ဘွင့်ဆိုသည်။ ။အထဘာသို့ကာလေ။ ထိုသို့အရှင်ပုဏ္ဏမထေရ်၏တ
ပည့်တို့ရောက်လာသောအခါ၌။ဘဂဝါ။မြတ်စွာဘုရားသည်။ သုဒ္ဓေါဒန
ဿ။ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏။ အာရောဂျံ။ အနာမရှိသည်၏အ
ဖြစ်ကို။နေဝပုစ္ဆိ။မေးတော်မမူ။သက္ကောဒနဿ။သက္ကောဒနမင်း၏။ အာ
ရောဂျံ။အနာမရှိသည်၏အဖြစ်ကို။နပုစ္ဆိ။မေးတော်မမူ။သုက္ကောဒနဿ။
သုက္ကောဒနမင်း၏။အာရောဂျံ။ အနာမရှိသည်၏အဖြစ်ကို။ နပုစ္ဆိ။မေး
တော်မမူ။ဓောတောဒနဿ။ဓောတောဒနမင်း၏။အာရောဂျံ။ အနာမရှိ
သည်၏အဖြစ်ကို။နပုစ္ဆိ။မေးတော်မမူ။ အမိတ္တောဒနဿ။အမိတ္တောဒန
မင်း၏။အာရောဂျံ။အနာမရှိသည်၏အဖြင်ကို။နပုစ္ဆိ။မေးတော်မမူ။ အ
မိတ္တာယ။အမိတ္တာအမည်ရှိသော။ဒေဝိယာ။မိဘုရား၏။အာရောဂျံ။အနာ
မရှိသည်၏အဖြစ်ကို။နပုစ္ဆိ။မေးတော်မမူ။မဟာပဇာပတိယာ။ မဟာ
ပဇာပတိဂေါတမီ၏။အာရောဂျံ။အနာမရှိသည်၏အဖြစ်ကို။ နပုစ္ဆိ။မေး
တော်မမူ။သကလဿ။အလုံးစုံသော။ သာကိယမဏ္ဍလဿ။ သာကီဝင်
မင်းအပေါင်း၏။အာရောဂျံ။အနာမရှိသည်၏အဖြစ်ကို။နပုစ္ဆိ။မေးတော်
မမူ။ယော။အကြင်သူသည်။သယံ။မိမိသည်။ ဒသန္န။ ဆယ်ပါးကုန်သော။
ကထာဝတ္ထုနံ။ကထာဝတ္ထုတို့ကို။လာဘီ။ရသည်။ဟောတိ။ဖြစ်၏။ အာ
ယသ္မာဗာဟုလောဝိယ။ အရှင်ဗာဟုလမထေရ်ကဲ့သို့။ ပရံ။သူတပါးကို။
တတ္ထ။ထိုဆယ်ပါးသောကထာဝတ္ထုနှ၌။နဩဝဒတိ။မဆုံးမ။အနုသာသ
တိ။ အဘန်တလဲလဲမဆုံးမ။ အယံ။ ဤပုဂ္ဂိုလ်သည်။ အတ္တဟိတာယပဋိ
ပန္နောနာမ။မိမိအကျိုး၌သာကျင့်သောသူမည်၏။ နောပရဟိတာယပဋိ
ပန္နော။သူတပါးအကျိုး၌မကျင့်။ဧဝရူပံဘိက္ခုံ။ဤသို့သဘောရှိသောရ
ဟန်းကို။ဘဂဝါ။မြတ်စွာဘုရားသည်။နပုစ္ဆိ။မေးတော်မမူ။ ကသ္မာ အ
ဘယ်ကြောင့်နည်းဟူမူကား။မယှံ။ငါဘုရား၏။ သာသနဿ။ သာသနာ
တော်၏။ဝုဒ္ဓိပက္ခေ။ပွါးစီးခြင်းအဘို့၌။နဋ္ဌိတော။တည်သောသူမဟုတ်။ဇာ
တိတသ္မာ။ထိုကြောင့်။နပုစ္ဆိ။မေးတော်မမူ။ ။ယောပန။အကြင်ပုဂ္ဂိုလ်

သည်ကား။သယံ။မိမိသည်။ ဒသန္နံကထာဝတ္ထူနံ။ အပိစ္ဆသန္တုဋ္ဌအစရှိ
သောဆယ်ပါးသောကထာဝတ္ထုတို့ကို။လာဘီ။ရသည်။ဟောတိ။ဖြစ်၏။
ပရံပိ။သူတပါးကိုလည်း။တေဟိ။ ထိုဆယ်ပါးသောကထာဝတ္ထုတို့ဖြင့်။
ဩဝဒတိ။ဆုံးမတတ်၏။အယံ။ ဤပုဂ္ဂိုလ်သည်။သာရိပုတ္တမောဂ္ဂလာနမ
ဟာကဿပါဒယော အရှင်သာရိပုတ္တရာ။အရှင်မဟာမောဂ္ဂလာန်အရှင်
မဟာကဿပအစရှိကုန်သော။အသီတိမဟာထေရောဝိယ။ အသီတိမ
ဟာထေရ်ကြီးတို့ကဲ့သို့။အတ္တာဟိတာယစေဝ။မိမိအကျိုးငှါလည်း။ပရဟိ
တာယစ။သူတပါးအကျိုးငှါလည်း။ ပဋိပန္နော။ကျင့်သောပုဂ္ဂိုလ်မည်
၏။ဧဝရူပံ။ ဤသို့သဘောရှိသော။ ဥဘယ။အတ္တဟိတပရဟိတ နှစ်ပါးကို
ပွါးများသောအားဖြင့် ပြောဟောပို့ချဩဝါဒပေးလေ့ရှိသော ရဟန်းကို
သာ။ပုစ္ဆိ။မေးတော်မူ၏။ကသ္မာ။အဘယ်ကြောင့် ဤသို့သဘောရှိသော
ပုဂ္ဂိုလ်ကိုသာမေးတော်မူသနည်းဟူမူကား။ မယှံ။ငါဘုရား၏။ သာသနံ
သသ။သာသနာတော်၏။ဝုဍ္ဎိပက္ခေ။ ပွါးစီးသောအတွက်၌။မှီသော။ဘည်၏။
ဌိတတ္တာ။ထို့ကြောင့်။ပုစ္ဆိ။မေးတော်မူ၏။ ။ဤသို့လျှင်ပရိယတ္တိသာ
သနာကိုကောင်းစွာဆောင်ရွက်၍။လဇ္ဇီပေသလသိက္ခာကာမ၏သဘော
၌တည်လျှင်။ သူတပါးတို့အား ပြောဟောပို့ချသော ပုဂ္ဂိုလ်သည်သာ
လျှင်။ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို ရှည်မြင့်စွာတည်ခြင်းငှါ
စွမ်းနိုင်ရာသည်။ထို့ကြောင့် ဘုရားချီးမွမ်းတော်မူအပ်သောပုဂ္ဂိုလ်ကို။ ဧ
ကရာဇ်မင်းမြတ်လည်း ချီးမြှောက်တော်မူအပ်သည်။ ဤသို့ချီးမြှောက်လျှင်
အတ္တဟိတပရဟိတနှစ်ပါးတို့သည် ပြည့်စုံသည်ဖြစ်၍။ ဓမ္မိကဓမ္မရာဇာ
၏အဖြစ်သို့စင်စစ်ရောက်သည်သာဖြစ်သည်။ ။ထိုကြောင့်သီလက္ခန်
အဋ္ဌကထာအပဏ္ဏကသုတ်အဘွင့်၌။ ။ပရဟိတကာရကော နဝါ။သူတပါး
တို့အားအကျိုးစီးပွါးရှိသောတရားကိုကျင့်သောအဖြစ်လည်း။ ဓမ္မိကော။
တရားစောင့်သောမင်းမည်၏။ အတ္တဟိတဓမ္မကာရကော န။ မိမိအကျိုးစီး
ပွါးရှိသောတရားကိုကျင့်သောအားဖြင့်။ဓမ္မရာဇာ။ဓမ္မရာဇ်မင်းမည်၏။ ဤသို့
ဘွင့်ဆိုသည်။ ။လဇ္ဇီပေသလသိက္ခာကာမအဖြစ်သို့မရောက်သေးသော
ငယ်ရွယ်ပျို့နုသောဇာတိကုလပုတ္တ။ အာစာရကုလပုတ္တ။ ရဟန်းသာမ
ဏေတို့သည်။ပထမအရွယ်ငယ်သောသူဖြစ်၍။ သဒ္ဒါတရားပင်မရှိသေး
လျှင်မူလည်း။ မြတ်စွာဘုရား၏သာသနာတော်ကို ဆောင်ရွက်နိုင်လတ္တံ့
သောအရည်အသွေးသတ္တိရှိလျှင်။သပိတ်သင်္ကန်းတို့ဖြင့်ချီးမြှောက်၍ တ

ရေးတော်ကိုပူဇော်သောအားဖြင့်။ဓမ္မာနုဂ္ဂဟာတရေးကိုအားထုတ်တော်မူအပ်သည်။ထိုငယ်ရွယ်သောရဟန်းသာမဏေတို့သည်။သပိတ်သင်္ကန်းဆွမ်းအစရှိသည်တို့၏ မပြည့်စုံခြင်း။ မကျန်းမခံ့ခြင်းတို့ဖြင့် ငြိုငြင်ပင်ပန်းလတ်သော်။ အသင်အကြားမရှိ၍။ ဘုရားသခင်၏ သာသနာတော်သည်ဆုတ်ယုတ်ရာသည်။ သပိတ်သင်္ကန်းဆွမ်းစသည်တို့ဖြင့် အချီးအမြှောက်ကိုရလျှင်မူကား။မငြိုမငြင်သဖြင့်သင်အံလေ့ကျက်ဆောင်ရွက်၍။သဒ္ဓါတရားတိုးပွါးသဖြင့်။ လဇ္ဇီကုက္ကုစ္စကသိက္ခာကာမပုဂ္ဂိုလ်အဖြစ်၌တည်လျက်။ဘုရားသခင်သာသနာတော်မြတ်ကိုချီးမြှောက်ထောက်ပံ့နိုင်ရာသည်။ ထိုသို့ဖြစ်၍ သင်အံဆောင်ရွက်ခြင်း၌ စွမ်းနိုင်သောအမျိုးကောင်းသားရဟန်းသာမဏေငယ်တို့ကိုလည်း။ ပစ္စယာနုဂ္ဂဟာ။ ဓမ္မာနုဂ္ဂဟာတို့ဖြင့်ချီးမြှောက်တော်မူအပ်သည်။ ။ထိုကြောင့်သဝဂ္ဂရာသံယုတ်အဋ္ဌကထာ၌။ ။အစိရပဗ္ဗဇိတာတိသာမဏေရာဒေဝ စသည်ဖြင့်ဖွင့်ဆိုသည်။ ။တိသစ္စံ။မှန်၏။ အစိရပဗ္ဗဇိတာ။ရှင်ရဟန်းပြု၍ မကြာမြင့်ကုန်သေးသော။သာမဏေရာဒေဝ။ ငယ်ရွယ်သော သာမဏေတို့သည်၎င်း။ ဘိက္ခူ။ ပျိုမြစ်သော ရဟန်းသစ်တို့သည်၎င်း။ စီဝရပစ္စယဝေကလ္လေ။သင်္ကန်းအစရှိသောပစ္စည်းတို့၏ချို့တဲ့ခြင်းသည်။သတိဝါ။သတင်ရှိသော်၎င်း။ဂေလညေ။မကျန်းမမာရောဂါနှိပ်စက်ခြင်းသည်။ သတိဝါ။ရှိသော်၎င်း။သတ္ထရာဝါ။ဆရာသည်၎င်း။ အာစရိယုပဇ္ဈာယေဝါတိ ဝါ။ဆရာဥပဇ္ဈာယ်တို့သည်၎င်း။အာမိသာနုဂ္ဂဟေန။ သပိတ်သင်္ကန်း အစရှိသောအာမိသတို့ဖြင့်ချီးမြှောက်ခြင်းဖြင့်၊အနနုဂ္ဂဟိတာ။ချီးမြှောက်ခြင်းကိုမရကြကုန်သည်။ ကိလမန္တာ။ပင်ပန်းကြကုန်သည်။ဟုတွာ။ ဖြစ်ကုန်၍။သဇ္ဈာယံဝါ။ ပါဠိအဋ္ဌကထာကိုသင်နာရွတ်ဘတ်ခြင်းကို၎င်း။ မနသိကာရံဝါ။နှစ်လုံးသွင်းခြင်းကို၎င်း။ကာတုံ။ပြုခြင်းငှါ။နသက္ကောန္တိ။မတတ်နိုင်ကြကုန်။ဓမ္မာနုဂ္ဂဟေန။ ပါဠိအဋ္ဌကထာကိုပို့ချခြင်းတည်းဟူသောချီးမြှောက်ခြင်းဖြင့်။အနနုဂ္ဂဟိတာ။ အချီးအမြှောက်ကိုမခံရကုန်သောရဟန်းပျိုသာမဏေပျိုတို့သည်။ဥဒ္ဒေသေနစေဝ။ပါဠိသင်ခြင်းမှ၎င်း။ဩဝါဒါနုသာသနိယာစ။ ဆုံးမကံမြစ်ခြင်းမှ၎င်း။ ပရိဟာယမာနာ။ဆုတ်ယုတ်ကုန်သည်ဖြစ်၍။အကုသလံ။ အကုသိုလ်ကို။ပရိဝဇ္ဇေတွာ။ ရှောင်ကြဉ်၍။ကုသလံ။ကုသိုလ်ကို။ဘာဝေတုံ။ပွါးစေခြင်းငှါ။နသက္ကောန္တိ။ မတတ်နိုင်ကုန်။ပန။ထိုသို့မဟုတ်။ဣမေဟိဒွီဟိအနုဂ္ဂဟေဟိ။ဤနှစ်ပါးကုန်သော

ပစ္စည်းဖြင့်ချီးမြှောက်ခြင်း။ ဓမ္မဖြင့်ချီးမြှောက်ခြင်းတို့ဖြင့်။ အနုဂ္ဂဟိတာ။ အချီးအမြှောက်ကိုခံရကုန်သော ရဟန်းငယ် သာမဏေငယ်တို့သည်။ ကာယေန။ ကိုယ်ဖြင့်။ အကိလမန္တာ။ မပင်ပန်းကုန်သည်ဖြစ်၍။ သဇ္ဈာယမနသိကာရေ။ ပါဠိအဋ္ဌကထာကိုသင်ခြင်းဘာဝနာကိုနှစ်လုံးသွင်းခြင်းတို့ကို။ ပဝတ္တိဘူတာ။ ဖြစ်စေ၍။ ယထာနုသိဋ္ဌံ။ ဆရာဥပဇ္ဈာယ်တို့သည်ဆုံးမတိုင်း။ ပဋိပဇ္ဇမာနာ။ ကျင့်ကုန်သည်ဖြစ်၍။ ပရဘာဂေ။ ကြီးပြင်းခြင်းသို့ရောက်သောနောက်အခါ၌။ တံအနုဂ္ဂဟံ။ ထိုသို့သဘောရှိသောချီးမြှောက်ခြင်းကို။ အလဘန္တာပိ။ မရလျှင်မူလည်း။ တေနပုရိမာနုဂ္ဂဟေန။ ထိုရှေးကာလပထမအရွယ်၌။ ချီးမြှောက်ထောက်ပံ့အပ်သော ကျေးဇူးဖြင့်သာလျှင်။ လဒ္ဓဗလာ။ ရအပ်သောအားရှိကုန်သည်ဖြစ်၍။ သာသနေ။ သာသနာတော်၌။ ပတိဋ္ဌဟန္တိ။ လဇ္ဇိပေသလသိက္ခာကာမဗဟုဿုတ၏ အဖြစ်ဖြင့်တည်ကုန်၏။ ။ဤသို့သဘောရှိသောပုဂ္ဂိုလ်တို့ကိုပစ္စည်းလေးပါးဖြင့်သာချီးမြှောက် ထောက်ပံ့အပ်သည်မဟုတ်။ ထိုထိုရဟန်းကောင်းတို့၏နေရာဌာနသို့ဝိသဘာဂဖြစ်သော ဟင်းရုးထင်းခွေရေခတ်သောသူတို့ကိုကျောင်းတွင်းသို့ မဝင်စေခြင်း၎ါတား မြစ်ခြင်း။ ရခိုင်းတံငါဖြစ်သောသူတို့ကိုကျောင်း၏အနီးအပါး၌ သားငှက်ငါးလိပ်တို့ကိုမဖမ်းမယူစေခြင်း။ ဤသို့စသည်ဖြင့်။ ရက္ခာဝရဏဂုတ္တိဖြင့်လည်း ချီးမြှောက်ထောက်ပံ့သောအားဖြင့်ဓမ္မာနုဂ္ဂဟထရေးကိုမမေ့မလျော့အားထုတ်အပ်သည်။ ဤရက္ခာဝရဏဂုတ္တိကိုမဇ္ဈိမပဏ္ဏာသမဓုရသုတ်အဘွင့်၌။ ။ရက္ခာဝရဏဂုတ္တိံပါ။ ရက္ခာဝရဏသင်္ခါတဗ္ဗောဝစသည်ဖြင့်ဘွင့်ဆိုသည်။ ။ရက္ခာဝရဏဂုတ္တိံပါ။ ရက္ခာဝရဏဂုတ္တိဟူသည်ကား။ ရက္ခာသင်္ခါတဗ္ဗေင။ စောင့်ရှောက်ခြင်းဟုဆိုအပ်သော။ ဂုတ္တိစေဝ။ လုံခြုံစေခြင်းသည်၎င်း။ အာဝရဏ သင်္ခါတံ။ ပိတ်ပင်ခြင်းဟု ဆိုအပ်သော။ ဂုတ္တိစ။ လုံခြုံစေခြင်း၎င်း။ ရက္ခာဝရဏဂုတ္တိ။ ရက္ခာဝရ ဏဂုတ္တိမည်၏။ သာပနေသာ။ ထိုစောင့်ရှောက် လုံခြုံစေခြင်းကို။ အာဝုသောဟေဋ္ဌာ။ လက်နက်စွဲကိုင်ကုန်သော။ ပုရိသေ။ ယောကျ်ားတို့ကို။ ဌပေတွာ။ အစောင့်အရှောက်ထားသဖြင့်။ မြို့ကာ။ တရားနှင့်လျော်သော။ သံဝိဟိတာနာမ။ စီရင်ခြင်းမည်သည်။ နဟောတိ။ ဖြစ်သည်မဟုတ်သေး။ ပန။ ငင်စစ်သော်ကား။ ယထာ။ အကြင်အခြင်းအရာဖြင့်။ သံဝိဟိတေ။ စီရင်၍စောင့်ရှောက်အပ်သည်ရှိသော်။ အဝေလာယ။ အခါမဟုတ်သည်၌။ ကဋ္ဌဟာရိကပဏ္ဏ

ဟာရိကာဒယော။ထင်းခွေသောမိန္မဟင်းရွက်ခူးသောမိန္မအစရှိသောသူတို့သည်ငှင်း။ဝိဟာရံ။ကျောင်းတွင်းသို့။နပဝိသန္တိ။မဝင်ရကုန်။ဒိဂလုဒ္ဒကာဒယော။ သားမုဆိုး အစရှိသော သူတို့သည်။ ဝိဟာရသီမာယ။ကျောင်းအရပ်အပိုင်းအခြား၌။မိဂေ ဝါ။သားတို့ကိုငှင်း။မစ္ဆေ ဝါ။ ငါးတို့ကိုငှင်း။နဂဏှန္တိ။မဘမ်းမယူကြကုန်။ဧဝံ ဘူတာ။ထိုအခြင်းအရာဖြင့်။သံဝိဒဟန္တေန။စီရင်သောအားဖြင့်။ဓမ္မိကာ။တရားနှင့်လျော်သော။ သံဝိဟိတာနာမ။စီရင်ခြင်းမည်သည်။ဟောတိ။ဖြစ်၏။ ဤသို့ရက္ခာဝရဏဂုတ္တိဖြင့်။ရဟန်းသံဃာတို့ကို။စောင့်ရှောက်လုံခြုံစေသောအားဖြင့်။တရားကိုချီးမြှောက်ခြင်းသည်။ပစ္စုပ္ပန်သံသရာအကျိုးစီးပွါးမဆုတ်မယုတ်ရာ။ဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့၏ကျင့်ရိုးတံထွာဓမ္မတာဖြစ်သည်။ ။ထိုကြောင့်။ ။ဒီဃနိကာယ်မဟာပရိနိဗ္ဗာနသုတ်။သတ္တအင်္ဂုတ္တိုရ်ပါဠိတို့၌အပရိဟာနိယတရားခုနစ်ပါးတို့တွင်။ခုနစ်ဆင့်မြောက်သောအပရိဟာနိယအရာ၌ဟောတော်မူသည်။ ။ဟောတော်မူသည်ကား။ ။အာနန္ဒ။အာနန္ဒာ။ယာဝကီဝဉ္စ။ယတ္တကံကာလံ။အကြင်မျှလောက်သောကာလပတ်လုံး။ဝဇ္ဇီနံ။ဝဇ္ဇီမင်းတို့အား။ အရဟန္တေသု။ရဟန္တာပုဂ္ဂိုလ်၌။ ဓမ္မိကာ။တရားနှင့်လျော်သော။ရက္ခာဝရဏဂုတ္တိ။စောင့်ရှောက်လုံခြုံစေခြင်းကို။သုသံဝိဟိတာ။ကောင်းစွာစီရင်အပ်ကုန်သည်။ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။ အနာဂတာ။မရောက်လာကုန်သေးသော။အရဟန္တော။ရဟန္တာပုဂ္ဂိုလ်တို့သည်။ကိန္တိ။အဘယ်သို့လျှင်။ ဝိဇိတံ။ငါတို့နိုင်ငံသို့။အာဂစ္ဆေယျုံ။ လာကြကုန်အံ့နည်း။အာဂတာ။ရောက်လာကုန်ပြီးသော။ အရဟန္တာစ။ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း။ဝိဇိတေ။ငါတို့နိုင်ငံ၌။ကိန္တိ။အဘယ်သို့လျှင်။ဖာသုဝိဟာရေယျုံ။ချမ်းသာစွာနေကြပါကုန်အံ့နည်း။ဣတိ။ဤသို့။ သုသံဝိဟိတာ။ကောင်းစွာစီရင်အပ်ကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။တာဝ။ထိုမျှလောက်သောကာလပတ်လုံး။အာနန္ဒ။အာနန္ဒာ။ဝဇ္ဇီနံ။ဝဇ္ဇီမင်းတို့အား။ဝုဍ္ဎိယေဝ။ပွါးစီးခြင်းကိုသာလျှင်။ပါဋိကင်္ခါ။အလိုရှိအပ်၏။ပရိဟာနိ။ဆုတ်ယုတ်ခြင်းကို။နော ပါဋိကင်္ခါ။အလိုမရှိအပ်။ ။ဤသုတ်တို့၏အဘွင့်အဋ္ဌကထာတို့၌လည်း။ ။ဓမ္မိကံရက္ခာဝရဏဂုတ္တိန္တိဧတ္ထ။ရက္ခာဝရဏစသည်ဖြင့်ဘွင့်ဆိုသည်။ ။ဓမ္မိကံရက္ခာဝရဏဂုတ္တ တိဧတ္ထ။ဓမ္မိကံရက္ခာဝရဏဂုတ္တိဟူသောပါဌ်၌။ ရက္ခာဝေဝ။ စောင့်ရှောက်ခြင်းသည်ပင်လျှင်။ယထာ။အကြင်အခြင်းအရာဖြင့်။ဘာဝရိတော။ပိုင်ပင်အပ်

သည်ရှိသော်။ အနိဿိတံ။ အလိုမရှိအပ်သော ဟင်းရူး ထင်းဓွေ အစရှိ
သောဝိသဘာဂအပေါင်းသည်။နဂစ္ဆိ။မလာ။ ဇေ၀တထာ။ ထိုအခြင်းအ
ရာဖြင့်။အာဝရဏာတော။ပိတ်ပင်သောအားဖြင့်။အာဝရဏံ။ အာဝရဏာ
မည်၏။သထ၊။အကြင်အခြင်းအရာဖြင့်။ဂေါပိတေ။လုံခြုံစေအပ်သည်ရှိ
သော်။ဇူဿိတံ။ အလိုရှိအပ်သောကျောင်းအရာမ်အတွင်း၌ရှိသောပစ္စည်း
ပရိက္ခရာသစ်ဝါးအစရှိသော၀တ္ထုသည်။နနဿတိ။မပျောက်မပျက်။ဇေဝံ
တထ၊။ထိုအခြင်းအရာဖြင့်။ဂေါပယတော။လုံခြုံစေသောအါးဖြင့်။ဂုတ္တိ။
ဂုတ္တိမည်၏။ တတ္ထ။ ထိုနှစ်ပါးဘို့တွင်။ ဗလကာယေန။ ဗိုလ်ပါရဲမက်အ
ပေါင်းကို။ပရိဝါရေတွာ၊ခြံရံစေ၍။ရက္ခနံ။စောင့်ရှောက်ခြင်းသည်၊ပဋ္ဋိ
တာနံ။ရဟန်းတို့အား။မွေကာ၊တရားနှင့်လျော်သော။ ရက္ခာ၀ရဏ-ဂုတ္တိ
နာမ။စောင့်ရှောက်ခြင်းလုံးခြုံစေခြင်းမည်သည်။ နဟောတိ။ မဖြစ်၊ပန။
စင်စစ်သော်ကား။ယထာ။အကြင်အခြင်းအရာဖြင့်၊ဂေါပိတေ။ လုံခြုံစေ
အပ်သည်ရှိသော်။ဝိဟာရဿ။ကျောင်း၏။ဥပစနေ။အနီးဖြစ်သောတော
၌။ရုက္ခံ။သစ်ပင်ကို။နဆိန္ဒန္တိ။မခုတ်ဖြတ်ကုန်။ဝါဠိကာဝါ။မုဆိုးတံငါတို့
သည်လည်း။၀ဓ္ဓ။သတ်ဖြတ်ခြင်းကို။နကရောန္တိ။မပြုကြကုန်။ပေါက္ခရ
ဏီသု။ကျောင်းတွင်းကျောင်းပြင်အင်းအိုင်ရေကန်တို့၌။မစ္ဆေ။ ငါတို့
ကို၊နဂဏှန္တိ။ မဘမ်းယူကြကုန်။ဇေ၀ံတထာ။ ထိုအခြင်းအရာဖြင့်၊ကရ
ဏံ။အစောင့်အရှောက်ကိုပြုခြင်းသည်၊ ဓမ္မိကာ၊တရားနှင့်လျော်သော။
ရက္ခာ၀ရဏဂုတ္တိနာမ။စောင့်ရှောက်ခြင်းလုံခြုံစေခြင်းမည်၏။ ။ယေ။
အကြင်မင်းမင်း၏အမတ်တကာတို့သည်။အနာဂတာနံ။ မလာကုန်သေး
သော၊အရဟန္တာနံ။ ရဟန္တာတို့၏။အာဂမနံ၊လာရောက်ခြင်းကို။ နဣ
စ္ဆန္တိ၊အလိုမရှိကုန်။တေပိ။ ထိုမင်းမင်း၏အမတ်တကာတို့သည်။ အ
သဒ္ဓါ။သဒ္ဓါတရားမရှိကုန်သည်။ အပ္ပသန္နာ။ မကြည်မညိုကုန်သည်။
ဟောန္တိ၊ဖြစ်ကုန်၏။ပဋ္ဋိတော။ရဟန်းသဃ်ာသည်။ သမ္ပတ္တေ၊ရောက်လာ
သည်ရှိသော်၊ပစ္စုဂ္ဂမနံ၊ခရီးဦးကြိုဆိုခြင်းကို၊နကရောန္တိ။မပြုကုန် ဂန္တွာ။
ရဟန်းတို့၏နေရာအရပ်သို့သွား၍။နနမဿန္တိ၊ရှိမခိုးကုန်၊ပဋိသန္ထါရံ၊အ
စေ့အစပ်ကို။နကရောန္တိ၊မပြုကုန်၊ပဉှံ။ပြဿနာကို၊နပုစ္ဆန္တိ။မမေးကုန်။
ဓမ္မံ။တရားကို၊နသုဏန္တိ၊မနာကုန်။ဒါနံ။အလှူကို၊ နဒေန္တိ။မလှူကုန်။ အနု
မောဒနံ၊အနုမောဒနာပြုသည်ကို။ နသုဏန္တိ။မနာကုန်။ နိဂါသဋ္ဌာနံ၊ရ
ဟန်းတို့၏နေရာအရပ်ကို၊နသံဝိဒဟန္တိ။ မစီရင်ကုန်။အထ။ ထိုသို့ဖြစ်

သည်ရှိသော်။နေသံ။ထိုမင်းတို့၏။အဝဏ္ဏော။ကျေးဖူးမဲ့ကဲ့ရဲ့သောစကား
သည်။ဥပဂစ္ဆတိပျံ့နှံ့၏။ကိံ ဥပဂစ္ဆတိ။ အဘယ်သို့ပျံ့နှံ့သနည်းဟူမူ
ကား။အသုကော နာမ။ဤအမည်ရှိသော။ရာဇာ။မင်းသည်။အသဒ္ဓေါ။သဒ္ဓါ
တရားလည်းမရှိ။အပ္ပသန္နော။သံဃာတို့ကိုလည်းမကြည်ညို။ပဗ္ဗဇိတေ။ရ
ဟန်းသံဃာသည်။သမ္ပတ္တေ။ရောက်လါသည်ရှိသော်။ပစ္စုဂ္ဂမနံ။ရှေးဦးကြိုဆို
ခြင်းကိုနကရောတိ။မပြု။နိဝါသနဋ္ဌာနံ။ ရဟန်းသံဃာတို့၏နေရာအရပ်
ကို။နသံဝိဒဟာတိ။မစီရင်။ဣတိ။ဤသို့။ဥပဂစ္ဆတိ။ကျေးဖူးမဲ့ကဲ့ရဲ့သော
စကားသည်ပျံ့နှံ့၏။တံဝစနံ။ထိုသို့သောစကားကို။သုတွာ။ကြားကြကုန်
၍။ပဋ္ဌိဘာ။ရဟန်းကောင်းတို့သည်။တဿရညော။ထိုမင်း၏။ နဂရဒွါ
ရေန။မြို့တံခါး၏အနီးဖြင့်။ဂစ္ဆန္တာပိ။ သွားပင်သွားကြကုန်သော်လည်း။
နဂရံ။မြို့သို့။နပဝိသန္တိ။မဝင်ကြကုန်။ဧဝံ။ဤသို့။အနာဂတာနံ။မလာကုန်
သောအရဟန္တာနံ၊ရဟန္တာပုဂ္ဂိုလ်တို့၏၊အနာဂမနမေဝ။မလာခြင်းသည်
သာလျှင်၊ဟောတိ၊ဖြစ်၏။အာဂတာနံပန။ လာကုန်ပြီးသောရဟန္တာတို့
အား။ကား။ဖါသုဝိဟာရေ။ချမ်းသာစွာနေခြင်းသည်။အသတိ။မရှိသည်ရှိ
သော်။ယေပိ။အကြင်ရဟန္တာတို့သည်လည်း။အဇာနိတွာ။မသိမူ၍။အာ
ဂတာ။လာမိကြကုန်၏။တေပိ။ထိုလာမိကုန်သောရဟန္တာတို့သည်။ဝသိ
ဿာမ။ဤတွင်နေကြကုန်အံ့။ဣတိ။ဤသို့။တာဝ။ရှေးဦးစွာ။စိန္တေတွာ၊ကြံ
၍။အာဂတာ။လာကုန်သည်။အဇ္ဈ။ဖြစ်ကုန်၏။ ဣမေသံပိရာဇဖူနံ။ ဤမင်း
တို့၏သည်။ ဣမိနာနိဟာရေန။ ဤသို့သောအကြောင်းကြောင့်။ ကော။အ
ဘယ်သူတို့သည်။ဝသိဿန္တိ။နေကုန်အံ့နည်း။ ဣတိ။ ဤသို့ကြံ၍အောက်
မေ့၍၊နိက္ခမိတွာ။ထွက်၍။ဂစ္ဆန္တိ။သွားကြကုန်၏။ဧဝံ။ဤသို့။အနာဂတေ
သု။မလာကုန်သေးသောရဟန္တာတို့သည်။အနာဂစ္ဆန္တေသု။ မလာကုန်
သည်ရှိသော်။ အာဂတေသု။ 'လာကုန်ပြီးသောရဟန္တာတို့သည်။ ဒုက္ခံ။
ဆင်းရဲငြိုငြင်စွာ။ဝိဟာရန္တေသု။နေကုန်သည်ရှိသော်။ သောပဒေသော။
ထိုအရပ်သည်။တေသံပဗ္ဗဇိတာနံ။ထိုရဟန္တာတို့၏။ အနာဝါသော။နေ
ရာမဟုတ်သည်။ဟောတိ။ဖြစ်၏။တတော။ ထိုရဟန်းတို့၏နေရာမဟုတ်
ခြင်းကြောင့်။ဒေဝတာ။ သမာဒေဝနတ်တို့သည်။ရက္ခာ။စောင့်ရှောက်ကြ
ကုန်သည်။နဟောန္တိ။မဖြစ်ကုန်။ဒေဝတာရက္ခာယ၊နတ်တို့၏စောင့်ရှောက်
ခြင်းသည်။အသတိ။မရှိခဲ့သော်။အမနုဿာ။ဘီလူးတို့သည်။ဩကာသံ။
အခွင့်ကို။လဘန္တိ။ ရကြကုန်၏၊အမနုဿာ။ ဘီလူးတို့သည်။ ဥဿန္နာ။

များကုန်သည်ဖြစ်၍။ ဥပ္ပန္နဗျာဓိ၊ ဖြစ်စေအင်သောအနာရောဂါကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေကုန်၏။ ။ဤသို့လျှင်အပဒါဟာနိယတရေးကိုဘုရားသခင်သည်ငါ၏သာသနာတော်၌ ကြိုက်ကြိုသော နေ့ံနေ့ံသော မင်းကောင်းတို့သည်ကျင့်ဆောင်စေသတည်းဟု။ အာသိသပြုတော်မူ၍ဟောကြားထားတော်မူခဲ့သည်။ ထိုသို့ဖြစ်၍။ မြတ်စွာဘုရား၏အလိုတော်အားလျော်စွာ။ ပစ္စုပ္ပန်သံသရာတို့၌ အကျိုးစီးပွါးကြီးမြတ်ရာသော သီလရှိသောပရိယတ်ကိုတတ်သိလိမ္မာလျက်။ ဆောင်ရွက်ပို့ချပေသော လဇ္ဇီသူတော်ကောင်းတို့ကို။ဘုရားဘော်ကိုချီးမြှောက်သောအားဖြင့် ချီးမြှောက်တော်မူအပ်သည်။ငါတို့ဘုရားအလောင်းသည်လည်း။နတ်၏ဘဝ၌ပင်ဖြစ်သော်လည်း၊သာသနာ့ဘော်မြတ်ကိုချီးမြှောက်သောအါးဖြင့်။သဗ္ဗညုတဉာဏ်ကိုရင့်စေတော်မူသည်။ ချီးမြှောက်တော်မူဘူးသည်ကား။ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသောအခါ။ ငါတို့ဘုရားအလောင်းသည်။ သိကြားနတ်မင်းဖြစ်၏။ ထိုအခါဗာရာဏသီမင်း၏နန်းတွင်းသို့ဝင်၍။ ဝိဇ္ဇာဓိုရ်ယောက်ျားသည် မှားယွင်းသောအကျင့်ကိုကျင့်ပြီးသော်။ သုသာန်အချပ်၌ ခြေတဘက်ကိုထောက်၍။ နေကိုရှိခိုးလျက်နေ၏။ နန်းတွင်း၌မကောင်းသောအကျင့်ကိုဗြဟ္မဒတ်မင်းသိလတ်၍။ မင်းချင်းယောက်ျားတို့ကိုရှာဖွေဘမ်းဆီးစေလျှင်။ ဝိဇ္ဇာဓိုရ်ယောက်ျားကိုမြင်၍ ဆွဲငင်မည်ရှိရာ။ ဝိဇ္ဇာဓိုရ်ယောက်ျားသည် ကောင်းကင်သို့ပျံသွားလေ၏။ မင်းချင်းယောက်ျားတို့သည် နန်းတွင်း၌ဖြစ်သောအမှုကား အချားသူမဟုတ်။ ရဟန်းတို့၏အမှုပါတည်း။ ဤသို့မင်းကြီးအားလျှောက်ကြားလေလျှင်၊ ရဟန်းအများတို့ကိုတိုင်းနေနိုင်ငံမှနှင်ထုတ်ထွက်သွားစေ၏။ ထိုအခါငါတို့ဘုရားအလောင်းသိကြားနတ်မင်းသည်။နန္ဒမှုလိဏ်ဂူ၌တဦးသောပစ္စေကဗုဒ္ဓါမထေရ်ကိုပင့်ဆောင်ခဲ့လျက်။ လင်း၏အသွင်ဘန်ဆင်း၍။ ဗြဟ္မဒတ်မင်း၏အထံသို့ချဉ်းကပ်၍။ရဟန်းသဃာတို့အားပူဇော်ခြင်း၌အကျိုးကြီးမားသည်ကိုပြလို၍။ ။ယောဒိသွာဘိက္ခုစရနံ့ပယန္တံဟူသောဂါထာဖြင့်ပြောဆို၏။ ။မဟာရာဇ။မင်းကြီး။ယော။အကြင်သူသည်။ စရနံ့ပန္နံ။အကျင့်သီလနှင့်ပြည့်စုံသော။ဘိက္ခုံ။ ရဟန်းကောင်းကို။ ဒိသွာ၊တွေ့မြင်၍။ပုရက္ခိတွာ၊ရှေ့ရှုံပြု၍၊အဉ္ဇလိကော၊လက်အုပ်ချီလျက်။နမဿတိ။ရှိခိုး၏။သော၊ထိုသူသည်၊ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင်။ပသံသံ၊သူတော်ကောင်းတို့၏ချီးမွမ်းခြင်းကို၊လဘေထ။ရ၏။

သော။ထိုသူသည်၊သရိယဘောဒေါ၊ရတေလတ်သည်ရှိသော်။ သဂ္ဂဉ္စ။နတ်
ပြည်သို့လည်း၊ယာတိ၊သွားရောက်၏၊ ။ဤသို့သောစကားဖြင့်၊ ဗြဟ္မဒတ်
မင်းကိုသာသနာတော်၌ကြည်ညိုစေသည်။ ။ဆက္ကနိပါတ်ပိဋ္ဌခရေ
ဇာတ်။ ။ဤဒေသနာတော်ကိုဘုရားသခင်ဟောတော်မူသည်။ဤဇာတ်
၌မြတ်စွာဘုရားအလိုတော် ဩဝါဒအနုသာသနီကား။ ငါ၏သာသနာ၌
ကြိုးကြိုက်၍။သာသနာကိုပြုကြသောမင်းတို့သည်ကား။ သိကြွားဖြစ်စဉ်
ကာလ။ သဿကိုမရှိသေသောဗာရဏသီမင်းကို ရှိသေအောင်ပြုသကဲ့
သို့။ထိုထိုမြို့ရွာဇနပုဒ်တို့၌အကြီးအမှူးဖြစ်သောသူတို့ကိုရတနာသုံးပါး၌
မကြည်ညိုလျှင်မူကား။ကြည်ညိုလေအောင်ပြုရသည်။ ငါသိကြွားဖြစ်
စဉ်ကာလ။သဗ္ဗသူတော်ကောင်းတို့သည် ကျည်းမြောင်းစွာနေရသည်
ကို လိုလွန်းချမ်းသာစွာနေရအောင် အားထုတ်ဘိသကဲ့သို့။ ပြည်ရှင်မင်း
တို့သည် လဇ္ဇီသူတော်ကောင်းတို့ကို မကျည်းမြောင်းအောင် စောင်မ
ကြည့်ရှုလျက်။ဓမ္မာနုဂ္ဂဟတရားကိုပွါးများအပ်သည်။ဤသို့လျှင်ဤဇာတ်
ဒေသနာဖြင့်ဆုံးမဩဝါဒပေးတော်မူသည်။ ။ဤသည်ကားလဇ္ဇီပေသ
လသိက္ခာကာမပရိယတ္တိကောဝိဒ်ဖြစ်၍။ သာသနာတော်မြတ်၏ရှည်မြင့်
စွာတည်စေခြင်းငှါအားထုတ်ကုန်သောရဟန်းကောင်းတို့အား ချီးမြှော်
တော်မူရာသည်ကိုပြဆိုရာစကားရပ်တည်း။ ။ဤမြတ်စွာဘုရားစကား
တော်ဟုဆိုအပ်သော ပရိယတ္တိသာသနာတော်သည်။ မြစ်ကြီးရေ၏သ
ဘွယ်ဖြစ်၍။သတ္တဝါတို့အား များဖျင်သောအကျိုးစီးပွါးရှိသည်။ မြစ်ရေ
သဘွယ်ဖြစ်သည်ကား၊မြစ်ရေသည်အဝတ်တန်ဆာလူတို့၏ကိုယ်၌ကပ်
ငြိသောချေးအညစ်အကြေးတို့ကိုဆေးလျှော်သုတ်သင်တတ်သည်။ထိုအ
တူဤပရိယတ္တိဓမ္မသည်လည်း၊ သတ္တဝါတို့၏ အညစ်အကြေးဖြစ်သော
လောဘဒေါသအစရှိသောအကုသိုလ်တရားတို့ကို၊တဒင်္ဂပဟာန်ဖြင့်ပယ်
ရှားတတ်သည်။ မြစ်ရေအလျဉ်သည်မိမိသို့အစဉ်လျှောက်၍ အောက်
ထက်အကြွအညာသို့သွားလာ၍။ ဖောက်ကားရောင်းဝယ်သောသူတို့
အား။များစွာသောစည်းစိမ်ဥစ္စာတို့ကိုဖြစ်စေသည်။ထိုအတူပရိယတ္တိဓမ္မ
သည်လည်း။မိမိကိုအစဉ်လျှောက်၍ကျင့်ကြံနေထိုင်သောသူတို့ကို မဂ်
ဖိုလ်နိဗ္ဗာန်တိုင်အောင်ကြီးစွာသောအကျိုးကို ရွက်ဆောင်တတ်သည်။
မြစ်ရေအလျဉ်သည် အကြွအညာသို့မလျှော့ဘဲ ထိမှာဘက် ဤမှာ
ဘက်သို့ကူးခပ်၍၊ ပရိသတ်အများကိုပို့ဆောင်သောကူးတို့သူကြီးအား

ကူးတို့စီးလှေအမျိုးတို့ကပေးအပ်သောရိက္ခာဖြင့်။ ကူးတို့ပျိုးယောကျ်ားသည်သားမယားကိုမွေးမြူစေသည်။ထိုအတူပရိယတ္တိဓမ္မသည်လည်းပရိယတ်ကိုအစဉ်လျှော်၍မကျင့်မဆောင်တည်ဘဲ။ ဘောင်လှဲသောအကျင့်အကြံဖြင့်ကျင့်ကြံလျက်ငင်။သူတပါးတို့အါးပရိယတ်တရားကိုဟောပြော၍၊ပရိသတ်တို့ကပူဇော်အင်သောပစ္စည်းဖြင့်။ ထိုတရားကိုမကျင့်သောသူအားလည်း အသက်ရှင်စေသည်။ မြင်ရေအလျှည်သည် ချောင်းမြောင်းအင်းအိုင်သို့ငင်၍ကောင်းပဲစသောသစ်ပင်တို့ကိုဖြင်စေသည်၊ထိုအတူပရိယတ္တိဓမ္မသည်လည်း။ ထိုပရိယတ္တိဓမ္မကိုဆောင်ရွက်ပို့ချသော သူအားသာသျှင်သံသရာအကျိုးကိုပြီးစေသည်သာမဟုတ်။ ထိုပရိယတ္တိဓမ္မကိုဆောင်သောသူတို့ကိုကြည်ညိုပူဇော်သောသူတို့အားလည်း။ ပစ္စုပ္ပန်သံသရာအကျိုးစီးပွါးကိုဖြစ်စေသည်။ မြစ်ရေအလျှည်သည်မိမိကိုမှီ၍။ မြို့နန်းဘန်သင်းသောမင်း။ နိဂုံးဇနပုဒ်ကိုဘန်သင်းသောသူတို့အားများစွာသောကျေးဇူးကိုဖြစ်စေသည်။ ထိုအတူ၍ပရိယတ္တိဓမ္မသည်လည်း မိမိကိုမှီ၍ကျင့်ဆောင်နေထိုင်ကုန်သောသူတို့အား။ ပစ္စုပ္ပန်သံသရာများစွာသောအကျိုးကိုဖြစ်စေသည်။မြစ်ရေအလျှည်သည်။ မိမိ၌သွားလာသောသူတို့သည် သင်္ဘောပညာကင်း၍ ဟျောက်တန်း ကျောက်ဆောင်စည်းသောင်ရှိရာ အရပ်သို့ သွားလာမိသော်ရင်း၊ လေပြင်း မုန်တိုင်း လှိုင်းထမ်းပိုးထသောအခါ သွားလာကူးသန်းမိသော်ရင်း။ ထိုသူတို့ကိုနစ်မွန်းစေ၍ သေကြေပျက်စီးခြင်းသို့ရောက်စေတတ်သည်။ ထိုအတူပရိယတ္တိဓမ္မသည်လည်းမိမိကိုယ်ကို သင်္ဘောပညာကင်း၍ အလဂ္ဂဒူပမာဖြင့်သင်ခြင်း။ ထိုပရိယတ္တိဖြင့်စဉ်းလဲကောက်ကျစ်ခြင်းကိုပြု၍။ သင်အံပြောဆိုသောသူတို့အားအပါယ်လေးပါး၌ နစ်မွန်းစေသောအားဖြင့်။ဘေးရန်ကိုဖြစ်စေသည်။ ဤသို့စိန္တာမယဉာဏ်ဖြင့် ပရိယတ္တိဓမ္မ်ဂုဏ်ကျေးဇူးကိုမြစ်ရေအလျှည်ကိုပမာပြု၍ရှုဆင်ခြင်အပ်သည်။ဤသို့ဆင်ခြင်ပြီးလတ်သော်မြင်ရေအလျှည်ကိုပင်ဥပမာပြု၍ ဘာဝနာမယဉာဏ်ကိုဖြစ်ပွါးစေအပ်သည်။ ။ဖြစ်ပွါးစေအပ်သည်ကားမြစ်ရေအလျှည်သည်အစဉ်မပြတ်စီးသွားသကဲ့သို့ငါ၏သန္တာန်၌ရုပ်နာမ်တရားတို့သည်။အဒ္ဓါပစ္စုပ္ပန်။ သန္တတိပစ္စုပ္ပန်။ခဏပစ္စုပ္ပန်အားဖြင့်အလျှည်မပြတ်ဖြစ်ပွါးကုန်သည်။မြစ်ရေအလျှည်သည် အရင်ရှစ်မျက်နှာတို့မှလာသော လေပြည်လေညှင်းလေ ပြင်း မုန်တိုင်းတို့ဖြင့်လှုပ်ရှားတတ်သည်။ ထိုအတူ၍ငါ၏အတ္တဘော

သည်လည်းကြီးကြီးငယ်ငယ်သော လောကခံတရားရှစ်ပါးတို့ဖြင့် တုံလှုပ်တတ်သည်သည်။မြစ်ရေအလျဉ်သည်အညာဖြစ်သော နောက်အရပ်သို့မပြန်မနစ်ဘဲသမုဒ္ဒရာသို့ ရှေ့ရှုစီးသွားသကဲ့သို့ ငါ၏အတ္တဘောဟုဆိုအပ်သောရုပ်နာမ်တရားအစုသည်ပဋိသန္ဓေမှစ၍ နောက်သို့မပြန်မနစ်။ယမမင်း၏ခံတွင်းသို့သာရှေ့ရှုသည်။ မြစ်ရေအလျဉ်သည်မဟာသမုဒ္ဒရာသို့ရောက်၍။ မိမိ၏ချိုမြိန်သောအရသာကိုစွန့်လျက်ငန်သောအရသာကိုပြီးစေသကဲ့သို့။ ငါ၏ခန္ဓာအတ္တဘောသည်လည်း။ သတ္တဝါဟူသောသဘောကိုစွန့်၍သုသာန်မြေ၏သဘောကိုပြီးစေလတ္တံ့၊ ဤသို့သတ္တဟုသမုတ်အပ်သောသုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသအစုရုပ်နာမ်တရားတို့သည်ရှေ့ရှုဘောက်ပြန်တတ်သည်။ အနှစ်သာရမရှိ အကာအတိသာတည်းဟုမြစ်ရေအလျဉ်ကိုဥပမာ၏အဖြစ်သို့တင်၍။မိမိအတ္တဘောကိုဆင်ခြင်ရာသည်။ ။ဤသို့များမြတ်သောအကျိုးရှိသော ပရိယတ္တိဓမ္မကိုပြသဟောတော်မူသော ငါတို့ဘုရားသခင်သည်လည်းများစွာသောသတ္တဝါတို့ကိုသံသရာမှကယ်တင်တော်မူလတ်၍သတ္တဝါတို့၏သန္တာန်၌ဖြစ်သော အဝိဇ္ဇာမှောင်ကိုအရိယမဂ်ဘည်းဟူသော ဆီမီးတံဆောင်ဖြင့်ပယ်ဖျောက်လျက်တပည့်သားတော်အပေါင်းနှင့်တကွ အမိဝမ်းတိုက်တည်းဟူသောအိမ်ကိုဖျက်ဆီး၍သုသာန်မြေကိုသုတ်သင်သောအားဖြင့်ပရိနိဗ္ဗာန်စံယူတော်မူရလေပြီ။ဤသို့အောက်မေ့ဆင်ခြင်လျက်။ဗဟုဇနံ။များစွာသောလူအပေါင်းကို။သန္တာရေတွာ။ သံသရာမှကယ်တင်တော်မူပြီး၍။သဗ္ဗံသံသယံ။ အလုံးစုံသော သတ္တဝါတို့၏မောဟ အဝိဇ္ဇာဝိစိကိစ္ဆာစသော တရားအပေါင်းကို။ ဘိန္ဒိတွာ။ ဖျက်ဆီးတော် မူပြီး၍။ အဂ္ဂိက္ခန္ဓော။မီးပုံကြီးသည်။ဇလတိဣဝ။ ပြောင်ပြောင်တောက်သကဲ့သို့။ဇလိတွာ။တန်ခိုးတော်အာနုဘော်တော်ဖြင့် ပြောင်ပြောင်တောက်လတ်၍။သောဘဂဝါ။ ထိုမြတ်စွာဘုရားသခင်သည်။သသာဝကော။ တပည့်သားတော်အပေါင်းနှင့်တကွ။ပရိနိဗ္ဗုတော။ပရိနိဗ္ဗာန်။ စံယူတော်မူလေပြီ။ ။ဤသို့ဗုဒ္ဓဝင်ပါဠိ၌ဟောတော်မူအပ်သောဒေသနာတော်နည်းဖြင့်ဘုရားအစရှိသော။ အရိယာသူတော်ကောင်းတို့၏။ ရတိရခြင်းကိုဆင်ခြင်အောက်မေ့သောအားဖြင့်။မိမိအတ္တဘော၏။ပျက်စီးခြင်းကိုအောက်မေ့ဆင်ခြင်ရာသည်။ ။ယခုဆိုလတ္တံ့သည်ကားသာသနာတော်၏ဆုတ်ယုတ်ရာဘိုးပွါးရာသော အကြောင်းတည်း။ ။ဤပရိယတ္တိသာသနာ

တော်သည် သာသနာသုံးပါး၏ အကြောင်းရင်းမူလဖြစ်သည်။ ပရိယတ္တိ
သာသနာစည်ပင်ပျံ့ပွားလျှင်။ပဋိပတ္တိသာသနာ။ ပဋိဝေဒသာသနာနှစ်
ပါးသည်ပြည့်ရုံရာသည်။ ။ထိုကြောင့်။ ။သာသနဋ္ဌိတိယာပနစသည်
ဖြင့် ဥပရိပဏ္ဏာသဗဟုဓာတုကသုတ်အဋ္ဌကထာ၌၊ သမ္မောဟဝိနောဒနီ
ညာဏဝိဘင်းအဘွင့်တို့၌လာသည်။ ။သာသနဋ္ဌိတိယာပန။သာသနာ
တည်ခြင်း၌ကား။ ပရိယတ္တိပမာဏံ။ ပရိယတ်သည်သာလျှင်ပမာဏ
တည်း ဟိသတ္တံ။မှန်။ပဏ္ဍိတော၊ပညာရှိသောပုဂ္ဂိုလ်သည်။တေပိဋကံ။ပိဋ
ကတ်သုံးပုံကို။ သုတွာ။ ကြားနာရ၍၊ဋ္ဌွေ။နှစ်ပါးကုန်သော ပဋိပတ္တိသာသ
နာပဋိဝေဓသာသနာတို့ကို။ ပူရေတိ၊ပြည့်စေ၏။ ။ပါတိယျဝဂ်သမ္ဗ
သာဒနီယသုတ်အဘွင့်၌လည်း။ ။သာသနဋ္ဌိတိယာပန။သာသနာတည်
ရာ၌ကား။ပရိယတ္တိပမာဏံ။ပရိယတ်သည်သာလျှင်ပမာဏတည်း။ ။ပ
ရိယတ္တိယာ။ပရိယတ်သည်။ဌိတာယ။တည်သည်ရှိသော်။သာသနံ။သာသ
နာတော်သည်။ဌိတံ၊တည်သည်၊ဟောတိ။ဖြစ်၏။ ။ဤသို့လာသည်။ ။ပ
ရိယတ္တိသာသနာတော်သည်၊စည်ပင်မှုကားဘုရားသနင်ထင်ရှားရှိသကဲ့
သို့ဖြစ်သည်။ ထိုပရိယတ်သည်ပင်ဘုရား၏ကိစ္စကို ပြီးစေသောအားဖြင့်
လူနတ်တို့အားအကျိုးစီးပွါးရှိသည်။ ။ထိုကြောင့်။ ။သာပနာယံဒေ
သနာပရိနိဗ္ဗုတသာပိစသည်ဖြင့် သီလက္ခန္ဓဝဂ်ဖြဟ္မဇာလသုတ်အဘွင့်
၌လာသည်။ ။ပရိနိဗ္ဗုတသာပိ။ပရိနိဗ္ဗာန်စံယူတော်မူပြီးသောမြတ်စွာ
ဘုရား၏လည်း။သာပနာယံဒေသနာ။ဤဒေသနာတော်သည်။ဗုဒ္ဓဝသသ
ဟာဿာနိ။အနှစ်ငါးထောင်ကာလပတ်လုံး။သတ္တာနံ။ သတ္တဝါတို့၏။အမ
တမဟာနိဗ္ဗာနံ။အမြိုက်နိဗ္ဗာန်သို့။သံပါပိကာ။ရောက်စေတတ်သည်။ဘ
ဝိဿတိ။ဖြစ်လတ္တံ့။ ။ပါတိယျဝဂ်ပါသာဒိကသုတ်ငိုကာ၌လည်း။ ။ပရိ
ယတ္တိဓမ္မသ။ပရိယတ္တိဓမ္မ၏။သတ္ထုကိစ္စကရဏတော။ ဆရာ၏ကိစ္စကို
ပြီးစေတတ်သောကြောင့်ဂုဏ်။ တတ္ထ။ ထိုဆရာ၏ကိစ္စ၌။တသ။ ထိုပရိ
ယတ္တိဓမ္မ၏။ သမ္မဒေဝ။ကောင်းစွာသာလျှင်။ အဝဋ္ဌိတ ဘာဝတော စ။
တည်သည်၏အဖြစ်ကြောင့်ဂုဏ်။ဧသောပရိယတ္တိဓမ္မော။ ဤပရိယတ္တိဓမ္မ
သည်။ဗုဒ္ဓေါနာမ။ဘုရားမည်၏။ဣတိ။ဤသို့။ဝတ္တော။ဆိုအပ်၏။ ဟူ၍လာ
သည်။ ။ပရိယတ်ကိုသင်ခြင်း နာခြင်းနှင့်ကင်း၍ မဂ်ဖိုလ်ကိုမပြီးစေ
နိုင်ရာ။ သင်နာခြင်းတည်းဟူသောပကတူပ ပနိဿယကိုရမှသာလျှင်မဂ်
ဖိုလ်ကိုပြီးစေနိုင်သည်။ ။ထိုကြောင့်မိလိန္ဒပဉှာနိုက်။ ။ယသ္မာစခေါ

မဟာရာဇ သဝနေန စသည်ဖြင့်လာသည်။ ။မဟာရာဇ။ မိလိန္ဒမင်း
ကြီး။သာရိပုတ္တော။ ရှင်သာရိပုတ္တရာအမည်ရှိသော။ အာရဒ္ဓဝီရိယဲ။မရေ
တွက်နိုင်သော။ အသင်္ချေယျ။ အသင်္ချေရှိသော။ကပ္ပ။ကမ္ဘာကို။ ဥပါဒါ
ယ။စွဲ၍။ဥပစိတကုသလမူလော။ ဆည်းဘူးအပ်ပြီးသော ကုသိုလ်မူလရှိ
သော။ထေရော။မွေသေနာပတိမထေရ်သည်။ပညာယ။ပညာ၏။ ကောဋိ။
အထွဋ်အဖျားသို့။ဂတော။ရောက်တော်မူ၏။သောပိ။ထိုအရှင်သာရိပုတ္တရာ
မထေရ်သည်လည်း။ပသဝနေန။ပရိယတ္တိဓမ္မကိုကြားနာခြင်းနှင့်။ဝိနာ။ကင်း၍။
အာသဝက္ခယံ။အာသဝေါတရားတို့၏ကုန်ရာဖြစ်သောအရဟတ္တဖိုလ်သို့။
ပါပုဏိတုံ။ရောက်ခြင်းငှါ။နာသက္ခိ။မတတ်နိုင်။တသ္မာ။ထိုကြောင့်။မဟာရာ
ဇ။မိလိန္ဒမင်းကြီး။သဝနံ။ပရိယတ္တိဓမ္မကိုကြားနာခြင်းသည်။ဗဟုပကာရံ။
များသောကျေးဇူးရှိ၏။ဥဒ္ဒေသပရိပုစ္ဆာပိ။ ပါဠိသင်ခြင်းသည်ရှင်း။ပရိပုစ္ဆာပိ။ အဋ္ဌက
ထာသင်ခြင်းသည်ရှင်း။ဘာထာ။ထိုအတူ။ဗဟုပကာရာ။ များသောကျေးဇူး
ရှိ၏။တသ္မာ။ထိုကြောင့်။ဥဒ္ဒေသပရိပုစ္ဆာ။ ပါဠိသင်ခြင်း အဋ္ဌကထာသင်
ခြင်းတို့ကို။နိပ္ပပဥ္စသခါတော။ပပဉ္စတရားတို့၏ကင်းရာကင်းကြောင်းဟူ၍
ဆိုအပ်ကုန်၏။ ။ဤသို့ပရိယတ္တိသာသနာ။ပဋိဝေဓသာသနာတို့၏မူလ
အကြောင်းရင်းဖြစ်သောပရိယတ္တိသာသနာ၏ကြာမြင့်စွာမတည်ကြောင်း
မကောင်းသောဘေးရန်တို့ကို ဆီးတားပိတ်ပင်ရာသည်။ ကြာမြင့်စွာမ
တည်ခြင်း၏အကြောင်းကား။ သာသနာတော်၌ ရွေ့လျော၍ ရသေ့ပုရ
ဗိုဇ်တို့၏အဖြစ်ဖြင့်နေလျက်။ တပါးသောသံဃာတို့အားပြောကြားခြင်း
သည်လည်း။သာသနာတော်ပျက်စီးခြင်း အကြောင်းတပါးပင်ဖြစ်သည်။
ထိုကြောင့်သီလက္ခန္ဓဝဂ်အဋ္ဌကထာအဘွင့်၌။ ။ကသ္မာပနတာပသ
ပဗ္ဗဇ္ဇာသာသနဿဝိနာသမုခန္တိ ပုစ္ဆာ တိစသည်ဖြင့်ဘွင့်ဆိုသည်။ ။
ကသ္မာ။အဘယ်ကြောင့်။တာပသပဗ္ဗဇ္ဇာ။ရသေ့ပုရဗိုဇ်ပြုခြင်းသည်။ သာ
သနဿ။သာသနာတော်၏။ဝိနာသမုခန္တိ။ပျက်စီးခြင်း၏အကြောင်းဟူ၍။
ပုစ္ဆာ။ဘုရားဟောတော်မူအပ်လေသနည်း။ ဧတ္ထ။ ဤသည်ကား။
ပုစ္ဆာ။အမေးတည်း။ယသ္မာ။အကြင်ကြောင့်။ သာသနံ။မြတ်စွာဘုရား၏
သာသနာတော်သည်။ဂစ္ဆန္တံ ဂစ္ဆန္တံ။ သွားသတ်သွားလတ်သည်ရှိသော်။
ဝါ။လွန်လတ်လွန်လတ်သည်ရှိသော်။ တာပသပဗ္ဗဇ္ဇာဝသေန။ ရသေ့ပုရ
ဗိုဇ်ပြုကြသည်၏အစွမ်းဖြင့်။ဩသက္ကိဿတိ။ ဆုတ်နစ်လတ္တံ့။ တသ္မာ။
ထိုကြောင့်။ပုစ္ဆာ။ပျက်စီးခြင်း၏အကြောင်း ဟူ၍ဆိုအပ်၏။ ဟိသစ္စံ။ မှန်

ဏ်။ဣမသ္မိံ သာသနေ။ဤသာသနာတော်၌။ ပဗ္ဗဇိတွာ။ ရဟန်းပြုပြီး၍။တိ
သော သိက္ခာ။သိက္ခာသုံးပါးတို့ကို။ပူရေတုံ အသက္ကောန္တော။ပြည့်စုံခြင်းငှါ
မတတ်နိုင်သောအလဇ္ဇီရဟန်းကို။ သိက္ခာကာမာ။ သိက္ခာပုဒ်ကိုအလိုရှိ
ကုန်သော။လဇ္ဇိနော။လဇ္ဇီရဟန်းတို့က။ တယာ။ သင်အလဇ္ဇီရဟန်းနှင့်။
သဒ္ဓိံ။တကွ။ဥပေါသထော ဝါ။ ဥပုသ်ပြုခြင်းသည်၎င်း။ ပဝါရဏာဝါ။ပ
ဝါရဏာပြုခြင်းသည်၎င်း။သံဃကမ္မံဝါ။သံဃာကံ၎င်း။နတ္ထိ။မရှိ။ဣတိ။ ဤ
သို့။ဇိဂုစ္ဆိတွာ။စက်ဆုတ်ကြကုန်၍။ ပရိဝဇ္ဇန္တိ။ ကြဉ်၍ထားကြကုန်၏။
သော။ထိုသံဃာတို့ကကြဉ်၍ထားသောအလဇ္ဇီရဟန်းသည်။ သာသနေ။
သာသနာတော်၌။ပဋိပတ္တိပူရဏံ။ပဋိပတ်ကိုဖြည့်ကျင့်ရခြင်းသည်။ ဒုက္က
ရံ။ဆင်းရဲစွာ၏။ခုရဓာရူပမံ။သင်တုံးသွားနှင့်တူ၏။တာပသပဗ္ဗဇ္ဇာ။ တာ
ပသပဗ္ဗဇ္ဇာပန။ရသေ့ပုရိဗိုဇ်ဖြစ်သည်ကား။သုကရာစေဝ။ ပြုလည်းပြု
လွယ်၏။ဗဟုဇနသမ္မတာစ။များစွာသောလူတို့သည်သူတော်ကောင်းဟူ
၍လည်း။ခေါ်ဝေါ်သရိက်အပ်၏။ဣတိ မနသိကတွာ။ဤသို့နှလုံးပိုက်၍၊ ဝဗ္ဘ
မိတွာ။လူထွက်၍။တာပသော။ရသေ့သည်။ဟောတိ၊ဖြစ်၏။အညော။ တ
ပါးသောရဟန်းသည်။တံ။ထိုလူထွက်၍ ရသေ့ပုရိဗိုဇ်ပြုသောသူကို။ဒိ
သွာ။တွေ့မြင်၍။ဘယာ။သင်သည်။ကိံ၊အဘယ်ကြောင့်။ ကထံ။လူထွက်
၍ရသေ့ပုရိဗိုဇ်ပြုဘိသနည်း။ဣတိ၊ဤသို့။ပုစ္ဆတိ။ မေးအံ့၏။ သော။ထို
လူထွက်၍ရသေ့ပုရိဗိုဇ်ပြုသောသူသည်။တုမှာကံ။သင်တို့၏။ သာသ
နေ။သာသနာ၌။ကမ္မံ။ပြုအပ်သောအမှုသည်။ဘာရိယံ။ဝန်လေးစွာ၏။ ဣဒ
ပန။ဤရသေ့ပုရိဗိုဇ်၏အဖြစ်၌ကား။ မယံ။ငါတို့သည်။ သစ္ဆန္ဒစာရိနော။
အလိုရှိတိုင်းကျင့်ရကုန်၏၊ဣတိ၊ဤသို့၊ဝဒတိ။ပြောဆို၏။သောပိ။ထိုမေး
မြန်းသောနောက်ရဟန်းသည်လည်း၊ ယဒိဟောတိ။ အကယ်၍ဖြစ်အံ့။ဧ
ဝံ။ဤသို့ဖြစ်သည်ရှိသော်။အယမ္ပိ။ငါသည်လည်း။ဥဿော။သင်တို့၏အထံ
၌သာလျှင်။ပဗ္ဗဇိဿာမိ။ရသေ့ပုရိဗိုဇ်ပြု၍နေတော့အံ့။ ဣတိ။ဤသို့ဆို၍။တ
ဿ။ထိုရှေးဦးစွာပုရိဗိုဇ်ပြုသောသူအား။အနုသိက္ခန္တော။အတုလိုက်၍
ကျင့်သည်။ဟုတွာ။ဖြစ်၍။တာပသော။ ရသေ့ပုရိဗိုဇ်သည်။ ဟောတိ။
ဖြစ်၏၊ ဧဝံတထာ။ဤအတူ။အညေပိ။တပါးသောရဟန်းတို့သည်၎င်း။တာ
ပသာ။ရသေ့ပုရိဗိုဇ်ပြုကြကုန်သည်။ဟောန္တိ။ဖြစ်ကြကုန်၏။ ဣတိ။ဤ
သို့။ကမေန။အစဉ်အားဖြင့်။တာပသာဝ။ရသေ့ပုရိဗိုဇ်တို့သည်သာလျှင်
ဗဟုကာ။များကုန်သည်။ဟောန္တိ။ဖြစ်ကုန်၏။တေသံ။ထိုရသေ့ပုရိဗိုဇ်

တို့၏။ဥဿန္နကာလေ။ပေါများသောအခါ၌။သာသနံ။ သာသနာတော်သည်။
ဩသက္ကိတံနာမ။ဆုတ်ယုတ်သည်မည်သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။လော
ကေ။လောက၌။ဝေဠုပေါ။ဤသို့သဘောရှိသော။ ဗုဒ္ဓေါနာမ။ ဘုရားမည်
သည်။ဥပ္ပဇ္ဇတိ။ဖြစ်သတတ်။တဿ။ထိုဘုရား၏။ သာသနံ။သာသနာတော်
သည်။ယဒိဿံနာမ။ဤသို့သဘောရှိသည်မည်သည်။ အဟောသိ၊ ဖြစ်သ
တတ်၊ဣတိ၊ဤသို့။သုမင္ဂလမေဝ။ ကြားဘူးကာမျှသည်သာလျှင်။ ဘဝိဿ
တိ၊ဖြစ်လတ္တံ့။ဣဒံ၊ဤဖြစ်ခြင်းကို။သန္ဓာယ၊ရည်၍။ဘဂဝါ။မြတ်စွာဘုရား
သည်။တာပသပဗ္ဗဇ္ဇာ။ရသေ့ပုရဗိုဇ်၏အဖြစ်သည်။ သာသနဿ။ သာ
သနာတော်၏။ဝိနာသမှန်။ပျက်စီးခြင်း၏အကြောင်းတည်း။ ဣတိ။ဤသို့။
အာဟ။ဟောတော်မူ၏။ ။ဤသို့အလဇ္ဇီရဟန်းတို့၏။သာသနာတော်
မှနေ့ရွှေ၍။သာသနာတော်၏ခဲယဉ်းကျဉ်းကြပ်သည်ကိုပြောဆိုကြွေး
ကြော်ခြင်းသည်လည်း။ သာသနာတော်၏ဆုတ်ယုတ်ပျက်စီးခြင်း၏ အ
ကြောင်းပင်ဖြစ်သည်။ ။ထိုကြောင့်။နာဂသေနမထေရ်သည်။မိလိန္ဒမင်း
ကြီးအား။ ။ယံတွံ။အကြင်မိလိန္ဒမင်းကြီးသည်။ဇိနသာသနပရိဟာနိ။ငါ
တို့၏ဆရာဘုရားမြတ်စွာ၏သာသနာတော်၏ဆုတ်ယုတ်ခြင်းကို၊ ဒိသွာ။
တွေ့မြင်၍။အဘိဝဍ္ဎိံ။သာသနာတော်၏ပွါးစီးခြင်းကို။ ဣစ္ဆသိ၊အလိုရှိပါ
သော။ ။ဤသို့တိုက်တွန်းနှိုးဆော်သည်၊အလဇ္ဇီရဟန်းတို့၏ပြောကြား
ခြင်းသည်သာလျှင်။သာသနာတော်၏ဆုတ်ယုတ်ခြင်းအကြောင်းမဟုတ်
သေး။ပါဠိအဋ္ဌကထာတို့ကိုရိုသေစွာမသင်ခြင်း။ရိုသေစွာမဆောင်ခြင်း၊ရို
သေစွာ အနက်သဘောကို မဆင်ခြင်ခြင်း။ ရိုသေစွာပါဠိအဋ္ဌကထာလာ
တိုင်းမကျင့်ခြင်း၊ ဤအကြောင်းတရား ငါးပါးတို့သည်လည်း။ သာသနာ
တော်ကွယ်ပခြင်း၏အကြောင်းပင်ဖြစ်သည်။ ။ထိုကြောင့်။ပဉ္စမေဘိက္ခ
ဝေဓမ္မာသဒ္ဓမ္မဿ အစရှိသည်ဖြင့် ပဉ္စကအင်္ဂုတ္တိုရ်ပါဠိ၌ ဟောတော်မူ-
သည့်။ ။ဘိက္ခဝေ။ရဟန်းတို့။ပဉ္စ၊ငါးပါးကုန်သော။ဣမေဓမ္မာ။ဤတရား
တို့သည်၊သဒ္ဓမ္မဿ၊ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဓသဒ္ဓမ္မ၏။သမ္မော
သာယ၊ပျောက်ပျက်ခြင်းငှါ။အန္တရဓာနာယ၊ကွယ်ပခြင်းငှါ။သံဝတ္တန္တိ။
ဖြစ်ကုန်၏။ကတမေပဉ္စ။ အဘယ်ငါးပါးတို့နည်းဟူမူကား၊ ဘိက္ခဝေ။ရ
ဟန်းတို့၊ဣဓ၊ဤငါ့ဘုရား၏သာသနာတော်၌။ဘိက္ခူ။ ပစ္စုပ္ပန်သံသရာကိုမ
ရှု။ ပစ္စည်းလာဘ်လာဘကိုသာရှုတတ်သောရဟန်းတို့သည်။ သက္ကစ္စံ။ ရို
သေစွာ။ဓမ္မံ။ပါဠိအဋ္ဌကထာဓမ္မကို။နသုဏန္တိ။မနာကုန်၊သက္ကစ္စံ။ရိုသေစွာ။

ဓမ္မံ။ ပါဠိဓမ္မအဋ္ဌကထာဓမ္မကို။ နပရိယာပုဏာန္တိ။ မသင်ကုန် မအံကုန်။
သက္ကစ္စံ။ရိုသေစွာ၊ဓမ္မံ။ပါဠိဓမ္မအဋ္ဌကထာဓမ္မကို။နဓာရေန္တိ။ဆောင်ရွက်
လေ့ကျက်ခြင်းကိုမပြုကုန်။ ဓာတာနံ။ ဆောင်ရွက်လေ့ကျက်ကြကုန်
သော။ ဓမ္မာနံ။ပါဠိဓမ္မ။အဋ္ဌကထာဓမ္မတို့၏။အတ္ထံ။ ၊ နက်ကို။ ၊ ၊ ပ ၊
ရိက္ခန္တိ။ မသုံးသပ်မဆင်ခြင်ကုန်။သက္ကစ္စံ။ရိုသေစွာ။အတ္ထံ။ အနက်ကို ပ
ညာယ၊သိအောင်ပြု၍။ဓမ္မံ။ပါဠိဓမ္မအဋ္ဌကထါဓမ္မကို။အညာယ။သိအောင်
ပြု၍။ ဓမ္မာနုဓမ္မံ။ လောကုတ္တရာတရားအား လျော်သော သီလကို ဖြည့်
ခြင်းဘာဝနာကိုအားထုတ်ခြင်းကို။ နပဋိပဇ္ဇန္တိ။ မကျင့်ကုန်။ ဘိက္ခဝေ။
ရဟန်းတို့။ ဣမေခေါပဉ္စဓမ္မာ။ ဤငါးပါးသော တရားတို့သည်သာလျှင်။
သဒ္ဓမ္မဿ။ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဓသဒ္ဓမ္မ၏။ သမ္မောသာ
ယ။ပျောက်ပျက်ခြင်း၌၊။အန္တရဓာနာယ။ကွယ်ပခြင်း၌၊။သံဝတ္တန္တိ။ဖြစ်
ကုန်၏။ ။ဤသို့သာသနာတော်ကွယ်ပခြင်း၏အကြောင်းကို ဟော
တော်မူသည်။ သာသနာတော် အရှည်တည်ခြင်း၏ အကြောင်းကိုမူ
ကား။ ။ပဉ္စိမေဘိက္ခဝေဓမ္မာ။ဤငါးပါးသောတရားတို့သည်။သဒ္ဓမ္မဿ။
ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဓသဒ္ဓမ္မ၏။ဌိတိယာ။ တည်ခြင်း၌၊။
အသမ္မောသာယ။မပျောက်ပျက်ခြင်း၌၊။အနန္တရဓါနာယ။မကွယ်ပခြင်း
၌၊။သံဝတ္တန္တိ။ဖြစ်ကုန်၏။ ကတမေပဉ္စ။ အဘယ်ငါးပါးတို့နည်းဟူမူ
ကား။ဘိက္ခဝေ။ရဟန်းတို့၊ ဣဓ။ဤငါ့ဘုရား၏သာသနာတော်၌၊ ဘိက္ခူ။
ပဥ္စည်းလာဘ်လာဘကိုမရှုလျှင်းဘဲမိမိ၏အကျိုးစီးပွါးသာသနာတော်၏
အကျိုးစီးပွါး နှစ်ပါးကိုသာ အခါခါသိမ်းကြည့်ရှုလေ့ရှိသော ရဟန်း
ကောင်းတို့သည်။သက္ကစ္စံ။ ရိုသေစွာ၊ ဓမ္မံ။ပါဠိဓမ္မအဋ္ဌကထာဓမ္မကို၊ သု
ဏာန္တိ။နာကုန်၏။သက္ကစ္စံ။ရိုသေစွာ။ ဓမ္မံ။ပါဠိဓမ္မ။အဋ္ဌကထာဓမ္မကို။ ပရိ
ယာပုဏာန္တိ။သင်အံကုန်၏။သက္ကစ္စံ။ရိုသေစွာ။ ဓမ္မံ။ပါဠိတော် အဋ္ဌကထာ
ဓမ္မကို။ဓါရေန္တိ။ဆောင်ရွက်ကုန်၏။သက္ကစ္စံ။ရိုသေစွာ။ဓာတာနံ။ဆောင်
ရွက်ကုန်ပြီးသော။ဓမ္မာနံ။ပါဠိဓမ္မ။ အဋ္ဌကထာဓမ္မတို့၏။အတ္ထံ၊ အနက်
သဘောကို။ဥပပရိက္ခန္တိ။ရှုစမ်းဆင်ခြင်ကုန်၏။သက္ကစ္စံ။ရိုသေစွာ။အတ္ထံ
အနက်သဘောကို။အညာယ။ သိအောင်ပြု၍။ဓမ္မံ၊ပါဠိဓမ္မ။ အဋ္ဌကထာ
ဓမ္မကို။ အညာယ။ သိအောင်ပြု၍။ဓမ္မာနုဓမ္မံ။ လောကုတ္တရာ တရားအား
လျော်သောသီလကိုဖြည့်ခြင်းဘာဝနာကိုအားထုတ်ခြင်းကို၊ ပဋိပဇ္ဇန္တိ။
ကျင့်ကုန်၏။ ဘိက္ခဝေ။ရဟန်းတို့။ဣမေခေါပဉ္စဓမ္မာ။ ဤငါးပါးသောတ

ရားတို့သည်သာလျှင်။သဒ္ဓမ္မသာ။ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဓ
သဒ္ဓမ္မ၏။ဌိတိယာ။တည်ခြင်းငှါ၊အသမ္မောသာယ။ မပျောက်မပျက်ခြင်း
ငှါ။အနန္တရဓာနာယ။မကွယ်ပခြင်းငှါ။သံဝတ္တန္တိ။ဖြစ်ကုန်၏။ ။ဤသို့
လျှင် သာသနာတော် ကွယ်ပခြင်းအကြောင်းငါးပါး။ သာသနာတော်
တည်ခြင်း၏အကြောင်းငါးပါးကိုဟောတော်မူသည်။ဖြစ်၍သာသနာတော်
၏ရှည်မြင့်စွာမတည်ခြင်း၏အကြောင်းဖြစ်သော မေးစာခဏဖြင့် ကာ
လကိုကုန်စေသော ရဟန်းငယ်သာမဏေငယ်တို့ကို။ သင်အံဆောင်
ရွက်အောင် တိုက်တွန်းနှိုးဆော်တော်မူခြင်း သင်အံဆောင်ရွက်လေ့
ကျက်၍ နေ့ရက်ကိုကုန်စေသော ရဟန်းငယ် သာမဏေငယ်တို့ကို။
ပဉ္စသီးလေးပါးဖြင့် ချီးမြှင့်တော်မူ၍။ အားအသင့်ကိုပေးသောအားဖြင့်။
ဓမ္မာနုဂ္ဂဟတရားကိုပွါးတော်မူအပ်သည်။ ဤသို့ချီးမြှောက်တော်မူသည်ရှိ
သော်သာသနာတော်သည်။ တဆဲ့ငါးရက်တက်၍ ထွန်းသောလဝန်းကဲ့
သို့၊ထွန်းလင်းတောက်ပရာသည်။ ငကရာဇ်မင်းမြတ်မှာလည်း တိုက်
တွန်းနှိုးဆော်တော်မူသော အာဏာတ္တိက ကုသိုလ်တော်သည်။ ထိုရ
ဟန်းတို့၏ထက်ဝက်သောအကျိုးကိုပင်ရသည်။ ။ထိုကြောင့်ပုဂ္ဂလ
ပညတ်အဋ္ဌကထာ၌။ အတ္တနာစကတေနသုသီလေနစသည်ဖြင့် ဘွင့်ဆို
သည်။ ။အတ္တနာ။မိမိသည်။ကတေန။ပြုအပ်သော။သုသီလေန။ကောင်း
မကောင်းသောသီလနှင့်။ သမန္နာဂတတ္တာစ။ ပြည့်စုံသည်၏ အဖြစ်
ကြောင့်၎င်း။ပရံ။သူတပါးကို။ သမ္မာဒပိတေန။ကောင်းစွာဆောက်တည်
သေါအားဖြင့်။ကတံ။ပြုအပ်သောကုသိုလ်ကို။တတော။ ထိုသူတပါးတို့
သည်ပြုအပ်သေါကုသိုလ်မှ။ဥပဍ္ဍသ။ထက်ဝက်သေါအကျိုးကို။ဒါယာ
ဒပ္ပဋ္ဌာစ။အမွေခံရသည်၏အဖြစ်ကြောင့်၎င်း။ဥတ္တမပုဂ္ဂိုလ်သေန။မြတ်သော
ယောကျ်ားထက်။ ဥတ္တမ ပုဂ္ဂိုလ်တရော။ အလူး သဖြင့် မြတ်သော
ယောကျ်ားမည်၏။ ။သင်အံဆောင်ရွက်သောဇာတိကုလပုတ္တ။ အာ
စာရ ကုလပုတ္တ တို့သည်။ သာသနာတော် မြတ်ကို ရှေ့လျှောဆုတ်
နစ်ခြင်း။သာသနာတော်၏ပွါးစီးခြင်းတို့ပြုလုပ်သည်မဟုတ်။ ထေရမြေ
ဖြိုးသော မထေရ်ကြီးတို့၏အားထုတ်ခြင်းကိုလည်းစွဲ၍။ သာသနာတော်
၏ဆုတ်ခြင်းကိုးချိုင်းသည်လည်းဖြစ်ကုန်ရာသည်။ ။ထိုကြောင့်။ ။ပဉ္စ
အင်္ဂုတ္တိုရ်ပါဠိ၌ပင်။ ။ဇ္ဈတ္တဘိက္ခဝေဘိက္ခူဓမ္မံ။နပရိယာပုဏန္တိစသည်
ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ဣဓ။ဤဘုရားသာသနာ

တော်၌။ ဘိက္ခူ။ လျော့သော ဝိရိယရှိသော ရဟန်းတို့သည် သုတ္တံ။ သုတ်ဟုဆို
အပ်သော။ ဓမ္မံ။ ပါဠိတော်မှ အဋ္ဌကထာ ဓမ္မကိုလည်း။ နပရိယာပုဏန္တိ။ မသင်
ကုန်။ လ။ ဝေဒလ္လံ။ ဝေဒလ္လဟုဆိုအပ်သော။ ဓမ္မံ။ ပါဠိတော် ဓမ္မကို။ နပရိယာပု
ဏန္တိ။ မသင်ကုန်။ ဘိက္ခဝေ။ ရဟန်းတို့။ ပဌမော။ ရှေးဦးစွာသော။ အယံ
ဓမ္မော။ ဤသို့မသင်မအံဘဲနေခြင်းသဘောသည်။ သဒ္ဓမ္မဿ။ ပရိယတ္တိ
သဒ္ဓမ္မ။ ပဋိပတ္တိသဒ္ဓမ္မ။ ပဋိဝေဓသဒ္ဓမ္မ၏။ သမ္မောသာယ။ ပျောက်ပျက်ခြင်း
ငှါ။ အန္တရဓာနာယ။ ကွယ်ပခြင်းငှါ။ သံဝတ္တတိ။ ဖြစ်၏။ ဘိက္ခဝေ။ ရ
ဟန်းတို့။ ပုန။ တဘန်။ ပရံ။ စ။ တပါးလည်း။ ဘိက္ခူ။ မထေရ်ကြီးဖြစ်သောရ
ဟန်းတို့သည်။ ယထာသုတ္တံ။ အကြင်အကြင်ကြားနာခဲ့ပြီးသော။ ယထာပ
ရိယတ္တံ။ အကြင်ကြင်သင်ခဲ့ပြီးသော။ ဓမ္မံ။ သုတ္တဂေယျအစရှိသောပါဠိအ
ဋ္ဌကထာကို။ ဝိတ္ထာရေန။ အကျယ်ချဲ့၍ပြောဆိုပြသသောအားဖြင့်။ ပရေ
သံ။ တပါးကုန်သော။ စာသင်ပုဂ္ဂိုလ်တို့အား။ နဒေန္တိ။ မပြောမပြကုန်။ ဘိက္ခ
ဝေ။ ရဟန်းတို့။ ဒုတိယော။ နှစ်ခုမြောက်သော။ အယံဓမ္မော။ ဤရဟန်းငယ်
သာမဏေငယ်တို့အား ပါဠိအဋ္ဌကထာကို မဟောမပြောဘဲနေခြင်းသ
ဘောသည်။ သဒ္ဓမ္မဿ။ ပရိယတ္တိသဒ္ဓမ္မ။ ပဋိပတ္တိသဒ္ဓမ္မ။ ပဋိဝေဒသဒ္ဓမ္မ၏။
သမ္မောသာယ။ ပျောက်ပျက်ခြင်းငှါ။ အန္တရဓါနာယ။ ကွယ်ပခြင်းငှါ။ သံဝတ္တ
တိ။ ဖြစ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ပုန။ တဘန်။ ပရံစ။ တပါးလည်း။ ဘိက္ခူ။
မထေရ်မြောက်ပြီးသောရဟန်းကြီးတို့သည်။ ယထာသုတ္တံ။ ကြားခဲ့တိုင်း
သော။ ယထာပရိယတ္တံ။ သင်ခဲ့တိုင်းသော။ ဓမ္မံ။ သုတ္တဂေယျအစရှိသော
ပါဠိဓမ္မကို။ ဝိတ္ထာရေန။ အကျယ်အားဖြင့်။ ပရံ။ သူတပါးကို။ နဝါစေန္တိ။
မပို့ချကုန်။ ။ ဤသို့စသည်ဖြင့် မထေရ်ကြီးတို့သည်။ ပရိယတ္တိဓမ္မကိုမနာ
ခြင်း ရဟန်းသာမဏေတို့အား။ မဟောပြောခြင်း။ ရဟန်းသာမဏေတို့
အားမပို့မချခြင်း။ မိမိတို့လည်း။ မသရဇ္ဈာယ်ခြင်း။ နှုတ်လုံးမသွင်းခြင်း။ ဤအ
ကြောင်းငါးပါးကို အားမထုတ်ခြင်းသည် သာသနာတော်၏ ဆုတ်ယုတ်
ခြင်း၏အကြောင်းဖြစ်သည်၊ ထိုသို့မဟုတ် မထေရ်ကြီးတို့သည်။ ထိုတရား
ငါးပါးတို့ကို အားမထုတ်သည်ရှိသော်၊ သာသနာတော်သည် ရှည်မြင့်စွာ
တည်လတ္တံ့သည်ဖြစ်သည်၊ ဤအကြောင်းကိုလည်း၊ ။ ဣဓ ဘိက္ခဝေ ဘိက္ခူ
ဓမ္မံ ပရိယာပုဏန္တိ စသည်ဖြင့် ဤပဉ္စကအင်္ဂုတ္တိုရ်ပါဠိ၌ပင် ဟောတော်မူ
သည်။ ဤသို့ဟောတော်မူသည်ကို နှုတ်လုံပိုက်တော်မူ၍ ပရိယတ်ကိုလည်း
အားမထုတ်။ ပဋိပတ်ကိုလည်း အားမထုတ်လျှင်းဘဲ။ နဝကမ္မဖြင့်သာကာ

လက်ကိုကုန်စေသော မထေရ်ကြီးတို့ကိုပို့ချဆောင်ရွက်အောင်တိုက်တွန်း
နှိုးဆော်တော်မူအပ်သည်။ ပါဠိအဋ္ဌကထာပို့ချကုန်သော မထေရ်ကြီးမ
ထေရ်ငယ်တို့ကိုလည်း။ ပစ္စယာနုဂ္ဂဟ လေးကာမိသ တို့ဖြင့် ချီးမြှင့်အား
ပေးလျက်။ မြတ်စွာဘုရား၏သာသနာတော်မြတ်၏ထွန်းပခြင်းငှါ။ ဓမ္မာနုဂ္ဂ
ဟတရားကိုလည်းပွါးများအပ်သည်။ ။ပြဆိုခဲ့ပြီးသောပါဠိဓမ္မအဋ္ဌ
ကထာဓမ္မတို့ကိုပို့ချဆောင်ရွက်ခြင်း။ မပို့မချမဆောင်ရွက်ခြင်းကိုစွဲ၍
သာသနာတော်၏တက်ခြင်းဆုတ်ခြင်းဖြစ်သည်မဟုတ်သေး။ ထိုပါဠိဓမ္မ
အဋ္ဌကထာဓမ္မတို့ကို ဖောက်ပြန်ချွတ်ယွင်းသော ပုဒ်အက္ခရာရှိခြင်း။ မ
ကောင်းသောပုဒ်အက္ခရာတို့ဖြင့်ပို့ချ၍ ဖောက်ပြန်သောအနက်သဘော
ကိုပြောဟောခြင်းသည်လည်း။ သာသနာတော်ကွယ်ပခြင်း၏အကြောင်း
ပင်ဖြစ်သည်။ ။ထိုကြောင့် ဒုက္ကအင်္ဂုတ္တိုရ်ပါဠိ၌။ ဒွေမေဘိက္ခဝေဓမ္မာ
သဒ္ဓမ္မဿသမ္မောသာယ၊ အဇရှိသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခ
ဝေ။ ရဟန်းတို့။ ဒွေမေဓမ္မာ။ ဤနှစ်ပါးသောတရားတို့သည်။ သဒ္ဓမ္မဿ။ ပ
ရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ၏။ သမ္မောသာယ။ ပျောက်ပျက်
ခြင်းငှါ။ အန္တရဓာနာယ။ ကွယ်ပခြင်းငှါ။ သံဝတ္တန္တိ။ ဖြစ်ကုန်၏။ ကတမေ
ဒွေ။ အဘယ်နှစ်ပါးတို့နည်းဟူမူကား၊ ဒုန္နိက္ခိတ္တံ။ မကောင်းသဖြင့်ထား
အပ်သော။ ပဒဗျဉ္ဇနဉ္စ။ ပုဒ်ဗျည်းအက္ခရာ၎င်း။ ဒုန္နိက္ခိတ္တော။ မကောင်းသ
ဖြင့်ထားအပ်သော။ အတ္ထောစ။ အနက်၎င်း။ ဣမေဒွေ။ ဤနှစ်ပါးတို့တည်း။
ဘိက္ခဝေ။ ရဟန်းတို့။ ဒုန္နိက္ခိတ္တဿ။ မကောင်းသဖြင့်ထားအပ်သော။ ပဒ
ဗျဉ္ဇနဿ။ ပုဒ်ဗျည်း၏။ အတ္ထောပိ။ အနက်သည်လည်း။ ဒုန္နယော။ သိနိုင်ခဲ
သည်။ ဟောတိ။ ဖြစ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဣမေခေါဒွေဓမ္မာ။ ဤနှစ်ပါး
သောတရားတို့သည်သာလျှင်။ သဒ္ဓမ္မဿ။ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပ
ဋိဝေဓသဒ္ဓမ္မ၏။ သမ္မောသာယ။ ပျောက်ပျက်ခြင်းငှါ။ အန္တရဓာနာယ။
ကွယ်ပခြင်းငှါ။ သံဝတ္တန္တိ။ ဖြစ်ကုန်၏။ ။ဤသို့လျှင်သာသနာတော်၏
ကွယ်ပခြင်း၏အကြောင်း မကောင်းသော လိင်ဝစ် ပုဒ်အက္ခရာ ဂါထာ
ဆန်းဂိုဏ်းတို့ကိုမရှိစေမူ၍။ ပုဒ်ပါဌ်အက္ခရာတို့ကို မှန်ကန်စွာပြုပြင်ခြင်း
သည်။ သာသနာတော်၏ရှည်မြင့်စွာတည်ခြင်း၏အကြောင်းဖြစ်သည်။ ။
ထိုကြောင့်ဤဒုက္ကအင်္ဂုတ္တိုရ်ပါဠိ၌ပင်။ ။သုနိက္ခိတ္တဉ္စပဒဗျဉ္ဇနံအစရှိသည်
ဖြင့်ဟောတော်မူသည်။ ။ပဒဗျဉ္ဇနံ၊ ပုဒ်ဗျည်းကို။ သုနိက္ခိတ္တဉ္စ။ ကောင်း
စွာထားအပ်သည်လည်း။ ဟောတိ။ ဖြစ်၏။ အတ္ထော။ အနက်ကို။ သုနိက္ခိ

ဩွာင။ကောင်းစွာထားအပ်သည်လည်း။ ဟောတိ။ဖြစ်၏။ ဘိက္ခဝေ။ရ
ဟန်းတို့။ သုနိက္ခိတ္တဿ။ ကောင်းစွာထားအပ်သော။ ပဒဗျဉ္ဇနဿ။ ပုဒ်
ဗျည်း၏။အဓိပ္ပါယ်။အနက်သည်သည်း။ သုနယော။ ကောင်းစွာသိအပ်
သည်။ဟောတိ။ဖြစ်၏။ဘိက္ခဝေ။ရဟန်းတို့။ ဣမေဒွေ။ဤနှစ်ပါး
သောတရားတို့သည်သာလျှင်။သဒ္ဓမ္မဿ။ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပ
ဋိဝေဓသဒ္ဓမ္မ၏။ ဌိတိယာ။ တည်ခြင်းငှါ။ အသမ္မောသာယ။မပျောက်မပျက်
ခြင်းငှါ။အနန္တရဓာနာယ။မကွယ်ပခြင်းငှါ။သံဝတ္တန္တိ။ဖြစ်ကုန်၏။ ။
ဤသုတ်၏အဘွင့်အဋ္ဌကထာ၌လည်း။ ။ဒုန္နိက္ခိတ္တပဒဗျဉ္ဇနန္တိ။ဒုန္နိက္ခိတ္တ
ပဒဗျဉ္ဇနံဟူသည်ကား။ ဥပ္ပဋိပါဋိယာ။ အစဉ်ချွတ်သောအားဖြင့်။ ဂဟိ
တာ။ယူအပ်သော။ဝါ။ ရေးသား၍ထားအပ်သော။ပါဠိ။ပါဠိတည်း။ ။
အဓိပ္ပါယ်ဒုန္နိက္ခိတ္တောတိ။အဓိပ္ပါယ်ဒုန္နိက္ခိတ္တောဟူသည်ကား။ပရိဝတ္တေတွာ
ပြန်လှန်၍။ဥပ္ပဋိပါဋိယာ။ရှေ့နောက်ဘောက်ပြန်၍ကျိုးကျအားဖြင့်။ ဂ
ဟိတာယ။ယူအပ်သော။ ဝါ။ဘုင့်ဆိုအပ်သော။ အဋ္ဌကထာယ။ အဋ္ဌက
ထာ၏။ ဒုန္နိက္ခိတ္တဿပဒဗျဉ္ဇနဿအဓိပ္ပါယ်ဒုန္နယောဟောတိတိ။ ဟော
တိဟူသည်ကား။ပရိဝတ္တေတွာ။ ပြန်လှန်၍။ဥပ္ပဋိပါဋိယာ။ ရှေ့နောက်က
မောက္ကမအားဖြင့်။ဂဟိတွာန။ယူအပ်သော၊ပါဠိယာ။ပါဠိ၏။အဋ္ဌကထာ။
အဋ္ဌကထာတည်း။ဒုန္နိဘာ။မကောင်းသဖြင့်သိစေအပ်သော။အဋ္ဌကထာ
နာမ။ အဋ္ဌကထာမည်သည်ကား။ ဒုန္နယော။ မကောင်းသဖြင့်သိစေအပ်
သည်။ဒုန္နိဟာရာ။မကောင်းသောအနက်ကိုဆောင်အပ်သည်။ ဒုကတာ။မ
ကောင်းသဖြင့်ငုံးမအပ်သည်။ဟောတိ။ဖြစ်၏။ ။ဤသို့လာသည်။ ။
ဤသို့ပါဠိအဋ္ဌကထာတို့၌ပြဆိုသည်ဖြစ်၍။ပုဂ်ပါဠ်အက္ခရာသဒ္ဒါလိင်ဝုစ်
တို့၌လိမ္မာပြွမ်းတီးသောမထေရ်ကြီး မထေရ်ငယ်တို့ကိုလည်း ချီးမြှောက်
ထောက်ပံ့တော်မူသောအားဖြင့်။ဓမ္မာနုဂ္ဂဟတရားကို မမေ့မလျော့အား
ထုတ်တော်မူအပ်သည်။ ထိုသို့သဘောရှိသောပုဂ္ဂိုလ်တို့သည်။ တရား
တည်းဟူသော မင်းနေပြည်ကြီး၌၊ တရားစောင့်သော သူတို့မည်ကုန်
သည် ထိုအကြောင်းကိုမိလိန္ဒပဉှာ၌။ ။မဟာရာဇ။မိလိန္ဒမင်းကြီး။ယေ
ပနတေဘိက္ခူ။အကြင်ရဟန်းတို့သည်။ဗဟုဿုတာ။ များသောအကြား
အမြင်ရှိကုန်၏။အာဂတာဂမာ။နိကာယ်၌ပါသောအာဂမ်ပါဠိရှိကုန်၏။ ဓမ္မဓ
ရာ။သုတ်အဘိဓမ္မာကိုဆောင်ကုန်၏။ ဝိနယဓရာ။ဝိနည်းကိုဆောင်ကုန်
၏။မာတိကာဓရာ။ပါတိမောက်နှစ်စောင်ကိုဆောင်ကုန်၏၊ သိဝိလခန်

တဒိဿရ သံဂရလဟုက ဘွဲ့ရပဒိန္နေဒကုသလာ။သိဓိလအက္ခရာ။ဓနိတ
အက္ခရာ။ဒီဃအက္ခရာ၊ရဿအက္ခရာ။ ဂရုကအက္ခရာ။ လဟုကအက္ခရာ
အပိုင်းအခြားတို့၌တတ်သိးလိမ္မာကုန်၏။နဝင်္ဂသာသနဓရာ။အင်္ဂါကိုးပါး
ရှိသောပရိယတ္တိသာသနာကိုဆောင်ကုန်၏။ မဟာရာဇ။ မိလိန္ဒမင်းကြီး။
ခေါ။စင်စစ်။ဝေရူပါ။ ဤသို့သဘောရှိကုန်သော။ ဘိက္ခူ။ ပရိယတ်ဘတ်
ကုန်သောရဟန်းတို့ကို။ဘဂဝတော။မြတ်စွာဘုရား၏။ဓမ္မနဂရေ။တရား
တည်းဟူသောရာဇဓာနီပြည်ကြီး၌။ ဓမ္မရက္ခာတိ။တရားကိုစောင့်သော
ပုဂ္ဂိုလ်တို့ဟူ၍။ဝုစ္စန္တိ။ဆိုအပ်ကုန်၏။ ။ဟူ၍လာသည်။ ။သဒ္ဒါလိင်ဝစ်
ပုဒ်ပါဌ်အက္ခရာ ဂါထာဆန်းဂိုဏ်းတို့ဖြင့် ချွတ်ယွင်းခြင်းသည်သာလျှင်။
သာသနာတော်၏ပျက်စီးကွယ်ပခြင်း၏အကြောင်းမဟုတ်သေး။ ။ပရိ
ယတ်၏အရိပ်အရောင်အတုဖြစ်သော ပျို့ကဗျာလင်္ကာအစရှိသောကျမ်း
သင်္ဂါယနာမဝင်သောဂုဠှဝေဿန္တရာအစရှိသောကျမ်းတို့ကို၊ လေ့လာ
သင်အံရွတ်ဘတ်ပြောဆိုကြခြင်းသည်လည်း။ သာသနာတော်၏ကွယ်ပ
ပျောက်ပျက်ခြင်း၏အကြောင်းပင်ဖြစ်သည်။ ။ထိုကြောင့် နိဒါနဝဂ္ဂ
ကဿပသံယုတ်ပါဠိတော်၌။ ။နတာဝကဿပသဒ္ဒမ္မဿအန္တရဓာ
နံဟောတိအစရှိသည်ဖြင့်ဟောတော်မူသည်။ ။ကဿပ၊ ကဿပ။
ယာဝ။အကြင်မျှလောက်။ သဒ္ဒမ္မပဋိရူပကံ။ ပရိယတ္တိသဒ္ဒမ္မ၏အရိပ်အရောင်
အတုဖြစ်သောကျမ်းသည်။လောကေ၊လူ့ရွာ၌။နဥပ္ပဇ္ဇတိ။မဖြစ်လာသေး၊
တာဝ။ ထိုမျှလောက်။ သဒ္ဒမ္မဿ။ပရိယတ္တိသဒ္ဒမ္မ၏။ အန္တရဓာနံ။ ကွယ်
ပျောက်ခြင်းသည်။နဟောတိ။မဖြစ်သေး။ကဿပ။ ကဿပ။ခေါ။စင်စစ်။
ယတောစယသ္မိံ ကာလေ။အကြင်အခါ၌လည်း။ ။သဒ္ဒမ္မပဋိရူပကံ။ပရိ
ယတ္တိသဒ္ဒမ္မ၏အရိပ်အရောင်အတုရှိသော။ ဂုဠှဝိနည်း ဂုဠှဝေဿန္တရာ
ပျို့ကဗျာအစရှိသောကျမ်းသည်။ လောကေ။လူ့ရွာ၌။ ဥပ္ပဇ္ဇတိ။ လေ့လာ
ကြသောအားဖြင့် အထင်အရှားဖြစ်၏။ အထတသ္မိံ ကာလေ။ ထိုအခါ၌။
သဒ္ဒမ္မဿ။ပရိယတ္တိသဒ္ဒမ္မ၏။အန္တရဓာနံ။ ကွယ်ပျောက်ခြင်းသည်။ဟော
တိ။ဖြစ်၏၊ကဿပ။ကဿပ။ယာဝ။ အကြင်မျှလောက်သောကာလပတ်
လုံး။ဇာတရူပပဋိရူပကံ။ ရွှေငွေမဟုတ်ဘဲလျှက်ရွှေငွေ၏အတုပြု၍ လုပ်
ပတ်သောဝတ္ထုသည်။ လောကေ။ လူ့ရွာ၌။ နဥပ္ပဇ္ဇတိ။ထင်ရှားစွာမဖြစ်
သေး။တာဝ။ထိုမျှလောက်။ဇာတရူပဿ။ရွှေဇာတ်ငွေဇာတ်၏။အန္တရဓာ
နံ။ကွယ်ပျောက်ခြင်းသည်။နဟောတိ။မဖြစ်သေး၊ကဿပ။ကဿပ။ခေါ။

စင်စစ်။ယတောစယသ္မိံ ကာလေ။အကြင်အခါ၌လည်း။ ဓာတုရူပသာ။ရွှေ
ဓာတ်ငွေဓာတ်၏။ပဋိရူပကံ။ရွှေတုငွေတုသည်။ လောကေ၊လူ့ရွာ၌။ဥပ္ပဇ္ဇ
တိ။ထင်ရှားဖြစ်လာ၏။အထတသ္မိံ ကာလေ။ထိုအခါ၌။ ဓာတုရူပသာ။ရွှေ
ဓာတ်ငွေဓာတ်၏။အန္တရဓာနံ။ကွယ်ပျောက်ခြင်းသည်။ ဟောတိယေဝ။
ဖြစ်သကဲ့သို့။ဧဝမေဝခေါ။ဤအတူသာလျှင်။ကဿပ။ကဿပ။ယါဝ။အ
ကြင်မျှလောက်။ သဒ္ဓမ္မပဋိရူပကံ။ ပရိယတ္တိသဒ္ဓမ္မ၏ အတုဖြစ်သောကျမ်း
သည်။လောကေ။လူ့ရွာ၌။နဥပ္ပဇ္ဇတိ။မဖြစ်ထွန်းသေး။တာဝ။ထိုမျှလောက်။
သဒ္ဓမ္မဿ။ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဒသဒ္ဓမ္မ၏။အန္တရဓာနံ။
မကွယ်ပခြင်းသည်။ဟောတိ။ဖြစ်၏။ကဿပ။ကဿပ၊ခေါ။ စင်စစ်။ယ
တောစယသ္မိံ ကာလေ။အကြင်အခါ၌လည်း။ ။သဒ္ဓမ္မပဋိရူပကံ။ပရိယတ္တိ
သဒ္ဓမ္မ၏အတုဖြစ်သောဂုဠှဝိနည်း ။ဂုဠှဝေဿန္တရာပျို့ကဗျာအစရှိသော
ကျမ်းသည်။လောကေ။လူ့ရွာ၌၊ဥပ္ပဇ္ဇတိ။ သင်းအံလေ့ကျက်ဆောင်ရွက်
သောအားဖြင့်ထင်ရှားဖြစ်၏။အထတသ္မိံ ကာလေ။ထိုအခါ၌၊ခေါ၊စင်စစ်။
သဒ္ဓမ္မဿ။ပရိယတ္တိသဒ္ဓမ္မ၏။အန္တရဓာနံ။ကွယ်ပျောက်ခြင်းသည်။ ဟော
တိ။ဖြစ်၏။ကဿပ။ကဿပ။ပထဝီဓာတု။ ပထဝီဓာတ်ဟုဆိုအပ်သော
မြေကြီးသည်။သဒ္ဓမ္မံ။ငါဟောတော်မူသောပရိယတ္တိသဒ္ဓမ္မကို။နခေါအန္တ
ရဓာပေတိ။မကွယ်ပျောက်သေး။ အာပေါဓာတု။ အာပေါဓာတ်ဟု ဆို
အပ်သောရေသည်။သဒ္ဓမ္မံ။ငါဟောတော်မူသောပရိယတ္တိ သဒ္ဓမ္မကို။နအန္တ
ရဓာပေတိ၊မကွယ်သေး၊တေဇောဓာတု။တေဇောဓာတ်ဟုဆိုအပ်သော
မီးသည်။သဒ္ဓမ္မံ။ငါဟောတော်မူသောပရိယတ္တိသဒ္ဓမ္မကို။ နအန္တရဓာပေ
တိ။မကွယ်သေး။ဝါယောဓာတု။ ဝါယောဓာတ်တည်းဟူသော လေပြေ
လေညှင်းလေပြင်းမုန်တိုင်းသည်။ သဒ္ဓမ္မံ။ ငါဟောတော်မူသောပရိယတ္တိ
သဒ္ဓမ္မကို၊နအန္တရဓာပေတိ။မကွယ်သေး။အထခေါ။ စင်စစ်သော်ကား။
ဣဓေဝ။ဤငါ့ဘုရားသာသနာတော်တွင်း၌သာလျှင်။ ယေမောဃပုရိသာ။
အကြင်မဂ်ဖိုလ်မှအချည်းနှီးဖြစ်ကုန်သောအလဇ္ဇီဒုဿီလဖြစ်သောအား
မထုတ်ကြကုန်သောပုဂ္ဂိုလ်တို့သည်။ဥပ္ပဇ္ဇန္တိ။ ရှိသည်ဖြစ်ကုန်၏။ တေ၊
ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည်သာလျှင်။
ဣမံသဒ္ဓမ္မံ။ ဤငါဟောတော်မူသော ပရိယတ္တိသဒ္ဓမ္မကို။ အန္တရဓာပေန္တိ။
ကွယ်ပျောက်စေကုန်၏။ကဿပ၊ကဿပ။သေယျထာပိ၊ အတန္တ၌ဥပ
မာမည်သည်ကား။နာဝါအာဒိကေန။ရှေ့သည်ရွက်ဆောင်သဖြင့်။ နေ

ဝဩဒိဿာဝတိယထော။မနစ်သက်ကဲ့သို့။ဧဝံတထော။ ထိုအတူ။ ကဿပ။က ဿပ။သဒ္ဓမ္မသာ။ပရိယတ္တိသဒ္ဓမ္မ၏၊အန္တရဓာန်။ ကွယ်ပျောံခြင်းသည်။န ဟောတိ။မဖြစ်။ ။ဤသို့နိဒါနဝဂ္ဂကဿပသံယုတ်၌ဘုရားဟောတော် မူလေရကား။ ငါဘုရားဟောတော်မူသောတရားတော်၏ အရိပ်အရောင် အတုဖြစ်သော ဂုဏ္ဍဝိနည်းဂုဏ္ဍဝေဿန္တရာဇောဝါဒပိဋကတ်စသော ဗာဟိရ ကျမ်း။ပျို့၊ကဗျာလင်္ကာ၊ဧချင်းမော်ကွန်းစသောစကားအစဉ်သည်။ ဤလူ ရွာ၌ထင်ရှားစွာပြောဟောဘတ်ရွတ်သင်အံ ပို့ချကြသည်ရှိသော်။ ငါ ဟောတော်မူသောပရိယတ္တိသဒ္ဓမ္မသည်ကွယ်ပပျောံပျက်ခြင်းသို့ရောက် လတ္တံ့။ အတန္တုဥပမာသော်ကား။ အကြင်ယောကျ်ားတဦးသည်။ ရွှေ ဇာတ်ငွေဇာတ် မဟုတ်ဘဲလျက်။ ရွှေတုငွေတုဖြင့် အရောင်အဆင်းနှင့် ပြည့်စုံစွာလက်ကောက် လက်ကြပ် လက်စွပ်ပုတီးစသော တန်ဆာအ ထူးကိုလုပ်ဆောင်၍ဈေးပြင်ကန္တား၌ကျင်းထားပြသ၏။ နက္ခတ်သဘင်လူ တို့ပျော်ရွှင်းသောအခါ၌ဆင်ယင်ရန်တန်ဆာကိုအလိုရှိသော သူတို့သည် ဈေးပြင်ကန္တားသို့ဝင်၍၊ ရွှေတန်ဆာငွေတန်ဆာကိုရှာမှီးလတ်သော်။ ထို ရွှေတုငွေတုကို ပြုလုပ်၍ရောင်းဝယ်သောယောကျ်ားက။ အဘိုးအများ ပင်မပေးသော်လည်း။ အနည်းငယ်မျှသောဥစ္စာနှင့်ပင် ငါရောင်းအံ့။ ငါ၏ ဥစ္စာတန်ဆာကိုသာ ဝယ်ယူကြကုန်ဟူ၍ ပြောဆိုသည်ကို။ မိုက်လူအ များတို့ကဤယောကျ်ား၏စကားကိုနာယူ၍။ ရွှေတုငွေတုဖြစ်သော တန် ဆာကိုသာလျှင်အနည်းငယ်သော အဘိုးဥစ္စာဖြင့် ဝယ်ယူဆင်ယင်ဝတ် စားကြကုန်၏။ ထိုအခါရွှေဇာတ်ငွေဇာတ်တို့ဖြင့်ပြု၍ရောင်းချအပ်သော လက်ကောက် လက်ကြပ်လက်စွပ်ပုတီးအစရှိသော တန်ဆာတို့သည် ဝယ်ယူသူမရှိသည်ဖြစ်၍ပျောက်ပျက်လေ၏။ ထိုအတူ။ ငါဘုရားသည် ဟောတော်မူအပ်သောတရား၏ အတုဖြစ်သော ဗာဟိရကျမ်းတို့သည် ထင်ရှားလတ်သည်ရှိသော်။ ငါဘုရား၏ပရိယတ္တိ သာသနာတော်သည် ကွယ်ပပျောက်ပျက်လတ္တံ့။ ပရိယတ္တိသာသနာတော် ကွယ်ပပျောံပျက် သည်ရှိသော်။ပဋိပတ္တိသာသနာပဋိဝေဓသာသနာတို့သည်လည်း ကွယ် ပျောက်လတ္တံ့။ ။ထို့ကြောင့် သာသနာတော်၏အကြောင်းရင်းမူလဖြစ် သောပရိယတ္တိသာသနာကိုသာ လွန်မင်းစွာငါ၏ချစ်သား ရဟန်းများတို့ အားထုတ်ကြလေကုန် ပရိယတ္တိသာသနာသည် ကန်ရိုးကန်ပေါင်နှင့်တူ သည်။ကန်ရိုးကန်ပေါင်ခိုင်လုံလျှင်။ရေသည်တည်သကဲ့သို့။ပဋိပတ္တိသာ

သနာသည်စည်ပင်လတ္တံ့။ရေသည်အမြဲတည်လတ်သည်ရှိသော်။ကြာ
မျိုးငါးပါးတို့သည်ပွါးစီးကုန်သကဲ့သို့။ မဂ်ဖိုလ်တည်းဟူသော ပဒုမ္မဝေဝ
သာသနာသည်ပွါးစီးလတ္တံ့။ ထိုကြောင့်။ပရိယတ္တိသာသနာတော်သည်
သာလျှင် စင်စစ်အားဖြင့် သာသနာတော် တည်ခြင်းနှိုက် ပမာဏဖြစ်
သည်။ ငါဟောတော်မူသော ပရိယတ္တိသာသနာတော်ကို။ မြေကြီးသည်
လည်း ကွယ်ပျောက်အောင် မတတ်နိုင်ရာ။ ရေမီးလေတို့ သည်လည်း
ကွယ်ပျောက်အောင်မတတ်နိုင်ရာ။ သံနှိုက်ဖြစ်သောသံချေးသည် မိမိ
၏တည်ရာသံကိုဖျက်ဆီးသကဲ့သို့။ ငါ၏သာသနာတော်တွင်း၌နေကုန်
သောအလဇ္ဇီဒုဿီလ မောဃပုရိသ ပုဂ္ဂိုလ်တို့သာလျှင်။ ငါ၏သာသနာ
တော်ကိုဖျက်ဆီးနိုင်ရာသည်။ဤသို့ဟောတော်မူသည်။ ။အလဇ္ဇီဒုဿီ
လရဟန်းတို့ကို ပယ်ရှားတွန်းလှန်သည်ရှိသော်။ ငါဘုရား၏ သာသနာ
တော်သည် တဆဲ့ငါးရက်တက်၍ထွန်းသောလဝန်းကဲ့သို့။ အလွန်လျှင်
တိုးပွါးစီပင်ရာသည်။ ။ထိုကြောင့်ဤသုတ်၏အဘွင့်အဋ္ဌကထာ၌။ ။
ဗာဟိရံဂုဋ္ဌပိနယံဂုဋ္ဌဝေဿန္တရံအစရှိသည်ဖြင့်ဘွင့်ဆိုသည်။ ။ဗာဟိ
ရံ။သာသနာတော်မှသက် ါယတနာမတင်မဝင်သည်ဖြစ်၍။ အပဖြစ်သော
ဂုဋ္ဌပိနယံ၊ဂုဋ္ဌပိနည်းငင်း။ဂုဋ္ဌဝေဿန္တရံ၊ဂုဋ္ဌဝေဿန္တရာငင်း။ ဝဏ္ဏပိဋကံ။
ဝဏ္ဏပိဋကတ်ငင်း။အင်္ဂုလိမာလပိဋကံ၊အင်္ဂုလိမာလပိဋကတ်ငင်း။ ရဋ္ဌ
ပါလဂဇ္ဇိတံ။ရဋ္ဌပါလဂဇ္ဇိတကျမ်းငင်း။ အာဠဝကဂဇ္ဇိတံ။ အာဠဝက
ဂဇ္ဇိတကျမ်းငင်း။ဝေဒလ္လပိဋကံ။ဝေဒလ္လပိဋကတ်ငင်း။ဣတိ။ဤသို့။အဗုဒ္ဓ
ဝစနံ။ဘုရားသခင်၏စကားမဟုတ်သောကျမ်းသည်။ ပရိယတ္တိသဒ္ဓမ္မ ပဋိ
ရူပကံနာမ၊ပရိယတ္တိသဒ္ဓမ္မ၏အတုဖြစ်သောကျမ်းမည်၏။ ဓာတုရူပပဋိရူ
ပကန္တိ။ဓါတုရူပပဋိရူပကံဟူသည်ကား၊သုဝဏ္ဏမယံပိယ။ရွှေဓာတ်ဖြင့်
ပြီးသကဲ့သို့။ဟာရကုဋမယံ၊ရွှေတုငွေတုဖြင့်ပြီးသော၊သုဝဏ္ဏဝဏ္ဏံ။ရွှေ၏
အဆင်းနှင့်တူသောအဆင်းရှိသော။အာဘရဏဇာတံ။လက်ကောက်လက်
ကြပ်လက်စွပ်ပုတီးအစရှိသောတန်ဆာမျိုးအပေါင်းတည်း။ဟိဝိတ္တာရေ
မိ။ချဲ့ဦးအံ့။ ဆန္နကာလေသု။နက္ခတ်သဘင်စီရင်ပြုလုပ်သောကာလတို့၌။
မနုဿာ။လူတို့သည်။အာဘရဏဘဏ္ဍကံ။ တံဆာဖြစ်သောဘဏ္ဍာကို၊
ဂဏှိသာမ။ဝယ်ယူကြကုန်လတ္တံ့။ဣတိ။ဤသို့နှလုံးပိုက်ကုန်၍။ အာဘ
ဏံ။အိမ်ဈေးလမ်းမသို့။ဂစ္ဆန္တိ။သွားကြကုန်၏၊ အထတသ္မိံကာလေ။ထို
အခါ၌။နေ။ထိုဝယ်ယူလိုသောယောကျာ်းတို့ကို၊အါဘဏိကာ။အိမ်ဈေး

ဋ္ဌကျောင်းပ၍နေကုန်သောယောက်ျားတို့က၊ ဧဝံ။ ဤသို့။ ဝဒတိ။ ဆိုး၍ခေါ်ငင် ပြောဆိုကုန်၏။ ကိံ ဝဒန္တိ။ အဘယ်သို့ပြောဆိုကုန်သနည်းဟူမူကား။ တုမှေ။ သင်တို့သည်။ အာဘရဏတ္ထိကာ။ လက်ကောက်လက်ကြပ်အစရှိသောတန်ဆာကိုအလိုရှိကြကုန်သည်။ သစေ ဘဝထ။ အကယ်၍ ဖြစ်ကြကုန်သည်ဖြစ်အံ့။ ဧဝံ။ ဤသို့ဖြစ်ကြကုန်သည်ရှိသော်။ ဣမာနိ။ ငါ၏ဤတန်ဆာတို့ကို။ ဂဏှထ။ ဝယ်ယူကြကုန်။ ဣမာနိ။ ဤငါ၏လက်ကောက်လက်ကြပ်လက်စွပ်အစရှိသောတန်ဆာတို့သည်။ ဃဋာနိစေဝ။ တခဲနက်ရွှေငွေဖြင့်လည်းပြီးကုန်၏။ ဝဏ္ဏဝန္တာနိစ။ အဆင်းအရောင်လည်းရှိကုန်၏။ အပ္ပဂ္ဃာနိစ။ အနည်းငယ်သောအဘိုးလည်းရှိကုန်၏၊ ဝါ။ နည်းသောအဘိုးဖြင့်လည်းရကုန်၏။ ဣတိ။ ဤသို့။ ဝဒန္တိ။ ဆိုး၍ဆိုကုန်၏။ တေ။ ထိုဝယ်လိုသောယောက်ျားတို့သည်။ တေသံ။ ထိုရွှေတုငွေတုဖြင့်ပြုလုပ်၍ရောင်းသောသူတို့၏။ ဝစနံ။ စကားကို။ သုတွာ။ ကြားတည့်၍။ ကာရဏံ။ သင့်သောအကြောင်းကို။ ဝဒန္တိ၊ ဆိုပေကုန်၏။ ဣမာနိ။ ဤသူတို့၏။ တန်ဆာတို့ကို။ ပိလန္ဓိတွာ။ ပန်ဆင်၍။ နက္ခတ္တံ။ နက္ခတ်သဘင်ကို။ ကီဠိဿာမ။ ကစားခြင်းငှါ။ သက္ကာ။ ဘတ်ကောင်း၏။ သောဘန္တိစေဝ။ တင့်လည်းတင့်တယ်ကုန်၏။ အပ္ပဂ္ဃာနိစ။ နည်းသောအဘိုးဖြင့်လည်းရကုန်၏။ ဣတိ။ ဤသို့ကြံ၍။ တာနိ။ ထိုရွှေတုငွေတုဖြင့်ပြုလုပ်အပ်သောတန်ဆာတို့ကို။ ဂဟေတွာ။ ဝယ်ယူကုန်၍။ ဂစ္ဆန္တိ။ သွားကြကုန်၏။ သုဝဏ္ဏဘာဇနံ။ ရွှေဇာတ်ငွေဇာတ်ဖြင့်ပြုအပ်သောလက်ကောက်လက်ကြပ်အစရှိသောဘဏ္ဍာကို။ အဝိက္ကယမာနံ။ မရောင်းကြရသည်ဖြစ်၍။ နစဟိတွာ။ သိုမှီး၍သာလျှင်။ ဌပေတဗ္ဗံ။ ထားအပ်သည်။ ဟောတိ။ ဖြစ်၏။ ဧဝံ။ ဤသို့။ ဇာတရူပကဋရူပကေ။ ရွှေတုငွေတုသည်။ ဥပ္ပန္နေ။ လူ့ရွာ၌ဖြစ်လတ်သည်ရှိသော်။ တံ။ ထိုရွှေဇာတ်ငွေဇာတ်သည်။ အန္တရဓာယတိနာမ၊ ကွယ်ပျောက်သည်မည်၏။ အထခေါ်သဒ္ဓမ္မဿ၊ အန္တရဓာနံ ဟောတိတိ။ ဟောတိဟူသည်ကား။ အဓိဂမသဒ္ဓမ္မဿ။ အဓိဂမသဒ္ဓမ္မ၏ရင်း။ ပဋိပတ္တိသဒ္ဓမ္မဿ။ ပဋိပတ္တိသဒ္ဓမ္မ၏ရင်း။ ပရိယတ္တိသဒ္ဓမ္မဿ။ ပရိယတ္တိသဒ္ဓမ္မ၏ရင်း။ ဣတိ။ ဤသို့။ တိဝိဓဿပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်သော။ သဒ္ဓမ္မဿ။ သဒ္ဓမ္မ၏။ အန္တရဓာနံ။ ကွယ်ပျောက်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ လ၊ ဟိသစ္စံ။ မှန်၏။ ပရိယတ္တိယာ။ ပရိယတ်သည်။ အန္တရဟိတာယ။ ကွယ်ပျောက်သည်ရှိသော်။ ပဋိပတ္တိ၊ ပဋိပတ်သာသနာသည်။ အန္တရဓာယတိ။ ကွယ်ပျောက်၏။ ပဋိပတ္တိ

ယာ။ ပဋိပတ္တိသာသနာသည်။ အန္တရဟိတာယ။ ကွယ်ပျောက်သည်ရှိ
သော်၊ အဓိဂမော၊ ပဋိဝေဓသာသနာသည်။ အန္တရဓာယတိ။ ကွယ်ပျောံ
၏။ ကိံ ကာရဏာ။ အဘယ်ကြောင့်နည်းဟူမူကား။ ဟိယသ္မာ။ အကြင်
ကြောင့်။ အယံပရိယတ္တိ။ ဤပရိယတ္တိသာသနာသည်၊ ပဋိပတ္တိယာ။ ပဋိပတ္တိ
သာသနာ၏။ ပစ္စယော။ အကြောင်းသည်။ ဟောတိ။ ဖြစ်၏။ ပဋိပတ္တိယာ၊
ပဋိပတ္တိသာသနာသည်။ အဓိဂမဿ။ ပဋိဝေဓသာသနာ၏။ ပစ္စယော။ အ
ကြောင်းသည်။ ဟောတိ။ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ ပဋိပတ္တိတောပိ၊
ပဋိပတ္တိသာသနာ ထက်လည်း။ ပရိယတ္တိမေဝ။ ပရိယတ်သာသနာသည်
သာလျှင်။ ပမာဏံ။ ပမာဏတည်း။ လ၊ ပရိယတ္တိပန၊ ပရိယတ်သည်ကား၊
ကေနဋ္ဌေနေဝ။ ငင်စစ်အားဖြင့်သာလျှင် ပမာဏံ၊ ပမာဏတည်း။ ဟိတံပါ
ကဋံ ကရောမိ ထိုစကားကိုထင်စွာပြဦးအံ့။ မဟာတော၊ ကြီးစွာသော။ တ
ဋ္ဌာကဿ။ တဘက်ဆီးကန်၏၊ ပါဠိယာ။ ကန်ရိုးကန်ပေါင်သည်။ တိရာယ။
မြဲမြံခိုင်ခံ့သည်ရှိသော်။ ဥဒကံ။ ရေသည်။ နဋ္ဌဿတိ။ မတည်လတ္တံ့ ဟူ
၍။ နဝတ္တဗ္ဗံ။ မဆိုအပ်။ ဥဒကဿတိ။ ရေရှိသည်ရှိသော်။ ပဒုမါဒီနိ။ ပဒုမ္မာ
အစရှိကုန်သော်။ ပုပ္ဖါနိ။ အပွင့်တို့သည်။ နပုပ္ဖိဿန္တိ။ မပွင့်ကုန်လတ္တံ့
ဟူ၍။ နဝတ္တဗ္ဗံ ယထာ။ မဆိုအပ်သကဲ့သို့၊ ဧဝမေဝ။ ဤအတူ။ မဟာတဋ္ဌာ
ကဿ၊ တဘက်ဆီးကန်ကြီး၏။ တီရပါဠိသဒိသေ၊ မြဲမြံခိုင်ခံ့သော ကန်
ရိုးကန်ပေါင်နှင့်တူသော။ တေပိဋကေ။ ပိဋကတ်သုံးပုံဟု ဆိုအပ်သော။
ဗုဒ္ဓဝစနေ။ မြတ်စွာဘုရား၏စကားတော်သည်။ သတိ။ ရှိသော်။ မဟာတ
ဋ္ဌာကေ။ တဘက်ဆီးကန်ကြီးနှိုက်။ ဥဒကသဒိသာ။ ရေနှင့်တူကုန်သော ပ
ဋိပတ္တိပူရကာ။ ပဋိပတ်ကိုဖြည့်ကြကုန်သော။ ကုလပုတ္တာ။ ဇာတိကုလ
ပုတ္တအာစာရကုလပုတ္တတို့သည်။ နဿန္တိ။ မရှိကုန်ဟူ၍။ နဝတ္တဗ္ဗာ၊ မဆို
အပ်ကုန်။ တေသု၊ ထိုပဋိပတ်ကိုဖြည့်ကုန်သော ရဟန်းကောင်းတို့သည်။
သတိသန္တေသု။ ရှိကုန်သည်ရှိသော် မဟာတဋ္ဌာကေသု။ တဘက်ဆီးကန်
တို့၌။ ပဒုမာဒီနိ၊ ပဒုမ္မာအစရှိကုန်သော၊ ပုပ္ဖာနိဝိယ။ အပွင့်တို့ကဲ့သို့။ သော
တာပန္နာဒယော။ သောတာပန် အစရှိသော။ အရိယပုဂ္ဂလာ။ အရိယာ
ပုဂ္ဂိုလ်တို့သည်။ နဿန္တိ။ မရှိဟူ၍။ နဝတ္တဗ္ဗာ။ မဆိုအပ်ကုန်၊ ဣတိဧဝံ။ ဤ
သို့။ ကေနဋ္ဌေန။ ငင်စင်အားဖြင့်။ ပရိယတ္တိယေဝ။ ပရိယတ်သည်သာ
လျှင် ပမာဏံ၊ ပမာဏတည်း။ ၊ပထဝီဓာတုတိ။ ပထဝီဓာတုဟူသည်
ကား ဒွေသတသဟဿာနိ စတ္တာရိ စနဟုတာနိ။ နှစ်သိန်းလေးသောင်းတို့

တိုင်တိုင်။ဗဟာသာ။ထူထဲသော။မဟာပထဝီ။ကြီးစွါသောမြေတည်း။အာ
ပေါဓာတုတိ၊အာပေါဓာတုဟူသည်ကား၊ပထဝီတော။မြေမှ။ပဋ္ဌာယ။စ
၍။ယာဝသုဘကိဏှာဗြဟ္မလောကာ၊သုဘကိဏှာဗြဟ္မာဘုံတိုင်အောင်၊ ဥဂ္ဂ
တံ။တက်သော။ကပ္ပဝိနာသကံ။ကမ္ဘာကိုဖျက်ဆီးတတ်သော။ ဥဒကံ၊ရေ
တည်း။တေဇောဓာတုတိ။ တေဇောဓာတုဟူသည်ကား။ ပထဝီတော။
မြေမှ၊ပဋ္ဌာယ။စ၍။ယာဝအာဘဿရဗြဟ္မလောကာ။ အာဘဿရဗြဟ္မ
ဘုံတိုင်အောင်။ဥဂ္ဂတော။ ထက်သော။ကပ္ပဝိနာသကော။ ကမ္ဘာကိုဖျက်
ဆီးတတ်သော။အဂ္ဂိ။မီးတည်း။ဝါယောဓာတုတိ။ဝါယောဓာတုဟူသည်
ကား။ပထဝီတော။ မြေမှ၊ပဋ္ဌာယ။စ၍။ ယာဝဝေဟပ္ဖလဗြဟ္မလောကာ။
ဝေဟပ္ဖုလ်ဗြဟ္မာဘုံတိုင်အောင်။ ဥဂ္ဂတော။ တက်သော။ ကပ္ပဝိနာသ
ကော။ကမ္ဘာကိုဖျက်ဆီးတတ်သော။ဝါယု။ လေတည်း။ဟိသစ္စံ။ မှန်၏။ဧ
တေသု၊ထိုမြေ။ရေ၊လေ။မီးတို့တွင်။ ဧကခဏ္ဍမ္ပိ။တခုသောတရေးသည်မျှ
လည်း။သဗ္ဗညု၊ငါဘုရား၏။သာသနံ။သာသနာတော်ကို။ အန္တရဓာပေတုံ။
ကွယ်ပျောက်စေခြင်းငှါ။နသက္ကောတိ။မတတ်နိုင်၊တည်မှာ၊ ထိုကြောင့်။ဧ
ဝံ။ဤသို့။မြေ။ရေ၊လေ။ မီးတို့သည်။ ငါ၏သာသနာတော်ကိုမဖျက်ဆီးနိုင်
ဟူ၍။ အာဟ။ ဟောတော်မူ၏၊ဣဓေဝတော။ဥပ္ပဇ္ဇန္တိတိ၊ ဣဓေဝတော
ဥပ္ပဇ္ဇန္တိ ဟူသည်ကား၊လောဟတော။သံခတ်ကြေးခတ်မှ။ လောဟခါ
ဒကံ။မိမိ၏တည်ရာသံကြေးတို့ကိုကင်ခဲတတ်သော။ မလံဝိယ။ သံချေး
ညှိကဲ့သို့။မယ့်ယော။ ငါဘုရား၏သာလျှင်။ ဣမသ္မိံသာသနေ။ဤသာသ
နာတော်တွင်း၌။ ဝေ။ ထိုအလဇ္ဇီဒုဿီလမောဃပုရိသရဟန်းတို့သည်။
ဥပ္ပဇ္ဇန္တိ၊ဖြစ်လာကုန်၏။တေယေဝ။ ထိုအလဇ္ဇီဒုဿီလမောဃပုရိသဖြစ်
သောရဟန်းတို့သည်သာလျှင်။ ဣမံသဒ္ဓမ္မံ။ဤငါဟောကြား ထားတော်
မူသော သဒ္ဓမ္မ သုံးပါးကို။ အန္တရဓာပေန္တိ။ ကွယ်ပျောက် စေနိုင်ကုန်
၏။လ။ ပရိယတ္တိယာ။ ပရိယတ္တိ သာသနာတော်ကို။ ပူရ ယမာနာယ။
ပြည့်သည် ရှိသော်။ ပရိယတ္တိဓရေ။ ပရိယတ်ကို ဆောင်ကုန်သော။
ပုဂ္ဂလာ။ လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်တို့သည်။ ပဋိပတ္တိ။ ပဋိပတ်
ကို၊ပူရေန္တိ။ ဖြည့်ကြကုန်၏။ ပဋိပတ္တိပူရကာ။ ပဋိပတ်ကိုဖြည့်ကြကုန်
သော။ ပုဂ္ဂလာ။ လဇ္ဇီပေသလသိက္ခာကာမ ပုဂ္ဂိုလ်တို့သည်။ အဓိဂမံ။
ပဋိဝေဓသာသနာကို။ပူရေန္တိ၊ဖြည့်ကြကုန်၏။ ဣတိဣမိနာဝုတ္တနယေန။
ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ပရိယတ္တိယာဒီသု။ ပရိယတ္တိသာသနာအ

စရှိသည်တို့သည်။ဝဇ္ဇမာနသာ။ပွါးစီးကုန်သည်ရှိသော်။မယှ ။ငါဘုရား
၏၊သာသနာ။ သာသနာတော်သည်။ ဝဇ္ဇနစန္ဒောဝိယ။ဇုဏှပက္ခ၌ထွန်းပ
ပွါးစီးသောလကဲ့သို့။ဘုဇ္ဇတိယေင။ ပွါးစီးသည်သာ၍လျှင်တည်း။ ဣတိ။ဤ
သို့။ဒသေသတိ။ပြ၏၊ ။ဤသို့ပါဠိအဋ္ဌကထာတို့၌။သာသနာတော်နည်း
ခြင်းကိုလည်း။ အားရှိခြင်းကိုလည်း ပြဆိုလေရကား။ သာသနာတော်၏ညှိုး
လျော်ဆွေးလျော့ခြင်း၏အကြောင်းမကောင်းသော ပျို့ကဗျာလင်္ကာအစ
ရှိသောသာသနာတော်၏အတုဖြစ်သောကျမ်းကို။ ရဟန်းသာမဏေ့တို့
ကိုမလေ့ကျက်စေခြင်း။ သာသနာတော်တွင်း၌နေသော သံဃာနှင့် တူ
သောအလဇ္ဇီဒုဿီလတို့ကိုလဇ္ဇီသဘော၌တည်စေခြင်း၊ မြတ်စွာဘုရား
၏ပရိယတ္တိသာသနာတော်ကိုကောင်းစွာသင်အံပို့ချစေခြင်းတို့ဖြင့် သာ
သနာတော်ကိုချီးမြှင့်တော်မူရာသည်။ဤသို့အလဇ္ဇီဒုဿီလအပေါ်သုကြ
ကြောင့်ကြမှဲ့နေသောရဟန်းတို့ကိုအားထုတ်စေခြင်းသည်။ ငါတို့၏ဘု
ရားအလောင်းတော်၏ ကျင့်ရိုးပဝေဏီပင် ဖြစ်သည်။ ငါတို့ဘုရားအ
လောင်းတော်သည်တရားကိုအားထုတ်တော်မူ၍။ ဆုတ်နစ်သောရသေ့
ရဟန်းတို့ကို အရှက်ကိုရစေသောအားဖြင့်လည်း။ ထိတ်လန့်စေသောအား
ဖြင့်လည်း။ မကျင့်သောတရားကိုကျင့်စေသည်။ ထိုတွင်အရှက်ကိုရစေ
သည်ကား။ငါတို့ဘုရားအလောင်းတော်သည်။ သိကြားမင်းဖြစ်တော်မူ
၏။ထိုအခါကာသိကရွာနေညီနောင်ခုနစ်ယောက်တို့သည်။ တောထွက်
၍ရသေ့ရဟန်းပြုပြီးသော်။ကမ္မဋ္ဌာန်းတရားကိုအားမထုတ်မူ၍။ ကိုယ်၏
ပျင်းရိခြင်းများသည်ဖြစ်၍။ အသုံးထုံးအပြားပြားကစားလျက် ကျင့်ကြ
နေထိုင်ကုန်၏။ဘုရားအလောင်းသိကြားမင်းသည်။ ဤရသေ့တို့အားအ
ရှက်ကိုရစေအံ့ဟုကြံပြီးလျှင်။ကျေးသား၏အသွင်ဘန်ဆင်း၍။ထိုရသေ့
တို့နေရင်တွင်။သစ်တပင်ထက်နားနေလျက်။အရှက်ကိုရစေခြင်းငှါ။ ။
တုငှေ။သင်ရသေ့ခုနစ်ယောက်တို့သည်။ သီဟာနဥ္စ။ ခြင်္သေ့တို့၏လည်း။
ဗျဂ္ဃာနဥ္စ။ကျားတို့၏လည်း။ဒီပိနဥ္စ။သစ်ကျားတို့၏လည်း။အဝသိဋ္ဌံ။စားကြွင်း
ကိုသာ။ခါဒထ၊စား၍သာနေကြကုန်၏။ဥစ္ဆိဋ္ဌဘောဇနေ၊။စားကြွင်းကိုစားသ
ဖြင့်သာလျှင်။ယာပေန္တာ။မျှကြကုန်၏။ဝေါဿင်တို့သည်။ ဝိဃာသာဒ
နော။စားကြွင်းကိုသာစား၍နေကြကုန်၏။ဣတိ။ ဤသို့။မည်။ ငါမှတ်ထင်
၏။ ။ဤသို့သောစကားဖြင့်ပြောကြား၍ရသေ့တို့ကိုအရှက်ရစေသော
အားဖြင့်တရားကိုအားထုတ်စေ၏။ ။ဆက္ကနိပါတ်ဝိဃာသဇာတ်။ ။

ထိတ်လန့်စေသောအားဖြင့်။တရားကိုအားထုတ်စေသည်ကား။ ကဿပ
ဘုရားသခင်သည်။ပရိနိဗ္ဗာန်စံယူတော်မူလတ်ပြီးသော်။ဗါရာဏသီပြည်
၌။ဥသိန္နကမည်သောမင်းသည်မင်းပြု၏။ထိုအခါငါတို့ဘုရားအလောင်း
သည်။ သိကြားနတ်မင်းဖြစ်တော်မူ၏။ ထိုမင်း၏လက်ထက်၌။ရဟန်းတို့
သည်နှစ်ဆယ်တပါးသောအနေသနတို့ဖြင့် အသက်မွေးကြကုန်၏။ လူ
တို့နှင့်ရောနှောဆက်ဆံကုန်လျက်။သားသမီးတို့ကိုဖြစ်စေကုန်၏။ ရဟန်း
မိန်းမတို့သည့်လည်းထိုအတူကျင့်ကြံနေထိုင်ကြကုန်၏။ ရဟန်းတို့သည်
ရဟန်းတို့၏ကိစ္စဖြစ်သောပါဠိသင်ခြင်း။အဋ္ဌကထာသင်ခြင်း။ဝိပဿနာ
ကိုအားထုတ်ခြင်းတို့ကိုစွန့်ပစ်ကြကုန်၏။ရဟန်းမိန်းမတို့သည်လည်းထို
အတူစွန့်ပစ်ကြကုန်၏။ လူဖြစ်သောသူတို့သည်လည်း။ ပါဏာတိပါတ
အစရှိသော ဆယ်ပါးသောအကုသလ ကမ္မပထတရားတို့ကိုသာ အား
ထုတ်၍နေထိုင်ကြကုန်၏။ ထိုအခါငါတို့ဘုရားအလောင်း သိကြားနတ်
မင်းသည်။နှစ်ထည်သောဖလ်ရည်စွန်းသောအဝတ်ကိုဝတ်လျက်။ဦးစွန်း
ငါးခုထုံး၍နီမြန်းသောပန်းကိုပန်ဆင်ပြီးသော်။ မာတလိနတ်သားကိုခွေး
နက်ကြီးအရောင်ဆောင်စေ၍။ ခွေးနက်ကြီး၏လည်၌ နီမြန်းသောပန်းကို
ဆွဲ၍။ကြိုးဖြင့်ငင်လျက်။ဗာရာဏသီပြည်တွင်းသို့ဝင်၍။ မင်း၏နန်းတော်
သို့ဝင်ပြီးသော်။ကြီးစွာသောအသံဖြင့်ဟစ်ကျော်စေ၍။ထိုအခါဗာရာဏ
သီမင်းကထမင်းအစာတို့ကို ပေးကြွေးသော်လည်း။ ဈေးအတိုင်းကြီးစွာ
သောအသံဖြင့်ထိုခွေးသည်ဟစ်ကျော်၏။ ထိုအခါအကြောင်းကို ဗာရာ
ဏသီမင်းကမေးလျှင်။အကျင့်သီလမရှိသောရဟန်းမိန်းမ ရဟန်းယောက်
ျား။မိဘတို့ကိုမလုပ်ကျွေးသောသူ။ ဒုစရိုက်တရားကိုပြုကျင့်သောသူ
တို့၏အသားကိုစားလို၍။ဤခွေးသည်အသံကိုပြုသတည်းဟုပြောကြား၍
ရဟန်းရှင်လူပြည်သူလူအပေါင်းတို့ကိုထိတ်လန့်စေသောအားဖြင့် မသူ
တော်တို့၏တရား၌ကြဉ်ရှောင်စေသည်။သူတော်ကောင်းတရား၌လူများ
တို့ကိုဘည်စေသည်။ ။ဤစွာဒသနိပါတ်မဟာကဏှဇာတ်။ ။သဂါ
ထာငဂ္ဂသံယုတ်။ ။သုတ္တနိပါတ်အာဠဝကသုတ်အဘွင့်တို့၌လည်း
လာ၏။ ။ဤသို့လျှင်ငါတို့ဘုရားအလောင်းသည်။တရားကိုမကျင့်သော
ရဟန်းရှင်လူတို့ကိုအရှက်ကိုရစေ၍၎င်း။ ထိတ်သန့်စေ၍၎င်း။ တရားကို
အားထုတ်စေဘူးသည်။ ဘုရားအလောင်းတော်တို့၏ လောကတ္ထစရိယ
ဓမ္မာနုဂ္ဂဟာကိုအားထုတ်တော်မူသည်ကိုနည်းဥပဒေသပြု၍။ ရဟန်းငယ်

သာမဏေငယ်တို့ကိုပါဠိအဋ္ဌကထာတို့ကို သင်ခြင်းနာခြင်းသရဇ္ဈာယ်ခြင်းဆောင်ရွက်ခြင်း အနက်အဓိပ္ပါယ်တို့ကို ကြံစည်ခြင်း။ သိလသိက္ခာကို လုံခြုံစွာစောင့်ထိန်းခြင်း သဘော၌တည်အောင် စောင်မအားပေးတော်မူသောအားဖြင့်၎င်း။ပရိယတ်၌တတ်သိလိမ္မာကျွန်သော။ မထေရ်ကြီးမထေရ်ငယ်တို့ကို အမျိုးသားတို့အားပို့ချပြသ ဩဝါဒပေးအောင်။ တိုက်တွန်းနှိုးဆော်တော်မူသောအားဖြင့်၎င်း။ တရားကိုအားမထုတ်လိုသောရဟန်းသာမဏေတို့ကိုအရှက်ကိုရစေခြင်း၊ ထိတ်လန့်စေခြင်းတို့ဖြင့်တရားကိုအားထုတ်အောင်ပြုသောအားဖြင့်လည်း။ ဓမ္မာနုဂ္ဂဟတရားကိုပွါးများအပ်သည်။ ထိုသို့စောင်မအားထုတ်တော်မူသည်ရှိသော်။ ငါတို့မြတ်စွာဘုရား၏သာသနာတော်သည် မွန်းတည့်သောအခါ နေဝန်းကဲ့သို့အလွန်လျှင်ထွန်းလင်းတောက်ပရာသည်၊ ။ဤသည်ကား ပရိယတ္တိသာသနာတော်ကိုမညှိုးမနွမ်းအောင်ထောက်ပံ့ရသောအစီအရင်တည်း။

ဤပရိယတ္တိသာသနာတော်ကို၊ ဥဒည်းတောင်မှတက်၍ ထွန်းသောဘာဏုရာဇာနေဝန်းကဲ့သို့မှတ်အပ်သည်။ ။မှတ်အင်သည်ကား။ ။ဘာဏုရာဇာနေမင်းသည်။ ဝိဝဋ္ဋဋ္ဌာယီကင်ပတ်လုံးအမြဲတည်သကဲ့သို့။ ထိုအတူဤပရိယတ္တိသာသနာတော်သည်အနှစ်ငါးထောင်ပတ်လုံးတည်အံ့သည်သာဖြစ်သည်။ ။ယခုရှိသောဘာဏုရာဇာနေမင်းသည်။ရှေးရှေးသောကမ္ဘာတို့၌ထင်ရှားရှိကြသော နေဝန်းတို့နှင့်အတူ။ အဝန်းယူဇနာအချင်းယူဇနာတို့သည် အထူးအပြားအယုတ်အလွန်မရှိ တူမျှသကဲ့သို့။ထိုအတူငါတို့မြတ်စွာဘုရားဟောကြားတော်မူသော။ ယခုအခါထင်ရှားစွာရှိသောပရိယတ္တိသာသနာတော်သည်။ ရှေးရှေး၌ပွင့်တော်မူကုန်သောဘုရားရှင်တို့၏။ ဒေသနာပရိယတ်တော်နှင့်အတူ ခန္ဓာအာယတနဓာတ်စသည်တို့သည်။ကွဲလွဲထူးချားခြင်းမရှိ။တူမျှသည်သာဖြစ်သည်။ ။ဘာဏုရာဇာနေမင်းသည်။ဖိုးပွင့်သောမြေရေစသည်တို့ကိုဖြည်းညှင်းစွာတရွေ့တရွေ့ ချောက်သွေ့စေသကဲ့သို့။ ထိုအတူ ဤပရိယတ္တိသာသနာတော်သည်သတ္တဝါတို့၏သန္တာန်၌ ကိလေသာတည်းဟူသော ဖိုးပွင့်ခြင်းတို့ကိုတရွေ့တရွေ့ ချောက်သွေ့စေတတ်သည်။ ဘာဏုရာဇာနေမင်း၏အရောင်အလင်းကိုမှီ၍။တောင်သူလယ်လုပ်သောသူတို့သည်လာလတ္တံ့သောနှစ်လကာလတို့၌ချမ်းသာသောအကျိုးကိုခံစားရသကဲ့သို့။ထိုအတူဤပရိယတ္တိသာသနာတော်၏ အရောင်အလင်းတည်းဟူသော အနက်အ

ဓိပ္ပါယ်ကိုအမှီပြု၍၊ ကာယကံ ဝစီကံ မနောကံတို့ကို ပြုလုပ်သောသူတို့သည်၊ လာလတ္တံ့သောဘဝတို့၌။ ချမ်းသာကိုခံစားရအံ့သည်ဖြစ်သည်။ ဘာဏုရာဇာနေမင်း၏အရောင်အဒိုင်ကိုမှီ၍ ကုန်သွယ်ခြင်းအစရှိသော အမှုကိုပြုသောသူတို့သည်၊ပြုဆဲကာလ၌ပင်အကျိုးကိုခံစားရသကဲ့သို့ ထိုအတူပရိယတ်၏အနက်အဓိပ္ပါယ်ယူ၍ ပြောဟောသောသူတို့သည်။ ပြောဟောဆဲသောကာလ၌ပင် သူခပ်သိမ်းတို့၏အပူဇော်ကို ခံရသည်၊ ဘာဏုရာဇာနေမင်း၏အရောင်အလင်းကိုအမှီပြု၍သွားလာသောသူ။ ထိုထိုလိုအပ်သောအမှုကို၊ပြုလုပ်ဆောင်ရွက်သောသူတို့သည်။ နေဝန်း၏ငင်အံ့သည်၊နေဝန်း၏ပျောက်ပျက်အံ့သည်ကို အလွန်ကြောင့်ကြ စိုးရိမ်သည်။တဘန်နေ၏ထွက်လာခြင်းကိုအလွန်တောင့်တသည်။ ထိုအတူပရိယတ်၏အနက်အဓိပ္ပါယ်ကို ပရိယတ်၌လာသည်အတိုင်းကျင့်ဆောင်၍။နတ်ရွာသုဂတိသို့သွားလိုသောသူ။ ပရိယတ်ကိုအမှီပြု၍ ဒါနသီလဘာဝနာကိုပွါးသောသူတို့သည်၊ပရိယတ်၏ပျောက်ပျက်ထိမ်မြုတ်ငုတ်ကွယ်မှုန်းပါးခြင်းကို အလွန်လျှင်ကြောင့်ကြရိုးရိမ်သည်။ ။ခင်ပုတ်ငှက်သစ်ကျားစသောသတ္တဝါတို့သည်။ ဘာဏုရာဇာနေမင်း၏အရောင်အလင်းကို အလွန်ပျောက်ပျက်စေလိုသည်၊ ထွန်းပဆဲဖြစ်သော နေဝန်းကိုလည်းဝင်ခြင်းကိုသာအလိုရှိသည်။ တဘန်ထွက်လာအံ့သော နေဝန်းကိုလည်းမထွက်လာခြင်းကိုသာအလိုရှိသည်။ ထိုအတူ အလဇ္ဇီဒုဿီလဖြစ်သောလူရှင်ရဟန်းတို့သည်ပရိယတ်၌လာသော အနက်အဓိပ္ပါယ်တို့ကိုမိမိကျင့်ရအံ့သည်မှလည်းအလွန်ကြောက် ရွံ့သည်။ ပြည့်ရှင်မှူးမတ်သူဌေးသူကြွယ်အစရှိသောသူတို့သည်။ ပရိယတ်၏ အနက်အဓိပ္ပါယ်ကိုသိလျှင်မူကား။ ငါတို့အားပြစ်ဘင်စွပ်စွဲရာသည်ဖြစ်၍။ ဒါယကာတို့သည်။ပရိယတ်ကိုသိကြအံ့သည်မှလည်းအလွန်ကြောက်သည်။ ပရိယတ်၏ထင်ရှားရှိခြင်းကိုလည်းအလိုမရှိ၊ ပရိယတ်၏ပျောက်ပျက်ထိမ်မြုတ်ခြင်းကိုသာလွန်စွာအလိုရှိကုန်သည်။ ။ဘာဏုရာဇာနေမင်းသည်မျက်စိအမြင်ရှိသောသူတို့ကိုသာကျေးဇူးပြုနိုင်သည်။ ပဋိသန္ဓေအားဖြင့်ကန်းသောသူ။ မျက်စိအမြင်မရှိသောသူတို့ကို ကျေးဇူးမပြု။ ထိုအတူ ဤပရိယတ္တိဓမ္မသည် ပညာမျက်စိအမြင်ရှိသော သူတို့ကိုသာ။ ချီးမြှောက်နိုင်သည်၊ ကျေးဇူးပြုနိုင်သည်။ ပညာမျက်စိ အမြင်မရှိသောသူတို့ကို မချီးမြှောက်တတ်။ ကျေးဇူးမပြုတတ်၊ ။ဘာဏုရာဇာနေမင်းသည်။သ

ဘိပညာကောင်း၍ လွန်စွာပူသောအခါ။ ထိုထိုအမှုကို အပိုင်းအခြားကို လွန်၍ပြုသောသူတို့အား။ သေခြင်းတို့လည်းကောင်း။ သေလောက်ရုံမျှသော ဆင်းရဲသို့ရင်းရောက်အောင်ပြုတတ်သည်။ ထိုအတူပရိယတ္တိ သာသနာ တော်သည်။ကောက်ကျစ်ခြင်းငြည်းလဲခြင်း လှည့်ပတ်ခြင်းမာန်မူခြင်းအ လွန်မာန်မူခြင်းတို့ဖြင့်သင်အံလေ့ကျက်ဆောင်ရွက်ပြောဟောသော သူ တို့ကိုအပါယ်လေးဘုံနိုက်နစ်မွန်းစေတတ်သည်။ ။ဤသို့လျှင်ဘာဏ ရာဇာနေမင်းနှင့် ပရိယတ္တိဓမ္မကို မိဿာမယညာဏ်ဖြင့် ပမာပမည်းပြု လျက်ပရိယတ်၏ ဂုဏ်ကျေးဇူးကို ရှုတော်မူအင်၏။ ဤသို့မိဿာမယ ညာဏ်ဖြင့်ရှုပြီးသော်။ ဤနေဝန်းကိုပင်ပမာပြု၍ ဘာဝနာမယညာဏ် ဖြင့်ရှုအပ်၏။ ။ရှုအပ်သည်ကား။ဤနေဝန်းသည်။ရှည်စွာဝိဝဋ္ဋဌာယိ ကပ်ပတ်လုံးတည်၍မျက်စိအမြင်ရှိသောသူတို့အား ကျေးဇူးပြုလှလေပြီး။ လာလတ္တံ့သောကာလတို့၌လည်းကျေးဇူးပြုလတ္တံ့။ ဤပရိယတ္တိဓမ္မသည် လည်းနှစ်ထောင်လေးရာလေးနှစ်တည်ခဲ့၍သတ္တဝါတို့၏ကျေးဇူးကိုရွက် ဆောင်လှလေပြီး။ နောက်နောက်ကာလနိုက်ရွက်ဆောင်လတ္တံ့။ ဤနေ ဝန်းကိုမှီကြကုန်သေါ သတ္တဝါတို့တွင်အနှစ်ဘသိန်းဘမ်း၌နေကုန်သော သတ္တဝါတို့သည်အနှစ်တသိန်းမျှသာ ဤနေဝန်းကိုမြင်ကြရကုန်သည်။ ဤနေဝန်းကိုမှီ၍အမှုခပ်သိမ်းကိုပြုကြရကုန်သည်။ အနှစ်တသိန်းထက် လွန်၍နေဝန်းကိုမကြည့်မရှုကြရကုန်။ထိုအတူအနှစ်တသောင်းတမ်း၌ ဖြစ်ကုန်သောသတ္တဝါ။ အနှစ်တထောင်တမ်း၌ဖြစ်ကုန်သောသတ္တဝါ။အ နှစ်တရာတမ်း၌ဖြစ်ကုန်သောသတ္တဝါတို့သည်လည်းမိမိတို့၏ အသက် အပိုင်းအခြားဖြင့်သာတည်၍ နေဝန်းဗိမာန်ကိုမြင်ကြရ ရှုကြရကုန် သည်။မိမိတို့၏အသက်အပိုင်းအခြားထက်လွန်၍ နေဝန်းကိုမမြင်ကြရ ကုန်။နေဝန်းမှာမူကားမပျက်မစီးတည်ရစ်သည်သာဖြစ်သည်။ထိုအတူ ဤပရိယတ္တိသာသနာတော်ကိုအမှီပြု၍ ကျင့်ဆောင် နေထိုင်ကြသော ပုဂ္ဂိုလ်တို့သည်။အနှစ်တရာ။အနှစ်ကိုးဆယ်။ အနှစ်ရှစ်ဆယ်စသည်ဖြင့် မိမိတို့၏ကံအားလျော်စွာအသက်အပိုင်းအခြား၌တည်၍သာလျှင်ဤပရိ ယတ်ကိုကြည့်ရှုနာခံခြင်းမှတ်သားသင်အံပို့ချခြင်းကိုပြုကြရကုန်သည်။ မိမိတို့၏ အသက်အပိုင်းအခြားထက်လွန်၍သင်အံပို့ချခြင်းကိုမပြုကြရ ကုန်။ပရိယတ္တိသာသနာသည်သာမပျောက်မပျက်တည်ရစ်သည်။ဤနေ ဝန်းကိုအမှီပြု၍ယခုအခါလည်းသတ္တဝါတို့သည်သွားလာနေထိုင်လျက်၊

ထိုထိုအမှုကိုပြုကြကုန်သည်။ထိုအတူယခုအခါလည်းပဒိုယတ်ကိုအမှီပြု၍ရဟန်းရှင်လူတို့သည် ပြောဆိုနေထိုင်လုပ်ဆောင်ကြရကုန်သည်။ ထိုအတူလာလတ္တံ့သောကာလတို့၌လည်း၊နေဝန်း၏အရောင်အလင်းကိုမှီကြရကုန်သကဲ့သို့။ပရိယတ္တိ၏အနက်အဓိပ္ပါယ်ကိုအမှီပြု၍လုပ်ဆောင်နေထိုင်ကြကုန်လတ္တံ့။ ။ဤနေဝန်း၏သွားခြင်း။ ထိုထိုရာသီသို့ကူးပြောင်းခြင်းစသည်ကို အမှီပြု၍ရသေ့ပုဏ္ဏားတို့သည်။ များစွာသောဗေဒင်ကျမ်းတို့ကိုစီရင်ပြုလုပ်ကြကုန်ပြီ။ ထိုအတူ ဤပါဠိတော်ကိုအမှီပြု၍။ ရှေးရှေးသောမထေရ်မွန်မထေရ်မြတ်တို့ပါဠိအဋ္ဌကထာဋီကာကို တတ်သိကုန်သောဆရာကျော်တို့သည်။ ဋီကာအနုမရလက်သန်း။ ဂဏ္ဌိနံ့စသည်တို့ကိုစီရင်တော်မူကြလေပြီ။ ဤသို့လျှင်ဘာဏုရာဇာ နေမင်းကိုအမှီပြု၍နေကြကုန်သော သတ္တဝါအများတို့သည် ရဝိဘော်ပြန်မကျန်မကြွင်းတျင်းတျင်းကုန်စင်သကဲ့သို့။ ဤပရိယတ်ကိုအမှီပြု၍နေကြကုန်သောရှေးရှေးသောမထေရ်မွန်မထေရ်မြတ်တို့သည်လည်းယခုတိုင်အောင်မပါ။ မိမိတို့ကံအားလျော်စွာစုတိရပ်ကြရလေကုန်ပြီ။ ယခုအခါနေဝန်းကိုအမှီပြုသောသတ္တဝါ။ ပရိယတ်ကိုအမှီပြုသောသတ္တဝါတို့သည်လည်း။ ရှေးနည်းအတူပင်ပျက်စီး၍ကုန်ကြကုန်လတ္တံ့။နေဝန်းပရိယတ်တို့သည်တည်ရစ်ကုန်လတ္တံ့။ လာလတ္တံ့သောသတ္တဝါတို့သည်လည်းထိုအတူပင်။နေဝန်းကိုငှင်းပရိယတ်ကိုငှင်းအမှီပြုပြီး၍။ရဝင်ခြင်းသို့ရောက်ကြကုန်လတ္တံ့။ ဤသတ္တလောကကား အမြဲမတည်အရှည်မခံပျောက်ပျက် တတ်လေစွတကား အဓိုးမရလေစွတကား။ အိုခြင်းနာခြင်းတို့ဖြင့်လည်း နှိပ်စက်တတ်လေစွတကားဟူ၍ သံဝေဂတရားကိုဖြစ်စေလျက်ဗဟိဒ္ဓတရားကိုလက္ခဏာရေးသုံးပါးသို့တင်၍ဆင်ခြင်အပ်၏။ဗဟိဒ္ဓတရားကိုပွါးများပြီးသည်၏အဆုံး၌ မိမိအတ္တဘောကိုလည်း ဤနေဝန်းကိုပမာပြုသဖြင့်သာလျှင်ရှုဆင်ခြင်အပ်၏။ရှုဆင်ခြင်အပ်သည်ကား။ဤဘာဏုရာဇာနေမင်းသည်ဥဒည်းတောင်ဦးမှတက်လာသည်ရှိသော် နောက်အရပ်သို့ လက်တသစ်မျှ မဆုတ်မနင်လျှင်းဘဲ အတ္တဂ်မတောင်သို့သာလျှင် ရှေ့ရှုသွားသကဲ့သို့။ထိုအတူငါ၏အတ္တဘောသည်လည်း ပဋိသန္ဓေမှစ၍။ နောက်သို့တနာရီမျှမဆုတ်မနင်။ မရဏတည်းဟူသောအတ္တဂ်မတောင်သို့သာရှေးရှုချေသည်။ ဘာဏုရာဇာနေမင်းသည်။ ပါဠိဗိဇနာနာရီတို့ဖြင့်သာအဆစ်ဆစ်အပိုင်းအပိုင်းအားဖြင့်တရံတဆင်မျှနားနေခြင်းမရှိအခါလေး

မြင့်သွားသကဲ့သို့။ ငါ၏အတ္တဘောသည်လည်း ခေါပတ္တုပ္ပန်။ သန္တတိ
ပစ္စုပ္ပန် အဒ္ဓပစ္စုပ္ပန်အားဖြင့်အစဉ်စပ်အဆင်အဆစ် အပိုင်းအပိုင်းဖြစ်
လျက်တရံတဆစ်မျှ ရပ်တန့်နားနေခြင်းမရှိ။ ဖိုဝိတိန္ဒြိယပဗန္ဓေဇမခေါ
သို့သာသွားသည်သာဖြစ်သည်။ ဘာလောရာဓာနေမင်းသည် ထွက်ပြီး၍
ဝင်ခြင်းချုပ်ခြင်းသို့ရောက်ပြီးလျှင်တဘန်ထွက်ခြင်းတဘန်ဝင်ခြင်းတ
လုံလဲလဲထွက်ခြင်းဝင်ခြင်းကိုဖြင့်ဝိပဿနာယဉ်ကင်ဆုံးသည်တိုင်အောင်
တည်သကဲ့သို့။ ထိုအတူငါ၏ခန္ဓာအစည်သည်လည်း။ ပဋိသန္ဓေနေ၍ရု
တိခြင်းနေရင်တဘန်ပဋိသန္ဓေနေပြန်၍ရုတိခြင်းတို့ဖြင့်။ တခေါက်ပတ်
ပတ်သံသရာဝဋ်ဋ်အရပ်တွင်မဂ်ကိုရသည့်တိုင်အောင်ကြွဉ်လည်သွားရ
လတ္တံ့။ ငါ၏ခန္ဓာအစည်သည် ချမ်းသာခြင်းနှင့် မရောမရှက်သက်သက်
ဒုက္ခအတိသာတည်း။ အနှစ်သာရနှင့်မရောမရှက်သက်သက်အကါအတိ
သာတည်း။ နိစ္စသဘောနှင့်မရောမရှက်သက်သက် အနိစ္စသဘောသာ
တည်း။ ဤသို့နေဝန်းပမာပြု၍မိမိ၏ အတ္တဘောကိုလက္ခဏာရေးသို့တင်
၍ရှုဆင်ခြင်အပ်၏။ ။ဤသို့ပြဆိုကဲ့ပြီးသောသတ္တဝါအရတို့သည်သာ
ချုပ်တတ်ပျောက်တတ်သည်မဟုတ်။ ဤသို့ချုပ်ခြင်းပျက်ခြင်းကိုပေါ
တတ်ကြားတတ်သောဘုရားသခင်သည်လည်း။ သက်တော် ရှစ်ဆယ်မျှ
သာတည်၍။ ဤနေဝန်း၏အရောင်အလင်းကိုမှိတင်းတော် မူလျက်ပဲ
နိဗ္ဗာန်စံယူတော်မူရလေသည်။ ဤသင်္ခါရက္ခန္ဓာအာယတနစသောတရား
အင်္ဂကားတရံတခုမျှအကြွင်းအကျန်မရှိလေ။ အချည်းနှီးသါတည်းဟူ၍
ရှုဆင်ခြင်လျက်။ ။အသမသမော။ အတုမရှိသော။ ရှေးရှေးသောဘုရား
သခင်တို့နှင့်သာတူတော်မူသော။ သောစဗုဒ္ဓေါ။ ထိုမြတ်စွာဘုရားသခင်
၏ကိုယ်တော်သည်ပင်။ အတုလိယာနိ။ မနှိုင်းယှဉ်အပ်ကုန်သော။ တာနိ
ဂုဏာနိစ။ ထိုဂုဏ်တော်တို့သည်ပင်။ သန္တိ။ ရှိကုန်၏။ သဗ္ဗံ။ အလုံးရုံ
ကုန်သောဘုရားသခင်။ ဘုရားသခင်၏ ဂုဏ်တော် ကျေးဇူးတော်အ
ပေါင်းသည်။ အန္တရဟိတံ။ အကြွင်းမဲ့ကွယ်ပျောက်လေပြီ။ သဗ္ဗသင်္ခါရာ။
ဥသုံသောသင်္ခါရတရားတို့သည်။ နန္။ စင်စစ်။ ရိတ္တာ။ အနှစ်သာရမရှိအ
ချည်းနှီးတို့သာတည်း။ ဤသို့ဗုဒ္ဓဝင်ပါဠိ၌ဟောတော်မူအပ်သော နည်း
ကိုအစည်လျှောက်၍။ သင်္ခါရတရားတို့၏ပျောက်ပျက်ခြင်းကိုရှုဆင်ခြင်
အပ်၏။ ။မြတ်စွာဘုရား၏သာသနာတော်သည်မဂ်ဖိုလ်၏ကွယ်ပျော်ခြင်း
ဟုဆိုအပ်သော အဓိဂမအန္တရခါနသိက္ခာပုဒ်ကို မကျင့်ခြင်းတည်းဟူ

သောပဋိပတ်၏ကွယ်ပျောက်ခြင်းဟုဆိုအပ်သော ပဋိပတ္တိအန္တရဓာန်။ပရိ
ယတ်ကိုမသင်ခြင်းတည်းဟူသောပရိယတ္တိအန္တရဓာန်။သင်္ကန်း၏ကွယ်
ပျောက်ခြင်းတည်းဟူသောသမဏလိင်္ဂအန္တရဓာန်။ဓါတ်တော်မွေတော်၏
ပျောက်ပျက်ခြင်းတည်းဟူသောဓာတုအန္တရဓါန်။ဤငါးပါးသောအန္တရဓါ
န်တို့သည် ပရိယတ်၏ကွယ်ပျောက်ခြင်းသည်သာလျှင်မူလအကြောင်းရင်း
ဖြစ်သည်။ ။ထိုကြောင့်ဋ္ဌကထာအင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။ဣမသံ ပဉ္စဝိဓ
သ။ အန္တရဓာနသ ဧသည်ဖြင့်ဘုရင့်ဆိုသည်။ ။ပဉ္စဝိဓသ။ငါးပါးအ
ပြားရှိသော။ ဣမဿ အန္တရဓာနဿ။ဤကွယ်ပျောက်ခြင်း၏။ ပရိယတ္တိ
အန္တရဓာနမေဝ။ပရိယတ်၏ကွယ်ပျောက်ခြင်းသည်သာလျှင်။ မူလံ။ အ
ကြောင်းရင်းတည်း။ဟိသစ္စံ။မှန်၏။ပရိယတ္တိယာ။ပရိယတ်သည်။ အန္တရ
ဟိတာယ။ကွယ်ပျောက်သည်ရှိသော်။ပဋိပတ္တိ။ ပဋိပတ္တိသည်။ အန္တရ
ဓာယတိ။ကွယ်ပျောက်၏။ပရိယတ္တိယာ။ပရိယတ်သည်။ တဝ ဝဋ္ဌိတာယ။
တည်သေးသည်ရှိသော်။ပဋိပတ္တိ။ပဋိပတ္တိသာသနာတော်သည်။ တိဋ္ဌတိ။
တည်၏။ ။ဤနေ့ဗိမာန်သည်ထင်ရှားရှိသည်ရှိသော်။ထိုထိုလိုအပ်သော
အမှုတို့ကိုပြုရသကဲ့သို့၊ပရိယတ္တိသာသနာတော်ထင်ရှားရှိသည်ရှိသော်
ထိုထိုလိုအပ်သောဒါနသီလ။သမထဝိပဿနာတို့ကို ဟုတ်မှန်စွာပြုရ
သည်။ နေ့ဗိမာန်သည် မြူမှု မိုးခိုး မိုးတိမ်ရာဟုတည်းဟူသော အ
ကြောင်းလေးပါးတို့နှင့် ကြုံကြိုက်သည်ရှိသော်။ နေမင်း၏ အရောင်အ
လင်းသည်။ညှိုးလျော်နွမ်းပါးသကဲ့သို့။ ထိုအတူပရိယတ္တိသာသနာတော်
သည်ပဉ္စည်းလေးပါး၌တပ်မက်မောတတ်သော ပစ္စယလောဘတဏှာ
တို့ဖြင့်ငြိမ်းသေးပုဂ္ဂိုလ်တို့၏ကာလတို့၌၎င်း။ အစားအစာမပြည့်စုံခြင်း
တည်းဟူသော ဒုဗ္ဘိက္ခန္တရကာလတို့၌၎င်း။အနာရောဂါများစွာနှိပ်စက်
သောရောဂန္တရကာလတို့၌၎င်း။ တိုင်းပြည်ချော်ချား၍ခိုးသားမောသော
တို့ဖြင့်ငြိမ်းသောအခါ၌၎င်း။ပရိယတ္တိသာသနာ၏အရောင်အဝါသည်ညှိုး
နွမ်းသည်သာဖြစ်သည်။ ။ထိုကြောင့်သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿ
မင်း၏လက်ထက်၌။ ရဟန်းရှင်လူတို့သည်ကြီးစွာသေးဘေးရန်ကိုတွေ့
ကြုံလတ္တံ့သည်ဖြစ်ခဲ့သော်။သိကြားနတ်မင်းသည်ကြီးစွာသောလှေသဘော်
ကိုဖန်ဆင်း၍ ရဟန်းတို့ထံချဉ်းကပ်ပြီးလျှင်။အရှင်ဘုရားတို့။ဤသီဟိုဠ်
ကျွန်း၌ကြီးစွာသောဘေးရန်ဖြစ်၍။ သတ္ထန္တရကပ်သည် ရောက်လတ္တံ့။
မိုးသည်ဖြောင့်မတ်စွာမရွာသည်ဖြစ်၍။ကြီးစွာသောဒုဗ္ဘိက္ခန္တရကပ်

သည်ရောက်လတ္တံ့။ ။ပစ္စည်းလေးပါးတို့ဖြင့်ပြီးပြင်ကြကုန်သည်ဖြစ်၍။ ပရိယတ်ကိုရှက်ဆောင်ခြင်းငှါမစွမ်းနိုင်ကြကုန်လတ္တံ့။ သမုဒ္ဒရာ၏တဘက်ဇမ္ဗူဒီပါကျွန်းသို့ကူး သွားကြကုန်၍။အရှင်ဘုရားတို့သည်အသက်ဇီဝိတိန္ဒြေကိုရှိသေစွာစောင့်ရှောက် သင့်သောအခါတည်း။ ဤအကျွန်ုပ်ဘန်ဆင်းသောဘောင်ကြီးကိုတက်စီး၍။ ဇမ္ဗူဒီပါကျွန်းသို့ကူးသွားလေကြကုန်။ ဤဘောင်၌နေရာမရကုန်သော အရှင်မြတ်တို့မှာမူကား။ သစ်တုံးကိုပင်သော်လည်း။ ရင်အောင်၌ထား၍ ကူးသွားတော်မူကြလေကုန်။ ဤသို့သိကြားနတ်မင်းကလျှောက်ကြားလေလျှင်။ အချို့သောရဟန်းတို့သည်ကူးသွားကြကုန်၏။ခြောက်ကျိပ်သောရဟန်းတို့မှာမူကား။သမုဒ္ဒရာကမ်းနားသို့ရောက်၍။ဤတွင်သာအသက်ကိုစွန့်၍နေကြကုန်အံ့။ငါတို့အားဇမ္ဗူဒီပါသို့သွားခြင်းကိစ္စမရှိပြီ။ ငါတို့သည်ဤသီဟိုဠ်ကျွန်းမှာပင်နေ၍။ပိဋကတ်သုံးပုံကိုစောင့်ရှောက်ကြကုန်တော့အံ့ဟူ၍ ဂဝိကဝတ်ကိုပြုကြကုန်ပြီးသော်။သမုဒ္ဒရာကမ်းနားမှပြန်နင်ခဲ့ကြကုန်၏။ဒက္ခိဏမူလဇနပုဒ်သို့သွားကြကုန်၍။ရရသမျှသောသစ်ဖုသင်မြစ်သစ်ရွက်တို့ဖြင့်အသက်ကိုရှင်စေလျက်။ ပရိယတ်ကိုအားထုတ်၍နေကြကုန်၏။အာဟာရပြတ်၍အတ္တဘောကိုမဆောင်နိုင်ကြကုန်သည်ရှိသော်။ သွားခြင်းအရိယာပုတ်ကိုဖြတ်၍ထိုင်ခြင်း။ဣရိယာပုထ်ဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းကိုပြုကြကုန်၏။ထိုင်ခြင်းအရိယာပုထ်ဖြင့်အတ္တဘောကိုဆောင်နိုင်သည်ရှိသော်။ သဲ၎ကိုရက်၍သဲ၎ဖြင့်ကိုယ်ကိုဖုံးလွှမ်းလျက်။ ပရိယတ်ကို သုံးသပ်ဆင်ခြင်ကြကုန်၏။ဤသို့သောနည်းဖြင့်တဆဲ့နှစ်နှစ်တိုင်တိုင်အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို ပြည့်စုံစွာရှက်ဆောင်ကြကုန်၏။ စလ္လာလတိဿဘေးသည်ငြိမ်းသတ်သည်ရှိသော်။ ဇမ္ဗူဒီပါသို့ကူးသွားကုန်သောရဟန်းတို့သည် မိမိတို့၏နေရာ၌ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကိုပုဒ်ဗျည်းအက္ခရာတို့ကိုမပျက်စေမူ၍။ဆောင်ရှက်ကုန်လျက်။သီဟိုဠ်ကျွန်းသို့ပြန်နင်ခဲ့ကြကုန်သည်ရှိသော်။ ကလ္လဂါမဇနပုဒ်၌ မဏ္ဍလာရာမကျောင်းတိုက်သို့ဝင်၍ သိတင်းသုံးနေကြကုန်၏။ ထိုအခါ ဇမ္ဗူဒီပါမှလာကုန်သောရဟန်းတို့၏ သတင်းစကားကို ကြားကြကုန်၍။ သီဟိုဠ်ကျွန်းတွင်ကြွင်းကျန်နေရစ်သော ခြောက်ကျိပ်ကုန်သောရဟန်းတို့က ရောက်လာကုန်သော မထေရ်တို့ကို ဘူးမြင်တွေ့ရကုန်အံ့ဟူ၍ သွားကြကုန်ပြီးသော်။ ထိုဇမ္ဗူဒီပါမှလာသောရဟန်းတို့နှင့်။ အဋ္ဌကထာ

နှင့်တကွသောပိဋကတ်သုံးပုံကို တိုက်ဆိုင်နှီးနှော ပြောဟောသုတ်သင်ကြလျှင်၊တခုသောအက္ခရာတခုသောပုဒ်ဗျည်းမျှ အချွတ်အယွင်းမရှိညီညွတ်ကြကုန်သည်သာဖြစ်ကုန်သည်။ထိုအခါများစွာကုန်သောမထေရ်တို့၏အလယ်၌။ ပရိယတ်သည်သာမူလအကြောင်းရင်းဖြစ်သည်ဟူ၍အချို့သောရဟန်းတို့ကဆိုကြကုန်သည်။ပဋိပတ်သည်သာသာသနာတော်၏အကြောင်းမူလ ဖြစ်သည်ဟူ၍ အချို့သောရဟန်းတို့က ဆိုကြကုန်သည်။ထိုသို့ပြောဆိုကြသောစကားကိုကား။ ။ပရိယတ္တိနူခေါ သာသနသမူလံ။ဥဒါဟုပဋိပတ္တိ ဝိစသည်ဖြင့်အဋ္ဌကထာတို့၌ပြဆိုသည်။ ။သာသနဿ။သာသနာတော်၏။ ပရိယတ္တိ။ပရိယတ်သည်။ မူလံနုခေါ၊အကြောင်းရင်းဖြစ်သလော။ဥဒါဟု။ထိုသို့မဟုတ်။ပဋိပတ္တိ။ပဋိပတ်သည်။မူလံနုခေါ။အကြောင်းရင်းဖြစ်သလော။ဣတိ။ဤသို့။ ကထာ။ ပြောဆိုကြသောစကားသည်။ဥဒပါဒိ။ထင်ရှားဖြစ်၏။ပံသုကူလိကတ္ထေရာ။ပံသုကူလတင်ကိုဆောင်ကုန်သောမထေရ်တို့က။ပဋိပတ္တိမူလန္တိ။ ပဋိပတ်သည်သာလျှင်သာသနာ၏မူလအကြောင်းရင်းဟူ၍။ အာဟံသု။ ဆိုကြကုန်၏။ဓမ္မကထိကာ။ဓမ္မကထိကမထေရ်တို့က။ ပရိယတ္တိ ဝိတိ။ ပရိယတ်သည်သာသနာတော်၏အကြောင်းရင်းမူလဟူ၍။အာဟု။ ဆိုကြကုန်၏။ အထတသ္မိံ ကာလေ။ ထိုအခါ၌။ နေ။ ထိုပြောဆိုကြကုန်သော ပံသုကူလိကမထေ ၊ဓမ္မကထိကမထေ ၊တို့ကို။ထေရာ။မထေ ကြီးတို့က၊ တုမှာကံ ဒွိန္နံပိဇနာနံ။သင်တို့နှစ်ဦးသားတို့၏လည်း၊ဝစနမတ္တေမေဝ။ပြောဆိုသောစကားမျှကိုသာလျှင်။နကရောမ။ ငါတို့မလိုက်နာကြကုန်။ ဇိနဘာသိတံ။ဘုရားဟောဖြစ်သော။သုတ္တံ။ပါဠိကို။အာဟရထ၊ဆောင်ကြကုန်ဦးလော ဣတိ။ဤသို့။အာဟံသု၊ဆိုကြကုန်၏၊သုတ္တံ။ပါဠိကို။ အာဟရိတုံ။ဆောင်ခြင်းငှါ၊နဂရု။အကျွန်ုပ်တို့ဝန်မလေးပါကုန်၊ဣတိ၊ဤသို့။ဝတွာ။ ဆိုကုန်၍။ ဣမေသဝေသုဘဒ္ဒဘိက္ခု။သမ္မာဝိဟရေယျုံ။လ၊ ပဋိပတ္တိသာဓကံပဋိပတ္တိယံဘိဋ္ဌတိဘိ၊ တိဋ္ဌတိဟူ၍။အာဟရိံသု။ ပံသုကူလိကမထေရ်တို့ကဆောင်ကြကုန်၏။ ။သုဘဒ္ဒ၊သုဘဒ္ဒ။ဣမေဘိက္ခူ။ဤရဟန်းတို့သည်။သမ္မာ၊ကောင်းစွာ။ သစေဝိဟရေယျုံ။ အကယ်၍သီလသိက္ခာသမထဝိပဿနာဖြင့်နေကြကုန်ငြားအံ့။ဧဝံ။ဤသို့နေကုန်သည်ရှိသော်။လောကော။ သတ္တလောကသြကာသလောကသည်၊အရဟန္တေဟိ၊ ရဟန္တာပုဂ္ဂိုလ်တို့မှ။ အသုညော။ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။ ဣတိ။ဤသို့၊ဝဒန္တိ။

ဒိုကြကုန်၏။ မဟာရာဇ။ မင်းမြတ်။ သဗ္ဗညုသာသနံ။ မြတ်စွာဘုရား၏ သာသနာတော်သည်။ပဋိပတ္တိမူလကံ။ပဋိပတ်လျှင်အကြောင်းရင်းရှိ၏။ သဗ္ဗညုသာသနံ။ မြတ်စွာဘုရား၏ သာသနာတော်ကို။ ပဋိပတ္တိသာဓကံ။ ပဋိပတ်သည်။ပြီးစေတတ်၏။ပဋိပတ္တိယံ။ပဋိပတ်၌။တိဋ္ဌတိ။တည်၏။ ။ တံဝစနံ။ထိုပံသုကူလိကမထေရ်တို့၏စကားကို။ သုတွာ။ ကြားကြကုန်၍။ဓမ္မကထိကာ။ ဓမ္မကထိကပုဂ္ဂိုလ်တို့က။ အတ္တနော။မိမိ၏။ ဝါဒဋ္ဌပနတ္ထာယ။ အယူဝါဒကိုထားခြင်းငှါ။ ယာဝ တိဋ္ဌန္တိ သုတ္တန္တာ။သ။ယောဂက္ခေမောဓံသတိတိ။ ယောဂက္ခေမာဓံသတိ ဟူသော။ ဍုမံသုတ္တံ။ ဤပါဠိကို။အာဟရိံသု။ ဆောင်ကြကုန်၏။သုတ္တန္တာ။ သုတ်အဘိ ဓမ္မာတို့သည်။ယာဝ အကြင်မျှလောက်။တိဋ္ဌန္တိ။တည်ကုန်၏။ဝိနယော။ဝိနည်းပိဋကတ်သည်။ယာဝ။အကြင်မျှလောက်။ဒိပ္ပတိ။တောက်ပ၏။တာဝ။ထိုမျှလောက်။သုရိယော။နေသည်။အဗ္ဘုဂ္ဂတော။တက်လတ်သည်ရှိသော်။ အာလောကံ။အလင်းကို။ဒက္ခန္တိယထ ။မြင်ကြရကုန်သကဲ့သို့။တထာ၊ထိုအတူ။အာလောကံ၊ကုသိုလ်အကုသိုလ်မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အလင်းကို။ဒက္ခန္တိ။မြင်ကြရကုန်၏။ ။သုတ္တန္တေသု၊သုတ်အဘိဓမ္မာပါဠိဓမ္မာတို့သည်၊အသန္တေသု၊မရှိကုန်သော်ရင်း။ ဝိနယမှိ၊ဝိနည်းပိဋကတ်သည်။ပနဋ္ဌေ၊ ပျောက်ပျက်သော်ရင်း။သူရိယော။နေသည်။ အတ္ထင်္ဂတေ။ ဝင်လတ်သည်ရှိသော်။ လောကေ။ဩကာသလောက၌။ တမော။အမိုက်တိုက်သည်။ ဘဝိဿတိယထာ။ ဖြစ်လတ္တံ့သကဲ့သို့၊တထာ။ ထိုအတူ။ လောကေ၊သတ္တလောက၌။တမော။ အမိုက်တိုက်သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ ။သန္တေ။ထင်ရှားရှိသော၊သုတ္တန္တေ။သုတ်အဘိဓမ္မာဝိနည်းကို။ ရက္ခိတေ။စောင့်ရှောက်အပ်သည်ရှိသော်။ပဋိပတ္တိ။ပဋိပတ်ကို၊ရက္ခိတာ။ စောင့်ရှောက်အပ်သည်။ ဟောတိ။ဖြစ်၏။ပဋိပတ္တိယံ။ပဋိပတ်၌။ ဌိတော။ တည်သော။ဓီရော။ ပညာရှိသည်။ယောဂက္ခေမံ။ ယောဂ၏ကုန်ရာဖြစ်သော။အရဟတ္တမဂ်အရဟတ္တဖိုလ်ကို။အဓံသတိ။မပျက်စီးသေး။ဍုမသွိ' သုတ္တံ။ဤသုတ်ကို။ အာဟရိံသု။ ဆောင်အပ်သည်ရှိသော်။ပံသုကူလိယတ္ထေရာ။ ပံသုကူလိကမထေရ်တို့သည်။ တုဏှီ။ ဆိတ်ဆိတ်နေကုန်သည်။အဟာသုံ။ ဖြစ်ကုန်ပြီ။ဓမ္မကထိကထေရာနံယေဝ။ ဓမ္မကထိကမထေရ်တို့၏သာလျှင်။ ဝစနံ။စကားကို၊ပုရတော။ ရှေ့မှ။အဟောသိ။ဖြစ်ပြီ။ ။ဟိတံပါကဋံ ကရောမိ၊ထိုစကားကိုထင်စွာပြုဦးအံ့။ဂဝသတ

သာဝါ။အရာသောနွားဖြူ၏ရင်း၊ ဂဝသဟာသာဝါ။ အထောင်သောနွား၏
ရင်း။အန္တရေ၊ အတွင်း၌။ပဝေဏိပါဠိကာယ။ အစည်အဆက်ကိုစောင့်
ရှောက်တတ်သော။ဓေနုယာ။နွားမသည်၊အသတိ။မရှိသည်ရှိသော်။သော
ဝံသော။ထိုနွား၏အနွယ်သည်။သာပဝေဏိ။ထိုနွားတို့၏ အဆက်ဆက်
သည်။ နသန္တိယတိယထာ။ မစပ်မဆက်သကဲ့သို့။ ဧဝမေဝ။ ဤအတူ
သာလျှင်။ အာရဒ္ဓဝိပဿကာနံ။အားထုတ်အပ်သော ဝိပဿနာရှိကုန်
သော။ဘိက္ခုနံ။ရဟန်းတို့၏။သတော။အရာသည်။ဝိဇ္ဇမာနေပိ။ရှိသော်ရင်း။
သဟာသော။ အထောင်သည်။ဝိဇ္ဇမာနေပိ။ရှိသော်ရင်း။ ပရိယတ္တိယာ။ပရိ
ယတ်သည်။ အသတိ။မရှိသည်ရှိသော်။ အရိယမဂ္ဂပဋိဝေဓောနာမ။အရိ
ယမဂ်ကိုထိုးထွင်း၍သိခြင်းမည်သည်။ နဟောတိ။ မဖြစ်နိုင်။နိဓိကုမ္ဘိ
ယာ။မြေ၌မြှုပ်ထားအပ်သောရွှေအိုးကို။ဇာနနတ္ထာယ။ သိစေခြင်းငှါ။ပါ
သါဏပိဋ္ဌေ။ကျောက်ဖျာအပြင်၌။အက္ခရေသု။အက္ခရာတို့ကို။ထပိတေသု။
ရေးထု၍ထားအပ်ကုန်သည်ရှိသော်။ယာဝ။အကြင်မျှလောက်။ အက္ခရာနိ။
ကျောက်အက္ခရာတို့သည်။ ဓရန္တိ။ထင်ရှားစွာရှိကုန်၏။ တာဝ။ ထိုမျှ
လောက်။နိဓိကုမ္ဘိယော။မြေ၌မြှုပ်ထားအပ်သောရွှေအိုးတို့သည်။ နဋ္ဌာ
နာမ။ပျောက်ပျက်သည်မည်သည်ကုန်။ နဟောန္တိယထာ။ မဖြစ်ကုန်သကဲ့
သို့။ဧဝမေဝ။ ဤအတူ။ပရိယတ္တိယာ။ပရိယတ်သည်။ဓရမာနာယ။ ထင်
ရှားရှိသည်ရှိသော်။ သာသနံ။သာသနာတော်သည်။ အန္တရဟိတံနာမ။
ကွယ်ပျောက်သည်မည်သည်။နဟောတိ။မဖြစ်။ ။ဤသို့ပြဆိုကဲ့သော
စကားလတ်သဘောဖြစ်ခြင်းစသောစကားရပ်သည်ကား။ ဇွန်အင်္ဂလိ
အဋ္ဌကထါ၌သာသည် ဤပရိယတ္တိဓမ္မကိုပြုပြသကုန်သောမထေရ်ကြီး
တို့၏အားထုတ်ခြင်းဖြင့်ရင်း။သင်ခြင်းနာခြင်းသရဇ္ဈာယ်ခြင်းကိုအားထုပ်
ကုန်သောဇာတ်ကုပ္ပန္နအာစရိယကုလပုတ္တတို့ဖြင့်ရင်း။ များဖြင်ပေါ်ရယ်
သည်ဖြစ်၍ပရိယတ္တိသည်ပင်စဉ်ပျံ့ပြောလင့်ကစား။ရဟန်းယောကျ်ားရ
ဟန်းမိန်းမဒါယကာယောကျ်ားဒါယိကာမိန်းမတို့သည်။ ဘုရားကိုမရှိ
သေခြင်း။ တရားကိုမရှိသေခြင်း၊သံဃာကိုမရှိသေခြင်း။ သိက္ခာကိုမရှိ
သေခြင်း။အချင်းချင်းမရှိသေခြင်း။ ဤအကြောင်းတရားငါးပါးဟုဆိုအပ်
သော။ဂါရဝဘရားတို့သည်ကင်းလတ်သည်ရှိသော်သာသနာတော်
ကွယ်ပျောက်ရာသည် ထိုကြောင့်နိဒါနဝဂ္ဂကဿပသံယုတ်ပါဠိပဋ္ဌက
အင်္ဂုတ္တိုရ်ပါဠိတို့၌။ ။ဇာခတိမိလတထာဂတေ ပရိနိဗ္ဗုတေစသည်ဖြင့်။

ဟောတော်မူသည်။ သံယုတ်ပါဠိကားရှင်မဟာ ကဿပကိုအကြောင်း
ပြု၍ဟောတော်မူသည်။ ။ကိမိလ၊ကိမိလ။ဣဓ။ဤငါဘုရားသာသနာ
တော်၌။ဘိက္ခူ။ ရဟန်းယောကျ်ားတို့သည်ငှင်း။ဘိက္ခုနိယော။ ရဟန်း
မိန်းမတို့သည်ငှင်း။ဥပါသကာ။ ဒါယကာယောကျ်ားတို့သည်ငှင်း။ ဥပါ
သိကာယော။ဒါယိကာမမိန်းမတို့သည်ငှင်း၊သတ္ထရိ။ငါဘုရား၌၊အဂါရ
ဝါ။ ရိုသေခြင်းမရှိကုန်သည်ဖြစ်၍၊အပ္ပတိဿာ။ ကျိုးနွံ တုံ့ဝင်ခြင်းမရှိ
ကြကုန်သည်ဖြစ်၍၊ဝိဟရန္တိ။နေကြကုန်၏။ ဓမ္မေ။တရားတော်၌။ အဂါ
ရဝါ။ရိုသေခြင်းမရှိကြကုန်သည်ဖြစ်၍ အပ္ပတိဿာ၊ကျိုးနွံ တုံ့ ဝင်ခြင်းမ
ရှိကြကုန်သည်ဖြစ်၍။ ဝိဟာရန္တိ။နေကြကုန်၏။သံဃေ။ သံဃာတော်၌။
အဂါရဝါ။ရိုသေခြင်းမရှိကြကုန်သည်ဖြစ်၍။ အပ္ပတိဿာ။ ကျိုးနွံ တုပ်
ဝပ်ခြင်း မရှိကြကုန်သည်ဖြစ်၍။ ဝိဟာရန္တိ။ နေကြကုန်၏။ သိက္ခာယ။
သိက္ခာ၌။အဂါရဝါ။ ရိုသေခြင်းမရှိကြကုန်သည်ဖြစ်၍။အပ္ပတိဿာ။ကျိုး
နွံ တုပ်ဝပ်ခြင်းမရှိကြကုန်သည်ဖြစ်၍။ဝိဟာရန္တိ။နေကြကုန်၏။ အညမ
ညံ။အချင်းချင်း။အဂါရဝါ။ရိုသေခြင်းမရှိကြကုန်သည်ဖြစ်၍။အပ္ပတိဿာ။
ကျိုးနွံ တုပ်ဝပ်ခြင်းမရှိကြကုန်သည်ဖြစ်၍။ဝိဟာရန္တိ။နေကြကုန်၏။ ။
ယောနကာရဏေန၊အကြင်ဂါရဝတရားတို့၏။မရှိခြင်းတည်းဟူသော
အကြောင်းကြောင့်၊တထာဂတေ။ငါဘုရားသည်။ပရိနိဗ္ဗုတေ။ပရိနိဗ္ဗာန်
စံယူတော်မူပြီးသည်ရှိသော်။သဒ္ဓမ္မော။ပရိယတ္တိသဒ္ဓမ္မပဋိပတ္တိသဒ္ဓမ္မပဋိဝေ
ဓသဒ္ဓမ္မသည်။စိရဋ္ဌိတော။ကြာမြင့်စွာတည်ခြင်းရှိသည်၊နဟောတိ။မဖြစ်။
ကိမိလ။ကိမိလ။အယံခေါ။အယံဧဝ။ဤဂါရဝတရားတို့၏မရှိခြင်းသည်
သာလျှင်၊ဟေတု။ သာသနာတော်၏အရှည်မတည်ခြင်း၏ အကြောင်း
တည်း။အယံ။ ဤဂါရဝတရားတို့မရှိခြင်းသည်။ ပစ္စယော။ သာသနာ
ကွယ်ခြင်း၏။အထောက်အပံ့တည်း၊ ။ထိုသို့မဟုတ်ဘုရား၌ရိုသေခြင်း
တရား၌ရိုသေခြင်းစသော ဂါရဝတရားတို့သည်ပေါများလတ်မူကား။
ငါဘုရား၏ သာသနာတော်သည် ရှည်မြင့်စွာ တည်ရာသည်။ ထိုအ
ကြောင်းကိုသည်း၊ ။ဣဓကိမိလတထာဂတေပရိနိဗ္ဗုတေအစရှိသည်
ဖြင့် ဤပဉ္စကအင်္ဂုတ္တိုရ်ပါဠိ၌ပင်ဟောတော်မူသည်။ ဤသာသနာတော်
ကွယ်ခြင်း၏အကြောင်းအဂါရဝတရားငါးပါးတို့၏ သဘောကိုလည်း။
ဤသုတ်၏ အဘွင့်အင်္ဂုတ္တိုရ်အဋ္ဌကထာ၌၊ ။ဘဂ္ဂစေတိယင်္ဂဏာ
ဒိသုဆတ္တံ ခါရေတွာအစရှိသည်ဖြင့်၊ဖွင့်ဆိုသည်။ ။ဘဂ္ဂ၊ထိုငါးပါး

သောအင်္ဂါရဝတရားတို့တွင်။စေတိယင်္ဂဏာဒိသု။ စေတီယင်ပြင်အစရှိသည်တို့၌၊ဆတ္တုံဓာရေဝဝါ။ ထီးဆောင်း၍၎င်း။ ဥပါဟနာအာရုယှဝါ။ ဘိနပ်စီး၍၎င်း။စရန္တော။သွားလာသည်။ဟုတ္တာ။ ဖြစ်၍။ နာနပ္ပကာရံ။အထူးထူးအပြားပြားသော။နိရတ္ထကကထံ့၊အကျိုးမရှိသောစကားကို၎င်း။ ကထေန္တော။ပြောဆိုသောသူသည်။ သတ္ထုရို၊မြတ်စွာဘုရား၌။ အဂါရဝေါ။ရိုသေခြင်းမရှိသည်ဖြစ်၍။ဝိဟာရတိနာမ။ နေသည်မည်၏။ ဓမ္မသဝနင္ဂေပန။တရားနာအစည်းအဝေး၌။ နိသိဒိတွာ။နေ၍။ နိဒ္ဒါယန္တောဝေ။ ငိုက်မည်း၍နေသောသူသည်၎င်း။ နာနပ္ပကာရံ။ အထူးထူး အပြားပြားသော။နိယတ္ထကကထံ။ အကျိုးမရှိသောစကားကို။ ကထေန္တောဝ။ပြောဆို၍နေသောသူသည်၎င်း။ဓမ္မေ။တရားတော်၌။ အဂါရဝေါ။ရိုသေခြင်းမရှိသည်ဖြစ်၍။ဝိဟာရတိနာမ။နေသည်မည်၏။ သံဃမဇ္ဈေ၊ သံဃာ၏အလယ်၌။ဗာဟာ။ လက်ရုံးလက်မောင်းတို့ကို၊ ဝိက္ခေပကာ။ ချီမြှောက်ဆန့်တန်း၍။နာနပ္ပကာရံ။အထူးထူးအပြားပြားသောစကားကို။ ကရောန္တော။ ပြောဆိုသောသူသည်၎င်း။ ထေရနဝမဇ္ဈိမေသု။ မထေရ်ကြီး မထေရ်ငယ်မထေရ်လတ်တို့၌။စိတ္တိကာရံ။အရိုအသေပြုခြင်းကို။ အကရောန္တောဝ။မပြုသောသူသည်၎င်း။သံဃေ။ သံဃာတော်၌။အဂါရဝေါ။ ရိုသေခြင်းမရှိသည်ဖြစ်၍။ဝိဟာရတိနာမ။နေသည်မည်၏၊သိက္ခံ။သိက္ခာကို။ အပရိပူရေန္တော၊မဖြည့်သောပုဂ္ဂိုလ်သည်။ သိက္ခာယ။ သိက္ခာ၌။ အဂါရဝေါ၊ရိုသေခြင်းမရှိသည်ဖြစ်၍။ ဝိဟာရတိနာမ။ နေသည်မည်၏၊အညမညံ။အချင်းချင်း။ ကလဟာဘဏ္ဍနာဒိနို။ ခိုက်ရန်ဖြစ်ခြင်းအစရှိသည်တို့ကို။ ကရောန္တော။ပြုသောသူသည်၊အညမညံ။အချင်းချင်း၊အဂါရဝေါ ရိုသေခြင်း မရှိကြသည်ဖြစ်၍။ဝိဟာရတိနာမ။နေသည်မည်၏။ ။ဤသို့ပါဠိအဋ္ဌကထာတို့၌လာသောသာသနာကွယ်ခြင်း၏အကြောင်းဖြစ်သော ဘုရားတရားသံဃာသိက္ခာအချင်းချင်းတို့၌မရိုသေခြင်းတည်းဟူသော အဂဒအဂါရဝတရားတို့ကို ရဟန်းရှင်လူတို့၌မရှိလှင်းအောင် စောင်မကြည့်ရှုတော်မူရာသည်၊ သာသနာတော်တည်ခြင်း၏အကြောင်းဖြစ်သော ဂရုဂါရဝတရားတို့၏ပွါးများထင်ရှားအောင်လည်းစောင်မကြည့်ရှုတော်မူအပ်သည်။ ။ထိုအတူသတ္တအင်္ဂုတ္တိုရ်ပါဠိ၌လည်း။ ကိမိလမထေရ်၏လျှောက်ထားတောင်းပန်ခြင်းကိုအချင်းပြု၍၊ ငါဘုရားပရိနိဗ္ဗာန်စံပယူတော်မူပြီးသည်မှနောက်ကာလ၌၊ရဟန်းယောကျ်ား ရဟန်းမိန်းမ။ ဒါယကာ

ယောက်ျားဒါယိကာမဓိန်းမတို့သည်။ငါ့ဘုရားကိုရင်း။ ငါ့ဘုရားဟောကြားတော်မူအပ်သောတရားတော်ကိုရင်း၊သံဃာတော်ကိုရင်း၊ သိက္ခာပုဒ်ကိုရင်း၊သမ္မာဓိတရားကိုရင်း။ အပ္ပမာဒတရားကိုရင်း၊ အချင်းချင်းအာမိသပဋိသန္တာရဓမ္မပဋိသန္တာရပြုခြင်းကိုရင်း။မရိုသေခြင်းတည်းဟူသောအဂါရဝတရားတို့သည် ပေါများလတ်သည်ရှိသော်။ငါဘုရား၏သာသနာတော်သည်ရှည်မြင့်စွာမတည်ရာ၊ ပျောက်ပျက်ထိမ်မြုတ်ခြင်းသို့သာရောက်ရာသည်။ ဤခုနစ်ပါးသောတရားတို့ကို ရိုသေစွာဆောင်ရွက်လျှင်၊ငါဘုရား၏သာသနာတော်သည် ရှည်မြင့်စွာတည်ရာသည်။ ဤသို့ဟောတော်မူသည်။ ။ထိုသို့ဟောတော်မူသည်ဖြစ်၍။ ဤတရားခုနစ်ပါးတို့၌ရိုသေစွာကျင့်ခြင်းတည်းဟူသောဂါရဝတရားကိုလည်း၊ လူရှင်ရဟန်းတို့၌ဖြစ်ပွါးအောင်အားထုတ်တော်မူအပ်သည်။ ဤဂါရဝတရားပွါးစီးသည်ရှိသော်။သာသနာတော်၏ရှည်မြင့်စွာတည်ခြင်း။တိုင်းနေနိုင်ငံသူလူရှင်အများတို့၏အကျိုးစီးပွါးပေါများခြင်းတို့သည် ဖြစ်ကုန်သည်ဖြစ်၍။နတ်ရွာမဂ်ဖိုလ်တည်းဟူသောအကျိုးသည်။ ဖွံ့ဖြိုးပွါးစီးရာသည်သာဖြစ်သည်။ထိုမှတပါးလည်း။ ကာလသုံးပါးတို့၌အပိတ်အပင်မရှိသိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ အနာဂတ်၌ဖြစ်ရာသောအခြင်းအရာကိုမြော်လင့်ကြည့်ရှုလတ်သော်။ငါတို့ဘုရား၏သာသနာတော်၌။ ကေသာလောမာအစရှိသောကောဋ္ဌာသအရကိုရှုဆင်ခြင်ခြင်းတည်းဟူသော ကာယဂတာသတိဘာဝနာကိုပွါးများကုန်သောရဟန်းတို့သည်ရင်း။စတုပါရိသုဒ္ဓိသီလကို မစောင့်ရှောက်ကုန်သောရဟန်းတို့သည်ရင်း။ပထဝီကသိုဏ်းအစရှိသည်တို့၌သမထကိုမပွါးသောရဟန်းတို့သည်ရင်း။ဝိပဿနာကိုမပွါးကုန်သောရဟန်းတို့သည်ရင်းဖြစ်လာကုန်လတ္တံ့။ထိုရဟန်းတို့သည်ကာယဂတာသတိကိုပွါးခြင်းအစရှိသည်ကိုအားမထုတ်ကုန်ဘဲ၊ ဥပဇ္ဈာယ်ပြု၍ရဟန်းသာမဏေတို့ကိုများစွာမွေး၍ အလုပ်အကျွေးကို ခံကြရကုန်လတ္တံ့။ ထိုများစွာသောရဟန်းသာမဏေတို့ကိုသိက္ခာပုဒ်တော်နှင့်အညီဆုံးမခြင်းဩဝါဒပေးခြင်း။ပါဠိအဋ္ဌကထာကိုချခြင်းတို့ကိုမပြုမူ၍။ လျစ်လျူရှု၍သာ နေကြကုန်လတ္တံ့။ ထိုဆရာ၏တပည့်အဆက်ဆက်တို့သည်လည်း။ ထိုပုဂ္ဂိုလ်တို့နှင့်အတူကျင့်ကြံနေထိုင်ကြကုန်လတ္တံ့။ဤသို့ကျင့်ကြံကုန်သည်ရှိသော်။သုတ်အဘိဓမ္မာပိဋကတ်တို့သည် ပျက်စီးကုန်လတ္တံ့။ သုတ်အဘိဓမ္မာ ပျက်စီး

ကုန်သည်ရှိသော်၊ဝိနည်းဒေသနာတော်သည်ပျက်စီးလတ္တံ့။ ဤသို့ဘေး
ရန်သည်ငါ၏သာသနာတော်၌ဖြစ်လါလတ္တံ့။ဤသို့သောဘေးရန်ကိုသင်
ချစ်သားတို့ မဆွစွာသိအောင်ပြုတတ်ကုန်သည်။ မဆွစွာသိလင့်၍ ထို
ဘေးရန်ကိုဆီးတားပိတ်ပင်ခြင်းငှါလွှန်မင်းစွာအားထုတ်အင်ကုန်သည်။
ဤသို့ဘုရားသခင်သည်အနာဂါတ်ကိုမြော်လင့်တော်မူလတ်၍။ ကြောင့်
ကြစိုးရိမ်ခြင်းရှိတော်မူလေရကား။ဘပြည့်သားရဟန်းတို့ကိုတိုက်တွန်း
နိူးဆော်တော်မူသည်။ ။တိုက်တွန်းနိူးဆော်တော်မူသောစကားရပ်
ကား။ ။ဘိက္ခဝေ။ရဟန်းတို့။အနာဂတံ။လာလတ္တံ့သော။ အဒ္ဓါနံ။ကာ
လ၌။အဘာဝိတကာယာ။ မပွါးအပ်သောကာယဂတာသတိကမ္မဋ္ဌာန်းရှိ
ကုန်သော။အဘာဝိတသီလာ။မပွါးအပ်သော။ စတုပါရိသုဒ္ဓိသီလရှိကုန်
သော။အဘာဝိတစိတ္တာ။မပွါးအပ်သောသမာဓိရှိကုန်သော။ အဘာဝိ
တပညာ။မပွါးအပ်သောဝိပဿနာပညာရှိကုန်သော၊ဘိက္ခူ။အါးမထုတ်
သောရဟန်းတို့သည်၊ဘဝိဿန္တိ၊ဖြစ်ကြကုန်လတ္တံ့။ တေဘိက္ခူ။ ထိုရ
ဟန်းတို့သည်။ အဘာဝိတကာယာ။ ကာယဂတာသတိကို မပွါးကုန်
သည်။အဘာဝိတသီလာ။စတုပါရိသုဒ္ဓိသီလကိုမပွါးကုန်သည်။ အဘာ
ဝိတစိတ္တာ။သမာဓိကိုမပွါးကုန်သည်။အဘာဝိတပညာ။ဝိပဿနာပညာ
ကိုမပွါးကုန်သည်။ သမာနာ။ဖြစ်ကုန်လျက်။ အညေ။တပါးသောသူတို့
ကို။ဥပသမ္ပါဒေဿန္တိ။ဥပဇ္ဈာယ်ပြု၍ပဉ္စင်းခံကြကုန်လတ္တံ့။တေပိ။ထိုအ
သင်သောပဉ္စင်းတို့ကိုလည်း။ အဓိသီလေ။ အဓိသီလသိက္ခာ၌၎င်း။ အဓိ
စိတ္တေ။အဓိစိတ္တသိက္ခာ၌၎င်း။အဓိပညာယံ။ အဓိပညာသိက္ခာ၌၎င်း။ ဝိနေ
တုံ။ဆုံးမခြင်းငှါ။နသက္ခိဿန္တိ။မစွမ်းနိုင်ကြကုန်လတ္တံ့။ တေပိ။ ထိုတ
ပည့်ဖြစ်သော သူတို့သည်လည်း၊ အဘာဝိတကာယာ။ မပွါးအပ်သော
ကာယဂတာသတိကမ္မဋ္ဌာန်းရှိကုန်သည်။ အဘာဝိတသီလာ။ မပွါးအပ်
သောစတုပါရိသုဒ္ဓိသီလရှိကုန်သည်။ အဘာဝိတစိတ္တာ။မပွါးအပ်သော
သမာဓိရှိကုန်သည်။ အဘာဝိတပညာ။မပွါးအပ်သောဝိပဿနာပညာရှိ
ကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။တေပိ။ထိုတပည့်ဖြစ်သောသူတို့
သည်လည်း။အဘာဝိတကာယာ။ကာယဂတာသတိကိုမပွါးကုန်သည်။
အဘာဝိတသီလာ။စတုပါရိသုဒ္ဓိသီလကိုမပွါးကုန်သည်။ အဘာဝိတ
စိတ္တာ။သမာဓိကိုမပွါးကုန်သည်။အဘာဝိတပညာ။ ဝိပဿနာပညာကို
မပွါးကုန်သည်။သမာနာ။ဖြစ်ကုန်လျက်။အညေ။ တပါးကုန်သောအမျိုး

သားတို့ကို။ဥပသမ္ပါဒေသသည်။ဥပဇ္ဈာယ်ပြု၍ပဉ္စင်းခံ ပြန်ကြကုန်လတ္တံ့။ တေပိ။ထိုဒုတိယဆရာတို့သည်လည်း။ အဓိသီလေ။ အဓိသီလသိက္ခာ၌ ၎င်း။အဓိစိတ္တေ။အဓိစိတ္တသိက္ခာ၌၎င်း။ အဓိပညာယ။အဓိပညာသိက္ခာ၌ ၎င်း။ဝိနေတုံ။ဆုံးမခြင်းငှါ။နသက္ခိသန္တိ။မစွမ်းနိုင်ကြကုန်လတ္တံ့။ တေပိ။ထိုနှစ်ဆက်မြောက်သောတပည့်တို့သည်လည်း။ အဘာဝိတကာယာ။ မပွါးအပ်သောကာယဂတာသတိကမ္မဋ္ဌာန်းရှိကုန်သည်။အဘာဝိတသီလာ။မပွါးအပ်သောစတုပါရိသုဒ္ဓိသီလရှိကုန်သည်။ အဘာဝိတစိတ္တာ။မပွါးအပ်သောသမာဓိရှိကုန်သည်။ အဘာဝိတပညာ။ မပွါးအပ်သောဝိပဿနာပညာရှိကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ။ရဟန်းတို့။ဣတိခေါ။ဤသို့လျှင်။ ဓမ္မသန္ဒောသာ။ သုတ်အဘိဓမ္မာ၏ပျက်စီးခြင်းကြောင့်။ဝိနယသန္ဒောသော ဝိနည်း၏ပျက်စီးခြင်းသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ဝိနယသန္ဒောသာ။ဝိနည်း၏ပျက်စီးခြင်းကြောင့်။ဓမ္မသန္ဒောသော။ သုတ်အဘိဓမ္မာ၏ပျက်စီးခြင်းသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ဘိက္ခဝေ။ရဟန်းတို့။ဣဒံ။ဤသည်လျှင်။ပဌမံ။မရောက်သေးသော။ အနာဂတဘယံ။ လာလတ္တံ့သောသာသနာတော်၏ဘေးရန်တည်း။တေရဟိ။ ယခုအခါ၌။အသမုပ္ပန္နံ။မဖြစ်သေး။အာယတိံ။နောင်အခါ၌။ဥပ္ပဇ္ဇိဿတိ။ဖြစ်လတ္တံ့။တံ။ ထိုသာလတ္တံ့သောဘေးရန်ကို။ဝေါ၊တုမှာကံ။ သင်ချစ်သားတို့သည်။ပဋိဗုဇ္ဈိတဗ္ဗံ။မဆွစွာကသိလင့်အင်၏။ပဋိဗုဇ္ဈိတွာစ။သိအောင်ပြုပြီး၍လည်း။ တဿ ဘယဿ။ထိုဘေးရန်ကို။ပဟာနာယ။ပယ်ခြင်းငှါ။ ဝါယမိတဗ္ဗံ။ အားထုတ်အင်၏။ ။ဤသို့အစရှိသည်တည်း။ ။ပဉ္စကအင်္ဂုတ္တိုရ်ပါဠိ။ ။ ဤသို့ဟောတော်မူအပ်သော ဒေသနာတော်ကိုသိမြင်ပြီးသော လဇ္ဇီရဟန်းကောင်းတို့သည်။ ထိုသို့သဘောရှိသောဘေးရန်ကို ပယ်ရှားတားမြစ်ခြင်းငှါလွန်မင်းစွာအားထုတ်ကုန်ရာသည်။ သင်္ဃာတော်တို့နှင့်တကွမျှသောချမ်းသာခြင်းရှိခြင်းအစရှိသောဓိလိန္ဒပညာ၌လာသော ဆယ်ပါးသောအင်္ဂါနှင့်ပြည့်စုံသောသာသနာတော်၌ကြိုက်ကြိုကုန်သော သာသနာကိုပြုကုန်သောသာသနာတော်ကို စောင့်ရှောက်ကုန်သော ရေမြေသခင်မင်းပြည့်ရှင်မင်းတို့သည်လည်း။ သာသနာတော်၌ကြောင့်ကြစိုက်ခြင်းကိုဖြစ်စေလျက်။ထိုသို့သဘောရှိသော သာသနာတော်၏ဘေးရန်တို့ကို ဆီးတားပိတ်ပင်ခြင်းငှါ။ သာသနာပြုတို့သည်လည်း လွန်မင်းစွာ အားထုတ်ကုန်ရာသည်။ ။ထိုမှတပါးအနာဂါတ်၌ဖြစ်ရာသော သာသနာ

တော်၏ဘေးရန်ကိုလည်း။ထေရဂါထာပါဠိ၌လာသည်။ ။လာသည်ကား။ ငါတို့ဘုရားလက်ထက်တော်၌တဦးသော မလ္လလိကမင်း၏သားတော်ဖြစ်သော ဖုဿအမည်ရှိသောမင်းသားသည်။ မင်းသားတကာတို့၏တတ်ကောင်းရာရာသောလောကီအတတ်တို့၏ ကမ်းတဘက်သို့ရောက်ပြီး၍ ရှေးရှေးသောဘဝတို့၌ဖြည့်ဆည်းဘူးခဲ့သော ကုသိုလ်ကံသမ္ဘာရအဆောက်အဦးပကတူပအကြောင်းသည်။ ထောက်ပံ့လေရကား။ ငါးပါးသောကာမဂုဏ်တို့၌ကပ်ငြိခြင်းမရှိသည်ဖြစ်၍။သာသနာတော်တွင်းသို့ဝင်ပြီးလျှင်ရဟန်းပြုလတ်သော်။ မမြင့်မကြာသမထဝိပဿနာတို့ကိုအားထုတ်၍။ ဈာန်အဘိညာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။တရံရောအခါ။ပဏ္ဍရသဂေါတ္တအမည်ရှိသော တဦးသောရသေ့သည်။ ထိုဖုဿမထေရ်၏အထံ၌တရားကိုနာလတ်၍။ ရဟန်းသင်္ဃာတို့၏ငြိမ်သက်စွာနေထိုင်ကြသည်ကိုကြည်ညိုခြင်းဖြစ်လေရကား။ နောင်သောအခါသာသနာတော်၌ရဟန်းသင်္ဃာတို့သည်။ အဘယ်သို့ကျင့်ကြကုန်လတ္တံ့နည်း။ဤသို့ရသေ့ကလျှောက်ထားလျှင်။ ကောနေ့ဥပနာဟိမက္ခိထမ္ဘိသဌာစဟုအစရှိသောစကားဖြင့်။ အနာဂါတ်ကာလ၌ရဟန်းသင်္ဃာတို့သည် ကျင့်ကြံနေထိုင်ကြလတ်သည်ကို။ ဖုဿမထေရ်ပြောဟောမိန့်ဆိုသည်။ ။ထိုဖုဿမထေရ်၏စကားရင်ကား။ ။ပဏ္ဍရသဂေါတ္တ။ပဏ္ဍရသဂေါတ္တရသေ့အနာဂတေ။ နောင်သောအခါ၌။ ကောဓနာ အချက်ထွက်တတ်သောအလေ့ရှိကုန်သောရဟန်းတို့သည်၎င်း။ ဥပနာဟိစ၊ ရန်ငြိုးဖွဲ့တတ်သော အလေ့ရှိကုန်သော၊ရဟန်းတို့သည်၎င်း။ မက္ခိစ။သူတပါးကျေးဇူးကိုချေတတ်သောအလေ့ရှိကုန်သောရဟန်းတို့သည်၎င်း၊ထမ္ဘိစ။ခိုင်မာသော အလေ့ရှိကုန်သော ရဟန်းတို့သည်၎င်း။ ဗဟူ။များစွာကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။ သဌာစ။ စဉ်းလဲ၊သောအလေ့ရှိကုန်သောရဟန်းတို့သည်လည်း။ဗဟူ၊များကုန်သည်။ ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။ဣဿုကီ။ငြူစူခြင်းနှင့်ပြည့်စုံကုန်သောရဟန်းတို့သည်။ဗဟူ။များကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။နာနာဝါဒါစ။အသီးသီးသောအယူရှိကုန်သောရဟန်းတို့သည်လည်း။ ဝါ။ အသီးသီးသောအယူနှင့် ပြည့်စုံသည်ဖြစ်၍ ငြင်းခုံကြကုန်သော ရဟန်းတို့သည်လည်း၊ဗဟူ။ များကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။ အနာဂတေ။နောင်သောအခါ၌၊ဂမ္ဘီရေ။နက်နဲစွာသော၊ဉာဏ။ သူတော်ကောင်းတို့၏

တရား၌။အညာဘမာနိနော။ မသိကုန်ဘဲလျက် သိ၏ဟူ၍ မှတ်ထင်ကုန်
သောရဟန်းတို့သည်။ တိရစ္ဆာနကထာ။ ဤမှာဘက်ကမ်း၏သဘွယ်ဖြစ်
သောအနက်သဘောတို့၌ ကျက်စားခြင်းရှိကုန်သည်။ လပနကာ။ ပေါ့
သောသဘောရှိကုန်သည်၊ဝါ။ လျှင်ပေါ့ကုန်သည်။ အာရဝမွေ။သူတော်
ကောင်း၏တရား၌အရိုအသေပြုခြင်းမှကင်းကုန်သည်။အညမညံ။ အချင်း
ချင်း။အာဂါရဝါ။ရိုသေခြင်းမရှိကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။ ။
အနာဂတေ။နောင်သောအခါ၌။လောကေ။ သတ္တလောက၌။ ဗဟုအာဒီနဝါ။များစွာသောအပြစ်တို့သည်။ဥပ္ပဇ္ဇိဿန္တိ။ ဖြစ်ကုန်လတ္တံ့။ ။သုဒေ
သိတံ။မြတ်စွာဘုရားသည်ကောင်းစွာဟောတော်မူအပ်သော။ဓမ္မံခဉ္ဇ။ ဤ
ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ပဋိဝေဓသဒ္ဓမ္မကို။ ဒုမ္မတိ။ ပညာမရှိသော
အလဇ္ဇီဒုဿီလရဟန်းတို့သည်။ကိလေသိဿန္တိ။ဖြင်ငြူးစေကုန်လတ္တံ့။
အနာဂတေ။နောင်သောအခါ၌ ဂုဏာပေတာပိ။ သီလအစရှိသောဂုဏ်မှ
ကင်းကုန်သော။ဒုဿီလအလဇ္ဇီပုဂ္ဂိုလ်တို့သည်လည်း။ အသုတာပိ။ အ
ကြားအမြင်မရှိကုန်ဘဲလျက်။သံဃမ္ဟိ၊သံဃာ၏အလယ်၌။ ဝေါဟရန္တာ။
ဝိနည်းအသုံးအဖြတ်ကိုပြောဆိုကုန်လျက်၊ဝိသာရဒါ။ ရဲရင့်ကုန်သည်။
ငါ။ကြမ်းကြုတ်စွာပြောဆိုကုန်သည်။ဗလဝန္တော။အလဇ္ဇီအပေါင်းအသင်း
တို့ဖြင့်အားရှိကုန်သည်။မုခရာ၊ ကြမ်းထမ်းသောနှုတ်လျှက်စကားရှိကုန်
သည်။ဝါ။ကြမ်းထမ်းစွာပြောဆိုလေ့ရှိကုန်သည်။ဘဝိဿန္တိ။ ဖြစ်ကုန်
လတ္တံ့။အနာဂတေ။နောင်သောအခါ၌၊ဂုဏဝန္တောပိ။ သီလသမာဓိအစ
ရှိသောဂုဏ်နှင့်ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့သည်လည်း။သံဃမ္ဟိ။ သံဃာ
၏အလယ်၌။ယထာတ္တတော။အနက်အားလျော်စွာမဘောက်မပြန်သော
အားဖြင့်။ ဝါ။ အကြောင်းအကြောင်း ဟုတ်မှန်သော အနက်အားဖြင့်။ ဝေါဟ
ရန္တာ။ပြောဆိုကုန်သည်ရှိသော်။ တေ။ ထိုသီလသမာဓိနှင့်ပြည့်စုံကုန်
သောပုဂ္ဂိုလ်တို့သည်။ဒုဗ္ဗလာ၊အားနည်းကုန်သည်။ဟိရိမနာ။ရှက်ကြောက်
သောစိတ်ရှိကြကုန်သည်။အနတ္ထိကာ။ ထိုသီလဝန္တဗဟုသုတရဟန်း
တို့၏စကားကိုအလိုမရှိကြကုန်သည်။ဘဝိဿန္တိ။ဖြစ်ကြကုန်လတ္တံ့။ ။
အနာဂတေ။ နောင်သော အခါနှိုက်၊ ဒုမ္မေဓာ။ ပညာမရှိသည် ဖြစ်၍။
အပ်သည်၊မအပ်သည်။လျော်သည်မလျော်သည်ကိုမသိကုန်သော။ အ
လဇ္ဇီဒုဿီလရဟန်းတို့သည်။ရဇတံ။ငွေကိုရင်း။ဇာတရူပဥ္စ။ ရွှေပတ္တမြား
ပုလဲစသည်ကိုရင်း။ခေတ္တံ။ လယ်ကိုရင်း။ဝတ္ထုံ။ယာကိုရင်း။ အဇေဠကံ။

ဆိတ်မြွှာ။ဆိတ်ကုလါးကိုရင်း။ဒါသိဒါသဋ္ဌ။ကျွန်မိန်းမကျွန်ယောကျ်ားကိုရင်း။သာဒိယိဿ န္တိ။သာယာနှစ်သက်၍ခံယူကြကုန်လတ္တံ့။ ။အနာဂတေ၊နောင်သောအခါ၌။ ဥဇ္ဈာနသညိနော။ သူတော်ကောင်းတို့ကိုကဲ့ရဲ့သဖြိုဟ်ပြောဆိုတတ်ကုန်သော။ ဗာလာ။ မိုက်စွာကုန်သောရဟန်းတို့သည်။သီလေသု။သီလတို့၌။ အသမာဟိတာ။ ကောင်းစွာမတည်ကုန်သည်။ဥန္နဠာ။ တက်ကြွကုန်သည်၊ပဂါ။ ဘောင်ကြဉ့်လည်သောသားငှက်တိရစ္ဆာန်တို့နှင့်အတူ။ ကလဟာဘိရတာ။ ငြင်းခုံခြင်း၌သာမွေ့လျော်ကြကုန်သည်။ဟုတွာ။ဖြစ်ကုန်၍။ဝိစရိဿ န္တိ။သွားလာနေထိုင်ကြကုန်လတ္တံ့၊ အနာဂတေ၊နောင်သောအခါ၌။ဥဒ္ဓတာစ။ ပျံ့လွင့်သောစိတ်နှင့်ပြည့်စုံသောရဟန်းတို့သည်လည်း။ဝါ။ တည်ကြည်ခြင်းမှကင်းကုန်သောရဟန်းတို့သည်လည်း။ ဘဝိဿ န္တိ။ဖြစ်ကုန်လတ္တံ့။ နီလစီဝရပါရုတာစ။မအပ်သောဆိုးရည်ဖြင့်ဆိုးကုန်သော။စိမ်းပြာသောအဆင်းရှိသောသင်္ကန်းဖြင့်ဝတ်ရုံလျက်ရေးပြင်ကနား သွားလာသော ရဟန်းတို့သည်လည်း။ဘဝိဿ န္တိ။ဖြစ်ကုန်လတ္တံ့။ ကုဟာ။ကောက်ကျစ်စည်းလဲသောရဟန်းတို့သည်ရင်း။ထဒ္ဓါ။ ခိုင်မာကြမ်းကြုတ်သောစိတ်ရှိသောရဟန်းတို့သည်ရင်း။လပါ၊ဒါယကာတို့ကိုအလိုရှိရာတောင်းပါဟူသောစကားဖြင့်ငါအား ဘိတ်ပါလော့ဟူ၍။ ပြောဆိုတတ်သော ရဟန်းတို့သည်ရင်း။သိင်္ဂီ။ဦးချိုနှင့်တူသောကိလေသာတို့နှင့်ပြည့်စုံကုန်သောရဟန်းတို့သည်ရင်း။အရိယာဝိယ။ အရိယာသူတော်ကောင်းတို့ကဲ့သို့။ကတွာ။ အရောင်ဆောင်ပြု၍။စရိဿ န္တိ။သွားလာကုန်လတ္တံ့။ ။ပဉ္စာရသဂေါတ္တာ။ပဉ္စာရသဂေါတ္တရသေ့။အနာဂတေ။နောင်သောအခါ၌။တေလသဏှေဟိ၊ဆီဖယောင်းတို့ဖြင့်ကောင်းစွာ သုတ်သိမ်းအပ်ကုန်သော။ ကေသေဟိ။ဆံပင်မုတ်ဆိတ်ကျင်စွယ်တို့ဖြင့်။စပလာ။ ကိုယ်ကိုတန်ဆာဆင်ခြင်း ပစ္စည်းပရိက္ခာရကိုတန်ဆာဆင်ခြင်းအစရှိသော လျှပ်ပေါ်ခြင်းနှင့် ယှဉ်ကုန်သောရဟန်းတို့သည်။ အဉ္ဇိတက္ခိကာ၊မျက်ရေးကွင်းသော မျက်စိရှိကုန်သည်ဖြစ်၍။ဒန္တဝဏ္ဏိကပါရုတာ။ဆင်စွယ်ရောင်ဆိုးအပ်သောသင်္ကန်းဖြင့်ဝတ်ရုံသောကိုယ်ရှိကုန်လျက်။ ရထိယာယ။ခရီးမ၌။ ဂမိဿ န္တိ။လှည့်လည်သွားလာကုန်လတ္တံ့။ ။ပဉ္စာရသဂေါတ္တာ။ပဉ္စာရသဂေါတ္တရသေ့အနာဂတေ။နောင်သောအခါ၌။ ဝိရတ္တေဟိ။ ကိလေသာမှလွတ်တော်မူကုန်ပြီးသောအရိယာပုဂ္ဂိုလ်အရှင်မြတ်တို့သည်။အဓေလကဿ ။မစက်

ဆုတ်အပ်သော။ဝါ။နှစ်သက်လေးမြတ်အပ်သော။သုရတ္တံ။ အပ်သောဆိုး
ရည်ဖြင့်ကောင်းစွာဆိုးအပ်သော။အရိယဓဇံ၊ဘုရားရဟန္တာတို့၏အလေ့
အကျင့်ဖြစ်သည်၏ အဖြစ်ကြောင့်ရဟန်းကောင်းတို့၏ တံခွန်သဘွယ်
ဖြစ်သေါ။ကသါဝံ။သင်္ကန်းကို။ဓိကုစ္ဆိသန္တာ။ငင်ဆုတ်ကြကုန်လတ္တံ့။
ဝါ။မနှစ်သက်ကြကုန်လတ္တံ့။သြဒါတေသု။ဆင်စွယ်ရောင်ဆိုးအပ်သော
သင်္ကန်းတို့သာ။သရုစ္ဆိတာ။မက်မောရုံမက်ကြကုန်သည်။ဘဝိဿန္တိ။
ဖြစ်ကြကုန်လတ္တံ့။ပဉ္စရသဂေါတ္တ။ပဉ္စရသဂေါတ္တရသေ့။အနာဂတေ။
နောင်သောအခါ၌၊လာဘကာမာ။ လာဘ်ကိုသာအလိုရှိကြကုန်သောရ
ဟန်းတို့သည်။ငါ။ လာဘ်၌သာတပ်မက်မောကုန်သောရဟန်းတို့သည်။
ကုသီတာ။ ဆွမ်းခံသောအကျင့်၌ပျင်းရိကုန်သောရန်တို့သည်။ ဟီနဝိရိ
ယာ။ရဟန်းတရားကိုအားထုတ်ခြင်းမရှိသည်အဖြစ် ဖြင့် ယုတ်လျော့သော
ဝိရိယရှိသောရဟန်းတို့သည်။ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။ဝနပတ္တာနိ။
တောကျောင်း၌နေခြင်းတို့ကို။ ပရိဘုဉ္ဇိတုံ။ သုံးဆောင်နေထိုင်ခြင်းငှါ။
ကိစ္ဆန္တာ။ပင်ပန်းသောစိတ်ရှိကြကုန်သည်။ဟုတွာ။ဖြစ်ကုန်၍။ဂါမန္တေသု။
ရွာ၏အနီးဖြစ်သေါကျောင်းရွာတံခါး၏အနီးဖြစ်သေါကျောင်းတို့၌။ဝသိ
သသရေ။နေကြကုန်လတ္တံ့။ ။ပဉ္စရသဂေါတ္တ။ပဉ္စရသဂေါတ္တရသေ့။
အနာဂတေ၊နောင်သေါအခါ၌။သဒ္ဒါ။အခါခပ်သိမ်း။မိစ္ဆာဇီဝါမိစ္ဆါဇီဝေ
န။ကျုလဒူသနအနေသနအငရှိသောယုတ်မာသော အသက်မွေးခြင်းဖြင့်။
ရတာ။ မွေ့လျော်ပျော်ပိုက်ကုန်သော။ယေယေ။ အကြင်ကြင်ဒုဿီလရ
ဟန်းတို့သည်။လာဘံ။လာဘ်ကို၊ လဘိဿန္တိ၊များစွါရကြကုန်လတ္တံ့။
ဘေဘေစ။ ထိုထိုလာဘ်များသောအလဇ္ဇိရဟန်းကြီးတို့သို့လည်း။ အနု
သိက္ခန္တာ။အတုလိုက်၍ကျင့်ကုန်သောနေ့ခံနေ့ခံသေးရဟန်းတို့သည်။အ
သံရဘာ။မစောင့်ရှောက်အပ်သောကိုယ်နှုတ်နှလုံးရှိကုန်သည်ဖြစ်၍။ဝါ။ သိ
လကိုစောင့်ရှောက်ခြင်းမှကင်းကုန်သည်ဖြစ်၍။ ဘဇိဿန္တိ။ လာဘ်ကိုဖြစ်
စေခြင်းငှါ။မင်း၏အခတ်မင်း၏ကိုယ်လုတ်မောင်းမတို့၏အထံသို့ ညယံ
ချိုးသောက် ဆည်းကပ်ရောက်ကြကုန်လတ္တံ့။ ။တဒါ။ထိုအနာဂါတ်
ကာလ၌။ယေပေသာဘိက္ခူ။ အကြင်အကြင်သီလရှိကုန်သော။ မိစ္ဆာဇီဝမှ
ကျင့်သောအားဖြင့် နည်းပါးသောလာဘ်ရှိကုန်သော ရဟန်းကောင်းတို့
သည်။လာဘံ။ သင်္ကန်းသပိတ်အစရှိသောလာဘ်ကို။ အလာဘိနော၊မရ
ကြကုန်။သော။ ထိုလာဘ်နည်းသောသီလသမာဓိရှိသော ရဟန်းတို့ကို။

ပုဇ္ဇာ။ပူဇော်အင်ချီးမွမ်းအပ်ကုန်သည်။နဘဝိဿရေ။ မဖြစ်ကုန်လတ္တံ့။
သုပေသလေ။အလွန်သီလကိုချစ်မြတ်နိုးကုန်သော။တေဓိရေပိ။ထိုပညာရှိ
သောရဟန်းကောင်းတို့ကိုလည်း။တေ။ထိုလာဘ်ကိုအလိုရှိသောရဟန်း
သာမဏေတို့သည်။တဒါ။ထိုအနာဂါတ်ကာလ၌။ နသေဝိဿန္တိ။မမှီဝဲမ
ဆည်းကပ်ကြကုန်လတ္တံ့။အနာဂတေ။နောင်သောအခါ၌။ မိလက္ခုရဇန်
ရတ္တံ။ ညောင်ချပ်ခေါက်ဆိုးရေဖြင့်ဆိုးအပ်သော။သကံ။မိမိတို့၏ဥစ္စာ
ဖြစ်သော။ဓဇံ။ သူတော်ကောင်းတို့၏တံခွန်သဘွယ်ဖြစ်သော သင်္ကန်း
ကို။ဂရဟန္တာ။ကဲ့ရဲ့ကြကုန်သည်။ဝါ။ ရှုံ့ရှာစက်ဆုတ်ကြကုန်သည်။ ဟု
တွာ။ဖြစ်ကုန်၍။ကေစိ။အချို့သောရဟန်းတို့သည်။တိတ္ထိယာနံ။ တိတ္ထိတို့
၏။ဓဇံ။ တံခွန်သဘွယ်ဖြစ်သော။အဝဒါတကံ။ဖြူသောသင်္ကန်းကို။ဓာ
ရေဿန္တိ။ ဆောင်ကြကုန်လတ္တံ့။ တဒါ။ ထိုအနာဂါတ်ကာလ၌။ တေ
သံ။ ထိုအလဇ္ဇိဒုဿီလရဟန်းတို့အား။ကာသာဝေ။ အရိယာသူတော်
ကောင်းတို့သည် သုံးဆောင်အပ်သောသင်္ကန်း၌။ အပါရဝေါစ။ ရိုသေ
ခြင်းကင်းသည်လည်း။ဘဝိဿတိ။ဖြစ်လတ္တံ့။ဘိက္ခုနံ။အလဇ္ဇိရဟန်းတို့
အား။ ကာသာဝေ၊ သင်္ကန်းနှိုက်။ပဋိသင်္ခါ ပစ္စဝေက္ခာ။ ဆင်ခြင်ခြင်း
သည်လည်း။နဘဝိဿတိ၊မဖြစ်လတ္တံ့။ ၊အနာဂတေ။နောင်သောအခါ
၌။ဒုဋ္ဌစိတ္တံ။ရာဂဒေါသအစရှိသည့်တို့ဖြင့်ပြွမ်းသောစိတ်ရှိကုန်သော။ အနာ
ဒရာ။ဘုရားသခင်တရားသံဃာတော်တို့၌ ရိုသေခြင်းဂရုဂါရဝတရားတို့
မှကင်းကုန်သော။ ဘိက္ခူစ။ အလဇ္ဇိရဟန်း ယောက်ျားတို့သည်၎င်း။
ဘိက္ခုနိယောစ။အလဇ္ဇိရဟန်းမိန်းမတို့သည်၎င်း။တာဒိနံ။ လောကဓံတ
ရားတို့၌သည်းခံခြင်းရှိကုန်သော။မေတ္တစိတ္တာနံ။မေတ္တာနှင့်ယှဉ်သောစိတ်
ရှိကုန်သော ရဟန်းကောင်းတို့ကို။နိဂ္ဂဏှိဿန္တိ။စည်းဝေးတိုင်ပင်၍နှိပ်
စက်ကြကုန်လတ္တံ့။ ၊။အနာဂတေ။နောင်သောအခါ၌။ထေရေပိ။ဆရာ
ဥပဇ္ဈာယ်ဖြစ်ကုန်သောမထေရ်ကြီးတို့သည်။စီဝရဓာရကံ။ သင်္ကန်းကို
ဝတ်ခြင်းသပိတ်ကိုဆောင်ခြင်းစသော။သေခိယ သိက္ခာပုဒ်ကို။သိက္ခာပေ
တွာပိ။ကျင့်စေအပ်ကုန်သော်လည်း။ဗာလာ။မိုက်မဲစွာကုန်သော။ပါကဋာ။
ထင်ရှားစွာ။ကာမကာရိယာ။အလိုရှိတိုင်းပြုကျင့်ကုန်သော။ ဒုမ္မေဓာ။ ပ
ညာမရှိကုန်သောရဟန်းသာမဏေတို့သည်။နသုဏိဿန္တိ။မနာယူကြ
ကုန်လတ္တံ့။အနာဂတေ။နောင်သောအခါ၌။တေဗါလာ။ထိုမိုက်မဲစွာသော
ရဟန်းသာမဏေတို့သည်။တထာ။ထိုသို့သောအခြင်းအရာဖြင့်။ ဆရာဥ

ပဉ္စာယတ်တို့သည်သိက္ခာပုဒ်တော်ဖြင့် ကျင့်စေအပ်ကုန်သည်ရှိသော်။ အ
သိက္ခိတာ။မကျင့်မဆောင်ကြကုန်သည်။အညမညံ။အချင်းချင်း။အဂါရ
ဝါ။ရိုသေခြင်းမရှိကြကုန်သည်။ဘဝိဿန္တိ။ဖြင် ကြကုန်လတ္တံ့။ခဋ္ဌကော်
ကြမ်းသောမြင်းသည်။သာရထိ။ရထားထိန်း၏စကားကို။နအာဒိယတိဝိ
ယာ။မနာမယူသကဲ့သို့။အာစရိယုပဇ္ဈာယေ။ဆရာဥပဇ္ဈာယ်တို့ကို။ နအာ
ဒိယိဿန္တိ။ရိုသေခြင်းကိုပြု၍မနာယူကြကုန်လတ္တံ့။ ။ဇေဝံဗုဒ္ဓမိနာဝုတ္တ
နယေန။ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။အနာဂတံ။အနာဂါတ်ဖြစ်သော။
အဒ္ဓါနံ။ကာလ၌။ပစ္ဆိမေ။နောက်ဖြစ်သောကာလမှ။ကာလသည်။ ပတ္တေ။
ရောက်လတ်သည်ရှိသော်။ ဘိက္ခုနဉ္စ။ ရဟန်းယောက်ျားတို့အားရင်း။
ဘိက္ခုနီနဉ္စ။ရဟန်းမိန်းမတို့အားရင်း။ပဋိပတ္တိ။ မကောင်းသောအကျင့်
သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။အနာဂတံ။လာလတ္တံ့သော။ဇတံမဟာဘယံ
ဤကြီးစွာသောဘေးသည်။ယာဝ။အကြင်မျှလောက်။အာဂမိဿတိ။လာ
လတ္တံ့။တာဝ။ထိုမျှလောက်။ပူရာအာဂန္တွာဝ။ မရောက်မီ။တုမှေ။သင်
ရဟန်းအပေါင်းတို့သည်။သုဗ္ဗစာ ဆိုလွယ်သောစကားရှိကြကုန်သည်။
ဝါ။ဆိုဆုံးမခြင်း၌ခံကြကုန်သည်။ဝါ။ဆရာမွန်ဆရာမြတ်တို့သည် ဆုံး
မအပ်သောစကားကိုရိုသေစွာနာယူကြကုန်သည်။ ဟောထ ဖြစ်ကြလေ
ကုန်။သခိလာ၊ပြေပြစ်ကုန်သည်။ဝါ။နူးညံ့သောစိတ်ရှိကြကုန်သည်။ဟော
ထ။ဖြစ်ကြလေကုန်။အညမညံ။အချင်းချင်း။ သဂါရဝါ။ရိုသေခြင်းရှိကြ
ကုန်သည်။ဟောထ။ဖြစ်ကြလေကုန်။ ။မေတ္တစိတ္တာ။ခပ်သိမ်းသောသတ္တ
ဝါတို့၌မေတ္တာနှင့်ယှဉ်သောစိတ်ရှိကြကုန်သည်။ ကာရုဏိကာ။ သနား
ခြင်းရှိကြကုန်သည်။ဟောထ။ဖြစ်ကြလေကုန်။သီလေသု။သီလတို့၌။ သံ
ဝုတာ။ကောင်းစွာစောင့်ရှောက်ကြကုန်သည်။ဟောထ။ဖြစ်ကြလေကုန်။
အာရဒ္ဓဝီရိယာ။ အကုသိုလ်တရားတို့ကိုပယ်ရှား၍ ကုသိုလ်တရားကို
အားထုတ်သောဝီရိယရှိကြကုန်သည်။ ပဟိတတ္တာ။ နိဗ္ဗာန်သို့စေလွှတ်
သောစိတ်ရှိကြကုန်သည်။ နိစ္စံ။မပြတ်။ဒဠှပရက္ကမာ။ မြဲမြံစွာအားထုတ်
ခြင်းရှိကြကုန်သည်။ဟောထ။ဖြစ်ကြလေကုန်။ ။ပမာဒံ။မေ့လျော့ခြင်း
ကို။ဝါ။ပမာဒတရားနှင့်ပြည့်စုံခြင်းကို။ဘယတော။ဘေးအားဖြင့်။ ဒိသွာ။
မြင်လတ်၍။အပ္ပမာဒဉ္စ။အပ္ပမာဒတရားကိုလည်း။ဝါ။ အပ္ပမာဒတရားကို
ပွါးခြင်း၏အကျိုးကိုလည်း။ခေမတော။ ဘေးမရှိသောအားဖြင့် ဒိသွာ။
မြင်လတ်၍။အမတပဒံ။သေခြင်းမရှိရာဖြစ်သောနိဗ္ဗာန်သို့။ ဖုသန္တာ။ရောက်

လိုကုန်သောသူတော်ကောင်းတို့သည်။အဋ္ဌင်္ဂိကံ။အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။မဂ္ဂံ။လောကီမဂ်ကို။ဘာဝေထ၊ပွါးကြလေကုန်။ဣတိ၊ဝံ။ဤသို့။ထေရော။ဖုဿမထေရ်သည်။ သမ္ပတ္တပရိသံ။ မိမိထံမှောက်သို့ ရောက်လာသောပရိသတ်ကို။ဝဒတိ။ပြောဆိုသုံးမ၏။ ဤသို့ထေရဂါထာပါဠိ၌ဖုဿမထေရ်က ပဉ္စာရသဂေါတ္တရသေ့ကိုအကြောင်းပြု၍ ရဟန်းပရိသတ်တို့ကိုပြောဟောသည်။ ။ဤသို့ပြဆိုအပ်ပြီးသော ဘေးရန်တို့၏ဖြစ်ရာကာလကား၊အရိယာပုဂ္ဂိုလ်တို့၏ခေတ်ဟုဆိုအပ်သောဝိမုတ္တိယုဂ။ဈာနလာဘီပုဂ္ဂိုလ်တို့၏ခေတ်ဟုဆိုအပ်သောသမာဓိယုဂ။ သီလဝန္တပုဂ္ဂိုလ်တို့၏ခေတ်ဟုဆိုအပ်သောသီလယုဂ။ သီလမရှိအကြားအမြင်ရှိသောပုဂ္ဂိုလ်တို့၏ ခေတ်ဟုဆိုအပ်သော သုတယုဂ။ အကြားအမြင်မရှိပေးကမ်းလှူဒါန်းခြင်းသာရှိသောပုဂ္ဂိုလ်တို့၏ ခေတ်ဟုဆိုအပ်သောဒါနယုဂ။ ဤငါးပါးသောယုဂတို့တွင်။ဤသို့သဘောရှိသော ဘေးရန်သည်လေးခုမြောက်သော သုတယုဂကာလ၌ဖြစ်လတ္တံ့။ ဤသို့အချို့ဆရာတို့ဆိုကြကုန်သည်။အချို့ဆရာတို့ကားသုံးခုမြောက်သောသီလယုဂကာလ၌ဖြစ်လတ္တံ့ဟူ၍ဆိုကြကုန်သည်။ အချို့ဆရာတို့ကားတတိယသင်္ဂါယနာတင်ပြီးသည့်နောက်ကာလ၌ဤသို့သောဘေးရန်သည်ဖြစ်လတ္တံ့ဟူ၍ဆိုကြကုန်သည်။ ။ဤအကြောင်းကိုထေရဂါထာအဋ္ဌကထာ၌ပြဆိုသည်။ဤသို့လျှင်မြတ်စွာဘုရားသခင်သည်။အနာဂါတ်၌သာသနာတော်ဝယ်ဖြစ်ရာသောဘေးရန်ကိုမြင်တော်မူလတ်၍။ အရှင်မဟာကဿပမထေရ်။ အရှင်ကိမိလမထေရ်တို့အား သာသနာတော်၌ ဤသို့သဘောရှိသောဘေးရန်သည်ဖြစ်လတ္တံ့။ဤသို့သဘောရှိသောဘေးရန်ကို။သင်ချစ်သားတို့သည် ဆီးတားပိတ်ပင်စွာအားထုတ်ကြကုန်ဟူ၍ တိုက်တွန်းနှိုးဆော်တော်မူသည်၊ အရှင်ဖုဿမထေရ်သည်လည်း။ မိမိထံမှောက်သို ရောက်လာသောပရိသတ်တို့အား။ အနာဂါတ်ကာလ၌သာသနာတော်၌ ဘေးရန်ကိုပြောကြား၍။ ဤသို့သဘောရှိသောဘေးရန်ကို ပိတ်ပင်ဆီးတားခြင်းငှါလွန်မင်းစွာမမေ့မလျော့အားထုတ်ကြလေကုန်ဟူ၍ တိုက်တွန်း နှိုးဆော်တော်မူသည်။ ဤသို့တိုက်တွန်းနှိုးဆော်တော်မူသော စကားကို။ယနေ့အခါသာသနာတော်ကိုချစ်မြတ်နိုးကုန်သောရဟန်းကောင်းတို့သည်။မြတ်စွာဘုရားသခင်ကား။ငါတို့ကိုတိုက်တွန်းနှိုးဆော်တော်မမူ အရှင်မဟာကဿပမထေရ်။ အရှင်ကိမိလမထေရ်တို့ကိုသာ တိုက်

တွန်းနှိုးဆော်တော်မူသည်ဟူ၍ငင်း။ဖုသသမထေရ်သည်။ မိမိတပည့်တို့ကိုသာတိုက်တွန်းနှိုးဆော်သည်။ ငါတို့ကိုမတိုက်တွန်း မနှိုးဆော်ဟူ၍ငင်းအောက်မေ့ဆင်ခြင်ခြင်းကိုမပြုရာ။ ဘုရားသခင်သည်ငင်း။ ဖုသသမထေရ်သည်ငင်း။ငါတို့ကိုလည်းတိုက်တွန်းနှိုးဆော်တော်မူသည်။ ငါတို့လည်း မမေ့မလျော့သာသနာတော်၏ဘေးရန်ကို ဆီးတားပိတ်ပင်အပ်သည်။ဤသို့အောက်မေ့ဆင်ခြင်ကြရာကုန်သည်။သာသနာတော်အတွင်း၌နေကုန်သော သီလဝန်ရဟန်းတို့သည် သာလျှင် ဤသို့အောက်မေ့ ဆင်ခြင်အပ်သည်မဟုတ်၊သာသနာတော်၌ကြှိုက်ကြုံ၍။ သာသနာတော်ကိုချီးမြှောက်ခြင်း။ သာသနာတော်ကို စောင့်ရှောက်ခြင်း ကိစ္စနှင့်ယှဉ်ဟန်သောသာသာသနာပြုမင်းတို့သည်လည်း။ ဘုရားသခင်၏တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်။ငါတို့ကိုလည်း တိုက်တွန်းနှိုးဆော်တော်မူသည်ဟူ၍အောက်မေ့အပ်သည်။နာဂသေနမထေရ်သည်။မိလိန္ဒမင်းကြီးကိုသာသနာတော်၏ဘေးရန်ကိုဆီးတားခြင်း၌ သာသနာတော်ကို ပွါးစီးအောင်အားထုတ်ခြင်း၌တိုက်တွန်းနှိုးဆော်တော်မူသည်။ ထို့ကြောင့်သီလဝန္တရဟန်းတို့သည်ငင်း။ သာသနာပြုမင်းတို့သည်ငင်း။ ပြဆိုခဲ့ပြီးသောသာသနာတော်၏ဘေးရန်ကို မမေ့မလျော့ ပိတ်ပင်ဆီးတားသောအားဖြင့်။ဓမ္မာနုဂ္ဂဟတရားကိုပွါးများအပ်သည်။သီလဝန္တရဟန်းသာသနာပြုမင်းတို့သည်မေ့လျော့၍နေခဲ့လျှင်။ သာသနာတော်ပျက်စီးရာသည်။ ဤမေ့လျော့ခြင်းတရားသည်။ သာသနာတော်၏ပျက်စီးကြောင်းတရားတို့တွင်လွန်စွာသော ပျက်စီးခြင်း၏အကြောင်းတရားဖြစ်သည်။ ဤသို့အပ္ပမာဒတရားထက်လွန်သောသာသနာတော်၏ ပျက်စီးကြောင်းတရားကားမရှိ။ ထို့ကြောင့်ဧကအင်္ဂုတ္တိုရ်ပါဠိ၌။ ။နာဟံဘိက္ခဝေအညံ ဧကဓမ္မံပိ နသမနုပဿာမိ။အခစရှိသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။အဟံ။ငါဘုရားသည်။ယောပမာဒေါ၊အကြင်မေ့လျော့ခြင်းသည်။ဧဝံ။ဤသို့သဒ္ဓမ္မဿ။ပရိယတ္တိသဒ္ဓမ္မ။ပဋိပတ္တိသဒ္ဓမ္မ။ ပဋိဝေဓသဒ္ဓမ္မ၏။ သမ္မောသာယ။ပျက်စီးခြင်း၌။အန္တရဓာနာယ။ကွယ်ပျောက်ခြင်း၌။သံဝတ္တတိ။ဖြစ်၏ဘိက္ခဝေ။ရဟန်းတို့။ယဒိဒံယောအယံပမာဒေါ။အကြင်မေ့လျော့ခြင်းသဘောသည်။အတ္ထိ။ရှိ၏။ဧတော။ဤမေ့လျော့ခြင်းသဘောမှ။ဝါ။သဘောထက်။အညံ၊တပါးသော။ဧကဓမ္မံပိ၊တခုသောတရားကိုမျှလည်း။ နသမနုပဿာမိ။ မြင်တော်မမူ။ ဘိက္ခဝေ။ရဟန်းတို့။ ပမာဒေါ။မေ့လျော့ခြင်း

သည်။သဒ္ဒမ္မသ။ပရိယတ္တိသဒ္ဒမ္မ။ပဋိပတ္တိသဒ္ဒမ္မ။ပဋိဝေဓသဒ္ဒမ္မ၏။ သမ္မော
သာသယ၊ပျက်စီးခြင်းငှါ၊အန္တရဓာနာယ။ ကွယ်ပျောက်ခြင်းငှါ၊သံဝတ္တတိ။
ဖြစ်၏၊ဣတိ။ဤသို့။အဝေါစ။မိန့်တော်မူ၏။ ၊ထိုသို့မဟုတ်သီလဝန္တ
သိက္ခာကာမဖြစ်သောရဟန်းကောင်းတို့သည်ငှင်း။ မြတ်စွာဘုရားသခင်
၏သာသနာတော်ကိုချီးမြှောက်ထိုက်သောဘုန်းတော်ကံတော်ပါရမီတော်
နှင့်ပြည့်စုံကုန်သောရေမြေသေဠ်နင်း ပြည်ရှင်မင်းတို့သည်ငှင်း။ မမေ့မ
လျော့ခြင်းအပ္ပမာဒတရားနှင့်ပြည့်စုံကြလျှင်မူကား မြတ်စွာဘုရား၏သာ
သနာတော်၌ ဖြစ်သောပြဆိုခဲ့ပြီးသော ဘေးရန်တို့သည်မဖြစ်ရာ။ ထို
ကြောင့်ဤဧကင်္ဂအင်္ဂုတ္တိုရ်ပါဠိ၌ပင်။နာဟံဘိက္ခဝေ။ အညံဧကဓမ္မံပိသမနု
ပဿာမိစသည်ဖြင့်ဟောတော်မူသည်။ ။ဤသည်လျှင်သာသနာတော်
နှိက်ဖြစ်သောဘေးရန်။ထိုဘေးရန်ကိုပယ်ဖျောက်ရာ၌ မမေ့မလျော့ရာ
သည်ကိုပြဆိုရာဖြစ်သောစကားရပ်တည်း။ ။ဤသို့လျှင်လောကာ
နုဂ္ဂဟဓမ္မာနုဂ္ဂဟ တရားကို အားထုတ်တော်မူရာနှိက် သတိပညာနှင့်
မကင်းစေဘဲ ဖူးစမ်းဆင်ခြင် ခြင်းတည်းဟူသော နိသမ္မကာရိ တရား
ကိုအခါလေးမြင့် ကလျာဏမိတ္တ၏ အရာနှိက်ထား၍ လူမှုရှင်မှုတို့ကို
ကြည့်ရှုသိမ်းပကားတော်မူရာသည်။ဤသို့နိသမ္မကတရားနှင့်မကွာသည်
ရှိသော်ပစ္စုပ္ပန်ဘဝ၌လည်း။ ကျေးဖူးသတင်းကျော်စောခြင်းတို့သည်မြေ
ပြင်အနှံ့ပျံ့ရာသည်။ တမလွန်လောက၌လည်းလိုအပ်သောအကျိုး စီးပွား
တို့သည်မငြိုမငြင်ပြည့်စုံရာသည်။ ။ထိုကြောင့်ဧသနိပါတ်ဘုရိ
ပညာဇာတ်၌။ ။နိသမ္မခတ္တိယော။ကရိယာဟူသောဂါထာကိုဟော
တော်မူသည်။ ။ဒိသမ္မတိ။အရပ်မျက်နှာကိုအစိုးရသော။ခတ္တိယော။
ရေမြေသေဠ်နင်းပြည်ရှင်မင်းသည်။ နိသမ္မ။ဥူးစမ်းဆင်ခြင်၍။ ကရိယာ။
လောကဓမ္မအမှုကိုပြုတော်မူရာ၏။အနိသမ္မ။ မဥူးစမ်းမဆင်ခြင်ဘဲ။နက
ရိယာ။။မပြုရာ။နိသမ္မကာရိနော။ဥူးစမ်းဆင်ခြင်၍ပြုတတ်သော။ရညော။
ပြည်ရှင်မင်း၏။ယသော စ။အစိုးရခြင်းအခြံအရံများခြင်းသည်ငှင်း။ကိတ္တိ
စ။ကျော်စောဇှန်ဝါအာလာတန်းခိုးသည်ငှင်း။ဝဍ္ဎတိ။ပွါးများ၏။ ။ဤ
သို့ပြဆိုကဲ့ပြီးသော ပါဠိပဒေသအဋ္ဌကထာစကားရင်များကို ကြားနာ
သောအားဖြင့် သုတမယဉာဏ်ကိုရလတ်ပြီးသည်ရှိသော်ဆိုလတ္တံ့သော
နည်းဖြင့်စိန္တာမယဉာဏ်ကိုပွါးစေအပ်၏။ပွါးစေအပ်သည်ကား။ ။
မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို။ မီးရေလေတို့သည်ငှင်း သစ်

ကျားသားရဲ့တို့သည်ရင်း။မဖျက်မဆီးနိုင်ရာ။ သာသနာတော်တွင်း၌နေကုန်သောအနာဂါတ်၌ဖြစ်လတ္တံ့သော။ကောဓဥပနာဟနှင့် ပြည့်ရုံသည်ဖြစ်၍ဆရာဥပဇ္ဈာယ်တို့၏စကားကိုမနာမယူသိက္ခာပုဒ်တော်ကိုကျော်နင်းလွန်ကျူးကုန်သော အလဇ္ဇီရဟန်းတို့သည်သာလျှင် ဖျက်ဆီးနိုင်ရာသည်။ထိုအလဇ္ဇီရဟန်းတို့၏ အတ္တဘောဟုဆိုအပ်သော သုံးဆဲ့နှစ်ပါးသောကောဋ္ဌာသအစုတို့သည်လည်း သာသနာတော်ကိုဖျက်ဆီးတတ်။ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့၏သန္တာန်၌ကိန်းသောအမျက်ထွက်ခြင်းတည်းဟူသောကောဓ။ ရန်ငြိုးဖွဲ့ခြင်းတည်းဟူသောဥပနာဟ။ ကျေးဇူးချေခြင်းတည်းဟူသောမက္ခ။ အဖျင်းမှုခြင်းတည်းဟူသောပဠာသ။ ငြူငြူခြင်းတည်းဟူသော ဣဿာ၊ ဝံတိုခြင်းတည်းဟူသောမစ္ဆရိယ။ လှည့်ပတ်ခြင်းတည်းဟူသောမာယာ။စဉ်းလဲခြင်းတည်းဟူသောသာဠေယျ။ ခိုင်မာခြင်းတည်းဟူသော။ထမ္ဘ။ချုတ်ချယ်ခြင်းတည်းဟူသော။ သာရမ္ဘ။ မာန်မူခြင်းတည်းဟူသော။မာန။အလွန်မာန်မူခြင်းတည်းဟူသော။အတိမာန။ရစ်မူးခြင်းတည်းဟူသော။မဒ။မေ့လျော့ခြင်းတည်းဟူသော။ပမါဒ။ ဤသို့စသောအကုသိုလ်တရားတို့သည်။ သာသနာကို ဖျက်ဆီးရာသည်။ထိုကောဓဥပနာဟအစရှိသောအကုသိုလ်တရားတို့သည်။များစွာကိန်းအောင်းသောသတ္တဝါတို့၏အတ္တဘောသည်။ ပဲစိုးယောကျ်ား၏အစွမ်းအားဖြင့် အကြေအညာ ထိုမှာဘက်ဤမှာဘက်သို့ သွားလာသောလှေကဲ့သို့သာဖြစ်သည်။ထိုသို့သဘောရှိသော ကောဓ။ ဥပနာဟတို့၏အစွမ်းဖြင့်ကိုယ်အမူအရာ၏ဖောက်ပြန်ခြင်း၊ နှုတ်အမူအရာ၏ ဖောက်ပြန်ခြင်းတို့ကိုတွေ့မြင်သည်ရှိသော်။ ဤသို့နှလုံး၌သွင်းပိုက်အပ်၏။ သွင်းပိုက်အပ်သည်ကား။မင်းပြစ်ဒိုးဒါဏ်သင့်၍။ အပုတ်အခတ်ကိုခံရသောသူကိုမြင်လျှင်။ဤသို့သဘောရှိသောဒါဏ်သည်။ငါအားမဖြစ်ပါမူကားကောင်းလေစွဟူ၍တောင့်တဘိသကဲ့သို့ရင်း။ ရောဂါဝေဒနာပြင်းစွာနှိပ်စက်သည်ဖြစ်၍ကြင်နာသဘွယ်သောအသံဖြင့်ရေရွတ်မြည်တန်းသည်တို့ကြား၍ရင်း။မြင်၍ရင်း။ဤသို့သဘောရှိသော ရောဂါဝေဒနာသည်ငါ၌မကပ်မရောက်ပါမူကားကောင်းလေစွဟူ၍ တောင့်တဘိသကဲ့သို့ရင်း။ ဤသို့သဘောရှိသော အလဇ္ဇီဒုဿီလလူ့ရှင်ရဟန်းတို့၏ ဖောက်ပြန်သောကိုယ်အမူအရာ နှုတ်အမူအရာကိုမြင်လျှင်။ ဤသို့သဘောရှိသောကောဓဥပနာဟမက္ခပဠာသအစရှိသော အကုသိုလ်တရားတို့သည်ငါ

အားမဖြစ်ပါမူကား၊ ကောင်းလေစွဟူ၍တောင့်တ၍ဝေးစွာ ရှောင်ကြဉ်ရာသည်။ထိုကြောင့်မဟာဝဂ္ဂသတိပဋ္ဌာနသုတ်အဋ္ဌကထာ၌။ပရဿပန ဥပ္ပန္နမာနေဒိဿွာစသည်ဖြင့်ဘုင့်ဆိုသည်။ ။ပရဿ။သူတပါးအား။ ဥပ္ပန္နမာနေ။ အမျက်ထွက်ခြင်းရန်ညိုးဖွဲ့ခြင်းအစရှိသော အကုသိုလ်တရားတို့၏ဖြစ်လာသည်တို့ကို။ ဒိဿွာ။တွေ့မြင်၍။ဧဝရူပါ။ဤသို့သဘောရှိကုန်သော။ပါပကာ။ယုတ်မာကုန်သော။အကုသလာ။အကုသိုလ်ဖြစ်ကုန်သော။ဓမ္မာ။ ကောဓဥပနာဟအစရှိသောတရားတို့သည်။မေ။ ငါ့အား။နဥပ္ပဇ္ဇေယျုံ။မဖြစ်ပါမူကား၊အဟောဝတ။ဩော်ကောင်းလေစွ။ ။ဒုက္ခသစ္စာဖြင့်ရေတွက်အပ်သော ဤကိလေသာတို့ကို၊ ရောဂါဝိယဒုက္ခသစ္စံ ဟူ၍သစ္စဝိဘင်းအဘုင့်သမ္မောဟဝိနောဒနီ၌ဆိုခြင်းကြောင့်၎င်း၊ ။ဧသောခေါဘိက္ခဝေဇရသိဂ်ါလော ဥဏ္ဏှာဗာဓောကေနနာမရောဂ ဇာတေနဗု ဒ္ဓောစသည်ဖြင့်နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ဟောမူခြင်းကြောင့်၎င်း ။ ကိလေသာတရားတို့ကိုနှိပ်စက်တတ်သောရောဂါဟူ၍မှတ်အပ်သည်။ ။ ဤသို့ဆိုအပ်ပြီးသောရောဂါဝေဒနာတို့သည်။ပဋိသန္ဓေဘဝအတွက်သောကို သာတကြိမ်တခါ နှိပ်စက်ရာသည်။ ကောဓဥပနာဟအစရှိသောရောဂါ ဝေဒနာတို့မှာမူကား။ များစွာသောဘဝတို့၌ နှိပ်စက်ညှဉ်းဆဲတတ်ကုန် သည်။ ။ထိုကြောင့်ရောဂါဝေဒနာကိုကြောက်လန့်သည်ထက်ဤအကုသိုလ်တရားကိုလွန်စွာထိပ်လန့်ကြောက်ရွံ့အပ်သည်။ ။ငါတို့ဘုရားအလောင်းတော်သည်လည်း အလွန်ထိပ်လန့် ကြောက်ရွံ့သည် ဖြစ်၍။ကောဓ။ ဥပနာဟအစရှိသောအနာရောဂါကိုပျောက်ပျက်စေခြင်း ငှါများစွာသောဘဝတို့၌။ပါရမီတို့ဆည်းဘူးသေါ်အားဖြင့်ကုစားတော် မူသည်။ ။ကုစားသောအခြင်းအရာ၌။ ဤဆိုလတံ့သည်ကားဥပမာ တည်း။ ။များစွာသောဗိုလ်ခြေပရိသတ်တို့၏။ကူးသန်းသွားလာရာဖြစ် သောမဟာပထခရီးမကြီး၏အနီး၌ကိုယ်လုံးပေါက်ပြဲကွဲအက်ရိုစီးသော; ကြီးစွာသောအနာဘို့သည်နှိပ်စက်သောများစွာသော စဏ္ဍာလအနာထ လူမျိုးတို့၏နေရာရွာကြီးတခုရှိ၏။ ထိုရွာ၌နေသော။ အနာသည်နှိပ်စက် အပ်သောသူတို့သည်ခရီးသွားလမ်းသာများစွာသောသူတို့ကိုတောင်းစား လျက်အသက်မွေးကြကုန်၏။ ထိုအခါထိုရွာနှကြီးပွါးနေထိုင်သောပြင်း စွာသောအနာသည်နှိပ်စက်အပ်သော ပညာရှိယောကျ်ားတဦးသည်ဤ သို့ကြံအောက်မေ့၏၊ ကြံအောက်မေ့သည်ကား။ ဤငါတို့အနာထဖြစ်

သောသူတို့၏နေရာရွာကြီးသည်။ ငါ၏အဘ ငါ၏အဘိုးငါ၏အဘေးတို့၏လက်ထက်တွင်သာတည်ထောင်ဘန်ဆင်းသောရွာမဟုတ်။ ဤငါတို့၏နေသောရွာကြီး၏အစအရင်းကိုမသိနိုင်။အလွန်ကြာမြင့်လေပြီ။ဤရွာ၌နေသောငါသည်၎င်း။ငါ၏ဆွေမျိုးတို့သည်၎င်း။ ငါ၏ဆွေမျိုးမှတပါး။ အချားသောသူတို့သည်၎င်း ပြင်းပြစွာသော ဝေဒနာရောဂါ၏ နှိပ်စက်ခြင်းကိုခံစားကြရကုန်သည်။ ဤရောဂါ၏အစအရင်း ဖြစ်ပွါးခြင်းကိုလည်းမသိ။ဤလောက၌အနာရှိက။ ဆေးရှိမြဲဖြစ်သည်။ ဤရောဂါအနာကိုပျောက်စေတတ်သောဆေးဝါးပယောဂကိုငါကြံစည်၍ သုံးဆောင်စားသောက်မည်။ငါအားဤရောဂါမှထမြောက်မှုကား။ ဤရွာသားအပေါင်းတို့ကိုလည်း၊ရောဂါဝေဒနာမှထမြောက်စေမည်။ကြံစည်လတ်ပြီးသော်။ တယောက်အထီးတည်းထိုရွာမှထွက်သွားလတ်၍။ ငံတိုင်း၊ မိုးတား၊ တံခါး၊ကြိုးမြောင်းစသော မြို့အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံစွာ အလွန်သာယာစွာသောမြို့ကြီးတခုသို့ ထိုယောကျ်ားသည်ရောက်လေလျှင်။ ထိုပြည်၌စံနေသောမင်းစည်းစိမ်ကို၎င်း။ မှူးမတ်သူဌေး သူကြွယ်တို့၏ မိမိတို့၏စည်းစိမ်အားလျော်စွာစံစားပျော်ပါးကြသည်ကို၎င်း။ အလွန်လျှင်ထိုသူတို့နှင့်အဘူတကွပေါင်းဘက် စားသောက်၍နေလိုသော်လည်း။ မိမိ၌ကပ်ရောက်သောကိုယ်လုံးပျက်သောရောဂါဝေဒနာရှိသည်ဖြစ်၍။ တရုံတယောက်သောသူသည်မျှပေါင်းဘော်နှီးနှောလိုသောသူမရှိ။ ထိုမြို့မှမနီးမဝေးသောအရပ်၌သာနေ၍၊ထိုပြည်သူတို့၌ တောင်းစားခရမ်း၍စားသောက်နေထိုင်ရသည်။ ထိုအခါထိုယောကျ်ားသည် မိမိ၌ကပ်ရောက်သောရောဂါ၏ပျောက်ငြိမ်းခြင်းကိုအလွန်အလိုရှိသည်ဖြစ်၍၎င်း။ ထိုပြည်၌စံနေသောမင်း၏ စည်းစိမ်ကဲ့သို့သောစည်းစိမ်ကို အလွန်အလိုရှိသည်ဖြစ်၍၎င်း။ထိုပြည်မှခွါသွားလာတ်၍ ရောက်ရာရောက်ရာအရပ်တို့၌မိမိအနာရောဂါကင်းကွာပျောက်ပျက်ခြင်းငှါ။တွေ့မိတွေ့ရာသောသစ်အုသစ်မြစ်သစ်သီးစသောဆေးဝါးတို့ကို။မိမိအလိုလိုကြံဆ၍လည်းသုံးဆောင်စားသောက်၏။ထိုသို့သုံးဆောင်စားသောက်သော်လည်းရောဂါဝေဒနာသည်မပျောက်မငြိမ်းအောက်သို့ရုံခြင်းအထက်သို့ဆန်ခြင်းဖြင့်၊ကိုယ်၏ဆင်းရဲခြင်းကိုသာခံစားရသည်။ ရံခါသင့်လျော်သော ဆေးမြစ်ဆေးဥဆေးသီးတို့ကိုစားမိ၍။မိမိအနာသည်သက်သာခြင်းသို့ရောက်သည်။ ရံခါမလိမ္မာသောဆေးသမားတို့နှင့်တွေ့၍။ ထိုဆေးသမား၏ပြောဆိုသော

စကားဖြင့်ဆေးကိုသုံးဆောင်စားလတ်လျှင်။ မိမိ၌ကပ်ရောက်သောရောဂါဝေဒနာသည်လွန်စွာတိုးပွါးသည်။ ရံခါလိမ္မာသောဆေးသမားတို့နှင့်တွေ့၍။ထိုလိမ္မာသောဆေးသမားတို့ကပေးအပ်သောဆေးဖြင့် မိမိ၌ကပ်ငြိသောရောဂါသည် ပျောက်ငြိမ်းသကဲ့သို့ဖြစ်သည်။ ထိုသို့ပင်ဖြစ်သော်လည်း။ ထိုရောဂါသည်အခြင်းမပြတ်မလျော့ပတ်သောအစာအာဟာရကိုစားခဲ့လျှင်။ပကတိဖြစ်လာပြန်သည်။ဤသို့နှင့်နှင့် ထိုမြို့ရွာနိဂုံးဇနပုဒ်သို့သွား၍။ တွေ့တွေ့သမျှသော သူတို့ကိုမေးမြန်း၍ရင်း။ မမေးမမြန်းမူ၍ရင်း။အနာပျောက်ကြောင်းဖြစ်သောဆေးတို့ကိုသုံးဆောင်မှိုင်ငဲ၏။ထိုထိုမြို့ရွာနိဂုံးသို့ရောက်သော်လည်း။ မိမိ၌ကပ်ငြိသောရောဂါဝေဒနာကြောင့်။ မြို့တွင်းရွာတွင်းသို့ဝင်၍မနေရ။ ပြင်ပ၌သာနေ၍တောင်းရမ်းစားသော်ရသည်။ ထိုမှအစဉ်အတိုင်း သွားလတ်သည်ရှိသော်။ တောအရပ်၌တွေ့သောအနာကိုသက်သာစေတတ်သော နှစ်ဆဲ့ခြောက်ပါးသော ဆေးမြစ်တို့ကိုယူဆောင်၍။ အနာ၏သက်သာစေခြင်းငှါသုံးဆောင်စားသောက်၏။နောက်အခါဆန်းကြယ်စွာသောဆေးပင်သုံးပင်ကိုတွေ့၍၊ထိုသုံးပင်မှအသီးကိုယူ၍ အလှည့်အလည်သုံးဆောင်စားသောက်လျက် သွားလေလျှင်။မိမိ၌ကပ်ငြိသောရောဂါသည်။ ရေဖြင့်ဆေးလျှော်သကဲ့သို့ ပျောက်ပျက်ငြိမ်းခဲ့လေ၏။ထိုအနာပျောက်သည်နှင့်တပြိုင်နက်ရှေးရှေးသောဘုန်းရှိသောမင်းတို့သည်ဘန်ဆင်းတည်ထောင်အပ်သော မြို့အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသောလူနေအိမ်ခြေတို့မှဆိတ်သော မြို့ကြီးတွင်းသို့ရောက်လေ၏။ထိုအခါထိုယောကျ်ား၏အောက်မေ့ဆင်ခြင်ခြင်းကား။ ငါသည်ဆင်းရဲငြိုငြင်လှစွာ။ ဤရောဂါမှထမြောက်အောင် ရှည်စွာသောခရီးဖြင့်လာလတ်၍။တွေ့တွေ့သမျှသောသစ်ဥသစ်မြစ်ကိုဆေးအလို့ငှါစားသောက်၍၊ အချို့သောဆေးကားအနာရောဂါကိုမပျောက်စေတတ်၊ကိုယ်ပင်ပန်းကာသာဖြစ်သည်။အချို့သောဆေးကားအနာရောဂါတို့ကိုပွါးစေတတ်သည်။ အချို့သောဆေးကား သက်သာရာကိုရစေတတ်သည်သာဖြစ်သည်။ ဤအဆုံးစွန်သောသုံးသောဆေးသည်သာအနာကိုပျောက်စေတတ်သည်။ ငါတမူကား။ဤရောဂါမှထမြောက်ပေပြီ။ ငါ့မှတပါးအခြားသောသူတို့သည်။ ငါကဲ့သို့လည်းဆင်းရဲပင်ပန်းခြင်းကိုမခံနိုင်ရာ၊ ငါ၏ပြောဆိုပြသသောစကားကိုလည်းမယုံကြည်ရာ။ ငါတယောက်ထည်းပင် ဤမြို့တွင်း၌နေလတ်တော့အံ့။ ဤသို့ကြံစည်အောက်မေ့လျှင်။ တဦးသောမြို့ကိုစောင့်

သောနတ်သည်။ကိုယ်တွင်ထင်ရှားပြလတ်၍။ ဒိုယောကျ်ားသင်သည်။ ဤမြို့တွင်မင်းထီးမူ၍မင်း၏စည်းစိမ်ကိုခံစားအပ်သည်။သင်ယောကျ်ားကဲ့သို့ရောဂါဝေဒနာ ကင်းရောက်သော သူတို့ကို၊ မြို့ရွာနိဂုံးဇနပုဒ်သို့လှည့်လည်သွားလာ၍ကုစားလော့။ အနာမှထမြောက်သသူတို့ကို။ ဤမြို့တွင်းသို့သွတ်သွင်း၍။အချို့သောသူတို့ကိုမူးမတ်သေနာပတိဘွဲ့အမည်အရည်ပေး၍ချီးမြှောက်အပ်သည်။ ကြွင်းသောပုထုဇဉ်းသူကြွယ် သူဌေးတို့ကို။အိမ်ရှေးလမ်းမတို့၌ရှထားနေထိုင်စေ၍။ဤမြို့ကိုစည်ပင်ဖွာတည်ထောင်ဘန်ဆင်းလျက်၊မင်း၏စည်းစိမ်ကိုခံစါးအပ်သည်။ဤသို့မြို့စေါင့်နတ်ကပြောကြားသောစကားအတိုင်း။ ထိုထိုမြို့ရွာ နိဂုံးသို့လှည့်လည်ကုစားလျက်။ အနာမှထမြောက်သောသူတို့ကိုမြို့တွင်းသို့သွတ်သွင်း၍။ မင်း၏စည်းစိမ်ကိုလည်းခံစား၏။ အချို့သောသူတို့ကို မှူးမတ်သေနာပတိခန့်ထားသည်၊အချို့သောသူကိုအိမ်ရှေးလမ်းမ၌ရှထားသည်။ ထိုထိုရောဂါဝေဒနာနှိပ်စက်သောဗိုလ်ခြေအလှေးတို့၏ချမ်းသာသုခကို ရစေခြင်းငှါလည်း။ဤမည်သောဆေးကား ရောဂါဝေဒနာကိုမပျောံစေတတ်။ ဤမည်သောဆေးကား ရောဂါဝေဒနာတို့ကိုပွါးစေတတ်သည်။ ဤမည်သောဆေးကား ရောဂါဝေဒနာကိုအကုန်အစင် ပျောက်စေတတ်သည်။ ဤသို့စသည်ဖြင့် ဆေးကိုစီရင်ရာသောအခြင်းအရာံဆေးကို သုံးဆောင်ရာသောအခြင်းအရာ။ ရှောင်ကြည်ရာသောအစားအစာနှင့်တကွ။ ဘောသဇ္ဇဒီပဏီစသော များစွာသောဆေးကျမ်းတို့ကို ရေးသားပြုရ၍ထားသည်။ဤဥပမာ၌။ ဒုက္ခိတအနာထတို့၏နေရာ ရွာသူကြီးကဲ့သို့ကာမဘုံကိုမှတ်အပ်၏။ ထိုရွာ၌နေသောသူတို့သည် ဆင်းရဲပင်ပန်းစွာအသက်မွေးရသကဲ့သို့။ ကာမဘုံသားတို့သည် အာဟာရပရိယေသနဒုက္ခကိုခံစားရသည်ကိုမှတ်အပ်၏။ ထိုရွာ၌နေသောသူတို့သည်။ ပြင်းစွာသောရောဂါဝေဒနာနှိပ်စက်ခြင်းကိုခံရသကဲ့သို့။ ကာမဘုံသားတို့သည် ကိလေသာ၏ပြင်းစွာနှိပ်စက်ခြင်းကို ခံစားရသည်ကိုမှတ်အပ်၏။ ထိုရွာ၌နေသောပညာရှိယောကျ်ားကဲ့သို့။ ငါတို့ဘုရားအလောင်းကိုမှတ်အပ်၏။ ထိုပညာရှိယောကျ်ားသည် မိမိနေသောရွာသူကြီး၏ အစအမြစ်အရင်းကိုမှမသိသကဲ့သို့လည်းကောင်း။ ရွာသူရွာသားတို့နှိပ်စက်ကင်ပြီသောရောဂါဝေဒနာ၏အစအရင်းကို မသိမမြင်သကဲ့သို့ လည်းကောင်း။ ဤကာမဘုံနှိပ်စက်ဖြစ်သောသတ္တလောက၏အစကိုလည်းကောင်း။ ကိလေသာတို့၏

ဖြစ်ရာ အင်္ဂကို လည်းကောင်း။ ငါတို့ဘုရားလောင်း မသိမမြင် သည်ကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည် အနာရှိလျှင်ဆေးရှိမြဲဖြစ်သည်။ ဤအနာ၏ငြိမ်းရာဆေးကိုငါရှာမည်။ ငါသုံးဆောင်မည်၊ ငါတည်းအနာမှထမြောက်မူ။ ဤသူအပေါင်းတို့ကိုလည်း။ ဤရောဂါမှထမြောက်စေမည်။ ကြံစည်သကဲ့သို့။ ငါတို့ဘုရားလောင်းသုမေဓာ ရသေ့သည်။ အပူရှိလျှင်အချမ်းရှိသည်။ ဆင်းရဲရှိလျှင်ချမ်းသာရှိသည် ကြံစည်အောက်မေ့၍ကိလေသာ၏ ငြိမ်းရာတရားကိုငါရှာကြံမည်။ ငါတည်း ကိလေသာမှလွတ်မူ။ ဤဗိုလ်လူဝေနေယျတို့ကိုကယ်ယူမည်ဟူ၍။ ကြံစည်ခြင်းကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည်ရွာမှထွက်သွားလတ်၍အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော။ မြို့ကြီးအနီးသို့ရောက်သကဲ့သို့။ ဒိပင်္ကရာဘုရားရှင်၊ ထိုဘုရားရှင်၏တပည့်သားရဟန္တာတို့၏အရဟတ္တဖိုလ်ကိုဝင်စား၍အာရုံပြုသောအားဖြင့် နေအပ်သောနိဗ္ဗာန်ကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည် မိမိ၌ကပ်ငြိသောရောဂါတည်းဟူသော အကြောင်းကြောင့်ထိုပြည်သူတို့သည်အပေါင်းအဖော်မပြုမြို့ပနိုက်သါနေရသကဲ့သို့။ ထိုအတူငါတို့ဘုရားအလောင်းသည်သရာဂသဒေါသသမောဟဖြစ်၍ထိုဒိပင်္ကရာစသော။ ဘုရားရဟန္တာတို့၏ ချမ်းသာ ကိုခံစားရာနိဗ္ဗာန်ပြည်ကြီးသို့မဝင်ရသည်ကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည်။ ထိုပြည်သူတို့နိုက်တောင်းရမ်း၍အနည်းငယ်မျှသာစားသောက်ရသကဲ့သို့။ ဒိပင်္ကရာဘုရားရှင်၊ ထိုဘုရားရှင်၏တပည့်သားတို့၌ ရှိခိုးပူဇော်၍ထိုဘုရားရဟန္တာတို့သည် ရအပ်ခံစားအပ်သော မဂ်စည်းစိမ်ဖိုလ်စည်းစိမ်တည်းဟူသောမွန်မြတ်သော အငတ်အစားအသုံးအဆောင်တို့ကိုမရလျှင်းဘဲအနည်းငယ်သော ကာမာဝစရကုသိုလ်မှုကိုသာရသည်ကိုမှတ်အပ်၏။ ပညာရှိယောကျ်ားသည်၊ ထိုပြည်မှထွက်သွါး၍အနာ၏ငြိမ်းခြင်း၎င်း။ ထိုပြည်၌စံနေသောမင်း၏စည်းစိမ်ကဲ့သို့သောစည်းစိမ်ကိုအလိုရှိသည်ဖြစ်၍၎င်း။ ထိုထိုတွေ့ပွေ့သမှုသောဆေးတို့ကို။ သုံးဆောင်စားလတ်၍ရောဂါအနာမညီမ်းအေးသို့ ရုံခြင်းအထက်သို့ဆန်ခြင်းဖြင့်ကိုယ်၏ ဆင်းရဲခြင်းကိုရသကဲ့သို့။ ထိုအတူငါတို့ဘုရားလောင်းသည်ကိလေသာ၏ငြိမ်းခြင်း၎င်း။ ဒိပင်္ကရာဘုရားရှင်ကဲ့သို့ သဗ္ဗညုတဉာဏ်ကိုရခြင်း၎င်း။ မူလပဏ္ဏာသမဟာသီဟနာဒသုတ်နိုက်လာသော လေးဘက်တွားသွား၍နွားငယ်၏ဝစ္စကိုစါးခြင်း။ တလုံးမျှသောဆီးသီးကိုသာစား၍ကျင့်ခြင်း။ ကျိုတ်

သိုးမျှကိုသာစား၍နေခြင်း။ စကားမဆိုဘဲနေ၍ ရွာသူသားငယ်တို့သည် ရေပေါင်း ဘင်ဗုဖြင့်ပြစ်ခတ်သည်ခံ၍ကျင့်ခြင်း။ လူသူမတွေ့အောင် နက်ချောင်စွာသောတောအုပ်ကြီး၌နေ၍ကျင့်ခြင်း။ ဤသို့စသောအကျင့် ကိုအားထုတ်သော်လည်းကိလေသာကားမပျောက်မပျက် ကိုယ်၏ဆင်း ရဲခြင်းကိုသာရသည်ကိုမှတ်အပ်၏။ ရံခါပညာရှိသော ယောကျ်ားသည် မိမိဘာသာကြံဆ၍သစ်ဥသစ်မြစ်တို့ကိုသုံးစားသဖြင့် ရောဂါ၏သက်သာ ခြင်းကိုရသကဲ့သို့။ ငါတို့ဘုရားအလောင်းသည် ဆရာမရှိရသော့ပြု၍ပ ထဝီကသိုဏ်းစသောကသိုဏ်းကိုပွါး၍ ဈာန်အဘိညာဏ်ကိုရသော အားဖြင့်ကိလေသာတို့ကိုဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သည်ကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည် ရံခါမလိမ္မာသောဆေးသမား၏ စကားကို နာယူ၍စားမိမှားသဖြင့်အနာရောဂါ၏တိုးပွါးခြင်းကဲ့သို့။ ဒုက္ကနိပါတ်သန္ဓ ဝဇာတ်စသည်တို့၌ပုဏ္ဏားတို့၏ စကားဖြင့်မီးကိုပူဇော်၍တကျော်မာနမိစ္ဆာ တည်းဟူသော ကိလေသာတို့၏တိုးပွါးသည်ကိုမှတ်အပ်၏။ ပညာရှိ သောယောကျ်ားသည်ရံခါလိမ္မာသောဆေးသမားတို့နှင့်တွေ့၍ ရောဂါ သည်သက်သာရာရသကဲ့သို့။ ငါတို့ဘုရားအလောင်းသည် ကောဏ္ဍည မြတ်စွာဘုရား မင်္ဂလမြတ်စွာဘုရားစသော။ သဗ္ဗညုတဘုရားသခင်တို့ နှင့်၎င်း၊ဓရိမုခစသောပစ္စေကဗုဒ္ဓါအရှင်တို့နှင့်ကြုံကြိုက်၍၎င်း။ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏တရားဒေသနာတော်ဖြင့်မိမိ၌ရှိသောကိလေသာကိုတ ဒင်္ဂပဟာန်ဝိက္ခမ္ဘနပဟာန်တို့ဖြင့်ပယ်သည်ကိုမှတ်အပ်၏။ပညာရှိသော ယောကျ်ားသည်။ ရောက်ရာရောက်ရာသောမြို့ရွာနိဂုမ်းဇနပုဒ်တို့သို့မိမိ ၏ရောဂါကြောင့်ဝင်ထွက်သွားလာနေ့ထိုင်ခြင်းကိုမပြုရသကဲ့သို့။ ငါတို့ ဘုရားလောင်းသည်။ကိလေသာတို့၏မည်မျှမ်းသေးသည်ဖြစ်၍၊ဘုရားပစ္စေ ကဗုဒ္ဓါတို့နှင့်ပင်တွေ့လျှင်မူလည်း၊ ထိုဘုရားပစ္စေကဗုဒ္ဓါတို့၏ စံနေရာ နိဗ္ဗာန်ပြည်ကြီးသို့မရောက်သည်ကိုမှတ်အပ်၏။ ပညာရှိသော ယောကျ်ား သည်နှစ်ဆဲ့ခြောက်ပါးသောဆေးတို့ကိုအမြဲသုံးစွဲ၍အနာသက်သာသကဲ့ သို့။ငါတို့ဘုရားအလောင်းသည်များစွာသောဘဝတို့၌ ကသိုဏ်းပညတ် ဆယ်ပါး။အသုဘပညတ်ဆယ်ပါး။ကာယဂတာသတိ၏အာရုံဖြစ်သော ဆံအစရှိသော ကာယအရုပညတ်အာနာပါဏသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်။ မေတ္တာကရုဏာမုဒိတာ ဥပေက္ခာဟုဆို အပ်သောဗြဟ္မဝိဟာရတရားလေးပါးတို့၏အာရုံဖြစ်သော အတိုင်းမသိ

သောသတ္တဝါပညတ်၊ ဤနှစ်ဆဲ့ခြောက်ပါးသော ကမ္မဋ္ဌာန်းကိုပွါးစေ၍ ဗျာန်အဘိညာဏ်ကိုရလျက်ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်သည်ကိုမှတ်အပ်၏။ ပညာရှိသော ယောကျ်ားသည် ဆန်းကြယ်သော ဆေးသုံးပင်ကိုတွေ့၍။ ထိုသစ်ပင်၏အသီးကိုသုံးဆောင်သကဲ့သို့။ ငါတို့ဘုရားအလောင်းသည်လက္ခဏာရေးသုံးပါးကိုအလှည့်အလည်သုံးသတ်သည်ကိုမှတ်အင်၏။ပညာရှိသောယောကျ်ားသည်သုံးပါးသောဆေးကိုမှီဝဲ၍အနာပျောက်သည်နှင့်တပြိုင်နက်ကြီးစွာသော မြို့သို့ရောက်သကဲ့သို့။ငါတို့ဘုရားလောင်းသည်ကိလေသာကုန်သည်နှင့်တပြိုင်နက်အသင်္ခတနိဗ္ဗာန်ပြည်ကြီးကို မျက်မှောက်ပြုရသည်ကို မှတ်အပ်၏။ ပညာရှိယောကျ်ားသည်မိမိဒုက္ခပင်ငြိသော ရောဂါသည်အကြွင်းမဲ့ပျောက်ငြိမ်းလတ်သော်။ငါသည်ရှည်စွာသောခရီးဖြင့်ဆင်းရဲငြိုငြင်စွာလာ၍ဆေးတို့ကိုမှီဝဲသဖြင့် အနာပျောက်ငြိမ်းသည်။ ငါကဲ့သို့အခြားသောသူတို့သည် ဆင်းရဲငြိုငြင်ခြင်းကိုလည်းမခံနိုင်ကြလေရာ၊ ငါ၏စကားကိုလည်းမယုံကြည်ကြလေရာ။ ငါတယောက်အထည်းတဉ်းသာနေတော့အံ့ဟုကြံအောက်မေ့သကဲ့သို့။ထိုအတူငါတို့မြတ်စွာဘုရားသည်ဘုရားအဖြစ်သို့ရောက်တော်လျှင်။ ။ယထာမဟာရာဇဘိသက္ကောအနေကဗျာဓိပိဠိတံနရံဥပသင်္ကမိတွာဇဝံစိန္တယတိ။ ကောနုခေါဥပက္ကမေနကတမေနငါဘောသဇ္ဇေနဇုမသဗျာဓိရူသမေယာတ။ဝေမေဝခေါမဟာရာဇတထာဂတောသ သဗ္ဗကိလေသဗျာဓိပိဠိတံဇနံဓေသစဂမ္ဘီရံနိပုဏာဒုဒ္ဒသဒုရနဗောဓေသုခုမဒုပ္ပဋိဝေဓတံ။ဒိသွာကိံ နုခေါကထံနုခေါတိ အပ္ပေါသုက္ကတာယစိတ္တံနမိ။နောဓမ္မဒေသနာယ။ ။ဤသို့မိလိန္ဒပဉှာ၌လာသောနည်းဖြင့်လေးသင်္ချေနှင့်ကမ္ဘာတသိန်းကြာမြင့်စွာ ရှာမှီး၍ရအပ်သောတရားကို၊ ဤသတ္တဝါတို့သည်။ မဟာရဇက္ခုဖြစ်၍ ငါရသောမဂ်ဖိုလ်ကိုလည်း မရနိုင်ကြရာ။ ငါဟောသောတရားကိုလည်းမနာနိုင်ကြရာ။ ငါတရားမဟောပြီဟူ၍ ကြံစည်တော်မူသည်ကိုမှတ်အင်၏။ မြို့စောင့်နတ်သည် ဤပညာရှိယောကျ်ားအါးမင်းထံ၌မူစေခြင်းငှါရင်း အချားသူတို့ကိုဆေးကုမစေခြင်းငှါရင်းတိုက်တွန်းသကဲ့သို့။ငါတို့မြတ်စွာဘုရားကိုသဟံပတိဗြဟ္မာတောင်းပန်သည်ကိုမှတ်အပ်၏။ ပညာရှိယောကျ်ားသည်ထိုထိုမြို့ရွာနိဂုံးဇနပုဒ်သို့လှည့်လည်၍ ရောဂါနှိပ်စက်သောသူတို့အားသုံးဆောင်စေ၍ အနာမှထမြောက်လျှင်မိမိ၏နေရာမြို့တွင်းသို့သွတ်သွင်းသကဲ့သို့။ငါတို့၏ဘုရားသ

ခင်သည်။ ထိုထိုမြို့ရွာ နိဂုမ်းဇနပုဒ်သို့ဒေသစာရီ လှည့်လည်တော်မူ၍။ ဝေနေယျာတို့ကို ချေချွတ်ပြီးလတ်သော် နိဗ္ဗာန်ကို အာရုံပြု၍။ အရဟတ္တဖိုလ်ကို ဝင်စားသော အားဖြင့်။ နိဗ္ဗာန်သို့ သွတ်သွင်းသည်ကို မှတ်အပ်၏။ ပညာရှိယောကျ်ားသည် ထိုသူတို့ကိုသေနာပတိ မျူးမတ်အရာ၌ထားသကဲ့သို့။ ငါတို့ဘုရားသခင်သည် ရှင်သာရိပုတ္တရာကိုဓမ္မသေနာပတိအရာ၌ထားခြင်း။ ရှင်အာနန္ဒာကိုဓမ္မဘဏ္ဍာဂါရိကအရာ၌ထားခြင်းကိုမှတ်အပ်၏။ ပညာရှိယောကျ်ားသည်မျူးမတ်တို့ကိုဘွဲ့ အမည်အရည်ပေးသကဲ့သို့။ အသီတိမထေရ်တို့ကို ဧတဒဂ်အရာ၌ထားသည်ကိုမှတ်အပ်၏။ ပညာရှိသောယောကျ်ားသည်ပုဏ္ဏားသူဌေးသူကြွယ်တို့ကိုအိမ်ဈေးလမ်းမ၌ ချထားနေထိုင်စေသကဲ့သို့။ ကြွင်းသောပကတိသာဝကတို့ကိုအရဟတ္တဖိုလ်ကိုရစေသည်ကိုမှတ်အပ်၏။ ပညာရှိယောကျ်ားသည် နောက်နောက်သောသတ္တဝါတို့၏အလို့ငှါ ဤမည်သောဆေးကား။ အနာရောဂါတို့ကိုပွါးစေတတ်သည်။ ဤမည်သောဆေးကားအနာရောဂါကို သက်သာရာကိုရစေတတ်သည်။ ဤမည်သောဆေးကားအနာကိုပျောက်ငြိမ်းစေတတ်သည်စသည်ဖြင့်။ ဆေးကိုစီရင်ရာသော အခြင်းအရာစသည်ကို ပြဆိုရာသောဘေသဇ္ဇဒီပနီစသောကျမ်းကို များစွာပြုစီရင်၍ထားသကဲ့သို့။ ငါတို့ဘုရားသခင်သည်။ ဤမည်သောဝိတ္ထိတို့၏ အကျင့်သည်ကိလေသာတို့ကိုတိုးပွါးစေတတ်သည်။ ဤမည်သော သမထဘာရေးသည်ကိလေသာတို့ကိုဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်တတ်သည်။ ဤမည်သောဝိပဿနာလက္ခဏာရေးသုံးပါးကိုဆင်ခြင်ခြင်းသည်။ ကိလေသာကိုအကြွင်းမဲ့ ပျောက်စေတတ်သည်။ ဤမည်သော အကုသိုလ်ကာမဂုဏ်တို့ကိုရှောင်ကြဉ်အပ်သည်။ ဤသို့ဘာဝနာအစဉ်ကိုပွါးအပ်သည်။ ဤသို့စသည်ဖြင့်ပြဆိုရာများစွာသောသုတ်အဘိဓမ္မာဝိနည်းဒေသနာတို့ကိုဟောတော်မူသည်ကိုမှတ်အပ်၏။ ဤသို့ပမာပမည်းကို။ စိန္တာမယဉာဏ်ဖြင့်ကြံလတ်ပြီး၍။ ဘုရားသခင်ကို သမားကြီးအရာ၌ထားလျက်ဟောကြားတော်မူသော စကားတော်ကိုရှိသေစွာနာယူအပ်၏။ ဘုရားသခင်သည် စင်စစ်အားဖြင့် လူသုံးပါးတို့၏အနာကို ပယ်ဖျောက်တတ်သောသမားကြီး၏သဖွယ်ဖြစ်သည်။ ထို့ကြောင့်။ ။ယထာနာမ၊ အဘယ်တနည်းဥပမာမည်သည်ကား။ ကုသလော။ တတ်သိးလိမ္မာသော။ ဝဇ္ဇော၊ နာရဇမည်သောဆေးသမား။ ကပိလမည်သောဆေးသမားအစရှိသော

သမားကြီးအပေါင်းသည်။ဥပ္ပန္နံ။ လူတို့၌ဖြစ်သော။ဂဏ္ဍံ။အိုင်းအမာကို။ ဗာလနလေပနဗန္ဓနဓောဝနာဒိပုဟိ။ဓါးငယ်ဖြင့်ဘောက်ခွဲခြင်း။ဆေးလိမ်းကျံခြင်း။ဆေးစည်းခြင်း။ဖန်ဆေးခြင်းအစရှိသည်တို့ဖြင့်။တိကိစ္ဆန္တော။ ကုစားသည်။ဟုတွာ။ဖြစ်၍။ရောဂံ။လူတို့၌ကပ်ရောက်သောရောဂါကို။ရူပသမေတွာ။ ပျောက်ငြိမ်းစေ၍။ သဒ္ဓိ။ ပြကတေ့သောအရေအဆင်းရှိသည်ကို။ကတွာ။ပြု၍။ဥပါဝါဒါဒိရဟော။ သူတပါးတို့၏စွပ်စွဲပြောဆိုခြင်းအစရှိသည်ကိုထိုက်သည့်။ နဝေ ဝဟောတိယထာ။ မဖြစ်သကဲ့သို့ ဧဝံ။သကောစအာစရိယကေ။မိမိ၏ဥပ္ပာဖြစ်သော ဆေးဆရာ၏အထက်၌လည်း။ဝိဒိတာနုဘာဝေါ။ထင်စွာသိကြသောအာနုဘော်ရှိသည်။ဟုတွာ။ ဖြစ်၍။ သက္ကာရံ။ သူနာတို့၏ပူဇာသက္ကာပြုခြင်းသို့။ ပါပုဏာတိယထာ။ ရောက်သကဲ့သို့ဧဝံ။ဧဝံ ဘထာ၊ ထိုအတူ။ဘဂဝါ။မြတ်စွာဘုရားသည်။ ဥပဝါဒါဒိရဟော။သူတပါးတို့၏စွပ်စွဲပြောဆိုခြင်း အစရှိသည်ကိုထိုက်သည်။နစဟောတိ။ဖြစ်လည်းမဖြစ်။သကေသမ္ဗုဒ္ဓဝိသယေ။ ကိုယ်တော်၏ဥစ္စာဖြစ်သောသဗ္ဗညုတအရာ၌လည်း။ဝိဒိတာနုဘာဝေါ။ ထင်ရှားစွာသိရသောအာနုဘော်ရှိသည်။ဟုတွာ။ဖြစ်၍။သက္ကာရံ။လူနတ်ဗြဟ္မာသတ္တဝါတို့၏ပူဇော်သက္ကာရပြုအပ်သည်၏အဖြစ်သို့။ပါပုဏာတိ။ရောက်၏။ ။ဟူ၍ဝိနည်းအဋ္ဌကထာ၌လာသည်။ ။ထိုကြောင့်ယခုအခါငါတို့သည်လည်း။ ရာဂ။ဒေါသ။မောဟ။ကောဓ။ ဥပနာဟအစရှိသော ကိလေသာတည်းဟူသောရောဂါအနာတို့သည်ပြင်းစွာနှိပ်စက်လျက်။အဘယ်မှာလျှင်လိမ္မာစွာသောဆေးသမားနှင့်တူသောမြတ်စွာဘုရား၏စကားတည်းဟူသောဆေးကျမ်းကိုတွေ့မြင်လျက်။မသုံးဆောင်ဘဲနေကောင်းအံ့နည်းဟုအောက်မေ့ဆင်ခြင်လျက်။ ။မဟာရာဇ။မိလိန္ဒမင်းကြီး။ဝါပန။ထိုမှတပါး။ပရမဗျာဓိတော။ ပြင်းစွာအနာရောဂါနှိပ်စက်အပ်သော။ ပုရိသော။တဦးသောယောကျ်ားသည်။ ရောဂုပ္ပတ္တိကုသလံ၊ ရောဂါ၏ဖြစ်ခြင်း၌အလွန်လျှင်တတ်သိလိမ္မာသော။ အမောဃဓုဝသိဒ္ဓကမ္မဘိသက္ကံ။ အချည်းနှီးမဟုတ် စင်စစ်လျှင်အနာ၏ပျောက်ခြင်းကို ပြီးစေတတ်သောဆေးအမှုဖြင့်ကုစားတတ်သော။သလ္လကတ္တံ။အနာတည်းဟူသောငြောင့်ကိုလည်းနုတ်တတ်သောသမားကောင်းကို။ ဒိသွာ။ တွေ့မြင်လျက်။ နတိကိစ္ဆာပေတွာ။မကုစားစေမူ၍။သဗျာဓိကော။ အနာဖြင့်ကျင်နာလျက်သာလျှင်။ပဋိနိဝတ္တေယျ။ မကုစားဘဲဆေးသမား၏အထံမှပြန်နစ်၍သွား

ရာ၏။တဥ္စ။သိုသို့မကုစားဘဲသေးသမားကိုရှောင်လွှဲ၍နေရာ၌။ အာတုရံဝါ။အနာဖြင့်ကြင်နာသောသူကိုရင်း။ဘိသဂ္ဂံဝါ။ဆေးသမားကိုရင်း။ကတမံ။အဘယ်မည်သောသူကို၊ဇနော။ဗုဒ္ဓလိလူအပေါင်းသည်။ဂရဟေယျကဲ့ရဲ့ရာသနည်း။လ။မဟာရာဇ။မိလိန္ဒမင်းကြီး။ဝေမေဝခေါ။ ဤအတူသာလျှင်။တထာဂတော။ငါတို့ဆရာဘုရားမြတ်စွာသည်။ အဇ္ဈာသာသနသမင္ဂေ။ သာသနာတော်တည်းဟူသော။ ပုပါတံတင်း၏အတွင်း၌။ ကောဝလံ။သက်သက်။သကလကိလေသဗျာဓိ ဝူပသမနတ္ထံ။အလုံးစုံသောကိလေသာတည်းဟူသောအနာကို ပျောက်ငြိမ်းစေခြင်းငှါ။ အမတောသဓံ၊ အမြိုက်ဆေးကို။ဝါ။အမြိုက်ဆေးနှင့်တူသော သမထဝိပဿနာကို။ ပက္ခိပိ။ ထည့်သွင်း၍ထားတော်မူလတ်ပြီ။ ၊ကထံမနသိကရိတွာ။အဘယ်သို့နှလုံးပိုက်တော်မူ၍။ ပက္ခိပိ၊ထည့်သွင်း၍ ထားတော်မူသနည်းဟူမူကား။ ယေကေစိ။ခပ်သိမ်းကုန်သော။ကိလေသဗျာဓိပိဋိတာ။ ကိလေသာတည်းဟူသောအနာသည်နှိပ်စက်အပ်ကုန်သော။ သစေတနာ။စိတ်စေတနာရှိကုန်သော။ဗုဓာ။ပညာရှိကုန်သော။ တေမနုဿာ။ ထိုလူတို့သည်။ အမတောသဓံ။ အမြိုက်ဆေးကို။ဝါ၊အမြိုက်ဆေးနှင့်တူသောသမထဝိပဿနာကို၊ပိဝိတွာ။သောက်၍။ သဗ္ဗကိလေသဗျာဓိ။ အလုံးစုံသောကိလေသာတည်းဟူသောအနာကို။ ဝူပသမေဿန္တိ။ငြိမ်းစေကြကုန်လတ္တံ့။ ဣတိမနသိကရိတွာ။ဤသို့နှလုံး၌ပိုက်တော်မူ၍ သာသနာတော်တည်းဟူသော။ ပုပါတံတင်း၌ အမြိုက်ဆေးတည်းဟူသောသမထဝိပဿနာကို သိုမှီး၍ထားတော်မူပြီ။ယဒိ။အကယ်၍။ကောစိ။တစုံတယောက်သောသင်ဇသမ္ဗ ဇညကင်းသောလူရဟန်းသည်။တံအမတောသဓံ။ ထိုသမထဝိပဿနာတည်းဟူသောအမြိုက်ဆေးကို။ အဒိဝိတွာ။မသောက်လျှင်းဘဲ။ သကိလေသော၀။ ကိလေသာတည်းဟူသောအနာနှင့်တကွသာလျှင်။ ပဋိနိဝတ္တိတွာ။အဆုံးအမတော်မှဆုတ်နစ်၍။ဟိနာယာဝတ္တိ။ လူ့ဘောင်သို့ပြန်နစ်၏။တံယေဝ။ထိုပုဂ္ဂိုလ်ကိုသာလျှင်၊ဂရဟိဿတိ။ အများဗုဒ္ဓလိလူတို့ကဲ့ရဲ့ကြလတ္တံ့။ ။ဤသို့မိလိန္ဒပဉှာ၌လာသောနည်းအားဖြင့်။ မိမိကိုယ်ကိုအပြစ်တင်ခြင်းကိုပြုသောအားဖြင့် လက္ခဏာရေးသုံးပါးကိုတလုံလဲလဲသုံးစွဲပွါးများအားထုတ်အပ်သည်။ပွါးများရာသည်ကား။ ငါတို့ဘုရားသခင်သည်၊သမားကြီး၏သဘွယ်ဖြစ်၍။ ဝေနေယျတို့၏သန္တာန်၌ဖြစ်သော ကိလေသာတည်းဟူသောအနာရောဂါကို။ ပယ်ဖျောက်တော်မူ

နိုင်သောအစွမ်းသတ္တိရှိပါလျက်။ ကိုယ်တော်မြတ်၌စွဲကပ်သော ဒရိုခြင်း တည်းဟူသောရောဂါ။ နာခြင်းဘည်းဟူသောရောဂါ။ ပရိနိဗ္ဗာန်စံယူရ ခြင်းတည်းဟူသောရောဂါတို့ကို ·ကုစားခြင်းငှါမတတ်နိုင်လေရကား။ နှိုင်းရှည်စရာဥပမာမရှိသောကိုယ်တော်ရောင်ပညာရောင်တို့ကိုနတ်နှင့် တကွသောသတ္တလောက၌တောက်ပစေပြီး၍။ အနိစ္စသဘောသို့ရောက် သောအားဖြင့်ပရိနိဗ္ဗာန်စံယူတော်မူရလေပြီဟူ၍။ ။အတုလံ၊အတုမရှိ သောမဂ်ချမ်းသာဖိုလ်ချမ်းသာနိဗ္ဗာန်ချမ်းသာကို။ ဒတွာ။ ဝေနေယျတို့ အားပေးသနားတော်မူပြီး၍။သဒေဝကေ။ နတ်နှင့်တကွသောသတ္တလော ကသြကါသလောက၌။ဩဘါသံ။ကိုယ်တော်ရောင်ညာဏ်တော်ရောင် ကို၊ဝိရောစေတွာ။ လွန်စွာတောက်ပစေလတ်ပြီး၍။ သောမိဘဂဝါ။ထို မြတ်စွာဘုရားသည်လည်း။အဂ္ဂိ။မီးသည်။ဥပါဒါနသခ်ယာ။ မီးစာ၏ကုန် ခြင်းကြောင့်။နိဗ္ဗုတော၊ယထာ။ငြိမ်းခြင်းသို့ရောက်သကဲ့သို့။အနိစ္စတံ။အ နိစ္စသဘောသို့။ပတ္တော၊ရောက်တော်မူရလေပြီ။ ။ဤသို့ဗုဒ္ဓင်ပါဠိ၌ လာသောနည်းအားဖြင့်။သခ်ါရတရားတို့၏မမြဲခြင်းကိုဆင်ခြင်အောက် မေ့အပ်သည်။ ။လူနတ်ဗြဟ္မာများစွာသောဝေနေယျတို့ကိုလည်း။ ကိလေသာတည်းဟူသောရောဂါမှထွက်မြောက်စေ၍၊ အရဟတ္တဖိုလ် ကိုမျက်မှောက်ပြုစေလတ်ပြီ။ ဤဝေနေယျတို့၏ ဒရိုခြင်းနာခြင်းသေခြင်း တည်းဟူသောရောဂါတို့ကိုမူကား။ကုစားခြင်းငှါမတတ်နိုင်လေရကား။ တပည့်သားအပေါင်းတို့သည်လည်း ဝုတ်ကျသောအားဖြင့် ပရိနိဗ္ဗာန်စံ ယူတော်မူကြလေကုန်ပြီ။ဤသခ်ါရတရားကားမမြဲသောသဘောရှိသည် သာတည်း။မြတ်စွာဘုရားတည်းဟူသောသမားကြီးစကားကို မနာမယူ လျှင်းဘဲဆေးသဘွယ်ဖြစ်သော ဝိပဿနာဘာဝနာကိုလည်းမပွါးလျှင်း ဘဲ။သရာဂ၊သဒေါသ၊သမောဟအဖြစ်ဖြင့်နေကြကုန်သော ဝေနေယျတို့ သည်လည်းပျက်စီးဘောက်ပြန်၍ အကြွင်းအကျန်မရှိ ပျောက်ပျက်လေ ကုန်ပြီ။ဤသရာဂသဒေါသသမောဟပုဂ္ဂိုလ်တို့သည်လည်းမိမိသန္တာန်၌ ကိန်းသောလောဘတရားသည်ညှဥ်းပန်းနှိပ်စက်အပ်သည်ဖြစ်၍။ ထိုထို ဝတ္ထုကာမကိုလိုချင်တောင်းတသောအားဖြင့်။ သစ်ကျားသားရဲရှိသော ခရီးသို့သွားကြကုန်၍။ရှာမှီးသောအားဖြင့်ပျက်စီးကြလှလေပြီ။အချမ်းအ ပူအားဖြင့်မမျှသောဥတုရှိသောအရပ်သို့သွားလာ၍။ဝတ္ထုကာမကိုရှာမှီး သောအားဖြင့်လည်းပျက်စီးကြလှလေပြီ။ မြစ်သမုဒ္ဒရာသို့ ကူးသန်းသွား

လာ၍ဝတ္တုကာမကိုရှာမှီးသောအားဖြင့်လည်းပျက်စီးကြလှလေပြီ။ဤသို့စသည်ဖြင့်ပျက်စီးရခြင်းသည်လောဘတရား၏အစွမ်းသတ္တိ။လောဘတရား၏ပယောဂသာတည်းဟုမှတ်အပ်သိအပ်သည်။ ဒေါသတရားသည်ဖျက်ဆီးနှိပ်စက်အပ်သည်ဖြစ်၍။အချင်းချင်းသတ်ပုတ်ညှဉ်းဆဲကြသောအားဖြင့်လည်း။သတ္တဝါအများတို့သည်ပျက်စီးကြလှလေပြီ။ ဤသို့ပျက်စီးခြင်းသည်ဒေါသ၏အစွမ်းဖြင့်၎င်း။ဒေါသ၏ပယောဂအားဖြင့်၎င်းပျက်စီးကြကုန်သည်ဟူ၍။ သိအပ်မှတ်အပ်သည်။ဤသို့သဘောရှိသောလောဘတရားဒေါသတရားတို့သည်သတ္တဝါတို့ကိုနှိပ်စက်၍။အပါယ်နရက်၌ပြစ်ချတတ်လေရကား။စက်ဆုတ်ရွံရှာဘွယ်ရှိသည်သာဖြစ်သည်။ ဤသို့လောဘဒေါသအစရှိသောအကုသိုလ်တရားတို့၏ အာဒီနဝကိုသိမြင်ရာသည်။ဤအတ္တဘောသည်လည်းမပျက်စီးဘတ်။ မဘောက်ပြန်တတ်သောသဘောသတ္တိရှိလျှင်မူကား။ လောဘတရားဒေါသတရားတို့သည်ပျက်စီးအောင်ပြုသော်လည်း မပျက်စီးလေရာ။ သဘာဝအားဖြင့်လည်းပျက်စီးတတ်သေးသဘောရှိသည်။ဤအတ္တဘောကားလောဘဒေါသတို့ကြောင့်သာပျက်စီးဘောက်ပြန်တတ်သည်မဟုတ်၊ သီတတေဇောလွန်၍လည်းပျက်စီးတတ်သည်။ဥဏှတေဇောလွန်၍လည်းပျက်စီးတတ်သည် ထမင်းမွတ်၍လည်း ပျက်စီးတတ်သည်။ရေသိတ်၍လည်း ပျက်စီးတတ်သည်။ဤအကြောင်းလေးပါးပင်မရှိလင့်ကစား။ သဘောအားဖြင့်ပျက်စီးတတ်သည်။သီတတေဇော၏မနှိပ်စက်ခြင်းငှါ။ မီးကင်ခြင်းအဝတ်ဖြင့်ချုံလွှမ်းခြင်းတို့ဖြင့်။ဤအတ္တဘောကိုမွေးမြူသော်၎င်း။ ဥဏှတေဇော၏မနှိပ်စက်ခြင်းငှါ ကြီးစွာသောချမ်းသောအရိပ်နိုက်ပင်ထား၍လုပ်ကျွေးသော်၎င်း။ တနေ့သုံးကြိမ်အစာကျွေး၍မွေးမြူသော်၎င်း။ ကြည်လင်သောရေဖြင့်တိုက်ကျွေး၍မွေးမြူသော်၎င်း။ ဤအတ္တဘောသည်မပျက်မစီး ကောင်းစွာတည်သည်မဟုတ် သဘောအားဖြင့် အချိန်ရောက်လျှင်ပျက်စီးတတ်သည်သာဖြစ်သည်။ ထိုကြောင့် ဤအတ္တဘောဟု ဆိုအပ်သောရုပ်နံ့သမ်ခန္ဓာအရသည်တရံတခုမျှမြဲသောသဘောမရှိ။ အိုခြင်းနာခြင်းသေခြင်းတို့ဖြင့်လည်းဆင်းရဲတတ်သောသဘောရှိသည်။ ထိုအိုခြင်းနာခြင်းသေခြင်းသဘောကိုလည်း ဆီးတားပိတ်ပင်ခြင်းငှါပြုရာသောအကြောင်းလည်းမရှိ၊အစိုးမရသောသဘောရှိသည်သာတည်း။ဤသို့အောင်မေ့ဆင်ခြင်သောအားဖြင့် ဘာဝနာတရားကိုမမေ့မလျော့ ပွါးများအပ်

သည်။ ။ဤသို့ပြဆိုကဲ့ပြီးသောစကားရပ်ကိုစေ့စပ်စွာမှတ်နာပြီး၍။ ဝဋ္ဋနိဗ္ဗာန်ဉာဏ်ကိုလေသအာဒိနဝဉာဏ် ယထာဘူတဉာဏ်ကိုရတော်မူပြီးသောရေမြေသဌေးနင်းပြည့်ရှင်မင်းမှာလည်း အချင်းခပ်သိမ်းဘာဝနာတရားကိုဆေးငါးသဘွယ်ပြု၍ မပြတ်သုံးဆောင်တော်မူအပ်သည့်သာဖြစ်သည်။ ။ဇမ္ဗူဒီပသသ။ဇမ္ဗူဒီပါကျွန်းကြီး၏။သိခဘူတော။ဦးစွန်းသဘွယ်ဖြစ်၍ဖြစ်သော။မြင့်ရင္ဒေ။မြမ္မာတိုင်းကြီး၌။ရတနာပုဏ္ဏမဟာရာဇဓာနီ။ရတနာပုံအမည်ရှိသောမင်းနေပြည်ကြီးကို။ပထမံ။ လက်မွန်အစမဆွစွာ။ပါပကေန၊ဘန်ဆင်းတော်မူသော။ ဒါနသီလဘာဝနာသု။ဒါနသီလဘာဝနာတရားတို့၌။အဘိရတေန။ အလွန်မွေ့လျော်တော်မူသော။ သိရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာတိ။ သိရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာဟူ၍။ထပိတလဉ္ဆိတေန၊ထားအပ်သောတံဆိပ်နာမံတော်ရှိသော။မဟာဓမ္မရာဇေန။ မဟာဓမ္မရာဇ်ဘုရားမင်းမြတ်သည်။ ယံအဘိယာစိတော။ အကြင်ကြောင့်တိုက်တွန်းနှိုးဆော်တော်မူအပ်၏။ တေနကာရဏေန။ ထိုသို့တိုက်တွန်း နှိုးဆော်တော်မူခြင်းကြောင့်။ ညေယျဓမ္မာဘိမနိဝရဉာဏကိတ္တိသိရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဘိလဒ္ဓလဉ္ဆိတေန။ မဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍မင်းမှရအပ်သောတံဆိပ်နာမံရှိသော။ မဟာထေရေန။မဟာထေရ်မြတ်သည်။ရစိတော။ရေးသားစီရင်အပ်သော။ သုရာဇမဂ္ဂဒီပနီယံ။ သုရာဇမဂ္ဂဒီပနီအမည်ရှိသောကျမ်း၌။ ဒုတိယော။ နှစ်ခုမြောက်သောဓမ္မာနုဂ္ဂဟာအပ္ပမာဒကထာမဂ္ဂေါ။ ဓမ္မာနုဂ္ဂဟာအပ္ပမာဒစကားအစဉ်သည်။ပရိနိဋ္ဌိတော။ထက်ဝန်းကျင်မှပြီးစီးအောင်မြင်လတ်ပြီ။

အတ္တာနုဂ္ဂဟာအပ္ပမာဒကထာကိုပြအပ်သောကာလရောက်သည့်ဖြစ်၍ငင်း။ သမလာဖြဟ္မဇာဥပသက်မိတ္တပည္ဟာပုန္တနိဇင်္ကာဟူသော ဆယ်ခုမြောက်သော ကျင့်ဝတ်တရားကိုအတ္တာနုဂ္ဂဟာအပ္ပမာဒကထာမှာမှပြဆိုလတ္တံ့ဟူ၍အောက်၌ပဋိညာဉ်ကိုပြုအပ်သည်ဖြစ်၍ငင်း၊ ဤယခုအခါ၌အတ္တာနုဂ္ဂဟာအပ္ပမာဒကထာကိုလင်္ကာရာရေးသုံးပါးနှင့်တကွကာယဂထာသတ်ကထာမရဏာနုဿတိကထာနှစ်ပါးတို့ဖြင့်ပြဆိုပေအံ့။ ။ထိုတွင် ဤအတ္တဘောသည်။ ။ပရိဇိဏ္ဏမိဒရူပံ။ရောဂါနိဋ္ဌံပဘင်္ဂုရံ။ဘိဇ္ဇတိပုတိသန္ဒေဟော။မရဏန္တံ ဟိဇီဝိတံ။ ။ဟူ၍ဓမ္မပဒ၌ဟောတော်မူသည်ဖြစ်

၍။ အေသွ့မြေ့တတ်ပျက်စီးတတ်ရောဂါအစရှိသည်တို့ဖြင့် ဘောက်ပြန်တတ်သည်။ ။ဣဒံရူပကံ။ဤရူပကာယသည်။ပရိဖုဋ္ဌ ။အိုမင်းထိုင်းမှိုင်းတတ်သောသဘောရှိ၏။ရောဂါနိဍ္ဍံ။ရောဂါအပေါင်းတို့၏ ကိန်းအောင်းရာဖြစ်၏။ပဘင်္ဂုနံ။ပျက်စီးတတ်၏။ သနေ့ဟော။အတ္တဘောသည်၊ပုတိ။ ပုပ်သိုးသည်ဖြစ်၍။ ဘိဇ္ဇတိ။ကွဲပျိုတတ်၏။ဟိယသ္မာ။အကြင်ကြောင့်။ ဖိဝိတံ။အသက်သည်။မရဏန္တံ ။သေခြင်းလျှင်အဆုံးရှိ၏။ တသ္မာထိုကြောင့်တည်း။ ။ဤသို့ဟောတော်မူအပ်သောအတ္တဘောသည်ပျက်စီးတတ်ဘောက်ပြန်တတ်သောသဘောရှိရကား။ ကံအားလျော်စွာရှည်မြင့်စွာတည်ခြင်းကိုအလိုရှိအပ်သည်၊ ။ထိုကြောင့်ဋ္ဌကနိပါတ်အဋ္ဌကထူ့ခါရဇာတ်၌။ ။အာရောဂျမိစ္ဆေ ပရမဉ္စလာဘံ ။ သီလဉ္စဗုဒ္ဓါနုမတံသုတဉ္စ။ ဓမ္မာနုပတ္တိစအလိနတာစ။အတ္ထဿဒွါရာပမုခါဆဠေတေ။ ။ဟူ၍ဟောတော်မူသည်။ ။အာရောဂျံ။အနာကင်းခြင်းဟုဆိုအပ်သော။ပရမံ။မြတ်သော။လာဘံ ။ လာဘ်ကို။ဣစ္ဆေ။အလိုရှိရာ၏။သီလဉ္စ။ သီလအကျင့်ကိုလည်း။ ဣစ္ဆေ။ အလိုရှိရာ၏။ ဗုဒ္ဓါနံ။ ဂုဏ်ဖြင့်ကြီးသောပညာရှိတို့၏။ အနုမတံ။အယူဝါဒအဆုံးအမကို။ဣစ္ဆေ။အလိုရှိရာ၏။သုတဉ္စ။ အကြားအမြင်ကိုလည်း။ဣစ္ဆေ။ အလိုရှိရာ၏။ဓမ္မာနုပတ္တိစ။ သုံးပါးသောသုစရိုက်အားလျော်သောအကျင့်ကိုလည်း။ဣစ္ဆေ။အလိုရှိရာ၏။ အလိနတာစ။ဒါနသီလဘာဝနာတို့၌မတွန့်တိုသောစိတ်ရှိသည်၏အဖြစ်ကိုလည်း။ဣစ္ဆေ။ အလိုရှိရာ၏၊ဧတေ။ ဤခြောက်ပါးသောတရားတို့သည်။ အတ္ထဿ။အကျိုးစီးပွါး၏။ပမုခါ။အဦးတို့တည်း။ဒွါရာ။အကြောင်းတို့တည်း။ ။ဤသို့ဟောတော်မူသော ကြောင့်ဤခြောက်ပါးသော တရားတို့ကိုလွန်စွာအလိုရှိအပ်သည်။ထိုခြောက်ပါးတို့တွင်အနာရောဂါ၏ကင်းခြင်း။ဤသာကျန်းခံ့ခြင်း။ဤရူပကာယ၏ကြာမြင့်စွာတည်ခြင်းကို၊ ရှေးဦးစွာအလိုရှိအင်သည်။ဤအတ္တဘောသည်အဖျားတွေးရန် ဗဟိဒ္ဓဘေးရန်တို့မှလုံခြုံစေခြင်းငှါမမေ့မလျော့ စောင့်ရှောက်ထိမ်းသိမ်းသောအားဖြင့်။ အတ္တာနုဂ္ဂဟာအပ္ပမာဒတရားကို ပွါးများအပ်သည်၊ ထိုအပ္ပမာဒ တရားသည်။ ဘုရားအစရှိသောသူတော်ကောင်းတို့သည်ချီးမွမ်းအပ်သည်၊ အပ္ပမာဒတရားကိုအမှီပြု၍ သူခပ်သိမ်းတို့အားလောကီ လောကုတ္တရာအကျိုးစီးပွါးတို့သည်ပွါးများကုန်သည်။ ။ထိုကြောင့်ဓမ္မပဒအပ္ပမာဒဝဂ်အဋ္ဌကထာ၌၊ ။အပ္ပမာဒေါနာမေသဗုဒ္ဓါဒီဟိ။ အစရှိသည်ဖြင့်ဘွင့်ဆို

သည်။ ။ဇေသဇေသာအပ္ပမာဒေါနာမ။ဤအပ္ပမာဒတရားမည်သည်ကို။ ဗုဒ္ဓါဒိဟိ။ ဘုရားအစရှိသောသူတော်ကောင်တို့သည်။ပသဋ္ဌော။ ချီးမွမ်းတော်မူအပ်၏။အပ္ပမာဒံ။အပ္ပမာဒတရားကို။နိဿာယ။ မှီ၍။ သဗ္ဗေသံပိ။ အလုံးရုံလည်းဖြစ်ကုန်သော။ လောကိလောကုတ္တရာနံ။ လောကီလောကုတ္တရာဖြစ်ကုန်သော။ဝိသေသာနံ။ကျေးဇူးအထူးတို့ကို။အဓိဂမော။ ရသည်။ ဟောတိ။ဖြစ်၏။ ။လောကဓမ္မအရာခပ်သိမ်းနှိုက်ပင်သတိနှင့်ယှဉ်စေလျက်။အခါခပ်သိမ်းအတ္တဘောကိုချီးမြှောက်အပ်သည်။ ဤသို့သဘောရှိသောအဇ္ဈတ္တဘောကို။သိတဥဏှ။ဇိဃစ္ဆာ။ပိပါသ။ဥစ္စာရ။ပဿာဝ။ ထိနမိဒ္ဓ။ဇရာ။ဗျာဓိ။မရဏ။ဤဆယ်ပါးသောတရားတို့သည်။ အတ္တဘောကိုအမြဲမပြတ်ကပ်၍ဖြစ်ကုန်သည်။ ဤတရားဆယ်ပါးကို ဘုရားရဟန္တာတို့ပင်သော်လည်းမပွန့်ပယ်နိုင်ကုန်။အစိုးမရအလိုသို့မလိုက်ကုန်။ ။ ထိုကြောင့်မိလိန္ဒပညာ၌။ ။ဒသိမေမဟာရာဇ။ကာယနုဂတာစသည်ဖြင့်။အရှင်နာဂသေနမထေရ်မိန့်ဆိုတော်မူသည်။ ။မဟာရာဇ။မိလိန္ဒမင်းကြီး။ ကာယာနုဂတာ။ ကိုယ်သို့အစဉ်လိုက်ကုန်သော။ ဒူမေဒသဓမ္မာ။ ဤဆယ်ပါးသောတရားတို့သည်။ ဘဝေဘဝေ။ ဘဝတိုင်းဘဝတိုင်းနှိုက်။ကာယံ။ကိုယ်ကို။ အနုဓာဝန္တိ။ အစဉ်လျှောက်၍ ပြေးသွားကုန်၏။ အနုပရိဝတ္တန္တိ။ အစဉ်လိုက်ကုန်၏။ ကတမေဒသ။အဘယ်ဆယ်ပါးတို့နည်းဟူမူကား၊သိတံ။အချမ်းငင်း။ဥဏှံ။အပူငင်း။ ဇိဃစ္ဆာ။ ထမင်းမွတ်ခြင်းငင်း။ ပိပါသာ။ ရေသိတ်ခြင်းငင်း။ဥစ္စာရော။ အခင်းကြီးငင်း၊ပဿာဝေါ။အခင်းငယ်ငင်း။ထိနမိဒ္ဓံ။အိပ်ငိုက်ခြင်းငင်း။ဇရာ။ အိုမင်းခြင်းငင်း။ဗျာဓိ။ နာခြင်းငင်း။မရဏံ။ သေခြင်းငင်း။ ဣတိဣမေဒသ။ ဤဆယ်ပါးတို့တည်း၊မဟာရာဇ။ မိလိန္ဒမင်းကြီး။ကာယနုဂတာ။ကိုယ်သို့အစဉ်လိုက်တတ်ကုန်သော။ ဣမေဓေါဒသဓမ္မာ။ ဤဆယ်ပါးသောတရားတို့သည်။ဘဝေဘဝေ။ဘဝတိုင်းဘဝတိုင်း၌၊ကာယံ။ကိုယ်သို့။ အနုဓာဝန္တိ။အစဉ်လျှောက်၍ပြေးသွားကုန်၏။အနုပရိဝတ္တန္တိ။အစဉ်လိုက်ကုန်၏။တည်း။ ထိုဆယ်ပါးသောတရားတို့၌။ အရဟာ။ဘုရားရဟန္တာအစရှိသော။ပုဂ္ဂိုလ်အပေါင်းသည်။ အနိဿရော။အစိုးမရ။ အဿာမိ။ အရှင်မဟုတ်နိုင်။အသဝတ္တိ။အလိုသို့မလိုက်။ဣတိ။ဤသို့။အာဟ။မိန့်ဆို၏။ ။ထိုဆယ်ပါးသောတရားကိုတွင်ဇရာဗျာဓိမရဏတို့ကိုမူကား။ ဆီးတားခြင်းငှါမတတ်နိုင်ရာ။သိတတောဓော။ဥဏှတောဓောတို့ကိုမလွှန်

စေရအောင်အဏ္ဍဘောကို စောင်မလုပ်ကျွေးရာသည်။ ထမင်းမွတ်ခြင်း ရေသိတ်ခြင်းတို့ဖြင့်လည်းအဏ္ဍဘော၏ မပင်ပန်းစေခြင်းငှါကာလကိုမ လွန်စေမူ၍သုံးဆောင်အပ်သည်။ဥစ္စာရပဿာဝ။အဓ္ဓုကိစ္စကိုလည်းကာ လကိုလွန်၍မထားရာ။ အိပ်စက်ခြင်းကိုသည်းအချိန်ကာလကိုမလွန်စေ ရာအချိန်ကာလမဟုတ်သည်၌လည်းမအိပ်စက်ရာ။ထိုရှုစ်ပါးတို့တွင်။ ဇိ ဃစ္ဆာရောဂါကို။ ကဗဠီကာရအာဟာရသည် ပျောက်ပယ်တတ်သည်။ ဤကဗဠီကာယ အာဟာရကား။ မင်းသားငယ်ကိုစောင့်ရှောက်သော အထိမ်းနှင့်တူသည်။အဏ္ဍဘောကိုပြုပြင်သောကံကား။ အမိရင်းနှင့်တူ သည်။ထိုကြောင့်အာဟာရကိုသုံးဆောင်ရာနှိုက်။ အတိုင်းအရှည်ကိုသိ ရာသည်။ဤသို့အတိုင်းအရှည်ကိုသိသော သတိပညာရှိသောသူအားဖြစ် ပြီးသောဝေဒနာတို့သည်လည်းလျော့ပါးကုန် သည်။ မဖြစ်သေးသောဝေ ဒနာတို့သည်လည်းမဖြစ်ကုန်။ပယ်ရှားခြင်းငှါမတတ်နိုင်ရာသောဒိုမင်း ခြင်းသည်လည်းဖျည်းညှင်းစွာနှိပ်စက်သည်။ ကံအားလျော်စွာအသက် ၏ရှည်မြင့်စွာတည်ခြင်းကိုလည်းဖြစ်စေတတ်သည်။ ။ထိုကြောင့်။ ။ သဂါထာဝဂ္ဂကောသလသံယုတ်၌။ ။မနုဇဿသဒါသတိမတော။ မတ္တံဇာနတောလဒ္ဓဘောဇနေ။တနုတဿဘဝန္တိဝေဒနာ။ သဏိကံဇီရ တိအာယုံပါလယန္တိ။ ။ဟူ၍ဟောတော်မူသည်။ ။သဒါ။အခါခပ် သိမ်း။သတိမတော။ သတိရှိသော။လဒ္ဓဘောဇနေ။ ရအပ်သောဘောဇဉ် ကို။မတ္တံ။အတိုင်းအရှည်ကို။ဇာနတော။သိသော။တဿမနုဇဿ။ ထို သတ္တဝါအား။ဝေဒနာ။ဝေဒနာတို့သည်။တနူ။ပါးရှားကုန်သည်။ ဘဝန္တိ။ ဖြစ်ကုန်၏။သဏိကံ။ဖျည်းဖျဉ်း။ဇီရတိ။ဒိုမင်း၏။အာယုံ။အသက်ကို။ပါ လယန္တိ။စောင့်ရှောက်ကုန်၏။ ။ဤသို့ဟောတော်မူသည်ကိုသိမြင်ဆင်ခြင် လျက်။ဤအဏ္ဍဘော၏ရှည်မြင့်စွာတည်ခြင်းငှါရင်း။ ဤခန္ဓာအစဉ်၏သံ သရာ၌ကြာမြင့်စွာမတည်ခြင်းငှါရင်း။ ဘောဇ်အာဟာရကိုရင်း။ကာယ ဂတာသတိတည်းဟူသောဓမ္မအာဟာရထိုရင်း။ကာလကိုမလွန်စေမူ၍ သုံးဆောင်အပ်သည်။သုံးဆောင်ရာသည်ကား။ဤနေ့စဉ်မပြတ်သုံးဆောင် အပ်သောထမင်းဘောဇဉ်ကိုဖြစ်စေတတ်သော ကောက်ပင်ကောက်တံ တို့သည်သွေးမြေ့ပျက်စီး၍ရင်း။ ကျွဲနွားတိရစ္ဆာန်တို့သည် သုံးဆောင် စားသောက်၍ရင်း။ပျောက်ပျက်ပြုံးတီး၍မြေကြီးသြဇာဖြစ်လေပြီ။ ထိုသို့ ပင်ဖြစ်လင့်ကစား။ ဤထမင်းသည်မွတ်သိတ်ဆာလောင်ခြင်း တည်ဟူး

သောရောဂါကိုလည်းပယ်ဖျောံတတ်သည်။ ဇီဝိတိန္ဒြေကိုလည်းမပျက်စီးအောင်စောင့်ရှောက်တတ်သည်။ အသားအရေတို့၏ကြည်လင်နှစ်လိုပွါးမျိုခြင်းကိုလည်း ဖြစ်စေတတ်သည်။ ထိုအတူထမင်းဘောဇဉ်နှင့်တူသောတရားဒေသနာကိုဟောတော်မူတတ် ဖြစ်စေတတ်သောကောက်ပင်နှင့်တူသောဘုရားသခင်သည်၊ ကောက်ပင်ပျက်စီး၍မြေကြီးအစီးအပွါးဖြစ်သကဲ့သို့။ ငါတို့ဘုရားသခင်သည်လည်း။ သင်္ခါရသဘောကိုအပိုးမရ၍ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ ကော်ပင်မရှိသော်လည်း။ ဤထမင်းဘောဇဉ်သည်မွတ်သိပ်ဆာလောင်ခြင်းတည်းဟူသော ရောဂါကိုပယ်ဖျောက်သကဲ့သို့။ ဘုရားသခင်ပရိနိဗ္ဗာန်စံယူတော်မူ၍။ သက်တော်ထင်ရှားမရှိသော်လည်း။ တရားဒေသနာတော်သည် ကိလေသာတည်းဟူသောရောဂါကိုပယ်ဖျောံဘတ်သည်။ ထမင်းဘောဇဉ်သည်ဇီဝိတိန္ဒြေကိုစောင့်ရှောက်၍။ ရှည်မြင့်အောင်အသက်ဘောကိုဆောင်သကဲ့သို့။ ဘုရားသခင်၏ဒေသနာတော်သည်သေခြင်းမရှိ ကြာမြင့်စွာတည်သောနိဗ္ဗာန်အကျိုးကိုရွက်ဆောင်တတ်သည်။ ထမင်းသည်အသက်ဘော၏လှပတင့်တယ်ခြင်းကိုပြုပြင်သကဲ့သို့။ ဘုရားသခင်၏ဒေသနာတော်သည် ပဋ္ဌပြန်ဘဝန္ဒသီလ၏အစွမ်းဖြင့်အဆင်းလှပတင့်တယ်ခြင်းကိုပြုပြင်တတ်သည်။ ထိုစကားသည်မှန်၏။ ။သီလရှိသောပုဂ္ဂိုလ်အား အရေအဆင်းလှပသည်။ ။ထိုကြောင့်ပါထေယျဝဂ်စက္ကဝတ္တိသုတ်အဋ္ဌကထာ၌။ ။သီလဝတော ဟိ အဝိပ္ပဋိသာရာဒိနံ ဝသေန စသည်ဖြင့်ဆိုသည်။ ။ဟိ သစ္စံ။မှန်၏။သီလဝတော။သီလရှိသောသူအား။အဝိပ္ပဋိသာရာဒိနံ။ နှလုံးသာယာချမ်းမြေ့ခြင်းအစရှိသည့်တို့၏။ဝသေန။အစွမ်းဖြင့်။သရီရဝဏ္ဏောပိ။ကိုယ်အရေအဆင်းသည်လည်း။ဝဍ္ဎတိ။ပွါးများ၏။ဝါ။ တင့်တယ်လှပ၏။ ကိတ္တိဝသေန။ ကျော်စောခြင်း၏အစွမ်းဖြင့်။ ဂုဏဝဏ္ဏောပိ။ ဂုဏ်တည်းဟူသောကျေးဇူးသည်လည်း။ဝဍ္ဎတိ။ပွါးများ၏။တသ္မာ။ထိုကြောင့်။ ဝဏ္ဏေန။အဆင်းဖြင့်။ဝဍ္ဎိတုကာမေဟိ။ ပွါးများခြင်းလှပတင့်တယ်ခြင်းကိုအလိုရှိကြကုန်သော။တုမှေဟိ။သင်တို့သည်။ သီလသမ္ပန္နေဟိ။သီလနှင့်ပြည့်စုံကုန်သည်။ဘဝိတဗ္ဗံ။ဖြစ်ရာ၏။ဝါ။ဖြစ်အောင်အားထုတ်ရာ၏။ ။

ဤသို့လျှင်ပမာသမည်းကို။ စိန္တာမယဉာဏ်ဖြင့်ကြံဆ၍ ဘောဇနအာဟာရမွေ့အာပဿာရနှစ်ပါးဖြင့်၊မိမိအသက်ဘောကိုချီးမြှောက်ရသည်။ ထိုပြီးနောက်မှ။ဤအာဟာရထမင်းဘောဇဉ်ဖြင့်ပင်မိမိအသက်ဘောကို။ အ

နတ္တသဘောအားဖြင့်ရှုဆင်ခြင်ရာ၏။ ရှုဆင်ခြင်ရာသည်ကား။ ဤထမင်း
ဘောဇဉ်သည်ချက်ပြုတ်ကြောင်းဖြစ်သော မီးတည်းဟူသောတေဇော
ဓါတ်၏အစွမ်းအာနုဘော်ကြောင့်သာလျှင်။ယခုအခါမပုပ်မသိုးကောင်း
သောအဆင်းအနံ့အရသာအားဖြင့်တည်သည်။ဤထမင်းသည်ယနေ့က
စ၍နှစ်ရက်သုံးရက်ခန့်ရှိလျှင်။အဆင်းလည်းပျက်လတ္တံ့။ အရသာလည်း
ပျက်လတ္တံ့။ အနံ့လည်းပျက်စီး၍ မနှုင်သက်ဘွယ်သောအနံ့ကိုဖြစ်စေ
လတ္တံ့။ ဤထမင်းကိုငါသည်မပုပ်ခြင်းမသိုးခြင်းအဆင်းအရသာတို့၏မ
ပျက်စီးခြင်းကိုအစိုးမရလေ။ထိုအတူဤထမင်းဖြင့်မွေးမြူအပ်သေါအတ္တ
ဘောသည်လည်းဇီဝိတိန္ဒြေတေဇောဓါတ်၏အစွမ်းဖြင့်မပုပ်မသိုးလျှင်း
ဘဲဘည်တန့်သည်။ဇီဝိတိန္ဒြေတေဇောဓာတ်ဝိညာဏ်တို့၏အစွမ်းသတ္တိ
ကင်းကွာလျှင်။နှစ်ရက်သုံးရက်ခန့်ကာလ၌ပင်အဆင်းအနံ့တို့သည်မနှစ်
သက်ဘွယ်သော အနိဋ္ဌာရုံကိုဖြစ်စေလတ္တံ့။ ဇီဝိတိန္ဒြေချုပ်သော အတ္တ
ဘောကို။မိဘဆွေမျိုးချစ်ခင်သောသူတို့သည်မပုပ်မသိုးအောင်စောင်မ
ကြည့်ရှုခြင်းငှါမတတ်နိုင်သည်သာဖြစ်သည်။ထိုကြောင့်ဤအတ္တဘော
သည်လည်းထမင်းနှင့်အတူပင်အစိုးမရအနတ္တသါတည်းဟု။သတ္တသန္ဓါ
ရနှစ်ပါးကိုပင်အစိုးမရသောအားဖြင့်ရှုဆင်ခြင်အပ်၏။ ။ထမင်းအာဟာ
ရနှင့်တူသောကာယဂတာသတိအာပရှိသောဘာဝနာကို မပွါးချေလျှင်။
ဆာလွတ်သောယောကျ်ားသည်အမျိုးသူတို့ကိုကျွေးမွေးရာကြီးစွါသော
အလှူတင်းကုပ်သို့ရောက်လျက် မသုံးဆောင်ဘဲ ရှောင်လွဲပြန်နစ်၍သွား
ခဲ့လျှင်။ထိုယောကျ်ား၏အပြစ်သာဖြစ်သည်။ ထိုအတူကိလေသဆာတ
ဖြင့်နှိပ်စက်ကြကုန်သောသူတို့သည်။ ထိုကိလေသဆာတကိုပျောက်ငြိမ်း
စေတတ်သောကာယဂတာသတိဘာဝနာကို ထင်ရှားစွာ ဘုရားပေးသ
တော်မူလျက်။မသုံးမဆောင်ခဲ့လျှင်ထိုသူ၏အပြစ်သာဖြစ်သည်။ ။ထို
အကြောင်းကိုကားမိလိန္ဒပဉှာ၌။ ။မဟာရာဇဆရာတော်ပုဂ္ဂိုသောအ
စရှိသည်ဖြင့်။နာဂသေနမထေရ်မိန့်ဆိုတော်မူသည်။ ။မဟာရာဇ။မိ
လိန္ဒမင်းကြီး။ဆာတော။အလွန်လျှင်ထမင်းမွတ်သော။ပုဂ္ဂိုသော။ ဆင်းရဲ
နွမ်းပါးသောယောကျ်ားသည်။မဟာဒါနံ။များစွာသော။မဟာပုညအတ္တုပ
ရိဝေသနံ။ကြီးစွာသောလှူတို့အားအလှူကောင်းမှုပြု၍ထမင်းကျွေးမွေးရာ
အရပ်သို့။ဂန္တွာ။ရောက်သွား၍။ တံဘတ္တံ။ ထိုကောင်းမွန်မွန်ကျွေးအပ်
သောများစွာသောထမင်းကို။အဘုဉ္စိတွာ။မစားလျှင်းဘဲ။ဆာတော၀။အ

လွန်မှတ်သိတ်လျက်သာလျှင်။ ပဋိနိဝတ္တေယျ၊ ကျွေးမွေးရာတင်းကုပ်မှ ဆုတ်နစ်၍ပြန်ခဲ့လာ၏။တတ္ထ။ ထိုဆာမှတ်လျက်မစားဘဲပြန်နစ်ခဲ့ရာ၌။ ဆာတံဝါ။မှတ်သိတ်သောယောကျ်ားကိုဇင်း။ ပုညဘတ္တံဝါ။ ကောင်းမှုကိုလို၍ကျွေးမွေးသောထမင်းကိုဇင်း။ ကတမံ။ အဘယ်သူကို။ ဂရဟေယျ၊ကဲ့ရဲ့ရာသနည်း။လ။မဟာရာဇ။မိလိန္ဒမင်းကြီး။ဝေမေဝခေါ၊ဤအတူသာလျှင်။ဘဂဝတော။မြတ်စွာဘုရား၏။အင်္ဂသာသာသနမဂ္ဂေ။သာသနာတော်တည်းဟူသောပုတာတံတင်း၏အတွင်း၌။ပရမပရဝံသဉ္ဇံ။ လွန်စွာတပါးသောအရိယာတို့၏အနွယ်ကိုဖြစ်စေတတ်သော။သိဝံ။ငြိမ်းချမ်းသော။အမတံ။သေခြင်းမရှိရာနိဗ္ဗာန်သို့ရောက်စေတတ်သော။ ပရမရုရံ။ အလွန်ကောင်းမြတ်သော။ ကာယဂတာသတိဘောဇနံ။ ကာယဂတာသတိတည်းဟူသောလွန်မြတ်သောဘောဇဉ်ကို။ဋ္ဌပေသိ။ သွင်းထားတော်မူ၏။ကထံမနသိကရိတွာ။အဘယ်သို့နှလုံးပိုက်တော်မူ၍။ ဋ္ဌပေတိ။ သွင်းထားတော်မူသနည်း။ ယေကေစိ။ ခပ်သိမ်းကုန်သော။ကိလေသဆာတဏှာ။ ကိလေသာတည်းဟူသော မှတ်သိတ်ဆာလောင်သောကိုယ်ရှိကုန်သော။ဘဏ္ဍာပရေတမာနသာ။တဏှာသည်နှိပ်စက်အပ်သော စိတ်ရှိကုန်သော။သစေတနာ။ စေတနာရှိကုန်သော။ ဗုဓာ။ ဝိပဿနာပညာရှိကုန်သော။တေ။ထိုသဘိပညာရှိကုန်သောသူတို့သည်။ ဣမံဘောဇနံ။ ဤကာယဂဘာသတိအစရှိသောဘောဇဉ်ကို။ ဘုဥ္ဇိတွာ။ပွါးခြင်းတည်းဟူသောသုံးဆောင်ခြင်းကိုပြု၍။ ကာမရူပဘဝေသု။ ကာမဘုံရူပဘုံအရူပဘုံတို့နှိုက်။သဗ္ဗံ။အလုံးစုံသော။ တဏှံ။တဏှာကို။ အပနေဿန္တိ။ပယ်ဖျက်ကြကုန်လတ္တံ့။ ဣတိမနသိကရိတွာ။ ဤသို့နှလုံးပိုက်၍။ ဋ္ဌပေသိ။ ထားတော်မူ၏။ယဒါ။ အကြင်အခါနှိုက်။ကောစိ။ တစုံတယောက်သောသူသည်။တံဘောဇနံ။ထိုကာယဂတာသတိအစရှိသော ဘောဇဉ်ကို၊အဘုဥ္ဇိတွာ။မသုံးဆောင်မူ၍။ တဏှာသိတောဝ။ တဏှာတည်းဟူသော မှတ်သိတ်ဆာလောင်ခြင်းရှိလျက်သာလျှင်။ ပဋိနိဝတ္တိတွာ။ အဆုံးအမတော်မှပြန်နစ်၍။ ဟိနာယာဝတ္တတိ။လူဘောင်သို့ပြန်နင်၏။တဒေဝ။ထိုပြန်နစ်၍သွားသေါသူကိုသာလျှင်ဇနော။လူခပင်းသည်။ဂရဟိဿတိ။ကဲ့ရဲ့လတ္တံ့။လ။ ဇိနသာသနာသာ။ မြတ်စွာဘုရား၏ သာသနာတော်အား။ ကောဒေါသော။အဘယ်အပြစ်ရှိလေတော့အံ့နည်း။ ။ဤသို့မိလိန္ဒပညာ၌ လာသောနည်းဖြင့်မိမိကိုယ်ကိုပြစ်တင်ပြောဆိုလျက်။ သံသရာစက်ကို

ဖျောက်ဆီးချိုးဖြတ်ခြင်းငှါ။ဘာဝနာတည်းဟူသော အာဟာရကိုကဗဠိကာရအာဟာရကဲ့သို့မမွေ့မလျော်သုံးဆောင်၍။ခန္ဓာအစဉ်ကိုချိုးဖြောက်ရာသည်။ ။ဤသည်ကားအတ္တဘောကို။လောကာဓိသဖြင့်ဖြိုးမြှံရာသည်ကိုပြဆိုရာ၌ကားရင်တည်း။ ။ယခုအခါ၌အတ္တဘောကိုတရားဖြင့်ချိုးမြှံရာသည်ကိုပြဆိုရာ၌ကားရပ်သည်ဖြစ်လတ္တံ့။ ။ရှေးရှေးသောအရိယာသာဝကကလျာဏပုဂ္ဂိုလ်မှန်ပုဂ္ဂိုလ်မြတ်သည်လည်း။ ထိုထိုရေမြေသော၌နင်းပြည်ရှင်မင်းတို့အား။လောကီအကျိုးစီးပွါးကိုသာပြသည်မဟုတ်။သံသရာအကျိုးစီးပွါးကိုလည်း။ဟောကြားတော်မူကြကုန်သည်။ထိုမထေရ်တို့တွင်။ရဋ္ဌပါလမထေရ်သည်။ကောရဗျမင်းကြီးအားသံသရာအကျိုးစီးပွါးကိုဟောကြားတော်မူသည်ကို။ ထိုမထေရ်၏အတ္ထုပ္ပတ္တိကိုအစအရင်းမှစ၍ပြဦးအံ့။ ။မြတ်စွာဘုရားသည်ကုရုတိုင်းသို့ဒေသစာရီလှည့်လည်ရှိသော်။ထုလ္လကောဋ္ဌိကမည်သောနိဂုံးသို့ရောက်တော်မူ၏။ ထိုနိဂုံး၌ကုဋေ့ရှစ်ဆယ်မကကြွယ်ဝသောသူဌေးကြီးအား ရဋ္ဌပါလအမည်ရှိသောတယောက်ထည်းသောသားသည်ရှိ၏။ ထိုထုလ္လကောဋ္ဌိကနိဂုံး၌နေကြကုန်သောပုဏ္ဏားသူဌေးသူကြွယ်တို့သည် ပန်းနံ့သာ လက်စွဲကုန်လျက်ဘုရားသခင်၏အထံသို့ တရားနာခြင်းငှါချဉ်းကပ်ကြကုန်၏။ ရဋ္ဌပါလသူဌေးသားသည်လည်းထိုပရိသတ်တို့နှင့်အတူလိုက်သွား၍တရားတော်ကိုနာရလျှင်သာသနာတော်တွင်းသို့ဝင်၍ ရဟန်းအသွင်ကိုယူလိုသောသဒ္ဓါတရားသည်ကြီးမားစွာဖြစ်လေရကား။ဘုရားသခင်ထံရဟန်းပြုလိုသောအကြောင်းကိုလျှောက်ကြား၏။ဘုရားသခင်သည်လည်း။မိဘခွင့်မပြုသောသူတို့အားရှင်ရဟန်းပြုခြင်းကိုသိက္ခာပုဒ်တော်ကိုပညတ်တော်မူပြီးဖြစ်၍။ ခွင့်ပေးတော်မမူသည်ရှိသော်။ ရဋ္ဌပါလ သူဌေးသားသည်။ဘုရားထံမှပြန်သွားလတ်၍ ရဟန်းပြုရအံ့သောအခွင့်ကို မိဘတို့ထံပြန်ကြားပြောဆိုလျှင်မိဘတို့က တယောက်ထည်းသောသားဖြစ်၍။ ခွင့်မလွှတ်ခဲ့လျှင်သုံး ကြိမ်တိုင်တိုင်တောင်းပန်၏။ထိုသို့တောင်းပံသော်လည်းမိဘထံမှအခွင့်မရရှိလျှင်။အစာအာဟာရဖြတ်၍ရဟန်းမပြုရလျှင်ဤ၌ဇီဝိတိန္ဒြေကိုဖြတ်စေတော့အံ့ဟု စကားမဆိုဘဲနေ၏။ ထိုအခါ မိဘတို့သည်ခွင့်လွှတ်ကြကုန်၏။ မိဘတို့၏အထံမှအခွင့်ရလေရကား။ ဘုရားထံသွားလတ်၍ရဟန်းအဖြစ်ကိုယူ၏။ ရဋ္ဌပါလမထေရ်အား။ရဟန်းအဖြစ်ကိုပေးသနားတော်မူပြီးသည်ရှိသော် ဘုရားသခင်သည် သာဝတ္ထိ

ပြည်သို့ပြန်နစ်တော်မူ၏။ ရဋ္ဌပါလမထေရ်သည်လည်းမြတ်စွာဘုရား၏နောက်တော်တွင်ပါလျက်သာဝတ္ထိပြည်သို့ရောက်လေ၏။သာဝတ္ထိပြည်သို့ရောက်လျှင်ဆိတ်ငြိမ်ရာအရပ်ကိုကပ်လတ်၍ ဘာဝနာကိုအားထုတ်လတ်သည်ရှိသော်။မမြင့်မကြာသာသနာတော်၌နေသောသူတို့၏အကျိုးစီးပွါးဖြစ်သော အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရလေ၏။ နောက်အခါမြတ်စွာဘုရားထံ ထွာခွင့်တောင်း၍မိဘတို့ကိုတွေ့မြင်ခြင်းငှါ မိမိနေရာထုလ္လကောဋ္ဌကနိဂုံးသို့သွား၍ ထိုနိဂုံးသို့ရောက်စေလတ်သော်။ကောရဗျမင်း၏။ မိဂစိရမည်သောဥယျာဉ်ကိုမှီတင်းကိန်းအောင်း၍ နေလေ၏။ ထိုနေ့မိုဃ်းသောက်လတ်သော်။ ကောင်းစွာဝတ်ရုံလျက်နိဂုံးတွင်းသို့ဝင်၍အိမ်စဉ်အတိုင်း ဆွမ်းခံဆွမ်းရပ်သွားသည်ရှိသော်။ မထေရ်၏အဘသည်အဝေးကပင်ရဋ္ဌပါလမထေရ်ကိုမြင်၍သား၏ အဖြစ်ကိုမသိလေရကား။ငါ့သားကိုဖျက်ဆီးသောဦးပြည်းတို့ကိုငါမရှုလို။ ငါမလှူလို။ဤသို့ပြောဆိုရေးရွတ်လိုက်၏။ ရဋ္ဌပါလမထေရ်သည်။မိဘအိမ်သို့ ရောက်လျှင်အိမ်ကျွန်မသည်။ ညဦးကကျန်ကြွင်းသောထမင်းကို စွန့်ပြစ်အံ့ဟုဆောင်ယူကဲ့သောထမင်းကိုခံယူ၍တရသောနံရံအနီး၌ဘုန်းပေး၍နေ၏။ အိမ်ကျွန်မသည်မထေရ်၏လက်ကိုမှတ်သား၍ အရှင်သားရဋ္ဌပါလပင်တည်းဟုနှုတ်လုံးပိုက်လျက် အိမ်သူသူဌေးမထံလျှင်မြန်စွာသွား၍ ပြောကြား၏။ ထိုအခါအိမ်သူသူဌေးမသည် အိမ်ရှင်သူဌေးကြီးအား ပြောကြား၏။ သူဌေးကြီးသည်လျှင်မြန်စွာလိုက်သွား၍ နံရံ၏အကြား၌ဆွမ်းစား၍နေသည်ကိုတွေ့မြင်လတ်ရကား။ ရင်တီးလက်ခတ် စကားမဆိုတတ်ဘဲအံ့အဲမနိုင်ရှိလေ၏။ ထိုအခါအဘသူဌေးကြီးသည်သားရဋ္ဌပါလမထေရ်ကိုအိမ်သို့ဆွမ်းအလို့ငှါပင့်ဆောင်လတ်သော်။ ငါကားယနေ့အခါဆွမ်းကိစ္စပြီးလတ်ပြီ။ ဤသို့မထေရ်ကပြောဆိုလျှင် နက်ဖြန်အလို့ငှါအဘသူဌေးကလျှောက်ကြားလျှင်။နက်ဖြန်အလို့ငှါမထေရ်ကဝန်ခံပြီး၍။ ကောရဗျမင်း၏။မိဂစိရဥယျာဉ်သို့ကြွတော်မူ၏။ သူဌေးကြီးသည်လည်း။ အိမ်သို့ပြန်လတ်၍။ အိမ်၌ရှိသောရွှေငွေတို့ကိုတသူမကရပုံပြီးလျှင်။ ဖျာတို့ဖြင့်ဖုံးလွှမ်းလျက်နံနက်အခါ ဤဥစ္စာကိုငါပြု၍ငါ့သားရဋ္ဌပါလကိုလူဘောင်သို့ပြန်စေအံ့။ ဤသို့ကြံအောက်မေ့လျက် ဆွမ်းဘောဇဉ်တို့ကိုကောင်းစွာပြုပြင်၏။ နံနက်မိုဃ်းသောက်လတ်သော် မထေရ်သည်အိမ်သို့လာလတ်၍ လျှောက်ပတ်စွာခင်းထားအပ်သောနေရာနှိုက်

သိတင်းသုံးနေတော်မူ၏။ သူဌေးကြီးသည်လည်းရဋ္ဌပါလ၏လူဖြစ်ငင်ကာလ၌အလုပ်အကျွေးအိမ်သူဖြစ်သောချွေးမတို့ကိုခေါ်လတ်၍။ အိုချစ်သွီးတို့။ ငါ၏သားရဋ္ဌပါလကိုလုဘောင်သို့ပြန်နစ်အောင် သင်တို့သည်ပဋ္ဌမြားနားဋ္ဌောင်းဝတ်ခြင်းအစရှိသောအလုံးရုံသောတန်ဆာတို့ကိုဆင်ယင်ကြကုန်၍ငါ၏သားရဋ္ဌပါလကိုပြောဆိုတောင်းပန်ကြလတ်ကုန်။ဤသို့ပြောဆိုပြီး၍ သားရဋ္ဌပါလထံချင်းကပ်ပြီးသော်။ အိုချစ်သားဤဥစ္စာကားချစ်သား၏အမိမှပါသောဥစ္စာတည်း။ ဤဥစ္စာကားချစ်သား၏အဘမှပါသောဥစ္စာတည်း။ဤဥစ္စာကားချစ်သားဘေးဘိုးမှပါသောဥစ္စာတည်း။ဤဥစ္စာတို့ကို သင်ချစ်သားသည်သိမ်းဆည်း၍ ကုသိုလ်ကောင်းမှုကို ပြုလျက်လုဘောင်၌ကာမစည်းစိမ်ကိုခံစားနေထိုင်အင်သည်။ ဤသို့အဘကပြောဆိုလျှင်၊ဤဥစ္စာကိုဂင်္ဂါမြစ်၌ချလေပါဟုမထေရ်ကပြောဆို၏၊ထိုအခါပဋ္ဌမြားနားဋ္ဌောင်းဝတ်ကုန်သောခင်ပွန်းဟောင်းတို့သည်မထေရ်၏ခြေကိုဖက်ယမ်းကုန်လျက်တောင်းပံကြလေသော်။ မထေရ်ကာဘဂိနိဝါဒဖြင့်ပြောဆိုလျှင်ထိုအရပ်၌နှိုက်ပင်။ ခင်ပွန်းအိမ်သူဖြင်သော သူတို့သည်မိန်းမောတွေဝေသေငယ်လေ၍လဲပြိုတိမ်းပါးကြကုန်၏။ထိုအခါရဋ္ဌပါလမထေရ်က အဘသူဌေးကြီးကို ငါအားနှိပ်စက်ခြင်းကို မပြုပါလင့်ဆွမ်းဘောဇဉ်ဖြင့်သာချောင့်ရဲပါလေ။ |ဤသို့ပြောဆို၍ဆွမ်းဘုံးပေးခြင်းကိစ္စပြီးလတ်သော်ပဋ္ဌမြားနားဋ္ဌောင်းစသည်ဖြင့် အလုံးရုံဆင်ယင်အပ်သောတန်ဆာရှိသောအိမ်သူဟောင်းတို့ကိုရှုကြည့်၍၊ ။ပဿစိတ္တကတမ္ဗိမ္ဗံ။အရုကာယံသမုဿိတံ။အာတုရံဗဟုသင်္ကပ္ပံ၊ယဿနတ္ထိဓုဝံဌိတိ။ ။ပဿစိတ္တကတံရူပံ။မဏိနာကုဏ္ဍလေနစ။အဋ္ဌိတစေနဩနဒ္ဓံ။သဟဝတ္ထေဘိသောဘတိ။ ။အလတ္တကကတာပါဒါ၊မုခံစုဏ္ဏကမက္ခိတံ။အလံဗါလဿမောဟာယ။နောစပါရဂဝေသိနော။ ။အဋ္ဌာပဒကတာကေသာ။နေတ္တာအဉ္ဇနမက္ခိတာ၊အလံဗာလဿမောဟာယ၊နောစပါရဂဝေသိနော။ ။အဉ္ဇနီဝနဝါစိတ္တာ။ပုတိကာယောအလံကတော။အလံဗါလဿမောဟာယ။ နောစပါရဂဝေသိနော။ ။ဟူသောဂါထာတို့ကိုမိန့်ဆို၏။ ။ဘော၊အချင်းတို့၊အရုကာယံ၊ဒွါရကိုးပါးတည်းဟူသောအမာ အပေါင်းလည်းရှိထသော။ သမုဿိတံ၊ သုံးရာသောအရိုး။ ကိုးရာသော အကြောတို့ဖြင့် ဖွဲ့လျက်၊ ကိုးရာသောသားတစ်တို့ဖြင့် လိမ်းကျံ၍ ဆောက်လုပ် အပ်သော။ အာတုရံ အိုခြင်းဖြင့် ကျင်နာခြင်း၊

နာခြင်းဖြင့် ကျင်နာခြင်း။ ကိလေသာဖြင့် ကျင်နာခြင်း တို့ဖြင့် အမြဲ
မပြတ်ကျင်နာခြင်းလည်း ရှိထသော။ ဗဟုသက်ံ။ များစွာသောသူတို့
သည် သဇ္ဈိဝကာလ၌ တဏှာအားဖြင့် ကြံစည်အင်အောက်မေ့အပ်နှစ်
သက်အပ်သောသဘော။ နိဇ္ဈိဝကာလ၌ ကိုးလင်းတတ်သည် နှစ်သက်ရုံ
မက်အပ်သောသဘောလည်းရှိထသော၊စိတ္တကတံ။ ဆန်းကြယ်စွာဆင်
ယင်အပ်သော။ပိမ္ဗံ။ ဤသူ၏အတ္တဘောကို။ပဿ။ ရှုကြပါကုန်။ ယသ
ကာယဿ။အကြင်မျက်လှည့်သည်တို့သည်ပြုအပ်သော ဝတ္ထုတံလျှပ်
ရေမြှုတ်ဒိုင်ရေပွက်တို့နှင့်တူသောကိုယ်၏၊ကေံသနေဝ။ စင်စစ်အား
ဖြင့်သာလျှင်။ဓုဝံ။မြဲခြင်းသည်။ဌိဘိ။မပျက်မစီးတည်ခြင်းသည်၊ နတ္ထိ။မ
ရှိ။ဘိန္ဒနဓမ္မတာဝ၊ပျက်စီးတတ်သောသဘောသည်သာလျှင်၊နိယတာ။မြဲ
၏။ ။ဤဂါထာကားဓမ္မပဒ၌လည်းလာ၏။ ။သောဘာ၊အချင်းတို့။ပဿ။
ရှုကြပါကုန်၊အင်္ဂ။အရိုးကို။ဘေဒနုံ။ဖိုသေးအရေဖြင့်၊ဩနဒ္ဓံ။ ဖြေးမှုက်
ဖုံးသွမ်းအပ်သော။မဂ္ဂိနာ။ ကျောက်ကောင်းတို့ဖြင့် ခြယ်စီအင်သော။
ကုဏ္ဍလေန။ပဏ္ဍမြားနားဒေါင်းဖြင့်လည်း။စိတ္တကတံ။ ဆန်းကြယ်စွာ
ဆင်ယင်ပြုပြင်၍ထားအပ်သော။ ရူပံ။ ရူပကာယသည်၊ ဝတ္ထေတိ။ဆင်
ယင်ဝတ်စားသောအဝတ်တို့နှင့်။ သဟသေဝ။ တကွသာလျှင်။ သောဘ
တိ။တင့်တယ်၏။ ဝတ္ထေဟိ။ဆင်ယင်ဝတ်စားသောအဝတ်တို့နှင့်။ ဝိနာ၊
ကင်းလျှင်မူကား။ဇေကုစ္ဆံ။စက်ဆုတ်ဘွယ်ရှိသည်။ ပေါတိ။ဖြစ်၏၊အ
နောလောကဗ္ဗံ။ကြည့်ရှုခြင်းငှါလည်းမခံ။ ။ပါဒါ။ခြေတို့ကို၊အလတ္တ
ကကတာ။ချိပ်ရည်တို့ဖြင့်ဆိုးအင်ကုန်၏။ မုခံ။မျက်နှာကို။စုဏ္ဏကပက္ခိ
တံ၊စန္ဒကူနံ့သာမှုန့်တို့ဖြင့်ခြိမ်းကျံအင်၏။ တေနး။ထိုကြောင့်။ သောသော
ကာယော။ဤကိုယ်သည်၊အဘိဝိယ။အလွန်လျှင်။ ဒိရေနတိ။တင့်တယ်
သကဲ့သို့ဖြစ်၏။ဗာလဿ။အသုဘာဉာဏ်အသုဘဘာဝနာမှကင်းသော
သူအား။မောဟာယ။တွေဝေမိုက်မောခြင်းငှါ။အလံ။ထိုက်၏။ ပါရဂဝေ
သိနော။ နိဗ္ဗာန်ကိုရှာမှီးလေ့ရှိသော ဝိပဿနာဝေသဂိပုဂ္ဂိုလ်အား။ မော
ဟာယ တွေဝေမိုက်မောခြင်းငှါ။နောဝေငံအလံ၊မထိုက်သည်သာလျှင်
တည်း။ ။ကေသာ၊ဆံတို့ကို၊အဋ္ဌာပဒကကတာ။ ဆံတို့ဖြင့်ခြိမ်းကျံ၍နံ့မွှေး
ပြင်၍လှည့်လည်၍ချချက်တကျစ်ရေကဲ့သို့သော ဆိုးခြင်းဖြင့်တင်စွမ်း
အောင်ကုန်၏ နေတ္တာ၊မျက်စိတို့ကို၊အဉ္ဇနမက္ခိတာ မျက်စဉ်းညို့တို့ဖြင့်
ခြိမ်းကျံအင်ကုန်၏။တေန။ထိုကြောင့်၊သောသောကာယော။ ဤကိုယ်

သည်။အတိဝိယ။အလွန်လျှင်။ဝိရောစတိ။ တင့်တယ်သကဲ့သို့ဖြစ်၏။ ဗာ
လသာ။ အသုဘသညာအသုဘဘာဝနာမှကင်းသောသူအား။ မောဟာ
ယ။တွေဝေမက်မောခြင်းငှါ။အလံ။ထိုက်၏။ပါရဂဝေသိနော။ နိဗ္ဗာန်ကို
ရှာမှီးလေ့ရှိသောဝိပဿနာယောဂီပုဂ္ဂိုလ်တို့အား။ မောဟာယ။ တွေဝေ
မက်မောခြင်းငှါ။နောစနောဝအလံ၊မထိုက်သည်သာလျှင်တည်း။ ။
အဥ္စနိ။မျက်စဉ်းကြဉ်ကဲ့သို့၊နဝါ။ အသစ်စဲစဲကဲ့သို့ဖြစ်အောင်။ စိတ္တာ။
ဆန်းကြယ်စွာပုံပြင်အပ်ကုန်၏။ပုတိကာယော။ ပုပ်သိုးတတ်သောသ
ဘောရှိသောကိုယ်ကို။အလံကတော။ တန်ဆာဆင်အပ်၏။ တေန။ ထို
ကြောင့်။ဧသဧသောကာယော၊ဤကိုယ်သည်၊အတိဝိယ။ အလွန်လျှင်။ဝိ
ရောစတိ။တင့်တယ်သကဲ့သို့ဖြစ်၏။ ဗာလသာ။ အသုဘသညာအသုဘ
ဘာဝနာကင်းသောသူအား။ မောဟာယ။တွေဝေမက်မောခြင်းငှါ။ အ
လံ။ထိုက်၏။ပါရဂဝေသိနော။နိဗ္ဗာန်ကိုရှာမှီးလေ့ရှိသောဝိပဿနာယော
ဂီပုဂ္ဂိုလ်အား။မောဟာယ။ တွေဝေမက်မောခြင်းငှါ။ နောစဧဝအလံ။မ
ထိုက်သည်သာလျှင်တည်း။ ။ဤဂါထာကိုမိန့်ဆိုပြီး၍။ မိဂါစိရမည်
သောကောရဗျမင်း၏ဥယျာဉ်သို့ကြွသွားလေ၏။ ထိုအခါကောရဗျမင်း
ကြီးသည်ဥယျာဉ်ကစားထွက်သွားလိုသောစိတ်ဖြစ်လေရကား။ မိဂဝ
မည်သောဥယျာဉ်စောင့်ကိုခေါ်လတ်၍။အချင်းဥယျာဉ်စောင့် ငါသည်
ယနေ့ဥယျာဉ်ဘော်သို့ထွက်စံမည်။ငါ၏ဥယျာဉ်ကိုပြင်ဆင်သုတ်သင်၍
ကောင်းစွာသန့်ရှင်းလေ။ဤသို့မင်းကြီး ကဆိုလတ်သော်ဖြင့်။မိဂဝမည်သော
ဥယျာဉ်မှူးသည် ဥယျာဉ်သို့သွား၍ပြင်ဆင်သုတ်သင်သျှင်။ သစ်တပင်
ရင်း၌ဖလသမာပတ်ကိုခံစားလျက် သီတင်းသုံးနေတော်မူသောရဋ္ဌပါလ
မထေရ်ကိုတွေ့မြင်လေလျှင်။မင်းကြီးထံပြန်သွား၍ အရှင်မင်းကြီး အရှင်
မင်းကြီးသည်နေ့ညဉ့်မပြတ်တောင်းတပြောဆိုအပ်သော ရှင်ရဋ္ဌပါလမ
ထေရ်သည်။ယခုအခါဥယျာဉ်တော်၌သီတင်းသုံး လျက်ရှိပါသည်။ဤသို့
ဥယျာဉ်စောင့်ယောကျ်ားကပြန်ကြားတင်လျှောက်လျှင်။ကောရဗျမင်း
ကြီးသည် ဝမ်းမြောက်ဝမ်းသာများစွာသောမင်း၏ တင့်တယ်ခြင်းဖြင့်
တင့်တယ်စွာထွက်သွားလတ်၍ မထေရ်ထံရောက်လျှင် ဝမ်းမြောက်ဝမ်း
သာသာရကိယကထာဖြင့်ပြောဟောပြီး၍၊ ရှင်ရဋ္ဌပါလ ဤလောက၌
များစွာသောသူတို့သည်။အိုမင်းသောအားဖြင့်ပျက်စီးခြင်းတည်းဟူသော
ဇရာပါရိဇုညအနာသောအားဖြင့်ပျက်စီးခြင်းတည်းဟူသောဗျာဓိပါရိဇုည

စည်းစိမ်ဥစ္စာတို့၏ပျက်စီးခြင်းတည်းဟူသောဘောဂပါရိဇုညာ။ ဆွေမျိုး
တို့၏ပျက်စီးခြင်းတည်းဟူသောညာတိပါရိဇုညာ။ ဤလေးပါးသောပျက်
စီးခြင်းတို့ဖြင့်တွေ့ကြုံကြသောသူတို့သည်သာလျှင်သာသနာသို့ဝင်၍ရှင်
ရဟန်းပြုကြကုန်သည်။အရှင်ဘုရားတမူကား၊ ယခုအခါဇရာပါရိဇုညာမ
ရှိ။ငယ်ရွယ်ပျိုမြစ်ကြင်ချစ်နှက်သက်ဘွယ် မည်းနက်သောဆံပင်တို့ဖြင့်
အလွန်လျှင်ရှုဘွယ်ရှိသောအရွယ်ပဌမဖြင့်လှပတင့်တယ်သေး၏။အရှင်
ရဋ္ဌပါလသည်အဘယ်သို့သောအပြစ်ကိုသိမြင်ကြားလတ်၍ ရဟန်းပြု
အပ်သနည်း။အရှင်ဘုရား ရဋ္ဌပါလ။ယခုအခါအရှင်ဘုရား၌။ ဗျာဓိပါရိ
ဇုညာလည်းမရှိ။ ဤသာခံ့ကျန်းပင်ပန်းဆင်းရဲခြင်းမရှိ။ သိတဥဏှမျှတ
ညီညွတ်စွာအခါလေးမြင့် သင့်တင့်လျောက်ပတ်သဖြင့် အစ္စဘောကို
ဆောင်နိုင်သောအခါများစွာပြည့်စုံသေး၏။ ဤသို့ဖြစ်လျက်အဘယ်သို့
သောအကြောင်းအကျိုးကို သိမြင်တွေ့ကြုံ ကြားသိလတ်ကုန်၍ ရှင်ရ
ဟန်းပြုဘိသနည်း၊ ။အရှင်ဘုရားရဋ္ဌပါလသခုအခါအရှင်ဘုရား၌ဘော
ဂပါရိဇုညာလည်းမရှိ၊ ဥစ္စာစည်းစိမ်တို့သည်မဘိမ်မမြုတ်ထုတ်သယ်မ
နိုင်ပြီးနိုင်သောဥစ္စာအမြဲအရံနှင့်လည်းပြည့်စုံသေး၏။ ။အရှင်ဘုရားရဋ္ဌ
ပါလ။ယခုအခါအရှင်ဘုရား၌ညာတိပါရိဇုညာလည်းမရှိ၊ မိဆွေဘမျိုးတို့
သည်ကျူရုံသကဲ့သို့ပြည့်စုံသေး၏၊ ဤသို့ဖြင်လျက်အဘယ်သို့သောအ
ကျိုးအကြောင်းကိုအောက်မေ့သိမြင်ဆင်ခြင်လတ်သဖြင့်မြတ်စွာဘုရား
၏သာသနာတော်၌နှစ်ချိုက်မွေ့လျော်စွာနေဘိသနည်း၊ ဤသို့ကောရဗျ
မင်းကြီးကမေးလျှောက်လတ်သော်။ ။အဏ္ဏိခါမဟာရာဇတေနဘဂ
ဝတာအစရှိသည်ဖြင့်အရှင်ရဋ္ဌပါလမထေရ်က ပြန်ကြားမိန့်ဆိုတော်မူ
သည်။ ။မဟာရာဇ။ကောရဗျမင်းကြီး။ခေါ။ငင်စစ်။ဇာနတာ။သိအပ်
သောတရားကိုအကြွင်းမရှိသိမြင်တော်မူသော။ပဿတာ။မြင်အပ်သော
တရားကိုအကြွင်းမရှိ မြင်တော်မူသော။ အရဟတာ။ပူဇော်အထူးကိုခံ
တော်မူထိုက်သော။သမ္မာသမ္ဗုဒ္ဓေန၊ ခပ်သိမ်းသောတရားကိုသိမြင်တော်
မူသော၊တေနဘဂဝတာ။ငါတို့ဆရာဘုရားမြတ်စွာသည်။ ဓမ္မုဒ္ဒေသာ၊
တရားကိုပြရာပြခကြောင်းဖြစ်ကုန်သောဥဒ္ဒေ္ဒသ၊ အကျဉ်းအားဖြင့်ပြအပ်
ကုန်သော။စတ္တာရော။လေးပါးသောတရားတို့သည်။ ဒေဿိတာ။ ရှိကုန်
၏။ ငါခမ္မံ။အကြင်တရားကို။အဟံ။ငါသည်၊ ဉတွာစ။သိ၍၎င်း။ ဒိသွာစ။
မြင်၍၎င်း။ သုတွာစ။ ရားငြ်၍ကြားနာရ၍၎င်း။ အာဂါရသ္မာ။ လူ၏

ဘောင်မှ။နိက္ခမိတွာ။ထွက်၍။အနာဂါရိယံ၊ရဟန်းဘောင်၌။ပဗ္ဗဇိတော။ရဟန်းပြု၏။တေမမွာ။ထိုတရားတို့သည်။စတ္တာရော။လေးပါးတို့တည်း။ကတမေစတ္တာရော။အဘယ်ပါးတို့နည်းဟူမူကား။လောကော။ လူအပေါင်းသည်။ဥပနိယျတိ။ ဇရာမဏ၏အနီးသို့သွားရ၏။ဝါ။ အသက်ကုန်သောအားဖြင့်။မရဏသို့ရောက်ရ၏။လောကော။လူအပေါင်းသည်။အဓုဝေါ။မြဲသောအရပ်ဌာနမှကင်း၏။ ။လ။လောကော။လူအပေါင်းသည်။ အတာဏော။ကိုးကွယ်ရာမရှိ။ဝါ။ ကိုးကွယ်ရာဖြစ်ခြင်းငှါ၊ စွမ်းနိုင်သောတစုံတယောက်သောသူမှကင်း၏။အနဘိသရော၊လည်းလျောင်းရာမရှိ၊ဝါ။ထိုထိုအရပ်သို့သွား၍သက်သာရာရစေခြင်းငှါ။စွမ်းနိုင်သောဆွေမျိုးအပေါင်းအဘော်မှကင်း၏။ ။လ။လောကော။သတ္တလောကသည်။အဿကော။ မိမိစိုးပိုင်သောပစ္စည်းဘဏ္ဍာဥစ္စာကျွန်နွားမှလည်းကင်း၏။ လောကော။ သတ္တလောကသည်။ သဗ္ဗံ။ဥဿုံသောဒါ၏ဥစ္စာဟူ၍ပိုင်းခြားမှတ်သားအပ်သောအတွင်းအပဥစ္စာကို။ပဟာယ၊စွန့်ပြစ်ခဲ့၍။ လောကော။လူအပေါင်းသည်၊ဂမနီယံ။တမလွန်လောကသို့သွားရ၏။လောကော။လူအပေါင်းသည်။ဦနော။ချမ်းသာခြင်းမှယုတ်၏။အတိတ္တော။ ကာမဂုဏ်တို့၌ရောင့်ရဲခြင်းမရှိ တဒါသော။တဏှာ၏အစေအပါးကျွန်ခြည်းသာတည်း။ဣတိခေါ။ဤသို့လျှင်၊မဟာရာဇ။ ကောရဗျမင်းကြီး၊ဇာနတာ။ သိအပ်သောတရားကိုအကြွင်းမရှိ သိတော်မူသော၊ပဿတာ။ မြင်အပ်သောတရားကိုအကြွင်းမရှိ မြင်တော်မူသော။ အရဟတာ။ ပူဇော်အထူးကိုခံတော်မူထိုက်သော၊သမ္မာသမ္ဗုဒ္ဓေန။ခပ်သိမ်းသောတရားကိုသိမြင်တော်မူသော။ဘဂဝတာ။ထိုငါတို့အရှင်ဘုရားမြတ်စွာသည်။ စတုဗ္ဗော။လေးခုမြောက်သော။ ဓမ္မုဒ္ဒေသော။ အကျဉ်းပြအပ်သောတရားကို။ ဥဒ္ဒိဋ္ဌော။ပြတော်မူအပ်၏။ယံဓမ္မံ၊ အကြင်တရားကို၊ညတွာစ။သိ၍ရင်း၊ဒိသွာစ။မြင်၍ရင်း။သုတွာစ။ဘုရား၏အထံမှ ကြားနာရ၍ရင်း၊အဂါရသ္မာ။လူ၏ဘောင်မှ။နိက္ခမိတွာ။ထွက်၍။ အနာဂါရိယံ။ ရဟန်းဘောင်၌။ပဗ္ဗဇိတော။ရဟန်းပြု၏။ ။ဤသို့သောစကားဖြင့်။အရှင်ရဋ္ဌပါလ မထေရ်ကပြောကြားမိန့်ဆိုလျှင်။ အရှင်ဘုရားရဋ္ဌပါလ။အရှင်ဘုရားဟောတော်မူသောတရားသည်။ အကျွန်ုပ်အား မထင်ရှားပါသေး။ ထင်ရှားသိမြင်အောင်ပြုတော်မူပါ။ ဤသို့ကောရဗျမင်းကြီးကလျှောက်ကြားပြန်လတ်သော်။ ကောရဗျမင်းကြီး။ သင်မင်းကြီးသည် အသက်နှစ်ဆယ်မပြည့်

သောအရွယ်အသက်နှစ်ဆယ်ပြည့်သောအရွယ်တို့၌၊ ဆင်စီးခြင်း၊မြင်း
စီးခြင်း၊ရထားစီးခြင်း၊လှေပြစ်ခြင်း၊ထားစွဲခြင်းအမှုတို့နိုက် လွန်စွာလည်း
အားရှိသည်မဟုတ်လော။ ခြေချောင်းအား၊လက်ရုံးအားတို့နှင့် ပြည့်စုံ
သည်ဖြစ်၍၊ စစ်မြေအရပ်နိုက်၊ပေါ့ပါးလျင်မြန်စွာ သွားလာကြဉ်လည်
နိုင်သည်မဟုတ်လော။ဤသို့မထေရ်ကမေးလျှင်အရှင်ဘုရားဆိုတိုင်းမှန်
၏။ မြန်သန်ပေါ့ပါးသွားလာခြင်းငှါ စွမ်းနိုင်ပါ၏။ သင်မင်းကြီးယခုအခါ
စွမ်းနိုင်ပါဦးအံ့လောဟု မထေရ်ကဆိုလျှင်။ အရှင်ဘုရားယခုအခါမစွမ်း
နိုင်ရာပြီ။အိုမင်းထိုင်းမှိုင်း၍ ခြေလှမ်းကိုမျှမှန်ကန်စွာမချနိုင်ပြီ။ဤသို့မင်း
ကြီးကလျှောက်လျှင်မထေရ်က။ဤကဲ့သို့သောသဘောကိုရည်၍။ ။ဥ
ပနီယျတိဓဝလောကောအဒ္ဓုဝေါအစရှိသည်ဖြင့်ငါတို့ဆရာဘုရားမြတ်
စွာသည် ဟောတော်မူသည်။ ။ဤသို့စသောစကားကိုဟောကြားလတ်
၍နောက်ပြီးဘဏ်ဟောကြားပြန်လိုရကား။ ။ပဿာမိလောကေသဓ
နေမနုဿေအစရှိသောဂါထာတို့ကိုဟောတော်မူပြန်သည်။ ။လော
ကေ။လူ့ပြည်နိုက်။သဓနေ။ ပြည့်စုံသောဥစ္စာရှိကုန်သော၊မနုဿေ။ ကြွယ်
ဝပြည့်စုံကုန်သောသူတို့ကိုပဿာမိ၊ ငါတွေ့မြင်၏၊ တေမနုဿာ။
ထိုသူတို့သည်။ ဝိတ္တံ၊ စည်းစိမ်ဥစ္စာကို။လဒ္ဓါန။ ရကုန်ပြီး၍။ မောဟာ
မောဟန။တွေဝေသောအားဖြင့်။နဒဒန္တိ။မပေးမလှူကြကုန်။ဓနံ။ဥစ္စာကို။
လဒ္ဓါ။ရကုန်ပြီး၍။သန္နိစယံ။သိုမှီး၍ထားခြင်းကိုသာ။ကရောန္တိ။ပြုကြကုန်
၏။ ဘိယျောစ။လွန်စွာလည်း။ကာမေ ဝတ္ထုကာမကိလေသာကာမနှစ်
ပါးတို့ကို။အဘိပတ္ထယန္တိ၊အလွန်လျှင်တောင့်တကြကုန်၏။ ။မဟိ
ယာ။မြေအပြင်၌ ဝသန္တော။နေကြသော။ရာဇာ၊ ပထဝီသရမင်းအပေါင်း
သည်။သသာဂရန္တံ။သမုဒ္ဒရာအပိုင်းအခြားနှင့်တကွသော၊ ပထဝိ။မြေအ
ပြင်ကို။ပသယှ စည်းစိမ်အပေါင်းကိုသွမ်းမိုး၍၊ဝိဇိတွာ ။အောင်မြင်ပြီး၍၊
ဝါ အောင်မြင်ပြီ သျှင်။သမုဒ္ဒသ။ သမုဒ္ဒရာ၏။ဩရံ၊ ဤမှာဘက်ဖြစ်
သော ယံ ကချေ အကြင်သိမ်တိုင်းပြည်သည်။အတ္ထိ၊ရှိ၏။တေန။ ထိုမိမိ
တိုင်းပြည်ဖြင့်၊ အတိတ္တရူပေါ မရောင့်ရဲသောသဘောရှိ၏။ သမုဒ္ဒသ။
သမုဒ္ဒရာ၏။ ပါရမ္ပိ၊ဘဘက်ဖြစ်သော။ ဒုတိယပါး၏ တိုင်းပြည်ကိုလည်း၊
ပတ္ထယေထ၊တောင့်တကြကုန်သေး၏။ ။အတိတ္တကာကျော မရောင့်
ရဲသောသဘောရှိသော။အဝီတတဏှာ။ မကင်းသောတဏှာရှိသော။ရာ
ဇာနော။မင်းသည့်ပုံ၊ အတိတ္တကာမာ မရောင့်ရဲသောတဏှာရှိကုန်သော

အညော။ မင်းမှတပါး ကုန်သော။ ဗဟု၊ များစွာကုန်သော။ မနုဿာ
စ။ လူတို့သည်ငင်း။ မရဏံ။ သေခြင်းသို့သာလျှင်။ ဥပေန္တိ။ ကပ်ကြရ
ကုန်၏။ဥနာဥ။စည်းစိမ်ဥစ္စာ၌သါကျနိုးခံ့ခြင်းမှယုတ်ကုန်သည်လည်း။
ဟုတွာ။ဖြစ်ကုန်၍။ဒေဟံ။ အတ္တဘောကို။ဇဟန္တိ။ စွန့်ပြစ်ကြရကုန်၏။
လောကမှိ။လူ့ရွာနိုက်။ ကာမေဟိ။ကာမဂုဏ်တို့မှ၊ တိတ္တိ။ရောင့်ရဲခြင်း
သည်။နဟိနဝေဝအတ္ထိ။မရှိသည်သာလျှင်တည်း၊ ။ယံတံ။အကြင်သေ
လေသောသူကို။ညာတိ။ဆွေမျိုးအပေါင်းတို့သည်။ပရိငါရေတွာ။ ခြံရံ၍၊
ကေသေ။ဆံတို့ကို ပကိရေသ။ကြဲဖြန့်ကုန်၍၊ကန္ဒန္တိ။ ငိုကြွေးကြကုန်၏၊
နံ၊ထိုသေသောသူကို။နော၊ငါတို့၏။ဘာတာ။မောင်သည်။မတော။ သေခဲ့
လေပြီ။ ပုတ္တော။ သားသည်။ မတော။ သေခဲ့လေပြီ။အမရာ၊ မသေ
ဘဲနေပါလေကုန်မူကား။ အဟောဝတ၊ဩကောင်းလေစွ။ ဣတိစ။ဤသို့
လည်း။အာဟု။ငိုကြွေးမြည်တန်းကြကုန်၏။ဝတ္ထေန။ အဝတ်ဖြင့်၊ပါရုတံ။
ထုင်ပိုးသွမ်းခြုံအပ်သော။နံ။ ထိုသေသောသူကို။တတော။ ထိုအိမ်မှ။နိ
ဟရိတွာ။တုတ်၍။စိတံ။ထင်းပုံသို့။သမာဒါယ။ယူဆောင်၍။ဒဟန္တိ။ မီး
တိုက်ကြကုန်၏။ ။သူလေဟိ။တစူးဝါးတို့ဖြင့်။တုဇ္ဇမာနော။ထိုးဆွပြန်
လှန်အပ်သော၊သော။ ထိုသေသောသူသည်။ဒယှတိ။ မီးလောင်၍ကျွမ်း
ကုန်၏။ဘာဂေ။ပြည့်ပုံသမျှသောစည်းစိမ်ဥစ္စာတို့ကို ပဟာယ။ စွန့်ပြစ်ခဲ့
၍၊ဧကေန။တထည်တည်းသော။ဝတ္ထေန။ မိဘသားမယားတို့ကကိုယ်၌
ဝတ်လိုက်သောအဝတ်မှုဖြင့်။ ပိယမာနသ။ သေလေသောသူ၏။ တာ
ဏာ။ကိုယ်မှီကိုရာတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ညာတိစ။ အဆွေအမျိုး
တို့သည်လည်းကောင်း။မိတ္တာစ။ အဆွေခင်ပွန်းတို့သည်လည်းကောင်း။
အသဝါ။ထိုမှ ဘပါး။သဟာယာ။ အပေါင်းအဘော်တို့သည်လည်းကောင်း။
ဒါယာဒကာ။ အမွေခံသားမြေးတို့သည်လည်းကောင်း။ တဿ၊ ထိုသေ
သောသူ၏။ဓနံ။ဥစ္စာကို။ဟာရန္တိ။ ယူဆောင်ကြကုန်၏။ ဝါ။ အမွေခွဲ၍ယူ
ကြကုန်၏။သတ္တောပန၊သေသောသတ္တဝါမှာမူကား၊ယေနကာမံ။ ကံအား
လျော်စွာ။ဂစ္ဆတိ။သွားရလေ၏။ ။ကိဉ္စိ၊တကုံတခုသော။ဓနံ၊ဥစ္စာသည်။
ပိယမာနံ။သေသောသူသို့။ နအန္ဝေတိ။ မလိုက်။ပုတ္တာဝ။ သားတို့သည်
လည်း။နအန္ဝေတိ မလိုက်ကုန်။ဒါယာစ၊မယားတို့သည်လည်း။နအန္ဝေတိ။
မလိုက်ကုန်၊ဓနဉ္စ။ဥစ္စာသည်ငင်း။ရံဋ္ဌဉ္စ။တိုင်းပြည်သည်ငင်း။အန္ဝေတိ။မ
လိုက်။အာယုံ။အသက်ကို၊ဒီဃံ။ရှည်မြင့်အောင်။ဓနေန။ ဥစ္စာပေးသဖြင့်။

နလဘော။မရ။ပိဏ္ဍာနံ။ စည်းစိမ်ကိုပေးသဖြင့်။ ဇရံ။ အိုခြင်းကို။ နစာဗိဗိ
ဟန္တုံ။ပယ်လည်းမပယ်နိုင်ကုန်။ ။တံဇီဝိတံ။ ထိုအသက်ကို။အပ္ပံဟိ
အပ္ပံဧဝ။နည်းစွာတို့စွာ၏ဟူ၍သာလျှင်။ ဗုဒ္ဓ။ဘုရားအစရှိသောပညာရှိ
တို့သည်။အာဟု။ဟောတော်မူကုန်၏။ဇီဝိတံ။ အသက်သည်။ အသဿ
တံ။မမြဲ။ဝိပရိဏာမဓမ္မံ။ ဖောက်ပြန်တတ်သောသဘောရှိ၏။ အဍ္ဎါစ။
ကြွယ်ဝသောသူတို့သည်၎င်း။ ဒလိဒ္ဒါစ။ ဆင်းရဲသောသူတို့သည်၎င်း။
ဖဿံ။သေသောအားဖြင့်တွေ့ခြင်းကို။ဖုသန္တိ။တွေ့ကြရကုန်၏။တထေ
ဝ။ထိုအတူသာလျှင်။ဗာလောစ။မိုက်သောသူသည်၎င်း။ဓီရောစ။ ပညာရှိ
သောသူသည်၎င်း။မရဏဖဿေန။ သေခြင်းတည်းဟူသောအတွေ့ဖြင့်။
ဖုဋ္ဌော။တွေ့ကြရ၏။အဖုဋ္ဌော။နာမ။သေခြင်းကိုမတွေ့သောသူမည်သည်။
နတ္ထိ။မရှိ။ဗာလောစဗာလောဧဝ။မရဏသမ္ဖဿကင်းသောသူသည်သာ
လျှင်။ဗာလငမိတောဝ။မရဏ. သမ္ဖဿကင်းသည်၏အဖြစ်ကြောင့် သေ
အံ့သည်ကိုစွဲ၍လွန်စွာကြောက်လန့်လျက်သာလျှင်။ သေတိ။သေရ၊ညောင်
စောင်း၍လျှောင်းရ၏။ ဓီရော။မရဏ.သတ်ဖြင့် အခါလေမြင့်နေလေ့ရှိ
သောပညာရှိသည်သာလျှင်။ဖဿဖုဋ္ဌော။သေခြင်းဖြင့်တွေ့လတ္တံ့သည်ရှိ
သော်။နဝေမတိ။မတုံလှုပ်။ တသ္မာဟိတသ္မာဧဝ။ ထိုကြောင့်သာလျှင်။
ပညာဝ။မရဏသတိတို့နှင့်ယှဉ်သောပညာသည်သာလျှင်။ ဓနေန။ဥစ္စာ
အားဖြင့်။ဝါ။ဥစ္စာအပေါင်းတွင်။သေယျော။ မြတ်သောဥစ္စာမည်၏။ ယာ
ယ။မရဏသတိနှင့်ယှဉ်သောပညာဖြင့်။ဣဓ။ဤလောက၌။ဝေါသာနံ။
ခင်သိမ်းသောကိစ္စတို့၏ဆုံးရာဖြစ်သောအရဟတ္တဖိုလ်ကို။ အဓိဂစ္ဆတိ။
ရ၏။သာ။ထိုမရဏသတိပညာသည်သာလျှင်။ဓနတော။ဥစ္စာအပေါင်း
ထက်။ဥတ္တမတရာ။လွန်မြတ်သောဥစ္စာမည်၏။ ။အဗျောသိတတ္တာဟိ။
အရဟတ္တဖိုလ်ကိုမရသေးသောအားဖြင့်။ဘဝမှာဆုံးသေးသည့်၏အဖြစ်ကြောင့်
သာလျှင်။ဘဝါဘဝေသု။ယုတ်သောဘဝ မြတ်သောဘဝတို့၌။ မောဟာ
ယောဟော။မိုက်မဲတွေဝေသောအားဖြင့်။ ဝါ။ အဇ္ဈာသယသည်ခြိမ့်ရုံ
သောအားဖြင့်။ပါပါနိ။ယုတ်မာကုန်သော။ကမ္မာနိ။ အကုသိုလ်ကံတို့ကို။
ကရောန္တိ။ပြုကြကုန်၏။တေသု။ထိုအကုသိုလ်ကိုပြုကြသောသူတို့တွင်။
ယောကောစိ။အမှတ်မရှိသော။ သတ္တော။ သတ္တဝါသည်။ ပရံပရာယ။ဘ
ဝေ။အဆက်ဆက်၌။သံသာရံ။သံသရာသို့။အာပဇ္ဇ။ ကျရောက်၍။ ဂဗ္ဘဉ္စ။
အမိဝမ်းတိုက်သို့၎င်း။ပရလောကဉ္စ။တမလွန်လောကသို့၎င်း။ ဥပေတိ။

တလုံလဲလဲကပ်ရ၏။ဘသသ။ ထိုဝိပဿနာပညာမှကင်းသောသူ၏။ ဝစ
နံ။စကားကို။အဘိသဒ္ဒဟန္တော။အလွန်ယုံကြည်သော။အပ္ပပညော။တဦး
သောပညာနည်းသောသူသည်လည်း။ ဂဗ္ဘ။ အမိဝမ်းတိုက်သို့ရင်း။ ပ
ရဋ္ဌလောကံ။တမလွန်ဘဝသို့ရင်း၊ဥပေတိ။တသြဲလဲလဲကပ်ရော၏။ ။
ဂရဟိတော။မင်းချင်းယောကျ်ားတို့သည်ဘမ်းမိသော။ပါပဓမ္မော။ယုတ်
မာသောခိုးဝှက်တတ်သောအမှုရှိသော။သန္ဓိမုခေ။တိုက်စပ်အဝ၌။ စော
ရော။ခိုးတတ်သောသူသည်။ သကမ္မုနာ။ မိမိသည်ပြုအပ်သော ခိုးဝှက်
သောအမှုဖြင့်။ဝါ။မိမိအမှုဖြစ်သောခိုးဝှက်ခြင်းကြောင့်၊ဟညတိ။ယထာ။
ကြိမ်လုံးဖြင့်ခတ်ခြင်းအစရှိသောကမ္မကရဏတို့ဖြင့် ဆင်းရဲငြိုငြင်စွာခံ
ရသကဲ့သို့။ဧဝံ။တထာ။ထိုအတူ။ပါပဓမ္မော။ယုတ်မာသောမကောင်းမှုကံ
ရှိသော။ပဇာ။သတ္တဝါသည်။ဇာတော။ဤပစ္စုပ္ပန်ဘဝမှ။ ပစ္စ။တမလွန်ဘဝ
သို့သွား၍။ပရမှိလောကေ။ဘမလွန်ဖြစ်သောအပါယ်လောက၌။သကမ္မု
နာ။မိမိသည်ပြုအပ်သောအကုသိုလ်ကံကြောင့်။ဟညတိ။ ဆင်းရဲငြိုငြင်
စွာခံရ၏။ ။ဟိသစ္စံ။မှန်၏။ကာမာ။ကာမတို့သည်၊စိတြာ။ ဆန်းကြယ်
ကုန်၏။မဓုရာ။နှစ်သက်ဘွယ်ရှိသကဲ့သို့ဖြစ်ကုန်၏။မနောရမာ။ နှလုံးမွေ့
လျော်ဘွယ်ရှိသကဲ့သို့ဖြစ်ကုန်၏။ ဝိရူပရူပေန။ အထူးထူးသောသဘော
ဖြင့်။စိတ္တံ။ စိတ်ကို၊ မထေန္တိ။ တောင့်တစေတတ်ကုန်၏။ တသ္မာ။ ထို
ကြောင့်။ကာမဂုဏေသု။ကာမဂုဏ်တို့၌။အာဒီနဝံ။အပြစ်ကို။ဒိသွာ။မြင်
၍။ရာဇ။ကောရဗျမင်း၊အဟံ။ငါသည်၊ပဗ္ဗဇိတော။ရဟန်းပြုသည်။ အမှိ။
ဖြစ်၏။ ။ဒုမဖလာနိ။သစ်သီးတို့သည်။ပတန္တိ။ဣဝ။ ကြွေကျကုန်သကဲ့
သို့။မာနဝါ။လူတို့သည်ရင်း။ဒဟရာစ။အလွန်ငယ်သောသူတို့သည်ရင်း။
ဝုဍ္ဎာစ။ကြီးပြင်းသောသူတို့သည်ရင်း။သရီရဘေဒါ။သရီရဘေဒေန။ကိုယ်
၏ပျက်စီးသောအားဖြင့်။ပတန္တိ။ကြွေကျကုန်၏။ ရာဇ။ကောရဗျမင်း။ဧ
တမ္ပိကာရဏံ။ထိုအကြောင်းကိုလည်း။ဒိသွာ။မြင်၍။ ပဗ္ဗဇိတော။ ငါရ
ဟန်းပြုသည်။အမှိ။ဖြစ်၏။အပဏ္ဏကံ။ချွတ်ယွင်းခြင်းမရှိစင်စစ်လျှင်ဝဋ္ဋမှ
ထွက်မြောက်စေတတ်သော။ သာမညမေဝ။ ရဟန်း၏အဖြစ်သာလျှင်။
သေယျော။မြတ်၏။ဣတိ။ဤသို့။ဥပဓာရေတွာ။ပူးစမ်းဆင်ခြင်မိ၍။ ပဗ္ဗဇိ
တော။ရဟန်းပြုသည်။အသ္မိ။ဖြစ်၏။ဣတိ။ဤသို့။အဝေါစ။ဆို၏။ ။ဤ
ရဋ္ဌပါလသုတ်ကားမဇ္ဈိမပဏ္ဏာသ၌လာသည်။ ။နှင်ရဋ္ဌပါလမထေရ်
သည်၊အဘသူဌေးကြီးအား။ ကာယဂတာသတိကိုဟောသည်။ ကောရ

ဗျမင်းကြီးအားမရဏသေဘဒိကထာကိုပေါသည်။ ။အရှင်ရဋ္ဌပါလမ
ထေရ်ကဲ့သို့။ သမထဝိပဿနာသတ္တာပဋိစ္စသမုပ္ပါဒ်စသည်နှင့်စပ်သော
နက်နဲသောစကားကိုပြောဆိုသုံးမြွက်ဝါဒပေးတတ်သော်ရဟန်းကောင်း
တို့နှင့်သင့်တင့်လျောက်ပတ်သောအခါ၌တရားစကားကို ပြောဆိုဆွေး
နွေးမေးမြန်းခြင်းသည်။ ။သမဏာဗြဟ္မဏောဥပသင်္ကမိတွာပညာပုစ္ဆန်
ဟူသော ဆယ်ချမြော်သော ကျင့်ဝတ်တရားကို ပွါးများအားထုတ်ခြင်း
ပင်ဖြစ်သည်။ ။ထိုရဋ္ဌပါလမထေရ်ဟောတော်မူသောကာယဂတာသ
တိကထာမရဏာဿတိကထာတို့တွင်။ ယခုအခါကာယဂတာသတိက
ထာကိုပြဆိုအံ့။ ။ဤကာယဂတာသတိသည်။များစွာဝန်ခံခြင်းငွေ့ခြင်း
၄ါရင်း။ဤခန္ဓာအစဉ်၌ကြီးမားသောအမျိုး၏ဖြင့်ခြင်း၄ါရင်း။ သတိပညာ
တို့၌ပွါးများခြင်း၄ါရင်း။ ယထာဘူတဉာဏ်ကို ရခြင်း၄ါရင်း။ မျက်မှော
သောကိုယ်၏အဖြစ်၌ချမ်းသာစွာနေခြင်း၄ါရင် ။အရဟတ္တဖိုလ်ကိုမျက်
မှောက်ပြုခြင်း၄ါရင်းဖြစ်၏။ ဤကာယဂတာသတိတည်းဟူသော အာ
ဟာရကိုသုံးဆောင်ပရဘုတ်ရသည်ရှိသော်မသေစေတတ်သော အမြိုက်
သုခါဘုတ်ကိုသုံးဆောင်သည်မည်သည်။ ထိုကြောင့်ဧကအင်္ဂုတ္တိုရ်ပါဠိ
၌။ ။ဧကဓမ္မေဘိက္ခဝေဘာဝိတောဗဟုလီကတောမဟတောသံဝေဂါ
ယသံဝတ္တတိ။အစရှိသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်း
တို့။ဧကဓမ္မော။တခုသောတရားကို။ဘာဝိတော။ ပွါးစေအပ်သည်ရှိသော်။
ဗဟုလီကတော အကြိမ်များစွာအလေ့အလာပြုအပ်သည်ရှိသော်။ မဟ
တော။များသောအားဖြင့်။ သံဝေဂါယ။ ယထာဘူတဉာဏ်ဖြင့်ထိပ်လန့်
ခြင်း၄ါ။သံဝတ္တတိ။ဖြစ်၏။ မဟတော။ များသောအားဖြင့်။ အတ္ထာယ။
ပစ္စုပ္ပန်သံသရာတို့၌အကျိုးစီးပွါးများခြင်း၄ါ။ သံဝတ္တတိ။ ဖြစ်၏။ မဟ
တော။များသောအားဖြင့်။ယောဂက္ခေမာယ။ ယောဂတရားလေးပါးတို့၏
ကုန်ခြင်း၄ါ။သံဝတ္တတိ၊ဖြစ်၏။မဟတော။များသောအားဖြင့်။ သတိသမ္ပ
ဇညာယ။ သတိပညာ၏ပွါးများခြင်း၄ါ။သံဝတ္တတိ။ဖြစ်၏။ဉာဏဒဿန
ပဋိလာဘာယ။ယထာဘူတဉာဏ်အမြင်ကိုရခြင်း၄ါ။သံဝတ္တတိ။ဖြစ်၏။
ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊မျက်မှောက်သောကိုယ်၏အဖြစ်၌ချမ်းသာစွာနေ
ခြင်း၄ါ၊သံဝတ္တတိ။ဖြစ်၏။ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ။ ကိလေသာ
တို့မှလွတ်ရာဖြစ်သော အရဟတ္တဖိုလ်ပညာကို မျက်မှောက်ပြုခြင်း၄ါ။
သံဝတ္တတိ။ဖြစ်၏။ဧကဓမ္မော။တခုသောတရားဟူသည်။ ကတမော။ အ

ဘယ်နည်း။ ကာယဂတာသတိ။ ကာယဂတာသတိ တရားတည်း။လ။
ဘိက္ခဝေ။ရဟန်းတို့။ယေ။ အကြင်သတိပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့
သည်။ကာယဂတံ။ ဆံအစရှိသောကာယအရကိုအာရုံပြု၍ဖြစ်သော။ သ
တိ။သတိကို။ပရိဘုဉ္ဇန္တိ။ ပွါးများသောအားဖြင့်သုံးဆောင်ကုန်၏။ တေ။
ထိုကာယဂတာသတိကို ပွါးသောသူတို့သည်။ အမတံ။ အမြိုက်သုခါ
ဘုတ်ကို။ဝါ။နိဗ္ဗာန်ကို။ပရိဘုဉ္ဇန္တိ။ သုံးဆောင်သည်မည်ကုန်၏။ ဘိက္ခ
ဝေ။ရဟန်းတို့။ယေ။အကြင်သတိပညာကင်းသောသူတို့သည်။ ကာယဂ
တံ။ဆံအစရှိသော ကာယအရကိုအာရုံပြု၍ဖြစ်သော။သတိံ။ဝိပဿနာ
ပညာနှင့်ယှဉ်သောသတိကို။နပရိဘုဉ္ဇန္တိ။ မသုံးဆောင်ကုန်။ တေ။ထိုမ
သုံးဆောင်သောသူတို့သည်။အမတံ။ အမြိုက်သုခါဘုတ်ကို။ ဝါ။ နိဗ္ဗာန်
ကို။နပရိဘုဉ္ဇန္တိ။မသုံးဆောင်သည်မည်ကုန်၏။ဘိက္ခဝေ။ရဟန်းတို့။ယေ
သံ၊အကြင်သူတို့သည်။ ကာယဂတာသတိ။ကာယဂတာသတိကို၊ပရိ
ဘုတ္တာ။သုံးဆောင်အပ်၏။တေသံ၊ထိုသူတို့သည်။ အမတံ၊ နိဗ္ဗာန်ကို။ပရိ
ဘုတ္တံ။သုံးဆောင်သည်မည်၏။ယေသံ။အကြင်သူတို့သည်။ကာယဂတာ
သတိ။ကာယဂတာသတိကို၊အပရိဘုတ္တာ။မသုံးဆောင်အပ်။ တေသံ၊ထို
သူတို့သည်။အမတံ၊နိဗ္ဗာန်ကို၊ အပရိဘုတ္တံ။ မသုံးဆောင်သည်မည်၏။
ယေသံ အကြင်သူတို့သည် ကာယဂတာသတိအာရဒ္ဓါ။ ကာယဂတာသ
တိကိုအားထုတ်ခြင်းငှါ။ပရိဟိနံ။ယုတ်၏။ တေသံ။ ထိုသူတို့သည်၊အမ
တာ။နိဗ္ဗာန်မှ၊ပရိဟိနံ၊ယုတ်၏၊ယေသံ။အကြင်သူတို့သည်၊ကာယဂတာ
သတိအာရဒ္ဓါ၊ကာယဂတာသတိအားထုတ်ခြင်းငှါ အပရိဟိနံ။ မယုတ်။
တေသံ။ထိုသူတို့အား။ အမတာ။အမြိုက်နိဗ္ဗာန်မှ၊ အပရိဟိနံ။ မယုတ်၊
ယေသံ။အကြင်သူတို့အား၊ကာယဂတာသတိအာရဒ္ဓါ။ ကာယဂတာသ
တိကိုအားထုတ်ခြင်းငှါ၊ဝိရဒ္ဓ၊ချွတ်ယွင်း၏၊တေသံ။ ထိုသူတို့အား။ အမ
တာ။အမြိုက်နိဗ္ဗာန်မှ၊ ဝိရဒ္ဓ။ချွတ်ယွင်း၏။ ယေသံ။ အကြင်သူတို့အား။
ကာယဂတာသတိအာရဒ္ဓါ၊ ကာယဂတာသတိကို အားထုတ်ခြင်းငှါ။ဝိ
ရဒ္ဓံ။မချွတ်။တေသံ၊ထိုသူတို့အား။အမတာ။ အမြိုက်နိဗ္ဗာန်မှ၊ အဝိရဒ္ဓံ။
မချွတ်။ဣတိအာဒိနာ။ ဤသို့အစရှိသည်ဖြင့်။ ဒေသေတိ။ဟောတော်မူ
ပြီ ။ဤကားကာယဂတာသတိ၏အာရုံဖြစ်သောသဘောတရားသည်
စက်ဆုတ်အပ်စွာသော။ ဆံအမွေးအစရှိသည်တို့၏ပင်း။ စက္ခုရောဂအစရှိ
သည်တို့၏ပင်း။ဘည်ရာဖြစ်၍ကာယမည်၏။ ။ထိုကြောင့်ဒိသုဋ္ဌမဂ်

၌။ ။သရိယံဟိအသုစိသဥ္စယတောစသည်ဖြင့်ဘုင့်ဆိုသည်။ ။ဟိ
သဏ္ဍံ။မှန်၏။သရိယံ။ကိုယ်ကို။အသုစိသဥ္စယတော။မစင်ကြယ်သောဝတ္ထု
တို့၏အပေါင်းအစုအားဖြင့်။ကုဋ္ဌိတာနံ။ စက်ဆုတ်အပ်ကုန်သော။ကေ
သာဒိနဋ္ဌေဝ။ဆံအစရှိသည်တို့၏၎င်း။စက္ခုရောဂါဒိနံ။စက္ခုရောဂါအစရှိ
ကုန်သော။ရောဂသတာနဉ္စ။များစွာသောရောဂါတို့၏၎င်း။ အာသယဘူ
တော။တည်ရာဖြစ်၍ဖြစ်သည်။ဟုတွာ။ဖြစ်၍။ဝါ၊ဖြစ်သောကြောင့်။ကာ
ယောတိ။ကာယဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ ။ဤသို့သဘောရှိသောကာယ
ကိုမြေအပြင်၌ပေါက်ရောက်သောသစ်ပင်ကိုယ်ကဲ့သို့ရှုဆင်ခြင်အပ်၏။ ။
ရှုဆင်ခြင်အင်သည်ကား။ထိုသပြေသရက်စသော သစ်ပင်၏အကြောင်း
ရင်းဖြစ်သောမျိုးစေ့တို့သည်။မြေကိုအမှီရသည်ရှိသော်၊ပင်စည်အကိုင်း
အခက်အရွက်တို့ကိုဖြစ်စေသည်။ မြေသည်လည်း မိမိ၏အထက်၌ကျ
ရောက်လာသောမျိုးစေ့တို့ကို ပင်စည်အကိုင်းအခက်အရွက်တို့ကိုဖြစ်
စေသည်။သပြေသရက်စသည်တို့၏မျိုးစေ့သည် ကျောံဖျာအပြင်ပုပါ
တံတင်းတို့၌ထည့်သွင်းတင်ထားသည်ရှိသော်။ ပင်စည်အကိုင်းအခက်
အရွက်တို့ကိုမဖြစ်စေတတ်။ကျောက်ဖျာအပြင်ပုပါတံတင်းတို့ကလည်း
မိမိ၏အထက်၌တည်သောသပြေသရက်စသော မျိုးစေ့တို့ကိုအကိုင်း
အခက်အရွက်ဖြစ်အောင်မပြုမပြင်တတ်။မြေကိုအမှီရသောမျိုးစေ့သည်
သာလျှင်၊ ပင်စည်ကိုဖြစ်စေသည်။ ထိုပင်စည်သည်အကိုင်းအခက်ကို
ဖြစ်စေသည်။အကိုင်းအခက်သည်အရွက်အသီးကိုဖြစ်စေသည်။ထိုပင်
စည်အကိုင်းအခက်အရွက်အသီးတို့တွင်ပင်စည်အကိုင်းအခက်အရွက်
တို့သည်။တဘန်သစ်ပင်ကိုမဖြစ်စေတတ်။ အသီးသည်သာလျှင်တဘန်
သစ်ပင်ကိုဖြစ်စေတတ်သည်။ဤသို့နှင်နှင်ပင်စည်ကိုစွဲ၍ဖြစ်ပွါးသောအ
သီးတို့သည် အဆင့်ဆင့်ဖြစ်ပွါး၍ မြေကြီး၏အစီးအပွါးကိုသာဖြစ်စေ၍
ရှည်မြင့်စွာတည်သည်။ဤဥပမာ၌။ပမာပမည်းနှီးနှောခြင်းကား။မျိုးစေ့
နှင့်တူသောကုသိုလ်ကံအကုသိုလ်ကံသည်မြေနှင့်တူသောအာသဝ။ နိ
ဝရဏာ။အယောနိသောမနသိကာရကိုမှီ၍၊ ပင်စည်နှင့်တူသောရူပကာ
ယကိုဖြစ်စေသည်။မြေကြီးသည်မိမိအထက်၌ကျသောမျိုးစေ့တို့ကိုပင်
စည်အခက်အရွက်တို့ကို ဖြစ်စေသကဲ့သို့။ ထိုအဘူးမြေ၏သဘွယ်ဖြစ်
သောအနုသယကိစ္စတတ်သော။ နိဝရဏာအယောနိသောမနသိကာရတို့
သည်မိမိကိုမှီလာသောကုသိုလ်ကံအကုသိုလ်ကံတို့ကို။ထိုထိုဘုံဘဝ၌

ရူပကာယကိုဖြစ်စေသည်။ သပြေသရက်စသည်တို့၏ မျိုးစေ့ကိုကျောံပုပ္ပါတံတင်းတို့၌ ထည့်သွင်းတင်ထားသည်ရှိသော်။ ပင်စည်အကိုင်းအခက်ကိုမဖြစ်စေသကဲ့သို့။ ရဟန္တာတို့၏သန္တာန်၌ဖြစ်သော ကုသိုလ်ကံတို့သည်။ တဘန်အတ္တဘောကိုမပြုပြင်တတ်။ ထိုကုသိုလ်ကံသည်အတ္တဘောကိုမပြုပြင်ဘတ်သည်ဖြစ်၍။ ကရိယာစိတ်စေတသိက်ဟူ၍ ခေါ်ဝေါ်အပ်သည်။ ကျောံဖျာပုပ္ပါတံတင်းတို့သည်။ မိမိ၌တည်သောမျိုးစေ့တို့ကိုပင်စည်အကိုင်းအခက်တို့ကို မဖြစ်စေသကဲ့သို့။ ရဟန္တာတို့၏သန္တာန်၌ဖြစ်သောနာမက္ခန္ဓာအရသည်။ မိမိနှင့်သဟဇာတ်ဖြစ်သောစေတနာကိုရင်း။ နာနက္ခဏိကဖြစ်သောအကုသိုလ်စေတနာကိုရင်း။ တဘန်ဘဝသစ်ကိုမဖြစ်စေ။ မြေ၌ကျသောမျိုးစေ့သည်သာလျှင်ပင်စည်ကိုပြုသကဲ့သို့အနုသယကိစ္စတတ်သော အာသဝနိဝရဏအယောနိသောမနသိကာရတို့ကိုအမှီးရသောကံသည်သာလျှင် တဘန်အတ္တဘောကိုဖြစ်စေသည်။ ပင်စည်သည်အကိုင်းအခက်ကိုဖြစ်စေသကဲ့သို့။ ရူပကာယသည်၊ မာန။ အတိမာနတည်းဟူသော အကိုင်းအခက်ကိုဖြစ်စေသည်။ အကိုင်းအခက်သည်။ အရွက်အသီးကိုဖြစ်စေသကဲ့သို့။ မာနအတိမာနသည်။ မဒပမာဒမာယာသာဠေယျစေတနာတည်းဟူသော အရွက်အသီးတို့ကိုဖြစ်သည်။ ပင်စည်အကိုင်းအခက်အရွက်တို့သည် တဘန်သစ်ပင်ကိုမဖြစ်စေတတ်သကဲ့သို့ ရူပကာယမာနအတိမာန မဒပမာဒမာယာသာဠေယျတို့သည်။ တဘန်အတ္တဘောကိုမဖြစ်စေတတ်။ ထိုပင်စည်အကိုင်းအခက်အရွက်တို့၏စည်ပင်ခြင်းကိုစွဲ၍ဖြစ်သော အောင်မြင်ရင့်မာသောသစ်သီးသည်သာလျှင် တဘန်သစ်ပင်ကိုဖြစ်စေသကဲ့သို့။ ရူပကာယမာန အတိမာန မဒပမာဒမာယာသာဠေယျတို့ကို စွဲ၍ဖြစ်ပွါးသောအားကြီးသောစေတနာသည်သာလျှင်။ အတ္တဘောကိုဖြစ်စေသည်။ မျိုးစေ့သည်အဆက်ဆက်သစ်ပင်ကိုဖြစ်စေ၍ မြေကြီး၏အစီးအပွါးကိုပြုသကဲ့သို့။ စေတနာသည်၊ သံသရာအဆက်ဆက်တို့နှိုက်အတ္တဘောကိုပြုပြင်၍မြေကြီး၏အစီးအပွါးကိုဖြစ်စေသည်။ ထိုကြောင့်ဤသံသရာစက်၏ပြတ်ခြင်း၌မြေကြီးနှင့်တူသော အာသဝနိဝရဏအယောနိသော မနသိကာရတို့၏မရှိလျှင်းအောင် ကာယဂတာသတိဘာဝနာကို ပွါးများရာသည်။ ရဟန္တာအရှင်မြတ်တို့သည် ဤသို့သောဖြစ်ပွါးခြင်းကိုသိမြင်တော်မူ၍။ ထိုအာသဝစသောတရားတို့၏ပြတ်စဲခြင်း၌ကာယဂတာသ

တိစသည်ကိုပွါးများ၍အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုကြရကုန်သည်။ ။ ထိုကြောင့်ဥပါဒါနံပါဠိနှိက်။ ။ယဿမူလသမာနတ္တံ ပဏ္ဏာနတ္တံ၊ကုတောလတာစသည်ဖြင့်ဟောတော်မူသည်။ ။ယဿ။အကြင်ရူပကာယတည်းဟူသော သစ်ပင်၏၊ မူလံ။ ကံအဝိဇ္ဇာတည်းဟူသော မျိုးစေ့သည်။အတ္ထိ၊ ရှိ၏။တဿ။ထိုကံအဝိဇ္ဇာတည်းဟူသောမျိုးစေ့၏။ပတိဋ္ဌာဟောဘုဘူတာ။ တည်ခြင်း၏အကြောင်းဖြစ်၍ဖြစ်သော။သမာ။ မြေကြီးနှင့်တူသောအာသဝနိဝရဏာစသောတရားသည်။နတ္ထိ။မရှိ။ တသ္မာထိုသို့ပင်စည်မရှိခြင်းကြောင့်။ပဏ္ဏာ။မာန်ရစ်ခြင်းမေ့လျော့ခြင်းအစရှိသောအရွက်တို့သည်၊နတ္ထိနသန္တိ။မရှိကုန်။လတာ။အကိုင်းအခက်နှင့်တူသောမာန်မူခြင်းအလွန်မာန်မူခြင်းတို့သည်။ကုတောအတ္ထိ။အဘယ်မှာရှိလေတော့အံ့နည်း။ ။ဤသုတ်၏အဘွင့်အဋ္ဌကထာ၌။ ၊ယဿမူလသမာနတ္ထီတိယဿအရိယပုဂ္ဂလဿစသည်ဖြင့်ဘွင့်ဆိုသည်။ ။ယဿမူလံသမာနတ္ထီတိ။နတ္ထိဟူသည်ကား၊ယဿအရိယပုဂ္ဂလဿ၊အကြင်အရိယာပုဂ္ဂိုလ်၏။အတ္တဘာဝရုက္ခမူလဘူတာ။ အတ္တဘောဟုဆိုအပ်သောသစ်ပင်၏အမြစ်မျိုးစေ့ဖြစ်၍ဖြစ်သော။အဝိဇ္ဇာ။ စေတနာမောဟသည်။အတ္ထိ။ရှိ၏။တဿ။ ထိုအမြစ်မျိုးစေ့တည်းဟူသောစေတနာမောဟ၏လည်း ပတိဋ္ဌာဟောဘုဘူတာ။တည်ခြင်း၏ဖြစ်ကြောင်းဖြစ်၍ဖြစ်သော။အာသဝနီဝရဏအယောနိသောမနသိကာရသင်္ခါတာ။အာသဝတရားနီဝရဏတရား။ အယောနိသောမနသိကာရဟုဆိုအပ်သော။ သမာပထဝီ။မြေသည်လည်း၊နတ္ထိ။မရှိ။ကသ္မာ။အဘယ်ကြောင့်နည်းဟူမူကား။အဂ္ဂမဂ္ဂေန။အရဟတ္တမဂ်ဖြင့်၊သမုဂ္ဃါတိတတ္တာ။အကြွင်းမဲ့ပါအံပြီးသည်၏အဖြစ်ကြောင့်တည်း။ပဏ္ဏာနတ္တံ ကုတောလတာတိ။ လတာဟူသည်ကား။မာနာတိမာနဒိပဘေဒါ၊မာန်မူခြင်းအလွန်မာန်မူခြင်းစသည်အပြားရှိကုန်သော။သာခါဒိသင်္ခါတာ။အခက်အစရှိသည်ဟုဆိုအပ်ကုန်သော။လတာပိ၊အကိုင်းအခက်တို့သည်လည်း၊နတ္ထိနသန္တိ၊မရှိကုန်၊မဒပမာဒမာယာသာဌေယျာဒိပဏ္ဏာနိ။ မာန်ယစ်ခြင်း၊မေ့လျော့ခြင်း။ လှည့်ပတ်ခြင်းစဉ်းလဲခြင်းအစရှိကုန်သော အခက်တို့သည်။ကုတော၀။ အဘယ်မှာလျှင်။အတ္ထိ၊ သန္တိ၊ရှိ၊ ကုန်တော့အံ့နည်း။ကမ္မဗီဇေ။ကံတည်းဟူသောမျိုးစေ့သည်။အသတိစ။မရှိသော်လည်း။တံနိဿိတ္တော။ထိုမျိုးစေ့လျှင်အကြောင်းရင်းရှိသော။ဝိညာဏ်ယောစ။ တဘန်ဘဝသစ်နှိုက်ဖြစ်စေတတ်သော။

ပဋိသန္ဓေ ဝိညာဏဟုဆိုအပ်သော အညွန့်သည်ဇင်း။ ဝိညာဏင်္ဂုရနိ ဗ္ဗတ္တော။ပဋိသန္ဓေဟုဆိုအပ်သော အညွန့်အညှောက် တည်းဟူသောအ ကြောင်းကြောင့်။နာမရူပသဠာယတနာဒိပတ္တာသာခါဒယောစ။ နာမ်ရုပ် သဠာယတနအစရှိကုန်သော အရွက်အခက် အစရှိသည်တို့သည်ဇင်း။ နိပ္ဖတ္တိသမ္ဘဝေ။မဖြစ်ကုန်လတ္တံ့သည်လျှင်တည်း။ ။ဤသို့လျှင်အတ္တ ဘောကိုသစ်ပင်ကိုပမာပြု၍။ ရှုဆင်ခြင်အပ်၏။ ။ဤသို့ရှုဆင်ခြင်ပြီး သည်ရှိသော်။ထိုသို့သစ်ပင်နှိုက်တည်သောသစ်သီးကိုပမာပြု၍ ဤသတ္တ လောကကိုရှုဆင်ခြင်အပ်၏။ ။ရှုဆင်ခြင်အပ်သည်ကား၊ ။အကင်း အပွင့်နှရင့်မှည့်ရှမ်းသောသစ်သီးတို့သည်။ အခါမလင့်ကြွေကျကုန်သ ကဲ့သို့။ ထိုအတူဤသတ္တလောကသည်လည်းအခိဝမ်းနှိုက်လည်းပျက်စီး တတ်သည်။ မန္ဒာဒိဋ္ဌစသောအရွယ်ဆယ်ပါးတို့တွင်လည်း တပါးပါး သောအရွယ်တို့နှိုက်။ပျက်စီးတတ်သည်။ဤသတ္တလောကကား။ မြဲသော သဘောမရှိ။အနိစ္စအတိသာတည်း။ငါ၏အတ္တဘောသည်လည်း ဤသို့သ ဘောရှိသောသစ်သီး၏။ အရွယ်သို့ရောက်လတ်ပြီး၊ အဘယ်နံ့အခါအ ညှာမှကျကြွေ၍မြေကြီးအစီးအပွါးဖြစ်လတ္တံ့နည်း၊မချွတ်လျှင်မြေကြီး၏ အစီးအပွါးဖြစ်လတ္တံ့။ ဤရုပ်နာမ်အစုကားမြဲမြံစွာတည်တတ်သောသ ဘောလည်းမရှိ။ကာယိကဒုက္ခစေတသိကဒုက္ခတို့၏ တည်ရာလည်းဖြစ် သည်။ အတ္တဟုဆိုအပ်သော။အနှစ်သာရလည်းမရှိ။ အနတ္တအတိသာ တည်းဟု အနိစ္စသညာဒုက္ခသညာအနတ္တသညာကိုဖြစ်စေရာသည်။ ထို ကြောင့်ရဋ္ဌပါလသုတ်၌။ ။မရမဖလာနိ။အနုအရင့်အကြီးအငယ်ဖြစ် ကုန်သောသစ်သီးတို့သည်။ပတန္တိ ဗုဝ။ ကြွေးကျကုန်သကဲ့သို့။မာနဝါ၊ လုင်အရွယ်သို့ရောက်သော သူတို့သည်ဇင်း။ ဒဟာရာစ။ငယ်ရွယ်နုနယ် သောသူတို့သည်ဇင်း။ဝုဒ္ဓါစ။ကြီးပြင်းအိုမင်းသောသူတို့သည်ဇင်း။ သရီ ရဘေဒါ။ သရီဘေဒေန။ ကိုယ်ခန္ဓာ၏ပျက်စီးသောအားဖြင့်။ ပတန္တိ။ ကြွေကျပျက်စီးကုန်၏။ဝါ။ ကြွေကျပျက်စီး၍ မြေကြီးသြဇာဖြစ်ကြရ ကုန်၏၊ ။ဟူ၍ဟောတော်မူသည်။ ။ဤသို့လျှင်သစ်သီးကိုပမာပြု၍ အတ္တဘောကို ရှုဆင်ခြင်အပ်၏။ ထိုသို့ရှုဆင်ခြင် ပြီးသည် ရှိသော်။ ထိုသစ်ပင် တို့ဖြင့် ဆောက်လုပ် ပြုပြင်အပ်သော အိမ်ဥပမာ ဖြင့် လည်းအတ္တဘောကိုရှုဆင်ခြင်ပြန်အပ်၏။ ရှုဆင်ခြင်ရာသည်ကား၊ ။ လူတို့သည် သစ်ဝါး အစရှိသော အဆောက် အဦးကို ယူ၍သိမ်း

ဆည်း၍ကောက်ပဲအစရှိသည်တို့ကိုသို မှီးရာအိမ်ဆောက်လုတ်၍ ကြိမ်
နွယ်အစရှိသည်တို့ဖြင့်ချည်နှောင်တုတ်ဆိုင်းလျက်။ မြေညက်စိုင်ကိုရေ
ဖြင့်ဖွပ်စိုခစပြီးသော်နံရံတို့၌လိမ်းကျံ၍။ ကောက်ပဲအစရှိသည်ကိုသိုမှီး
ကြလျက်အလိုရှိသောအခါသုံးစဲးကြကုန်သကဲ့သို့။ ထိုအတူ ကုသိုလ်
ကံအကုသိုလ်ကံတို့သည်လည်းသစ်ဝါးနှင့်တူသောသုံးရာသေးအရိုးတို့
ကိုစိုက်ဆောက်၍ ကြိမ်နွယ်နှင့်တူသောအကြောတို့ဖြင့် ဆိုင်းတွဲချည်
နှောင်ပြီးသော်။မြေညက်နှင့်တူသော အသားအရေနှင့်တူသောအသွေးတို့
ဖြင့်လိမ်းကျံလျက်ဖြင့် အဆင်းလှသောမြေဇါ်အရောင်ကဲ့သို့ အရေဖြင့်
ဖုံးသွမ်းကုန်၏။ လူတို့သည် အိမ်၌ကောက်ပဲတို့ကို သိုမှီးသကဲ့သို့။ ဤ
အတ္တဘော၌ အိုခြင်းသေခြင်းမာန်မူခြင်း ကျေးဇူးမြေခြင်းရောဂါအစရှိ
သောအကုသိုလ်တို့ကို သိုမှီးသိမ်းဆည်းသိုထားအင်ကုန်၏။ ဤအတ္တ
ဘောတည်းဟူသောအိမ်၌ဇရာမရဏစသည်မှတပါးယူငင်အင်သော
ဥစ္စာမရှိ။ဤအတ္တဘောကားအနှစ်သာရမရှိ။အကာအဝီသာတည်းဟူ၍
ရှုဆင်ခြင်အင်၏။ ။ထိုကြောင့်ဓမ္မပဒအဋ္ဌကထာ၌။ ။နဋ္ဌေမာဋ္ဌမ
သို့ံသရိယေသာရေအတ္တိသည့်ကရိ။လည်ဖြင့်ဘုင့်ဆိုသည်။ ။နဋ္ဌေ။
ရူပနဋ္ဌာ။ဇူမသိုံ့သရိယေ။ဤကိုယ်၌။သာရေ။အနှစ်သာရသည်။အတ္တိဝင်။
ရှိ၏ဟူ၍။သည့်။အဋ္ဌတ်ကို။မာကရိ။မပြုလင့်။ဟိသင့်။ဋ္ဌန်၏။ဧတ္တ။ဤကိုယ်
၌။အပ္ပမတ္တကောပိ။အနည်းငယ်မျှလည်းဖြစ်သော။သာရော။ အနှစ်သာရ
သည်။နတ္ထိ။မရှိ။တိဏ်အဋ္ဌိသတာနိ။ သုံးရာသောအရိုးတို့ကို။ ဥဿာပေ
တွာ။ဝိုက်ဆောက်၍။ဇတံအဋ္ဌိနဂရံ။ဤအရိုးဖြင့်ပြီးသောအိမ်ကို။ ကတံ။
ဆောက်လုပ်အပ်၏။ ။ဤသို့သောစကားကိုဟောတော်မူပြီး၍။ ။အဋ္ဌိနံ
နဂရံကတံ။မံသလောဟိတလေပနံ။ယတ္ထဇရာစမစ္စုစ။ မာနောမက္ခောစ
ဩဟိတော။ ။ဟူသောဂါထာကိုဟောတော်မူသည်။ ။အဋ္ဌိနံ။
ငင်သားတည်းဟူသောအရိုးတို့ကို။ ဥဿာပေတွာ။ဝိုက်ဆောက်၍။ နဂ
ရံ။အိမ်တည်းဟူသောအတ္တဘောကို။ ကတံ။ဆောက်လုပ်အပ်၏။ မံသ
လောဟိတလေပနံ။ မြေညက်ရေတည်းဟူသော အသားအသွေးတို့ဖြင့်
လိမ်းကျံအပ်၏။ယတ္ထ။အကြင်အိမ်တည်းဟူသောအတ္တဘော၌။ ဇရာ
စ။အိုခြင်းတည်းဟူသောဥစ္စာကိုရင်း။မစ္စုစ။သေခြင်းတည်းဟူသောဥစ္စာ
ကိုရင်း။မာနော။မာန်မူခြင်းတည်းဟူသောဥစ္စာကိုရင်း။မက္ခောစ။ ကျေး
ဇူးချေခြင်းတည်းဟူသောဥစ္စာကိုရင်း။ ဩဟိတော။ သိုမှီးထည့်သွင်း

အခင်၏။ ။ဤဂါထာ၏အဘွင့်အဋ္ဌကထာ၌လည်း။ ။တဿာတ္ထော၁ယ
ထေ၀ဟိပုဗ္ဗဏှေ ပရဏှော ဒိနံ။ စသည်ဖြင့်ဘွင့်ဆိုသည်။ ။တဿာ။ ထိုဂါ
၏၊ အတ္ထော။ အနက်ကို၊ ဖြင့်။ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော။ သိ
အပ်၏။ ဟိတပ္ပါကဋိကရောမိ၊ ထိုစကားကိုထင်စွာပြဦးအံ့။ ပုဗ္ဗဏှော ပ
ရဏှော ဒိနံ။ ကောက်ပဲအစရှိသည်တို့ကို။ ဩဒဟန္တော၁ယ။ သိုမှီးသိမ်း
ဆည်းခြင်း၌၊ကဋ္ဌာနံ။ သစ်ဝါးတို့ကို။ ဥဿာပေတွာ။ စိုက်ထောက်၍။
ဝလ္လိ ပင်။ ကြိမ်နွယ်တို့ဖြင့်။ ဗန္ဓိတွာ။ ဖွဲ့ချည်၍။ မတ္တိကာယ။ မြေညက်ဖြင့်။
ဝိလိမ္ပေတွာ။ လိမ်းကျံ၍။ နဂရံသဏ္ဍာတံ။ အိမ်ဟုဆိုအပ်သော။ ဗဟိဒ္ဓါပေ
ဟံ၊ အတ္တဘောမှအပဖြစ်သောသူတို့သုံးဆောင်သောအိမ်ကို။ ကရောန္တိ
ယထေဝ။ ဆောက်လုပ်ကြကုန်သကဲ့သို့သော်လျှင်၊ ဇေ၀ံတထော။ ဤအတူ။ ဇာ
ဒံအဇ္ဈတ္တိကမ္ပိ၊ ဤအဇ္ဈတ္တိကဖြစ်သောအတ္တဘောကိုလည်း။ တိဏိအဋ္ဌိ
သတာနိ။ သုံးရာသောအရိုးတို့ကို၊ ဥဿာပေတွာ။ စိုက်ထောက်၍။ နှာရုဝန္ဓ
နံ။ အကြောဖြင့်မြဲရက်အပ်သော။ မံသလောဟိတလေပနံ။ အသါးအသွေး
တို့ဖြင့်လိမ်းကျံအပ်သော။ တစပဋိစ္ဆန္နံ။ အရေဖြင့်ဖုံးလွှမ်းအပ်သော၊ နဂ
ရံ။ အိမ်ကို။ဇိရာလက္ခဏာယ၊ အိုမင်းခြင်းလက္ခဏာရှိသော။ ဇရာယ။
အိုခြင်းကိုင်း။ မရဏလက္ခဏာသ။ သေခြင်းလက္ခဏာရှိသော။ မစ္စုနော။
သေခြင်းကိုင်း။ အာရောဟသမ္ပဒါနိ။ လုံးရင်သန့်ရှင်ပြည့်ရုံခြင်းတို့
ကို။ ပဋိဃ။ စွဲ၍၊ မဋ္ဌနလက္ခဏာသ။ ယစ်မူးခြင်းလက္ခဏာရှိသော။ မာနဿ။
မာန်မူခြင်းကိုင်း။ သုဂတကရဏဝိနာသနလက္ခဏာဿ။ သူတပါးတို့
သည်ကောင်းစွာပြုအပ်သော ကျေးဇူးတို့ကို ချေခြင်းလက္ခဏာရှိသော။
မက္ခဿ။ ကျေးဇူးချေခြင်းကိုင်း။ ဩဒဟနတ္ထာယ။ ထည့်သွင်းသိုမှီး
ခြင်း၌၊ ကတံ။ ဆောက်လုပ်အပ်၏။ ဟိသန္တ၊ မှန်၏။ ဧတ္ထ။ ဤကိုယ်၌။ ဧ၀ရူ
ပေါ ဧ၀။ ဤသို့သဘောရှိသည်သာလျှင်ဖြစ်သော၊ ကာယိကစေတသိကာ။
ကိုယ်စိတ်၌ဖြစ်သော။ အာဗာဓော။ အနာကို။ ဩဟိတော။ သိုမှီး၍ထား
အပ်၏။ ဣတော။ ဤဇရာမရဏမာနမက္ခအာဗာဓတရားအစုထက်၊ ဥဒ္ဓံ။
အလွန်။ ကိဉ္စိ၊ တစုံတခုသော။ ဂယှုပဂံ၊ ယူကောင်းသောဥစ္စာမည်သည်၊
နတ္ထိ။ မရှိ။ ဤသို့ဘွင့်ဆိုသည်။ ဤသို့လျှင်အိမ်ကိုဥပမာပြု၍ မိမိ
အတ္တဘောကိုရှုခြင်းအင်၏။ ထိုထက်အလွန် ရှုခြင်းပြန်အပ်
၏။ ရှုခြင်းရာသည်ကား။ ပကာသိသောအိမ်သည် ဆွေးမြေ့ပျက်စီး
တတ်သကဲ့သို့။ ဤအတ္တဘောသည်လည်းအိုမင်းပျက်စီးတတ်သည်။ လူတို့

နေရာဖြစ်သောအိမ်၌တိုင်ထုတ်လျှောက်စသော သစ်ဝါးကြိမ်နွယ်မှတပါးအိမ်ဟူ၍ခေါ်ဝေါ်အပ်သောဖြင်ဝိသေသအသုံးမရှိ။သစ်ဝါးကြိမ်နွယ်အရကိုပင်လျှင်အိမ်ဟူ၍ခေါ်ဝေါ်သမုတ်သကဲ့သို့။ ဤကိုယ်၌လည်းသုံးဆဲ့နှစ်ပါးသောကောဋ္ဌာသအရ။ ခန္ဓာငါးပါးမှတပါးသတ္တပုဂ္ဂိုလ်ဟူ၍ခေါ်ဝေါ်အပ်သောဖြင်အသုံးမရှိ။ ခန္ဓာငါးပါးကေသာလောမာ အစရှိသောကောဋ္ဌာသအရမျှသာဖြစ်သည်။ ဤသို့သဘ္ဘသညာမှဆိတ်သောအားဖြင့်။ အဘ္ဘမဟုတ်အနတ္တသာတည်းဟုရှုဆင်ခြင်အပ်၏။ ။ဤသို့ဇရာမရဏမာနမဘ္ဘကာယိကစေတသိကဒုက္ခအာဗာဓတို့ကိုသိမြဲသိမ်းဆည်းရာလူတို့၏ အိမ်ရာသဘွယ်ဖြစ်သော ဤအတ္တဘောသည် အနာတို့ဖြင့်ကြင်နာတတ်သောသဘောရှိ၏။ မစင်ကြယ်သောသဘောလည်းရှိ၏။ ဒွါရကိုးပါးတို့မှခေဠသိင်္ဃာဏိကကရီသမုတ္တအစရှိသောကောဋ္ဌာသ၌အကျုံးဝင်သောတရားတို့သည်။ ယိုစီးတတ်သောသဘောရှိသည်သာဖြစ်သည်။ ။ထိုကြောင့်ဓမ္မပဒရူပနန္ဒာထေရီမ၏ဝတ္ထု၌။ ။အာတုရံအသုစိပုတိ၊ပဿနန္ဒေသမုဿယံ။ဥဿဝန္တံ ပဿဝန္တံ ။ ဗာလာနံအဘိပတ္ထိတံ။ ။ဟူ၍ဟောတော်မူသည်။ နန္ဒေ၊ ရူပနန္ဒာ။အာတုရံ။အနာပေါင်းတို့ဖြင့်ကြင်နာတတ်သော။အသုစိ။မစင်ကြယ်သော။ပုတိ၊ပုပ်တတ်သောသဘောရှိသော။ ဥဿဝန္တံ၊ အထက်သို့ယိုစီးသောခေဠသိင်္ဃာဏိကအသုစိအစရှိသော မကောင်းသော ဝတ္ထုရှိသော၊ ပဿဝန္တံ။ အောက်သို့ယိုစီးတတ်သောကရီသမုတ္တတည်းဟူသောမကောင်းသောဝတ္ထုရှိသော။ သမုဿယံ။အတ္တဘောကို။ပဿ၊ကာယဂတာသတိပညာဖြင့်ရှုလော။ ဗာလာနံ။ကာယဂတာသတိပညာအသုဘဘာဝနာမှကင်းကုန်သောသူတို့သည်သာလျှင်၊အဘိပတ္ထိတံ။လွန်စွာတဏှာဖြင့်တောင့်တအပ်၏။ ။ထိုသို့သဘောရှိသောအတ္တဘောသည်။ ဖိဒိတိန္ဒြေတေဇေါဓါတ်ဝိညာဏ်တို့မှကင်းလတ်သည်ရှိသော် အလွန်လျှင်စက်ဆုတ်ရွံရှာဘွယ်ရှိသည်။ ချစ်ခင်ငုံမက်သောသူတို့သည်လည်းကိုင်တွယ်ခြင်းငှါမဝံ့။ထိုဇီဝိတိန္ဒြေမှကင်းသောသူကိုရေ၌ရင်း၊မြေ၌ရင်း၊ မီး၌ရင်းသရိုယ္ယာပနကိစ္စကိုမပြုမူ၍ထိုထိုအရပ်၌ပစ်စွန့်အပ်သည်ရှိသော်။ ခွေးမြေခွေးကျီးလင်းတတို့သည်စားသောက်ကုန်၍အရိုးမျှသာကြွင်းကျန်ရစ်သည်။ ထိုကြွင်းကျန်သောအရိုးတို့တွင်လည်းနံရိုးပေါင်ရိုးကျောက်ဆစ်ရိုးစသည်တို့သည် တဖြင့်တပါးလွင့်ပါးပျောက်ပျက်ကုန်သည်ရှိသော်။ ကြီးစွာသော ဥကျွောင်းရိုး

သည်ကြွင်းကျန်ရစ်လတ်သော်။ တန်ဆောင်မုန်းလသရဒအခါ၌။အနွယ် အရွက်တို့သည် ပျော့ပျက်သွေ့ချောက်၍အိမ်သို့မရောက်တော၌ကျန် ရစ်သောလူတို့မသိမ်းဆည်းသောဗျုးတောင်းကွဲကဲ့သို့ ထိုထိုအရပ်နှိုက် တည်ကုန်၏၊ထိုသို့သဘောရှိသော ဥက္ကောင်းရိုးကိုတွေ့မြင်သောသူတို့ သည်။တုတ်လှန်တန်ဖြင့် တွန်းဖယ်ပယ်ရှားကြကုန်၏။ ထိုကြောင့်ဤ အတ္တဘောကားအနှစ်သာရမရှိသည်သာတည်းဟု။ ကာယဂတာသတိ ဖြင့်ရှုအပ်၏။ ။ထိုကြောင့်ဓမ္မပဒသမ္ဗယုလဘိက္ခုဝဂ္ဂ၌။ ။ယာနိ မာနိအပတ္ထာနိ၊အလာဗုနေဝသာရဒေ။ကာပေါတကာနိအဋ္ဌီနိ။ တာနိဒိ သွာနကာမရတိ၊ဟူ၍ဟောတော်မူသည်။ ။သာရဒေ။မိုးလေးလ တို့၏အဆုံးတန်ဆောင်မုန်းလနှိုက်။အပတ္ထာနိ။ အိမ်သို့မရောက်တော၌ သာစွန့်ပစ်အပ်ကုန်သော။အလာဗုနိဣဝ။ဗျုးတောင်းတို့ကဲ့သို့။ ကာပေါ တကာနိ။ ဘွေးဘွေးဖြူသောကောက်သောလည်ရှိသောခို၏ အဆင်းနှင့် တူသောအဆင်းရှိကုန်သော၊ ယာနိဣမာနိအဋ္ဌီနိ။ အကြင်ဦးခေါင်းရိုးတို့ သည်။သန္တိ။ရှိကုန်၏။တာနိ။ထိုအရိုးတို့ကို။ဒိသွာန။ တွေ့မြင်လတ်၍။ဝါ။ တွေ့မြင်လျက်၊ထုမှာကံ။သင်တို့အား နနု။စင်စစ်။အပ္ပမတ္တကမ္ပိ။ အနည်း ငယ်မျှလည်း ဖြစ်သော။ ကာမရတိ။ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို။ဝါ။ တဏှာဖြင့်တပ်မက်မောခြင်းကို။ကာတုံ။ပြုခြင်းငှါ။ နဝတ္တတိယေဝ။မ သင့်သည်သာလျှင်တည်း။ ။ဤသို့လျှင်အတ္တဘော၏ ဖြစ်ခြင်းအတ္တ ဘော၏မစင်ကြယ်ခြင်းအနှစ်သာရမရှိခြင်းတို့ကို။ အရိုးရဖြစ်သည်တိုင် အောင်ပညာစက္ခုဖြင့်ရှုဆင်ခြင်သောအားဖြင့် မိမိအတ္တဘောကိုငြီးငွေ့ ရာသည်။ ဤသို့အတ္တဘော၏ပျက်စီးဘော်ပြန်ခြင်းကိုပင် မမြဲခြင်းဆင်း ရဲခြင်းအတိုးမရခြင်းတို့ဖြင့်လက္ခဏာရေးသို့တင်၍ဆင်အပ်၏။ ။အသု ဘဟရေးဆံအစရှိသော ကောဋ္ဌာသအရာတို့၌ အသုဘကောဋ္ဌာသအား ဖြင့်သာ ရှုအပ်သည်မဟုတ်။လက္ခဏာရေးသို့တင်၍လည်းရှုဆင်ခြင်အပ် သည်။ရူပနန္ဒာထေရီမသည်ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်တင်ရှား သောအသုဘကောဋ္ဌာသကိုပင်လက္ခဏာရေးသို့တင်၍ရှုဆင်ခြင်သည်။ တင်ကြောင်းကား။ ။နဝဟိ၊ကိုးပါးကုန်သော။နဝမုခေဟိ၊အဝမ်တို့ မှ။ပုဂ္ဂဝဋ္ဋ်ယောစေဝ။သွေးပြည်အရတို့သည်ပင်။ ပုလုဝါစ။ပိုးလောက် တို့သည်ပင်။ပဿရိ သုယိကျကုန်၏၊ကာယာဒယော၊ကိုယ်အစရှိသည် တို့သည်။သန္နိပတေတွာ။ ပြိုပျက်၍။ရိလုမ္ဗိသု၊လုရက်ကြကုန်၏၊ ရူပနန္ဒာ

ပိ။ရူပနန္ဒာသည်လည်း။ထိုအသုဘကို။ဩလောကေတွာ။ ရှုကြည့်၍။အယံရူတ္တိ ဤမိန္မသည်၊ ရူမသို့ယောဝဋ္ဌာနေ။ဤရုပ်ဒြပ်လျှင်။ဇနံ။ အိုခြင်းသို့၊ပတ္တာ။ရောက်၏။ဗျာဓိ။နာခြင်းသို့။ပတ္တာ၊ရောဂံ။ ႏ၊မရဏံ။ သေခြင်းသို့။ပတ္တာ။ရောက်၏။မေ။ငါ၏။ ရူမသာပိအတ္တဘာဝသ။ ဤအတ္တဘောအားလည်း။ဧဝမေဝ။ ဤအသူသာလျှင်။ဇရာဗျာဓိမရဏာနိ။ အိုခြင်းနာခြင်းသေခြင်းတို့သည်အာဂမိဿန္တိ၊ရောက်လာကုန်လတ္တံ့။ရူတိ။ဤသို့အတ္တဘာဝံ။အတ္တဘောကို။အနိစ္စတော။အနိစ္စအားဖြင့်။ပဿိ။ မြင်၏။အနိစ္စတော။အနိစ္စအားဖြင့်။ဒိဋ္ဌတ္တာဧဝ။မြင်သည်၏အဖြစ်ကြောင့်သာလျှင်။ ဒုက္ခတော။ဒုက္ခအားဖြင့်ရင်း။ အနတ္တတော။ အနတ္တအားဖြင့်ရင်း။ဒိဋ္ဌာစ ယောဝ။မြင်အပ်သည်သာလျှင်။ဝါ။ရှုဆင်ခြင်အပ်သည်သာလျှင်။ ဟောတိ။ဖြစ်၏၊ ။ဤသို့ဓမ္မပဒအဋ္ဌကထာ၌လာသည်။ ။ရူပနန္ဒာထေရီမကဲ့သို့အသုဘဖြစ်သော။ဥဒ္ဓုမာတကစသည်တို့ကိုလည်းလက္ခဏာရေးသို့တင်၍ရှုဆင်ခြင်ရာသည်။ ။ဤသည်ကားအတ္တဘောကိုသာမညအားဖြင့်ပွါးများရသေးအစီအရင်တည်း။ ။ဤသာမညအားဖြင့်ပွါးများရသောတရားအရာ၌ မမေ့မလျော့သုံးသင်ဆင်ခြင်သော အားဖြင့် အပ္ပမာဒတရားကိုပွါးများအပ်သည်။ ထိုအပ္ပမာဒတရားကား ကြီးမားသောအကျိုးရှိသည်။ထိုကြောင့်ပညာရှိတို့သည် အပ္ပမာဒတရား၌ကျေးဇူးအထူးရှိသောအားဖြင့်အပ္ပမာဒ တရား၌မွေ့လျော်ကြကုန်သည်၊ထိုသို့မွေ့လျော်သော ပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ်တို့၏အာရုံပြုရာဖြစ်သောတရား၌မွေ့လျော်ကြကုန်၏။ ၊ထိုကြောင့်ဓမ္မပဒပါဠိ၌။ ။ဧဝံ ဝိသေသတော ဉတွာအစရှိသည်ဖြင့်ဟောတော်မူသည်။ ။ပဏ္ဍိတာ။ ပညာရှိတို့သည်။အပ္ပမာဒမှိ။အပ္ပမာဒတရား၌။ဧဝံ။ဤသို့။ဝိသေသတော။ မေ့လျော့သောပုဂ္ဂိုလ်အား ဝဋ်မှထွက်မြောက်ခြင်းမရှိဘာဝနာတို့၌ မမေ့မလျော့သောပုဂ္ဂိုလ်အားသာလျှင်ဝဋ်မှထွက်မြောက်၏ဟူ၍ အထူးဝိသေသအားဖြင့်သာလျှင်။ဉတွာ။သိလတ်၍။အပ္ပမာဒေ။မိမိသည်ပွါးအပ်သောအပ္ပမာဒတရား၌။ပမောဒန္တိ ၊ နှင်လမ်းသောမျက်နှာနှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍မွေ့လျော်ကြကုန်၏၊တော။ထိုအပ္ပမာဒတရား၌မွေ့လျော်သောသူတို့သည်။အပ္ပမာဒံ။ အပ္ပမာဒတရားကို။ဝဍေတွာ။ ပွါးရသောကြောင့်အရိယာနံ။ ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့၏။ဂေါစရေ။ ကြက်စားရာဖြစ်သောသတိပဋ္ဌာန်သုံးဆဲ့နှစ်ပါးသော ဗောဓိပက္ခိယတရားကိုး

ပါးသောလောကုတ္တရာတရားနှင့်။ ရတာ။အလွန်လျှင်မွေ့လျော်ရကုန်သည်။ဟော နှိ။ဖြစ်ကုန်၏။ ။ဤကာယဂတာသတိသာမညဘာဝနာ၌ဒုက္ကနိပါတ်ဝလာဟကဇာတ်ကိုပမာပြု၍ပွါးများအားထုတ်ရာသည်။ ဝလာဟကဇာတ်၏အထုပ္ပတ္တိကား။ ။သိဟဠမည်သောဘီလူးတို့နေရာကျွန်း၌ဘီလူးမတို့သည်သင်္ဘောပျက်၍ရောက်လါကုန်သည်ရှိသော်ကုန်သည်အများတို့ကို ကာမဂုဏ် ငါးပါးတို့ဖြင့် ဖြားယောင်းလှည့်ပတ်၍စားလတ်ကုန်၏။ မလိမ္မာသော ကုန်သည်အချို့တို့သည် ဤကျွန်း၌နေ၍သေကြေပျက်စီးကြကုန်၏။အချို့ကုန်သောလိမ္မာကုန်သော ကုန်သည်တို့သည်ထွက်လာခဲ့ရာငါတို့ဘုရားအလောင်းဝလာဟက မြင်းမျိုးနှင့်ကြုံကြိုတွေ့လတ်၍။ဘုရားအလောင်းဝလာဟကမြင်းသည်မိမိသို့ဆည်းကပ်သောသူတို့ကို ချမ်းသာရာသမုဒ္ဒရာ၏ တဘက်ဇမ္ဗူဒိပါ ကျွန်းသို့ ပို့ဆောင်ကုန်၏။ ဤဇာတ်၌ဘီလူးတို့၏နေရာကဲ့သို့။ ဤကာမဘုံကိုမှတ်အပ်၏။ဘီလူးတို့သည်ကာမဂုဏ်ငါးပါးဖြင့်ဖြားယောင်းလှည့်ပတ်၍စားလတ်သကဲ့သို့။ရူပတဏှာ။ သဒ္ဒတဏှာ။ဂန္ဓတဏှာ။ ရသတဏှာ။ဖောဋ္ဌဗ္ဗတဏှာတို့သည် လွန်စွာဖြားယောင်းသည်ဖြစ်၍ သတ္တလောကတို့သည်ပစ္စုပ္ပန်ဘဝ၌။ ကာယိကဒုက္ခ စေတသိကဒုက္ခကိုရခြင်းတမလွန်လောကနှိက်အပါယ်နရက်စသည်နှိက် ဆင်းရဲကိုရခြင်း။ အဘန်တလဲလဲပဋိသန္ဓေနေခြင်း။ အိုခြင်း။ နာခြင်း။ သေခြင်းအစရှိသော ဆင်းရဲကိုရသည်ကိုမှတ်အပ်၏။မလိမ္မာသောသူတို့သည် ဝလာဟကမြင်းမင်းကိုအမှီပြု၍ချမ်းသာရာ၏တဘက်သို့လိုက်သွားသကဲ့သို့။ ဝိပဿနာပညာရှိကုန်သောသူတို့သည်ရူပတဏှာစသည်တို့၏ဖြားယောင်းရာမလိုက်မနာဘဲ။မြင်းမင်းနှင့်တူသောကာယဂတာသတိဘာဝနာစသည်ကိုအမှီအခိုပြု၍သမုဒ္ဒရာ၏တဘက်ဇမ္ဗူဒိပါနှင့်တူသော သံသရာတည်းဟူသောရေအယဉ်၏တဘက်နိဗ္ဗာန်သို့ရောက်သည်ကိုမှတ်အပ်၏။ ။ထိုကြောင့်ဒုက္ကနိပါတ်ပါဠိ၌။ ။ယေနကာဟန္တိ ဩဝါဒံအစရှိသော နှစ်ဂါထာကိုဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ ဗုဒ္ဓေန။ငါဘုရားသည်။ဒေသိတံ။ဟောတော်မူအပ်သော။ဩဝါဒံ။ အဆုံးအမတော်ကို။ယေနရာ။အကြင်သူတို့သည်။နကာဟန္တိ။မလိုက်နာကုန်။တေနရာ။ ထိုသူတို့သည်၊ဗျသနံ။ပျက်စီးခြင်းသို့ ဂမိဿန္တိ။ရောက်ကုန်လတ္တံ့၊ ကိမိဝ။အဘယ်ကဲ့သို့နည်းဟူမူကါး။ယက္ခာသိဟိ။ယက္ခိုဏ်ဘီလူးမတို့သည်။ပလောဘိတာ

ဖြားယောင်းအင်ကုန်သော။ဝါဏိဇ္ဇာ။ကုန်သည်တို့သည်။ဗျသနံ။ပျက်စီး
ခြင်းသို့။ဂစ္ဆန္တိရာဝ။ရောက်ကုန်သကဲ့သို့တည်း။ ။ဘိက္ခဝေ။ရဟန်း
တို့။ယေနရာစ။အကြင်သူတို့သည်ကား။ဗုဒ္ဓေန။ငါဘုရားသည်။ဒေသိတံ။
ဟောတော်မူအပ်သော။ဩဝါဒံ။အဆုံးအမတော်ကို။ကာယန္တိ၊လိုက်နာ
ကုန်၏။တေနရာ။ထိုသူတို့သည်။သောတ္ထိံ။ချမ်းသာစွာ။ပါရံ။နိဗ္ဗာန်တည်း
ဟူသောကမ်းတဘက်သို့။ ဂမိဿန္တိ။ ရောက်ကုန်လတ္တံ့။ ကိမိဝ၊အ
ဘယ်ကဲ့သို့နည်းဟူမူကား။ ဝလာဟကေန၊ ဘုရားလောင်းဝလာဟက
မြင်းပျံသည်။အာနီတာ။ဆောင်အပ်ကုန်သော။ ဝါဏိဇ္ဇာ။ ကုန်သည်တို့
သည်။သောတ္ထိ။ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိရာဝ။ ရောက်ကုန်သကဲ့သို့
တည်း။ ။ဤဇာတ်ဒေသနာတော်ကိုကြားနာခြင်းတည်းဟူသောသုတ
မယဉာဏ်ကိုပြည့်စုံစေလျက်။ ကာမဂုဏ်ငါးပါး၌မြင်အင်ပြီးသောအ
ပြစ်ရှိသောပညာရှိတို့သည်။ ဘီလူးနှင့်တူသော ရူပတဏှာစသည်တို့၏
ဖြားယောင်းရာငါတို့အတိမှာလိုယ်နာကုန်အံ့နည်း ချမ်းသာရာသမုဒ္ဒရာ
၏တဘက်နှင့်တူသောနိဗ္ဗာန်ဈေးရှု၍မြင်းမင်းနှင့်တူသောကာယဂတာသ
တိဘာဝနာကိုအမှီအခိုပြု၍ သံသရာတဘက်ဖြစ်သော နိဗ္ဗာန်သို့သွား
အံ့ဟူ၍ ဘာဝနာကိုအခါလေးမြင့်မမေ့မလျော့ပွါးကြရာသည်။ ။ဤ
သည်လျှင်သာမညဘာဝနာ၌သြဝါဒအနုသာသနီတည်း။ ။ယခုအခါ
ကာယဂတာသတိ၏အါရုဏ်ဖြစ်သော်ကေသာလောမာတရားအရေတို့ကို
အသီးအသီးပဋိကူလအားဖြင့်၎င်း။ဓာတုအားဖြင့်၎င်း။ ဆင်ခြင်ရာသည်
ကိုပြဆိုအံ့သတည်း။ ။သတ္တပုဂ္ဂလဟူ၍ခေါ်ဆိုသမိုက်အင်သောဖြပ်
ဝိသေသ၌ခြေဘဝါးအပြင်မှစ၍အထက်ဆံဖျားတိုင်အောင် အောက်အ
ရပ်အထက်အရပ်၌၎င်း။ ရှေ့အရပ်နောက်အရပ်လက်ဝဲလက်ျာအရပ်
တို့၌၎င်း၊ မံသစက္ခု။ပညာစက္ခုနှစ်ပါးဖြင့် ကြည့်ရှုမြော်တင်းနှုံးသွင်း
လျက်ရှာမှီးလတ်သော်၊ နှစ်သက်ဘွယ်ရှိသော တစုံတခုသောပုလဲပတ္တ
မြားပြရိုး သော အကျောက်ကုံကမ်းရုပ်ကောင်းသောအနံ့ရှိသော အခိုးအထုံ
အနှံ့အခရှိသေ စင်ကြယ်သေ ပါဝတ္ထုကိုအနုမြူမျှမမြင်မထင်။စင်စစ်သော်
ကားသွန်စွာမကောင်းသောအနံ့။ လွန်စွာစက်ဆုတ်ဘွယ်ရှိသောဆံအ
မွေးအစရှိသော မစင်ကြယ်သောဝတ္ထုကိုသာသိမြင်အင်သည်သာဖြစ်
သည်။ ။ထိုကြောင့်ဗိသုဒ္ဓိမဂ်၌။ ။ဣမမ္ပိပါဒတလာပဋ္ဌာယစ
သည်ဖြင့်ပြဆိုသည်၊ ၊ဟိသစ္စံ။မှန်၏၊ပါဒတလာ။ခြေဘဝါးအပြင်မှ၊ပ

ဋ္ဌာယ။စ၍။ဥပဒ္ဒါ။အထက်၌ရှိရင်း။ကေသမတ္တကာ။ဆံဖျားမှ၊ ပဋ္ဌာယ။စ၍။ ဟေဋ္ဌာ။အောက်၌ရှိရင်း။တစတော။အရေမှ။ပဋ္ဌာယ။စ၍။ပရိတော။ထက် ဝန်းကျင်မှရှိရင်း။ဋ္ဌိတံ။ဤသို့။ဧတ္တကေ။ဤမျှလောက်သော။ဗျာမမတ္တေ။တ လံမျှလောက်သော။ ဣမသ္မိံ ကဠေဝရေ။ဤကိုယ်၌။ သဗ္ဗာကာရေန။ခပ် သိမ်းသောအခြင်းအရာဖြင့်။ ပဝိစိနန္တော။ ရှုစမ်းဆင်ခြင်သည်ရှိသော်။ ကောစိ။တစုံတယောက်သောသူသည်။ကိဉ္စိ။တစုံတရသော။ မုတ္တံဝါ။ပု လဲကိုရင်း။မဏိံဝါ၊ ပတ္တမြားကိုရင်း။ ဝေဠုရိယံဝါ။ ကျောက်မျက်ရွဲကို ရင်း။ဝါ။ပြကြီးသားကိုရင်း။အဂရုံဝါ၊အကျော်ကိုရင်း။ကုက်မံဝါ။ကုံကမံ ကိုရင်း။တဂ္ဂရံဝါ။ ပရိုင်ကိုရင်း။ ဝါသစုဏ္ဏာဒိံဝါ။ အထုံအနှံ့စသည်ကို ရင်း။အနုမတ္တမ္ပိ။အနုမြူမျှလည်းဖြစ်သော။သုစိဘာဝံ။ စင်ကြယ်သည်၏အ ဖြစ်ကို။နပဿတိ၊မမြင်၊အထခေါ။စင်စစ်သော်ကား၊ပရမဒုဂ္ဂန္ဓံ။လွန်စွာ မကောင်းသောအနံ့ရှိသော၊ဇေကုစ္ဆံ။စက်ဆုတ်ဘွယ်ရှိသော။ အသိရိ ကဒဿနံ။အသရေမရှိသည်ကိုပြတတ်သော။ အသုစိယေဝ။မစင်ကြယ် သောဝတ္ထုကိုသာလျှင်။ပဿတိ။မြင်ရ၏။ ။ကေသာလောမာအစရှိ သောကောဋ္ဌာသအရတို့တွင်။ ကေသာမည်သောကောဋ္ဌာသသည်။ ပ တိးနံ့က်ဗဒ္ဓပရဏာစေ့နှင့်တူသောမည်းနက်သောအဆင်းစည်ရိုးနှင့်တူ သောသဏ္ဌာန်ရှိလျက်။အထက်ဖြစ်သောကိုယ်၌ရောက်၍။နားပန်စွန်းနှစ် ဘက်နဖူးပြင်လည်ကုတ်တို့ဖြင့် ပိုင်းခြားအပ်သော ဦးခေါင်းခွံကို ရစ် လွှမ်းသောဒိုသောအရေ၌စပါးသီးဖျားအတိုင်းအရှည်တည်သည်ဖြစ်၍။ အသင့်အားဖြင့်ရင်း။သဏ္ဌာန်အားဖြင့်ရင်း။ အနံ့အားဖြင့်ရင်း။ တည်ရာ အားဖြင့်ရင်း၊ အခုပ်အားဖြင့်ရင်းစက်ဆုတ်ဘွယ်ရှိ၏။ ထိုတွင်အဆင့် အားဖြင့်စက်ဆုတ်ဘွယ်ရှိသည်ကား။ နှစ်သက်ဘွယ်သောယာဂုထမင်း ဟင်းလျာခဲဘွယ်တို့၌ ဆံပင်၏အဆင်းနှင့်တူသောအဆင်းရှိသော ချည် မြှင်စသောတစုံတခုကိုတွေ့မြင်သည်ရှိသော်၊ လူတို့သည် အလွန် ရွံရှာ ကြကုန်သည်။ညဉ့်အခါစားသောက်ရာ၌။ဆံပင်နှင့် သဏ္ဌာန်တူသောမရိုး မြှင်သင်ပန်းမြှင်စသည်တို့ကိုစမ်းသပ်မိသည်ရှိသော်။ ဆံပင်နှင့် သဏ္ဌာန် တူလေရကား။များစွာသောလူတို့သည်စက်ဆုတ်ကြကုန်သည်။ဆီလိမ်း ကျံခြင်း ဖီးခြင်းသုံးသပ်ခြင်း ပွပ်လျှော်ခြင်းမှကင်းသော ဆံတို့၏အနံ့ သည်လွန်စွာစက်ဆုတ်ဘွယ်ရှိသည်။သလိပ်သည်းခြေသွေးအငရှိသည် တို့၏အကျိုးဆက်အားဖြင့် ဖြစ်ပွါးခြင်းကြောင့် တည်ရာအားဖြင့်လည်း

စက်ဆုတ်ဘွယ်ရှိသည်။ မစင်ကြွယ်သောအတ္တဘော၌ဖြစ်ခြင်းကြောင့်
အချပ်အားဖြင့်လည်း စက်ဆုတ်ဘွယ်ရှိသည်။ ဤသို့လျှင် ကေသာဟူ
သောကောဋ္ဌာသကိုပဋိကူလအားဖြင့်ရှုဆင်ခြင်အပ်၏။ ။ဤသို့ပဋိကူ
လမနသိကာရအားဖြင့်ဆင်ခြင်ရာသောအစီအရင်ကို။ ဝိသုဒ္ဓိမဂ်၌ သ
မောဟဝိနောဒနီသတိပဋ္ဌာနဝိဘင်းအဖွင့်တို့၌ပြဆိုသည်။ ။ဓာတု
မနသိကာရအားဖြင့်ရှုဆင်ခြင်အပ်သည်ကား။ ။ဣမေကေသာနာမ။ဤ
ဆံတို့မည်သည်ကား။သီသကဋာဟပလိဝေဋ္ဌနစမ္မေ၊ဦးခေါင်းခွံကိုရစ်
လွှမ်းသောအရေ၌။ဇာတာ။ ပေါက်ရောက်ကုန်၏။ တတ္ထ။ထိုသို့ပေါက်
ရောက်ရာ၌ ဝမ္မိကမတ္ထကေ။ တောင်ပို့၏အထက်၌။ ဇာတေသု။ ပေါက်
ရောက်ကုန်သော။ကုဏ္ဌတိဏေသု။သမန်းစသောမြက်တို့၌။ဝမ္မိကမတ္တ
ကော။တောင်ပို့၏အထက်သည်။ မယိ။ငါတောင်ပို့၏အထက်၌။ ကုဏ္ဌ
တိဏာနိ။သမန်းစသောမြက်တို့သည်။ ဇာတာနိ။ပေါက်ရောက်၏။ဣတိ။
ဤသို့။ဇာနာတိ ယထာ။ မသိသကဲ့သို့။ ကုဏ္ဌတိဏာနိပိ။ သမန်းစသော
မြက်တို့သည်လည်း။ မယံ။ ငါတို့သမန်းမြက်တို့သည်။ ဝမ္မိကမတ္တကေ။
တောင်ပို့၏ဦးထိပ်၌။ဇာတာနိ။ ပေါက်ရောက်ရပေကုန်၏။ ဣတိ။ဤသို့။
ဇာနန္တိ ယထာ။မသိကုန်သကဲ့သို့။ ဧဝမေဝ။ ဤအတူသာလျှင်၊သီသက
ဋာဟပလိဝေဋ္ဌနစမ္မံ။ဦးခေါင်းခွံကိုရစ်လွှမ်းသောအရေသည်။မယိ။ငါ
ဦးခေါင်းရေ၏အထက်၌။ကေသာ။ဆံတို့သည်။ ဇာတာ။ ပေါက်ရောက်
ကုန်၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။ကေသာပိ။ဆံတို့ကလည်း။မယံ။ငါ
တို့ဆံပင်တို့သည်။ သီသကဋာဟပလိဝေဋ္ဌနစမ္မေ။ ဦးခေါင်းခွံကိုရစ်
လွှမ်းသောအရေ၌။ ဇာတာ။ ပေါက်ရောက်ရကုန်၏။ ဣတိ။ ဤသို့။နဇာ
နန္တိ။မသိကုန်။ဧတေဓမ္မာ။ဤဦးခေါင်းရေဆံပင်တို့သည်။ အညမညံ၊အ
ချင်းချင်း။အာဘောဂပစ္စဝေက္ခဏရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်း
ငှာကင်းကြကုန်၏။ဣတိ၊ဤသို့။ကေသာနာမ။ ဆံတို့မည်သည်ကား။ ဣမ
သ္မိံသရီရေ။ဤကိုယ်၌။ပါဋိယေက္ကော၊ အသီးအခြားသောကောဋ္ဌာသ
အရတည်း။အစေတနော။စိတ်စေတနာမရှိ။အဗျာကတော။ ကုသိုလ်အ
ကုသိုလ်ဟူ၍မဆိုအပ်။ သုညော။အတ္တမှဆိတ်၏။ နိသတ္တော။သတ္တဝါမ
ဟုတ်၊ ထဒ္ဓေါ၊ခက်မာ၏။ပထဝီဓာတု။ပထဝီဓာတ်တည်း။ ။ဤသို့သ
မောဟဝိနောဒနီဓာတုဝိဘင်းအဖွင့် ဝိသုဒ္ဓိမဂ်စတုဓာတုဝဝတ္ထာနဘာ
ဝနာနှင့်အညီလာသောနည်းဖြင့်။ဆံတည်းဟူသောကောဋ္ဌာသကိုဓာတု

မနသိကာရအားဖြင့်လည်းပွါးများသုံးသပ်ဆင်ခြင်ရာသည်။ ။လော
မာဟုသောကောဋ္ဌာသအရသည်။ မည်းသောအဆင်း ကြောင်သောအ
ဆင်းရှိ၏ဟူ၍ အောက်သို့ညွတ်သောအဖျားရှိလျက်။ ထန်းမြစ်သဏ္ဍာန်
ဖြစ်၍ကိုယ်၏အောက်အဘို့အထက်အဘို့၌ရောက်သောအားဖြင့် ဆံတို့
၏တည်ရာအရပ်လက်ဝါးအပြင် ခြေဘဝါးအပြင်အရပ်မှတပါးကြွင်း
သောအရပ်တို့၌ကိုယ်ကိုရစ်လွှမ်းသောအရေ၌ကညစ်စပမာဏအရေ
တွင်းသို့ဝင်၍တည်လျက်။ အဆင်းသဏ္ဍာန်အနံ့တည်ရာဖြစ်ရာအားဖြင့်
စက်ဆုတ်ဖွယ်ရှိ၏။ ။ဤသို့ပဋိကူလမနသိကာရအားဖြင့်လော
မာဟုသောကောဋ္ဌာသကိုရှုဆင်ခြင်အပ်၏။ ။ဓာတုမနသိကာရအား
ဖြင့်ရှုဆင်ခြင်အပ်သည်ကား။ ။လောမာ။အမွေးတို့သည်။သရီရဝေဌ
နစမ္မေ၊ကိုယ်ကိုရစ်လွှမ်းသောအရေ၌။ ဇာတာ။ပေါက်ရောက်ကုန်၏၊
တတ္ထ။ထိုသို့ပေါက်ရောက်ရာ၌။ သုညဂါမဋ္ဌာနေ။လူနေအိမ်ခြေမှဆိတ်
သောရွာဆိုးကုန်အရပ်၌၊ဇာတေသု၊ပေါက်ရောက်ကုန်သော။ဒိပ္ပတိဏ
ကေသု၊နေစာမြက်တို့၌။သုညဂါမဋ္ဌာနံ ရွာဆိုးကုန်အရပ်၌။မယိ၊ငါရွာ
ဆိုးကုန်းအရပ်၌။ဒိပ္ပတိဏကာနိ။နေစာမြက်အပေါင်းတို့သည်။ဇာတာ
နိ၊ပေါက်ရောက်ကြကုန်၏။ဣတိ။ဤသို့၊နဇာနန္တိ၊ယထာ။မသိသကဲ့သို့။
ဒိပ္ပတိဏကာနိပိ။နေစာမြက်တို့ကလည်း။မယံ။ငါတို့နေစာမြက်တို့သည်။
သုညဂါမဋ္ဌာနေ၊ရွာဆိုးကုန်းအရပ်၌။ဇာတာနိ၊ပေါက်ရောက်ရကုန်၏။
ဣတိ၊ဤသို့။နဇာနန္တိ၊ယထာ။ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာ
လျှင်။သရီရဝေဌနစမ္မံ။ကိုယ်ကိုရစ်လွှမ်းသောအရေသည်။ မယိ။ငါ့အ
ရေ၏အပေါ်၌၊လောမာ။အမွေးတို့သည်။ဇာတာ။ ပေါက်ရောက်ကြကုန်
၏။ဣတိ။ဤသို့၊နဇာနာတိ။မသိ၊လောမာပိ။အမွေးတို့ကလည်း။ မယံ။ ငါ
တို့အမွေးတို့သည်။သရီရဝေဌနစမ္မေ။ ကိုယ်ကိုရစ်လွှမ်းသောအရပ်၌။
ဇာတာ၊ပေါက်ရောက်ကုန်၏။ဣတိ။ဤသို့၊နဇာနန္တိ၊မသိကုန်၊ဧတေဓမ္မာ
ဤကိုယ်ကိုရစ်လွှမ်းသောအရေအမွေးတို့သည်။အညမညံ အချင်းချင်း။
အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်း
ကြကုန်၏။ဣတိ၊ဤသို့။လောမာနာမ၊အမွေးတို့မည်သည်ကား။ ဣမသ္မိံ
သရီရေ၊ဤကိုယ်၌။ပါဋိယေက္ကော၊အသီးအခြားသော၊ကောဋ္ဌာသော အ
ရတည်း။အစေတနော။စိတ်စေတနာလည်းမရှိ အဗျာကတော၊အဗျာက
တတရားတည်း။ သုညော၊အတ္တမှဆိတ်၏ နိဿတ္တော၊သတ္တဝါလည်းမ

ဟုတ်။ထဒ္ဓေါ။ခက်မာ၏။ပထဝီဓာတု။ပထဝီဓာတ်တည်း။ ။ဤသို့အဒ္ဓ
ကထာတို့၌လာသောနည်းဖြင့်။လောမဟူသောကောဋ္ဌာသကိုဓာတုမန
သိကာရအားဖြင့်လည်းပွါးများသုံးသင်ရာသည်။ ။နခါဟူသောကော
ဋ္ဌာသသည်။ အသင်အားဖြင့် ဖြူသောအသင်း။ ငါးကြင်းနှင့် တူသော
သဏ္ဌာန်ရှိလျက်။ ကိုယ်၏အောက်အထက်အဘို့တို့နိုက်ရောက်၍လက်
ချောင်းခြေချောင်းတို့၏အဖျားနိုက်တည်သောအားဖြင့်။လက်ချောင်းခြေ
ချောင်းတို့၏အသားတို့ဖြင့်ပိုင်းခြားအပ်သည်ဖြစ်၍ တည်လျက်အသင်း
သဏ္ဌာန်အနှံ့အရပ်ဖြစ်ရာအားဖြင့်လည်း စက်ဆုတ်ရွံ ရှာဘွယ်ရှိသည်
သာဖြစ်သည်၊ဤသို့ပဋိကူလမနသိကာရအားဖြင့်ရှုသင်ခြင်ရာသည်။ ။
ဓာတုမနသိကာရအားဖြင့်ရှုသင်ခြင်ရာသည်ကား၊ ။နခါ။ခြေသည်း
လက်သည်းတို့သည်။အင်္ဂုလိနံ။ လက်ချောင်းခြေချောင်းတို့၏။ အဂ္ဂေသု။
အဖျားတို့၌။ဇာတာ။ဖြစ်ကုန်၏။တတ္ထ။ထိုသို့ဖြစ်ရာ၌။ကုမာရကော။သူ
ငယ်တို့သည်၊ဒဏ္ဍကေတိ။လှံဒါဏ်ငယ်တို့ဖြင့် မဓုကဋ္ဌိကေ။ သစ်မည်
စည်တို့ကို၊ဝိဇ္ဈိတွာ။ထိုး၍။ကီဠန္တော သု။ ကစားကုန်သည်ရှိသော်။ ဒဏ္ဍ
ကာ။လှံဒါဏ်ငယ်တို့သည်။အမှေသု။ငါတို့လှံဒါဏ်ငယ်တို့၌။ မဓုကဋ္ဌိ
ကာ။သစ်မည်စည်စေ့တို့ကို။ဌပိတာ၊ ထားအပ်ကုန်၏။ဣတိ။ ဤသို့။နဇာ
နန္တိ ယထာ။မသိကုန်သကဲ့သို့။ မဓုကဋ္ဌိကာပိ။ သစ်မည်စည်စေ့တို့က
လည်း။မယံ။ငါတို့သစ်မည်စည်တို့ကို။ဒဏ္ဍကေသု။ လှံဒါဏ်ဖျားတို့၌။ဌ
ပိတာ။ထားအပ်ကုန်၏။ဣတိ။ဤသို့။နဇာနန္တိ ယထာ။ မသိကုန်သကဲ့သို့။
ဧဝမေဝ။ဤအတူ၊အင်္ဂုလိယော။ လက်ချောင်းခြေချောင်းတို့သည်။ အမှာ
ကံ။ငါတို့လက်ချောင်းခြေချောင်းတို့၏၊ အဂ္ဂေသု။အဖျားတို့၌။ နခါ။ခြေ
သည်းလက်သည်းတို့သည်။ဇာတာ။ရောက်ကုန်၏၊ဣတိ။ဤသို့။နဇာနန္တိ။
မသိကုန်၊နခါပိ၊ခြေသည်းလက်သည်းတို့ကလည်း။မယံ။ငါတို့ခြေသည်း
လက်သည်းတို့သည် အင်္ဂုလိနံ။လက်ချောင်းခြေချောင်းတို့၏၊အဂ္ဂေသု၊အ
ဖျားတို့၌။ဇာတာ။ရောက်ကုန်၏။ဣတိ၊ဤသို့။နဇာနန္တိ။ မသိကုန်။ ဧတေ
ဓမ္မာ၊ ဤလက်ချောင်းခြေချောင်း လက်သည်းခြေသည်းတို့သည်။ အညမ
ညံ။အချင်းချင်း၊ အာဘောဂပစ္စဝေက္ခဏရဟိတာ။ နှလုံးသွင်းခြင်း ဆင်
ခြင်ခြင်းမှကင်းကုန်၏။ ဣတိ။ဤသို့။နခါနာမ။ လက်သည်းခြေသည်းတို့
မည်သည်ကား။ဣမသ္မိံ သရီရေ။ဤကိုယ်၌။ ပါဋိယေက္ကော။ အသီးအခြား
ခြားသော၊ကောဋ္ဌာသော၊အစုတည်း၊ လ၊ပထဝီဓာတု။ ပထဝီဓာတ်သာ

တည်း။ ။ဤသို့အဋ္ဌကထာတို့၌လာသောနည်းအားဖြင့်။ နခါဟူသော
ကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့်လည်းရှုဆင်ခြင်ရာသည်။ ။
ဒန္တာဟူသောကောဋ္ဌာသသည်။အဆင်းအါးဖြင့်ဖြူသောအဆင်းသဏ္ဌာန် ဒနှ
အားဖြင့် ရှေ့သွားလေးချောင်းတို့သည် မြေဂိုင်၌အစဉ်အတိုင်းစိုက်ထား
အပ်သောဖူးစေ့သဏ္ဌာန်ရှိကုန်၏။ ထိုလေးချောင်းသောသွားတို့၏နံပါး၌နှစ်
ဘက်၌။တခုသောအမြစ်တခုသောအဖွန်းရှိသည်ဖြစ်၍။မုလေးငုံသဏ္ဌာန်
ရှိ၏။ထိုသွားမှတပါးသောသွားတို့၌နှစ်ခုသောအမြစ်။ နှစ်ခုသောအဖွန်းရှိ
သည်ဖြစ်၍။လှည်းလည်သောသဏ္ဌာန်ရှိကုန်၏။ ထိုသွားမှနောင်၌သုံးခုသော
အမြစ်သုံးခုသောအဖွန်းရှိ၏။ ထိုသွားမှနောင်၌လေးခုသောအမြစ်လေးခု
သောအဖွန်းရှိ၏။ထိုဒန္တာဟူသောကောဋ္ဌာသတို့သည်။ကိုယ်၏အထက်
၌ဖြစ်သောအရပ်၌ဖြစ်၍။ အထက်မေးရိုးအောက်မေးရိုးနှစ်တို့၌တည်ကုန်
လျက်အဆင်းသဏ္ဌာန်အနံ့အရပ်ဖြစ်ရာအားဖြင့်လည်းစက်ဆုတ်ရွံရှာ
ဘွယ်ရှိသည်သာဖြစ်သည်။ဤသို့ဒန္တာဟူသော ကောဋ္ဌာသကိုပဋိကူလ
မနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်။ ။ဓာတုမနသိကာရအား
ဖြင့်ရှုဆင်ခြင်ရာသည်ကား။ ။ဒန္တာ။သွားတို့သည်၊ဟနုကဋ္ဌိကေသု၊
မေးရိုးတို့၌။ဇာတာ။ပေါက်ရောက်ကုန်၏။တတ္ထ။ထိုသို့ပေါက်ရောက်ရာ
၌။ဝဖုကိဟိ။လက်သမားတို့သည်။ပါသာဏဥဒုက္ခလကေသု။ ကျောက်
ဖြင့်ပြုအပ်သောဆုံငယ်တို့၌။ကေနစိဒေဝသိလေသဇာတေန။အမှတ်မရှိ
သောချေသစ်စေးသားရိုးအစရှိသော အစေးမျိုးဖြင့်။ဗန္ဓိတ္ဝာ။ ဘွဲ့သော
အားဖြင့်အစေ့အစပ်ပြု၍။ ဌပိတထမ္ဘေသု။ ထားအပ်သောတိုင်တို့၌။ ဥ
ဒုက္ခလာ၊ကျောက်ဆုံတို့သည်။အမှေသု။ငါတို့ကျောက်တို့၌။ထမ္ဘာ။တိုင်
တို့သည်။ဌိတာ။ တည်ကုန်၏။ဆုတိ။ဤသို့။နဇာနန္တိ ယထာ။ မသိကုန်သ
ကဲ့သို့။ထမ္ဘာပိ။တိုင်တို့ကလည်း။မယံ။ငါတို့တိုင်တို့သည်။ ဥဒုက္ခလေသု။
ကျောက်လုံးတို့၌ ဌိတာ။တည်ကုန်၏၊ဣတိ။ဤသို့။နဇာနန္တိ ယထာ။မသိ
ကုန်သကဲ့သို့။ဧဝမေဝ။ဤတတ္တု။ဟနုကဋ္ဌိနိ။မေးရိုးတို့သည်။အမှေသု။ငါ
တို့၌။ဒန္တာ။သွားတို့သည်။ဇာတာ။ရောက်ကုန်၏။ဣတိ။ဤသို့။ နဇာနန္တိ။
မသိကုန်။ဒန္တာပိ။သွားတို့ကလည်း။မယံ။ ငါတို့သွားတို့သည်။ ဟနုကဋ္ဌိ
သု။မေးရိုးတို့၌။ဇာတာ။ရောက်ကုန်၏။ ဣတိ။ဣသို့၊နဇာနန္တိ။ မသိကုန်
ဧတေခမ္မာ။ဤမေးရိုးသွားနှစ်ပါးတို့သည်။ အညမညံ၊အချင်းချင်း။ အာ
ဘောဂပစ္စဝေက္ခဏရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကုန်၏။

ရတိ။ဤသို့။ဒန္တာနာမ။သွားတို့မည်သည်ကား၊ရှမသို့ သရိယော။ဤကိုယ်၌။ပါဠိယော၊ကြော။အသီးအချားဖြစ်သော.ကောဋ္ဌာသော။အရုတည်း၊ လ။ ငထဝိခါတု။ပထဝီဓာတ်တည်း။ ။ဤသို့အဋ္ဌကထာတို့၌ လာသော နည်းအားဖြင့်။ဒန္တာဟူသောကောဋ္ဌာသကို ဓာတုမနသိကာရအားဖြင့် ပွါးများဆင်ခြင်အပ်သည်။ ။တစပဟူသောကောဋ္ဌာသသည်။ ကိုယ်အလုံးကိုရစ်လွှမ်း၍တည်သောအတွင်းရေတည်း။ထိုအတွင်းရေ၏အထက်၌မည်းသော-အဆင်းရှိသောအဆင်းဖြူသောအဆင်းရှိလျက်။ကိုယ်အလုံးမှပေါင်း၍ ယူသည်ရှိသော်။ ဆီးစေ့ခန့်မျှပမာဏသာရှိသည်။ တစပဟူသောအတွင်းရေသည်။အဆင်းအားဖြင့်ဖြူသော.အဆင်းရှိ၏။ ထိုဖြူသောအဆင်းရှိသည်။မီးလျှံထိပါးသောအခါ။ လက်နက်တို့ဖြင့်ထိပါးသောအခါထင်ရှားစွာသိသာသည်။ထိုတစသည်သဏ္ဌာန်အားဖြင့်ကား၊သာမညအားဖြင့်ကိုယ်သဏ္ဌာန်ရှိ၏။ဝိသေသအားဖြင့်ကား၊ ခြေချောင်းရေသည် ပိုးချည်ယူသောပိုးငယ်၏အိမ်သဏ္ဌာန်ရှိ၏။ဖမိုးရေသည်။ဖမိုးဖုံးရှိသော ဘိနပ်သဏ္ဌာန်ရှိ၏။ သလုံးခြင်းခေါင်းရေသည်။ ထမင်းထုပ်သော ထန်းရွက်သဏ္ဌာန်ရှိ၏။ပေါင်ရေသည်ဆန်ဖြင့်ပြည့်သောဆန်စလွယ်သဏ္ဌာန်ရှိ၏။ တင်သားရေသည်။ ရေဖြင့်ပြည့်သော ပုဝါရေစစ်သဏ္ဌာန်ရှိ၏။ ကျောက်ကုန်းရေသည်။ ပျဉ်ချပ်ကိုဖြေးရှက်သောသားရေသဏ္ဌာန်ရှိ၏။ ဝမ်းရေသည် စောင်းခွက်ကိုကြက်သောသားရေသဏ္ဌာန်ရှိ၏။ ရင်ရေသည်များသောအားဖြင့်လေးထောင့်သဏ္ဌာန်ရှိ၏။ လက်ရုံးရေသည် လဲဖြင့်သွင်းအပ်သောသားရေအိပ်သဏ္ဌာန်ရှိ၏၊ ဆောက်ဝန်းအိမ်သဏ္ဌာန်လည်းရှိ၏။ လက်ချောင်းရေသည် သံကောက်အိမ်သဏ္ဌာန်ရှိ၏၊ လည်ကုတ်ရေသည်ပင်တိုင်း၏လည်ကုတ်သဏ္ဌာန်ရှိ၏။မျက်နှာရေသည်။အရတ်ရတ်အတွင်းတွင်းရှိသောပိုးအိမ်သဏ္ဌာန်ရှိ၏။ ဦးခေါင်းရေသည်သပိတ်အိတ်သဏ္ဌာန်ရှိ၏။ ဤတစကောဋ္ဌာသကို သိမ်းဆည်းဆင်ခြင်လိုသောပုဂ္ဂိုလ်သည်၊ အထက်နှုတ်ခမ်းသားမှစ၍အထက်သို့ရှေးရှုညာဏ်ကိုလွှတ်၍ မျက်နှာကိုဖြေးရှက်၍တည်သောအရေကို သိမ်းဆည်းသောအားဖြင့်သုံးသပ်ရာ၏။ထိုနောင်မှနဖူးရေကိုသိမ်းဆည်းအပ်၏။ ထိုနောင်မှသပိတ်အိပ်နှင့်သပိတ်အကြားကိုသက်ကိုသွင်းလျှိုသကဲ့သို့။ ဦးခေါင်းရိုး၏ရင်း၊ဦးခေါင်းရေ၏ရင်းအကြား၌ညာဏ်ကိုသွားစေ၍။ဦးခေါင်းရိုးနှင့်ဦးခေါင်းရေကိုခွာရောမရှက်စေမူ၍၊ဦးခေါင်းရေကိုသာသိမ်းဆည်းသော

အားဖြင့်သုံးသင်ဆင်ခြင်အပ်သည်။ ထိုနောင်မှပခုံးရေလက်ျာလက်ဖုံး
ရေကို။အနုလောမပဋိလောမဆင်ခြင်၍။ လက်ဝဲလက်ရုံးရေကိုလည်းအ
နုလောမပဋိလောမဆင်ခြင်ရာ၏။ ထိုနောင်မှကျောက်ကုန်းရေကို သုံးသပ်
ဆင်ခြင်၍။အနုလောမပဋိလောမအားဖြင့် လက်ျာဘက်ခြေ၏အရေကို
ဆင်ခြင်ရာ၏၊ ထိုနောင်မှလက်ဝဲဘက်ခြေ၏အရေကို အနုလောမ ပဋိ
လောမဆင်ခြင်ရာ၏။ထိုနောင်မှရင်ရေရှေ့လည်ပင်းရေ အောက်မေးရေ
အောက်နှုတ်ခမ်းရေတိုင်အောင်သုံးသပ်၍မိမိဉာဏ်ကို သပိတ်အကြား
မှလက်ကိုထုတ်သကဲ့သို့ အောက်နှုတ်ခမ်းမှထုတ်အပ်၏။ ဤတစကော
ဋ္ဌာသသည်။ကိုယ်၏အောက်အထက်အတွင်း၌ဖြစ်၏။ တည်ရာအား
ဖြင့်ကိုယ်အလုံးကိုမြဲရှက်၍တည်၏။ဤတစကောဋ္ဌာသသည်။အဆင်း
အားဖြင့်ရင်း။သဏ္ဌာန်အားဖြင့်ရင်း။အနံ့အားဖြင့်ရင်း။ အရင်အားဖြင့်ရင်း။
အရာအားဖြင့်ရင်း။စက်ဆုတ်ရွံရှာဘွယ်ရှိသည်သာတည်း။ ။ဤသို့ပဋိ
ကူလမနသိကာရအားဖြင့်တစကောဋ္ဌာသကိုရှုဆင်ခြင်ရာသည်။ ။
ဓာတုမနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်ကား။ ။တစော။အတွင်း
ရေသည်၊သကလသရီရံ။ကိုယ်အလုံးကို။ပရိယောနန္ဓိတွာ။မြဲရှက်၍။
ဌိတော။တည်၏။တတ္ထ။ထိုသို့တည်ရာ၌။ အလ္လဂေါစမ္မံပရိယောနန္ဓာယ။
စိုသောနွားရေဖြင့်မြဲရှက်အပ်သော။ မဟာဝိဏာယ။စောင်းကြီး၌၊မ
ဟာဝိဏာ၊စောင်းကြီးက။ အဟံ။ငါ့စောင်းကြီးကို။ အလ္လဂေါစမ္မေန။စို
သောနွားရေသည်။ပရိယောနဒ္ဓာ၊မြဲရှက်အပ်၏ ဣတိ။ဤသို့၊ နဇာနာတိ
ယထာ။မသိသကဲ့သို့။အလ္လဂေါစမ္မံပိ။စိုသောနွားရေကလည်း။ မယာ။ငါ
စိုသောနွားရေသည်။မဟာဝိဏာ။စောင်းကြီးကို ပရိယောနဒ္ဓာ။မြဲရှက်
အပ်၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ဧဝမေဝ။ ဤအတူ။
သရီရံ၊ ကိုယ်က။အဟံ။ငါကိုယ်ကို။တစေန။အရေသည်။ ပရိယောနဒ္ဓံ။
မြဲရှက်အပ်၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။တစောပိ။အရေကလည်း၊
မယာ။ငါအရေသည်။သရီရံ။ကိုယ်ကို။ပရိယောနဒ္ဓံ။ မြဲရှက်အပ်၏။ဣ
တိ။ဤသို့။နဇာနာတိ၊မသိ၊ဧတေဓမ္မာ။ ထိုကိုယ်တည်းဟူသောဒြပ်။ အ
ရေတည်းဟူသောကောဋ္ဌာသတရားတို့သည်၊ အညမညံ။ အချင်းချင်း။
အာဘောဂပစ္စဝေက္ခဏရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြ
ကုန်၏၊ဣတိ၊ဤသို့၊တစောနာမ။အရေမည်သည်ကား၊ ဣမသ္မိံ သရီရေ၊
ဤကိုယ်၌။ပါဋိယေက္ကော။ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော။ အရ

တည်း။လ။ပထဝိဓာသု။ပထဝိဓာတ်တည်း။ ။ဤသို့အဋ္ဌကထာတို့၌ပြဆိုသောနည်းအားဖြင့်တစပဟုသောကောဋ္ဌာသကို ဓာတုအားဖြင့်လည်းရှုဆင်ခြင်ရာသည်။ ။ဤတစပဉ္စကဋ္ဌပဋိကူလအားဖြင့် သုံးသပ်ဆင်ခြင်သောဉာဏ်သည်၊ဈာန်အဘိညာဏ်ကိုကျေးဇူးပြုသည်။ ဓာတ်အားဖြင့်ဆင်ခြင်သောဉာဏ်သည်။ မဂ်ဖိုလ်အားကျေးဇူးပြုသည်။ ထိုနှစ်ပါးတို့တွင်ပဋိကူလအားဖြင့်ပွါးများလေ့ရှိသောပုဂ္ဂိုလ်တို့သည်။ ကောသာဟုသောကောဋ္ဌာသ၌နီလကသိုဏ်းခြေသည်းလက်သည်းသွားတို့၌ ဩဒါတကသိုဏ်း။အချို့သောအရေတို့၌လောဟိတကသိုဏ်း။ အချို့သောအရေတို့၌ပီတကသိုဏ်းပြု၍ဈာန်အဘိညာဉ်ကိုဖြစ်စေနိုင်သည်။ ဓာတုအားဖြင့် ပွါးများမမေ့နေလေ့ရှိသောပုဂ္ဂိုလ်တို့သည်။ ဥပနိဿယနှင့်ပြည့်စုံ၍ဈာန်ခြေရင့်လတ်သည်ရှိသော်။ ဤတစပဉ္စကကမ္မဋ္ဌာန်းဖြင့်မင်းအရဟတ္တဖိုလ်ကိုမျက်မှောက်ပြုကြရကုန်သည်။ ကလျာဏမိတ္တကိုအမှီရ၍။သင်တုံးဖြင့်ဆံကိုချသည်၏အဆုံး၌။ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုကြရကုန်သောပုဂ္ဂိုလ်တို့သည်။ ဤတစပဉ္စကကမ္မဋ္ဌာန်းဖြင့်သာမျက်မှောက်ပြုကြရကုန်သည်။တပါးသောကမ္မဋ္ဌာန်းဖြင့်မျက်မှောက်ပြုကြရကုန်သည်မဟုတ်။ ထို့ကြောင့်ဝိနည်းမဟာဝါခန္ဓကအဘွင့်အဋ္ဌကထာ၌။ ။အထခွသအာဝုသောသုဒ္ဓဉပမာရေဟိသတိဥပဋ္ဌာပေဟိတိဝတွာ။စသည်ဖြင့်ဘွင့်ဆိုသည်။ ။အထခေါ စင်စစ်သော်ကား။အဿ။ထိုရှင်ရဟန်းပြုသောသူအား။အာဝုသော။ ဒိုရှင်လောင်းရဟန်းလောင်းဖြစ်သောအချင်းသူတော်ကောင်းသုဒ္ဓု။ကောင်းစွာ။ဥပဓာရေဟိ။ရှုစမ်းဆင်ခြင်လော။ သတိ။သတိကိုဥပဋ္ဌာပေဟိ။ ဖြစ်စေလော။ဣတိ။ဤသို့။ဝတွာ။ပြောဟော၍။တစပဉ္စကကမ္မဋ္ဌာန်း၊ တစပဉ္စကကမ္မဋ္ဌာန်းကို။ အာစိက္ခိတဗ္ဗံ။ကြားအပ်၏။အာစိက္ခန္တေန။ ပြောကြားသောဆံရိတ်သောဆရာကသည်။ဝဏ္ဏသဏ္ဌာနဂန္ဓာသယောကာသဝသေန။အဆင်းသဏ္ဌာန်အနံ့အရပ်တည်ရာ၏အစွမ်းဖြင့်။ အသုစိဇေဂုစ္ဆပဋိကူလဘာဝံ။ မစင်ကြယ်သည်၏အဖြစ်၊စက်ဆုပ်ဘွယ်ရှိသည်၏အဖြစ်။ရွံရှာဘွယ်ရှိသည်၏အဖြစ်ကိုပင်။နိဇ္ဇီဝနိဿတ္တဘာဝံဝါ။ သတ္တဇီဝမဟုတ်။ ဓာတု၏အဖြစ်ကိုပင်။ပါကဋံ။ထင်ရှားစွာ။ကရောန္တေန၊ပြုသောအားဖြင့်။အာစိက္ခိတဗ္ဗံ။ကြားအပ်၏။ဟိသဗ္ဗံ။မှန်၏၊ သော။ထိုရှင်လောင်းရဟန်းလောင်းဖြစ်သောသူသည်။ပုဗ္ဗေ။ရှေးရှေးသောဘဝကာလ၌။မန္ဒီတာသော်ပါရော။သုံးသပ်

အပ်ပြီးသောတေဘုမ္မကသင်္ခါရရှိသည်။ ဝါ။တေဘုမ္မကသင်္ခါရတရေး
ကိုလက္ခဏာရေးသို့တင်၍ဆင်ခြင်သုံးသပ်သောသူသည်။ သစေပေါ
တိ။အကယ်၍ဖြစ်အံ့။ဇေ‌ံ။ဤသို့ဖြစ်သည်ရှိသော်။ ယာဝိတဘာဝနော။ပွါး
စေအပ်ပြီးသောဘာဝနာရှိသည်။ဘုတွာ။ဖြစ်၍။ကာယကဝေဒါပေကျွော။
ဆျေးဖြင့်ပေါက်ခြင်းကိုငဲ့ခြင်းရှိသော၊ ပရိပက္ကဂဏ္ဍောဝိယ။မှည့်ပြီးသော
အိုင်အမာကဲ့သို့၎င်း၊သရိယုဂ္ဂမနာပေက္ခံ။နေတက်ခြင်းကိုငဲ့ခြင်းရှိသော။
ပဒိဿတပဒုမာဝိယာစ။ရင့်ပြီးသောပဒုမာကြာမုံကဲ့သို့၎င်း၊ပေါဘတိ။ဖြစ်
၏။အထတသ္မိံကာလေ။ထိုအခါ၌၊အဿ။ ထိုရှင်လောင်းရဟန်းလောင်း
အား။ကမ္မဋ္ဌာနမနသိကာရေ။ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်းကို။ အာရဗ္ဘမ
တ္တေ။အားထုတ်ခါချဖြစ်သည်ရှိသော်။ ဉာဏ်သန်း။မိုးကြိုးစက်သည်။ ပဗ္ဗ
တေ။တောင်တို့ကို၊ ဝဇ္ဇိုဘာသိဝိယ။မှုံမှုံညက်ညက်ပြုဘိသကဲ့သို့၊ ကိလေ
သပဗ္ဗတေ၊ကိလေသာတည်းဟူသောတောင်တို့ကို။ ဝုဏ္ဏိယမာနံယေဝ။
မှုံမှုံညက်ညက်ပြု၍သာလျှင်။ဉာဏံ။မဂ်ဉာဏ်သည်။ပဝတ္တတိ။ ဖြစ်၏။
ခရဂ္ဂဝေ။ သင်းတုန်းဖြင့်ဆံချသည်၏အဆုံး၌သာလျှင်။အရဟတ္တံ။
အရဟတ္တဖိုလ်သို့၊ပါပုဏာတိ။ရောက်၏၊ဟိသစ္စံ။မှန်၏၊ယေကေစိ။ ခပ်
သိမ်းသောသူတို့သည်။ ခုရဂ္ဂေ။ သင်တုန်းဖြင့်ဆံချသည်၏အဆုံးနိုက်။
အရဟတ္တံ။အရဟတ္တဖိုလ်သို့။ပတ္တာ။ရောက်ကြကုန်၏။သဗ္ဗေ။ ခပ်သိမ်း
ကုန်သော။တေ။ထိုရှင်လောင်းရဟန်းလောင်းတို့သည်။ဧဝရူပံ။ ဤသို့သ
ဘော်ရှိသော။ပဝန်း။ဘာဝပဋ္ဌကကမ္မဋ္ဌာန်းကိုကြားနာရခြင်းကို။လဘိတွာ။
ရ၍၊ကလျာဏမိတ္တေန။ ကလျာဏမိတ္တဖြစ်သော။အာစရိယေန။ ဆရာ
သည်။ဒိန္နနယံ၊ပေးအပ်သောနည်းကို။ နိဿာယ။မှီ၍။ပတ္တာ။ အရဟတ္တ
ဖိုလ်သို့ရောက်ကြကုန်၏။ အနိဿာယ။ ကလျာဏမိတ္တဖြစ်သောဆရာ
သည်ပေးအပ်သောနည်းကို အမှီမရဘဲ။နောပတ္တာ၊ အရဟတ္တဖိုလ်သို့မ
ရောက်ကြကုန်။ ။ဤသို့လွန်စွာအကျိုးရှိလေရကား။ရေမြေသော်၌နှင်း
ပြည့်ရှင်မင်းတို့သည်။ ဤတစပဥ္စက ကမ္မဋ္ဌာန်းတည်းဟူသော သုဒ္ဓါ
ဟုတ်ကိုအမြဲမပြတ်သုံးဆောင်တော်မူကုန်ရာသည်။ ငါ၏ဆံအမွေးခြေ
သည်းလက်သည်း။သွားအရေတို့သည်အသန်လျှင် ရှုဘွယ်ဘနန်းရှိလေ
စွဘကားဟူ၍၊အသောနိုသောမနသိကာရအားဖြင့်မပွါးစေမူ၍။ယောနိ
သောမနသိကာရဖြင့်သာပွါးများဆင်ခြင်ရာသည်။ အယောနိသော မန
သိကာရအားဖြင့်နှလုံးသွင်းမိသည်ရှိသော်။ အဝိဇ္ဇာတဏှာတို့သည် ပွါး

များလတ်၍ပဋိစ္စသမုပ္ပါဒ်တရားသည်ပွါးများရာသည်။ ဤသို့ပဋိစ္စသမုပ္ပါဒ်
တရားပွါးများသည်ရှိသော်။ လေ၏အဟုန်ဖြင့်လွင့်ပါး၍။ သမုဒ္ဒရာ၌ပျက်စီး
သောလှေသင်္ဘောကဲ့သို့၎င်း။ ဂင်္ဂါဝဲ၌ ကျသောနွားအပေါင်းတို့ ကဲ့သို့
၎င်း။ ယန္တရား၌ကအပ်သော။ နွားသားကဲ့သို့၎င်း။ ထိုထိုဘဝ၌ တပြောင်
လဲလဲကျရောက်လျက်။ သံသရာစက်မှ ထွက်နိုင်ခဲ့သည်။ ထိုကြောင့်မူလ
ပဏ္ဏာသသမ္မာသာဝသုတ်အဋ္ဌကထာ၌။ ။အယောနိသောမနသိကာ
ရောဟိဝဍ္ဍမာနော ဝဋ္ဋမေဝပူရေတိ စသည်ဖြင့်ဘွင့်ဆိုသည်။ ။ဟိသစ္စံ
မှန်၏။ အယောနိသော။ မသင့်သောအားဖြင့်။ မနသိကာရော။ နှလုံးသွင်း
ခြင်းကို။ ဝဍ္ဍမာနော။ ပွါးစေအပ်ရှိသော်။ အဝိဇ္ဇာ။ အဝိဇ္ဇာကို၎င်း။ ဘဝတ
ဏှာ။ ဘဝတဏှာကို၎င်း။ ဝဍ္ဎတိ။ ဤသို့။ ဝဋ္ဋဝဋ္ဋေ။ နှင့်ပါးသောတရားတို့ကို။ ပူ
ရေတိ။ ပြည့်စေ၏ အဝိဇ္ဇာယ။ အဝိဇ္ဇာသည်လည်း။ သတိ။ ရှိသော်။ အ
ဝိဇ္ဇာပစ္စယာ။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ။ ဖြစ်ကုန်
သော။ သင်္ခါရာ။ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ။ ဖြစ်ကုန်၏။ ဒုက္ခက္ခန္ဓ
ဿ။ ဆင်းရဲအစု၏။ သမုဒယော။ ဖြစ်ခြင်းသည်။ ဟောတိ။ ထင်ရှား၏။ ။
တဏှာယ။ တဏှာသည်။ သတိ။ ဖြစ်ခဲ့သည်ရှိသော်။ တဏှာပစ္စယာ။ တ
ဏှာတည်းဟူသောအကြောင်းကြောင့်။ သမ္ဘဝတိ။ ဖြစ်သော။ ဥပါဒါနံ။ ဥ
ပါဒါန်သည်။ သမ္ဘဝတိ။ ဖြစ်၏။ ဒုက္ခက္ခန္ဓဿ။ ဆင်းရဲအစု၏။ သမုဒယော။
ဖြစ်ခြင်းသည်။ ဟောတိ ထင်ရှား၏။ ဣတိ ဧဝံ။ ဤသို့။ အယောနိသော။ မ
သင့်သောအားဖြင့်။ မနသိကာရဗဟုလော။ နှလုံးသွင်းခြင်းများသော။ အယံ
ပုဂ္ဂလော။ ဤပုဂ္ဂိုလ်သည်။ ဝါတဝေဂါဘိဃာတေန။ လေ၏အဟုန်သည်
ပြင်းစွာခပ်ခြင်းကြောင့်။ ဝိပ္ပန္နနာဝါဝိယ။ ပျက်စီးသောလှေသင်္ဘောကဲ့သို့
၎င်း။ ဂင်္ဂါဝဋ္ဋေ။ ဂင်္ဂါအဝဲ၌ ပတိတဂေါကုလံဝိယ။ ကျရှုံးသောနွားအ
ပေါင်းကဲ့သို့၎င်း။ စက္ကယန္တေ။ စက်ယန္တရား၌။ ယုတ္တဗလိဗဒ္ဒေါဝိယ။ ကအပ်
သောနွားသားကဲ့သို့၎င်း။ ပုနပ္ပုနံ။ ဘထောက်ပတ်ပတ်။ ဘဝယောနိဂတိဝိ
ညာဏဋ္ဌိတိသတ္တာဝါသေသု။ ဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသ
တို့နှိုက်။ အာဝဋ္ဋပရိဝဋ္ဋံ။ ဘချာချာလည်ရခြင်းကို။ ကရောတိ။ ပြု၏။ ဤ
သို့အဋ္ဌကထာတို့နှိုက်လာသည်ဖြစ်၍။ ဤတပေပ္ပကကမ္မဋ္ဌာန်းကိုသံသ
ရာဝဋ်မှကင်းလွတ်ခြင်းငှါများစွာသုံးသပ်ဆင်ခြင်ရာသည်။ ။ကြပစ္စ
ကနှိုက်။ မံသဟူသောကောဋ္ဌာသသည်။ အရေအတွက်အားဖြင့် ကိုးရာ
ရှိ၏။ အဆင်းအားဖြင့်ပေါက်ပွင့်ကဲ့သို့။ နီသောအဆင်းရှိ၏။ သဏ္ဍာန်အား

ဖြင့်သလုံး မြင်းခေါင်းသားသည်။ ထမင်းထုပ် သဏ္ဍာန်ရှိ၏။ ပေါင်သား
သည်။ ထားသွေးကျောက်ငယ်သဏ္ဍာန်ရှိ၏။ တင်သားသည်ခုံလောက်
သဏ္ဍာန်ရှိ၏။ ကျောက်ကုန်းသားသည် ပျဉ်ပြားနှိုက်ကပ်၍ ဖှမ်းအပ်
သော၊ထန်းသီးမှည့်တင်လဲအပျဉ်သဏ္ဍာန်ရှိ၏။နံပါးနှစ်ဘက်သားသည်
အိမ်၏အတွင်းနှိုက်ပါးပါးလိမ်းကျံအပ်သောမြေ၏သဏ္ဍာန်ရှိ၏၊သမြတ်
သားသည်လုံး၍ မြေနှိုက်ပြစ်အပ်သော ၄ိုင် စိုင်သဏ္ဍာန်ရှိ၏။ လက်ရုံးသား
နှစ်ခုသည်။ ခုတ်ပြီးသောအရေရှိသောကြွက်ကြီးနှစ်ခုကိုထင်၍ ထား
သောသဏ္ဍာန်ရှိ၏၊အချပ်အားဖြင့်ကိုယ်၏အထက်အရင်အောက်အချပ်
၌ဖြစ်၍။ တည်ရာအားဖြင့်အလှန်နှင့်တကွ သုံးရာသောအရိုးတို့ကိုလိမ်း
ကျံ၏တည်ရာ၏၊ ဤမံသဟူသော ကောဋ္ဌာသကို အဆင်းအားဖြင့်၄င်း။
သဏ္ဍာန်အားဖြင့်၄င်း၊အနံ့အားဖြင့်၄င်း၊အရပ်အားဖြင့်၄င်း။ ဖြစ်ရာအား
ဖြင့်၄င်း။စက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍ပဋိကူလမနသိကာရအားဖြင့်သုံး
သပ်ဆင်ခြင်ရာသည်။ ။ဓာတုအားဖြင့်ဆင်ခြင်ရာသည်ကား။ ။မံသံ၊
အသားသည်။အဋ္ဌိသံဃာဋ္ဌံ၊အရိုးအပေါင်းကို။ အနုလိမ္ပိတွာ၊လိမ်းကျံ၍။
ဋ္ဌိတံ။တည်၏၊တတ္ထ၊ထိုသို့တည်ရာနှိုက်။မဟာမတ္တိကလိတ္တာယ။ဘုထဲ
ရွှံသောမြေစိုင်တို့ဖြင့်လိမ်းကျံအပ်သော။ဘိတ္တိယာ။နံရံနှိုက်၊အပေ။ ငါ
နံရံကို။မဟာမတ္တိကာ သ၊များစွာသောမြေစိုင်ကလည်း၊မယာ။ ငါမြေစိုင်
ကြီးသည်။တိတ္တ။နံရံကို။လိတ္တာ။လိမ်းကျံအပ်၏။ ဣတိ၊ဤသို့၊နဇာနာတိ
ယထာ၊မသိသကဲ့သို့။ဧဝမေဝ။ဤအတူသာလျှင်။ အဋ္ဌိသံဃာဋ္ဌော၊အရိုး
အပေါင်းသည်။အဟံ။ငါအရိုးအပေါင်းကို။နဝပေသိသတဗျဉ္ဇနေန။ကိုး
ရာသောအသားတစ်အပြားရှိသော၊မံသေန၊အသားသည်။လိတ္တော လိမ်းကျံ
အပ်၏၊ဣတိ။ဤသို့။နဇာနာတိ။မသိ။မံသံပိ၊အသားကလည်း။မယာ၊ ငါ
အသားသည်။အဋ္ဌိသံဃာဋ္ဌော၊အရိုးအပေါင်းကို။လိတ္တော။ လိမ်းကျံအပ်
၏။ဣတိ၊ဤသို့၊နဇာနာတိ။မသိ၊ဧဝမေဝါ၊ဤအရိုးဟုဆိုအပ်သောကော
ဋ္ဌာသ၊အသားဟုဆိုအပ်သောကောဋ္ဌာသတရားတို့သည်၊ အညမညံ၊အ
ချင်းချင်း။အာဘောဂပစ္စဝေက္ခဏာရဟိတာ၊နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှ
ကင်းကြကုန်၏။ဣတိ။ဤသို့၊မံသံနာမ၊အသားမည်သည်ကား၊ဣမသ္မိံသ
ရီရေ၊ဤကိုယ်၌၊ပါဋိယေက္ကော၊အသီးအခြားဖြစ်သော၊ ကောဋ္ဌာသော၊
အစုတည်း၊အစေတနော၊ အမျက်ထွက်တတ် ဝမ်းမြောက်တတ်သော
စိတ်စေတနာလည်းမရှိ အဗျာကတော၊ကုသိုလ်အကုသိုလ်ဟူ၍လည်း

မဆိုအပ်။ သုံ့ညသ၊ အတ္တမှဆိတ်၏၊ နိသတ္တော၊ သတ္တဝါလည်းမဟုတ်၊ ထဒ္ဓေါ၊ ခက်မာ၏။ ပထဝီဓာတု။ ပထဝီဓါတ်တည်း။ ။ ဤသို့အဋ္ဌကထာတို့၌လာသောနည်းအားဖြင့်။ မံသဟူသော ကောဋ္ဌာသကို ဓာတုမနသိကာရအားဖြင့်သုံးသပ်ဆင်ခြင်ရာသည်။ ။ နှာရုဟူသောကောဋ္ဌာသသည်၊ အရေအတွက်အားဖြင့်ကိုးရာရှိ၏။ အဆင်းအားဖြင့်ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်အထူးထူးသောသဏ္ဌာန်ရှိ၏။ ထိုကြောင့်ထိုတွင်အထက်အဘို့ဖြစ်သော လည်ကုတ်လည်ပင်းမှစ၍။ ငါးရသောအကြောကြီးတို့သည် ရှေ့နံပါးသို့သက်ဆင်းကုန်၏။ ငါးရသောအကြောကြီးတို့သည်နောက်နံပါးသို့သက်ဆင်းကုန်၏။ ငါးရသောအကြောကြီးတို့သည်လက်ျာနံပါးသို့သက်ဆင်းကုန်၏။ ငါးရသောအကြောကြီးတို့သည်လက်ဝဲနံပါးသို့သက်ဆင်းကြကုန်၏၊ လက်ယာလက်မောင်းကိုမြှေးရှက်သောအကြောတို့သည်လည်း လက်ရုံး၏ရှေ့နံပါးဖြင့် ငါးရသောအကြောကြီးတို့သည် သက်ဆင်းကုန်၏။ လက်ရုံး၏နောက်နံပါးဖြင့် ငါးရသောအကြောကြီးတို့သည်ဆင်းသက်ကုန်၏။ ထိုအတူလက်ဝဲလက်ရုံးသို့လည်းဆင်းသက်ကုန်၏။ လက်ျာခြေကိုမြှေးရှက်သော အကြောတို့သည်လည်းလက်ျာခြေ၏ရှေ့နံပါးဖြင့်ငါးသွယ်။ နောက်နံပါးဖြင့်ငါးသွယ်ဆင်းသက်ကုန်၏။ ထိုအတူလက်ဝဲခြေကိုလည်းဆင်းသက်ကုန်၏။ ထိုအလုံးရုံသောအကြောကြီးတို့သည်ပဘိုင်းခတ္တာဂုံသဏ္ဌာန်ရှိကုန်၏။ ထိုအကြောကြီးတို့အောက်။ သိမ်မွေ့သောအကြောငယ်တို့သည် ချည်ကြိုးသဏ္ဌာန်ရှိကြကုန်၏၊ ထိုအောက်ငယ်သောအကြောတို့သည်။ ဆင်သမနွယ်သဏ္ဌာန်ရှိကြကုန်၏။ ထိုအောက်ငယ်သောအကြောတို့သည်စောင်းကြိုးညှို့သဏ္ဌာန်ရှိကြကုန်၏။ ထိုမှတပါးသောအကြောတို့သည်ဂုံရင်းသောချည်ပင်သဏ္ဌာန်ရှိကြကုန်၏။ လက်မိုးခြေမိုးတို့၌ဖွဲ့သောအကြောတို့သည်ငှက်ခြေသဏ္ဌာန်ရှိကြကုန်၏။ ဦးခေါင်း၌ဖွဲ့သော အကြောတို့သည်။ သူငယ်တို့၏ဦးခေါင်း၌စွပ်အပ်သောကွန်ရက်သဏ္ဌာန်ရှိ၏၊ ကျောကုန်းကိုဖွဲ့သောအကြောတို့သည် နေပူ၌ဖြန့်၍လှမ်းအပ်သောကွမ်းရွက်သဏ္ဌာန်ရှိကြကုန်၏။ ထိုမှကြွင်းကုန်သောအင်္ဂါကြီးငယ်သို့ရောက်သောအကြောတို့သည်ကိုယ်၌စွပ်အပ်သောကွန်ရက်သင်တိုင်းသဏ္ဌာန်ရှိကြကုန်၏။ အရပ်အားဖြင့်ကိုယ်၏အထက်အရပ် အောက်အရပ်၌ဖြစ်ကြကုန်၏။ တည်ရာအားဖြင့်ကိုယ်အလုံး၌အရိုးတို့ကိုဖွဲ့၍တည်ကုန်၏။ ဤ

အသုံးရုံသောအကြောတို့သည်လည်းအဆင်းအားဖြင့်၎င်း၊သဏ္ဌာန်အား
ဖြင့်၎င်း၊အနံ့အားဖြင့်၎င်း။အရပ်အားဖြင့်၎င်း။တည်ရာအားဖြင့်၎င်း။စက်
ဆုတ်ရွံရှာဘွယ်ရှိသည်သာဖြစ်သည်။ဤသို့နှာရုပ်ဟူသောကောဋ္ဌာသကို
ပဋိကူလမနသိကာရအားဖြင့်ရှုဆင်ခြင်အပ်သည်။ ။ဓာတုအားဖြင့်ရှု
ဆင်ခြင်အင်သည်ကား။ ။နှာရုပ်။အကြောတို့သည်။သရီရဗ္ဗန္တရေ။ကိုယ်
၏အတွင်း၌၊အမြိုက်။အရိုးတို့ကို။အာဗန္ဓမာနာ။ဖွဲ့ကုန်သည်ဖြစ်၍။ ဌိဘာ။
တည်ကုန်၏။တတ္ထ။ထိုသို့ဘည်ရာ၌။ဝလ္လိပိဟိ၊ကြိမ်နွယ်တို့ဖြင့်။ ဝိနဒ္ဓေ
သု။ဖွဲ့ချည်အပ်ကုန်သော။ကုဋ္ဋဒါရုသု၊နံရံသစ်သားတို့၌။ ကုဋ္ဋဒါရုနိ။နံရံ
သစ်သားဘို့သည်။မယံ၊ငါတို့နံရံသစ်သားတို့ကို၊ဝလ္လိပိဟိ။ ကြိမ်နွယ်တို့
သည်။ဝိနဒ္ဓါနိ။ဖွဲ့ရှက်အပ်ကုန်၏။ ဣတိ။ဤသို့။ နစာနန္တိ ယထာ။ မသိ
ကုန်သကဲ့သို့၊ဝလ္လိယောပိ။ကြိမ်နွယ်တို့ကသည်း၊ အမှေဟိ ငါတို့ကြိမ်
နွယ်ဘို့သည်။ကုဋ္ဋဒါရုနိ။နံရံသစ်သားတို့ကို။ဝိနဒ္ဓါနိ။ ဖွဲ့ရှက်အင်ကုန်
၏။ဣတိ။ဤသို့။နစာနန္တိ ယထာ။မသိကုန်သကဲ့သို့၊ဧဝမေဝ။ ဤအတူသာ
လျှင်။အမြိုက်။အရိုးတို့သည်။မယံ။ငါတို့အရိုးတို့ကို။ နှာရုဟိ၊ အကြောတို့
သည်၊အာဗန္ဓနာနိ။ဖွဲ့ချည်အပ်ကုန်၏၊ဣတိ။ဤသို့။နစာနန္တိ။ မသိကုန်။
နှာရုပိ၊အကြောတို့ကလည်း။အမှေဟိ။ ငါတို့အကြောတို့သည်။အမြိုက် အ
ရိုးတို့ကို။အာဗန္ဓနာနိ။ဖွဲ့ချည်အပ်ကုန်၏။ဣတိ၊ဤသို့။နစာနန္တိ။မသိကုန်၊
အာဘောဂပစ္စဝေက္ခဏာရဟိ
...

ပါးချိုးရင်းသောနှစ်ချောင်းသောဖနောင့်ရိုး။နှစ်ခုနှစ်ခုစီသောဖမျက်ရိုး။ နှစ်ခုသောမြင်းခေါင်းရိုး။တခုသောပုဆစ်ရိုး။တခုသောပေါင်ရိုး။ နှစ်ခုသောခါးရိုး။တဆယ့်နှစ်ခုသောကျောက်ဆစ်ရိုး။နှစ်ဆယ့်လေးချောင်းသောနံရိုး။တဆယ့်လေးချောင်းသောရင်ရိုး။တခုသောနှလုံးရိုး။ နှစ်ခုသောမျက်ရိုး။နှစ်ခုသောလက်ပျဉ်ရိုး။နှစ်ခုသောပေါင်ရိုး။နှစ်ခုနှစ်ခုသောလက်ဖြန့်ရိုး။ နှစ်ချောင်းသောလည်ရိုး။ နှစ်ခုသောမေးရိုး၊ တခုသောနှာခေါင်းရိုး။ နှစ်ခုသောမျက်မှောင်ရိုး။နှစ်ခုသောနားရိုး။တခုသောနဖူးရိုး။တခုသောထိပ်ရိုး။ ကိုးခုသောဦးခေါင်းရိုး။ဤသို့သောအပြားအားဖြင့် သုံးရာအတိုင်းအရှည်ရှိကုန်၏။ထိုသုံးရာသောအရိုးတို့သည် အသင်းအားဖြင့်ဖွေးဖွေးဖြူသောအသင်းရှိကုန်၏။သဏ္ဍာန်အားဖြင့်အထူးထူးသောသဏ္ဍာန်ရှိကုန်၏။ ခြေချောင်းအဖျားရိုးတို့သည်။ပေါင်းစေ့သဏ္ဍာန်ရှိကုန်၏။ ထိုအဖျားရိုးမှနောက်ဖြစ်သောအလယ်ခြေဆစ်ရိုးတို့သည်။ ပိန္နဲစေ့သဏ္ဍာန်ရှိကုန်၏။ အရင်းဖြစ်သောခြေဆစ်ရိုးတို့သည်ထက်စည်သဏ္ဍာန်ရှိကုန်၏။ ဖမိုးရိုးတို့သည်ထု၍ထားအပ်သော ခဍ္ဍာရိုး၏လျော်သဏ္ဍာန်ရှိကုန်၏။ ဖနောင့်ရိုးတို့သည်။တစေ့တည်းသောထန်းသီးစေ့သဏ္ဍာန်ရှိကုန်၏။ ဖမျက်ရိုးတို့သည် ကြိုးဖြင့်ရစ်ပတ်အပ်သော သူငယ်တို့ကစားသော ဂျင်လုံးဖုသဏ္ဍာန်ရှိကုန်၏။မြင်းခေါင်းရိုးတို့၏ဖမျက်ရိုးတို့နှိက်၊ တည်ရာအရပ်သည်အခွံခွါအပ်ပြီးသောသင်ပေါင်းပင်၏အညှောက်သဏ္ဍာန်ရှိ၏။ ငယ်သောမြင်းခေါင်းရိုးတို့သည်။သူငယ်တို့ကစားသော လေးကိုင်းသဏ္ဍာန်ရှိ၏။ ကြီးသောမြင်းခေါင်းရိုးတို့သည် ကျုံ့လှီသောမြွေ၏ ကျောက်ကုန်းသဏ္ဍာန်ရှိ၏။ပုဆစ်ရိုးသည်တဘက်မှပဲ့သောရေမြှုပ်ဒိုင်သဏ္ဍာန်ရှိ၏၊ မြင်းခေါင်းရိုး၏ ပုဆစ်ရိုးနှိက်ဝင်၍ တည်ရာသည်ကား အဖျားမထက်လှန်းသောနွားဦးချိုသဏ္ဍာန်ရှိ၏။ ပေါင်ရိုးသည်။ မကောင်းသာဖြင့်ရွေး သောပဲ့ခွပ်ရိုးပုဆိန်ရိုးသဏ္ဍာန်ရှိ၏ ထိုပေါင်ရိုး၏ ခါးရိုးနှိက်တည်ရာ ရပ်သည်၊ သူငယ်တို့ကစားသော။ ဂျင်လုံးဖု သဏ္ဍာန်ရှိ၏။ ထိုပေါင်ရိုးသည်ကပ်၍တည်ရာဖြစ်သောခါးရိုးအဖု၏တည်ရာအရင်သည်။ အဖျားကိုဖြတ်အပ်သောပုံးညက်သီးကြီးသဏ္ဍာန်ရှိ၏။နှစ်ခုသောခါးရိုးတို့သည် တစပ်ထည်း စပ်ကုန်သည်ဖြစ်၍ အိုးထိန်းသည်တို့ပြုလုပ်အပ်သော ချလောက်သဏ္ဍာန်ရှိ၏။အသီးအခြားသူ့မှုကား။ သိပ်ဂိုဋ္ဌပန်းဘဲတို့၏တူကိုချည်သော လွန်ကြီးသဏ္ဍာန်ရှိ၏။ အစွန်းနှိက်တည်သော။ တင်သားရိုး

သည်။ အောက်သို့စောက်ထိုးပြု၍ကိုင်ယူအပ်သော ဖြွေပါးပြင်းသဏ္ဍာန်ရှိ၏။ ခုနစ်ခု ခုနစ်ခုသောအရပ်တို့နှိုက်။ အရင်ရပ် အတွင်းတွင်းရှိ၏ ကျောက်ဆစ်ရိုးတို့သည် အတွင်း၌အဆင့်ဆင့်ရစ်၍ ထားအပ်သော်သလွဲပြားသဏ္ဍာန်ရှိ၏။အပမှချည်လုံး၍ရစ်၍ထားအပ်သောချည်သဏ္ဍာန်ရှိ၏။ ထိုအရိုးအရိုးတို့၏အကြားအကြား၌နှစ်ခုသုံးခုသော လွှသွားနှင့်တူကုန်သောအာရုံးရှိကုန်၏။နှစ်ဆဲ့လေးချောင်းသောနံရိုးတို့တွင် မပြည့်ရုံသောနံရိုးတို့သည်။ အနှောင့်အသွားမပြည့်ရုံသော သံလျက်သဏ္ဍာန်ရှိကုန်၏။ ပြည့်ရုံသောနံရိုးတို့သည်။ပြည့်ရုံသောအနှောင့်အသွားရှိသော သံလျက်သဏ္ဍာန်ရှိကုန်၏။ ဤအသုံးရုံသောနံရိုးတို့သည်ဖြူသော ကြက်၏ပျံအပ်သောအတောင်သဏ္ဍာန်ရှိကုန်၏။တဆဲ့လေးချောင်းသောရင်ရိုးတို့သည် သွေးမြေ့သော သံလျက်ချိုင့်သဏ္ဍာန်ရှိကုန်၏၊ နှလုံးရိုးသည် ယောင်းမဖျားသဏ္ဍာန်ရှိ၏။ ညှပ်ရိုးတို့သည်ငယ်သော သံဖြင့်ပြီးသော ပဲခွပ်ရိုးသဏ္ဍာန်ရှိကုန်၏။ ။လက်ပျဉ်ရိုးတို့သည်။တဘက်မှပွန်း၍ကျကုန်ပြီးသောသိဟိုဠ်ပေါက်တူးသဏ္ဍာန်ရှိကုန်၏။ လက်မောင်းရိုးတို့သည်ကြေးမှံရိုးသဏ္ဍာန်ရှိကုန်၏။လက်ဖြန်ရိုးတို့သည်။ အစုံသောထန်းပင်ညှောက်သဏ္ဍာန်ရှိကုန်၏။လက်ကော်ဝတ်ရိုးတို့သည်။တခဲနက်ကပ်ငြိစေ၍ထားအင်သောခဲမပြား၏အရစ်အခွေသဏ္ဍာန်ရှိကုန်၏။ လက်ဖမိုးရိုးတို့သည် ထုအပ်ဖွပ်အပ်သောတွာရိုးအကြောစုသဏ္ဍာန်ရှိကုန်၏။ လက်ချောင်းရိုးတို့တွင်အရင်ဆုံးဖြစ်သော လက်ချောင်းဆစ်အရိုးတို့သည် ထက်စည်သဏ္ဍာန်ရှိကုန်၏။ အလယ်ဖြစ်သော လက်ချောင်းဆစ်အရိုးတို့သည်။မပြည့်ရုံသောပိန္နဲစေ့သဏ္ဍာန်ရှိကုန်၏။အဖျားဆုံးဖြစ်သော လက်ချောင်းဆစ်အရိုးတို့သည်ခပေါင်းစေ့သဏ္ဍာန်ရှိကုန်၏။ခုနင်ခုသောလည်ရိုးတို့သည် ဝှန်တန်ဖြင့်ထိုး၍ အစဉ်အတိုင်းအဝန်းအဝန်းလျှိုး၍ ထားအပ်သောဝါးညှောက်စိုင်သဏ္ဍာန်ရှိကုန်၏။ အောက်မေးရိုးတို့သည် ပန်းဘဲတို့၏။ တစည်းကဲ့သို့ကောက်ကော်ပြု၍ အလယ်တွင်အသွားကိုတဇပ်စေ၍တဖက်တစွန်းကိုကိုင်၍ဓါးအစရှိသည်ကိုချစ်သောတိုက်သေးပန်းဘဲတို့၏ကိုက်နှင့်တူ၏။ အထက်သွားတို့၏ တည်ရာအရိုးတို့သည်ကြံခွံကိုနွှေးသော ဓါးငယ်ကဲ့သို့။ကောက်သောသဏ္ဍာန်ရှိ၏။ မျက်စိတွင်းနှာခေါင်းတွင်းရိုးတို့သည်။လှတ်အပ်သောအစေ့အဆန်ရှိသောနုသောထန်းစေ့သဏ္ဍာန်ရှိကုန်၏။ နဖူးရိုးတို့သည်။မှောက်၍ထားအင်လော ခရုသင်း

ခွက်ပြု့သောအိုးကင်းသဏ္ဌာန်ရှိကုန်၏။ နားရွက်ရိုးတို့သည်ဆတ္တာသည်
တို့၏။သင်တုံးအိမ်သဏ္ဌာန်ရှိကုန်၏။ နဖူးနားရွက်တို့၏ အထက်၌ဦးရေစ်
သင်းကျစ်ဖွဲ့ရာအခရင်တွင်ရှိသော အရိုးသည် ကောင်းစွာ စေ့စပ်သော
ထေးပတ်တို့ဖြင့်ပြည့်၍လျှံ၍ကျသော ထေးပတ်ပြားထေးပတ်လွှာ အ
ပိုင်းသဏ္ဌာန်ရှိကုန်၏၊ထိပ်ရိုးတို့သည်။မျက်နှာဝကိုဖြတ်အင်သော ကော်
သောအုံးသီးမှုတ်သဏ္ဌာန်ရှိကုန်၏။ဦးခေါင်းခွံရိုးတို့သည်။ချည်ဖြင့်ချုပ်၍
ထားအပ်သောပုံးတောင်းကွဲသဏ္ဌာန်ရှိကုန်၏။ ။အခရင်အားဖြင့်ကား
ကိုယ်၏။အောက်အခရပ်အထက်အရေ၌ ဖြစ်ကုန်၏။ တည်ရာအားဖြင့်
သာမညအားဖြင့်ကိုယ်အလုံး၌တည်၏။ဝိသေသအားဖြင့်ကားဦးခေါင်းရိုး
တို့သည်လည်ရိုး၌တည်ကုန်၏။ လည်ရိုးတို့သည် ကျောက်ဆစ်ရိုးတို့၌
တည်ကုန်၏။ကျောံဆစ်ရိုးတို့သည်ခါးရိုး၌တည်ကုန်၏။ ခါးရိုးတို့သည်
ပေါင်ရိုးတို့၌တည်ကုန်၏၊ပေါင်ရိုးတို့သည်ပုဆစ်ရိုးတို့၌တည်ကုန်၏။ပု
ဆစ်ရိုးတို့သည်။မြင်းခေါင်းရိုးတို့၌တည်ကုန်၏၊မြင်းခေါင်းရိုးတို့သည်ဖ
ဖမျက်ရိုးတို့၌တည်ကုန်၏။ဖမျက်ရိုးတို့သည်။ဖနောင့်ရိုးတို့၌တည်ကုန်၏။ ။ဤ
သုံးရာသောအရိုးတို့သည်။အဆင်းအားဖြင့်၎င်း။သဏ္ဌာန်အားဖြင့်၎င်း။အရပ်
အားဖြင့်၎င်းအခရင်အား၎င်း။တည်ရာအားဖြင့်၎င်း။ စက်ဆုတ်ရွံရှာဘွယ်
ရှိသည်သာတည်း။ဤသို့ပဋိကူလမနသိကာရအားဖြင့်။ အဋ္ဌိကဟူသော
ကောဋ္ဌာသကိုရှုဆင်ခြင်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်ရှုဆင်
ခြင်ရာသည်ကား။ ။အဋ္ဌိသု။အရိုးတို့တွင်၊ပဏှိကဋ္ဌိ။ဖနှောင့်ရိုးသည်။ဂေါပ္ဖ
ကဋ္ဌိ၊ဖမျက်ရိုးကို။ဥက္ခိပိတွာ။ ရွက်၍၊ဋ္ဌိတံ။တည်၏။ ဂေါပ္ဖကဋ္ဌိ၊ဖမျက်
ရိုးသည်။ဇင်္ဃဋ္ဌိ။မြင်းခေါင်းရိုးကို။ဥက္ခိပိတွာ။ ရွက်၍။ဋ္ဌိတံ။တည်၏။ဇင်္ဃဋ္ဌိ။
မြင်းခေါင်းရိုးသည်၊ဥရုဋ္ဌိ။ပေါင်ရိုးကို၊ဥက္ခိပိတွာ။ရွက်၍၊ဋ္ဌိတံ။တည်၏။
ဥရုဋ္ဌိ။ပေါင်ရိုးသည်။ ကဋိဋ္ဌိ။ခါးရိုးကို။ဥက္ခိပိတွာ။ရွက်၍။ဋ္ဌိတံ။တည်၏။
ကဋိဋ္ဌိ။ခါးရိုးသည်။ပိဋ္ဌိကဏ္ဋကံ။ကျောက်ဆစ်ရိုးကို၊ဥက္ခိပိတွာ။ရွက်၍၊ဋ္ဌိ
တံ၊တည်၏။ပိဋ္ဌိကဏ္ဋကော။ ကျောက်ဆစ်ရိုးသည်။ ဂီဝဋ္ဌိ။ လည်ရိုးကို။
ဥက္ခိပိတွာ၊ရွက်၍။ဋ္ဌိတံ။တည်၏။ဂီဝဋ္ဌိ။လည်ရိုးသည်။သီသဋ္ဌိ။ဦးခေါင်း
ရိုးကို၊ဥက္ခိပိတွာ။ရွက်၍။ဋ္ဌိတံ၊တည်၏။ ။သီသဋ္ဌိ၊ဦးခေါင်းရိုးသည်။
ဂီဝဋ္ဌိကေ၊လည်ရိုး၌။ပတိဋ္ဌိတံ။တည်၏။ဂီဝဋ္ဌိ၊လည်ရိုးသည်။ ပိဋ္ဌိကဏ္ဋ
ကေ။ ကျောက်ဆစ်ရိုး၌။ပတိဋ္ဌိတံ၊တည်၏။ပိဋ္ဌိကဏ္ဋကော။ ကျောက်ဆစ်
ရိုးသည်၊ကဋိဋ္ဌိမှိ၊ခါးရိုး၌၊ပတိဋ္ဌိတော။တည်၏။ကဋိဋ္ဌိ။ ခါးရိုးသည်။ဥရုဋ္ဌ

ကော။ပေါင်ရိုး၌။ပတင်မှတ်။တည်၏။ ဥရုမှ၊ပေါင်ရိုးသည်။ ဇယ်မှကော။မြင်း
ခေါင်းရိုး၌။ပတင်မှတ်။တည်၏။ဇယ်မှ၊မြင်းခေါင်းရိုးသည်။ဂေါပ္ဖကမှကော။
ဖမျက်ရိုး၌။ပတင်မှတ်။တည်၏။ဂေါပ္ဖကမှ။ဖမျက်ရိုးသည်၊ပဏှိကမှကော။
ဖနှောင့်ရိုး၌။ပတင်မှတ်။တည်၏။တဿ။ထိုအရိုးတို့တွင်။ဇာ ငှ ကဒါရုဂေါမ
ယာဒိသဒ္ဒယေသု။ အခြင်သစ်သားနွားချေးအစရှိသည်တို့၏ အပေါင်းတို့၌။
ဟေဋ္ဌိမာဟေဋ္ဌိမာ။အောက်အောက်၌ဖြစ်ကုန်သော။ အခြင်သစ်သားနွားချေးတို့
သည်။မယံ။ငါတို့အောက်အောက်၌တည်ကုန်သေါအခြင်သစ်သါးနွားချေးတို့သည်။
ဥပရိမေဥပရိမေ၊အထက်အထက်၌တည်ကုန်သောအခြင်သစ်သားနွားချေး
တို့ကို။ဥက္ခိပိတွာ။ချက်၍။မှတာ။တည်ရကုန်၏။ဣတိ။ဤသို့။နဇါနန္တိ ယ
ထာ။မသိကုန်သကဲ့သို့၊ ဥပရိမာဥပရိမာပိ။ အထက်အထက်၌ဖြစ်ကုန်
သောအခြင်သစ်သားနွားချေးတို့ကလည်း။ မယံ။ ငါတို့အထက်အထက်၌
တည်ကုန်သော အခြင်သစ်သားနွားချေးတို့သည်။ ဟေဋ္ဌိမေဟေဋ္ဌိမေသု။
အောက်အောက်၌ဖြစ်ကုန်သောအခြင်သစ်သားနွားချေးတို့၌။ ပတင်မှတာ။
တည်ကုန်၏။ဣတိ။ဤသို့။နဇာနန္တိ ယထာ။မသိကုန်သကဲ့သို့။ဧဝမေဝ။ဤ
အတူသာလျှင်။ပဏှိကမှ။ဖနှောင့်ရိုးသည်။အဟံ။ငါဖနှောင့်ရိုးသည်၊ဂေါပ္ဖ
ကမှ။ဖမျက်ရိုးကို ဥက္ခိပိတွာ။ချက်၍။မှတ်။တည်ရ၏။ ဣတိ။ဤသို့။နဇာ
နာတိ။မသိ။ဂေါပ္ဖကမှ။ဖမျက်ရိုးက၊ အဟံ၊ငါဖမျက်ရိုးသည်။ ဇယ်မှ။မြင်း
ခေါင်းရိုးကို။ဥက္ခိပိတွာ။ချက်၍။မှတ်။တည်ရ၏။ဣတိ။ဤသို့။ နဇာနာတိ။
မသိ။ဇယ်မှ။မြင်းခေါင်းရိုးက။အဟံ။ငါမြင်းခေါင်းရိုးသည်။ ဥရုမှံ။ ပေါင်
ရိုးကို။ဥက္ခိပိတွာ။ချက်၍။မှတ်။တည်ရ၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။ဥ
ရုမှ၊ပေါင်ရိုးက၊အဟံ။ ငါပေါင်ရိုးသည်။ ကဋိမှံ။ခါးရိုးကို၊ ဥက္ခိပိတွာ။
ချက်၍။မှတ်။တည်ရ၏။ဣတိ။ဤသို့၊နဇာနာတိ။မသိ။ကဋိမှ၊ခါးရိုးက။ အ
ဟံ။ငါခါးရိုးသည်၊ပိဋ္ဌိကဏ္ဍကံ။ကျောက်ဆစ်ရိုးကို။ဥက္ခိပိတွာ။ ချက်၍။
မှတ်။တည်ရ၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။ အဟံ၊ငါကျောက်ဆစ်ရိုး
သည်။ဂီဝမှံ၊လည်ရိုးကို။ဥက္ခိပိတွာ။ချက်၍။မှတ်။တည်ရ၏။ဣတိ။ဤသို့။
ပိဋ္ဌိကဏ္ဍကော။ကျောက်ဆစ်ရိုးက။နဇာနာတိ။မသိ။အဟံ။ ငါလည်ပင်း
ရိုးသည်။သီသမှံ။ဦးခေါင်းရိုးကို။ ဥက္ခိပိတွာ။ချက်၍။ မှတ်။ တည်ရ၏။ဣ
တိ။ဤသို့။ဂီဝမှ၊လည်ရိုးက။နဇာနာတိ။မသိ။အဟံ၊ ငါဦးခေါင်းရိုးသည်။
ဂီဝမှိ။လည်ရိုး၌။ပတင်မှတ်။တည်၏၊ဣတိ။ဤသို့။သီသမှ။ဦးခေါင်းရိုးက။
နဇာနာတိ။မသိ။အဟံ၊ငါလည်ရိုးသည်။ပိဋ္ဌိကဏ္ဍကေ။ ကျောက်ဆစ်ရိုး

၌။ပဝင်မြှတ်။တည်၏။ဣတိ။ဤသို့။ဂိဝဠ်။လည်ရိုးက။ နဇာနာတိ။ မသိ၊အ
ဟံ။ငါကျောက်သစ်ရိုးသည်။ကဋ္ဋမှ။ခါးရိုး၌။ပဝင်မြှတော၊ တည်၏။ဣ
တိ။ဤသို့။ပိဋ္ဌိကဏ္ဍကော။ကျောက်သစ်ရိုးက။ နဇာနာတိ၊မသိ။အဟံ။ငါ
ခါးရိုးသည်။ဥရုဋ္ဌိမှ။ပေါင်ရိုး၌၊ပဝင်မြှတ်။တည်၏။ဣတိ၊ဤသို့။ ကဋိဋ္ဌိ၊ခါး
ရိုးက။နဇာနာတိ။မသိ၊အဟံ။ငါပေါင်ရိုးသည်။ ဇင်္ဃဋ္ဌိမှ၊ မြင်းခေါင်းရိုး၌။
ပဝင်မြှတ်၊တည်၏၊ဣတိ။ဤသို့။ဥရုမှ။ပေါင်ရိုးက။နဇာနာတိ။မသိ၊အဟံ။
ငါမြင်းခေါင်းရိုးသည်။ဂေါပ္ဖကဋ္ဌိမှ။ဖမျက်ရိုး၌။ပဝင်မြှတ်။တည်၏။ ဣတိ။
ဤသို့။ဇင်္ဃဋ္ဌိ။မြင်းခေါင်းရိုးက။နဇာနာတိ။မသိ။အဟံ။ငါဖမျက်ရိုးသည်။
ပဏှိကဋ္ဌိမှ။ဖနှောင့်ရိုးက။ပဝင်မြှတ်၊ တည်၏။ဣတိ။ဤသို့။ ဂေါပ္ဖကဋ္ဌိ။ဖ
မျက်ရိုးက။နဇာနာတိ၊မသိ။ဧတေဓမ္မာ။ဤအောက်အရိုးအထက်အရိုးဟူ
ဆိုအပ်သေါကောဋ္ဌာသတရားတို့သည်၊အညမညံ။အချင်းချင်း။အာဘောဂ
ပစ္စဝေက္ခဏရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣ
တိ။ဤသို့။အဋ္ဌိနာမ။အရိုးမည်သည်ကား။ဣမသ္မိံ သရီရေ။ ဤကိုယ်၌။ပါ
ငိုယေကြော။အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အဖုတည်း။ အစေတ
နော။အမျက်ထွက်ခြင်းနှစ်သက်ခြင်းတည်းဟူသော စိတ်စေတနာမှကင်း
၏။အဗျာကတော။အဗျာကတတရားသာတည်း။ သုညော။အတ္တမှဆိတ်
၏။နိဿတ္တော။သတ္တဝါလည်းမဟုတ်၊ထဒ္ဓေါ၊ခက်မာ၏၊ပထဝီဓာတု။ပ
ထဝီဓာတ်သာတည်း။ ။ဣသင့်ပြဆိုအပ်သောနည်းဖြင့် အဋ္ဌိကဟူသော
မိဋ္ဌံ ကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်။ ။မိဥ္ဇဟူ
သောကောဋ္ဌာသသည် ။ထိုထိုအရိုးတို့၏အတွင်း၌တည်၏။ ထိုမိဥ္ဇဟူ
သောကောဋ္ဌာသသည်။ အဆင်းအားဖြင့်ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်
အားဖြင့်ကြီးကုန်ကြီး ကုန်သောအရိုးတို့၏အတွင်းနှိုက်တည်လျက်။ ဝါး
ကျည်တောက်၌ထည့်အပ်သော ပြုတ်ဖြောအပ်ပြီးသော ကြိမ်ညွန့်ကြီး
သဏ္ဌာန်ရှိ၏။ ငယ်ကုန်ငယ်ကုန်သောအရိုးတို့၏အတွင်း၌ တည်သော
ခြင်သီသည် ဝါးကျည်တောက်အဆစ်တို့၌ထည့်၍ပြုတ်ဖြောအပ်သော
ငယ်သောကြိမ်ညွန့်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် ကိုယ်၏အောက်အ
ရပ်အထက်အရပ်တို့၌ဖြစ်၏။ တည်ရာအားဖြင့်အရိုးတို့၏အတွင်းနှိုက်
တည်၏။ဤမိဥ္ဇဟူသောကောဋ္ဌာသကိုလည်း အဆင်းအနံ့ သဏ္ဌာန်အ
ရပ်တည်ရာအားဖြင့်လည်းစက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍ ရှုဆင်ခြင်ရာ
သည်။ ။ဓာတုမနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်ကား။ ။အဋ္ဌိ

မိဋ္ဌံ၊ ခြင်ဆီသည်၊တေသံတေသံအင္ဂြိန်။ထိုထိုအရိုးတို့၏။အဗ္ဘန္တရေ။အ
တွင်း၌ ဠိတံ။တည်၏။တတ္ထ။ထိုသို့တည်ရာ၌။ဝေဠုပဗ္ဗာဒိနံ။ ဝါးဆစ်အ
စရှိသည်တို့၏။အဗ္ဘန္တရေ၊အတွင်း၌။ ပက္ခိတ္တသိန္နဝတ္တဂ္ဂါဒိသု။ တည်အပ်
သောသိမ်မွေ့သော ကြိမ်ညွန့်အစရှိသည်တို့၌။ အမေ့သု။ ငါတို့ကျည်
တောက်တို့၌။ဝတ္တဂ္ဂါဒိနိ။ကြိမ်ညွန့်အစရှိသည်တို့ကို။ပက္ခိတ္တာနိ။ ထည့်
အပ်ကုန်၏။ဍုတိ။ဤသို့။ဝေဠုပဗ္ဗာဒိနိ။ဝါးဆစ်အစရှိသည်တို့သည်။နဇာ
နန္တိ။ယထာ။မသိကုန်သကဲ့သို့။မယံ။ ငါတို့ကြိမ်ညွန့်အစရှိသည်တို့သည်။
ဝေဠုပဗ္ဗာဒိသု။ဝါးဆစ်အစရှိသည်တို့၌။ဌိတာနိ။တည်ကုန်၏။ ဍုတိ။ဤ
သို့။ဝေတ္တဂ္ဂါဒိနိပိ။ကြိမ်ညွန့်အစရှိသည်တို့ကလည်း၊ နဇာနန္တိ။ယထာ။မ
သိကုန်သကဲ့သို့။ဧဝမေဝ။ဤအတူသာလျှင်။ အမှာကံ။ ငါတို့အရိုးတို့၏။
အဗ္ဘန္တရာ။အတွင်း၌။မိဋ္ဌံ၊ခြင်ဆီသည်။ဌိတံ။တည်၏။ဍုတိ။ဤသို့။အဋ္ဌိနိ။ အ
ရိုးတို့က။နဇာနန္တိ။မသိကုန်။ အဟံ။ငါခြင်ဆီသည်။ အဋ္ဌိနိ။ အရိုးတို့၏။
အဗ္ဘန္တရာ။အတွင်း၌။ဌိတံ။တည်၏။ဍုတိ။ဤသို့။မိဋ္ဌံပိ။ ခြင်ဆီကလည်း။ န
ဇာနာတိ။မသိ၊ဧတေဓမ္မာ။ဤအဋ္ဌိဟူသောကောဋ္ဌာသ။မိဋ္ဌံဟူသောကော
ဋ္ဌာသတရားတို့သည်။အညမညံ။အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏာရ
ဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကုန်၏။ ဍုတိ။ဤသို့။ အဋ္ဌိမိဋ္ဌံ
နာမ။ခြင်ဆီမည်သည်ကား။ဍုမသို့ သရိယေ။ဤကိုယ်၌။ ပါဋိယေက္ကော။
အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အဖုတည်း။လ။ပထဝီဓာတု။ပထ
ဝီဓာတ်တည်း။ ။ဤသို့လာသောနည်းဖြင့် မိဋ္ဌံဟူသောကောဋ္ဌာသကို
ဓာတုမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်။ ၊ဝက္ကဟူသော ဝက္ကံ
ကောဋ္ဌာသသည်။တခုသောအညှာဖြင့် ဖွဲ့အပ်သော နှစ်ခုသောအသား
စိုင်တို့တည်း။ ဤဝက္ကဟူသောကောဋ္ဌာသသည်။ အဆင်းအားဖြင့်ပင်
လယ် ကသစ်စေ့ အဆင်းနှင့်တူသော ဇဦးငယ်နီသော အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့်သူငယ်ကစားသော အရုံ့ဖွဲ့ချည်၍ထားအပ်သော ဂုင်
လုံးသဏ္ဌာန်ရှိ၏။တခုသောအညှာ၌သီးသောနှလုံးသေါသရက်သီးသဏ္ဌာန်
လည်းရှိ၏။အရပ်အားဖြင့်ကိုယ်၏အထက်အရပ်၌ဖြစ်၏။ တည်ရာအား
ဖြင့်ရေမျိုမှ ထွက်ခဲ့သောတခုသောအမြစ်ဖြင့် တစိလေသံသွား၍ နှစ်ဖြာ
ကွဲသောကြီးသော အညှာဖြင့် ဖွဲ့အင်သည်ဖြစ်၍ နှလုံးသားကိုစွဲလျက်
တည်၏။ ဤဝက္ကဟူသော ကောဋ္ဌာသကိုအဆင်းသဏ္ဌာန် အနံ့အရပ်
တည်ရာအားဖြင့် စက်ဆုပ်ရွံရှာဘွယ်ရှိ၏။ ဟူ၍ပဋိကူလမနသိကာရ

အားဖြင့်ပွါးများဆင်ခြင်အပ်သည်။ ။ဓာတုမနသိကာရအားဖြင့်ဆင်ခြင်ရာသည်ကား။ ။ဝက္ကံ။အညှို့သည်။ဂလဝါဠုကတော။ရေမျိုတွင်းမှ။နိက္ခန္တေန။ထွက်ခဲ့သော်။ဧကမူလေန။တခုသောအမြစ်ဖြင့်။ ထောက်။အတံငယ်၊ဝါ။တစ်လောက်။ဂန္တွာ။ သွားဦး၍။ဒွိဓာ။နှစ်ဖြာ။ဘိန္နေန။ ကွဲသော။ဝါ။ခွဲသော။တုလနှာရုနာ။ကြီးသောအကြောဖြင့်။ဝိနိဗဒ္ဓံ။ဖွဲ့အပ်သည်။ဟုတွား၊ဖြစ်၍။ဟဒယမံသံ။နှလုံးသားကို။ပရိက္ခိပိတွာ။ ဝန်းရံ၍။ဝါ။သွမ်းရိုး၍။ဌိတံ။ တည်၏။တဒ္ဒူ။ထိုသို့တည်ရာ၌။ဝက္ကူပနိဗဒ္ဓေ။ အညှာဖြင့်ဖွဲ့အပ်သော။ အမ္ဗဖလဒွယေ။သရက်သီးနှစ်လုံးပြွတ်၌။ဝက္ကံ။အညှာသည်။မယာ။ငါအညှာက၊အမ္ဗဖလဒွယံ။ သရက်သီးနှင်လုံးပြွတ်ကို၊ဥပနိဗဒ္ဓံ။ ဖွဲ့၍ထားအင်၏။ဣတိ။ဤသို့။နဇာနာတိယထာ။ မသိသကဲ့သို့။အမ္ဗဖလဒွယံပိ။သရက်သီးနှစ်လုံးပြွတ်ကသည်း။အဟံ။ ငါသရက်သီးနှစ်လုံးပြွတ်ကို။ဝက္ကေန။အညှာသည်။ဥပနိဗဒ္ဓံ။ ဖွဲ့၍ထားပေ၏။ဣတိ၊ဤသို့နဇာနာတိယထာ၊ မသိသကဲ့သို့။ဧဝမေဝ။ဤအတူ။ တူလနှာရု။ ရေမျိုမှလာသောအကြောကြီးသည်။ မယာ။ ငါအကြောကြီးသည်။ဝက္ကံ။ အညှို့ကို။ဥပနိဗဒ္ဓံ။ဖွဲ့အင်၏၊ဣတိ။ဤသို့။နဇာနာတိ။မသိ။ဝက္ကံပိ။ အညှို့ကလည်း။အဟံ ငါအညှို့ကို၊တုလနှာရုနာ။အကြောကြီးသည်၊ဥပနိဗဒ္ဓံ။ ဖွဲ့အပ်၏။ဣတိ။ဤသို့။ နဇာတိ၊မသိ၊ဧတေဓမ္မာ။ ထိုအကြောကြီးအညှို့တို့သည်။အညမညံ၊အချင်းချင်း၊ အာဘောဂပစ္စဝေက္ခဏရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းကင်းကြကုန်၏။ ဣတိ။ ဤသို့။ဝက္ကံနာမ။ အညှို့မည်သည်ကား။ဣမသ္မိံသရီရေ။ဤကိုယ်၌။ပါဋိယေက္ကာ။အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အဖို့တည်း၊လ။ပထဝီဓါတု ပထဝီဓါတ်တည်းဤသို့ပြဆိုအင်သောနည်းဖြင့်၊ဝက္ကံဟူသောကောဋ္ဌာသကို၊ဓာတုမနသိကာရအားဖြင့်ဆင်ခြင်သုံးသပ်ရာသည်။ ။ဤကာဝက္ကပဉ္စကနှင့်ပဋိကူလမနသိကာရအား ဖြင့်၎င်း။ဓာတုမနသိကာရအားဖြင့်၎င်း။ဆင်ခြင်သုံးသပ်ရာသောအစီအရင်တည်း။ ။ဤဝက္ကပဉ္စကကိုဆင်ခြင်သုံးသပ်လေ့ရှိသောပုဂ္ဂိုလ်တို့သည်။ နောက်နောက်သော ဘဝတို့၌။ ဈာန်ခြေရင့်လတ်သည်ရှိသော်။သဇီဝသဏ္ဍာန်၌ရှိသော အရိုးဒုကိုင်း။နိဇ္ဇီဝသဏ္ဍာန်၌ရှိသောအရိုးဒုကိုင်း။ ထိုထိုအရပ်၌ ပစ်လွှင့်အပ်သောတခုသောအရိုးကို၎င်း။တွေ့မြင်၍ပဋိကူလမနသိကာရဓာတုမနသိကာရအားဖြင့်၊ သုံးသပ်ဆင်ခြင်လျှင်။ စေတိယပဗ္ဗတတောင်၌နေလေ့ရှိသောမဟာတိဿ

မထေရ်ကဲ့သို့။ အရဟတ္တဖိုလ်ကိုမငြိုမငြင်မပင်မပန်းသောအကျင့်ဖြင့် လွယ်လင့်တကူမျက်မှောက်ပြုရာသည်။ စေတိယတောင်နှိုက်နေလေ့ရှိသောတိဿမထေရ်၏အကြောင်းကား။ မဟာတိဿမထေရ်သည်။ အနုရာဓမြို့ဆွမ်းအလို့ငှါဝင်လတ်သည်ရှိသော်။ အမျိုးချွေးမတဦးသည်။ မိမိခင်ပွန်းနှင့်ခိုက်ရန်ဖြစ်၍မိဘအိမ်သို့သွားမည်ကြံစည်အောက်မေ့သောအားဖြင့်အနုရာဓမြို့မှထွက်ခဲ့လေလျှင်။ မထေရ်နှင့်ရင်ဆိုင်ပက်ပင်တွေ့၍ ပြင်းစွာ ရယ်ခြင်းကိုပြု၏။ ထိုအခါ မဟာတိဿ မထေရ်သည်။ အကြောင်းအဘယ်သို့နည်းဟုမေ့၍ကြည့်လတ်သော်။ ထိုမာတုကာမ၏ သွားရိုးကိုမြင်လေရကား။ အသုဘသညာ။ ပဋိကူလသညာ။ ဓာတုသညာတို့ဖြင့်။ အဋ္ဌိကမ္မဋ္ဌာန်းလိုယူ၍သုံးသပ်ဆင်ခြင်၏။ ထိုအရပ်နှိုက်ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

။ထိုမာတုဂါမ၏ခင်ပွန်းယောကျ်ားသည်။ မာတုဂါမသို့ခရီးနောက်ထပ် လိုက်လတ်သည်ရှိသော်။ မဟာတိဿမထေရ်ကိုတွေ့၍ အရှင်ဘုရား အသို့နည်း။ မာတုဂါမတဦးကို တွေ့မြင်လိုက်ပါ၏လော။ ဤသို့ဒါယကာကမေးလျှောက်လျှင်။ ငါသည် မာတုဂါမဟူ၍၎င်း။ ယောကျ်ားဟူ၍၎င်း။ မသိမမှတ်မိ။ စင်စစ်သော်ကား။ တခုသောအရိုးစုသည်ခရီးမ၌သွားသည်ကိုငါမြင်လိုက်၏။ ဤသို့ မထေရ်ကပြောဆိုပြန်ကြား၏။ ဤဝတ္ထုကားဝိသုဒ္ဓိမဂ်သီလနိဒ္ဒေသ၌လာသည်။

။ဤဝတ္ထုပ္ပတ္တိက-ကမ္မဋ္ဌာန်းသည်။ လူရဟန်းတို့နှိုက်သာများစွာသောကျေးဇူးရှိသည်မဟုတ်။ တိရစ္ဆာန်တို့ပင်ဖြစ်သော်လည်း များစွာသောကျေးဇူးရှိသည်။ များသောအကျိုးစီးပွါးကိုရွက်ဆောင်တတ်သည် ရွက်ဆောင်ဘူးသည်ကား။ ကခြေသည်မတဦး၏ လက်မှ၄်မေ့လျော့၍ ဘိက္ခုနီမတို့၏အထံနှိုက် ကျန်ရစ်သောကျေးသားငယ်ကို သာမဏေမိမ္မတို့သည်။ ဗုဒ္ဓရက္ခိတဟူသောအမည်ကိုမှည့်၍လုပ်ကျွေးကြကုန်၏။ တနေ့ ရောက်လတ်သောအခါ။ ဘိက္ခုနီထေရီမတို့၏ အထံသို့ချဉ်းကပ်လာသောကျေးသားအား။ အဋ္ဌိက-ကမ္မဋ္ဌာန်းကို သင်အံ့ရွတ်ဘတ် သရဇ္ဈာယ်စေ၏။ ထိုကျေးသားလည်းဘိက္ခုနီထေရီမကသင်ပြတိုင်း။ အဋ္ဌိကအဋ္ဌိကဟူ၍မပြတ်သရဇ္ဈာယ်၏။ တနေ့ရောက်လတ်သောအခါနှိုက်။ တုရင်တိုင်ဖျားနှိုက်နားနေ၍နံက်အခါနေဇာကင်လှုံရာ။ သိန်းငှက်သည်။ ခြေတည်းဟူသောချိုင့်ဖြင့်သုတ်ယူသွားလတ်လေလျှင်။ သာမဏေမတို့သည်လိုက်၍။ အုဉ်တို့ဖြင့်ချောက်လှန့်သည်ရှိသော်။ သိန်းငှက်၏လက်မှ

လွတ်၍မထောင်မ၏ရှေ့နိုက်ထားပြီးသော်။ အချင်းဗုဒ္ဓရက္ခိတသင်သည်ရန်သူလက်သို့ရောက်သည်အခါ။အဘယ်သို့ကြံ၍အောင့်မေ့သနည်း။ ဤသို့မေးကြလျှင်။ အကျွန်ုပ်ကားအခြားကိုအောင့်မေ့ကြံစည်ခြင်းကိုမပြုတရသောအရိုးရသည်။တရသောအရိုးရကိုသူဆောင်၍သွားခဲ့ပြီ၊ အတိအရပ်နိုက်ဖရိုဖရဲကြဲပစ်လိမ့်နည်း။ ဤသို့ကြံ၍အောက်မေ့ပါသည့်။ ဤသို့ဗုဒ္ဓရက္ခိတကာဘိက္ခုနီမတို့အားပြန်ကြား၏။ ။ဤဝတ္ထုကား။သတိပဋ္ဌာန်သုတ်အဖွင့်နိုက်လာသည်။ ဤသို့လျှင်တိရစ္ဆာန်တိုင် ဖြစ်သော်လည်း။ဝက္ကပဉ္စကကိုဆင်ခြင်သုံးသင်၍။ပစ္စုပ္ပန်ဘဝနိုက်ပင်ချမ်းသာကိုခံရသည်။ ။ထိုကြောင့်။ ဤဝက္ကပဉ္စကကိုလည်းတစပဉ္စကနှင့်အတူပင်ဆင်ခြင်သုံးသပ်တော်မူအပ်သည်။ ။တစပဉ္စကကမ္မဋ္ဌာန်း။ဝက္ကပဉ္စကကမ္မဋ္ဌာန်းနှစ်ပါးဖြင့်အဋ္ဌိဘောကိုသုံးသပ်ဆင်ခြင်ရာ၌အုန်းသီးသရက်သီးစသည်တို့၏၊အခြင်းအရာကိုရှုလျက် ဘာဝနာဉာဏ်ကိုအားရှိအောင်ပြုရသည်။ ။ပြုရသည်ကား၊စိမ်းဦးသောအချိုသောအုန်းသီးအားကြီး၏။အပေါ်ရေသည်စိမ်းသောအဆင်း။နီသောအဆင်း၊ ရွှေသောအဆင်းစသောအားဖြင့်။အထူးထူးအပြားပြားရှိသကဲ့သို့။ ဤအဋ္ဌိဘော၏အပေါ်ရေသည်။ အဖြူအရွှေအနီစသောအားဖြင့်များသော အပြားရှိသည်၊အုန်းသီး၏အပေါ်ရေသည်။လက်သည်းခွံဖျားဖြင့်ပင်ချုပ်ချစ်သော်လည်းရွေ့ရှားသကဲ့သို့၊ အဋ္ဌိဘော၏ အပေါ်ရေသည်လည်း။ ရွေ့ရှားတတ်သည်။အုန်းသီး၌မှုတ်ကိုရစ်ပတ်၍တည်သောအရှက်ရှက် အတင်တင်သောအကြောမြှင်တို့ကဲ့သို့အဋ္ဌိဘော၌အရိုးရကိုဖြေးရှက်၍အရှက်ရှက်အဘင်တင်သောအကြောတို့သည်ရှိသည်။အုန်းသီး၌အကြောမြှင်တို့၏အကြား၌၊အသားတို့ကဲ့သို့အဋ္ဌိဘော၌လည်းအကြောတို့၏အကြား၌အသားတို့သည်တည်ကုန်သည်၊အုန်းသီး၌အကြောအသားတို့၏အတွင်း၌အုန်းမှုတ်အုန်းဆန်တို့သည်တည်ကုန်သကဲ့သို့အဋ္ဌိဘော၌လည်း၊ အသားအကြောတို့၏အတွင်း၌ အရိုးခြင်ဆီတို့သည်တည်ကုန်သည်။ အုန်းသီးသည် အညှာမှလွတ်ခဲ့သည်ရှိသော် အုန်းမှုတ်အကြောမြှင်တို့သည်ကြုံလှီခြင်းမရှိ။ အကြောတို့၏အကြား၌တည်သောအသားသည်သာလျှင်၊သွေ့ခြောက်ကြုံလှီခြင်းသို့ရောက်သည်၊ထိုအတူဤအဋ္ဌိဘောသည်။ထမင်းမွတ်သော်၎င်း။ရောဂါနှိပ်စက်သော်၎င်း။ အိုမင်းသော်၎င်း။ အရိုးအကြောတို့သည်ကြုံလှီခြင်းမရှိ။အကြောတို့၏အကြား၌တည်သောအသား

သည်သာလျှင်ကြုံလှီခြင်း။ ပိန်ချောက်ခြင်းသို့ရောက်ကုန်သည်။ ။ဤ
သို့အခုန်းသီးကို ပမာပြုသောအားဖြင့်။ စိတ္တာမယဉာဏ်ကိုရှေ့သွားပြု၍
ဘာဝနာဉာဏ်ကိုအတွေ့ဘောသို့တင်အပ်၏။ ။ပဗ္ဗါသပဋ္ဌကဉ္စဟာဒယ ဟာဒယ
ဟူသော ကောဋ္ဌာသသည် နှလုံးသားပင်တည်း။ ထိုနှလုံးသားသည် အ
ဆင်းအါးဖြင့်ပဒုမာကြာပတ်၏နေဘံအပြင်အဆင်းနှင့်တူသောဇဥ်းငယ်နီ
သောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်အပဖြစ်သောကြာပတ်ကိုပယ်ခွါ၍
ဦးစောက်ထားအပ်သောကြာပဒုမာကြာမုံသဏ္ဌာန်ရှိ၏။ အပ၌ကားပြေ
ပြင်၏။အတွင်း၌ကားသပွတ်ခါးသီး၏အတွင်းနှင့်တူ၏။ဉာဏ်ပညာကြီး
သောသူတို့အားဇဥ်းငယ်ပွင့်၏။ ပညာနည်းသောသူတို့အားပွင့်ခြင်းမရှိ
ငုံခြင်းသည်သာတည်း။ ထိုပဒုမာကြာမုံနှင့်တူသောနှလုံးသား၏အတွင်း
၌ပုံးညက်စေ့တည်ရာမျှလောက်သောတွင်းငယ်သည်ရှိ၏။ ထိုတွင်း၌တ
လက်ဆွမ်းမျှလောက်သော သွေးသည်တည်၏။ ထိုသွေးကိုမှီ၍ မနော
ဓာတ်မနောဝိညာဏ ဓါတ်တို့သည်ဖြင်ကုန်၏။ထိုသွေးသည်။ရာဂပြော
သောပုဂ္ဂိုလ်အား နီသောအဆင်းရှိ၏။ ဒေါသပြောသော ပုဂ္ဂိုလ်အား
မည်းသောအဆင်းရှိ၏။ မောဟပြောသောပုဂ္ဂိုလ်အား သားဆေးရေအ
ဆင်းနှင့်တူသောအဆင်းရှိ၏။ ဝိတက်ပြောသောပုဂ္ဂိုလ်အား ကုလားပဲ
ပြုတ်ရေအဆင်းနှင့်တူသောအဆင်းရှိ၏။ကုလားပဲရိုးအဆင်းနှင့်တူသော
အဆင်းလည်းရှိ၏။သဒ္ဓါပြောသောပုဂ္ဂိုလ်အါးမဟာလှေ ကားပွင့်အဆင်း
နှင့်တူသောရွှေသေ အဆင်းရှိ၏။ ပညာပြောသောပုဂ္ဂိုလ်အားကြည်လင်
၏။နောက်ကျုခြင်းမရှိ။ ဖြူသောအဆင်းလည်းရှိ၏။ အရင်အားဖြင့်ကား
ကိုယ်၏အထက်အရပ်၌ဖြစ်၏။တည်ရာအားဖြင့်ကား။ ကိုယ်၏အတွင်း
၌သမြတ်နှစ်ခုတို့၏အလယ်၌တည်၏။ ဤပဒယဟူသောကောဋ္ဌာသကို
အဆင်းသဏ္ဌာန် အနံ့အရင်တည်ရာ အားဖြင့်လည်း စက်ဆုတ်ရွံရှာ
ဘွယ်ရှိ၏။ဟူ၍ပဋိကူလမနသိကာရအားဖြင့်သုံးသပ်ဆင်ခြင်ရာသည်။ ။
ဓာတုမနသိကာရအားဖြင့်သုံးသင်ဆင်ခြင်ရာသည်ကား။ ။ဟာဒယံ။
နှလုံးသားသည်။ သရိရဗ္ဘန္တရေ။ကိုယ်၏အတွင်း၌။ဥရဋ္ဌိပဉ္စရမဇ္ဈေ။ ရင်
ချိုင့်ရိုး၏အလယ်ကို။နိဿာယ မှီ၍။ဌိတံ။တည်၏။ဝ ဏ္ဏ။ ထိုသို့တည်ရာ
နှင့်။ဧဝမ္ပိ။သန္ဓမာနိကပဋ္ဌရံ။ဆွေးမြည့်သောသံလျှင်ချိုင့်ကို။ နိဿာယ။
မှီ၍။ မံသပေ သိယာ။ သားတစ်ကို။ ဌပိတာယ။ ထားအပ် သည်ရှိ
သော်။ သန္ဓမာနိကပဋ္ဌရဗ္ဘန္တရံ။ သံလျှင်ချိုင့်၏ အတွင်းသည်။ မံ။ ငါ

သံလျှင်ချိုင့်၏ အတွင်းကို။ နိသာယ။ မှီ၍။ မံသပေသိ။ သားတစ်ကို။ ဌပိတာ။ ထားအပ်၏။ ဣတိ။ ဤသို့။ နဓာနာတိယထာ။ မသိမကဲ့သို့။ မံသပေသိပိ။ သားဘစ် ကလည်း။ အဟံ။ ငါသား တစ်သည်။ ဇိဏ္ဏသန္ဒ မာနိကပဋ္ဋရံ။ ဆွေးမြည့်သောသံလျှင်ချိုင့်ကို။ နိသာယ။ မှီ၍။ ဌိတာ။ တည်၏။ဣတိ။ဤသို့။နဓာနာတိယထာ။မသိသကဲ့သို့။ဧဝမေဝ။ ဤအတူ။ ဥရဋ္ဌိပဋ္ဋရဏ္ဍကာရံ။ရင်ချိုင့်ရိုး၏အတွင်းသည်။မံ။ ငါရင်ချိုင့်ရိုး၏အတွင်း ကို။နိသာယ။မှီ၍။ဟဒယံ။နှလုံးသားသည်။ ဌိတံ။တည်လာ၏။ ဣတိ။ဤ သို့။နဓာနာတိ။ မသိ။ဟဒယံပိ။ နှလုံးသားကလည်း။ အဟံ၊ငါနှလုံးသား သည်။ဥရဋ္ဌိကပဋ္ဋရံ။ရင်ချိုင့်ရိုးကို။ နိသာယ၊မှီ၍။ ဌိတံ။တည်၏။ ဣတိ။ ဤသို့။နဓာနာတိ၊မသိ။ဧတေဓမ္မာ။ထိုရင်ချိုင့်ရိုးနှလုံးသားတို့သည်။ အည မညံ၊အချင်းချင်း။အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင် ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ။ဤသို့။ပာဒယံနာမ။ နှလုံးသားမည်သည် ကား။ဣမသ္မိံသရီယေ။ဤကိုယ်နိုက်။ပါဋိယေက္ကော။ အသီးအခြားသော။ ကောဋ္ဌာသော။အဖုတည်း။ အစေတနော။ အချင်းချင်းကျေးဇူးတင်ခြင်း အပြစ်ဘင်ခြင်းစသောစိတ်စေတနာလည်းမရှိ။အဗျာကတော။ အဗျာက တတရားသာတည်း။သုညော၊အတ္တမှဆိတ်၏။နိသတ္တော။ သတ္တဝါလည်း မဟုတ်၊ထဒ္ဓေါ။ခက်မာ၏။ပထဝီဓာတု။ပထဝီဓာတ်တည်း၊ ။ဤသို့ပြ ဆိုအပ်သောနည်းကိုအစဉ်ရောက်၍ ဓာတုမနသိကာရအားဖြင့်လည်း
ယကန် အောက်မေ့သုံးသင်ရာသည်။ ။ယကနပုသောကောဋ္ဌာသသည်။အရုံ သောအသားလွှာတည်း။ထိုအသားလွှာသည်အဆင်းအားဖြင့် ဇဉ်းငယ် နီသောအဆင်းရှိ၏။ ဖြော့တော့သောသဘောရှိ၏။ နီလည်းမနီလွန်း။ကု မုဒ္ဒရာကြာပွင့်ချပ်၏ကျောက်ကုံးအဆင်းနှင့်တူသောအဆင်းရှိ၏။သဏ္ဍာန် အားဖြင့်အရင်းနိုက်တခု အဖျားနိုက်နှစ်ခုရှိသောပင်လယ်ကသစ်ရွက် သဏ္ဍာန်ရှိ၏။ထိုအသီးသည်ပညာနည်းသောသူတို့အား တခုတည်းသာ ရှိ၏၊ကြီးလည်းကြီး၏။ပညာရှိသောသူတို့အားနှစ်ခုသုံးခုရှိ၏။ ငယ်လည်း ငယ်၏။ ဒိသာခြင်အားဖြင့်ကားကိုယ်၏အထက်အရပ်၌ဖြစ်၏။ တည်ရာ အားဖြင့်ကားလက်ျာမြတ်နှစ်ခုတို့၏အတွင်း၌လက်ျာနံပါးကိုမှီ၍တည်၏။ ။ ဤအသည်းလွှာပုသော ကောဋ္ဌာသကို ပဋိကူလမနသိကာရအားဖြင့် လည်းဆင်ခြင်အပ်၏။ ။ဓာတုမနသိကာရအားဖြင့်ဆင်ခြင်ရာသည် ကား၊ ။ယကနံ။အသည်းသည်။အန္တော့သရီယေ။ ကိုယ်၏အတွင်း၌

ဒွိန္နံ့ထနာနံ။ သမြတ်နှစ်ရတို့၏၊ အဗ္ဘန္တရေ။ အတွင်းနိုက်။ ဒက္ခိဏပဿံ။ လက်ျာနံပါးကို။ နိဿာယ။ မှီ၍၊ ဌိတံ။ တည်၏။ တတ္ထ။ ထိုသို့တည်ရာ၌။ ဥက္ခလိကပါလပဿမှိ။ ဟင်းအိုး၏နံပါး၌။ ယမကမံသပိဏ္ဍော။ အစုံသော အမဲသားစိုင်သည်။ လဂ္ဂေ။ ကပ်ငြိသည်ရှိသော်။ ဥက္ခလိကပါလပဿ။ ဟင်းအိုး၏နံပါးသည်။ မယိ။ ငါဟင်းအိုး၏နံပါး၌။ ယမကမံသပိဏ္ဍော။ အစုံသောအမဲသားစိုင်သည်။ လဂ္ဂေါ။ ကပ်ငြိလာ၏၊ ဣတိ၊ ဤသို့၊ နစာနာတိ ယထာ။ မသိသကဲ့သို့။ ယမကမံသပိဏ္ဍောပိ။ အစုံသောအမဲသားစိုင်က လည်း။ အဟံ။ ငါအစုံသောအမဲသားစိုင်သည်။ ဥက္ခလိကပါလပဿေ။ ဟင်းအိုး၏နံပါး၌။ လဂ္ဂေါ။ ကပ်ငြိ၏။ ဣတိ။ ဤသို့။ နစာနာတိယထာ။ မသိ သကဲ့သို့။ ဧဝမေဝ။ ဤအတူသာလျှင်။ ထနာနံ။ သမြတ်နှစ်ရတို့၏။ အဗ္ဘန္တ ရေ။ အတွင်း၌။ ဒက္ခိဏပဿံ။ လက်ျာနံပါးသည်။ မံ၊ ငါလက်ျာနံပါးကို။ နိဿာယ။ မှီ၍။ ယကနံ။ အသည်းသွေးသည်။ ဌိတံ။ တည်လာ၏။ ဣတိ။ ဤ သို့။ နစာနာတိ။ မသိ။ ယကနံပိ။ အသည်းသွေးကလည်း။ အဟံ။ ငါအသည်း သွေးသည်။ ထနာနံ။ သမြတ်နှစ်ရတို့၏။ အဗ္ဘန္တရေ။ အတွင်းနိုက်။ ဒက္ခိဏ ပဿံ။ လက်ျာနံပါးကို၊ နိဿာယ။ မှီ၍။ ဌိတံ။ တည်၏။ ဣတိ။ ဤသို့။ နစာနာ တိ။ မသိ။ ဧတေဓမ္မာ။ ဤလက်ျာနံပါးအသည်းသွေးတရားတို့သည်။ အည မညံ။ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ။ နှလုံးသွင်းခြင်းဆင် ခြင်ခြင်းမှကင်းကြကုန်၏။ ဣတိ။ ဤသို့။ ယကနံနာမ။ အသည်းသွေးမည် သည်ကား။ ဣမသ္မိံသရီရေ။ ဤကိုယ်၌။ ပါဋိယေက္ကော။ အသီးအခြားဖြစ် သော။ ကောဋ္ဌာသော။ အဖို့တည်း။ လ။ ပထဝီဓာတု။ ပထဝီဓါတ်တည်း။ ။

ဤသို့ပြဆိုအပ်သောနည်းဖြင့်ယကနဟူသောကောဋ္ဌာသကို။ ဓာတုမန သိကာရအားဖြင့်ရှုဆင်ခြင်ရာသည်။ ။ကိလောမကဟူသောကောဋ္ဌာ သည်။ ပဋိစ္ဆန္နကိလောမက။ အပဋိစ္ဆန္နကိလောမကအားဖြင့် နှစ်ပါးအ ပြားရှိ၏။ ထိုနှစ်ပါးသောကိလောမကသည်။ အဆင်းအားဖြင့်ဘွဲ့ဖြူပုဆိုး နွမ်းအဆင်းနှင့်တူသော ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် မိမိ၏ တည်ရာအရပ်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့် ဖုံးလွှမ်းသောအမြှေးသည် ကိုယ်၏အထက်အရပ်၌ဖြစ်၏။ မဖုံးလွှမ်းသော အမြှေးသည် ကိုယ်၏ အောက်အရပ်အထက်အရပ်တို့၌ဖြစ်၏။ တည်ရာအားဖြင့်ဖုံးလွှမ်းသော အမြှေးသည်။ နှလုံးသားအညှို့တို့ကိုလွှမ်းမိုး၍တည်၏။ မဖုံးလွှမ်းသောအ မြှေးသည်ကိုယ်အလုံး၌အရေ၏အောက်က အသားကိုမြှေးရှက်၍တည်

၏။ ။ဤအမြွေးဟူသောကောဋ္ဌာသကိုလည်း။ ပဋိကူလမနသိကာရ
အားဖြင့်သုံးသပ်ဆင်ခြင်ရာသည်။ ။ဓါတုမနသိကာရအားဖြင့်သုံးသပ်
ဆင်ခြင်ရာသည်ကား။ ။ကိလောမကေသု။အမြွေးတို့တွင်၊ ပဋိစ္ဆန္နကိ
လောမကံ။ဖုံးလွှမ်းသောအမြွေးသည်။ဟဒယဉ္စ။နှလုံးသါးကို၎င်း။ဝက္ကဉ္စ။
အညှိကို၎င်း။ပရိဝါရေတွာ။ခြံရံ၍။ ဌိတံ။တည်၏။ အပဋိစ္ဆန္နကိလောမ
ကံ။မဖုံးလွှမ်းသောအမြွေးသည်။သကလသရီရေ။ကိုယ်အလုံး၌၊စမ္မဿ။
အရေ၏၊ဟေဋ္ဌတော။အောက်အဖို့၌။မံသံ။ အသားကို။ ပရိယောနန္ဓိတွာ။
မြွေးရှက်၍၊ဌိတံ။တည်၏။ တတ္ထ။ ထိုတည်ရာ၌။ မံသေ။အမဲသားကို။ပိ
လောတိကပလိဝေဌိတေ။ပုဆိုးနွမ်းဖြင့်ထုပ်ပိုးရစ်ပတ်အပ်သည်ရှိသော်။
မံသံ၊အမဲသားသည်။အဟံ။ငါအမဲသားကို၊ပိလောတိကာယ၊ပုဆိုးနွမ်း
သည်။ပလိဝေဌိတံ၊ထုပ်ပိုးရစ်ပတ်အပ်၏။ ဣတိ။ ဤသို့။ နဇာနာတိယ
ထာ၊မသိသကဲ့သို့။ပိလောတိကာပိ၊ပုဆိုးနွမ်းကလည်း။ မယာ။ငါပုဆိုး
နွမ်းသည်။မံသံ။အမဲသားကို။ပလိဝေဌိတံ။ရစ်ပတ်ထုပ်ပိုးအပ်၏။ဣတိ။
ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ဧဝမေဝ၊ဤအတူ။ဝက္ကဟဒယာနိ
စ။အညှိ၊နှလုံးသားတို့သည်၎င်း။ သကလသရီရေ။ ကိုယ်အလုံး၌။မံသဉ္စ။
တည်သောအသားသည်၎င်း၊အဟံ။ငါအညှိ၊နှလုံးသါးကိုယ်အလုံး၌တည်
သောအသားကို။ကိလောမကေန ပဋိစ္ဆန္နအမြွေးအပဋိစ္ဆန္နအမြွေးသည်။
ပဋိစ္ဆန္နံ။ဖုံးလွှမ်းအပ်၏။ ဣတိ။ဤသို့။ နဇာနာတိ။ မသိ။ ကိလောမကံပိ။
ပဋိစ္ဆန္နအမြွေး အပဋိစ္ဆန္နအမြွေးကလည်း။မယာ။ငါပဋိစ္ဆန္န။ အပဋိစ္ဆန္န
အမြွေးသည်။ဝက္ကဟဒယာနိ။အညှိ၊နှလုံးသါးတို့ကို၎င်း။သကလသရီရေ။
ကိုယ်အလုံး၌၊မံသဉ္စ။ တည်သောအသားကို၎င်း။ပဋိစ္ဆန္နံ။ ဖုံးလွှမ်းအပ်၏။
ဣတိ။ဤသို့။ နဇာနာတိ။ မသိ။ဧတေဓမ္မာ။ ဤပဋိစ္ဆန္နအမြွေး။ အပဋိစ္ဆန္န
အမြွေးအညှိ၊နှလုံးကိုယ်အလုံးနှိုက်တည်သော အသားဟုဆိုအပ်သော
ကောဋ္ဌာသတရားအစုတို့သည်။ အညမညံ။အချင်းချင်း။ အာဘောဂပစ္စ
ဝေက္ခဏရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်း၎င်းကင်းကြကုန်၏။ ဣတိ။
ဤသို့။ကိလောမကံနာမ။အမြွေးမည်သည်ကား။ဣမသ္မိံသရီရေ။ဤကိုယ်
၌။ပါဋိယေက္ကော၊အသီးအခြားဖြစ်သော၊ကောဋ္ဌာသော။အစုတည်း။ လ။
ပထဝီဓာတု။ပထဝီဓာတ်တည်း။ ။ဤသို့အဋ္ဌကထာတို့နှိုက်ပြဆိုအပ်
သောနည်းဖြင့်အမြွေးဟူသော ကောဋ္ဌာသကိုဓါတုပါရအားဖြင့် ရှုဆင်
ခြင်ရာသည်။ ။ပိတ္တဟူသောကောဋ္ဌာသသည်ဝမ်း၏အထက်နံပါး၌

တည်သောလျှာ၏သဏ္ဍာန်ရှိသောအသားတည်း။ အစသင်၏တည်ရာ
အရမ၏အထက်နံပါး၌တည်သောဝန်းလျှားသောအသားလည်းဟူ၏။ ထိုပိ
ဟာကတည်းဟူသောအဖျဉ်းဟုဆိုအပ်သောကောဋ္ဌာသသည်။ ကြောင်
ပန်းပွင့်အဆင်းနှင့်တူသောညိုသောအဆင်းရှိ၏။ သဏ္ဍာန်အားဖြင့်လက်
ချစ်နသစ် အတိုင်းအရှည်ရှိသော အဖွဲ့မရှိသောနွားနက်ငယ်၏ လျှာ၏
သဏ္ဍာန်ရှိ၏၊ အရပ်အားဖြင့်ကိုယ်၏အထက်အရပ်နိုက်ဖြစ်၏။ တည်ရာ
အားဖြင့်နှလုံးသား၏လက်ဝဲနံပါးနိုက်အစသစ်၏တည်ရာအရမလွှာ၏၊ အ
ထက်နံပါးကိုမှီ၍တည်၏။ အကြင်အဖျဉ်းဟုဆိုအပ်သော ကောဋ္ဌာသ
သည်။ လက်နက်ခပ်မိထိုးမိသဖြင့် မိမိ၏တည်ရာမှပြင်ပသို့ထွက်သည်ရှိ
သော်သတ္တဝါတို့အားဖိဝိတ်ခြေချုပ်ခြင်းသို့ရောက်၏။ ထိုအဖျဉ်းကိုပိဟ
ကဟူ၍ဆိုသတည်း၊ ထိုအဖျဉ်းဟူသောကောဋ္ဌာသကို၊ အဆင်းအားဖြင့်
၎င်း။ သဏ္ဍာန်အားဖြင့်၎င်း။ အနံ့အားဖြင့်၎င်း။ အရပ်အားဖြင့်၎င်း။ တည်ရာ
အားဖြင့်၎င်း။ ပိုင်းခြားခြင်းအားဖြင့်၎င်း ငါးပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြား၍ ဆင်ခြင်ရာသည်။ ပဋိကူလမနသိကာရအား
ဖြင့်သုံးသပ်ဆင်ခြင်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်သုံးသပ်ဆင်
ခြင်ရာသည်ကား။ ပိဟကံ။ အဖျဉ်းသည်။ ဟဒယဿ။ နှလုံးသား၏။ ဝါမပ
ဿေ။ လက်ဝဲနံပါးနိုက်။ ဥဒယပဋလဿ။ ဝမ်းလွှာ၏။ မတ္ထကပဿံ။ အ
ထက်နံပါးကို။ နိဿာယ။ မှီ၍။ ဋ္ဌိတံ။ တည်၏။ တတ္ထ။ ထိုတည်ရာနိုက်။
ကောဋ္ဌမတ္ထကပဿံ။ စပါးကျီ၏အထက်ဖြစ်သောနံပါးကို။ နိဿာယ။
မှီ၍။ ဋ္ဌိတာယ။ တည်သော။ ဂေါမယပိဏ္ဍိကာယ။ နွားချေးစိုင်၏။ ကောဋ္ဌ
မတ္ထကပဿံ။ စပါးကျီ၏အထက်နံပါးသည်။ မံ။ ငါစပါးကျီ၏အ
ထက်နံပါးကို။ ဂေါမယပိဏ္ဍိ။ နွားချေးစိုင်သည်။ နိဿာယ။ မှီ၍။ ဋ္ဌိတာ။
တည်လာ၏။ ဣတိ။ ဤသို့။ နဇာနာတိယထာ။ မသိသကဲ့သို့၊ ဂေါမယပိဏ္ဍိ
ပိ။ နွားချေးစိုင်ကလည်း။ အဟံ။ ငါနွားချေးစိုင်သည်။ ကောဋ္ဌမတ္ထကပဿံ။
သ စပါးကျီ၏အထက်နံပါးကို။ နိဿာယ။ မှီ၍။ ဋ္ဌိတာ။ တည်လာ၏၊ ဣတိ။ ဤ
သို့။ နဇာနာတိယထာ။ မသိသကဲ့သို့။ ဧဝမေဝ။ ဤအတူ။ ဥဒရပဋလဿ၊
ဝမ်းလွှာ၏။ မတ္ထကပဿ။ အထက်နံပါးသည်။ မံ။ ငါဝမ်းလွှာ၏။ အထက်
နံပါးကို။ နိဿာယ မှီ၍။ ဋ္ဌိတံ၊ တည်လာ၏။ ဣတိ။ ဤသို့။ နဇာနာတိ။ မသိ။
ပိဟကံပိ။ အဖျဉ်းကလည်း။ အဟံ၊ ငါအဖျဉ်းသည်၊ ဥဒယပဋလဿ။ ဝမ်း
လွှာ၏။ မတ္ထကပဿံ။ အထက်နံပါးကို။ နိဿာယ။ မှီ၍။ ဋ္ဌိတံ။ တည်ရပေ
၏။ ဣတိ။ ဤသို့၊ နဇာနာတိ။ မသိ၊ ဧတေဓမ္မာ။ ဤဝမ်းလွှာ၏အထက်နံပါး

အခုပ်အဖျဉ်းဟုဆိုအပ်သေါတရားအဂုတ်ုသည်။အညမညံ။အချင်းချင်း။
အဘေါဂပဗ္ဗဝေကွ္ခာရယိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှ ကင်း
ကြကုန်၏။ ဣတိ။ဤသို့ပိဟကံနာမ၊အဖျဉ်းမည်သည်ကား။ ဣမသို့ံသ
ရိယေ။ဤကိုယ်၌။ပါဒိုယေဣ္ကော။အသီးအခြားဖြစ်သော။ ကောဋ္ဌာသော။
အရတည်း။လ။ပထဝီဓာတု။ပထဝီဓာတ်တည်း။ ။ဤသို့ပြဆိုအပ်သော
နည်းဖြင့်၊ပိဟကဟူသောကောဋ္ဌာသကိုသတ္တဗိဝမဟုတ်။ နိဗ္ဗာပါရသ
ပျှ ၁၀ ဘောအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။ပပ္ဖါသဟူသောကောဋ္ဌာသ
သည်။သုံးဆယ်နှစ်ပါးသောအသားအပိုင်းအခြားရှိသော တည်မြဲတိုင်း
သောအရာ၌တွဲရရွဲဆွဲ၍ အဘံယေယ်ျံသောအသားတည်း။ ထိုပပ္ဖါသ။
တည်းဟူသောအာဂုတ်ဟုဆိုအပ်သောကောဋ္ဌာသသည် အဆင်းအား
ဖြင့်မမျည်ွလွန်းသော ရေသဖန်းသီးအဆင်းနှင့်တူသောခဉ်းငယ်နီသော
အဆင်းရှိ၏။သဏ္ဍာန်အားဖြင့်မညီမညွတ်ပြက်အပ်သေါထူထသောမုန့်
ပိုင်းသဏ္ဍာန်ရှိ၏။အတွင်းနှိုက်စားအပ်သောအစာတို့၏မရှိသည်ရှိသော်
အထက်သို့တက်သေါကဋ္ဌဓတေဇောဓာတ်တည်းဟူသော အငွေ့သည်
နှိပ်စက်ထိပါးအပ်သည်၏အဖြစ်ကြောင့်။ ညှက်ရွာဝါးအင်သောကောံ
ရိုးဟွေးကောံရိုးဆိုင်ကဲ့သို့အခုသါဩဇါမှကင်း၏။အခုပ်အါးဖြင့်ကိုယ်
၏အထက်အခုပ်၌ဖြစ်၏။ တည်ရာအားဖြင့်ကို၏အတွင်းသမြတ်နှစ်ခုတို့
၏အလယ်၌ နှလုံးသားကိုုင်း၊ အသည်းကိုုင်း။ အထက်နှိုက်ဖုံးလွှမ်း၍
တွဲလျားကျလျက်တည်၏။ ။ဤအာဂုတ်ဟူသောကောဋ္ဌာသကိုအဆင်း
သဏ္ဍာန်အနံ့တည်ရာအားဖြင့် စက်ဆုတ်ရွံရှာဘွယ်ဟူ၍ ပဋိကူလမန
သိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။ဓါတုမနသိကာရအား
ဖြင့်ပွါးများဆင်ခြင်ရာသည်ကား။ ။ပပ္ဖါသံ။အာဂုတ်သည်။သဒိရပ္ဖိုနတ္တံ
ရေ။ကိုယ်၏အဘွင်း၌၊ဗြိုနိုးထနာနံ။သမြတ်အခု တို့၏။ အန္တရေ။ အလယ်
နှိုက်၊ဟဒယဉ္စ၊နှလုံးသားကိုဂုင်း။ယကနဉ္စ၊အသည်းကိုဂုင်း။ ပဥရိဘာဒေ
တွာ။သထက်နှိုက်ခုင်မိုး၍။ဩလမ္ဗန္တံ။ အောက်သို့တွဲလျားကျလျက်။ဗြွ
တံ။တည်၏။တတ္ထ။ထိုသို့တည်ရာနှိုက်။ဇိဏ္ဏကောဋ္ဌ ဘ တ္တံ ရေ။ဆွေးမြည့်
သောစပါးကျီ၏အဘွင်းနှိုက်။ သကုဏကုလာဝကော၊ စာပေါင်းသိုက်
အိမ်သည်။လမ္ဗမာနေ။ဆွဲသည်ရှိသော်။ဇိဏ္ဏကောဋ္ဌ ဘ တ္တံ ရံ။ ဆွေးမြည့်
သောစပါးကျီ၏အတွင်းသည်၊မယိ။ငါဆွေးမြည့်သော စပါးကျီ၏အ
တွင်းနှိုက်၊သကုဏကုလာဝကော။ငါပေါင်းသိုက်သည်၊ဩလမ္ဗမါနေသာ။

တွဲလျားကျသည်။ဟုတွာ။ဖြစ်၍။ဋ္ဌိတော။တည်လာ၏။ဋ္ဌတိ။ ဤသို့။နဇာ
နာတိယထာ။မသိသကဲ့သို့။သကုလာကုလါဝကောပိ၊စာပေါင်းသိုက်က
လည်း။အဟံ၊စာငါပေါင်းသိုက်သည်။ဖိဿာကောဋ္ဌဘ္ဘနွှရေ၊သွေးမြဲ့သော
စပါးကျီ၏အတွင်း၌။လမ္ဗမာနော။တွဲလျားကျလျက်။ဋ္ဌိတော။တည်ရပေ-
၏။ဋ္ဌတိ။ဤသို့။နဇါနာတိယထာ။မသိသကဲ့သို့။ငေမေဝ။ဤအဘူ။တံသရိ
ရဘ္ဘနွှရံ။ထိုကိုယ်၏အတွင်းသည်။မယိ။ငါကိုယ်၏အတွင်း၌။ပဗ္ဗါသံ။အ
ဆုတ်သည်။ဩသမ္ဗမာနံ။တွဲလျားကျသည်ဖြစ်၍။ဋ္ဌိတံ။တည်လာ၏။ဋ္ဌတိ။
ဤသို့။နဇာနာတိ။မသိ ပဗ္ဗါသံပိ။အဆုတ်ကလည်း။အဟံ။ငါအဆုတ်သည်၊
ဝေဂူပေ။ဤသို့သဘောရှိသော။သရိရဘ္ဘနွှရေ။ကိုယ်၏အတွင်း၌။လမ္ဗမာ
နံ။တွဲလျားကျသည်ဖြစ်၍။ဋ္ဌိတံ။တည်ရပေ၏။ဋ္ဌတိ။ ဤသို့။နဇါနာတိ။မသိ၊
ဧသောဓမ္မော။ဤကိုယ်၏အတွင်း၌ဖြစ်သောအရပ် အဆုတ်ဟုဆိုအပ်သော
ကောဋ္ဌာသတို့သည်။အညမညံ၊အချင်းချင်း၊ဒေါ်သောဂပ္ပဝေက္ခဏာရဟိ
တါ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဋ္ဌတိ။ဤသို့။ပဗ္ဗါသံနာ
မ။အာဆုတ်မည်သည်ကါ။ဋ္ဌမသ္မိ သရိယော။ဤကိုယ်၌။ပါဠိယေတ္တော။အ
သီးအခြားဖြစ်သော။ကောဋ္ဌာသော။အစုတည်း။ ။လႉပထဝီဓာတု။ပ
ထဝီဓာတ်သာတည်း။ဤသို့အဋ္ဌကထါတို့၌နှုက်ပြဆိုသောနည်းကိုအစဉ်
လျောက်လျက်။ ဤအဆုတ် ဟူသော ကောဋ္ဌာသကို နိဗ္ဗာ ဘာရသ
ဘောအားဖြင့်ပွါးများသုံးသင်ရာသည်။ ။ဤကာပဗ္ဗါသပဋ္ဌကနှုက်။
ပဋိကူလမနသိကာရအားဖြင့်၎င်း။ဓာတုမနသိကာရအားဖြင့်၎င်း။ ပွါးများ
ရာသည်ကိုပြဆိုရာစကားရပ်တည်း။ ။ဤပဗ္ဗါသပဋ္ဌကကိုသုံးသပ်
ဆင်ခြင်ပြီး၍၎င်း။ကြားနာပြီး၍၎င်း။ဤသို့ဆင်ခြင်ပြန်အပ်၏။ ။ဆင်ခြင်
ပြန်အပ်သည်သား။ ဤငါ၏အဿဘောနှုက်သမြတ်နှစ်ခုတို့၏ အကြား၌
ဦးခေါက်ထားအပ်သောပဒုမ္မာကြာမှုံနှင့်တူသော အသား၏အတွင်းနှုက်
ဉှုံးညက်စေ့ပမာဏာရှိသောတွင်းငယ်နှုက်တည်သော သွေးကိုမှီ၍ပဋ္ဌဓါ
ရဝဓ္ဓာန်းသမ္ဗရိသ္ဆိုန်းဒွေးဟု ဆိုအပ်သော မနောဓာတ်တို့သည်၎င်း။ အ
ကုသိုလ်စိတ်တဆဲ့နှစ်ခု။သန္တိရဏာစိတ်သုံးခု။ မနောဒွါရဝဓ္ဓာန်း။မဟာ
ကုသိုလ်စိတ်ရှစ်ခု။မဟာဝိပါက်စိတ်ရှစ်ခု။ဤသုံးဆယ့်နှစ်သောမနောဝိ
ညာဏာဓာတ်တို့သည်၎င်း။ ထိုစိတ်ဘို့နှင့်သမ္ပယုတ်ဖြစ်သော စိတ်စေတ
သိက်ဒွေပညာသဘို့သည်၎င်း။ဖြစ်ကုန်တည်ကုန်၏၊ဤမနောဓာတ်မနော
ဝိညာဏာဓာတ်ဟုဆိုအပ်သောနာမက္ခန္ဓာတို့သည် အာရုံအားလျော်စွာ

အသည့်အသည်ဖြစ်ကြကုန်၏။တပြိုင်နက်မဖြစ်ကုန်။ ထိုသို့တချွန်ရေစီ
ဖြစ်ရာ၌လည်းကြားမြင့်စွာမတည်ကုန်။ဥပါဒ်ဋ္ဌိဘင်ဟုဆိုအပ်သောခဏ
ငယ်သုံးချမျှသာတည်၍တည်၍ပျက်ကြကုန်၏။ ထိုကြောင့်သမြွတ်နှစ်ချ
တို့၏အကြားနှလုံးသားသို့ ရှေ့ရှုဝိပဿနာဉာဏ်ကို စေလွှတ်၍။ ဤနာ
မရူပ္ပတရားအစုကား ရှည်မြင့်စွာမတည်ဖြစ်ခြင်း ပျက်ခြင်းမစဲ မမြဲ
သောသဘောရှိ၏။ ဤသို့အနိစ္စလက္ခဏာရေးကို သုံးသပ်ဆင်ခြင်ရာ၏။
ဖြစ်ခြင်းရင့်ခြင်းပျက်ခြင်းသတ္တိတို့သည်မပြတ်နှိပ်စက်သည်ဖြစ်၍ ဆင်း
ရဲသော သဘောရှိသည်သာတည်း။ ဤသို့ဒုက္ခ လက္ခဏာရေးကိုလည်း
ဆင်ခြင်ရာ၏။ ဤသို့နာမရူပ္ပတို့သည်ဖြစ်ခြင်းပျက်ခြင်းရှိသည်ဖြစ်၍။
အစိုးမရအနှစ်သာရမရှိဟူ၍။ အနတ္တလက္ခဏာရေးကိုလည်းရှုဆင်ခြင်
ရာသည်။ဤသို့လက္ခဏာရေးကိုရှုဆင်ခြင်ပြီး၍။ ဤပုန်းညက်စေ့ပမာဏ
ရှိသောတွင်းငယ်၌တည်သောသွေးကိုမှီ၍ဖြစ်ကုန်သော နာမရူပ္ပလေး
ပါးတို့၏ပျာပါရပယောဂကိစ္စကိုလည်းရှုဆင်ခြင်အပ်၏။ ။ရှုဆင်ခြင်
အပ်သည်ကား။ ။သမြွတ်နှစ်ချတို့၏အကြား၌နှလုံးသွေးကိုမှီ၍ဖြစ်သော။
မနောဓာတ် မနောဝိညာဏဓာတ်ဟုဆိုအပ်သော နာမရူပ္ပတို့သည်။
အဘ္ဘောကိုရှေ့သို့တက်စေလိုသော်ရင်း။နောက်သို့ရုတ်စေလိုသော်ရင်း။
ဝါယောဓာတ်ကိုပြင်းစွာထုတ်၏။ ထိုသို့ထုတ်အပ်သော စိတ်သည် ပြု
အပ်သောဝါယောဓာတ်သည်။ ဤအဘ္ဘောဟုဆိုအပ်သောအရိုးဒုကို
ရှေ့သို့တက်ခြင်း နောက်သို့ရုတ်ခြင်း ဘီလာသွားခြင်း လက်ခြေတို့ကို
မြှောက်ခြင်းစသောအမူအရာကိုဖြစ်စေ၏။ ။ထိုကြောင့်သီလက္ခန္ဓဝဂ်။
သာမညဖလသုတ်အဋ္ဌကထာမူလပဏ္ဏာသသတိပဋ္ဌာန်သုတ်အဋ္ဌကထာ
တို့နှိုက်။ အဘိက္ကမာမိဘိစိတ္တေဥပ္ပဇ္ဇမာနေ။ စသည်ဖြင့်ဘွင့်ဆိုကြကုန်
သည်။ ။အဘိက္ကမာမိဘိ။ရှေ့သို့တက်အံ့ဟူ၍ စိတ္တေ ဥပ္ပဇ္ဇမာနေ။စိတ်
ဖြစ်သည်ရှိသော်။တေနေဝစိတ္တေန။ထိုစိတ်နှင့်သာလျှင်။သဒ္ဓိ။ တကွနက်။
စိတ္တသမုဋ္ဌာနာ။ စိတ်သည်ဖြစ်စေအပ်သော။ ဝါယောဓာတု။ဝါယော
ဓာတ်သည်။ဝိညတ္တိ။ ကာယဝိညတ်ကို။ ဇနယမာနာ။ ဖြစ်စေသည်။ဟု
တွာ။ဖြစ်၍။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဣတိ ဤသို့။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရ
ဝသေန စိတ်သည်ပြုအပ်သောဝါယောဓာတ်၏ပျံ့ခြင်း၏အစွမ်းဖြင့်။ ကာ
ယသမ္မတော။ ကိုယ်ဟူ၍ ခေါ်ဆိုသမိုက်အပ်သော။ အယံအဋ္ဌိသင်္ဃာ
တော။ဤအရိုးဒုသည်။ အဘိက္ကမတိ။ ရှေ့သို့တက်ရ၏။ ။ထိုမှတပါး

လည်း။ဤသမြတ်နှစ်ခုတို့၏အကြားဦ၌နှလုံးသား၏အတွင်း၌တည်သော မ
နောဓာတ်မနောဝိညာဏဓာတ်ဟုဆိုအပ်သော နာမက္ခန္ဓာတို့သည်ဖြင်း
ပွားသောဝါယောဓာတ်ကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေအပ်သော ဝါယော
ဓာတ်သည် အောက်ဖြစ်သောမျက်လွှာကိုအောက်သို့ချခြင်း။ အထက်
ဖြစ်သောမျက်လွှာကိုအထက်သို့မြှောက်ခြင်းကိုပြု၏၊ ထိုအခါသတ္တဝါ
တို့သည်။ထိုထိုလိုအပ်သောဝတ္ထုကိုကြည့်ရှုသည်မည်၏။ဤသို့ကြည့်
ရှုခြင်းသည်အချားသောတရားတို့၏ပယောဂမဟုတ်။ ဟာဒယဝတ္ထုကိုမှီ
သောမနောဓာတ် မနောဝိညာဏဓာတ်တို့ကလွှတ်လိုက်သော ဝါယော
ဓာတ်၏သတ္တိကိုပယောဂတည်း။ ဤအတ္တဘောမည်သည်တရူရှုကြည့်
တတ်တစောင်းကြည့်တတ်သော သဘောသတ္တိမရှိ။ အထက်မျက်လွှာ
အောက်မျက်လွှာကို ယန္တရားဖြင့်ဆွဲငင်တတ်သောသူလည်းမရှိ။ စိတ်
သည်ပြုအပ်သောဝါယောဓာတ်၏သတ္တိတည်းဟူ၍ရှုဆင်ခြင်ရာသည်။ ။
ထိုကြောင့်သာမညဖလသုတ်အဋ္ဌကထာမူလပဏ္ဏာသသတိပဋ္ဌာနသုတ်
အဘွင့်တို့၌။ ။အဗ္ဘန္တရေအတ္တာနာမအာလောကေတာဝိလောကေ
တာနာမနတ္ထိ၊အစရှိသည်ဖြင့်ဘွင့်ဆိုကြကုန်သည်။ ။အဗ္ဘန္တရေ၊ကိုယ်
၏အတွင်း၌။ အာလောကေတာ။ တရူရှုကြည့်စေတတ်သော။ ဝိလောကေ
တာ။တစောင်းကြည့်စေတတ်သော။အတ္တာနာမ။ ကိုယ်မည်သည်။နတ္ထိ။
မရှိ၊ပန။စင်စစ်သော်ကား။ အာလောကေဿာမိတိ။ ကြည့်တော့အံ့ဟူ
၍။စိတ္တေဥပ္ပန္နမာနေ။စိတ်ဖြစ်လာသည်ရှိသော်။တေနေဝစိတ္တေန။ ထိုစိတ်
နှင့်ပင်လျှင်။သဒ္ဓိံ။တကွနက်။စိတ္တသမုဋ္ဌာနာ။ စိတ်ကြောင့်ဖြစ်သော။ဝါ။
စိတ်ပြုပြင်လိုက်သော။ဝါယောဓာတု။ဝါယောဓာတ်သည်။ဝိညတ္တိံ၊ကာ
ယဝိညတ်ကို။ဇနယမာနာ။ဖြစ်စေသည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ ဣတိ။ဤ
သို့၊စိတ္တကြိယဝါယောဓာတုဝိပ္ဖာရဝသေနေဝ။စိတ်သည်ပြုအပ်သောဝါ
ယောဓာတ်၏ပျံ့နှံ့သည်၏အစွမ်းဖြင့်သာလျှင်။ဟေဋ္ဌိမံအက္ခိဒလံ။ အော်
မျက်လွှာကို။အဓောသီဒတိ။အောက်သို့ကျလေ၏။ဥပရိမံ။ အထက်ဖြစ်
သောမျက်လွှာကို။ဥဒ္ဓံလင်္ဃေတိ။ အထက်သို့ပင့်လိုက်၏။ ယန္တကေန။
စက်ယန္တရားဖြင့်။ဝိဝရန္တော။ မျက်စိကိုဘွင့်လှစ်တတ်သော။ကောစိနာ
မ။တစုံတယောက်သောသူမည်သည်။နတ္ထိ၊ မရှိ။ ။ထိုမှတပါးလည်း။
သမြတ်နှစ်ခုတို့၏အကြားနှလုံးသားကိုမှီသောမနောဓာတ် မနောဝိညာဏ
ဓာတ်ဟုဆိုအပ်သောနာမက္ခန္ဓာတို့သည်။ဤအတ္တဘောကိုကွေးခြင်းဆန့်

ခြင်းအမှုကိုဖြစ်စေလိုသည်ရှိသော်။ ဝါယောဓာတ်ကို ပြင်းစွာလွှတ်၍။
အစ္စွဘော၏ကွေးခြင်းဆန့်ခြင်းကိစ္စကိုဖြစ်စေ၏။ဤစိတ္တဇဝါယောဓါတ်
မှတပါး။ ဤအစ္စွဘော၏ကွေးခြင်းဆန့်ခြင်းကိုပြုတတ်သော တရုံတ
ယောက်သောသူမရှိ။စိတ္တဇဝါယောဓာတ်၏သတ္တိသာတည်း။ ။ထို
ကြောင့်ဤအဋ္ဌကထာတို့၌။ ။အဘ္ဘန္တရေအတ္တာနာမ။ ကောစိသ
မိဉ္ဇန္တောဝါစသည်ဖြင့်ဘုင့်ဆိုသည်။ ။အဘ္ဘန္တရေ ကိုယ်၏အတွင်း၌။
သမိဉ္ဇန္တောပါ။ကွေးစေတတ်သည်လည်းဖြစ်သော။ပသာရေန္တောဝါ။ဆန့်
စေတတ်သည်လည်းဖြစ်သော။ကောစိ၊တရုံတယောက်သော။အတ္တာနာ
မ။ကိုယ်မည်သည်။နတ္ထိ မရှိ။ပန။စင်စစ်သော်ကား။ ဝုတ္တပ္ပကာရစိတ္တကြိ
ယဝါယောဓာတုဝိပ္ဖါရေန။ ဆိုအပ်ပြီးသောအပြားရှိသော စိတ်သည်ပြု
အပ်သောဝါယောဓာတ်၏ပျံ့ခြင်းဖြင့်။သုတ္တာကဇုနဝသေန။ ကြိုးဖြင့်ငင်
သည်၏အစွမ်းဖြင့်။ဒါရုယန္တံသ။ သစ်သားရုပ်၏။ ဟတ္ထပါဒလဠနံဝိယ။
လက်ခြေ၏လှုပ်ရှားခြင်းကဲ့သို့။ သမိဉ္ဇနပသာရဏံ။ ကွေးခြင်းဆန့်ခြင်း
သည်၊ဟောတိ။ဖြစ်၏။ ။ထိုမှတပါးလည်း သမြက်နှစ်ခုတို့၏အကြား
ဦးစေ၍ထားအပ်သောပဒုံမာကြာမျှနှင့်တူသော ဟဒယဟုဆိုအပ်သော
ကောဋ္ဌာသကိုမှီ၍ဖြစ်သော မနောဓာတ် မနောဝိညာဏဓာတ်ဟုဆို
အပ်သောနာမက္ခန္ဓာတို့သည်။ မိမိတည်ရာအစ္စွဘော တည်းဟူသော
လှေ၏အတွင်းသို့ အစာအာဟာရတည်းဟူသောဝန်ကို သွတ်သွင်းလို
လတ်သည်ရှိသော်၊ထိုမနောဓာတ်မနောဝိညာဏဓာတ်တို့သည်ဝါယော
ဓာတ်ကိုသွတ်၏။ထိုသို့သွတ်အပ်သောဝါယောဓာတ်သည်။ လက်ဟုဆို
အပ်သောအင်္ဂါစိတ်ကိုထိခိုက်သည်ရှိသော်။ ထိုလက်သည်လှုပ်ရှား၏။
အောက်မေးကိုထိခိုက်သည်ရှိသော်ထိုအောက်မေးသည်လှုပ်ရှား၏။လျှာ
ကိုထိခိုက်သည်ရှိသော် ထိုလျှာသည်လှုပ်ရှား၏။ ဤသို့လက်၏လှုပ်ရှား
သောအားဖြင့်အလုပ်အလွေ့ကိုယူ၍ ခံတွင်းသို့ သွင်းခြင်းအောက်မေး၏။
လှုပ်ရှားခြင်းလျှာ၏အစာအာဟာရကိုပြန်သွန်ခြင်းကိစ္စတို့သည်ပြီးကုန်
၏။ ဤသို့ပြီးသည်ကိုပင်သတ္တဝါတို့သည်စားကုန်ခံကုန်သည်ဟူ၍ ခေါ်
ဝေါ်ကြကုန်သည်။စင်စစ်သော်ကား။စားတတ်ခံတတ်သောသူမရှိ၊ ဟဒ
ယဝတ္ထုကိုမှီသောမနောဓာတ် မနောဝိညာဏဓာတ်တို့မှဖြစ်သော ဝါ
ယောဓာတ်၏သတ္တိဖြင့်သာလက်လှုပ်ခြင်း မေးလှုပ်ခြင်းလျှာလှုပ်ခြင်းဖြစ်
ကုန်သည်။ ။ထိုကြောင့်သီလက္ခန္ဓဝဂ်သာမညဖလသုတ် အဋ္ဌကထာ

မူလပဏ္ဏာသသတိပဋ္ဌာနသုတ်အဘွင့်တို့၌။ ။အဇ္ဈတ္တရေ အဇ္ဈတ္တနာမ
ကောစိဘုဒ္ဓကောနတ္ထိ။အစရှိသည်ဖြင့်ဘွင့်ဆိုသည်၊ ။အဇ္ဈတ္တရေ။
ကိုယ်တွင်း၌။ဘုဒ္ဓကော။စားတတ်သော။ကောစိ။တရုံတခုသော။ အဇ္ဈတ္တ
နာမ။ကိုယ်မည်သည်။နတ္ထိ။မရှိ။လ။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရနေ
ဝ။မနောဒွါရ်မနောဝိညာဏဓာတ်ဟုဆိုအပ်သောစိတ်သည်ပြုပြင်အပ်
သောဝါယောဓာတ်၏ပျံ့နှံ့ခြင်းကြောင့်သာလျှင်။ အာလောပကရဏဉ္စ။
အလုပ်အလွေ့ကိုပြုခြင်းသည်၎င်း။ အာလောပဥဒ္ဓရဏံ စ။ ထမင်းလုပ်ကို
ချီခြင်းသည်၎င်း၊ မုခဝိဝရဏဉ္စ။ ခံတွင်းကိုဖွင့်သည်၎င်း။ဟောတိ။ဖြစ်၏။
ကောစိ။ တရုံတယောက်သောသူသည်။ကုဉ္စိကာယ။ သံကော်ဖြင့်၎င်း။
ယန္တကေန ဝါ။ယန္တရားဖြင့်၎င်း။ဟနုကဋ္ဌိ။မေးရိုးတို့ကို။ဝိဝရတိ။ဆိုး၍ဖွင့်
လှစ်သောသူမရှိ။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရနေဝ။ စိတ်ကပြုပြင်
လိုက်သောဝါယောဓာတ်၏ပျံ့နှံ့ခြင်းကြောင့်သာလျှင်။ အာလောပဿ။ ထ
မင်းလုပ်၏။ မုခေ။ခံတွင်း၌။ထပနဉ္စ။ထားခြင်းသည်၎င်း။ဥပရိဒန္တာနံ။အ
ထက်သွားတို့၏။မုသလကိစ္စသာဓနဉ္စ၊ ကျည်ပွေ့ကိစ္စကိုပြီးစေခြင်းသည်
၎င်း။ဇိဝှါယ။လျှာ၏။ဟတ္ထကိစ္စသာဓနဉ္စ၊လက်ကိစ္စပြီးစေခြင်းသည်၎င်း။
ဟောတိ၊ဖြစ်၏၊ဣတိ။ဤသို့။နံ။ထိုအာဟာရကို။ဘဇ္ဇ။ထိုခံတွင်း၌။အဂ္ဂ
ဇိဝှါယ။လျှာဖျား၌။ထနုကခေဠော၊ကျင်းသောရှင်းသောတံတွေးသည်၊မူ
လဇိဝှါယ။လျှာရင်းနှိုက်။ဗဟလခေဠော။ချွဲဖြစ်သောတံတွေးသည်။မက္ခေ
တိ။သိမ်းကျုံ၏၊တံ၊ ထိုအစာအာဟာရကို၊ဟေဋ္ဌဒန္တဥဒုက္ခလေ။ အော
သွားတည်းဟူသောဆုံနှိုက်။ ဇိဝှါဟတ္ထပရိဝတ္တိတံ၊လျှာတည်းဟူသော။
လက်သည်ပြန်လှန်အပ်သည်။ ခေဠဥဒကံတေမိတံ။ တံတွေးတည်းဟူ
သောရေဖြင့်ဆွတ်အပ်သည်။ဥပရိဒန္တမုသလသဉ္စုဏ္ဏိတံ၊အထက်သွား
တည်းဟူသောကျည်ပွေ့ဖြင့်မှုံ့မှုံ့ညက်ညက်ပြုအပ်သည်။ဟောတိ။ဖြစ်
၏။ ကဋစ္ဆုနာဝါ။ ယောက်ချိုဖြင့်၎င်း။ ဒဗ္ဗိယာဝါ။ ယောက်မဖြင့်၎င်း။
အန္တော။အတွင်းသို့။ ပဝေသေန္တော။ သွင်းတတ်သော။ကောစိနာမ၊တရုံ
တယောက်သောသူမည်သည်။နတ္ထိ။မရှိ။ဝါယောဓာတု၊ ဝါယောဓာတ်
ကြောင့်သာလျှင်။ ပဝိသတိ။ဝမ်းတွင်းသို့ဝင်ရ၏။ ပဝိဋ္ဌံ ပဝိဋ္ဌံ၊ဝင်တိုင်း
ဝင်တိုင်းသောအစာကို၊ကောစိ၊တရုံတယောက်သောသူသည်။ပလာလ
သန္ထရံ။ကောက်ရိုးအခင်းကို။ ကတွာ။ပြု၍။ ဓာရေန္တောနာမ။ခံ၍ထား
သောသူမည်သည်။နတ္ထိ မရှိ၊ဝါယောဓာတုဝသေနေဝ။ဟာငဟာဝဋ္ဋကို

မှီသောနာမက္ခန္ဓာ၄ဖြစ်သောဝါယောဓာတ်ဖြင့်သာလျှင်။တိဋ္ဌတိ။ တည်၏။ဣြတံဣြတံ။တည်တိုင်းတည်တိုင်းသောအစာအာဟာရကို။ကောဝိ။တစုံတယောက်သောသူသည်။ ဥဒ္ဓုံကတွာ။ ခုံလောက်ကိုပြု၍။ အဂ္ဂဇလိတွာ။မီးကိုညှိ၍။ ပဌနေ္တာနာမ။ ဘိ၍ချက်သောသူမည်သည်။နတ္ထိ။ မရှိ။ တေဇောဓာတုယာဝ။တေဇောဓာတ်ဖြင့်သာလျှင်။ပစ္စတိ။ကျက်၏။ ဝက္ကံဝက္ကံ။ကျက်တိုင်းကျက်တိုင်းသောအစာအာဟာရကို။ကောဝိ။တစုံတယောက်သောသူသည်။ဒဏ္ဍေနဝါ။လှံတန်ဖြင့်၎င်း။ယဋ္ဌိယာဝါ။ တောင်ဝှေးဖြင့်၎င်း။ဗဟိ။ပြင်ပသို့။နီဟာရကာနာမ။ ဆောင်း၍ထုတ်သောသူမည်သည်။နတ္ထိ။မရှိ။ဝါယောဓာတုယေဝ။ဝါယောဓာတ်သာလျှင်။နီဟရတိ။ပြင်ပသို့ထုတ်လိုက်၏။ ။ဤသို့လျှင်သမြတ်နှစ်ခုတို့၏အကြားဟဒယဟူသောကောဋ္ဌာသကိုမှီ၍တည်သော မနောဓာတ်မနောဝိညာဏဓာတ်ဟုဆိုအပ်သောနာမက္ခန္ဓာတို့သည်ပြုပြင်အပ်သော ဝါယောဓာတ်သည်သာလျှင်ရှေ့သို့တက်ခြင်းနောက်သို့ဆုတ်ခြင်းတူရူကြည့်ခြင်းတစောင်းကြည့်ခြင်းကွေးခြင်းဆန့်ခြင်းစားခြင်းခဲခြင်းတို့ကိုဖြစ်စေသည်။ဤမနောဓာတ်မနောဝိညာဏဓာတ်ဟုဆိုအပ်သောနာမက္ခန္ဓာတို့သည်။မရှိသည်ရှိသော်။ဆိုအပ်ပြီးသော ရှေ့သို့တက်ခြင်းနောက်ဆုတ်ခြင်း တူရူကြည့်ခြင်းတစောင်းကြည့်ခြင်း ကွေးခြင်းဆန့်ခြင်း၊ စားခြင်းခဲခြင်းတို့သည်မဖြစ်ကုန်။ဤသို့လျှင်ပဗ္ဗါသပဋ္ဌကနိုက် ဇကျုံးဝင်သေးဟဒယဟူသောကောဋ္ဌာသကိုသုံးသပ်ဆင်ခြင်ရာနိုက်အခေါ်အဦးကိစ္စနှင့်တကွ ရှုဆင်ခြင်လျက်။ ပဋိကူလမနသိကာရအားဖြင့်၎င်း။ ဓာတုမနသိကာရအားဖြင့်၎င်း။ အနိစ္စဒုက္ခအနတ္တ လက္ခဏာအားဖြင့်၎င်း။ ပွါးများဆင်ခြင်ရာသည်။ ဤသို့ပွါးများဆင်ခြင်ရာနိုက်။ ကျိုက်ကျိုက်ဆူသော ရေပူ၄ဖြစ်သောဝါယောဓာတ်၏အစွမ်းဖြင့်သွားလာသော လှေဥပမာဖြင့်ဘာဝနာဉာဏ်ကိုထက်သန်အောင်အားရှိအောင်ပြုရာသည်။ပြုရသည်ကား။ အိုးနိုက်ရှိသေးကျိုက်ကျိုက်ဆူသောရေပူကဲ့သို့။ ငါ၏အတွင်းဘောနိုက်နှလုံးသားတည်းဟူသောအိုးနိုက်ကျိုက်ကျိုက်ဆူသောရေနှင့်တူသောနာမက္ခန္ဓာတို့သည်ရှိကုန်၏။ထိုကျိုက်ကျိုက်ဆူသောရေသည်။ ပွက်၍ပွက်၍မပြတ်ပျက်စီးသကဲ့သို့ဟဒယဝတ္ထုကိုမှီသောဤနာမက္ခန္ဓာသည်လည်းဖြစ်၍ဖြစ်၍ချုပ်ကုန်သည်။ ကျိုက်ကျိုက်ဆူသော ရေပူသည်ဝါယောဓါတ်ကိုဖြစ်စေသကဲ့သို့။ငါ၏အတွင်းဘော၌ဟဒယဝတ္ထုကိုမှီသော

နာမက္ခန္ဓာတို့သည် ဝါယောဓာတ်ကိုဖြစ်စေသည်။ ကျိုက်ကျိုက်သ
သောပုမှဖြစ်သော။ဝါယောဓာတ်တို့သည်။ထိုထိုယန္တရားတို့ကိုထိခိုက်
၍မိမိတို့၏တည်ရာလှေကိုထိုမှာဘက်ဤမှာဘက်အကြေအညာသို့သွား
လာကူးသန်းစေသကဲ့သို့။ငါ၏အတ္တဘောနှိုက်။နာမက္ခန္ဓာမှဖြစ်သောဝါ
ယောဓာတ်လက်ခြေအင်္ဂါသွားလျှာအစရှိသော ဒြပ်တို့ကို ထိခိုက်၍ငါ
၏အတ္တဘောသည်။ ရှေ့သို့တက်ခြင်းနောက်သို့ ဆုတ်ခြင်းတူရူကြည့်
ခြင်းတစောင်းကြည့်ခြင်းစသည်တို့သည်ဖြစ်ကုန်၏။ ဤသို့လျှင်ဝါယော
ဓာတ်၏သတ္တိဖြင့်သွားသောလှေကိုဥပမာပြု၍ ဘာဝနာဉာဏ်ကိုထက်စေ
လျက်အတ္တဘောကိုသုံးသပ်ဆင်ခြင်ရာသည်။ ဤအတ္တဘောကိုဆိုအပ်
ပြီးသောပမာဖြင့် သာရူအပ် သည်မဟုတ်။လှေသည်ဆွေးမြည့်တတ်ကဲ့ပြို
တတ်သကဲ့သို့။ငါ၏ကိုယ်၌အတ္တဘောသည်လည်းဆွေးမြည့်ကဲ့ပြိုတတ်
သောသဘောရှိသည်။ထိုကြောင့်သုမေဓာရှင်ရသေ့သည်မိမိအတ္တဘော
ကိုလှေကဲ့သို့ရှု၍။ ။ယထာပိဇဇ္ဇရံနာဝစသည်ဖြင့်မြွက်ဆိုကြောင်းကို
ဗုဒ္ဓဝင်ပါဠိ၌ဟောတော်မူသည်။ ။ဇဇ္ဇရံ။ဖြဖြကွဲသော။ပလုဂ္ဂံ။ပျက်
စီးသော။ဥဒကဂါဟိနိံ။ရေတဖြန်းဖြန်းရှိသော။နာဝံ။လှေကို။သာမိ။ လှေ
သူကြီးတို့သည်။ဆင္ဇာယိတွာန။စွန့်ပြစ်ခဲ့၍။အနပေက္ခာ။ ငဲ့ကွက်ခြင်းမ
ရှိကုန်သည်ဖြစ်၍။အနဲတ္ထိကာ။အလိုမရှိကုန်သည်ဖြစ်၍ ဂစ္ဆန္တိယထာ
ပိ။ သွားကုန်သကဲ့သို့လည်း။ ဧဝမေဝ။ ဤအတူသာလျှင်။ အဟံ၊ ငါသု
မေဓာရှင်ရသေ့သည်။နဝစ္ဆိဒ္ဒံ။ကိုးပါးသောအပေါက်ရှိသော။ဓုဝဿဝံ။
မပြတ်ယိုစီးတတ်သော၊ဣမံကာယံ။ ဤကိုယ်ကို။ဇိဏ္ဏနာဝံ။ ဆွေးမြည့်
သောလှေကို။သာမိကာ။ လှေသူကြီးတို့သည်။ ဆင္ဇယိတွာ။ စွန့်ကုန်၍။
ဂစ္ဆန္တိဣဝ။သွားကုန်သကဲ့သို့။ ဆင္ဇယိတွာ။စွန့်ပြစ်လတ်၍။ ဂစ္ဆိဿံ။
နိဗ္ဗာန်အရပ်သို့သွားရအောင်ကျင့်တော့အံ့။ ။ဤသို့ပပ္ပါသပဥ္စကနှိုက်
သုတမယဉာဏ်ကိုအမှီပြု၍စိန္တာမယဉာဏ်ကိုရှေ့ထားသော အားဖြင့်
ဘာဝနာမယဉာဏ်ကိုပွါးရာသည်။ ။မတ္တလုင်္ဂပဥ္စကန်၌အနတ္တဟူသော
ကောဋ္ဌာသသည် နှစ်ဆယ့်တပါးသောအရပ်တို့နှိုက် ခွေ၍တည်သော
ယောက်ျားအားသုံးဆယ့်နှစ်တောင်။မိန္မအားနှစ်ဆယ့်ရှစ်တောင်ရှိသော
အူမခွေတည်း။ထိုအူမခွေသည်။အဆင်းအားဖြင့်ကျောက်စရင်အင်္ဂတေ
၏အဆင်းနှင့်တူသော ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်သွေးသွန်
သောကျင်း၌ခွေ၍ထားအင်သော ဦးခေါင်းပြတ်ပြီးသော မြွေ၏သဏ္ဌာန်

ရှိ၏။အရပ်အားဖြင့်ကိုယ်၏ အောက်အရပ်အထက်အရပ်တို့နှက် ဖြစ်၏။
တဉ်ရာအားဖြင့်အထက်မှ လည်ချောင်ရေမျို့အရပ်အောက်အရပ်မှကား။
ကျင်ကြီးသွားရာခရီး၌တစပ်တဉ်းစင်၍တည်သည်၏ အဖြစ်ကြောင့်အ
ထက်လည်ချောင်းအောက်ကျင်ကြီးချောင်းအဆုံးရှိသော ကိုယ်၏အတွင်း
၌တည်၏။ဤအန္တပဟူသောကောဋ္ဌာသကိုအဆင်းအားဖြင့်၎င်း။သဏ္ဌာန်
အားဖြင့်၎င်း အနံ့အားဖြင့်၎င်း အရပ်အားဖြင့်၎င်း။တည်ရာအားဖြင့်၎င်း။
စက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍ ပဋိကူလမနသိကာရအားဖြင့် သုံးသပ်
ဆင်ခြင်ရာသည်။ ။ဓာတုမနသိကာရအားဖြင့် ရှုဆင်ခြင်အင်သည်
ကား။ ။အန္တံ။အူမသည်။ဂလဝါဋကကရိသမဂ္ဂပရိယန္တေ။ ရေမျို
လည်ချောင်းအစကျင်ကြီးခရီးဝအဆုံးရှိသော။သရီရဗ္ဘန္တရေ။ ကိုယ်၏
အတွင်း၌။ဗြိတံ။ တည်၏။တတ္ထ၊ထိုတည်ရာ၌၊ လောဟိကဒေါဏိယာ။
သွေးကိုသွန်သောစားကျင်း၌။အာဘုဇိတွာ၊ခွေ၍။ ဌပိတော။
ထားအပ်သော။ဘိန္နသီသဒမ္မနိကသေ့ဝရေ။ ဦးခေါင်းကိုဖြတ်၍ထားအပ်
သောမြွေ၏ကိုယ်၌။ သောဟိတဒေါဏိ။ သွေးတည်းဟူသောစားကျင်း
သည်။မယိ။ငါစားကျင်းနှက်။ဒမ္မနိကသေ့ဝရံ။ ဦးခေါင်းပြတ်ပြီးသောမြွေ
ကောင်သည်။ဌိတံ။တည်လာ၏၊ဣတိ။ဤသို့။ နဇာနာတိ၊ယထာ၊မသိသ
ကဲ့သို့။ဒမ္မနိကသေ့ဝရံပိ။ ဦးခေါင်းပြတ်ပြီးသောမြွေ၏ကိုယ်ကလည်း။ အ
ဟံ၊ ဦးခေါင်းပြတ်ပြီးသောငါမြွေ၏ကိုယ်သည်။ လောဟိတဒေါဏိယာ။
သွေးတည်သောစားကျင်း၌။ဌိတံ။တည်၏။ ဣတိ။ဤသို့။ နဇာနာတိယ
ထာ။မသိသကဲ့သို့။ဧဝမေဝ။ ဤအတူ။ သရီရဗ္ဘန္တရံ။ ကိုယ်၏အတွင်း
သည်။မယိ။ငါကိုယ်၏အတွင်း၌၊အန္တံ။အူမသည် ဌိတံ၊ တည်လာ၏။ဣ
တိ။ဤသို့။နဇာနာတိ။မသိ။အန္တံပိ။အူမကလည်း အဟံ။ငါအူမသည်။သ
ရီရဗ္ဘန္တရေ။ကိုယ်၏အတွင်း၌။ဌိတံ။တည်၏။ဣတိ ဤသို့။နဇာနာတိ။မ
သိ။ဧဝမေဝ။ဤကိုယ်၏အတွင်းအရပ် အူမဟုဆိုအပ်သောကောဋ္ဌာ
သတရားတို့သည်၊အညမညံ အချင်းချင်း အာဘောဂပစ္စဝေက္ခဏာရဟိ
တာ၊နှလုံး သွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ၊ဤသို့။ အန္တံနာ
မ အူမမည်သည်ကား။ဣမသ္မိံ သရီရေ၊ဤကိုယ်၌၊ပါဋိယေက္ကော။အသီး
အခြားဖြစ်သော။ကောဋ္ဌာသော၊အရတည်း။အစေတနော။စိတ်စေတနာ
လည်းမရှိ။အဗျာကတော။အဗျာကတတရားသာတည်း။သုညော။အတ္တ
မှဆိတ်၏။နိဿတ္တော။သတ္တဝါလည်းမဟုတ်။ထဒ္ဓေါ။ခက်မာ၏။ ပထဝီ

ခေတုံ။ပထဝီခေတ်သာတည်း။ ။ဤသို့လာသောနည်းဖြင့် အန္တဟူ သောကောဋ္ဌာသကို မိတ်စေတနာမရှိ။ တရား၏သဘောအားဖြင့် သာ တည်းဟူ၍ရှုဆင်ခြင်အပ်၏။ ။အန္တဂုဏဟူသောကောဋ္ဌာသသည်။ အူမကြီး၏ခွေ၌တည်ရာအရပ်၌။ အူမကြီးကိုဖွဲ၍တည်လာသော အူ သိမ်တည်း။ ထိုအူသိမ်သည်အဆင်းအားဖြင့် မြောက်လှေကူးမြစ်မှော် မြစ်တို့၏အဆင်းနှင့်တူသောဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်မြော် ‌လှေကူးမြစ်မှော်မြစ်သဏ္ဌာန်ရှိသည်သာတည်း။ အရပ်အားဖြင့်ကိုယ်၏ အောက်အရပ်အထက်အရပ်တို့၌သာဖြစ်၏။တည်ရာအားဖြင့်ယန္တရား ကြိုးငင်သောကာလ၌။ယန္တရားကြိုးငယ်သည်ယန္တရားပြင်တို့ကိုဖွဲ့သကဲ့ သို့ငှင်း။ပေါက်တူးပေါက်သောအမှု။ပုဆိန်ပေါက်သောအမှုအစရှိသည် တို့ကိုပြုကုန်သောသူတို့၏အူမကြီးအခွေတို့ကို မလျောကျသည်တို့ ကိုပြု၍။ တစင်ထည်း ဖွဲ့၍ခြေသုတ်ကြိုးဝန်း၏အကြားအကြား၌ ထိုခြေ သုတ်ကြိုးဝန်းကိုမလျောကျအောင် ချုပ်၍တည်သော ကြိုးငယ်ကဲ့သို့ ငှင်း။နှစ်ဆယ့်တတောင်အတိုင်းအရှည်ရှိသော အူမကြီးအခွေတို့၏အ ကြားအကြား၌တည်၏။ ။ဤအန္တဂုဏဟူသောကောဋ္ဌာသကိုအဆင်း သဏ္ဌာန်အနံ့အရပ်တည်ရာအားဖြင့်စက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍။ပဋိ ကူလမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။ဓာတုမနသိ ကာရအားဖြင့်ရှုဆင်ခြင်ရာသည်ကား။ ။အန္တဂုဏံ။ အူသိမ်သည်။ အန္တဘောဂေ။အူမ၏အတွင်း၌။ဝါ။ အူမ၏အကြား၌။ ကေဝိသဘိအန္တော ဘောဂေ။နှစ်ဆယ့်တခုသောအူခွေတို့ကို။ဗန္ဓိတွာ။ဖွဲ့၍။ဌိတံ။ တည်၏။ တတ္ထ။ထိုသို့တည်ရာ၌။ပါဒပုဉ္ဆနရဇ္ဇု။ ခြေသုတ်ကြိုးဝန်းကိုလျှို၍ တွယ် သောကြိုးငယ်သည်။ မဏ္ဍလကာံ။ခြေသုတ်ကြိုးဝန်းကို။ သိဗ္ဗေတွာ။ စပ် သောအားဖြင့်ချုပ်၍။ဌိတေသု။တည်ကုန်သော။ ရဇ္ဇုကေသု။ ကြိုးငယ် တို့၌။ပါဒရုဉ္ဆနရဇ္ဇုမဏ္ဍလကာံ။ ခြေသုတ်ကြိုးဝန်းသည်။ရဇ္ဇုကာ။ ကြိုး ငယ်တို့သည်။မံ။ငါခြေသုတ်ကြိုးဝန်းကြီးကို။သိဗ္ဗေတွာ။ ဖြေရှက်တွဲ စပ်၍။ဌိတာ။တည်ကုန်၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ ရဇ္ဇုကာပိ။ ကြိုးငယ်တို့ကလည်း။မယံ။ငါကြိုးငယ်တို့သည်။ ပါဒပုဉ္ဆန ရဇ္ဇုမဏ္ဍလကာံ။ခြေသုတ်ကြိုးဝန်းကြီးကို။သိဗ္ဗေတွာ။ဖြေရှက်၍။ ဌိတာ။ တည်ရကုန်၏။ဣတိ။ဤသို့။နဇာနန္တိယထာ။မသိကုန်သကဲ့သို့။ဧဝမေဝ။ ဤအတူသာလျှင်။အန္တံ။အူမကြီးသည်။မံ။ငါအူမကြီးကို။ အန္တဂုဏံ။ အူ

သိမ်သည်။အာဗန္ဓိတွာ။ဖွဲ့၍။ဌပိတံ။တည်၏။ဣတိ။ဤသို့။ နစာနာတိ။မသိ။ အန္တဂုဏံပိ၊အရှသိမ်ကလည်း။အဟံ။ ငါ။အချုံသိမ်သည်၊ အန္တံ။အချုံမကြီးကို။အာဗန္ဓိတွာ။ဖွဲ့ငပ်၍။ဌပိတံ။တည်၏။ ဣတိ။ဤသို့။နစာနာတိ။မသိ၊ မယိဇေတဝမ္ဗာ။ဤအချုံမအချုံသိမ်ဟုဆိုအပ်သောကောဋ္ဌာသတရားအရုတ္တိသည်။အညမည်။အချင်းချင်း။ အာဘောဂပဋ္ဌဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ။ဤသို့၊အန္တဂုဏံ။အချုံမအချုံသိမ်မည်သည်ကား၊ဣမသႆရိယော။ ဤကိုယ်၌၊ပါဠိယေကြော။ အသီးအခြားဖြစ်သော။ကောဋ္ဌာသ အရုတည်း။ လ။ပထဝီဓာတု။ပထဝီဓာတ်သာတည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်၊ အန္တဂုဏဟူသောကောဋ္ဌာသကို။ဓာတုမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။ဥဒရိယဟူသောကောဋ္ဌာသသည်။အရှမ၏အတွင်း၌တည်သောစားအပ်သောက်အပ်ခဲအပ်လျက်အပ်သောအစားသစ်တည်း။ ထိုအစာသစ်ဟုဆိုအပ်သောကောဋ္ဌာသသည်၊ အသင်းအားဖြင့်မျိုအပ်သော အာဟာရ၏အဆင်းပင်တည်း၊ သဏ္ဍာန်အားဖြင့်ခေစပ်ပဝါ၌ လျော့လျော့ဖွဲ့ချည်အပ်သောဆန်ပဲသဏ္ဍာန်ရှိ၏။အရပ်အားဖြင့်ကိုယ်၏အထက်အရပ်၌ဖြစ်၏။တည်ရာအားဖြင့်အချုံမကြီးဟူသောဝမ်း၌တည်၏။ ဤဥဒရိယမည်သောအစာသစ်အိမ်သည်အစွန်းနှစ်ဘက်မှကိုင်၍ညှစ်အပ်သော စိုသောပုဆိုး၏အလယ်၌ကောင်းစွာဖြစ်သောဖေါင်းဖေါင်းထသည်နှင့်တူသော အချုံမလွှာပင်တည်း။ အပကားချောမောပြေပြစ်၏။ အတွင်းသားကားချွဲအညှစ်အကြေးဖြင့်မွှေးရစ်ကင်ငြိသောညှစ်နွမ်းသောခင်းနှီးပေါင်းနှင့်တူ၏။မညီမညွတ်သောပိန်နဲ့သီး၏အခွံ၏အတွင်းသားနှင့်လည်းတူ၏။ အကြင်ဒရှမအိမ်၌တကျော်တကမည်သောပိုးမျိုးတို့သည်၎င်း၊ ကဏ္ဍုပါဒကမည်သောပိုးမျိုးတို့သည်၎င်း။တာလဟိရကမည်သောပိုးမျိုးတို့သည်၎င်း။သုစိမုခမည်သောပိုးမျိုးတို့သည်၎င်း။ ပဋ္ဋတန္တုသုတ္တကမည်သောပိုးမျိုးတို့သည်၎င်း။ ဤသို့အစရှိကုန်သောသုံးဆဲ့နှစ်ပါးသော ပိုးမျိုးတို့သည်လည်းနေကုန်၏၊ထိုပိုးမျိုးတို့သည်အပေါင်းပေါင်းအရုက်ရုက်ဖြစ်၍၎င်း၊အရအရသွားကုန်၍၎င်းနေကြကုန်၏။ ထိုပိုးမျိုးတို့သည်အဖျော်ဘောဇဉ်အစရှိသောအာဟာရသည်။ ထိုအချုံမ၌ဘောဇဉ်အာဟာရ မရှိသည်ရှိသော်အထက်သို့ခုံ၍ မြည်တမ်း ကြွေးကြော်ကုန်လျက်။ နှလုံးသားကိုကိုက်ခဲကြကုန်၏၊ အဖျော်ဘောဇဉ်အစရှိသည်တို့ကို မျိုသောအခါ၌

ကား။အထက်သို့ဈေးရှုခံတွင်းကိုပြုကြကုန်လျက် ဈေးဦးစွာလူတို့သည် မျိုအပ်သောနှစ်လုတ်သုံးလုတ်သောထမင်းကို အဆောတလျင်လုရက်၍ စားကြကုန်၏။ထိုအချမအိမ်သည်။ထိုသုံးဆဲ့နှစ်ပါးသောပိုးမျိုးတို့၏ သား ဘွားရာအိမ်လည်းမည်၏။ဝစ္စကုဋိလည်းမည်၏။ သူနာဇရင်လည်းမည် ၏။သုသာန်လည်းမည်၏။ ။အတ္တနုဥပမာမည်သည်ကား။နွှန်းစကျွား တို့၏ရွာတံခါးအနီး၌တံစေးအိုင်တွင်နွေလအခါကြီးစွာသောမိုးပေါ် ရှိသောမိုးသည်ရွာလတ်သည်ရှိသော်။ ရေဖြင့်မျောလာသော ကျင် ငယ်ကျင်ကြီးသားရေ အရိုးအကြောပိုင်း တံတွေး နှပ် သွေးအငရှိသော အထူးထူးသောအပုပ်အပေါင်းသည် ကျရောက်လတ်၍။ ညွှန်ရေတို့ဖြင့် ရောရှက်လျက်ဖြစ်၍။ နှစ်ရက်သုံးရက်လွန်သဖြင့် များစွာသောပိုးမျိုးတို့ သည်ဖြစ်ကြလျက် နေပူတည်းဟူသော ပြင်းစွာသောအပူ၏ အဟုန် ကြောင့်ကျိုက်ကျိုက်ဆူလျက်အထက်သို့အမြှုတ်အပွက်တို့ကို လွှတ် လျက်အလွန်ညိုသောအဆင်းရှိသည်ဖြစ်၍ လွန်စွာမကောင်းသောအနံ့ တို့ဖြင့်စက်ဆုတ်ရွံရှာဘွယ်ရှိ၏။ အနီးအပါးသို့ချဉ်းကပ်ခြင်းငှာဝင်း။ရှု ကြည့်ခြင်းငှါဝင်း။မခံသည်ဖြစ်၍တည်၏။ နမ်းခြင်းလျက်ခြင်းငှါကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ထိုတံစေးအိုင်နှင့်အတူ သွားတည်းဟူ သောကျည်ပွေ့ဖြင့် မှုံမှုံညက်ညက်ကြေစေအပ်သော လျှာတည်းဟူ သောလက်ဖြင့်ပြန်လှန်အပ်သောတံတွေးတည်းဟူသောအရည်ဖြင့်မွှေး ရှက်အပ်သောထိုဝါးသောခဲဘွယ်ပျောက်ကင်းပြီးသော အဆင်းအနံ့ အရသာရှိသော ရက်ကမ်းသည်တို့၏ ကစိထမင်းခွေးအန်ဘတ်နှင့်တူ သောများသောအပြားရှိသောအဖျော်ဘောဇဉ်အစရှိသည်လည်း။ အစာ သစ်အိမ်သို့ကျလာ၍သလိပ်သည်းခြေလေတို့ဖြင့်မွှေးရှက်လျက် ဝမ်း၌ ဖြစ်သောပါစကတေဇောဓာတ်၏အဟုန်ဖြင့် ကျိုက်ကျိုက်ဆူသည်ဖြစ် ၍။အထူးထူးသောပိုးမျိုးတို့ဖြင့်မွှမ်းလျက်အထက်သို့အမြှုတ်အပွက်ကို လွှတ်သောအားဖြင့်လွန်စွာသောအညစ်အကြေး မကောင်းသောအနံ့ တို့ဖြင့်စက်ဆုပ်ရွံရှာဘွယ်ရှိသည်၏အဖြစ်သို့ရောက်၍တည်၏။ ဤသို့ သဘောရှိသောအစာသစ်ကိုကြားသိရ၍ အဖျော်ဘောဇဉ်အငရှိသည် တို့နှိုက်မနှစ်သက်အပ်သည်၏အဖြစ်သည်ထင်၏။ ပညာမျက်စိဖြင့် ဆင် ခြင်အောက်မေ့ရမှုကား ဆိုဘွယ်မရှိ။ အာဟာရ ပဋိကူလသညာဖြင့် ကောဋ္ဌာသနှိုက်ပဋိကူလအားဖြင့်ထင်ရှားရာသည်။အစာသစ်အိမ်နှိုက်

ကျသောအဖျော်ဘောဇဉ်ကို ငါရငါပုံခွဲဝေ၍။ တဘ္ဂိုကိုမူကား ပိုးတို့
သည် စားသောက်ကြကုန်သည်၊ တဘ္ဂိုကား ပါဠကာတေဓာခေတ်မီး
ဖြင့်ကြော်ပျောက်၏။ တဘ္ဂိုကား ရေဟောင်းဖြစ်၏၊ တဘ္ဂိုကား အစာ
ဟောင်းဖြစ်၏။ တဘ္ဂိုကား ထိုထိုအကြောသို့လျှောက်၍အတ္တဘောကို
ချိုးဖြောက်၏။ ဤဥဒရိယဟူသောကောဋ္ဌာသကိုလည်းပဋိကူလအားဖြင့်
ပွါးများဆင်ခြင်ရာသည်၊ ။ဓာတုမနသိကာရအားဖြင့် ဆင်ခြင်ရာ
သည်ကား။ ဥဒရိယံ၊အစာသစ်သည်။ဥဒရေ။ အစာသစ်အိမ်နှိုက်၊ဌိတံ။
တည်သော။အသိတပိတခါယိတသာယိတံ။ စားအင်သောက်အင်ခဲအပ်
လျက်အပ်သောအစာပင်တည်း။ တတ္ထ။ ထိုအစာသစ်ဟူသောကောဋ္ဌာ
သနှိုက်။ သုဝါနဒေါဏိယံ။ ခွေးစားကျင်းနှိုက်။ ဌိတော။ တည်သော။
သုဝါနငမရမ္မိ။ ခွေးအံဘတ်နှိုက်။ သုဝါနဒေါဏိ၊ ခွေးစားကျင်းသည်။
မယိ။ ငါခွေးစါးကျင်းနှိုက်။ သုဝါနဝမရ။ ခွေးအံဘတ်သည်။ ဌိတော။
တည်လာ၏။ဣတိ။ဤသို့။နစာနာဘောဂယထာ မသိသကဲ့သို့၊ သုဝါနဝမရမ္မိ။
ခွေးအံဖတ်ကလည်း၊အဟံ၊ ငါခွေးအံဖတ်သည်၊သုဝါနဒေါဏိယံ၊ ခွေး
စားသောကျင်းနှိုက်၊ဌိတော။ တည်ရပေ၏၊ဣတိ။ဤသို့။ နာဘောနာတိယ
ထာ။မသိသကဲ့သို့။ဧဝမေဝ။ဤအတူ၊ဥဒယံ။အစာသစ်အိမ်သည်။ မယိ။
ငါအစါသစ်အိမ်နှိုက်။ဥဒ္ဒရိယံ။အစါသစ်သည်၊ဌိတံ။တည်လာ၏။ဣတိ။
ဤသို့၊နစာနာတိ။မသိ၊ဥဒ္ဒရိယံ ဝါ။ အစာသစ်ကလည်း အဟံ။ ငါအစာ
သစ်သည်။ ဥဒရေ။အစာသစ်အိမ်၌ ဌိတံ။တည်ရပေ၏။ဣတိ။ဤသို့။နဇါ
နာတိ။မသိ။ဧဝံခွာ၊ ဤအစာသစ်အိမ်အရပ် အစာသစ်ဟု ဆိုအပ်
သောကောဋ္ဌာသတရားတို့သည်။အညမညံ၊အချင်းချင်း၊ အာဘောဂပစ္စ
ဝေက္ခဏာရဟိတာ နှလုံးသွင်းခြင်းဆင်ခြင်ခြင်း၄ကင်းကြကုန်၏။ ဣတိ။
ဤသို့။ဥဒရိယံနာမ။သစာသစ်မည်ကား။ဣမသ္မိံ သရီရေ။ဤကိုယ်၌။ပါဋိ
ယေက္ကော.အသီးအခြားဖြစ်သော၊ကောဋ္ဌာသော။အစုတည်း၊လ။ပထဝီ
ဓာတု။ပထဝီဓာတ်သာတည်း။ ။ဤသို့အဋ္ဌကထာတို့၌ပြဆိုသောနည်း
ဖြင့်။ဥဒရိယဟူသော ကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့် ပွါးများ
သုံးသပ်ရာသည်။ ။ကရီသဟူသောကောဋ္ဌာသသည်။အစာဟောင်းပင်
တည်း၊ထိုကရီသသည်။အဆင်းအားဖြင့်များသောအားဖြင့်ချိုအင်သော
အာဟာရ၏ အဆင်းသည်ပင်လျှင်အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်လက်
၈ဆစ်သစ်အဘိုင်းအရှည်ရှိသော ဝါးကျည်တော့ကိုနှံ့၍တည်သော ဖြော

တော့မြေညက်ခဲသဏ္ဍာန်ရှိ၏။ အရပ်အားဖြင့်ကိုယ်၏ အောက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့်အစာဟောင်းအိမ်၌နက်တည်၏။ ပက္ကာသယမည် သည်ကား ရှေ့အတွဲမှချက်၏အောက်အပြင်အရပ်။ နောက်အတွဲမှအောက်ဆုံး ကျောက်ဆစ်ရိုးအရပ်တို့၏အလယ်၌အမြဲအဆုံးအစပ်အားဖြင့်လက်ရှစ် သစ်အတိုင်းအရှည်ရှိသော ဝါးကျည်တောက်အခေါင်းနှင့်တူသော အရပ် တည်း။ ထိုအရပ်၌ဥပမာမည်သည်ကား။ အထက်ကောင်းကင်မှ မြေအ ဘို့၌ကျသောမိုးရေသည်ကျလျှော၍အောက်မြေချိုင့်မှမ်းရာအရင်ကို ပြည့် စေလျက်တည်သကဲ့သို့ထိုအတူအသုံးခံသော အစာကျက်အိမ်၌ရောက် သောအဖျော်ဘောဇဉ်အစရှိသည် သည်ပါစကတေဇောဓာတ်ဖြင့်ချက် ၍အမြုတ်ကိုဘက်စေ၍ ကျိုက်ကျိုက်ဆူစေလျက် ကျက်တိုင်းကျက် တိုင်းသောအစာကို ကျောက်ပြင်၌ကျိတ်သကဲ့သို့ သိမ်မွေ့စွာပြု၏အမြ ၏အပေါက်ဖြင့်လျှောကျ၍။ ဝါးကျည်တောက်၌ထည့်အပ်သောနယ်ပြီး သောမြေညက်ကဲ့သို့ဖုဝေး၍တည်၏။ ဤကရီသဟူသော ကောဋ္ဌာသကို ပဋိကူလမနသိကာရအားဖြင့်စက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍ရှုဆင်ခြင် ရာသည်။ ။ခါတုမနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်ကား။ ။က ရီသံ။အစာဟောင်းသည်။ပက္ကာသယသင်္ခါတေ။ အစာကျက်အိမ်ဟုဆို အပ်သော။ အထဂုလဝေဠုပဗ္ဗသဒိသေ။ လက်ရှစ်သစ် အတိုင်းအရှည်ရှိ သောဝါးဆစ်နှင့်တူသော။ အန္တပရိယောသာနေ။ အူမ၏အဆုံး၌။ ဌိတံ၊ တည်၏။ ဘတ္တ၊ ထိုတည်ရာနက်။ဝေဠုပဗ္ဗေ။ဝါးဆစ်၌၊မဒ္ဒိတွာ။ နယ်၍။ သဏှပက္ခိတ္တပဏ္ဍုမတ္တိကာယ။ သိမ်မွေ့သောဖြော့တော့သော အဆင်းရှိသော မြေကိုပက်၍တာယ။ ထည့်၍ထားအပ်သည်ရှိသော်။ဝေဠုပဗ္ဗ။ ဝါးဆစ် သည်။မယိ။ငါ၌ ဝါးဆစ်၌ ပဏ္ဍုမတ္တိကာ။ သိမ်မွေ့သော ဖြော့တော့သော အဆင်းရှိသောမြေသည်၊ဌိတာ။ တည်လာ၏။ဣတိ။ဤသို့။ နဇာနာတိယ ထာ။မသိသကဲ့သို့။ ပဏ္ဍုမတ္တိကာပိ။ သိမ်မွေ့သောဖြော့တော့သော အ ဆင်းရှိသော မြေကလည်း၊အဟံ။ ငါသိမ်မွေ့သောဖြော့တော့သော အ ဆင်းရှိသောငါမြေသည်။ဝေဠုပဗ္ဗေ။ဝါးဆစ်၏အတွင်း၌။ဌိတာ၊ တည်ရ ပေ၏။ဣတိ။ဤသို့။နဇာနာတိယထာ။ မသိသကဲ့သို့။ဝေမေဝ။ ဤအတူ၊ ပက္ကာသယော။ အစာကျက်အိမ်သည်။မယိ။ငါအစာကျက်အိမ်၌၊ ကရီ သံ။အစာဟောင်းသည်။ ဌိတံတည်လာ၏။ဣတိ။ဤသို့။ နဇာနာတိ၊မသိ၊ ကရီသံပိ။အစာဟောင်းကလည်း၊အဟံ၊ငါအစာဟောင်းသည်။ပက္ကာသ

ရေ။အစာကျက်အိမ်နှိုက်။ဌိတံ။တည်ရပေ၏။ဣတိ၊ဤသို့နာဇာနာတိ။မှ
သိ၊ဖေတဝမွေ၁။ ဤအစာကျက်အိမ်အရပ်အစာဟောင်းဟု ဆိုအပ်သော
ကောဋ္ဌာသတရားတို့သည်။အညမညံ။အချင်းချင်း။ အာဘောဂပစ္စဝေက္ခ
ဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ။ ဤသို့
ကရီသံနာမ။အစာဟောင်းမည်သည်ကား။ဣမသ္မိံ သရီရေ။ ဤကိုယ်၌။
ပါဒိုယေက္ကော၊အသီးအခြားဖြစ်သော၊ကောဋ္ဌာသော၊အဖုတည်း။သ။ပထ
ဝီဓာတု။ပထဝီဓာတ်သာတည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်ကရီ
သဟူသောကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့်ပွါးများ သုံးသင့်ရာ
ပျင်း သည်။ ။မတ္ထလုင်ဟူသောကောဋ္ဌာသသည်။ ။ဦးကျောက်ခွံ၏အ
တွင်း၌တည်သောဦးနှောက်တည်း။ ထိုမတ္ထလုင်ဟုဆိုအပ်သောကော
ဋ္ဌာသသည်။အဆင်းအားဖြင့်မှို၏အဆင်းနှင့်တူသော ဖြူသော အဆင်းရှိ
၏။နို့ဒမ်း၏အဖြစ်သို့မရောက်သေးသောနို့ရေအဆင်းမှပျက်သောအဆင်း
နှင့်တူသော အဆင်းလည်းရှိ၏။ သဏ္ဌာန်အားဖြင့် တည်ရာအရပ်လျှင်
သဏ္ဌာန်ရှိ၏အရပ်အါးဖြင့်ကိုယ်၏အထက်အရပ်၌ဖြစ်၏။တည်ရာအား
ဖြင့်။ဦးခေါင်းခွံ၏အတွင်းလေးခုသော ချုပ်စပ်အကြောင်းတို့ကိုမှီ၍ပေါင်း
၍ထားအပ်သော လေးခုသောမုန့်ညက်စိုင်တို့ကဲ့သို့ ကောင်းစွာရပေ၏
တည်၏။ ။ဤသို့မတ္ထလုင်ဟူသောကောဋ္ဌာသကိုစက်ဆုတ်ရွံရှာဘွယ်ရှိ
၏ဟူ၍ပဋိကူလမနသိကာရအားဖြင့်ရှုဆင်ခြင်ရာသည်။ ။ဓာတုမနသိ
ကာရအားဖြင့်ပွါးရာသည်။ ။မတ္ထလုင်။ဦးနှောက်သည်။သီသကဋာဟဗ္ဘန္တ
ရေ။ဦးခေါင်းခွံ၏အတွင်းနှိုက်၊ဌိတံ။တည်၏။တတ္ထ။ ထိုသို့တည်ရာနှိုက်။
ပုရာဏလာဗုကဋာဟေ။ဘူးတောင်းဟောင်းနှိုက်။ပိဋ္ဌပိဏ္ဍိယာ။မုန့်ညက်
စိုင်ကိုပက္ခိတ္တာယ။ထည့်အပ်သည်ရှိသော်။လာဗုကဋာဟံ။ ဘူးတောင်း
ခွက်သည်။မယိ။ ငါဘူးတောင်းဟောင်းနှိုက်။ပိဋ္ဌပိဏ္ဍိ။ မုန့်ညက်စိုင်
သည်။ဌိတာ။တည်လာ၏။ဣတိ။ဤသို့။နဇာနာတိယထာ။ မသိသကဲ့သို့။ပိဋ္ဌ
ပိဏ္ဍိပိ။ မုန့်ညက်စိုင်ကလည်း။အဟံ။ ငါမုန့်ညက်စိုင်သည်။ လာဗုက
ဋာဟေ။ဟောင်းမြင်းသော ဘူးတောင်းနှိုက် ဌိတာတည်ရပေ၏။ ဣတိ။
ဤသို့။နဇာနာတိယထာ၊ မသိသကဲ့သို့။ဧဝမေဝ။ဤအတူ။ သီသကဋာ
ဟဗ္ဘန္တရံ၊ဦးခေါင်းခံ၏အတွင်းသည်။မယိ။ ငါဦးခေါင်းခွံ၏အတွင်းနှိုက်။
မတ္ထလုင်၊ဦးနှောက်သည်၊ဌိတံ၊တည်လာ၏။ဣတိ။ဤသို့။ နဇာနာတိ၊မ
သူ။မတ္ထလုင်ပိ။ဦးနှောက်ကလည်း။ အဟံ။ငါဦးနှောက်သည်။ သီသ

ကဍ္ဍာဟတ္ထ နှရေ။ဦးခေါင်းခွံ၏အတွင်း၌၊ဗြဟ္မ။တည်ရ၏။ ဋတိ။ဤသို့။န ဇာနာတိ။မသိ။ဧတေခဖွာ။ ထိုဦးခေါင်းခွံအရင် ဦးနှောက်ဟုဆိုအပ်သော ကောဋ္ဌာသတရားတို့သည်၊အညမညံ့၊အချင်းချင်း။ အာဘောဂပစ္စဝေက္ခ ဏာရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ ဋတိ။ဤသို့။ မတ္တလုင်္ဂ နာမ။ ဦးနှောက်မည်သည်ကား။ ဋမသို့ သရိယော။ ဤကိုယ်၌။ပါ ဋိယေက္ကော။အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အရ္ဒတည်း။ပ၊ပထဝီ ဓာတု။ပထဝီဓာတ်အရတည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်၊မတ္တ လုင်္ဂဟူသောကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့် ပွားများသုံးသပ် ရာသည်။ ။ဤမတ္တလုင်္ဂပဋ္ဌကကိုသုံးသပ်ဆင်ခြင်ပြီးသောအခါ၌ငုံး။ ကြား နာပြီးသောအခါ၌ငုံး။ ဤသို့ဆိုလတ္တံ့သောနည်းဖြင့် ဝက်၍ပွါးများသုံး သင်ရာသည်။ ။သုံးသင်ရာသည်ကား၊ သမြတ်နှစ်ရတို့၏အကြားနှလုံး သား၌ရှိသော မနောဓာတ်မနောဝိညာဏဓာတ်ဟု ဆိုအပ်သော နာမက္ခ န္ဓာတို့သည်။ ဝါယောဓာတ်ကိုလွတ်၏။ ထိုဝါယောဓာတ်သည်။ အစာ ဟောင်းရေဟောင်းတို့ကိုမှုတ်လွှင့်၏။ ပမာကားကျက်ပြီးသောအိုင်းအ မာ၌ထိုအမာ၏ပေါက်ကွဲသဖြင့်သွေးပြည်သည်အလိုလိုထွက်ဘိသကဲ့ သို့ငုံး။အလွန်ပြည့်သောရေအိုး၌ရေသည် ထွက်ယိုဘိသကဲ့သို့လည်း ကောင်း။ထိုအတူအစာကျက်အိမ်တို့နှိုက်ရဝေးသောအစာဟောင်းရေ ဟောင်းတို့သည်။ လေ၏အဟုံသည် မှုတ်အပ်သည်ဖြစ်၍ အငသို့ရွေ့ လျော့သတည်း။ ။ထိုကြောင့်သိလက္ခန္ဓဝဂ်သာမညဖလသုတ်အဋ္ဌက ထာ။ မူလပဏ္ဏာသသတိပဋ္ဌာနသုတ်အဋ္ဌကထာတို့၌။ အဣ္ဌ နှရေ။ အ တ္တာနာမကောဇိဥစ္စာရပဿာဝံကရောန္တောနတ္ထိ အစရှိသည်ဖြင့် ဘွင့်ဆို ကြကုန်သည်။ ။အဏ္ဌ နှရေ၊ကိုယ်တွင်း၌။ ဥစ္စာရပဿာဝံ။ အငင်းကြီး အငင်းငယ်ကို။ ကရောန္တော။ပြုတတ်သော။ ကောစိ။တစုံတခုသော အ တ္တာနာမ။ ကိုယ်မည်သည်၊နတ္ထိ။မရှိ။ ဝိတ္ထုကြံသဝါယောဓာတုဝိပ္ဖါရေ နဝ။ မနောဓာတ်မနောဝိညာဏဓာတ်ဟု ဆိုအပ်သော။ စိတ်သည်ပြု ပြင်အပ်သောဝါယောဓာတ်၏ပျံ့နှံ့ခြင်းကြောင့်သာလျှင်။ဥစ္စာရ။ပဿာဝ ကမ္မံ။ဥစ္စာရပဿာဝကိစ္စသည်။ဟောတိ။ဖြစ်၏။ဋတိ။ဤသို့။ဝေဒိတဗ္ဗံ။သိ အပ်၏။ယထာပန။ဥပမာမည်သည်ကား။ဂဏ္ဍေ။အိုင်းပမာသည်။ပက္ကေ။ မှည့်လတ်သည် ရှိသော်။ ဂဏ္ဍဘေဒေန။ အိုင်းပမာ၏ ပေါက်ကွဲခြင်း ကြောင့်။ပုပ္ဗလောဟိတံ၊ပြည်သွေးသည်။အကာမတာယ။သတ္တဝါပုဂ္ဂိုလ်

တို့ကအလိုမရှိဘဲ။ နိက္ခမတိယထော။ထွက်သကဲ့သို့ဟုင်း။ အတိသရိတာ။
လွန်စွာပြည့်သော။ ဥဒကဘာဇနာ။ရေအိုးမှ။ဥဒကံ။ရေသည်။ အကာမ
တာယ။အလိုမရှိလျှင်ဘဲ။ နိက္ခမတိယထာဝ။ထွက်သကဲ့သို့ဟုင်း၊ ဧဝံတ
ထာ။ဤအတူ။ပဏ္ဏာသယံ့ရုတ္တဝတ္တိသု။ အစာကျက်အိမ်စည်ပေါင်းအိမ်
တို့၌။သန္နိဗိတာ။ ရဝေးကုန်သော။ ဥဒ္ဓာရပဿာဝါ။ အစာဟောင်းရေ
ဟောင်းတို့သည်။ဝါယုဝေဂသမုဋ္ဌိတာ။ လေ၏အဟုံသည်နှင့်စက်အပ်
ကုန်သည်ဖြစ်၍၊ အာကာမတာယံပိ။ သတ္တဝါပုဂ္ဂိုလ်တို့ကအလိုမရှိဘဲ
လျက်လည်း၊နိက္ခမ န္တိ။ပြင်ပသို့ထွက်ကုန်၏။ ။ဤသို့အဋ္ဌကထာတို့၌
လာသောနည်းအားဖြင့်ဤကရိဘ၏အစိုးမရသည်၏အဖြစ်အတူသတ္တမှ
ဆိတ်သည်၏အဖြစ်ကိုလည်းရှုဆင်ခြင်ရာသည်။ ။ဤသို့မတ္တလုင်္ဂပဋ္ဌ
ကကိုပဋိကူလအားဖြင့်၎င်း၊ဓာတုအားဖြင့်၎င်းသုံးသပ်ဆင်ခြင်ရာ၌။ ဒေါ
သဒေါမနဿတို့နှင့် ယှဉ်သောစိတ်ဖြင့် အလွန်စက်ဆုပ် ရှုံ့မှုဘွယ်ရှိ
သည်ဟူ၍အောက်မေ့ခြင်းကိုမပြုရာ ဘာဝနာဉာဏ်နှင့်ယှဉ်သောကာ
ယဂတာသတိဖြင့်သာဤမတ္တလုင်္ဂပဋ္ဌကကိုပွားများသုံးသပ်ရာသည်။
ဤမတ္တလုင်္ဂပဋ္ဌကန်၌အကျုံးဝင်သော ဦးမဦးသိမ်အစာဟောင်းအစာသစ်
တို့ကိုတည်ရာအရင်နှင့်တကွပဋိကူလမနသိကာရအားဖြင့်၎င်း။ ဓာတုမ
နသိကာရအားဖြင့်၎င်း၊ဘာဝနာမယဉာဏ်ဖြင့်သုံးသပ်ဆင်ခြင်ခြင်းကို
အရင်းပြု၍ ဇာတိဒုက္ခကိုပွားများဆင်ခြင်ရာသည်။ ပွားများဆင်ခြင်ရာ
သည်ကား။ဤသို့သဘာရှိသောအမိဝမ်းတိုက်၌အစမထင်သံသရာကပ
ငိုသန္ဓေနေသောအားဖြင့် ဇာတိဒုက္ခကိုခံစားရလေပြီ၊ ကာမာဝစရကု
သိုလ်ကံသည်ပစ်ချသောသတ္တဝါတို့အား လူတို့၏အမိဝမ်းတိုက်၌။ ဇာ
တိဒုက္ခကိုခံစားရကြကုန်သည်။ အကုသိုလ်ကံပစ်ချသော သတ္တဝါတို့
တွင်။အချို့သောသတ္တဝါတို့သည်တိရစ္ဆာန်တို့၏ အမိဝမ်းတိုက်၌ပဋိသ
န္ဓေနေသောအားဖြင့်ဇာတိဒုက္ခကိုခံစားကြရကုန်သည်။ ။ဇာတိဒုက္ခလျှင်
အကြောင်းရှိသောအိုခြင်းဆင်းရဲ၊နာခြင်းဆင်းရဲ။ သေခြင်းဆင်းရဲတို့ကို
လည်းဘဝပြောင်းလဲလဲခံစားကြရလှလေပြီ။ ဤဇာတိဒုက္ခ၏ဖြစ်သောအ
ခြင်းအရာကား။အမိဝမ်း၌ကိန်းကြရသောသတ္တဝါတို့သည်။ကြာဖူးကြာနီ
ကြာပဒုမ္မာကြာပုဏ္ဍရိက်တို့၏အတွင်း၌ဖြစ်ကြရသည်မဟုတ်။စင်စစ်သော်
ကား။ဤမတ္တလုင်္ဂပဋ္ဌကန်၌ပြဆိုခဲ့သောအစာသစ်အိမ်၏အောက်အရင်၌အ
စာကျက်အိမ်၏အထက်အချပ်အမိ၏ဝမ်းလွှာအာ၏ကျောက်ကုန်းသားတို့

၏အလယ်သွန်းစွာကျဉ်းမြောင်းသောကြီးစွာသောအရိက်တိုက်၌ အတူးတူးသောပုတ်သောအနံ့တို့ဖြင့်လှိုင်ရာလွန်စွာမစင်ကြယ်သောအနံ့တို့ဖြင့်ပြွမ်းသောလွန်စွာစက်ဆုပ်ရွံရှာဘွယ်ရှိသောအမိဝမ်းတိုက်အခရင်း၌ ငါးပုပ်မယောပုတ်တို့ကိုပြပ်စွန့်ရာဘစိအိုင်တို့၌ဖြစ်ပွားသော ပိုးတို့ကဲ့သို့ပဋိသန္ဓေအားဖြင့်ဖြစ်ပွားကြရကုန်သည်။ ထိုသို့ဖြစ်ကြကုန်သောသတ္တဝါတို့သည်။ ဆယ်လပတ်လုံးအမိဝမ်းတိုက်၌ဖြစ်သောတေဇောဓါတ်၏အငွေ့ဖြင့်ထုံအပ်သော ပုံညက်စိုင်ကဲ့သို့ ရင့်ခြင်းသို့ရောက်လျက်ကွေ့ခြင်းဆန့်ခြင်း ဇာရိယာပုထ်မှလည်း ကင်းကုန်သည်ဖြစ်၍ လွန်စွာသောဆင်းရဲကို။ ခံစားကြရကုန်သည်။ အမိဖြစ်သောသူသည်။ အလျင်တသောသွားလာ၍ ချော်ချွတ်ခြင်းမကောင်းသဖြင့် သွားခြင်းမကောင်းသဖြင့်ထိုင်ခြင်းမကောင်းသဖြင့် ထခြင်းမကောင်းသဖြင့် ပြန်လှန်လူးလည်းခြင်းအစရှိသည့်တို့ကိုပြုသောအခါတို့နှက် သေသောက်ကျူး၏လက်သို့ရောက်သောဆိတ်ကဲ့သို့ လည်းကောင်း။ အလမ္ဗာယ်၏ လက်သို့ရောက်သော မြွေငယ်ကဲ့သို့၎င်း။ ဈေးရှု ငင်ခြင်း လက်ဝဲ လက်ျာသို့ ဝင်ခြင်း အောက်သို့ချခြင်း အထက်သို့မြှောက်ခြင်း အစရှိသော အမိ၏ လုံ့လပယောဂကြောင့် ပြင်းစွာသောဆင်းရဲကိုခံစားရကုန်သည်။ အမိဖြစ်သောသူသည် မြေသော ရေကို သောက်သောအခါ လောကန္တရိက် ငရဲသို့ကျဘိသကဲ့သို့၎င်း။ အမိသည်ပူသောယာဂု။ ပူသောထမင်းအစရှိသည်တို့ကို မျိုသောအခါမီးကျီရေတွေ့ဖြင့် ထက်ဝန်းကျင်မှရံဘိသကဲ့သို့၎င်း။ အမိသည်ငံသောအရသာ ချဉ်သောအရသာအစရှိသည်တို့ကိုမျိုသောအခါ၌။ ကိုယ်အသုံးကိုအရေခွါ၍ဆင်ပျာဖြင့်လိမ်းကျံသော ကမ္မကရဏာကိုခံရသောအခါကဲ့သို့၎င်း လွန်စွာသောဆင်းရဲကိုခံစားကြရကုန်သည်။ ။ဤစကားအစဉ်ကားသမ္မောဟဝိနောဒနီဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့နှက်။သဠာယတနိဒ္ဒေသ ဝိဘင်းအဘွင့်တို့တွင်လာသည်။ ။ဤသို့သဘောရှိသောဆင်းရဲကိုငါသည်၎င်း။ ငါမှတပါးဝန်တွင်းသားတို့သည်၎င်း ခံစားရသလေဟြ။သတိပညာနှင့်ပြည့်စုံကြကုန်သောရှေးရှေးသောသူတော်ကောင်းတို့သည်ဤသို့သဘောရှိသော ဇာတိဒုက္ခကိုယထာဘူတဉာဏ်ဖြင့်သိမြင်လတ်၍။ဤကာယဂတာသတိ၏အာရုံဖြစ်သော သုံးဆယ့်နှစ်ပါးသောကောဋ္ဌာသအစုကို ရှုဆင်ခြင်သောအားဖြင့်။ အမိဝမ်းတိုက်တည်းဟူသောအိမ်ကိုဖျက်ဆီးလျက်။ သုသာန်မြေကိုသုတ်သင်၍။ ဘု

ရေးပစ္စေကဗုဒ္ဓါသာဝကကြဖြစ်၍၊ပရိနိဗ္ဗာန်စံယူတော်မူကြလေကုန်ပြီ။ ငါ
တမူလည်း ဤသူတို့ကဲ့သို့ပင် ဤကောဋ္ဌာသအရကို ဘာဝနာဉာဏ်သို့
တင်၍။ဓာတ်ဒုက္ခမှကင်းလွတ်ရအောင်လွန်စွာအားထုတ်မည်ဟူ၍ ကြံ
အောက်မေ့ရာသည်။ ။ဤမဏ္ဍလုဂ်ကောဋ္ဌာသကား ငက်ဆုတ်ရှ ရှာ
ဘွယ်ဖြစ်၍နားမှုမထောင်လျှင်း၍။ အတိမှာလျှင်ဘာဝနာဉာဏ်သို့တင်
၍ဆင်ခြင်သုံးသင်ဝံ့အံ့နည်းဟူ၍ စိတ်၏တွန့်တိုခြင်း ဆုတ်နစ်ခြင်းကိုမ
ဖြစ်စေရာ။ ။ဤသည်ကား မဏ္ဍလုဂ်ပဋ္ဌကန္တိက် သြဝါဒအနုသာသနီ
တည်း။ ။မေဒသကဏ္ဍပိဏ္ဍဟူသောကောဋ္ဌာသသည်။ ။ဗဒ္ဓပိဏ္ဍအ
ဗဒ္ဓပိဏ္ဍအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်။ ဗဒ္ဓပိဏ္ဍသည်အ
ဆင်းအားဖြင့်ပြစ်ချွဲသောသစ်မည်စည်စေ့အဆင်းနှင့် တူသောအဆင်းရှိ
၏။အဗဒ္ဓပိဏ္ဍသည် ဟောင်းသောညှိုးနွမ်းသော တဘာန်ပုပြင်အင်သော
ရေနှင့်ရောသော သစ်မည်စည်ဆီ၏အဆင်းနှင့်တူသော အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့်နှစ်ပါးရုံသောပိဏ္ဍသည်တည်ရာအရပ်လျှင် သဏ္ဌာန်ရှိ
၏။အရပ်အားဖြင့်ဗဒ္ဓပိဏ္ဍသည်ကိုယ်၏အထက်ဖြစ်သောအရပ်၌ဖြစ်၏။
အဗဒ္ဓပိဏ္ဍသည်ကိုယ်၏အောက်အရပ်အထက်အရပ်၌ဖြစ်၏။တည်ရာ
အားဖြင့်အဗဒ္ဓပိဏ္ဍသည်ဆံ အမွေး သွား ခြေသည်း လက်သည်းအသား
မှလွတ်ရာအရပ် ခက်မာသောအရေအရပ်တို့ကို ချွင်းရန်၍ရေနိုက်ကျ
သောဆီပေါက်သည် ပျံ့နှံ့၍တည်သကဲ့သို့ ကြွင်းသောကိုယ်အလုံးကိုပျံ့
နှံ့၍တည်၏။ဤဗဒ္ဓသည်းခြေပျက်သည်ရှိသော်မျက်စိတို့သည်ဝါသောအ
ဆင်းရှိသောအဆင်းရှိကုန်သည်။ကိုယ်တုံလှုပ်ကုန်သည်။သားယံကုန်
သည်။ ဗဒ္ဓသည်းခြေသည်နှလုံးအဆုတ်တို့၏အလယ်အကြား၌အသည်း
ဟူသောအသားကိုမှီ၍တည်သော သပွတ်ခါးသီးအတွင်းနှင့် တူသော
သည်းခြေအိမ်၌တည်၏၊ဤဗဒ္ဓသည်းခြေပျက်သည်ရှိသော်၊ သတ္တဝါတို့
သည်ရူးသွပ်ကုန်သည်စိတ်ပျံ့လွင့်ကုန်သည်၊ ဟိရိဩတ္တပ္ပတရားကိုစွန့်
၍မပြုအပ်သောအမှုကိုပြုကုန်သည်၊ မဆိုအပ်သောစကားကို ဆိုကုန်
သည်။မကြံအပ်သောအကြံကိုကြံကုန်သည်။ ။ဤပိဏ္ဍဟူသောကော
ဋ္ဌာသကိုလည်းပဋိကူလမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။
ဓာတုမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်ကား။ ။ပိဏ္ဍေသု။
သည်းခြေတို့တွင်။အဗဒ္ဓပိဏ္ဍံ၊အအိမ်ဖြင့်မဖွဲ့အပ်သောသည်းခြေသည်။
ဇိဝှာယ် ပြီးသ ပဉ္စဗိန္ဒု၊ ငုံ၏ဇိဝိတ်ငြိမ်းနှင့်ငပ်သည်ဖြစ်၍။ သကလသရီယံ။

ကိုယ်အလုံးကို။ဗျာပေတွာ။နှံ့စေ၍။ဋ္ဌိတံ။တည်၏။ဗဒ္ဓပိတ္တံ။ အဒ္ဒိမ်ဖြင့်ဖွဲ့အပ်သောသည်းခြေသည်။ပိတ္တကောသကေ။ သည်းခြေအိမ်၌။ ဋ္ဌိတံ။တည်၏ ။တတ္ထ။ထိုသို့တည်ရာ၌။ ပုဝံ၊မုံ့ကို။ ဗျာပေတွာ။ နှံ့၍။ ဋ္ဌိတေ။တည်သော။တေလေ။ဆီ၌။ပုဝံ။မုံ့သည်။မံ။ငါမုံ့ကို။တေလံ။ဆီသည်။ဗျာပေတွာ။နှံ့၍။ဋ္ဌိတံ။တည်၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။တေလံပိ။ဆီကလည်း။အဟံ၊ငါဆီသည်။ပုဝံ၊မုံ့ကို။ ဗျာပေတွာ၊နှံ့၍။ဋ္ဌိတံ။တည်ရပေ၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ ဧဝမေဝ။ဤအတူ၊သရိယံ။ကိုယ်သည်။မံ။ငါကိုယ်ကို။အဗဒ္ဓပိတ္တံ။ အဗဒ္ဓသည်းခြေသည်။ဗျာပေတွာ။နှံ့၍။ဋ္ဌိတံ၊တည်လာ၏။ ဣတိ။ဤသို့။နဇာနာတိ။ မသိ။အဗဒ္ဓပိတ္တံပိ။အဗဒ္ဓသည်းခြေကလည်း။ အဟံ။ငါအဗဒ္ဓသည်းခြေသည်။ သရိယံ။ကိုယ်ကို။ဗျာပေတွာ။နှံ့၍။ဋ္ဌိတံ။တည်ရပေ၏။ဣတိ၊ဤသို့။ နဇာနာတိ။မသိ။ဝဿောဒကေန။မိုးယံရေဖြင့်။ပုဏ္ဏေ၊ပြည့်သော။ ကောသာတကီကောသကေ။ သပွတ်ခါးသီး၏အအိမ်၌။ ကောသာတကီကောသကော။သပွတ်ခါးသီး၏အအိမ်သည်။မယိ။ ငါသပွတ်ခါးသီး၏အတွင်း၌။ ဝဿောဒကံ။မိုးယံရေသည်။ ဋ္ဌိတံ။တည်၏။ ဣတိ။ဤသို့။နဇာနာတိ။မသိ။ဝဿောဒကံပိ။မိုးယံရေကလည်း။ အဟံ။ ငါမိုးယံရေသည်။ ကောသာတကီကောသကေ။သပွတ်ခါးသီး၏အတွင်း၌။ ဋ္ဌိတံ။ တည်ရပေ၏။ ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ဧဝမေဝ။ဤအတူ။ပိတ္တကောသကော။ဗဒ္ဓသည်းခြေအိမ်သည်။မယိ၊ငါသည်းခြေအိမ်၌။ ဗဒ္ဓပိတ္တံ။ ဗဒ္ဓသည်းခြေသည်။ဋ္ဌိတံ။တည်၏။ ဣတိ။ဤသို့။ နဇာနာတိ။မသိ။ ဗဒ္ဓပိတ္တံပိ။ ဗဒ္ဓသည်းခြေကလည်း။အဟံ။ငါဗဒ္ဓသည်းခြေသည်။ ပိတ္တကောသကေ။ သည်းခြေအိမ်၌။ဋ္ဌိတံ။တည်ရပေ၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။ ဧတေ ဓမ္မာ။ဤဗဒ္ဓသည်းခြေအဗဒ္ဓသည်းခြေထိုသည်းခြေတို့၏ တည်ရာအရပ်ဟုဆိုအပ်သောတရားအစုတို့သည်။အညမညံ။အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏာရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ ဣတိ။ဤသို့။ပိတ္တံနာမ။သည်းခြေမည်သည်ကား။ဣမသ္မိံ သရီရေ။ ဤကိုယ်၌။ပါဋိယေက္ကော၊အသီးအခြားဖြစ်သော။ကောဋ္ဌာသော။ အစုတည်း။ အစေတနော။စိတ်စေတနာလည်းမရှိ။ အဗျာကတော။ အဗျာကတတရားသာတည်း။သုညော။အတ္တမှဆိတ်၏။ နိဿတ္တော။သတ္တဝါလည်းမဟုတ်။ ယုသဘူတော။အစေ့ဖြစ်၍ဖြစ်သော။ အာဗန္ဓနာကာယော။ဖွဲ့တတ်သော

အချင်းအရာရှိသော။အာပေါခါတု။အာပေါခါတ်တည်း၊ ။ဤသို့ပြဆို
အင်ပြီးသောနည်းဖြင့်။ပိတ္တဟူသောကောဋ္ဌာသကို။ ခါတုမနသိကာရ
အားဖြင့်ပွါးများသုံးသင်ရာသည်။ ။သေမှဟူသောကောဋ္ဌာသသည်။
ကိုယ်၏အတွင်း၌တခွက်မျှလောက်သော ပမာဏ ရှိသောသလိပ်တည်း။
ထိုသေမှဟူသောကောဋ္ဌာသသည်အဆင်းအားဖြင့် ဖက်သက်ငရော်
ရွက်ရည် အဆင်းနှင့်တူသော ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်
တည်ရာအရပ်လျှင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့်ကိုယ်၏အထက်အရပ်
၌ဖြစ်၏။တည်ရာအားဖြင့်ဝမ်းလွှာ၌တည်၏၊ထိုသလိပ်သည်ဘောဇဉ်အ
စရှိသည်တို့ကိုမျိုသောအခါ၌ပမာဏကား၊ရေအပြည့်၌ရှိသောမှော်၏
အထက်သို့ သစ်သားသည်၎င်း၊အိုးချမ်းသည်၎င်းကျလတ်သည်ရှိသော်
နှစ်ဖြာကွဲသျက် တဘန်စေ့ငပ်၍တည်သကဲ့သို့။ ထိုအတူဘောဇဉ်အစ
ရှိသည်တို့သည်ကျလတ်သည်ရှိသော် နှစ်ဖြာကွဲ၍တဘန်လွှမ်းမိုးလျက်
တည်ပြန်၏။ထိုသလိပ်သည်နည်းစွာနှံ့စွာဖြစ်သည်ရှိသော်၊ မှည့်သော
အိုင်းအမာကဲ့သို့၎င်း ပုပ်သော ကျက်ဥကဲ့သို့၎င်း။ ဝမ်းကိုလှန်စွာစက်
ဆုတ်ဘွယ်ရှိသောမကောင်းသောအနံ့ကိုလှိုင်စေ၏။ထိုပုပ်သောသလိပ်
မှတက်သောအနံ့ကြောင့်ကျို့ထိုးခြင်းမကောင်းသောအနံ့ရှိခြင်းတို့ဖြင့်
ပုပ်သောအနံ့သည်လှိုင်၏။ ထိုသို့မကောင်းသောအနံ့ရှိသောသူကိုပရိ
သတ်တို့ကသင်သည် အခြားသို့သွားလော့ဟု ဆိုအပ်သည်၏အဖြစ်သို့
ရောက်၏၊ထိုသလိပ်သည်ပွားလတ်၍များသည်၏အဖြစ်သို့ ရောက်လတ်
သည်ရှိသော်။ပဋ္ဋကုဋ္ဌ်၌ပိတ်အင်သောပျဉ်ကဲ့သို့ ဝမ်းလွှာ၏အတွင်း၌သာ
လျှင် အပုပ်အနံ့ကို ကောင်းစွာပိတ်ဆို့၍တည်၏။ ဤသေမှဟူသော
ကောဋ္ဌာသကိုပဋိကူလမနသိကာရအားဖြင့်ပွားများသုံးသင်ရာသည်။ ။
ခါတုမနသိကာရအားဖြင့်ပွားများသုံးသင်ရာသည်ကား။ ။သေမှ။သ
လိပ်သည်။ကေပဒ္ဒဿရပ္ပမာဏ၊တခွက်ပြည့်လောက်ရုံမျှသော ပမာဏ
ရှိသည်ဖြစ်၍၊ဥဒရပဋလေ။ဝမ်းလွှာ၌ ဋ္ဌိတံ။တည်၏။ဘဇ္ဇ၊ ထိုသို့တည်
ရာ၌ ဥပရိ အထက်၌၊ သဥ္ဓာဘာပဒေလောပဋလာ ။ ဖြစ်သောအမြှုပ်လွှာ
ရှိသော။ဝန္ဓိကာယ။တစ်းအိုင်၌ ဝန္ဓိကာ ။တစီးအိုင်သည်။မယိ။ငါတစီး
အိုင်၌ ဖေဿာပဋလဒိ အမြှုပ်လွှာသည်။ ဋ္ဌိတံ။တည်လာ၏။ ဇာတိ။ဤသို့။န
ဇာနာတိ။ မသိသကဲ့သို့။ ဧဝမေဝ။ဤအတူ။ ဥဒရပဋလံ။ဝမ်းလွှာ
သည်။မယိ။ငါဝယ် သွှာ၌။သေမှ သင်္ခါသည်။ ဋ္ဌိတံ၊တည်လာ၏။ဇာတိ။

ဤသို့။ နဇ္ဇာနာဝတိ။မသိ၊သေမွံ။သလိင်ကလည်း။ အဟံ။ငါသလိပ်သည်။ဥ
ဒရပဥ္စလေ။ဝမ်းလွှာ၌။ဌိတံ။တည်ရပေ၏။ဣတိ။ဤသို့။ နာဇ္ဇာနာတိ။မသိ။
ဧတေခမ္မာ။ ဤသလိပ်၏တည်ရာအရပ်သလိပ်တို့သည်။ အညမညံ။ အ
ချင်းချင်း။အာဘောဂပစ္စဝေက္ခဏာရဟိတာ။နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း
မှကင်းကြကုန်၏။ ဣတိ။ဤသို့။ သေမှ နာမ။သလိပ်မည်သည်ကား။ ဣမ
သ္မိံ သရီရေ။ဤကိုယ်၌။ ပါဋိယေက္ကော။အသီးအခြားဖြစ်သော။ ကောဋ္ဌာ
သော။အဘုတည်း။အစေတနော။စိတ်စေတနာမရှိ။အဗျာကတော။ အဗျာ
ကတတရားသာတည်း။ သုညော။ အတ္တမှဆိတ်၏။ နိဿတ္တော။သတ္တဝါ
လည်းမဟုတ်။ယုသဘူတော။ အစေ့ဖြစ်၍ဖြစ်သော။ အာဗန္ဓနာကာရော။
ဖွဲ့တတ်သောအချင်းအရာရှိသော။အာပေါဓာတု။အာပေါဓာတ်တည်း။ ။
ဤသို့သောနည်းဖြင့်သေမှဟူသောကောဋ္ဌာသကိုဓာတုမနသိကာရအား
ဖြင့်ပွားများဆင်ခြင်ရာသည်။ ။ပုဗ္ဗဟူသောကောဋ္ဌာသသည်၊သွေးဟူ
သောကောဋ္ဌာသ၏ပုပ်သည်၏အစွမ်းဖြင့်ဖြစ်သော ပြည်ဟူသောကော
ဋ္ဌာသတည်း။ ထိုပုဗ္ဗဟူသော ကောဋ္ဌာည်သည်။ အဆင်းအားဖြင့် ဖက်
ရွက်လျော်အဆင်းနှင့်တူသောအဆင်းရှိ၏။ သေသောသူ၏ကိုယ်၌ကား။
ပုပ်သိုးသည်ဖြစ်၍ပင်စွန့်သောကစိရည်၏အဆင်းနှင့်တူသော အဆင်းရှိ
၏၊သဏ္ဌာန်အားဖြင့်မိမိ၏တည်ရာအရပ်သျှင်သဏ္ဌာန်ရှိ၏။ အရပ်အား
ဖြင့်ကိုယ်၏ အောက်အရပ် အထက်အရပ်၌ ဖြစ်၏။ တည်ရာအားဖြင့်
ကား။မြဲသောအရပ်မည်သည်မရှိ။သစ်ငုပ်ဆူးငြောင့်လက်နက်မီးလျှံအ
စရှိသည်တို့ဖြင့်ထိပါးရာကိုအရပ်၌လောဟိတဟူသောကောဋ္ဌာသသည်
ရေဝေးလတ်၍ကျက်ခြင်း မျှည့်ခြင်းသို့ရောက်၏။ အိုင်းအမာအစရှိသည်တို့
သည်လည်းဖြစ်ကုန်၏။ထိုထိုအရပ်သည်ပင်လျှင်တည်ရာတည်း။ ။ဤ
ပုဗ္ဗဟူသောကောဋ္ဌာသကိုအဆင်းသဏ္ဌာန်အနံ့အရပ်တည်ရာအားဖြင့်
စက်ဆုတ်ရွံရှာဘွယ်ရှိ၏ဟူ၍။ပဋိကူလမနသိကာရအားဖြင့်ပွါးများသုံး
သပ်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်သုံးသပ်ဆင်ခြင်ရာသည်
ကား။ပုဗ္ဗော။ပြည်သည်။အနိဗဒ္ဓေါကာသော။မမြဲသောအရင်ရှိ၏။ ယတ္ထ
ယတ္ထ။အကြင်အကြင်ကိုယ်အရပ်၌သာလျှင်။ ခါဏုကဏ္ဍကပ္ပဟာရ
ဏာအဂ္ဂိဇာလာဒီဟိ၊သစ်ငုပ်ဆူးငြောင့်လက်နက်မီးလျှံအစရှိသည်တို့သည်။
အဘိဟတေ။ထိပါးအပ်သော။ သရီရပ္ပဒေသေ။ကိုယ်အရပ်၌။ လောဟိ
တံ။သွေးသည်။သဏ္ဌဟိတွာ။ ရဝေး၍။ပစ္စတိ။ကျက်၏။ ဂဏ္ဍပိလကာဒ

ယောဝါ။ အိုင်းအမာထွက်မြင်းနာအစရှိသည်တို့သည်လည်း။ ဥပ္ပန္နာနီ။ ဖြစ်ကုန်၏။တဿတက္ကဿ။ထိုထိုထိရာကိုယ်အရပ်နှိုက်သာလျှင်။ ထိဋ္ဌတိ။ တည်၏။ဘဋ္ဌ။ထိုသို့တည်ရာနှိုက်။ ပရသုပ္ပဟာရာဒိဝသေန။ ပုဆိန်၏ ပုတ်ခတ်ခြင်းအစရှိသည်တို့၏အစွမ်းဖြင့်။ပဂရိတာနိယျာသေ။ယိုစီးသော အစေးရှိသော။ရုက္ခေ။မှားစောင်းကြီးအစရှိသောသစ်ပင်နှိုက်။ ရုက္ခသ။ သစ်ပင်၏။ပဟာရာဒိပ္ပဒေသာ။ ပုတ်ခတ်ရာအစရှိသည်တို့သည်။ အမှေသု။ငါပုတ်ခတ်ရာအရပ်တို့၌။ နိယျာသော။အစေးသည်။မွှတော။ တည် လာ၏။ဣတိ။ဤသို့။နစာနာဝိယ ထာ။မသိသကဲ့သို့။နိယျာသောပိ။အစေး ကလည်း။အဟံ။ငါအစေးသည်။ရုက္ခသ။သစ်ပင်၏။ပဟာရာဒိပ္ပဒေသေ သု။ပုတ်ခတ်ခြင်းအစရှိသည်တို့ကိုပြုရာအရပ်တို့၌။မွှတော။ တည်ရပေ ၏။ဣတိ။ဤသို့။ နစာနာဝိယထာ။မသိသကဲ့သို့။ဧဝမေဝ။ဤအတူ။ သရီ ယာသာ၊ကိုယ်၏။ခါဏုကဏ္ဍကာဒိပဟိ။ သစ်ငုတ်ဆူးငြောင့် အစရှိသည် တို့သည်။အဘိဟတပ္ပဒေသာ။ထိပါးအပ်သောအရပ်တို့သည်။ အမှေသု။ ထိပါးအပ်သောအရပ်ဟုဆိုအပ်သောငါတို့၌။ပုဗ္ဗော။ပြည်သည်။မွှတော။ တည်လာ၏။ဣတိ။ဤသို့။နစာနာတိ။မသိ။ ပုဗ္ဗောပိ။ပြည်ကလည်း။အဟံ။ ငါပြည်သည်။တေသုပဒေသု၊ထိုဆူးငြောင့်တို့၏။ထိပါးရာအရပ်တို့၌။မွှ တော။တည်ရပေ၏။ ဣတိ။ဤသို့။နစာနာတိ။ မသိ။ဧဝေတေ ဓမ္မာ။ ဤဆူး ငြောင့်တို့ဖြင့်ထိပါးရာအရပ်ပြည်ဟုဆိုအပ်သောကောဋ္ဌာသ တရားတို့ သည် အညမညံ။ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံး သွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ။ဤသို့။ပုဗ္ဗောနာမ ပြည်မည် သည်ကား။ဣမသ္မိံ။သရီရေ။ဤကိုယ်၌။ပါဠိပေဘဒ္ဒော။ အသီးအခြားဖြစ် သော။ကောဋ္ဌာသော။အစုတည်း။ ။သ အာပေါဓာတု။အာပေါဓာတ်သာ တည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်။ပုဗ္ဗဟူသောကောဋ္ဌာသကိုဓာ တုမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်။ ။လောဟိတဟူသော ကောဋ္ဌာသသည်၊ သန္နိစိတလောဟိတ။သံသရဏလောဟိတ နှစ်ပါးအပြား ပြားရှိသည့် ထိုနှစ်ပါးတို့တွင်။သန္နိစိတလောဟိတသည် ကြိုချက်အပ်သော ချဲပြစ်သော ချိပ်ရည်အဆင်းနှင့်တူသောအဆင်းရှိ၏။သံသရဏလောဟိ တသည် ကြည်လင်သောချိပ်ရည်အဆင်းနှင့်တူသောအဆင်းရှိ၏။သဏ္ဌာန် အားဖြင့်တည်ရာအရပ်လျှင်သဏ္ဌာန်ရှိ၏။အရပ်အားဖြင့်သန္နိစိတလော ဟိတသည် ကိုယ်၏အထက်အရပ်၌ဖြစ်၏။သံသရဏလောဟိတသည်။

ကိုယ်၏ခြေအောက်အရပ်အထက်အရပ်နှိုက်ဖြစ်၏။တည်ရာအားဖြင့်သံသရဏာလောဟိတသည်။ ဆံအမွေးခြေသည်းလက်သည်းတို့၏ အသားမှလွတ်၍တည်သော ဆံအမွေးသွားခြေသည်းလက်သည်း အရင်ကိုရင်း။ ခက်မာချောက်တတ်သော အရေကိုရင်း။ချွင်းချန်၍ အကြောတည်းဟူသောကွန်ယက်သို့အစဉ်လျှောက်သောအားဖြင့် အလုံးရုံသောဥပါဒိဏ္ဏကိုယ်ကိုပျံ့နှံ့၍တည်၏။သန္နိစိတလောဟိတသည်အသည်းသား၏ အောက်အဘို့ကိုပြည့်လျှမ်းစေ၍ တခွက်ပြည့်လောက်ရုံမျှ ရှိလျက်နှလုံးအညှိအဆုပ်တို့၏အထက်၌ ဇဉ်းငယ်ဇဉ်းငယ်ယိုစီးသည်ကိုပြု၍အညှိနှလုံးအဆုပ်တို့ကိုစွတ်စိုလျက်တည်၏။ ထိုသန္နိစိတသွေးသည်။ အညှိနှလုံးအစရှိသည်တို့ကိုမစွတ်စိုသည်ရှိသော်သတ္တဝါတို့သည်ရေသိပ်ခြင်းဖြစ်ကုန်သည်။ ။ဤလောဟိတဟူသောကောဋ္ဌာသကိုပဋိကူလမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်ကား။ ။လောဟိတေသု။ သွေးတို့တွင်။သံရဏလောဟိတံ။ရွေ့ရှားသောသွေးသည်။ပိတ္တံဝိယ။အဗဒ္ဓသည်းခြေကဲ့သို့။သကလသရီယံ။ကိုယ်အလုံးကို။ ဗျာပေတွာ။နှံ့၍။ဌိတံ။တည်၏။ သန္နိစိတလောဟိတံ။ ရဝေးသောသွေးသည်။ ယကနဋ္ဌာနဿ။အသည်းအရင်၏။ဟေဋ္ဌာဘာဂံ။အောက်အဘို့ကို။ပူရေတွာ။ပြည့်စေ၍။ဧကပတ္တပူရမတ္တံ။တခွက်ပြည့်လောက်ရုံမျှဖြစ်၍။ ဝက္ကဟဒယယကနပပ္ဖာသာနိ။အညှိနှလုံးအသည်းအဆုပ်တို့ကို။တေမေန္တံ။စွတ်စေလျက်။ ဌိတံ။တည်၏။တတ္ထ။ ထိုသို့တည်ရာ၌။သံသရဏလောဟိတေ။ ရွေ့ရှားသောသွေး၌။ အဗဒ္ဓပိတ္တသဒိသော၀။ အဗဒ္ဓပိတ္တ၌ပြဆိုခဲ့သောအဆုံးအဖြတ်နှင့်တူသည်သာလျှင်ဖြစ်သော။ဝိနိစ္ဆယော။အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော။ သိအပ်၏။ဣတရံ။ ရဝေး၍တည်သောသွေးသည်ကား။ ဇဗ္ဗရကပါလေ၊အိုးကွဲ၌။ဩဝဋ္ဋေ။မိုးရည်ဟုဆိုအပ်သော။ ဥဒကေ။ရေသည်။ ဟေဋ္ဌာ။အိုးကွဲ၏အောက်၌ လေဍုခဏ္ဍာဒီနိ။ ခဲအခဲကျိုး ကျောက်ပိုင်းအစရှိသည်တို့ကို။တေယမာနေ။စွတ်စေသည်ရှိသော်။လေဍုခဏ္ဍာဒီနိ။ ခဲအခဲကျိုးကျောက်ပိုင်းအစရှိသည်တို့သည်။ မယံ။ငါတို့ခဲအစရှိသည်တို့ကို။ ဥဒကေန။ရေသည်၊တေမိယမာနာ။ စွတ်စိုစေလျက်။ ဌိတာ၊တည်ပေကုန်၏၊ဣတိ။ဤသို့။နဇာနန္တိယထာ။မသိကုန်သကဲ့သို့။ ဥဒကံပိ။ အိုးကွဲမှစသောရေကလည်း။အဟံ။ငါရေသည်။လေဍုခဏ္ဍာဒီနိ။ ခဲအခဲကျိုး။ကျောက်ပိုင်းအစရှိ

သည်တို့ကို၊တေမေမိ။စွပ်စိုရ၏၊ဇာတိ။ဤသို့။နစာဝတိယထာ။ မသိသကဲ့သို့။ ဝေဝမေဝ၊ဤအတူ။ ယကနသ။အသည်း၏။ ပဟဋ္ဌာဘာဂဋ္ဌာနံဝါ။ အောက်အဘို့အရပ်သည်၎င်း။ ဝက္ကာဒီနိဝါ။ အညှိအစရှိသည်တို့သည်၎င်း၊မယိ၊ငါ၊အညှိ အစရှိသည်နှင့်။ လောဟိတံ။သွေးသည်။ဌိတံ။တည်၏။အမှေဝါ။ငါတို့အသည်းအညှိ အစရှိသည်တို့ကိုသည်း။တေမယမာနံ။စွပ်စိုလျက်။ဌိတံ။တည်၏။ဇာတိ။ဤသို့။ နစာနန္တိ။မသိကြကုန်။လောဟိတံဝိ။သွေးကလည်း။အဟံ။ငါသွေးသည်။ ယကနသ။အသည်း၏။ ပဟဋ္ဌာဘာဂံ။အောက်အဘို့ကို၊ပူရေတွာ၊ပြည့်စေ၍။ ဝက္ကာဒိနိ၊အညှိ အစရှိသည်တို့ကို။တေမယမာနံ။စွပ်စိုစေလျက်။ ဌိတံ။တည်၏၊ဇာတိ။ဤသို့။နစာနာတိ။ မသိ။ဧတေဓမ္မာ။ ဤရေး၍တည်သော သွေးအညှို့နှလုံးအသည်းအစုပ်ဟုဆိုအပ်သောကောဋ္ဌာသတရားတို့သည်။ အညမညံ။အချင်းချင်း။အာဘောဂပစ္စဝေက္ခဏာရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏၊ဇာတိ။ဤသို့။ လောဟိတံနာမ။သွေးမည်သည်ကား၊ ဇာမသို့သနေ။ဤကိုယ်၌။ဒိုင်သော။အသိအခြား ဖြစ်သော။ ကောဋ္ဌာသအစုတည်း။ ။လ အ ပေါ်ခါတု။ အာပေါဓာတ်သာတည်း၊ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်လောဟိတဟူသော ကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့်ဥဿုံးများသုံးသပ်အပ်သည်။ ။သေဒဟူသောကောဋ္ဌာသသည်အမွေးတွင်းအစရှိသည်တို့မှ ယိုကျထွက်စီးသော အာပေါဓာတ်တည်း။ထိုသေဒဟူသောကောဋ္ဌာသသည် အဆင်းအားဖြင့်ကြည်လင်သော နှမ်းဆီ၏အဆင်းနှင့်တူသောကြည်သောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်။တည်ရာအရပ်နှင့်သဏ္ဌာန်ရှိ၏။အရပ်အားဖြင့်ကိုယ်၏အောက်အရပ်အထက်အရပ်တို့နှင့်ဖြစ်၏။တည်ရာအားဖြင့်။မြဲသောမည်သည်မရှိ၊မီးပူနေပူဥတု၏သောက်ပြန်ခြင်းအစရှိသည်တို့ကြောင့်ကိုယ်၏ပူပန်ခြင်းဖြစ်သောအခါ ရေမှုတ်ကာမှဖြစ်သော မညီမညွတ်ဖြတ်အပ်သောကြာခွယ်ကြာပင်းကုမုဒ်ရောကြာရိုးအစည်းတို့မှယိုကျသောရေကဲ့သို့အမွေးရှိသောတွင်းအမွေးတွင်းတို့မှယိုကျသောအရည်ပင်တည်း။ထိုကြောင့် ထိုသေဒဟူသောကောဋ္ဌာသ၏တည်ရာကိုလည်း အမွေးတွင်းမွေးတွင်းဖြင့်သာလျှင်။ဤသေဒဟူသောကောဋ္ဌာသကို သိမ်းဆည်းအပ်ခြင်သောသေဒပုဂ္ဂိုလ်သည်။အမွေးတွင်းမွေးတွင်းတို့ကိုပြည့်လျှမ်းစေ၍တည်သောသေဒချွေးကို။ကောဋ္ဌာသအားဖြင့်သုံးသပ်ဆင်ခြင်ရာ၏။ ။ဤသေဒ

ဟူသောကောဋ္ဌာသကို။ ပဒိုကူလမနသိကာရအားဖြင့် ပွားများသုံးသပ်ရာသည်။ ။ခါတုမနသိကာရအားဖြင့်ပွားများသုံးသင်ရာသည်ကား။ ။သေဒေါ။ချွေးသည်။ အဂ္ဂိသန္တာပါဒိကာလေသု။ မီးပူသောကာလအစရှိသည်တို့၌။ကေသလောမကူပဝိဝရာနီ။ဆံတွင်းမွေးတွင်းတို့ကို။ပူရေတွာ။ပြည့်စေ၍။တိဋ္ဌတိစေဝ။တည်လည်းတည်၏။ ပဃ္ဃရတိစ။ယိုလည်းယိုစီး၏။တဿ။ထိုတည်ရာယိုစီးရာနိုက်။ ဥဒကာ။ရေမှ။ အပ္ပဋိလမဘ္တေသု။ နုတ်ယူကာမျှဖြစ်ကုန်သော။ဘိသမူလာဠုကုမုဒနာဠကလာပေသု။ ကြာစွယ်ကုမုဒ္ဒရာကြာရိုးတို့၏အစည်းတို့၌။ ဘိသာဒိကလာပဝိဝရာနီ။ကြာစွယ်အစရှိသည်တို့၏အစည်းတို့၏အပေါက်တို့သည်။ အမှေဟိ။ ငါတို့ကြာစွယ်ကြာရိုးအပေါက်တွင်းတို့မှ။ဥဒကံ။ရေသည်။ ပဃ္ဃရတိ။ယိုစီး၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ ဘိသာဒိကလာပဝိဝရေဟိ။ကြာစွယ်အစရှိသည်တို့ကိုခြည့်ဖွဲ့ရာထိုကြာစွယ်ကြာရိုးအပေါက်မှ၊ ပဃ္ဃရန္တံ။ယိုကျသော။ဥဒကံပိ။ရေကလည်း။အဟံ။ငါရေသည်။ဘိသာဒိကလာပဝိဝရေဟိ။ကြာစွယ်အစရှိသည်တို့၏။ အစည်းအဖွဲ့အကြားအပေါက်တို့မှ။ပဃ္ဃရာမိ။ယိုစီး၏။ ဣတိ။ဤသို့။ နဇာနာတိ။မသိ။ သေဒေါပိ။ချွေးကသည်း၊အဟံ၊ငါချွေးသည်။ကေသလောမကူပဝိဝရေဟိ။ ဆံတွင်းမွေးတွင်းတို့မှ။ပဃ္ဃရာမိ၊ယိုစီး၏။ဣတိ။ဤသို့၊နဇာနါတိ။မသိ။ဧတေဓမ္မာ။ ဤဆံတွင်းမွေးတွင်းဖြစ်သောအရင်။ချွေးဟုဆိုအပ်သော ကောဋ္ဌာသတရားတို့သည်။အညမညံ။အချင်းချင်း၊အာဘောဂပစ္စဝေက္ခဏရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ ဣတိ။ဤသို့။ သေဒေါနာမ။ချွေးမည်သည်ကား။ဣမသ္မိံသရီရေ။ဤကိုယ်၌။ပါဋိယေက္ကော။အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အစုတည်း။ ။လ။အာပေါဓာတု။ အာပေါဓာတ်သည်။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်သေဒဟူသောကောဋ္ဌာသကို၊ဓာတုမနသိကာရအားဖြင့်ပွားများသုံးသင်ရာသည်။ ။မေဒဟူသောကောဋ္ဌာသသည်၊ ပြစ်ခဲ့ခက်မာသောအဆီပြင်တည်း၊ ထိုမေဒဟူသောကောဋ္ဌာသသည်။ အဆင်းအားဖြင့် ခွဲအပ် ဖြတ်အပ်သော နနွင်းဥ အဆင်းနှင့်တူသော ရွှေသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် ဆူဖြိုးသောကိုယ်ရှိသောသူအား အရေတို့၏အကြား၌ တည်သည်ဖြစ်၍ ရွှေသောအဆင်းရှိသောဒုကူပုဆိုးနှမ်း၏သဏ္ဌာန်ရှိ၏။ ကြုံလှီသောကိုယ်ရှိသောသူအားမြင်ကောင်းသားပေါင်းသားကျောက်ကုန်းသားဝမ်းပြင်းသားတို့ကိုမှီ

၍နှစ်ထပ်သုံးထပ်ပြု၍ထားအပ်သော ရွှေသောအဆင်းရှိသောဘွဲပြုပုဆိုး
နှမ်းသလျှာန်ရှိ၏။အရင်အခါ၌ဖြင့်ကိုယ်၏အထက်အရင်အောက်အရင်၌
ဖြင်၏၊ တည်ရာအားဖြင့်ဆူသောကိုယ်ရှိသောသူအားကိုယ်အလုံးကိုနှံ့
၍တည်၏၊ကြုံလှီသောကိုယ်ရှိသောသူအား မြင်းခေါင်းသားအစရှိသည်
တို့ကိုမှီ၍တည်၏။ ဤမေဒဟူသောကောဋ္ဌာသသည်အဆီဟူ၍ခေါ်ဝေါ်
ရေတွက်အပ်သော်လည်း လွန်စွာစက်ဆုတ်ဘွယ် ရှိသည်၏ အဖြစ်
ကြောင့်လူတို့သည်ဆံဦးခေါင်းကိုသုတ်လိမ်းရာအလို့ငှါ၎င်း။ နှာနှပ်ဆီး
ပြုခြင်းငှါ၎င်း ယူ၍သိမ်းဆည်းခြင်းကိုမပြုကြကုန်။ ဤမေဒဟူသော
ကောဋ္ဌာသကိုပဋိကူလမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်။ ။
ဓာတုမနသိကာရအားဖြင့်ပွါးများဆင်ခြင်ရာသည်ကား။ ။မေဒေါ။အ
ဆီခဲသည်၊ထူလဿ။ ဆူသောကိုယ်ရှိသောသူအား။ သကလသရီယံ။
ကိုယ်အလုံးကို။ဖရိတွာ။နှံ့၍။ဌိတော။တည်သော။ပတ္တိန္နသိနေဟော။ဖြစ်
ချဲခက်မာသောအစေးတည်း။ ကိသဿ၊ ကြုံလှီသောကိုယ်ရှိသောသူ
အား။ဇင်္ဃမံသာဒီနိ။မြင်းခေါင်းသားအစရှိသည်တို့ကို၊ နိဿာယ၊မှီ၍ ဌိ
တော။တည်သော၊ပတ္တိန္နသိနေ့ဟော။ ဖြစ်ချဲခက်မာသောအစေးတည်း။
တတ္ထ။ထိုသို့တည်ရာ၌။ ဟလိဒ္ဒိပိလောတိကပရိဿဝနေ။ ရွှေသောပုဆိုး
နှမ်းဖြင့်ဖုံးသွမ်းအပ်သော။ မံသပုဉ္ဇေ၊အသားရာ၌၊ မံသပုဉ္ဇော။အသားရ
သည်။မံ။ငါအသားရကို။နိဿာယ၊မှီ၍။ဟလိဒ္ဒိပိလောတိကာ။ရွှေသော
ပုဆိုးနှမ်းသည် ဌိတာ၊တည်၏။ဣတိ။ဤသို့။နဇာနာတိ။ယ ထာ။မသိသကဲ့
သို့။ဟလိဒ္ဒိပိလောတိကာပိ။ရွှေသောအဆင်းရှိသောပုဆိုးနှမ်းကလည်း။
အဟံ။ငါရွှေသောအဆင်းရှိသောပုဆိုးနှမ်းသည်။ မံသပုဉ္ဇံ။အသားရကို။
နိဿာယ၊မှီ၍၊ဌိတာ၊တည်ရပေ၏၊ဣတိ။ဤသို့။နဇာနာတိယထာ၊ မသိ
သကဲ့သို့။ဧဝမေဝ။ဤအတူ။သကလသရီယေဝါ။ကိုယ်အလုံး၌၎င်း။ဇင်္ဃာ
ဒိသုဝါ။မြင်းခေါင်းအစရှိသည်တို့၌၎င်း၊မံသံ။ တည်သောအသားသည်။
မံ။ငါအသားကို။နိဿာယ။မှီ၍။မေဒေါ။ အဆီခဲသည်။ဌိတော။ တည်၏၊
ဣတိ။ဤသို့။နဇာနာတိ။မသိ။မေဒေါပိ။အဆီခဲကလည်း။အဟံ။ငါအဆီခဲ
သည်။သကလသရီယေဝါ၊ကိုယ်အလုံး၌၎င်း။ဇင်္ဃာဒိသုဝါ၊ မြင်းခေါင်းအ
စရှိသည်တို့၌၎င်း။မံသံ။တည်သောအသားကို၊ နိဿာယ၊မှီ၍။ ဌိတော။
တည်၏၊ဣတိ။ဤသို့၊နဇာနာတိ။မသိ။ဧဝံမေဝ။ ထိုမေဒဟူသောကော
ဋ္ဌာသ။ ထိုကောဋ္ဌာသ၏တည်ရာအရပ်ဟုဆိုအပ်သော တရေးအင်္ဂါတို့

သည်။အညမည်။အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဋ္ဌတိ။ဤသို့။မေဒေါနာမ။ အဆီခဲမည်သည်ကား။ ဋ္ဌမသို့ သရိယေ။ ဤကိုယ်၌။ပါဒိုယေတ္တော။ အသီးအခြားဖြစ်သော။ကောဋ္ဌာသသော။အာဂုတည်း။ လ။အာပေါဓာတု။ အာပေါဓာတ်သာတည်း။ ။ဋ္ဌတိ။ဤသို့ပြဆိုအပ်ပြီးသောနည်းဖြင့်။ မေဒဟူသော ကောဋ္ဌာသကို ဓာတုမနသိကာရအားဖြင့် ပွါးများ ဆင်ခြင် ရာသည်။ ။ဤမေဒဆက္ကကိုပဋိကူလမနသိကာရအားဖြင့်ဖြင်း။ ဓာတုမနသိကာရအားဖြင့်ဖြင်း။ပွါးများသုံးသင်ပြီးသောအခါ၌ဖြင်း။ ကြားနာပြီးသောအခါ၌ဖြင်း။ဤသို့အောက်မေ့ဆင်ခြင်ရာသည်။ ။ဆင်ခြင်ရာသည်ကား။ငါ၏အဇ္ဈတ္တဘောဟုဆိုအပ်သောကောဋ္ဌာသသည်။သွေးဟုဆိုအပ်သောကောဋ္ဌာသသည်ပင်။လက်ခြေစသောအင်္ဂါအစိတ်တို့၌ ရဂုံးလတ်၍။အိုင်းအမာစသည်တို့ကိုဖြစ်စေလျက်။ ပြည်တည်းဟူသောကောဋ္ဌာသကိုဖြစ်စေသောအားဖြင့်ပျက်စီးဘောက်ပြန်တတ်သောသဘော။ ရွေ့လျော့ရတတ်သော သဘောရှိသည်ဖြစ်၍။ မမြဲသောအနိစ္စလက္ခဏာနှင့်တကွဖြစ်၏။အဇ္ဈတ္တသည်းခြေသည်ပျက်စီးဘောက်ပြန်၍ကိုယ်၏ယားယံခြင်း။ ကိုယ်၏တုံလှုပ်ခြင်းစသောဆင်းရဲ။ အိုင်းအမာစသည်တို့ဖြင့်ကျင်နာခြင်းဆင်းရဲ။ဤသို့စသောဆင်းရဲခြင်းဒုက္ခဝေဒနာတို့၏ တည်ရာကိန်းအောင်းရာဖြစ်သည်။ ချမ်းသာသောသဘောမရှိ။ ကျင်နာတတ်သောသဘောသဘ္ဘာသာရှိသတည်းဟူ၍ ဒုက္ခလက္ခဏာကိုလည်း ရှုအပ်၏။ ။ပိတ္တဟူသောကောဋ္ဌာသ။ ပုဗ္ဗဟူသောကောဋ္ဌာသ။ လောဟိတဟူသောကောဋ္ဌာသတို့သည်။ မိမိတို့၏တည်ရာအဇ္ဈတ္တဘောဟုဆိုအပ်သောကြွင်းသောကောဋ္ဌာသတို့ကိုလည်း ဓာတ်လေးပါးတို့၏မညီညွတ်ခြင်းကိုအမှီပြု၍ပျက်ဆီးတတ်လေရကား အဘိုးမရသောသဘောနှင့်တကွဖြစ်၏ဟူ၍အနတ္တအားဖြင့်လည်း ပွါးများသုံးသင်အပ်သည်။ ဤပိတ္တသေမှလောဟိတကောဋ္ဌာသတရားတို့သည်။နည်းလျားစွာသောသံသရာ၌မိမိတို့၏တည်ရာအဇ္ဈတ္တဘောကိုဖျက်ဆီးလှလေပြီ။ သေလေခံရုံမှုသောဆင်းရဲသို့ဖြင်း။သေခြင်းသို့ဖြင်းရောက်အောင်ပြုလှလေပြီ။ ဤသတ္တလောကကားအဘိုးရသော သဘောမည်သည်မရှိ။ ကာယိကဒုက္ခတို့၏တည်ရာ၊ကိန်းအောင်းရာသာတည်း၊ ဤသို့သဘောပညာစိန္တာမယဉာဏ်တို့ဖြင့်ကြံဆဆင်ခြင်၍၊ယခုအခါငါတမူကား။ ရှေးရှေးသောကာလတို့၌ဤသို့

သဘောရှိသော တရားဒေသနာကို မကြားမနာရသေးသည် ဖြစ်၍၎င်း။ ကြားနာရသော်လည်းသဒ္ဓါတရားကိုမရသည်ဖြစ်၍၎င်း။သဒ္ဓါတရားကို ရသော်လည်း ယထာဘူတဉာဏ်သည်မသက်ဝင်သည်ဖြစ်၍၎င်း။ ယခေါင်မြင့်ကြာကာလအတိုင်း၌ ကြီးစွာသောဆင်းရဲဖြင့် ဤအတ္တဘောကို မွေးမြူခဲ့ရလေပြီ။ယခုမူကား နွတ္တိ သကာယတရားဒေသနာကိုကြားနာရခြင်းတည်းဟူသောသုတမယဉာဏ်။ ဆက်ဆံသောသဒ္ဓါတရား ပွါးစေအပ်သော ယထာဘူတဉာဏ်နှင့်ပြည့်စုံလျက် အဘယ်မှာလျှင် ဤအတ္တဘောကိုရှည်မြင့်စွာ လုပ်ကျွေး၍ ဒုက္ခအပေါင်းကိုချီးမြှောက်လေအံ့နည်းဟူ၍အောက်မေ့ဆင်ခြင်လျက်။ ဤကာယဂတာသတိဘာဝနာကိုအခါလေမြင့်စွာပွါးများသုံးသပ်ရာသည်။ ။ဤကားမေဒဆက္ကန္ဒီသြဝါဒအနုသာသနီတည်း။ ။မုတ္တဆက္ကန္ဒီက်အသုဟူသောကောဋ္ဌာသသည်။မျက်စိနှစ်ဘက်တို့မှယိုကျသောအာပေါခါတ်တည်း။ ။ထိုအသုဟူသောကောဋ္ဌာသသည် အဆင်းအားဖြင့် နှမ်းဆီ၏အဆင်းနှင့် တူသောကြည်လင်သောအဆင်းရှိ၏။သဏ္ဌာန်အားဖြင့်တည်ရာအရပ်လျှင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့်ကိုယ်၏အထက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့်မျက်စိအတွင်းတို့၌တည်၏။ သတ္တဝါတို့သည်လွန်စွာဝမ်းမြောက်သည်ဖြစ်၍။ပြင်းစွာရယ်မောသောအခါ။ညာဝင်ပျသနစသည်တို့ကြောင့်ငိုကြွေးမည်တန်းသောအခါ။ စပ်သောအရသာတို့ကိုစားမျိုသောအခါ။ မီးခိုးမြူမှုံအစရှိသည်တို့ဖြင့်မျက်စိကိုထိခင်မိလေသောအခါတို့၌မျက်စိတွင်းတို့ကိုပြည့်စေ၍တည်လည်းကုန်၏ ယိုလည်းယို၏။ ။ထိုအသုဟုဆိုအပ်သောကောဋ္ဌာသကိုသိမ်းဆည်းကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်။ ဤမျက်တွင်းတို့ကိုပြည့်စေ၍ တည်သည်၏အစွမ်းဖြင့် ကမ္မဋ္ဌာန်းပြု၍ သိမ်းဆည်းကုန်ရာ၏။ ဤအသုဟူသောကောဋ္ဌာသကိုအဆင်းအားဖြင့်၎င်း။သဏ္ဌာန်အားဖြင့်၎င်း။အရပ်အားဖြင့်၎င်း။အရပ်အားဖြင့်၎င်း။တည်ရာအားဖြင့်၎င်း။ဓာတ်ဝတ်ရှိုရှာဘွယ်ရှိ၏ဟူ၍ ပဋိကူလမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်။ ဓာတုမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်ကား။ အသုမျက်ရည်သည်။သဒါ။အကြင်အခါ၌ကား။ ယူဂ္ဂါသဝ်ဖြစ်၏။တဒါ။ထိုသို့ဖြစ်သောအခါ၌ကား။အက္ခိကူပကေ။ မျက်တွင်းတို့ကို ပူရေတွာ၊ပြည့်စေ၍၊တိဋ္ဌတိဝါ။တည်လည်းတည်၏။ ပဂ္ဃရတိဝါ။ယိုလည်းယိုစီး၏။တတ္ထ၊ထိုသို့တည်ရာယိုစီးရာ၌။ ဥဒကပုဉ္ဆော

သု။အရည်ဖြင့်ပြည့်ကုန်သော။ တရုဏာတာလဗ္ဗိကျပေသု။ နှစ္စွာသော ထန်းစေ့တွင်းတို့၌။တရုဏာတာလဗ္ဗိကျပကာ။ နှစ္စွာသောထန်းစေ့တွင်း တို့သည်။အမြေသု။ငါတို့ထန်းစေ့တွင်းတို့၌။ဥဒကံ။အရည်သည်။ ဌိတံ။ တည်၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။ တရုဏာတာလဗ္ဗိ ကေသု။နှစ္စွာသောထန်းစေ့တွင်းတို့၌။ ဥဒကံပိ။ တည်သောအရည်က လည်း။အဟံ။ငါအရည်သည်။တရုဏာတာလဗ္ဗိကျပကေသု။ နှစ္စွာသော ထန်းစေ့တွင်းတို့၌။ဌိတံ။တည်ရပေ၏။ ဣတိ။ဤသို့။နဇာနာတိယထာ။မ သိသကဲ့သို့။ဧဝမေဝ။ဤအတူ။အက္ခိကူပကာ။မျက်တွင်းတို့သည်။အမြေ သု။ငါတို့မျက်စိတွင်းတို့၌။အဿုမျက်ရည်သည်။ဌိတံ။တည်၏၊ဣတိ။ဤ သို့။နဇာနန္တိ။မသိကုန်။အဿုပိ။မျက်ရည်ကလည်း။ အဟံ။ ငါမျက်ရည် သည်။အက္ခိကူပကေသု။မျက်ကွင်းတို့၌။ဌိတံ။တည်ရပေ၏။ဣတိ။ဤသို့။ နဇာနာတိ။ မသိ။ဧတေဓမ္မာ။ ဤမျက်ရည်မျက်တွင်းအရပ်ဟုဆိုအပ် သောတရားတို့သည်။အညမညံ။အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏာရ ဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏၊ဣတိ။ဤသို့။ အဿု နာမ။မျက်ရည်မည်သည်ကား။ဣမသ္မိံသရီရေ။ဤကိုယ်နှိုက်။ ပါဋိယေ က္ကော။အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အဖို့တည်း။ အစေတနော။ စေတနာလည်းမရှိ။ အဗျာကတော။ အဗျာကတ တရားသာတည်း။ ။ သုညော။အတ္တမှဆိတ်၏။ နိဿတ္တော။ သတ္တဝါလည်းမဟုတ်။ ယုသဘူ တော။အစေးဖြစ်၍ဖြစ်သော။အာဗန္ဓနာကာရော။ ဖွဲ့တတ်သောအခြင်း အရာရှိသော။အာပေါဓာတု။အာပေါဓာတ်ဘည်း။ ။ဤသို့ပြဆိုအပ် သောနည်းဖြင့်အဿုဟူသောကောဋ္ဌာသကို။ဓာတုမနသိကာရအားဖြင့် ပွါးများသုံးသပ်အပ်သည်။ ။ဝသာဟူသောကောဋ္ဌာသသည်၊ ကြည် စွာအစေ့ပင်တည်း။ ထိုဝသာဟူသောကောဋ္ဌာသသည်။ အဆင်းအား ဖြင့်အုန်းသီးအဆင်းနှင့်တူသောဇဦးငယ်ဒိုမြန်းသောအဆင်းရှိ၏။ ကဇိ ရည်၌သွန်းလောင်းအပ်သောဆီအဆင်းနှင့်တူသော အဆင်းလည်းရှိ၏။ သဏ္ဌာန်အားဖြင့်ရေချိုးသောအခါကြည်စွာသောရေ၏အပေါ်၌နှံ့လျက် ပတ်ပတ်လည်၍တည်သောအဆီပေါက်၏မျှံနှံ့သောသဏ္ဌာန်ရှိ၏။ အ ရပ်အားဖြင့်ကိုယ်၏အောက်အရပ်အထက်အရပ်၌ဖြစ်၏။ တည်ရာအား ဖြင့်များသောအားဖြင့်လက်ဝါးဖြင့်လက်ဖမိုးခြေဘဝါးအပြင် ခြေဖဝါး မိုးအပြင်။နှာခေါင်းဖျား။နဖူးပြင်။ပခုံးစွန်းတို့နှိုက်တည်၏၊ထိုဝသာဟူသော

ကောဋ္ဌာသသည်၊ မီးပူနေပူဥတုမည်ညွတ်ခြင်း၊ ခေတ်၏မည်ညွတ်ခြင်း
တို့ကြောင့်။ ထိုဆိုအပ်ပြီးသောအရပ်တို့နှိုက်ဖြစ်ကုန်၏။ ထိုလက်ဝါးပြင်
လက်ဖမိုးအပြင်အစရှိသည်တို့၌ရေချိုးသောအခါ ကြည်စွာသောရေ၏
အထက်၌အစေ့ပေါက်၏ပျံ့နှံ့ခြင်းကဲ့သို့ဤမှထိုမှရွေ့ရှား၏။ ။ဤဝသာ
ဟူသောကောဋ္ဌာသကိုပဋိကူလမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာ
သည်။ ။ဓါတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်ကား။ ။ဝသာ။
ဆီကြည်သည်၊ အဂ္ဂိသန္တာပါဒိကာလေ။ မီးပူအစရှိသည်တို့နှင့်၊ ကြိုက်ကြုံ
သောအခါ၌။ ဟတ္ထတလဟတ္ထပိဋ္ဌိပါဒတလပါဒပိဋ္ဌိနာသပုဋ္ဌနလာဋအံသ
ကူဋေသုလက်ဝါးပြင်လက်ဖမိုးပြင်ခြေဘဝါးအပြင်ခြေဘဝါးမိုးအပြင်
နှာခေါင်ဖူးနဖူးပြင်ပခုံးစွန်းတို့နှိုက်။ ဋ္ဌိတဝိလီနသေနဟော။ တည်သော
ကြည်လင်စွာသောအဆီတည်း။ တတ္ထ။ ထိုသို့တည်ရာ၌။ ပဂ္ဃရိတွာတေ
လေ။ ထည့်လောင်းအပ်သောဆီရှိသော။ အာစာမေ။ ကစိရည်၌။ အာစာ
မေ။ ကစိရည်သည်။ မံ၊ ငါကစိရည်ကို၊ တေလေ။ ဆီသည်။ အနွှောအထ
ရိတွာ။ လွှမ်းမိုး၍။ ဋ္ဌိတံ။ တည်၏။ ဆုဝ်၊ ဤသို့။ နာဇာနာတိယ ထာ။ မသိ
သကဲ့သို့၊ တေလံပိ။ ဆီကလည်း။ အဟံ၊ ငါဆီသည်။ အာစာမံ။ ကစိရည်
ကို၊ အနွှောအထရိတွာ။ လွှမ်းမိုး၍ ဋ္ဌိတံ။ တည်၏၊ ဆုဝ်။ ဤသို့နဇာနာတိယ
ထာ၊ မသိသကဲ့သို့။ ငြမေဝ။ ဤအတူ။ ဟတ္ထတလာဒိပဒေသော။ လက်ဝါး
ပြင်အရင်အစရှိသောအရပ်သည်။ မံ။ ငါလက်ဝါးပြင်အရင်အစရှိသည်
ကို၊ ဝသာ။ ဆီကြည်သည် အနွှောအထရိတွာ။ လွှမ်းမိုး၍။ ဋ္ဌိတံ။ တည်လာ
၏၊ ဆုဝ်၊ ဤသို့၊ နဇာနာတိ မသိ၊ ဝသာပိ။ ဆီကြည်ကလည်း။ အဟံ။ ငါဆီ
ကြည်သည်၊ ဟတ္ထတလာဒိပဒေသံ၊ လက်ဝါးအပြင်အစရှိသောအရပ်
ကို။ အနွှောအထရိတွာ၊ လွှမ်းမိုး၍ ဋ္ဌိတာ။ တည်ရပေ၏။ ဆုဝ်။ ဤသို့၊ နဇာနာ
တိ၊ မသိ၊ ဧဝမ္မှာ။ ထိုလက်ဝါးပြင်အစရှိသော အရပ်ဆီကြည်ဟုဆို
အပ်သောကောဋ္ဌာသတရားတို့သည်။ အညမညံ။ အချင်းချင်း။ အာဘော
ဂပစ္စဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှ ကင်းကြကုန်၏။
ဣတိ။ ဤသို့ ဝသာနာမ ဆီကြည်မည်သည်ကား၊ ရှုမဲ့ သိရီယေ။ ဤကိုယ်
နှိုက် ပါဋိယေက္ကာ အသီးအခြားဖြစ်သော ကောဋ္ဌာသသော၊ အစုတည်း။
လ၊ အာပေါဓာတု။ အာပေါဓာတ်တည်း။ ။ဤသို့ဖြစ်ဆိုအပ်သောနည်း
ဖြင့်၊ ဝသာဟူသောကောဋ္ဌာသကို ဓာတုမနသိကာရအားဖြင့်လည်းပွါး
များသုံးသင်ရာသည်။ ။ခေဠောဟူသောကောဋ္ဌာသသည်။ ခံတွင်း၏အ

တွင်း၌အမြှုပ်နှင့်ရောသောအာပေါဓာတ်တည်း။ထိုခေဠဟူသော ကောဋ္ဌာသသည်ရေမြှုပ်နှင့် တူသောဖြူသောအဆင်းရှိ၏ သဏ္ဌာန်အားဖြင့် တည်ရာအရပ်လျှင် သဏ္ဌာန်ရှိ၏။ ရေမြှုပ်သဏ္ဌာန်လည်းရှိ၏။ အရပ်အားဖြင့်ကိုယ်၏ အထက်အရပ်နှိုက်ဖြစ်၏။ တည်ရာအားဖြင့်နှစ်ဘက်သောပါးစောင်တို့မှ သက်ဆင်းယိုစီး၍လျှာနှိုက်တည်၏။ သတ္တဝါတို့သည်ထိုသို့သဘောရှိသောအာဟာရကိုမြင်သောအခါအောက်မေ့သောအခါ။ပူသောအရသာခါးသောအရသာ။ စပ်သောအရသာငံသောအရသာတို့ကိုခံတွင်း၌ထားသောအခါ။ထိုထိုစက်ဆုတ်ဘွယ်သောဝတ္ထုတို့ကိုသိမြင်ကြားသိလတ်၍ နှလုံးကြင်နာသောအခါ ဤသို့သဘောရှိသောကာလတို့၌တံတွေးသည်ဖြစ်လတ်၍နှစ်ဘက်သောပါးစောင်တို့မှ ယိုကျသက်ဆင်း၍လျှာ၌တည်၏။ ဤခေဠဟူသောကောဋ္ဌာသသည်လျှာပျား၌ ကားကြဲသောအရည်ရှိ၏လျှာရင်း၌ကားပြတ်ချဲ၏၊ မြစ်နားသောင်စွန်သဲ ရ၌တူးအပ်သော လက်ရက်တွင်း၌ရှိသော ရေသည်ကုန်ခမ်းခြင်းသို့ မရောက်သကဲ့သို့ခံတွင်း၌တည်အပ်သောမုံ့ဆန်း ဆန်စိမ်းသွေ့ခြောက်သောခဲဘွယ်တို့ကိုစိုစွပ်အောင်စွမ်းနိုင်သည်သာတည်း။ ။ဤခေဠဟူသောကောဋ္ဌာသကိုပဋိကူလ မနသိကာရအားဖြင့် ပွါးများ သုံးသပ်ရာသည်။။ ဓာတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်ကား။ ။ခေဠော။တံတွေးသည်။တထာရူပေ ထိုသို့သဘောရှိသော။ခေဠုပ္ပတ္တိပစ္စယေ။ တံတွေးဖြစ်ခြင်း၏အကြောင်းသည်။သတိ။ရှိသော်။ဥဘောဟိ။နှစ်ဘက်ကုန်သော။ ကပေါလပဿေဟိ။ပါးစောင်တို့မှ။ ဩရောဟိတွာ။ သက်ဆင်းယိုကျ၍။ ဇိဝှါတလေ။လျှာအပြင်၌။ဘိဋ္ဌတိ။တည်၏။တတ္ထ။ ထိုသို့တည်ရ၌ အဘ္ဘောဂ္ဂိ နဒီဥဒကနိသန္နေ။မပြတ် တဝတ္တွေစီးသောမြစ်ရေ၏အကျိုးစက်အားဖြင့်။ နဒီဟိရကူပကေ။ မြစ်ကမ်းနား၌ တူးအင်သောတွင်း၌။ ကူပဝတလံ။တွင်းအပြင်သည်။မယိ။ ငါတွင်းနိုက်။ဥဒကံ။ရေသည်။သံတိဋ္ဌတိ။လာ၍တည်၏။ဣတိ။ဤသို့။နဇာနာတိယထာ။ မသိသကဲ့သို့။ဥဒကံပိ။ရေကသည်း။အဟံ။ငါရေသည်။ ကူပတလေ။တွင်းအပြင်၌။သံတိဋ္ဌာမိ။တည်ရပေ၏။ဣတိ။ဤသို့။နာဇာနာတိယထာ။ မသိသကဲ့သို့။ဧဝမေဝ။ဤအတူ။ဇိဝှါတလံ။လျှာအပြင်သည်။ မယိ။ငါလျှာအပြင်၌။ဥဘောဟိ။နှစ်ဘက်ကုန်သော။ ကပေါလပဿေဟိ။ ပါးစောင်တို့မှ။ဩရောဟိတွာ။သက်ဆင်းယိုကျ၍။ခေဠော။တံတွေးသည်၊ဋ္ဌိတော။ တည်

လာ၏၊ဇာတိ၊ဤသို့။ နဇာနာတိယထာ။မသိသကဲ့သို့။ခေဋ္ဌောပိ၊ တံတွေး ကလည်း။အာဘံပိ။ငါတံတွေးသည်လည်း။ဥဘောဟိ။နှစ်ဘက်ကုန်သော။ ကပေါလပဿော ဟိ။ ပါးစောင်တို့မှ။ဩဘာရိတ္တွာ။သက်လတ်၍။ ဇိဝှါတ သေ။လျှာ၏အပြင်၌။ဌိတော။တည်ရသော။၏၊ဇာတိ။ဤသို့၊ နဇာနာတိ။မသိ။ ဝေဒေယ္ယ။ ဤလျှာအရပ်တံတွေးဟုဆိုအပ်သော ကောဋ္ဌာသတရားတို့ သည်။အညမညံ၊ အချင်းချင်း၊ အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံး သွင်းခြင်းဆင်ခြင်ခြင်းမှ ကင်းကြကုန်၏၊ဇာတိ။ ဤသို့ ခေဋ္ဌောနာမ။ တံ တွေးမည်သည်ကား။ဇာမသွိ သရိယေ။ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီး အခြားဖြစ်သော။ကောဋ္ဌာသော။ အစုတည်း၊လ၊အာသေပါဓါတု။ အာပေါ ဓာတ်တည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်။ခေဋ္ဌဟူသောကောဋ္ဌာ သကိုခါတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်။ ။သယ်ဃာဏိ ကဟူသောကောဋ္ဌာသသည်၊ ဦးနှောက်မှယိုကျသော မစင်ကြယ် သောကောဋ္ဌာသဘည်း။ထိုသိယ် ဃာကဟူသောကောဋ္ဌာသသည်၊အဆင်း အားဖြင့်နုစွာသောထန်းစေ့၏အဆင်းနှင့်တူသောဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်တည်အရပ်လျှောင်သဏ္ဌာန်ရှိ၏။ အရပ်အားဖြင့်ကိုယ်၏ အထက်အရပ်နှိုက်ဖြစ်၏။ တည်ရာအားဖြင့် နှာခေါင်းဖုကို ပြည့်စေ၍ တည်၏။ ပမာကားပဒုမ္မာကြာရွက်၌ နို့ဓမ်းကိုထည့်သွင်း၍ ထုပ်ပိုးပြီး သော်။အောက်အရပ်မှဆူးသံချွန်တို့ဖြင့် ဖောက်သည်ရှိသော်။ ထိုအ ပေါက်ဖြင့်နို့ဓမ်းမှယိုကျ၍ပြင်ပယိုထွက်သကဲ့သို့။ထိုအတူ ဘိက္ခုဝါတို့ သည်၊ငိုပြည်တမ်းသောအခါ မသင့်သောအာဟာရ။ မသင့်သောဥတု ကြောင့်ဓာတ်ချောက်ချားသောအခါတို့နှိုက်ဦးခေါင်းတွင်းနှိုက်ပုပ်သော သလိပ်၏အဖြစ်သို့ရောက်သော ဦးနှောက်သည်ယျှောကျလတ်၍။ အာ ဝေါက်၏အထက်အပေါက်ဖြင့်သက်ဆင်းလျက် နှာခေါင်းဖုတို့ကိုပြည့် စေ၍ဘည်လည်းတည်၏၊ ယိုလည်းယိုကျ၏။ဤသိယ်ဃာဏိကဟူသော ကောဋ္ဌာသကိုသိမ်းဆည်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ နှာခေါင်းဖုတို့ ကိုပြည့်စေ၍တည်သောသိယ်ဃာဏိကကောဋ္ဌာသကိုသိမ်းဆည်းဆင်ခြင် ရာ၏။ ။ဤသိယ်ဃာဏိကဟူသောကောဋ္ဌာသကိုပဋိကူလမနသိကာရ အားဖြင့်ပွါးများသုံးသင်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်ပွါးများ သုံးသင်ရာသည်ကား။သိယ်ဃာဏိကာ၊နှပ်သည်။ယဒါ၊ အကြင်အခါနှိုက်။ သဋ္ဌာယတိ။ဖြစ်သာ၏။တဒါ၊ ထိုဖြစ်သောအခါ၌။နာသပုဋေ၊ နှာခေါင်းဖု

တို့ကို ပူရေတွာ။ပြည့်စေ၍။ ဘိဋ္ဌတိဝါ။တည်လဦးတည်၏။ပဋ္ဌရဘိဝါ။ယိုလဉ်းသိုခ်ီး၏။ဘဏ္ဍ။ထိုသို့တည်ရာ၌။ရတိဒမိဘရိတာယ။ပုင်သောနို့ခံခ်ီးဖြင့်ပြည့်သော။သိဗ္ဗိကာယ ယောံသွား၌။သိဗ္ဗိကာ။ယောံသွားသည်၊မယိ၊ငါယောံသွား၌။ပုဘိဒမိ။ပုင်သောနို့ ခမ်းသည်၊ဋ္ဌတံ။တည်လာ၏။ ဍာတိ။ဤသို့၊နဇာနာတိ သထော။ မသိသကဲ့သို့။ပုဘိဒမိ။ပုင်သောနို့ ခမ်းကလဉ်း။အဟံ။ငါပုင်သောနို့ ခမ်းသည်။သိဗ္ဗိကါယ။ယောံသွား၌။ဋ္ဌတံ။ တဉ်ရပေ၏၊ဍာတိ၊ဤသို့။နဇါနာတိတ်ထါ၊မသိသကဲ့သို့၊ဇေဝမေဝ။ဤအတူ၊နှာသပုဒ္ဒ၊နှာခေါင်းဖုတ်ရှိသည်။အဒမှေသ။ငါနှာခေါင်းဖုတ်ရှိ၌။သိဃာဏိကာ။နှပ်သည်။ဋ္ဌိတါ။တည်လာ၏။ဍာတိ၊ဤသို့။နဇာနန္တိ ယထာ၊မသိကြကုန်သကဲ့သို့။သိဃာဏိကာဝိ နှင်ကသဉ်း။အဟံ။ငါနှပ်သည်။နှာသပုဋ္ဌေသု၊နှာခေါင်းဖုတ်ရှိ၌။ဋ္ဌိတာ။တည်ရပေ၏။ ဍာတိ။ဤသို့၊နဇာနာတိ၊မသိ။ဧဝေဝမွာ။ဤနှာခေါင်းဖုအရင်ဟုဆိုအင်သောကောဋ္ဌာသတရားတို့သည်။အညမညံ၊အချင်းချင်း၊ အာဘောဂပစ္စဝေက္ခဏာရဟိတာ။နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ ဍာတိ။ဤသို့။သိဃာဏိကာနာမ။နှပ်မဉ်သည်ကား။ဣမသ္မိံ ကာယေ။ဤကိုယ်၌။ပါဋိယေက္ကော၊အသီးအခြားဖြစ်သော။ကောဋ္ဌာသော။အစုတည်း။လ။အာပေါဓာတု၊အာပေါဓာတ်တည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်သိဃာဏိကဟူသောကောဋ္ဌာသကိုဓာတုမနသိကာရအားဖြင့်ပွားများသုံးသင်ရာသည်။ ။လသိကဟူသောကောဋ္ဌာသသည်၊ကိုယ်၌ဖြစ်သော အရိုးဆက်တို့၏အတွင်း၌ တည်သောကိုးရွဲ၂သောပုင်သောအစေးတည်း။ ထိုလသိကဟူသော ကောဋ္ဌာသသည်။အဆင်းအားဖြင့်မဟာလှေကား၏အစေးအရည်နှင့်တူသောအဆင်းရှိ၏။သဏ္ဍာန်အားဖြင့်တည်ရာအရင်လျှင်သဏ္ဍာန်ရှိ၏။အရင်အား ဖြင့် ကိုယ်၏အောက်အရပ်အထက်အရပ်တို့၌ဖြစ်၏။တည်ရာအားဖြင့်အရိုးဆက်ကိုသုတ်လိမ်းခြင်းကိစ္စကိုပြီးစေလျက်တရာရှစ်ဆယ်သောအရိုးဆက်တို့၏အတွင်းနိုက်တည်၏။ ဤဆိုကြည်သည်လည်းလှည်း၏ပုံကောင်းဝင်ရိုးတို့၏ကောင်းစွာလည်းခြင်းကိစ္စကို ပြီးစေတတ်သောဆီကဲ့သို့၎င်း။ စက်ယန္တရား၌ကောင်းစွာလှည့်းလည်ခြင်း၌။ သွတ်လောင်းသောဆီကဲ့သို့၎င်း။ဘရာရှစ်ဆယ်သောအရိုးဆက်တို့၏ ချောမွေ့စွာလည်ခြင်းကိုပြီးစေလျက်အရိုးဆက်တို့၏အကြားအကြား၌တည်၏ အကြင်သူအားဤအစေးသည်နည်း၏။ထိုနဉ်းသောသူအား။ထခြင်းရပ်ခြင်းကိုပြုသော်၎င်း၊ ရှေ့သို့တက်

ခြင်းနောက်သို့ဆုတ်ခြင်း၊ထိုင်ခြင်းကိုပြုသောင်ငင်း။ ရှေ့သို့တက်ခြင်းနောက်သို့ဆုတ်ခြင်းကိုပြုသောင်ငင်း။ ကွေးခြင်းဆန့်ခြင်းကိုပြုသောင်ငင်း။ အရိုးဆက်တို့သည်တဖျတ်ဖျတ်မြည်ကုန်လျက်။လက်ဖြစ်တီး၍သွားဘိသကဲ့သို့။အသံကိုဖြစ်စေလျက်သွားလာ၏။ တသူ့ဇနာ၁နှစ်ယူဇနာ အတိုင်းအရှည်ရှိသော်အခွန့်ရှည်သော်ခရီးသို့သွားသည့်ရှိသော်။ဝါယောဓာတ်ပျက်၍ကိုယ်၏ကျင်နာခြင်းဆင်းရဲခြင်းတို့သည် ဖြစ်ကုန်သည်။ များသောအစေးရှိသောသူအားထခြင်းထိုင်ခြင်းအစရှိသည်တို့၌ အရိုးဆက်တို့သည်ဖျတ်ဖျတ်သောအသံကိုမပြုကုန်။ ရှည်စွာသောခရီးကိုသွားသော်လည်း။ ဝါယောဓာတ်မပျက်စီးသည်ဖြစ်၍ ကိုယ်၏ ကျင်နာခြင်းဆင်းရဲခြင်းတို့သည်မဖြစ်ဘုန်။ ။ဤလသိကဟူသော ကောဋ္ဌာသကိုပဋိကူလမနသိကာရအားဖြင့်ပွားသုံးသင်ရာသည်။ ။ဓာတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်ကား။ ။လသိကာ၊အစေးသည်။အဗ္ဗိကသဋ္ဌိနံ။အရိုးဆက်တို့၏။အဗ္ဘန္တရနကိစ္စံ၊သုပ်လိမ်းသောဆီ၏ကိစ္စကို။သါဓယမါနါ။ပြီးစေသည်ဟုတ္ဝာ။ဖြစ်၍။ အသီတိသတသန္ဓိသု။ တရာရှစ်ဆယ်သော အစပ်တို့၌။ ဌိတာ။ဘည်၏။တတ္ထ။ထိုသို့တည်ရာ၌။တေလဗ္ဘဉ္ဇိတေ။ဆီဖြင့်သုတ်လိမ်းအပ်သော။အင်္ဂ။လှည်းရထားတို့၏ဝင်ရိုးနှိက်။ အင်္ဂကျော၊ဝင်ရိုးသည်။မံ။ငါဝင်ရိုးကို၊ဘေလံ။ဆီသည်။အဗ္ဘဥ္ဇိတွာ။သုတ်လိမ်း၍။ဋ္ဌိတံ။တည်၏၊ဣတိ။ဤသို့။နဇာနာတိယထာ။ မသိသကဲ့သို့။တေလံပိ၊ဆီကလည်း၊အဟံ။ငါဆီသည်။အက္ခံ။ ဝင်ရိုးကို။အဗ္ဘဥ္ဇိတွာ။သုတ်လိမ်း၍၊ဌိတံ။တည်၏။ဣတိ၊ဤသို့။နဇာနာတိယထာ၊မသိသကဲ့သို့ ဧဝမေဝ။ဤအတူ။အသီတိသတသန္ဓိယော။တရာ့ရှစ်ဆယ်သောအရိုးဆက်တို့သည်၊ အမှေ။ငါတို့အရိုးတို့၏အစပ်အဆက်တို့ကို။လသိကာ။အစေးသည်။အဗ္ဘဥ္ဇိတွာ။ သုတ်လိမ်း၍၊ဌိတာ။တည်၏၊ဣတိ။ဤသို့။ နဇာနန္တိ။မသိကုန်။လသိကာပိ၊ အစေးကလည်း။အဟံ။ငါအစေးသည်။ အသီတိသတသန္ဓိယော။ တရာ့ရှစ်ဆယ်သောအရိုးဆက်တို့ကို။အဗ္ဘဥ္ဇိတွာ။သုတ်လိမ်း၍။ဌိတာ။ တည်၏။ ဣတိ၊ဤသို့၊နဇာနာတိ၊မသိ။ ဧတေဓမ္မာ။ ဤတရာ့ရှစ်ဆယ်သောအရိုးဆက်အစေးဟုဆိုအပ်သောကောဋ္ဌာသတရားတို့သည်၊ အညမညံ၊အချင်းချင်း။အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှကင်းကြကုန်၏။ဣတိ၊ဤသို့။ လသိကာနာမ။အစေးမည်သည်ကား။ဣမသ္မိံ သရီရေ၊ဤကိုယ်၌၊ပါဋိယေက္ကော။အသီးအခြားဖြစ်သော။ကောဋ္ဌာ

သော။အခုတည်း။လ။အာပေါခါတု။အာပေါခါတ်သာတည်း။ ။ဤသို့ပြဆိုအပ်သောနည်းဖြင့်။လသိကာဟူသောကောဋ္ဌာသကို။ ခါတုမနသိကာရအားဖြင့်ပွါးများသုံးသင်ရာသည်။ ။ဗုတ္တဟူသောကောဋ္ဌာသသည်ရေဟောင်းပင်တည်း။ ထိုဗုတ္တဟူသောကောဋ္ဌာသသည်။အဆင်းအားဖြင့်အမြစ်နှင့်တကွပဲပင်လုံးကိုအကျွန်းဖုတ်၍ ပြာရည်ကိုဆင်ပျာအလို့ငှါ ယူအပ်သော အရည်၏အဆင်းနှင့် တူသော အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်မှောက်၍ထားအပ်သေါ ဒိုး၏အတွင်း၌တည်သောရေ၏သဏ္ဌာန်ရှိ၏။အရပ်အားဖြင့်ကိုယ်၏အောက်အရပ်၌ဖြစ်၏။ တည်ရာအားဖြင့်စည်ပေါင်းအိမ်၏အတွင်း၌တည်၏။ ပမာကားတစ်းဒိုင်နှုက်မှောက်၍ထားအပ်သောအပေါက်မရှိသောဒိုးငယ်၌တစ်းရေသည် ဒိုးတွင်းသို့ဝင်၏ထိုသို့ပင်သော်လည်းဝင်ရာခရီးမထင်သကဲ့သို့၊ ထိုအတူကိုယ်မှရေဟောင်းသည်စည်ပေါင်းအိမ်သို့ဝင်၏။ထိုသို့ဝင်သော်လည်းဝင်ရာခရီးမထင်။ထွက်ရာခရီးသည်သာထင်ရှား၏။ ထိုရေဟောင်းစည်ပေါင်းအိမ်၌ပြည့်လတ်သည်ရှိသော်။ရေဟောင်းကိုသတ္တဝါတို့သည်စွန့်ပြစ်ကြရကုန်၏။ ။သုဗုတ္တဟူသောကောဋ္ဌာသကို။ဝိသုဒ္ဓိမဂ်ကာယဂတာသတိနိဒ္ဒေသ။သမ္မောဟဝိနောဒနီသတိပဋ္ဌာနဝိဘင်းအဘွင့်တို့၌ လာသောနည်းဖြင့်အဆင်းအားဖြင့်၎င်း။ သဏ္ဌာန်အားဖြင့်၎င်း။ အနံ့အားဖြင့်၎င်း။အရပ်အားဖြင့်၎င်း။တည်ရာအားဖြင့်၎င်း။စက်ဆုတ် ရွံရှာဘွယ်ရှိ၏ဟူ၍။ပဋိကူလမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်။ ။ခါတုမနသိကာရအားဖြင့်ပွါးများသုံးသပ်ရာသည်ကား။ ။ဗုတ္တံ။ရေဟောင်းသည်။ဝတ္ထိသာ။စည်ပေါင်းအိမ်၏။အဗ္ဘန္တရေ။အတွင်း၌၊ဌိတံ။ တည်၏။ တတ္ထ။ထိုသို့တည်ရာ၌။စန္ဒနိကာယ။တစ်းဒိုင်နှုက်။ပက္ခိတ္တေ။ ပြစ်ချအပ်သော။အဓောမုခေ။အောက်သို့အိုးအစရှိသော။ရဝနဃဋေ။ ဒိုးငယ်၌။ရဝနဃဋော။ဒိုးငယ်သည်။မယိ။ငါ့ဒိုးငယ်၌။စန္ဒနိကာရသော။တစ်းရေသည်။ဌိတော။တည်လာ၏။ဣတိ။ဤသို့။နဇာနာတိယထာ။မသိသကဲ့သို့။စန္ဒနိကာရသောပိ။တစ်းဒိုင်၏အရည်သည်လည်း။အဟံ။ ငါတစ်းဒိုင်၏။အရည်သည်။ရပနဃဋေ။ ဒိုးငယ်၏အတွင်းနှုက်။ ဌိတော။တည်ရပေ၏။ဣတိ။ဤသို့။ နဇာနာတိယထာ။မသိသကဲ့သို့။ ဧဝမေဝ။ဤအတူ။ဝတ္ထိ စည်ပေါင်းအိမ်သည်။ မယိ။ငါစည်ပေါင်းအိမ်၌။ ဗုတ္တံ။ရေဟောင်းသည်၊ဌိတံ။တည်၏။ဣတိ။ဤသို့။နဇာနာတိ။မသိ။ ဗုတ္တံပိ။ရေဟောင်းက

လည်း။အသုံ။ငါရေဟောင်းသည်။ ဝတ္တိမှီ။စည်ပေါင်းအိမ်နှက်။ ဖြတ်။
တည်၏။ဇာတိ။ဤသို့။ နဇာနာတိ။မသိ။ဇေတေခွော။ဤစည်ပေါင်းအိမ်ရေ
ဟောင်းဟုဆိုအပ်သောကောဋ္ဌာသတရားတို့သည်။ အညမညံ။အချင်း
ချင်း။ အာဘောဂပစ္စဝေက္ခဏာရဟိတာ။ နှလုံးသွင်းခြင်းဆင်ခြင်ခြင်းမှ
ကင်းကြကုန်၏။ဇာတိ။ဤသို့။မုတ္တံနာမ။ရေဟောင်းမည်သည်ကား။ ဇာမ
သို့သရိယော။ဤကိုယ်နှက်။ပါဋိယေက္ကော။အသီးအခြားဖြစ်သော။ ကော
ဋ္ဌာသော။အဘုတည်း။အဇ္ဈာကတော။အဇ္ဈာကတတရားသာတည်း။ သု
ညော။အတ္တမှဆိတ်၏။နိဿတ္တော။သတ္တဝါလည်းမဟုတ်။ယူသဘူတော။
အစေးဖြစ်၍ဖြစ်သေ။အာဗန္ဓနာကာရော။ ဖွဲ့တတ်သောအခြင်းအရာရှိ
သော။အာပေါဓာတု။အာပေါဓာတ်တည်း။ ။ဤသို့ဝိသုဒ္ဓိမဂ်စတုဓာ
တု ဝဝတ္ထာနနိဒ္ဒေသ သမ္မောဟ ဝိနောဒနီဓာတု ဝိဘင်းအဘွင့်တို့နှက်
ဘွင့်ဆိုအပ်သောနည်းဖြင့်မုတ္တဟူသောကောဋ္ဌာသကို ဓာတုမနသိကာ
ရအားဖြင့်ပွားများသုတ်သင်အပ်သည်။ ။ဤမုတ္တဆက္ကကိုကြားနာသုံး
သပ်ဆင်ခြင်ပြီးသောအဆုံးနှက်။ဤသို့နှလုံးသွင်းရာသည်။ သွင်းရာသည်
ကား။ ။များစွာသောသတ္တဝါတို့သည်။ဒိဘဆွေးမျိုးအစရှိသောသူတို့
၏။ပျက်စီးဘောက်ပြန်ခြင်း တည်းဟူသောညတိဗျသနသည် နှိပ်စက်
အပ်သည်ဖြစ်၍မျက်ရည်တည်းဟူသော ရေအလျှည်တို့သည်။ ကျယို
စီးကြ၍လေပြီ။သတိပညာရှိသောသူတို့သည်။ ထိုသို့သဘောရှိသောဒု
က္ခကိုသိမြင်လတ်၍မျက်ရည်ဘည်းဟူသော ရေအလျှည်၏စီးသွားရာ
ချောင်းမြောင်းကို ကာယဂတာသတိစသောမြေတို့ဖြင့် ဆည်တို့၍။မဂ်
ဖိုလ်တို့ဖြင့်ချောက်တတ်စေလျက်ဘုရားပစ္စေကဗုဒ္ဓါသာဝကဖြစ်၍ ပရိ
နိဗ္ဗာန်စံသူတော်မူကြလေပြီ။ငါတမူလည်းထိုအတူဒုစမထင်သံသရာ၌
မျက်စိနှစ်ဘက်မှမျက်ရည်တည်းဟူသော ရေအလျှဉ်တို့သည် ယိုစီးရ
လှလေပြီ။ဘုရားရဟန္တာသာဝကတို့ကဲ့သို့ မျက်ရည်တည်းဟူသောရေ
အလျှဉ်၏စီးရာကိုမဂ်ဖိုလ်တို့ဖြင့် ခန်းချောက်ခြင်းငှါကာယဂတာသတိ
ဘာဝနာဖြင့်ဆည်တို့မည်ကြံစည်အောက်မေ့လျက်။ဤကာယဂတာသ
တိဘာဝနာကိုလွန်မင်းစွာပွားများရာသည်။ ။ဤကာမုတ္တသက္ကနှက်
ဩဝါဒအနုသာသနီတည်း။ ။ဤသို့ဆဲ့နှစ်ပါးသောကောဋ္ဌာသတို့ကိုဓါ
တုအားဖြင့်ပြဆိုရာနှက်၊ပထဝီဓာတ်နှစ်ဆယ်။ အာပေါဓာတ်တဆယ်
နှစ်ခုဟူ၍ကောဋ္ဌာသအဘုကိုဝေဘန်သော်လည်းတပါးပါးသောကောဋ္ဌာ

သန္နိက်လေးပါးလေးပါးစီသောခါတ်တို့ကိုရအပ်ကုန်သည်။ ဤခါတုနိဒ္ဒေသန္နိက်ပထဝီခါတ် အာပေါခါတ်နှစ်ပါးကိုသာ ဝေဘန်သည်ကား လွန်ကဲသောခါတ်ကိုအစွဲအလမ်းပြု၍အဌကထာတို့၌ဝေဘန်သည်။ ထိုကြောင့်ပထဝီခါတ် လွန်ကဲသောကောသာအစ မတ္တလုင်္ဂအဆုံးရှိသော နှစ်ဆယ်သောကောဋ္ဌာသတို့နိုက်။ ခက်မာခြင်းလက္ခဏာရှိသောပထဝီခါတ် ဖွဲ့ခြင်းလက္ခဏာရှိသောအာပေါခါတ်။ ကျက်စေခြင်းလက္ခဏာရှိသောတေဇောခါတ်။ ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိသော ဝါယောခါတ်တို့ကိုလည်းသီးသန့်ပိုင်းခြားမှတ်သားအပ်၏။ အာပေါခါတ်လွန်ကဲသောပိတ္တအစမုတ္တအဆုံးရှိသောတဆယ်နှစ်ပါးသောကောဋ္ဌာသတို့နိုက်လည်း။ ဖွဲ့ခြင်းလက္ခဏာရှိသောအာပေါခါတ်၊ ကျက်စေခြင်းလက္ခဏာရှိသောတေဇောခါတ်။ ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိသော ဝါယောခါတ်။ ခက်မာခြင်းလက္ခဏာရှိသော ပထဝီခါတ်တို့ကိုလည်း သီးသန့်ပိုင်းခြားမှတ်သားအပ်၏။ ။ထိုကြောင့် ဝိသုဒ္ဓိမဂ်စတုခါတုဝဝတ္ထာနနိဒ္ဒေသန္နိက်၊ ။ဝိသတိယာကောဋ္ဌာသေသုံတဒ္ဓလက္ခဏာပထဝီခါတုဘိဝဝတ္ထမေတဗ္ဗံ စသည်ဖြင့်ဘွင့်ဆိုသည်။ ။ဝိသတိယာ။နှစ်ဆယ်သော။ကောဋ္ဌာသေသု။ ကောဋ္ဌာသာအစမတ္တလုင်္ဂအဆုံးရှိသော ကောဋ္ဌာသတို့နိုက်။ ထဒ္ဓလက္ခဏံ။ ခက်မာခြင်းလက္ခဏာရှိသောခါတ်ကို။ပထဝီခါတုတိ။ပထဝီခါတ်ဟူ၍၊ ဝဝတ္ထမေတဗ္ဗံ၊သီးသန့်ပိုင်းခြားမှတ်သားအပ်၏၊တတ္ထေဝ။ထိုနှစ်ဆယ်သောကောဋ္ဌာသ၌သာလျှင်။ အာဗန္ဓနလက္ခဏံ၊ ဖွဲ့ခြင်းလက္ခဏာရှိသောခါတ်ကို။အာပေါခါတုတိ၊အာပေါခါတ်ဟူ၍။ဝဝတ္ထပေတဗ္ဗံ။သီးသန့်ပိုင်းခြားမှတ်သားအပ်၏၊ပရိပါစနလက္ခဏံ။ကျက်စေခြင်းလက္ခဏာရှိသောခါတ်ကို။ တေဇောခါတုတိ။ တေဇောခါတ်ဟူ၍။ဝဝတ္ထမေတဗ္ဗံ။ သီးသန့်ပိုင်းခြားမှတ်သားအပ်၏။ဝိတ္ထမ္ဘနလက္ခဏံ။ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိသောခါတ်ကို။ဝါယောခါတုတိ။ဝါယောခါတ်ဟူ၍။ဝဝတ္ထမေတဗ္ဗံ။သီးသန့်ပိုင်းခြားမှတ်သားအပ်၏။ဒွါဒသသု။တဆဲ့နှစ်ပါးကုန်သော၊ ကောဋ္ဌာသေသု၊ပိတ္တအစမုတ္တအဆုံးရှိသောကောဋ္ဌာသတို့နိုက်အာဗန္ဓနလက္ခဏံ။ ဖွဲ့ခြင်းလက္ခဏာရှိသောခါတ်ကို၊အာပေါခါတုတိ။ အာပေါခါတ်ဟူ၍။ ဝဝတ္ထပေတဗ္ဗံ၊ သီးသန့်ပိုင်းခြားမှတ်သားအပ်၏၊တတ္ထေဝ။ထိုတဆဲ့နှစ်ပါးသောကောဋ္ဌာသတို့နိုက်သာလျှင်၊ပရိပါစနလက္ခဏံ၊ ကျက်စေခြင်းလက္ခဏာရှိသော

ခေတ်ကို။ တေဇောခေတုတိ။ တေဇောခေတ်ဟူ၍။ ဝဝတ္ထမေတဗ္ဗံ။ သီးသန့်
ပိုင်းခြားမှတ်သားအပ်၏။ ဝိတ္ထမ္ဘနလက္ခဏံ။ ထောက်ပံ့ခိုင်ခြေခြင်းလက္ခ
ဏာရှိသောခေတ်ကို။ ဝါယောခေတုတိ၊ ဝါယောခေတ်ဟူ၍။ ဝဝတ္ထမေ
တဗ္ဗံ။ သီးသန့်ပိုင်းခြားမှတ်သားအပ်၏။ ထဒ္ဓလက္ခဏံ။ ခက်မာခြင်းလက္ခ
ဏာရှိသောခေတ်ကို။ ပထဝီခေတုတိ။ ပထဝီခေတ်ဟူ၍၊ ဝဝတ္ထမေတဗ္ဗံ။
သီးသန့်ပိုင်းခြားမှတ်သားအပ်၏။ ။သည်ခေတ်လေးပါးတရားတို့သည်။
တပါးသောခေတ်ငင်ဖောက်ပြန်သော်လည်း၊ ဤအတ္တဘောသည်ပျက်စီး
ခြင်းသို့ရောက်တတ်သည်။ နှစ်ပါးသောခေတ်တို့သည် ဖောက်ပြန်သော်
၎င်း။ သုံးပါးသောခေတ် လေးပါးသောခေတ်တို့သည် ဖောက်ပြန်ငြား
သော်၎င်းဆိုဘွယ်မရှိ။ လွန်စွာပျက်စီးဖောက်ပြန်အံ့သည်သာဖြစ်သည်။ ။
ထိုကြောင့်၊ ဤခေတ်လေးပါးကို ကဋ္ဌမုခမည်သောမြွေ။ ပုတိမုခမည်သော
မြွေ။ အဂ္ဂိမုခမည်သောမြွေ။ သတ္ထမုခမည်သောမြွေလေးစင်ဟူ၍။ ။စ
တ္တာရောအာသိဝိသာဥဂ္ဂတေဇာစသည်ဖြင့် သဠာယတနဝဂ္ဂဝေဒနာသံ
ယုတ်နှိုက်ဟောတော်မူသည်။ ။ဘိက္ခဝေ။ ရဟန်းတို့။ အာသိဝိသာ။
လျှင်သောအဆိပ်ရှိကုန်သော။ ဥဂ္ဂတေဇာ။ ထက်သောတန်ခိုး ရှိကုန်
သော။ ဃောရဝိသာ၊ ကြမ်းသောအဆိပ်ရှိကုန်သောမြွေတို့သည်။ စတ္တာ
ရော။ လေးစင်းတို့သည်။ ဣတိခေါ၊ ဤသို့လျှင်၊ ဧတံ၊ ဤမြွေလေးစင်းဟူသည်။
ပထဝီခေတုယာ။ ပထဝီခေတ်၏၎င်း။ အာပေါခေတုယာ။ အာပေါခေတ်၏
၎င်း။ တေဇောခေတုယာ။ တေဇောခေတ်၏၎င်း။ ဝါယောခေတုယာ၊ ဝါ
ယောခေတ်၏၎င်း။ ဣတိ။ ဤသို့။ စတုန္နံ။ လေးပါးကုန်သော ခေတ်တို့
၏။ အဓိဝစနံ။ အမည်တည်း။ ။ဤပါဠိ၏အဘွင့်အဋ္ဌကထာနှိုက်၊ ။
တတ္ထစတ္တာရော။ အာသိဝိသတိ စသည်ဖြင့်ဘွင့်ဆိုသည်။ ။တတ္ထ။ ထို
ပါဠိနှိုက်၊ စတ္တာရောအာသိဝိသာတိသာတိ။ စတ္တာရောအာသိဝိသာဟူ
သည်ကား။ ။ကဋ္ဌမုခေါ၊ ကဋ္ဌမုခမည်သောမြွေ၎င်း။ ပုတိမုခေါ။ ပုတိ
မုခမည်သောမြွေ၎င်း။ အဂ္ဂိမုခေါ။ အဂ္ဂိမုခမည်သောမြွေ၎င်း။ သတ္ထမုခေါ
သတ္ထမုခမည်သောမြွေ၎င်း။ ဣတိ။ ဤသို့။ စတ္တာရော။ လေးစင်းသောမြွေတို့
တည်း။ ။ဤသို့လျှင်ခေတ်လေးပါးကိုမြွေလေးစင်းဟူ၍ ဟောတော်မူ
လေရကား။ မြွေလေးစင်းနှင့်တူသောခေတ်လေးပါးဟုဆိုအပ်သော ဆံအ
မွေးခြေသည်းလက်သည်းသွားအရေစသည်တို့ကို ငါ၏ဆံအမွေးအရေ
စသည်တို့သည် အလွန်တင့်တယ်လေစွတကားဟူ၍ တဏှာအားဖြင့်မ

သုံးသပ်အပ်။ဥဒရိယကရိသစသောကောဋ္ဌာသကိုလည်းစက်ဆုတ်ဘွယ်ရှိလေစွတကားဟူ၍ဒေါသအားဖြင့်မသုံးသပ်အပ်။ငင်စစ်အားဖြင့်ကား။သတိပညာတို့ဖြင့်သာသုံးသပ်အပ်သည်။ ဤသို့သုံးသပ်ရာနှက်။သတ္တနိပါတ်သတ္တုဘတ္တဇာတ်ကိုပမာပြု၍ရှုဆင်ခြင်အပ်၏။ ပမာပြုအပ်သောဇာတ်ကား။ဗာရာဏသီပြည်နှက်ဇနကမည်သောမင်းသည်မင်းပြုလတ်သည်ရှိသော်ငါတို့ဘုရားလောင်းသည်သေနကမည်သောအမတ်သုခမိန်ဖြစ်၏။ကိုအခါဗာရာဏသီပြည်သား ပုဏ္ဏားတဦးသည်ဥစ္စာရှာခြင်းငှါထိုထိုမြို့ရွာနိဂုံးသို့လှည့်လည်၍ခုနစ်ရာသောအသပြာတို့ကိုရလေလျှင်။မိမိရွာသို့ပြန်နှစ်ခဲ့၏။လမ်းခရီးသို့ရောက်လျှင်။အရိပ်ရေနှင့် ပြည့်စုံသောတခုသောအရင်သို့ရောက်၏။ အခေါင်းရှိသော သစ်ပင်၏အနီး၌ မိမိ၏သားရေအိတ်ကိုဖြေ၍။မုံ့ဆုပ်ကိုစား၏။ မုံ့ဆုပ်ကိုစားပြီးသည်ရှိသော်။မိမိ၏အိတ်ကိုအစည်းမဖွဲ့ခဲ့ဘဲရေနားသို့သွား၍ရေသောက်ခြင်းကိစ္စကိုပြု၏။ထိုပုဏ္ဏားသည်ရေသောက်သောအခိုက်၌သစ်ခေါင်းမှာမြွေဟောက်တခုသည်။မုံ့ဆုပ်၏အနံ့ဖြင့်လာလတ်ပြီးသော်ပုဏ္ဏား၏ အိတ်တွင်းသို့ငင်၍မုံ့ကိုစားလျက်အိတ်တွင်း၌ပင်ခွေ၍နေ၏။ပုဏ္ဏားသည်ရေသောက်ရာမှပြန်နှစ်ခဲ့သည်ရှိသော် မိမိအိတ်ကိုမကြည့်မရှုလျှင်းဘဲ ဘွဲ့စည်းမြဲဘွဲ့စည်း၍လာမြဲတိုင်းသောခရီးသို့မှီးလေ၏။ထိုသို့မှီးလတ်သည်ရှိသော်။ခရီးအကြား၌တဦးသော ရုက္ခစိုးနတ်သည်။ သစ်ခွကြား၌တည်လျက်အချင်းပုဏ္ဏားသင်သည်လမ်းခရီးတွင်သင်၏ အိတ်ကိုဖြေသည်ဖြစ်အံ့။သင်ပုဏ္ဏားသေလတ္တံ့။အိမ်သို့ရောက်မှဖြေလျှင်သင်၏မယားသေလတ္တံ့။ ဤသို့ပြောဆိုလိုက်၏။ပုဏ္ဏားသည်ရုက္ခစိုး၏စကားကိုကြားရသျှင်အလွန်သေဘေး၌ကြောက်သည်ဖြစ်၍ငိုကြွေးမြည်တမ်းလျက်ဗါရာဏသီပြည်သို့ရောက်လေ၏။ ထိုအခါများစွာသောဗာရာဏသီပြည်သူ ပြည်သားတို့သည်ဘုရားလောင်း သေနကအမတ်၏အထံ။ အဆုံးအမကိုခံခြင်းငှါ၎င်း။တရားနာခြင်းငှါ၎င်း။ သွားကြသည်ကိုထိုပုဏ္ဏားမြင်လတ်၍။ ငါလည်းရုက္ခစိုးပြောဆိုလိုက်သောစကားကိုမေးဆေးခြင်းငှါဘုရားအလောင်း၏အထံသို့ဆည်းကပ်မည်ကြံစည်အောက်မေ့၍ မိမိအိတ်ကိုပခုံး၌လွယ်လျက်ပရိသတ်အစွန်၌ငိုကြွေးမြည်တမ်းလျက်တည်၏။ဘုရားအလောင်းအမတ်သေနကသုခမိန်သည် ပုဏ္ဏားကိုမြင်လတ်၍ အနီးအပါးသို့ခေါ်ထားပြီးလျှင်ငိုကြွေးခြင်း၏အကြောင်းကိုမေး၏။ပုဏ္ဏားကပြန်ကြားလျှင်

သဗ္ဗညုတဉာဏ်၏ အခြောက်အခံဖြစ်သောလောကီဉာဏ်နှင့် ပြည့်စုံ
လေရကား။ဟုတ်မှန်စွာမိမိမြင်ရဘိသကဲ့သို့သိ၍၊ အချင်းပုဏ္ဏားသင်၏
ဒိတ်၌ မြွေဟောက်သည်ရှိ၏။ လက်ျာလက်ဖြင့်လည်း မသုံးသပ်အပ်၊
လက်ဝဲလက်ဖြင့်လည်း မသုံးသပ်အပ်။ စင်စစ်သော်ကား လှံတန်တောင်
ဇွေးဘိုဖြင့်ဘွင့်လှစ်သုံးသပ်အပ်၏။ ဤသို့ပြောဆို၍ ပုဏ္ဏားကိုသေဘေးမှ
လွတ်စေသည်။ ။ဤဥပမာဖြစ်သောဇာတ်ဥပမေယျဖြစ်သောလိုအပ်
သောလက်နက်ကား ပုဏ္ဏား၏ဒိတ်နှင့်တူသော ဤအဏ္ဍဘော၌ဒိတ်
တွင်းသို့ဝင်သောမြွေဟောက်နှင့်တူသောကဠမုခစသော မြွေဟုဆိုအပ်
သောခါတ်လေးပါးရှိသည်။ဤပုဏ္ဏားသည်မြွေရှိသည်ဟူ၍ မသိသကဲ့သို့
အပုသုတပုထုဇဉ်တို့သည်မိမိတို့၏ အဏ္ဍဘော၌မြွေနှင့်တူသော ခါတ်
လေးပါးကိုမသိ။ပုဏ္ဏား၏ဒိတ်ကိုလက်ျာလက်ဖြင့်မသုံးသပ်အပ်။မဖွင့်
လှစ်အပ်သကဲ့သို့ ဤမြွေလေးစင်းနှင့်တူသောခါတ်လေးပါးတို့၏ ကိန်း
အောင်းရာပုဏ္ဏား၏ဒိတ်နှင့်တူသောအဏ္ဍဘောကို လက်ျာလက်နှင့်တူ
သောလောဘဖြင့် မသုံးသပ်အပ်။ ပုဏ္ဏား၏ဒိတ်ကိုလက်ဝဲလက်ဖြင့်မ
သုံးသပ်အပ်မဖွင့်လှစ်အပ်သကဲ့သို့။ ဤခါတ်လေးပါးဟု ဆိုအပ်သော
ကောဋ္ဌာသကိုလက်ဝဲလက်နှင့်တူသော။ဒေါသဖြင့်မသုံးသင်အပ်။ပုဏ္ဏား
၏ဒိတ်ကိုလှံတန်တောင်ဇွေးဖြင့်သာဖွင့်လှစ်သုံးသပ်အပ်သကဲ့သို့။အဏ္ဍ
ဘောဟုဆိုအပ်ဆိုအပ်သော ကောဋ္ဌာသကိုသင်္ပညာဖြင့်သာသုံးသပ်
အပ်သည်။ ။ဘုရားလောင်းစကားကိုနာယူသောပုဏ္ဏားသည်သေခြင်း
တည်းဟူသောဘေးမှလွတ်သကဲ့သို့၊မြတ်စွာဘုရား၏စကားတော်ကိုနာ
ယူ၍ ဤကာယဂတာသတိဘာဝနာကိုပွါးများသော သူတို့သည်အဘန်
တလဲလဲသေခြင်းမှလွတ်ကင်းရာနိဗ္ဗာန်ကိုမျက်မှောက်ပြုရအံ့သည်သာ
ဖြစ်သည်။ ။ဤသဏ္ဍာဘတ္တဇာတ်ကိုပမာပြု၍အဏ္ဍဘောကိုရှုအပ်၏။ ။
ထိုပြီးနောက်မှ။ဗုဒ္ဓါနုဿတိဂုဏ်ကိုအာရုံပြု၍သဒ္ဓါတရားကိုပွါးစေရာ၏။
ပွါးရာသည်ကား ဘုရားလောင်းသေနကအမတ်သည်ပုဏ္ဏားအားတစင်း
တည်းသောမြွေကိုသာလျှင်ပြောကြားသည်။ ပုဏ္ဏားပုဏ္ဏေးမနှစ်ယောက်
ကိုသာချမ်းသာအောင်ပြုသည်။သဗ္ဗညုဘဉာဏ်သို့ရောက်တော်မူသည်
ရှိသော်၊ အဏ္ဍဘောတည်းဟူသော ဒိတ်၌လေးစင်းသော မြွေကိုဟော
ကြားတော်မူပေသည်။ ။သတ္တဝါအများကိုလည်း ချမ်းသာအောင်ပြု
တော်မူပေသည်။ ။ဤသို့ဘုရားဂုဏ်တော်ကိုအာရုံပြု၍ သဒ္ဓါတရားကို

ပွါးစေအပ်သည်။ ။အကြင်အကြင်ပြဆိုကဲ့ပြီးသောသုံးဆဲ့နှစ်ပါးသော
ကောဋ္ဌာသတို့ကိုပဋိကူလ မနသိကာရအားဖြင့်၎င်း။ ဓါတုမနသိကာရ
အားဖြင့်၎င်း။ ပွါးများသုံးသင်အပ်သောအားဖြင့်။ဤခန္ဓာအစဉ်ဟု ဆိုအပ်
သောအတ္တဘောကိုချိုးဖြောက်ထောံပုံရသည်။ ဤသို့ချိုးဖြောက် ထောံ
ပုံသည်ရှိသော်မိမိအတ္တဘောကိုချစ်ခင်သည်မည်သည်။ လုံခြုံစွာစောင့်
ရှောက်အပ်သည်မည်သည်။ ။ထိုကြောင့်ဓမ္မပဒအတ္တဝဂ်ဗောဓိရာဇ
ကုမာရဝတ္ထု၌။ ။အတ္တာနဉ္စေပိယံဇညာ။ရက္ခေယျနံ။သုရက္ခိတံ။တိဏ္ဏံ
အညတရံယာမံ။ပဋိဇဂ္ဂေယျပဏ္ဍိတော။ ။ဟူသောဂါထာကို ဟော
တော်မူသည်။ ။အတ္တာနံ။ကိုယ်ကို။ပိယံ။ချစ်အပ်၏ဟု။စေဇညာ။အကယ်
၍သိငြားအံ့။သုရက္ခိတံ။ ကောင်းစွာစောင့်ရှောံအပ်သော။နံ။ထိုမိမိအတ္တ
ဘောကို။ရက္ခေယျ။ဒါနသီလဘာဝနာကိုအားထုတ်သောအားဖြင့်စောင့်
ရှောက်ရာ၏။ပဏ္ဍိတော။ပညာရှိသောပုဂ္ဂိုလ်သည်။တိဏ္ဏံ။ သုံးပါးကုန်
သော။ပထမအရွယ်။ဒုတိယအရွယ်။တတိယအရွယ်တို့တွင်။အညတရံ။
တပါးပါးသော။ယာမံ။အရွယ်ပတ်လုံး။ ဝါ။အရွယ်၌။ပဋိဇဂ္ဂေယျ။ဒါနသီ
လဘာဝနာကိုပွါးသောအားဖြင့်မိမိအတ္တဘောကို စောင့်ရှောံလုပ်ကျွေး
ရာ၏။ ။ဤသို့ဟောတော်မူရကား။လူဖြစ်သောသူသည်။မိမိကိုယ်ကို
စောင့်ရှောက်အံ့ဟူ၍ဘုံခုနစ်ဆင့်မြင့်သောပြာသာဒ်အပြင်၌နေ၍ ကောင်း
စွာပိတ်အပ်သောတိုက်ခန်းတွင်းသို့ဝင်လတ်၍နေသော်လည်း။မိမိကိုယ်
ကိုစောင့်ရှောံသည်မမည်။ထိုအတူရဟန်းဖြစ်သောသူလည်း။ကောင်းစွာ
ပိတ်ဆို့အပ်သော တံခါးပေါင်တံခါးရွက်ရှိသော လုံခြုံစွာသောလိုဏ်ဂူ
တွင်းသို့မိမိအတ္တဘောကိုသွတ်သွင်း၍ထားသော်လည်းစောင့်ရှောံလုံခြုံစေ
သည်မမည်။လူဖြစ်သောသူသည်။အစွမ်းအားလျော်စွာဒါနသီလဘာဝနာ
စသောကုသိုလ်တရားတို့ကိုအားထုတ်သည်ရှိသော်။မိမိကိုယ်ကိုလုံခြုံ
စွာစောင့်ရှောက်သည်မည်၏။ရဟန်းဖြစ်သောသူသည်လည်း။ဝတ်ကြီး
ဝတ်ငယ်ကိုဖြည့်ခြင်း။ပရိယတ်ကိုသင်ခြင်း။ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်း
တို့ကိုအားထုတ်သည်ရှိသော်။မိမိကိုယ်ကိုစောင့်ရှောက်လုံခြုံစေသည်
မည်သည်။ဤသို့သဘောရှိသောကုသိုလ်တရားတို့ဖြင့်အခါလေးမြင့်မိမိ
အတ္တဘောကိုမထောက်ပံ့နိုင်သည်ရှိသော်။အရွယ်သုံးပါးတို့တွင်တပါး
ပါးသောအရွယ်၌မိမိအတ္တဘောကို ချိုးဖြောက်ထောက်ပံ့အပ်သည်။
ဤသို့အရွယ်သုံးပါးတို့တွင်။တပါးပါးသောအရွယ်၌။အတ္တဘောကိုဒါန

သီလဘာဝနာတို့ဖြင့်မချီးမြှင့်သည်ရှိသော် ဆယ်သူသူမရှိသောဂင်္ဂါ
မြစ်မှမျောကူးသောသစ်တုံးသည်၊ သမုဒ္ဒရာသို့ရှေ့ ရှုရောက်သကဲ့သို့။အ
ပါယ်လေးဘုံသို့ရှေးတရှုရှုလားရသည်။ ။ထိုကြောင့်။ဤဂါထာ၏အ
ဘွင့်ဓမ္မပဒအဋ္ဌကထာနိုက်။ ။တဏ္ဍသစေဂီဟိသမာနေ့အဏ္ဍာနံရ
က္ခိသာဒိတိ။စသည်ဖြင့်ဘွင့်ဆိုသည်။ ။တဏ္ဍ။ထိုဒိဋ္ဌိကိုယ်ကိုစောင့်
ရှောက် လုပ်ကျွေးရနိုက်၊ ဂိဟိ။လူသည်။ သမာနေ့။ဖြစ်လတ်သည်ရှိ
သော်။အဏ္ဍာနံ။ဒိဋ္ဌိကိုယ်ကို။ရက္ခိသာဒိတိ။စောင့်ရှောက်အံ့ဟူ၍။ဥပရိ
ပါသာဒတလေ၊အထက်ပြာသာဒ်အပြင်နိုက်၊သုသံဝုတံ။ကောင်းစွာစောင့်
ရှောက်အင်လုံခြုံစေအပ်ပိတ်ဆို့အပ်သော။ဂဗ္ဘံ။တိုက်ခန်းသို့ပဝိသေ
တွာ။ဝင်၍။သမာနာရက္ခော။ကောင်းစွာစောင့်ရှောက်အပ်သည်။ဟုတ္ဂါ။
ဖြစ်၍။ဝသန္တောပိ။နေသော်လည်း အဏ္ဍာနံ။ဒိဋ္ဌိကိုယ်ကို။နရက္ခတိယေဝ။
စောင့်ရှောက် လုံခြုံစေသည်မမည်သာတည်း။ဘိက္ခု။ရဟန်းသည်။ဟု
တွာ။ဖြစ်၍။သုသံဝုဘော။ ကောင်းစွာစောင့်ရှောက်အင်လုံခြုံစေအင်သော
အားဖြင့်။ပိဟိတဒွါရဝါတပါနေ ပိတ်အပ်သောတံခါးမှလေသောက်တံ
ခါးရှိသော။လေဏေ။လိုဏ်ဂူ၌၊ဝိဟာရန္တောပိ။ ဝင်၍ပင်ကိန်းအောင်းသော်
လည်း၊အဏ္ဍာနံ၊ ဒိဋ္ဌိကိုယ်ကို။နရက္ခတိယေဝ။ စောင့်ရှောက်လုံခြုံစေ
သည်မမည်သည်သာလျှင်တည်း၊ပန၊ငင်စစ်သော်ကား၊ဂိဟိ။လူသည်။သ
မာနော။ဖြစ်သည်ရှိသော်။ယထာဗလံ အစွမ်းအလျောက်။ ဒါနသီလာဒိ
နိ။ဒါနသီလဘာဝနာတို့ဖြင့် ဖြစ်ကုန်သော။ ပုညာနိ။ကောင်းမှုတို့ကို။က
ရောန္တော။ပြုသည်ရှိသော်။အဏ္ဍာနံ။ဒိဋ္ဌိကိုယ်ကို၊ ရက္ခိတံနာမ။စောင့်
ရှောက်လုံခြုံစေသည်မည်၏။ပန။ ထိုတပါး။ပဗ္ဗဇိတော ဝါ၊ ရဟန်းဖြစ်
သောသူသည်လည်း၊ တဏှပဋိဝတ္တပဋိယတ္တမနသိကာရေန၊ဝတ်ကြီး
ငယ်ကိုဖြည့်ခြင်း ပရိယတ်ကိုသင်အံပို့ချခြင်း ကမ္မဋ္ဌာန်းကိုနှလုံး
သွင်းခြင်းဖြင့်။ သုဿုက္ကော။ လုန်စွာအားထုတ်ခြင်းသို့၊ အာပဇ္ဇန္တော။
ရောက်သည်ရှိသော်။အဏ္ဍာနံ၊ဒိဋ္ဌိကိုယ်ကို။ရက္ခတိနာမ၊ စောင့်ရှောက်
လုံခြုံသည်မည်၏၊ဧဝံ၊ဤသို့၊တိသု။သုံးပါးကုန်သော၊ဝယေသု။ပထမအ
ရွယ်တတိယအရွယ်တို့နိုက်။ အသက္ကောန္တော၊ ဒါနသီလဘာဝနာကို
အားထုတ်ခြင်းငှါမစွမ်းနိုင်သည်ရှိသော်။အညတရသ္မိံ။အမှတ်မရှိသော။
ဝယေပိ။အရွယ်နိုက်လည်း။ပဏ္ဍိတော။ပညာရှိသောယောကျ်ား
သည်။အဏ္ဍာနံ။ဒိဋ္ဌိကိုယ်ကိုယ်။ ပဋိဇဂ္ဂေယျဧဝ၊ ဒါနသီလဘာဝနာတို့

ဖြင့်ကောင်းစွာစောင့်ရှောက်လုပ်ကျွေးရာသည်သာလျှင်တည်း။ ဟိသတ္တံ။ မှန်၏။ ဂိဟိဘူတော။ လူဖြစ်၍ဖြစ်သောသူသည်။ ပထမဝယေ။ ပထမအရွယ်နှိက် ဒိန္နံ ဒုတိတာယ။ ပြုံးတူးပျော်ပါးကစားခြင်းတို့၌ လေ့ကျက်သည်၏အဖြစ်ကြောင့်။ ကုသလံ။ ကုသိုလ်ကို။ ကာတုံ။ ပြုခြင်းငှာ။ သစေနသက္ကောတိ။ အကယ်၍မစွမ်းနိုင်သည်ဖြစ်အံ့။ ဧဝံ။ ဤသို့မစွမ်းနိုင်သည်ရှိသော်။ မဇ္ဈိမဝယေ။ မဇ္ဈိမအရွယ်နှိက်။ အပ္ပမတ္တေန။ မမေ့မလျော့သည်။ ဟုတ္တွာ။ ဖြစ်၍။ ကုသလံ၊ ကုသိုလ်တရားကို၊ ကာတဗ္ဗံ။ ပြုအပ်၏။ မဇ္ဈိမဝယေ။ မဇ္ဈိမအရွယ်နှိက်။ ပုတ္တဒါရံ။ သားမယားကို။ ပေါသေန္တော။ မွေးမြူရသည်၊ ဟုတ္တွာ။ ဖြစ်သောကြောင့်။ ကုသလံ။ ဒါနသီလဘာဝနာအစရှိသောကုသိုလ်တရားကို၊ ကာတုံ။ ပြုခြင်းငှာ၊ သစေနသက္ကောတိ။ အကယ်၍မစွမ်းနိုင်သည်ဖြစ်အံ့။ ဧဝံ။ ဤသို့မစွမ်းနိုင်သည်ရှိသော်၊ ပစ္ဆိမဝယေ။ ပစ္ဆိမအရွယ်နှိက်။ အပ္ပမတ္တေန။ မမေ့မလျော့သည်။ ဟုတ္တွာ။ ဖြစ်၍။ ကုသလံ၊ ကုသိုလ်ကို၊ ကာတဗ္ဗမေဝ။ ပြုအပ်သည်သာလျှင်တည်း။ ဧဝံပိ။ ဤသို့ဒါနသီလဘာဝနာကိုအားထုတ်သော်လည်း၊ ဘောန၊ ထိုပညာရှိသောလူဖြစ်သောယောကျ်ားသည်။ အတ္တာ။ အတ္တဘောကို၊ ပဋိဇဂ္ဂိတော။ လုပ်ကျွေးစောင့်ရှောက်အပ်သည်သာလျှင်။ ဟောတိ။ ဖြစ်၏။ ပန။ ထိုသို့မဟုတ်။ ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အကရောန္တော။ ဒါနသီလဘာဝနာကိုအားထုတ်ခြင်းကိုမပြုသောလူဖြစ်သောသူအား။ အတ္တာ။ မိမိအတ္တဘောကို၊ ပိယော။ နှမ၊ ချစ်သည်မည်သည်၊ နဟောတိ၊ မဖြစ်၊ စသတ္တံ။ မှန်၏။ နံ၊ ထိုမိမိအတ္တဘောကို။ အပါယပရာယနမေဝ။ အပါယ်သို့လည်းလျောင်းရာရှိသည်ကိုသာလျှင်၊ ကရောတိ၊ ပြု၏။ ပန။ ထိုမှတပါး။ ပဗ္ဗဇိတော။ ရဟန်းဖြစ်သောသူသည်။ ပထမဝယေ။ ပထမအရွယ်နှိက်။ သဇ္ဈာယံ။ ရွတ်အံသသရဇ္ဈာယ်ခြင်းကို။ ကရောန္တော၊ ပြုရသည်။ ဓာရေန္တော။ ဆောင်ရွက်ရသည်။ ဝါစေန္တော။ ဆိုချရသည်။ ဟုတ္တွာ။ ဖြစ်၍။ ဝတ္တပဋိဝတ္တံ။ ဝတ်ကြီးဝတ်ငယ်ကို၊ ပမာဒံ။ မေ့လျော့ခြင်းသို့၊ စေအာပဇ္ဇတိ။ အကယ်ရောက်သည်ဖြစ်အံ့၊ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်နှိက်၊ အပ္ပမတ္တေန။ မမေ့မလျော့သောအားဖြင့်။ သမဏဓမ္မော။ ဘာဝနာကိုအားထုတ်ခြင်းတည်းဟူသောရဟန်းတို့၏တရားကို။ ကာတဗ္ဗော။ ပြုအပ်၏။ ပထမဝယေ။ ပထမအရွယ်နှိက်။ ဥဂ္ဂဟိတပရိယတ္တိယံ၊ သင်အပ်ပြီးသောပရိယတ်နှိက်။ အဋ္ဌကထဥ္စ။ အဋ္ဌကထာကိုလည်း။ ဝိနိစ္ဆယဥ္စ၊ အဆုံးအဖြတ်ကိုလည်း။ ကာရဏာကာရဏဥ္စ။

အကြောင်းဟုတ်သည်မဟုတ်သည်ကိုရင်း။ပုစ္ဆန္တော။ဆွေးနွေးမေးမြန်း
၍နေရသည်။ဟုတွာ။ဖြစ်၍။မဇ္ဈိမဝယေဝါ။မဇ္ဈိမအရွယ်နှိုက်လည်း။ပဗ္ဗ
ဇံ။မွေ့လျော်ခြင်းသို့။သစေအာပဇ္ဇတိ။ အကယ်၍ရောက်သည်ဖြစ်အံ့။ဧဝံ။
ဤသို့ရောက်သည်ရှိသော်။ပဌမဝယေ။ပဌမအရွယ်နှိုက်။ အပ္ပမတ္တေန။
မမွေ့မလျော့သောအားဖြင့်၊ သမဏဓမ္မော။ ဘာဝနာကိုအားထုတ်ခြင်း
တည်းဟူသောရဟန်းတို့၏တရားကို။ ကာတဗ္ဗောဧဝ။ ပြုအပ်သည်
သာလျှင်တည်း။ဧဝံပိ။ဤသို့ပြုသော်လည်း။ သောန။ထိုရဟန်းဖြစ်သောသူ
သည်။အဇ္ဇ။ယနေ့ကိုယ်ကို။ပဋိဝိဇ္ဈိတောဝ။ လင်ကျွေးစောင့်ရှောက်အပ်
သည်မည်သည်သာလျှင်။ ဟောတိ။ဖြစ်၏။ ပန။ထိုသို့မဟုတ်။ဧဝံ။ဤသို့။
အကရောန္တဿ။မပြုမူ၍သက်သက်နေသောရဟန်းအား။ အတ္တာ။မိမိအ
တ္တဘောကို။ပိယာယနံ။ချစ်အပ်သည်မည်သည်။နဟောတိ။မဖြစ်။ပစ္စနု
တာပဝေနေဝ။နောင်တတဘန်ပူပန်ခြင်းဖြင့်သာလျှင်။နံ။ ထိုမိမိအတ္တဘော
ကို။တာပေတိ။ပူပန်စေ၏။ဝါ။ပူပန်စေသည်မည်၏။ ။ဤသို့မွေ၍အဋ္ဌက
ထာနှိုက်လာရကား၊မိမိ၏ ခန္ဓာအစဉ်ဟုဆိုအပ်သော အတ္တဘောကိုဒါန
သီလဘာဝနာတို့ဖြင့်မမွေ့မလျော့ ချိုးမြှောက်အပ်သည်။ ။ကာယဂ
တာသတိဘာဝနာဖြင့်အတ္တဘောကိုချိုးမြှင့်ရာ၌ကား။ အပါယဘယ အစရှိ
သည်ကိုဆင်ခြင်အောက်မေ့သောအားဖြင့် ဘာဝနာဉာဏ်ကိုအား အ
ဆင့်ပေးရာ၏။ ပေးရာသည်ကား။အပါယ်လေးဘုံ၌ကျရောက်သောသတ္တဝါ
တို့သည်။ဤကာယဂတာသတိဘာဝနာကိုပွါးများခြင်းငှါမတတ်ကောင်း။
လူ၏ဘဝကိုရကြကုန်သော သူတို့သည်သာလျှင် ဤကာယဂတာသတိ
ဘာဝနာကိုပွါးများရသောအခွင့်ကိုရ ကြကုန်သည်။ လူ၏ဘဝကိုရ
လင့်ကစား မိစ္ဆာအယူဝါဒရှိသောသူတို့သည် ဤဘာဝနာကိုပွါးခြင်းငှါ
မတတ်ကောင်းလေရကား၊သမ္မာအယူရှိသောသူတို့သည်သာပွါးခြင်းငှါ
တတ်ကောင်းရာသည်။သမ္မာအယူရှိသောသူတို့တွင်လည်းကလျာဏမိတ္တ
ကိုအမှီရ၍သုတမယဉာဏ်နှင့်ပြည့်စုံသောသူတို့သည်သာ၊ဤဘာဝနာကို
ပွါးခြင်းငှါတတ်ကောင်းရာသည်။ ကလျာဏမိတ္တကိုအမှီရ၍ သုတမယ
ဉာဏ်နှင့်ပြည့်စုံသော်လည်း သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်း
တို့သည်သာလျှင်။ဤဘာဝနာကိုပွါးလေရာသည်။ သဒ္ဓါတရားနှင့်ပြည့်စုံ
လျှင်မူလည်းယထာဘူတဉာဏ်ကိုရမှသာလျှင်ဟုတ်မှန်စွာ၊ ဤကာယဂ
တာသတိ ဘာဝနာကို စင်ကြယ်စွာ ပွါးနိုင်ရာသည်။ ယခုအခါ ငါ

တမှုကား ဆိုအပ်ခဲ့ပြီးသော ဘာဝနာ ဉာဏ်၏ အန္တရာယ် မျိုးတို့ သည်။ တ ိုးတစိမှုမရှိ ငင်ကြယ်သည်သာတည်း ဤကာယ ဂတာ သတိဘာဝနာကို လွန်မင်းစွာ ပွါးများအပ်သော ကာလအခွင့် သင့် လျော်သည်။ ဘာဝနာမှာထုတ်နစ်သေးစိတ်ဖြင့် အသင့်နှလုံးမသွင်းလျှင် မှုကားမြတ်စွာဘုရား၏အဆွေအနှစ်ဖြစ်သော လောကုတ္တရာတရားကိုအ တိမှာလျှင်ငါမျက်မှောက်ပြုရအံ့နည်း။ ဤကာယဂတာ သတိဘာဝနာ ကိုပွါးခြင်းသည် ခင်သိမ်းသောဘုရားပစ္စေကဗုဒ္ဓါသာဝက အပေါင်းသူ တော်ကောင်းတို့၏ လမ်းကြောင်းနှင့်လှုံ့ရိုးမသဘွယ် တင့်တယ်လျော် ပတ်သောအကျင့်မြတ်ဖြစ်ပေသည်ဟူ၍နှလုံးပြုလျက်ဤကာယဂတာသ တိဘာဝနာကိုလွန်မင်းစွာပွါးများအားထုတ်အပ်သည်။ ။ထိုကြောင့်သ တိပဋ္ဌာနသုတ်အဘွင့်အစရှိသည်၌။ ။နိရယေသုပဉ္စဝိဓဗန္ဓနကမ္မက ရဏာတောပဋ္ဌာယမဟာဒုက္ခ နုဘဝနကာလေပိ။အစရှိသည်ဖြင့်ဘွင့်ဆို ကြကုန်သည်။ ။နိရယေသု။ငရဲတို့၌။ပဉ္စဝိဓဗန္ဓနကမ္မကရဏတော။ ငါးပါးအပြားရှိသောနှောင်ဖွဲ့ခြင်းကိုပြုခြင်းတည်းဟူသော ကမ္မကရဏ မှ။ပဋ္ဌာယ။စ၍။မဟာဒုက္ခာနုဘဝနကာလေပိ။ကြီးစွာသော ဆင်းရဲဝေဒ နာကိုခံစားရသောကာလ၌ရင်း။တိရစ္ဆာနယောနိယံ။တိရစ္ဆာန်တို့၏ဘုံ တို့၌၊ဇာလက္ခိပကုမိနာဒီဟိ။ ကွန်ပြစ်ခြင်းမြှုံးချခြင်းအစရှိသည်တို့ဖြင့်။ ဂဟိတကာလေပိ။ဘမ်းယူသည်ကိုခံရသောအခါ၌ရင်း။ပါဇနဘဏ္ဍကာ ဒိပ္ပကရတုန္ဒသ။ နှင်တန်ဆူးအစရှိသောအပြားတို့ဖြင့်ထိုးဆွပ်ရိုက်တော် သော်တိရစ္ဆာန်အား၊သကဋဝဟနာဒိကာလေပိ။လှည်းကိုဆောင်ရသော အခါအစရှိသောကာလ၌ရင်း။ပိတ္တိဝိသယေ။ပြိတ္တာတို့၏ဘုံ၌။အနေကာပိ။ မျိုးစွာလည်းဖြစ်ကုန်သော။ဝဿသဟဿါနိ။အနှစ်တထောင်တို့ပတ်လုံး။ ဧကံဗုဒ္ဓန္တရံ။တခုသောဗုဒ္ဓန္တရကာလပတ်လုံး။ခုပ္ပိပါသာဟိ၊မွတ်သိတ် ဆာလောင်ခြင်းတို့ဖြင့်။အါတုရိတကာလေပိ။လွှန်စွာကျင်နာခြင်းဖြစ်သော အခါ၌ရင်း။ကာလကဉ္စိကအသုရေသု။ကာလကဉ္စိကအသူရာတို့၌။သဋ္ဌိ ဟတ္ထအသီတိဟတ္ထပ္ပမာဏေန။အတောင်ခြောက်ဆယ်၊အတောင်ရှစ် ဆယ်ပမါဏရှိသော။အဋ္ဌိစမ္မမတ္တေနေဝ၊အရိုးအရေမျှသာလျှင်ဖြစ်သော။ အတ္တဘာဝေန။ အတ္တဘောဖြင့်။ ဝါတာတပါဒိဒုက္ခာနုဘဝနကာလေပိ။ လေနေပူအစရှိသော ဆင်းရဲကိုခံစားရသော အခါ၌ရင်း။ ဝိရိယ သမ္ဘောဇ္ဈင်္ဂ။ ဘာဝနာကို။ အားထုတ်ခြင်းဟု ဆိုအပ်သော ဝိရိယ

သမ္မောဇ္ဈင်ကို။ဥပ္ပါဒေတုံ၊ဖြစ်စေခြင်းငှါ၊ဝါ။ပွါးများခြင်းငှါ။ နသက္ကာ။မ
ဘတ်ကောင်း၊ဘိက္ခု။သံသရာဘေးကိုရှုလေ့ရှိသောအိုသူတော်ကောင်း။
တော။သူတော်ကောင်းအား။အသမေဝ။ဤအခါသည်သာလျှင်။ကာလော၊
ဘာဝနာကို အားထုတ်ရသေးကာလတည်း။ ဧတ္ထဝဝံ။ဤသို့ အပါယ
ဘယံ။အပါယ်ဘေးကို။ပစ္စဝေက္ခန္တဿ။ဆင်ခြင်အောံမေ့သောပုဂ္ဂိုလ်
အါးလည်း၊ဝိရိယသမ္ဗောဇ္ဈင်္ဂါ။ကာယဂထါသတိဘါဝနါကိုအားထုတ်
ခြင်းဟုဆိုအပ်သောဝိရိယသမ္ဗောဇ္ဈင်သည်၊ဥပ္ပဇ္ဇတိ။ဖြစ်၏။ ကုသိတေ
န။အားမထုတ်သဖြင့်။ဝါ၊ အားမထုတ်သောသူသည်၊ နဝသောကုဏ္ဍရ
ခမ္မာ။ကိုးပါးသောလောကုတ္တရာတရားတို့ကို၊သဒ္ဓုံ၊ရခြင်းငှါ။ နသက္ကာ။
မဘတ်ကောင်း။အာရဒ္ဓဝိရိယေနဝ၊အားထုတ်အပ်သော ဝိရိယရှိသော
သူသည်သာလျှင်၊နဝသောကုဏ္ဍရခမ္မာ။ ကိုးပါးသောလောကုတ္တရာတ
ရားတို့ကို၊လဒ္ဓုံ။ရခြင်းငှါ။သက္ကာ။တတ်ကောင်း၏။အယံ၊ဤသည်သျှင်၊ဝိ
ရိယသ ဘာဝနာကိုအားထုတ်ကြောင်းဖြစ်သောဝိရိယ၏၊ အာနိသံ
သော။အကျိုးတည်း။ဧဝံ၊ဤသို့။အာနိသံ သဒဿာဝိနောဝိ။ဝိရိယ၏
အကျိုးကိုကောင်းစွါမြင်လေ့ရှိသောသူအားလည်း။ဝိရိယသမ္ဗောဇ္ဈင်္ဂါ၊
ဘာဝနာကို အားထုတ်ခြင်းဟု ဆိုအပ်သော ဝိရိ သသမ္ဗောဇ္ဈင်သည်၊
ဥပ္ပဇ္ဇတိ၊ဖြစ်၏။သဗ္ဗဗုဒ္ဓပစ္စေက။မဟာသာဝကေဟိ။ခပ်သိမ်းသောဘုရား
ပစ္စေကဗုဒ္ဓါ မဟာသာဝကာတို့သည်၊ဂန္တဗ္ဗော။ သွားအပ်သော။ ဂတ
မဂ္ဂေါ။သွားရာရိုးတည်း၊သေဝိမဂ္ဂေါ။ယိုဘာဝနာကိုပွါးခြင်းတည်းဟူ
သောခရီးကိုသည်။ကုသိတေန။အားမထုတ်သောသူသည်။ ဂန္တုံ။သွား
ခြင်းငှါ။နသက္ကာ။မဘတ်ကောင်း။ဧတ္ထဝဝံ၊ ဤသို့။ဂမနဒိထိ၊ ဘုရားပစ္စေ
ကဗုဒ္ဓါသာဝကာတို့၏သွားရာဖြစ်သော။ ခရီးသဘွယ်ဖြစ်သောဘာဝနာ
ကိုပစ္စဝေက္ခန္တဿ၊အောက်မေ့ဆင်ခြင်သောပုဂ္ဂိုလ်အားသည်။ ဝိရိ
ယသမ္ဗောဇ္ဈင်္ဂါ။ ဘာဝနာကို အားထုတ်ခြင်းဟုဆိုအပ်သော ဝိရိယ
သမ္ဗောဇ္ဈင်သည် ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ဤကားကာယဂထာသတိဘာဝနာကို
အါးထုတ်သောအရာ၌။ဘိက္ခုနိပါတ်ခုရ၊ဇာတ်ကိုသာခကပြုသောအား
ဖြင့်ဘာဝနာဥာဏ်ကိုချီးမြှောက်ရသည်၊ဘာဝနာဥာဏ်ကိုချီးမြှောက်
ကြောင်းဖြစ်သောဇာတ်ကား၊ ငါတို့ဘုရားအလောင်းသည်၊ တခုသော
ဘောဝ၌ရှိသောရှာငယ်၌ဖြစ်၏။ ထိုအခါငါးရာသော အပေါင်းအဘော်
တို့နှင့်ဘာဂွရောက်လာရောက်လာကုန်သော ကုန်သည်ခရီးသွားတို့ကို

စောရကန္တာရခရီးမှလွန်မြောက်အောင်ပို့ဆောင်၍။ ထိုသူတို့မှရသော အခဖြင့်အသက်မွေး၏။ ထိုအခါလှည်းကုန်သည် ငါးရာတို့သည်ဗာရာဏသီပြည်မှလာရောက်၍ တောအုပ်ဝင္ကာငယ်သို့ ရောက်လျှင် ဘုရားလောင်းယောကျ်ားကိုခေါ်၍ အမောင်ယောကျ်ားငါတို့အား ဤခရီးခဲမှလွန်မြောက်အောင်ပို့ဆောင်ပါ။ဤတထောင်သောဥစ္စာကိုလည်းအချင်းယောကျ်ားယူပါ။ဤသို့လှည်းသားဘို့ကပြောဆို တောင်းပန်လျှင်ဘုရားလောင်းယောကျ်ားသည်ကောင်းပြီဟူ၍ ဝံခံလျက်လေးမြှားသံလျက်တို့ကိုလက်စွဲပြုပြီးသော်လှည်းသားတို့နှင့်တကွတောဝသို့ဝင်လေ၏၊တောအုပ်အလယ်သို့ရောက်လျှင် ခိုးသားငါးရာတို့သည်။ ဟစ်ကျော်ခေါ်ငင်ကုန်လျက် လက်နက်စွဲကာ ဝန်းရံလာကြကုန်၏။ ထိုအခါငါတို့ဘုရားလောင်းသည်။ ခိုးသားငါးရာတို့ကို ပြစ်ခတ်၍ လှည်းသားတို့အားစောရကန္တာရ တောကြီးမှ ဘေးမရှိရာ အရပ်သို့ ပို့ဆောင်သော အားဖြင့်ချမ်းသာစေ၏။ ဤဇာတ်ဒေသနာတော်ဖြင့်ဘုရားလောင်းယောကျ်ားကို အမှီအခိုပြုသော သူတို့သည် စောရကန္တာရမှချမ်းသာစွာ လွန်မြောက်သကဲ့သို့။ ထိုအတူဘုရားလောင်းယောကျ်ားနှင့် တူသောဤကာယဂတာသတိဘာဝနာကို အမှီပြု၍ပွါးများသော သူတို့သည်။ ဇာတိကန္တာရစသည်မှထွက်မြောက်၍ ချမ်းသာရာမဟာသန္တိ ခေတ်မြတ်သောနိဗ္ဗာန်ကိုမျက်မှောက်ပြုရရာသည်။ဘုရားလောင်းယောကျ်ားသည်ခိုးသားငါးရာတို့ကိုဖျက်ဆီးနှိပ်နင်းသကဲ့သို့။ ဤကာယဂတာ သတိဘာဝနာသည်တထောင်ငါးရာကိလေသာတည်းဟူသောခိုးသူတို့ကိုဖျက်ဆီးတတ်သည်။ဘုရားလောင်းယောကျ်ားကို။အမှီအခိုမပြုသောခရီးသွါးတို့သည် ခိုးသါး၏လက်၌၊ပျက်စီးကြကုန်သကဲ့သို့ဤကာယဂတါသတိဘါဝနါကို အမှီအခိုပြု၍ မပွားသော ပုဂ္ဂိုလ်တို့သည်။ ကိလေသာတို့သည် နှိပ်စက်အပ်သည်ဖြစ်၍။ အပါယ်နရက်နိုက်ပျက်စီးရာသည်။ ။ဤသို့လျှင်ခရ ဇာတ်ကိုသာဓကပြု၍။ဤကာယဂတာသတိဘာဝနာကိုအခါခင်သိမ်းအမှီအခိုပြုရာသည်။ ။ဤသည်ကားအတ္တာနုဂ္ဂဟာအပ္ပမာဒကထာ၌ ကာယဂတာသတိဘာဝနာကိုပြဆိုရာစကားရပ်တည်း။ ။ယခုအခါထားခဲ့သောပဋိညာဏ်နှင့်အညီမရဏာဿတိကထာကိုပြဆိုပေအံ့သတည်း။ ။ ဤမရဏာသတိဘါဝနာသည်။ဝိပဿနာနှင့်ဆက်ဆံရကား အနိစ္စာနုပဿနာဒုက္ခာနုဿနါအနတ္တာနုပဿနာတို့၏အရာနိုက်။သိခါပတ္တာဘာဝ

နာအထွင်အစွန်းသို့ရောက်သောအရာဖြစ်သည်။ရှေးရှေးသောဘုရားပစ္စေ
ကဗုဒ္ဓါသာဝကအပေါင်းသူတော်ကောင်းတို့၏ အလေ့အကျက် ဖှန့်မ
စောက်ဖြစ်သောဆည်းဘူးအပ်ပွားများအပ်သောဘာဝနာဖြစ်သည်။ ထို
ကြောင့် ပစ္စေကဗုဒ္ဓါမထေရ်သည်။ ရောဂုဝဖြည် သောသလ မင်းကြီး
အား ။အဋ္ဌိပဟိဒါနံဗဟုခါပသဋ္ဌံ။ ဒါနဋ္ဌခါခွေပဒံဝသေယျော။ ပုဗ္ဗေစ
ဟိပုဗ္ဗတရေဝသန္တော။နိဗ္ဗာနမေဝဇ္ဈာဂမုံသပ္ပညာ။ ။ဟူသောဂါထာ
ဖြင့်ပြောကြောင်းကိုအဋ္ဌနိပါတ်အာဒိတ္တဇာတ်နှက်လာသည်။ ။မဟာ
ရာဇ။မင်းမြတ်။အဋ္ဌိပဟိအဋ္ဌါ၎ဝ။စင်စစ်သါလျှင်။ဒါနံ။ဒါနကုသိုလ်ကို။ဗဟု
ဓါ။များသောအားဖြင့်။ သပ္ပုရိသေဟိ။ဘုရားအစရှိသောသူတော်ကောင်း
တို့သည်။ပသဋ္ဌံ။ချီးမွမ်းအပ်၏။ဒါနံဒါနတော။ဒါနကုသိုလ်တက်။ ခေါ။စင်
စစ်။ခွေပဒံဝ။သမထဝိပဿနာတရားအရသည်သာလျှင်။ သေယျော။လွန်
မြတ်၏။ဟိကသ္မာ။အဘယ်ကြောင့်နည်းဟူမူကား။ ပုဗ္ဗေစ။ရှေးကမ္ဘာနှက်
၎င်း။ ပုဗ္ဗတရေစ။ ရှေးကမ္ဘာမှရှေ့ဖြစ်သော ကမ္ဘာနှက် လည်းကောင်း
သပ္ပညာ။ ပညာရှိကြကုန်သော။ သန္တော။ သူတော်ကောင်း ဖြစ်ကုန်
သောဘုရားပစ္စေကဗုဒ္ဓါသာဝကတို့သည်။သမထဝိပဿနံ၊သမထဝိပဿ
နာတရားကို။ဘာဝေတွာ။ပွားစေ၍၊ နိဗ္ဗာနမေဝ။နိဗ္ဗာန်သို့သာလျှင်။အဇ္ဈာဂ
မုံ။ရောက်ကြလေကုန်ပြီ။ တသ္မာ။ထိုကြောင့်။ခမ္မပဒမေဝ။သမထဝိပဿ
နာတရားအရသည်သာလျှင်။ သေယျော။ လွန်မြတ်၏။ ။ဤသို့ရှေးရှေး
သော ဘုရားပစ္စေကဗုဒ္ဓသာဝကတို့၏ သုံးစွဲရာဘာဝနာဝိသေသဖြစ်ရ
ကားများမြတ်သောအကျိုးရှိသည်။ ထိုကြောင့်လူဖြစ်သောသူသည်၎င်း။ရ
ဟန်းဖြစ်သောသူသည်၎င်း။အခါခပ်သိမ်း၌မရဏဿတိဘာဝနာကိုပွါး
များအားထုတ်ရာသည်။ ဤသို့ပွါးများအါးထုတ်သည်ရှိသော ချမ်းသာသ
ဖြင့် အသက်ရှည်ခြင်းနှက် မာန်ယစ်ခြင်းတည်းဟူသော ဇီဝိတမဒကို
ပယ်၍ ထိုဇီဝိတမဒကိုပယ်ခြင်းဖြင့်၊ ကာယဒုစရိုက်ဝစီဒုရိုက်မနောဒုစ
ရိုက်တို့ကိုပြုကျင့်ခြင်းမှရှောင်ကြဉ်သည်။ မရဏဿတိကိုလည်းဤသို့
ပွားများရာသည်။ ။ပွားများရာသည်ကား၊ငါတယောက်ထည်းသာလျှင်
မရဏလသောကို အမလွန်မြောက်သည်မဟုတ်။ စင်စစ်သော်ကား။သ
တ္တဝါအများတို့သည်လည်းထိုဘဝမှ သည်ဘဝသို့လားခြင်း။ ဤဘဝမှရ
ပ်၍ထိုဘဝနှက်။ ပဋိသန္ဓေ နေခြင်းတို့သည်ဖြစ်ကုန်၏။ ဤသို့ပွားများ
ဆင်ခြင်သည်ရှိသော်လောကီမဂ်ဟု ဆိုအပ်သော မဟာကုသိုလ်သည်

များစွာဖြစ်၍။ထိုလောကီမဂ်ကိုအဘန်တလဲလဲပွားများသည်ရှိသော်သံ
ယောဇဉ်အနုသယဘာရေးတို့ကိုပယ်ရှားရကုန်၏။ ။ထိုကြောင့်ပဋ္ဌက
အင်္ဂုတ္တိုရ်ပါဠိ။ ။ကိဉ္စဘိက္ခဝေအတ္တဝသံပဋိဗ္ဗမရဏဓမ္မောမှိမရ
ဏံအနတိတောစသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်း
တို့။ကိဉ္စ။အဘယ်သို့လျှင်။အတ္တဝသံ။အကျိုးထူးကို။ပဋိစ္စ။စွဲ၍။ မရဏဓ
မ္မော။ရတေတတ်သောသဘောရှိသည်။အံမှိ။ဖြစ်၏။ မရဏံ။သေခြင်းကို။
အနတိတော။မလွန်မြောက်နိုင်။ ဣတိ။ဤသို့။ဣတ္ထိယာဝါ။ မိန်းမသည်
၎င်း။ပုရိသေနဝါ။ ယောက်ျားသည်၎င်း။ ဂဟဋ္ဌေနဝါ။ လူဖြစ်သောသူ
သည်၎င်း။ပဗ္ဗဇိတေနဝါ။ရဟန်းဖြစ်သောသူသည်၎င်း။အဘိဏှံ။မပြတ်။
ပစ္စဝေက္ခိတဗ္ဗံ။ဆင်ခြင်အပ်သနည်း။ဘိက္ခဝေ၊ရဟန်းတို့။ သတ္တာနံ။သ
တ္တဝါတို့အား။ဇီဝိတေ။အနာရောဂါမရှိအသက်ရှည်ခြင်းနှင့်။ဇီဝိတမ
ဒေါ။ချမ်းသာစွာအသက်ရှည်ခြင်းနှင့်မာန်ယစ်ခြင်းသည်။ အတ္ထိ။ရှိ၏။
ယေမနဒေန။အကြင်ဇီဝိတမဒဖြင့်။မတ္တာ။ယစ်မူးကုန်၏။တေ။ထိုဇီဝိတ
မဒဖြင့် ယစ်ကုန်သောသူတို့သည်။ ကာယေန။ကိုယ်ဖြင့်။ ဒုစ္စရိတံ။မ
ကောင်းသောအကျင့်ကို။စရန္တိ။ကျင့်ကြကုန်၏။ဝါစာယ။နှုတ်ဖြင့်။ဒုစ္စရိ
တံ။မကောင်းသောအကျင့်ကို။စရန္တိ။ကျင့်ကြကုန်၏။မနသာ။စိတ်ဖြင့်။
ဒုစ္စရိတံ။မကောင်းသောအကျင့်ကို။စရန္တိ။ကျင့်ကြကုန်၏။တံဌာနံ၊ထိုမ
ရဏာသတိဘာဝနာကို ပွါးခြင်းတည်းဟူသောအကြောင်းကို အဘိ
ဏှံ။မပြတ်။ပစ္စဝေက္ခတော။ဆင်ခြင်သော။တဿ။ထိုသူအား။ဇီဝိတေ။
ချမ်းသာသဖြင့်အသက်ရှည်ခြင်းနှင့်။ယောဇီဝိတမဒေါ။အကြင်အသက်
ရှည်ခြင်း၌။မာန်ယစ်ခြင်းသည်။အတ္ထိ။ရှိ၏။သော။ဇီဝိတမဒေါ။ထိုချမ်းသာ
သဖြင့်သက်ခြင်း၌မာန်ယစ်ခြင်းကို။သဗ္ဗသော၊အကြွင်းမဲ့လည်း။ပဟိယျ
တိ။ပယ်အပ်၏။ ပန။ထိုမှတပါး။တနုဝါ။ခေါင်းပါးသည်လည်း။ဟောတိ။
ဖြစ်၏။ဘိက္ခဝေ။ရဟန်းတို့။ဣဒံခေါဣဒံဧဝအတ္တဝသံ။ဤသို့သောအကျိုး
ထူးကိုသာလျှင်၊ပဋိစ္စ၊စွဲ၍။မရဏဓမ္မော။ ရတေရွေ့လျှောတတ်သောသ
ဘောရှိသည်။အမှိ။ဖြစ်၏။ မရဏံ။သေခြင်းသဘောကို။ အနတိတော။မ
လွန်မြောက်နိုင်။ဣတိ။ဤသို့။ဣတ္ထိယာဝါ။မိန်းမသည်၎င်း။ ပုရိသေနဝါ။
ယောက်ျားသည်၎င်း။ဂဟဋ္ဌေနဝါ။လူဖြစ်သောသူသည်၎င်း။ပဗ္ဗဇိတေန
ဝါ။ရဟန်းဖြစ်သောသူသည်၎င်း။အဘိဏှံ။မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ဆင်
ခြင်အပ်၏။ ။အဟာဗ္ဗဝဇ္ဇကော။ ငါတည်ယောက်တည်းသာလျှင်။ မရ

ကာဓမ္မော။ရုတေရွှေ့လျှောတတ်သောသဘောရှိသည်။ မရဏံ။သေခြင်း
ကို။အနတိတော။မလွန်မြောက်နိုင်သည်။ နခေါဇေဝအမ္ဘိ။မဖြစ်သည်သာ
လျှင်တည်း။အထေခေါ။စင်စစ်သော်ကား။ယဝတာ။အကြင်မျှလောက်။(
ဘွာနံ။သတ္တဝါတို့၏၊အဂတိ။ထိုဘဝမှဤဘဝသို့လာခြင်းသည်၎င်း။ ဂ
တိ။ဤဘဝမှထိုဘဝသို့သွားလာခြင်းသည်၎င်း။ စုတိ။ရုတေခြင်းသည်
၎င်း၊ဥပပတ္တိ။ပဋိသန္ဓေနေခြင်းသည်၎င်း၊ဟောတိ၊ဖြစ်၏။ သဗ္ဗေ။ခပ်သိမ်း
ကုန်သော။သတ္တာ။သတ္တဝါတို့သည်။ မရဏဓမ္မာ။ ရုတေတတ်သောသ
ဘောရှိကုန်၏။မရဏံ။သေခြင်းကို။ အနတိတာ။မလွန်မြောင်နိုင်ကုန်။ ဇာ
တိ။ဤသို့။ပစ္စဝေက္ခိတ။ဆင်ခြင်အပ်၏။တံမှာနံ။ ထိုမရဏသတိဘာဝ
နာတည်းဟူသောအကြောင်းကို၊အဘိဏှံ။မပြတ်။ ပစ္စဝေက္ခတော။ဆင်
ခြင်သော။တဿ၊ထိုပုဂ္ဂိုလ်အား။မဂ္ဂေါ။လောကီမဂ်သည်။ သဉ္ဇာယတိ
ဖြစ်၏။သောဝုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ တံမဂ္ဂံ။ထိုလောကီမဂ်ကို။ အာ
သေဝတိ။အဘန်တလဲလဲမှီဝဲ၏။ဘာဝေတိ၊ပွါးစေ၏၊ဗဟုလီကရောတိ၊
အကြိမ်များစွာပြု၏။ တံမဂ္ဂံ။ထိုလောကီမဂ်ကို။ အာသေဝတော၊မှီ
သော။ဘာဝယံတော။ပွားစေသော။ဗဟုလီကရောတော။အကြိမ်များစွာ
အလေ့အလာပြုသော။တဿ။ထိုပုဂ္ဂိုလ်အား။သံယောဇနာ။သံယောဇဉ်
တရားတို့ကို ပဟီယန္တိ။ပယ်အပ်ကုန်၏။အနုသယာ။ အနုသယတရားတို့
သည်။ဗျန္တိ၊ကင်းကုန်သည်။ဟောန္တိ။ဖြစ်ကုန်၏။ ။ဤသို့သောအကျိုး
ထူးရှိလေရကား။မြတ်စွာဘုရားသည်။ရဟန်းအပေါင်းတို့အား။ဤမရဏ
နုဿတိဘာဝနာကို၊မပြတ်ပွားကြကုန်ဟူ၍တိုက်တွန်းနှိုးဆော်တော်မူ
သည်။ ထိုကြောင့်ဆက္ကအင်္ဂုတ္တိုရ်ပါဠိ။ အဋ္ဌကထာအင်္ဂုတ္တိုရ်ပါဠိတို့
နှိုက်။ ၊မရဏဿတိဘိက္ခဝေဘာဝိတာဗဟုလီကတာမဟပ္ဖလာ
ဟောတိစသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ဘာ
ဝိတာ။ပွားစေအပ်သော ဗဟုလီကတာ။အကြိမ်များစွာအလေ့အလာပြု
အပ်သော၊မရဏဿတိ၊မရဏဿတိဘာဝနာသည်။ မဟပ္ဖလာ။များ
သောအကျိုးရှိသည်။မဟာနိသံသာ။များသောအကျိုးစက်ရှိသည်။ ပဒိ
တောဂဓာ။နိဗ္ဗာန်လျှင်သက်ဝင်ရာရှိသည်။အမတပရိယောသာနာ။နိဗ္ဗာန်
လျှင်အဆုံးရှိသည်။ဟောတိ။ဖြစ်၏၊ဘိက္ခဝေ။ရဟန်းတို့၊ တုမှေ။သင်တို့
သည်၊မရဏဿတိ၊မရဏဿတိဘာဝနာကို။ ဘာဝေထနေသာဘာဝေထ
နှ ပွားကြကုန်၏သော။ ။ဤသို့များမြတ်သောအကျိုးအာနိသင်ရှိသော

မရဏာသတိဘာဝနာကိုတိုက်တွန်းနှိုးဆော်တော်မူသည်။ ။ရဟန်းတို့ကိုသာတိုက်တွန်းနှိုးဆော်သည်မဟုတ်။ရေမြေသေဌ်နှင်းပြည့်ရှင်မင်းတို့အားလည်းတိုက်တွန်းနှိုးဆော်သေါအားဖြင့်ဟောါတော်မူသည်။ဟောါတော်မူကြောင်းကား။ ကောသလမင်းကြီးသည်။ မြတ်စွာဘုရားထံသို့ချဉ်းကပ်၍သင့်တင့်လျှောက်ပတ်ရာအရပ်၌နေလတ်ပြီးသော် ဘုန်းတော်ကြီးသေးမြတ်စွာဘုရားပဒိုသန္တေစွဲနေပြီးသော သတ္တဝါအား သေခြင်းမှလွတ်သောသူသည်ရှိကောင်းရာအံ့လော။ ဤသို့လျှောက်ထားခြင်းကိုအရင်းပြု၍။ ။နတ္ထိခေါမဟာရာဇဇာတဿအညတြဇရာမရဏာယျေပိတေ မဟာရာဇ စသည်ဖြင့် ကောသလ မင်းကြီးအား ဟောတော်မူကြောင်းကိုသဂထာဝဂ္ဂကောသလသံယုတ်နိုက်လာသည်။ ။မဟာရာဇ။ ကောသလမင်းကြီး။ ဇာတဿ။ ပဋိသန္ဓေနေပြီးသော သတ္တဝါအား။ဇရာမရဏာ။ အိုခြင်းသေခြင်းမှ။ အညတြ။ကြဉ်၍။ ရွေ့ာနာမ။ လွတ်သော သတ္တဝါ မည်သည်။ နတ္ထိခေါနတ္ထိဝေ။ မရှိသည် သာလျှင်တည်း။ မဟာရာဇ။ ကောသလမင်းကြီး။ အဍ္ဍ။ အစိုးရကုန်သော။ ဝါ။ ကြွယ်ဝကုန်သော။မဟာဒ္ဓနာ။များသောဥစ္စာရှိကုန်သော။မဟာဘောဂါ။ များသောစည်းစိမ်ရှိကုန်သေါ။ဗဟုတဇါတရူပရဇတါ။များသောရွှေငွေရှိကုန်သော။ဗဟုတဝိတ္တုပကရဏာ။များစွာနှစ်သက်အပ်သော အဆောင်အဦရှိကုန်သော။ဗဟုတဓနဓညာ။များသောဥစ္စာစပါးရှိကုန်သော။ယေပိတေခတ္တိယမဟာသာလာ။ အကြင်ခတ္တိယမဟာသာလတို့သည်လည်း။ သန္တိ။ရှိကုန်၏။ ဇာတာနံ။ ပဋိသန္ဓေနေကုန်ပြီးသော။ တေသမ္ပိခတ္တိယမဟာသာလာနံ၊ထိုခတ္တိယမဟာသာလတို့အားလည်း။ဇရာမရဏာ။ဇရာမရဏာမှ။အညတြ။ကြဉ်၍။ရွေ့ာနာမ၊လွတ်သောသူမည်သည်။နတ္ထိ။မရှိ။ မဟာရာဇကောသလမင်းကြီး။အဍ္ဍ၊အစိုးရကုန်သော။ဝါ။ ကြွယ်ဝကုန်သော။မဟဒ္ဓနာ။မြေနိုက်မြှုပ်ထားအပ်သောများသေါဥစ္စာရှိကုန်သော၊မဟာဘောဂါ။ရွှေခွက်ငွေခွက်အစရှိကုန်သော အသုံးအဆောင်ဖြစ်သောများသောဘဏ္ဍာရှိကုန်သော။ ဗဟုတဇာတရူပရဇတာ။ မြေနိုက်မြှုပ်ထားအပ်သောများသောရွှေငွေရှိကုန်သော။ဗဟုံဝိတ္တုပကရဏာ။များစွာသောနှစ်သက်အပ်သောအဆောက်အဦရှိကုန်သော။ ဗဟုတဓနဓညာ။ များသောနွားအစရှိကုန်သော ဥစ္စာခုနစ်ပါးသောစပါးမျိုး ရှိကုန်သော။ ယေပိတေဗြဟ္မဏာ မဟာသာလာ။ အကြင်ဗြာဟ္မဏာ မဟာသာလတို့

သည်ရင်း။ယေပိတေဂဟာပဘိမဟာသာလာ။အကြင်ဂဟာပတိမဟါသါ
လတို့သည်၎င်း။သန္တိ။ရှိကုန်၏။ဒာတာနံ။ပဋိသန္ဓေနေကုန်ပြီးသော။။တေသ
မ္ပိဗြဟ္မဏမဟာသာလဂဟာပတိမဟာသာလာနံ။.ထိုဗြဟ္မဏမဟာသာ
လဂဟာပတိမဟာသာလတို့အားလည်း။ ဇရာမရဏာ။ ဇရာမရဏမှ။
အညတြ။ကြည်၍။ မုစ္စော္ဘနာမ။လွတ်သောသူမည်သည်။ နတ္ထိ။မရှိ။မ
ဟာရာဇ။ကောသလမင်းကြီး။အရဟန္တော။ပူဇော်အထူးကိုခံထိုက်ကုန်
သော။ခီဏာသဝါ။ကုန်ပြီးသောအာသဝေါရှိကုန်သော။ ဝုသိတဝန္တော။
သုံးအပ်ပြီးသောမဂ်တည်းဟူသော သိတင်းရှိကုန်သော။ ကတကရဏီ
ယာ။ပြုအပ်ပြီးသောမဂ်ကိစ္စရှိကုန်သော။ဩဟိတဘာရာ။ချအင်ပြီးသော
ခန္ဓာဝန်ကိလေသာဝန်အဘိသင်္ခါရဝန်ကာမဂုဏ်ဝန်ရှိကုန်သော။ အနု
ပ္ပတ္တသဒတ္ထာ။ရအပ်ပြီးသောမိမိအကျိုးစီးပွားရှိကုန်သော်။ပရိက္ခီဏဘဝ
သံယောဇနာ။ကုန်ပြီးသော်ဘဝသံယောဇဉ်ရှိကုန်သော။သမ္မာ။ကောင်းစွါ။
အညာအညါယ။အရဟတ္တဖိုလ်ပညာဖြင့်သစ္စါလေးပါးကိုသိ၍။ဝိမုတ္တါ။
ကိလေသာမှလွတ်တော်မူကုန်ပြီးသော။ယေပိတေဘိက္ခူ။ အကြင်ရဟ
န္တာဖြစ်သော်ရဟန်းတို့သည်လည်း။သန္တိ။ရှိကုန်၏။တေသံပိ။ထိုရဟန္တါ
ဖြစ်သောရဟန်းတို့၏လည်း။အယံကာယော။ဤကိုယ်သည်။ဘေဒနဓမ္မေါ။
ပျက်စီးတတ်သောသဘောရှိ၏။ နိက္ခေပဓမ္မော။ပစ်ချအင်သောသဘောရှိ
၏။ ။သုစိတ္တာ။ကောင်းစွာ ဆန်းကြယ်စွာလုပ်ဆောင်အင်ကုန်သော။
ရာဇရထာ။မင်းစီးရထားတို့သည်။ ဝေ။စင်စစ်။ ဇိရန္တိ။ဆွေးမြေ့တတ်
ကုန်၏။ အထောပိ။ထိုမှတပါးလည်း။ဝါ။ထိုအတူလည်း။သရီယံ။ကိုယ်သည်။
ဇရံ။အိုမင်းပျက်စီးခြင်းသို့။ဥပေတိ။ရောက်တတ်၏။သတံ။သူတော်ကောင်း
တို့နှင့်။သဒ္ဓိံ။တကွ။ သတံ။သူတော်ကောင်းတို့၏။ဓမ္မောစဓမ္မော၀။ နိ
ဗ္ဗာန်တရားသည်သာလျှင်။ဇရံ။ပျက်စီးခြင်းသို့။နဉပေတိ။မရောက်တတ်။
ဣဘိ။ဤသို့။သန္တော။ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ဟဝေ။
စင်စစ်။ပဝေဒယန္တိ။ ပြောကြားကုန်၏။ ဤသို့လျှင်ကောသလမင်းကြီး
အား။မရဏာနုဿတိဘာဝနာကိုပြောကြားတော်၏သည်။ ။ဤမရ
ဏာနုဿတိဘာဝနာကိုသဗ္ဗညုတအဖြစ်သို့ရောက်တော်မူမှသာလျှင်။မ
ရဏာနုဿတိဘာဝနာ၏အကျိုးကိုပြခြင်း မရဏာနုဿတိဘာဝနာ
ကိုပွားခြင်း၌ာတိုက်တွန်းခြင်းအမှုကိုပြုတော်မူသည်မဟုတ်။မရင့်သေး
သောသဗ္ဗညုတဉာဏ်ရှိတော်မူသော ယုဋ္ဌင်ဒယမင်းသား ဖြစ်တော်မူ

သောအခါ၊ရာမမင်းဖြစ်တော်မူသောအခါ။ အယောဇ္ဈရမင်းသား ဖြစ်
တော်မူသောအခါ၌သို့စသောအဋ္ဌုပ္ပတ္တိဘောဇ၏ အဖြစ်တို့နှင့်လည်း။ မရ
ဏာနုဿတိဘာဝနာကိုအလေ့အလာပြု၍ပွားများကုန်သည်။သူတပါး
တို့အားလည်းပြောဟောသည်တို့တွင် ယုဒ္ဓင်ဇယမင်းသားဖြစ်သောအ
ခါမရဏာဿတိဘာဝနာကိုပွားများသည်ကား။ရမ္မမည်သောမြို့နှင့်သ
မ္မဒတ္တမည်သောမင်းသည်မင်းပြုသောအခါ။ ငါတို့ဘုရားလောင်းသည်။
ထိုမင်း၏သားတော်အကြီးဖြစ်၍။ယုဒ္ဓင်ဇယအမည်ရှိ၏။ အရွယ်ရောက်
လတ်သော်။ဥပရာဇာ၏ အဖြစ်နှင့်ထား၏။ ဘုရားလောင်းသည်နေ့စဉ်။မ
ပြတ်ကြီးစွာသောအလှူကို ဖြစ်စေလျက်။ တနေ့ရောက်လတ်သောအခါ
ဟေမန္တာကာလနှင်းနှင်းအခါမြတ်သောရထားကိုစီး၍ဥယျာဉ်ကစား
ထွက်သွားလတ်သည်ရှိသော်မျက်သစ်ပင်တို့၏ အဖျားနှင့်ရှိသောဆီး
နှင်းပေါက်တို့ကိုရင်း။ ပင်ကူချည် စသည်တို့နှင့် ကပ်ငြိသောဆီးနှင်း
ပေါက်တို့ကိုငုံ။မြင်လတ်ရကား ရထားထိမ်းအားမေးလေလျှင်။ ရထား
ထိမ်းကဆီးနှင်းပေါက်ဖြစ်ကြောင်းကိုတင်လျှောက်၏။ မင်းသားသည်တ
နေ့ပတ်လုံးဥယျာဉ်နှင့်ပျော်ပါးကစား၍။ ညချမ်းအခါဥယျာဉ်မှပြန်လာ
ခဲ့သည်ရှိသော်နံနက်အခါလာစည်တွေ့မြင်ခဲ့သောဆီးနှင်းပေါက်တို့ကိုမ
မြင်လေရကား။ရထားထိမ်းကိုမေးပြန်၏။ထားရထိမ်းကလည်းအရှင်မင်း
သားနံနက်အခါတွေ့မြင်ကဲ့သောဆီးနှင်းပေါက်တို့သည်။နေရောင်ကြော
လတ်သည်ရှိသော်အလုံးရုံပျက်စီး၍မြေကြီးသို့ကျလျှောကြကုန်ပြီ။ ဤသို့
တင်လျှောက်သောစကားကို မင်းသားကြားလေလျှင် အလွန်ထိတ်လန့်
ခြင်းလျက်။ဤသတ္တဝါတို့၏အသက်ဇီဝိတိန္ဒြေသည် မြက်သစ်ပင်တို့၏
အဖျားနှင့် တည်သောဆီးနှင့်ပေါက်ကဲ့သို့အရှည်မခံ ဤသတ္တဝါတို့
ကားဇာတိဇရာမရဏာတို့ဖြင့်မပြတ်နှိပ်စက်ခြင်းရှိကြကုန်သည်။ ဤသို့
နှလုံးပိုက်၍ရှုနန်းတော်သို့ရောက်လတ်သော်။မယ်တော်ခမည်းတော်တို့
အား။ ။ဥဿာဝေါဝတိဏဂ္ဂမှိ။အစရှိသောဂါထာဖြင့်တောင်းပန်၏။ ။
တိဏဂ္ဂမှိ။မြက်သစ်ပင်တို့၏အဖျားနှင့်။ ဥဿာဝေါ။နှင်းပေါက်သည်။
သူရိယုဂ္ဂမနံ။နေတက်ခြင်းကို။ပတွာ။အစွဲပြု၍။ ပတိဋ္ဌာတုံ။တည်ခြင်းငှာ။
နသက္ကောတိဧဝ။မစွမ်းနိုင်သကဲ့သို့။ပထဝီယံ။မြေနှင့်။ ပတတိဧဝ။ကျ
သကဲ့သို့။ဧဝံတထာ။ထိုအတူ။မနုဿာနံ။လူတို့၏။အာယု။အသက်သည်။
ပရိတ္တံ။နည်းစွာ၏။ယာဝကာလိကံ။အခိုက်အတန့်မျှသာတည်ခြင်းရှိ၏။ အ

စိရဋ္ဌိတိကံ။ကြာမြင့်စွာမတည်။အဓ္မ။မိခင်။မံ။အကြွ နှင့်ကို။မာနီဝါရထ။ မတားမြစ်ပါလင့်။ပဗ္ဗဇ္ဇိ့သသာမိ။ရဟန်းပြုပါအံ့။ ။ဤဇာတ်ကား၎ကာ ဒသနီပါတ်၌လာသည်။ ။ရာမမင်းဖြစ်တော်မူသောအခါ။ ဤမရဏာ သတိဘာဝနာကိုမိမိပွားခြင်း သူတပါးတို့အားပြောဟောသော အား ဖြင့်ပွားများကျင့်ဆောင်သည်ကား။ဗာရာဏသီပြည်နှိုက်။ဒသရထမင်း သည်မင်းပြုသောအခါ ထိုမင်း၏မိဘုရားကြီးနှိုက် ရာမမည်သောသား တော်။လက္ခဏာမည်သောသားတော်။ သီတာဒေဝီမည်သောသမီးတော်။ ဤသုံးယောက်တို့ကိုဘွားမြင်၍နောက်အခါထိုမိဘုရားကြီးသည်နတ်ရွာ လားသည်ရှိသော်။ဒသရထမင်းကြီးသည်တဦးသောမိဘုရားကို အဂ္ဂမ ဟေသီအရာနှိုက်ထား၏။ထိုမိဘုရားသည်။ဘရတမည်သောသားတော် ကိုဘွားမြင်လေလျှင် မင်းအဖြစ်ကိုအခွင့်တောင်း၏။ ထိုအခါဒသရထ မင်းကြီးသည်သားတော်ရာမမင်းစသော သုံးယောက်တို့ကို ခေါ်တော်မူ ၍ချစ်သားချစ်သမီးတို့မာတုဂါမတို့မည်သည် သူ့ကျေးဇူးကိုလည်းမသိ တတ်။အနေဘွခင်ပွန်းကိုလည်းဖြစ်မှားတတ်သည် တံပိုးလက်ဆောင်ပေး ခြင်းစသောဥပါယ်တမည်ဖြင့်သင်ချစ်သားချစ်သမီးတို့ကို နှိပ်စက်ဖျက် ဆီးရာသည်။သင်ချစ်သားချစ်သမီးတို့သည်ရွာတပါးတို့သို့၎င်း။ တောအ ရပ်သို့၎င်း။သွားလတ်၍နေကြကုန်။ ငါသည်တဆဲ့နှစ်နှစ် ရောက်လတ် သော်အခါအာယုကာ်ါရပြတ်ခဲ့၍နတ်ရွာစံရလတ့ံ။ ထိုအခါမှအဘ၏ အရိုက်အရာကိုသိမ်းယူလတ်ကြကုန်။ ဤသို့ပြောဆို၍ တောအရပ်သို့ သွားစေ၏။မင်းသုံးပါးတို့သည်တောအရပ်သို့သွား၍ နေကြလတ်သော်။ အဘဖြစ်သောဒသရထမင်းကြီးသည်။သားတို့နှင့်ကွေကွင်းခြင်းဆင်းရဲ သည်နှိပ်စက်အပ်သည်ဖြစ်၍။ သားတော်တို့ထွက်သွားသည်မှ ကိုးနှစ် မြောက်သောကာလနှိုက်နတ်ရွာလားလေ၏။ ထိုအခါဘရထမင်းသား နှင့်တကွအမတ်အပေါင်းတို့သည်ရာမမင်းနေရာ တောအရပ်သို့ သွား လတ်ကြကုန်၍ရာမမင်းအား ခမည်းတော်နတ်ရွာလားကြောင်းကို ပြန် ကြားတင်လျှောက်ကြကုန်၏။ ထိုအခါငါတို့ဘုရားအလောင်း ရာမမင်း သည်အခါခပ်သိမ်း မရဏာသတိဘာဝနာကိုပွားများမမေ့ နေလေ့ရှိ သည်ဖြစ်၍ ထိုပရိသတ်တို့အား။ ။ယံနသက္ကာနိပါလေတုံ။ သဗ္ဗာနံ လပတံဗဟုံ။ အစရှိသော ဂါထာတို့ဖြင့် မရဏာသတိ ဂါထာကို ဟောကြားသည်။ ။တာတဘရထ၊ ငါညီဘရထမင်း။ သဗ္ဗာနံ။

တ္တဝါတို့၏။ယံဇီဝိတံ။အကြင်အသက်သည်။ အတ္တိ။ရှိ၏။တံဇီဝိတံ။ထိုအသက်ကို။ ဗဟုမ္ပိ။များစွာလည်း။ လပတံလပန္တာနံ။ စကားပြောဆိုကြကုန်သော ယောကျ်ားတို့တွင်။ ဧကောနပိ။ တယောက်သောသူသည်မျှလည်း။နပဿိ ဇ္ဇတု။မပြတ်စေသတည်း။ ဇာတိမနသိကတွာ။ ဤသို့နှလုံးသွင်း၍။နိပါလေတုံ။စောင့်ခြင်းငှါ။နသက္ကာ။မတတ်ကောင်း ဇာဒါနိ။ယခုအခါနိက်။ အဋ္ဌလောကဓမ္မေ။ ရှစ်ပါးသော လောကဓံတရားတို့ကို။ တထာဂတော။ဟုတ်မှန်သောအားဖြင့်။ဝိညူ။သိမြင်သော။မေဓာဝီ။ ပညာရှိသော။မာဒိသော။ငါကဲ့သို့သဘောရှိသော။ပေါ်သော။မရဏသတိဘါဝနာကိုပွါးများသော ယောကျ်ားသည်။ မရဏံပရိယောသာနဇီဝိတေသု။ သေခြင်းလျှင်အဆုံးရှိကုန်သောဇီဝိတိန္ဒြေရှိကုန်သော။ သတ္တေသု။သတ္တဝါတို့၌။ကိံသ။အဘဲ့ကြောင့်၊သောကဒုက္ခေန။ သောကတည်းဟူသောဆင်းရဲခြင်းဖြင့်။အတ္တာနံ။မိမိကိုယ်ကို။ဥပတာပယေ။ပူပန်စေရာအံ့နည်း။ တာတတာဘရထ။ညီချစ်ဘရထ။ဒဟာရော။ငယ်ကုန်သော။ ယေစာပိ။အကြင်သတို့သားသည်လည်း။သန္တိ။ရှိကြကုန်၏။ သေသောမစ္စုနာမ။ဤသေမင်းမည်သည်ကား။သုစဏ္ဍာရူပသဒိသာနိ။ ရွှေဆင်းတုနှင့်တူကုန်သော။ခတ္တိယကုမာရကာဒိနံ။မင်းသားအစရှိကုန်သော။တေသမ္ပိ။ ထိုသူတို့အာ.လည်း။နလဇ္ဇတိ။မကြောက်မရှက်။ဝုဍ္ဍါ ကြီးကုန်သော။ယေစ။အကြင်သူတို့သည်လည်း။ သန္တိ။ရှိကြကုန်၏။ဝုဍ္ဍပတ္တာနံ။ ကြီးပွါးခြင်းသို့ရောက်ကုန်သော။မဟာရောခါနံ။သူရဲကြီးဖြစ်ကုန်သော။ တေသမ္ပိ။ထိုသူတို့အားလည်း။နလဇ္ဇတိ။ မကြောက်မရှက်။ဗာလာ။ မိုက်ကုန်သော။ယေစ။ အကြင်သူတို့ သည်လည်း။ သန္တိ။ရှိကြကုန်၏။ ပုထုသတ္တာနံ။ များစွာသော သတ္တဝါဟု ဆိုအပ်ကုန်သော။ တေသမ္ပိ။ ထိုသူတို့အားလည်း။နလဇ္ဇတိ။ မကြောက်မရှက်။ပဏ္ဍိတာ။ ပညာရှိကုန်သော။ယေစ။ အကြင်သူတို့သည်လည်း။သန္တိ။ရှိကြကုန်၏။ဗုဒ္ဓါဒိနံ။ ဘုရားအစရှိကုန်သော။ပဏ္ဍိတာနံ။ပညာရှိကုန်သော။တေသမ္ပိ။ထိုသူတို့အားလည်း။နလဇ္ဇတိ။မကြောက်မရှက်။အဍ္ဍာ။ အပိုးရကုန်သော။ယေစေဝ။အကြင်သူတို့သည်လည်း။သန္တိ။ရှိကြကုန်၏။စက္ကဝတ္တိအာဒိနံ။ စကြာမင်းအစရှိကုန်သော။ဣသရာနံ။အပိုးရကုန်သော။တေသမ္ပိ။ထိုသူတို့အားလည်း။ နလဇ္ဇတိ။ မကြောက်မရှက်။ဒလိဒ္ဒါ။ ဆင်းရဲကုန်သော။ယေစ။ အကြင်သူတို့သည်လည်း။သန္တိ။ရှိကြကုန်၏။ နိဓာနာနံ။ဥစ္စာမရှိကုန်သော။ ဒလိဒ္ဒါနံ။

သုင်းရဲကုန်သော၊တေသမို၊ထိုသူတို့အားလည်း။နုလဇ္ဇတိ။ မကြောက်မ
ရှက်၊သဇ္ဇ္ဈေ၊ အသုံးငုံကုန်သော၊ ဇာမေသတ္တာ၊ဤသတ္တဝါတို့သည်၊မဂ္ဂုပ
ရာယနာ၊သေခြင်းလျှင်လည်းလျောင်းရာရှိကုန်၏၊ဝါ၊ သေမင်း၏ခံတွင်း
နိုက်ပျက်စီးကုန်၏။ ။ဘာတဘရထ၊ညီချစ်ဘရထ၊ပက္ကာနံ၊မှည့်ကုန်
ပြီးသော၊ဖလာနံ၊သစ်သီးတို့၏၊ပက္ကကာလတော၊မှည့်သောအခါမှ၊ပဋ္ဌာ
ယ၊စ၍၊ဇာဒါနိ၊ယခုပင်၊ဝါ၊ အညာမှ၊ဆိဋ္ဌတွာ၊ပြုတ်၍၊ပတိဿန္တိ၊
ကြွေကျကုန်လတ္တံ့။ ဒါနိ၊ယခုပင်၊ဝါ၊အညာမှ၊ဆိဋ္ဌတွာ၊ ပြုတ်၍၊ပ
တိဿန္တိ၊ကြွေကျကုန်တတ္တံ့။ ဇာတိ၊ဤသို့ငတနတော၊ ကြွေကျသော
အားဖြင့်၊တေသံ၊ထိုမှည့်ပြီးသောသစ်သီးတို့အား၊နိစ္စံ၊အမြဲငကံသာလျှင်၊
ဘယံ၊ပျက်စီးခြင်းသည်၊ဟောတိ၊ဇာဝ၊ဖြစ်သကဲ့သို့၊ငင်တထာ၊ထိုအတူ၊
အသက်နိယတော၊ယုံမှာတွေးတောအင်သောသဘောအားဖြင့်၊ဇာတာ
နံ၊ပဋိသန္ဓေအားဖြင့်ဖြစ်ကုန်ပြီးသော၊မစ္စနံ၊ သတ္တဝါတို့အားလည်း၊ နိစ္စံ၊
အမြဲစင်စစ်သာလျှင်၊မရဏ၊တော၊သေသောအားဖြင့်၊ဘယံ၊ဘေးသည်၊
ဝါပျက်စီးခြင်းသည်၊ဟောတိ၊ဖြစ်၏၊ ယ၊တ္တ၊အကြင်ခဏ၊အကြင်လယ၌၊
တေသံ၊ ထိုပဋိသန္ဓေအားဖြင့်ဖြစ်ကုန်ပြီးသောသတ္တဝါတို့အား၊ မရဏံ၊
သေခြင်းကို၊အသက်ဝတဇ္ဇ၊တွေးတောအပ်သည်၊နဘဝေယျ၊မဖြစ်ရာ၊
သောခဏောဝါ၊ ထိုမသေဟူ၍ မတွေးတောအင်သောခဏသည်ငင်း၊
သောလယောဝါ၊ ထိုမသေဟူ၍ မတွေးတော အင်သော လယသည်
ငင်း၊နတ္ထိ၊မရှိ။ ။ပါတော၊နံနက်အခါနိုက်၊ဒိဋ္ဌာ၊ မြင်အပ်ကုန်သော၊
ဗဟု၊များစွာကုန်သော၊ငကေ၊အချို့ကုန်သော၊ဇနာ၊လူတို့သည်၊ သာယံ၊
ညအခါ၌၊နဒိဿန္တိ၊သေသောအားဖြင့်မမြင်ရကုန်၊ သာယံ၊ ညအခါ၌၊
ဒိဋ္ဌာ၊မြင်ရကုန်သော၊ဗဟု၊များစွာကုန်သော၊ ငကေ၊ အချို့ကုန်သော၊ဇ
နာ၊လူတို့သည်၊ပါတော၊နံနက်အခါ၌၊နဒိဿန္တိ၊မမြင်ရကုန်၊ မေ၊ငါ၏၊
ပိတာ၊အဘသည်၊ မတော၊သေခဲ့ပြီ၊မေ၊ငါ၏၊ ပုတ္တော၊ သားသည်၊မ
တော၊သေခဲ့ပြီ၊ဇာတိ၊အာဒိဟိ၊ဤသို့အစရှိသောစကားတို့ဖြင့်၊ ပရိဒေဝ
မာနေသ၊ပိုကြွေးသည်သာလျှင်ဖြစ်သော၊သံပုဋ္ဌော၊တွေ့ဝေသော၊အတ္တာ
နံ၊မိမိကိုယ်ကို၊ဟိံသဟိံသန္တော၊ညှင်းဆဲသော၊ကိလမန္တော၊ပင်ပန်းစေ
သော၊ပေါသော၊ သတ္တဝါသည်၊ ကိဉ္စိ၊ အနည်းငယ်မျှလည်းဖြစ်သော၊
အတ္တံ၊အကျိုးကို၊နဥဒဗ္ဗတေ၊မဆောင်ရာ၊ဝါ၊မပြုရာ၊ဝိစက္ခဏာ၊ပညာ
မျက်စိအမြင်ရှိသောသတ္တဝါသည်၊ငငံ၊ဤသို့၊ ပရိဒေဝံ၊ပိုကြွေးခြင်းကို၊

နကာရေယျ။မပြုရာ။ ။ဤသို့လျှင်မရဏာသတိဘာဝနာကို။ငါတို့၏ဘုရားအလောင်းဖြစ်သောရာမမင်းသည်။ ဘရထမင်းသားနှင့်တကွ ပရိသတ်တို့အားဘုရားသခင်ကဲ့သို့ပြောကြားသည်။ ။အယောဃရမင်းသားဖြစ်သောအတ္တဘော၌လည်း။ ဤမရဏာနုဿတိဘာဝနာကို ပွါးများဟောပြောသည်ကား။ ။ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသောအခါ။ထိုမင်း၏မိဖုရားကြီးသည်သားဘွားလတ်သော်။ဈေးကရန်သူဖြစ်ဘူးသောဘီလူးမသည်။ စားခြင်းငှါထိုသားငယ်ကိုယူသွား၍ပြေးလေ၏။မိဖုရားကြီးသည်ကြီးစွါသောအသံဖြင့်မြည်တန်းဟစ်ကျော်စဉ်။ထိုသားငယ်ကိုအခြစ်အဖုကဲ့သို့ရွတ်ရွတ်ဝါး၍စားလေ၏။ တဘန်မိဖုရားကြီးသည်ဘွားပြန်လတ်သော်။ ထိုအတူဘီလူးမသည် ယူသွား၍ကိုက်စားလေ၏။သုံးကြိမ်မြောက်သောအခါ၌ မွေးဘွားသောသားတော်ကို စောင့်ရှောက်အံ့ဟူ၍။ ဗြဟ္မဒတ်မင်းသည် ကြီးစွာသောသံဖြင့် ပြီးသောအိမ်ကိုပန်းဘဲသမားတို့ကို ဆောက်လုပ်စေ၍။ မိဖုရားကြီးကို ထိုအိမ်၌နေစေ၏။ ဆယ်လစေ့လတ်သော် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသောငါတို့၏ဘုရားအလောင်း သားတော်ကိုဘွားမြင်၍။ အယောဃရမင်းသားဟူ၍မှည့်ကြကုန်၏။ ထိုမင်းသားသည်တဆဲ့ခြောက်နှစ်အရွယ်ရောက်လတ်သော်။ အဘဖြစ်သောဗြဟ္မဒတ်မင်းက ပြည်ကိုဆောင်နှင်းအံ့ဟူ၍ မြို့ကိုတန်ဆာဆင်စေလျက်။ သားတော်ကိုသံအိမ်မှထုတ်ပြီးလျှင်။ မင်္ဂလာဆင်ထက်တင်၍ မြို့ကိုလှည့်စေ၏။ အယောဃရမင်းသားသည်မြို့ကိုလှည့်လည်သည်ရှိသော်။နှစ်သက်ဘွယ်သောဥယျာဉ်ရေကန်စသည်တို့ကိုမြင်လတ်၍။ငါ၏အဘသည် ငါ့အားတဆဲ့ခြောက်နှစ်တိုင်တိုင်သံအိမ်၌ထားခြင်းသည်အကြောင်းအဘယ်သို့ရှိသနည်း။ ဤသို့အမတ်တို့ကိုမေးလေလျှင်။အမတ်တို့ကပြန်ကြားတင်လျှောက်၏။ ထိုအခါအယောဃရမင်းသားအားအကြံဖြစ်သည်ကား။ငါသည်လောဟကုမ္ဘိငရဲနှင့်တူသောအမိဝမ်းတိုက်၌ဆယ်လပတ်လုံးနေပြီး၍ ဘွားမြင်လတ်သော်။တဘန်သံအိမ်၌တဆဲ့ခြောက်နှစ်တိုင်တိုင်ဥဿဒ္ဒရက်ငရဲ၌ကျဘိသကဲ့သို့နေရ၏။ ဤဘီလူးမ၏လက်မှလွတ်သော်လည်း အိုခြင်းသဘောသေခြင်းသဘောမှငါသည်မလွတ်သေး။မင်း၏အဖြစ်၌အဘယ်အကျိုးရှိအံ့နည်းဟူ၍ခမည်းတော်ထံချင်းကင်ပြီးသော်။ ဇရာမရဏာ၏အဖြစ်ကိုပြောဆိုလျက်။ ဇရာမရဏာမှလွတ်ခြင်း၏အကြောင်းကို ပြောဆိုတင်

လျှောက်ခြင်းငှါ။ ။ယမေကရတ္တိံ ပထမံ၊ဂစ္ဆေဝသာဝိမာလာဝေါ။အ
စရှိသောဂါထာကိုမိန့်ဆိုတော်မူသည်။ ။ယံယောမာလာဝေါ။အကြင်
သတ္တဝါသည်၊ပထမံ။ရှေးဦးစွာ။ကေရတ္တိံ၊တရသောညဉ့်တရသောနေ့၌။
ပဋိသန္ဓိံ။ပဋိသန္ဓေကို။ဂဏှိတွာ။ယူ၍၊မာတုကုစ္ဆိသင်္ခါတေ။အမိဝမ်းဟု
ဆိုအပ်သော။ဂဗ္ဘေ။ဝမ်းတိုက်၌။ဝသတိ။နေရ၏။ဥဋ္ဌိတော။ တက်သော။
ဝါ။ဖြစ်သော။အဗ္ဘော။တိမ်တိုက်သည်။ပယာတိဇ္ဇဝ။သွားသကဲ့သို့။ ဧဝံ
တထာ။ဤအတူ၊ဂစ္ဆံ၊ဂစ္ဆန္တော။သွားသော။သောမာလာဝေါ။ ထိုသတ္တ
ဝါသည်။နနိဝတ္တတိ၊ ကလလအဗ္ဗုဒအစရှိသောနောက်သို့မဆုတ်မနစ်။
ဧဝံ၊ဤသို့။ဂစ္ဆန္တော။ဂုတိသို့သွားသော။သောစအယံမာလာဝေါ။ထိုသတ္တ
ဝါသည်လည်း။ပုန။တဘန်။အဗ္ဗုဒတော၊အမြှုပ်မှ။ ကလလဘာဝံ။က
လလရေကြည်၏အဖြစ်သို့။ပါပုဏိတုံ။ရောက်ခြင်းငှါ၊နိဝတ္တတိ။နောက်
သို့မဆုတ်နစ်။ ပေသိအာဒိတောဝါပိ၊ သားတစ်အစရှိသောသဘောမှ
လည်း၊အဗ္ဗုဒဘာဝံ။ အမြှုပ်အစရှိသော သဘောသို့။ ပါပုဏိတုံ။
ရောက်ခြင်းငှါ။နနိဝတ္တတိ။နောက်သို့မဆုတ်။ခိဋ္ဌာဒိဒသကတော။ ခိဋ္ဌာဒ
သကအစရှိသည်မှ။မန္ဒဒသကာဒိဘာဝံ။မန္ဒဒသကအစရှိသည်၏အဖြစ်
သို့၊ပါပုဏိတုံ။ရောက်ခြင်းငှါ။ နနိဝတ္တတိ။ မဆုတ်နစ်၊ ဝဍ္ဎဒသကာဒိ
တော။ဝဍ္ဎဒသကအစရှိသည်မှ။ခိဋ္ဌာဒသကာဒိဘာဝံ။ ခိဋ္ဌာဒသကအစ
ရှိသည်၏အဖြစ်ကို။ပါပုဏိတုံ။ရောက်ခြင်းငှါ။နနိဝတ္တတိ။မဆုတ်နစ်။ယ
ထာပန။အတန္တမြည်သည်ကား။ ဝါတဝေဂေန၊ လေ၏အဟုန်ဖြင့်။ သ
မုဋ္ဌိနယမာနော၊ပြတ်၍လွင့်သော။ သောဝလာဟကော။ ထိုတိမ်တိုက်
သည်။အဟံ၊ငါတိမ်တိုက်သည်။အသုကဋ္ဌာနေနာမ။ ဤအမည်ရှိသော
အရပ်၌။ဥဋ္ဌိတော။တက်၏၊ဝါ။ဖြစ်၏။ပုန။တဘန်။နိဝတ္တေတွာ။ မိမိနေရာ
သို့ပြန်နစ်၍။တဋ္ဌေဝ။ထိုမိမိနေရာအရပ်သို့သာလျှင်။ဂတွာ။သွားဦး၍။ပ
ကတိဘာဝေန။ပြကတေ့၏အဖြစ်ဖြင့်။ဒဋ္ဌသာမိ။ တည်ဦးအံ့။ဣတိ။ဤ
သို့သောသဘောသည်၊နလဘတိယထာ။မရသကဲ့သို့။ယံ။ အကြင်တိမ်
တိုက်သည်၊ဒိသံ။အရပ်တပါးသို့။ ဂတံ၊ရောက်၏။ တံ။ ထိုတိမ်တိုက်
သည်။ဂတမေဝ။ အရပ်တပါးသို့ရောက်သည်သာလျှင်တည်း။ ယံ။ အ
ကြင်တိမ်တိုက်သည်။အန္တရဟိတံ။ကွယ်ပျောက်၏။ တံ။ ထိုကွယ်ပျော
သောတိမ်တိုက်သည်။အန္တရဟိတမေဝ၊ ကွယ်ပျောက်သည်သာလျှင်။
ဟောတိယထာ၊ဖြစ်သကဲ့သို့။တထာ။ထိုအတူ။ ကလလာဒိဘာဝေန။က

လလရေကြည်အစရှိသည်၏အဖြစ်ဖြင့်။ဂန္တုမာနော။သွားသော။သောပိ
မာဏဝေါ။ထိုသတ္တဝါသည်လည်း။ဂန္တုတေ။ရွှေသို့သွားသည်သာလျှင်
တည်။ တသ္မိံ တသ္မိံ ကောဋ္ဌာသေ။ သိုထိုကာလလအဖို့တအးစရှိသောအ
ရန္တိုက်။သင်္ခါရာ။သင်္ခါရတရားတို့သည်။ ပုရိမပုရိမာနိ။ရှေးရှေးဖြစ်ကုန်
သောသင်္ခါရတရားတို့၏။ပစ္စယာ။အကြောင်းတို့သည်။ဟုတွာ။ဖြစ်ကုန်
၍။ပန္တတော။နောက်သို့။အနိဝတ္တေတွာ။မဆုတ်နစ်မူ၍။ တတ္တတတ္တေဝ။
ထိုထိုအခါ၌သာလျှင်။တံ။ထိုသင်္ခါရတရားအရသည်။ဘိဇ္ဇတိ။ပျက်၏။ဇ
ရာကာလေ။အိုမင်းသောအခါ၌ကိ။သင်္ခါရာ။ ဖြစ်သောသင်္ခါရတရားတို့
သည်။ အမှေဟိ။ငါသင်္ခါရတရားတို့သည်။ ဧသဧသောမာဏဝေါ။ ဤ
သတ္တဝါသည်။ပုဗ္ဗေ။ရှေးကာလ၌။ယုဝါ။ပျိုမြစ်၏၊ ထာမသမ္ပန္နော။ အား
အစွမ်းနှင့်ပြည့်စုံ၏။တတော။ထိုအိုမင်းသောကာလမှ။ပုန။တဘန်။နံ။ ထို
ပျိုမြစ်သောအရွယ်သို့။နိဝတ္တေတွာ။ပြန်နစ်၍။တတ္ထေဝ။ ထိုပျိုမြစ်သော
အရွယ်၌သာလျှင်။ကရိဿာမ။ပြုရကုန်အံ့။ ဇာတိ။ဤသို့။နလဘန္တိ။မရ
အပ်ကုန်။တတ္တတတ္တေဝ။ထိုထိုကာလ၌သာလျှင်။ အန္တရဓာရန္တိ။ကွယ်
ပျောက်ကုန်၏။ ။ဧဝံဂန္တုန္တောစသောဤစကားရင်ကား အဋ္ဌကထာစ
ကားရပ်တည်း။ ။ယုဇ္ဇမာနဿ။နှစ်ဘက်မှတက်ကုန်သောစစ်မြေအရပ်
၌စစ်ထိုးတတ်ကုန်သော။နရာ။လူတို့သည်ဝင်း။ဗလေန၊ကာယဗလညာဏ
ဗလနှင့်။ဝသိတာ။ပြည့်စုံကုန်သော။နရာ။လူတို့သည်ဝင်း။နဖိရန္တိ။ မဒိ
ကုန်သည်ကား။န။မဟုတ်ကုန်။ဖိရန္တိဧဝ။ ဒိုမင်းကုန်သည်သာတည်း။န
စာပိမိယံရေ၊မသေကုန်သည်လည်း။န။မဟုတ်ကုန်။မိယန္တိဧဝ။သေကုန်
သည်သာလျှင်တည်း။မဟာရာဇ။မင်းမြတ်။သဗ္ဗံဟိသဗ္ဗံဧဝ။ အလုံးစုံသာ
လျှင်ဖြစ်သော။ဇာဒံ။ဤသတ္တဝါအပေါင်းကို။မဟာယန္တေန။ ကြီးစွာသော
ယန္တရားဖြင့်။ပိလိယမာနာ။ နှိပ်စက်အပ်ကုန်သော။ ဥစ္ဆုဂဏ္ဍိကာဝိယ။
ကြံချောင်းအပေါင်းတို့ကဲ့သို့။ ဇာတိဇရာယ။ ပဋိသန္ဓေနေခြင်း အိုခြင်း
သည်။ဥပ္ပဒ္ဒုတံ။အမြဲနှိပ်စက်အင်၏၊တေနကာရဏေန။ ထိုသို့သောအ
ကြောင်းကြောင့်။ပဗ္ဗဇိတွာ။ရဟန်းပြု၍။ဓမ္မံ။တရားကို။စရေဒိ။ကျင့်ပါအံ့။
ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ ဟောတိ။ဖြစ်၏။ မ
ဟာရာဇ၊မင်းမြတ်။စတုရင်္ဂနံ။ဆင်မြင်းရထားခြေသည်တည်းဟူသော
စစ်အင်္ဂါလေးပါးနှင့်ပြည့်စုံသော။သုဘိသရူပံ။ အလွန်ကြောက်မက်ဘွယ်
ရှိသော။သေနံ။စစ်သည်ရှိသော။ရဋ္ဌာဓိပတိံ။ တိုင်းကြီးပြည်ကြီးကိုအစိုး

ရသောမင်းအပေါင်းကို။ပသယှ။နှိပ်နင်း၍။ကြွေနေ။ အချုကုန်မယ်သော။ရော
ဇာနော။မင်းတို့သည်။ကဒါစိ။တရံတခါ။အတ္တနော။ဝိမိ၏။သေနာယ။ စစ်
သည်ဖြင့်။ဇယန္တိ။ အောင်မြင်ကြကုန်၏။ မဟာသေသာ။များသောစစ်
သည်ရှိသော။ တေပိရာဇာနော။ ထိုမင်းအပေါင်းကိုအောင်တတ်သော
မင်းတို့သည်လည်း။မဟုနော။ သေမင်း၏။ သေနံ။စစ်သည်ကို။ ဇယိတုံ။
အောင်မြင်ခြင်းငှါ။နဥဿဟန္တိ။မစွမ်းနိုင်ကုန်။ ဇရာဗျာဓိမရဏာနိ။
အိုခြင်းနာခြင်းသေခြင်းတို့ကို။ မဒ္ဒိတုံ။နင်းနယ်ခြင်းငှါ။ နသက္ကောန္တိ။မ
တတ်နိုင်ကုန်၊ တံတေနကာရဏေန။ ထိုသို့သောအကြောင်းကြောင့်။
ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရိဿာမိ။ကျင့်တော့အံ့။ ဣ
တိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မ
ဟာရာဇ။မင်းမြတ်။ဟတ္ထိဟိ။ ဆင်စီးသူရဲတို့သည်၎င်း။အဿေဟိ။မြင်း
စီးသူရဲတို့သည်၎င်း၊ရထေဟိ။ ရထားစီးသူရဲတို့သည်၎င်း။ ပတ္တိဟိ။ခြေ
သည်သူရဲတို့သည်၎င်း။ပရိဝါရိတာ၊ခြံရံအပ်ကုန်သော။ ကြွေယာ။အ
ချုကုန်သောမင်းတို့သည်။ပစ္စာမိတ္တာနံ။ရန်သူတို့၏။ဟတ္ထတော။လက်မှ။
မုစ္စယေ။လွတ်ကုန်၏။မဟုနော။သေမင်း၏။ သန္တိကာ။ အထံမှ။ မုစ္စိတုံ။
လွတ်ခြင်းငှါ။နဥဿဟန္တိ။မစွမ်းနိုင်ကုန်၊တံတေနကာရဏေန။ထိုသို့
သဘောရှိသောသေမင်း၏အထံမှလွတ်ခြင်းငှါမစွမ်းနိုင်သောအကြောင်း
ကြောင့်။ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။ စရာမိ။ကျင့်တော့
အံ့၊ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ၊စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။
မဟာရာဇ။မင်းမြတ်။ဟတ္ထိဟိ။ဆင်စီးသူရဲတို့ဖြင့်၎င်း။အဿေဟိ။ မြင်း
စီးသူရဲတို့ဖြင့်၎င်း။ပစ္စတ္ထိကရာဇူနံ။ရန်သူမင်းတို့၏။ ပုရာ။မြို့တို့ကို။ပဘာ
ဇန္တိ။ဖျက်ဆီးနိုင်ကုန်၏။ ပဓံသယန္တိ။ များစွာသောလူတို့ကို ဖျက်ဆီး
လျက်အသက်ကုန်ခြင်းသို့ရောက်စေကုန်၏။တေပိ။ ထိုသို့သဘောရှိသော
မင်းတို့စဉ်လျက်လည်း။မဟုနော။သေမင်း၏၊သေနံ။စစ်သည်အပေါင်းကို။
ဘဉ္ဇိတုံ ။ဖျက်ဆီးခြင်းငှါ။နဥဿဟန္တိ။မစွမ်းနိုင်ကုန်။ တံတေနကာရ
ဏေန။ ထိုသို့သေမင်း၏စစ်သည်ကို ဖျက်ဆီးခြင်းငှါမစွမ်းနိုင်သော အ
ကြောင်းကြောင့်။ပဗ္ဗဇိတွာ။ ရသေ့ရဟန်းပြု၍။ ဓမ္မံ။တရားကို။စရာမိ။
ကျင့်တော့အံ့။ဣတိ။ဤသို့။မေ။အကျွန်ုပ်၏၊မတိ၊စိတ်အကြံသည်။ ဟော
တိ။ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။ပဘိန္နာ။ သုံးပါးကုန်သောအဘို့တို့၌
ပေါက်ကုန်သော။ဘိန္နဂလာ။ယိုစီးသောမုံရှိကုန်သော။ မတ္တာ။အမုံယစ်

ကုန်သော။ဂဇာ။ဆင်ပြောင်ကြီးတို့သည်။နဂရာနီ။ မြို့တို့ကို။ မဒ္ဒန္တိ။နှင်းနယ်နိုင်ကုန်၏။ဇနံ။လူအပေါင်းကို။ဟနန္တိ။သတ်နိုင်ကုန်၏။တေပိ။ ထိုအမှုံယစ်သောဆင်တို့သည်လည်း။မဟာမဇ္ဇုံ။များစွာသောသေမင်းကို။မဒ္ဒိတုံ။နှင်းနယ်ခြင်းငှါ။နဉဿဟန္တိ။မစွမ်းနိုင်ကုန်။ ဝံတေနကာရဏေန။ထိုသို့အမှုံယစ်သောဆင်ပြောင်ပင်ဖြစ်သော်လည်း သေမင်းကိုမနှင်းနယ်နိုင်ခြင်းတည်းဟူသောအကြောင်းကြောင့်။ ပဍ္ဍိတွာ။ ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရေမိ။ကျင့်တော်အံ့။ဣတိ။ဤသို့။မေ။ အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။ ဝိရာ။မြဲမြံစွာကုန်သော။ကတဟတ္ထာပိ။ကောင်းစွာသင်အင်ပြီးသောလေးအတတ်လည်းရှိကုန်သော။ ဒူရေပါတိ။ဝေးစွာသောအရပ်၌မြှားကိုကျစေခြင်းငှါစွမ်းနိုင်ကုန်သော။ဣဿာသိနော။ လေးသမားတို့သည်၎င်း။ အက္ခဝေဓိနော။မချွတ်မယွင်းဖြစ်တတ်ကုန်သော။ ဝါ။လျှင်စစ်ရောင်ဖြင့်ပယ်ခြင်းငှါစွမ်းနိုင်ကုန်သော။ဣဿာသာသိနောပိ။လေးသမားတို့သည်၎င်း။မနုဿနော။သေမင်း၏။သေနံ။စစ်သည်အပေါင်းကို။ဝဇ္ဈိတုံ။ ပစ်ခတ်ခြင်းငှါ။နဉဿဟန္တိ။မစွမ်းနိုင်ကုန်။တံတေနကာရဏေန။ထိုသို့သေမင်းကိုလေးသမားတို့သည်လည်း ပစ်ခြင်းငှါမစွမ်းနိုင်သော အကြောင်းကြောင့်။ ပဍ္ဍိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရေမိ။ကျင့်ပါအံ့။ ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။သရာနိ။အနဝဒတ်အစရှိသောအိုင်ကြီးတို့သည်။ ခိယန္တိ။ခမ်းချောက်ကုန်သေးသည်သာလျှင်တည်း။သသေလကာနနာမ။တောင်တောအုပ်နှင့်တကွသောမြေကြီးတို့သည်လည်း။ ခိယန္တိ။ကုန်တတ်ကုန်၏။သဗ္ဗံ။အလုံးစုံသော။ဣဒံ။ဤသင်္ခါရတရားအပေါင်းသည်။ ဒီဃမန္တရံ။ ရှည်စွာသောကာလသို့။ဂန္တွာ။ရောက်၍။ခိယတိဧဝ။ကုန်တတ်သည်သာလျှင်တည်း။ကပ္ပဝုဋ္ဌာနဂ္ဂိ။ကမ္ဘာကိုဖျက်ဆီးတတ်သောမီးသည်။ ပဘွာ။ ရောက်၍။မဟာသိနေရုပိ။ မြင့်မိုရ်တောင်ကြီးသည်လည်း။ အဂ္ဂိခေ။ ကမ္ဘာမီး၏အဝဠ၌။မရသိတ္တကံပိယ။ဖရောင်းကဲ့သို့။ဝိလိယတေဝ။ ကြေမွပျောက်ပျက်တတ်သည်သာလျှင်တည်း။ အနုမတ္တောဒိ။ အနုမြူမျှလည်းဖြစ်သော။သင်္ခါရော။သင်္ခါရတရားအစုသည်။ ဌာတုံ။တည်ခြင်းငှါ။နသက္ကောတိ။မစွမ်းနိုင်။သဗ္ဗံ။အလုံးစုံသော။ဣဒံ။ဤသင်္ခါရတရားအစုသည်။ ကာလပရိယာယံ။ပျက်စီးအံ့သောကာလ၏အလှည့်သို့။ပတွာ။ ရောက်၍။

သဥ္စရေ၊ပျက်စီးသည်သာလျှင်တည်း။တေန။ထိုသဉ်၊ရဝဋ ရေးတို့၏ပျက်
စီးတတ်သောသဘောရှိခြင်းကြောင့်။အဟံ။ငါသည်။ပဗ္ဗဇ္ဇံ ဝါတွား။ ရသေ့
ရဟန်းပြု၍။ ဓမ္မံ။တရားကို။ စရာမိ။ကျင့်တော့အံ့။ ဣတိ။ဤသို့။ မေ။အ
ကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ။ မင်း
မြတ်။ဣဓ။ဤလူ့ရွာ၌။သဗ္ဗေသံ။ခပ်သိမ်းကုန်သော။ပါဏဘူတာနံ။ သတ္တ
ဝါဖြစ်ကုန်သော။နရနာဒိနံ။ယောကျ်ားမိန်းမတို့၏။ဇီဝိတံ၊အသက်သည်။
စလာစလတိစလာစလံဝေ။တုံလှုပ်သည်သာလျှင်တည်း။သကာဘာဝေ။
မိမိ၏သဘော၌။ဌာတုံ။တည်ခြင်းငှါ၊အသမတ္တံ။မစွမ်းနိုင်။ နာနာဘာဝ
ဝိနာဘာဝသဿဝမေဝ။ အချပ်တပါးသို့သွားသောအားဖြင့်ကွေကွင်း
ခြင်းဘာဝတပါးသို့သွားသောအားဖြင့် ကွေကွင်းခြင်းသဘောရှိသည်သာ
လျှင်တည်း။ဒုတ္တသ။သေသောက်ကြူး၏။ဝေဒေ။ ပုဆိုးသည်။စလောဏ
ဝ။တုံလှုပ်သကဲ့သို့ရင်း။ ကူလဓော။ မြစ်ကမ်းနား၌ပေါက်ရောက်သော။
ဒုမော။သစ်ပင်သည်။ဘဋ္ဌလောဏဝ။တုံလှုပ်သကဲ့သို့ရင်း။ ဧဝံ။ဤအတူ။
သတ္တာနံ၊သတ္တဝါတို့၏၊ဇီဝိတံ။အသက်သည်၊စဋ္ဌလံ၊တုံလှုပ်၏၊ဇံတေ
နကာရဏေန၊ ထိုသို့သတ္တဝါတို့၏အသက်၏တုံလှုပ်ရွေ့လျောတတ်
သည်၏အဖြစ်ကြောင့်။အဟံ။ငါသည်၊ပဗ္ဗဇ္ဇံ ဝါတွား၊ရသေ့ရဟန်းပြု၍၊ဓမ္မံ။
တရားကို၊စရာမိ၊ကျင့်တော့အံ့။ ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။ မတိ၊စိတ်
အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ၊မင်းမြတ်၊ဒုမဖလာနိ။သစ်
ရွက်သစ်သီးတို့သည်။ ဝါတာဗာဟိနိ။လေခတ်ကုန်သည်။ ဟုတွာ။ ဖြစ်
ကုန်၍။ဒုပက္ကတော။ သစ်ပင်ဖျားမှ။ဘူမိယံ။ မြေသို့၊ပတန္တိ ဣဝ။ ကျွေကျ
ကုန်သကဲ့သို့။ဧဝံတထာ၊ထိုအတူ၊ ဒဟာရာစ။ ငယ်သည်လည်းဖြစ်ကုန်
သော။ဝုဍ္ဍာစ ကြီးသည်လည်းဖြစ်ကုန်သော။ နာဠိယော။ မိန်းမတို့သည်
လည်းကောင်း။နရာ။ယောကျ်ားတို့သည်လည်းကောင်း။ မဇ္ဈိမပေါရိသာ
စ။ဥဘတော ဗျည်းပဉ္စတ်တို့သည်ရင်း။ ဋ္ဌမေမာနဝါ။ ဤသတ္တဝါတို့
သည်။ဇရာဝါ တေန၊အိုခြင်းတည်းဟူသောလေသည်။ဟတာ။သတ်အပ်
ကုန်သော၊ဇီဝိတာ။အသက်တို့သည်။ဂလိတွာ။ လျှောကျ၍၊မရဏပထ
ဝိယံ။မရဏတည်းဟူသောမြေနှက်။သဒိရဘောဒါ။ ကိုယ်၏ပျက်စီးခြင်း
ကြောင့်။ပတန္တိ။ကျကုန်၏၊တံတေနနကာရဏေန။ထိုသို့မရဏတည်း
ဟူသောမြေနှက်ကျတတ်သည်၏အဖြစ်ကြောင့် အဟံ။အကျွန်ုပ်သည်။
ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရာမိ။ ကျင့်တော့အံ့။ဣတိ။

ဤသို့။မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ မဟာရာဇ။မင်းမြတ်။အယံဝယော။ဤသတ္တဝါတို့၏အရွယ်သည်။ တာရကရာဇသန္နိဘော။ကြယ်တို့၏မင်းဖြစ်သောလနှင့်တူသည်ဖြစ်၍။ လဆုတ်ပက္ခ၌ကုန်ပြီးလျက်။လဆန်းပက္ခ၌ပြည့်ပြန်သည်။ဟောတိယထာ။ဖြစ်သကဲ့သို့။နဟောတိ။မဖြစ်။ဟိ။သင့်စွ။သတ္တာနံ။သတ္တဝါတို့၏။ ယံ။အကြင်အရွယ်သည်။အပ္ပတိ။သွား၏။တံ။ထိုအရွယ်သည်။ ဂတမေဝ။ သွားသည်သာလျှင်တည်း။ဇူဒါနိ။ယခုအခါနှိုက်။တံ။ထိုသွားလေပြီးသောအရွယ်သည်။တာသ။ထိုသတ္တဝါအား။ပုန။တဖန်။အာဂမနံ။လာခြင်းသည်။ နအတ္ထိ။မရှိ။ဇိဏ္ဏဿ။အိုမင်းပြီးသောသူအား၊ ရတိပိ။ကာမဂုဏ်နှိုက်မွေ့လျော်ခြင်းသည်လည်း။နအတ္ထိ မရှိ။ သုခံ။ကာမဂုဏ်ကိုစွဲ၍ဖြစ်သောချမ်းသာသည်။ကုတော။အဘယ်အတိမှာရှိလေအံ့နည်း။တံတေနကာရဏေန။ထိုသို့သောအကြောင်းကြောင့်။ အဟံ။ငါသည်။ ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရာမိ။ကျင့်တော့အံ့။ဣတိ။ဤသို့၊ မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။ယက္ခာဝ။တံခိုးကြီးသောဘီလူးတို့သည်၎င်း။ပိသာစ။ မြေဘုတ်တို့သည်၎င်း။ အထဝါ။ ထိုမှတပါး။ပေတာပိ။ ပြိတ္တာတို့သည်၎င်း။ ကုပိတာ။အမျက်ထွက်တတ်ကုန်သည်ဖြစ်၍။ မနုဿေဟိ။လူတို့ကို၊ အသာသန္တိ။ထွက်သက်လေဖြင့်မှုတ်တတ်ကုန်၏။တေ။ထိုဘီလူးပြိတ္တာတို့သည်လည်း။ မစ္စုနော၊သေမင်းအား။အဿာသိတုံ။ထွက်သက်လေဖြင့်မှုတ်ခြင်းငှာ၊ နဥဿာဟန္တိ။မစွမ်းနိုင်ကုန်။ တံတေနကာရဏေန။ ထိုသို့သော အကြောင်းကြောင့်။ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍၊ဓမ္မံ။တရားကို။ စရာမိ။ကျင့်တော့အံ့။ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ။စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။ကုပ္ပိတေ။အမျက်ထွက်ကုန်သော။ယက္ခေပိ။ဘီလူးတို့ကို၎င်း၊ပိသာစေပိ။မြေဘုတ်တို့ကို၎င်း။အထဝါ။ထိုမှတပါး။ပေတေပိ။ပြိတ္တာတို့ကို၎င်း။ တေပိ။ထိုဘီလူးပြိတ္တာတို့ကိုလျက်လည်း။ နိဇ္ဈာပနံ။ပူဇော်သည်၏အစွမ်းဖြင့်သည်းခံစေခြင်းကြည်ညိုစေခြင်းကို။ ကရောန္တိ။ပြုနိုင်ကုန်၏။မစ္စုနော။သေမင်းအား။ နိဇ္ဈာပနံ။ ပူဇော်သည်၏အစွမ်းဖြင့်သည်းခံစေခြင်းကြည်ညိုစေခြင်းအမှုကို၊ ကာတုံ။ပြုခြင်းငှာ။ နဥဿာဟန္တိ။မစွမ်းနိုင်ကုန်။ တံတေနကာရဏေန၊ ထိုသို့သော အကြောင်းကြောင့်၊အဟံ။ငါသည်၊ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံ။တရားကို။စရာ

ဓိ၊ကျင့်တော့အံ့။ဣတိ။ဤသို့။ မေ၊အကျွန်ုပ်၏။ မတိ။စိတ်အကြံသည်။
ဟောတိ၊ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။ အပ္ပရာဇကေ၊မင်းအားဖြစ်
များတတ်သောသူတို့ကိုငှင်း။ ဒုဿကေ။ပြည်ရွာကိုဖျက်ဆီးတတ်သော
သူတို့ကိုငှင်း။ဟေဌကေ။ တိုက်စင်ကိုဖေါက်ခြင်းစသည်တို့ဖြင့် လူအ
ပေါင်းကိုညှဉ်းဆဲတတ်ကုန်သောသူတို့ကိုငှင်း။ ရာဇာနော၊မင်းတို့သည်။
ဝိဒိတွာန။သိကုန်၍။ ဒေါသံ။အပြစ်ကို၊ ဇနေတွာ၊ဖြစ်စေ၍။ ယထာနုရူ
ပေန။အမှုအားလျော်သော။ဒဏ္ဍေန။ဒါဏ်ဖြင့်။ ဒဏ္ဍေန္တိ။ဒါဏ်ထားကြ
ကုန်၏။တေပိ။ထိုမင်းတို့သည်လျက်လည်း။မစ္စုနော။သေမင်းကို၊ဒဏ္ဍယိ
တုံ။ဒါဏ်ပေးခြင်းငှါ။နဥဿဟန္တိ။မစွမ်းနိုင်ကုန်။တံတေနကာရဏေ
န။ထိုသို့သော အကြောင်းကြောင့်။ အဟံ၊ငါသည်။ ပဗ္ဗဇိတွာ။ရသေ့ရ
ဟန်းပြု၍။ဓမ္မံ။တရားကို၊စရာမိ။ကျင့်တော့အံ့။ဣတိ။ဤသို့၊ မေ။အကျွန်ုပ်
၏။မတိ၊စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်။အပ္ပ
ရာဇကာ၊မင်းအားဖြစ်များတတ်သောသူတို့သည်ငှင်း၊ ဒုဿကာ၊ပြည်ရွာ
ကိုဖျက်ဆီးတတ်သောသူတို့သည်ငှင်း။ ဟေဌကာ။ တိုက်စင်ကိုဖေါက်
ခြင်းအစရှိသည်တို့ဖြင့် လူအပေါင်းကို ညှဉ်းဆဲတတ်ကုန်သော သူတို့
သည်ငှင်း။သန္တိ၊ရှိကုန်၏။ တေဒိ၊ထိုမင်းကိုပြစ်များတတ်သောသူအစရှိ
သည်တို့သည်လည်း။ ရာဇာနော၊မင်းတို့ကို။ နိဂ္ဂါပေတုံ။ ထောက်ပံ့၍
ကြည်ညိုအောင်သည်းခံစိမ့်သောငှါ။ လဘန္တိ။ရကြကုန်သေး၏၊မစ္စု
နော၊သေမင်းအား၊နိဂ္ဂါပနံ။ တောင်းပန်၍ကြည်ညိုအောင်သည်းခံခြင်း
ကို။ နကရောန္တိ။မပြုနိုင်ကုန်။ တံတေနကာရဏေန။ ထိုသို့သော အ
ကြောင်းကြောင့်။အဟံ။ငါသည်။ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍ ဓမ္မံ၊တရား
ကို၊စရာမိ၊ကျင့်တော့အံ့။ ဣတိ။ဤသို့။မေ၊အကျွန်ုပ်၏။ မတိ။စိတ်အကြံ
သည်၊ဟောတိ။ဖြစ်၏။ ။မဟာရာဇ၊မင်းမြတ်။အယံ။ ဤသူကား၊ခတ္တိ
ယော၊မင်းပေတည်း။ဧဝံပိ။ဤသို့လည်း။ မစ္စုရာဇသ။သေမင်း၏။အပေက္ခံ။
ငဲ့ခြင်းသည်။ နတ္ထိ၊မရှိ အယံ။ဤသူသည်၊ဗြဟ္မဏော၊ပုဏ္ဏားပေတည်း။ဧ
ဝမ္ပိ၊ဤသို့လည်း။ မစ္စုရာဇသ၊သေမင်း၏။အပေက္ခံ၊ငဲ့ခြင်းသည်။ နစ
အတ္ထိ၊ရှိသည်းမရှိ။အယံ၊ဤသူကား။ အဍ္ဎော၊ကြွယ်ဝပြည့်ရုံကုန်လုံပေ
သောသူတည်း၊ အယံ ဤသူကား။ ဗလဝါ။ကာယဗလ၊ဓနဗလ၊ပညာဗလ
ရှိသောသူတည်း၊ အယံ၊ဤသူကား၊ တေဇဝါ။တန်ခိုးကြီးသောသူတည်း။
ဧဝမ္ပိ။ဤသို့လည်း၊မစ္စုရာဇသ၊သေမင်း၏၊အပေက္ခံ၊ငဲ့ခြင်းသည်။ နအတ္ထိ၊

မရှိ၊ တံတေနကာရဏေန။ ထိုသို့သောအကြောင်းကြောင့်။ အဟံ။ ငါ
သည်၊ ပဗ္ဗဇိတွာ။ ရသေ့ ရဟန်းပြု၍။ ဓမ္မံ။ တရားကို၊ စရာမိ၊ ကျင့်တော့အံ့။
ဣတိ။ ဤသို့။ မေ။ အကျွန်ုပ်၏။ မတိ။ စိတ်အကြံသည်။ ဟောတိ ဖြစ်၏။ ။
မဟာရာဇ။ မင်းမြတ်။ သီဟာဝ၊ ခြင်္သေ့တို့သည်ရင်း၊ ဗျဂ္ဃါဝ။ ကျားတို့
သည်ရင်း။ ဒီပိယောဝ။ သစ်တို့သည်ရင်း။ ဝိပ္ပန္နမာနံ။ တုံ လွှတ်သောသတ္တ
ဝါကို။ ပသယှ၊ အနိုင်အထက်ပြုသောအားဖြင့်နှိပ်စက်၍။ ခါဒန္တိ။ စားကြ
ကုန်၏။ တေပိ။ ထိုခြင်္သေ့ ကျားသစ်တို့သည်လည်း၊ မဉ္စူနေသ။ သေမင်းကို။
ခါဒိတုံ။ စားခြင်းငှာ။ နဥဿဟန္တိ၊ မစွမ်းနိုင်ကုန်၊ တံတေနကာရဏေန။
ထိုသို့သောအကြောင်းကြောင့်။ အဟံ။ ငါသည်။ ပဗ္ဗဇိတွာ။ ရသေ့ရဟန်း
ပြု၍။ ဓမ္မံ။ တရားကို။ စရာမိ။ ကျင့်တော့အံ့။ ဣတိ။ ဤသို့။ မေ။ အကျွန်ုပ်၏။ မ
တိ။ စိတ်အကြံသည်။ ဟောတိ။ ဖြစ်၏၊ ။ မဟာရာဇ၊ မင်းမြတ်၊ မာယာ
ကာယာ။ မျက်လှည့်သည်တို့သည်။ ရင်္ဂမဇ္ဈေ။ ပွဲသဘင်၏အလယ်နိုက်။ မာ
ယာ။ လှည့်ပတ်ခြင်းကို။ ကရောန္တာ။ ပြုကုန်သည်ဖြစ်၍။ တာဝဒေ။ ထို
လှည့်ပတ်သောခဏနိုက်၊ မဟာဇနဿ။ လူများ၏။ စက္ခူနိ၊ မျက်စိတို့ကို။
မောဟေန္တိ။ မဟုတ်မမှန်သည်ကို။ အဟုတ်အမှန်ပြု၍ပြကုန်လျက်တွေ
ဝေစေနိုင်ကုန်၏။ မဉ္စူနေသ၊ သေမင်းကို။ မောဟေတုံ။ တွေဝေစေခြင်း
ငှာ။ နဥဿဟန္တိ။ မစွမ်းနိုင်ကုန်။ တံတေနကာရဏေန။ ထိုသို့သော
အကြောင်းကြောင့်။ အဟံ။ ငါသည်။ ပဗ္ဗဇိတွာ။ ရသေ့ရဟန်းပြု၍။
ဓမ္မံ၊ တရားကို။ စရာမိ။ ကျင့်တော့အံ့။ ဣတိ။ ဤသို့။ မေ။ အကျွန်ုပ်၏၊ မ
တိ။ စိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ။ မဟာရာဇ။ မင်းမြတ်၊ ဥဂ္ဂတေ
ဇော။ ထက်သောအဆိပ်တည်းဟူသော တန်ခိုးရှိကုန်သော။ အာသီဝိ
သာ။ မြွေတို့သည်။ ကုပိတာ။ အမျက်ထွက်ကုန်သည်ဖြစ်၍။ မနုဿေ။ လူ
တို့ကို။ ဍံသန္တိ။ ကိုက်ကုန်၏။ မာရေန္တိ။ သတ်နိုင်ကုန်၏။ တေပိ၊ ထိုမြွေတို့
သည်လည်း။ မဉ္စူနေသ။ သေမင်းကို၊ ဍံသိတုံ။ ကိုက်ခြင်းငှါ။ နဥဿဟန္တိ။
မစွမ်းနိုင်ကုန်။ တံတေနကာရဏေန။ ထိုသို့သောအကြောင်းကြောင့်။ အ
ဟံပိ။ ငါသည်လည်း၊ ပဗ္ဗဇိတွာ။ ရသေ့ရဟန်းပြု၍၊ ဓမ္မံ။ တရားကို။ စရာမိ။
ကျင့်တော့အံ့၊ ဣတိ။ ဤသို့။ မေ အကျွန်ုပ်၏၊ မတိ၊ စိတ်အကြံသည်။ ဟော
တိ။ ဖြစ်။ ။ မဟာရာဇ၊ မင်းမြတ်။ အာသီဝိသာ။ မြွေတို့သည်။ ကုပိတာ။
အမျက်ထွက်ကုန်သည်ဖြစ်၍။ ယံ။ အကြင်သတ္တဝါကို။ ဍံသန္တိ။ ကိုက်
ကုန်၏။ တံ။ ထိုမြွေသတ္တဝါကို၊ တိကိစ္ဆကာ။ အဆိပ်ကိုကုနိုင်ကုန်

သောဆေးသမားတို့သည်။ တေသံ။ထိုမြွေတို့၏။ ဝိသံ။အဆိတ်ကို။ ဟာ
နန္တိ။ပျောက်နိုင်ကုန်၏။ဒုဋ္ဌသ။ ကိုက်ခဲတတ်သော။မစ္စုနော။ သေမင်း
တည်းဟူသောမြွေ၏။ဝိသံ။အဆိတ်ကိုမူကား။နဟာနန္တိ။ မပယ်ပျောက်
နိုင်ကုန်။တံတေနကာရဏေန။ထိုသို့သောအကြောင်းကြောင့်။အဟံ။ငါ
သည်။ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍။ဓမ္မံတရားကို၊စရာမိ။ ကျင့်တော့အံ့။
ဣတိ။ဤသို့။မေ။အကျွန်ုပ်၏။မတိ၊စိတ်အကြံသည်။ဟောတိ၊ဖြစ်၏။ ။မ
ဟာရာဇ။မင်းမြတ်။ဓမ္မန္တရိ။ဓမ္မန္တရိမည်သောဆေးသမားသည်၎င်း။ အင်္ဂီ
ရသော။ အင်္ဂီရသမည်သောဆေးသမားသည်၎င်း။ဘောဇော။ ဘောဇ
မည်သောဆေးသမားသည်၎င်း။ဘုဇင်္ဂမာနံ၊မြွေတို့၏။ဝိသာနိ။အဆိတ်တို့
ကို။ ဟန္တွာန။ပယ်ပျောက်လတ်၍။သုယန္တိ။ ကောင်းစွာသွားနိုင်ကုန်၏။
တေ။ထိုဆေးသမားတို့သည်၊တထေဝ။ထိုအတူသာလျှင်။ဒုဋ္ဌသာ။ကိုက်
လာသော။မစ္စုနော။သေမင်းတည်းဟူသောမြွေ၏။ဝိသာနိ။အဆိတ်တို့ကို။
နဟာနန္တိ။မပျောက်နိုင်ကုန်၊တေ၊ထိုဆေးသမားတို့သည်လည်း။ကာလံ
ကတာ။ သေရကုန်ပြီ။ တံတေနကာရဏေန၊ ထိုသို့သောအကြောင်း
ကြောင့်။အဟံ။ငါသည်။ပဗ္ဗဇိတွာ။ရသေ့ရဟန်းပြု၍၊ဓမ္မံ။တရားကို၊ စ
ရာမိ။ကျင့်တော့အံ့၊ဣတိ။ဤသို့၊မေ။အကျွန်ုပ်၏။မတိ။ စိတ်အကြံသည်။
ဟောတိ၊ဖြစ်၏။ ။မဟာရာဇ။မင်းမြတ်၊ဝိဇ္ဇာဓရာ။ဝိဇ္ဇာဓိုရ်တို့သည်၊
ယောဂံ၊ယောဂမည်သောအတတ်။ဂန္ဓာရီ။ဂန္ဓာရီမည်သောအတတ်ကို။
အာဒိယမာနာ။ သင်ကုန်သည်ဖြစ်၍။ဝါ။မန်းမှုတ်ကုန်သည်ဖြစ်၍။ မော
စန္တိ။ရန်သူလက်မှလွတ်ကုန်၏။ယောဂံ။ယောဂမည်သောအတတ်ကို။
သာဓေတွာ။ပြီးစေ၍။ဩလဃေဟိ။ ယောဂမည်သောဆေး။ ဂန္ဓာရီမည်
သောဆေးတို့ဖြင့်။ အဒဿနံ။ရန်သူ၏မမြင်ရာသို့။ ဝဇန္တိ။ ရောက်နိုင်
ကုန်၏။မစ္စုရာဇဿ သေမင်း၏၊အဒဿနံ။မြင်ရာသို့။နဝဇန္တိ။ မရောက်
နိုင်ကုန်။ တံတေနကာရဏေန၊ထိုသို့သောအကြောင်းကြောင့်။အဟံ။ငါ
သည်။ပဗ္ဗဇိတွာ။ ရသေ့ရဟန်းပြု၍။ဓမ္မံ။ တရားကို၊စရာမိ။ကျင့်တော့
အံ့။ဣတိ။ဤသို့။မေ၊အကျွန်ုပ်၏။မတိ၊စိတ်အကြံသည်။ဟောတိ။ဖြစ်၏။ ။ဤ
သို့လျှင်။ငါတို့၏။ဘုရားအလောင်းတော်သည်။အယောဓရမင်းသားဖြစ်
သောကိုယ်၏အဖြစ်နှိုက်၊ ရှေးရှေးဘဝကာလတို့နှိုက်။ ထုံအပ်ပွါးစေ
အပ်သော ပါရမီဉာဏ်သည်ထောက်ပံ့အပ်သည်ဖြစ်၍ မရဏာဿတိ
ဘာဝနာကို၎လုံးသွင်းလျက်ပြောဟောတော်မူသည်။ ။ဤစာတ်

ကား။ ဝိသတိနိပါတ်နှိက်လာသည်။ ။ဤသို့လျှင် ဓာတ်တော်နှိက်လာရကား။ ဤမရဏာသတိ ဘာဝနာသည်။ ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့သည်။ ပွားစေအပ်ဆည်းဘူးအင်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရင့်စေတတ်သောဘာဝနာအထူးဖြစ်သည်။ ထို့ကြောင့် ဝန်တရားတို့နှိက်အသာဒကိုရင်း။ အာဒီနဝကိုငုံး။ သိမြင်ပြီးသောရေမြေသေဌ်နင်းပြည့်ရှင်မင်းတို့သည်လည်း။နိသ့ရဏာအလို့ငှာ။ဤမရဏာသတိဘာဝနာကိုပွားသောအားဖြင့်မိမိအတ္တဘောကို မမေ့မလျော့ချိုးဖြောက်ကုန်ရာသည်။ ။ဤသို့အတ္တဘောကို ချိုးဖြောက်ကြောင်းဖြစ်သောမရဏာနုဿတိဘာဝနာဉာဏ်၏အာရုံဖြစ်သောမရဏာတို့သည်။ ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏာ။သမုစ္ဆေဒမရဏာ။ခဏိကမရဏာ။ သမုတိမရဏာအားဖြင့်လေးပါးအပြားရှိသည်။ ထိုတွင်တခုသောဘဝဖြင့်ပိုင်းခြားအပ်သောသတ္တဝါတို့၏ရုတ်ခြင်းသည်။ ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏာမည်သတည်း။ဘုရားရဟန္တာတို့၏ဝဋ္ဋဒုက္ခ၏ပြတ်သောအားဖြင့် ပရိနိဗ္ဗာန်စံယူခြင်းသည်။ သမုစ္ဆေဒ မရဏာမည်သတည်း။ ရုတ်ပင့်သင်္ခတို့၏အကြားရုပ်နာမ်အစုဟုဆိုအပ်သော သင်္ခါရတရားတို့၏ ဥပါဒ်ဌီဘင်အားဖြင့်ချုပ်ခြင်းသည်။ခဏိကမရဏာမည်သတည်း။ သစ်ပင်သေသည်သံသေသည်ဟူ၍လူတို့ခေါ်ဝေါ်သမုတ်သောအားဖြင့် သင်္ခါရတရားတို့၏ဘောက်ပြန်ခြင်းသည်။ သမုတိမရဏာမည်သတည်း။ ထိုတွင်ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏာကို မရဏာနုဿတိဘာဝနာဖြင့်သုံးသပ်ဆင်ခြင်ရာ၏။သမုစ္ဆေဒမရဏာ။ခဏိကမရဏာ။သမုတိမရဏာသုံးပါးကိုမူကား။ ဝိပဿနာပညာဖြင့်ရှုဆင်ခြင်အင်၏။ ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏာကိုမရဏာနုဿတိဘာဝနာဖြင့်သုံးသပ်ပွါးများရာသည်ကား။ သတိတရား။သံဝေဂတရား။ ပညာတရားတို့ကိုရှေ့သွားရှေ့ရှိုးပြု၍။ မရဏာမေဘဝိဿတိဇီဝိတိန္ဒြိယံဥပစ္ဆိဇ္ဇိဿတိဝါမရဏံမရဏာနှို့ဝါ။ ဤသို့ပွါးများရာသည်။ မေ။ငါအား။မရဏံ။သေခြင်းသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ ဇီဝိတိန္ဒြိယံ။ ချုပ်ဇီဝိတိန္ဒြေ။နာမ်ဇီဝိတိန္ဒြေနှစ်ပါးသည်။ဥပစ္ဆိဇ္ဇိဿတိ။ ချုပ်လတ္တံ့။ ဣတိဝါ။ဤသို့ရင်း။မရဏံ။သေခြင်း။ဣတိဝါ။ဤသို့ရင်း။ ယောနိသော။အသင့်အားဖြင့်။ မနသိကာရော။နှလုံးသွင်းခြင်းကို။ပဝတ္တေတဗ္ဗော။ ဖြစ်စေအပ်၏။ဤသို့မိမိ၏သေရအံ့သည်ကိုရှုဆင်ခြင်လျက်။ တပါးသောသတ္တဝါတို့၏သေခြင်းကိုရှုဆင်ခြင်၍ရှေးကာလ၌သိဘူးမြင်ဘူးအတူတကွသွားလာ

ပြောဆိုဘူးသောသတ္တဝါတို့၏သေလေသည်ကို အောက်မေ့ဆင်ခြင်လျက်။
မရဏာဿတိဘာဝနာကိုပွါးများရာသည်။ ဤသို့ပွါးများသည်ရှိသော်။
နိဝရဏတရားတို့သည်အားနည်းပျောက်ပျက်ရာသည်သာဖြစ်သည်။ ။
ထိုကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။တဿာတဗ္ဗဟာတမတကာသတ္တေ
ဩဝလောကေတွာစသည်ဖြင့်ပြဆိုသည်။ ။တဿာ။ထိုကြောင့်။တဗ္ဗ
တဗ္ဗ။ထိုထိုအရပ်၌။ဟာတမတကာသတ္တေ။ သတ်၍သေသောသတ္တဝါတို့
ကိုဩဝလောကေတွာ၊ကြည့်ရှုပြီး၍။ဒိဋ္ဌပုဗ္ဗသမ္ပတ္တိနံ။ ရှေး၌ဖြစ်ဘူးသော
ပြည့်စုံခြင်းရှိကုန်သော။မတာနံ။သေကုန်သော။သတ္တာနံ။သတ္တဝါတို့၏။မ
ရဏံ။သေခြင်းကို။အာဝဇ္ဇိတွာ။ဆင်ခြင်၍။သတိံ စ။သတိတရားကိုင်း။သံ
ဝေဂဉ္စ။ဝတ်တရား၌ထိပ်လန့်ခြင်းကိုင်း။ ဉာဏဉ္စ၊ဉာဏ်ကိုင်း။ ယော
ဇေတွာ။ယှဉ်စေ၍။မရဏံ။သေခြင်းသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ
အာဒိနာ။ဤသို့အစရှိသော။နယေန။နည်းဖြင့်။ မနသိကာရော၊ နှလုံးသွင်း
ခြင်းကို။ပဝတ္တေတဗ္ဗော။ဖြစ်စေအပ်၏။လ။ဇေ၀ံ။ဤသို့။ပဝတ္တယတောယေ
ဝ။ဖြစ်စေသည်သာလျှင်ဖြစ်သော။ဧကစ္စဿပိဧကစ္စဿပန။အချို့သော
သူအားကား။နိဝရဏာနိ။နိဝရဏတရားတို့သည်။ဝိက္ခမ္ဘန္တိ။ကွာကုန်
၏။မရဏာရမ္မဏာ။မရဏတရားလျှင်အာရုံရှိသော။ သတိ။သတိသည်။
သဏ္ဌာတိ။တည်၏။ဥပစာရပ္ပတ္တမေဝ။ဥပစာရသို့ရောက်သည်သာလျှင်
ဖြစ်သော။ကမ္မဋ္ဌာနံ။ကမ္မဋ္ဌာန်းသည်။ဟောတိ၊ဖြစ်၏။ ။ဤသို့ပွါးများပါ
လျက်နိဝရဏတရားတို့သည် မပျောက်မပျက် မရဏသတိတရားတို့
သည်လည်းမထင်မရှား၊ကမ္မဋ္ဌာန်းသည်လည်းဥပစာရဈာန်သို့မရောက်
ရှိခဲ့လျှင်ရှာသူတို့သည်ချက်ပြုတ်သောမြေအိုးကို နည်းဥပဒေသယူ၍ဤ
မရဏာဿတိဘာဝနာဉာဏ်ကိုအားရှိအောင်ပြုရာ၏။ ။ပြုရာသည်
ကား။ရှာသူတို့သည်ချက်ပြုတ်သောမြေအိုးသည်မြေမှုံ့ မြေစိုင်တို့ကိုရေ
တည်းဟူသောအစေ့ဖြင့်တွဲ၍မြေအိုး၏အဖြစ်သို့ရောက်သကဲ့သို့။ ထို
အတူဤအတ္တဘောသည် နာနက္ခဏိကဒနကကံ၏အစွမ်းသတ္တိဖြင့်ဖြစ်
သည်။ မြေအိုးသည်ရေတည်းဟူသောအစေ့၏အစွမ်းသတ္တိဖြင့် ဖြိုးဖြိုး
သည်ကို။နွားချေးထင်းရောင်းစသည်တို့ဖြင့်ဖုတ်မြိုက်၍။ အလွန်လျှင်ခိုင်
မာခြင်းသို့ရောက်သကဲ့သို့။ဇနကကံသည်ပြုပြင်အင်ပြီးသော်အတ္တဘော
သည်ခဲဘွယ်ဘောဇဉ်တို့၏အစွမ်းသတ္တိဖြင့် အလွန်ခိုင်ခံ့ခြင်းသို့ရောက်
သည်။ရှာသူတို့သည်ချက်ပြုတ်သောမြေအိုးသည် ညှဉ်ယံရိုးသောက်အ

ခါတို့၌ရေနှင့်တကွ ဆန်ပဲတို့ကိုထည့်သွင်း၍ မီးဖြင့်ချက်အပ်သကဲ့သို့။
ဤအတ္တဘောသည်ညဉ့်ယံချိန်းသောက်ကာလတို့၌ထမင်းခဲဘွယ်ရေချမ်း
တို့ကိုထည့်သွင်း၍ပါစကတေဇောဓာတ်ဖြင့်မပြတ်ချက်ပြုတ်အပ်သည့်
မြေအိုးသည်မဖုတ်မမြိုက်မှီ ပြိုကွဲပျက်စီးတတ်သကဲ့သို့။ ဤအတ္တဘော
သည်လည်းကဗဠိကာရအာဟာရတို့သည် မထောက်မပံ့မှီပဋိသန္ဓေမှ
စ၍။ အမိဝမ်းတိုက်မှထွက်သည့်တိုင်အောင်။ ဤကာလတို့၏အတွင်း၌
လည်းပျက်စီးတတ်သည်။ မြေအိုးသည်ဖုတ်မြိုက်သောတေဇောဓာတ်
ကိုအမှီရ၍အလွန်ခိုင်မာသော်လည်းပျက်စီးပျို့ကွဲသကဲ့သို့။ဤအတ္တဘော
သည် ကဗဠိကာရအာဟာရကိုအမှီရ၍။ ကဗဠိကာရအာဟာရသည်
ထောက်ပံ့အပ်သည်ဖြစ်၍လွန်စွာအားရှိသော်လည်းဂုတေပျက်စီးတတ်
သည်။ဤသို့လျှင်အတ္တဘော၌ရှာသူတို့သည်ချက်ပြုတ်အပ်သောမြေအိုး
ပမာဖြင့်မရဏာနုဿတိတရားကိုပွါးများရာသည်။ ။ထိုကြောင့်သ
ဂါထာဝဂ္ဂကောသလသံယုတ်၌။ ။ယာဝသုဘာတဒ္ဓဲဒံဘန္တေဘဂဝ
တောသဗ္ဗေသတ္တာမရဏာဓမ္မာစသည်ဖြင့်ဟောတော်မူသည်။ ။ဘန္တေ။
ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ သဗ္ဗေ။ခပ်သိမ်းကုန်သော။ သတ္တာ။
သတ္တဝါတို့သည်။မရဏာဓမ္မာ။သေတတ်သောသဘောရှိကုန်၏။ မရဏာ
ပရိယောသာနာ။သေခြင်းလျှင်အဆုံးရှိကုန်၏။မရဏံ။သေခြင်းကို။အနတိ
တာ။မလွန်မြောက်နိုင်ကုန်။ ဣတိ။ဤသို့။ ဘဂဝတော။ မြတ်စွာဘုရား
သည်။ဣဒံဝစနံ။ ဤသို့သောစကားကို။ ယာဝအတိဝိယ။ အလွန်လျှင်။သု
ဘာသိတဥ္စသုဘာသိတံဧဝ။ကောင်းစွါဟောတော်မူအပ်သည်သာလျှင်
တည်း။ဣတိ။ဤသို့။အဝေါစ။လျှောက်၏။ မဟာရာဇ။ကောသလမင်းကြီး။
ဧတံ။ဤသင်လျှောက်သောစကားသည်။ဧဝံ။ ဤသို့သင်လျှောက်ဆိုတိုင်း
မှန်၏။သဗ္ဗေ။ခပ်သိမ်းကုန်သော။သတ္တာ။သတ္တဝါတို့သည်။ မရဏာဓမ္မာ။
သေတတ်သောသဘောရှိကုန်၏။မရဏာပရိယောသာနာ။သေခြင်းလျှင်အ
ဆုံးရှိကုန်၏။မရဏံ။သေခြင်းကို။အနတိတာ၊ မလွန်မြောက်နိုင်ကြကုန်၊
မဟာရာဇ။ကောသလမင်းကြီး။သေယျထာပိ။အဘယ်မည်သည်ကား။
ယာနိကာနိစိ။အလုံးစုံကုန်သော။အာမကာနိစေဝ မဖုတ်သေးသည်လည်း
ဖြစ်ကုန်သော။ပက္ကာနိစ။ဖုတ်ပြီးသည်လည်းဖြစ်ကုန်သော။ ကုမ္ဘကာရ
ဘာဇနာနိ။ အိုးထိန်းသည်တို့သည်ပြုလုပ်အပ်သော မြေအိုးမြေခွက်တို့
သည်။သဗ္ဗာ။ရှိကုန်၏။သဗ္ဗာနိ။ ခပ်သိမ်းကုန်သော။ တာနိ။ထိုမြေအိုးမြေ

ခွက်တို့သည်။ဘောဒနဓမ္မာနိ။ပျက်စီးတတ်သောသဘောရှိကုန်၏။ဘောဒန ပရိယောသာနာနိ။ပျက်စီးခြင်းလျှင်အဆုံးရှိကုန်၏။ ဘေဒနံ။ပျက်စီးခြင်း ကို။အနတိဘာနိ။မလွန်မြောက်နိုင်ကုန်။ ။မဟာရာဇ။ ကောသလမင်း ကြီး။ခေါ။ဝင်စစ်။ဝေမေဝ။ ဤအတူသာလျှင်။ သဗ္ဗေ။ခပ်သိမ်းကုန်သော။ သတ္တာ။သတ္တဝါတို့သည်။မရဏဓမ္မာ။သေခြင်းသဘောရှိကုန်၏။မရဏ ပရိယောသာနာ။သေခြင်းလျှင်အဆုံးရှိကုန်၏။ မရဏံ။သေခြင်းကို။ အန တိတာ။မလွန်မြောက်နိုင်ကြကုန်။ဣတိ။ဤသို့။အဝေါစ။မိန့်တော်မူ၏။ ။ ဤအတူသုတ္တနိပါတ်သလ္လသုတ်ပါဠိမဟာနိဒ္ဒေသဇရာသုတ်ပါဠိတို့နှိုက် လည်း။ ။ယာထာပိကုမ္ဘကာရဿကတာမတ္တိကာဘာဇနာ စသည် ဖြင့်ဟောတော်မူသည်။ ။ကုမ္ဘကာရဿ။အိုးထိန်းသည်သည်။ကတာ။ ပြုအပ်သော။သဗ္ဗေ။ခပ်သိမ်းကုန်သော။မတ္တိကာဘာဇနာ။ မြေအိုးမြေခွက် တို့သည်။ဘေဒနပရိယန္တာယထာပိ။ပျက်စီးခြင်းလျှင်အဆုံးရှိကုန်သကဲ့ သို့လည်း။ဧဝံတထာ။ဤအတူ။မစ္စာနံ။သတ္တဝါတို့၏။ဇီဝိတံ။အသက်သည်။ ဘေဒနပရိယန္တံ။ပျက်စီးခြင်းလျှင်အဆုံးရှိကုန်၏။ ။ယေစဒဟရာ။အ ကြင်ငယ်သောသူတို့သည်၎င်း။ယေစမဟန္တာ။ အကြင်ကြီးသောသူတို့ သည်၎င်း။ယေစဗာလာ။အကြင်မိုက်သောသူတို့သည်၎င်း။ ယေစပဏ္ဍိတာ။ အကြင်ပညာရှိသောသူတို့သည်၎င်း။အတ္တိသန္တိ။ ရှိကုန်၏။ သဗ္ဗေ။ခပ် သိမ်းကုန်သောသူတို့သည်။မစ္စုဝသံ။သေမင်း၏နိုင်ငံသို့။ယန္တိ။ရောက် ကြရကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သောသတ္တဝါတို့သည်။မစ္စုပရာယနာ။ သေခြင်းလည်းလျောင်းရာရှိကုန်၏။ ဤသို့လျှင်မြေအိုးမြေခွက်ကိုသက် သေပြု၍။မိမိအတ္တဘောကိုမရဏာနုဿတိအါးဖြင့်ရှုဆင်ခြင်ရာသည်။ ဤဒေသနာတော်နှိုက်လာသောနည်းဖြင့်လည်းပွါးများဆင်ခြင်ရာသည်။ ဆင်ခြင်ရာသည်ကား။ငါ့အောက်အသက်အားဖြင့်ငယ်ကုန်သော သူငါ နှင့်အသက်အားဖြင့်တူမျှကုန်သောသူ။ ငါ့ထက်အသက်အားဖြင့် ကြီး ကုန်သောသူ။ ငါနှင့်အသိအလိမ္မာပညာမတူသောသူ။ ငါနှင့်ပညာအား ဖြင့်တူမျှသောသူ။ ငါ့ထက်အသိပညာအလိမ္မာသာလွန်သောသူ။ ဤသူ တို့၏ဘဝတပါးပြောင်းသွားခြင်းကို ကြားလည်းကြားရလှလေပြီ။ မြင် လည်းမြင်ရလှလေပြီ။ ရှေးလွန်လေပြီးသောကာလ၌ပျက်စီးကြကုန်သော သတ္တဝါတို့ကိုလည်းအဆင့်စကားကြားရလှလေပြီ။ ဤငါ၏အတ္တဘော သည်လည်းဧဝံပျက်စီးခြင်းသို့ရောက်လတ္တံ့။ကြွင်းကျန်ရစ်သောသူတို့

သည်။ငါ၏အတ္တဘော၏ပျက်စီးခြင်းကိုမြင်ကြကုန်ကြားကြကုန်လတ္တံ့။
ကာလလွန်လတ်သည်ရှိသော်အဆင့်စကားပြောကြားကြကုန်လတ္တံ့။ဤ
ဇီဝိတိန္ဒြေ၏အဘယ်နံ့ရောအခါချုပ်လတ္တံ့နည်း။ ဇီဝိတိန္ဒြေချုပ်ရာကာ
လကားအပိုင်းအခြားမရှိ။ဤငါ၏အတ္တဘောသည်အဘယ်သို့သောရှိ
သောအနာရောဂါဖြင့်ပျက်စီးလတ္တံ့နည်း။ပျက်စီးရာသောအနာရောဂါ၏
အပိုင်းအခြားလည်းမရှိ။နေ့အခါညအခါမဏ္ဍန်ကအခါတို့တွင်အဘယ်
အခါ၌ ငါ၏ဇီဝိတိန္ဒြေသည်ချုပ်လတ္တံ့နည်း။ ဤချုပ်ရာကာလအပိုင်းအ
ခြားလည်းမရှိ။ဤအတ္တဘောကိုအဘယ်အရပ်၌ပြစ်ချရလိမ့်နည်း။အတ္တ
ဘော၏ပြစ်ချရာဌာနအရပ်၏ အပိုင်းအခြားလည်းမရှိ။ လားရာဂတိကို
လည်းမသိ။ထိုသို့ပင်မသိလင့်ကစား။တရံတခုသောအနာတရံတခုသော
ကာလ။တရံတခုသောအရပ်နိုက်စင်စစ်လျှင် ဤအတ္တဘောကိုပြစ်ချရ
လတ္တံ့။ဤရုတေခြင်းသဘောသည် ချွတ်ယွင်းခြင်းမည်သည်မရှိ။ ဤသို့နှ
လုံးပိုက်၍ငါ၏ဇီဝိတိန္ဒြေသည်ချုပ်လတ္တံ့။ သေခြင်းသဘောတရားသည်
ရောက်လတ္တံ့။ဤသို့မမေ့မလျော့အဘန်တလဲလဲရှုဆင်ခြင်အပ်၏။ ။ထို
ကြောင့်ဝိသုဒ္ဓိမဂ်သဂါထာဝဂ္ဂဒေဝတာသံယုတ်နန္ဒဝဂ်၏ အဘွင့်တို့၌။
ဇီဝိတံဗျာဓိကာလောစ။ ဒေဟာနိက္ခေပနံဂတိ စသည်ဖြင့် ဘွင့်ဆိုကုန်
သည်။ ။ဇီဝိတံ။အသက်အခြားငှင်း။ဗျာဓိ။ရုတေကြောင်းဖြစ်သောအ
နာငှင်း။ကာလောစ။ရုတေရာကာလငှင်း။ဒေဟာနိက္ခေပနံ။ အတ္တဘောကို
ပြစ်ချရာအရပ်ငှင်း။ဂတိ။လားရာဂတိငှင်း။ဣတိ။ဤသို့ဇီဝလောကသို့။
သတ္တလောက၌။ဧတေပဉ္စ။ဤငါးပါးသောတရားတို့ကို။အနိမိတ္တာ။အမှတ်
မရှိခြင်းကြောင့်။နနာယရေ။မသိနိုင်ကုန်။ တတ္ထ။ထိုဂါထာ၌။ဇီဝိတံ။အ
သက်ကို၊တာဝ။ရှေးဦးစွာ။ရုတ္တတော၊ပြဆိုအံ့။ဇီဝိတံ။အသက်သည်။ ဧတ္တ
ကမေဝ။ဤမျှအပိုင်းအခြားရှိသည်သာလျှင်တည်း။ ဣတော။ဤအပိုင်းအ
ခြားတက်။ပရံ။တပါးသောအယုတ်အလွန်သည်။နတ္ထိ။မရှိ။ဣတိ။ဤသို့။ဝ
ဝတ္ထာနာဘာဝတော။အပိုင်းအခြား၏မရှိခြင်းကြောင့်လည်း။ အနိမိတ္တံ။
အမှတ်မရှိ။ဟိသစ္စံ။မှန်၏။ ကလလကာလေပိ။ ကလလရေကြည်တည်
သောကာလ၌လည်း။သတ္တာ။သတ္တဝါတို့သည်။မရန္တိ။ သေတတ်ကုန်၏။
အဗ္ဗုဒပေသိဃနဇကေမာသဒွေမာသ တေမာသစတုမာသပဉ္စမာသဒ
သမာသ ကာလေပိ။ အမြှုပ်ဖြစ်သောအခါ သားတစ်ဖြစ်သောအခါ တခဲ
နက်ဖြစ်သောအခါ ပဋိသန္ဓေစွဲနေသည်မှ။တလမြောက်သောအခါ၊နှစ်လ

မြောက်သောအခါ။ သုံးလမြောက်သောအခါ။ လေးလမြောက်သောအခါ။
ငါးလမြောက်သောအခါ။ ဆယ်လမြောက်သောအခါ၌ရင်း။ ကုဏ္ဍိတော။
အမိဝမ်းမှ။ နိက္ခန္တသမယေပိ။ ဘွားမြင်သောအခါ၌ရင်း။ တတော။ ထိုဘွား
မြင်သည်မှ။ ပရံ။ နောက်၌။ ဝဿသဟဿ။ အနှစ်တရာ၏။ အန္တောပိ။ အ
တွင်း၌ရင်း။ ဗဟိပိ။ အနှစ်တရာမှပြင်ပ၌ရင်း။ မရန္တိယေဝ။ သေကြကုန်
သည်သာလျှင်တည်း။ ဗျာဓိပိ။ ဗျာဓိကိုလည်း။ ဣမိနာဝ ဗျာဓိနာ။ ဤမည်
သောအနာဖြင့်သာလျှင်။ သတ္တာ။ သတ္တဝါတို့သည်။ မရန္တိ။ သေကုန်၏။ အ
ညေန။ တပါးသောအနာဖြင့်။ န မရန္တိ။ မသေကုန်။ ဣတိ။ ဤသို့။ ဝဝတ္ထာန
ဘာဝတော။ အပိုင်းအခြား၏မရှိခြင်းကြောင့်။ အနိမိတ္တော။ မှတ်အပ်။
ဟိသတ္တံ။ မှန်၏။ သတ္တာ။ သတ္တဝါတို့သည်။ စက္ခုရောဂေနပိ။ မျက်စိနာဖြင့်
လည်း။ မရန္တိ။ သေပျောက်ကြကုန်၏။ သောတရောဂါဒီနံ။ သောတရောဂ
အစရှိသည်တို့တွင်။ အညတရေပိ။ တပါးပါးသောရောဂါဖြင့်လည်း။
သတ္တာ။ သတ္တဝါတို့သည်။ မရန္တိ။ သေရကုန်၏။ ကာလောပိ။ သေရာကာ
လကိုလည်း။ ဣမသ္မိံယေဝကာလေ။ ဤမည်သောနံနက်ကာလ ညကာလ
၌သာလျှင်။ မရိတဗ္ဗံ။ သေအပ်၏။ အညသ္မိံ။ တပါးသောကာလ၌။ နမရိ
တဗ္ဗံ။ မသေအပ်။ ဣတိဧဝံ။ ဤသို့။ ဝဝတ္ထာနဘာဝတော။ အပိုင်းအခြား၏
မရှိခြင်းကြောင့်။ အနိမိတ္တော။ မှတ်အပ်။ ဟိသတ္တံ။ မှန်၏။ သတ္တာ။ သတ္တဝါ
တို့သည်။ ပုဗ္ဗဏှေပိ။ နံက်အခါ၌လည်း။ မရန္တိ။ သေတတ်ကုန်၏။ မဇ္ဈန္တိ
ကာဒီနံ။ မွန်းတည့်သောအခါအစရှိသည်တို့တွင်။ အညတြသ္မိံပိ။ အမှတ်
မရှိသောကာလ၌လည်း။ မရန္တိ။ သေတတ်ကုန်၏။ ဒေဟာနိက္ခေပနံပိ။
အတ္တဘောကိုချရာအရပ်ကိုလည်း။ ဣဓေဝ။ ဤအရပ်၌သာလျှင်။ မိယမာ
နာနံ။ သေကုန်သောသူတို့၏။ ဒေဟော။ ကိုယ်ဖြင့်။ ပတိတဗ္ဗံ။ ပြစ်ချအပ်၏။
အညတ္ထ။ တပါးသောအရပ်၌။ နပတိတဗ္ဗံ။ မပြစ်ချအပ်။ ဣတိဧဝံ။ ဤသို့။ ဝ
ဝတ္ထာနဘာဝတော။ အပိုင်းအခြား၏မရှိခြင်းကြောင့်။ အနိမိတ္တံ။ မှတ်
အပ်။ ဟိသတ္တံ။ မှန်၏။ အန္တောဂါမေ။ ရွာတွင်း၌။ ဇာတာနံ။ ဖြစ်ကုန်သော
သတ္တဝါတို့၏။ အတ္တဘာဝေါ။ အတ္တဘောသည်။ ဗဟိဂါမေပိ။ ရွာပနိက်
လည်း။ ပတတိ။ ကျတတ်၏။ ဗဟိဂါမေ။ ရွာပ၌။ ဇာတာနံပိ။ ဖြစ်ကုန်သော
သတ္တဝါတို့၏လည်း။ အတ္တဘာဝေါ။ အတ္တဘောသည်။ အန္တောဂါမေပိ။
ရွာတွင်းနိက်လည်း။ ပတတိ။ ကျတတ်၏။ တထာ။ ထိုမှတပါး။ ထလဇာနံ။
ကြည်း၌ဖြစ်ကုန်သောသတ္တဝါတို့၏။ အတ္တဘာဝေါ။ အတ္တဘောသည်။

ဇလေ။ရေ၌။ ပတတိ။ကျတတ်၏။ဇလဇာနံ။ရေ၌နိုက်ဖြစ်ကုန်သောသတ္တ
ဝါတို့၏။အတ္တဘာဝေါ။ အတ္တဘောသည်။ထလေ။ကြည်းနိုက်။ပတတိ။
ကျတတ်၏။ ဇာတိ။ဤသို့။အနေကပ္ပကာရတော။ များသောအပြားအား
ဖြင့်။ဝိတ္တာရေတဗ္ဗံ။ အကျယ်ချဲ့၍သိအပ်၏။ဂတိဒွိ။ဂတိသည်လည်း။ ဇာ
တော။ဤဘဝမှ။စုတေနာ၍တေသောသတ္တဝါသည်။ဇာဝ။ ဤမည်သောဂ
တိ၌။နိဗ္ဗတ္တတဗ္ဗံ။ဖြစ်စေအပ်၏။ဇာတိဝေ။ဤသို့။ ဝဝတ္တာနာဘာဝတော။
အဒိုင်းအခြား၏မရှိခြင်းကြောင့်။အနိမိတ္တာ။အမှတ်မရှိ။ဟိသတ္တံ။မှန်၏။ဒေ
ဝလောကတော။ နတ်ရွာမှ။ဝုတာ။ ဝုတေကုန်သောသတ္တဝါတို့သည်။ မ
နုဿသာသု။လူ့ရွာတို့၌။နိဗ္ဗတ္တန္တိ။ ဖြစ်ကြကုန်၏။ မနုဿလောကတော။
လူ့ရွာမှ။စုတာ။ဝုတေကုန်သောသတ္တဝါတို့သည်။ဒေဝတာဒိနံ။နတ်၏ဂ
တိအစရှိသည်တို့တွင်။ယတ္ထကတ္ထစိ။အမှတ်မရှိသောဂတိ၌။ နိဗ္ဗတ္တန္တိ။
ဖြစ်ကြကုန်၏။ဇာတိဝေ။ဤသို့။ယန္တေ့ယုတ္တဂေါဘာဝိယ။ ယန္တရားနှ၌က
အပ်သောနွားကဲ့သို့။ဂတိပဉ္စကလောကော။ ဂတိငါးပါးနိုက်ကြဉ်လည်
ရသောသတ္တလောကသည်။သံပဝတ္တတိ။တခြားခြားလည်၍ဖြစ်ရ၏။ဇဝံ။
ဤသို့။သံပရိဝတ္တိတော။ ကြဉ်လည်၍ဖြစ်ရသော။ တဿ။ ထိုသတ္တဝါ
အား။ဇာမသို့နာမကာလေ။ ဤမည်သောကာလ၌သာလျှင်။ မရဏံ။သေ
ခြင်းသည်။ဘဝိဿတိ။ ဖြစ်လတ္တံ။ဇာတိ။ဤသို့။ဇာမံမရဏကာလံ။ဤသေ
ရာကာလကို။အဟံ။ငါသည်။နေဒါနာမိ။မသိ။ကာလော။ သေရာကာလ
သည်။ဆန္ဒော။ဖုံးလွှမ်း၏။နဒိဿတိ။မထင်။ ၊ထိုကြောင့်ဝိသုဒ္ဓိမဂ်
သံယုတ်အဋ္ဌကထာ၌လာသောနည်းဖြင့်။ ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏကို
အာရုံပြု၍မရဏာနုဿတိဘာဝနာကိုမမေ့မလျော့ ပွါးများသုံးသပ်ရာ
သည်။ ။သမုစ္ဆေဒမရဏကိုလက္ခဏာရေးသို့တင်၍ ဝိပဿနာဉာဏ်
ဖြင့်မမေ့မလျော့သုံးသပ်ဆင်ခြင်ရာသည်ကား။ ။ဤလောကနိုက်ခပ်
သိမ်းသောသတ္တဝါတို့သည်အတ္တဘောကိုစုတေသောအားဖြင့် ဖြစ်ချရ
ကုန်လတ္တံ့။ဤလောက၌အကြိုးဝင်သောဝိပဿိအစရှိသောရှေးရှေးသော
ဘုရားရှင်တို့ကဲ့သို့။ ကောင်းသောလာခြင်းရှိတော်မူသော သီလသမာဓိ
အားဖြင့်တူသောတစုံတယောက်သောသူမရှိသော သဗ္ဗညုမြတ်စွာဘု
ရားသည်။လောက၌ဘုန်းတော်ရောင်ပညာတော်ရောင်ဖြင့် ပြောင်ပြောင်
တောက်ပ၍လဝန်းသဘွယ်ဖြစ်လျက်။ တည့်သားတော်အပေါင်းနှင့်တ
ကွ။သမုစ္ဆေဒမရဏာဖြင့်ပရိနိဗ္ဗာန်စံယူတော်မူရလေပြီ။ ဤသို့သမုစ္ဆေ

ဒမရဏာကိုအာရုံပြုလျက်။ ။ယတ္ထလောကေ၊အကြင်လောက၌။သဗ္ဗေ
ဝ။အလုံးစုံသော်လျှင်ဖြစ်ကုန်သော။ဘူတာ။သတ္တဝါတို့သည်။သမုဿယံ။
အတ္တဘောကို။နိက္ခိပိဿန္တိ။ဖြစ်ချကြရကုန်လတ္တံ့။တတ္ထလောကေ။ထို
လောက၌။ဧတာဒိသော။ဤသို့သဘောရှိသော။သတ္ထာ။လူနတ်တို့၏ဆရာ
ဖြစ်တော်မူသော။အပ္ပဋိပုဂ္ဂလော။သီလသမာဓိအားဖြင့် တူမျှသောသူမရှိ
သော။တထာဂတော။ကောင်းသောလာခြင်းရှိတော်မူသော၊ဗလပ္ပတ္တော။
ကာယဗလ။ဉာဏဗလနှင့်ပြည့်စုံတော်မူသော။သမ္ဗုဒ္ဓေါ။ မြတ်စွာဘုရား
သည်။ပရိနိဗ္ဗုတော။သမုစ္ဆေဒမရဏာဖြင့်ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ ။
ဤသို့လျှင်ပရိနိဗ္ဗာနသုတ်ပါဠိ၌နှုတ်ပေါ်တော်မူသောနည်းဖြင့်ရင်း။ ။
ဂဂနေ။ကောင်းကင်ပြင်၌။ဝိစရံဝိစရန္တော။လှည့်ပတ်သွားလာသော။
စန္ဒောဣဝ။ လမင်းကဲ့သို့။ လောကေ။ သတ္တလောက။ ဩကာသလောက
နှုက်။ ဩဘာသံ။ သီလသမာဓိတို့၏အရောင်အလင်းကို။ ဩဘာသယိတွာ
န။ ထင်ရှားစေလတ်ပြီး၍။ သာသနံ။ သာသနာတော်သုံးပါးကို။ ဝိမလံ။
အညစ်အကြေးမရှိစင်ကြယ်သည်ကို၊ကတွာန၊ပြုတော်မူပြီး၍။သောဘ
ဂဝါ။ထိုမြတ်စွာဘုရားသည်။သသာဝကော။တပည့်သားနှင့်တကွ။ပရိ
နိဗ္ဗုတော။သမုစ္ဆေဒမရဏာဖြင့်။ပရိနိဗ္ဗာန်စံယူတော်မူလေပြီ။ ။ဤသို့
ဗုဒ္ဓဝင်ပါဠိ၌ဟောတော်မူအပ်သော နည်းဖြင့်ရင်း။ အောက်မေ့ဆင်ခြင်
၍။ ဤသင်္ခါရတရားအပေါင်း ကုန်တတ်သောသဘော။ ပျောက်တတ်
သောသဘော။ ပျက်တတ်သောသဘောရှိသည်သာတည်း။ မမြဲသောသ
ဘောမဉ်သည်မရှိ။ အိုခြင်းနာခြင်းသေခြင်းစသောဆင်းရဲတို့သည်မပြတ်
နှိပ်စက်အပ်သည်ဖြစ်၍။ချမ်းသာသောသဘောလည်းမရှိ၊ကာယိကဒုက္ခ
စေတသိကဒုက္ခတို့၏ကိန်းအောင်းမှီတင်းရာဖြစ်သည်။ဤသို့မမြဲသော သ
ဘောဆင်းရဲသော သဘောကိုမဖြစ်စေခြင်းငှါပိတ်ပင်တားမြစ်နိုင်သော
အစိုးရသောသူလည်းမရှိ။ ဤသို့စသည်ဖြင့်လက္ခဏာရေးသို့တင်၍ မ
မေ့မလျော့သမုစ္ဆေဒမရဏာကိုရှုဆင်ခြင်အပ်၏။ ။ဤသို့ရှုဆင်ခြင်
ပြီးသည်ရှိသော်၊ငါ၏အတ္တဘောသည်လည်း။ မမြဲသောသဘော။ဆင်းရဲ
သောသဘော။ အစိုးမရသော သဘောရှိသည်သာလျှင်တည်းဟူ၍ မိမိ
အတ္တဘောကိုလက္ခဏာရေးသို့တင်၍ရှုဆင်ခြင်အပ်၏၊ ။ဤသို့ရှုဆင်
ခြင်ပြီးသော်၊ငါ၏အတ္တဘောသည်လည်း၊မမြဲသောသဘောဆင်းရဲသော
သဘောအစိုးမရသော သဘောရှိသည်သာလျှင်တည်းဟူ၍ မိမိအတ္တ

ဘောကိုလက္ခဏာရေးသို့တင်၍ရှုဆင်ခြင်အပ်၏။ ။ခဏိကမရဏကို ဝိပဿနာဉာဏ်သို့တင်၍ရှုဆင်ခြင်အပ်သည်ကား။ နာမ်ရုပ်တရားတို့ ၏ဘင်ခဏသည်။ အလွန်လျှင်ဝိပဿနာဉာဏ်အားထင်ရှားနိုင်ခဲသည်။ နာမ်ရုပ်တရားတို့၏ဖြစ်ခြင်းတည်ခြင်းပျက်ခြင်းတို့သည်။ အလွန်လျှင်နည်း စွာတို့စွာဖြစ်ကုန်သည်။ ထိုကြောင့်ဣရိယာပုတ်စသည်တို့ဖြင့်ပိုင်းခြား၍ ရုပ်နာမ်တရားတို့ကိုခယဝယအားဖြင့်ပွါးများသုံးသပ်အင်၏။ ပွါးများသုံး သပ်အပ်သည်ကား။ ကြာမြင့်စွာသွားလာပြီး၍ရင်း။ စင်္ကြံသွားပြီး၍ရင်း။ ထိုထိုအရပ်သို့လှည့်လည်ပြီး၍ရင်းနောက်အဘို့၌ရင်၍နေသည်ရှိသော်။ ဤသို့ဆင်ခြင်အင်၏။ သွားလာဆဲကာလ၌ဖြစ်သောငါ၏ ရုပ်နာမ်တရား အရုတို့သည်။ တရံတခုမျှဤရင်ခြင်းဣရိယာပုတ်သို့ မလိုက်မလာကုန်။ သွားခြင်းဣရိယာပုတ်၌သာချုပ်၍ပျောံလေကုန်ပြီ၊ ဤရုပ်နာမ်အရကား။ ကုန်တတ်ပျက်တတ်သောသဘောရှိသည်သါတည်းဟူ၍ခယဝယအား ဖြင့်သုံးသပ်ဆင်ခြင်အပ်သည်။ ။ထိုကြောင့်မူလပဏ္ဏာသသတိပဋ္ဌာန သုတ်အဘွင့်အဋ္ဌကထာ၌။ ။ယောစိရံဂတ္ဘာဝါစင်္ကမိတွာစသည်ဖြင့် ဘွင့်ဆိုတော်မူကြကုန်သည်။ ။ယော။အကြင်သူသည်၊စိရံ၊ရှည်မြင့် စွာ။ဂတွာဝါ။သွားလာပြီး၍ရင်း။စင်္ကမိတွာဝါ၊စင်္ကြံသွားပြီး၍ရင်း။အပရ ဘာဂေ။နောက်အဘို့၌၊ဌိတော။ရပ်သည်ရှိသော်။ဣတိ။ဤသို့။ပဋိသဉ္စိက္ခ တိ။ခယဝယအားဖြင့်ရှုဆင်ခြင်၏။ကိံ ပဋိသဉ္စိက္ခတိ။ အဘယ်သို့ခယဝ ယအားဖြင့် ရှုဆင်ခြင်သနည်းဟူမူကား။ စင်္ကမနကာလေ။ စင်္ကြံသွား သောအခါ၌။ ပဝတ္တာ။ဖြစ်ကုန်သော။ရူပါရူပဓမ္မာ။ ရုပ်နာမ်တရားတို့ သည်။ဌေတ္ထဝ။ဤစင်္ကြံသွားသောကာလ၌သာလျှင်။နိရုဒ္ဓါ။ ချုပ်၍ကုန် လေကုန်ပြီ။ဣတိ။ဤသို့၊ပဋိသဉ္စိက္ခတိ။ခယဝယအားဖြင့်ရှုဆင်ခြင်၏။ အ ယံ။ဤသို့ရှုဆင်ခြင်သောပုဂ္ဂိုလ်သည်။ဂတေ။သွားခြင်းဣရိယာပုထ်၌၊သမ္ပ ဇာနကာရီနာမ။ဝိပဿနာပညာဖြင့်ရှုဆင်ခြင်၍ပြုလေ့ရှိသည်မည်၏။ ။ ရပ်ခြင်းကိုပြုလျက်သရဏ္ဍာယ်ခြင်း ပြဿနာကိုဖြေခြင်းကမ္မဋ္ဌာန်းကိုမှ လုံးသွင်းခြင်းကိုပြုပြီး၍ထိုင်ခြင်းဣရိယာပုတ်ဖြင့်နေသော အခါ၌လည်း။ ဤငါ၏အဋ္ဌဘောဟုဆိုအင်သောရုပ်နာမ်အရုသည်။ရင်ဆဲကာလ၌ဖြစ်ကြကုန်၏။ထိုသို့ဖြစ်ကြသောရုပ်နာမ်တရားတို့သည်ဤထိုင်ခြင်းဣရိ ယာပုတ်သို့တရံတခုမျှမပါ။ ရင်ခြင်းဣရိယာပုတ်၌သာ ချုပ်၍ပျောက် လေကုန်ပြီ၊ဤသင်္ခါရတရားတို့ကားကုန်တတ်ပျက်တတ်သောသဘော

ရှိသည်သာတည်းဟူ၍ခယံဝယအားဖြင့်ပွါးများသုံးသပ်ရာသည်။ ။ထို ကြောင့်။ ။ယောသဗ္ဗာယံဝါကရောန္တော်ပဋ္ဌံဝါစသည်ဖြင့်ဤအဋ္ဌက ထာတို့၌ဘုရင့်ဆိုကြကုန်သည်။ ။ယော။အကြင်သူသည်။သဗ္ဗာယံ။သ ရဗ္ဗာယ်ခြင်းကို။ကရောန္တော ဝါ။ပြုသည်ဖြစ်၍ငင်း။ပဋ္ဌံ။ ပြသည့်နာကို။ဝိ သဇ္ဇေန္တော ဝါ။ဖြေသည်ဖြစ်၍ငင်း။ ကမ္မဋ္ဌာနံ။ ကမ္မဋ္ဌာန်းကို၊ မနသိက ရောန္တော ဝါ၊နှလုံးသွင်းသည်ဖြစ်၍ငင်း။စီရံ။မြင့်ရှည်စွာ။ဠတွာ။ရပ်နေပြီး ၍။အပရဘာဂေ။နောက်အဘို့၌။နိသိန္နော။ ထိုင်၍နေလတ်သည်ရှိသော်။ ဇာတိ။ဤသို့။ပဒိုသဗ္ဗိက္ခတိ။ခယံဝယအားဖြင့်ဆင်ခြင်၏။ကိံ သဗ္ဗိက္ခတိ။အ ဘယ်သို့ခယံဝယအားဖြင့်ဆင်ခြင်သနည်းဟူမူကား။ ဠိတကာလေ။ရပ် ၍နေသောအခါ၌၊ပဝတ္တာ၊ဖြစ်ကုန်သော။ရူပါရူပဓမ္မာ။ရုပ်နာမ်တရားတို့ သည်။ဧတ္ထေဝ။ဤရပ်ရာကာလ၌သာလျှင်။နိရုဒ္ဓါ။ ချုပ်၍ပျောက်လေကုန် ပြီ။ဇာတိ။ဤသို့။ပဋိသဗ္ဗိက္ခတိ။ခယံဝယအားဖြင့်ရှုဆင်ခြင်၏။အယံ၊-ဤသို့ ရှုဆင်ခြင်သောပုဂ္ဂိုလ်သည်။ဠိတေ။ရပ်ရာနှိုက်။သမ္ပဇာနကာရီနာမ။ ဝိ ပဿနာပညာဖြင့်ရှုဆင်ခြင်၍ပြုလေ့ရှိသည်မည်၏။ ။ထိုင်ခြင်းဣရိ ယာပုတ်ကိုပြု၍ စကားပြောဟောခြင်း၊ ထိုထိုလက်အမှုကိုပြုလုပ်ခြင်း၊ စေတီကိုရှိခိုး၍နေခြင်းစသော ကာယကမ္မ ဝစီကမ္မကိုပြုလုပ်ပြီး၍ အ ညောင်းအညာပြေ၍ကါယကိလမထကိုပယ်ဖျော်ခြင်းငှါအိပ်ရာညောင် စောင်း၌လည်းလျောင်းပြီးသော်ဤသို့ရှုဆင်ခြင်အပ်၏၊ငါသည်ထိုင်သော အခါ ပြောဆိုသောဝစီဘေဒသဒ္ဒရုပ်တို့သည်လည်း ချုပ်၍ကုန်လေပြီ။ ဤဝစီဘေဒသဒ္ဒရုပ်ကိုဖြစ်စေတတ်သော စိတ်စေတသိက်တို့သည်လည်း ချုပ်၍ကုန်လေပြီ၊ ထိုသို့အမှုကိုပြုသောလက်ခြေအင်္ဂါတို့၏ လှုပ်ရှား ခြင်းတည်းဟူသော ကာယင်္ဂစောပနဟုဆိုအပ်သော ကာယဝိညတ်ကို ဖြစ်စေတတ်သောစိတ်စေတသိက်တို့သည်လည်း ချုပ်၍ကုန်လေပြီ။ဤ တရားဘို့နှင့်သဟာစရဏတကွဖြစ်ကြသောကမ္မဇရုပ်စိတ္တဇရုပ် ဥတုဇ ရုပ်အာဟာရဇရုပ်တို့သည်လည်းချုပ်၍ကုန်လေပြီ၊ဤရုပ်နာမ်တရားအ ရတို့သည်ယခုလျောင်းသောဣရိယာပုထ်သို့ တရံတခုမျှမလိုက်မလာ။ ဩမိတို့၏ဖြစ်ရာ၌သာ ကုန်ခြင်းပျော်ခြင်းဘောက်ပြန်ခြင်းသို့ ရောက်ကြ လေကုန်ပြီဟူ၍ခယံဝယဝိပဿနာမအားဖြင့် ရုပ်နာမ်တရားကိုလျောင်း သောအခါဆင်ခြင်ရာသည်။ ။ထိုကြောင့်။ ။ယောသဗ္ဗာယာဒိကရ ဏဝသေနေ ဝသိန္နိသိဒိတွာစသည်ဖြင့်ဘုရင့်ဆိုတော်မူကြကုန်သည်။ ။

ယောပုဂ္ဂလော။အကြင်သတိပညာဘာဝနာဥာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်။သဇ္ဈာယာဒိကရဏာဝသေနေဝ။သရဇ္ဈာယ်ခြင်းအစရှိသည်ကိုပြုသည်၏အစွမ်းဖြင့်သာလျှင်။စိရံ။ကြာမြင့်စွာ။နိသိဒိတွာ။နေထိုင်၍။အပရဘာဂေ။နောက်အဘို့၌။နိပ္ပန္နော။လျောင်းသည်ရှိသော်။ ဇာတိ။ဤသို့။ ပဋိသဥ္စိက္ခတိ။ ရှုဆင်ခြင်၏။ကိံ ပဋိသဥ္စိက္ခတိ။အဘယ်သို့ရှုဆင်ခြင်သနည်းဟူမူကား။နိသိန္နကာလေ။ထိုင်၍နေသောအခါ၌။ပဂ္ဂတ္တာ။ဖြစ်ကုန်သော။ရူပါရူပဓမ္မာ။ရုပ်နာမ်တရားတို့သည်။ဧတ္ထေဝ။ ဤထိုင်ခြင်းဣရိယာပုတ်၌သာလျှင်။နိရုဒ္ဓါ။ချုပ်၍ကုန်စေကုန်ပြီ၊ဇာတိ။ဤသို့။ပဋိသဥ္စိက္ခတိ၊ ရှုဆင်ခြင်၏။အယံ။ ဤသို့ရှုဆင်ခြင်သောပုဂ္ဂိုလ်သည်၊ နိသိန္နေ။ ထိုင်ခြင်းဣရိယာပုတ်၌။သမ္ပဇာနကာရိနာမ။ ဝိပဿနာမ။ ဝိပဿနာပညာဖြင့်ရှုဆင်ခြင်၍ပြုလေ့ရှိသည်မည်၏။ အိပ်ရာညောင်စောင်း၌လျောင်းနေပြီးသော်။ပရိယတ်ကိုသရဇ္ဈာယ်ခြင်းသူတပါးတို့သည်မေးအပ်သောစကားကိုပြန်ကြားပြောဆိုခြင်း ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်း အိပ်ပျော်ခြင်းသို့ရောက်ခြင်းစသည်တို့ကိုပြုပြီး၍လျောင်းစက်ရာ၌ထလတ်သည်ရှိသော် ဤသို့ရှုဆင်ခြင်အပ်၏။ရှုဆင်ခြင်အပ်သည်ကား။ ငါသည်အိပ်ရာညောင်စောင်း၌လျောင်းခြင်းဣရိယာပုထ်ဖြင့်သရဇ္ဈာယ်ခြင်း၊စကားပြောဟောခြင်းတို့ကိုပြုကုန်ပြီ၊ထိုသို့ပြုအပ်သောပဝိဘောဒသဒ္ဒရုပ်သည်၎င်း။ ထိုဝိဘောဒသဒ္ဒရုပ်ကိုပြုပြင်စိရင်တတ်သော နာမက္ခန္ဓာတို့သည်၎င်း။ ကြွင်းသောရုပ်တို့သည်၎င်းချုပ်၍ကုန်လေပြီ။ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းသောအခါများစွာဖြစ်သောမဟာကုသိုလ်စိတ္တုပ္ပါဒ်တို့သည်လည်း ဥပါဒ်ဌီဘင်အားဖြင့်ချုပ်၍ကုန်လေကုန်ပြီ။အိပ်ပျော်သောအခါနိုက်ဖြစ်သော ဘဝင်စိတ်တို့သည်၎င်း၊ရုပ်တရားတို့သည်၎င်း ချုပ်၍ပျောက်လေကုန်ပြီ။ ဤရုပ်နာမ်တရားအစုတို့သည် ယခုထသောဣရိယာပုတ်သို့မရောက်။ ချုပ်၍ပျောက်လေကုန်ပြီဟူ၍။ခယဝယပိပရိဏာမအားဖြင့် အိပ်သောအခါ၌ဖြစ်သောရုပ်နာမ်တရားတို့ကိုဥ္ပါးများသုံးသပ်ရာသည်။ ။သို့ကြောင့်။ ။ယောပနနိပ္ပန္နကောဝသဇ္ဈာယဝါကရောန္တော စသည်ဖြင့်ဘုရင့်ဆိုတော်မူကြကုန်သည်၊ ။ယောပနပုဂ္ဂလော။ အကြင်ဘာဝနာနိုက်မွေ့လျော်သောပုဂ္ဂိုလ်သည်။နိပ္ပန္နကောဝ။ လျောင်းလျက်လျှင်။ သဇ္ဈာယံ။သရဇ္ဈာယ်ခြင်းကို၊ကရောန္တောဝါ။ပြုသည်ဖြစ်၍၎င်း။ဥဒ္ဒံ။ပြဿနာကို။ဝိဿဇ္ဇန္တောဝါ။ဖြေသည်ဖြစ်၍၎င်း။ ကမ္မဋ္ဌာနံ။ကမ္မဋ္ဌာန်းကို။ မနသိကရောန္တောဝါ၊

နှလုံးသွင်းသည်ဖြစ်၍ငင်း၊နိဒ္ဒေ။အိပ်ပျော်ခြင်းသို့ပြကြောင်ပွား။ ရောက်ပြီး၍။အပရာဘာဂေ။နောက်အဘို့၌။ဝုဋ္ဌာယ။လျောင်းစက်ရာမှထ၍။ ဇာတိ။ ဤသို့။ပဋိသန္ဓိက္ခဏ်ဝိ။ပဋိသန္ဓေပညာဖြင့်ရှုဆင်ခြင်၏။ ကိံပဋိသန္ဓိက္ခဏ်။ အဘယ်သို့ဝိပဿနာပညာဖြင့်ရှုဆင်ခြင်သနည်းဟူမူကား။သယနကာလေ။အိပ်ရာညောင်စောင်း၌လျောင်းစက်သောအခါ၌။ ပဝတ္တာ။ ဖြစ်ကြကုန်သော။ရူပရူပဓမ္မာ။ရုပ်နာမ်တရားတို့သည်။ဝေ့ထွေ့ဝ။ဤလျောင်းသောအခါ၌သာလျှင်။နိရုဒ္ဓါ။ချုပ်၍ကုန်လေကုန်ပြီ။ဇာတိ။ဤသို့။ပဋိသန္ဓိက္ခဏ်။ဝိပဿနာပညာဖြင့်ရှုဆင်ခြင်၏။ အယံ။ ဤရှုသို့ဆင်ခြင်သော ပုဂ္ဂိုလ်သည်။သုတ္တေ့စ။အိပ်ပျော်ခြင်း၌၎င်း။ဇာဂရိတေစ။နိုးခြင်း၌၎င်း။သမ္ဗဇာနကာရီနာမ။ ဝိပဿနာပညာဖြင့်ရှုဆင်ခြင်၍ပြုလေ့ရှိသည်မည်၏။ ပရိသတ်တို့နှင့်များစွာစကားပြောဆိုပြီး၍။ ပရိသတ်အပေါင်းမှထ၍ခွါခဲ့၍ တယောက်အထီးတည်းဆိတ်ဆိတ်နေသောအခါ၌၎င်း။ ပရိသတ်တို့သည်ထသွားလတ်၍တယောက်အထီးတည်းနေရစ်သောအခါ၌၎င်း။ဤသို့ရှုဆင်ခြင်အပ်၏။ ရှုဆင်ခြင်အပ်သည်ကား။ပရိသတ်တို့ကိုပြောဆိုသောဤသဒ္ဒရုပ်သည်။ နှုတ်ခမ်းသွားလျှာအာစောက်တို့ကိုစွဲ၍ ဟဒယဝတ္ထုကိုမှီသောစိတ်စေတသိက်တို့သည်ပြုပြင်အပ်သည်ဖြစ်၍၊ဝစီဘေဒသဒ္ဒရုပ်သည်ဖြစ်သည်။ ဤဝစီဘေဒသဒ္ဒရုပ်ကိုပြုပြင်တတ်သော စိတ်စေတသိက်တရားတို့သည် ဤဆိတ်ဆိတ်နေသောကာလသို့ မရောက်ကုန်။ပျောက်ပျက်ဘောက်ပြန်ကြလေပြီ။ဤသို့ယေဝယဝိပရိဏာမအားဖြင့်၎င်း။တရားကိုရွတ်သရဇ္ဈာယ်ခြင်းတရားဟောပြောခြင်းတို့ကိုပြုပြီး၍ဆိတ်ဆိတ်နေသောအခါ၌လည်း။ငါအားတရားကိုသရဇ္ဈာယ်သောအခါတရားဟောသောအခါတို့၌ဖြစ်ကြသောရုပ်နာမ်တရားတို့သည်ဘော်ပြားကုန်ပျောက်လေပြီ၊ဤရုပ်နာမ်တရားအစုတို့သည် ယခုဆိတ်ဆိတ်နေသောအခါသို့မရောက်လာကုန်ပြီ။ဤသို့ယေဝယဝိပရိဏာမအားဖြင့်ပွါးများသုံးသင်ရာသည်။ ။ထို့ကြောင့်။ ။ယောပနဘာသမာနော အယံသမ္ပဇာနကာရီနာမ။စသည်ဖြင့်ဘုရားဆိုတော်မူကြကုန်သည်။ ။ယောပနပုဂ္ဂလော၊အကြင်ခတ္တိကမရဏကိုလက္ခဏာရေးသို့တင်၍ရှုဆင်ခြင်သောပုဂ္ဂိုလ်သည်။ ဘာသမာနော။စကားပြောဆိုသည်ရှိသော်။ အလံသန္ဒေ့နာမ။ဤအသံမည်သည်ကား။ ဩဋ္ဌေစ။နှုတ်ခမ်းတို့ကိုလည်း။ပဋိစ္စ။ စွဲ၍။ ဒန္တေစ။ သွားတို့ကိုင်း။ဇိဝှဉ္စ။လျှာကိုင်း။တာလုဉ္စ၊ အာစောက်ကိုင်း။

ပဋိစ္စ။ စွဲ၍။ ပိဟ္ဟသော။ သဒ္ဒရုပ်ကိုပြုပြင်တတ်သောစိတ်၏။ တဒနုရူပံ။ ထိုသဒ္ဒရုပ်အားလျော်သော။ ပယောဂဉ္စ။ လုလ္လကိုရင်း။ ပဋိစ္စ။ စွဲ၍။ ဇာယတိ။ ဖြစ်သတည်း။ ဣတိ၊ ဤသို့။ သတော။ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော။ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ ဘာသိတံ။ ပြောဆို၏။ ပန။ ထိုမှတပါး။ စီရံ။ ကြာမြင့်စွာ၊ ကာလံ ဝါ။ ကာလပတ်လုံးလည်း။ သဏ္ဌာယံ။ သရဏ္ဍာယ်ခြင်းကို။ ကတွာ ဝါ။ ပြု၍ရင်း။ ဓမ္မံ။ တရားကို။ ကထေတွာ ဝါ။ ပြောဟော၍ရင်း။ ကမ္မဋ္ဌာနံ။ ကမ္မဋ္ဌာန်းကို။ ပရိဝတ္တိတွာ ဝါ။ ပြန်လှန်ရွတ်ဘတ်၍ရင်း။ ပဉှံ။ ပြဿနာကို။ ဝိဿဇ္ဇေတွာ ဝါ။ ဖြေပြီး၍ရင်း။ အပရဘာဂေ။ နောက်အဘို့၌။ တုဏှီဘူတော။ ဆိတ်ဆိတ်နေလျက်။ ဣတိ။ ဤသို့။ ပဋိသဉ္စိက္ခတိ။ ခယဝယံ အား ဖြင့်ဆင်ခြင်၏။ ကိံ ပဋိသဉ္စိက္ခတိ။ အဘယ်သို့ခယဝယအားဖြင့် ဆင်ခြင်သနည်းဟူကား။ ဘာသိတကာလေ။ စကားပြောဆိုသောအခါ၌။ ဥပ္ပန္နာ။ ဖြစ်ကုန်ပြီးသော။ ရူပါရူပဓမ္မာ။ ရုပ်နာမ်တရားတို့သည်၊ ဧတ္ထေဝ။ ဤစကားပြောသောကာလကပင်လျှင်။ နိရုဒ္ဓါ။ ချုပ်၍ကုန်လေကုန်ပြီ။ ဣတိ။ ဤသို့။ ပဋိသဉ္စိက္ခတိ။ ခယဝယအားဖြင့် ဆင်ခြင်၏။ အယံ။ ဤသို့ဆင်ခြင်သောပုဂ္ဂိုလ်သည်။ ဘာသိတေ။ စကားပြောဆိုရာ၌။ သမ္ပဇာနကာရီနာမ။ ဝိပဿနာပညာဖြင့် ပြုလေ့ရှိသည်မည်၏။ ။ဝိပဿနာပညာတည်းဟူသော အမြိုက်သုဒ္ဓါဘုတ်ကိုမပြတ်သုံးဆောင်လေ့ရှိသော ပုဂ္ဂိုလ်သည်။ မြတ်စွာဘုရားဟောတော်မူအပ်သောတရားကိုရင်း။ ကမ္မဋ္ဌာန်းကိုရင်း။ နှုလုံးသွင်းပြီးသည်မှနောက်ကာလ၌ငြိမ်း။ ရှံခါ သတိချွတ်ယွင်း၍။ ကာမဝိတက်ဗျာပါဒဝိတက်စသည်တို့သည် နှောက်ရှက် ဖျက်ဆီး၍ ထိုထိုအာရုံကိုကြံဆသော အားဖြင့် ကြံမှိုင်းတွေးတောလျက်နေမိသည်ရှိသော်။ ထိုသို့နေမိသည်ကိုသတိရ၍နောက်ကာလ၌ရင်း။ ဤသို့သုံးသပ်ဆင်ခြင်ရာသည်။ ။ဆင်ခြင်ရာသည်ကား။ ။ငါသည်ဆိတ်ဆိတ်နေလျက်တရားကို နှုလုံးသွင်းခြင်း ကမ္မဋ္ဌာန်းကိုပွါးခြင်းကိုပြုသော အခါတို့၌ဖြစ်သော ရုပ်နာမ်တရားတို့သည်။ ချုပ်၍ကုန်ပျောက်လေကုန်ပြီ၊ ကာမဝိတက်ဗျာပါဒဝိတက်တို့သည်ရင်း။ ထိုဝိတက်တို့၏အာရုံဖြစ်သော ဗဟိဒ္ဓ တရားတို့သည်ငြိမ်း။ ဥပါဒ်ဋ္ဌီဘင်အားဖြင့်ချုပ်၍ကွယ်ပျောက်လေပြီ၊ ဤတရားတို့နှင့်သဟာစရဏဖြစ်သော ရုပ်တရားတို့သည်လည်းချုပ်၍ကုန်လေကုန်ပြီ။ ဤယခုငါသတိရသောအခါသို့မရောက်မလာကြကုန်။ မိမိတို့ဖြစ်ရာကာလ၌သာ

ချုပ်၍ကုန်လေကုန်ပြီ။ ဤသို့ခယဝယပိပရိတာမအားဖြင့်။ ချုပ်နာမ်တ
ရားကိုပွါးများသုံးသပ်အပ်သည်။ ။ထိုကြောင့်မူလပဏ္ဏာသသုတ်အ
ဘွင့်အစရှိသည်တို့၌။ ။ယောတုဏ္ဏ်ဘူတော စိရဋ္ဌဝါစသည်ဖြင့်
ဘွင့်ဆိုကြကုန်သည်။ ။ယောပုဂ္ဂလော။အကြင်ပညာဖြင့်အခါခပ်သိမ်း
မျုပ်နာမ်တရားကို သိမ်းဆည်းလေ့ရှိသောပုဂ္ဂိုလ်သည်၊ တုဏ္ဏ်ဘူတော။
ဆိတ်ဆိတ်နေလျက်။စိရံ။ ကြာမြင့်စွာ။ဝဋ္ဋံဝါ။တရားကိုလည်းကောင်း။
ကမ္မဋ္ဌာနံဝါ။ကမ္မဋ္ဌာန်းကိုငင်း၊မနသိကာဘွာ။ နှလုံးသွင်းပြီး၍။အပရဘာ
ဂေ။နေ့အဘို့၌။ဌာတိ။ဤသို့ပဋိသမ္ဘိဒါတိ။ခယဝယအါးဖြင့်ပွါးများဆင်
ခြင်၏။ ကိံပဋိသမ္ဘိဒါတိ။အဘယ်သို့ခယဝယအားဖြင့်ပွားများဆင်ခြင်
ရမည်နည်းဟူမူကား။တုဏ္ဏ်ဘူတကာလေ။ဆိတ်ဆိတ်နေသောကာလ၌။
ပဝတ္တာ။ဖြစ်ကုန်သေါ၊ရူပါရူပဓမ္မာ။ရုပ်နံတရားတို့သည်။ဧတ္ထေဝ။ဤဆိတ်
ဆိတ်နေသောကာလနှင့်သါလျှင်။နိရုဒ္ဓါ။ချုပ်၍ကုန်လေကုန်ပြီ၊ဥပါဒါရူ
ပပဝတ္တိယာ။ဥပါဒါရုပ်တို့၏ဖြစ်ခြင်းသည်။ သတိ။ရှိသော်။ဘာသတိနာ
မ၊စကားပြောဆိုသည်မည်၏။အသတိ။ဥပါဒါနရုပ်တို့၏ ဖြစ်ခြင်းသည်
မရှိသည်ရှိသော်။တုဏ္ဏ်ဘဝတိနာမ။ဆိတ်ဆိတ်နေသည်မည်၏။ ဌာတိ။
ဤသို့။ပဋိသမ္ဘိဒါတိ။ခယဝယအားဖြင့်ပွားများဆင်ခြင်း၏။ အယံ။ဤသို့
ဆင်ခြင်သောပုဂ္ဂိုလ်သည်။တုဏ္ဏ်ဘာဝေ။ဆိတ်ဆိတ်နေသည်၏အဖြစ်
နှင့်။သမ္မာနကာရိနာမ၊ဝိပဿနာပညာဖြင့်ရှုဆင်ခြင်ခြင်းကို ပြု၍နေ
လေ့ရှိသည်မည်၏။ ။ဤသို့လျှင်ခဏိကမရဏကိုဝိပဿနာပညာ
ဖြင့်ရှုဆင်ခြင်အပ်၏။ ။သမုတိမရဏကိုဝိပဿနာဖြင့် ရှုဆင်ခြင်
အပ်သည်ကား။ ။ညှိုးလျော်နွမ်းခြောက်သောကောက်ပဲမြက်တို့ကို
ရှု၍ဤအနိဋ္ဌာရုံဖြစ်သောသင်္ခါရတရားတို့သည် ညှိုးလျော်နွမ်းခြောက်
သောက်ပြန်ခြင်းသို့ရောက်ကုန်ပြီ ပျောက်ပျက်ကြေမွ၍ မြေကြီး၏အစိုး
အပွါးဖြစ်လတ္တံ့။ဤသို့အနိဋ္ဌာရုံဖြစ်သေါသင်္ခါရတရားတို့၏။သောက်
ပြန်ခြင်းဟုဆိုအပ်သောသမုတိမရဏကို ခယဝယပိပရိတာမအားဖြင့်
ပွားများသုံးသပ်အပ်သည်၊ဤငါ၏အတ္တဘောဟုဆိုအပ်သော အနိဋ္ဌာရုံ
ဖြစ်သောရုပ်နံတရားတို့သည်လည်း။ အိုခြင်းနာခြင်းတည်းဟူသော
ညှိုးလျော်နွမ်းခြောက်သောက်ပြန်ကုန်ပျက်ခြင်းသို့ ရောက်ပြီးရောက်
ဆဲရောက်လတ္တံ့ဖြစ်သည်။ ဤသို့မိမိအတ္တဘောကိုလည်း မြက်သင်ပင်
တို့ကိုမှာပြု၍ခယဝယအားဖြင့်မမေ့မလျော့ပွားများသုံးသင်အပ်သည်။

ထိုတက်အလွန်လည်း၏ဝိဝင်ပြည်ယုပင္ဆွေဒမရဏသမုဆွေဒမရဏခဏ
ကမရဏ။ ဤသုံးပါးသောမရဏတို့ကိုသုတ္တနိပါတ်သလ္လသုတ်ကောဒ
သနိပါတ်ဥဒယဇာတ်တို့နှိုက်ဟောတော်မူသောနည်းအားဖြင့်။မရဏာ
နုဿတိ ဘာဝနာဉာဏ်၏ အာရုံသို့ ဝင်၍ ရှုဆင်ခြင်အပ်၏၊ သလ္လ
သုတ်နှိုက်ဟောတော်မူသည်ကား။ ။အနိမိတ္တမနညာတံ။မစ္စာနံဇီဝိ
တံ။ကသိရဉ္စပရိတ္တဉ္စ။တဉ္စဒုက္ခေနသံယုတံ။ ။အစရှိသောဂါထာတို့
တည်း။ ။ဇူဓါ။ဤသတ္တလောကနှိုက်။မစ္စာနံ။သတ္တဝါတို့၏။ဇီဝိတံ။အ
သက်သည်။ အနိမိတ္တံ။အမှတ်သညာအနိုတ်နိမိတ်ပြု၍လည်းမနာမယူ။
မစ္စာနံ။သတ္တဝါတို့၏၊ဇီဝိတံ။အသက်သည်။အနညာတံ။ဤသတ္တဝါသည်
ဤရွေ့ဤမျှကာလပတ်လုံးအသက်ရှည်လတ္တံ့ဟူ၍ ကာလအပိုင်းအခြား
ကိုလည်း။သိခြင်းငှာမစွမ်းနိုင်ရာ။မစ္စာနံ။သတ္တဝါတို့၏။ ဇီဝိတံ။အသက်
သည်။ကသိရဉ္စ။ထွက်သက်ဝင်သက်မဟာဘုတ်လေးပါး၊ ကဗဠီကာရ
အာဟာရတေဇောဓာတ်ဝိညာဏ်တို့နှင့်မပြတ်ဖက်စပ်၍တည်သည်၏
အဖြစ်ကြောင့်ဆင်းရဲငြိုငြင်ခြင်းလည်းရှိ၏။ မစ္စာနံ။သတ္တဝါတို့၏။ ဇီဝိ
တံ။အသက်သည်။ ပရိတ္တဉ္စ။ဥပါဒ်ဋ္ဌီဘင်တည်းဟူသော ခဏသုံးပါးတို့
ဖြင့်အသက်ရှင်သည့်ဖြစ်၍။အလွန်တိုသောကာလလည်းရှိ၏။ တဉ္စဇီဝိ
တံ၊ထိုသို့အမှတ်သညာကိုမသိတတ် အပိုင်းအခြားလည်းမရှိ၊ ဆင်းရဲ
ခြင်းအလွန်တိုသောကာလနှိုက်ဖြစ်ခြင်းရှိသောဇီဝိတိန္ဒြေသည်လည်း၊ ဒု
က္ခေန။ဆင်းရဲခြင်းနှင့်။သံယုတံ၊မပြတ်ယှဉ်၏။ ။ဟိသစ္စံ။မှန်၏။ ဇာ
တာ။ဖြစ်ကုန်ပြီးသောသတ္တဝါတို့သည်၊ယေနဥပက္ကမေန။အကြင်လုလ္လပ
ယောဂကြောင့်။နမိယျရေ၊မသေကုန်။သောဥပက္ကမေါ။ထိုမသေကြောင်း
ဖြစ်သောသုံးသပယောဂသည်။နအတ္ထိ။မရှိ။ဇရံ။အိုခြင်းသို့။ပတွာပိ၊ရောက်၍
ငင်း။အပတွာပိ။မရောက်မူ၍ငင်း။မရဏံ။သေတတ်၏။ ပါဏိနော။သတ္တ
ဝါတို့သည်။ဧဝံဓမ္မာဟိ။ဧဝံဓမ္မာဧဝ။ ဤသို့နှင်နှင်သဘောရှိကြကုန်သည်
သာလျှင်တည်း။ ။ဤမှစ၍မဟာနိဒ္ဒေသဇာရာသုတ်ပါဠိနှင့်လည်း ဇူမျှ
၏။ပက္ကာနံ။မှည့်ကုန်ပြီးသော၊ဖလာနံ။သစ်သီးတို့၏၊နိစ္စံ။အမြဲ၊ပတနတော၊
ကြွေကျသောအားဖြင့်။ဘယံ၊ပျက်စီးခြင်းသည်။ ဟောတိဇူဝ၊ဖြစ်သကဲ့
သို့။ဧဝံတထာ။ဤအတူ။ဇာတာနံ။ဖြစ်ကုန်ပြီးသော။မစ္စာနံ။သတ္တဝါတို့၏။
နိစ္စံ။အမြဲ၊မရဏတော။သေသောအားဖြင့်။ဘယံ၊ပျက်စီးခြင်းသည်။ဟော
တိ။ဖြစ်၏။ဟိ၊ထို့မှတပါး။ကုမ္ဘကာရဿ၊အိုးထိမ်းသည်သည်။ ကတာ။

ပြုအပ်ကုန်သော။သဗ္ဗေ။ခပ်သိမ်းကုန်သော။မတ္တိကဘာဇနာ။ မြေဒိုးမြေ
ခွက်တို့သည်။ ဘေဒနပရိယန္တာ။ပျက်စီးခြင်းလျှင် အဆုံးရှိကုန်သည်။
ပေါ န္တိ ယထာ။ဖြစ်ကုန်သကဲ့သို့။ဇီဝိတံထာ။ထိုအတူ။မစ္စာနံ။သတ္တဝါတို့
၏။ဇီဝိတံ။အသက်သည်။ဘေဒနပရိယန္တံ။ပျက်စီးခြင်းလျှင်အဆုံးရှိ၏။ယေ
စဒဟာရေ။အကြွင်ငယ်သောသူတို့သည်၎င်း။ယေစမဟန္တာ။အကြွင်ကြီး
ကုန်သောသူတို့သည်၎င်း။ယေစဗာလာ။ အကြွင်မိုက်သောသူတို့သည်
၎င်း။ယေစပဏ္ဍိတာ။အကြွင်ပညာရှိသောသူတို့သည်၎င်း။ သန္တိ။ရှိကုန်
၏။သဗ္ဗေ။ခပ်သိမ်းကုန်သောသူတို့သည်။ မစ္စုဝသံ၊ သေမင်း၏နိုင်ငံသို့။
ယန္တိ။သွားကြရကုန်၏။သဗ္ဗေ။ခပ်သိမ်းကုန်သောသူတို့သည်။ မစ္စုပရာ
ယနာ။သေခြင်းလျှင်လည်းလျောင်းရာရှိကုန်၏။မစ္စုပရေတာနံ။ သေခြင်း
သည်မပြတ်နှိပ်စက်အပ်ကုန်သော။ပရလောကဘောပရလောကံ။တမ
လွန်ဘဝသို့၊ဝါ။လောကသို့။ ဂစ္ဆတိဂစ္ဆန္တာနံ။ သွားကြကုန်သော။တေ
သံသတ္တာနံ။ထိုသတ္တဝါတို့အား။ပိတာ။ အဘသည်။ပုတ္တံ။သားကို။ နဘ
ယတော။သေဘေးမှမစောင့်ရှောက်နိုင်။ပန။ထိုမှတပါး။ ဉာဘိဝါ။ဆွေ
မျိုးသည်လည်း။ ဉာတကေ။ ဆွေမျိုးတို့ကို။ နဘယတော။သေဘေးမှမ
စောင့်ရှောက်နိုင်။ ။ပဿ။ရှုလော။ဉာတိနံ။ ဆွေမျိုးတို့သည်။ ပေက္ခ
တညေဝပေက္ခန္တာနံဧပေ၊ရှုကုန်စည်သင်လျှင်။ မစ္စာနံ၊သတ္တဝါတို့သည်။ပု
ထု။ရသ်မောပြောဆိုခြင်းဘည်းဟူသော များစွာသောစကားကို၊ လာ
လပ္ပိတံလာလပ္ပန္တာနံ။ပျော်ရွှင်စွာပြောဟောခေါ်ငင်ကြကုန်စဉ်။ ဂေါ
ဝဇ္ဈော၊နွားသတ်သောယောကျ်ားသည်၊ ဂေါဏံ၊သတ်အပ်သောနွားကို၊
နိယျဘိဿဝ။သတ်ရာအရပ်သို့ သူဆောင်သကဲ့သို့။ ဧကေမေကာဝ၊တ
ယောက်ယောက်သောသူကိုသာလျှင်။ မစ္စုနော၊ သေမင်းသည်။နိယျတိ၊
ဆောင်ယူ၍သွားအပ်၏။ ။ဇီဝံ။ဤသို့။မစ္စုနာစ။ သေခြင်းသည်၎င်း။ဇ
ရာယစ။အိုခြင်းသည်၎င်း၊လောကော။သတ္တလောကကို။ အဗ္ဘာမာဘော။
နှိပ်စက်ပျက်ဆီးအပ်၏။ ။ဤသို့လျှင်မရဏာနုဿတိဘာဝနာကိုပွါး
ရာပွားကြောင်းဖြစ်သော ဤသလ္လသုတ်ကို ဘုရားသခင် ဟောတော်မူ
သည်။ဤသုတ်ကိုကြားနာပြီး၍ဤသို့ဆိုသတ္တ သောနည်းဖြင့်အောက်မေ့
ဆင်ခြင်ရာသည်။ဆင်ခြင်ရာသည်ကား၊ဤလောကနိုက် ခိုးဓားကိုလိုသော
သူတို့သည်၊အချင်းချင်းဘိုင်ပင်နှီးနှော၍ ဥစ္စာရှင်၏အသိမခံစခြင်းဌာ။ ငါ
သည် မျက်ဖဲဒြဲဘ်ခြင်းမသောအနုအရာကိုပြုသောအခါ။ ဤမည်သော

ဥစ္စာကိုသင်ခိုးယူလေ ဟူ၍အမှတ်သညာကိုပြုသည်ရှိသော် ထိုသူသည်
နာယူဘိသကဲ့သို့။ ထို့အတူဤဇီဝိတသည်။ အမှတ်သညာပြု၍ သိစေ
သော်လည်းမနာမယူ။ငါသည်အမိကို လုပ်ကျွေးခြင်းအဘကိုလုပ်ကျွေး
ခြင်းအမှုကိုပြုရသေးသည်။ သင်ဇီဝိတသည်။ မပျက်မစီးလင့်ဦး။ဤသို့
ပြောဆိုတောင်းပန်သော်၎င်း။ ငါသည်ဤမည်သောစေတီအိမ်ဥပုသ်အိမ်
စသည်ကို ပြုလုပ်၍ ကိစ္စမပြီးသေး။ သင်ဇီဝိတသည် မပျက်မစီးလင့်
ဟူ၍ ပြောဆိုတောင်းပန်သော်၎င်း။ ငါသည် ပထမအရွယ် ဒုတိယအ
ရွယ်၌သာတည်လျက်ရှိသေးသည်။ တတိယအရွယ်စသည်မှ။ သင်ဇီဝိ
တသည်ပျက်စီးလိုလျှင်ပျက်စီးလေ ဟူ၍ပြောဆိုသော်၎င်း။အခွင့်ကိုမရ
ရာ·မျက်စိမှိတ်ခြင်းလည်ညိတ်ခြင်းစသည်တို့ဖြင့် အမှုအရာကိုပြုသော်
လည်း။မနာမယူ။တစုံတယောက်အဦးရသောသူမရှိ။ ။ထိုကြောင့်။ ။
မစ္စာနံဇီဝိတံအနိမိတ္တံဟူ၍ဟောတော်မူပေသည်။ ။ဤသို့လျှင်ဘုရား
သခင်၏ဂုဏ်တော်ကို အာရုံပြုလျက် မရဏံမေဘဝိဿတိ ဇီဝိတိန္ဒြိ
ယံဥပစ္ဆိဇ္ဇိဿတိ။ဟူ၍မရဏာနုဿတိတရားကို မမေ့မလျော့ပွါးများရာ
သည်။ထိုကြောင့်။ ။ယထာပိယဒါဟံ။အက္ခိဝါနိကုဉ္စိဿာမိစသည်
ဖြင့်ဤသလ္လသုတ်၏ အဖွင့်အဋ္ဌကထာနှင့်မိန့်ဆိုသည်။ ။ဟိတဗ္ဗာ
ကဒ္ဒကာရေမိ။ထိုစကားကိုထင်စွာပြဦးအံ့။ယဒါ။ အကြင်အခါနှိုက်။အ
ဟံ။ငါက။အက္ခိဝါ။ မျက်စိကိုမူလည်း။နိကုဉ္စိဿာမိ။ မှိတ်၍လိုက်အံ့။
ဘမုကံဝါ။ မျက်မှောင်ကိုမူလည်း။ဥက္ခိပိဿာမိ။ချီလိုက်အံ့။တဒါ။ ထို
မျက်စိမှိတ်သေးအခါ။မျက်မှောင်ချီသောအခါ၌။တေနနိမိတ္တေန။ ဤအ
မှတ်သညာဖြင့်။တံအယျာ ။ထိုသူတပါး၏ဥစ္စာကို။အဟရ။ခိုး၍သွါးလေ
လော။ဣတိအာဒိသု။ ဤသို့အစရှိသည်တို့၌ ကိရိယာကာရနိမိတ္တံ။မျက်
စိမှိတ်ခြင်းမျက်မှောင်ချီခြင်းစသောအမှုအရာကိုပြုခြင်းတည်းဟူသောအ
မှတ်သညာသည်။အတ္ထိယထာ။ရှိသကဲ့သို့။ဧဝံတထာ။ဤအတူ။ဇီဝိတေ။အ
သက်၌။ကိရိယာကာရနိမိတ္တံ ။မျက်စိမှိတ်ခြင်း မျက်မှောင်ချီခြင်းစသော
အမှုအရာကိုပြုခြင်းဖြင့်သင်ဇီဝိတသည် မပျက်စီးလင့်ဦးဟု အမှတ်သ
ညာကိုပြု၍နာယူခြင်းသည်။နတ္ထိ။မရှိ။ ဟိသစ္စံ ။မှန်၏။ယာဝ။ အကြင်မျှ
လောက်။အဟံ။ငါသည်။ဣဒံဝါ။ဤမည်သောအမှုကိုလည်း။ ကရောမိ။ပြု
သေး၏။ဝဇ။အချင်းဇီဝိတိန္ဒြေ။တွံ။သင်ဇီဝိတိန္ဒြေသည်။မာမရိ။မသေလင့်
ဦး။ဣတိ။ဤသို့။ ဝတ္တာ။ဆို၍။ဩကာသံ။အခွင့်ကို။လဒ္ဓုံ။ ရခြင်းငှါ။ န

သက္ကာ။မတတ်ကောင်း။ ။ငါ၏ဇီဝိတိန္ဒြေသည်စတုမဟာရာဇ်နတ် အစရှိသည်တို့၏ အသက်သည်အပိုင်းအခြားရှိသကဲ့သို့ အပိုင်းအခြား လည်းမရှိ။ဤလူတို့၏အသက်သည်။ ဤရွေ့ဤမျှကာလရောက်မှသာလျှင် ရတောကြကုန်သည် ။ဤမည်သောကာလအပိုင်းအခြားသို့မရောက်မီဂု တေသေါမည်သည်မရှိ။ဤသို့အပိုင်းအခြားလည်းမရှိ။ဤဇီဝိတ၏အပိုင်း အခြားကားမရှိ။မသိအပ်သောကာလရှိသည် ဖြစ်၍အမှတ်မရှိသောညဥ့် နေ့ကာလတို့၌ငါ၏ဇီဝိတိန္ဒြေသည်ချုပ်လတ္တံ့။ ထိုကြောင့်ဘုရားသခင် သည်။မဂ္ဂါနံဇီဝိတံအနညာတံဟူ၍ဟောတော်မူပေသည်။ ဤသို့နှလုံး ပိုက်၍မရဏံမေဘဝိဿတိဇီဝိတိန္ဒြိယံဥပစ္ဆိဇ္ဇိဿတိဟူ၍ဇီဝိတိန္ဒြိ ယုပစ္ဆေဒမရဏကို မရဏာနုဿတိဘာဝနာသို့ တင်ရှုဆင်ခြင်အပ် ၏။ ။ထိုကြောင့်။ ။အနညာတန္တိအဘောဝေနသက္ကာဓေကံသေနစ သည်ဖြင့်။ဤသလ္လသုတ်အဋ္ဌကထာ၌ဘွင့်ဆိုသည်။ အနညာတန္တိကား။ အဘောဝေ။ ထိုကြောင့်သာလျှင်။ဧကံသေန။စင်စစ်အားဖြင့်။ဉာကုံ။ သိ ခြင်းငှါ။နသက္ကာ။မတတ်ကောင်း ဧထိကံ။ဤမျှလောက်သော။ ကာလံ ဝါ။ အဒ္ဓါပတ်လုံးငင်း။ဧတ္တကံ။ ဤမျှလောက်သော ကာလံ ဝါ။ ကာလပတ်လုံး ငင်း။ဣရိယာ။ ဤဇီဝိတိန္ဒြေသည်။ဇီဝိတဗ္ဗံ။အသက်ရှည်အပ်၏။ဣတိ။ဤသို့။ ဂဏိယာ။သွားသောအားဖြင့်။အာယုပရိယန္တဝသေနဝါ။အသက်အပိုင်း အခြား၏အစွမ်းအားဖြင့်လည်း၊ ဉာတုံ။ သိခြင်းငှါ။နသက္ကာ။ မတတ် ကောင်း။ဟိသစ္စံ။မှန်၏။စတုမဟာရာဇိကာနံ။ စတုမဟာရာဇ်နတ်အစ ရှိသည်တို့၏။အာယု။အသက်သည်။ပရိမိတံယထာ။ အတိုင်းအရှည်ရှိသ ကဲ့သို့။တထာ၊ ထိုအတူ မဂ္ဂါနံ။ လူဖြစ်သောသတ္တဝါတို့၏။အာယု။ အ သက်သည်။ပရိမိတံ။ အတိုင်းအရှည်ရှိသည်။ နဟောတိ။မဖြစ်။ ဧဝံပိ။ ဤသို့လည်း။ ဧကံသေန။ စင်စစ်အားဖြင့်။ အနညာတံ။မသိအပ်။ ။ ငါ၏ဇီဝိတိန္ဒြေသည် များစွာသောအကြောင်းတရားတို့နှင့်စပ်ယှဉ်၍ဖြစ် လေရကား။ဆင်းရဲငြိုငြင်စွာဖြစ်၏။ ချမ်းသာခြင်းမှာဘခြင်းလည်းမရှိ။ဤ ဇီဝိတိန္ဒြေသည် ထွက်သက်ဝင်သက်တို့ကိုအမှီအခိုပြု၍ တည်လေရ ကား။ထွက်သက်ချုပ်သော်ငင်း။ ဝင်သက်ချုပ်သော်ငင်း။ ဤဇီဝိတိန္ဒြေ သည်မကြွင်းမကျန်ထွက်သက်ဝင်သက်တို့နှင့်တကွချုပ်ခြင်းသို့ရောက် သည်သာတည်း။ထို့မှတပါးလည်းဤဇီဝိတိန္ဒြေသည် ပထဝီဓာတ်အာ ပေါဓာတ်တေဇောဓာတ်ဝါယောဓာတ်တို့နှင့်စပ်၍တည်လေရကား။ထို

လေးပါးသောဓာတ်တို့သည် ပျက်လတ်သည်ရှိသော် ဇီဝိတိန္ဒြေလည်း ပျက်သည်သာဖြစ်သည်။ ထိုသို့ဓာတ်လေးပါးကိုမှီ၍ဖြင်ရာနှက်။ ထိုဓာတ်လေးပါးသည်။ ကဌမှခမြွေ။ ပုတိမှခမြွေ။ အဂ္ဂိမှခမြွေ။ သဋ္ဌမှခမြွေလေးစင်းတို့နှင့်တူသည်ဖြစ်၍။ ပြည့်ရှင်မင်း၏မြွေလေးစင်းတို့ကို စောင့်ရှောက်လုပ်ကျွေးရသောယောကျ်ားကဲ့သို့။ ဓါတ်လေးပါး၏အကြား၌ဇီဝိတိန္ဒြေသည်ကြီးပွါးရသည်။ ဓာတ်လေးပါးတို့တွင်ကဌမှခမြွေနှင့်တူသောပထဝီဓာတ်သည်ဘောက်ပြန်သည်ဖြစ်၍။ ကိုယ်လုံးခက်မာသောရောဂါဖြင့်လည်း။ ဤဇီဝိတိန္ဒြေသည် ချုပ်တတ်ပျောက်တတ်သည်။ ပုတိမှခမြွေနှင့်တူသောအာပေါဓာတ်ပျက်စီး၍ ဝမ်းသွေးသွန်ခြင်းစသောရောဂါတို့ကြောင့်လည်း။ ဇီဝိတိန္ဒြေပျက်စီးတတ်သည်။ အဂ္ဂိမှခမြွေနှင့်တူသောတေဇောဓာတ်ပျက်စီး၍လည်း အလွန်ပူသောရောဂါအလွန်အေးသောရောဂါတို့ဖြင့်လည်း ဤဇီဝိတိန္ဒြေသည် ချုပ်တတ်ပျက်တတ်သည်။ သဋ္ဌမှခမြွေနှင့်တူသောဝါယောဓာတ်ပျက်၍လည်း အထက်သို့ဆန်ခြင်းအောက်သို့ ရုံခြင်း အကြောအခြင်ကို ဖြတ်ခြင်း စသည်ကိုပြုတတ်သော သတ္တကလေတို့ဖြင့်လည်း။ ဇီဝိတိန္ဒြေသည်ချုပ်တတ်ပျောက်တတ်သည်။ ဤဇီဝိတိန္ဒြေကားပြင်းသောထက်သောအဆိပ်ရှိသောမြွေလေးစင်းနှင့်တူသောဓါတ်လေးပါးတို့၏အကြား၌ကြီးပွါးခြင်းကြည့်လည်ရသည်သာဖြစ်သည်။ ထိုမှတပါးလည်း။ ဤဇီဝိတိန္ဒြေသည် ဗဟိဒ္ဓဖြစ်သောထမင်းခဲဘွယ်အစရှိသော ကဗဠီကာရအာဟာရကို အံပေါင်းအဘော်ပြု၍ တည်ရသည်သာဖြစ်သည်။ ကဗဠီကာရအာဟာရကိုမရသည်ရှိသော်။ ဤဇီဝိတိန္ဒြေသည်မတည်မူ၍ ပျက်စီးဘောက်ပြန်ခြင်းသို့သာရောက်သည်။ ထိုမှတပါးလည်း။ စားအပ်သောက်အပ်ခဲအပ်လျက်အပ်သောအစာအာဟာရတို့ကိုချက်ပြုတ်တတ်ကြေစေတတ်သောပါစကတေဇောဓာတ်သည် ပျက်ခဲ့သော်၎င်း။ ကောင်းစွာမချက်မပြုတ်သော်၎င်း။ အစာမကျေသောရောဂါဖြင့်ဤဇီဝိတိန္ဒြေသည်ချုပ်တတ်ပျောက်တတ်သည်။ ထိုမှတပါးလည်း ဤဇီဝိတိန္ဒြေသည်ဝိညာဏ်ကိုမှီ၍ဖြစ်လေရကား။ အိုင်ငယ်ချောင်းငယ်၌ဖြစ်ပွါးသောငါးသည်။ ရေခမ်းခြောက်သဖြင့်ပျက်စီးခြင်းသို့ရောက်သကဲ့သို့၎င်း။ အိုင်ငယ်အင်းငယ်၌ပေါက်ရောက်သော ဟင်းရမ်းခတော်များကံလှေကူးကြာအစရှိသည်တို့သည်။ ရေခမ်းခြောက်သဖြင့်ပျောက်ပျက်ကုန်သကဲ့သို့၎င်း။ ဤဇီဝိတိန္ဒြေသည် ဝိညာဏ်ချုပ်သည်ရှိသော်

ပျက်စီးသည်သာလျှင်တည်း။ဤသို့ဆင်ခြင်လျက်ငါ၏ဇိဝိတိန္ဒြေသည် ထွက်သက်ဝင်သက်ခေတ်လေးပါး။ ကဗဠီကာရ အာဟာရ တေဇော ခေတ်ဝိညာဏ်လျှင်အဘော်သဟဲရှိသည်ဖြစ်၍။ ထိုတရားတို့သည်ပျက် ပျားကွဲပြိုသည်ရှိသော်။ဤဇိဝိတိန္ဒြေသည် ချုပ်ခြင်းကုန်ခြင်းသို့ရောက် လတံ့။ ဤဇိဝိတိန္ဒြေသည်ကား ဆင်းရဲငြိုငြင်စွ ဖြစ်၏။ ။ထိုကြောင့် ဘုရားသခင်သည်။ ။မစ္စာနံဇိဝိတံကာသိရဥ္စ။ဟူ၍ဟောတော်မူသည်။ ဤသို့နှလုံးပိုက်လျက် ဇိဝိတိန္ဒြိယုပစ္ဆေဒမရဏကို အာရုံပြု၍။ မရ ဏံမေဘဝိဿတိ ဇိဝိတိန္ဒြိယံဥပစ္ဆိဇ္ဇိဿတိ ဟူ၍မရဏာနုဿတိ တရားကိုပွါးများရာသည်။ ။ထိုကြောင့်ဤသလ္လသုတ်၏အဘွင့် အဋ္ဌ ကထာနှိက်။ ။ကာသိရဉ္စာဖိအနေကပစ္စယပဋိဗဒ္ဓဝုတ္တိဘာဝတောကိစ္ဆ စသည်ဖြင့်ဘွင့်ဆိုသည်။ ။သိရဉ္စ။ဟူသည်ကား။ ဇီဝိတသာ။ဇီဝိ တ၏။ အနေကပစ္စယပဋိဗဒ္ဓဝုတ္တိဘာဝတော။ များစွာသောအကြောင်း တို့နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ကိစ္ဆံ။ ဆင်းရဲငြိုငြင်စွာ ဖြစ်၏။သုခယာပနီယံ၊ချမ်းသာစွာမျှခြင်းရှိသည်။နဟောတိ။မဖြစ်။တထါ တံဝစနံ။ထိုစကားသည်။ဟိဿစ္စ။မှန်၏။ဘ်ံ။ထိုဇိဝိတိန္ဒြေသည်။အဿာ သပဋိဗဒ္ဓဥ္စ။ထွက်သက်နှင့်စပ်သည်လည်း။ ဟောတိ ဖြစ်၏။ ပဿာသ ပဋိဗဒ္ဓဥ္စ ဝင်သက်နှင့်စပ်သည်လည်း။ ဟောတိ။ဖြစ်၏။ မဟာဘူတပဋိ ဗဒ္ဓဥ္စ၊ မဟာဘုတ်လေးပါးနှင့်စပ်သည်လည်း။ ဟောတိ။ဖြစ်၏။ ကဗဠီ ကာရအာဟာရပဋိဗဒ္ဓဥ္စ။ ထမင်းခဲဘွယ်အစရှိသော ကဗဠီကာရအာ ဟာရနှင့်စပ်သည်လည်း၊ဟောတိ။ဖြစ်၏။ ဥသ္မာပဋိဗဒ္ဓဥ္စ။ ပါစကတေ ဇောခေတ်နှင့်စပ်သည်လည်း။ဟောတိ။ဖြစ်၏။ဝိညာဏပဋိဗဒ္ဓဥ္စ။ ဝိညာဏ် နှင့်စပ်သည်လည်း၊ ဟောတိ။ဖြစ်၏။ ဟိဿစ္စ။မှန်၏။ အနဿာသန္တောဝိ။ ထွက်သက်ကိုမဖြစ်သော်လည်း။ နဇီဝတိ။အသက်မရှည်။ အပဿာ သန္တောပိ၊ ဝင်သက်ကိုမဖြစ်စေရသော်လည်း။ ဝါ၊ဝင်သက်ချုပ်သော် လည်း။နဇီဝတိ။အသက်မရှည်။ စတ္တာရော။လေးပါးကုန်သော။ ဓာတုသုပိ။ ခေတ်တို့တွင်လည်း။ ကဋ္ဌမုခါဒိအာသိဝိသေဒဋ္ဌော ဝိယ၊ ကဋ္ဌမုခအစရှိ သောမြွေသည်ခဲအပ်သကဲ့သို့၊ကာယော၊ကိုယ်သည်။တာဝ။ ရှေးဦးစွာ။ ပထဝီဓါတုပ္ပကောပေန၊ပထဝီဓါတ်၏ပျက်စီးခြင်းကြောင့်။ထဒ္ဓေါ။ကျက် မာသည်။ ဟောတိ။ဖြစ်၏။ကာလိက်ရသဒိသော။ ဖွဲ့ထင်းတုံးနှင့်တူသည်။ ဟောတိ။ဖြစ်၏။မယာ။ငါသည်၊ဝုတ္တသာ။ဆိုအပ်သောစကား၏။ သာဓ

ကံ။သက်သေဖြစ်သော။ယထာကိံ ဝစနံ။အဘယ်သို့သောစကားကို။အာစရိယော။အဋ္ဌကထာဆရာသည်။အာဟ။ဆိုသနည်း။ ပဏ္ဍုဒ္ဒေါဘဝတိ။လ။ မုခေဝသောတ်မုခေဝသောဟူ၍။အာဟ။ဆို၏။ကဋ္ဌမုခေနဝါ၊ကဋ္ဌမုခမြွေသည်လည်း။ဒဋ္ဌော။ကိုက်အပ်သေ၊။ကာယော။ကိုယ်သည်။ပဏ္ဍုဒ္ဒေါ။ခက်မာသည်။ဘဝတိ။ဖြစ်၏။ပထဝိဓာတုကော၊ပေန၊ပထဝိဓာတ်၏ပျက်စီးခြင်းကြောင့်။ကဋ္ဌမုခေဝ။ကဋ္ဌမုခမြွေ၏ခဲခြင်းကဲ့သို့။သေါကါယေါ။ထိုကိုယ်သည်။ပဏ္ဍုဒ္ဒေါ။ခက်မာသည်။ဟောတိ။ဖြစ်၏။ ။အာပေါဓာတုပ္ပကောပေန။အာပေါဓာတ်၏ ပျက်စီးခြင်းကြောင့်။ ပုတိဘာဝံ။ကိုယ်အလုံးပုပ်သည်၏အဖြစ်သို့။အာပဇ္ဇတွာ။ရောက်၍။ပဿရိတပုဗ္ဗမံသလောဟိတော။ယိုကျသောပြည်အသားအသွေးရှိသည်။ဟုတွာ၊ဖြစ်၍။အဗ္ဘိစမ္မာဝသေသောဝ။အရိုးအရေမျှကြွင်းသည်သာလျှင်။ဟောတိ။ဖြစ်၏။ ။မယာ။ငါသည်။ဝုတ္တံ ယထာ။ဆိုအပ်သကဲ့သို့။တထာ။ထိုအတူ။ အာစရိယေဟိ။အဋ္ဌကထာဆရာအပေါင်းသည်လည်း။ ။ပုတိတောဘဝတိကာယော။ လ။မုခေဝသောတိ။မုခေဝဟူ၍။အာဟ။ဆိုကြ၏။ ။ပုတိမုခေနဝါ၊ပုတိမုခမည်သောမြွေသည်လည်း။ ဒဋ္ဌော။ကိုက်အပ်သော။ ကာယော။ ကိုယ်သည်။ ပုတိကော။ပုပ်သည်။ ဘဝတိ။ဖြစ်၏။ အာပေါဓာတုကောပေန။အာပေါဓာတ်၏ပျက်စီးခြင်းကြောင့်။ပုတိမုခေဝ။ပုတိမုခမြွေ၏ခဲခြင်းကဲ့သို့။သောကာယော။ထိုကိုယ်သည်။ပုတိ။ပုပ်သည်။ဟောတိ၊ဖြစ်၏။ ။တေဇောဓာတုပ္ပကောပေန။တေဇောဓာတ်၏ပျက်စီးခြင်းကြောင့်။ အင်္ဂါရကာသုံယံ။မီးကျီးရဲ၌။ ပက္ခိတ္တော။ချအပ်သောသူသည်။ သမန္တာ။ထက်ဝန်းကျင်မှ။ပရိဒယှတိဝိယ။ပူလောင်သကဲ့သို့၊ပရိဒယှတိ၊ပူလောင်၏။ယထာဝါယေနအါကာရေန။အကြင်သို့သောအခြင်းအရာဖြင့်။ဒယှတိ။ပူလောင်၏။တထာတေနအာကာရေန။ထိုသို့သောအခြင်းအရာဖြင့်။ ။သန္တတ္တော ဘဝတိကာလော။လ။မုခေဝသောတိ။မုခေဝသောဟူ၍။အာဟ။အဋ္ဌကထာမှန့်ဆို၏။ ။အဂ္ဂိမုခေနဝါ၊အဂ္ဂိမုခမြွေသည်လည်း။ဒဋ္ဌော။ခဲအပ်သော။ ကာယော။ ကိုယ်သည်။သန္တတ္တော။ ပူလောင်သည်။ဘဝတိ။ ဖြစ်၏။တေဇောဓာတုပ္ပကောပေန။တေဇောဓာတ်၏ပျက်စီးခြင်းကြောင့်။ အဂ္ဂိမုခေဝ။အဂ္ဂိမုခမြွေ၏ခဲခြင်းကဲ့သို့။သောကာယော။ထိုကိုယ်သည်။သန္တတ္တော။ပူလောင်သည်။ဟောတိ။ဖြစ်၏။ ။ဝါယောဓာတုပ္ပကောပေန။ဝါယောဓာတ်၏ပျက်စီးခြင်းကြောင့်။သဉ္ဆိန္နဗန္ဓနော။သန္ဓိဗန္ဓနောဝိယ။ပျက်စီးသေါ

အစင်အဖွဲ့ ရှိသည်ကဲ့သို့ရင်း။ပါသာဏောဟိ။ကျောက်တို့ဖြင့်။ကောဋ္ဋေ
တွာ။ ကြိတ်နှိပ်၍။ သံဃာ့ဋ္ဌိယံပါနမ္ဗိကောဝိယစ။ မှုံ့မှုံ့ ညက်ညက်
ပြုအပ်သောအရိုးရှိသကဲ့သို့ရင်း။ဟောတိ။ဖြစ်၏။ယထာဟ။တပါးသော
ဆရာတို့အဘယ်သို့ဆိုသနည်းဟူမူကား။ ၊အဿိဋ္ဌေဟပတ္တိကာဇ်ယော
လ။ သတ္တမုခေဝသောတိ။မုခေဝသောဟူ၍။အာဟ။ဆို၏၊ သတ္တမုခေန
ဝါ။ သတ္တမုခဖြေသည်လည်း။ဒဋ္ဌော။ ကိုက်အပ်သော။ကာယော။ ကိုယ်
သည်။သတ္တိဋ္ဌေ။အထုံးထုံးပြတ်သည်။ဘဝတိ။ဖြစ်၏။ဝါယောဝါတုဝိပ္ပ
ကောပေန။ဝါယောဝါတ်၏ပျက်စီးခြင်းကြောင့်။သတ္တမုခေန။သတ္တမုခဖြေ
သည်ကိုက်အပ်သကဲ့သို့။ သောကာယော။ထိုကိုယ်သည်။သတ္တိဋ္ဌေ။အ
ထုံးအထုံးပြတ်သည်။ဟောတိ။ဖြစ်၏။ ။ဓာတုကောပဇ္ဈာပန္နကာယောပိ။
ဓာတ်ခြောက်ခြင်းကြောင့် ပျက်စီးသောကိုယ်ရှိသော သူသည်လည်း။န
ဇ္ဇဝတိ။အသက်မရှင်။ယဒါပန။အကြင်အခါ၌ကား။တာဓာတုယော။ထို
လေးပါးသောဓာတ်တို့သည်။အညမညံ့အညောအညသ။ တပါးသည်
တပါး၏။ ပတိဋ္ဌာနာဒိကိစ္စ။တည်ရာအစရှိသောကိစ္စကို။ သာဓေန္တော၊
ပြီးစေကုန်လျက်။သမံ၊အညီအညွတ်၊ဝါ၊ကောင်းစွာ၊ ပဟန္တိ။အစွမ်းသော
ကို။ ဆောင်ရွက်ကြကုန်၏။ တဒါ။ထိုသို့မဟာဘုတ် လေးပါးတို့၏ညီ
ညွတ်စွာအစွမ်းသောကိုဆောင်ကြသောအခါနက်။ဇီဝိတံ။အသက်သည်။
ပဝတ္တတိ။ကောင်းစွာဖြစ်၍တည်၏ ။ဧဝံ။ဤသို့၊ဇီဝိတံ။ အသက်သည်။မ
ဟာဘူတပဋိဗဒ္ဓံ။ မဟာဘုတ်နှင့်စပ်ခြင်းရှိသည်လည်း။ဟောတိ။ ဖြစ်
၏။ဒုဗ္ဘိက္ခာဒိသုပန။ထမင်းမွတ်သောအခါအစရှိသည်တို့၌ကား။ အာယု
ပစ္ဆေဒေန။အာဟာရ၏ပြတ်ခြင်းကြောင့်။သတ္တာနံ။သတ္တဝါတို့အား။ဇီဝိ
တက္ခယော။အသက်၏ကုန်ခြင်းသည်။ပါကဋော၊ဝါ၊ထင်ရှားသည်သာလျှင်
တည်း။ဧဝံ။ဤသို့။ဇီဝိတံ။အသက်သည်။ကဗဠီကာရအာဟာရပဋိဗဒ္ဓံ။
ကဗဠီကာရ အာဟာရနှင့်စပ်ခြင်းရှိသည်လည်း။ ဟောတိ။ဖြစ်၏။ တ
ထာ။ထိုအတူ။အသိတပိတာဒိပဋိပါကေ၊စားအပ်သောအာဟာရအစရှိ
သည်ကိုချက်တတ်သော။ ကမ္မဇတေဇေ၊ကမ္မဇတေဇောဓာတ်သည်။ ဒိ
ဿော။ကုန်သည်ရှိသော်။သတ္တာ။သတ္တဝါတို့သည်။ဇီဝိတက္ခယံ။ အသက်၏
ကုန်ခြင်းသို့။ ပါပုဏန္တိ။ရောက်ကုန်သည်ဖြစ်၍လည်း။ ပါကဋာဧဝ။
ထင်ရှားကုန်သည်သာလျှင်တည်း။ဧဝံ။ဤသို့ ဇီဝိတံ။အသက်သည်။ဥဏှော
ဗဒ္ဓံ။ တေဇောဓာတ်နှင့်စပ်ခြင်းရှိသည်လည်း။ ဟောတိ။ဖြစ်၏။ ဝိညာ

သော။ဝိညာဏ်သည်။ နိရုဒ္ဓေပနာ။ချုပ်လတ်သော်ကား။ နိရုဒ္ဓေ ကဝင်က
သတ္တာနံ။ချုပ်ငတ်သောသဘော၌သေသော သတ္တဝါတို့၏။ဇီဝိတံ။ အသက်
သည်။နပဟာတိ။မဖြစ်။ဏ္ဍတိဌေဝမ္ပို။ဤသို့လည်း။လောကေ။ လောက၌။ပါ
ကဋမေဝ။ ထင်းရှားသည်သာလျှင်တည်း။ ဧဝံ။ဤသို့။ဇီဝိတံ။ အသက်
သည်။ ဝိညာဏပဋိဗဒ္ဓံ။ ဝိညာဏ်နှင့် စပ်ခြင်းရှိသည်လည်း ဟော
တိ။ ဖြစ်၏။ဧဝံ။ဤသို့။ အနေက ပစ္စယပဋိဗဒ္ဓဝုတ္တိ ဘာဝတော။ များ
စွာသော အကြောင်းတို့နှင့် စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။
ကာသိရေန္တိ။ဆင်းရဲငြိုငြင်စွာဖြစ်၏ဟူ၍။ ဝေဒိတဗ္ဗံ။သိအပ်၏။ ။
ဤနည်းအတူဝိသုဒ္ဓိမဂ်၌လည်း။ ။တထာဟိသတ္တာနံ။ဇီဝိတအ
ဿာသပဿာသူပနိဗန္ဓဉ္စေဝ။ စသည်ဖြင့်မိန့်တော်မူသည်။ ။တ
ထာဟိတတော၀ေ။ထိုကြောင့်သါလျှင်။သတ္တာနံ။ သတ္တဝါတို့၏။ဇီဝိတံ။
အသက်သည်။အဿာသပဿာသူပနိဗန္ဓဉ္စေဝ။ ထွက်သက်ဝင်သက်နှင့်
စပ်သည်လည်း။ဟောတိ။ဖြစ်၏။ဣရိယာပထူပနိဗန္ဓဉ္စ။ဣရိယာပုတ်နှင့်စပ်
သည်လည်း။ဟောတိ။ဖြစ်၏။သီတုဏှူပနိဗန္ဓဉ္စ။သီတဥတုဥဏှဥတုနှင့်စပ်
သည်လည်း။ဟောတိ။ဖြစ်၏။မဟာဘူတူပနိဗန္ဓဉ္စ။မဟာဘုတ်နှင့်စပ်သည်
လည်း။ဟောတိ။ဖြစ်၏။အာဟာရူပနိဗန္ဓဉ္စ။အါဟာရနှင့်စပ်သည်လည်း။
ဟောတိ။ဖြစ်၏။တဒေတံဇီဝိတံ။ထိုဇီဝိတ်ခြေသည်။အဿာသပဿာ
သာနံ။ထွက်သက်ဝင်သက်တို့၏။သမဝုတ္တိတံ။ အညီအညွတ်ဖြစ်သည်၏
အဖြစ်ကို။လဘမာနမေဝ။ရမှသာလျှင်။ပဝတ္တတိ။ကောင်းစွာဖြစ်၍တည်
၏။ပန။ထိုသို့မဟုတ်။ဗဟိ။အပသို့။နိက္ခန္တနာသိကဝါတေ။ထွက်သောနှာ
ခေါင်းလေသည်။အန္တော။အတွင်းသို့။ အပ္ပဝိသန္တေဝါ။မဝင်သော်ငြင်း။ပ
ဝိဋ္ဌေ။အတွင်းသို့ငင်ပြီးသောနှာခေါင်းလေသည်။အနိက္ခန္တေဝါ။ပြင်သို့မ
ထွက်သော်ငြင်း။မတောနာမ။ သေသည်မည်သည်။ ဟောတိ။ ဖြစ်၏။စ
တုန္နံ။လေးပါးကုန်သော။ဣရိယာပထာနမ္ပိ။ဣရိယာပုတ်တို့၏လည်း။ သမ
ဝုတ္တိတံ။အညီအညွတ်ကောင်းစွာဖြစ်သည်၏အဖြစ်ကို။လဘမာနမေဝ။
ရမှသာလျှင်။တဒေတံဇီဝိတံ၊ထိုဇီဝိတ်ခြေသည်။ ပဝတ္တတိ။ ကောင်း
စွာဖြစ်၏။ပန။ထိုသို့မဟုတ်။ အညတရညတရဿ။ တပါးပါးသောဣရိ
ယာပုတ်၏။အဓိမတ္တတာယ။လွန်သည်၏အဖြစ်ကြောင့်။အာယုသင်္ခါရာ
အာယုသင်္ခါရတို့သည်။ဥပစ္ဆိဇ္ဇန္တိ၊ပြတ်ကုန်၏။ သီတုဏှာနမ္ပိ။ သီတဥ
တုဥဏှဥတုတို့၏လည်း၊တပဝုတ္တိတံ။ အညီအညွတ်ကောင်းစွာဖြစ်သည်

၏အဖြစ်ကို၊လာဘမာနမေဝ။ရမှသာလျှင်။ တဒေတံဇီဝိတံ။ထိုဇီဝိတ
သည်။ပဝတ္တတိ။ဖြစ်၏။ပန။ထိုသို့မဟုတ်။ အဝင်သိတေနဝါ။ အလွန်ဇေ
သောဘောဇာဓါတ်သည်၎င်း။အဘိဥဏှေနဝါ။အလွန်ပူသောတေဇော
ဓါတ်သည်၎င်း။အဘိဘူတဿ။ နှိပ်စက်သောသတ္တဝါအား။ ဝိပဇ္ဇတိ။
ပျက်စီး၏။မဟာဘူတာနမ္ပိ။မဟာဘုတ်တို့၏လည်း။သမဝတ္တိတံ။အညီအ
ညွတ်ကောင်းစွာဖြစ်သည်၏အဖြစ်ကို။လာဘမာနမေဝ။ ရမှသာလျှင်။တ
ဒေတံဇီဝိတံ။ထိုဇီဝိတိန္ဒြေသည်။ပဝတ္တတိ။ ကောင်းစွာဖြစ်၏။ ပန။ထို
သို့မဟုတ်။ပထဝီဓာတုယာဝါ၊ပထဝီဓာတ်၏၎င်း။အာပေါဓာတုအာဒိနံ။
အာပေါဓာတ်အစရှိသည်တို့တွင်။အညတရညတရဿဝါ။အမှတ်မရှိ
သောဓာတ်၏၎င်း။ ကောပေန၊ပျက်စီးခြင်းကြောင့်။ဗလသမ္ပန္နော။ အားအ
စွမ်းနှင့်ပြည့်စုံသော။ပုဂ္ဂလောပိ။ ပုဂ္ဂိုလ်သည်လည်း။ ပတ္ထဒ္ဓကာယော။
ခက်မာသောကိုယ်ရှိသည်။ဟုတ္တွာဝါ။ဖြစ်၍၎င်း။ အတိသာရာဒိဝသေန။
ဝမ်းသွေးသွန်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့်။ ကိလိန္နပုတိကာယော။
ဖြစ်နွမ်းသောပုပ်သောကိုယ်ရှိသည်၊ဟုတွာဝါ။ ဖြစ်၍၎င်း။မဟာဒါဟ
ပရေတော။ပြင်းစွာသောအပူသည်နှိပ်စက်အပ်သည်။ဟုတွာဝါ။ ဖြစ်၍
၎င်း။သဉ္ဆိန္နဗ္ဗန္ဓိဗန္ဓနော။ ကျဲပြိုသောအဆင်အဖွဲ့ရှိသည်။ ဟုတွာဝါ။
ဖြစ်၍၎င်း။ဇီဝိတက္ခယံ။အသက်၏ကုန်ခြင်းသို့။ပါပုဏာတိ။ ရောက်၏။
ကဗဠီကာရာဟာရမ္ပိ။ကဗဠီကာရအာဟာရကိုလည်း။ ယုတ္တကာလေ။
သင့်တင့်သောအခါ၌။လဘန္တဿေဝ။ ရသောသူအားသာလျှင်။ ဇီဝိတံ။
အသက်သည်၊ပဝတ္တတိ။ဖြစ်၏။ပန။ထိုသို့မဟုတ်၊အာဟာရံ။အာဟာရ
ကို၊အလဘမာနဿ။မရသောသူအား။ပရိက္ခယံ။အသက်၏ကုန်ခြင်းသို့။
ဂစ္ဆတိ။ရောက်ရ၏။ ၊မဟာနိဒ္ဒေသပါဠိ၌ ရာသုတ်၌လည်း၊ဤနည်းအတူ
ပင်ဟောတော်မူသည်၊ ။ဤသို့လျှင်ပါဠိအဋ္ဌကထာတို့၌ဖွင့်ဆိုရကား။
ဤဇီဝိတသည် များသောဘေးရန်ရှိသည်သာတည်းဟူ၍ မမေ့မလျော့
အောက်မေ့ဆင်ခြင်ရာသည်။ ။လူတို့၏ဇီဝိတိန္ဒြေသည်နတ်တို့၏အသက်
ကိုထောက်ထား၍အလွန်လျှင်တိုသောကာလရှိသည်ဖြစ်၍။မြက်ဖျား၌ကပ်
ငြိသောနှင်းပေါက်၏နေရောင်ကြောင့်ခြင်းဖြင့် ပျက်စီးလွယ်သည်နှင့်တူ
သည်သာတည်း။ထိုကြောင့်ဘုရားသခင်သည်။ ။မစ္စာနံဇီဝိတံပရိတ္တံ။
ဟူ၍ဟောတော်မူပေသတည်း။ ဝိတ္ထာရကထာအားဖြင့်လည်း၊ဥပါဒ်၌ဘင်
အားဖြင့်သာတည်ခြင်းရှိသည်ဖြစ်၍အလွန်နည်းသောကာလရှိ၏ အသက်

တရာကြာမြင့်စွာတည်သောသတ္တဝါပင်ဖြစ်လင့်ကစား။ပစ္စုပ္ပန်ဖြစ်သောခဏတ္တယအားဖြင့်သာ ဤဇီဝိတိန္ဒြေတည်တံ့သည်သာဖြစ်သည်။ ။ထိုကြောင့်လည်းဘုရားသခင်သည်။ ။မနုဿာနံ ဇီဝိတံပရိတ္တံ ဒ္ဓ။ဟူ၍ဟောတော်မူပေသည်။ ။ဤသို့နည်းစွာဖြစ်သောအခြင်းအရာကို၊ရေးသွားသောဥပမာဖြင့်ဘာဝနာဉာဏ်ကိုအားရှိအောင်ပြုရာ၏။ပြုရာသည်ကား။ ငါသည်သုံးတိုင်မျှလောက်ကွာဝေးသောရေးကိုသွားသောအခါ ပထမတာတိုင်အရပ်၏အတွင်းသွားလာစည်၊ဒုတိယံတာတိုင်၏ အတွင်းတတိယတာတိုင်၏အတွင်းနှင့်။ငါ၏အတ္တဘောသည်မရှိသေးဒုတိယဘာတိုင်၏အတွင်းသို့ရောက်သောအခါနှင့်လည်း။ငါ၏အတ္တဘောသည် ပထမတာတိုင်၏အတွင်းနှင့်မကြွင်းမကျန်ရစ်၊တတိယတာတိုင်၏အတွင်းနှင့်လည်းမရှိသေး။ ထိုအတူပထမတာတိုင်၏အတွင်း လေးတာငါးတာသို့ရောက်သောအခါငါ၏အတ္တဘောသည်။ပထမတာ။ဒုတိယတာ။ တတိယတာတို့နှင့်မရှိရစ်သည်သာတည်း။ ခုနစ်ခုမြောက်သောတာ ရှစ်ခုမြောက်သောတာတို့နှင့်လည်း။ ငါ၏အတ္တဘောသည်မရှိသေး။စင်စစ်သော်ကား။သွားသောရေးအစည်နှင့်။ငါ၏အတ္တဘောသည် တတောင်ခန့်အရပ်တတောင်ခန့်အရပ်နှင့်သာတည်၍ လိုရာအရပ်သို့ သွားလာသည်။ဤအတူအတ္တဘောနှင့်ရှိသောဇီဝိတိန္ဒြေသည်လည်း။ ပထမအရွယ်နှင့်ရှိသောဇီဝိတိန္ဒြေသည်။ပထမအရွယ်နှင့်သာရှိသည်။ဒုတိယအရွယ်တတိယအရွယ်တို့နှင့်မရှိသေး။ဒုတိယအရွယ်သို့ ရောက်သောဇီဝိတိန္ဒြေသည်ဒုတိယအရွယ်နှင့်သာရှိသည်။ ပထမအရွယ်နှင့် ရှိရစ်သည်မဟုတ်တတိယ အရွယ်နှင့်လည်းမရှိသေး။ ဤအတူ။ နှစ်လရက်နာရီတို့နှင့်လည်းရောက်ဆဲဖြစ်သောနာရီနှင့်သာငါ၏ဇီဝိတိန္ဒြေတည်သည်။လွန်လေပြီးသောနာရီတို့နှင့်မကြွင်းမကျန်ရစ်။လာလတ္တံ့သောနာရီတို့နှင့်လည်းမရှိသေး။စင်စစ်သော်ကား။ခဏတ္တယသို့ရောက်၍ရောက်၍ကုန်ပျောက်ကြကုန်သည်။ဤဇီဝိတိန္ဒြေသည်အလွန်အသက်ရှည်သောသတ္တဝါဖြစ်သော်ငြား။အလွန်အတ္တဘောကြီးသော သတ္တဝါဖြစ်သော်ငြား။ငယ်ခြင်းကြီးခြင်း။ရှည်ခြင်းတိုခြင်းလည်းမရှိ။ ဤဇီဝိတိန္ဒြေသည်သတ္တဝါတို့သန္တာန်နှင့်။ နှစ်ခုသုံးခုစသည်ပြိုင်၍လည်းမဖြစ်။ တပါးတပါးစီသာဖြစ်သည်။ ထိုသို့ဖြစ်ရာ၌လည်း။ ကြာမြင့်စွာမတည်။ ဥပါဒ်ဌီဘင်အားဖြင့်သာတည်၍ပျက်သည်။ဤဇီဝိတိန္ဒြေသည်နှစ်ခုသုံးခု

စသည်ဖြစ်လေမူကား တခုသောဇီဝိတိန္ဒြေသည်ပင် ချုပ်ပျောက်သော်လည်း။ကြွင်းသော ဇီဝိတိန္ဒြေတို့ဖြင့်ဤ အတ္တဘောသည် မပျက်စီးရာ။ ဤဇီဝိတိန္ဒြေသည်ကားနည်းစွာတိုစွာသောကာလရှိသည်သာဖြစ်သည်။ ထိုကြောင့်ဘုရားသခင်သည်။ ။မစ္စာနံဝိဇီတံပရိတ္တဉ္စ။ဟူ၍ဟောတော်မူပေသည်။ ။ဤငါတို့ဇီဝိတသည်။အနာဂါတ်ဇီဝိတိန္ဒြေသည်မလာမရောက်မူ၍။ ပစ္စုပ္ပန်ဖြစ်သောဇီဝိတိန္ဒြေ၏ဖြတ်စဲ၍ခဏ္ဍသည် ပျက်စီးလတ္တံ့နည်း။မချွတ်လျှင်ပျက်စီးလတ္တံ့။ ခဏတိုယအားဖြင့်ချုပ်လှလေပြီ။ ချုပ်လည်းချုပ်ဆဲ။ ဤသို့အောက်မေ့ဆင်ခြင်လျက်။ ခဏိကမရဏကို အာရုဏ်ပြု၍။မရဏံမေဘဝိဿတိ။ဇီဝိတိန္ဒြိယံဥပစ္ဆိဇ္ဇိဿတိဟူ၍မမေ့မလျော့မရဏာနုဿတိဘာဝနာကိုပွားရာသည်။ ထိုကြောင့်။ဤသလ္လသုတ်အဘွင့်သုတ္တနိပါတ်အဋ္ဌကထာ၌။ ။ပရိတ္တဉ္စာတိအပ္ပကံ။ဒေဝါနံဇီဝိတံဥပနိဓာယ။စသည်ဖြင့်ဘွင့်ဆိုတော်မူသည်။ ။ပရိတ္တဉ္စာတိ။ ပရိတ္တဉ္စဟူသည်ကား။အပ္ပကံ။နည်းစွာ၏။ဒေဝါနံ။နတ်တို့၏။ ဇီဝိတံ။အာသက်ကို။ဥပနိဓာယ။ထောက်၍။တိဏဂ္ဂေ။မြက်ဖျား၌။ ဥဿာဝဗိန္ဒုသာသံ။ ကပ်ငြိသောဆီးနှင်းပေါက်နှင့်တူ၏။ စိတ္တက္ခဏာတော။ တခုသောစိတ္တက္ခဏာထက်။ဥဒ္ဓံ။အလွန်။အဘာဝေနဝါ။တခုသောအတ္တဘော၌မရှိခြင်းကြောင့်လည်း။ပရိတ္တံ။နည်းစွာ၏။ဟိသစ္စံ။မှန်၏။အတိဒီဃာယုကော လွန်စွာအသက်ရှည်သော။သတ္တောပိ။သတ္တဝါပင်ဖြစ်သော်လည်း။အတီတေန။လွန်လေပြီးသော။စိတ္တေန။စိတ်ဖြင့်။ယဒါ။အကြင်အခါ၌။ ဇီဝိတံ။ ဇီဝိတိန္ဒြေဖြစ်ပြီး။တဒါ။ ထိုဇီဝိတိန္ဒြေဖြစ်ပြီးသောအခါ၌။ နဇီဝတိ။ ဇီဝိတိန္ဒြေဖြစ်ဆဲမဟုတ်။နဇီဝိဿတိ။ အနာဂါတ်ဖြစ်သောဇီဝိတိန္ဒြေမရှိသေး။အနာဂတေ။အနာဂါတ်ဖြစ်သော။စိတ္တေန။စိတ်ဖြင့်။ယဒါ။အကြင်အခါ၌။ဇီဝိဿတိ။ဇီဝိတိန္ဒြေဖြစ်လတ္တံ့။တဒါ။ထိုဇီဝိတိန္ဒြေဖြစ်လတ္တံ့သောအခါ၌။နဇီဝိဿတိ။ဇီဝိတိန္ဒြေဖြစ်ဆဲမဟုတ်။ နဇီဝိတ္ထ။ ဖြစ်ပြီးသောဇီဝိတိန္ဒြေလည်းမရှိ။ပစ္စုပ္ပန္နေန။ပစ္စုပ္ပန်ဖြစ်သော။စိတ္တေန။စိတ်ဖြင့်။ယဒါ။အကြင်အခါ၌။ဇီဝတိ။ဇီဝိတိန္ဒြေဖြစ်ဆဲ။တဒါ။ထိုဇီဝိတိန္ဒြေဖြစ်သောအခါ၌။နဇီဝိတ္ထ။ ဖြစ်ပြီးသောဇီဝိတိန္ဒြေလည်းမရှိ။ နဇီဝိဿတိ။ ဖြစ်လတ္တံ့သောဇီဝိတိန္ဒြေလည်းမရှိသေး။စသစ္စံ။မှန်၏။ ။ဇီဝိတံအတ္တဘာဝေါစ။လ။ ဒွီဟိစိတ္တေဟိသံယုတာတိ၊သံယုတာဟူသော။ တေံဝစနံ။ဤစကားကို။ဝုတ္တံ။ဟောတော်မူအပ်၏။ ။ဇီဝိတံ။ ဇီဝိတိန္ဒြေသည်

ဇင်း။အတ္တဘာဝေါစ။ အတ္တဘောသည်ဇင်း။ သုခဒုက္ခာစ။ သုခဝေဒနာ ဒုက္ခဝေဒနာတို့သည်ဇင်း။ကောလာ။သက်သက်။ ဧကစိတ္တသမာယုတာ။ တခုသောစိတ်နှင့်ယှဉ်ကုန်၏။ လဟုသော။ လျှင်မြန်သောအားဖြင့်။ ခ ဏော။ခဏသုံးပါးသည်။ဝတ္တတိ။ဖြစ်၏။ ။ယေမရု။ အကြင်ဖြဟ္မာတို့ သည်။ရုလ္လာသိတိသဟာသဒ္ဒါနို။ရှစ်သောင်းလေးထောင်ကုန်သော။ကပ္ပါ ကပ္ပါနို။ကမ္ဘာတို့ပတ်လုံး။ တိဋ္ဌန္တိ။တည်ကုန်၏။ တေပိ။ ထိုရှစ်သောင်း လေးထောင်ကမ္ဘာပတ်လုံးတည်သောဗြဟ္မာတို့သည်လည်း။ ဒွိဟိစိတ္တေ ဟိ။နှစ်ခုသောစိတ်တို့နှင့်။သံယုတာ။ တပြိုင်နက်ယှဉ်ကြကုန်သည်ဖြစ်၍။ နတ္တေဝတိဋ္ဌန္တိ။မတည်ကုန်သည်သာလျှင်တည်း။ ။တဋ္ဌဒုက္ခေနသံ ယုတ္တန္တိ။သံယုတ်ဟူသည်ကား။တံစေတံဇီဝိတံ။ထိုဇီဝိတသည်။ဧဝံ။ ဤသို့။အနိမိတ္တံ။အမှတ်သညာကိုပြု၍မရကောင်းသည်။အနညာတံ။မသိ အပ်သောအပိုင်းအခြားရှိသည်။ ကသိရံ။ ဆင်းရဲငြိုငြင်စွာဖြစ်သည်။ပ ရိတ္တဉ္စ။နည်းသောခဏရှိသည်လည်း။သမာနမ္ပိ။ဖြစ်သော်လည်း။သိဘုဏ္ဍာ ခုံသမကာသာဒိသမ္ဗသဉ္စပ္ပိပါသာသင်္ခါရဒုက္ခေဟိ။ အချမ်းအပူတို့ဖြင့် နှိပ်စက်သောဆင်းရဲ။မှက်ခြင်အစရှိသည်တို့၏ကိုက်ခဲခြင်းကြောင့် ဖြစ် သောဆင်းရဲ။ထမင်းမွတ်ခြင်း ရေသိတ်ခြင်းတို့ကြောင့်ဖြစ်သောဆင်းရဲ။ သင်္ခါရဒုက္ခဟုဆိုအပ်သောဆင်းရဲတို့နှင့်။သံယုတာ။ယှဉ်ကုန်၏။ ။ဤ နည်းအတူမဟာနိဒ္ဒေသ။ ဇရာသုတ်။သဂါထာဝဂ္ဂဒေဝတာသံယုတ် ဝိ သုဒ္ဓိမဂ်တို့၌လည်း ဇီဝိတိန္ဒြေ၏အလွန်နည်းသည်၏အဖြစ်။ အလွန်တို သောကာလရှိသည်၏အဖြစ်ကိုပြဆိုကြကုန်သည်။ ။ဧကာဒသနိပါတ် ဥဒယဇာတ်၌လာသောနည်းဖြင့် သုံးပါးသောမရဏကိုအာရုံပြု၍ မရ ဏာနုဿတိဘာဝနာကိုပွါးရာသည်။ပွါးရာသည်ကား။ ။ကာသိက တိုင်းသုရုန္ဓနပြည်၌။ ငါတို့ဘုရားအလောင်းသည်။ ဥဒယဘဒ္ဒအမည်ရှိ သောမင်းထိ်းဖြစ်၍မင်းပြုတော်မူ၏။မိဖုရားကြီးလည်း ဥဒယဘဒ္ဒကုမ္မာ ရီဟုအမည်ရှိ၏။အနှစ်ခုနှစ်ရာလွန်လတ်သည်ရှိသော်။ ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသည်စုတိလတ်၍။ တာဝတိံသာနတ်ရွာ၌ သိကြား၏အ ဖြစ်ဖြင့်ဖြစ်လေ၏။ထိုအခါဘုရားအလောင်းသိကြားသည်ဥဒယဘဒ္ဒမည် သောမိဖုရားကြီးအား။မရဏာဿတိဘာဝနာဖြင့် ဆုံးမသြဝါဒပေးခြင်း ငှါ။လူရွာသို့လာလတ်ပြီးသော်။မိဖုရားကြီးအထံသို့ရောက်၍။ ဤသို့သော ဂါထာဖြင့်မရဏာနုဿတိတရားကိုပြောကြား၏။ ပြောကြားသည်

ကား။ ဥဒယဘဒ္ဒမင်းသို့။ထိုထိုသတ္တဝါတို့သည်။ပဌမအရွယ် ဒုတိယ
အရွယ်တတိယအရွယ်အားဖြင့်သေခြင်းသို့လျှင် မြန်စွာသွားကြရကုန်
သည်။နောက်သို့ဆုတ်နစ်ခြင်းမရှိ။ ထိုအတူဥပါဒ်ဋ္ဌီဘင်တည်းဟူသောခ
ဏသုံးပါးဖြင့်လည်းစုတိခြင်းသို့သွားကြရကုန်သည်။တရံတဆစ်မျှနေ၍
သို့ဆုတ်နစ်ပြန်လည်ခြင်းမရှိ။ ဖြစ်ပြီးသောသင်္ခါရတရားတို့သည်လည်း
မပျက်စီးမူ၍တည်စေကုန်သတည်း။ ဤသို့တောင်းပန်ကုန်သော်လည်း
ရပ်တန့်နားနေခြင်းမရှိ။စင်စစ်အားဖြင့်သာလျှင် လောကသုံးပါးတို့၏အ
ရှင်ဖြစ်သောဘုရားသခင်ကိုအစပြု၍။သတ္တဝါခပင်းတို့သည်စုတိခြင်းသို့
ရောက်ကြရကုန်သည်။ သေခြင်းသဘောတရားသည်သာလျှင်မြဲသည်။
ဇီဝိတိန္ဒြေသည်ကားအမြဲမတည်။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ
သောပျိုမြစ်နုနယ်သောဥပမိနှင့်ပြည့်စုံလင့်ကစား။ ဇရာတရားသည်နှိပ်
စက်အပ်သည်ဖြစ်၍။ထိုအဆင်းအရေတို့သည် ပျက်စီးဘော်ပြန်လတ္တံ့
သည်သာဖြစ်သည်။ဤသို့သောသဘောကိုသိမြင်၍မရဏာနုဿတိဘာ
ဝနာကိုပွါးချားလျက် မမေ့မလျော့ကုသလကမ္မပထတရား ဆယ်ပါးကို
သင်မိဖုရားသည်ပွါးများအားထုတ်အပ်သည်။ အသုံးစုံသောမြေအပြင်
ကိုဥဿာဖြင့်ပြည့်စေလျက်။ ထိုဥစ္စာသည်မပျက်မစီး ကြီးစွာသောစည်း
စိမ်ကိုခံစားရကုန်သောရေမြေသေဌ်နင်းပြည်ရှင်မင်းဖြစ်လင့်ကစား။ထို
ဥစ္စာအများကိုစွန့်ပစ်၍ဘဝသစ်ကိုယူအံ့သည်သာဖြစ်သည်။ ထိုကြောင့်
သင်ဥဒယဘဒ္ဒမိဖုရားသည်မမေ့မလျော့ မရဏာနုဿတိဘာဝနာကို
ပွါးများလျက်။ကုသိုလ်တရားကိုပွါးများဆည်းပူးအပ်သည်။ မိဘသား
သ္မီးကျေးကျွန်အခြွေအရံစည်းစိမ်ဥစ္စာတို့နှင့်ပြည့်စုံစွာ ချမ်းသာသဖြင့်
နေကြရကုန်သောသူတို့သည်လည်း။အချင်းချင်းစွန့်ပစ်ကြ၍။ဘဝတပါး
သို့သွားကြရကုန်သည်။ထိုကြောင့်သင်ဥဒယဘဒ္ဒမိဖုရားသည် မရဏာ
နုဿတိဘာဝနာကိုအခါခပ်သိမ်းပွါးများလျက်။ ကုသလကမ္မပထတ
ရားကိုအားထုတ်အပ်သည်။ ဤပစ္စုပ္ပန်အတ္တဘောသည်လည်း မိုးလော်
ကိုင်းလင်းတတို့၏အစာသာဖြစ်သည်။သံသရာနိုက်ကြဉ်လည်ကြရသော
ယုတ်သောသတ္တဝါ၊မြတ်သောသတ္တဝါ။လူဖြစ်သောသတ္တဝါ။ တိရစ္ဆာန်
ဖြစ်သောသတ္တဝါတို့သည်။ အရှည်မခန့်ပျက်လွယ်သည်သာဖြစ်သည်။
ထိုထိုသတ္တဝါတို့သည်။ထိုထိုဘဝမှစုတိခဲ့ကြ၍။ တခုသောအရပ်နိုက်
ပေါင်းမိကြသည်ရှိသော်။ဤသူကားအမိ။ ဤသူကားအဘ။ ဤသူကား

ဟုတ်။ဧင်စစ်သော်ကား။မဂ္ဂင်ရှစ်ပါးတရားဟုဆိုအပ်သောမဂ္ဂသစ္စာသည်
သာလျှင်နိရောဓသစ္စာကိုမျက်မှောက်ပြုရခြင်း၏အကြောင်း စင်စစ်ဖြစ်
သည်။ဤသို့မဂ္ဂသစ္စာကိုသိအပ်၏။ ထိုသို့သိမြင်ဆင်ခြင်ခြင်း။ သုံးသပ်
ခြင်းကို ပြုသည့်ရှိသော်ဝန်ခွဲငြီးငွေ့ခြင်းတည်းဟူသော နိဗ္ဗိဒါဉာဏ်ကို
အကြောင်းခံ၍ နိဗ္ဗာန်တရားကိုမျက်မှောက်ပြုရရာသည်။ ထိုကြောင့်
မဟာဝဂ္ဂသစ္စသံယုတ်၌။ ။ဝိန္တေန္တာစခေါ်တုမှေဘိက္ခဝေ။ ဣဒံ။
ဒုက္ခန္တိစိန္တေယျာထစသည်ဖြင့်ဟောတော်မူသည်။ ။ဘိက္ခဝေ။ရ
ဟန်းတို့၊ခေါ။ငင်စစ်။စိန္တေန္တာငေ။ ကြံအောက်မေ့တတ်သည်လည်းဖြစ်
ကုန်သော။တုမှေ။သင်တို့သည်။ဣဒံ။ဤငါ၏ခန္ဓာငါးပါးတရားသည်။ဒုက္ခံ။
ဒုက္ခသစ္စာသာတည်း၊ဣတိ။ ဤသို့။စိန္တေယျာထ။ မပြတ်အောက်မေ့ကြ
ကုန်လော။ အယံ။ ဤတဏှာသည်။ ဒုက္ခသမုဒယော။ ဒုက္ခသစ္စာ၏အ
ကြောင်းဖြစ်သောသမုဒယသစ္စာတည်း။ ဣတိ။ဤသို့။စိန္တေယျာထ။ ကြံ
အောက်မေ့ကြကုန်လော။အယံ။ဤဒုက္ခသစ္စာသမုဒယသစ္စာတို့၏ချုပ်ရာ
ကင်းရာဖြစ်သော။နိဗ္ဗာန်သည်သာလျှင်။ဒုက္ခနိရောဓော။ ဒုက္ခ၏ချုပ်ရာနိ
ရောဓသစ္စာတည်း။ဣတိ။ဤသို့။စိန္တေယျာထ။ကြံအောက်မေ့ကြကုန်လော
အယံ။ဤမဂ္ဂင်ရှစ်ပါးတရားသည်သာလျှင်။ဒုက္ခနိရောဓဂါမိနီ။ ဒုက္ခ၏ချုပ်
ရာနိဗ္ဗာန်သို့ရောက်စေတတ်သောပဋိပဒါ။ အကြောင်းဖြစ်သောအကျင့်
တည်း။ဣတိ။ ဤသို့။စိန္တေယျာထ။ ကြံအောက်မေ့ကြကုန်လော။ဝံ။ထို
သို့ကြံအောက်မေ့ခြင်းသည်။ကိံသဟေတု။အဘယ်ကြောင့်နည်းဟူမူ
ကား။ဘိက္ခဝေ။ရဟန်းတို့။ဧသာစိန္တာ။ ဤသို့သစ္စာလေးပါးတရားကိုကြံ
အောက်မေ့ခြင်းသည်။အတ္တသံဟိတာ။အကျိုးစီးပွါးနှင့်စပ်သည်။ ဟော
တိ။ဖြစ်၏။ဧသာစိန္တာ။ ဤသို့သစ္စာလေးပါးတရားကိုကြံအောက်မေ့ခြင်း
သည်။ ဘာဝိဗြဟ္မစရိယကာ။ မဂ်ကိုဖြစ်စေတတ်သော အကျင့်သည်။

ဟောတိဖြစ်၏။သောစိန္တာ။ဤသစ္စာလေးပါးတရားကိုကြံ့အောက်မေ့ခြင်း သည်။နိဗ္ဗိဒါယ။ ဝဋ်၌ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ။ ဝဋ်တရား၌တပ်ခြင်း ကင်းခြင်းငှါ။နိရောဓာယ။ ဝဋ်တရားတို့၏ချုပ်ခြင်းငှါ။ဥပသမာယ။ ကိလေသာတို့၏ငြိမ်းခြင်းငှါ။ အဘိညာယ။ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ။ သမ္ဗောဓါယ။သစ္စာလေးပါးတရားကိုသိခြင်းငှါ။နိဗ္ဗာနာယ။ နိဗ္ဗာန်အလို့ငှါ။သံဝတ္တတိဖြစ်၏။ဘိက္ခဝေရဟန်းတို့။တသ္မာ။ထိုကြောင့်။ဣမာ။ဤဘုရားသာသနာတော်၌။ဣဒံ။ဤငါ၏ခန္ဓာငါးပါးတရားသည်။ဒုက္ခံ။ဒုက္ခသစ္စာတည်း။ဣတိ။ဤသို့။ယောဂေါ။သုံးသပ်ဆင်ခြင်သောအရာ၌။ အားထုတ်ခြင်းကို။ကရဏီယော။ပြုအပ်၏။အယံ။ဤတဏှာသည်။ဒုက္ခသမုဒယော ဒုက္ခ၏အကြောင်းဖြစ်သောသမုဒယသစ္စာတည်း။ဣတိ။ဤသို့။ယောဂေါ သုံးသပ်ဆင်ခြင်သောအားဖြင့်ပွါးများအားထုတ်ခြင်းကို ကရဏီယော။ပြုအပ်၏။အယံ။ဤအသင်္ခတနိဗ္ဗာန်သည်။ဒုက္ခနိရောဓော။ဒုက္ခ၏ချုပ်ရာနိရောဓသစ္စာတည်း။ဣတိ။ဤသို့။ယောဂေါ။သုံးသပ်ဆင်ခြင်သောအားဖြင့်ပွါးများအားထုတ်ခြင်းကို၊ကရဏီယော။ပြုအပ်၏။အယံ။ ဤမဂ္ဂင်ရှစ်ပါးတရားသည်။ ဒုက္ခနိရောဓဂါမိနီ။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သောပဋိပဒါ။ အကျင့်ဖြစ်သောမဂ္ဂသစ္စာတည်း။ဣတိ။ဤသို့။ ယောဂေါ။ ကြံအောက်မေ့သောအားဖြင့်ပွါးများအားထုတ်ခြင်းကို။ ကရဏီယော။ ပြုအပ်၏။ ။ဤသို့မြတ်စွာဘုရား၏၊တိုက်တွန်းနှိုးဆော်တော်မူခြင်းကို မပြတ်နှလုံးသွင်းတော်မူသောအားဖြင့်။လောကီဖြစ်သောမဟာကုသိုလ်စိတ်နှင့်ယှဉ်သောပညာဖြင့်သုတမယဉာဏ်ကိုရှေ့သွားပြု၍ သစ္စာလေးပါးတို့ကိုပွါးများသုံးသပ်ရာသည်။ ။ဤသို့သစ္စာလေးပါးတရားကိုပွါးများခြင်း။လက္ခဏာရေးသို့တင်၍ရှုဆင်ခြင်ခြင်း။မရဏာဿတိဘာဝနာကိုအားထုတ်ခြင်း။ကာယဂတာသတိဘာဝနာကိုအားထုတ်ခြင်းတို့ဖြင့် မိမိ၏အတ္တဘောဟုဆိုအပ်သော။ခန္ဓာအစဉ်ကိုငြိမ်းမြောက်တောက်ပံရာသည်။မိမိအားထုတ်သောတရားသည်သာလျှင်မိမိအတ္တဘောကို သံသရာအစဉ်၌ငြိမ်းမြောက်ထောက်ပံ့ရာသည်။သူတပါးတို့သည် ပွါးများဆည်းဘူးအပ်။ အားထုတ်အပ်သောတရားတို့သည်၎င်း။ မိဘဆွေမျိုးကျေးကျွန်အခြံအရံတို့သည်၎င်း။ သံသရာအစဉ်၌ကြဉ်လည်သောအတ္တဘောကို ငြိမ်းမြောက်တောက်ပံ့နိုင်ကြသည်မဟုတ်။ ဤသို့ကမ္မဿကတဉာဏ်ကိုနှလုံးထား၍။ဘာဝနာတရားကိုအားထုတ်ရာသည်။ ဤသို့အားထုတ်အပ်

သောဘာဝနာကံသည်။ ပကတူပပ္တည်းခံ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မငြိုမ
ငြင်မျက်မှောက်ပြုရရာသည်။ ။ထိုကြောင့်ဓမ္မပဒအတ္တဝဂ်၌။ ။
အတ္တာဟိအတ္တနောနာထော။ပရောသိယာ။အတ္တနာဟိသုဒန္တေန။ နာထံ
လဘတိဒုလ္လဘံဟူသောဂါထာဖြင့်။ ကုမာရကဿပမထေရ်၏အမိဖြစ်
သောထေရီမကိုဟောတော်မူသည်။ ။ဟိယသ္မာ၊အကြင်ကြောင့်။
အတ္တနိ။မိမိ၌။ဌိတေန။တည်သဖြင့်။အတ္တနာ။မိမိ၌။သမ္ပန္နေန။ ပြည့်စုံစေသ
ဖြင့်။ကုသလံ၊ကုသိုလ်တရားကို။ကတွာ။ပြု၍။သဂ္ဂံ။နတ်ရွာသို့။ ပါပုဏိ
တုံဝါ။ရောက်ခြင်းငှါ၎င်း။မဂ္ဂံ။မဂ်ကို၊ နိဘာဝေတုံဝါ။ ပွါးစေခြင်းငှါ၎င်း။
ဖလံ။ဖိုလ်ကို။သစ္ဆိကာတုံဝါ။မျက်မှောက်ပြုခြင်းငှါ၎င်း။သက္ကာ။ တတ်
ကောင်း၏။တသ္မာ၊ထိုကြောင့်။အတ္တနာ။မိမိသည်သာလျှင်။အတ္တနော။ မိ
မိ၏။နာထော။ ကိုးကွယ်လည်လျောင်းကိန်းအောင်း မှီဘင်းရာသည်။
ဟောတိဖြစ်၏။ပရော။မိမိမှတပါးသော။ကောနာမ။ အဘယ်မည်သော
သူသည်၊ကဿ။ အဘယ်မည်သောသူ၏၊နာထော။ ကိုးကွယ်လည်း
လျောင်းကိန်းအောင်းမှီဘင်းရာသည်။ သိယာ၊ဖြစ်နိုင်လေအံ့နည်း။ သု
ဒန္တေန။ရှေးကာလ၌ဝိပဿနာပညာဖြင့်ကောင်းစွာ ယင်ကြေးပြီးသော။
အတ္တနာဟိ။အတ္တနာဧဝ။အတ္တဘောသည်သာလျှင်။အရဟတ္တဖလသင်္ခါ
တံ။အရဟတ္တဖိုလ်ဟုဆိုအပ်သော။ ဒုလ္လဘံ။ရနိုင်ခဲသော။ နာထံ။မှီတင်း
ရာဖြစ်သောအရဟတ္တဖိုလ်ကို၊လဘတိ။ ရအပ်၏။ ထိုကြောင့်မိမိသည်ပင်
လျှင်မိမိအတ္တဘောကိုကုသိုလ်တရားကိုအားထုတ်သောအရာ၌။ အခါ
ခပ်သိမ်းတိုက်တွန်းနှိုးဆော်အပ်သည်။နှိုးဆော်အပ်သည်ကား။ ဒိုသူ
တော်ကောင်း။သင်သူတော်ကောင်းသည်။ ကလျာဏမိတ္တကိုမှီဝဲဆည်း
ကပ်ရခြင်းတည်းဟူသော။ သပ္ပုရိသုပနိဿယစက်။ သာသနာတော်
ထွန်းပေါ်တောက်ပရာမဟာဒေသအရပ်မြတ်သောအရပ်ဌာန၌ဖြစ်ခြင်း
တည်းဟူသော။ပဋိရူပဒေသဝါသစက်။ သာသနာတော်နှင့် သက်ဝင်
ယုံကြည်သောသဒ္ဓါတရားနှင့်ပြည့်စုံသောလူ၏အမျိုး၌ဖြစ်စေတတ်သော
ကုသိုလ်ကံသမ္ဘာရအဆောက်အဦနှင့် ပြည့်စုံခြင်းတည်းဟူသောပုဗ္ဗေ
ကတပုညစက်၊ ဤသုံးပါးသောစက်တို့နှင့်ပြည့်စုံပြီးလျက်။ ကုသိုလ်တ
ရားကိုအားထုတ်ခြင်းစည်းဟူသော အတ္တသမာပဏိဓိစက်နှင့်ပြည့်စုံ
လျှင်းအောင်အဘယ်ကြောင့်အားမထုတ်ဘဲနေကောင်းလေအံ့နည်း။သင်
သူတော်ကောင်းသည်ဤသို့သဘောရှိသောစက်တို့နှင့် ပြည့်စုံပြီးလျက်

ကုသိုလ်တရားကိုအားမထုတ်လျှင်းဘဲမောဃာခဏဖြင့် ကာလကိုကုန်
ကျွမ်းစေမှုကား။ပြင်းစွာရောဂါဝေဒနာနှိပ်စက်သောယောကျ်ားသည်။
ထိုအနာကိုပျောက်စေတတ်သောဆေးကိုလက်၌ဆုတ်လျက်။ဇီဝိတိန္ဒြေ
ချုပ်ခြင်းသို့ရောက်သကဲ့သို့ရှိရာသည်။သင်သူတော်ကောင်းသည်။ သင်
၏အဓွာဘောကိုငြိမ်းမြောက်တတ်သော ကုသိုလ်တရားကို မမေ့မလျော့
အားထုတ်လော။ဤသို့မိမိသည်ပင်လျှင်။မိမိကိုယ်ကိုတိုက်တွန်းနှိုးဆော်
အပ်၏။ ။ဤသို့လည်းပူးစမ်းဆင်ခြင်အပ်၏။ပူးစမ်းဆင်ခြင်အပ်သည်
ကား။အိုသူတော်ကောင်း။သင်သူတော်ကောင်းသည်။အစမထင်သံသ
ရာ၌။ဇာတိဒုက္ခ။ ဇရာဒုက္ခစသည်တို့ကိုခံစားဘူးလှလေပြီ။ ဤဒုက္ခအ
ပေါင်းကိုခံစားရခြင်းသည်လည်း။ ကုသိုလ်တရားတို့၌မေ့လျော့၍ နေ
ခြင်းတည်းဟူသောပမာဒဝိဟာရီတရားလျှင် အကြောင်းရင်းရှိသည်။
သင်သူတော်ကောင်းသည်။ အစမထင်သံသရာ၌ကြီးစွာသောဒုက္ခကိုခံ
စားလှလေပြီ။စည်းစိမ်ချမ်းသာသုခဝေဒနာကိုပင်အလျဉ်မပြတ်ခံစားရ
သေင်လည်းငြီးငွေ့အံ့သောအခါကာလရောက်ပြီ၊ အဘယ်ကြောင့်လျှင်
သင်သူတော်ကောင်းသည်။ဒုက္ခဝေဒနာကိုခံစား၍အားရတင်းတိမ်ခြင်း
မရှိ။မငြီးငွေ့နိုင်ဘိသနည်း။ သတိပညာရှိ၍အပ္ပမာဒတရားနှင့် ပြည့်စုံ
တော်မူကြကုန်သောဘုရားပစ္စေကဗုဒ္ဓါသာဝကအပေါင်းတို့သည် ဆင်း
ရဲ၏။ကင်းရာမဟာအဘယ်တခဲတ်မြတ်သောနိဗ္ဗာန်၌ကိန်းအောင်းတော်
မူကြလေကုန်ပြီ။သင်သူတော်ကောင်းသည်။ရှေးရှေးသောကာလကဲ့သို့ပ
မာဒဝိဟာရီဖြင့် အဓွာဘောကိုမငြိမ်းမြောက်လျှင်။သံသရာအစဉ်၌။ ရှေး
အတူပင်ကြဉ်လည်၍ကြီးစွာသောဆင်းရဲတလုံးလဲလဲခံရဦးလတ့်။ ဤသို့
မိမိကိုယ်ကိုပူးစမ်းဆင်ခြင်၍အပြစ်တင်ခြင်းကိုပြုအပ်၏။ ဤသို့အပြစ်
တင်ပြီး၍၊ ကာယဂတာသတိမရဏာဿတိဝိပဿနာပညာနှင့်ပြည့်စုံ
စွာ။မိမိအဓွာဘောကိုစောင့်ရှောက်လုံခြုံစေအပ်သည်ရှိသော် သံသရာ
အစဉ်၌။ ကြဉ်လည်သွားလာရသော်လည်းရှင်ဗာကုလစသော မထေရ်
တို့ကဲ့သို့။ချမ်းသာစွာကြဉ်လည်၍ဇာနြေ့ရင့်လတ်သေါအခါမဂ်ဖိုလ်ချမ်း
သာကိုသာယာသဖြင့်ခံစား၍ နိဗ္ဗာန်တရားကိုမျက်မှောက်ပြုရရာသည်။
ထိုထက်အလွန်လည်း။ မိမိကိုယ်ကိုဤသို့ပြောဆိုဆုမ္မအပ်၏။ ဆုမ္မအပ်
သည်ကား။အိုသူတော်ကောင်း။သင်သူတော်ကောင်းသည်။သံသရာအ
စဉ်၌ကြဉ်လည်သွားလာရသောကာလတို့၌။မိမိမှတပါးအခြားသောသူ

တို့သည်ငါ၏ကိုးကွယ်လည်းလျောင်းပုံအောင်းမှီတင်းရာဖြစ်လတ့်ံဟူ၍ မှတ်ထင်ဘိသလော။အိုသူတော်ကောင်း။မိမိမှတပါးအခြားသော သူတို့သည်။သံသရာ၌ကိုးကွယ်လည်းလျောင်းပုံးအောင်းရာမဟုတ်။ မိမိအားထုတ်အပ်သောကုသိုလ်အရကောင်းမှုအလျဉ်သည်သာ လျှင်ကြည်လည်သောဘဝ၌သဟာယမိတ်ကောင်းဖြစ်သည်။သင်သူတော်ကောင်းသည် အာဒါနေယျမြင်းကိုအမှီအခိုပြု၍စီးပွါးရှာမှီးသောကုန်သည်ကြီး ယော်ကျားသည်။ထိုအာဇာနေယျမြင်းကို၊တနေ့သုံးကြိမ်ရေချိုးခြင်းရေတိုက်ခြင်းအစားကျွေးခြင်းတို့ဖြင့်လုပ်ကျွေးပြုရသကဲ့သို့။သင်သူတော်ကောင်းသည်၊မိမိအတ္တဘောကိုကာယဂတာသတိဘာဝနာမရဏာဿတိဘာဝနာတည်းဟူသော အစာအာဟာရကိုကျွေးမွေး၍ လက္ခဏာရေးကိုဆင်ခြင်ခြင်းတည်းဟူသော ရေဇရေချမ်းတို့ဖြင့်ချိုးမြှင့် တိုက်ကျွေးရာသည်။ဤသို့မိမိအတ္တဘောကိုချိုးမြှောက်ထောက်ပံ့သည်ရှိသော်။ ပထမဈာန်အစရှိသောလောကီလောကုတ္တရာတရားတို့သည် မငြိုမငြင်သဖြင့်ပြည့်ဝုံလွယ်ခြင်း၏အကြောင်းဖြစ်သည်။ ။အတ္တာနာစေဒယတ္တာနံ။ပဋိမာသေတအတ္တနာ။သောအတ္တဂုတ္တောသတိမာ။ သုခံဘိက္ခုဝိဟာဟိသိ။ ။အတ္တာဟိအတ္တနောနာထော။ကောဟိနာထောပရောသိယာ။အတ္တာတိအတ္တနောဂတိ၊ တသ္မာတံယမမတ္တာနံ။ အဿဘဒြံဝဝါဏိဇော။ ။ဟူသောနှစ်ဂါထာတို့ဖြင့်ဓမ္မပဒဘိက္ခုဝဂ်၌ပိလောတိကနဂ်လမထေရ်ကိုဟောတော်မူသည်။ ။အတ္တနာ။မိမိသည်ပင်လျှင်၊အတ္တနာ။မိမိကိုယ်ကို၊စောဒယ။ကုသိုလ်တရားကိုအားထုတ်ခြင်း၌တိုက်တွန်းနှိုးဆော်လော။သာယ။ မပြတ်အောက်မေ့ဆင်ခြင်လော၊အတ္တနာ။ မိမိသည်ပင်လျှင်။အတ္တာနံ။မိမိကိုယ်ကို၊ပဋိမာသေထ။ စူးစမ်းဆင်ခြင်လော။ဘိက္ခု။ယထာဘူတဉာဏ်ဖြင့် ခန္ဓာကိုရှုတတ်သော သူတော်ကောင်း။သောတွံ။ထိုသင်သည်။ဇေံသန္တေ။ဤကုသိုလ်တရား၌တိုက်တွန်းနှိုးဆော်၍အားထုတ်သည်ရှိသော်။အတ္တနော။မိမိ၏သာလျှင်။ဂုတ္တတာယ။ လုံခြုံသည်၏အဖြစ်ကြောင့်။အတ္တဂုတ္တော။ လုံခြုံသောကိုယ်ရှိသည်။ဥပဋ္ဌိတသတိတာယ။ထင်သောသတိရှိသည်၏အဖြစ်ကြောင့်။သတိမာ။ကာယဂတာသတိ။မရဏာဿတိနှင့်ပြည့်စုံသည်။တ္တတွာ။ဖြစ်၍။သဗ္ဗဣရိယာပထေသု။အလုံးစုံသောဣရိယာပုထ်တို့၌။သုခံ။ချမ်းသာစွာ။ဝိဟာရိဿသိ။နေရလတ္တံ့။ အတ္တာဟိအတ္တာ၀ေ။မိမိကိုယ်သည်ပင်လျှင်၊အတ္တနော။မိမိ၏။နာ

ထော။ကိုးကွယ်ရာတည်ရာသည်။ ဟောတိ။ဖြစ်၏။ ဟိယသ္မာ။ အကြင်
ကြောင့်။ပရသံ။သူတပါး၏။အတ္တဘာဝေ။အတ္တဘောနှိုက်။ပတိဋ္ဌာယ။
တည်၍။ဝိဇ္ဇမာနံ။ထင်ရှားရှိသော။ကုသလံ။ကုသိုလ်ကို။ကထွာပြု၍။သဂ္ဂ
ပရာယနေနဝါ။နတ်ရွာသို့လားရခြင်းသည်လည်း။ဘဝိတုံ။ ဖြစ်ခြင်းငှါ။န
သက္ကာ။မတတ်ကောင်း။မဂ္ဂံ။မဂ်ကို။ဘာဝေတွာ။ပွါးစေ၍။သစ္ဆိကာတပ
လေ။မျက်မှောက်ပြုအပ်သော။ဖိုလ်သည်လည်း။ဘဝိတုံ။ဖြစ်ခြင်းငှါ။နသက္ကာ
မတတ်ကောင်း။တသ္မာ။ထိုကြောင့်။ပယော။တပါးသော။ကော။ အဘယ်
မည်သောသူသည်။နာထော။ ကိုးကွယ်လည်းလျောင်း ကိန်းအောင်းမှီ
တင်းရာသည်။သိယာ။ ဖြစ်နိုင်လေအံ့နည်း။ဟိယသ္မာ။ အကြင်ကြောင့်။
အတ္တာ။မိမိကိုယ်သည်သာလျှင်။အတ္တနော။မိမိ၏။ဂတာ။ဂတိဋ္ဌာ။တည်ရာ
လည်းလျောင်းရာဖြစ်၏။တသ္မာ။ထိုကြောင့်။ဘဒြ။ကောင်းသော။အဿံ။
အါဇာနေယျမြင်းကို။တံ။ထိုအာဇာနေယျမြင်းကို။နိဿာယ။အမှီပြု၍။လါ
ဘံ။ရွှေငွေစသောအမြတ်ဥစ္စာကို။ပဋ္ဌယန္တော။ တောင့်တသော။ဝါဏိ
ဇော။လိမ္မာသောကုန်သည်ယောကျ်ားသည်။ တသ္မ။ထိုအာဇာနေယျ
မြင်းကောင်း၏။ ဝိသမဋ္ဌာနံ။မညီညွတ်သောအရပ်သို့။ စာရံ။ပြေးသွား
ကြည်လည်ခြင်းကို။ပရိဝဇ္ဇိတွာ။ ဆီးတားပိတ်ပင်၍။ဒိဝသဿ။ နေ၏။
တိက္ခတ္တုံ။သုံးကြိမ်။နှာပေတွာ။ရေချိုးစေသည်။ဘောဇေတွာ။ ကျွေးမွေး
စေသည်။ဝါ။အစာကိုစားစေသည်။ဟုတွာ။ဖြစ်၍။သံယမတိ။ ပဋိဇဂ္ဂ
တိယထာ။ လုပ်ကျွေးမွေးမြူသကဲ့သို့။ဧဝံတထာ။ဤအတူ။တွံပိ။ သင်သူ
တော်ကောင်းသည်လည်း။အနုပ္ပန္နသ။မဖြစ်သေးသော။အကုသလဿ။
အကုသိုလ်တရား၏။ဥပ္ပါဒံ။ ဖြစ်လာသည်ကို။နိဝါရေန္တော။ တားမြစ်
သည်။ဟုတွာ။ဖြစ်၍။သ ်သမွောဟေန။ ရုံခါသတိမေ့လျော့သောအား
ဖြင့်။ဥပ္ပန္နံ။ဖြစ်လာသော။အကုသလံ။ဘာဝနာ၏ဘေးရန်ဖြစ်သော။ နီဝရ
ဏစသောအကုသိုလ်တရားကို။ပဇဟန္တော။ပယ်ရှားသည်။ဟုတွာ။ ဖြစ်
၍။အတ္တာနံ။မိမိကိုယ်ကို။သံယမဂေါပယ။လုံခြုံစေလော။ဧဝံသန္တေ။ဤသို့
လုံခြုံစေသည်ရှိသော်။ပထမဈာနံ။ ပထမဈာန်ကို။အာဒိကတွာ။ အစပြု
၍။လောကိယလောကုတ္တရဝိသေသံ။လောကီလောကုတ္တရာအထူးကို။အ
ဓိဂမိဿတိ။မငြိုမငြင်မပင်မပန်းသဖြင့်ရလတ္တံ့။ ။ဤသို့မိမိကိုယ်ကို
မမေ့မလျော့ဘာဝနာဖြင့်ချီးမြှောက်ထောက်ပံ့သည်ရှိသော် အားနည်း
သောဝမ်းမြောက်ခြင်းသည်ဖြစ်ရာ၏။အားနည်းသော ဝမ်းမြောက်ခြင်း

သည်ရှိသော်။ အားကြီးသောနှစ်သက်ခြင်းပီတိဖြစ်ရာသည်၊ပီတိ။ ဖြစ်သည်ရှိသော်ကိုယ်စိတ်၏ငြိမ်းခြင်းပဿဒ္ဓိဖြစ်ရာသည်။ ပဿဒ္ဓိဖြစ်သည်ရှိသော်။ ကိုယ်စိတ်၏ချမ်းသာခြင်း။ သုခဖြစ်ရာသည်။ သုခဖြစ်သည်ရှိသော်။တည်ကြည်ခြင်းသမာဓိဖြစ်ရာသည်။ သမာဓိဖြစ်သည်ရှိသော်။ မိမိရှုအပ်ဆင်ခြင်အပ်သောတရားတို့သည်။ ထင်ရှားရာသည်။ ထင်ရှားစွာဖြစ်သောပုဂ္ဂိုလ်သည် အပမာဒဝိဟာရီပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုသင့်က်အပ်သည်သာဖြစ်သည်။ ။ထိုကြောင့်။မဟာဝဂ္ဂသောတာပတ္တိသံယုတ်နိုက်။ ။တဿဧဝံအပ္ပမတ္တဿဝိဟရတော။ ပါမောဇ္ဇံဇာယတိ။ စသည်ဖြင့်ဟောတော်မူသည်။ဧဝံ။ဤသို့။ အပ္ပမတ္တဿ။ မမေ့မလျော့သည်ဖြစ်၍။ဝိဟရတော။နေသော။တဿ။ထိုသဒ္ဓါပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်အား။ပါမောဇ္ဇံ။အားနည်းသောဝမ်းမြောက်ခြင်းသည်။ဇာယတိ။ ဖြစ်၏။ပမုဒိတဿ။အားနည်းသောဝမ်းမြောက်ခြင်းရှိသော ပုဂ္ဂိုလ်အား။ ပီတိ။ အားကြီးသောနှစ်သက်ခြင်းသည်။ဇာယတိ။ဖြစ်၏။ ပီတိမနဿ။ နှစ်သက်သောစိတ်ရှိသောပုဂ္ဂိုလ်အား။ကာယော။နာမကာယ။ရူပကာယသည်။ပဿမ္ဘတိ။ငြိမ်း၏။ပဿဒ္ဓကာယော ငြိမ်းပြီးသောကုသိုလ်ရှိသေါသူသည်၊သုခံ။ချမ်းသာကို၊ ဝေဒိယတိ။ခံစားရ၏။ သုခိနော။ချမ်းသာခြင်းရှိသောသူအား။စိတ္တံ။ စိတ်သည်။ သမာဓိယတိ။ တည်ကြည်၏။ စိတ္တေ။စိတ်သည်။သမာဟိတေ။တည်ကြည်သည်ရှိသော်၊ဓမ္မာ။ မိမိသည်သုံးသင်အပ်ဆင်ခြင်အပ်သောတရားတို့သည်။ပါတုဘဝန္တိ။ ထင်ရှားဖြစ်ကုန်၏။ဓမ္မာနံ။မိမိသုံးသင်အပ်ဆင်ခြင်အပ်သောတရားတို့၏။ ပါတုဘာဝါ။ထင်ရှားဖြစ်ခြင်းကြောင့်။အပ္ပမာဒဝိဟာရီတေဝ၊ မမေ့မလျော့နေလေ့ရှိသောပုဂ္ဂိုလ်ဟူ၍သာလျှင်။သင်္ခံ။ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ။ ရောက်၏။ ဤသို့ဟောတော်မူလေရကား။ အပ္ပမာဒတရားဖြင့်ဘာဝနာတရားကိုပွါးများအားထုတ်အပ်သည်။ ဥပနိဿယနှင့်မပြည့်စုံ၍မရင့်သေးသော ဉာဏ်ရှိသဖြင့်မဂ်ဖိုလ်ကိုပင်ဤဘဝမျက်မှောက် မပြုရသေးသော်လည်းမဂ်ဖိုလ်ပြည့်စုံခြင်း၏အကြောင်းဖြစ်သောဘာဝနာကိုအဆတရာသည်။ ဘာဝနာကိုမျှအားမထုတ်လျှင်းဘဲ၊ မောဃခဏောဟောဓိရကိစ္စဖြင့်သာအတ္တဘောကိုမွေးမြူခြေလျှင် သံသရာနိုက်ကြီးစွာသောရှုံးခြင်းဖြင့်ရှုံးရာသည်သာဖြစ်သည်။ ။ထို့ကြောင့်ဇာတဝတ်အဋ္ဌကထာ၌။ ။ပဂိသုဒ္ဓါရုံ၊ဝိပဿနာပညာယဇမဂ္ဂပညာစယ။မဂ္ဂပညာစယပရိဟိ

သည်ဖြင့်ဘွင့်ဆိုသည်။ ။ပရိသုဒ္ဓါယ၊စင်ကြယ်သော။ဝိပဿနာပညာယစ။ဝိပဿနာပညာမှမူလည်း၊ပရိဟာနိ။ယုတ်ခြင်းအံ့။မဂ္ဂပညာယစ၊မဂ်ပညာမှမူလည်း၊ပရိဟိနာ။ ယုတ်ခြင်းအံ့။တေ။ ထိုဝိပဿနာပညာမဂ်ပညာမှယုတ်ကုန်သောသူတို့သည်။ လောကိယ လောကုတ္တရာဟိ၊လောကီလောကုတ္တရာဖြစ်ကုန်သော။သမ္ပတ္တိဟိ။ စည်းစိမ်ချမ်းသာတို့မှ။အဝိယ။အလွန်လျှင်။ပရိဟိတိနာ။ဆုတ်ယုတ်ရွေ့လျောကုန်၍ မဟာဓနိကာ၊ကြီးစွာသောရှုံးခြင်းဖြင့်ရှုံးခြင်းသို့ရောက်ကုန်၏။ ။ဤသို့အဋ္ဌကထာဋီကာပြဆိုလေရကား၊ဘာဝနာတရားကို မမေ့မလျော့ပွါးများအားထုတ်အပ်သည်။ ။ဤသည်လျှင်အင်္ဂုတ္တရနိကာယအဋ္ဌကထာကိုပြဆိုရာစကားရပ်အပြီးသတ်တည်း။

ဤသုရာဇမဂ္ဂဒီပကာမည်သောကျမ်း၌ပြဆိုကဲ့ပြီးသောရေမြေသဘင်နင်းပြည်ရှင်မင်းတို့နှင့်သာဆက်ဆံသော။ ပထမပရိစ္ဆေဒ။ ရေမြေသဘင်နင်းပြည်ရှင်မင်းတို့နှင့်၎င်း။ သီလဝန္တ လဇ္ဇီပေသလရဟန်းကောင်းတို့နှင့်၎င်း။ဆက်ဆံသောဒုတိယပရိစ္ဆေဒ။ ရေမြေသဘင်နင်းပြည်ရှင်မင်းတို့နှင့်၎င်း။သီလဝန္တ လဇ္ဇီပေသလရဟန်းကောင်းတို့နှင့်၎င်း။ သဒ္ဓါတရားနှင့်ပြည့်စုံကုန်သောပြည်သူလူအပေါင်းတို့နှင့်၎င်းဆက်ဆံသောတတိယပရိစ္ဆေဒ။ ဤသုံးပါးသောပရိစ္ဆေဒတို့ဖြင့်တန်ဆာဆင်အပ်သော ဤကျမ်းကိုပြဆိုရေးသားအပ်ပြီ၊ဤသုံးပါးသောပရိစ္ဆေဒတို့တွင်ပထမပရိစ္ဆေဒ၌ ပြဆိုကဲ့သောနည်းဖြင့်။ မြီးမြောက်အပ်သောကျေးကျွန်။ မချီးမြှောက်အပ်သောကျေးကျွန်။ချီးမြှောက်သင့်သောကျေးကျွန်။ မချီးမြှောက်သင့်သောကျေးကျွန်တို့ကို ရှုစမ်းဆင်ခြင်ခြင်းတည်းဟူသောနိသမ္မကာရီတရားကိုဝမ်း၌ထား၍ ချီးမြှောက်တော်မူအပ်သည်။ဒုတိယပရိစ္ဆေဒ၌ပြဆိုကဲ့သောနည်းဖြင့် သာသနဓမ္မကိုချီးမြှောက်သောအရာ၌လည်း။ နိသမ္မကာရီတရားကိုရှေးသွားရှေးရှုပြု၍ချီးမြှောက်သင့်သောပုဂ္ဂိုလ်။ မချီးမြှောက်သင့်သောပုဂ္ဂိုလ်တို့ကိုစိစစ်ရွေးချယ်တော်မူ၍ ချီးမြှောက်ထောက်ပံ့တော်မူအပ်သည်။ တတိယပရိစ္ဆေဒ၌ပြဆိုအပ်သောဘာဝနာကိုအားထုတ်သော အရာ၌လည်းအယုတ်အလွန်ကိုမရှိစေရ နိသမ္မကာရီတရားကိုလက်သုံးပြု၍ ရှုအပ်ဆင်ခြင်အပ်ပွါးစေအပ်သည်။ဤသို့သဘောရှိသောရှုစမ်းဆင်ခြင်ခြင်းတည်းဟူသောနိသမ္မကာရီတရားကိုအခါလေးမြင့်အဖော်သဟဲပြု၍အမှုခပ်သိမ်းကိုပြုတော်မူလျှင်နောင်တဘဝပန်ပူပန်ခြင်းလည်းမရှိရာနတ်

ရှာ မဂ်ဖိုလ်တို့ကိုလည်း။ မငြိုမငြင်သဖြင့်လွယ်လင့်တကူ မျက်မှောက်
ပြုရရှာသည်။ထိုသို့မဟုတ်နိသမ္မကာရိတရေးကိုငယ်ရှားစွန့်ပြစ်၍ ကာ
ယံကံဝစီကံမနောကံအမှုတို့ကိုပြုကျင့်လျှင်မူကားရောဂါတို့ကို ပွားစေ
တတ်သော မသင့်သောဆေးကို စားမှားသော သူနာ ယောကျ်ားကဲ့သို့
နောက်တဘန် ပူပန်ခြင်းလည်းမဖြစ်ရာသည်။ မဂ်လမ်းဖိုလ်လမ်း တို့
သည်လည်းဖြောင့်တန်းဟုတ်မှန်စွာမဖြစ်လေရာ။ ဤသို့သတိပညာဖြင့်
အခါခပ်သိမ်းတို့ကိုအမှုဘို့ကိုပြုလုပ်တော်မူသောအရာနိုက် နိသမ္မကာ
ရိတရေးကိုမှုလုံးထား၍ပြုတော်မူအပ်သည်။ ။ထိုကြောင့်။ ။ဝိသတိ
နိပါတ်သောမနသဿဇာတ်နိုက်။ ။အနိသမ္မကာရ်ကမ္မံ။ အနုပါယေန
စိန္တိတံ။ဘေသဇ္ဇံသေဝ ဝေဘင်္ဂေါ။ဝိပါကော။ဟောတိပါပကော။အစ
ရှိသောဂါထာတို့ကိုဟောတော်မူသည်။ ။ဒိသမ္ပတိ၊အရှင်မျက်နှာ
တို့၏အသျှင်ဖြစ်သောခမည်းတော်မင်းဘရားကြီး။ အနိသမ္မ။မစူးမစမ်း
မဆင်ခြင်မူ၍။ ကတံ။ ပြုအပ်သော။ ကမ္မကာရဏံ။ ဝစီကံသည်၎င်း
အနုပါယေ။ မနိုင်းမချိမ် မူ၍။ စိန္တိတံ။ ကြံအပ်သော အကြံသည်
၎င်း။ ဘေသဇ္ဇသ။ ဆေး၏။ ဝေဘင်္ဂေါ ဣဝ။ ပျက်စီးသကဲ့သို့။ ဝါ။
မှားယွင်းသကဲ့သို့။ ဝိပါကော။ မကောင်းသောအကျိုးသည်။ ဟောတိ။
ဖြစ်၏။ ။ဇနိန္ဒ။လူတို့၏အသျှင်ဖြစ်တော်မူသော ခမည်းတော်မင်းတ
ရားကြီး။ နိသမ္မ။ငြုးငမ်းဆင်ခြင်၍။ ကတံ။ပြုအင်သော။ ကမ္မ။ကာယကံ
ဝစီကံသည်၎င်း။ သမ္မာဝတ္တာယ။ ကောင်းစွာနိုင်းချိမ်၍။ စိန္တိတံ။ကြံ
အပ်သော မနောကံသည်၎င်း။ ဘေသဇ္ဇသ။ ဆေး၏။ သမ္ပတ္တိ ဣဝ။
ပြည့်စုံခြင်းကဲ့သို့။ ဝါ။ကောင်းသောဆေးကဲ့သို့။ဘဒြော။ ကောင်းသော။
ဝိပါကော။အကျိုးသည်။ ဟောတိ။ဖြစ်၏။ ရထေသဘာ။ ရထားစီးခြင်း
မင်းတကာတို့ထက် မြတ်တော်မူသောမင်းတရားကြီး။ ကာမဘောဂီ။
ကာမဂုဏ်ချမ်းသာကိုခံစားသော၊ဂိဟိ။လူဖြစ်လျက်။ အလသော။ပျင်းရိ
မူကား။နသာဓု။မကောင်း။ပဗ္ဗဇိတော။ရဟန်းဖြစ်လျက်အသညတော။
ကိုယ်နှုတ်နှစ်လုံးကိုမစောင့်မူကား။ နသာဓု။မကောင်း။ ရာဇာ နေ။ရေ
မြေသဉ္ဇနင်းပြည့်ရှင်မင်းဖြစ်လျက်။အနိသမ္မ။ မငြုးမငမ်းမဆင်ခြင်မူ၍။
ကာရိ။ပြုလေရှိမူကား။နသာဓု။မကောင်း။ယော။အကြင်သူသည်။ ပဏ္ဍိ
တော။ပညာရှိဖြစ်လျက်။ကောဓနော။အမျက်ထွက်တတ်၏။ တသ။ထို
အမျက်ထွက်တတ်သောပညာရှိအား။တံကောဓ ။ထိုဇာက်ပေါအမျက်

သည်။နသာခေ။မကောင်း။ ။ဒိသမ္ဗတိ။အရပ်မျက်နှာတို့၏ အသျှင်ဖြစ်
သော။ရောဇ။ခမည်တော်မင်းကြီး။ ခတ္တိယော။ရေမြေကိုအ ိုးရသောမင်း
မည့်သည်။နိသမ္မ။စ ျုးစ်မ်းဆင်ခြင်၍။ ကိဒိယာ။ အရာခပ်သိမ်းနှာပင်ပြု
အပ်၏။ ့အနိသမ္မ။မစ ျုးမစမ်းမဆင်ခြင်မူ၍။ နကိဋိယာ။အ ရာ ငသိမ်းနှ
မပြုအပ်။နိသမ္မ။စ ျုးစမ်းဆင်ခြင်၍။ကာရိနော။ပြုလေ့ရှိသောရေမြေသေ္မ
နင်းပြည့်ရှင်မင်းအား။ယသော စ။ အခြံအရံသည်လည်းကောင်း။ ကိတ္တိ
စ။ ကျော်စောဇ္ဈန်ဝါ။ အသကာတန်ခိုးရင်း။ ဝဍ္ဎတိ။ ပွားများ၏။ ။
ဘူမိပါလေမြေအပြင်နှက်များဖြင်ပေါ်ရယ်စွာ သတ္တဝါအရတ်ကိုစောင့်
ချုပ်ထိမ်းသိမ်းပေသောခမည်းတော်မင်းမြတ်။ဣသရော။ရေမြေကိုအ
စိုးရသောပြည့်ရှင်မင်းဟူသည်။ နိသမ္မ။စ ျုးစမ်းဆင်ခြင်၍။ ဒဏ္ဍံ။ဒါဏ်
ကို။ပနယေယ။ပေးရာ၏။ဝေဂသ။အလျှင်တသော။ကဘံ။ပြုမိသောအမှု
သည်။တပ္ပတေ။ နောင်တဘန်ပူပန်ခြင်းကို ဖြစ်စေတတ်၏။ ယသနဂ
ရ သ။အကြွင်သူအား။ အတ္တာ။အကျိုးစီးပွားရှိကုန်သော။ သမ္မာပ သ ိဓိ
စ။ကောင်းစွာဆောက်တည်ခြင်းတို့သည်လည်း။ ယောန္တိ။ ရှိသည်ဖြစ်
ကုန်၏။တေနရာ။ထိုသူတို့သည်။ ပစ္ဆာ။နောက်ကာလ၌။ အနာနုတပ္ပာ။
နောင်တဘဘန်ပူပန်ခြင်းမရှိကုန်သည်။ဘဝန္တိ။ဖြစ်ကုန်၏။ ။ယေ။အ
ကြွင်သူတို့သည်။ဟိသဘ္ဗာ။အကြင့်ကြေ ငွ့။အနာနုဘပ္ပာနိ။နောင်တဘ
ဘန်ပူပန်ခြင်းကိုမဖြစ်စေတတ်သောအမှုတို့ကို။ ကရောန္တိ။ပြုမိကုန်၏။
လောကေ။လူရွာနှက်။ဝိဘဇ္ဇ။ခွဲချမ်းစိပ်ဖြာ၍။ သမ္မာယတနာနိ။အပြစ်မရှိ
သောအမှုတို့ကို၊ကရောန္တိ။ပြုမိကုန်၏။ တသ္မာ။ထိုကြောင့်။ တေသံ။ထို
သူတို့၏။ဘာနိ။ထိုနောင်တတဘန်ပူပန်ခြင်းကို မဖြစ်စေဘတ်သောအမှု
တို့သည်၊ ဗုဒ္ဓါနုမတာနိ။ ဘုရားသခင်၏အလိုအား လျော်စွာဖြစ်ကုန်
သည်၊ဝိညျုပသဋ္ဌာနိ။ပညာရှိတို့သည်ချီးမွမ်းအပ်ကုန်သည်။ သုခန္ဒြိယာ
နိ။ချမ်းသာကိုဖြစ်စေတတ်ကုန်သည်။ ဘဝန္တိ။ဖြစ်ကုန်၏။ ။ဤသို့
ဇာတ်နိပါတ်တို့နှက်။ ဘုရားသခင်သည်နောဘ်နောက်သော ငါဘုရား
၏သာသနာတော်နှက်။ ကြိုက်ကြိုကုန်သော သဒ္ဓါတရားနှင့်ပြည့်ရုံကုန်
သောမင်းကောင်းမင်းမြတ်တို့သည်။ မပြတ်နှလုံးသွင်းစေသတည်း။ ဟု
ရည်ရော်တော်မူ၍။ဟောတော်မူအပ်သည်။ ၊ထိုကြောင့်မြတ်စွာဘု
ရား၏အလိုဘော်အားလျော်စွာ။နိသမ္မကာရီတရားကို ရှေ့သွားပြု၍အမှု
ခပ်သိမ်းကိုကြည့်ရှုလုပ်ဆောင်တော်မူအပ်သည်။ မြတ်စွာဘုရားအလို

တော်နှင့်လျော်သောအကျင့်ကိုကျင့်အပ်သည်ရှိသော်။ မြတ်စွာဘုရား
သည်။ရအပ်သောခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မငြိုမငြင်မငင်မ
ပန်းသောအကျင့်ဖြင့်။လွယ်လင့်တကူမှုမှက်မှောက်ပြုရသည်။ ။ဤ
သို့ပြဆိုကဲ့ပြီးသော လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးနှင့် စပ်
သည်ဖြစ်၍။ရဟန်းရှင်လူပြည်သူအပေါင်းတို့နှင့်တကွ လူများသေဌေးနင်း
ပြည်ရှင်မင်းတို့သည်ကျင့်သုံးဆောက်တည်အပ်သော သြဝါဒအနုသာ
သနီကိုပြဆိုရာဤဓမ္မကထာစကားအစဉ်သည်။ ရှေးဟောရွှေသမင်၏အ
ဆုံးအမသြဝါဒအနုသာသနီသည်အနှစ်တထောင်ပတ်လုံး ဗာရာဏသီ
ပြည်သျှင် မင်းအဆက်ဆက်တို့အား။ အကျိုးစီးပွားကို ရွက်ဆောင်
လျက် အမြဲတည်သကဲ့သို့ အနှစ်တထောင်ပတ်လုံး။ မြမ္မာမင်းအဆက်
ဆက်တို့၏ အကျိုးစီးပွားကိုရွက်ဆောင်လျက် ပျောက်ပျက်တိမ်မြုတ်
ခြင်းမရှိတည့်စေသတည်း။ ။ရှေးဟောရွှေသမင်၏ အလုပ္ပတ္တိကား။
ဗာရာဏသီပြည်နိုက်ဗြဟ္မဒတ်မင်းမင်းပြုသောအခါ။ ငါတို့ဘုရားအ
လောင်းသည်သမင်အမျိုးနိုက်ဖြစ်တော်မူ၍။ ရွှေအဆင်းနှင့်တူသော အ
မွေးလည်းရှိ၏။ ရောဟနဟူသော အမည်သညာဖြင့် များစွာသော ရှစ်
သောင်းသောသမင်တို့၏ အကြီးအမှူးဦးကိုင်ဖြစ်၍။ ဟေမဝန္တာအရပ်
နိုက်တောင်နှလုံးကိုလွန်၍သုံးခုမြောက်သော တောင်၏အကြားနိုက်နေ
တော်မူ၏။ ထိုအခါဗာရာဏသီမင်း၏။ ခေမာမည်သော မိဘုရားကြီး
သည်။ရွှေသမင်ကိုဖူးမြင်ရခြင်းရွှေသမင်၏တရားကို ကြားနာရခြင်းအ
မှတ်တို့ကိုအိပ်မက်တွင်မြင်လာသည်ရှိသော်၊မင်းကြီးအားထိုအိပ်မက်ကို
ပြန်ကြားတင်လျှောက်လျှင်၊မင်းကြီးသည်။တဦးသောမုဆိုးကိုခေါ်၍ရွှေ
သမင်၏ နေရာ ဟိမဝန္တာသို့ စေလွှတ်လျှင်။ မုဆိုးသည် အစဉ်အ
တိုင်းသွားလတ်၍ ဘုရားလောင်း ရွှေသမင်နှင့် တွေ့လတ်သည်ရှိသော်။
ဘုရားအလောင်းရွှေသမင်၏တရားစကားကိုကြားနာရ၍ မုဆိုးသည်ရွှေ
သမင်၌လွန်စွာကြည်ညိုခြင်းချစ်ခင်ရုံမက်ခြင်း စိတ်၏နူးညံ့ခြင်းကိုဖြစ်
စေသဖြင့်မသူတော်၏အဖြစ်မှတော်လွန်၍ သူတော်စွာ၏အဖြစ်၌တည်
လေ၏။ဘုရားလောင်းရွှေသမင်သည်မုဆိုးကိုမိမိကျောက်ကုန်းနိုက်လက်
ဖြင့်သုံးသပ်စေ၍တဆုတ်မျှသောအမွေးတော်ကို ပေးလိုက်ပြီးလျှင် မင်း
ကြီးအားပြောဟောရန်တရားကိုလည်းမုဆိုးအားသင်ပြလိုက်၏။ မုဆိုး
ယောက်ျားသည်ဗာရာဏသီပြည်သို့ပြန်နစ်ခဲ့၍။ရောဟနရွှေသမင်၏တ

သုတ်မျှလောက်သောကျောက်ကု ႏမွေတော်ကိုရှေးဦးစွာပြလျက် ရှေ
ဟာနန္ဒသမင်၏ ဟောကြားလိုက်သောတရားကို ဗာရာဏသီမင်းအား
ပြန်ကြားဘင်သျှောက်လျှင်။ ဗာရာဏသီမင်းသည် လွန်မင်းစွာသဒ္ဓါ
ကြည်ညိုခြင်းဖြစ်လေရကား။မှုဆိုးယောကျ်ားကိုတရားဟောနေရာ၌ရှိ
သေစွာထားလတ်၍တရားဟောစေခြင်းငှါတိုက်တွန်း၏။ မုဆိုးယောက်
ကျားသည် ရှေဟာနန္ဒသမင်က ဘော်ပြဟောပြောလိုက်သောတရား
ကိုအဆင့်မင်းကြီးအားဟောပြောခြင်းငှါ။ ။ဓမ္မံစရမဟာရာဇ။မာတာ
ပိတုသုခတ္တိယ။စသောဂါထာတို့ကိုဟောပြော၏။ ။ခတ္တိယ၊ရေမြေ
ကိုအစိုးရသော။မဟာရာဇ။မင်းမြတ်။မာတာပိတုသု မယ်တော်ခမည်း
တော်တို့၌၊ဓမ္မံ။ ကျင့်အင်သောက်တည်အပ် လုပ်ကျွေးအင်သောတရား
ကို။စရ။ကျင့်တော်မူလော။ဣဓ။ဤလူ့ရွာနိုက်။ဓမ္မံ။မိဘတို့၌ကျင့်ရာသော
ဝတ်တရားကို။စရေတွာန။ ဖြည့်ကျင့်ဆောင်ရွက်ခြင်းကြောင့်။ ရာဇာ။
လူများသခင်နှင်းမင်းမြတ်သည်။သဂ္ဂံ။နတ်ရွာသို့၊ ဂမိဿတိ။လားရတံ့။
ခတ္တိယ။ လယ်မြေကိုအဒိုးရတော်မူသော။ မဟာရာဇ ပြည်သူအပေါင်း
တို့သည်ပူဇော်အင်သောမင်းမြတ်။ ပုတ္တဒါရေသု။ သားတော်သ္မီးတော်
မောင်းမဿံတို့နိုက်။ဓမ္မံ။ကျင့်အင်သောတရားကို။စရ။ မမေ့မလျော့
ကျင့်တော်မူလော။ဣဓ။ဤလူ့ရွာနိုက်။ဓမ္မံ။ သားတော်သ္မီးတော်မောင်းမ
မိဿံတို့နိုက်ပြုရာသောကျင့်ဝတ်တရားကို၊စရေတွာန။ ကျင့်ဆောင်
တော်မူလတ်၍။ရာဇာ။အရှင်မင်းမြတ်သည်။သဂ္ဂံ။နတ်ရွာသို့။ဂမိဿတိ။
သွားရလတ္တံ့။ ။ခတ္တိယ။လယ်မြေတို့၏အရှင်ဖြစ်တော်မူသော။မဟာ
ရာဇ။မင်းမြတ်။မိတ္တာမစ္စေသု၊အဆွေခင်ပွန်းဖြစ်သောသူ။တကွချမ်းသာ
ဘက်ဆင်းရဲဘက်ဖြစ်သောသူတို့၌။ ဓမ္မံ၊ပြုရာချီးမြှောက်ရာပေးကမ်းရာ
သောကျင့်ဝတ်တရားကို။စရ။မမေ့မလျော့ကျင့်တော်မူလော။ဣဓ။ဤလူ့
ရွာနိုက်။ဓမ္မံ။ အဆွေခင်ပွန်းဖြစ်သောသူဆင်းရဲ ချမ်းသာတူမျှဘူးသော
သူတို့၌။ဓမ္မံ။ချီးမြှောက်ထောက်ပံ့ရာသောကျင့်ဝတ်တရားကို။စရေတွာ
န။ကျင့်ဆောင်ခြင်းကြောင့်။ ရာဇာ၊အရှင်မင်းမြတ်သည်။ သဂ္ဂံ။နတ်ရွာ
သို့။ဂမိဿတိ။လားရလိမ်းသတည်း။ ။မဟာရာဇ၊မြေအပြင်၌ရှိရန်အ
ပေါင်းကိုအောင်မြင်တော်မူသောမင်းမြတ်။ ဝါဟနေသု။ ဆင်စီးသူရဲ
မြင်းစီးသူရဲရထားစီးသူရဲတို့၌ငှင်း။ဗလေသု။ ရဲမက်ဗိုလ်ပါတို့နိုက်ငှင်း။
ဓမ္မံ။ချီးမြှောက်ပေးကမ်းရာသောအကျင့်ကို။စရ။ကျင့်တော်မူလော။ဣဓ။

ဤကိုယ်၏အဖြစ်နှင့်။ဝမ်း။ ဆင်မြင်းရထားခြေသည်ဗိုလ်ပါတို့၌ ပြုရာသောကျင့်ဝတ်တရားကို။စရေတွာန။ပြုကျင့်ချီးမြှောက်ခြင်းကြောင့်။ရာဇာ။လူများသေ၌နှင်းပြည်ရှင်မင်းမြတ်သည်။သဂ္ဂ။ ကောင်းမြတ်သောရူပါရုံအစရှိသည်တို့၏တည်ရာဖြစ်သောနတ်ပြည်သို့။ဂမိဿတိ။ လားရပါလတံ့။ ။မဟာရာဇ။မင်းတကာတို့ထက်မြတ်သောမင်း။ဂါမေသုစ။ရွာတို့၌၎င်း။နိဂမေသုစ။နိဂုမ်းတို့၌၎င်း။ ဝမ်း။ချီးမြှောက်ထောက်ပံ့ရာသောကျင့်ဝတ်တရားကို။စရထ။ကျင့်တော်မူလော့။ဣဓ။ဤပစ္စုပ္ပန်အတ္တဘော၌။ဝမ်း။ရွာနိဂုမ်းတို့နှင့်ကျင့်ရာသောတရားကို။စရေတွာန။ကျင့်ရခြင်းကြောင့်။ရာဇာ။အသျှင်မင်းမြတ်သည်။သဂ္ဂ။နတ်ရွာသို့။ဂမိဿတိ။လားတော်မူလတံ့။ ။မဟာရာဇ။များစွာသောသူတို့ကိုသင်္ဂဟတရားလေးပါးဖြင့်နှစ်သက်စေတတ်သောမင်းမြတ်။ ရဋ္ဌေသုစ။ တိုင်းကြီးတို့၌၎င်း။ဇနပဒေသုစ။ဇနပုဒ်တို့၌၎င်း။ဝမ်း။ ဘုရားအလောင်းမင်းကောင်း မင်းမြတ်တို့သည်။ကျင့်အပ်ဆောင်တည်အပ်သောတရားကို။စရ။ ကျင့်တော်မူလော။ဣဓ။ဤမင်း၏အဖြစ်၌။ဝမ်း။တိုင်းပြည်ဇနပုဒ်တို့၌ကျင့်ရာသောတရားကို။စရေတွာန။ဖြည့်ကျင့်တော်မူခြင်းကြောင့်။ရာဇာ။ လူများသေ၌နှင်းမင်းတည်ဖြစ်တော်မူသောအသျှင်မင်းမြတ်သည်။သဂ္ဂံ။နတ်ပြည်သို့။ လားတော်မူရလတံ့။ ။မဟာရာဇ။များစွာသောသူတို့ကို နှစ်သက်စေတတ်သောမင်းမြတ်။သမဏဗြာဟ္မဏေသုစ။ရဟန်းပုဏ္ဏားတို့၌လည်း။ အပရိဟာနိယတရားနှင့်အညီကျင့်ရာသောတရားကို။စရ။ ကျင့်တော်မူပါ။ဣဓ။ ဤကိုယ်၏အဖြစ်၌။ဝမ်း။ ရဟန်းပုဏ္ဏားတို့၌ပွါးများ ဆောင်တည်အပ်သောကျင့်ဝတ်တရားကိုစရေတွာန၊ ကျင့်တော်မူရသောကြောင့်။ ရာဇာ။အသျှင်မင်းမြတ်သည်။သဂ္ဂ။နတ်ရွာသို့။ဂမိဿတိ။ရဝင်၏။ အချားမဲ့၌လားတော်မူရလတံ့။ ။ဧတ္တိယ။လယ်မြေကိုအပိုင်းရတော်မူသော၊မဟာရာဇ။မင်းမြတ်။မိဂပက္ခိသု။ သားငှက်တို့၌။ဝမ်း။ဘေးမဲ့ ပေးခြင်းတည်းဟူသောကျင့်ဝတ်တရားကို။စရ၊ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့၏ ကျင့်ဝတ်တရားနှင့်အညီကျင့်တော်မူပါ။ဣဓ။ဤလူရွာ၌။ဝမ်း။သားငှက်တို့၌ကျင့်ရာသောဘေးမဲ့ပေးခြင်းတည်းဟူသောအကျင့်ကို၊စရေတွာန။ကျင့်ရသောကြောင့်။ရာဇာ။အသျှင်မင်းမြတ်သည်။သဂ္ဂ။ နတ်ရွာသို့။ဂမိဿတိ။ဤကိုယ်၏အဖြစ်မှအချားမဲ့သောဘဝ၌သွားလာစံစားရလတံ့။ ။မဟာရာဇ။မင်းမြတ်။ဝမ်း၊မင်းကောင်းမင်းမြတ်တို့သည်။ကျင့်

အပ်သော ဝိပဿနာစသောတရားကို၊ စရ။ဖြည့်ကျင့်ပွါးများတော်မူ
လော။သုစိဏ္ဏော။ကောင်းစွာလေ့ကျက်အပ်သော။ဓမ္မော။ ဒါနသီလဘာ
ဝနာတရားသည်။ သုခံ။ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို။
အာဝဟတိ။ရွက်ဆောင်တတ်၏။ဣဓ။ဤဘဝ၌။ဓမ္မံ။ဒါနသီလ။ဘာဝနာတ
ရားကို။စရေထ။ဖြည့်ကျင့်ဆောင်ရွက်တော်မူခြင်းကြောင့်။ ရာဇာ။
အသျှင်မင်းမြတ်သည်။သဂ္ဂံ။ကောင်းမြတ်သောအာရုံတို့၏ တည်ရာဖြစ်
သော နတ်ဘုံသို့။ဂမိဿတိ။လားတော်မူရလတံ့။ ။မဟာရာဇ။မင်းမြတ်။
ဓမ္မံ။ကုသိုလ်တရားကို။စရ။ကျင့်တော်မူလော။သဗြာဟ္မဏာ။ ဗြဟ္မာနှင့်တ
ကွကုန်သော။ဣန္ဒာ။ သိကြားတို့သည်၎င်း။ဒေဝါ။ နတ်တို့သည်၎င်း။ သု
စိဏ္ဏေန။ ကောင်းစွာလေ့ကျက်အပ်သောတရားကြောင့်။ဒိဝံ။ နတ်ရွာ
ဗြဟ္မာရွာသို့။ပတ္တာ။ ရောက်ကြကုန်၏။ရာဇ။ အသျှင်မင်းမြတ်တို့သည်။
ကျင့်အပ်သောတရားအပေါင်း၌။ပမာဒေါ။ မေ့လျော့ခြင်းသည်။ မာအ
ဟောသိ။မဖြစ်စေလင့်။ ။ဤသို့သောတရားဒေသနာတော်ကိုဗာရာဏ
သီမင်းကြီးအားဟောကြားပြီးလျှင်။ မုဆိုးယောက်ျားသည်။ ရသေ့ရ
ဟန်းပြု၍ဈာန်အဘိညာဏ်ကိုဖြစ်စေ၏။ ထိုရောဟဏ ရွှေသမင်ဟော
ကြားသောတရားကိုအနှစ်အထောင်ပတ်လုံးဗြဟ္မဒတ်မင်းအဆက်ဆက်
တို့သည်မပျောက်မပျက် လက်စွဲလက်သုံးပြု၍ အသက်ဆုံးသည့်တိုင်
အောင်ကျင့်ဆောင်မှတ်နာကြကုန်သည်။ ။ဤဇာတ်မှာကဲ့သို့ပင်။ယခု
အခါ မုဆိုးယောက်ျားနှင့်တူသော သဃ်ရာဇာငါမထေရ်သည်လည်း။
ဘုရားအလောင်းရွှေသမင်နှင့်တူသောသူရိယဝံသာဘိသိရိပဝရာလင်္ကာ
ရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်နာမံတော်ရှိသောပိ
ယဝါဒီမနာပစာရီယုဿဝါဒီနယဝါဒီ ဝိပဿနာယောဂီ လဇ္ဇီပေသလ
သိက္ခာကာမပဝါရိယဂ္ဂိကောဝိဒ ကလျာဏမိတ္တအစစ်ဖြစ်တော်မူ၍ ချစ်
အပ်နှစ်သက်အင်သော ကျောက်ထီးကဲ့သို့ အလေးအမြတ်ပြုအင်သော
သဃ်ရာဇာမထေရ်မြတ်၏အထံတော်မှရအပ်ဆောင်ရွက်အပ်မှတ်အပ်
သိအပ်မြင်အပ်သောတရားတို့ကို။ ဗာရာဏသီပြည်။ဗြဟ္မဒတ်မင်းအား
မုဆိုးယောက်ျားသည်ဟောသကဲ့သို့။ ငါတို့သာသနဒါယကာမဟာဓမ္မ
ရာဇာဘုရားမင်းမြတ်အား ပြောကြားညွှန်ပြလတ်ပြီ။ မုဆိုးယောက်ျား
သည်ရောဟဏရွှေသမင်၏အဆုံးအမ၌တည်၍။သီလရှိသော ရသေ့ရဟန်း
၏အဖြစ်နိုက် တည်သကဲ့သို့ ငါသည်လည်း။ ငါတို့ကျေးဇူးသခင် မ

ဟာထေရ်မြတ်၏ အာရုံး အမန္တက်တည်၍။ သီလဝန္တလက္ခဏပေသလ၏ အဖြစ်သို့ရေဝံလတ်ပြီ။ ရောဟဏရွှေသမင်၏အဆုံးအမဩဝါဒအနုသါ သနသည်အနှစ်၅ထောင်ယခေါင်မြင့်ကြာ ကာလအရှည်တည်လေသ ကဲ့သို့။ ထို့မှတရထည်၍သုရောဇမင်္ဂဒီပနီမည်သော ဩဝါဒအနုသာသ နီစကားအစဉ်သည်လည်း အနှစ်တထောင်ပတ်လုံး ကြာမြင့်စွာတည်၍ နောင်လာလတ္တံ့သောမင်းအဆက်ဆက်တို့၏ အကျိုးစီးပွါးကို များစွာ ဆောင်ရွက်လျက် ပျောက်ပျက်တိမ်မြုတ်ခြင်းမရှိ တည်ရစ်ပင်စေသ တည်း။ ။ဤရောဟဏဇာတ်ကားဝီသတိနိပါတ်နိုက်လာသည်။

ဗြဟ္မာဝတာစ။ ။ဗုဒ္ဓပစ္စေကဗုဒ္ဓအဂ္ဂသာဝကမဟာသာဝကာနဉ္စ ဝ။ စက္ကဝတ္တိပဘုတိနံပုညဝန္တာနဉ္စ ဥပပတ္တိဋ္ဌာနဘူတဿ ဇမ္ဗုဒီပဿသိခ ဘူတေပရမ္မရဋ္ဌေနာနာရဋ္ဌာနံ အာယမုခဘူတံ ဧရာဝတီသံဇေရာဝတိန ဒဿိဘံမန္တလာစလသာမန္တံ။ ရတနာပုဏ္ဏနာမိကံမဟာရာဇဋ္ဌာနံပဋ္ဌ မံယောဓမ္မရာဇာမာပေသိ။ တေနသဟမဟာဒေဝိယာဒါနသီလဘာဝ နာသုအဘိရတေနဗဟုဿုတေနမာသေမာသေပဉ္စဒသကဟာပဏသ ဟဿံစဇိတွာမဟာဒါနံဒါနေနသာသနေ့ဿာတာသိမတေန ဓမ္မရာဇေန အနုဂ္ဂဟိတောပရိယုပါသိတော။ ဥဇုဓမ္မာဘိမုနိဝရညာဏကိတ္တိဓ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု တိလက္ခိတနာမဝိသေသောမ ဟာထေရဝရောအတ္ထိ။ သက္ကတောဂရုကတောမာနိတောပူဇိတော။ တ ထေဝသုဂ္ရိသ သမ္မတောဟိမဟာထေရဝရေဟိပိသီလဝန္တေဟိ၊ အနု ထေရေဟိ။ အထာပိသိယာမရဋ္ဌလံကာဒီပဝါသိဟိယတိဂဏေဟိပိ။ သိ ဟဠဒီပဝါသိနံမဟာဝိဝါဒံဝူပသမေတုံသမတ္ထောမဟါဝေယျာကရဏ တော။ ။ဟောန္တိစေတ္ထ။ ။ဇမ္ဗုဒီပဿသိခရေ။ မြမ္မရဋ္ဌေဝမာပိတာ၊ ရာဇဋ္ဌာနီသုရာဇေန။ ကုသလာဘိရတေနစ။ ။တဿေဝတ္ထရောသုမာနိ တော။ အဂ္ဂဟိတဘပဝေဒကော။ သာသနိသောဓကောအတ္ထိ။ ဘာဝနာဘိ ရတောသဒါ။ ။သောရာဇာဓိရာဇဖိန္နောအနေကသေတိဘိန္နောဘာဝနာ သွာဘိရတော။ ဓမ္မရာဇာတမေဝ။ မဟာထေရံပုနပ္ပုနမဘိစောဒယိ။ လောကဓမ္မပဋိသံယုတ္တံဝိသေသတော ခယဝယပဋိဗဒ္ဓံဝါစနာမဂ္ဂံ ရစ ယိတုံတဿာမဟာထေရဝရော ဥပသမ္ဗိဝသိကောဇာတိယာ ရတနာ ပုဏ္ဏပုရဝရဿပုရတ္ထိမဒိသာဘာဂေ မဟာအာရာမေအဓိဝသန္တော အကာသိသုရာဇမင်္ဂဒီပကံ။ ။ဟောတိစေတ္ထ။ ။နာနာရဋ္ဌဿရေနာပိ၊

ဘူမိပါလေနစောဒိတော။ထေရောအကာသိတံဂန္ထံ။ ဒွိပဟိအဗ္ဘောပဋိသံ
ယုတ္တံ။ ။သောစာယံဂန္ထောမိဂသိရမာသဿဇုဏှပက္ခတေရသမိယံ
ရဝိဝါရေပဋ္ဌာယရစိတော။အဋ္ဌန္တရာအပိရဋ္ဌါရဟာဿကမ္ဗသာ။အာ
လုလိတတ္တာ မာဃသဿဿ ကာလပက္ခစတုဒ္ဒေ အင်္ဂါရဝါရေနိဋ္ဌံဂ
တော။ ။သောပနဂန္ထောသာသနယုမ္ဟိဒွိသဟဿံစတုဝသာဒိကဋ္ဌစတု
သတံသမ္ဗုတ္တေ။ သဟဿေတောဥပရိဗာဝိသာဓိကဒွိဝသံ သတေသုအ
တိက္ကန္တေသု။ဂေါဇာသက္ကရာဇေသုပါတုဘဝတိ။ ။ဟောန္တိစေတ္တ။ ။
ဒွိသဟဿံစတွာဒိကံ။စတုသတဋ္ဌအာယုနာ။ သာသနသံ့စသမ္ဗုတ္တေသံ
ဝဿေရေဇယံဂတော။ ။သက္ကရာဇေနသမ္ဗုတ္တေ။ သဟသောဒွိသဘော
ဓိဝ။ ဗာဝီသတိယာဝသောစ။ မာဂမာသေဋရံဂတေ။ ။ကာသံပက္ခံ
စတုဒ္ဒေဝ။ အင်္ဂါရေ ပရိနိဋ္ဌိတော။ ။တဒါစေသာရော အကာသိ
ပတ္တနံ ။ဠုမိနာပုညကမ္မေန။ ဒိပ္ပါဘိညောန ဇာနတော။ ပူရေတွာ။
နသုခေနသာဓကေဉာဏပါရမီ။ ။သင်္ဂါဘိညာယသံယုတ္တော။သဗ္ဗ
ကရောဒိသမ်ဂါဝင်။ပဋိသမ္ဘိဒပတ္တော၀။ယောဂက္ခေမံသုဒုတရန္တိ။ ။ဝေ
ဝဠအကာသိပတ္တိဒါနံ။ ။ပုညရာသိငယံ။လဒ္ဓါမာတာပိတုယမာသစ။
ဓမ္မရာဇာဿသေသာနံ။ဘာဂံဒဒါမိသေအဟံ။ ။ဇဟုကာယာစယေဂု
ရုသိလသိက္ခာသုဘိဗ္ဗကာ။ ဖနာတေသံပိနိယျာသိ။ လဒ္ဓမေပုညံဝဖုဂ်
တန္တိ။ ။ဝေဠအကာသိအာသိသနံ။ ။ယံလဒ္ဓကုသလံဘသာ။အာနုံ
ဘာဝေနသဗ္ဗဒါ။လောကံရက္ခတုဓမ္မေန။ ရာဇာပါလတုသာသနံ။ ။ဒိ
ဃာယုကောစသောရာဇာ။ ဒါနသီလေသုဥယျုတော။ ဘာဝနာဘိရ
တောဟောတု။ဗုဒ္ဓဓမ္မေသုနိစ္စလော။ ။မန္တုန္တိကာသုရိယောဝ။ဇောတေ
တုဇိနသာသနံ။အာကိဏ္ဏောဟောန္တု။လဇ္ဇီဟိ။ယတိဟိဗုဒ္ဓသာသနေ။ ။
ကာလေဝဿတုဒေဝေါစ။ပုဏ္ဏသာသနေဂတံ။ နိဒုက္ခာဟောန္တုပါဏိ
နော။ သိလံရက္ခန္တုသဗ္ဗဒါတိ။ ။စ။ကျမ်းပြုဆရာတို့၏ တံထွာပြု
ကောင်းသောကျမ်းစာ၏အဆုံးနှိက်နိဂုဏ်းကျွတ်အပြီးသတ်စကားကို
ပြဆိုဦးအံ့။ဝေတ္တဝတာ။ ဝေတဝန္တေနဝစနက္ကမေန။ ဤမျှအတိုင်းအချည်ရှိ
သောစကားအစည်းဖြင့်။ ။ဗုဒ္ဓပစ္စေကဗုဒ္ဓအဂ္ဂသာဝကမဟာသာဝ
ကာနဉ္စ။ဘုရားပစ္စေကဗုဒ္ဓါ။ အဂ္ဂသာဝကမဟာသာဝကတို့၏လည်း
ကောင်း၊စက္ကဝတ္တိပဘုတိနံ။စကြာမင်းအစရှိကုန်သော။ ပုညဝန္တာနဉ္စ။
ဘုန်းရှိသောသူတို့၏လည်းကောင်း။ ဥပ္ပတ္တိဋ္ဌာနဘူတဿ။ ဖြစ်ရာအရပ်

ဖြစ်၍ဖြစ်သော။ ဇမ္ဗူဒီပသာ။ဇမ္ဗူဒီပါလကျ်ာကျွန်းမြတ်၏။သိခါဘူထေ။
ဦးစွန်း၏သဘွယ်ဖြစ်၍ဖြစ်သေါ။မရမရဋ္ဌေသုနငရံတဗ္ဗဒီပစသေါမြန်မါ
တိုင်းရပ်နှိက်။နာနာရဋ္ဌာနံ။အထူးထူးသေသတိုင်းကြီးပြည်ကြီးတို့၏။အာ
ယမုခဘူတံ။အစွန်ဘဏ္ဍာဆက်သွင်းရာဖြစ်၍ဖြစ်သော။ ညောင်ဝိဂါသံ။
ဘုန်းရှိသောသူတို့၏နေရာဖြစ်သော။ ဧရာဝတိနဒသိဝိတံ။ ဧရာဝတီ
မြစ်ကိုလည်းမှီထသော။မန္တလာဝလသမန္တံ။ မန္တလေးတောင်၏ အနီး
လည်းဖြစ်ကုန်ထသော။ ရတနာပုဏ္ဏနာမကံ။ ရတနာပုံအမည်ရှိသော။
မဟာရာဇဋ္ဌာနီ။မင်းနေပြည်ကြီးကို၊ ပဋ္ဌမံ၊လက်ပွန်အစမဆွရှေးဖျားစွာ။
ယောဓမ္မရာဇာ။ အကြင်ငါတို့သာသနဒါရကာမဟာဓမ္မရာဇာမင်းမြတ်
သည်။ မာပေသိ။ဘန်ဆင်းတည်ထောင်လတ်ပြီး။ မဟာဒေဝီယာ။မိဘု
ရားကြီးနှင့်။သဟ။တကွ။ ဒါနသီလဘာဝနာသု၊ အလှူပေးခြင်း သီလ
ဆောက်တည်ခြင်း။ဘာဝနာကိုပွားခြြင်းတို့နှိက်။အဘိရတေန။ အလွန်
မွေ့လျော်သော။ ဗဟုသဒ္ဓေန။ များသောအကြွားအပြင်ရှိသော။ မာ
သေမာသေ၊ လတိုင်းလတိုင်းနှိက်။ ပစ္စဒသကဟာပနသဟဿံ။ တ
သောင်းငါးတောင်သောအသပြာကို။ စရိတွာ။စွန့်၍။ မဟာဒါနံ၊ကြီးစွာ
သောအလှူကို။ဒါနေန။ပေးကမ်းလှူဒါန်းတော်မူသော။သာသနဓ္ဓာတာ
ဘိပတေန။ သာသနာတော်၏တောက်ပထွန်းလင်းခြင်းကိုအလွန်အလိုရှိ
တော်မူသော။တေနဓမ္မရာဇေန။ထိုငါတို့မင်းတရားကြီးသည်။ အနုဂ္ဂဟိ
တော။ချီးမြှောက်အပ်သော။ ပရိယုပါသိတော။ ဆည်းကပ်အပ်သော။
ညောယျာခမ္မာဘိမုံနိဝရဉာဏကိတ္တိသိရိဇောဓမ္မသေနာပတိ မဟာဓမ္မရာ
ဇါဓိရာဇဲ ဂုရုဘိ။မဟာဓမ္မရာဇါဓိရာဇဂုရုဟူ၍၊လက္ခိတနာမပိသေသော။
မှတ်အပ်သောအမည်ထူးရှိသော။သက္ကတော။အရိုအသေပြုအပ်သော။ဂ
ရုတော။ အလေးအမြတ်ပြုအပ်သော။ မာနိသော။မြတ်နိုးအပ်သော့။ ပူဇိ
တော။ပူဇော်အပ်သော။တထေဝ။ထိုအတူသာလျှင်။ သပ္ပုရိသသမ္ဘတော
ဟိ။သူတော်ကောင်းဟူ၍သမုတ်အပ်ကုန်သော။ သီလဝန္တေဟိ။သီလရှိ
ကုန်သောမဟာထေရဝရေဟိပိ။မဟာထေရ်မြတ်တို့သည်၎င်း။အနုထေရေ
ဟိပိ။မထေရ်ငယ်တို့သည်၎င်း။သက္ကတော။အရိုအသေပြုအပ်သေါ။ဂရုက
တော။ အလေးအမြတ် ပြုအပ်သော။ မာနိတော၊မြတ်နိုးအပ်သော။ ပူဇိ
တော။ပူဇော်အပ်သော။ အထာပိ။ထိုမှတပါးလည်း။ သိယာမရဋ္ဌလင်္ကာ
ဒီပဝါသိဟိ။ယိုးဒယားတို့၏တိုင်းပြည်။ သီဟိုဠ်ကျွန်းနှိက်နေလေ့ရှိကုန်

သော။ရတိဂဏောဟိဝိ။ ရဟန်းအပေါင်းတို့သည်လည်း။သင်္ကာတော။အရှိ
အသေပြုအပ်သော။ဂရုကတော။အလေးအမြတ်ပြုအပ်သော။ နိပါတော။
မြတ်နိုးအပ်သော။ပူဇိတော။ပူဇော်အပ်သော၊ သီဟဠဒီပဝါသိနံ၊သီဟိုဠ်
ကျွန်းနိုက်နေလေ့ရှိကုန်သော ရဟန်းတို့၏။ မဟာပဒီပေါဒ ကြီးစွာငြင်းခုံ
ခြင်းကို၊ဝူပသမေတုံ။ငြိမ်းစေခြင်းငှါ။သမတ္ထော။စွမ်းနိုင်သော။မဟာဝေ
ယျာကရဏကော။ ကြီးစွာသော၊ အမေးပုစ္ဆာပြဿနာကိုဖြေခြင်းငှါ
စွမ်းနိုင်သော။မဟာထေရာရော။မဟာထေရ်မြတ်သည်။အဋ္ဌိ။ရှိ၏။ ။
ဧ။သဂ်ဟာဂါထာကိုဆိုဦးအံ့။ဌေတ္တ။ဤရတနာပုံပြည်ကြီးကိုတည်ထောင်
ဘန်ဆင်းသောမင်းမြတ်၏။ ချီးမြှောက်ထောက်ပန့်ရာနိုက်။ ဂါထာအဋ္ဌကွ
ရာဂါထာတို့သည်။ဟောန္တိ။ဖြစ်ကုန်၏။ ။ဇမ္ဗုဒီပသ။ဇမ္ဗုဒီပါကျွန်း
ကြီး၏။သိခရေ။ဥစ္စွန်းသဖွယ်ဖြင့်သော။ပရမ္မဧဝ။ မြန်မာတိုင်းရင်နိုက်
သာလျှင်။ကုသလာဘိရတေနစ။ ကုသိုလ်တရားတို့၌ အလွန်မွေ့လျော်
တော်မူသည်လည်းဖြစ်သော။ သုရာဇေန။မင်းကောင်းမင်းမြတ်သည်။ရာ
ဇဌာနံ၊ရတနာပုံအမည်ရှိသော မင်းနေပြည်ကြီးကို။မာပိတာ။ ဖန်ဆင်း
တည်ထောင်တော်မူအပ်ပြီ။ ။တသ။ရညော။ထိုမင်းသည်။သုမာနိ
တော။လွန်စွာမြတ်နိုးအပ်သော။တသာ။ရညော။ ထိုမင်းအား။အဋ္ဌပဟိ
တပဝေဒကော။ အကြွေးစီးပွါးကိုပြောကြားတတ်သော။ သာသနသောဝ
ကော။သာသနာတော်ကိုသုတ်သင်ရှင်းလင်းတတ်သော။သဒ္ဒါ။ အခါလေ
မြင့်။ဘာဝနာဘိရတော။ဘာဝနာ၌။အလွန်မွေ့လျော်သော။ ထေရော။မ
ဟာထေရ်သည်။အဋ္ဌိ ရှိ၏။ ။ရာဇာဝေရာဇိနော။မင်းတကာတို့တက်
မြတ်သော။မင်းတို့ကိုအစိုးရတော်မူသော။အနေကသေတိဘိန္ဓော။ ဆင်
ဖြူများရှင်ဖြစ်သော။ဘာဝနာသု။ဘာဝနာတို့၌၊အဘိရကော။ အလွန့်မွေ့
လျော်တော်မူသော၊သောဓမ္မရာဇာ။ငါတို့တရားမင်းမြတ်သည်။တမေဝ
မဟာထေရဝရံ၊ ထိုမဟာထေရ်မြတ်ကိုပင်လျှင်။ လောကဓမ္မပဋိသံယု
တံ။လောကဓမ္မနှင့်စပ်ရှည်သော၊ဝါဇမဂ္ဂဥ။ကေါးအစဉ်ကိုဝှင်း။ဝိသေသ
တော။အထူးအားဖြင့်။ ခယဝယပဋိဗဒ္ဓံ။ယေဝယနှင့်စပ်ယှဉ်သော။ ဂါဇ
နာမဂ္ဂဥ။ဘာဝနာဇကားအစဉ်ကိုဝှင်း။ဇရိကု ။ပြုစီရင်ခြင်းငှါ။ ပုနပ္ပုနံ။
အကြိမ်ကြိမ်၊အဘိစောဒယိ။ ရှေ့ရှုတိုက်တွန်းနိုးဆော်လတ်ပြီ။တသ္မာ။
ထိုကြောင့်၊ဇာဝငိယာ၊ပဋိသန္ဓေအားဖြင့်။ဒွါသမ္ဘဝသိကော။ ခြောက်ဆယ်
နှစ်နှစ်ရှိပြီးသော။ရတနာပုဏ္ဏပုရဝရသ။ ရတနာပုံပြည်မြတ်၏။ပုရတ္ထိ

မဒ္ဒိသာဘာဂေ။အဘေ့ရှ္စ အရပ်မျက်နှာအဘို့၌တည်သော။မဟာဒါအာရာမေ။
အာရမ်ကြီး၌။အစ္ဆျာဝသန္တော။ဒိုးအုပ်၍နေသော၊ မဟာထေရဝရော။မ
ဟာထေရ်မြတ်သည်။သုရာဇမဂ္ဂဒီပဏီ။သုရာဇမဂ္ဂဒီပဏီအမည်ရှိသော
ကျမ်းကိုပြုလုပ်စီရင်ပြီး။ ။င။အကျဉ်ဟာသင်္ဂါထာကိုဆိုဦးအံ့။ဧတ္ထ။
ဤမင်းတရားကြီး၏တိုက်တွန်းနိုးဆော်ရာနှိုက်။ဂါထာ။ အကျဉ်သင်္ဂဟ
ဂါထာသည်။ဟောာဝ်။ဖြစ်၏။ ။နာနာရဇ္ဇသမေနာပိ။အထူးထူးသော
တိုင်းကြီးတို့ကိုအစိုးရသည့်လည်းဖြစ်သော။ ဘူမိပါလေန။ ရေမြေရှင်
မင်းတရားကြီးသည်။ စောဒိတော။တိုက်တွန်းနိုးဆော်အပ်သော။ ထေ
ရော။သဃရာဇာမဟာထေရ်သည်။ဗ္ဗိဟိအတ္ထေဟိ။ လောကီလောကုတ္တ
ရာနှစ်ဖြာသောအကျိုးတို့နှင့်။သံယုတ်။စပ်ယှဉ်သော။တံဂန္ထံ။ထိုသုရာဇ
မဂ္ဂဒီပဏီအမည်ရှိသောကျမ်းကို၊အာကာသိ။ပြုစီရင်လတ်ပြီ။မိဂသိရ
မာသသ္မိ၊ နတ်တော်လ၏။ ဇုဏှပက္ခတေရသမိယံ။ လဆန်းပက္ခ။တဆဲ့
သုံးရက်မြောက်သောနေ့နှိုက်။ ရဝိဝါရေ။ တနင်္ဂနွေနေ့နှိုက်။ပဋ္ဌာယ။စ
၍။ရစိတော၊ရေးသားစီရင်အပ်သော။သောစာယံ၊ သောစအယံဂန္ထော။
ထိုသုရာဇမဂ္ဂဒီပဏီအမည်ရှိသော ကျမ်းသည်လည်း။အန္တရန္တရာ။အ
ကြားအကြား၌။ အဒိရန္တရိတသာ။ မချွတ်မယွင်းပြုလုပ်ကောင်းသော။
ကမ္မသာ၊လောကီကိဥ၏။အာသုလိဘည္ဟာ။ ခြောက်ခြားနှောင့်ရှက်အပ်
သည်၏အဖြစ်ကြောင့်။ မာဃမာသသ။ တပို့တွဲလ၏။ ကာလပက္ခ စ
တုဒ္ဒေ။ လကွယ်ပက္ခ လေးရက် မြောက်သောနေ့နှိုက်။ အင်္ဂါဝါယေ။
အင်္ဂါနေ့နှိုက်။နိဋ္ဌံ။ပြီးခြင်းသို့။ဂတော။ ရောက်၏။ပန။ ထိုကျမ်း၏ပြီးရာ
သက္ကရာဇ်ကိုဆိုဦးအံ့။ ။သောဂန္ထော။ထိုသုရာဇမဂ္ဂဒီပဏီမည်သော
ကျမ်းသည်။သာသနယမို၊သာသနာတော်၏အသက်သည်။ ဒွိသဟာသ
ဋ္ဌ။နှင်ထောင်သို့ရင်း။စတုဝသာဒိကံ။လေးနှစ်အလွန်ရှိသော။စတုဝသ
သတဋ္ဌ။အနှစ်လေးရာသို့ရင်း၊သမ္ဗတ္တေ။ ရောက်လတ်သည်ရှိသော်။ပါတု
ဘဝတိ၊ထင်ရှားဖြင်၏၊သဟာသံတော။ တထောင်မှ။ ဥပရိ၊အထက်၌၊
ဟာဝိသာဓိကဒွိဝဿသဘောသု။ နှစ်ဆဲ့နှနှစ် အလွန်ရှိသောအနှစ် နှစ်ရာ
ကာလရှိကုန်သော။ ဂေါဇာသက္ကရာဇေသု။ ဂေါဇာသက္ကရာဇ်တို့သည်၊
အတိက္ကန္တေသု။လွန်ကုန်သည်ရှိသော်။ပါတုဘဝတိ၊ထင်ရှားဖြင်၏။ ။
စ။အကျဉ်းသင်္ဂဟဂါထာကိုဆိုဦးအံ့။ဧတ္ထ။ဤကျမ်းပြီးရာနှစ်လရက်ကို
ဆိုရာနှိုက်။ဂါထာ။ ဂါထာသင်္ဂဟတို့သည်။ဟောန္တိ။ ဖြစ်ကုန်၏။

သာသနသာစ။သာသနာတော်၏လည်း။အာယုနာ၊အသက်အားဖြင့်၊ဒွိသ
ဟဿံစ။နှစ်ထောင်သို့ရင်း။စတ္တာဓိကံ။ လေးရာအလွန်ရှိသော။ ငတုသ
တဋ္ဌ၊လေးရာသို့ရင်း။သမ္ဗစ္ဆရ။ရောက်သော။ သံဝစ္ဆရေ။နှစ်၌ကား။ ဖယိ။
ပြီးစီးအောင်မြင်ခြင်းသို့။ဂတော။ရောက်၏။သက္ကရာဇ်နေ။ ဂေါဇာသက္က
ရာဇ်အားဖြင့်။ သဟဿေစ။ တထောင်သည်ရင်း။ ဒွိသတေဒ်စ။နှစ်ရာ
သည်ရင်း။ဒွါဝီသတိမြွယာ။နှစ်ဆဲ့နှစ်ပြောက်သော။ငသေဋ။နှစ်သည်
ရင်း။သမ္ဗစ္ဆရ။ရောက်လတ်သည်ရှိသော်၊မာဃမာသေ။ တပို့တွဲလ၌ကား။
ပရံ။နောက်ဖြစ်သော။ ကာလပက္ခံ။ လကွယ်၏ပက္ခသို့။ ဂတေ။ ရောက်
သော။စတုတ္ထေဝ။ လေးရက်မြောက်သောနေ့၌ကား။သာလျှင်။ အင်္ဂါရေ။
အင်္ဂါနေ့၌ကား။ပရိနိဋ္ဌိတော။ထက်ဝန်းကျင်မှပြီးစီးအောင်မြင်လတ်ပြီ။ ။
တဒါ။ထိုကျမ်းပြီးသောအခါ၌ကား။ထေရော။ မဟာထေရ်သည်။ ဝတ္တနံ။
ပန်လာသုတောင်းခြင်းကို။အကာသိ။အကာသိပြုပြီး။ ကိံ အကာသိ။ အ
ဘယ်သို့ပြုသနည်းဟူမူကား၊ ။ဇာမိနာပုညကမ္မေန၊ကျမ်းကိုပြုရသော
ဤကောင်းမှုကြောင့်။သာဝကညာဏ. ပါရမီ။သာဝကပါရမီညာဏ်ကို။
ပူဒေတွာန။ပြီးစေ၍။ဒိပ္ပာဘိညေန။ လျှင်မြန်သောအဘိညာဏ်ရှိသော။
သုခေန။ မညိုမငြင်မပင်မပန်းသောအကျင့်ဖြင့်။ဇာနကော။ သစ္စာလေး
ပါးကိုသိမြင်သည်။ ။ဆဠ္ဌာဘိညာယ။အဘိညာဏ်ခြောက်ပါးနှင့်။သံ
ယုတ္တော။ယှဉ်သည်၊ပဋိသမ္ဘိဒပတ္တောင။ ပဋိသမ္ဘိဒါညာဏ်ကိုရသည်
သာလျှင်။ဟုတွာ။ဖြစ်၍။ယောဂက္ခေမံ၊ ယောဂလေးပါးတို့၏ကုန်ရာဖြစ်
သော။သုံခတ္တရံ၊ ချမ်းသာတကာတို့ထက် လွန်ကဲသော။ အသင်္ခတံ။ ကံ
စိတ်ဥတုအာဟာရတည်းဟူသောအကြောင်းတရားတို့၏ ပြုပြင်ခြင်းမှ
ကင်းသောနိဗ္ဗာန်ကို၊ သစ္ဆိကရောမိ။ မျက်မှောက် ပြုရလို၏။ ဇာတိ၊ ဤ
သို့။ ပတ္တနံ။ ဆုတောင်းခြင်းကို။ အကာသိ။ပြုပြီ။ ။ဝေဋ္ဌ။ ဤသို့
လည်း၊ထေရော။ မဟာထေရ်သည်။ပတ္တဒါနံ။ ကုသိုလ်၏အဘို့ကိုပေး
ဝေခြင်းကို၊ အကာသိ။ ပြုပြီ။ ။ကိံ အကာသိ။ အဘယ်သို့ ပြု
သနည်းဟူမူကား ။ယဋ္ဌပုညရာသိ၊ အကြင်ကုသိုလ်အစုကောင်း
မှုအသျှဉ်ကိုလည်း။မယာ။ငါသည်။ လဒ္ဓံ၊ရအပ်ပြီး။ တံပုညဘာဂံ။ ထို
ကောင်းမှု၏အဘို့ကို။ မာတာပိတုယမသာစ။ မိခင်ဘခင်ယမမင်းအား
ရင်း။ဓမ္မရာဇာသ။သာသနဒါယကာ မဟာဓမ္မရာဇာတရားမင်းမြတ်အား
ငင်း သေသာနဌ။ကြွင်းသောသတ္တဝါတို့အားရင်း။သောအဟံ။ထိုငါသည်။

ဒဒါမိ ငပေးငေ၏။ ။ဗဟုပကာရာ။များသောကျေးဇူးရှိပေကုန်သော။
သီလသိက္ခာသု။သီလသိက္ခာတို့၌။တိပ္ပကာ။ ထက်သောအလိုဆန္ဒရှိကြ
ကုန်သော။ယေစဂရု။အကြင်ဆရာမြတ်တို့သည်လည်း။သန္တိ။ ရှိကုန်၏။
တေသမ္ပိ။ထိုဆရာမြတ်တို့အားလည်း။အရနာ။ယခုအခါ၌။ မေမယာ။ငါ
သည်။လဒ္ဓံ။ရအပ်သော။ဝဍ္ဎိတံ။ ပွါးစေအပ်သော။ ပုညံ။ကောင်းမှုကို။
နိယျာသိ။ဆောင်နှင်းပေးပေပြီ။ဉာတိ။ဤသို့။ ပတ္တိဒါနံ။ ကုသိုလ်အဘို့ကို
းဝေခြင်းကို။အကာသိ။ပြုပြီ။ ။ဝေဠု။ဤသို့လည်း။ ထေရော။ကျမ်းပြု
ျမဟာထေရ်သည်။ အဘိသန။ တောင့်တခြင်းကို အကာသိ။ပြု
။ကိံ အကာသိ။အဘယ်သို့ပြုသနည်းဟူမူကား။ ။မေမယာ။ငါ
သည်။ယံကုသလံ။အကြင်ကုသိုလ်ကို။လဒ္ဓံ။ရအပ်ပြီ။တဿ။ထိုကုသိုလ်
၏။အာနုဘာဝေန။အာနုဘော်ကြောင့်။ သဗ္ဗဒါ။အခါလေမြင့်။ ရာဇာ။ရေ
မြေသေဋ္ဌနင်းပြည်ရှင်မင်းသည်။ ဓမ္မေန။တရားသဖြင့်။ လောကံ။ လူအ
ပေါင်းကို။ရက္ခတု။စောင့်ရှောက်စေသတည်း။သာသနံ။ သာသနာတော်
ကို။ပါလေတု။ထိမ်းသိမ်းစေသတည်း။ ။သောရာဇာ။ထိုရေမြေသေဋ္ဌ
နင်းမင်းတရားကြီးသည်။ ဒိဃာယုကောဝ။ သက်တော်ရာကျော် ရှည်
တော်မူသည်လည်း။ဟောတု။ဖြစ်ပါစေသတည်း။ ဗုဒ္ဓဓမ္မေသု။မြတ်စွာ
ဘုရားသည်ဟောတော်မူအပ်သောတရားတို့၌။ နိစ္စလော။ မတုံမလှုပ်
သက်ဝင်ယုံကြည်သည်၊ဟုတွာ။ဖြစ်၍။ ဒါနသီလေသု။ ဒါနသီလတို့၌။
ဥယျုတော။အားထုတ်တော်မူသည်။ဘာဝနာဘိရတော။ ဘာဝနာ၌အ
လွန်မွေ့လျော်သည်။ဟောတု။ဖြစ်စေသတည်း။ ။ဇိနသာသနံ။မြတ်စွာ
ဘုရား၏သာသနာတော်သည်။မဇ္ဈန္တိကသူရိယောဝါ။ မွန်းတည့်သော
အခါနေကဲ့သို့။ဇောတေတု။တောက်ပစေသတည်း။ ဗုဒ္ဓသာသနေ။မြတ်
စွာဘုရား၏သာသနာတော်နိုက်။လဇ္ဇီဟိ။ လဇ္ဇီသူတော်ကောင်းဖြစ်ကုန်
သော။ယတိဟိ။ရဟန်းတို့ဖြင့်။အာကိဏ္ဏာ။ပြွမ်းကုန်သည်။ဟောန္တု။ဖြစ်
စေကုန်သတည်း။ ။ဒေဝေါစ။မိုဃ်းသည်လည်း။ကာလေ၊ရွာသင့်သော
အခါ၌။ဝဿတု။အလျဉ်ထန်စွာရွာစေသတည်း။ နိဂမာ။နိဂုံးဇနပုဒ်တို့
သည်။ပုဏ္ဏသဿဝ။ပြည့်သောကောက်ပဲရှိကုန်သည်သာလျှင်။ ဟောန္တု။
ဖြစ်စေကုန်သတည်း။ ပါဏိနော။ သတ္တဝါတို့သည်။ ဒုက္ခာ။ဆင်းရဲမရှိ
ကုန်သည်။ဟောန္တု။ဖြစ်စေကုန်သတည်း။သဗ္ဗဒါ။အခါလေမြင့်။ သီလံ။
သီလကို။ရက္ခန္တု။စောင့်ကြစေကုန်သတည်း။ ။ဉာတိ။ဤသို့။ထေရော။

ကျမ်းပြုဆရာသင်္ဃရက္ခိတမဟာထေရ်သည်။ အာဘိသန်၊ ဆုယူတောင့်
တခြင်းကို၊ အကာသိ၊ ပြုပြီ။ ။ဝေဠု၊ အကာသိမာဘိပတ္ထန်။ ။ပုပ္ဖ၊ စရိယ
သီဟာနံ၊ ဂန္ထပသိဒ္ဓိယကာရိတံဝံကာရာပိမဟာထေရာ။ အန္တရဟိတာ
ဝမတျနွာ၊ နှုနရိတ္တာဝသဒ္ဒါရော။ ဇုတိဘာဝေပိသဗ္ဗဒါ။ ဇိဝံဘာဝေန္တု၊
ဂန္ထဥ္စ၊ ဇုဒ္ဒိပသိဒ္ဓိယတေဓိရော။ ။သဒ္ဒါသမ္ဗန္ဓာ၊ သုဗ္ဗတာ၊ ပ၊ ပဏ္ဍိမာဒန
တာဗဟု၊ နိဗ္ဗုတဥ္စဝကင်္ခိနော၊ အာဘိရမ္မန္တုဘာဝိတေတိ။ ။ဝေဠု၊ ဤ
သို့လည်း၊ ထေရော၊ ဤကျမ်းကိုပြုစီရင်သောမဟာထေရ်သည်။ အာဘိ
ပတ္ထနံ၊ လွန်စွာတောင့်တခြင်းကို၊ အကာသိ၊ ပြုလတ်ပြီ။ ကိံ အကာသိ၊ အ
ဘယ်သို့ပြုသနည်းဟူမူကား။ ။ပုပ္ဖစရိယသီဟာနံ၊ ရှေးရှေး၌ဖြစ်ကုန်
သောဆရာသမ္ဗန်ဆရာမြတ်တို့သည်၊ ကာရိတံ၊ ရေသားစီရင်အပ်သော၊
ဂန္ထံ၊ အဘွင့်အဋ္ဌကထာ ဋီကာအနုဋီကာလက်သန်းဂဏ္ဍိ နမစာစသော
ကျမ်းကြီးကျမ်းငယ်ကို၊ ပသိဒ္ဓိ၊ ထင်ရှားမြင်၍၊ ဝါ၊ ရှုကြည့်၍၊ တံကာရာ၊
ထိုကျမ်းကိုပြုကြကုန်သော၊ မဟာထေရာပိ၊ မထေရ်မြတ်တို့သည်လည်း၊
မတျနွာ၊ ရဟတေသေလွန်သောအားဖြင့်၊ အန္တရဟိတာဝ၊ ကွယ်ပျောက်
ကြကုန်သည်သာလျှင်တည်း။ ။သဒ္ဒါရော၊ သဒ္ဒါရတရားတို့သည်၊ နနု၊
စင်စစ်၊ ရိတ္တာဝ၊ အချည်းနှီးတို့သည်သာလျှင်တည်း၊ ဝါ၊ ကုန်တတ်ပျော်
တတ်ဘောက်ပြန်တတ်သောသဘောရှိကုန်သည်သာလျှင်တည်း။ ဇုတိ၊
ဤသို့၊ အဟံ၊ ငါမထေရ်သည်၊ သဗ္ဗဒါ၊ အခါလေမြင့်၊ ဘာဝေမိယထာ၊
ဆင်ခြင်ပွါးများသကဲ့သို့၊ ဇိဝံတထာ၊ ဤအတူ၊ ဓိရော၊ ပညာရှိကုန်သော၊
တော၊ ထိုထေရနဝမဇ္ဈိမဖြစ်ကုန်သောပုဂ္ဂိုလ်သဒ္ဒါတရားနှင့်ပြည့်စုံကုန်
သောနောင်လာသူလူအများတို့သည်။ ဇုဒ္ဒံဂန္ထဥ္စ၊ ဤသုရာဇမဂ္ဂဒီပနီအ
မည်ရှိသောကျမ်းကိုလည်း။ ပသိဒ္ဓိ၊ ထင်ရှားမြင်၍၊ ဝါ၊ ရှုကြည့်၍၊ ဘာ
ဝေန္တု၊ ဘာဝနာကိုပွါးများကြစေကုန်သတည်း။ ။သဒ္ဒါသမ္ဗန္ဓာ၊ သဒ္ဒါ
တရားနှင့်ပြည့်စုံကုန်သော၊ သုဗ္ဗတာ၊ ကောင်းသောအကျင့်ရှိကုန်သော၊
နိဗ္ဗုတဥ္စ၊ ဝဋ်တရားတို့၏ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကိုသာလျှင်၊ ကင်္ခိနော၊
အလိုရှိကုန်သော၊ ဗဟု၊ များစွာကုန်သော၊ ပဏ္ဍိမဇ္ဇာနတာ၊ နောင်လာသူ
လူအပေါင်းတို့သည်။ ဘာဝိတေ၊ ဆည်းဘူးအပ်ပွါးစေအပ်သောဘာဝ
နာတရား၌၊ အာဘိရမန္တု၊ လွန်စွာမွေ့လျော်ကြစေကုန်သတည်း။ ။ဇုတိ၊
ဤသို့၊ ထေရော၊ ဤသုရာဇမဂ္ဂဒီပနီအမည်ရှိသောကျမ်းကို ပြုစီရင်သော
မဟာထေရ်သည်၊ အာဘိပတ္ထနံ၊ လွန်မင်းစွာကရုဏာကိုရှေ့ထား၍ များ

ရွှာတောင့်တခြင်းကို။ အကာသိ။ ပြုလတ်ပြီ။ ။သံ့ရာဇ်မဂ္ဂဒီပနီမည်သောကျမ်းပြီးပြီ။

[illegible]